အဂ္ဂမဟာပဏ္ဍိတ တံဆိပ်တော်ရှင်

အရှင်စန္ဒိမာ

စီရင်ရေးသားအပ်သော

တရားပေါင်းချုပ် သမုတ်ဘွဲ့ချီး

မူဟောင်းကြီးဖြစ်သော

ဓမ္မပဒဝတ္ထုတော်ကြီး

ပဌမတွဲ

ဂဂဂဝ-ခု

၁၅၁၉၇

ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိသမာယုတ္တ၊ ပဋိဝေဓမာမက၊ ဂဏဥဿုံ၊
စုံကြီး စုံသည့်၊ ရန်ကုန်မြို့မ၊ တိဂုမ္ဗစေတီ၊ ရွှေမှီဗဟန်း၊ စံမြန်း
ပျော်မှီး၊ မဟာအောင်မြေ ဘုံစံ - ကျောင်းတိုက်ကြီး သခင်၊
အဂ္ဂမဟာပဏ္ဍိတ တံဆိပ်တော်ရ

အသျှင် စန္ဒီမာ

ဆရာတော်ဘုရားသည်
ရှစ်ဝါအရ၊ ဂဏဝါစက၊ စာချပုဂ္ဂိုလ်၊ ပဉ္စင်းပျိုအဖြစ်က၊
ထုတ်ပြတည်ထွင်၊ စီရင်ရေးသားတော် မူအပ်သော

တရားပေါင်းချုပ်

သမုတ်ဘွဲ့ချီး
မူဟောင်းကြီးဖြစ်သော

မွေပဒဝတ္ထုတော်ကြီး

ပဉ္စမတွဲ

မူပိုင်ရှင်-မောင်ပေါ်ရင်
ရတနာ့ဝါဒီ ပိဋကတ်ဆိုင်ကြီး
နံပါတ် ၁၁-၁၂၊ ဘုရားကြီးဈေး၊ ရန်ကုန်မြို့။
ရန်ကုန်မြို့၊ ကာယသုခ-ပုံနှိပ်တိုက်။
၁၃၃၂-ခုနှစ်၊ နယုန်လ။

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ပုံနှိပ်ခြင်း။
၁၉၇၀-ခု၊ ဇွန်လ၊
ဒုတိယ အကြိမ်၊
အုပ်ရေ-၁၀၀၀၊

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၃၅၃၂)

ထုတ်ဝေသူ။ ရိုက်နှိပ်ပြီးသည့်နေ့ [၅-၆-၇၀]
ဦးပေါ်ရင် (မြ-၀၃၀၃)
ရတနာ့ဝါဒီ ပိဋကတ် စာအုပ်ဆိုင်၊
အမှတ် ၁၁၊ ၁၂၊
ရွှေတိဂုံဘုရားကြီး ဈေးတော်ရုံ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ဦးကျော်လှိုင် (မြ-၀၁၀၀၉)
ကာယသုခ စာပုံနှိပ်တိုက်၊
အမှတ် ၁၄၁၊ ၃၁-လမ်း၊ ရန်ကုန်မြို့။

နိဒါန်း

ဇယတု။ ။အဂ္ဂါတိအဂ္ဂါသန၊စတ္တာတိစတ္တဝါဋ္ဌ၊ဒီပါတိ ဒီပုတ္တမ၊ ဥတ္တဋ္ဌနဂရာ၊ မဟာမေဒနီ၊ ဘူသီခရ၊ တူညီမျှသဖြင့်၊ပမာဏနှိုင်း၊ တိုင်းကြီးပြည်ကြီး၊ ဝေးနီးမချို့၊ အမြှိမြှိတို့မှ၊ ခွန်ပို့သုံးဆောင်၊ ကုန်းဘောင်ကွာပိန်၊ နရာသိဟ်သည်၊ ရန်နှိမ်ငြိမ်းသတ်၊ ကုန်ပြီးလတ်၍၊ သီးမှက်တင့်ချီး၊ ရန်ကုန်မြှိတော်ကြီး၏၊ ရိပ်ထီးကြက်သရေ၊ လက်လက်ဝေ၍၊ တက်နေတမျှ၊ မဟထောင်သောင်း၊ ရောင်ပေါင်းရွန်းအိ၊ ဝန်းဝန်းငြိသော၊ တိဂုမ္ဗစေတီတော်ကြီးမှ၊ ရှေနီးမလှမ်း၊ ဗဟန်းတောရ၊ အရညတွင်၊ယခင်ပဌမ၊သမဏသိက္ခာ၊သုံးဝါအရောက်၊ရွယ်တော်လောက်က၊ ပြောင်မြောက်မာတင်၊ စွယ်စုံထင်၍၊ တည်ထွင်အစ၊ စာချ-ကျမ်းပြု၊ ငန်းနှစ်ခုဉ်၊စွမ်းမှုသတ္တိ၊ဗျတ္တိပါကဋ္ဌ၊ကာရဏဖြင့်၊ကာလမြင့်ရှည်၊အဓွန့်တည်ကြသော၊ ရာဇဂုရု၊ လွတ်တုန့်ကျော်၊ တံဆိပ်တော်ရ-ဆရာတော်ကြီးဘုရားတို့က၊နှစ်ပါးသောစက္ခုဖြင့်၊အရှည်ကိုမြော်ရှုလျက်၊ **စက္ကိန္ဒာဘိသီရိပဝရ သဒ္ဓမ္မပါလ ကဝိဇေ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု၊** လွတ်တုခတ်နှိပ်၊တံဆိပ်မင်းစံ၊အလှူတော်ခံရသော၊ဗုဒ္ဓမဘည၊ ကျမ်းပြုလိမ္မာ၊ ဒုတိယ အဋ္ဌကထာဆရာဟု၊ ရှေးအခါ ခေါ်သမုတ်ကြသော၊ ဆရာတော်ဦးဗုဓ်၏၊ အာဝုတ္ထဗိမာန်ကို၊ ဓိဋ္ဌာန်ရော်ညွှန်း၍၊ မော်ကွန်းထူစိုက်၊ သမိုက်ပညတ်၊ ချီးမြောက်အပ်ရာ၊ **မဟာအောင်မြေဘုံစံ၊** အာရာမ်ကျောင်းတိုက်ကြီးနှင့်တကွ၊အသီးသီးအဂဝ၊မီးလမ်းရေလမ်း၊ အခန်းခန်း စာသင်တိုက်တို့၌၊ ယာပိုထ် လှည့်လည်၊ မျှကြည်ရှင်ပြီး၊ သီတင်းသုံးတော်မူသော၊ အဂ္ဂမဟာပဏ္ဍိတ တံဆိပ်တော်ရ၊ဆရာတော် **အသျှင်စန္ဒိမာ** သူမြတ်သည်၊စီရင်တော်မူအပ်သောမာဂဓဗျာကရုဏ်း၊ သဒ္ဓနီတိသုတ္တတ္ထဒီပနီကျမ်း၊ သမ္မောဟဆေဒနီကျမ်း၊ သာဓုကန္တပ္ပဒိပိကာကျမ်း၊ နိဗ္ဗာနဝီထိဒီပကကျမ်း၊ ဥပသဂ္ဂတ္ထဒီပကကျမ်း၊ ပဋ္ဌဂ္ဂိဒါနဒီပကကျမ်း၊မရဏဿတိဘာဝနာကျမ်း၊ပရမတ္ထသရူပ ဝန္ဒနာကျမ်း၊သတ္ထုဂါရဝစာတမ်း၊ ဝိနိစ္ဆယစာတမ်း၊ သီဟဋ္ဌအဋ္ဌသစာတမ်း၊ ဗျာကရဏကျမ်း၊ နဝကမ္မနိဝိစ္ဆိယကျမ်း၊ အရှင်ဗုဒ္ဓဃောသဝတ္ထု စကားပြေကျမ်း၊

နိဒါန်း။

ဓမ္မပဒ ဝတ္ထု၊တော်ကြီး-ပဌမတွဲကျမ်း၊ ဒုတိယတွဲကျမ်း၊ တတိယတွဲကျမ်း၊ စတုတ္ထတွဲကျမ်း၊ ပဉ္စမတွဲကျမ်း၊ သဒ္ဒတ္ထဘေဒစိန္တာယောဇနာကျမ်း၊ ဋီကာကျော်နိသျည်း ချနက်ကျမ်း၊သမန္တပါသာဒိက ဝိနယအဋ္ဌကထာ နိသျည်း ချနက်ကျမ်းစသော ကျမ်းပေါင်းများစွာတို့ဝင်၊ပါဝင်ပြဖော်ခဲ့ပြီးသော ဓမ္မပဒဝတ္ထု၊တော်ကြီးသည်၊အတိုးဝန်စို၊နုပျိုရွယ်မျစ်၊ စာချပုဂ္ဂိုလ်အဖြစ်၊ ရှစ်ဝါအရက၊ ပါဝစနရွှေဗျာ၊ ဒေသနာပရိယတ်၊ ပိဋကတ် သုတ္တန်၊ ထုတ်ပြန် လမ်းဟောင်း၊ ကျမ်းအပေါင်းတွင်၊ ကောင်းကင်ဘုံထိပ်၊ ယုန်တံဆိပ်ကဲ့သို့၊ ဂုဏ်ဟိတ်ထင်**ပေါ်**၊ အစဉ်ကျော်သော၊ **ပါဠိဓေတ်ဓမ္မပဒ**နှင့်၊ အဝဝ-ဝတ္ထု။ အနုသန္ဓေ၊ ဂဃေဆက်စပ်၊ ခက်ကပ်ငုပ်ဝင်၊ ပုဒ်အစဉ်ကို၊ သုဓ်သင်ဖွင့်ပြရာ၊ **ဓမ္မပဒ အဋ္ဌကထာကျမ်း** ကြီးတို့သည်၊တခန်းတသီး၊အတိုးကာလ၊ ခါသမယက၊အာဂမမဂ်ဖိုလ်၊ တက်ခိုထုတ်ချောက်၊ ထွက်လမ်း ပေါက်သူ၊ ရှင်နှင့် လူတို့ကို၊ သိမ်းယူစုပေါင်း၍၊အလွန်ကောင်းသော၊ ကျမ်းဟောင်းအစစ်ဖြစ်လင့်ကစား၊ မာဂဓဘာသာအားဖြင့်၊ ဟောထားသည်ဖြစ်၍၊ သမုဒ္ဒရာရေကြည်၌၊ နေတည့် တုံနားသော၊ ရတနာ ခုနစ်ပါးကို၊ အများလွယ်ကူ၊ ဆယ်ယူဆုံးအောင်၊ မသုံးဆောင်နိုင် သကဲ့သို့ ရှိနေကြသည် များကို၊ ကာရည်စိတ်ထားလျက်၊ နှစ်ပါးဘာသာ၊ သာယာပြေပြစ်၊ ကျစ်လစ်ကြည့်လင်၊ စီစဉ်ချောမြဲ၊ မနောမွေ့အောင်၊ များမြောင်ဖွဲစည်း၊အက်ံာနည်းတို့ဖြင့် တန်ဆာဆင်ပြီးလျှင်၊ "**ဓမ္မပဒဝတ္ထု၊တော်ကြီး**"ဟူသော အမည်အားဖြင့် ထင်ရှားစေ၍၊ ရေးသား ထားအပ်သော၊ ကျမ်းမြတ် ၅-ဆူ ဖြစ်တော်မူသတည်း။

ဤကျမ်းကြီး ၅-ဆူမှ ရယူချက်ခြင်း လက်ငင်း အကျိုးရင်းတို့ကား။

၁။ ။**ဓမ္မပဒ အဋ္ဌကထာကြီးကို နိသျမမှိး ကိစ္စပြီးကြည့်ရှုနိုင်ခြင်း ပရိယတ္တိဓမ္မ သုခေါဂါဟ** အကျိုး။

နိဒါန်း။

၂။ ။ကျွတ်တမ်းဝင်သူ ရှင်လူ အများနှင့် သက်တော် ထင်ရှား မြတ် ဘုရားကို ကိုယ်တိုင် သွား၍ မြင်ကြားသည့် အလား စိတ်အား တန်ခိုး တက်တိုး တောက်ပခြင်း **သမုဇ္ဈေန** အကျိုး။

၃။ ။ပစ္စည်းပျက် လူပျက် အပူယက်က ယူလျက်ကြည့်လျင် နတ် ရေစင်သို့ ကြည်လင် အေးမြ ရွှင်ပြနိုင်ခြင်း **သမဟံသန** အကျိုး။

၄။ ။ပယ်နည်း-ပွါးနည်း နိသျည်းကျ စိတ်ထည်းကပင် ဆင်ခြင် ဆောက်တည်နိုင်ခြင်း **သမာဒါန** အကျိုး။

၅။ ။ကဗျာ့အရာ ဝါသနာပါရှိက တခါကြည့်လျင် အစဉ်သတိ ရရှိနိုင်ခြင်း **ကာဇဝယျ** အကျိုး အမျိုးမျိုး ပြည့်နှက်သော ကျမ်း ၅-ဆူ အနက်တွင် စက်တင်စေပြီးသည်ကား (ပဌမ၊ ဒုတိယ၊တတိယ၊စတုတ္ထ–တွဲ)ဟူ၍ ၄-ဆူမျှသာ ရှိကြောင်း။

ဤးတို့သည် စက်တင်ပြီးလျင်မကြာမတင် စာရှင်ဒါယကာ ကောင်း စွာ ပေါ်ပေါက်၍ မလောက်နိုင် ရှိခြင်းကြောင့် ၄-ကြိမ် တိုင်ကိုင် စက် တင် ပုံနှိပ်ခဲ့ရပြီဖြစ်ကြောင်း။

ဤးမူကိုမျှ မရကြသူ ရှင်လူအပေါင်းတို့က ထပ်လောင်း ဖန်ဖန် စက်တင်ရန် တောင်းပန်ကြသောကြောင့်ဤး။ ။ကျန်ကျမ်းကြီး ၁-ဆူ ကိုလည်း မူရင်းမပျက် ဆက်လက် စက်တင်စေရန် နိုင်ငံထင်ရှားသော မဟာမထေရ်ကြီး အများတို့က စားသွားတတန် တမန်ဆင့်လောင်း မမြင့်ညောင်းအောင် ခွင့်တောင်း နှိုးဆော် တိုက်တွန်းကော်မူကြသော ကြောင့်ဤး။ ။ဒုတိယ မူပိုင်ရယ်သူ ရွှေတိဂုံဘုရားကြီးဈေး **ရတနာ ဝါဒိပိဋကတ်** ဆိုင်ရှင် ကျွန်တော်မောင်ပေါ်ရင်က ပဌမ မြောက် စက် တင် ပုံနှိပ်ရာ ကောင်းစွာထမြောက် အောင်မြင်ပြီးသည်နောက် ယခု

နိဒါန်း။

တဖန် ပဋ္ဌမတွဲကို အားခဲ၍ ဆက်လက် ပုံနှိပ်ရာ ကျမ်းပြု ဆရာတော် ကိုယ်တိုင် ကြံ့ခိုင်စေ့ငုကြည့်ရှုစောင့်ရှောက်တော်မူသည်ဖြစ်၍ရွှေရစ်တံ သဘွယ် စင်ကြယ်လှပသော ဓမ္မပဒ ချိမြသင်းကြည် ခြသေ့်ဆီကို သိဂီ ရွှေနား သဒ္ဓါပွါးလျက် နာကြားဘတ်ရှုတော်မူနိုင်ကြပါစေသတည်း။

ဆရာတော် ဘုရား၏တပည့်
အဘယခေမိက အုင်္ဂကျောင်းဆရာတော်၊
ဦးကေတုမာလာ။

ဆရာတော်-အသျှင်စန္ဒီမာမူ။

မေမ္မပဒဝတ္ထုတော်ကြီး-ပဉ္စမတွဲ။

မာတိကာ။

ဝတ္ထုဦးရေ။ ဝတ္ထုစဉ်။ မျက်နှာနံပါတ်။

၂၄-တဏ္ဍာဝဂ်။

၈။ **ရာဟုလာအရှင်အား ဆင်ပြောင်အသွင် ဖန်ဆင်းချောက်လှန့်သောမာရ်မင်းဝတ္ထု** ၁

မဟာ ပုရိသအစစ် ရဟန္တာဖြစ်သူ အရှင် မှန်သမျှ တို့သည် ကြောက်ရွံ့ခြင်း မရှိကြောင်း ဖော်ပြသော ပါဠိတော်ဂါထာ ဒေသနာ ၂

ဒေသနာတော်၏ အကျိုးအာနိသင် ၃

၉။ **ဥပကအာဇီဝကဝတ္ထု** ၄

မြတ်စွာ ဘုရား၏ ဆရာမရှိ သယမ္ဘူ အဓိပတိ ဖြစ်သော အကြောင်းကို ဖော်ပြသော ပါဠိတော် ဂါထာ-ဒေသနာ ၅

ဒေသနာတော်၏ အကျိုးအာနိသင် ၅

၁၀။ **သိကြားမင်း မေးလျှောက်သောဝတ္ထု** ၆

မေမ္မဒါနစသော အမြတ်ဆုံးတရား ၄-ပါးကိုဖော်ပြ သော ပါဠိတော်ဂါထာ—ဒေသနာ ၉

ဒေသနာတော်၏ အကျိုးအာနိသင် ၉

၁၁။ **ဥစ္စာ၌ တပ်စွဲ၍ ငရဲသို့လားရသော အပုတ္တက သေဋ္ဌေးသားဝတ္ထု** ၁၀

အပုတ္တက သေဋ္ဌေး၏ အတိတ်ဝတ္ထု ၁၂

ဝဏ္ဏဦးရေ။ ဝဏ္ဏစဉ်။ မျက်နှာနံပါတ်။

ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝလျက် ပညာသဒ္ဓါမဲ့သော
ကြောင့် ဥစ္စာပစ္စည်း၏ အသတ် ခံရခြင်းကို ဖော်ပြ
သော ပါဠိတော်ဂါထာ=ဒေသနာ ၁၅
ဒေသနာတော်၏ အကျိုးအာနိသင် ၁၆

၂၅-ဘိက္ခုဝဂ်။

၁။ ဒွါရ တပါးစီသာ စောင့်ရှောက် ကြသော
ငါးဦးသော ရဟန်းတို့ဝတ္ထု ၁၇
ရဟန်းတို့၏ အတိတ်ဝတ္ထု ၁၈
အလောင်းတော် မင်းသားဘဝ ပစ္စေကဗုဒ္ဓါအရှင်
မြတ်များနှင့်ကြီးပွါးရေးကို ဆွေးနွေးလျှောက်ထားခြင်း ၁၉
အလောင်းတော် မင်းသားသည် ပစ္စေကဗုဒ္ဓါ
အရှင် မြတ်များ ထံမှ ပရိတ်ချည် စသည် ယူ၍
တက္ကသိုလ်ပြည်သို့ ထွက်သွားခြင်း ၂၁
အာရုံ ငါးပါး လိုက်စား ခြင်းကြောင့် နောက်ပါ
ကျေးကျွန်များပျက်စီးကုန်ခြင်း ၂၂
တက္ကသိုလ် ပြည့်ရှင် မင်းကြီးသည် အာရုံ ငါးပါး
လိုက်စားခြင်းကြောင့် ပျက်စီးခြင်း ၂၄
အလောင်းတော် မင်းသား မင်းပြုခြင်း ၂၇
အလောင်းမင်းမြတ်၏ ဥဒါန်းကျူးရင့်သောဂါထာ ၂၀
စက္ခု-စသား ငါးပါးသော ဒွါရကို စောင့်ရှောက်
သင့်ခြင်းကိုဖော်ပြသော ပါဠိတော်ဂါထာဒေသနာ ၂၉
ဒေသနာတော်၏ အကျိုးအာနိသင် ၃၀

၂။ ဟသ်ာကိုသတ်သော ရဟန်း၏ဝတ္ထု ၃၁
အတိတ်ဝတ္ထု ၃၂

(၈) မာတိကာ။

မျက်နှာနံပါတ်။ ဝတ္ထုစဉ်။ ဝတ္ထုဦးရေ။

၁ ပုဏ္ဏားတော်တို့က ဆင်တော်ကို တောင်းဆိုသော ဂါထာ ၃၆
၂ အလောင်းကောင်မင်းမြတ်က ဆင်တော်ကို လှူအံ့ဟု မိန့်မှတ်သော ဂါထာ ၃၇
၃ ဓနဥယမင်းကြီးထံ ဂရုဓမ္မသီလကို တောင်းခြင်း ၄၀
၄ မယ်တော်ထံတောင်းခြင်း ၄၂
၅ မိဖုရားထံ တောင်းခြင်း ၄၃
၆ အိမ်ရှေမင်းထံ တောင်းခြင်း ၄၄
၇ ပုရောဟိတ်ထံ တောင်းခြင်း ၄၆
၈ မြေတိုင်းအမတ်ထံ တောင်းခြင်း ၄၇
၉ ရထား။ထိန်းထံ တောင်းခြင်း ၄၈
၁၀ သေဋ္ဌေးကြီးထံတောင်းခြင်း ၅၀
၁၁ စာရင်းကိုင်အမတ်ကြီးထံ တောင်းခြင်း ၅၀
၁၂ တံခါးဗိုလ်ထံ တောင်းခြင်း ၅၂
၁၃ ပြည့်တန်ဆာမထံ တောင်းခြင်း ၅၃
၁၄ ဇာတ်ပေါင်း ဂါထာ ၅၅
၁၅ ရဟန်းတော် အစစ်၏ အင်္ဂါကို ဖေါ်ပြသော ....
ပါဠိတော်ဂါထာဒေသနာ ၅၇
၁၆ ဒေသနာတော်၏ အကျိုးအာနိသင် ၅၇

၃။ အင်္ဂသာဝက အရှင်များအား ပြစ်မှားမိ၍ ပဒုမငရဲသို့လားရသောကောကာလိက၏ဝတ္ထု။ ၅၈
အင်္ဂသာဝကတို့အား ရန်ငြိုးမွှေခြင်း ၆၁
ကောကာလိက ပဒုမငရဲသို့ကျခြင်း ၆၂
အတိတ်ဝတ္ထု။ ၆၄
အပြစ်မရှိသော စကားကို အပိုင်းအခြား အခါ
ကာလကို ကြည့်ရှု၍ ပြောရမည်ဟု ဖေါ်ပြသောဂါထာ ၆၆

(ဃ) မာတိကာ။

ဝတ္ထုဦးရေ။ ဝတ္ထုစဉ်။ မျက်နှာနံပါတ်။

နှုတ်ထွက်မဆိုး အကျိုးများသော စကားမျိုးကို
ဖေါ်ပြသော ပါဋ္ဌိတော်ဂါထာ-ဒေသနာ ၆၈
ဒေသနာတော်၏ အကျိုးအာနိသင် ၆၈

၄။ ဓမ္မာနုဓမ္မပဋိပတ်ဖြင့် ပူဇော်သော ....
ဓမ္မာရာမ မထေရ်ဝတ္ထု ၆၉

ဓမ္မာနုဓမ္မပဋိပတ်ဖြင့် ပူဇော်ခြင်းသာ ပူဇော်ခြင်းအစစ်
မည်သည်ဟု ဖေါ်ပြသော ပါဋ္ဌိတော်ဂါထာဒေသနာ ၇၁
ဒေသနာတော်၏ အကျိုးအာနိသင် ၇၁

၅။ ဝါဒမထူမသူတော် ရဟန်းတို့နှင့် ပေါင်းသင်း
မိသော ဝိပက္ခသေဝက ရဟန်းဝတ္ထု။ ၇၂

အတိတ်ဝတ္ထု ၇၄
ဆင်တော်အကြောင်းပြန်ကြားလျှောက်ထားသောဂါထာ ၇၆
မိမိရယှိသော လာဘ်ဖြင့်သာ ရောင့်ရဲရန် ဖေါ်ပြ
သော ပါဋ္ဌိတော်ဂါထာ-ဒေသနာ ၇၈
ဒေသနာတော်၏ အကျိုးအာနိသင် ၇၈

၆။ ပါးပါးသောအဦးအဖျားကို ရှုလေ့
ရှိသော ပဉ္စဂ္ဂ ဒါယကာ ပုဏ္ဏားတ္ထု.... ၇၉

မုနိမည်ပုံကို ဖေါ်ပြသောဂါထာ ၈၂
ဘိက္ခုမည်ပုံကိုဖေါ်ပြသော ပါဋ္ဌိတော်ဂါထာဒေသနာ ၈၃
ဒေသနာတော်၏ အကျိုးအာနိသင် ၈၃

၇။ တရားစောင့်သော ခိုးသားဖြစ်ဘူးကုန်သော
များစွာသော ရဟန်းတို့၏ဝတ္ထု ၈၄

သားတော် ရှင်သောဏ၏ တရားစကားကို မတုန်
မလှုပ် မိခင်ကြားနာခြင်း ၈၈

မာတိကာ။

ဝတ္ထုဦးရေ။ ဝတ္ထုစဉ်။ မျက်နှာနံပါတ်။

တရားစောင့်သောသူကို တရားတော်က ပြန်လည်
စောင့်ရှောက်ခြင်းကို ဖော်ပြသော ဂါထာ ၉၁
ကိုးရာသေးခိုးသူတို့ ရဟန်းပြုခြင်း ၉၂
မေတ္တာ့ဘာဝနာစသည်၏အကျိုးကို ဖော်ပြသော
ပါဠိတော်ဂါထာ-ဒေသနာ ၉၃
ဒေသနာတော်၏ အကျိုးအာနိသင် ၉၆

၈။ ငါးရာသေရဟန်းတို့၏ဝတ္ထု ၉၇
မုလေးပန်းပင် ပမာပြု၍ ရာဂစသော ကိလေသာ
တို့ကို ပယ်ခွါရန်ဖော်ပြသော ပါဠိတော်ဂါထာဒေသနာ ၉၈
ဒေသနာတော်၏ အကျိုးအာနိသင် ၉၈

၉။ သန္တကာယ မထေရ်ဝတ္ထု ၉၈
ငြိမ်သက်တည်ကြည်သော ရဟန်းကောင်း၏အဖြစ်
ကို ဖော်ပြသော ပါဠိတော် ဂါထာ-ဒေသနာ.... ၁၀၀
ဒေသနာတော်၏ အကျိုးအာနိသင် ၁၀၀

၁၀။ မိမိကိုယ်ကိုမိမိစောင့်ရှောက်သဖြင့် တရားထူး
ရသော နဂ်လမထေရ်ဝတ္ထု ၁၀၁
မိမိသည် သာလျှင် မိမိ ကိုယ်ကို နှိုးဆော်သင့်ခြင်း
စသည်ကို ဖော်ပြသော ပါဠိတော်ဂါထာဒေသနာ ၁၀၃
ဒေသနာတော်၏ အကျိုးအာနိသင် ၁၀၄

၁၁။ ဝက္ကလိ မထေရ်ဝတ္ထု ၁၀၅
တရားတော်ကိုမြင်မှ ဘုရားရှင်ကို ဖူးမြင်ခြင်း မည်
ကြောင်းကို ဖော်ပြသော ဒေသနာ ၁၀၆
ရတနာ သုံးပါဒ် ကြည်ညို ယုံကြည် မှုသည် နိဗ္ဗာန်
ရောက်ခြင်း တရားရင်း ဖြစ်သည်ကို ဖော်ပြသော
ပါဠိတော်ဂါထာ-ဒေသနာ ၁၀၈

ဝတ္ထုဦးရေ။ ဝတ္ထုစဉ်။ မျက်နှာနံပါတ်။

ဝတ္ထုလိမ္မာထေရ်အား သောကငြိမ်းပျောက်သက်သာ
ရာသို့ ရောက်စေရန် ဖေါ်ပြသော ဂါထာ ၁၀၉
ဒေသနာတော်၏ အကျိုးအာနိသင် ၁၁၂

၁၂။ ခုနစ်နှစ် အရွယ်ကပင် ရဟန်းအဖြစ်သို့
ရောက်သော သုမနသာမဏေဝတ္ထု ၁၁၂
အရှင် အနုရုဒ္ဓါ အလောင်း အန္ဒဘာရ မြက်ထမ်း
သမား အကြောင်း ၁၁၄
အန္ဒဘာရ မြက်ထမ်းသမား၏ ဆုတောင်း ဂါထာ ၁၁၅
သုမနသေဋ္ဌေးက အန္ဒဘာရ၏ ကုသိုလ်ကိုဝယ်ခြင်း ၁၁၇
အန္ဒဘာရ မြက်ထမ်းသမားသည် ဒီဋ္ဌဓမ္မအကျိုးရ၍
သေဋ္ဌေးကြီးဖြစ်ခြင်း ၁၁၉
အနုရုဒ္ဓါမင်းသား ဘွားမြင်ဖြစ်ပေါ်လာခြင်း ၁၂၀
အနုရုဒ္ဓါမင်းသား သာသနာတော် ဝင်ခြင်းအကြောင်း ၁၂၃
အရှင်အနုရုဒ္ဓါမထေရ် ရဟန္တာဖြစ်၍ ဥဒါန်းကျူး
သော ဂါထာ ၁၂၅
အနုရုဒ္ဓါ ရဟန္တာဖြစ်ခြင်း အကြောင်းရင်း ဘဝကို
ဖေါ်ပြကျူးရင့်တော်မူသော ဂါထာ ၁၂၆
သုမန သေဋ္ဌေးအလောင်း သုမနသူငယ်ကို သာသ
နာတော်သို့ သွတ်သွင်းခြင်း ၁၂၇
သုမနသာမဏေနှင့် ပန္နဂနဂါးမင်း တန်ခိုးပြိုင်ခြင်း
အကြောင်း ၁၃၀
နဂါးမင်းထံ အနဝတတ်ရေတောင်းသော ဂါထာ ၁၃၁
နဂါးမင်းက မပေးနိုင်ကြောင်းကို ဖေါ်ပြသောဂါထာ ၁၃၂
သုမနသာမဏော ကြိုးဝါးသော ဂါထာ ၁၃၃
နဂါးမင်း ကြိုးဝါးသော ဂါထာ ၁၃၄
သုမနသာမဏော ထပ်မံကြိုးဝါးသောဂါထာ ၁၃၅

ဝတ္ထုဦးစရ။ ဝတ္ထုစဉ်။ မျက်နှာနံပါတ်။

နဂါးမင်း ထပ်မံကြိုးဝါးသော ဂါထာ ၁၃၆
သုမနသာမဏေ ဒုတိယအကြိမ် အနဝတ္တအိုင်
ခြေဆေးရေ ခပ်ခြင်း ၁၄၀
အသက်ပင် ငယ်လွသော်လည်း သာသနာတော်၌
အားထုတ်ပါက တရားထူး ရနိုင် ကြောင်းကို
ဖော်ပြသော ပါဠိတော်ဂါထာ-ဒေသနာ ၁၄၃
ဒေသနာတော်၏ အကျိုးအာနိသင် ၁၄၃

၂၆-မြာဟ္မဏဝဂ်။

၁။ ကြည်ညိုခြင်းများသော ပုဏ္ဏားဝတ္ထု ၁၄၄
တဏှာအလျဉ်ကို လျင်မြန်စွာဖြတ်တောက်ရန် ဖော်ပြ
တိုက်တွန်းတော်မူသော ပါဠိတော်ဂါထာ-ဒေသနာ ၁၄၆
ဒေသနာတော်၏ အကျိုးအာနိသင် ၁၄၆

၂။ များစွာသော ရဟန်းတို့ဝတ္ထု ၁၄၇
သမထ-ဝိပဿနာ တရား ၂-ပါး၏ အဆုံးသို့
ရောက်ပါက နိဗ္ဗာန် ရောက်ကြောင်းကို ဖော်ပြ
သော ပါဠိတော်ဂါထာ ဒေသနာ ၁၄၈
ဒေသနာတော်၏ အကျိုးအာနိသင် ၁၄၈

၃။ မာရ်မင်းဝတ္ထု ၁၄၉
ပါရာ၊ အပါရတရား ၂-ပါးနှင့် မယှဉ်သောသူ
သည် ရဟန္တာမည်ကြောင်းကို ဖော်ပြသော ပါဠို
တော်-ဂါထာ ဒေသနာ ၁၅၀
ဒေသနာတော်၏ အကျိုးအာနိသင် ၁၅၀

၄။ မထင်ရှားသောပုဏ္ဏားဝတ္ထု ၁၅၁
ဇာတ်အားဖြင့် မြာဟ္မဏ မမည်ခြင်း စသည်ကို
ဖော်ပြသော ပါဠိတော် ဂါထာဒေသနာ ၁၅၁

ဝတ္ထုဦးရေ။ ဝတ္ထုစဉ်။ မျက်နှာနံပါတ်။

ဒေသနာတော်၏ အကျိုးအာနိသင် ၁၅၁

၅။ အာနန္ဒာမထေရ်ဝတ္ထု ၁၅၂
နေမင်း-လမင်း-လူမင်း တို့ထက် မြတ်စွာဘုရားက သာလျှင် သာလွန် တောက်ပ တင့်တယ်လှသည် ကို ဖော်ပြသော ပါဠိတော်ဂါထာ ဒေသနာ ၁၅၄
ဒေသနာတော်၏ အကျိုးအာနိသင် ၁၅၅

၆။ **မထင်ရှားသော ပုဏ္ဏား ရဟန်းဖြူသောဝတ္ထု** ၁၅၅
ဗြာဟ္မဏ-သမဏ၏အရကို ဖော်ပြသော ပါဠိတော် ဂါထာ-ဒေသနာ ၁၅၆
ဒေသနာတော်၏ အကျိုးအာနိသင် ၁၅၇

၇။ **သည်းခံခြင်းနှင့် ပြည့်စုံသော သာရိပုတ္တရာ မထေရ်ဝတ္ထု** ၁၅၇
ဗြာဟ္မဏအစစ် ရဟန္တာဖြစ်သော အရှင်၏ သည်းခံခြင်း စသည်ကို ဖော်ပြသော ပါဠိတော်ဂါထာ ဒေသနာ ၁၆၁
ဒေသနာတော်၏ အကျိုးအာနိသင် ၁၆၁

၈။ **မဟာပဇာပတိ ဂေါတမီဝတ္ထု** ၁၆၂
မိထွေးတော် ဂေါတမီ၏ အတိတ် ကျွန်မဝတ္ထု၊ ၁၆၃
ကျွန်ဘဝမှ လွှန်မြောက်ကြောင်း ကျောင်းဆောက် ခြင်း ကောင်းမှု ပြုလုပ်ကြရန် တိုင်ပင်ကြခြင်း ၁၆၅
ပစ္စေကဗုဒ္ဓါအရှင်တို့အား ဝါဟွင်း သုံးလပတ်လုံး ပစ္စည်းလေးပါးဖြင့် ကိုးကွယ် လှူဒါန်းခြင်း ၁၆၆
မိထွေးတော်ဂေါတမီ၏ အတိတ် ရက်ကန်းသည်မဝတ္ထု၊ ၁၆၇
မိထွေးတော်ဂေါတမီ၏ ပစ္စုပ္ပန်ဝတ္ထု ၁၆၈
မိန်းမမျှား ရဟန်းအဖြစ် ခွင့်ပေးတော်မူရန် မိထွေး တော် ဂေါတမီ၏ တောင်းပန်ခြင်း ၁၇၀

ဝတ္ထုဦးရေ။ ဝတ္ထုစဉ်။ မျက်နှာနံပါတ်။

မြတ်စွာဘုရားက ပယ်ရှားတားမြစ်ခြင်း ၁၇၁
မိထွေးတော် ဂေါတမိသည် သာကီဝင် မင်းသွေး
ငါးရာနှင့်တကွ ရဟန်းအဖြင့် ခွင့်ပေးရန် ဒုတိယ
တဖန် တောင်းပန်ခြင်း ၁၇၂
အရှင်အာနန္ဒာ ထောက်မကာ လျှောက်တောင်းပန်
သဖြင့် မိန်းမမျှား ရဟန်းအဖြစ် ခွင့်ပေးတော်
မူခြင်း ၁၇၆
မိကြွေးတော် ဂေါတမီ ရဟန်းအဖြစ်ကိုရခြင်း ၁၇၈
ဗြာဟ္မဏ၏အရကို ဖေါ်ပြသော ပါဠိတော်ဂါထာ
ဒေသနာ ၁၈၀
ဒေသနာတော်၏ အကျိုးအာနိသင် ၁၈၁

၉။ **အာသဇိ မထေရ်အား အမြဲမြတ်နိုး ရှိခိုးခြင်းနှင့်**
စပ်လျဉ်းသော သာရိပုတ္တရာ မထေရ်ဝတ္ထု။ ၁၈၁
ကျေးဇူးကြီးမား ဆရာသမားအား အမြဲရိုသေရန်
ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ ၁၈၃
ဒေသနာတော်၏ အကျိုးအာနိသင် ၁၈၃

၁၀။ **ဇဋိလ ပုဏ္ဏား၊ဝတ္ထု။** ၁၈၃
ဗြာဟ္မဏ၏အရကို ဖေါ်ပြသော ပါဠိကော်ဂါထာ
ဒေသနာ ၁၈၄
ဒေသနာတော်၏ အကျိုးအာနိသင် ၁၈၅

၁၁။ **အံ့ဘွယ်သရဲ စဉ်းလဲသော ပုဏ္ဏား၊ဝတ္ထု။** ၁၈၅
ပုဏ္ဏားစဉ်းလဲ အတိတ်ဝတ္ထု။ ၁၈၇
ဘုရားအလောင်း ဖွတ်မင်းက ရသွေ့အား ပြော
ကြားသော ဂါထာ ၁၈၈
ရသွေ့က ဘုရားလောင်းဖွတ်မင်းအား ဖြားယောင်း
ခေါ်ငင်သော ဂါထာ ၁၉၀

(ည) မာတိကာ။

ဝတ္ထုဦးရေ။	ဝတ္ထုစဉ်။		မျက်နှာနံပါတ်။
	ဘုရားလောင်း ဖွတ်မင်းက ပြန်ကြားပြောဆိုသော ဂါထာ	....	၁၉၁
	ရသေ့တို့အား စိတ်သဘောထားယုတ်မာမှု ဆံကျစ် ဝန်းစသည်ဖြင့် အကျိုး မရှိသည်ကို ဖော်ပြသော ပါဠိတော်ဂါထာ-ဒေသနာ	....	၁၉၂
	ဒေသနာတော်၏ အကျိုးအာနိသင်	....	၁၉၂
၁၂။	**ကိသာဂေါတမီဝတ္ထု**	....	၁၉၃
	သိကြားမင်းအား ဗြာဟ္မဏ၏အရကို ဖော်ပြသော ပါဠိတော်ဂါထာ-ဒေသနာ	....	၁၉၅
	ဒေသနာတော်၏ အကျိုးအာနိသင်	....	၁၉၅
၁၃။	**တယောက်သော ပုဏ္ဏားဝတ္ထု**	....	၁၉၆
	ဗြာဟ္မဏ၏အရကို ဖော်ပြသော ပါဠိတော်ဂါထာ ဒေသနာ	....	၁၉၆
	ဒေသနာတော်၏ အကျိုးအာနိသင်	....	၁၉၇
၁၅။	**နှစ်ယောက်ကုန်သော ပုဏ္ဏားတို့ဝတ္ထု**	....	၁၉၈
	ကိုယ်တွင်း ကိန်းအောင်း ကြိုးအပေါင်းကို ဖြတ်တောက်ရန် ဖော်ပြသော ပါဠိတော် ဂါထာ ဒေသနာ	....	၁၉၉
	ဒေသနာတော်၏ အကျိုးအာနိသင်	....	၁၉၉
၁၆။	**အကျောသကဘာရဒ္ဓါဇ ပုဏ္ဏားဝတ္ထု**	....	၂၀၀
	ဘာရဒ္ဓါဇပုဏ္ဏားက မေးမြန်းသော ဂါထာ	....	၂၀၅
	မြတ်စွာဘုရားကပြန်ကြားဖြေဆိုသော ဂါထာ	....	၂၀၆
	ဒေသနာတော်၏ အကျိုးအာနိသင်	....	၂၀၇
	သည်းခံတတ်သော သူသည် ဗြာဟ္မဏ မည်၏ဟု ဖော်ပြသော ပါဠိတော် ဂါထာ ဒေသနာ	....	၂၀၉

မာတိကာ။

ဝတ္ထုဦးစဉ်။ ဝတ္ထုစဉ်။ မျက်နှာစုံပါတ်။

ဒေသနာတော်၏ အကျိုးအာနိသင် ၂၀၉

၁၇။ **သာရိပုတ္တရာ မထေရ်ဝတ္ထု။** ၂၀၉

အမျက်မထွက်မြတ်သောကျင့်ဝတ်စသည်နှင့်ပြည့်စုံ
သောသူ၏ ဗြာဟ္မဏမည်ခြင်းကို ဖော်ပြသော
ပါဠိတော်ဂါထာ-ဒေသနာ ၂၁၁
ဒေသနာတော်၏ အကျိုးအာနိသင် ၂၁၂

၁၉။ **မထင်ရှားသော ပုဏ္ဏားဝတ္ထု။** ၂၁၂

အာသဝေါစင် ရဟန္တာအရှင်၏ ဗြာဟ္မဏမည်
ကြောင်းကိုဖော်ပြသောပါဠိတော်ဂါထာဒေသနာ ၂၁၄
ဒေသနာတော်၏ အကျိုးအာနိသင် ၂၁၄

၂၀။ **ခေမာရဟန်းမိန်းမဝတ္ထု။** ၂၁၄

ဗြာဟ္မဏ၏အရကို တမျိုးအားဖြင့် ဖော်ပြသော
ပါဠိတော်ဂါထာ-ဒေသနာ ၂၁၅
ဒေသနာတော်၏ အကျိုးအာနိသင် ၂၁၆

၂၁။ **တောင့်မှန်းခဲ့နေသော တိဿမထေရ်ဝတ္ထု။**.... ၂၁၆

နတ်သွေးအား ကောအုပ်မှန်ထုတ်သော ဂါထာ ၂၂၀
ဗြာဟ္မဏ၏အရကို တမျိုးအားဖြင့် ဖော်ပြသော
ပါဠိတော်ဂါထာ-ဒေသနာ ၂၂၂
ဒေသနာတော်၏ အကျိုးအာနိသင် ၂၂၂

၂၂။ **မထင်ရှားသော ရဟန်းတော်ဝတ္ထု။** ၂၂၃

ဗြာဟ္မဏ၏အရကို တမျိုးအားဖြင့် ဖော်ပြသော
ပါဠိတော်ဂါထာ-ဒေသနာ ၂၂၅
ဒေသနာတော်၏ အကျိုးအာနိသင် ၂၂၅

၂၃။ **သာမဏေကျော် လေးပါးတို့ဝတ္ထု။** ၂၂၆

ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖော်ပြသော
ပါဠိတော်ဂါထာ-ဒေသနာ ၂၃၁

ဝတ္ထုဦးရေ။	ဝတ္ထုစဉ်။		မျက်နှာနံပါတ်။
	ဒေသနာတော်၏ အကျိုးအာနိသင်	....	၂၃၁
၂၄။	**မဟာပန္ထကမထေရ်ဝတ္ထု**	....	၂၃၂
	ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ	....	၂၃၃
	ဒေသနာတော်၏ အကျိုးအာနိသင်	....	၂၃၃
၂၅။	**ပိလိန္ဒဝစ္ဆမထေရ်ဝတ္ထု**	....	၂၃၄
	ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော်ဂါထာ-ဒေသနာ	....	၂၃၆
	ဒေသနာတော်၏ အကျိုးအာနိသင်	....	၂၃၆
၂၆။	**မထင်ရှားသောမထေရ်ဝတ္ထု**	....	၂၃၉
	ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော်ဂါထာ-ဒေသနာ	....	၂၄၀
	ဒေသနာတော်၏ အကျိုးအာနိသင်	....	၂၄၁
၂၇။	**သာရိပုတ္တရာ မထေရ်ဝတ္ထု**	....	၂၄၁
	ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော်ဂါထာ-ဒေသနာ	....	၂၄၃
	ဒေသနာတော်၏ အကျိုးအာနိသင်	....	၂၄၃
၂၈။	**မဟာမောဂ္ဂလာန်မထေရ်ဝတ္ထု**	....	၂၄၄
	ဗြာဟ္မဏ၏အရကို ကနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော်တော်ဂါထာ-ဒေသနာ	....	၂၄၅
	ဒေသနာတော်၏ အကျိုးအာနိသင်	....	၂၄၅
၂၉။	**ရေဝတမထေရ်ဝတ္ထု**		၂၄၆
	ဗြာဟ္မဏ၏အရကို တနည်းအားနှင့် ဖေါ်ပြသော ပါဠိတော်ဂါထာ-ဒေသနာ	....	၂၄၇
	ဒေသနာတော်၏ အကျိုးအာနိသင်	....	၂၄၈

မာတိကာ။ (၃)

ဝတ္ထုဦးရေ။ ဝတ္ထုစဉ်။ ပျက်နှာနံပါတ်။

၃၀။ စန္ဒာဘမထေရ်ဝတ္ထု ၂၄၈

ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖော်ပြသော
ပါဠိတော်ဂါထာ-ဒေသနာ ၂၅၅
ဒေသနာတော်၏ အကျိုးအာနိသင် ၂၅၅

၃၁။ **သီဝလိမထေရ်ဝတ္ထု** ၂၅၆

ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖော်ပြသော
ပါဠိတော်ဂါထာ-ဒေသနာ ၂၅၉
ဒေသနာတော်၏ အကျိုးအာနိသင် ၂၅၉

၃၂။ **သုန္ဒရသမုဒ္ဒ မထေရ်ဝတ္ထု** ၂၆၀

မိန်းမတို့၏ မာယာလေးဆယ် ၂၆၄
ပြည့်တန်ဆာမက သုန္ဒရသမုဒ္ဒ မထေရ်အားလှုထွက်
ရန် ပြောဆိုသော ဂါထာ ၂၆၆
သုန္ဒရသမုဒ္ဒ မထေရ်အား တရားစစ်ကူ ပေးကာ
ဗြာဟ္မဏ၏ အရကို ဖော်ပြသော ပါဠိတော်
ဂါထာ-ဒေသနာ ၂၆၇
ဒေသနာတော် အကျိုးအာနိသင် ၂၆၈
ဝါတမိဂ သမင်ပျံဝတ္ထု ၂၆၉
ရသဘက္ခာ၏ အပြစ်ကို ဖော်ပြသော ဂါထာ ၂၇၀

၃၃။ **ဇဋိလမထေရ်ဝတ္ထု** ၂၇၂

ဇောတိကသေဋ္ဌေးဝတ္ထု ၂၇၃
ရှေးဘဝ ဇောတိက သေဋ္ဌေး အလောင်း ပစ္စေက
ဗုဒ္ဓါအား ကြိုရည်လှူဒါန်းခြင်း ၂၇၄
ဒုတိယမြောက် ဇောတိက သေဋ္ဌေး အလောင်း
ဘုရားကျောင်းတော် ဆောက်လုပ်လှူဒါန်းခြင်း.... ၂၈၀
ပစ္စုပ္ပန်ဘဝ ဇောတိက သေဋ္ဌေးအကြောင်း ၂၈၀

ဝတ္ထုဦးစီးရာ။ ဝတ္ထုစဉ်။ မျက်နှာနံပါတ်။

ဗိမ္မိသာရ မင်းကြီး ဇောတိက သေဋ္ဌး ကြီး၏
ပြာသာဒ်ကို ကြည့်ရှုခြင်း ၂၉၅
ဇဋိလသေဋ္ဌးကြီးဝတ္ထု ၃၀၁
ဇဋိလ သေဋ္ဌးသည် မိမိနှင့် စည်းစိမ်တူ သေးဋ္ဌး
ရှိ၊မရှိ စုံစမ်းစေလွှတ်ခြင်း ၃၀၅
ဇဋိလ သေဋ္ဌးကြီး၏ အတိတ်ဝတ္ထု ၃၀၉
ဗြာဟ္မဏ၏ အရကို တနည်းအားဖြင့် ဖေါ်ပြသော
ပါဠိတော်ဂါထာ-ဒေသနာ ၃၁၃
ဒေသနာတော်၏ အကျိုးအာနိသင် ၃၁၃
၃၄။ **ဇောတိကမထေရ်ဝတ္ထု** ၃၁၄
အဇာတသတ်မင်းဝတ္ထု ၃၁၄
ဒေဝဒတ်သည် အဇာတသတ်မင်းသားအား ဘခင်
ကို သက်၍ မင်းလုပ်ရန် အကြံပေးခြင်း ၃၁၆
ဗိမ္မိသာရမင်းကြီးကို အခိုးထောင်၌ ချတော်မူခြင်း ၃၁၈
ဗိမ္မိသာရမင်းကြီး၏ခြေတော်ကို ဓါးဖြင့်ခွဲကာ ရှား
မီး၌ ကင်စေခြင်း ၃၂၁
ဇောတိက သေဋ္ဌးကြီး ရဟန်းပြုသော အထူးပုတ္တိ ၃၂၅
ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော
ပါဠိတော် ဂါထာ—ဒေသနာ ၃၂၈
ဒေသနာတော်၏ အကျိုးအာနိသင် ၃၂၈
၃၅။ **နဠပုတ္တကမထေရ်ဝတ္ထု** ၃၂၈
ဗြာဟ္မဏ၏ အရကို တနည်းအားဖြင့် ဖေါ်ပြသော
ပါဠိတော် ဂါထာ-ဒေသနာ ၃၃၀
ဒေသနာတော်၏ အကျိုးအာနိသင် ၃၃၀

ဝတ္ထုဦးရေ။	ဝတ္ထုစဉ်။	မျက်နှာနံပါတ်။
၃၆။	**ကခြေသည်သား မထေရ်ဝတ္ထု**	၃၃၀
	ဗြာဟ္မဏ၏ အရကို တနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော် ဂါထာ-ဒေသနာ	၃၃၂
	ဒေသနာတော်၏ အကျိုးအာနိသင်	၃၃၂
၃၇။	**ဝဂီသ မထေရ်ဝတ္ထု**	၃၃၂
	ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော်ဂါထာ-ဒေသနာ	၃၃၈
	ဒေသနာတော်၏ အကျိုးအာနိသင်	၃၃၈
၃၈။	**ဓမ္မဒိန္နာ မထေရ်မဝတ္ထု**	၃၃၉
	ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော်ဂါထာ-ဒေသနာ	၃၄၅
	ဒေသနာတော်၏ အကျိုးအာနိသင်	၃၄၅
၃၉။	**အင်္ဂုလိမာလ မထေရ်ဝတ္ထု**	၃၄၆
	ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော်ဂါထာ-ဒေသနာ	၃၄၇
	ဒေသနာတော်၏ အကျိုးအာနိသင်	၃၄၇
၄၀။	**ဒေဝဟိတ ပုဏ္ဏားဝတ္ထု**	၃၄၈
	ဒေဝဟိတပုဏ္ဏား အမေးဂါထာ	၃၅၀
	ဥပဝါဏမထေရ် ရေနွေးအလှူခံ ဂါထာ	၃၅၁
	ဘုရားသခင်အား ဒါနမဟပ္ဖလကို မေးလျှောက်သော ဂါထာ	၃၅၃
	ဘုရားသခင်၏ အဖြေဂါထာ	၃၅၄
	ဗြာဟ္မဏ၏ အရကို တနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော်ဂါထာ-ဒေသနာ	၃၅၆
	ဒေသနာတော်၏ အကျိုးအာနိသင်	၃၅၆
	နိဂမကထာ	၃၅၈

ဆရာတော်-အသျင်စန္ဒိမာဘိမူ။

ပကိဏ္ဏက ဝတ္ထု။

မာတိကာ။

ဝတ္ထုဦးရေ။ ဝတ္ထုစဉ်။ မျက်နှာနံပါတ်။

၁။ အရှင်ကောဏ္ဍညမထေရ်ဝတ္ထု။ ၃၆၅

အရှင်ကောဏ္ဍည အလောင်းအား တရားလက်ဦး
အထူးရလတ္တံ့ဟု ပဒုမုတ္တရဘုရား ဗျာဒိတ်ထားခြင်း ၃၆၇
အရှင်ကောဏ္ဍည အလောင်းသည် အဦးကိုးကြိမ်
အလွှာကို ဝိပဿီဘုရားအား လှူဒါန်းခြင်း ၃၇၁
ဘုရားလောင်း၏လက္ခဏာဖတ် ပုဏ္ဏားရှစ်ယောက်
တွင် အငယ်ဆုံးကောဏ္ဍညပုဏ္ဏားဖြစ်လာခြင်း ၃၇၈
ကောဏ္ဍည ပုဏ္ဏား ရဟန်းပြုခြင်း ၃၈၀
အရှင်ကောဏ္ဍညတရားလက်ဦးအထူးရရှိခြင်း ၃၈၂
အရှင်ကောဏ္ဍညအား ဗောဒဂ်ထားခြင်း ၃၈၅
အရှင်ကောဏ္ဍညသည် ဆဒ္ဒန္တာအိုင် မန္ဒာကိနီ ရေ
ကန်၌ သီတင်းသုံးခြင်း ၃၈၆
အရှင်ကောဏ္ဍညအား ဆင်အပေါင်းတို့ လုပ်ကျွေးခြင်း ၃၈၉
မန္ဒာကိနီ ရေကန် အကြောင်း ၃၉၁
အရှင်ကောဏ္ဍညသည်ပရိနိဗ္ဗာန်ပြုအံ့ဟုဘုရားထံကြွခြင်း ၃၉၂
အရှင်ကောဏ္ဍညအား ဝဇိသမထေရ် ချီးကျူးခြင်း ၃၉၃
အရှင် ကောဏ္ဍည မထေရ် မန္ဒာကိနီ ရေကန်၌
ပရိနိဗ္ဗာန်စံခြင်း ၃၉၆
အရှင် ကောဏ္ဍည အလောင်းတော်ကို ဆင်
အပေါင်းတို့ ပူဇော်ခြင်း ၃၉၀
အရှင်ကောဏ္ဍည အလောင်းတော်ကို သိကြား-
နတ် မြဟ္မာ အပေါင်းတို့ ပူဇော်ကြခြင်း ၃၉၉
အရှင်ကောဏ္ဍည၏ ဓာတ်တော်တို့ကို ဘုရား
ကိုယ်တော်တိုင် စေတီ၌ ထာပနာတော်မူခြင်း.... ၄၀၀

ဝတ္ထုဦးရေ။ ဝတ္ထုစဉ်။ မျက်နှာနံပါတ်။

၂။ **အရှင်ကောလှာညမထေရ် နှမတော် မန္တာနီ ပုလ္လေားမ၏သား အရှင်ပုလ္လာ မထေရ်ဝတ္ထု** ၄၀၁
အရှင်ပုလ္လာမထေရ် အလောင်းထံ ပဒုမုတ္တရဘုရား ကြွတော်မူခြင်း ၄၀၂
အရှင်ပုလ္လာမထေရ်အလောင်း ပန်းနေရာလှူဒါန်းခြင်း ၄၀၅
အရှင် ပုလ္လာ မထေရ် အလောင်းအား ဓမ္မကထိက အရာ ဧတဒဂ်ရလတ္တံ့ဟု ဗျာဒိတ်ထားခြင်း ၄၀၇
အရှင်ပုလ္လာမထေရ်၏ တပည့်၅၀၀ ဘုရားထံရောက်ခြင်း ၄၀၈
အရှင်ပုလ္လာမထေရ်အား ဧတဒဂ် ထားခြင်း ၄၁၃
၃။ **အရှင်မဟာကစ္စည်း မထေရ်ဝတ္ထု** ၄၁၅
အရှင် မဟာကစ္စည်း မထေရ် အလောင်းအား အကျဉ်းကို အကျယ်ဝေဘန်ရာ၌ ဧတဒဂ်ရလတ္တံ့ဟု ပဒုမုတ္တရဘုရား ဗျာဒိတ်ထားခြင်း ၄၁၆
အရှင်မဟာကစ္စည်းမထေရ် အရဟတ္တဖိုလ်သို့ရောက်ခြင်း ၄၁၇
အရှင်ကစ္စည်းမထေရ်ဥဇ္ဇေနီပြည်သို့ကြွခြင်း ၄၁၉
အရှင်ကစ္စည်းမထေရ်အား ဆံပင်ကိုရောင်း၍ ဆွမ်း ကျွေးခြင်းကုသိုလ်ကြောင့် ဒိဋ္ဌဓမ္မမိဖုရားကြီးဖြစ်ရခြင်း ၄၂၀
အရှင်ကစ္စည်းမထေရ်အား ဧတဒဂ်ထားခြင်း ၄၂၄
၄။ **အရှင်သာရိပုတ္တရာ မထေရ်-ပရိနိဗ္ဗာန်ပြုသောဝတ္ထု** ၄၂၅
အရှင်သာရိပုတ္တရာမထေရ်၏ ပရိနိဗ္ဗာန်ပြုရန်အကြံတော် ၄၂၅
အရှင် သာရိပုတ္တရာ မထေရ် ပရိနိဗ္ဗာန် ပြုရန် လျှောက်ထားခြင်း ၄၂၈
အရှင် သာရိပုတ္တရာ တန်းခိုး အမျိုးမျိုး ဖန်ဆင်း၍ တရားဟောခြင်း ၄၂၉
အရှင်သာရိပုတ္တရာ မထေရ်ကို မြို့သူမြို့သား အများ ငိုယိုမြည်တမ်းလျက် လိုက်ပို့ကြခြင်း ၄၃၂

(၃) မာတိကာ။

ဝတ္ထုဦးရေ။	ဝတ္ထုစဉ်။	မျက်နှာနံပါတ်။
	အရှင် သာရိပုတ္တရာ မထေရ် ဘွားရာ တိုက်ခန်း၌ သီတင်းသုံးခြင်း	၄၃၄
	အရှင်သာရိပုတ္တရာမထေရ်ထံ နတ်မင်းကြီး လေးပါး, သိကြား, ဗြဟ္မာတို့ ဆည်းကပ်ခြင်း	၄၃၅
	အရှင်သာရိပုတ္တရာမယ်တော် သောဘာပန်တည်ခြင်း	၄၃၈
	အရှင်သာရိပုတ္တရာပရိနိဗ္ဗာန်စံရာ မယ်တော်ငိုကြွေးခြင်း	၄၄၀
	အလောင်းတော် အခမ်းအနား	၄၄၁
	အလောင်းတော် အခမ်း အနားပွဲတွင် ရေဝတီ နတ်သွီး ဘုံဗိမာန်နှင့် ရောက်လာခြင်း	၄၄၂
	အရှင် သာရိပုတ္တရာ ပရိနိဗ္ဗာန် စံပြီး ကြောင်း လျှောက်ရန် ညီတော်စုန္ဒမထေရ် ဘုရားထံကြွခြင်း	၄၄၄
	အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးကို ဘုရားသခင် ချီးကျူးခြင်း	၄၄၇
	သာရိပုတ္တ ထောမနာဂါထာ	၄၄၈
၅။	**ဇူဒ္ဓိအမျိုးမျိုး တန်ခိုး ဖန်ဆင်းခြင်း၌ တေဒဂ် ရသော ဥပ္ပလဝဏ္ဏာ မထေရ်မဝတ္ထု**	၄၅၂
	ဥပ္ပလဝဏ္ဏာ မထေရ်မ အလောင်း ကဿပဘုရား လက်ထက် အနှစ် နှစ်သောင်းပတ်လုံး ဗြဟ္မ စရိယ အကျင့်ကို ကျင့်ခြင်း	၄၅၂
	ဥပ္ပလဝဏ္ဏာ မထေရ်မ အလောင်း ပစ္စေကဗုဒ္ဓါ အရှင်အား ပေါက်ပေါက် ကြာပန်းတို့ဖြင့် လှူဒါန်း၍ ဆုတောင်းခြင်း	၄၅၃
	ဥပ္ပလဝဏ္ဏာ မထေရ်မအလောင်း ပဒုမာကြာတိုက်၌ သံသေဒဇဖြစ်၍ ပဒုမဝတီအမည်ဖြင့်မိဖုရားကြီးဖြစ်ခြင်း	၄၅၅
	ဥပ္ပလဝဏ္ဏာ မထေရ်မအလောင်းအား မိဖုရားငယ်များ ကုန်းချောကြခြင်း	၄၅၉

မာတိကာ။

ဝတ္ထုဦးစီရ။ ဝတ္ထုစဉ်။ ပျက်နာနံပါတ်။

ဥပ္ပလဝဏ္ဏာ မထေရ်မ အလောင်း မိဖုရားကြီးကို နန်းအိမ်တော်မှ နှင်ထုတ်ခြင်း ၄၆၂

ဥပ္ပလဝဏ္ဏာ မထေရ်မ အလောင်း မိဖုရားကြီးကို နန်းအိမ်တော်သို့ ဆောင်ပြန်ခြင်း ၄၆၄

ဥပ္ပလဝဏ္ဏာ မထေရ်မ အလောင်း မိဖုရားကြီး၏ သားတော်ငါးရာ ပစ္စေကဗုဒ္ဓါဖြစ်ခြင်း ၄၆၇

ဥပ္ပလဝဏ္ဏာ မထေရ်မ အလောင်းသည် ဘဝ ဟောင်းက သားပစ္စေကဗုဒ္ဓါအရှင်တို့အား လှူဒါန်း၍ ဆုတောင်းပြန်ခြင်း ၄၆၉

ဥပ္ပလဝဏ္ဏာ မထေရ်မအား တန်ခိုးအရာ ဇာတဒဂ် ထားခြင်း ၄၇၂

၆။ အားထုတ်အပ်သော ဝိရိယယှဉ်သော သောဏ မထေရ်မဝတ္ထု။ ၄၇၄

သောဏ မထေရ်မ သံဝေဂရ၍ တရားအားထုတ်ခြင်း ၄၇၆

သောဏ မထေရ်မအား ပြစ်မှားမိသော အပြစ်ကို တော၁င်းပန်ကြခြင်း ၄၇၇

သောဏ မထေရ်မအား ဝိရိယအရာ ဇာတဒဂ် ထားခြင်း ၄၇၈

၇။ သဃ်ာတော်ကို မရွေးမချယ်ပေးကျွေတတ်သော ဆင်ရွာနေ ဥဂ္ဂတ် သေဋ္ဌီးဝတ္ထု။ ၄၇၉

ဥဂ္ဂတ် သေဋ္ဌီးသည် သုရာယစ်မူးရာမှ မင်-ဖိုလ် ရခြင်း ၄၀၀

ဥဂ္ဂတ် သေဋ္ဌီးအား လုပ်ကျွေး ပြုစုသည့်အရာ ဇာတဒဂ်ကားခြင်း ၄၀၂

(နှ) မာတိကာ။

ဝတ္ထုဦးရေ။ ဝတ္ထုစဉ်။ မျက်နှာနံပါတ်။

၈။ **မတုန်မလှုပ် သက်ဝင် ကြည်ညိုသော သုရဗန္ဓ သေဋ္ဌေးကြီးဝတ္ထု** ၄၈၄

သုရဗန္ဓ သေဋ္ဌေးသည် တိတ္ထိတ့ိကို ကိုးကွယ်ရာမှ ဘုရား တရားနာရ၍ သောတာပန် တည်ခြင်း.... ၄၈၃

သုရဗန္ဓ သေဋ္ဌေးကြီးအား မာရ်နတ်လှည့်ပတ်မရခြင်း ၄၈၄

သုရဗန္ဓ သေဋ္ဌေးကြီးအား မတုန်မလှုပ် သက်ဝင် ကြည်ညိုခြင်း သဒ္ဓါတရားအရာ ဧတဒဂ်ထားခြင်း ၄၈၇

၉။ **သေဋ္ဌေးသွီး သုဇာတာဝတ္ထု** ၄၈၈

သုဇာတာ သေဋ္ဌေးသွီး သားဆုပန်ခြင်း ၄၈၈

သုဇာတာ သေဋ္ဌေးသွီး၏ ဃနာ နို့ဆွမ်းချက် အခမ်း အနား ၄၉၀

သုဇာတာ သေဋ္ဌေးသွီး ဃနာ နို့ဆွမ်း ကပ်လှူခြင်း ၄၉၁

သုဇာတာသွီး,ခင်ပွန်း,သား,ချွေးမတ့ိတရားထူးရခြင်း ၄၉၂

သုဇာတာ သေဋ္ဌေးသွီးအား ပဌမဦး သရဏဂုံ တည်အရာ ဧတဒဂ်ထားခြင်း ၄၉၄

၁၀။ **ကောလိယမင်းသွီး သုပ္ပဝါသာဝတ္ထု** ၄၉၄

သုပ္ပဝါသာမင်းသွီး သောတာပန် တည်ခြင်း ၄၉၅

သုပ္ပဝါသာမင်းသွီးအား ဟောကြားသောဆွမ်းတရား ၄၉၅

သုပ္ပဝါသာ မင်းသွီးအား မွန်မြတ်သော ဘောဇဉ် ကို ပေးလှူသည့်အရာ ဧတဒဂ်ထားခြင်း ၄၉၇

၁၁။ **သုပ္ပိယာ ဥပါသိကာမဝတ္ထု** ၄၉၈

သုပ္ပိယာ အမျိုး သွီးသည် မကျန်းမာသော ရဟန်း တော်အား ပေါင်သားကို ချက်၍လှူခြင်း ၄၉၈

သုပ္ပိယာဥပါသိကာမ၏အနာသည်အသားကောင်း ပကတိ ဖြစ်လာခြင်း ၅၀၀

သုပ္ပိယာ ဥပါသိကာမအား ဂိလာန ပုဂ္ဂိုလ်ကို လုပ် ကျွေးသည့်အရာ ဧတဒဂ်ထားခြင်း ၅၀၂

(ဆရာတော်-အသျှင်စန္ဒိမာ မူ)

ဓမ္မပဒဝတ္ထုတော်ကြီး

ပဉ္စမတွဲ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရာဟုလာအရှင်အား ဆင်ပြောင်အသွင် ဖန်ဆင်း ချောက်လှန့်သော ၂၄-ကဏ္ဍာဝဂ်၌၊ ၈-မာရ်မင်းဝတ္ထု။

နိဋ္ဌင်္ဂတော။ ။အစယှိသော ဤဓမ္မဒေသနာကို၊ ပြင်းစွာ ညစ်ထွေး၊ အမြစ်မြေး၍၊ မယဉ်ကျေးရှာ၊ သတ္တဝါမာရ်မင်းကို၊ နှိပ်နင်းဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်၊ ထက်ဖျား မိုးစွန်၊ခိုက်စူးလွန်မျှ၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်း စမ္ပယ်တော်မူလျက်၊ အထက်နတ်ပြည်၊ ဝသဝတ္တီနေရာ၊ လွန်စွာကျင့်နုပ်၊ မာရ်မင်းယုတ်ကို၊ အတ္ထုပ္ပတ္တိ၊ တင်ယှိ ပေါင်းစု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

တနေ့သော အခါ၌ များစွာကုန်သော မထေရ်တို့သည် ဇေတဝန်ကျောင်းတော်၌ ကျောင်းတွင်းသို့ ကြွဝင်တော်မူကြ၍ ဘုရားသားတော်ဖြစ်သော ရာဟုလာ မထေရ်၏ တည်နေရာ အရပ်သို့ သွားရောက်၍ ရဟန်းတော်တို့အား လူသာမဏေတို့နှင့် အတူတကွ နှစ်ညဉ့်သုံးညဉ့်ထက် အလွန် အိပ်နေခွင့် မရသည်ကို ပြောပြစီစဉ် ထိုအရှင်ရာဟုလာကို နေရာမှ ထသွားစေကုန်၏။ ထိုအရှင်ရာဟုလာသည် တပါးသော အရပ်၌ လျောက်ပတ်သင့်စွာ နေရာဌာနကို မတွေ့မြင်သော

၂ ဓမ္မပဒဝတ္ထုတော်ကြီး။ (ဆရာတော် အသျင်စန္ဒိမာ မူ)

ကြောင့် မြတ်စွာဘုရား၏ ဂန္ဓကုဋိမုခ်ဦး၌ ကိန်းအိပ်တော်မူ၏။ ထို အကြောင်းဖြစ်သော အခါ၌ကား ထိုအရှင်ရာဟုလာသည် အရဟတ္တ ဖိုလ်သို့ရောက်၍ ရှစ်နှစ်သားအရွယ်သည်သာလျှင် ဖြစ်ပေ၏။ မာရ်နတ် မင်းသည် ဝသဝတ္တီပြည်၌ တည်နေလျက် သာလျှင် ဂန္ဓကုဋိ မုခ်ဦး၌ ကိန်းအိပ် နေသော ထိုအရှင် ရာဟုလာကိုမြင်၍ ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်း ဟူမူ-ရဟန်း ဂေါတမ၏ ထိက ပြင်းစွာ ကျင်နာ တတ်ကောင်း လက်ချောင်း အလား သားငယ်ကလေးသည် အပပြင် ဘက်၌ အိပ်စက်၍ နေရှာ၏။ ဘခင်ဖြစ်သော မိဒိသည်မူကား ဂန္ဓကုဋိ အတွင်း၌ အိပ်နေ၏။ လက်ချောင်း လက်ထိပ်ကို ဆိတ်ဆွ နှိပ်စက်အပ် သည်ယှိသော် ရဟန်းဂေါတမကိုယ်တိုင်ကို နှိပ်စက်အပ်သည် ဖြစ်ပေ လတ္တံ့ ကြံစည်၏။ ကြံစည်ပြီး၍ကား ထိုမာရ်မင်းသည် ကြီးစွာသော ဆင်ပြောင်အသွင် ပြုပြင်ဖန်ဆင်း၍ လာခဲ့ပြီးလျှင် နှာမောင်းဖြင့် ရာဟု လာမထေရ်၏ ဦးခေါင်းကို ရစ်ပတ် ဝန်းရံ ပြန်လှန် တင်ထား၍ ကြီးကျယ်စွာသော အသံဖြင့် ကြိုးကြာသံကဲ့သို့ အော်မြည်၏။ မြတ်စွာ ဘုရားသည် ဂန္ဓကုဋိ၌ သီတင်းသုံးတော်မူလျက်သာလျှင် ထိုဆင်ပြောင် ကြီး၏ မာရ်မင်း၏ အဖြစ်ကို သိတော်မူသောကြောင့် ဟယ်မာရ်ယုတ်၊ အသင်တို့ကဲ့သို့ သဘောယှိသော သူတို့၏ တသိန်းမျှလောက်ဖြင့်လည်း ငါဘုရား၏ သားတော်အား ရွံ့ကြောက်ခြင်းကို ဖြစ်စေခြင်းငှါ မစွမ်း နိုင်ကုန်။ ထိုစကားမှန်၏၊ ကင်းပြတ်လုံးစုံ ကုန်ခန်းပြီးသော တဏှာ ယှိသော၊ ကြီးကျယ် မြင့်မြတ်သော ဝီရိယယှိသော၊ ကြီးကျယ်မြင့်မြတ် သော ပညာယှိသော ငါဘုရား၏ သားတော်သည် တုန်လှုပ် ထိတ်လန့် ခြင်း မရှိဟု မိန့်တော်မူပြီး၍။

မဟာပုရိသအစစ်ရဟန္တာဖြစ်သူ အရှင်မှန်သမျှတို့သည်
ကြောက်ရွံ့ခြင်း မရှိကြောင်းကို ဖော်ပြသော
ပါဠိတော် ဂါထာ ဒေသနာ။

နိဋ္ဌ တော အသန္တာသိ၊ ဝီတ တဏှော အနဂ်ဏော။
အစ္ဆိန္ဒိ ဘဝသလ္လာနိ၊ အန္တိမောယံ သမုဿယော။

ဒိတတက္ကော အနာဒါနော၊ နိရုတ္တိ ပဒကောဝိဒေါ။
အက္ခရာနံ သန္နိပါတံ၊ ဇညာ ပုဗ္ဗာပရာနိစ။
သဧဝ အန္တိမသရီရော၊ မဟာပညော မဟာပုရိသောတိ ဝုစ္စတိ။
ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏။ ။ယုတ်မာသော သဘောယိုသော မာရ်မင်းသည်လည်း ငါ့ကို ရဟန်းဂေါတမသည် သိလေပြီဟု ကြံစည်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်၏။

ဂါထာတို့၏ အနက်ကား။ ။ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။နိဋ္ဌံ၊ ရဟန်းတို့၏ကိစ္စ ကုံဋအားလုံး ပြီးဆုံးခြင်းအရပာတ္တ ဖိုလ်သို့။ ဂတော၊ ရောက်၏။ အသန္တာသီ၊ တုန်လှုပ် ထိတ်လန့်ခြင်း မရှိ။ ဒိတတက္ကော၊ပြတ်ကြိုးစင်းစင်း ကင်းသော တက္ကာယှိ၏။အနဂ်ဏော၊ကင်းစင်သော ကိလေသာယှိ၏။ ဘဝသလ္လာနိ၊ ဘဝသုံးထပ် လားကပ်စေခြင်း ငြောင့်တံသင်းတို့ကို။ အစ္ဆိန္ဒိ၊ နုတ်ပယ် ဖြတ်တောက်ပြီ။ အယံသမုဿယော၊ ဤကိုယ်သည်။ အန္တိမော၊ အဆုံးစွန်သောတည်း။

ဒိတတက္ကော၊ ကင်းသော တက္ကာယှိ၏။ အနာဒါနော၊ ခန္ဓာစသည်တို့၌ စွဲလမ်းခြင်းမရှိ။ နိရုတ္တိပဒကောဝိဒေါ၊ နိရုတ္တိအစ လေးဝသော ပဋိသမ္ဘိဒါတို့၌ လိမ္မာ၏။ အက္ခရာနံ၊ အက္ခရာတို့၏။ သန္နိပါတဉ္ဉ၊ အစုအဝေးအပေါင်းတို့ကို လည်းကောင်း။ ပုဗ္ဗာပရာနိစ၊ စ-လယ်-အဆုံးသုံးပါးလုံးတို့ကို လည်းကောင်း။ ဇညော၊ သိ၏။ အန္တိမသရီရော၊ ဤဘဝလွန် အဆုံးစွန်သော ကိုယ်ယှိသော။ သ-သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို။ ဝေါ၊စင်စစ်။ မဟာပညောတိ၊ သိမ်းဆည်းတတ်စွာ ပညာကြီးကျယ်သော သူဟူ၍။ မဟာပုရိသောတိ၊ လွတ်မြောက် စိတ်ဓာတ်မြင့်မြတ်သောယောက်ျားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤကားအနက်။

ဓမ္မပဒ တက္ကာဝဂ်၌ ရှစ်ခုမြောက်သော မာရ်မင်း၏
ဝတ္ထုစကား အစဉ်ကား ဤတွင်ရွေ့ပြီး၏။

၂၄-တဏ္ဍာဝဂ်၌၊ ၉-ဥပကအာဇီဝကဝတ္ထု။

သဗ္ဗာဘိဘူ သဗ္ဗဝိဒူဟမသ္မိ။ ။အစယ်သော ဤဓမ္မဒေသနာ၊ ပါဠိ ဂါထာကို၊ ပညာမုဒု၊ဝေနေနတ့ိကို၊ တခုခု၊ ဆင့်ပြုခိုင်ကြ့ံ၊ ဆိုင်းငံ့ဆုံးမတတ်သောမြတ်စွါဘုရားသခင်သည်၊လေးအင်သစ္စာ။သိရာကြ့ံခိုင်မလျှိုင်ဗောဓိမှ၊ ဋသိပတနမိဂဒါဝုန်၊ ရဂုံတောဖျားသို့၊ ကြွရောက်လေပြီး၊လမ်းခရီးအကြား၌၊ တွေ့ငြားမြင်ရှု၊ဥပကအာဇီဝကကို၊ ပဓာနရှေ့ရှု၊အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့ လေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

တပါးသောအခါ၌ မြတ်စွာဘုရား သခင်သည် သဗ္ဗညုတ ဉာဏ်တော်သို့ ရောက်တော်မူပြီး၍ ဗောဓိမလျှိုင်၌ ခုနစ်ရက်ခုနစ်လီဟုဆိုအပ်သော လေးဆယ့်ကိုးရက်ကို လွန်မြောက်တော် မူစေပြီး၍ မိမိ တည်းဟူသော ကိုယ်တော်၏ သပိတ် သင်္ကန်းကို ဆင်မြန်း ယူဆောင်တော်မူပြီး လျှင်ဓမ္မစကြာဒေသနာကို ကောင်းစွာ ဟောဖေါ် လည်တော်မူခြင်း အကျိုးငှါ ဗာရာဏသီ ပြည်ကို ရည်ရော်တော်မူ၍ တဆယ့်ရှစ် ယူဇနာယ်သော လမ်းခရီးကို ကြွသွားတော် မူသည်ယ်သော် လမ်းခရီးအကြား၌ ဥပက အမည်ယ်သော အာဇီဝက တက္ကတွန်းကို တွေ့မြင်တော်မူ၏။ ထိုဥပကသည်လည်း မြတ်စွာဘုရားသခင်ကို တွေ့မြင်၍အိုငါ့ရှင်၊အသင်၏ ဋန္ဒြေတို့သည် အထူးသဖြင့် ကြည်လင်ကုန်၏။ အသင်၏ ကိုယ်အရေ အဆင်းသည် ထက်ဝန်းကျင် စင်ကြယ်၏။ ပြိုးပြိုးပြက်သော အရောင်ယ်၏၊အိုငါ့ရှင်၊ အသင်သည် အဘယ်သူ့ကို ရည်မှန်း၍ ရဟန်းပြုပါသနည်း။ အသင်၏ ဆုံးမတတ်သော ဆရာကား အဘယ်သူပေနည်း။ အဘယ်သူ၏လည်း တရားစကားကို အသင်သည် နှစ်သက်သနည်းဟု မေး၏။ ထိုအခါ မြတ်စွာဘုရားက ဥပက အာဇီဝကအား ငါ့အား ဥပဇ္ဈာယ် သည်လည်းကောင်း၊ ဆရာသည် လည်းကောင်း မရှိဟု မိန့်ဆိုတော်မူပြီး၍။

မြတ်စွာဘုရား၏ ဆရာမရှိ သယမ္ဘူ။ အဓိပတိ ဖြစ်သော အကြောင်းကို ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

၂၄-တက္ကာဝဂ်၊ ၁၀-သိကြားမင်းမေးလျှောက်သောဝတ္ထု။ ၅

သဗ္ဗာဘိဘူ သဗ္ဗဝိဒူ ဟမသ္မိ၊
သဗ္ဗေသု ဓမ္မေသု အနူပလိတ္တော။
သဗ္ဗဇဟော တဏှာက္ခယေ ဝိမုတ္တော၊
သယံ အဘိညာယ ကမုဒ္ဒိသေယျံ။ ။

ဟူသော ဤဂါထာကို ရွတ်ဆိုတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံးဌာ ဥပက အာဇီဝကသည် မြတ်စွာဘုရား၏ စကားတော်ကို နှစ်သက်လည်း မနှစ်သက်၊ မမြစ်လည်းမမြစ်ပယ်။ ဦးခေါင်းကိုမူကား လှုပ်၍ အံ့အားသင့်သော အခြင်းအရာ လျှာကို ထုတ်ပြီးသော် ခြေတဘဝါးသာ လှမ်းရှာ နိုင်ကောင်း ခရီးငယ် တကြောင်းကိုယူ၍ မထင်ရှားသော မူဆိုးနေရာအရပ်သို့သွားလေ၏။

ဂါထာ၏အနက်ကား။ ။ဥပက၊ အို-ဥပက။ အဟံ၊ငါသည်။ သဗ္ဗာဘိဘူ၊ ကြင်းမဲ့ဥသုံ အလုံးစုံသော ဟောဘူမကတရားတို့ကို နှိပ်နင်း၍ တည်တော်မူသည်။ သဗ္ဗဝိဒူ၊ အလုံးစုံသော စတုဘူမက တရားကို သိသည်။ အသ္မိ၊ ဖြစ်ပြီ။ သဗ္ဗေသု၊ အလုံးစုံသော။ ဓမ္မေသု၊ တဘူမက တရားတို့၌။ အနူပလိတ္တော၊ တဏှာဒိဋ္ဌိတို့ဖြင့် ကပ်ငြိခြင်း မရှိသည်။ အသ္မိ၊ ဖြစ်ပြီ။ သဗ္ဗဇဟော၊ အလုံးစုံသော တဘူမကတရားကို စွန့်သည်။ တဏှာက္ခယေ၊ တဏှာ၏ကုန်ရာ အရဟတ္တဖိုလ်၌။ ဝိမုတ္တော၊ အသေက္ခ-သာ လွတ်မြောက်ရာဖြင့် ကိလေသာမှ လွတ်သည်။ အသ္မိ၊ ဖြစ်ပြီ။ သယံ၊ မိမိအလိုလိုကိုယ်တိုင်သာလျှင်။ အဘိညာယ၊ အဘိညေယျ စသည် အပြား တရားအပေါင်းကို ကောင်းစွာထူးသော ဉာဏ်ဖြင့်သိ၍။ ကံ၊ အဘယ်မည်သော သူကို။ ဥဒ္ဒိသေယျံ၊ ဤသူသည် ငါ၏ ဥပဇ္ဈာယ်, ငါ၏ ဆရာဟူ၍ ညွှန်းပြရအံ့နည်း။ ။ဤကားအနက်။

ဓမ္မပဒ၊ တက္ကာဝဂ်၌ ကိုးခုမြောက်သော ဥပကအာဇီဝက၏ ဝတ္ထုစကားအစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၄-တဏ္ဍာဝဂ်၌၊ ၁၀-သိကြားမင်း မေးလျှောက်သောဝတ္ထု။

သဗ္ဗဒါနံ။ ။အစခံသော၊ သုတ္တန်အလာ၊ ဤမေမ္မဒေသနာကို၊ လူ့ရွာနတ်ထံ၊ နိဗ္ဗာန် ရောက်ကြောင်း၊ လမ်းကောင်း ညွှန်ပြ၊ ဆုံးမ-တော်မူတတ်သော မြတ်စွာဘုရားသည်၊ တက်ပွားရောင်လျှံ၊ နေဗိမာန်ကို၊ လူ့ထံဝယ်ရှု၊ ပြက်ရယ် ပြုဘိသို့၊ တုခဲ့ လွန်ရှောင်း၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်း စမ္ပယ်တော်မူလျက်၊ အထက် နတ်ပြည်၊ စံသည် ပျော်ပါး၊ သိကြားနတ်မင်းကို၊ လျှောက်ရင်းအမှု၊ အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

တပါးသောအခါ၌ တာဝတိံသာ နတ်ပြည်ဝယ် မျှတည်ပျော်-အောင်း နတ်အပေါင်းတို့သည် အကြောင်းသင့်ရေး စည်းဝေးကြကုန်၍ လေးပါးကုန်သော အမေး ပုစ္ဆာတို့ကို ဖြစ်စေကြကုန်၏။ အဘယ်သို့ ဖြစ်စေကုန်သနည်းဟူမူ "သဒ္ဓါအင်ရွဲ စွန့်ကြဲပေးကမ်း လှူဒါန်းအပ်သော အလှူဒါနတို့တွင် အဘယ် အလှူဒါနသည် ကြီးကျယ် မြင့်မြတ် ပါလေသနည်း။ ။မွန်မြတ်သောအား ခံစား အပ်သော အရသာ အပေါင်းတို့တွင် အဘယ်အရသာသည် ကြီးကျယ် မြင့်မြတ် ပါလေသနည်း။ ။နှလုံး တွေ့ပျော် မွေ့လျော်ဘွယ် အပေါင်းတို့တွင် အဘယ်သို့သော မွေ့လျော်ခြင်းသည် ကြီးကျယ် မြင့်မြတ်ပါလေသနည်း။ ။တဏ္ဍာ၏ ကုန်ခြင်းကို သာလျှင် အဘယ်ကြောင့် ကြီးကျယ် မြင့်မြတ်သည် ဆိုအပ်ပါသနည်း" ဟူသော အမေးပုစ္ဆာတို့ကို ဖြစ်စေကြကုန်၏။ ။ထိုအမေးပုစ္ဆာတို့ကို တဦးတယောက်သော နတ်တို့သည်လည်း ဆုံးဖြတ်ခြင်းငှါမစွမ်းနိုင်။ တဦးသောနတ်က တဦးသောနတ်ကို မေးမြန်း၏။မေးမြန်းအပ်သည့်ထိုတဦးသောနတ်ကလည်း တပါးသော နတ်ကို မေးမြန်းပြန်၏။ ဤသို့လျှင် တဦးသည် တဦးအား ဆင့်ကူး မေးမြန်းကုန်လျက် တသောင်းသော စကြဝဋ္ဌာတို့၌ တဆယ့်နှစ်နှစ်တို့ ပတ်လုံး လှည့်လည်ကုန်၏။ ဤမျှ အတိုင်းအရှည်ယှိသော ကာလဖြင့်

လည်း အမေး ပုစ္ဆာတို့၏ အနက် အဓိပ္ပါယ်ကို သိဘွယ် ဉာဏ်ဝင် မထင်မြင်နိုင်ကုန်သောကြောင့် တဘောင်းသော စကြဝဋ္ဌာ၌ နေကုန်သော နတ်တို့သည် စုရုံးစည်းဝေးကုန်ပြီးသော် နတ်မင်းကြီး လေးဦးတို့၏ အထံသို့ သွားရောက်ကုန်၍ နတ်မင်းကြီးလေးဦးတို့က အမောင်တို့၊ များစွာသောနတ်တို့သည် အဘယ့်ကြောင့် စုရုံးစည်းဝေး ကုန်သနည်းဟု ပြောဆိုသည်ယှိသော် လေးပါးသော အမေးပုစ္ဆာတို့ကို ကောင်းစွာ ဖြစ်စေကုန်၍ ဆုံးဖြတ်ခြင်းငှာ မစွမ်းနိုင်ပါသောကြောင့် အရှင်နတ်မင်းကြီးတို့၏ အထံသို့ လာခဲ့ပါကုန်၏ဟု ပြောဆိုကြကုန်၏။ အမောင်တို့၊ ထိုအမေးပုစ္ဆာမည်သည် အဘယ်နည်း မေးကုန်သည်ယှိသော်။ ။"အလှူဒါနမျိုးတို့တွင် အဘယ် အလှူဒါနသည် ကြီးကျယ်မြင့်မြတ်သနည်း။ အရသာမျိုးတို့တွင် အဘယ် အရသာသည် ကြီးကျယ်မြင့်မြတ်သနည်း။ ။မွေ့လျော်ခြင်း မျိုးတို့တွင် အဘယ် မွေ့လျော်ခြင်းသည် ကြီးကျယ်မြင့်မြတ်သနည်း။ တဏ္ဍာ၏ကုန်ခြင်းကို အဘယ့်ကြောင့် ကြီးကျယ်မြင့်မြတ်သည်ဆိုအပ်သနည်း"။ဤအမေးပုစ္ဆာတို့ကို ဆုံးဖြတ်ခြင်းငှာ မစွမ်းနိုင်ပါသောကြောင့် အရှင်မင်းကြီးတို့၏ ထံတော်မှောက်သို့ လာရောက်ကြပါကုန်၏ဟုပြောဆိုကုန်၏။ အမောင်တို့၊ ငါတို့သည်လည်း ဤအမေးပုစ္ဆာတို့၏ အနက်တို့ကို မသိမြင်ကြကုန်။ ငါတို့၏ မင်းမြတ် သည်ကား တထောင်မျှသော လူသည် ကြီစည် အပ်သော အနက်တို့ကိုကြီစည်၍ ထိုခဏခြင်း ဖြင့်သာလျှင် သိမြင်နိုင်၏။ ငါတို့၏ အရှင်ဖြစ်သော ထိုသိကြားမင်းသည် ငါတို့ထက် ပညာအားဖြင့်လည်းကောင်း၊ ဘုန်းသမ္ဘာအားဖြင့် လည်းကောင်း ထူးကဲ လွန်မြတ်ပေ၏၊ လာလှည့်ကြကုန်လော့။ ထိုသိကြားမင်း၏အထံတော်သို့ သွားကြကုန်အံ့ဟု ပြောဆိုပြီးသော် ထိုနတ် အပေါင်း ကိုသာလျှင် ခေါ်ယူဆောင်ငြား သိကြားနတ်မင်း၏ အထံသို့သွား၍ ထိုသိကြားမင်း ကလည်း အမောင်တို့၊ အဘယ့်ကြောင့် များသော နတ်တို့သည် စုရုံးစည်းဝေးကုန်သနည်းဟု ပြောဆိုမေးမြန်းသည်ယှိသော် ထိုအကြောင်းကို ကြားလျှောက်ကုန်၏။ အမောင်တို့။ ဤအမေးပုစ္ဆာတို့၏ အနက်ကို တပါးသောသူသည်လည်း သိမြင်ခြင်းငှါ မစွမ်းနိုင်ပေ။ ဤအမေးပုစ္ဆာ

တို့သည် ဘုရားရှင်တို့အရာသာ ဖြစ်ပေကုန်၏။ ဆရာဖြစ်တော်မူသော မြက်စွာဘုရားသည် ဤယခုအခါ အဘယ်အရပ်၌ သီတင်းသုံး စံနေတော် မူသနည်းဟု မေးမြန်း၍ ဇောတဝန်ကျောင်းတော်၌ သီတင်းသုံး စံနေတော်မူကြောင်းကို ကြားသိရသည်ယှိသော် လာလှည့်ကုန်လေ၌။ ထိုမြတ်စွာဘုရား၏ အထံတော်သို့ သွားကုန်အံ့ဟု ပြောဆိုပြန်ကြား နတ်များအပေါင်းတို့နှင့် အတူတကွ ညဉ့်အဘို့ကာလ၌ အလုံးစုံသော ဇောတဝန် ကျောင်းတော်ကို ထွန်းလင်း တောက်ပစေလျက်၊ မြတ်စွာဘုရားသခင်သို့ ချဉ်းကပ်ညွတ်လျိုး ရှိခိုးဦးဆင့်၍ သင့်တင့်သောအရပ်၌ တည်နေသော သိကြားမင်းကို မြတ်စွာဘုရား၊က မြတ်သော မင်းကြီး၊ အဘယ့်ကြောင့် များစွာသောနတ်အပေါင်းဖြင့် လာရောက်ဘိသနည်းဟု မိန့်တော်မူသည် ယှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ နတ်များအပေါင်းသည် ဤအမည်ယှိသော အမေးပုစ္ဆာတို့ကို ကောင်းစွာ ဖြစ်စေ အပ်ပါကုန်၏။ ဤအမေး ပုစ္ဆာတို့၏၊ အနက်ကို သိမြင်ခြင်းငှါ စွမ်းနိုင်သော တပါးသောသူ မည်သည် မရှိပါ။ တကာတော် တို့အား ဤအမေး ပုစ္ဆာတို့၏ အနက်ကို တင်ရှား ပြကော်မူပါကုန်လေ့ဟု ကြားလျှောက်သည်ယှိသော် မြတ်စွာဘုရားက မြက်သော မင်းကြီး၊ ကောင်းလှပေပြီ။ ထိုစကားမှန်၏၊ ငါဘုရားသည် ပါရမီတို့ကို ဖြည့်ဆည်းပူးတော်မူ၍ စွန့်ခြင်းကြီးတို့ကို စွန့်ကြဲတော်မူ၍ အသင်ကဲ့သို့ သဘော ယှိသော သိကြားမင်းတို့၏ ယုံမှားခြင်း သံသယကို ပယ်ချဖြတ်တောက်ခြင်းအကျိုးငှာသာလျှင် သမ္မာသမ္ဗုဒ္ဓဉာဏ်တော်ကို ထိုးထွင်း၍ သိအပ်၏။ အသင်သိကြားမင်း မေးအပ်သော အမေးပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာကား-"အလုံးစုံသော အလ္လဒါန မျိုးတို့တွင် တရား တည်းဟူသော အလ္လဒါနသည် ကြီးကျယ် မြင့်မြတ်၏။ အလုံးစုံသော အရသာမျိုးတို့တွင် တရားတည်းဟူသော အရသာသည် ကြီးကျယ် မြင့်မြတ်၏။ အလုံးစုံသော မွေ့လျော်ခြင်း တို့တွင် တရားဖြင့် မွေ့လျော်ခြင်းသည် ကြီးကျယ် မြင့်မြတ်၏။ ။ဗာဏာ ကုန်ပြတ်ခြင်း သည်ကား အရဟတ္တဖိုလ်သို့ ရောက်စေတတ်သည် အဖြစ်ကြောင့် အလွန် အကြူး အထူးသဖြင့် ကြီးကျယ်မြင့်မြတ် သည်သာလျှင်တည်း"ဟု မိန့်တော်မူပြီး၍။

ဓမ္မဒါန စသော အမြတ်ဆုံး တရား ၄ ပါးကို ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊တဏ္ဟာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဂါထာ၏ အနက်ကား။ ။သဗ္ဗဒါနံ၊ ကြွင်းမဲ့ညှဲသုံ အလုံးစုံသော အလှူဒါနကို။ ဓမ္မဒါနံ၊ တရားတည်းဟူသော အလှူဒါနသည်။ ဇိနာတိ၊ ကြီးမားဖွံ့ဖြိုး လွှမ်းမိုး အောင်နိုင်၏။ သဗ္ဗရသံ၊ ကြွင်းမဲ့ညှဲသုံ အလုံးစုံသော အရသာဟူသမျှကို။ ဓမ္မရသော၊ တရားတည်းဟူသော အရသာသည်။ ဇိနာတိ၊ ကြီးမားဖွံ့ဖြိုး လွှမ်းမိုးအောင်နိုင်၏။ သဗ္ဗရတိ ံ၊ ကြွင်းမဲ့ညှဲသုံ အလုံးစုံရှင်ပျော် မွေ့လျော်ခြင်း ဟူသမျှကို။ ဓမ္မရတိ၊ တရားဖြင့် မွေ့လျော်ခြင်းသည်။ ဝ။ တရား၌ မွေ့လျော်ခြင်းသည်။ ဇိနာတိ၊ ကြီးမားဖွံ့ဖြိုး လွှမ်းမိုး အောင်နိုင်၏။ တဏ္ဟာက္ခယော၊ တဏ္ဟာ ကုန်ရာ ဖြစ်သော အရဟတ္တ ဖိုလ်သည်။ သဗ္ဗဒုက္ခံ၊ ကြွင်းမဲ့ညှဲသုံ အလုံးစုံသော ဝဋ်ဆင်းရဲကို။ ဇိနာတိ၊ အမြစ် ကုန်ပျက်၊ လွန်မထွက်အောင်၊ နှိပ်စက်ဖြတ်ချိုး၊ လွှမ်းမိုး အောင်နိုင်၏။ ။ဤကား အနက်။

ဒေသနာဧတ်၏ အကျိုးအာနိသင်။

ဤသို့လျှင် မြတ်စွာဘုရား သခင်သည် ဤတရား ဂါထာ၏ အနက်အလာကို ကောင်းစွာ ဟောကြားတော် မူသည် ယို့သော် သာလျှင် ရှစ်သောင်း လေးထောင် ကုန်သော သတ္တဝါတို့သည် သစ္စာလေးပါး တရားကို ပိုင်းခြား သိမြင်သော အားဖြင့် အကျွတ် တရားကို ရသည် ဖြစ်လေ၏။ ။သိကြားမင်း သည်လည်း မြတ်စွာ ဘုရား မိန့်ဟော ကြားသော တရားစကားကို ကြားနာရသည် ယို့သော် မြတ်စွာဘုရား သခင်ကို ဦးတင်ရှိခိုး၍ ဤသို့ လျှောက်ကြား၏။ အဘယ်သို့ လျှောက်ကြားသနည်း ဟူမူ၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာ ဘုရား၊ ဤသို့ ကြီးကျယ် မြင့်မြတ်သည် မည်သော ကရားဟောပြ ဓမ္မဒါနကို

ပေးလှူရာ၌ အဘယ်အကျိုးငှါ တကာတော် တို့အား ကုသိုလ်၏ အဘို့ဘာဂကို မဝေငှ မပေးကမ်းပါကုန် သနည်း။ ဘုန်းတော် ကြီးတော် မှူသော မြတ်စွာ ဘုရား၊ ဤအခါမှစ၍ ရဟန်းတော် အပေါင်းအား ဓမ္မဒါန ဟောကြား ပြပြီး၍ တကာတော် တို့အား ကုသိုလ်၏ အဘို့ဘာဂကို ဝေငှပေးကမ်း ပါစေကုန်လော့ဟု လျှောက်ထား၏။ မြတ်စွာဘုရားသည် သိကြားမင်း လျှောက် ထားသော ထို စကား ကို ကြားတော်မူ၍ ရဟန်း အပေါင်းကို စည်းဝေး စေပြီးလျှင် ချစ်သား ရဟန်းတို့၊ ယနေ့ကို အစပြု၍ ကြီးစွာသော တရားနာ ခြင်းကို လည်းကောင်း၊ ပြကတ်သော တရားနာ ခြင်းကို လည်းကောင်း၊ အနီး အရပ် ချဉ်းကပ် နေထိုင် ပြောဆိုသော တရား စကားကို လည်းကောင်း၊ အယုတ်ဆုံး အားဖြင့် အလှူဝတ္ထု၊ ကြည့်ရှု ပုံထောက် ချီးမြှောက်သော တရားစကားမျှကိုလည်းကောင်း ဟောကြား ပြီး၍ အလုံးစုံသော သတ္တဝါတို့အား ဓမ္မဒါန အဘို့ဘာဂကို ဝေငှပေးကမ်း ကြကုန်လော့ဟု မိန့်တော်မူ၏။

ဓမ္မပဒ၊ တဏှာဝဂ်၌ ဆယ်ခုမြောက်ဖြစ်သော သိကြားမင်း မေးလျှောက်သော ဝတ္ထုစကား အစဉ်ကား ဤတွင် ရှေ့ပြီး၏။

၂၄-တဏှာဝဂ်၌၊ ၁၁-ဥစ္စာ၌ တပ်စွဲ၍ ငရဲသို့ လားရသော အပုတ္တက သေဋ္ဌေးသား ဝတ္ထု။

ဟနန္တိ ဘောဂါ။ ။အစလာသော၊ ဤဓမ္မဒေသနာကို၊ ပစ္စယာနုဂ္ဂဟ၊ ဒါနကောင်းမှု၊အားထုတ်ပြုလည်း၊ သုံးစုစေတနာ၊ညီစွာမစွမ်း၊ အကန်းတမှု၊ ဝေနေလူကို၊ နယူပဒေသ၊ ဖေါ်ပြ ဆုံးမတော် မူတတ်သော မြတ်စွာဘုရားသည် ထူးခြား မြတ်မွန်၊ကောင်းမျိုး လွန်သော၊ ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်း မျှမြဲလျက်၊ သား သွေး တစုံတယောက်မျှ၊ မရှိမရ၊ အပုတ္တက သေဋ္ဌေးကို၊ မြော်တွေး ထောက်ရှု၊ အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော် မူခဲ့လေသတည်း။

၂၄-တဏှာဝဂ်၊ ၁၁-အပုတ္တက သေဋ္ဌေးသားဝတ္ထု။ ၁၁

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

သာဝတ္ထိပြည် ကြီးဋ္ဌ ဒါဂန္ဓာက သေဋ္ဌေး မည်သည် ကြွယ်ဝတိုးပွါး များသော ဥစ္စာရှိသည်ဖြစ်၏။ ထိုအာဂန္ဓာက သေဋ္ဌေးသည် ပစ္စည်းဥစ္စာ ကောင်းစွာ ရိပဋိမ စည်းစိမ်တို့ကို မိမိသည်လည်း မသုံးဆောင်နိုင်၊ သူတပါး တို့အားလည်း မစွန့်ကြဲ မပေးလှူ၊ ထူးပြားသတ်မှတ် မြတ်သော အရသာ ယိုသော မွန်မြက်သော ဘောဇဉ်ကို စီရင်ဆောင်ယူသည် ယိုသော် ထိုမွန်မြတ်သော ဘောဇဉ်ကို မစား မသုံးဆောင်၊ ပအုံးရည် ဟင်းလျင် နှစ်ခွက် မြောက်သော ဆန်ကွဲထမင်းကိုသာလျှင် စားသုံး၏။ နံ့သာမျိုးစုံ၊အခိုးတို့ဖြင့်ထုံအပ်ကုန်သော ကာသိကရာဇ် တိုင်းဖြစ်အမျိုး အဝတ် ပုဆိုးတို့ကို မြတ်နိုး ဝတ်ဆင်ရန် ရည်သန် ယူဆောင် အပ်ကုန်သည်ယိုသော် ထိုအဝတ် ပုဆိုး တို့ကို မမြတ်နိုး ဘိသောအလား ပယ်ရှား တားဟန့်၍ ရန့်ကြမ်း သည်းထက် ရန့်ကြမ်းသော အဝတ် ပုဆိုး တို့ကို ဝတ်ဆင်၏။ အာဇာနည် မြင်းကသော ပတ္တမြား ရွှေတို့ဖြင့် ဆန်းကြယ်စွာ ခြယ်စီအပ်သော ရထားကို သွားလာ တက်စီးရန် စီမံယူဆောင်သည် ယိုသော် ထိုရထားကိုလည်း ပယ်ရှား သိမ်းထား စေ၍ သစ်သား အခင်းဖြင့် ပြုအပ်သော ရထား ငယ်ဖြင့် သွား၏။ ရွှေဖြင့်ပြီးသော ထီးကို ဆောင်းမိုးအပ်သည်ရှိသော် ထိုထီးကို ပယ်ထား၍ သစ်ရွက်ထီးဖြင့် ဆောင်းမိုးလျက် သွားလာလှည့်လည်၏။ ထိုအာဂန္ဓာကသေဋ္ဌေးသည် အသက်ရှည်သမျှ ကာလပတ်လုံး ဒါနအစယိုသော ကောင်းမှုကိုတွင် တစုံတခုသော ကောင်းမှုကို မျှလည်း မပြုလုပ်မူ၍ သေလွန်ခြင်းကို ပြုသည်ယိုသော် ရောရဝငရဲဋ္ဌာန ဖြစ်လေ၏။ ထိုသေဋ္ဌေးကြီး၏ သေလွန်ခြင်းကို ကြားသိတော်မူ၍ ပသေနဒိ ကောသလမင်းကြီးသည် အမွေခံ သားသမီးမရှိသော ဥစ္စာနှစ်သည် အဘယ်သူအားရောက်လေ သနည်း ဟု မေးမြန်းတော် မူ၍ ပြည့်ရှင်မင်းမြတ်အားလျောက်ပတ် ရောက်ယိုပါသည်ဟု ပြောဆို သောစကားကိုကြားသိတော်မူရလျှင် ခုနစ်ရက်တို့ဖြင့် ထိုသေဋ္ဌေး၏ အိမ်မှ ပစ္စည်းဥစ္စာကို မင်းအိမ်နန်းတော်သို့ ယူဆောင်စေ ပြီးသော် မင်းကြီးသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ မြတ်သောမင်းကြီး၊ ဤယခု

အခါ လွန်စွာ နေမြင့်သော နေမွန်းတည့်အခါ၌ အသင်မင်းမြတ်သည် အဘယ်အရပ်မှ လာခဲ့သနည်းဟု မြတ်စွာဘုရားက မိန့်ဆိုတော်မူသည် ယိုသော် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤသာဝတ္ထိပြည် သေဋ္ဌေးကြီး တဦး သေလွန်ခြင်းကို ပြုပါသည်။ တကာတော်သည် အမွေခံ သားသမီး တစုံတယောက်မျှ မရှိသော ထို သေဋ္ဌေးကြီး ဥစ္စာ နှစ်ကို မင်းအိမ် နန်းတော်အတွင်းသို့ ဆောင်သွင်းပြီး၍ လာခဲ့ပါ၏ဟု ကြားလျောက် သတတ်။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုသေဋ္ဌေးကြီးသည် ရွှေခွက်ဖြင့် အထူးထူးအပြားပြား များမြတ်သော အရသာယိုသော ဘောဇဉ်ကို ပြုပြင် ဆောင်ယူအပ်သည် ယိုသော် ဤသို့ သဘောယိုသည် မည်သောဘောဇဉ်ကို လူတို့စားရကုန်သလော၊ အသို့နည်း။ အသင်တို့သည် ဤအိမ်၌ ငါနှင့်အတူတကွ ပြက်ရယ်ပြုကြ ကုန်သလောဟု ပြောဆိုမောင်းမဲ၍ ဘောဇဉ် ဆောင်ယူ တည်ထား ကုန်သော သူတို့ကို ခဲတုတ်, လုံတံ စသည်တို့ဖြင့် ပစ်ခတ် ရိုက်ပုတ် ထွက်ပြေးစေပြီး ဤသည်လျှင် လူတို့စားသုံးသော ဘောဇဉ် တည်းဟု ပြောဆို၍ ပဒုံးရည်ဟင်းလျှင် နှစ်ခွက်မြောက်သော ဆန်ကွဲ ထမင်းကို စားသုံး၏။ နှစ်သက် မြတ်နိုးဘွယ် ယိုကုန်သော အဝတ် ယာဉ် ထီး တို့ကိုလည်း ဆောင်ယူ တည်ထား အပ်ကုန်သည် ယိုသော် ထိုလူတို့ကို ခဲ တုတ် လုံတံ စသည်တို့ဖြင့် ပစ်ခတ်, ရိုက်ပုတ် ထွက်ပြေး စေ၍ ပိုက်ဆံလျော် ချည်မျှင်ဖြင့် ယက်အပ်ကုန်သော ရုန့်ရင်းကြမ်းတမ်းသော ပုဆိုး တို့ကို ယူဆောင် ဝတ်ရုံ၏။ ဟောင်းနွမ်း ဆွေး မြေ့သော ရထားငယ်ယာဉ်ဖြင့် သွားလာ၏။ ဃစ်ရွက် ထီးဖြင့် ဆောင်းမိုးထျက် လှည့်လည်ပါ၏ဟု ဤသို့ မင်းကြီးက ကြားလျောက်သည် ယိုသော် မြတ်စွာ ဘုရားသည် ထို သေဋ္ဌေးကြီး၏ ရှေး၌ ပြုခဲ့ဘူးသော ကံကို ဟောကြားတော်မူ၏။ အဘယ်သို့ ဟောကြားတော် မူသနည်း။

အပုတ္တက သေဋ္ဌေး၏ အတိတ်ဝတ္ထု။

မြတ်သောမင်းကြီး၊ ရှေး၌ ဖြစ်ဘူးသည်ကား ထိုသေဋ္ဌေးကြီးသည် တဂရသိခီ အမည်ယိုသော ပစ္စေကဗုဒ္ဓါကို ဆွမ်းဖြင့် လုပ်ကျွေးပြုစု၏။

ဤရဟန်းအား ဆွမ်းကို ပေးလှူကြ ကုန်လေ့ဟု ပြောဆို၍ ထိုသေဋ္ဌေး ကြီးသည်နေရာမှထ၍ ဖဲသွား၏။သဒ္ဓါတရားမရှိသောမိုက်မဲလှစွာသော ထိုသေဋ္ဌေးကြီးသည် ဤသို့ ပြောဆို၍ ဖဲသွားသည် ယှိသော် ထိုသေဋ္ဌေး ကြီး၏ ခင်ပွန်း မယားသည် သဒ္ဓါတရားယှိ၏။ ကြည်ညိုခြင်း ယှိ၏။ဤမျှ လောက်တာ မြင့်ကြာ ရှည်ဝေးသဖြင့် ဤသေဋ္ဌေးကြီး၏ခံတွင်းမှ ပေးလှူ လေလေ့ဟု ပြောဆိုသော စကားကို စင်စစ်ငါအား ကြားရပေ၏။ ယနေ့ငါ၏စိတ်နှလုံး အလိုကိုပြည့်စေလျက် ဆွမ်းကို ပေးလှူအံ့ဟုကြံပြီး လျှင် ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်ကိုယူပြီးသော် မွန်မြတ်သောဘောဇဉ် ဖြင့် ပြည့်စေ၍ ပေးလှူ၏။ထိုသေဋ္ဌေးသည်လည်း ပြန်လည်၍ လာခဲ့သည် ယှိသော် လမ်းခရီးဌာန၌ ထိုပစ္စေက ဗုဒ္ဓါကို တွေ့မြင်၍ရှင်ရဟန်း၊အသို့ နည်း။ အသင့်အား တစုံတခု ရပါ၏လောဟု ပြောဆိုကာ သပိတ်ကို ယူငင်၍ ဖွင့်လှစ် ကြည့်ရှုသည် ယှိသော် မွန်မြတ်သော ဆွမ်းကို တွေ့မြင်၍ နှလုံးမသာယာခြင်း ယှိသည် ဖြစ်၍ ဤသို့ ကြံစည်၏။ အအယ်သို့ ကြံစည် သနည်းဟူမူ၊ဤဆွမ်းသည် မွန်မြတ်၏။ကျေးကျွန်တို့သည်လည်းကောင်း အမှုလုပ်တို့သည် လည်းကောင်း စားရကုန်ငြားအံ့။ ထိုကျေးကျွန် အမှု လုပ်တို့သည် ဤမွန်မြတ်သောဘောဇဉ်ကို စားရ၍ ငါ၏အမှုကြီးငယ်ကို ပြုလုပ်ကုန်လတ္တံ့။ ဤရဟန်းသည်ကား မိမိ၏နေရာသို့ သွားရောက်၍ စားသောက် သုံးဆောင်ပြီး အိပ်လတ္တံ့။ ငါ၏ ဤမွန်မြတ်သော ဆွမ်း သည် ပျက်စီးလေစွ တကားဟု ကြံစည်၏။ ထိုသေဋ္ဌေးကြီး သည်ပင် အစ်ကိုကြီး၏ တယောက် ကည်းသော သားငယ်ကို ဥစ္စာနှစ်၏ အကြောင်းကြောင့် ဇီဝိတိန္ဒေ အသက်မှပယ်ဖျက်ချသတ်ဘူးပြီ။အဘယ် သို့ ချသတ်ဘူးသနည်း ဟူမူ၊ ဘထွေး ဖြစ်သော ထိုသေဋ္ဌေး၏ လက် ချောင်းကို ကိုင်၍ လှည့်လည်သော ထိုအစ်ကို၏ သားငယ်သည် ဤဥစ္စာ သည်ကား ငါ့ဘခင်၏ ဥစ္စာတည်း။ ဤယာဉ်သည်ကား ငါ့ဘခင်၏ ယာဉ်တည်း။ ဤနွားသည်ကား ငါ့ဘခင်၏ နွားတည်း။ ဤသို့ အစ ယှိသည်တို့ကို ပြောဆိုသတတ်။ ထိုအခါ ထိုသေဋ္ဌေးသည် သူငယ်ကို ဤယခု ငယ်ရွယ်စဉ်အခါ၌ ဤသူငယ်သည် ဤသို့ ပြောဆိုတုံသေး၏။ ဤသူငယ်၏ အရွယ်ကြီးမြောက် ရောက်သောအခါ၌ကား ဤအိမ်၌

စည်းစိမ် ဥစ္စာတို့ကို အဘယ်သူ စောင့်ရှောက်လတ္တံ့ နည်းဟု ကြံ၍ ထိုသူငယ်ကို တောသို့ ခေါ်ဆောင်ပြီးလျှင် တခုသော ချုံရင်း၌ လည်၌ ကိုင်ယူဖျစ်ညှစ်၍ သစ်မြစ် သစ်ဖုကဲ့သို့ လည်ကို လိမ်ချိုး သတ်ဖြတ် ပြီးသော်ထိုအရပ်၌ သာလျှင် စွန့်ပစ်ခဲ့၏။ ဤသည်လျှင် ထိုသေဋ္ဌေး၏ ရှေးဘုံ ပြုလုပ်ခဲ့ဘူးသော ကံတည်း။ ။မြတ်သော မင်းကြီး ထို သေဋ္ဌေးသည် တဂရသိခိ ပစ္စေက ဗုဒ္ဓါကို ဆွမ်းဖြင့် လှူဒါန်း လုပ်ကျွေး စေ၏။ ထိုကောင်းမှုကံ၏ အကျိုးဖြင့် ခုနစ်ကြိမ် တိုင်တိုင် ကောင်းမှု ယှဉ်သော သူတို့၏ လားကပ်ရာ နတ်ပြည် နတ်ရပ်သို့ ကပ်ရောက်၍ ဖြစ်ရလေ၏။ ထိုကောင်းမှု ကံ၏ သာလျှင် အကျိုး အကြွင်းဖြင့် ဤ သာဝတ္ထိပြည်၌ သာလျှင် ခုနစ်ကြိမ် တိုင်တိုင် သေဋ္ဌေးအဖြစ်ကို ပြုလုပ် ရလေ၏။ ။ မြတ်သော မင်းကြီး၊ ထို သေဋ္ဌေးသည် ပေးလှူ ပြီး၍ နောက်အခါ၌ "ဤဆွမ်းကို ကျွန်တို့သည် လည်းကောင်း၊ အမှုလုပ်တို့သည် လည်းကောင်း သုံးဆောင်ရကုန် မှကား မြတ်သေး၏" ဟူသော အကြင် သို့သောအခြင်းအရာဖြင့် နှလုံးမသာမယာခြင်းသည်ဖြစ်၏။ နောက်၌တဖန် ဖေါက်ပြန်ယွင်းပြု ထိုမကောင်းမှုကံ၏ အကျိုးဖြင့် ထို သေဋ္ဌေးကြီးအား ကောင်းမြတ်သော ဘောဇဉ်ထမင်းကို သုံးဆောင်ခြင်းငှါ စိတ်မသွတ် မပါနိုင်။ ထိုသေဋ္ဌေးကြီးအား ကောင်းမြတ်သော အဝတ်၊ ပုဆိုး၊ ယာဉ် စသည်တို့ကို သုံးဆောင်ခြင်းငှါ စိတ်မသွတ် မပါနိုင်။ ထိုသေဋ္ဌေးအား ကောင်းမြတ်ကုန်သော ငါးပါးသော ကာမဂုဏ်တို့ကို သုံးဆောင်ခံစား ခြင်းငှါ စိတ်မသွတ်မပါနိုင်။ ။မြတ်သော မင်းကြီး၊ ထိုသေဋ္ဌေသည် အစ်ကို၏ တယောက် တည်းသော သားငယ်ကို အမွေ ဥစ္စာ နှစ်၏ အကြောင်း ကြောင့် ဇီဝိတိန္ဒြေ အသက်မှ ပယ်ဖျက် ချသတ် ဘူးပြီ။ ထို မကောင်းမှု အကုသိုလ်ကံ၏ အကျိုးဖြင့် မျှားစွာ ကုန်သော အနှစ် အရာတို့ ပတ်လုံး၊ မျှားစွာကုန်သော အနှစ် အထောင်တို့ ပတ်လုံး၊ မျှားစွာကုန်သော အနှစ်အသိန်းတို့ ပတ်လုံး ငရဲ၌ ကျရောက်ကျက်ပြန် ခံစားခဲ့ရပြီး၍ ထိုမကောင်းမှု ကံ၏သာလျှင် အကျိုးအကြွင်းဖြင့် အမွေခံသား သို့မဟုတ်သော ဤဥစ္စာနှစ်ကို မင်းအိမ နန်းတော် ကျီ ကြ ဘဏ္ဍာတိုက်သို့ ဆောင်သွင်းရ ကုန်၏။ ။မြတ်သော မင်းကြီး၊ ထို သေဋ္ဌေး

ကြီးအား ရှေး၌ ပြုကောင်း အဟောင်း ဖြစ်သော ကောင်းမှု ကုသိုလ် သည်လည်းကုန်ခန်းခဲ့လေပြီ။ နောက်နောင်မြင့်လျား ခံစားကြောင်းစစ် အသစ်ဖြစ်သော ကောင်းမှု ကုသိုလ်ကိုလည်း မပြုလုပ် မဆည်းပူးသည် သာတည်း။ မြတ်သောမင်းကြီး၊ ယခုအခါ၌ကား ထိုသေဋ္ဌေးကြီးသည် မဟာရောရဝဝရဲ၌ ကျရောက်ပြန်လျက် ကျက်၍ခံစားရ၏ ဟု မိန့်တော်မူ၏။ မင်းကြီးသည် မြတ်စွာ ဘုရား၏ စကားတော်ကို ကြားနာ ရ၍ ဘုန်းကော် ကြီးတော်မူသော မြတ်စွာဘုရား၊ မကောင်းမှုကံမည်သည် ဩော်-ဝန်လေးစွတကား၊ ဤမျှ အတိုင်းအရှည် ယှိသည် မည်သော စည်းစိမ် ချမ်းသာ ပစ္စည်း ဥစ္စာသည် ထင်ရှားစွာ ယှိပါလျက် မိမိသည် မသုံးဆောင်နိုင်။ အရှင်ဘုရားတို့ကဲ့သို့ သဘောယှိသော မြတ်စွာဘုရား သည် အမြဲ အထူး အဦး ဖြစ်သော ကျောင်း၌ သီတင်းသုံး စံနေတော်မူပါလျက်၊ ကုသိုလ် ကောင်းမှု ကံကို၊ စီမံပြုလုပ်ခြင်း မရှိ ချေဟု ကြားလျှောက်၏။ မြတ်စွာဘုရားက မြတ်သော မင်းကြီး၊ တကာတော် မင်းမြတ် လျှောက်ထားအပ်သော စကားသည် ထင်ရှားဧကန် ဤသို့ ဟုတ်မှန်လှပေ၏။ ဆင်ခြင်တတ်စွာ ပညာ ကင်းမဲ့ ကုန်သော ပုဂ္ဂိုလ်တို့ မည်သည် စည်းစိမ်ဥစ္စာ တို့ကို ရယှိကုန်ပြီး၍ ချုပ်ငြိမ်းရာမှန် နိဗ္ဗာန်ကို မရှာမှီးကြကုန်။ စည်းစိမ်းဥစ္စာတို့ကို မှီ၍ဖြစ်သော တပ်မက်တတ်သော တဏှာသည်ကား ထိုသတ္တဝါ ပုဂ္ဂိုလ်တို့ကို မြင့်ရှည်စွာသော နေ့ ညဉ့် ပတ်လုံး အပါယ်ငင်ဆွဲ ညှဉ်းဆဲ သတ်ဖြတ် တော့သည် သာ တည်းဟု မိန့်တော်မူပြီး၍။

ဥစ္စာပြည့်စုံကုံလုံကြွယ်ဝလျက် ပညာသဒ္ဓါမဲ့သောကြောင့်
ဥစ္စာပစ္စည်း၏ အသတ်ခံရခြင်းကို ဖေါ်ပြသော
ပါဋ္ဌိတော်ဂါထာ ဒေသနာ။

ဟနန္တိ ဘောဂါ ဒုမ္မေဓံ၊ နောစပါရဂဝေသိနော။
ဘောဂတဏှာယ ဒုမ္မေဓော၊ ဟန္တိ အညေဝ အတ္တနံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၁၆ ဓမ္မပဒဝတ္ထုတော်ကြီး။ (ဆရာတော်-အသျင်စန္ဒိမာမှူ)

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံးဌ် များစွာကုန်သော သူတို့သည် သောကာပတ္တိ ဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏ အနက်ကား။ ။ဘောဂါ၊ လောကီရိပ်ငြိမ် စည်းစိမ်-ဥစ္စာတို့သည်။ ဒုမ္မေဓံ၊ သိမြင်ယွင်းနဲ့ ပညာမဲ့သောသူကို။ ဟနန္တိ၊ အပါယ်ချဆဲ ညှဉ်းဆဲသတ်ဖြတ်ကုန်၏။ ပါရဂေဝသိနော၊ နိဗ္ဗာန်စခန်း မှာဘက်ကမ်းသို့ ကူးသန်းရောက်နည်း ရှာမှီးလေ့ ယှဉ်ကုန်သော သူတို့ကို။ နောစ ဟနန္တိ၊မညှဉ်းဆဲ မသတ်ဖြတ်နိုင်ကုန်။ဒုမ္မေဓော၊ရှေနောက်နှစ်ပြင် ဆင်ခြင်တတ်စွာ ပညာကင်းမဲ့သော။ ပဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဘောဂတဏှာယ၊ စည်းစိမ်ဥစ္စာ ပြင်းစွာငမ်းငမ်း စွဲလမ်း တပ်မက်သော တဏှာဖြင့်။ ဝါ။ကြောင့်။ အညေ၊ ဒိမိမှ တပါးသော သူတို့ကို။ ဟန္တိ ဇ္ဈဝ၊သနားမဘက် ရက်စက်ကြည့်ကဲ့ ညှဉ်းဆဲသတ်ဖြတ်သကဲ့သို့။ အတ္တနံ၊ မိမိကိုယ်ကို။ ဟန္တိ၊ အပါယ်ချဆဲ ညှဉ်းဆဲသတ်ဖြတ်၏။ ။ ဤကားအနက်။

[ဤအပုတ္တက သေဋ္ဌေးကို ဤအဋ္ဌကထာမှ တပါးသော ဇာတ်အဋ္ဌကထာကြီး စသည်တို့၌ အာဂန္တုက သေဋ္ဌေးဟူသော အမည်ဖြင့် မိန့်ဆိုဘွင့်ပြတော်မူကုန်၏။ ။ဤကားအမှာ]။

ဓမ္မပဒတဏှာဝဂ်၌ တဆယ့်တခုမြောက်သော အပုတ္တက သေဋ္ဌေး၏ ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေ့ပြီး၏။

[ဤတဏှာဝဂ်၌ တဆယ့်နှစ်ခု မြောက်သော အကံုရနတ်-သား၏ ဝတ္ထုကို ဗုဒ္ဓဝဂ် နှစ်ခုမြောက်ဖြစ်သော နတ်ပြည်မှ သက်ဆင်းတော်မူသော ဒေဝါရောဟန ဝတ္ထု၌ အကျယ်-ဝိတ္ထာရဖေါ်ပြရေးသားခဲ့ပြီးဖြစ်၍ ဤ၌တဖန် ဖေါ်ပြရေးသား-ဘွယ် မလိုတော့ပြီ]။

ဇုတိ ရန်ကုန်တိပ္ပယ နဂရဿစေဝ တိဂုမ္ဗ စေတိယဿစ ဥတ္တရာ
ယာနဒိသာယ ပတိဋ္ဌိတေ မဟာအာရညိကဝိဟာရေ ဝသတာ စန္ဒိမာတိ
လဒ္ဓနာမေန အဋ္ဌဝဿိကေန ဂဏဝါစကေန ဘိက္ခုနာ မရမ္ဗဘာသာ
ယ ဒေန္တောကတော ဓမ္မပဒဋ္ဌော မဟာပဂရဏော စတုဒိသတိမကဏ္ဏာ-
ဝဂ္ဂဿ မရမ္ဗဘာသတ္ထော နိဋ္ဌိတော။

ဓမ္မပဒပါဋိတော် အဋ္ဌကထာတို့၌ နှစ်ဆယ့်လေးခုမြောက် ဖြစ်သော
တက္ကာဝဂ်ကား ဤဟူ၌ပြီးဆုံး၏။

၂၅–ဘိက္ခုဝဂ်၌၊ ၁–ဒွါရတပါးစိသာ စောင့်ရှောက်ကြသော ငါးဦးသော ရဟန်းတို့ဝတ္ထု။

စက္ခုနာ သံဝရော။ ။အစယှိသော်ဤဓမ္မဒေသနာ၊ပါဋိဂါထာကို၊ ငါးဖြာ အာရုံ၊ ကာမဂုဏ် ထူပြော၊ တက္ကာတော်၌၊ ဗျာမော လှိုက်ဆူ၊ အမိုက်လူကို၊ သိတဂူအနေ၊တရားရေဖြင့်၊ ပေးဝေဆုံးမတော် မူသော မြတ်စွာ ဘုရားသည် အနာထပိဏ်၊ ဂုဏ်ရှိန်ပျံမွှေး၊ သေဋ္ဌေးဆောက်လှူ၊ ဇမ္ဗူထက်ဝန်၊မွန့်ထက်မွန်သော၊ဇေတဝန ရွှေကျောင်း၌၊ကိန်းအောင်း မျှပျော်လျက်၊ရဟန်းတော်ငါးဦးတို့ကို၊အထူးရည်ရွယ်၊အကြောင်းပြု၍သော အားဖြင့် ဟောကြားတော် မူခဲ့လေသတည်း။

အကြောင်းအထူးပုဒ်မှီ အစဉ်ကား ဤသို့တည်း။

ထိုငါးဦးကုန်သော ရဟန်းတို့တွင် တပါးတပါးသော ရဟန်းသည် စက္ခုဒ္ဒါရ အစယှိ ကုန်သော ငါးပါး ကုန်သော ဒွါရတို့တွင် တပါးတပါးသော ဒွါရကို သာလျှင် စောင့်ရှောက် ပေသတတ်။ ထိုနောက် တနေ့သောအခါ၌စည်းဝေးကြကုန်၍ငါသည်စောင့်ရှောက်နိုင်ခဲသော ဒွါရကို လုံခြုံအောင် စောင့်ရှောက်၏။ ငါသည် စောင့်ရှောက်နိုင်ခဲသော ဒွါရကို လုံခြုံအောင် စောင့်ရှောက်၏ဟု ငြင်းခုံကွဲပြား စကား ဖြစ်ကုန်သည် ယှိသော် မြတ်စွာ ဘုရား သခင်ကို မေးလျှောက်၍ ဤ-အနက်ကို သိရကုန်အံ့ဟု တိုင်ပင် ပြောဆို ကုန်ပြီးလျှင် မြတ်စွာ ဘုရား သခင်သို့ ချဉ်းကပ်ကုန်၍ ဘုန်းတော် ကြီးတော်မူသော မြတ်စွာ ဘုရား၊

တပည့်တော် တို့သည် စကွဲ့ဒွါရ အစရှိသည် တို့ကို အသီးသီး စောင့်ရှောက် ကုန်လျက် မိမိ ပိုမိ၏ စောင့်ရှောက် အပ်သော ဒွါရ ကိုသာလျှင် စောင့်ရှောက်နိုင်ခဲသည် ပြုပြင်ဆင်းရဲသဖြင့်စောင့်ရှောက် အပ်သည် အောက်မေ့ မှတ်ထင် ပါကုန်၏။ တပည့်တော် တို့တွင် အဘယ်သူသည် စောင့်ရှောက် နိုင်ခဲသော ဒွါရကို စောင့် ရှောက် ပါသနည်းဟု မေးလျှောက် ကုန်၏။ မြတ်စွာဘုရား သခင်သည် တဦး သော ရဟန်းကိုလည်း ပြီးဆုံးနိုင်ခြင်း မသွင်းမဆိုမူ၍ အစဉ် အတိုင်း အောက်မေ့စေပြီးလျှင် ချစ်သားရဟန်းတို့၊အလုံးစုံလည်း ဖြစ်ကုန်သော ဤဒွါရတို့သည် စောင့်ရှောက်နိုင်ခဲ ကုန်သည် သာလျှင်တည်း။ စင်စစ် သော်ကား အသင်တို့သည် ဤယခု အခါ၌သာလျှင် ငါးပါးကုန်သော အရာဌာနတို့၌ မစောင့်စည်းကြ ကုန်သည်မဟုတ်တုံသေး။ ရှေး၌လည်း မစောင့်စည်းကြကုန်ဘူးပြီ။ မစောင့်စည်းသည့် အဖြစ်ကြောင့်သာလျှင် လည်း ပညာယို့တို့၏ အဆုံးအမ၌ မတည်အခွင့် မကျင့်မဖြစ်ကုန်သည် ဖြစ်၍ အသက်ကုန်ခြင်းသို့ရောက်ဘူးကုန်ပြီဟု မိန့်တော်မူ၏။ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အဘယ်အခါ၌ပါနည်းဟု ထိုရဟန်း တို့ တောင်းပန်အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

ရဟန်းတို့၏ အတိတ်ဝတ္ထု။

ရှေးလွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တ မင်းကြီး သည် မင်းအဖြစ်ကို ပြုသည်ရှိသော် ဘုရားအလောင်းတော်သည် ထို ဗြဟ္မဒတ်မင်းကြီး၏ တရားသော သားတော် အလုံးစုံတို့အောက် အငယ် ဆုံး သားတော်အဖြစ် ဖြစ်လေ၏။ အငယ်ဆုံး ဖြစ်သော ဘုရား အလောင်း ထိုမင်းသားသည် ကြီးပွါးရွယ်လျှင် အစဉ်အတိုင်းအားဖြင့် သိကြား လိမ္မာသော အရွယ်သို့ ရောက်လေ၏။ ထိုအခါ မင်းကြီး၏ နန်းအိမ်တော်၌ ပစ္စေကဗုဒ္ဓါတို့သည် ဆွမ်း ဘဉ်းပေးတော် မူကုန်၏။ ဘုရားအလောင်းတော်သည် တိုပစ္စေက ဗုဒ္ဓါတို့၏ အမှု ကြီးငယ်ကို ပြုလုပ် ရွက်ဆောင်၏။ ထိုဘုရားအလောင်း မင်းသားငယ်သည် တနေ့ သ၌ ငါ၏ နောင်တော် တို့သည် များစွာရှိကုန်၏။ ငါသည် ဤမြို့၌

အမျိုး၏ ဥစ္စာဖြစ်သော မင်းအဖြစ်ကို ရနိုင်ကောင်း အံ့လော။ ထိုသို့ မဟုတ် မရနိုင်အံ့ လောဟု ကြံစည်၏။ ထို့နောက် အလောင်းတော် မင်းသားအား ဤသို့သော အကြံအစည်သည် ဖြစ်ပြန်၏။ အဘယ်သို့ ဖြစ်ပြန်သနည်း ဟူမူ၊ အရှင်ပစ္စေက ဗုဒ္ဓါတို့ကို မေးလျှောက်၍ သိရတော့အံ့ဟူသော အကြံသည်ဖြစ်၏။

အလောင်းတော်မင်းသားသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်များနှင့် ကြိုးပွါးရေးကို ဆွေးနွေးလျှောက်ထားခြင်း။

ဤမင်းသားငယ်သည် နှစ်ရက်မြောက်သော နေ့၌ ပစ္စေကဗုဒ္ဓါတို့ ကြွလာတော် မူကုန်သည် ယို့သော် ဓမ္မကရိဏ်ကို ယူ၍ သောက်ရေသုံးဆောင်ရေကို စစ်ပြီးသော် ပစ္စေကဗုဒ္ဓါတို့၏ ခြေတော်တို့ကို ဆေးပြီးလျှင်ဆီဖြင့် ပွတ်သပ်လိမ်းကျံ၍ ထိုပစ္စေကဗုဒ္ဓါတို့၏ ဆွမ်းမဘုဉ်းပေးမီ အကြားဝယ် ခဲဘွယ်ကို စားသုံးနေထိုင်သော ကာလ၌ ရှိခိုးဦးချ၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေလျက် မိမိသည် ကြံစည်၍ ထားသော ထိုအကြောင်းကို မေးလျှောက်၏။ ထိုအခါ မင်းသားငယ်ကို ထိုပစ္စေကဗုဒ္ဓါတို့က မိန့်ဆိုတော် မူကြကုန်၏။ အဘယ်သို့ မိန့်ဆိုတော် မူကုန်သနည်း ဟူမူ၊ မင်းသား၊ အသင်သည် ဤမြို့၌ မင်းအဖြစ်ကို မရလတ္တံ့။ ဤမြို့မှာကား ယူဇနာ တရာ့နှစ်ဆယ် ထက်အကျ ဂန္ဓာရတိုင်း၌ တက္ကသိုလ်ပြည် မည်သည်ယို့၏။ ထို တက္ကသိုလ်ပြည်သို့ သွားခြင်းငှါ စွမ်းနိုင်သည်ယို့သော် ဤနေ့မှ နောက်ခုနစ်ရက် မြောက်သော နေ့၌ မင်းအဖြစ်ကို ရလတ္တံ့။ လမ်းခရီးအကြား၌ကား ကြီးမား ကွေ့ထောင့် အမြောင့်လိမ်ရှည် တောအုပ်ကြီး၌ ဖိစီးဟန့်တား ပေါများသောဘေးရန်ယို့၏။ထိုတောအုပ်တွင်းသို့အလျင်းမဝင် ရှောင်ကြဉ်ဖယ်လွှဲ၍သွားသောသူအား ယူဇနာတရာယို့သော ခရီးလမ်းသည် ဖြစ်၏။ ဖြောင့်ဖြောင့်သွားသောသူအား ယူဇနာငါးဆယ်တို့သည် ဖြစ်ကုန်၏။ ထိုယူဇနာငါးဆယ်ယို့သော ခရီးလမ်းသည် အသားစားကြီး ဘီလူး ပေါများလှသော အမနုဿ ကန္တာရမည်၏။ ထိုတောအုပ်၌ ဘီလူးမတို့သည် ခရီးလမ်းအကြား၌ ရှာတို့ကိုလည်းကောင်း၊စရပ်စသည်တို့ကို

၂၀ ဓမ္မပဒဝတ္ထုတော်ကြီး။ (ဆရာတော်-အသျင်စန္ဒိမာမ)

လည်းကောင်း ဖန်ဆင်း၍ အဏက်၌ ရွှေကြယ်တို့ဖြင့် ဆန်းကြယ်သော ဗိတာန်မျက်နှာကြက်ယှိသော မြတ်သောသူတို့အား ထိုက်သောအိပ်ရာ နေရာကို ခင်းစေ၍ အထူးထူးအပြားပြား တပ်နှစ်သက်ဘွယ်ယှိသော ပုဆိုးတင်းတိမ်တို့ကို ဝန်းရံ၍ နတ်၌ဖြစ်သော တန်ဆာတို့ဖြင့် အတ္တ ဘောကို တန်ဆာ ဆင်၍ စရပ် စသည် တို့၌ ထိုင်နေ ကုန်လျက် လာရောက် ကုန်သော ယောကျ်ားတို့ကို သာယာ ချီမြှင့်ကုန်သော စကားတို့ဖြင့် ပြောဆို ချီးမြှောက်ကုန်လျက် ပင်ပန်းသော သဘော ယှိကုန်သကဲ့သို့ ထင်ကုန်၏။ ဤအရပ်သို့ လာ၍ ထိုင်နေပြီးသည်ကာလ သောက်ရေ သုံးဆောင်ရေကို သောက်သုံး၍ သွားကြပါကုန်လော့ဟု ပြောဆို ခေါ်ငင်၍ ရောက်လာတိုင်းရောက်လာတိုင်းဃော သူတို့အား အိပ်ရာနေရာတို့ကိုပေး၍ မိမိ၏ရပ်အဆင်း တင့်တယ်စမှယ်ခြင်းတို့ဖြင့် ဖြားယောင်း၍ ကိလေသာ အကြိုက် အလိုလိုက်သည်တို့ကိုပြု၍ မိမိနှင့် အတူတကွ လွန်ကျူး၍ ကျင့်သော ဒုစရိုက်ကို ပြုလုပ်သည် ယှိသော် ထိုအရပ်၌ပင်လျှင် ထိုယောကျ်ားတို့ကို ယိုစီးသောသွေးဖြင့် ကိုက်စား သတ်ဖြတ်၍ အသက် ကုန်ခြင်းသို့ ရောက်စေကုန်၏။ အဆင်း လှစွာ ရူပါရုံ၌ ခုံမင်ကျက်စားသော သတ္တဝါကို ရူပါရုံဖြင့် သာလျှင် ဖြားယောင်း ချီးမြှောက်ကုန်၏။ အသံသာယာ သဒ္ဒါရုံ၌ ခုံမင်ကျက်စားသော သတ္တဝါကို ချီမြှင့်သာယာ ကောင်းမြတ်သော သီချင်းသံတီးမှုတ်သံဖြင့် ဖြားယောင်း ချီးမြှောက်ကုန်၏။ အနံ့မွှန်းထုံ ဂန္ဓာရုံကို ခုံမင်ကျက်စားသော သတ္တဝါကို နတ်၌ဖြစ်သော နံ့သာတို့ဖြင့် ဖြားယောင်း ချီးမြှောက် ကုန်၏။ အရသာ၌ နှစ်ခြိုက် ကျက်စားသော သတ္တဝါကို နတ်၌ဖြစ်သော အထူးထူးအပြားပြား ပေါများအံ့ရပ်ရပ် မြတ်သော အရသာယှိသော ဘောဇဉ်ဖြင့်ဖြားယောင်း ချီးမြှောက်ကုန်၏။ အတွေ့ ကောင်းစွာ ဖေါဋ္ဌဗ္ဗာရုံကို ခုံမင် ကျက်စားသော သတ္တဝါကို နိမြန်း နှစ်ဘက် နှစ်သက်ဘွယ်လုံး ခေါင်းအုံးမှိရာ ယှိကုန်သော နတ်၌ ဖြစ်သော အိပ်ရာ နေရာတို့ဖြင့် ဖြားယောင်း ချီးမြှောက်ကုန်၏။ အသင် မင်းသားသည် စက္ခုစထွေ ဇာန္ဒြေတို့ကို ဖျက်လျက် ထို ဘီလူးမ တို့ကို မငဲ့ညှာမကြည့်ရှုဘဲ သတိကိုထင်စေ၍ အကယ်သွားခြင်းငှါစွမ်းနိုင်အံ့။

ခုနစ်ရက် မြောက်သော နေ့ဝယ် ထိုတက္ကသိုလ် ပြည်၌ မင်းအဖြစ်ကို ရလတ္တံ့ဟု မိန့်ဆိုတော်မူကုန်၏။

အလောင်းတော် မင်းသားသည် ပစ္စေက ဗုဒ္ဓါ အရှင်မြတ်များ ထံမှ ပရိတ်ချည်စ သည်ကိုယူ၍တက္ကသိုလ်ပြည်သို့ထွက်သွားခြင်း။

ဘုရားအလောင်းတော်သည် အရှင်ဘုရားတို့ ယိုပါစေတော့၊ အရှင်ဘုရားတို့၏ အဆုံးမကို ရယူပြီး၍ ထိုဘီလူးမတို့ကို အဘယ့်ကြောင့် ကြည့်ရှုတော့အံ့နည်း ဟု ပြောဆို လျှောက်ထားကာ ပစ္စေက ဗုဒ္ဓါတို့ကို အရံအတား နိမိတ် ပရိတ်ကို ပြုလုပ်စေ၍ ပရိတ်သဲကို လည်းကောင်း၊ ပရိတ်ရေကို လည်းကောင်း၊ ပရိတ်ချည်ကို လည်းကောင်း၊ ပရိတ်ပန်းကို လည်းကောင်း၊ ယူဆောင်၍ ပစ္စေက ဗုဒ္ဓါဝို့ကို လည်းကောင်း၊ မယ်တော် ခမည်းတော် တို့ကို လည်းကေးငံး ရှိခိုးပြီးသော် နေရာအိမ်တော်သို့သွား၍ မိမိ၏ အချင်းယောကျ်ားတို့ကို အိုအချင်းတို့၊ ငါသည် တက္ကသိုလ်ပြည်၌ မင်းအဖြစ်ကို ယူခြင်းငှါသွားတော့အံ့။ အသင်တို့သည် ဤအရပ်၌သာလျှင် တည်နေရစ် ကုန်လော့ဟု ပြောဆို၏။ ထိုအခါ ဘုရားအလောင်း မင်းသားကို ငါးယောက်သော လူတို့က အကျွန်ုပ်တို့သည် လည်း လိုက်ပါကုန်အံ့ဟု ပြောဆိုကုန်၏။ အသင်တို့သည် အစဉ်တစိုက် လိုက်ပါခြင်းငှါ မစွမ်းနိုင်ကုန်လတ္တံ့။ အကြားဖြစ်သော ခရီးလမ်း၌ ဘီလူးမတို့သည် ရှုပါရုံ စသည်တို့၌ နှစ်ခြိုက်ပျော်ပါး ကျက်စားသော လူတို့ကို ဤသို့ ဤသို့သော သဘောယိုသော ရှုပါရုံ စသည်တို့ဖြင့် လှည့်ပတ် ဖြားယောင်း၍ ဘမ်းယူတတ်ကုန်၏။ ခရီးလမ်းသည် ဘေးဘျမ်း ကြီးကျယ် ကြောက်မက်ဘွယ် ယို၏။ ငါသည်ကား မိမိ၏ကိုယ်ကို အလို မလိုက်ရ ဆုံးမကြံစည်၍ သွားအံ့ဟု ပြောဆို၏။ အရှင်မင်းသား၊ အရှင်တို့နှင့် အတူတကွ သွားကြကုန်သော အကျွန်ုပ်တို့သည် မိမိ၏ ချစ်နှစ်သက်အပ်သော ရှုပါရုံ စသည်တို့ကို အဘယ့်ကြောင့် ကြည့်ရှုကုန်အံ့နည်း။ အကျွန်ုပ်တို့သည်လည်း အရှင်မင်းသား အတူသာလျှင် သွားပါကုန်အံ့ဟု ပြောဆိုကုန်၏။ ဘုရား အလောင်းသည် ထိုသို့တပြီးကာဘး မမေ့မလျော့သည် ဖြစ်ကြကုန်လော့ဟု ပြောဆို၍ ထိုငါးယောက်သော

၂၂ ဓမ္မပဒဝတ္ထုတော်ကြီး။ (ဆရာတော်-အသျင်စန္ဒိမာမ)

လူတို့ကို ခေါ်ယူလေပြီး လမ်းခရီးသို့ သွားလေ၏။ ဘိလူးမတို့သည် ရွာစသည်တို့ကို ဖန်ဆင်း၍ ထိုင်နေကုန်၏။

အာရုံငါးပါး လိုက်စားခြင်းကြောင့်
နောက်ပါ ကျေးကျွန်များ ပျက်စီးကုန်ခြင်း။

ထိုငါးယောက်သော လူတို့တွင် ရှုပါရုံ၌ ခုံမင်ပျော်ပါး ကျက်စား တတ်သော ယောကျ်ားသည် ထိုဘိလူးမတို့ကို ကြည့်ရှု၍ ရှုပါရုံ၌ ခုံမင် ရစ်သွဲ ဖွဲမိသော စိတ်ယိုသည်ဖြစ်၍ အနည်းငယ် ကျန်ရစ်ခဲ့၏။ ဘုရား အလောင်းသည် အို အချင်းယောကျ်ား၊ အဘယ့်ကြောင့် အနည်းငယ် ကျန်ရစ်ဘိသနည်းဟု ပြောဆို မေးမြန်းသောအခါ အရှင်မင်းသား၊ အကျွန်ုပ်၏ ခြေတို့သည် ကျင်နာပါကုန်၏။ စရပ်၌ သက်သာပန်းဖြေ အနည်းငယ် ထိုင်နေ၍ လိုက်ခဲ့ပါအံ့ဟု ပြောဆို၏။ အို အချင်း ယောကျ်ား၊ ဤသူတို့ကား အဃား စားကြွေး ဘိလူးမတို့ ပေတည်း၊ မတော်တပါလင့်ဟု ပြောဆိုသည် ယို့သော် အရှင်မင်းသား၊ အကြင် သို့သော အခြင်းအရာသည် ဖြစ်၏။ ထိုသို့သော အခြင်းအရာဖြင့် ယို့ပါ စေတော့။ အကျွန်ုပ်သည် ယခုလိုက်ခြင်းငှါ မစွမ်းနိုင်ပါဟု ပြောဆို၏။ ထိုသို့တပြီးကား မိမိ၏ အမှုဖြင့် ထင်ရှားလတ္တံ့ဟု ပြောဆိုပြီးလျှင် ထိုသူမှ တပါးကုန်သော လေးယောက်သော သူတို့ကို ခေါ်ယူ၍ သွား၏။ ရှုပါရုံ၌ ခုံမင်ကျက်စား ကျန်ယို့သော ထိုယောကျ်ား သည်လည်း ထိုဘိလူးမတို့၏ အထံသို့သွား၏။ ထိုဘိလူးမတို့သည် မိမိနှင့် အတူ တကွ လွန်ကျူးသော အကျင့်ကို ပြုသည်ယို့သော် ထိုယောကျ်ားကို ထိုအရပ်၌ ပင်လျှင် အဃက်ကုန်ခြင်းသို့ ရောက်စေ၍ ကိုက်ခဲစားသုံး ပြီးလျှင် ရှေ့မှ သွားရောက်၍ တပါးသော စရပ်ကို ဖန်ဆင်းပြီးသော် အထူးထူးသော တူရိယာတို့ကို တီးမှုတ် ယှင်စေ၍ သိချင်းသီလျက် နေကုန်၏။ ထိုအရပ် ဌာနဝယ် သဒ္ဒါရုံ၌ ခုံမင် ကျက်စားသော ယောကျ်ားသည် ဆုတ်နစ် ကျန်ရစ်ခဲ့၏။ ရှေးနည်းဖြင့်သာလျှင် ထို ယောကျ်ားကိုလည်း ကိုက်ခဲ စားသောက်၍ ရှေ့မှ သွားရောက်ကာ အထူးထူး အပြားပြားကုန်သော နံ့သာကြိတ်တို့ကို ပြည့်စေပြီးသော်

အိမ်စေ့ကို ဖြန့်ခင်း၍ ထိုင်နေကုန်၏။ ထိုအရပ်ဝယ် ဂန္ဓာရုံ၌ ခုံမင်-ကျက်စားသော ယောက်ျားသည် တည်နေကျန်ရစ်ခဲ့၏။ ထိုယောက်ျားကိုလည်း ကိုက်ခဲစားသောက်၍ ရှေးမသွားရောက်ကာ အထူးထူးသော မွန်မြတ်သော အရသာယိုကုန်သော နတ်ဦးဖြစ်သော ဘောဇဉ်တို့ဖြင့် ခွက်ဘိုကို ပြည့်စေပြီး၍ ထမင်းဆိုင် အိမ်စေ့ကို ဖြန့်ခင်း ထိုင်နေကုန်၏။ ထိုအရပ်၌ ရဿာရုံ၌ ခုံမင်ကျက်စားသော ယောက်ျားသည် တည်-နေကျန်ရစ်ခဲ့၏။ ထိုယောက်ျားကိုလည်း ကိုက်ခဲစားသောက်၍ ရှေးမသွားရောက်ပြီးသော် နတ်ဦးဖြစ်သော အိပ်ရာ နေရာတို့ကို ဖြန့်ခင်းစေ၍ ထိုင်နေကုန်၏။ ထိုအရပ်ဝယ် ဖေဠုမ္ဗာရုံ၌ ခုံမင် ကျက်စားသော ယောက်ျားသည် တည်နေကျန်ခဲ့၏။ ထိုယောက်ျားကိုလည်း ကိုက်ခဲစားသုံးကုန်၏။ ဘုရား အလောင်းတော်သည် တဒ္ဒိုးတည်း သာလျှင် ကြွင်းကျန်သည်ဖြစ်၏။ ထိုအခါ တယောက်သော ဘိလူးမသည် ဤ-ယောက်ျားကား အလွန်ထက်မြက် ကြွမ်းခက် ခိုင်မာ ပညာမနှန်ယို၏။ ငါသည် ထိုယောက်ျားကို ကိုက်ခဲ စားရ၍သာလျှင် ဆုတ်နစ်ပြန်လည်အံ့ဟုကြံပြီးသောအခါ၌ ဘုရားအလောင်း၏နောက်မှလိုက်သွား၏။ တောအုပ်၏ တဘက်၌ တောအမှုလုပ်စသည်တို့သည် ဘိလူးမကို မြင်၍ ရှေးမသွားသော ဤယောက်ျားသည် အသင့်အား အသို့တော်စပ်သည် ဖြစ်သနည်းဟု မေးကုန်၏။ အမောင်၊ ဤသတို့သားသည်ကား ကျွန်တော်မ၏အရှင် လင်ယောက်ျားပါတည်းဟု ပြောဆို၏။ အိုအချင်း ယောက်ျား၊ ဤသို့ငြမ်လေ့ သိမ်မွေ့သော သဘောယိုသော ပန်းဆိုင်း တူလျှင်း ရွှေအဆင်းကဲ့သို့ အဆင်းယိုသော ဤသတို့သမီး၏ မိမိ၏ အမျိုးကိုစွန့်၍ အရှင်ဖြစ်သော သင့်ကို ဆင်ခြင်အားကိုးကာ လိုက်ပါထွက်ခွာခဲ့၏။ အဘယ့်ကြောင့် ထိုသတို့သမီးကို မပင်ပန်းစေဘဲ ယူဆောင်၍ မသွားပါသနည်းဟု ပြောဆိုသည်ယို့သော် အရှင်၊ ဤသူ-သည်ကား အကျွန်ုပ်၏ မယားခင်ပွန်း မဟုတ်ပါ။ ဤသူသည် ဘိလူးမပါတည်း။ ဤဘိလူးမသည် အကျွန်ုပ်၏ အပေါင်းအဘော် ဖြစ်ကုန်သော ငါးယောက်ကုန်သော လူတို့ကို စားအပ်ကုန်ပြီဟု ပြောဆို၏။ အမောင်၊ ယောက်ျားတို့မည်သည် အမျက်ထွက်သောအခါ၌ မိမိ၏

မယားတို့ကို ဘီလူးမတို့ဟူ၍ လည်းကောင်း, ပြတ္တာမတို့ ဟူ၍လည်း-ကောင်း, ပြုလုပ် ပြောဆိုကုန်၏။ ထိုဘီလူးမသည် မင်းသား၏ နောက်မှ အစဉ်တစိုက် လိုက်သွားသည်ယ့ိသော် ကိုယ်ဝန် ရှိသော မိန်းမ-အသွင်ကိုပြ၍ တဖန်ရုံခါတကြိမ် သားဖွားသော ဒိန်းမ၏အသွင်ကိုပြု လုပ်၍ သားငယ်ကိုရင်ခွင်ဖြင့် ယူငင်ပြီးသော် ဘုရားအလောင်းတော်၏နောက်သို့ အစဉ်လိုက်လေ၏။ တွေ့မြင်တိုင်း တွေ့မြင်တိုင်းသော သူတို့သည် ရှေးနည်းဖြင့်သာလျှင် မေးကြကုန်၏။ ဘုရားအလောင်းသည် လည်း ရှေးနည်း အတူသာလျှင် ပြောဆို၍ သွားသည် ယ့ိသော် တက္ကသိုလ်ပြည်သို့ ရောက်လေ၏။ ထိုဘီလူးမသည် သားငယ်ကို ကွယ်ပျောက်စေ၍ တယောက်ကည်းသာလျှင် အစဉ် လိုက်သွား၏။ ဘုရားအလောင်းသည် မြို့တံခါးသို့သွား၍ တခုသောစရပ်၌ ထိုင်နေ၏။ ထိုဘီလူးမသည် ဘုရားအလောင်း၏ အရိန်အစော်အာနုဘော်ဖြင့် စရပ်သို့ ဝင်ခြင်းငှါ မစွမ်းနိုင်ရကား နတ်၌ဖြစ်သော အဆင်းကို ဖန်ဆင်း၍ စရပ်တံခါး၌တည်နေ၏။

တက္ကသိုလ်ပြည်ရှင် မင်းကြီးသည် အာရုံငါးပါး
လိုက်စားခြင်းကြောင့် ပျက်စီးခြင်း။

ထိုအခါ၌ တက္ကသိုလ်ပြည်မှ ဘုရင်မင်းမြတ်သည် ဥယျာဉ်တော်သို့ သွားသည်ယ့ိသော် ထိုဘီလူးမကိုမြင်တည့်လျှင် နှောင်ဖွဲ့တိမ်းညွတ်သော စိတ်ယ့ိသည် ဖြစ်၍ သွားတည့်ချေ။ ဤသတို့သမီး၏ ခင်ပွန်း အရှင်လင်ယ့ိသောအဖြစ်ကိုလည်းကောင်း၊ အရှင်လင်မယ့ိသောအဖြစ်ကို လည်းကောင်း, သိလေလော့ဟု ပြောဆို၍ မင်းချင်းလူကို စေလွှတ်၏။ ထိုမင်းချင်းယောကျ်ားသည် ဘီလူးမသို့ ချဉ်းကပ်၍ အရှင်ခင်ပွန်းလင် ယ့ိသလောဟု မေး၏။ ဘီလူးမက အရှင်၊ ဩဇာ-ယ့ိပါ၏။ စရပ်၌ ထိုင်နေသော ဤသူသည် ကျွန်တော်မ၏ အရှင်ခင်ပွန်း လင်ပါတည်းဟု ပြောဆို၏။ ဘုရားအလောင်းက ဤသူသည် ငါ၏မယားခင်ပွန်း မဟုတ်၊ ဤသူကား ဘီလူးမတည်း။ဤဘီလူးမသည် ငါ၏အဘော်ဖြစ်သော ငါး-ယောက်သောလူတို့ကို စားအပ်ကုန်ပြီဟု ပြောဆို၏။ ထိုဘီလူးမက-

လည်း အချင်၊ ယောကျ်ားတို့မည်သည် အမျက်ထွက်သော အခါ၌ အကြင်သို့သော စကားကို ပြောကြားခြင်းငှါ အလိုယှဉ်ကုန်၏။ အလိုယှဉ်တိုင်းသော ထိုစကားကို ပြောကြားကုန်၏ ဟုပြောဆို၏။ ထိုမင်းချင်းယောကျ်ားသည် နှစ်ဦးလည်း ဖြစ်ကုန်သောသူတို့၏ စကားကို မင်းကြီးအား လျှောက်၏။ မင်းကြီးသည် အရှင်မရှိသော ဘဏ္ဍာမည်သည် မင်း၏ ဥစ္စာလျှင်ဖြစ်၏ဟု ပြောဆို၍ ဘီလူးမကို ခေါ်စေပြီးလျှင် တကောင်သော ဆင်၏ ကျောက်ကုန်းထက်၌ နေစေ၍ မြို့ကို လက်ျာရစ်လှည့်ပြီးသော် ပြာသာဒ်သို့ တက်ရောက်၍ ထိုဘီလူးမကို မြတ်သောမိဖုရားအရာ၌ ထား၏။ ထိုမင်းကြီးသည် ရေချိုးသုံးသပ်ကာ နံ့သာလိမ်းကျံ ညှပ်ယဉ်ပွဲတော်တည် ပျော်စားသုံးပြီး၍ အသရေယှဉ်သော အိပ်ရာထက်သို့ တက်၏။ ထိုဘီလူးမသည်လည်း မိမိအား စားသောက် သုံးဆောင်လောက်သော အာဟာရကို ယူဆောင်စားသုံးပြီး၍ ထူးပြားများစွာ တန်ဆာဆင်ယင်လျက် အသရေယှဉ်သောအိပ်ရာ၌ မင်းကြီးနှင့်အတူတကွ အိပ်၍ မွေ့လျော်သည့် အစွမ်းဖြင့် ချဲ့ထွင်သောရိပ်ငြိမ် စည်းစိမ် စူးဝင်သော မင်းကြီး၏ လျောင်းအိပ်သော အခါ၌ တခုသော နံပါးဖြင့် ပြန်လှန်လူးလှိမ့်၍ ငိုကြွေး၏။ ထိုအခါ ဘီလူးမကို မင်းကြီးက ချစ်နှမ၊ အဘယ်ကြောင့် ငိုကြွေးသနည်းဟု မေး၏။ အရှင်မင်းမြတ်၊ အကျွန်ုပ်ကို အရှင်မင်းကြီးကဲ့သို့သည် လမ်းခရီး၌ တွေ့မြင်၍ ဆောင်ယူခဲ့ပါ၏။ အရှင်မင်းကြီးတို့၏လည်း နန်းအိမ်တော်၌ များစွာကုန်သော မိန်းမတို့သည်ရှိပါကုန်၏။ ရန်သူယှဉ်သော သူတို့၏အကြား၌ နေရသော ကျွန်တော်မသည် ပြောဆိုစကား ဖြစ်ပွါးခဲ့သည်ရှိသော် အသင်၏အမိအဘ အမျိုးအနွယ်ကို အဘယ်သူ သိသနည်း။ အသင့်ကို လမ်းခရီး အကြား၌ တွေ့မြင်၍ ဆောင်ယူခဲ့၏ဟု ဦးခေါင်းကို ကိုင်ဆွဲ၍ ဖိနှိပ်ဘိသကဲ့သို့ မျက်နှာမသာဘွယ်ရာဖြစ်ပါလတ္တံ့။ အကယ်၍ အရှင်မင်းကြီးတို့သည် အလုံးစုံသော မင်းအဖြစ်၌ အစိုးရခြင်းကိုလည်းကောင်း၊ အာဏာကိုလည်းကောင်း ကျွန်တော်မအား ပေးကုန်အံ့။ ထိုသို့ ပေးကုန်သည် ရှိသော် တစုံတယောက်သောသူသည် ကျွန်တော်မ၏ စိတ်ကို အမျက်ထွက်စေ၍ ပြောဆိုခြင်းငှါ မတတ်နိုင်ပါလတ္တံ့ဟု လျှောက်ဘိ၏။ ချစ်နှမ၊ငါ့အား

အလုံးစုံသော မြို၌နေသော လူတို့သည် တစုံတခု ပြုလုပ်သည်မဖြစ်ကုန်။ ထိုသူတို့ကို ငါသည် အစိုးမရချေ။ အကြင်သူတို့သည်ကား မင်း၏ အာဏာကို ပျက်စီးစေ၍ မပြုလုပ်အပ်သည်ကို ပြုလုပ်ကုန်၏။ ထိုသူတို့အား သာလျှင် ငါသည် အစိုးရပေ၏။ ဤသို့သော အကြောင်းကြောင့် အသင့်အား အလုံးစုံသော ကိုင်းပြည်၌လည်းကောင်း၊ မြို၌လည်းကောင်း၊ အစိုးရခြင်းကို လည်းကောင်း၊ အာဏာကိုလည်းကောင်း ပေးခြင်းငှါ မစွမ်းနိုင်ပါဟု ပြောဆို၏။ အရှင်မင်းမြတ်၊ တိုင်းပြည်၌လည်းကောင်း၊ မြို၌ လည်းကောင်း၊ အာဏာကိုပေးခြင်းငှါ အကယ်၍ မစွမ်းနိုင်ကုန်သည် ဖြစ်ခဲ့တပြီးကား နန်းအိမ်တော်ဝယ် အတွင်း၌ သုံးဆောင်ကုန်သော သူတို့၏ အထက်၌ ကျွန်တော်မ၏ အလိုသို့ လိုက်ပါဖြစ်ရခြင်း အကျိုးငှါ အာဏာကိုပေးပါကုန်လော့ဟု လျှောက်တင်ပြန်၏။ မင်းကြီးသည် နတ်၌ဖြစ်သော အတွေ့ဖြင့် နှောင်ဖွဲ့အပ်သည် ဖြစ်၍ ထိုဘီလူးမ၏ စကားကို လွန်မြောက်ခြင်းငှါ မစွမ်းနိုင်သောကြောင့် ချစ်နှမ ကောင်းပြီ၊ အတွင်း၌ သုံးဆောင်ကုန်သော သူတို့၌ အသင့်အား အာဏာကို ပေးပါ၏။ အသင်သည်ထိုသူတို့ကို မိမိ၏ အလိုတို့သို့ လိုက်ပါစေလော့ဟု မိန့်ဆိုတော်မူ၏။ ထိုဘီလူးမသည် ကောင်းလှပါပြီဟု ဝန်ခံ၍ မင်းကြီး၏ အိပ်ပျော်ခြင်းသို့ သက်သောအခါ၌ ဘီလူးမြို့သို့သွား၍ ဘီလူးတို့ကို ခေါ်ပြီးသော် မိမိသည် မင်းကြီးကို အသက်ကုန်ခြင်းသို့ ရောက်စေပြီးလျှင် အရိုးမျှကိုသာ ကြွင်းကျန်စေ၍ အလုံးစုံသော အကြောအရေ အသား အသွေးကို ကိုက်ခဲ စားသောက်၏။ ကြွင်းကုန်သော ဘီလူးတို့သည် တံခါးမကြီးမှ စ၍ နန်းအိမ်တော် အတွင်း၌ ကြက်ခွေးတို့ကို အစပြု၍ အလုံးစုံသော သူတို့ကို ကိုက်ခဲ စားသောက်၍ အရိုးမျှ ကြွင်းကျန်သည် တို့ကို ပြုကုန်၏။ တဖန် မိုးသောက် ရောက်သောနေ့၌ ပိတ်မြတိုင်းသာလျှင်ယှဉ်သော နန်းအိမ်တော် တံခါးကိုမြင်၍ လူတို့သည် ပုဆိန်တို့ဖြင့် တံခါးရွက်တို့ကို ထုနှက်ခွါလှစ်၍ အတွင်းသို့ ဝင်သည်ယှဉ်သော် အရိုးစုဖြင့် ပြုမ်းသော နန်းအိမ်တော် အလုံးစုံကို တွေ့မြင်၍ "ဤသူသည် ငါ့၏ ခင်ပွန်းမဟုတ်၊ ဤသူကား ဘီလူးမတည်း" ဟု စရပ်၌ နေသော ထိုယောက်ျား ပြောဆိုသော စကားသည် ဟုတ်မှန်လေစွ

ကကား။ ငါတို့၏ မင်းကြီးသည်ကား တစုံတခုကို မသိမှု၍သာလျှင် ထိုဘိလူးမကို သိမ်းပိုက်၍ မိမိ၏ မယားခင်ပွန်းပြုဘိ၏။ ထိုဘိလူးမသည် ဘိလူးတို့ကိုခေါ်၍ အလုံးစုံသော လူအပေါင်းကို ကိုက်ခဲစားသောက်၍ သွားသည် ဖြစ်လတ္တံ့ဟု ပြောဆိုကုန်၏။

အလောင်းတော် မင်းသား မင်းပြုခြင်း။

ဘုရားအလောင်းသည်လည်း ထိုနေ့ ထိုစရပ်၌သာလျှင် ပရိတ်သဲကို ဦးခေါင်း၌ ထားသည်ကိုပြု၍ ပရိတ်ချည်ကိုလည်း ဝန်းရံ၍ သန်လျက်ကို လက်စွဲလျက် တည်နေလျက်သာလျှင် အရဏ်ကို တက်စေ၏။ လူတို့သည် အလုံးစုံသော မင်းအိမ် နန်းတော်ကို ရှင်းလင်း သုဓံသင်စေ၍ စိမ်းစိုဖြန့်လျက် မြေညက် လိမ်းကျံသည်ကို ပြုပြီးလျှင် အထက်၌ နံ့သာတို့ဖြင့် လိမ်းကျံ၍ ပန်းတို့ကိုကြဲပြီးသော် ပန်းဆိုင်းတို့ကို ခွဲသွင်း ပြုလုပ်ကာ နံ့သာအခိုးကို ပေးပြီးလျှင် အသစ်ဖြစ်သော ပန်းတို့ကို ဖွဲချည်၍ အိုအချင်းတို့၊ စရပ်၌တည်နေသော အကြင် ယောကျ်ားသည် နက်၌ ဖြစ်သော ရပ်အဆင်းကို ဖန်ဆင်း၍ နောက်မှ အစဉ်ဘစိုက် လိုက်ပါလာသော ဘိလူးမကို ဇရန္ဒြေတို့ကိုဖျက်၍ ကြည့်ရှုခြင်းမျှကိုလည်း မပြု၊ ထိုယောကျ်ားသည် အလွန်လျှင် မြတ်သောသူ ပေတည်း။ ခိုင်ကြံ့မြဲမြံသော ပညာယို၏။ အဆင်အခြင်ဉာဏ်နှင့် ပြည့်စုံ၏။ ထိုသို့သဘောရှိသော ယောကျ်ားသည် မင်းအဖြစ်ကိုပြု၍ ဆုံးမသည်ဟုသော် အလုံးစုံသော တိုင်းနိုင်ငံသည် ချမ်းသာခြင်းယိုသည် ဖြစ်လတ္တံ့။ ထိုယောကျ်ားကို မင်းအဖြစ်ကို တင်မြှောက်ခြင်းပြုကုန်အံ့ဟု တိုင်ပင်ကြကုန်၏။ ထိုသို့တိုင်ပင်ပြီးသည့်နောက် အလုံးစုံသော အမတ်တို့သည် လည်းကောင်း၊ မြို့သူ မြို့သားတို့သည် လည်းကောင်း၊ တူသော အလိုယို့ကုန်သည်ဖြစ်၍ ဘုရားအလောင်းတော်သို့ ချဉ်းကပ်ပြီးသော် အရှင်မင်းမြတ်၊ အရှင်တို့သည် ဤတိုင်းပြည်၌ မင်းအဖြစ်ကိုပြုတော်မူပါကုန်လော့ဟုတောင်းပန်ပြောဆို၍ မြို့သို့ဆောင်သွားကာ ရတနာအစုထက်၌ တင်ထား ပြည်နန်းအဘိသိက်သွန်း၍ တက္ကသိုလ်မင်းအမြစ်ကို ပြုကုန်၏။ တိုတက္ကသိုလ်မင်းသည် လေးပါးအပြား မလားအပ်သည်ကို လားခြင်းဟု ဆိုအပ်ကုန်

သော အဂတိ တရားတို့ကို ပယ်ရှားကြဉ်ရှောင်၍ ဆယ်ပါး အသင့် မင်းကျင့်တရားတို့ကို မပျက်ပြားစေမူ၍ တရားသဖြင့် မင်းအဖြစ်ကို ပြုလျက် အလှူပေးခြင်း အစရှိသော ကောင်းမှုတို့ကို ပြုလုပ်လျက် ကံ့ အားလျော်စွာ လားကပ်ရလေ၏။ ။ချစ်သား ရဟန်းတို့၊ တတ္တသိုလ် ပြည့်၌ ဘီလူးမတို့၏ အစွမ်းဖြင့် မင်းမျိုးအလုံးစုံသည် အသက်ကုန်ခြင်း သို့ ရောက်သည် ယိုသော် ရောက်အပ်ပြီးသော ဘိသိက် သွန်းခြင်း ယိုသော ထီးဖြူတော်၏ အောက်ဖြစ်သော ပြည့်ရှင်မင်းမြတ်၏ နေရာ၌ ထိုင်နေသော ဘုရားအလောင်းတော်သည် မိမိ၏ အသရေစည်းစိမ်ကို ကြည့်ရှုတော်မူ၍ ဤဝိရိယ မည်သည်ကို သတ္တဝါတို့သည် ပြုအပ်သည် သာလျှင် တည်းဟု ဝမ်းမြောက် ရွှင်လန်း ဥဒါန်း ကျူးရင့်သည် အစွမ်းဖြင့်။

အလောင်းတော်မင်းမြတ်၏ ဥဒါန်းကျူးရင့်သော ဂါထာ။

ကုသလူပဒေသေ ဓိတိယာ ဒဠ္ဍိယာ စ။
အဝတ္ထိတတ္တာ ဘယဘီရတာယ စ။
ရက္ခသီနံ ဝသ မာဂမိမှ၊
သောတ္ထိဘာဝေါ မဟတာ ဘယေန မေ။ ။

ဟူသော ဤဂါထာကို ကျူးရင့်တော်မူ၏။

ဂါထာ၏ အနက်ကား။ ။ကုသလူပဒေသေ၊ မြော်မြင် လိမ္မာ ပညာသခင် အရှင်ပစ္စေက ဗုဒ္ဓါတို့ ညွှန်ပြရာအရပ်၌။ ဝါ၊ ကောင်းမှု ကုသိုလ် ညွှန်းဆိုသကဲ့သို့သော အရပ်၌။ ဓိတိယာစ၊ အာရုံငါးပါး လိုက်စားမပြုန့် တည်တံ့ခြင်းဖြင့် လည်းကောင်း။ ဝါ၊ ကြောင့်လည်း ကောင်း။ ဒဠ္ဍိယာစ၊ အားထုတ်သဲမဲ မြဲမြံခြင်းဖြင့် လည်းကောင်း။ ဝါ၊ ကြောင့်လည်းကောင်း။ မေ၊ ငါ့အား။ မဟတာဘယေန၊ မွေးညှင်း ရှင်ပျ တုန်ထကြက်သီး ကြောက်မက်ဘွယ်သော ဘေးကြီးမှ။ သောတ္ထိ ဘာဝေါ၊ မြို့ငွေ့မသန်း ချမ်းသာသောအဖြစ်သည်။ အဟောသိ၊ ဖြစ်ခဲ့ ရပေပြီ။ သေသ ဇနာ၊ ငါမှကြွင်းသူ ငါးယောက်သော လူတို့သည်။ အဝတ္ထိတတ္တာစ၊ ဖေါက်ပြန် လည်ဆန့် မကည့်တံ့သည့် အဖြစ်ဖြင့်

လည်းကောင်း။ ၀၂၊ ကြောင့်လည်းကောင်း။ ဘယ ဘီရုတာယစ၊ ဘေးဖြင့်ခြိမ်းချောက် ကြောက်လန့်သည် အဖြစ်ဖြင့် လည်းကောင်း။ ၀၂။ ကြောင့်လည်းကောင်း။ ရက္ခသိနံ၊ သားစားကြီးလှ ဘီလူးမတို့၏။ ၀သံ၊ ဖြားယောင်းနိုင်ဟန် နိုင်ငံအလိုသို့။ အာဂမိမှ၊ သွားရောက် လိုက်ပါကြရ လေကုန်ပြီ။ ။ဤကားအနက်။

ဤသို့သော၀ါထာကို ပြတော်မူပြီး၍ ချစ်သားရဟန်းတို့၊ ထိုအခါ၌ လည်း အသင်တို့သည်သာလျှင် ငါးယောက်သော လူတို့သည် ဖြစ်ကုန်၍ တက္ကသိုလ်ပြည်၌ မင်းအဖြစ်ကိုယူခြင်းငှါ ထွက်သွားသော ဘုရား လောင်းကို လက်နက်လက်စွဲ အပြဲခြံရံ၍ လမ်းခရီးသို့ သွားကုန်သည် ယိုသော် လမ်းခရီး အကြား၌ ဘီလူးမတို့သည် စက္ခုဒ္ဒါရ စသည်တို့၏ အစွမ်းဖြင့် ရှေ့ရှုဆောင်အပ်ကုန်သော ရူပါရုံစသည်တို့၌ မချုပ်တည်း မစောင့်စည်းဘဲ ပညာယို၏အဆုံးအမ ဩ၀ါဒ၌ မလိုက်နာယူ မဟတ်မူ၍ ဆုတ်နစ်ကျန်ရစ်ခဲ့လျက် ဘီလူးမတို့သည် ကိုက်စား ခဲမျိုကုန်သည် ဖြစ်၍ အသက်ကုန်ခြင်းသို့ ရောက်ဘူးကုန်ပြီ။ ထိုအာရုံတို့၌ ပိတ်ပင် စောင့်စည်း ချုပ်တည်းသည်ဖြစ်၍ နောက်မှနောက်မှ အစဉ်လိုက်သော နတ်ကဲ့သို့ အဆင်းယိုသော ဘီလူးမကိုအလေးမမူ မယူမငဲ့မူ၍ ချမ်းသာသဖြင့် တက္ကသိုလ်ပြည်သို့ သွား၍ မင်းအဖြစ်သို့ရောက်သော မင်းသည်ကား ငါဘုရားသည်သာလျှင် တည်းဟု ဇာတ်တော်ကို ပေါင်းတော်မူ၍ ချစ်သား ရဟန်းတို့၊ ရဟန်းမည်သည် အလုံးစုံသော ဒွါရတို့ကို ပိတ်ပင် စောင့်စည်းအပ်ကုန်၏။ ထိုစကားမှန်၏၊ထိုဒွါရတို့ကို ပိတ်ပင်စောင့်စည်းသော သူတို့သည်သာလျှင် အလုံးစုံသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ကုန်၏ဟု မိန့်တော်မူပြီး၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်။

စက္ခု-စသား ငါးပါးသောဒွါရကို စောင့်ရှောက်သင့်ခြင်းကို ဖေါ်ပြသော ပါဠိတော်၀ါထာ ဒေသနာ။

စက္ခုနာ သံ၀ရော သာဓု၊ သာဓုသောတေန သံ၀ရော။
ဃာနေန သံ၀ရော သာဓု၊သာဓုဇိဝှါယ သံ၀ရော။ ။

၃၀ ဓမ္မပဒဝတ္ထုတော်ကြီး။ (ဆရာတော်-အသျင်စန္ဒိမာမှ)

ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ ။

ဟူသော ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဒေသနာတော်၏ အကျိုး အာနိသင်။

ဒေသနာတော်၏ အဆုံး၌ ထိုငါးဦးကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ ရောက်လာကုန်သော ပရိသတ်တို့ အားလည်း အကျိုးယိုသော တရားဒေသနာသည်ဖြစ်၏။

ဂါထာတို့၏ အနက်ကား။ ။စက္ခုနာ၊ စက္ခုဒ္ဓါရဖြင့်။ ဝါ၊ ၌။ သံဝရော၊ အကုသိုလ်တရား မဖြစ်ပွါးအောင် ကြိုးစား စောင့်စည်းခြင်းသည်။ သာဓု၊ ကောင်း၏။ ဃောတေန၊ သောတဒ္ဓါရဖြင့်။ သံဝရော၊ အကုသိုလ်တရား။ မဖြစ်ပွါးအောင် ကြိုးစား စောင့်စည်းခြင်းသည်။ သာဓု၊၏။ဃာနေန၊ ဃာနဒ္ဓါရဖြင့်၊ ဝါ၊၌။ သံဝရော၊ သည်။သာဓု၊ ၏။ဇိဝှါယ၊ ဇိဝှါဒ္ဓါရဖြင့်။ ဝါ၊၌။ သံဝရော၊ သည်။ သာဓု၊ ၏။

ကာယေန၊ ပသာဒ ဝိညတ် နှစ်ရပ်ဖေါ်ပြ ကာယဒ္ဓါရဖြင့်။ ဝါ၊၌။ သံဝရော၊ သည်။ သာဓု၊ ၏။ ဝါစာယ၊ ဝစီဒ္ဓါရဖြင့်။ ဝါ၊၌။ သံဝရော၊ သည်။ သာဓု၊ ၏။ မနသာ၊ မနောဒ္ဓါရဖြင့်။ ဝါ၊၌။ သံဝရော၊ သည်။ သာဓု၊ ၏။ သဗ္ဗတ္ထ၊ စက္ခုဒ္ဓါရ စသည်ဥဿုံ အလုံးစုံတို့၌။ သံဝရော၊ သည်။ သာဓု၊ ၏။ သဗ္ဗတ္ထ၊ စက္ခုဒ္ဓါရ စသည်ဥဿုံ အလုံးစုံတို့၌။ သံဝုတော၊ အကုသိုလ် တရားမဖြစ်ပွါးအောင် ကြိုးစား စောင့်စည်းသော။ ဘိက္ခု၊ ရဟန်းသည်။ သဗ္ဗဒုက္ခာ၊ လုံးစုံညတ်လစ် ဝဋ်မြစ်ယိုသော ဆင်းရဲအစုမှ။ ပမုစ္စတိ၊ လွတ်မြောက်ရလေ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဘိက္ခုဝဂ်၌ ရှေးဦးစွာသော ငါးဦးကုန်သော ရဟန်းတို့၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၅-ဘိက္ခုဝဂ်၌၊ ၂-ဟယ်ာကိုသတ်သော ရဟန်း၏၊ ဝတ္ထု။

ဟတ္ထသံယတော။ ။အစယ္ပိသော ဤမမ္မဒေသနာကို၊ ယုတ်မာညစ်ကျု၊ မကောင်းမှုကို၊ မပြုလေးစား၊ မိုက်မှားတတ်စွာ၊ သတ္တဝါကို၊ ဒေသနာလုံးဝ၊ ထုံးနယဖြင့်၊ ဆုံးမတော်မူကတ်သော မြတ်စွာဘုရားသည်၊ စည်ကားဖြာညွတ်၊ သာရဝတ် တောင်စွန်၊ ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်းတော်မူစဉ် အခါ၊ ဟယ်ာကိုသတ်မှား၊ တပါးသော ရဟန်းကို၊ ထောက်လှမ်းရည်ရှု၊ အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ကည်း။

သာဝတ္ထိပြည်၌ နေလေ့ယှိကုန်သော နှစ်ယောက် ကုန်သော အပေါင်း အဘော်တို့သည် ရဟန်းတော်တို့၌ ရဟန်းပြု၍ ရအပ်သော ပဋ္ဌင်းအဖြစ် ယှိကုန်ရကား၊ ထိုနှစ်ပါးသော ရဟန်းတို့သည် များသော အားဖြင့်အတူတကွ တပေါင်းတည်းလှည့်လည်ကုန်သတတ်။ထိုရဟန်းနှစ်ပါးတို့သည် တနေ့သောအခါ၌ အစိရဝတီမြစ်သို့ သွားရောက်၍ ရေချိုးပြီးသော် နေပူ၌ နေစာလှုံလျက် အသက်ထက်ဆုံး နှလုံးသွင်းမှတ် အောက်မေ့အပ်သောစကားကို ပြောဆိုကုန်လျက် တည်နေကုန်၏။ ထိုခဏ၌ နှစ်ကောင်သော ဟယ်ာတို့သည် ကောင်းကင်ဖြင့် ရှေရှုလာကုန်၏။ ထိုအခါတယောက်သော ရဟန်းငယ်သည် ကျောက်ခဲကို ကောက်ယူ၍ တကောင်သော ဟယ်ာငယ်၏ မျက်စေ့ကို ပစ်ခတ်အံ့ဟု ပြောဆို၏။ တပါးသော ရဟန်းက အသင် မစွမ်းနိုင်လတ္တံ့ဟု ပြောဆိုသော အခါ ဤမှာဘက် မျက်လုံးကို ထားဘိဦး ထိုမှာဘက်၌ မျက်လုံးကို ပစ်ခတ်အံ့ဟု ပြောဆိုပြန်လျှင် ဤသို့ပစ်ခြင်းကိုလည်း အသင် မစွမ်းနိုင်လတ္တံ့သည်သာ တည်းဟု ပြောဆို၏။ ထိုသို့ တပြီးကား စုံစမ်းသိယှိလေလော့ဟု ပြောဆိုပြီးလျှင် နှစ်ခုမြောက်သော ကျောက်ခဲကို ကောက်ယူ၍ ဟယ်ာ၏ နောက်အဘို့၌ပစ်လွှတ်လိုက်၏။ ဟယ်ာသည် ကျောက်ခဲသံကို ကြား၍ ပြန်လည်ကြည့်ရှု၏။ ထိုအခါတပါးသော လုံးသော ကျောက်ခဲကို ကောက်ယူ၍ ဟယ်ာကို ထိုမှာဘက်ဖြစ်သော မျက်လုံး၌

၁၀

ပစ်ခတ်၍ ဤမှာဘက်ဖြစ်သော မျက်လုံးဖြင့် ထွက်သွားစေ၏။ ဟသ်ာသည် မြည်တမ်းပြန်လှန်၍ ထိုရဟန်းတို့၏ ခြေရင်း၌ကျ၏။ ထိုထိုသော အရပ်တို့၌ တည်နေကုန်သော ရဟန်းတို့သည် မြင်ကုန်၍ ငါ့ရှင်တို့၊ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပါကုန်လျက် သူတပါး၏ အသက်ကို လျင်စွာချသတ်ခြင်းကို ပြုခြင်းတို့ဖြင့် အသင်တို့သည် မသင့်လျော်မလျော်ကပ်တော်သော အမှုကိုပြုအပ်၏ဟုပြောဆို၍ ထိုရဟန်းတို့ကို ခေါ်ယူ သွားရောက်ပြီးလျင် မြတ်စွာဘုရား သခင်အား ပြကြကုန်၏။ မြတ်စွာဘုရားက ချစ်သားရဟန်း၊ အသင်သည်ပါဏာတိပါတ အမှုကို ပြုလုပ်သော ဟူသည်မှန်သလောဟုမေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဟုတ်မှန်ပါ၏ဟု လျှောက်ကြားသည် ယိုသော် အိုရဟန်း၊ အဘယ့်ကြောင့် ဤသို့ သဘောယိုသော သံသရာမှ ထုတ်ဆောင်တတ်သော သာသနာတော်၌ ရဟန်းပြုပါလျက် ဤသို့ ပြုလုပ်လေဘိသနည်း။ ရှေး၌ဖြစ်ကုန်သော ပညာယိုတို့သည် ဘုရားရှင် ချစ် မဖြစ်မပွင့်မီ အိမ်ယာဖွဲ့နှောင် လူ့ဘောင်အလယ်၌ တင့်တယ်စွာ နေပါကုန်လျက် အနည်းငယ်မျှသော အရာဌာနတို့၌လည်း ယုံမှားစိတ်ညို အလိုအလို ယိုသည့်အဖြစ်ကိုပြုကုန်ပြီ။ အသင်သည်ကား ဤသို့ သဘောယိုသော ဘုရားသာသနာတော်၌ ရဟန်းပြုပါလျက် စိတ်၏ အလိုအလို မျှကိုလည်း မပြုလုပ်ချဟု မိန့်တော်မူ၍ ထိုရဟန်းတို့ ဟောင်းပန်အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။

ရှေးလွန်လေ ပြီးသော အခါ ကုရုတိုင်း ဇနပဒတွင်ပြည်၌ ဓနဥယကောရဗျ မင်းကြီးသည် မင်းအဖြစ်ကိုပြုသည်ယိုသော်ဘုရားအလောင်းတော် သည် ထိုဓနဥယကောရဗျ မင်းကြီး၏ မြတ်သော မိဖုရားကြီး ဝမ်း၌ ပဋိသန္ဓေတည်နေ စွဲယူ၍ အစဉ်အတိုင်း အားဖြင့် ဘွားမြင်ပြီးနောက် သိကြား လိမ်မာသော အရွယ်သို့ ရောက်သည် ယိုသော် တက္ကသိုလ်ပြည်၌ အလုံးစုံသော အတတ်ကို သင်ယူ၍ ခမည်းတော် မင်းကြီးသည် အိမ်ရှေမင်းအဖြစ်၌ တည်နေရံတား ထားတော်မူ၏။

နောက်အဘို့၌ ခမည်းတော်မင်းကြီး နတ်ပြည်စံလွန်သဖြင့် ပြည့်ရှင်မင်း အဖြစ်သို့ ရောက်တော်မူ၍ ဆယ်ပါးအလျဉ်းသင့် မင်းကျင့်တရားတို့ကို ယွင်းပါးသွေ့ကွက်မပျက်စီးစေ၍ ဂရုဓမ္မတရား၌ ကြိုးစားစောင့်ရှောက် ဆောက်တည်အားထုတ်၏။ ''ဂရုဓမ္မမည်သည်ကား ငါးပါးကုန်သော သိက္ခာ သီလတို့တည်း''။ ။ထိုသိက္ခာ သီလတို့ကို ဘုရားအလောင်း တော်သည် ထက်ဝန်းကျင် စင်ကြယ်သည်တို့ကိုပြု၍ စောင့်ရှောက်၏။ ထိုဘုရားအလောင်းတော် စောင့်ရှောက် သကဲ့သို့ပင် ဘုရားအလောင်း တော်၏ မယ်တော် မိဖုရားကြီးဂုင်း, မြတ်သော မိဘုရား ကြီးဂုင်း, ညီတော် အိမ်ရှေမင်းဂုင်း,ပုရောဟိတ်ပုဏ္ဏားဂုင်း, မြေတိုင်းအမတ်ဂုင်း, ရထားထိန်းဂုင်း, သင္ဘောကြီးဂုင်း, အချိန် တောင်းတင်း ညီမျှခြင်းကို ဖြစ်စေတတ်သော အမတ်ကြီးဂုင်း, တံခါးဗိုလ်ဂုင်း, ပြည့်တန်ဆာမဂုင်း, ဤတကျိပ်တယောက်သော သူတို့သည်လည်း ထက်ဝန်းကျင် စင်ကြယ်သည်တို့ကိုပြု၍ ငါးပါး ကုန်သော သိက္ခာ သီလတို့ကို စောင့်ရှောက်ကြကုန်၏။ မင်းကြီးသည် လေးမျက်နှာကုန်သော မြို့တံခါးတို့၌လည်း ကောင်း, မြို့၏ အလယ်၌ လည်းကောင်း, စံတော်မူရာ နန်းအိမ်တံခါး၌လည်းကောင်း, ဤသို့လျှင် ခြောက်ဌာနအရပ်တို့၌ ခြောက်ခု ကုန်သော အလှူတင်းကုပ်စရပ်တို့ကို ဆောက်လုပ်၍ နေ့တိုင်းနေ့တိုင်း ခြောက်သိန်းသောဥစ္စာကို စွန့်ကြဲလျက် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကို ထွန်ယက်စိုက်ပျိုးထမ်းပိုး နှင်တံမရှိ ပကတိအားလုံး စားသုံး နေထိုင် ခြင်းကိုပြု၍ အလှူဒါနကို ပေးလှူတော်မူ၏။ ထိုမင်းကြီး၏ အလှူဒါန၌ အလွန် အလိုယိုသောအဖြစ်, အလွန် မွေ့လျော်သော အဖြစ်သည် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ ပျံနှံလွှမ်းမိုး၏။ ထိုအခါဝယ် ကာလိင်္ဂတိုင်း ဒန္တပုရပြည်၌ ကာလိင်္ဂမင်းသည် မင်းအဖြစ်ကိုပြု၏။ ထိုကာလိင်္ဂမင်း၏ တိုင်းနိုင်ငံ၌ မိုးသည်မရွာ။ ထိုသို့ မိုးမရွာသည် ယိုသော် အလုံးစုံသော တိုင်းနိုင်ငံ၌ ငတ်မွတ်ခြင်းဖြစ်၏။ အာဟာရ ပျက်စီးခြင်း ကြောင့်လည်း လူတို့အား အနာရောဂါသည် ထင်ရှားဖြစ်၏။ မွတ်သိပ်ခြင်းဘေး, အနာရောဂါဘေး, ထမင်းရခဲခြင်း ဘေးဟု ဆိုအပ်သော သုံးပါးကုန်သောဘေးတို့သည်ဖြစ်ကုန်၏။လူတို့သည်အိုးအိမ်ကင်းပျက်

ထွက်ခွါပြင်းဆူ သူငယ်တို့ကို လက်ဆွဲကုန်လျက် ထိုထို အရပ် တို့၌ လှည့်လည်ကြကုန်၏။ ဤလုံးစုံတိုင်းနိုင်ငံ၌နေသောသူတို့သည်တပေါင်း တည်းဖြစ်ကုန်၍ ဒန္တပုရမြို့သို့ သွားရောက်ကုန်ပြီးသော် မင်းအိမ်-နန်းတော်တံခါး၌ ကြွေးကြော်ခြင်းကို ပြုကုန်၏။ မင်းကြီးသည် လေသောက် ပြတင်းကို မှီ၍ တည်နေလျက် ထိုအသံကို ကြား၍ အဘယ် အကြောင်းကြောင့် ဤသူတို့သည် ဟစ်အော် မြည်တမ်းကုန်သနည်း ဟု မေးတော်မူ၏။ မြတ်သော မင်းကြီး၊ အလုံးစုံသော တိုင်းနိုင်ငံ၌ သုံးပါးကုန်သော ဘေးတို့သည် ဖြစ်ကုန်၏။ မိုးသည်မရွာ၊ ကောက်ပင်တို့သည် မဖြစ်ကုန်၊ မွတ်သိပ်ခြင်း ဘေးသည်ဖြစ်၏။ လူတို့သည် မကောင်းသော အစာကြောင့် ရောဂါနှိပ်စက် အိမ်မှ ထွက်ကုန်၍ သားငယ်တို့ကို လက်တို့၌ ကိုင်ဆွဲလျက် လှည့်လည်ကုန်၏။ မြတ်သော မင်းကြီး၊ မိုးကို ရွာပါစေလော့ဟု ပြောဆို လျှောက်တင်ကုန်၏။ ရှေး၌ ဖြစ်သော မင်းတို့သည် မိုးမရွာသည်ယိုသော် အဘယ်သို့ ပြုကုန်သနည်းဟု မင်းကြီးက မေးတော်မူပြန်သဖြင့် မြတ်သောမင်း-ကြီး၊ ရှေး၌ဖြစ်ကုန်သော မင်းကောင်း မင်းမြတ်တို့သည် မိုးမရွာသည် ယိုသော် အလှူကိုပေးလှူ၍ သီလကို စောင့်ရှောက်၍ ဥပုသ်ကို ဆောက်တည်၍ ကောင်းစွာ စောင့်ရှောက် ဆောက်တည်အပ်သော သီလယိုလျက် အသရေယိုသော ကိုက်ခန်းသို့ ဝင်၍ သမန်းမြက် အခင်း၌ ခုနစ်ရက် ပတ်လုံး အိပ်ကုန်၏။ ထိုအခါ မိုးရွာပါလတ္တံ့ဟု ပြော ဆိုကုန်၏။ မင်းကြီးသည် ကောင်းပြီဟု ဝန်ခံ၍ ထိုသူတို့ ပြော်ဆိုသည့် အတိုင်း ပြုလုပ်၏။ ဤသို့ ပြုလုပ်ပါသော်လည်း မိုးသည်မရွာ။ မင်း ကြီးသည် အမတ်တို့ကို ငါသည် ပြုလုပ်ဘွယ်ဟူသမျှ အမှုကိစ္စကို ပြုလုပ် ပေပြီ။ မိုးသည်မရွာ။ အဘယ်သို့ ပြုလုပ်ရပါကုန်အံ့နည်းဟု မေး-တော်မူ၏။ မြတ်သော မင်းကြီး၊ ဇနပဒတ္တပြည်၌ ဓနဥယကောရဗျ မင်းကြီးအား အဥနဝဏ္ဏာမည်သော မင်္ဂလာဆင်တော်သည်ယို၏၊ ထို-ဆင်ကို ဆောင်ယူကုန်အံ့။ ဤသို့ဆောင်ယူကုန်သည်ယိုသော် မိုးသည် ရွာပါလတ္တံ့ဟု လျှောက်တင်ကုန်၏။ ထိုဓနဥယ ကောရဗျမင်းသည် ခွန်အားစွမ်းပကားကြီးမားပေါဖြိုး စစ်သည်ယာဉ်လျှင်နှင့်ပြည့်စုံ

၏၊ သူ့ကို ညှဉ်းဆဲအောင်နိုင်ခဲ့၏။ ထိုမင်း၏ ဆင်တော်ကို အဘယ်သို့လျှင် ဆောင်ယူနိုင်ကုန်အံ့နည်းဟု မိန့်ကော်မူ၏။ မြတ်သောမင်းကြီး၊ ထိုမင်းနှင့် အတူတကွ စစ်ထိုးဘွယ်ကိစ္စမယ်၊ ထိုမင်းကြီးသည် အလွန်-ဒါနဌ အလွန်အလိုယို၏။ အလွန်ဒါနဌ အလွန်မွေ့လျော်၏။ တောင်းအပ်သည်ယို့သော် တန်ဆာ ဆင်အပ်သော ဦးခေါင်းကိုလည်း ဖြတ်တောက်၍ ပေးလှူရာ၏။ ပသာဒရပ်နှင့် ပြည့်စုံကုန်သော မျက်လုံးတို့-ကိုလည်းထုတ်၍ ပေးလှူရာ၏။ အလုံးစုံသော မင်းအဖြစ်ကိုလည်း ဆောင်နှင်း၍ ပေးလှူရာ၏။ ဆင်ကိုပေးလှူရာ၌ ပြောဆိုဘွယ်သာလျှင် မရှိ။ တောင်းအပ်သည်ရှိသော် မချွတ်ပေးလှူပါလတ္တံ့ဟု လျှောက်တင်ကြကုန်၏။ အဘယ်သူတို့သည် ထိုမင်္ဂလာဆင်တော်ကို တောင်းခြင်း-ငှါ စွန့်နိုင်ကုန်အံ့နည်းဟု မေးကော်မူပြန်သဖြင့် မြတ်သောမင်းကြီး၊ ပုဏ္ဏားတို့သည် စွန့်နိုင်ပါကုန်လတ္တံ့ဟု လျှောက်တင်ကုန်၏။ မင်း-ကြီးသည် ပုဏ္ဏားအပေါင်းမှ ရှစ်ယောက်သော ပုဏ္ဏားတို့ကိုခေါ်တော်-မူ၍ ပူဇော်သက္ကာရဖြင့် များစွာမြတ်နိုးသည်ကို ပြုလုပ်၍ ဆင်တော်ကို တောင်းခြင်းအကျိုးငှါစေလွှတ်၏။ ထိုပုဏ္ဏားတို့သည် လမ်းဌဿုံးစား စရာ ရိက္ခာယူပြီးခရီးသွား၏ အသွင်ကိုယူ၍ အလုံးစုံသော အရပ်တို့၌ တည်ဉ့်တည်းခိုခြင်းဖြင့်အဆောတလျင်သွား၍ နှစ်ရက်သုံးရက်ပတ်လုံး မြို့တံခါးဌ တည်ရှိသော အလှူတင်းကုပ်စရပ်ဌ စားသုံးကုန်လျက် ကိုယ်ကိုရောင့်ရဲစေ၍ အဘယ် အခါဌ မင်းကြီးသည် အလှူတင်းကုပ်သို့ ထွက်လာတော်မူလတ္တံ့နည်းဟု မေးကုန်၏။ လူတို့က ပက္ခ၏ တဆယ့်လေးရက် မြောက်သော နေ့ဌလည်းကောင်း, တဆယ့် ငါးရက်မြောက်သော နေ့ဌလည်းကောင်း, ရှစ်ရက်မြောက်သော နေ့ဌလည်းကောင်း, ဤသုံးပါသော နေ့တို့ဌ ထွက်တော် မူလာ၏။ နက်ဖြန်ခါ ဌကား တဆယ့်ငါးရက်မြောက်သောလပြည့်နေ့ပေဟူသည်း။ထို့ကြောင့် နက်ဖြန်ခါဌ ထွက်ကြွတော်မူလတ္တံ့ဟု ပြောဆိုကုန်၏။ ပုဏ္ဏားတို့သည် တဖန် မိုးသောက်သောနေ့၌ နံနက် စောစောက သာလျှင် သွား၍ အရှေ့မျက်နှာတံခါးဌ တည်နေကုန်၏။ ဘုရားအလောင်းသည် နံနက်စော စောကသာလျှင် ရေသုံးသပ်၍ ကိုယ်ကို လိမ်းကျံလျက် အလုံးစုံသော

တန်ဆာဖြင့်တန်ဆာဆင်ပြီးသော်တန်ဆာဆင်အပ်သော ဆင်ကျောက်ကုန်းထက်၌စံနေတော်မူလျက် ကြီးစွာသောအခြံအရံဖြင့် အရှေမျက်နှာတံခါး အလှူကင်းကုပ် စရပ်သို့ ကြွသွား၍ ဆင်ကျောက်ကုန်းထက်မှ သက်ဆင်းပြီးလျှင် ခုနစ်ယောက် ရှစ်ယောက်သော လူတို့အား မိမိ၏ လက်တော်ဖြင့် ထမင်းကိုပေးကမ်း၍ ဤသို့သော အမှတ်ဖြင့်သာလျှင် ပေးလှူကုန်လောဟု မိန့်ဆိုတော်မူ၍ ဆင်ကျောက်ကုန်းထက်တို့တက်စီးပြီးသော် တောင်မျက်နှာတံခါးသို့သွား၏။ ပုဏ္ဏားတို့သည် အရှေမျက်နှာတံခါး၌ အစောင့်အရှောက် အားကြီးသဖြင့် အခွင့်ကို မရသောကြောင့် တောင်မျက်နှာ တံခါးသို့သာလျှင် သွားရောက်၍ မင်းကြီး၏ ကြွလာခြင်းကိုကြည့်ရှုကုန်လျက် တံခါး၏ အနီးဖြစ်သော မြင့်မောက်သောနေရာ၌ ရပ်နေကုန်လျှင် ရောက်လာသော မင်းကြီးကို လက်ကိုမြောက်ပင့်၍ ' ဇယတု ဘဝံ မဟာရာဇ၊ မြတ်သောမင်းကြီး၊ အရှင်မင်းကြီးသည် အောင်မြင်စေသတည်း''ဟု အောင်ဆုကို ပေးကုန်၏။ မင်းကြီးသည် ဝရဇိန်အသွားတပ်သော ချန်းဖြင့်ဆင်တော်ကို ဆုတ်နစ်ပြန်လည်စေ၍ ထိုပုဏ္ဏားတို့၏အထံသို့သွားပြီးလျှင် အိုပုဏ္ဏားတို့၊အသင်တို့သည် အဘယ်ကို အလိုယှိကုန် သနည်းဟု မေးတော်မူ၏။ ပုဏ္ဏားတို့သည် ဘုရားအလောင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းကုန်လျက်။

ပုဏ္ဏားတော်တို့က ဆင်တော်ကို တောင်းဆိုသော ဂါထာ။

တဝ သဒ္ဓဉ္ဇ သီလဉ္ဇ၊ ဝိဒိတ္ဌာန ဇနာဓိပ။
ဝဏ္ဏံ အဉ္ဇနဝဏ္ဏေန၊ ကာလိင်္ဂသ္မိံ ဝနိမှသေ။ ။
ဟူသော ရှေးဦးစွာသော ဂါထာကို ရွတ်ဆိုကုန်၏။

ဂါထာ၏အနက်ကား။ ။ဇနာဓိပ။ လူများအပေါင်း ဦးခေါင်းညွှတ်ခ အစိုးရပေသော အရှင်မင်းမြတ်။ တဝ၊ အရှင်မင်းမြတ်၏။ သဒ္ဓဉ္ဇ၊ ကံ့ကံ၏အကျိုးကို ကိုးစားယုံကြည်သော သဒ္ဓါတရားကိုလည်းကောင်း။ သီလဉ္ဇ၊ စောင့်စည်း အပ်သော သီလကိုလည်းကောင်း။ ဝိဒိတ္ဌာန၊ ကြားသိကုန်သောကြောင့်။ အဉ္ဇနဝဏ္ဏေန၊ မျက်စဉ်းတောင်သို့ညိုရောင် လက်လက် ဖိတ်ဖိတ်ထွက်သော အဆင်းယှိသော။ နာဂေန၊

အရှင်မင်းမြတ်၏ မင်္ဂလာဆင်တော်ဖြင့်။ ကာလိင်္ဂသို့၊ ကာလိင်္ဂမင်း၏ ထံတော်၌။ ဝဏ္ဏံ၊ ရွှေ့ငွေ့စတုံ အလုံးစုံသော ဥစ္စာကို။ ဝနိမှသေ၊ လဲလှယ်၍ ယူပါကုန်အံ့။ တေန၊ ထိုသို့သော အကြောင်းကြောင့်။ ဧရဝ၊ ဤအရှင်မင်းမြတ်၏ ထံတော်သို့။ အာဂတာ၊ လာရောက်ကြပါကုန်၏။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။လူများအပေါင်း ဦးခေါင်းညွှတ်ခ အစိုးရပေသော အရှင်မင်းမြတ်၊ အရှင်မင်းမြတ်၏ ကံ့ကံ၏အကျိုးကို ကိုးစား-ယုံကြည်သော သဒ္ဓါတရားကိုလည်းကောင်း၊ စောင့်စည်း အပ်သော သီလကိုလည်းကောင်း၊ ကြားသိကုန်သောကြောင့် မျက်စဉ်းတောင်သို့ ညိုရောင်လက်လက် ဖိတ်ဖိတ်ထွက်သော အဆင်း ယှိသော အရှင်-မင်းမြတ်၏ မင်္ဂလာ ဆင်တော်ဖြင့် ကာလိင်္ဂမင်း၏ ထံတော်၌ ရွှေ့ငွေ့စတုံ အလုံးစုံသော ဥစ္စာကို လဲလှယ်၍ ယူပါကုန်အံ့။ ထိုသို့သော အကြောင်းကြောင့် ဤအရှင်မင်းမြတ်၏ ထံတော်သို့ လာရောက်ကြပါကုန်၏ဟု လျှောက်တင်ကုန်၏။ ဘုရားအလောင်းတော်သည် ထိုစကားကိုကြား၍ အိုပုဏ္ဏားတို့၊ အသင်တို့အား ဤဆင်ကို လဲလှယ်၍ ပစ္စည်း ဥစ္စာကိုစုဆောင်းကုန်အံ့ဟု မကြံစည်ကြကုန်လင့်။ တန်ဆာဆင်မြဲတိုင်း သာဖြစ်သော ဆင်ကို အသင်တို့အား ပေးလှူအံ့ဟု ပြောဆို မိန့်မြွက်သက်သာရာကို ရစေ၍။

အလောင်းတော်မင်းမြတ်က ဆင်တော်ကို
လှူအံ့ဟု မိန့်မှတ်သော ဂါထာ။

အန္ဓဘစ္စာ စ ဘစ္စာ စ၊ ယောဓ ဥဒ္ဒိဿ ဂစ္ဆတိ။
သဗ္ဗေ တေ အပ္ပဋိကွိပ္ပါ၊ ပုဗ္ဗါစရိယဝစော ဧဒံ။ ။

ဒဒါမိ ဝေါ်ဗြာဟ္မဏာ နာဂမေတံ။ရာဇာရဟံ ရာဇဘောဂံ ယသဿိနံ။ အလက်တံ ဟေမဇာလာဘိဆန္ဒံ၊ သသာရထိံ ဂစ္ဆထယေနကာမံ။ ။ ဟူကုန်သော ဤနှစ်ဂါထာတို့ကို ဆို၏။

ဂါထာတို့၏ အနက်ကား။ ။ဗြာဟ္မဏာ၊ ပုဏ္ဏားတို့။ အန္ဓဘစ္စာ၊ ရိက္ခာထမင်း ပေးကမ်းခြင်းဖြင့် မွေးမြူ အပ်ကုန်သော။ ယေ သတ္တာစ၊

အကြင်သတ္တဝါတို့သည်ၜင်း။ အဘစ္စာ၊ ဘစုံတရာ ပေးလာရေးယူ မမွေးမြူအပ်ကုန်သော။ ယေ သတ္တာစ၊ အကြင် သတ္တဝါတို့သည်ၜင်း။ သန္တိ၊ ယှိကုန်၏၊ တေသု သတ္တေသု၊ နှစ်ဘို့ခွဲကာ ထိုသတ္တဝါတို့တွင်။ ဇုဓ ဇီဝလောကေ၊ အသက်ထင်ရှား ဟိုဤးမူတည် ဤလူ့ပြည်၌။ ယောသတ္တော၊ တစုံတခု ထိုဝတ္ထုဖြင့် တောင်းမူရည်သန် အလှူခံဖြစ်သော အကြင်သတ္တဝါသည်။ ယံပုရိသံ၊ သဒ္ဓါ ရှေးရှု။ ပေးလှူတတ်စွာ အလှူဒါယကာ ဖြစ်သော အကြင်ယောကျ်ားကို။ ဥဒ္ဒိဿ၊ ငါသည် ချဉ်းကပ် ရပ်ခံတောင်းမူ ပေးလှူလိမ့်မည် ကြံစည် ရည်မှတ်၍။ ဂစ္ဆတိ၊ အနီးထံပါး ချဉ်းကပ်သွား၏။ သမ္ပေ၊ အလုံးစုံကုန်သော။ တေသတ္တာ၊ ရလိမ့်နှင်းနှင်း မြော်ကိုး ရည်သန် အလှူခံ လာရောက်ကုန်သော ထို-သတ္တဝါတို့ကို။အပ္ပဋိက္ခိပ္ပါ၊ သွားလေ ဖဲလေမလှူပေဟု ပြောထွေစကား မပယ်ရှား မလွန်အပ်ကုန်။ ဇုဒံဝစနံ၊ လာရောက်တောင်းပြန် အလှူခံ ကို မပယ်လွန်သင့် အခွင့်လျော်စွာပေးလှူရာ၏ဟူသော ဤစကားသည်။ ပုဗ္ဗာစရိယ ဝစော၊ လက်ဦးဆရာ မည်ထိုက်စွာသား မာတာပိတ မိဘနှစ်ပါးတို့ ဆုံးမခဲ့သော စကားပေတည်း။

ဗြာဟ္မဏာ၊ပုဏ္ဏားတို့။ရာဇာရဟံ၊ပြည့်ရှင်မင်းမြတ်အား ထိုက်တန် လျောက်ပတ်သော။ ရာဇာဘောဂံ။ ပြည့်ရှင်မင်းတို့၏ အသုံးအဆောင် ဖြစ်သော။ ယသသိနံ။ ဆေးသမားအစ ငါးရာမျှတည့် များလှသော အခြံအရုံယှိသော။ အလက်တံ၊ ထူးပြားများစွာ အဆင် ဟန်ဆာတို့ ဖြင့် တန်ဆာဆင်အပ်သော။ ဟေဇာလာဘိဆန္နံ၊ အလျှံပြိုးပြက် ရွှေ-ကွန်ရက်ဖြင့် ဖုံးလွှမ်းအပ်သော။ သသာရထိံ၊ တတ်သိလိမ်မာ ဆင်-ဆရာနှင့်တကွသော။ ဧတံနာဂံ၊ ဤမင်္ဂလာဆင်တော်ကို။ ဝေါ၊ သင်တို့ အား။ အဒံ၊ ငါသည်။ ဒဒါမိ၊ ပေးလှူတော်မူ၏။ တုမှေ၊ သင်တို့သည်။ ယေန ကာမံ၊ မိမိတို့ အလိုယှိသည့်အတိုင်း။ ဂစ္ဆထ၊ ယူဆောင်၍ သွားကြကုန်လော့။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။ပုဏ္ဏားတို့၊ရိက္ခာထမင်း ပေးကမ်းခြင်းဖြင့် မွေး မြူအပ်ကုန်သော အကြင် သတ္တဝါတို့ဘည့်ၜင်း တစုံတရာ ပေးလှာရေး ယူ မမွေးမြူအပ်ကုန်သော အကြင်သတ္တဝါတို့သည်ၜင်း ဟိုကုန်၏။နှစ်ဘို့

ခွဲကာထိုသတ္တဝါဟို့တွင် အသက်ထင်ရှား ယှိငြားမူတည့် ဤလူ့ပြည်၌ တစုံတခုလျှဝတ္ထုဖြင့်ကောင်းမှုရည်သန်အလှူခံဖြစ်သောအကြင်သတ္တဝါသည် သဒ္ဓါရှေး၌။ ပေးလှူတတ်စွာ အလှူဒါယကာဖြစ်သော အကြင်-ယောကျ်ားကို ငါသည်ချဉ်းကပ် ရပ်ခံတောင်းမူ ပေးလှူလိမ့်မည်ကြံစည်ရည်မှတ်၍ အနီးထံပါး ချဉ်းကပ် သွား၏။ အလုံးစုံကုန်သော ရုလိမ့်နှိုးနှိုး မြော်ကိုးရည်သန် အလှူခံ လာရောက်ကုန်သော ထိုသတ္တဝါတို့ကို သွားလေ, ဖဲလေ မလှူပေဟု ပြောထွေစကား မပယ်ရှား မလွန်အပ်ကုန်။ လာရောက်ကောင်းပြန် အလှူခံကို မပယ်လွှန်သင့် အခွင့်လျော်စွာ ပေးလှူရာ၏ဟူသော ဤစကားသည် လက်ဦးဆရာ မည်ထိုက်စွာသား မာတာပိတ ဒိဘန္နစ်ပါးတို့ ဆုံးမခဲ့သော စကားပေတည်း။ ပုဏ္ဏားတို့၊ ပြည့်ရှင်မင်းမြတ်အား ထိုက်ကန် လျောက်ပတ်သော, ပြည့်ရှင်မင်းတို့၏ အသုံးအဆောင်ဖြစ်သော, ဆေးသမားအစ ငါးရာမျှ-တည့် များလှသော အခြံအရုံယှိသော, ထူးပြားများစွာ အဆင် တန်-တို့ဖြင့် တန်ဆာ ဆင်အပ်သော, အလျှံပြိုးပြက် ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းအပ်သော, တတ်သိ လိမ္မာဆင်ဆရာနှင့် တကွသော ဤမင်္ဂလာဆင်တော်ကို သင်တို့အား ငါသည် ပေးလှူတော်မူ၏။ သင်တို့သည် မိမိတို့အလိုယှိသည့်အတိုင်းယူဆောင်၍သွားကြကုန်လော့ ဤသို့မြတ်သော ဆင်ကျောက်ကုန်းထက်၌ စံနေတော်မူလျက်သာလျှင်ဘုရားအလောင်းတော်သည် နှုတ်ဖြင့် ပေးလှူတော်မူပြီးသော် တဖန်ဆင်ကျောက်ကုန်းထက်မှ သက်ဆင်းတော်မူ၍ တန်ဆာမဆင်အပ် လစ်လပ် ကြွင်းကျန်သော နေရာသည် အကယ်၍ ယှိခဲ့အံ့၊ ဖြည့်သွင်းပြုပြင် တန်ဆာဆင်၍ လှူဒါန်းအံ့ဟု ပြောဆိုပြီးလျှင် သုံးကြိမ်သုံးခါလက်ျာရစ် လှည့်လည်သည်ကိုပြုလျက် ကြည့်ရှု စုံစမ်းတော်မူ၍ အနည်းငယ်ပင် တန်ဆာ-မဆင်ရသော နေရာအရပ်ကို မတွေ့မြင်သောကြောင့် ထိုဆင်၏ နာ-မောင်းကို ပုဏ္ဏားတို့၏ လက်၌ထား၍ ရွှေကရားဖြင့် ပန်းနုံသာထုံ-အပ်သော ရေကိုကျစေ၍ ပေးလှူတော်မူ၏။ ပုဏ္ဏားတို့သည် အခြံအရုံနှင့် တကွသော မင်္ဂလာဆင်တော်ကို ခံယူ၍ ဆင်ကျောက်ကုန်းထက်၌ ထိုင်နေကုန်လျက် ဒန္တပုရမြို့သို့သွား၍ ဆင်တော်ကိုမင်းကြီး

အား ပေးဆက်ကုန်၏။ မင်္ဂလာဆင်တော် လာရောက်သော်လည်း မိုးသားသည်မရွာ။ မင်းကြီးသည် ထိုလူတို့ကို အကြောင်း အသို့နည်းဟု ဆင့်တက် တဖန် မေးတော်မူပြန်၏။ ထိုလူတို့က ဓနञ္ဇယကောရဗျ မင်း-သည် ဂရု ဓမ္မကို စောင့်ရှောက်၏။ ထို့ကြောင့် ထိုမင်း၏ တိုင်းနိုင်ငံ၌ လခွဲတကြိမ် ဆယ်ရက်တကြိမ် အစဉ် အတိုင်း မိုးသည်ရွာ၏။ ဤ-မိုးသားရွာခြင်းသည် မင်းကြီး၏ ကျေးဇူးရှိန်စော် အာနုဘော်ပေတည်း။ ဤတိရစ္ဆာန် ဖြစ်သော ဆင်၏ ကျေးဇူးမဟုတ်ဟု ပြောဆိုသည်တို့ကို ကြားသိရသည် ယိုသော် ထိုသို့တပြီးကား တန်ဆာ ဆင်မြတိုင်းသော အခြံအရံနှင့် တကွသော ထိုဆင်ကို တဖန်ပြန်ဆောင်၍ မင်းကြီးအား ပေးဆက်ပြီး ထိုဓနဉ္ဇယကောရဗျမင်းသည် အကြင်ဂရုဓမ္မကို စောင့်-ရှောက်၏။ ထိုဂရုဓမ္မကို ရှေးပြုး၍ ရေးသား၍ ဆောင်ယူခဲ့ကုန်လော့ဟု ပြောဆိုပြီးလျှင် ပုဏ္ဏား တို့ကိုလည်းကောင်း၊ အမတ်တို့ကိုလည်း ကောင်း စေလွှတ်တော်မူ၏။

ဓနဉ္ဇယမင်းကြီးထံ ဂရုဓမ္မသီလကို ဟောခြင်း။

ထိုပုဏ္ဏား အမတ်တို့သည် စေလွှတ်တိုင်းအား သွားရောက်ကုန်ပြီးသော် ဓနဉ္ဇယကောရဗျမင်းကြီးအား ဆင်တော်ကို တဖန် ပြန်ပို့ဆောင်နှင်း၍ အရှင်မင်းမြတ်၊ ဤဆင်တော်သည် ရောက်ယို ပါသော်လည်း အကျွန်ုပ်တို့၏ တိုင်းနိုင်ငံ၌ မိုးသည် မရွာလေ၊ အရှင်မင်း-ကြီး တို့သည် ဂရုဓမ္မအမည်ရသော သီလကို စောင့်ရှောက်ကြ ကုန်-သတတ်။ အကျွန်ုပ် တို့၏ မင်းမြတ်သည်လည်း ထိုဂရုဓမ္မသီလကို စောင့်ရှောက်ခြင်းငှါ အလိုယှိပါ၏။ ဤရွှေပြုး၌ ရေးသားဆောင်ယူခဲ့ကုန်လော့ဟု အကျွန်ုပ်တို့ကို စေလွှတ်၏။ အကျွန်ုပ်တို့အား ဂရုဓမ္မသီလကို ပေးပါကုန်လော့ဟု လျှောက်တင်ကုန်၏။ အမောင်တို့၊ ငါသည် ထိုဂရုဓမ္မသီလကို စောင့်ရှောက်သည်ကား မှန်ပေ၏။ ယင်းသို့စောင့်ရှောက် သော်လည်း ဤယခုအခါ ထိုစောင့်ရှောက်အပ်သော သီလ၌ ငါ့အား အလိုအလို ဖြစ်ပွါးခြင်း ယှိပေ၏။ ထိုဂရုဓမ္မသီလသည် ငါ၏စိတ်ကို သန့်ရှင်းစင်ကြယ်သော အားဖြင့် မနှစ်သက်စေနိုင်။

ထို့ကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်။ ။အဘယ့်ကြောင့် ထိုသီလသည် မင်းကြီးအား သန့်ရှင်းသော အဖြစ်အားဖြင့် မနှစ်သက်စေနိုင်သနည်း ဟူတုံခဲ့အံ့။ ထိုအခါ ကာလ၌ကား ပြည့်ရှင် မင်းမြတ်တို့အား သုံးနှစ်မြောက် သုံးနှစ်မြောက်သော အခါ၌ တန်ဆောင်မုန်းလဝယ် ပွဲသဘင် မည်သည်ဖြစ်၏။ ထိုပွဲသဘင်ကို ကစားကုန်သော မင်းတို့သည် အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်ကုန်လျက် နတ်၏ အသွင်ကိုယူ၍ စိတ္တရာဇမည်သော ဘီလူး၏အထံ၌တည်နေ၍ လေးပါးကုန်သော အရပ်မျက်နှာတို့သို့ ပန်းတို့ဖြင့် တန်ဆာဆင် အပ်ကုန်သော ပစ်လွှတ်ဘွယ် မြားတို့ကို ပစ်လွှတ်ကြကုန်၏။ ဤမင်းကြီး သည်လည်း ထိုသို့သဘောယှိသော သဘင်ကိုကစားလျက် တခုသော တဘက်ဆည်ကန်၏ ကန်ပေါင်ဝယ် စိတ္တရာဇဘီလူး၏ အထံ၌တည်နေ၍ လေးပါးသော အရပ်မျက်နှာတို့သို့ ပစ်လွှတ်ဘွယ် မြားတို့ကို ပစ်လွှတ်သည်ယှိသော် ထိုလေးစင်းသော မြားတို့တွင် ကြွင်းသော အရပ်တို့သို့ သွားကုန်သော သုံးစင်းသော မြားတို့ကို တွေ့မြင်ရ၍ ရေအပြင်၌ ပစ်အပ်သောမြားကိုမတွေ့မြင်ရလေ။မင်းကြီးအား အသို့နည်း၊ငါပစ်အပ်သော မြားသည် ငါး၏ကိုယ်၌ ကျလေသလောဟု အလို့အလိုသည် ဖြစ်၏။ ပါဏာတိပါတကံဖြင့် သီလပျက်ခြင်းကို အကြောင်းပြု၍ ထိုသီလသည် ငါ့ကိုမနှစ်သက်စေနိုင်ဟု ထိုမင်းကြီးသည် ဤသို့ပြောဆိုလေသတည်း။ အဘယ်သို့ ပြောဆိုသနည်းဟူမူ၊ အမောင်တို့ ငါ့အား ဂရုဓမ္မသီလ၌ အလို့အလိုသည်ယှိ၏။ ငါ၏ မယ်တော်သည်ကား ကောင်းစွာ စောင့်ရှောက်ခြင်းကို စောင့်ရှောက်ပေ၏။ ထိုမယ်တော်၏ အထံ၌ယူကြကုန်လော့ ဟု ပြောဆို၏။ မြတ်သော မင်းကြီး၊ အရှင် မင်းကြီး တို့အား သတ္တဝါကို သတ်အံ့ဟူသော စေတနာသည်မရှိ၊ ထိုသတ်အံ့ ဟူသော စေတနာကိုကြဉ်၍ ပါဏာတိပါတ မည်သည် မဖြစ်၊ အကျွန်ုပ်တို့အား မိမိ စောင့်ရှောက်အပ်သော ဂရုဓမ္မ သီလကို ပေးပါကုန် လော့ဟု ပြောဆို လျှောက်တင် ကုန်၏။ ထိုသို့တပြီးကား ရေးမှတ်ကုန်လော့ ဟု မိန့်တော်မူ၍ ရွှေပြားအပြင်၌ ရေးသားစေ၏။ ။အဘယ်သို့ရေးသားစေသနည်းဟူမူ။ ။ ''ပါဏော နဟန္တဗ္ဗော၊ အဒိန္ဒံ နာဒါတဗ္ဗံ၊

ကာမေသု မိစ္ဆာစာရာ နု စရိတမ္ဖာ၊ မုသာဝါဒါ နု ဘဏိတမ္ဖာ၊ မဇ္ဇံ နု ပါယိတမ္ဖံ" ဟူ၍ ရေးသားစေ၏။ ။ရေးသားစေပြီး၍ကား ဤသို့ ဖြစ်သော်လည်း သီလသည် ငါ့ကို စင်ကြယ်သန့်ရှင်းသော အားဖြင့် မနှစ်သက်စေနိုင်။ ငါ၏ မယ်တော်အထံ၌ ယူကြကုန်လော့ ဟု မိန့်ဆို တော်မူ၏။

မယ်တော်ထံ တောင်းခြင်း။

တမန်တို့သည် မင်းကြီးကို ရှိခိုးပြီးသော် ထိုမယ်တော် မိဖုရားကြီး အထံသို့ သွားရောက်၍ အရှင်မိဖုရား၊ အရှင်တို့သည်လည်း ဂရုမမူ သီလတို့ကို စောင့်ရှောက်ကုန် သတတ်။ ထိုသီလကို အကျွန်ုပ်တို့အား ပေးပါကုန်လော့ ဟု ပြောဆိုကုန်၏။ အမောင်တို့၊ ငါသည် ဂရုမမူ သီလကို စောင့်ရှောက် သည်ကား မှန်၏။ ယင်းသို့ စောင့်သော်လည်း ဤယခုအခါ ထိုသီလ၌ ငါ့အား အလို့အလိုသည်ဖြစ်၏။ ထို ဂရုမမူသီလ သည် ငါ့အား မနှစ်သက်စေနိုင်။ ထိုကြောင့် အသင်တို့အား ပေးခြင်း ငှါ မစွန့်မိုးနိုင်ဟု ပြောဆို၏။ ။ထိုမိဖုရားကြီးအား သားတော်အကြီး ကား ပြည့်ရှင်မင်း၊ သားတော် အငယ်ကား အိမ်ရှေမင်း အားဖြင့် နှစ်ပါးသော သားတော်တို့သည် ယို့သည် ဖြစ်ကုန်သတတ်။ ထိုနောက် အခါ၌ ကဠဳားသော ပြည့်ရှင်မင်းသည် ဘုရား အလောင်းအား အဘိုး တသိန်းထိုက်သော စန္ဒကူးနှစ်ကို လည်းကောင်း၊ အဘိုး တထောင် ထိုက်သော ရွှေပန်းကို လည်းကောင်း စေလွှတ် ပေးပို့၏။ ထို ဘုရား အလောင်းတော်သည် မယ်တော်ကို ပူဇော်အံ့တု ကြံစည်၍ ရသမျှဥသုံ ထိုအလုံးစုံကို မယ်တော်အား ပေးပို့စေ၏။ ထိုမယ်တော် မိဖုရားကြီး သည် စန္ဒကူးနှစ်ကို မလိမ်းကျံတော့အံ့၊ ပန်းကို မပန်ဆင် တော့အံ့၊ ချွေးမတော်တို့အား ပေးအံ့ဟု ကြံစည်၏။ ထိုနောက် မယ်တော်မိဖုရား ကြီးအား ဤသို့သော အကြံအစည်သည် ဖြစ်ပြန်၏။ အဘယ်သို့ ဖြစ်ပြန် သနည်းဟူမူ၊ ငါ၏ အကြီးဖြစ်သော ချွေးမတော်သည် အစိုးရသော သူတည်း။ မြတ်သော မိဖုရားကြီးအရာ၌ တည်၏။ ထိုအကြီးဖြစ်သော ချွေးမတော်အား ရွှေပန်းကိုပေးအံ့။ အငယ်ဖြစ်သော ချွေးမတော်သည်

ကား ဆင်းရဲ၏။ ထိုအငယ်ဖြစ်သော ချွေးမတော်အား စန္ဒကူးနှစ်ကို ပေးအံ့ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ထိုမယ်တော် မိဖုရားကြီးသည် မင်းကြီး၏ မိဖုရားဖြစ်သော ချွေးမတော်အကြီးအား ရွှေပန်းကို ပေး၍ အိမ်ရှေမင်း၏ မယားဖြစ်သော ချွေးမတော် အငယ်အား စန္ဒကူးနှစ်ကို ပေး၏။ ပေးပြီး၍ကား ထိုမယ်တော် မိဖုရားကြီးအား ငါသည် ဂရုဓမ္မသိလကို စောင့်ရှောက်၏။ တိုချွေးမတော်တို့၏ ဆင်းရဲသောအဖြစ်သည် ငါအား ပမာဏမဟုတ်။ အမျိုးဌာ ကြီးသော သူတို့အား အရိအသေ ပြုခြင်းအမှုသာလျှင် ဖြစ်သော ပမာဏကို ပြုခြင်းငှါ ငါ့အား သင့်လျော်လျောက်ပတ်၏။ အသို့နည်း၊ ထိုအကြီးဖြစ်သော ချွေးမတော်အား ပြုလုပ်ဘွယ် အမှုကို မပြုလုပ်အပ်သည် အဖြစ်ကြောင့် ငါ၏ သီလသည်ပျက်စီးလေသလောဟုအလို့အလိုယှိသည်ဖြစ်၏။ထို့ကြောင့် ဤသို့ ပြောဆိုလေသတည်း။ ထိုအခါမယ်တော် မိဖုရားကြီးကို တမန်တို့က မိမိဥစ္စာ မည်သည်ကို အလိုယှိသည် အားလျော်စွာ ပေးနိုင်၏။ အရှင်မတို့သည် ဤမျှလောက်ဖြင့်လည်း အလို့အလို ပြုသည်ဟုသော် တပါးသော မကောင်းမှုကို အဘယ်သို့ ပြုကုန်လတ္တံ့နည်း။ သီလမည်သည် ဤသို့သော သဘောဖြင့် မပျက်စီးနိုင်၊ အကျွန်ုပ်တို့အား ဂရုဓမ္မသီလကို ပေးပါကုန်လော့ဟု ပြောဆို၍ ထိုမိဖုရားကြီး၏ အထံ၌လည်း မှတ်ယူ၍ ထိုဂရုဓမ္မတို့ကို ရွှေပြားအပြင်၌ ရေးသားကုန်၏။

မိဖုရားထံ တောင်းခြင်း။

အမောင်တို့၊ဤသို့ဖြစ်သော်လည်း သီလသည် ငါ့ကို မနှစ်သက်စေနိုင်။ ငါ၏ ချွေးမတော်သည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထို ချွေးမတော်၏ အထံ၌ ယူကြုံကုန်လော့ဟု ပြောဆိုလိုက်သည် အဖြစ်ကြောင့်ကား၊ မြတ်သော မိဖုရားကြီးသို့ ချဉ်းကပ်၍ ရှေးနည်းဖြင့်သာလျှင် ဂရုဓမ္မသီလကို တောင်းကြကုန်၏။ ထိုမိဖုရားကြီးကလည်း ရှေးနည်းအတူသာလျှင် မိန့်ဆို၍ ဤယခုအခါ၌ကား သီလသည် ငါ့ကို စင်ကြယ် သန့်ရှင်းသော အားဖြင့် မနှစ်သက်စေနိုင်။ ထို့ကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၏။ ။ထိုမိဖုရားကြီးသည်

တနေ့သောအခါ၌ ခြင်္သေ့ခံသော လေသောက်ပြုတင်း၌ ရပ်တည်လျက် မင်းကြီး၏ မြို့သို လက်ျာရစ် လှည့်သည်ကို ပြုစဉ် မင်းကြီး၏ နောက်မှ ဆင်ကျောက်ကုန်း၌ ထိုင်နေသော အိမ်ရှေမင်းကို မြင်၍ လောဘကို ဖြစ်စေပြီးလျင် ငါသည် အကယ်၍ ဤအိမ်ရှေမင်းနှင့် အတူတကွ နှိုးနှော ပေါင်းဘော်ခြင်းကို ပြုရအံ့၊ ဤသို ပြုရသည်ယိုသော် နောင်တော် ကွယ်လွန်သဖြင့် မင်းအဖြစ်၌ တည်သော အိမ်ရှေမင်းသည် ငါ့ကို ချီးမြှောက်သိမ်းပိုက်ရာ၏ဟု ကြံစည်မိသတတ်။ ထိုနောက် မိဖုရားကြီးအား ငါသည် ဂရုဓမ္မသိလကို စောင့်ရှောက်ပါလျက် စိုးပိုင်သော အရှင် ယိုသည်ဖြစ်၍ ကိလေသာ၏ အစွမ်းဖြင့် တပါးသော ယောကျ်ားကို ကြည့်ရှုမိလေပြီ။ ငါ၏ သိလသည် ပျက်စီးသည် ဖြစ်ပေရာ၏ဟု အလို့အလိုယိုသည်ဖြစ်၏။ ထို့ကြောင့် ဤသို ပြောဆိုလေသတည်း။ ။ ထိုအခါ မိဖုရားကြီးကို တမန်တို့က အရှင်မ၊ လွန်ကျူး၍ ကျင့်သော အကျင့်မည်သည် စိတ္တုပ္ပါဒမျှဖြင့် မဖြစ်။ အရှင်မတို့သည် ဤမျှလောက် ဖြင့်လည်း အလို့အလိုကို ပြုသည်ယိုသော် လွန်ကျူးခြင်းအမှုကို အဘယ်သို ပြုကုန်အံ့နည်း။ ဤမျှဖြင့် သိလမပျက်စီးချေ။ အကျွန်ုပ်တို့အား ဂရုဓမ္မသိလကို ပေးပါကုန်လော့ဟု ပြောဆိုလျှောက်တင်၍ ထိုမိဖုရားကြီး အထံ၌လည်း မှတ်ယူ၍ ရွှေပြား အပြင်၌ ရေးသားကုန်၏။

အိမ်ရှေမင်းထံ တောင်းခြင်း

အမောင်တို့၊ ဤသို ဖြစ်သော်လည်း သိလလည် ငါ့ကို မနှစ်သက်စေနိုင်။ အိမ်ရှေမင်းသည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထိုအိမ်ရှေမင်း၏ အထံ၌ မှတ်ယူကုန်လော့ဟု မိန့်ဆိုလိုက်သောကြောင့် အိမ်ရှေမင်းသို ချဉ်းကပ်၍ ရှေးနည်းဖြင့်သာလျှင် ဂရုဓမ္မသိလကို တောင်းကြကုန်၏။ ။ထိုအိမ်ရှေမင်းသည်ကား ညနေချမ်းအခါ၌ ပြည့်ရှင်မင်းအား ခစားခြင်းသို သွားသည်ယိုသော် ရထားဖြင့်သာလျှင် မင်းရင်ပြင်သို သွားရောက်၍ မင်းကြီးအထံတော်၌ စားသုံးနေမှတ် ထိုအရပ်၌သာလျှင် အကယ်၍ အိပ်ခြင်းငှါ အလိုယိုသည်ဖြစ်အံ့၊ ကြိုးတို့ကိုလည်း ကောင်း, နှင်တံတို့ကိုလည်းကောင်း, ရထားဦး အတွင်း၌ စွန့်လွှတ်

ချထား၏။ ထိုသို့သော အမှတ်ဖြင့် လူများအပေါင်းသည် ဖဲသွားဆုတ်ပြန် တဖန် မိုးသောက်သောနေ့၌ နံနက် စောစောက သာလျှင် သွားရောက်၍ ထိုအိမ်ရှေမင်း၏ ထွက်တော်မူလာခြင်းကို ငုံမျှော်ကြည့်ရှုလျက်သာလျှင် တည်နေ၏။ ရထားထိန်း သည်လည်း ထိုရထားကို ပြန်ဆောင်ယူသွား၍ တဖန် မိုးသောက်သောနေ့၌ နံနက်စောစောကသာလျှင် ထိုရထားကို ယူ၍ မင်းကြီး၏ နန်းတော် တံခါး၌သာလျှင် တည်နေ၏။ ထိုခဏမျှ ကိုသာလျှင် အကယ်၍ စံနေခြင်းငှါ အလိုယိုသည်ဖြစ်အံ့၊ ကြိုးတို့ကို လည်းကောင်း, နှင်တံတို့ကို လည်းကောင်း ရထားအတွင်း၌သာလျှင်ထား၍ ပြည့်ရှင်မင်းမြတ်အား ခစားခြင်းသို့ သွား၏။ ထိုအမှတ်ဖြင့် များစွာသော လူအပေါင်းသည် ဤယခုအခါ၌သာလျှင် အိမ်ရှေမင်းထွက်တော် မူလတ္တံ့ဟု မင်းကြီး၏ နန်းတော် တံခါး၌သာလျှင် မြော်ငုံကည့်နေ၏။ ထိုအိမ်ရှေမင်းသည် တနေ့သောအခါ၌ ကြိုးတို့ကို လည်းကောင်း, နှင်းတံတို့ကို လည်းကောင်း ဤသို့ဖြစ်လား ရထား၏အတွင်း၌ ထားသည်ကိုပြု၍ မင်းအိမ်နန်းတော်သို့ ဝင်တော်မူ၏။ ထိုအိမ်ရှေမင်း၏ မင်းအိမ် နန်းတော်သို့ ဝင်ကာမျှ၌ သာလျှင် မိုးသည် ရွာ၏ မင်းကြီးက မိုးသည် ရွာ၏ဟု ထိုအိမ်ရှေမင်းအား ပြန်၍ ထွက်ခြင်းငှါ အခွင့်မပေး။ ထို နန်းအိမ်တော် အတွင်း၌သာလျှင် စား သုံး၍ အိပ်ရလေ၏။များစွာသော လူအပေါင်းသည် ဤယခုအခါ၌ အိမ်ရှေမင်း ထွက်တော် မူလာလတ္တံ့ဟု အလုံးစုံသော ညဉ့်ပက်လုံး မိုးရေစွတ်စိုလျက်သာလျှင် ဆိုင်းငုံကည့်နေရ၏။ အိမ်ရှေ့ မင်းသည် နှစ်ရက်မြောက်သောနေ့၌ နန်းအိမ်တော် အတွင်းမှ ထွက်၍ မိုးစိုစွတ်လျက်ဆိုင်းငုံတည်နေသော များစွာသော လူအပေါင်းကို မြင်သည်ရှိသော် ငါသည် ဂရုဓမ္မသီလကို စောင့်ရှောက်လျက် ဤမျှ အတိုင်းအရှည်ရှိသော လူအပေါင်းကို ပင်ပန်းစေ၏။ ငါ၏သီလသည် ပျက်စီးသည်ဖြစ်ပေရော၏ဟု အလို့အလိုယိုသည်ဖြစ်၏။ ထို့ကြောင့် အိမ်ရှေမင်းက ထိုတမန်တို့အား ငါသည် ဂရုဓမ္မသီလကို စောင့်ရှောက်သည်ကား မှန်၏။ ဤယခုအခါ၌ကား ငါ့အား အလို့အလို ဖြစ်ပွါးခြင်းရှိ၏။ ထို့ကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၍ ထို

အလို့အလိုဖြစ်ခြင်းအကြောင်းကို ပြောကြား၏။ ။ထိုအခါ တမန်တို့က အိမ်ရှေ့မင်းကို အရှင်မင်းမြတ်၊ အရှင်တို့အား ဤသူသို့ ပင်ပန်းစေကုန်သတည်းဟု စိတ်အကြံအစည်မရှိ၊ စေတနာမရှိရုံကား ကံသည်မဖြစ်။ ဤမျှဖြင့်လည်း အလို့အလိုရှိသည်ကို ပြုသည်ယိုသော် အဘယ်သို့လျှင် အရှင်တို့အား လွန်ကျူးခြင်း ဖြစ်လတ္တံ့နည်းဟု ပြောဆို၍ ထို-အိမ်ရှေ့မင်း၏ အထံ၌လည်း သီလကို နာယူ၍ ရှေ့ပြားအပြင်၌ ရေး-သားကုန်၏။

ပုရောဟိတ်ထံ တောင်းခြင်း။

ဤသို့ဖြစ်သော်လည်း သီလသည် ငါ့ကို မနှစ်သက်စေနိုင်။ ပုရော-ဟိတ်သည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထို့ ပုရောဟိတ်ထံ၌ နာယူကုန်လော့ဟု မိန့်ဆိုတော် မူလိုက်သောကြောင့်ကား၊ ပုရောဟိတ်အထံသို့ ချဉ်းကပ်၍ တောင်းကြကုန်၏။ ထို ပုရောဟိတ် သည်လည်း တနေ့သောအခါ၌ မင်းကြီးအား ခစားခြင်းသို့ သွားသည်ယိုသော် တဦးသောပြည့်ရှင်မင်းသည် မိမိအရှင်ဖြစ်သော ထိုမင်းကြီးအား ပေး-ပို့စေအပ်သော နှုသောနေရောင်ခြည် အဆင်းယိုသော ရထားကို လမ်းခရီး အကြား၌ တွေ့မြင်၍ ဤရထားသည် အဘယ် သူ၏ ရထားနည်ဟု မေးမြန်း၍ မင်းကြီးအား ဆောင်အပ်သော ရထား-တည်းဟု ကြားသိ၍ ငါသည် ကြီးသော အရွယ်ယို၏။ မင်းကြီးသည် ငါ့အား ဤရထားကို အကယ်၍ ပေးသနားငြားအံ့။ ဤရထားကို တက်စီး၍ ချမ်းသာစွာ လှည့်လည်နိုင်ပေ ရာ၏ဟု ကြံစည်ပြီးလျှင် မင်း-ကြီးအား ခစားခြင်းသို့ သွား၏။ ထိုပုရောဟိတ်၏ ဘိသိက်မင်္ဂလာ အောင်ဇေယျာ ဖြစ်စေ၍ တည်နေသော အခါ၌ မင်းကြီးအား ရထား-ကို ပို့ဆက်ပြသကုန်၏။ မင်းကြီးသည် ရထားကိုမြင်၍ ဤရထားကား အလွန်လျင် ကောင်း၏။ ဆရာပုရောဟိတ်အား ထိုရထားကို ပေးကြ-ကုန်လော့ဟု မိန့်ဆိုတော် မူ၏။ ပုရောဟိတ်သည် အလိုမရှိ၊ အဖန်-တလဲလဲ မိန့်ဆိုပါသော်လည်း အလိုမရှိသည် သာလျှင်တည်း။ အဘယ်-အကြောင်းကြောင့် နည်းဟူမူ၊ ထိုပုရောဟိတ်အား ငါသည် ဂရုဓမ္မ

သီလကို စောင့်ရှောက်လျက် သူတပါးပစ္စည်း၌ လိုချင်တပ်သော လောဘကို ပြုလုပ်မိပြီ။ ငါ၏သီလသည် ပျက်စီးသည်ဖြစ်ပေရာ၏ဟု ဤသို့ အကြံသည် ဖြစ်သတတ်။ ထိုကြောင့် အလို မရှိသည်သာလျှင်တည်း။ ထို ပုရောဟိတ်သည် ထိုသို့သော အကြောင်းကို ပြောကြား ပြီး၍ အမောင်တို့ ငါ့အား ဂရုမမှသီလ၌ အလို့အလိုသည်ယို၏။ ထိုဂရုမမှတရားသည် ငါ့ကို မနှစ်သက်စေနိုင်၊ ထို့ကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၏။ ထိုအခါ တမန်တို့သည် ထိုပုရောဟိတ်ကို လောဘဖြစ်ကာမျှဖြင့် သီလသည် မပျက်စီး။ အသင်တို့သည် ဤမျှဖြင့်လည်း အလို့အလိုယို့သည်ကို ပြုသည်ယို့သော် လွန်ကျူးခြင်းကို အသို့ ပြုကုန်လတ္တံ့နည်းဟု ပြောဆိုကုန်၍ ထိုပုရောဟိတ်၏ အထံလည်း၌သီလကို နာယူ၍ ရွှေပြားအပြင်၌ရေးသားကုန်၏။

မြေတိုင်းအမတ်ထံ တောင်းခြင်း။

ဤသို့ဖြစ်သော်လည်း ဤသီလသည် ငါ့ကို မနှစ်သက်စေနိုင်။ မြေတိုင်းအမတ်သည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထိုမြေတိုင်းအမတ်၏အထံ၌ နာယူကုန်လော့ဟု ပြောဆိုလိုက်သောကြောင့် ထိုမြေတိုင်း အမတ်သို့လည်း ချဉ်းကပ်၍ တောင်းပန်ကုန်၏။ ။ ထိုမြေတိုင်း အမတ်သည်လည်း တနေ့သောအခါဝယ် ဇနပုဒ်၌ လယ်ကိုနှိုင်းရည်တိုင်းထွာသည်ယို့သော် ကြိုးကို တုတ်လုံကန်၌ဖွဲ့ချည်၍ တဖက်သော အစွန်းကြိုးစကို လယ်ရှင်ကို ကိုင်ဆွဲစေ၍ ဘဖက်သော အစွန်းကြိုးစကို မိမိသည်ကိုင်ဆွဲ၏။ ထိုမြေတိုင်းအမတ် ကိုင်ဆွဲအပ်သော ကြိုးအစွန်းဖြင့် ဖွဲ့ချည်အပ်သော တုတ်လုံကန်သည် တကောင်သော ပုဇွန်လုံး၏ တွင်းလယ်သို့ရောက်ယို့၏။ ထိုမြေတိုင်းအမတ်သည် တုတ်လုံကန်ကို ငါသည်အကယ်၍ ကွင်း၌ကျသက်စိုက်မိခဲ့အံ့။ ဤသို့ စိုတ်မိခဲ့သည်ယို့သော် ကျင်း၏အတွင်း၌ယို့သော ပုဇွန်သည် ပျက်စီးလတ္တံ့။ တွင်း၏ တဖက် အနားကမ်းမှ အကယ်၍ စိုက်သည်ကိုပြုအံ့ မင်းကြီး၏ ဥစ္စာသည် ပျက်စီးလတ္တံ့၊ တွင်း၏ ဤမှာဘက် အနားကမ်းမှ အကယ်၍ စိုက်ခြင်းကို ပြုမိအံ့၊ လယ်သူကြီး၏ဥစ္စာသည် ပျက်စီးလတ္တံ့။ အဘယ်

သို ပြုလုပ်ရပါအံ့နည်းဟု ကြံစည်၏။ ထိုနောက် ထိုမြတိုင်း အမတ်အား ဤသို့သော အကြံသည်ဖြစ်ပြန်၏။ အဘယ်သို့ဖြစ်ပြန်သနည်းဟူမူ၊ ဤတွင်းကျင်း၌ပုဇွန်ယိုသည်မဖြစ်ပေရာ။ အကယ်၍ ယိုသည်ဖြစ်ငြားအံ့။ ထင်ရှားခဲ့ရာ၏။ ဤတွင်းကျင်း၌ သာလျှင် ထိုတုတ်လုံကန်ကို ကျသက်စိုက်ထောင်တော့အံ့ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ပုဇွန်တွင်းကျင်း၌ ထိုတုတ်လုံကန်ကို ချသွင်းစိုက်ထူ၏။ ပုဇွန်သည် ကိုရိဟူသော အသံကို ပြု၏။ ထိုအခါမြတိုင်းအမတ်အား တုတ်လုံကန်သည် ပုဇွန်၏ ကျောက်ကုန်း၌ ကျသက်သည် ဖြစ်လတ္တံ့၊ ပုဇွန်သည် သေသည်ဖြစ်လတ္တံ့၊ ငါသည်လည်း ဂရုမမ္မသိလကို စောင့်ရှောက်၏။ ထိုအကြောင်းကြောင့် ငါ၏သိလသည် ပျက်စီးသည် ဖြစ်ရာ၏ ဟု ဤသို့သော အကြံစည်သည် ဖြစ်၏။ ။ထိုမြတိုင်း အမတ်သည် ဤသို့သော အကြောင်းကို ပြောကြား၍ ငါ့အား ဤသို့သော အကြောင်းကြောင့် ဂရုမမ္မသိလ၌ အလို့အလိုသည်ယို၏။ ထိုကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၏။ ထိုအခါ တမန်တို့က ထိုမြတိုင်းအမတ်ကို အသင်တို့အား ပုဇွန်သေစေသကဲ့သို့ ဟူသော စိတ်သည်မရှိ။ စောဘနာမရှိသော အရာကား ကံမည်သည်မဖြစ်။ အသင်တို့သည် ဤမျှလောက်ဖြင့်လည်း အလို့အလိုယိုသည်ကို ပြုသောကြောင့် လွန်ကျူးခြင်းအမှုကို အသို့ ပြုကုန်လတ္တံ့နည်းဟု ပြောဆို၍ ထိုမြတိုင်းအမတ်၏ အထံ၌လည်း သိလကို နာယူ၍ ရွှေပြားအပြင်၌ ရေးသားကုန်၏။

ရထားထိန်းထံ တောင်းခြင်း။

ဤသို့ ဖြစ်သည်ယိုသော်လည်း ဤသိလသည် ငါ့ကို မနှစ်သက်စေနိုင်။ ရထားထိန်းသည်ကား ကောင်းစွာစောင့်ရှောက်၏။ ထိုရထားထိန်းအထံ၌ နာယူကုန်လော့ဟု ပြောဆိုလိုက်သောကြောင့် ထိုရထားထိန်းသို့ ချဉ်းကပ်၍ ဂရုမမ္မသိလကို တောင်းကြကုန်၏။ ။ထို ရထားထိန်းသည် တနေ့သောအခါ၌မင်းကြီးကိုရထားဖြင့် ဥယျာဉ်သို့ ဆောင်၏။ မင်းကြီးသည် ထိုဥယျာဉ်၌ တနေ့ပတ်လုံး မြူးတူးပျော်ပါးကစား၍ ညနေချမ်းအခါ၌ ဥယျာဉ်မှထွက်၍ ရထားသို့ တက်စီးတော်မူ၏။ မင်းကြီး စီးသွား ထိုရထား၏ မြို့သို့မရောက်မီသာလျှင် နေဝင်သော

၂၅-ဘိက္ခုဝဂ်၊ ၂-ဟသ်ာကိုသတ်သော ရဟန်း၏ဝတ္ထု။ ၄၉

အခါ၌ မိုဃ်းသား တိမ်ပုပ်သည် ဖုံးအုပ် တက်ကြွ၏။ ထိုအခါ၌ ရထားထိန်းသည်မင်းကြီးအား မိုဃ်းရေစိုစွတ်အံ့သည်မှကြောက်သော ကြောင့် သိန္ဓောမြင်းတို့အား နှင်တံအမှတ်ကိုပေး၏။ သိန္ဓောမြင်း တို့သည် လျင်စွာသော အဟုန်ဖြင့် ပြေးသွားကုန်၏။ ထိုအခါမှ စ၍ကား ထိုသိန္ဓောမြင်း တို့သည် ဥယျာဉ်သို့ သွားကုန်သည် ယှိသော် လည်းကောင်း, ထိုဥယျာဉ်မှ ပြန်လာကုန်သည် ယှိသော် လည်းကောင်း, ထိုအရပ်သို့ ရောက်သည်ယှိသော် လျင်စွာသော အဟုန်ဖြင့် သွားကုန်လာကုန်၏။ အဘယ် အကြောင်းကြောင့်နည်း ဟူမူ၊ ထို သိန္ဓောမြင်းတို့အား ဤအရပ်ဌာန၌ ဘေးရန်ယှိသည်ဖြစ်ပေရာ၏။ ထိုကြောင့် ငါတို့အား ရထားထိန်းသည် နှင်တံအမှတ်ကို ပေးသကည်းဟု ဤသို့သော အကြံသည် ဖြစ်သတတ်။ ထိုသို့သော အကြောင်း ကြောင့်ပင်တည်း။ ရထားထိန်းအားလည်းမင်းကြီး၏မိုဃ်းရေစိုစွတ်ခြင်း၌လည်းကောင်း, မစိုစွတ်ခြင်း၌လည်းကောင်း ငါ့အား အပြစ်သည်မရှိ။ ငါသည်ကား အရာမဟုတ်သည်တို့၌ လိမ်မာ သိတတ် သင်အပ်သော သိန္ဓောမြင်းတို့အား နှင်တံအမှတ်ကို ပေးမိလေပြီ။ ထိုကြောင့် ဤသိန္ဓောမြင်းတို့သည် ယခုအခါ၌ သွား-လာ-နှစ်တန် အပြန်ပြန် အလှန်လှန် လျင်မြန်စွာ သွားခြင်း ယှိကုန်သည် ဖြစ်၍ ပင်ပန်းရရှာကုန်၏။ ငါသည်လည်း ဂရုမေ္မသီလကို စောင့်ရှောက်၏။ ထိုအကြောင်းကြောင့် ငါ၏ သီလသည် ပျက်စီးသည်ဖြစ်ပေရာ၏ဟု ဤသို့သောအကြံသည်ဖြစ်၏။ ။ထိုရထားထိန်းသည် ဤသို့သောအကြောင်းကို ပြောကြား၍ ငါ့အား ဤသို့သော အကြောင်းကြောင့် ဂရုမေ္မသီလ၌ အလို့အလိုသည် ယှိ၏။ ထိုကြောင့် အသင်တို့အား ပေးခြင်းငှါမစွမ်းနိုင်ဟု ပြောဆို၏။ ထိုအခါကမန်တို့က ထိုရထားထိန်းကို အသင်တို့အား သိန္ဓောမြင်း တို့သည် ပင်ပန်းစေကုန်သတည်း ဟူသော စိတ်သည်မရှိ။ စေတနာမရှိသော အရာကား ကံမည်သည်မဖြစ်။ ဤမျှအတိုင်းအရှည်ဖြင့်လည်း အသင်တို့သည် အလို့အလိုယှိသည်ကို ပြုကုန်သေး၏။ လွန်ကျူးခြင်း အမှုကို အသို့ပြုကုန်လတ္တံ့ နည်းဟု ပြောဆိုကုန်၍ ထိုရထားထိန်း၏ အထံ၌ သီလကို နာယူ၍ ရှေ့ပြားအပြင်၌ ရေးသားကုန်၏။

၅၀ ဓမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမှ)။

သေဇ္ဈးကြီးထံ တောင်းခြင်း။

ဤသို့ဖြစ်သည် ယ့်သေ်လည်း သီလသည် ငါ့ကို မနှစ်သက်စေနိုင်။ သေဇ္ဈးကြီးသည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထိုသေဇ္ဈးကြီး၏ အထံ၌ မှတ်ယူကုန်လေ့ဟု ပြောဆိုလိုက်သော ကြောင့်ကား၊ ထိုသေဇ္ဈးကြီးသို့ ချဉ်းကပ်ကုန်၍ ဂရုဓမ္မသီလကို တောင်းကြကုန်၏။ ။ထို သေဇ္ဈးကြီးသည်လည်း တနေ့သောအခါ၌ အဖုံးမှထွက်သော သလေးနံယ့်သော မိမိ၏ သလေးခင်းလယ်သို့ သွား၍ ဆင်ခြင် ကြည့်ရှုပြီးလျှင် ဆုတ်နစ်ပြန်လည်သည်ယ့်သေ်ာ ကောက်စပါးပန်းကို ဖွဲစည်းပန်ဆင်စေအံ့ဟု ကြံစည်ပြီးလျှင် ထိုသလေးနံတဆုပ်ကို ယူစေ၍ ဦးမွှန်း၌ ဖွဲချည်ပန်ဆင်စေ၏။ ထိုနောက် သေဇ္ဈးကြီးအား ငါသည် ဤလယ်မှ မင်းကြီးအား အခွန်အတို့ကို ပေးအပ်၏။ ငါသည် မပေးအပ်သေးသော အခွန်အတို့ ယ့်သည်လာလျှင်ဖြစ်သော လယ်မှ သလေးနံတဆုပ်ကို ယူစေအပ်ပြီ။ ငါသည်လည်း ဂရုဓမ္မသီလကို စောင့်ရှောက်၏။ ထို့ကြောင့် ငါ၏ သီလသည် ပျက်စီးသည် ဖြစ်ရာ၏ဟု ဤသို့သော အကြံ အစည်သည် ဖြစ်၏။ ။ထို သေဇ္ဈးကြီးသည် ဤသို့သော အကြောင်းကို ရုံးပေါင်း ပြောကြားပြီး၍ ငါ့အား ဤသို့သော အကြောင်းကြောင့် ဂရုဓမ္မသီလ၌ အလို့အလိုသည်ယ့်ပါ၏။ ထို့ကြောင့် အသင်တို့အား ပေးခြင်း ငှါမစွမ်းနိုင်ဟု ပြောဆို၏။ ထိုအခါ တမန်တို့က ထိုသေဇ္ဈးကြီးကို အရှင်တို့အား ခိုးယူလိုသော စိတ်မရှိ။ ထိုခိုးယူလိုသော စိတ်နှင့် ကင်း၍အဒိန္နာဒါန်မည်သည်ကို သိစေခြင်းငှါမတတ်ကောင်း။ဤမျှဖြင့်လည်း အလို့အလိုယ့်သည်ကို ပြုကုန်သော အရှင်တို့သည် သူတပါးဥစ္စာ မည်သည်ကို အသို့ ယူကုန်လတ္တံ့နည်းဟု ပြောဆိုကုန်၍ ထိုသေဇ္ဈးကြီး၏ အထံ၌ သီလကို နာယူကုန်ပြီးလျှင် ရွှေပြား အပြင်၌ ရေးသားကုန်၏။

စာရဏ်းကိုင် အမတ်ကြီးထံ တောင်းခြင်း။

ဤသို့ ဖြစ်သည် ယ့်သေ်လည်း သီလသည် ငါ့ကဲ့မနှစ်သက်စေနိုင်။ တောင်းတဲင်းကို ခြင်စေတတ်သော စာရဏ်းကိုင် အမတ်ကြီးသည်ကား ကောင်းစွာ စောင့်ရှောက်၏။ထိုစာရဏ်းကိုင် အမတ်ကြီးအထံ၌ မှတ်ယူ

ကုန်လေ၃ဟု ပြောဆို လိုက်သောကြောင့် ထိုစာရင်းကိုင် အမတ်ကြီးသို့ ချဉ်းကပ်၍ဂရုမမှသိလကို တောင်းကြကုန်၏။ ။ထိုစာရင်းကိုင် အမတ်ကြီးသည် တနေ့သော အခါ၀ယ် ကျိုကြတံခါး၌ ထိုင်နေ၍ မင်းကြီး၏ အဘို့ ဖြစ်ကုန်သော ကောက်စပါးတို့ကို ခြင်စေသည်ယို့သော် မခြင်အပ်သေးသော ကောက်စပါး အစုအပုံမှ ကောက်စပါးကိုယူ၍ အမှတ်ကို ထား၏။ထိုခဏ၌မိုးသည်းစွာရွာ၏။အမတ်ကြီးဘည် အမှတ်ပြုသော ကောက်စပါးတို့ကို တိုးပွါးတင်မှတ် ခြင်အပ်သော ကောက်စပါးတို့သည် ဤမျှမည်သည် ဖြစ်ကုန်၏ဟု ပြောဆို၍ အမှတ်အသားဖြစ်သော ကောက်စပါးကို ရုံးစုပြီးလျှင် ခြင်ပြီးဖြစ်သောကောက်စပါးစု၌ ထည့်သွင်းခဲ့၍ လျင်စွာသော အဟုန်ဖြင့် သွားပြီးသော် တံခါးမှခ်၌ တည့်နေ၍ အသို့နည်း၊ ငါသည် အမှတ်ပြုအပ်သော ကောက်စပါးကို ခြင်အပ်ပြီးသော ကောက်စပါးစု၌ ထည့်ခဲ့မိလေသလော၊ သို့တည်း မဟုတ် မခြင်အပ်သေးသော ကောက်စပါးစု၌ ထည့်မိသလောဟု ကြံစည်၏။ ထိုနောက် အမတ်ကြီးအား ဤသို့သော အကြံအစည်သည် ဖြစ်ပြန်၏။ အဘယ်သို့ ဖြစ်ပြန်သနည်းဟူမူ။ ငါသည် ခြင်အပ်ပြီးသော ကောက်စပါးအစု၌ အကယ်၍ ထည့်မိခဲ့အုံ၊ ထိုသို့ ထည့်မိခဲ့သည် ယို့သော် အကြောင်းမဲ့သာလျှင် မင်းကြီး၏ ဥစ္စာကို တိုးပွါးစေအပ်၏။ သူကြွယ်တို့၏ ဥစ္စာကို ပုတ်လျော့စေပြီး ဖျက်ဆီးအပ်၏။ ငါသည်လည်း ဂရုမမှသိလကို စောင့်ရှောက်၏၊ ထိုကြောင့်ငါ၏ သီလသည် ပျက်စီးသည် ဖြစ်ရာ၏ဟူသောအကြံအစည်သည်ဖြစ်၏။ ။ထိုစာရင်းကိုင်အမတ်ကြီးသည် ဤသို့သောအကြောင်းကို ပြောကြား၍ ငါ့အား ဤသို့သော အကြောင်းကြောင့် ဂရုမမှသိလ၌ အလို့အလိုသည်ယို့၏။ ထိုကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၏။ ထိုအခါ တမန်တို့က ထိုအမတ်ကြီးကို အရှင်တို့အား ခိုးယူလိုသော စိတ်မရှိ။ထိုခိုးယူလိုသော စိတ်နှင့်ကင်း၍အဒိန္နာဒါန်မည်သည်ကိုသိမှတ်ခြင်းငှါမတတ်ကောင်း။ ဤမျှဖြင့်လည်း အလို့အလိုယို့သည်ကို ပြုကုန်သော အရှင်တို့သည် သူတပါး ဥစ္စာကို အဘယ်သို့ ယူကုန်အံ့နည်းဟု ပြောဆိုကုန်၍ ထိုစာရင်းကိုင် အမတ်ကြီး၏ အထံ၌လည်း သီလကိုနာယူ၍ ရွှေပြားအပြင်၌ရေးသားကုန်၏။

၅၂ ဓမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမှူ)။

တံခါးဖိုလ်ထံ တောင်းခြင်း။

ဤသို့ဖြစ်သည်ယိုသော်လည်း သီလသည် ငါ့ကို မနှစ်သက်စေနိုင်။ တံခါးဖိုလ်သည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထို တံခါးဖိုလ်၏ အထံ၌ မှတ်ယူကုန်လေ့ဟု ပြောဆိုလိုက်သောကြောင့်ကား ထိုတံခါးဖိုလ်သို့ ချဉ်းကပ်ကုန်၍ သီလကို တောင်းကြကုန်၏။ ။ထို တံခါးဖိုလ်သည်လည်း ဂင်္ဂနေသောအခါ မြို့တံခါးဝယ် ညနေချမ်း ကာလ၌ သုံးကြိမ် တိုင်တိုင် အသံကို ကြွေးကြော် ကြားသိ စေ၏။ ထိုအခါ တယောက်သော သူဆင်းရဲ ယောကျ်ားသည် မိမိ၏ နှမငယ်နှင့် အတူ တကွ ထင်းသစ်ရွက်အကျိုးငှါ တောသို့သွား၍ ဆုတ်နစ်ပြန်လည်သည်ယိုသော် ထိုတံခါးဖိုလ်၏ ကြွေးကြော်သံကို ကြားတည့်လျင် နှမငယ်ကို ခေါ်ယူ၍ လျင်စွာသော အဟုန်ဖြင့် မြို့တံခါးသို့ ရောက်လာ၏။ ထို အခါ တံခါးဖိုလ်က ထိုသူဆင်းရဲ ယောကျ်ားကို အသင်သည် မြို့၌ မင်းကြီး၏ ယို့သောအဖြစ်ကို မသိ သလော၊ မိမိ၏ အချိန်ကာလ အတိုင်းသာလျင် ဤမြို့၏တံခါး ပိတ်အပ်သည်ကို မသိလေသလော။ မိမိ၏ မိန်းမကို ခေါ်ယူ၍ ကာမဂုဏ်၌ မွေ့လျော် ပျော်မြူး ခြင်းကို ပျော်မြူးလျက် တနေ့ပတ်လုံး လွတ်လည်ကိသည် ဟု ပြောဆို၏။ ထို အခါ တံခါးဖိုလ်အား သူဆင်းရဲ ယောကျ်ားက ဤသူသည် အကျွန်ုပ်၏ မယားမဟုတ်၊ ဤသူသည် အကျွန်ုပ်၏ နှမငယ်ပါတည်းဟု ပြောဆိုသည်ယိုသော် နှမငယ်အား မဲ့ယားတည်းဟူသော ပြောဆိုခြင်းဖြင့် ငါသည် အကြောင်းမဟုတ်သည်ကို ပြုမိလေစွတကား၊ ငါသည်လည်း ဂရုမမ္မသီလကို စောင့်ရှောက်၏။ ထို့ကြောင့် ငါ၏ သီလည် ပျက်စီးသည်ဖြစ်ရာ၏ဟု ဤသို့သော အကြံသည်ဖြစ်၏။ ၊ထိုတံခါးဖိုလ်သည် ဤသို့သောအကြောင်းကို ဖေါ်ပြပြောကြား၍ ဤသို့သော အကြောင်းကြောင့် ဂရုမမ္မသီလ၌ ငါ့အား အလို့အလိုသည် ယို၏။ ထိုကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၏။ ထိုအခါ တမန်တို့က ထိုတံခါးဖိုလ်ကို အသင်တို့သည် ဤစကားကို ထိုသို့ အမှတ်ယိုသဖြင့် ပြောဆိုမိပေ၏။ သီလပျက်စီးခြင်းမရှိ၊ ဤမျှလောက် အတိုင်း

အရှည်ဖြင့်လည်းအလို့အလိုယ်ကုန်သော အသင်တို့သည် ဂရုဓမ္မသိလ ၌သိလျက် ပြက်စကား ပြောဆိုခြင်း မည်သည်ကို အဘယ်သို့ ပြုကုန် လတ္တံ့နည်းဟု ပြောဆို၍ တိုတံခါးဗိုလ်၏အထံ၌လည်း သိလကို နာယူ ကုန်ပြီးသော် ရွှေပြာအပြင်၌ ရေးသားကုန်၏။

ပြည့်တန်ဆာမထံ တောင်းခြင်း။

ဤသို့ဖြစ်သည်ယ်သော်လည်း သိလသည် ငါ့ကို မနှစ်သက်စေနိုင်။ ပြည့်တန်ဆာမသည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထို ပြည့်တန် ဆာမ၏ အထံ၌ နာယူကုန်လော့ဟု ပြောဆိုလိုက် သောကြောင့်ကား ထိုပြည့်တန်ဆာမသို့လည်း ချဉ်းကပ်၍ ဂရုဓမ္မသိလကို တောင်းကြကုန် ၏။ ။ထိုပြည့်တန်ဆာမသည် ရှေးပြု ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ဖြင့်သာလျှင် မြစ်ပယ်၏။ ။အဘယ် အကြောင်းကြောင့် မြစ်ပယ် သနည်း ဟူမူ၊ နတ်တို့၏ အရှင် ဖြစ်သော သိကြားမင်းသည် ထို ပြည့်တန်ဆာမ၏ သိလကို စုံစမ်းအံ့ဟု ကြံစည်ပြီးလျှင် လုလင် ပျို၏ အသွင်ဖြင့် သက်ဆင်းလာရောက်၍ငါသည် လာအံ့ဟု ပြောဆိုပြီးသော် အသပြာတထောင်ကို ပေးပြီးလျှင် နတ်ပြည်သို့ သာလျှင် ပြန်သွား၍ သုံးနှစ်တို့ ပတ်လုံး မလာရောက်ဘဲ နေသတတ်။ ထိုပြည့်တန်ဆာမ သည် မိမိ၏ သိလပျက်စီးအံ့သည်မှ ကြောက်သောကြောင့် သုံးနှစ်တို့ ပတ်လုံး ကပါးသော ယောကျ်ားလက်မှ ကွမ်းတယာမျှကိုလည်း မယူ။ ထို ပြည့်တန်ဆာမ ၊သည် အစဉ် အတိုင်း အား‌ဖြင့် ဆင်းရဲခြင်း သို့ ရောက်သည်ဖြစ်၍ ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်း ဟူမူ၊ ငါ့ အား အသပြာတထောင်ကိုပေး၍ သွားလေသောယောကျ်ား၏ သုံးနှစ် တို့ ပတ်လုံး မလာ မရောက်စဉ် ဆင်းရဲခြင်းသို့ရောက်သည် ဖြစ်ခဲ့ရ၏။ အသက်မွေးမြူခြင်းကို စေ့ဆော်သမူ လုံ့လပြုခြင်းငှါ မစွမ်းနိုင်။ ယခု ဤအခါမှ စ၍ ငါသည် တရား ဆုံးဖြတ်သော အမတ်ကြီး တို့အား ပြောကြား၍ ရိက္ခာအဘိုးအခကို ယူခြင်းငှါ သင့်လျော်၏ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ထိုပြည့်တန်ဆာ မိန်းမသည် တရား ဆုံးဖြတ်သော နေရာသို့ သွားရောက်၍အရှင်၊ ကျွန်တော်မအား အဘိုးအခရိက္ခာပေး၍

သွားသော ယောကျ်ား၏ ရှည်လျားတွက်စစ် သုံးနှစ်တို့ ပတ်လုံး ယိုခဲ့လေပြီ။ထိုယောကျ်ား၏သေလွန်သည့်အဖြစ်ကိုလည်းကျွန်တော်မ မသိ၊ အသက်မွေးမြူရန် စီမံသင့်လျော် စေ့ဆော်ခြင်းငှါ မစွမ်းနိုင်တော့ပါ၊ အဘယ်သို့ပြုရပါအံ့နည်းဟုပြော၏။ သုံးနှစ်တို့တိုင်တိုင် မလာရောက်ခဲ့သည်ယိုသော် အသို့ ပြုနိုင်တော့အံ့နည်း။ ဤအခါမှစ၍ ကပါးသော ယောကျ်ားလက်မှ အဘိုးအခရိကွာကို ယူလေလော့ဟု ပြောဆိုကြကုန်၏။ ထိုပြည့်တန်ဆာ မိန်းမသည် ရအပ်သော အဆုံးအဖြတ်ယိုသဖြင့် တရားဆုံးဖြတ်ရာအရပ်မှ ထွက်သွားသည့် ယိုသော်သာလျှင် တယောကျ်သော ယောကျ်ားသည် အသပြာတထောင် အိတ်ကို ကပ်ရောက်ညွတ်လေး ပေးစေ၍ အသပြာကို ယူခြင်းအကျိုးငှါ ထိုပြည့်တန်ဆာ မိန်းမ၏ လက်ကို ဆန့်သော အခါ၌ သိကြားမင်းသည် မိမိကိုယ်ကို ပြလေ၏။ ထိုပြည့်တန်ဆာ မိန်းမသည် တွေ့မြင်တည့်လျှင်ငါ့အား လွန်ခဲ့သော သုံးနှစ်အထက်၌ အသပြာ တထောင်ပေးသော ယောကျ်ားသည် လာခဲ့ချေပြီ။ အမောင်၊ ယခုအသင်၏ အသပြာတို့ဖြင့် ငါ့အား အလိုမရှိတော့ပြီဟု ပြောဆို၍ အသပြာကို ယူအံ့ဟု ဆန့်တန်းသော လက်ကို ကွေးယူ ရပ်သိမ်းလိုက်၏။ သိကြားမင်းသည် မိမိပြကတ်တော်သော ကိုယ်ကိုသာလျှင် ဖန်ဆင်း၍ နသော နေမင်းကဲ့သို့ ထွန်းလင်း တောက်ပလျက် ကောင်းကင်၌ ရပ်တည်၏။ အလုံးစုံသော မြို့သူမြို့သား အပေါင်းသည် စည်းဝေး၏။ သိကြားမင်းသည် များစွာ ပေါ့ယယ် လူတို့၏ အလယ်၌ ငါသည် ဤပြည့်တန်ဆာ မိန်းမအား စုံစမ်းသည်၏ အစွမ်းဖြင့် ဤမှ ပြန်ထွက် သုံးနှစ်ထက် အခါ၌ အသပြာတထောင်ကို ပေးခဲ့ဘူးပြီ။ သိလကို စောင့်ရှောက်သော သူတို့မည်သည် ဤသို့ သဘောယိုသည်ဖြစ်၍ စောင့်ရှောက်ကုန်လော့ဟု အဆုံးအမကို ပေးပြီးသော်၊ ထိုပြည့်တန်ဆာမ၏ အိမ်ကို ရတနာ ခုနစ်ပါးတို့ဖြင့် ပြည့်စေပြီးလျှင် ဤအခါမှစ၍ မမွေမလျော့သည် ဖြစ်လေလော့ဟု ထိုပြည့်တန်ဆာမိန်းမကို အစဉ်ဆုံးမ၍ နတ်ပြည်သို့သာလျှင် ပြန်သွား၏။ ။ဤသို့သော အကြောင်းကြောင့် ထိုပြည့်တန်ဆာ မိန်းမက အမောင်တို့၊ ငါသည် ယူအပ်သော အဘိုးအခကို မကျေစေမူ၍သာ

လျှင် တပါးသော ယောကျ်ားသည် ပေးအပ်သော အဘိုးအခယူရန် အလို့ငှါ လက်ကိုကမ်းလှမ်း ဆန့်တန်းမိပေ၏။ ဤသို့သော အကြောင်း ကြောင့် သီလသည် ငါ့ကို မနှစ်သက်စေနိုင်။ ထို့ကြောင့် အသင်တို့ အား ပေးခြင်းငှါ မစွမ်းနိုင်ပါဟု ပြောဆို မြစ်ပယ်၏။ ထိုအခါ တမန် တို့က ထိုပြည့်တန်ဆာမိန်းမကို ယူခြင်းငှါ လက်ကို ဆန့်တန်းကာမျှ ဖြင့် သီလပျက်ခြင်းမရှိ။ ဤသီလမည်သည် အတိုင်းထက်အလွန် အထူး သဖြင့် စင်ကြယ်ခြင်း ဖြစ်ပေသည်ဟု ပြောဆို၍ ထိုပြည့်တန်ဆာ မိန်းမ၏ အထံ၌လည်း သီလကို နာယူပြီးသော် ရွှေပြားအပြင်၌ ရေးသား ကုန်၏။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အစဉ်အတိုင်း ကာလင်္ဂ မင်း၏ ထိုတမန် ယောကျ်ားတို့သည် ဤတကျိပ်တယောက်သော သူတို့၏ စောင့်ရှောက် သော သီလကို ရွှေပြားအပြင်၌ ရေးသားပြီးသော် ဒန္တပုရမြို့သို့ သွားပြီး လျှင် ကာလင်္ဂမင်းကြီးအား ရွှေပြားကို ပေးဆက်၍ ထိုသို့သော အကြောင်းဖြစ်ခြင်းကို ကြားလျောက်ကုန်၏။ မင်းကြီးသည် ထို ဂရုမမှု သီလ၌ စောင့်ရှောက်ဘည်နေဖြစ်စေလျက် ငါးပါးသော သိက္ခာသီလ တို့ကို ပြည့်စေ၏။ ထိုခဏ အလုံးစုံသော ကာလင်္ဂတိုင်း၌ မိုးသည် ရွာ၏။ သုံးပါးသော ဘေးတို့သည် ငြိမ်းပျောက်ကုန်၏။ တိုင်းနိုင်ငံသည် ငြိမ်းအေးချမ်းသာ ကောင်းစွာ ဝပြောသည် ဖြစ်၏။ ဘုရားအလောင်း သည်၊ အသက်ရှင်သမျှကာလပတ်လုံး ဒါနအစယို့ကုန်သော ကောင်းမှု တို့ကိုပြုလုပ်အားထုတ်၍ ပရိသတ်နှင့်တကွ နတ်ပြည်ကို ပြည့်စေ၏။မြတ် စွာဘုရားသခင်သည် ဤသို့သော အတိတ် ဇာတ်ကို ဆောင်တော်မူ၍။

ဇာတ်ပေါင်း ဂါထာ။

ဂဏိကာ ဥပ္ပလဝဏ္ဏာ၊ ပုဏ္ဏာ၊ ဒေါဂါရိကော တဒါ။
ရဇ္ဇုဂါဟော ကစ္စာယနော၊မောဂ္ဂလာနော ဒေဝဏမာပကော။ ။

သာရိပုတ္တော တဒါ သေဋ္ဌိ၊ အနုရုဒ္ဓေါ စ သာရထိ။
မြာဟ္မဏော ကဿပေါ ထေရော၊ ဥပရာဇာ နန္ဒပဏ္ဍိတော။ ။

မဟေသီ ရာဟုလမာတာ၊ မာယာဒေဝီ ဇနေတ္တိ စ။
ကုရုရာဇာ ဗောဓိသတ္တော၊ ဧဝံ ဓာရေထ ဇာတကံ။ ။

ဟူကုန်သော ဤဂါထာတို့ဖြင့် ဇာတ်တော်ကို ပေါင်းတော်မူ၏။

ဂါထာတို့၏ အနက်ကား။ ။ဘိက္ခဝေ၊ချစ်သားရဟန်းတို့။ တဒါ၊ ထိုအခါ၌။ ဂဏိကာ။ ပြည့်တန်ဆာမသည်။ ဋဒါနိ. ဤယခု အခါ၌။ ဥပ္ပလဝဏ္ဏာ၊ ဥပ္ပလဝဏ် မထေရ်မသည်။ အဟောသိ၊ ဖြစ်ပြီ။ တဒါ၊ ထိုအခါ၌။ ဒေါဝါရိကော၊ တံခါးဗိုလ်သည်။ ပုဏ္ဏော၊ ယခုအခါ၌ ပုဏ္ဏမထေရ်သည်။ အဟောသိ၊ ဖြစ်ပြီ။တဒါ၊ ထိုအခါ၌။ ရဇ္ဇုဂါဟော၊ မြေတိုင်းအမတ်သည်။ ကစ္စာယနော၊ ယခုအခါ ကစ္စည်းမထေရ်သည်။ အဟောသိ၊ ဖြစ်ပြီ။ တဒါ၊ ထိုအခါ၌။ ဒေါဏမာပကော၊ တင်းခြင် အမတ်သည်။ မောဂ္ဂလာနော၊ ယခုအခါ မောဂ္ဂလာန် မထေရ်သည်။ အဟောသိ၊ ဖြစ်ပြီ။

တဒါ၊ ထိုအခါ၌။ သေဋ္ဌိ၊ သေဋ္ဌေးကြီးသည်။ သာရိပုတ္တော၊ ယခုအခါ သာရိပုတ္တရာ မထေရ်သည်။ အဟောသိ၊ ဖြစ်ပြီ။ တဒါ။ ထိုအခါ၌။ သာရထိစ၊ ရထားထိန်းသည်ကား။ အနုရုဒ္ဓေါ၊ ယခုအခါ အနု–ရုဒ္ဓါမထေရ်သည်။ အဟောသိ၊ ဖြစ်ပြီ။ တဒါ၊ ထိုအခါ၌။ ဗြာဟ္မဏော။ ပုရောဟိတ်ပုဏ္ဏားသည်။ကဿပေါထေရော၊ ယခုအခါ ကဿမထေရ်သည်။ အဟောသိ၊ ဖြစ်ပြီ။ တဒါ၊ ထိုအခါ၌။ ဥပရာဇာ၊ အိမ်ရှေမင်းသည်။ အာနန္ဒ ပဏ္ဍိတော၊ယခုအခါ အာနန္ဒာ ပညာယှိသည်။အဟောသိ၊ ဖြစ်ပြီ။

တဒါ၊ ထိုအခါ၌။ မဟေသီ၊ မိဖုရားကြီးသည်။ ရာဟုလမာတာ၊ ယခုအခါ ရာဟုလမယ်တော် ယသော်ဓရာ မိဖုရားသည်။ အဟောသိ၊ ဖြစ်ပြီ။ တဒါ၊ ထိုအခါ၌။ ဇနေတ္တိစ၊ မယ်တော်သည်ကား။ မာယာဒေဝီ၊ ယခုအခါ မဟာမာယာ မိဖုရားကြီးသည်။ အဟောသိ၊ ဖြစ်ပြီ။ တဒါ၊ထိုအခါ၌။ဗောဓိသတ္တော၊ ဘုရားလောင်းဖြစ်သော။ကုရုရာဇာ၊ ကုရုမင်းသည်။ အဟမေဝ၊ ယခုအခါ သင်တို့ဆရာ ငါဘုရားသည် သာလျှင်။ အဟောသိ၊ ဖြစ်ပြီ။ ဧဝံဋုမိနာ နယေန၊ ဤသို့ ဆိုအပ်ခဲ့ပြီး

သောနည်းဖြင့်။ ဇာတကံ၊ ရှေးဦဖြစ်တတ် အကြောင်းဇာတ်ကို။ ဓာရေထ၊ နှစ်လုံးသွင်းထား လျှာဖျားနှတ်တက် ဆောင်ရွက် ကြကုန်လော့။ ဤကားအနက်။

မြတ်စွာဘုရားသည် ဇာတ်ကို ပေါင်းတော်မူပြီး၍ ချစ်သားရဟန်း၊ ဤသို့လျှင် ရှေးဦ ဖြစ်ကုန်သော ပညာယိုသည်တို့သည် အနည်းငယ် မျှလည်းဖြစ်သော အလို့အလိုသည် ဖြစ်ခဲ့သည် ရှိသော် မိမိ၏သီလ ပျက်စီးခြင်းဦ တွေးတောယုံမှားခြင်းကို ပြုကုန်ပြီ။ အသင်သည်ကား ငါကဲ့သို့ သဘောယိုသော မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်း ပြုပြီး၍ ပါဏာတိပါတကို ပြုလုပ်လျက် အလွန် ဝန်လေးသောအမှုကို ပြုဘိ၏။ ရဟန်းမည်သည် လက်တို့ဖြင့်လည်းကောင်း, ခြေတို့ဖြင့်လည်း ကောင်း, နှုတ်ဖြင့် လည်းကောင်း, စောင့်စည်းသည် ဖြစ်ရာ ၏ဟု မိန့်တော်မူပြီး၍။

ရဟန်းတော်အစစ်၏ အင်္ဂါကို ဖေါ်ပြသော
ပါဠိတော်ဂါထာ ဒေသနာ။

ဟတ္ထသံယတော ပါဒသံယတော၊
၀ါစာသံယတော သံယတုတ္တမော။
အဇ္ဈတ္တ ရတော သမာဟိတော၊
ဧကော သန္တုသိတော တမာဟု ဘိက္ခု။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံးဦ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏အနက်ကား။ ။ဟတ္ထသံယတော၊ လက်လှုပ်ကစား သူတပါးကို ပုတ်ခတ်ခြင်းစသည်တို့၏ မရှိသောအဖြစ်အားဖြင့် လက်၏ စောင့်စည်းခြင်းယို၏။ ပါဒသံယတော၊ ခြေလှုပ်ကစား သူတပါးကို ပုတ်ခတ်ခြင်းစသည်တို့၏ မရှိသော အားဖြင့် ခြေ၏ စောင့်စည်းခြင်း

ယှိ၏။ ဝါစာသံယတော၊ မုသာဝါဒ စသည်ပယ်ဖြုတ် နှုတ်၏စောင့်စည်းခြင်းယှိ၏။ သံယတုတ္တမော၊ ကိုယ်လှုပ် ခေါင်းထောင် မျက်မှောင်ဖေါက်ပြန် ဟန်ဆောင်အတု မပြုခြင်းကြောင့် မြတ်သော စောင့်-စည်းခြင်းယှိ၏။အဇ္ဈတ္တရတော၊ဂေါစရဇ္ဈတ္တဟု ဆိုအပ်သော ကမ္မဋ္ဌာန်းဘာဝနာ၌ မွေ့လျော်၏။ သမာဟိတော၊ ကောင်းစွာ တည်ကြည်၏။ ဧကော၊ အဖေါ်မလှောက် တယောက်တည်း နေလေ့ယှိသည်။ ဟုတ္ထာ၊ ဖြစ်၍။ သန္တုသိတော၊ ဝိပဿနာ အကျင့်မှစ၍ မိမိရအပ်သော တရားဖြင့် နှစ်သက်သော စိတ်ယှိ၏။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဘိက္ခု၊ ရဟန်းဟူ၍။ အာဟု၊ မိန့်ဆိုတော် မူကြကုန်၏။ ။ဤကား အနက်။

[ဤဝတ္ထုဝယ် အတိတ်ကိုဆောင်ရာ၌ တိက္ခပညာပုဂ္ဂိုလ်တို့အလိုကို ဖေါ်ပြသော အားဖြင့် အဌကထာ၌ အကျဉ်းသင်္ခေပ ဖေါ်ပြတော်မူသည်ကို မန္ဒပညာပုဂ္ဂိုလ်တို့ အလိုပြည့်ဝ သဘော ကျအောင် အကျယ်ဝိတ္ထာရ ဇာတ် အဌကထာမှ ထုတ်ဆောင်၍ ပြလိုက်သည်။ ဇာတ်ပေါင်း ဂါထာတို့တွင် ပထမဂါထာ စတုတ္ထပါဒဝယ် မမ္မပဒ အဌကထာမူတို့၌ "ဒေါဏမာပကော စ ကောလိတော" ဟု အချို့ယှိတတ်သည်။ ဤ၌ကား ဇာတ် အဌကထာပါဌ်အတိုင်း ရေးသားလိုက်သည်ဟုမှတ်။ ။ဤကားအမှာ]။

မမ္မပဒ၊ ဘိက္ခုဝဂ်၌ နှစ်ခုမြောက်သော ဟယ်ာကိုသတ်သော ရဟန်း၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရွေ့ပြီး၏။

၂၅-ဘိက္ခုဝဂ်၌၊ ၃-အဂ္ဂသာဝကအရှင်များအား ပြစ်မှားမိ၍ ပဒုမဝရဲသို့လားရသော ကောကာလိက၏ဝတ္ထု။

ယောမုခသံယတော။ ။အစယှိသော ဤမမ္မဒေသနာကို၊ ယုတ်မာကြမ်းကြုတ်၊ နှုတ်ထွက်ဆိုးသွမ်း၊ ဟော့ရမ်းလေသူ၊ ဝေနေလူတို့ကို၊ နယူပဒေသ၊ ရကြီးရအောင်၊ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်၊ ထင်ရှားကောင်းမွန်၊ ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်း

တော်မူလျက်သာ ကောကာလိကရဟန်းကို၊ ရည်မှန်းသမှု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်းအထူးပုဒ်တို အစဉ်ကား ၅၂ သို့တည်း။

၅၂ကောကာလိကရဟန်းသည် ကောကာလိကတိုင်း ကောကာလိကမြို့၌ ကောကာလိကသေဋ္ဌေး၏ သားဘည်ဖြစ်၍ ဃရာဝါသကိစ္စဖွဲ့နှောင် အိမ်ယာထောင်သော လူဘောင်မှ ရှောင်ခွါလျက် သာသနာတော်ထမ်း ရဟန်းပြုပြီးသည်ယို့သော် မိမိဘခင်ဖြစ်သောသေဋ္ဌေးကြီးသည် ဆောက်လုပ်စေအပ်သော ကျောင်း၌ ကိန်းအောင်းနေမျှလေသကတ်။

[၅၂ကောကာလိကသည် အမည်အားဖြင့် စူဠကောကာလိကမည်၏။ ဒေဝဒတ်၏ တပည့်ဖြစ်သော ကောကာလိက မဟုတ်။ ။ ထိုစကားသည်မှန်၏။ ဒေဝဒတ်၏ တပည့်ဖြစ်သော ထိုကောကာလိကသည် ပုဏ္ဏားဇာတ်၏သားဖြစ်သော မဟာကောကာလိကမည်၏။ ။ ၅၂ကားအမှာ။]

မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန ဇေတဝန်ရွှေကျောင်းတော်၌ ကိန်းအောင်း သီတင်းသုံးတော်မူသည်ယို့သော်၊ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် ဟူကုန်သော နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည် ငါးရာမျှ အတိုင်းရှည် ယို့ကုန်သော ရဟန်းတို့နှင့်အတူတကွ ဇနပုဒ် ဒေသစာရီလှည့်လည်ကြွမြန်းတော်မူကုန်လျက် ဝါကပ်ဆိုခြင်းငှါ နီးကပ်လာခဲ့သည် ယို့သော် ဆိတ်ငြိမ်သော နေခြင်းကို နေခြင်းငှါ အလိုယို့သောကြောင့် နောက်ပါလှည့်မြန်း ထိုရဟန်းတို့ကို ရှင်လန်းစေသောအား ပြောကြားစေလွှတ်လိုက်ပြီးလျှင် မိမိ သပိတ်သင်္ကန်းကို ယူဆောင်တော် မူကုန်၍ ထိုဇနပုဒ်၌ ကောကာလိကမြို့သို့ ရောက်၍ ထိုကျောင်းတိုက်သို့ လာကြကုန်၏။ ထိုကျောင်းတိုက်၌ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်အား ကောကာလိကသည် ဝတ်ကြီးဝတ်ငယ် အသွယ်သွယ် အမှုကို ပြုလုပ်ဆောင်ရွက်၏။ ထိုအရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့သည် ကောကာလိကနှင့် အတူတကွ

ဝမ်းမြောက်ဝမ်းသာ ပြောဆိုပြီးကြ၍ ငါ့ရှင် ကောကာလိက၊ ငါတို့သည် ဤအရပ်၌နေ့ သုံးလတို့ပတ်လုံး ဝါကပ်ဆို၍ နေကုန်အံ့။ အသင်သည် တစုံတယောက်သောသူအား မပြောကြား ပါလင့်ဟု ပဋိညာဉ်ကို ယူ၍နေမျှကုန်၏။ နေမျှတော်မူကုန်ပြီး၍ သိတင်းကျွတ်လပြည့် ပဝါရဏာနေ့၌ ပဝါရဏာ ပြုကုန်ပြီး၍ ငါ့ရှင်ကောကာလိက၊ ငါတို့သည် သွားကုန်တော့အံ့ဟု ပြောဆိုပြီးခါ ကောကာလိကကို ပန်ကြားကြကုန်၏။ ကောကာလိကသည် ငါ့ရှင်တို့၊ ယနေ့တရက်မျှကို ဆိုင်းငံ့နေမျှကုန်လျက် နက်ဖြန်ခါ၌ သွားပါကုန်လတ္တံ့ဟု တားမြစ်ပြောဆို၍ နှစ်ရက်မြောက်သောနေ့၌ မြို့သို့ကြွဝင်၍ လူတို့ကို ဒါယကာကို၊ အသင်တို့သည် ဤအရပ်သို့ ကြွလာကုန်၍ သိတင်းသုံးနေမျှကုန်သော အဂ္ဂသာဝကတို့ကိုလည်း မသိကြကုန်။ ထိုအဂ္ဂသာဝကတို့ကို တစုံတယောက်သော သူသည် ပစ္စည်းလေးပါးဖြင့်လည်း မကြားလျောက် မဖိတ်မန်ဟု ပြောဆို၏။ မြို၌နေသောသူတို့က အရှင်ဘုရား၊ မထေရ်တို့သည် အဘယ်မှာနည်း။ အဘယ်ကြောင့် အကျွန်ုပ်တို့အား မပြောကြားကုန်သနည်းဟု မေးလျောက် ကုန်သည်ယို့သော် ဒါယကာတို့အား ပြောကြားသဖြင့် အဘယ်အကျိုး ယို့အံ့နည်း။ မထေရ်ကြီး၏နေရာ၌ ထိုင်နေသိတင်းသုံးတော်မူကုန်သော နှစ်ပါးကုန်သော ရဟန်းတို့ကို အသင်တို့မမြင်ကုန်သလော။ထိုရဟန်းတို့သည် အဂ္ဂသာဝကတို့ပေတည်းဟု ပြောဆို၏။ ထိဒါယကာတို့သည် ဆောလျင်စွာ စုရုံးစည်းဝေးကုန်၍ ထောပတ်တင်လဲ စသည်တို့ကိုလည်း ကောင်း, သက်နှံးလျာပုဆိုး တို့ကိုလည်းကောင်း, ဆောင်ယူကုန်၏။ ကောကာလိကသည် ကြိုစည်၏။ အဘယ်သို့ ကြိုစည်သနည်းဟူမူ၊ အဂ္ဂသာဝကတို့သည် အတိုင်းထက်အလွန် အလိုနည်းကုန်၏။ နှုတ်မြွက်ပြောအပ် ဝိညတ်နှင့်စပ်ယှဉ်သော စကားဖြင့် ဖြစ်ပွါးလာသော လာဘ်ကိုမခံယူ မသာယာကုန်လတ္တံ့။မခံယူ မသာယာကုန်ဘဲ ကျောင်းနေရဟန်းအား ပေးလှူကုန်လေ့ဟူ၍ ပြောကုန်လတ္တံ့ဟု ကြိုစည်၏။ ကြိုစည်ပြီး၍ကား ရှေးရှု။ဆောင်အပ် ထိုထိုသော လာဘ်ကို ယူစေ၍ မထေရ်တို့၏အထံသို့ သွားလေ၏။ မထေရ်တို့သည် ဆောင်ယူအပ်

သော လာဘ်ကိုတွေ့မြင်ကုန်၍သာလျှင် ဤပစ္စည်းတို့သည် ငါတို့အား မအပ်ကုန်။ ကောကာလိကအားလည်း မအပ်ကုန်ဟု ကြံစည် ပယ်မြစ် တော်မူကုန်၍ ဖဂ္ဂြိတော်မူကုန်၏။

အဂ္ဂသာ၀ကတို့အား ရန်ငြိုးမဲ့ခြင်း။

ကောကာလိကသည် အဘယ်ကြောင့်လျှင် မိမိသည် မခံယူကုန်မူ၍ ငါ့အား‌လည်း မပေးလှူစေမူ၍ ဖဂ္ဂြိ ကုန်ဘိသနည်းဟု ပြစ်တင် ကဲ့ရဲ့ရန်ငြိုးမဲ့ခြင်းကိုဖြစ်စေ၏၊ထိုအရှင်သာရိပုတ္တရာ,အရှင်မောဂ္ဂလာန် တို့သည်လည်း မြတ်စွာ ဘုရား၏ အထံတော်သို့ သွားရောက် ကုန်၍၊ မြတ်စွာ ဘုရားသခင်ကို ရှိခိုးပြီးသော်၊ နောက်၌ တဖန် မိမိပရိသတ်ကို ခေါ်ယူ၍ ဇနပုဒ် ဒေသစာရီ လှည့်လည် ခြင်းကို လှည့်လည်တော် မူကုန်လျက် အစဉ်အတိုင်း အားဖြင့် ထိုကောကာလိကတိုင်း ထိုကောကာလိကမြို့သို့သာလျှင် တဖန်ကြွလာတော်မူပြန်ကုန်၏။ မြို့၌နေသော လူတို့သည် မထေရ်တို့ကို မှတ်မိကုန်သောကြောင့် ပရိက္ခရာတို့နှင့် တကွ အလှူကို စီရင် ပြီးလျှင် မြို့၏အလယ်၌ မဏ္ဍပ်ကို ဆောက်လုပ်၍ အလှူကို ပေးလှူကြကုန်၏။မထေရ်တို့အား‌လည်း ပရိက္ခရာတို့ကိုကြည်ညိုဖွယ်ပျပ် ချဉ်းကပ်ပေးလှူကုန်၏။မထေရ်တို့က ရဟန်းသံဃာအား ဆောင်နှင်းစေ ကုန်၏။ ထိုသို့သော အခြင်းအရာကို မြင်သည်ယှိသော် ကောကာလိက သည် ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်းဟူမူ၊ ဤမထေရ်တို့သည် ရှေးအခါ၌ အလိုနည်းသည်ဖြစ်ကုန်၏။ ဤယခုအခါ၌ ယုတ်မာပျက်စီး အလိုကြီးသည်ဖြစ်ကုန်၏။ ရှေး၌လည်း အလိုနည်းသည် ရောင့်ရဲလွယ် သည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်သည်နှင့် အလားတူစွာ မာယာ မြွက် ထောင် ဟန်ဆောင် ပြုလုပ်ကုန်ယောင်တကား‌ဟု ကြံစည်၏။ ကြံစည် ပြီး၍ကား မထေရ်တို့သို့ ချဉ်းကပ်၍ ငါ့ရှင်တို့၊ အသင်တို့သည် ရှေး အခါ၌ အလိုနည်းဘိသကဲ့သို့ ဟန်ဆောင် ပြုမူကုန်၏။ ဤယခုအခါ၌ ကား ယုတ်မာသော ရဟန်းတို့သည်ဖြစ်ကုန်ပြီဟုပြောဆို၍ အကြောင်း ရင်းဖြစ်သော နေရာ၌သာလျှင် ထိုမထေရ်တို့၏ တည်ရာကို ဖျက်ဆီး ဖြတ်တောက်တော့အံ့ဟု ကြံစည်ပြီးလျှင် ဆောဆောလျင်လျင် ရှောင်

တခင်သဘော ပြောဆိုသောနေရာမှထွက်ခဲ့ပြီးသော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့သွား၍ အကြင်အရပ်ဌာန်၌မြတ်စွာဘုရားသည် သီတင်းသုံး စံနေတော်မူ၏။ ထိုမြတ်စွာဘုရား သီတင်းသုံးစံနေတော်မူရာအရပ်သို့ချဉ်းကပ်လေ၏။ချဉ်းကပ်ပြီး၍ မြတ်စွာဘုရားကိုလက်အုပ်ချီမိုးရှိခိုး၍ သင့်ကင့် လျောက်ပတ်သောအရပ်၌ ထိုင်နေ၏။ သင့်တင့်လျောက်ပတ်သောအရပ်၌ ထိုင်နေပြီးသော ကောကာလိကမည်သော ရဟန်းသည် မြတ်စွာဘုရားကို ဤသို့သောစကား လျောက်ကြား၏။ ။ အဘယ်သို့သောစကား လျောက်ကြားသနည်း ဟူမူ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ သာရိပုတ္တရာ, မောဂ္ဂလာန်တို့သည် ယုတ်မာသော အလိုယိုပါကုန်၏။ယုတ်မာသောသူတို့၏ အလိုတို့သို့ လိုက်ပါသွားရောက်ကုန်သည်ဟု ကြားလျောက်၏။ ဤသို့ ကြားလျောက်သည်ယင်သော် မြတ်စွာဘုရားက ကောကာလိက ရဟန်းကို ကောကာလိက၊ ဤသို့မပြောဆိုလင့်။ ကောကာလိက၊ ဤသို့မပြောဆိုလင့်။ ကောကာလိက၊ သာရိပုတ္တရာ မောဂ္ဂလာန်တို့၌ စိတ်ကို ကြည်လင်ပို့စေလော့။ သာရိပုတ္တရာ, မောဂ္ဂလာန်တို့သည် သီလကို ချစ်မြတ်နိုးသော ပုဂ္ဂိုလ်တို့ပေတည်းဟု မိန့်တော်မူ၏။ ကောကာလိကရဟန်းသည် နှစ်ကြိမ်မြောက်သုံးကြိမ်မြောက်တိုင်အောင် ရှေးနည်းအတူ လျောက်ကြား၏။ မြတ်စွာဘုရားသည်လည်း ရှေးနည်းအတူ မြစ်ပယ်ဆုံးမတော်မူ၏။

ကောကာလိက ပဒုမငရဲသို့ကျခြင်း။

မြစ်ပယ်ဆုံးမခြင်းအကြောင်း သော်ကား။ ။မြတ်စွာဘုရားသည် ဆောဆော လျင်လျင် ရှောင်တခင် ရှေးရှုလာသော ထိုကောကာလိကရဟန်းကို မြင်၍သာလျှင် ဆင်ခြင်တော်မူသည်ယင်သော်၊ ဤကောကာလိကသည် အဂ္ဂသာဝကတို့ကို ဆဲရေးရေရွတ်ခြင်းငှါ အလိုယိုသည်ဖြစ်၍ လာသည်ဟု သိတော်မူ၏။ တားမြစ်ခြင်းငှါ စွမ်းနိုင် အံ့လောဟု ဆင်ခြင်တော်မူပြန်သည်ယင်သော်၊ တားမြစ်ခြင်းငှါ မစွမ်းနိုင်၊ မထေရ်တို့၌ ပြစ်မှား၍ သေလွန်ခြင်းကို ပြုသည်ယင်သော်၊ စင်စစ်အားဖြင့် ပဒုမငရဲ၌ ဖြစ်လတ္တံ့ဟု မြင်တော်မူ၏။ မြင်တော်မူပြီး၍ကား သာရိ-

ပုတ္တရာ့ မောဂ္ဂလာန်တို့ကို အလွန် အကဲ ကဲ့ရဲ့ ရှုတ်ချကာ စကားကို ကြားတော်မူပါလျက် မြတ်စွာ ဘုရားသည် မကားမြစ်လေဟု စွပ်စွဲ ပြောဆိုအံ့သည်မှ လွတ်ခြင်း အကျိုးငှါ လည်းကောင်း၊ အရိယာ ပုဂ္ဂိုလ်ကို ပြောဆို စွပ်စွဲခြင်း၏ ကြီးကျယ်သောအပြစ်ရှိသော အဖြစ်ကို ပြုခြင်းအကျိုးငှါ လည်းကောင်း၊ သုံးကြိမ် တိုင်အောင် တားမြစ် ဆုံးတော်မူသတည်း။ ။ထိုအခါ ကောကာလိက ရဟန်းသည် မိမိ လျှောက်ကြားသော စကားကို မြတ်စွာဘုရားက တားမြစ်ဆုံးမတော် မူသည် ယှိသော် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုး ပြီးသော် လက်ျာရစ် လှည့်လည်သည်ကိုပြု၍ ဖဲသွားလေ၏။ ဘုရား မျက်မှောက် လွတ်လောက်နေရာ ကျရောက်လာသဖြင့် မကြာမြင့်မီ ဖဲသွားသော ထိုကောကာလိက ရဟန်းအား မုန်ညင်းစေ့ မျှလောက် ကုန်သော အိုင်း အမာ တို့သည် တကိုယ်လုံး ပေါက်ရောက် တွေ့ထိသည် ဖြစ်၏။ ထို အိုင်း အမာတို့သည် မုန်ညင်းစေ့ ခန့်မျှ မှ တက်ကြွ ကြီးမြောက် ပဲနောက်ပမာဏ ပဲစင်းငုံစေ့ပမာဏ အိမ်ဆီးစေ့ပမာဏ သျစ်သျား သီးပမာဏ ဥသျစ်သီးကင်းပမာဏ ဝါးမျစ်ဖျားပမာဏအစဉ်အတိုင်း တက်ကြွ တိုးပွားကုန်၏။ ဝါးမျစ်ဖျား ပမာဏ တက်ကြွ တိုးပွားပြီး နောက် ပေါက်ကွဲကုန်သည် ဖြစ်၍ သွေးပြည် ယိုစီးကုန်၏။ ဇေတဝန် ကျောင်းတော်၏ အထွက် တံခါးမုခ်၌ စက်ဆုပ်ဘွယ်ရာ အနာရောဂါ ကို ခံစားလျက် ငြီးတွားနေလျက် ငှက်ပျောဖက်တို့၌ အိပ်နေရသော ကောကာလိက ရဟန်းသည် ထိုအနာရောဂါဖြင့် သာလျှင် သေလွန် ခြင်းကိုပြုရလေ၏။ သေလွန်ခြင်းကိုပြုသော ကောကာလိကရဟန်းသည် အရှင်သာရိပုတ္တရာ့ အရှင်မောဂ္ဂလာန် တို့၌ စိတ်ကို အမျက်ဖြစ်ပွား ပြစ်မှားချုတ်ချယ်စေ၍ ပဒုမငရဲ၌ ဖြစ်ရလေ၏။

ကောကာလိက ရဟန်းသည် ပဒုမငရဲ၌ ဖြစ်သည် ယှိသော် တရား သဘင်၌ ငါ့ရှင်တို့၊ ကောကာလိကရဟန်းသည် မိမိ၏ ခံတွင်း ပြောဆို မှုကို အမှီပြု၍ ပျက်စီးခြင်းသို့ရောက်ရလေ၏။ သြော်- အံ့သြဘွယ် ယှိစွ။ ထိုစကားမှန်၏။ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့ကို ဆဲရေး ရေရွတ် သည်သာလျှင်ဖြစ်သော ထိုကောကာလိကရဟန်းအား ဤမြေကြီးသည်

၆၄ မမ္မပဒဝတ္ထုတော်ကြီး။ (ဆရာတော်-အသျင်စန္ဒိမာမ)။

ငရဲကျရောက် အပေါက်အခွင့်ကို ပေးလေ၏ဟူသော စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာပြီးလျှင် ချစ်သားရဟန်းတို့၊ ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြား ထိုင်နေကုန်ဘိသနည်းဟု မေးတော်မူ၍ ဤမည်ယှိသော အကြောင်းပါဟု ကြားလျှောက်သည်ယှိသော် ချစ်သားရဟန်းတို့၊ ဤယခုအခါ၌သာ မဟုတ်သေး၊ ရှေးလွန်လေပြီးသော အခါ၌လည်း ကောကာလိက ရဟန်းသည် မိမိ၏ နှုတ်ခံတွင်းကို မစောင့်စည်းမှ အမှီပြု၍ ပျက်စီးဘူးသည့် သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ထိုသို့သော အကြောင်း ဖြစ်ရာကို ကြားနာခြင်းငှါ အလိုယှိကုန်သော ရဟန်းတို့သည် တောင်းပန်အပ်သောကြောင့် ထိုအကြောင်းကို ထင်ရှား ပြခြင်းအကျိုးငှါ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တ မင်းကြီးသည် မင်းအဖြစ်ကို ပြုသည်ယှိသော် ဘုရား အလောင်းတော်သည် အမတ်အမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သောအခါ ထိုပြည်၌ရှင် မင်းမြတ်၏ ကြောင်းကျိုး နှစ်ရပ်ကို ဆုံးမတတ်သော အမတ်ကြီးသည် ဖြစ်၏။ ထိုမင်းကြီး သည်ကား များစွာစကား ပြောကြား မြွက်ဆိုလေ့ ယှိသည် ဖြစ်၏။ ထိုမင်းဖျားသည် စကားပြောဆိုသည် ယှိသော် တပါးသော သူတို့ စကားပြောဆိုရခြင်း၏ အခွင့်မသည်သည်မယှိ။ ဘုရား အလောင်းတော်သည် ထိုမင်းမြတ်၏ သတ်မှတ်နှိုင်းရသည့် အတိုင်း အရှည်ကို လွန်သောအားဖြင့် ထိုများစွာ စကားပြောဆိုသည်ကို မြစ်ပယ်ခြင်းငှါ အလိုယှိသည်ဖြစ်၍ တခုသော အကြောင်းကို စည်းစောင်း ရှာမှီးလျက် လှည့်လည်၏။ ထိုအခါ၌ ဟိမဝန္တာအရပ်ဝယ် တခုသော ရေအိုင်၌ တကောင်သောလိပ်သည်နေ၏။ နှစ်ကောင်သော ဟင်္သာငယ်တို့သည် ကျက်စားခြင်းငှါ လှည့်လည်ကုန်သည်ယှိသော် ထိုလိပ်နှင့် အတူတကွ ချစ်ကျွမ်းဝင်ခြင်းကို ပြု၍ မြမြဖွံ့ရစ် ချစ်ကျွမ်းဝင် ကုန်သည် ဖြစ်သောကြောင့် တနေ့သော အခါ၌ ဟင်္သာငယ်တို့က ထိုလိပ်ကို အဆွေ၊ ဟိမဝန္တာဝယ်စိတ္တကူဋကောင်ခြေ ရွှေဂူလိုဏ်၌ ငါတို့၏ နေရာ အရပ်

သည် မွေ့လျော်ဘွယ်ယှိသော အရပ်ပေတည်း။ ငါတို့နှင့် အတူတကွ အသင်သည် သွားလတ္တံ့လော ဟု မေးကုန်၏။ အရှင်၊ အကျွန်ုပ်သည် အဘယ်သို့ သွားနိုင်အံ့နည်းဟု လိပ်က ပြောဆိုသည် ယှိသော် အသင်သည် ခံတွင်းကို စောင့်ရှောက်ခြင်းငှါ အကယ်၍ စွမ်းနိုင်သည် ဖြစ်အံ့။ ငါတို့သည် အသင့်ကို ဆောင်ကုန်အံ့ ဟု ပြောဆို ကုန်၏။ အရှင်၊ အကျွန်ုပ်သည် နှုတ်ခံတွင်းကို စောင့်ရှောက်ပါအံ့။ အကျွန်ုပ်ကို ယူ၍ သွားကုန်လော့ ဟု ပြောဆိုသောအခါ ထိုဟင်္သာငယ်တို့က ကောင်းလှပြီဟု ဝန်ခံပြောဆိုကြ၍ တခုသော တုတ် လှံ ကန်ကို လိပ်ကို ကိုက်စေ၍ မိမိတို့သည် ထိုတုတ် လှံ ကန်၏ နှစ်ဘက်ဖြစ်သော အစွန်းတို့ကို ကိုက်ချီ၍ ကောင်းကင် သို့ ပျံသွားကုန်၏။ ထိုသို့သော အခြင်း အရာဖြင့် ဟင်္သာတို့ ဆောင်ယူအပ်သော ထိုလိပ်ကို ရွာသူ သားငယ်တို့သည် တွေ့မြင်ကြ၍ နှစ်ကောင်သော ဟင်္သာ တို့သည် လိပ်ကို တုတ်လှံ ကန်ဖြင့် ဆောင်ယူ ကုန်၏ ဟု ဟစ်အော် ပြောဆို ကုန်၏။ လိပ်သည် ငါ့ကို အပေါင်း အဖော် ဖြစ်ကုန်သော ဟင်္သာ တို့သည် အကယ်၍ကား ဆောင်ကုန်၏။ ဟယ်-ကျွန်ယုတ်တို့၊ ဤသို့ဆောင်ယူရာ၌ အသင်တို့အား အဘယ်သို့ ဖြစ်သနည်းဟု ပြောဆိုခြင်းငှါ အလိုယှိသည် ဖြစ်၍ နှုတ်ခံတွင်းကို ဖွင့်လိုက်သည်ယှိသော် ဟင်္သာတို့၏ လျင်သောအဟုန် ယှိသည် အဖြစ်ကြောင့် ဗာရာဏသီမြို့ဝယ် မင်းအိမ်နန်းတော်၏ အထက်အဘို့သို့ ရောက်သောသော အခါ၌ ကိုက်ခဲ၍ ထားရာအရပ်မှ တုတ်လှံကန်ကို လွှတ်၍ ကောင်းကင်ပြင်၌ တည်နေ တန့်ရပ်ရာမရ၊ မြေကြီးထက်၌ ကျ၍ နှစ်ဖြာကွဲပျက် အသက်သေဆုံးရလေ၏။လိပ်သည် ကောင်းကင်မှ ကျ၍နှစ်ဖြာကွဲပျက် အသက်သေဆုံးသည် ဟူသော တပြိုင်နက် တည်းသော အုတ်အုတ်ကျက်ကျက်သည် ဖြစ်၏။ မင်းကြီးသည် ဘုရား အလောင်းတော်ကို ခေါ်ယူ၍ အမတ်အပေါင်း ခြံရံလျက် ထိုအရပ်သို့ သွားပြီးသော် လိပ်ကို ကြည့်ရှုတွေ့မြင်၍ ဘုရားအလောင်းတော်ကို အို-ပညာယှိ၊ အဘယ်သို့သော အမှုကိုပြု၍ ဤလိပ်သည် ကျရ လေသနည်းဟု မေးတော်မူ၏။ ဘုရား အလောင်းတော်သည် "တောင့်တသည်ကား ကြာမြင့်ပြီ၊ ငါသည်

မင်းကြီးကို ဆုံးမခြင်းငှါ အလိုယှဉ်သည်ဖြစ်၍ အကြောင်းကို စူးစမ်းလျက် လှည့်လည်ခဲ့၏။ ဤလိပ်သည် ဟင်္သာတို့နှင့် အတူကကွ ချစ်ကျွမ်းဝင်ခြင်းကို ပြုသည် ဖြစ်လတ္တံ့။ ထိုဟင်္သာတို့သည် ဤလိပ်ကို ဟိမဝန္တာသို့ ဆောင်ကုန်အံ့ဟု တုက်လှံကန်ကို ကိုက်ခဲစေ၍ ကောင်းကင်သို့ ပျံသွားသည်တို့ဖြစ်ကုန်ရာ၏။ထိုအခါ ဤလိပ်သည် တစုံတယောက်သော သူ၏ စကားကြား၍ မစောင့်စည်းသော နှုတ်ခံတွင်း ယှိသည်အဖြစ်ကြောင့် တစုံတခုကိုပြောဆိုခြင်းငှါ အလိုယှိသဖြင့် ကိုက်ထားသောတုတ်လှံကန် လွှတ်သည် ဖြစ်လတ္တံ့။ ဤသို့ လွှတ်ခြင်းကြောင့် ကောင်းကင်မှ ကျ၍ အသက်ကုန်ခြင်းသို့ ရောက်သည် ဖြစ်ပေရာ၏''ဟုကြံစည်၍ မြတ်သော မင်းကြီး၊ သြဝ်-ဟုတ်မှန်ပေ၏။ ပြောဆိုစကား အပိုင်းအခြား မထင် အစဉ်ငမ်းငမ်း အလွန်နှုတ်ကြမ်းသောသူတို့သည် ဤသို့သဘောယှိသော ဆင်းရဲသို့ ရောက်ကုန်သည်သာ လျှင်တည်းဟု ပြောဆိုပြီး၍။

အပြစ်မရှိသော စကားကို အပိုင်းအခြား အခါကာလကို ကြည့်ရှု၍ ပြောရမည်ဟု ဖော်ပြသောဂါထာ။

အဝဓိ ဝတ အတ္ထာနံ၊ ကစ္ဆပေါ သော ပဗျာဟရုံ။
သုဂဟိတသ္မိံ ကဋ္ဌသ္မိံ၊ ဝါစာယ သကိယာဝဓိ။ ။
တေံပိ ဒိသွာ နရဓိရသေဋ္ဌ၊ ဝါစံ ပမုဉ္စ ကုသလံ နာတိဝေလံ။
ပဿသိ ဗဟုကာဏေန၊ ကစ္ဆပံ ဗျသနံ ဂတံ။

ဟူသော ဤနှစ်ဂါထာတို့ကို ရွတ်ဆို၏။

ဂါထာတို့၏ အနက်ကား။ ။မဟာရာဇ၊ မြတ်သောမင်းကြီး။ သောကစ္ဆပေါ၊ နှစ်ဖြာကွဲကျ သေလွန်ရသော ထိုလိပ်သည်။ သုဂဟိတသ္မိံ၊ ခံတွင်းဖြင့်သော ကောင်းစွာကိုက်ချို၍ ယူအပ်သော။ ကဋ္ဌသ္မိံ၊ ဟင်္သာချို့ တုတ်လှံကန်၌။ ပဗျာဟရုံ-ပဗျာဟရန္တော၊ နှုတ်ခံတွင်းကို စောင့်စည်းခြင်း မထား စကားပြောဆိုခြင်းကြောင့်။အတ္ထာနံ၊ မိမိကိုယ်ကို။ အဝဓိပတာ၊ သတ်ဖြတ်လေသည်ဟု အကျွန်ုပ် ကြံစည်မိ၏။ သကိယာ၊ မိမိဥစ္စာဖြစ်သော။ ဝါစာယ၊ စကားဖြင့်။ အတ္ထာနံ၊ မိမိကိုယ်ကို။ အဝဓိ၊ မိမိပင် သတ်ခဲ့လေ၏။

နရဝီရသေဌ၊လူအပေါင်းတို့တွင် မြတ်သောလုံ့လ ယှိတော်မူသော အရှင်မင်းမြတ်။ပုရိသော၊ပညာယှိသော ယောက်ျားသည်။ ဧတံပိကာရဏံ၊ ထိုသို့သော အကြောင်းကိုလည်း။ ဒိသွာ၊ သိမြင်၍။ ကုသလံဝါစံ၊ ဟုတ်မှန်သည့် အဖြစ် အပြစ်လွတ်ကင်း သန့်ရှင်းသော စကားကိုသာလျှင်။ ပမုဥ္စေ၊ ဖွင့်လွှတ် ပြောဆိုရာ၏။ တသ္မိံပိ၊ ထိုအပြစ်လွတ်ကင်း သန့်ရှင်းသော စကား၌လည်း။ အတိဝေလံ၊ ပိုင်းခြားမရ အခွင့်ကာလကို လွန်စေ၍။ ဝါ၊ အခွင့်ကာလလွန်သော စကားကို။ **နပမုဥ္စေ၊** မပြောမဆိုရာ။ဗဟုဘာဏေန၊များစွာစကား ပြောကြားခြင်းကြောင့်။ ဗျသနံဂတံ၊မြေသို့ကျသက် ပျက်စီးခြင်းသို့ ရောက်ရသော။ ကစ္ဆပံ၊ လိပ်ကို။ တွံ၊ အရှင်မင်းမြတ်သည်။ ပဿသိ၊ စေ့စေ့ ၄၄ ကြည့်ရှုတော်မူပါလော့။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။မြတ်သော မင်းကြီး၊ နှစ်ဖြာကွဲကျ သေလွန်ရသော ထိုလိပ်သည် ခံတွင်းဖြင့်သာ ကောင်းစွာ ကိုက်ချီ၍ ယူအပ်သော ဟင်္သာချီပျံ တုတ်လှံကန်၌ နှုတ်ခံတွင်းကို စောင့်စည်းခြင်းမထား စကား ပြောဆိုခြင်းကြောင့် မိမိကိုယ်ကို သတ်ဖြတ်လေသည်ဟု အကျွန်ုပ် ကြံစည်မိ၏။ မိမိဥစ္စာဖြစ်သော စကားဖြင့် မိမိကိုယ်ကို မိမိပင် သတ်ခဲ့လေ၏။ ။လူအပေါင်းတို့တွင် မြတ်သော လုံ့လ ယှိတော်မူသော အရှင်မင်းမြတ်၊ပညာယှိသော ယောက်ျားသည် ထိုသို့သော အကြောင်းကိုလည်း သိမြင်၍ဟုတ်မှန်သည်အဖြစ် အပြစ်လွတ်ကင်း သန့်ရှင်းသော စကားကိုသာလျှင် ဖွင့်လွှတ် ပြောဆိုရာ၏။ ထိုအပြစ်လွတ်ကင်း သန့်ရှင်းသော စကား၌လည်း ပိုင်းခြားမရ အခွင့်ကာလကို လွန်စေ၍ အခွင့်ကာလလွန်သော စကားကို မပြောဆိုရာ။ ပျားစွာစကား ပြောကြားခြင်းကြောင့် မြေသို့ ကျသက် ပျက်စီးခြင်းသို့ ရောက်ရသောလိပ်ကို အရှင်မင်းမြတ်သည် စေ့စေ့ ၄၄ ကြည့်ရှုတော်မူပါလော့ဟု ပြောဆိုလျှောက်တင်၏။ မင်းကြီးသည် ထိုအခါမှစ၍ ပျားစွာစကား ပြောကြားခြင်းမှ ကြဉ်ရှောင်လျက် ပညာဖြင့်မြော်တွေး ငြိမ့်လေးသက်သာ ကောင်းစွာပြောဆိုလေ့ ယှိသည်ဖြစ်၏။ မြတ်စွာဘုရားသခင်သည် ဤသို့သော တရားဒေသနာတော်ကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့၊

၆၈ ဓမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမှ)။

ထိုအခါ၌ နှစ်ဖြာကွဲဖြ သေလွန်ရသော လိပ်သည် ဤယခုအခါ ကော ကာလိက ဖြစ်လာ၏။ ထိုအခါ လိပ်ကိုချီဆောင် နှစ်ကောင်သော ဟင်္သာတို့သည် ဤယခုအခါ နှစ်ပါးကုန်သော အဂ္ဂသာဝက- မဟာ ထေရ်တို့ ဖြစ်လာကုန်၏။ ထိုအခါဝယ် စကား ပြောကြားလေ့ယို့သော မင်းကြီးသည် ဤယခုအခါအာနန္ဒာဖြစ်လာ၏။ ထိုအခါ အမတ်ပညာ ယိုသည် ဤယခုအခါ ငါဘုရားသည်သာလျှင်တည်းဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။ ။ဒုကနိပါတ်၌ ဤသို့သော ဗဟုဘာကိဇာတ်ကို အကျယ်ဝိတ္ထာရ ဟောပြတော်မူပြီး၍ ချစ်သား ရဟန်းတို့၊ ရဟန်း မည်သည် နှုတ်ခံတွင်းကို စောင့်စည်းခြင်းယို့သဖြင့် သိမ်မွေ့ချောညက် ငြိမ်သက်စွာ ကျင့်လေ့ယို့သဖြင့် ပျံလွှင့်ကင်းဝေး ငြိမ်းအေးသောစိတ်ယို့ သဖြင့် ဖြစ်ပေရာ၏ဟု မိန့်တော်မူပြီး၍။

နှုတ်ထွက်မဆိုး အကျိုးများသော စကားမျိုးကို ဖေါ်ပြသော
ပါဠိတော်ဂါထာ ဒေသနာ
ယော မုခသံယတော ဘိက္ခု၊မန္တဘာဏီ အနုဒ္ဓတော။
အတ္ထံ ဓမ္မဉ္စ ဒီပေတိ၊ မဓုရံ တဿ ဘာသိတံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာ ပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏ အနက်ကား။ ။ယောဘိက္ခု၊ အကြင်ရဟန်းသည်။ မုခ သံယတော၊ ကျွန်ုပ်နှုတ်စကားပြထားသမုတ် အမျိုးယုတ်ကိုသော်လည်း ကြမ်းကြုတ်မွဲကဲ့လို မဆိုမပွင့် နှုတ်ဖြင့်စောင့်စည်း၏၊ မန္တာဘာဏီ၊ ရွေ- နောက် နှစ်ပြင် သိမြင်တတ်စွာ ပညာဖြင့်ပြောဆိုလေ့ယို့၏။အနုဒ္ဓတော၊ ပျံလွှင့်ခြင်း ကင်းဝေးလျက် ငြိမ်းအေးသော စိတ်ယို့၏။အတ္ထဉ္စ၊ပြောဆို မြွက်ကြား စကား အနက်ကို လည်းကောင်း။ ဓမ္မဉ္စ၊ ဒေသနာပါဠိကို လည်းကောင်း။ ဒီပေတိ၊ ပြောဆိုဖေါ်ပြ၏။ တဿ ဘိက္ခု၊ နော၊ ထို ရဟန်း၏။ ဘာသိတံ။ ပါဠိ,အနက် နှစ်ချက်ဖြစ်ပြား ပြောဆိုသော

စကားသည်။ မဓုရံ၊ အထူးအချွန် ကောင်းမွန်သာယာလှပေ၏။ ဤကားအနက်။

ဓမ္မပဒ၊ ဘိက္ခုဝဂ်၌ သုံးခုမြောက်သော ကောကာလိက၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရွေပြီး၏။

၂၅-ဘိက္ခုဝဂ်၌၊ ၄-ဓမ္မဥာနံဓမ္မပဒိုပတ်ဖြင့် ဟူဇေဝ်သော ဓမ္မဥာရာမ မထေရ်၏ဝတ္ထု။

ဓမ္မဥာရာမေဥ။ ။အစယျိသော ဤဓမ္မဒေသနာကို၊ အဝိဇ္ဇာ မော ဟာ၊ လှည့်ပတ်ကြသဖြင့်၊ ကြီးစွဉ့်ပေါ်ဖြစ်၊ မိမိအပြစ်ကို၊စိစစ်မသိ၊ မရှိဖြစ်ပွါး၊ သူတပါးကို၊ ပြစ်မှားကဲ့ရဲ့တတ်သော သတ္တဝါအပေါင်းတို့ကို ကောင်းစွာဆုံးမတော်မူတတ်သော မြတ်စွာဘုရား သခင်သည်၊ အစဉ်ဝင်းလျှပ်၊ ကျောင်းမြတ် ဇေတဝန်၌၊ လေးမွန် ယာပဃ၊ မျှတာတော်မူလျက်သာ၊ ဓမ္မဥာရာမ မထေရ်ကို၊ ဦးတည်ပေါင်းစု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်းအထူးပုဗ္ဗိ အစဉ်ကား ဤသို့တည်း။

လူနတ်ဗြဟ္မာ သတ္တဝါသို့၏ ဆရာတဆူ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤအခါမှနောက် လေးလမြောက်ကို လွန်သဖြင့် ငါဘုရား သခင် ပြည်ခွင်နိဗ္ဗာန်သို့ ဝင်စံကြွသွားသည် ဖြစ်လတ္တံ့ဟု ပြောကြား မိန့်ဆိုတော်မူသည်ယှိသော် အထောင်မက များစွာ့ သောင်းသောင်း ရဟန်းအပေါင်းတို့သည် ဆရာဖြစ်တော်မူသော မြတ်စွာဘုရားကို နီးပါးမပြတ် ဝန်းပတ်ခြံရံကုန်၍ လှည့်လည်ကုန်သတတ်။ ထိုရဟန်းအပေါင်းတို့တွင် ဆယ်ဖြာ သံယောဇဉ် မကုန်စင်သော ပုထုဇဉ် ရဟန်း တို့သည် ပင်ပန်းညှိုးပိန် စိုးရိမ်ကျထွက် မျက်ရည် စက်တို့ကို ဖျောက်ဖျက် တည်တံ့စေခြင်းငှါ မစွမ်းနိုင်ကုန်။ အာသဝေါကုန်ခန်း သောရဟန္တာတို့အား မူကား တရားသဖြင့် တွေးချင့် တုန်လှုပ် ခြင်းဟု ဆိုအပ်သော ဓမ္မသံဝေဂသည် ဖြစ်၏။ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော ရဟန်းတို့သည်လည်း အဘယ်သို့ ပြုရပါကုန်အံ့ နည်း ဟု တိုးတိုး-

စကား ပြောကြားသမှု အစုအစုဖွဲ့သဖြင့် လှည့်လည်ကုန်၏။ ဓမ္မာရာမ အမည်ယှိသော တပါးသော ရဟန်းတော်သည်ကား တိုင်ပင် ဆွေးနွေးသော ရဟန်းတို့၏ အထံသို့ မချဉ်းကပ်။ ရဟန်းတော်တို့က ငါ့ရှင် ဓမ္မာရာမ၊ အကြောင်းအသို့နည်းဟု ပြောဆိုသည်ယှိသော် အကြောင်းပြန်ကြား စကားတုံမျှကိုလည်း မပေးမူ၍ "ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် လေးလကို လွန်မြောက်သဖြင့် ပရိနိဗ္ဗာန်ဝင်စံကြွသွားတော် မူတော့သတတ်။ ငါသည်လည်း တပ်ခြင်းရာဂ မကင်းပသေးဖြစ်ခဲ့၏။ မြတ်စွာဘုရား သက်တော်ထင်ရှားယှိစဉ်သာလျှင် အားထုတ်သမှု လုံ့လပြု၍ အရဟတ္တဖိုလ်သို့ ရောက်အံ့" ဟု ကြံစည်ပြီးသော် အဖော်မလှောက် တယောက်ထီးတည်းသာလျှင် နေမျှလျက် မြတ်စွာဘုရား ဟောကြားတော် မူအပ်သော တရားတော်ကို ကြံစည်ဆင်ခြင်အစဉ်မပြတ် အောက်မေ့၏။ ရဟန်းတို့သည် မြတ်စွာဘုရားအားကြားလျှောက်ကုန်၏။ အဘယ်သို့ ကြားလျှောက်ကုန်သနည်း ဟူမူ၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဓမ္မာရာမ မည်သော ရဟန်းအား အရှင်ဘုရားတို့၌ ချစ်ခင်ခြင်းမျှလည်းမယှိ၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံတော်မူတော့သတတ်။ အဘယ်သို့ ပြုရပါကုန်အံ့နည်းဟု တပည့်တော်တို့နှင့်အတူတကွ မြွက်ဟစောကြော နှီးနှောခြင်းမျှကိုလည်း မပြုဟု ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုဓမ္မာရာမ မထေရ်ကို ခေါ်စေ၍ ချစ်သားရဟန်း၊ အသင်သည် ဤသို့ ပြုလုပ်ဘိသော ဟူသည် ဟုတ်မှန်ပေသလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဟုတ်မှန်ပါသည်ဟု လျှောက်ကြားသည် ယှိသော် အဘယ် အကြောင်းကြောင့် ဤသို့ ပြုလုပ်ဘိသနည်းဟု မေးတော်မူပြန်၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားတို့သည် ဤအခါမှ နောက်လေးလကို လွန်မြောက်သဖြင့် ပရိနိဗ္ဗာန် စံဝင်တော်မူတော့ကုန်သတတ်။ တပည့်တော် သည်လည်း မကင်းစင်သေးသော ရာဂယှိသည် ဖြစ်ခဲ့ပါ၏။ အရှင်ဘုရားတို့သည် သက်တော်ထင်ရှား ယှိကုန်လျက်သာလျှင် အရဟတ္တဖိုလ်သို့ ရောက်အံ့ဟု အောက်မေ့ကြံစည်၍အရှင်ဘုရားတို့ဟောကြားအပ်သောတရား

တော်ကို ကြီစည်ဆင်ခြင် အစဉ်အောက်မေ့ နှလုံးသွင်းပါ၏ဟု လျှောက်ကြား၏။ မြတ်စွာဘုရားသခင်က သာဓု-သာဓု၊ ကောင်း၏ ကောင်း၏ဟု ထိုဓမ္မာရာမ မထေရ်အား ကောင်ချီးကို ပေးတော်မူ၍ ချစ်သား ရဟန်းတို့၊ ငါဘုရား၌ ချစ်ခင်မြတ်နိုးခြင်းယှိသော တပါးသော ရဟန်း မည်သည်ကား ဤဓမ္မာရာမရဟန်းနှင့် တူသည်သာလျှင် ဖြစ်ပေရာ၏။ ထိုစကားမှန်၏။ ငါဘုရားအား ပန်းနှံသာစသည်တို့ဖြင့် ပူဇော်ခြင်းကို ပြုကုန်သော သူတို့သည် ငါဘုရားအား စင်စစ်ပူဇော်ခြင်းကို ပြုကုန်သည်မမည်။ လောကုတ္တရာ တရားအားလျော်သောကျင့်ဝတ် ပဋိပတ်တရားကို အားထုတ်ဖြည့်ကျင့်သော ပုဂ္ဂိုလ်တို့သည်သာလျှင် ငါဘုရားကို စင်စစ်ပူဇော်သည်မည်ကုန်၏ဟု မိန့်တော်မူပြီး၍။

ဓမ္မာနုဓမ္မပဋိပတ်ဖြင့် ပူဇော်ခြင်းသာ ပူဇော်ခြင်း အစစ်မည်
သည်ဟု ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

ဓမ္မာရုမော ဓမ္မရတော၊ ဓမ္မံ အနုဝိစိန္တယံ။
ဓမ္မံ အနုဿရံ ဘိက္ခု၊ သဒ္ဓမ္မာ န ပရိဟာယတိ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံး၌ ထို ဓမ္မာရာမ မည်သော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေ၏။ ရောက်လာကုန်သော သူတို့အားလည်း အကျိုးယှိသော တရားဒေသနာသည် ဖြစ်၏။

ဂါထာ၏အနက်ကား။ ။ဓမ္မာရာမော၊သမထ,ဝိပဿနာ,ဘာဝနာတရားတည်းဟူသော မွေ့လျော်ရာယှိထသော။ ဓမ္မရတော၊ သမထ, ဝိပဿနာ, ဘာဝနာတရား၌ မွေ့လျော်တတ်သော။ ဓမ္မံ၊ သမထ, ဝိပဿနာ,ဘာဝနာတရားကို။အနုဝိစိန္တယံ-အနုဝိစိန္တယန္တော၊အဖန်တလဲလဲ အမြဲကြီစည် နှလုံးသွင်းခြင်းကိုပြုသော။ဓမ္မံ၊သမထ,ဝိပဿနာ, ဘာဝနာတရားကို။ အနုဿရံ-အနုဿရန္တော၊ အဖန်တလဲလဲ အမြဲ

၇၂ ဓမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမ)။

အောက်မေ့ခြင်းယို့သော။ ဘိက္ခု၊ ရဟန်းသည်။ သဒ္ဓမ္မာ၊ သုံးဆယ့်ခုနစ်ပါး အပြားယို့ထ ဗောဓိပက္ခိယတရားမှ။ ဝါ။။။ ကိုးပါး အပြားယို့သော လောကုတ္တရာတရားမှ။ နပရိယာယတိ၊ မဆုတ်ပယ်တော့သည် သာလျှင်တည်း။ ။ဤကားအနက်။

ဓမ္မပဒ၊ ဘိက္ခုဝဂ်၌ လေးခုမြောက်သော ဓမ္မာရာမ မထေရ်၏ ဝတ္ထု၊ စကား အစဉ်ကား ဤတွင်ရွှေပြီး၏။

၂၅-ဘိက္ခုဝဂ်၌၊ ၅-ဝါဒမဂ္ဂ မသူတော်ရဟန်းတို့နှင့် ပေါင်းသင်းမိသော ဝိပက္ခသေဝက ရဟန်းဝတ္ထု။

သလာဘံ နာဘိနန္ဒေယျ။ ။ယင်းသို့ စသော၊ဤဓမ္မဒေသနာကို၊ တဏှာလောဘ၊ပြွမ်းပြွမ်းထ၍၊အရင်မ်းငမ်း၊ စွဲလမ်းတတ်စွာ၊သတ္တဝါတို့ကို၊ တဏှာပြတ်ကြောင်း၊ ကောင်းစွာ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်၊ ဝါးရုံရိပ်မွန်၊တည်စိုက်ညွှန်သော. ဝေဠုဝန် မင်းကျောင်း၌၊ ကိန်းအောင်း နေမျှတော်မူလျက်၊ အယူမမှန်၊ ဖေါက်ပြန်ဆန့်ကျင်သော အသင်းအပင်းကို၊ ချဉ်းကပ် မှီဝဲတတ်သော၊ အမျိုးဇာတ်အား၊ မထင်ရှားသော ရဟန်းကို၊ ရည်မှန်းသမှု အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော် မူခဲ့လေသတည်း။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

အကြောင်း အတ္ထုပ္ပတ္တိ ဖြစ်ပေါ်ခြင်း ခံယူရသော ထိုရဟန်းအား ဒေဝဒတ်၏ အပင်းအသင်းဖြစ်သောအဖေါ်ရဟန်းတပါး ယို့သည်ဖြစ်သတတ်။ထိုဒေဝဒတ်၏ အပင်းအသင်းပါရဟန်းက ရဟန်းတော်တို့နှင့် အတူတကွ ဆွမ်းအလို့ငှါလှည့်လည်၍ ဆွမ်းစားခြင်းကိစ္စပြီးဆုံးသဖြင့် ရှေရှုလာသော ထိုမြတ်စွာဘုရား၏ တပည့်သားရဟန်းကို တွေ့မြင်၍ အသင်သည် အဘယ်အရပ်သို့ သွားသနည်းဟု မေး၏။ ဤအမည်ယို့သော အရပ်သို့ ဆွမ်းခံလှည့်လည်ခြင်းငှါ သွားသည်ဟု ပြောဆို၏။ အသင့်အား ဆွမ်းကိုရအပ်၏လောဟု မေးပြန်သည် ယို့သော် ဩဝါ

ရအပ်ပေ၏ဟု ပြောဆို၏။ ထိုအခါ ဒေဝဒတ်၏ အပင်းအသင်းဖြစ်သော ရဟန်းက ဤအရပ်၌ ငါတို့အား များစွာသော လာဘ်ပူဇော်သက္ကာရသည် ဖြစ်၏။ နှစ်ရက် သုံးရက် ပတ်လုံး ဤအရပ်၌သာလျှင် နေသည် ဖြစ်ဘိလော့ဟု ပြောဆို၏။ မြတ်စွာဘုရား၏ တပည့်ဖြစ်သော ထိုရဟန်းသည် အဖေါ်ဖြစ်သော ထိုရဟန်း၏ စကားဖြင့် နှစ်ရက်သုံးရက်ပတ်လုံး ထိုဒေဝဒတ်၏ အပင်းအသင်း၌နေ၍ မိမိ၏ နေရာသို့သာလျှင် ပြန်သွား၏။ ထိုအခါ ရဟန်းတော်တို့က ထိုရဟန်းကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤအမည်ပျိုသော ရဟန်းကား ဒေဝဒတ်အား ဖြစ်သော လာဘ် ပူဇော်သက္ကာရကို စားသောက် သုံးဆောင်၏။ ဤရဟန်းသည် ဒေဝဒတ်၏ အပင်းအသင်းပါ တည်းဟု မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်တော်မူ၍ အိုရဟန်း၊ အသင်သည် ဤသို့ သဘောယိုသော အမှုကို ပြုလုပ်သော ဟူသတတ်၊ ဟုတ်မှန်ပေသလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ သြဝ်-ဟုတ်မှန်ပါ၏။ တပည့်တော်သည် ထိုဒေဝဒတ် အပင်းအသင်း၌ တယောက်သော ရဟန်းငယ်ကို အမှီပြု၍ နှစ်ရက် သုံးရက်ပတ်လုံး နေမိလေပြီ။ စင်စစ်သော်ကား ဒေဝဒတ်၏ အယူကို မနှစ်သက်ပါဟု လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက ထိုရဟန်းကို အသင်သည် အယူကို အကယ်၍ကား မနှစ်သက်။ ထိုသို့မနှစ်သက်သော်လည်း တွေ့မြင်တိုင်း တွေ့မြင်တိုင်းသော သူတို့အားသာလျှင် အယူကို နှစ်သက်ဘိသကဲ့သို့ ဟန်ဆောင် လှည့်လည်ဘိ၏။ အသင်သည် ဤယခုအခါ၌ သာလျှင် ဤသို့ ပြုလုပ်သည် မဟုတ်သေး၊ ရှေးအခါ၌လည်း ဤသို့ သဘောယိုသော သည်သာလျှင်တည်း ဟု မိန့်တော်မူသည်ယို့သော်ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဤယခုအခါ၌ တပည့်တော်တို့သည် ကိုယ်တိုင် တွေ့မြင်ရပါ၏။ ရှေးအခါ၌ ဤရဟန်းသည် ထိုထိုသို့သော သူတို့၏ အယူကို နှစ်သက်ဘိ သကဲ့သို့ လှည့်လည်ဘိသော ဟူသည့် အဘယ်သို့ပါနည်း။ တပည့်တော်တို့အားမိန့်ကြားတော်မူပါကုန်လော့ဟု ရဟန်းတို့ တောင်းပန်အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ္တ အမည်ရသောမင်းသည်မင်းအဖြစ်ကိုပြုသည်ယျသော် ဘုရားအလောင်းတော်သည်ထိုဗြဟ္မဒတ္တမင်း၏အမတ်သည်ဖြစ်၏။ထိုအခါမင်းကြီး၏ မဂ်လာဆင်တော်သည်ဆင်မ၏မျက်နှာနှင့်တူသောကြောင့် မဟိလာမုခအမည်ယျိသည် ဖြစ်၏။ သိလယျိ၏။ အကျင့်နှင့် ပြည့်စုံ၏။ တစုံတယောက်သောသူတို့ကိုလည်း မညှဉ်းဆဲ။ ထိုနောက် တနေ့သောအခါ၌ မဂ်လာဆင်တော် ဆင်တင်းကုပ်အနီး၌ ညစ်အဘိုးဖြစ်သော ကောင်းသောအခြေးမဲ့၌ ခိုးသူတို့သည် စုရုံးလာရောက်ကုန်၍ ထိုမဂ်လာဆင်တော်၏ အနီး၌ ထိုင်နေကုန်လျက် "ဥမင်ကို ဤသို့ဖေါက်အပ်၏။ တိုက်စပ်ဖေါက်ခြင်းအမှုကို ဤသို့ပြုအပ်၏။ ဥမင်ကိုလည်းကောင်း၊ တိုက်စပ်ဖေါက်ခြင်းကိုလည်းကောင်း ခရိုးလမ်းနှင့်တူစွာသက်ဆင်းရာရေဆိပ်နှင့်တူစွာ အရှုပ်အထွေးမရှိသည်ကို ချုံမရှိသည်ကို ပြုလုပ်၍ ဘဏ္ဍာကို ခိုးဆောင်ခြင်းငှါသင့်၏။ ခိုးဆောင်သောသူသည် ဘဏ္ဍာရှင်ကို သတ်၍သာလျှင် ခိုးဆောင်အပ်၏။ ဤသို့ပြုလုပ်သည်ယျိသော် ဘဏ္ဍာရှင်သည် နေရာမှ ထခြင်းငှါ စွမ်းနိုင်သော မည်သည် မဖြစ်လတ္တံ့။ ခိုးဝှက်ကတ်သောခိုးသူမည်သည် သိလအကျင့်နှင့် ပြည့်စုံယျဉ်စပ်သည် မဖြစ်ရာ၊ ကြမ်းတမ်းကြမ်းကြုတ်သဖြင့် အနိုင်အထက်နှိပ်စက်ကလူ ပြုမူသဖြင့် ဖြစ်ရာ၏"ဟု ခိုးသူတို့၏ ပြောဆိုတိုင်ပင်ခြင်းကို ပြောဆိုတိုင်ပင်ကုန်၏။ ဤသို့ပြောဆိုတိုင်ပင်ကုန် ပြီးသော် တယောက်သည် တယောက်အား အချင်းချင်းသင်ယူစေ၍ သွားကုန်၏။ ဤသို့သော အကြောင်းဖြင့်သာလျှင် တဖန်မိုးသောက်သော နေ့၌ လည်းကောင်း, တဖန် မိုးသောက်သော နေ့၌လည်းကောင်း, ဤသို့လျှင်များစွာသောနေ့တို့ပတ်လုံး ထိုဆင်တင်းကုပ်သို့ လာရောက်၍ ပြောဆိုတိုင်ပင်ကုန်၏။ ထိုမဂ်လာဆင်တော်သည် ထိုခိုးသူတို့ ပြောဆိုတိုင်ပင်သော စကားကို ကြား၍ ထိုသူတို့သည် ငါ့ကို မှတ်နာလိုက်မူ သင်ယူစေကုန်၏ဟူသော အမှတ်ဖြင့် ဤယခုအခါ၌ ငါသည် ခက်ထန်ကြမ်းကြုတ်သဖြင့် နိုင်ထက်ကလူ နှိပ်စက် မူသဖြင့် ဖြစ်ထိုက်၏ဟုကြံပြီးလျှင် ထိုသို့သဘော ပါသည်သာလျှင် ဖြစ်လေ၏။

နံနက်စောစောကသာလျှင် လာရောက်သော ဆင်ထိန်းကို နှာမောင်းဖြင့်ဆွဲယူ၍ မြေကြီး၌ ရိုက်ခတ် သတ်လေ၏။ နောက်၌ လာရောက်တယောက်သော ဆင်ထိန်းကို လည်းကောင်း, နောက်၌ လာရောက်တယောက်သော ဆင်ထိန်းကိုလည်းကောင်း ဤသို့လျှင် လာတိုင်း လာတိုင်းသော ဆင်ထိန်းကို မြေ၌ ရိုက်ခတ်သည် သာလျှင်တည်း။ မဟိလာမုခ ဆင်တော်သည် ရူးသွပ်ခြင်းဖြစ်ခဲ့လေပြီ။ တွေ့မြင်တိုင်း တွေ့မြင်တိုင်းသော သူတို့ကိုသတ်လေသည်ဟု မင်းကြီးအား ကြားလျှောက်ကုန်၏။ မင်းကြီးသည် ဘုရားအလောင်းတော်ကို အို-ပညာယှိ၊ သွားတည့်ချေ။ အဘယ်သို့သော အကြောင်းကြောင့် ထိုမင်္ဂလာ ဆင်တော်သည် ခက်ထန်ကြမ်းကြုတ်ပြုလုပ်သည်ဖြစ်ဘိသည်ကို အသင်သည် သိအောင်ပြုလေလော့ ဟု ပြောဆို စေလွှတ်တော် မူ၏။ ဘုရား အလောင်းတော်သည် ဆင် တင်းကုပ်သို့ သွားရောက်ပြီးလျှင် ထိုမင်္ဂလာ ဆင်တော်၏ကိုယ်၌ တစုံတရာ ရောဂါမရှိသော အဖြစ်ကိုသိ၍ အဘယ် သို့သော အကြောင်းကြောင့် ဤမင်္ဂလာ ဆင်တော်သည် ခက်ထန် ကြမ်းကြုတ်သည် ဖြစ်လေဘိသနည်းဟု စူးစမ်းသည်ယှိသော် မချွတ် ဧကန် အမှန်အားဖြင့် ဤဆင်တော်၏အနီး၌ အကြင်သူတို့၏ အချို့သော စကားကိုကြား၍ ဤသူတို့သည် ငါ့ကိုမှတ်နာလိုက်မူသင်ယူစေကုန်ဘိ၏ ဟူသော အမှတ်ဖြင့် ခက်ထန်ကြမ်းကြုတ်သည် ဖြစ်ပေလိမ့်မည်ဟု ဆုံးဖြတ်ခြင်းကိုပြု၍ ဆင်ထိန်းတို့ကို ဆင်တင်းကုပ်၏ အနီးဝယ် ညဉ့်အဘို့၌ တစုံတယောက်သော သူသည် တစုံတခုသော စကားကို ပြောဆိုဘူးသည်ယှိသလောဟု မေး၏။ အရှင်၊ ဩော်- ဟုတ်မှန် ပါ၏။ ခိုးသူ တို့သည် လာရောက်၍ ပြောဆိုကုန်ပြီဟု ပြန်ကြား၏။

ဘုရားအလောင်းတော်သည် သွားရောက်၍ အရှင်မင်းမြတ်၊ ဆင်တော်၏ကိုယ်၌ တပါးသောဖေါက်ပြန်ခြင်းသည်မရှိ။ ခိုးသူတို့ ပြောဆိုသော စကားကိုကြား၍ ခက်ထန် ကြမ်းကြုတ်သည် ဖြစ်၏ဟု မင်းကြီးအား ကြားလျှောက်၏။ ဤယခုအခါ၌အဘယ်ကိုပြုခြင်းငှါသင့်သနည်းဟု မေးတော်မူ သဖြင့် မြတ်သောမင်းကြီး၊ သီလ ယှိကုန်သော ရဟန်းပုဏ္ဏားတို့ကို ဆင်တင်းကုပ်၌ ထိုင်နေစေ၍ သီလအကျင့်နှင့် စပ်ယှဉ်

သော စကားကို ပြောဆို စေခြင်းငှါ သင့်ပါ၏ဟု လျှောက်တင် သည်ယ်သော် အမောင်၊ ဤသို့ အသင်ပြောဆိုသည့်အတိုင်း ပြုလုပ်စေလော့ဟု မိန့်ဆိုတော်မူ၏။ ဘုရားအလောင်းတော်သည်သွားရောက်၍ သီလယ်ကုန်သော ရဟန်းပုဏ္ဏားတို့ကို ဆင်တင်းကုပ်၌ထိုင်နေစေ၍အရှင်တို့၊ သီလနှင့်စပ်ယှဉ်သောစကားကို ပြောဟောပါကုန်လော့ဟု ပြောဆို၏။ ထိုရဟန်းပုဏ္ဏားတို့သည် ဆင်တော်၏အနီး၌ ထိုင်နေကုန်လျက် ''ဟစုံတယောက်သောသူကို ပြစ်မှားသောအားဖြင့် မသုံးသပ်ထိုက်, မသတ်ထိုက်၊ သီလအကျင့်နှင့် ပြည့်စုံသဖြင့် သည်းခံခြင်း၊ ချစ်ခင်ခြင်း၊ အစဉ်သနားခြင်းနှင့် ယှဉ်သဖြင့်ဖြစ်ခြင်းငှါအပ်၏'' ဟု ဤသို့ အစယ်သော သီလနှင့် စပ်ယှဉ်သော စကားကို ပြောဆိုကုန်၏။ ထိုဆင်တော်သည် ရဟန်း ပုဏ္ဏားတို့ ပြောဆိုသော ထိုစကားကို ကြားရ၍ ဤသူတို့သည် ငါ့ကို လိုက်နာ မှတ်မူ သင်ယူ စေကုန်၏။ ဤအခါမှ စ၍ ယခုအခါ ငါ့အား သီလ ယိုသဖြင့် ဖြစ်အပ်၏ ဟု ကြံစည်၍ သီလ ယိုသည်ဖြစ်လေ၏။ မင်းကြီးသည် ဘုရားအလောင်းတော်ကို အမောင်၊ အသို့နည်း။ ဆင်တော် သီလယိုသည် ဖြစ်ပြီလောဟု မေးတော်မူ၏။ ဘုရားအလောင်းတော်က အရှင်မင်းမြတ်၊ ဩဇာ-သီလယိုသည်ဖြစ်ပါပြီဟု ကင်လျှောက်၏။ ဤသို့သဘောယိုသော ခတ်ဆန် ကြမ်းကြုတ်သော ဆင်သည် ပညာယိုတို့ကို အမှီပြု၍ ရှေး၌ဖြစ်သော ဂုဏ်ကျေးဇူး၌သာလျှင် တည်ပေပြီဟု မိန့်ဆိုတော်မူ၍။

ဆင်တော်အကြောင်းကို ပြန်ကြားလျှောက်ထားသောဂါထာ။

ပုရာဏာစောရာနံ ဝစော နိသမ္မ၊ မဟိလာမုခေါ ပေါထယ မန္တစာရိ။
သုသဉ္ဉတာနံ ဟိ ဝစော နိသမ္မ၊ ဂဇုတ္တမော သမ္ဗဂဏောသု အဒ္ဒ။ ။
ဟူသော ဤဂါထာကို ရွတ်ဆို၏။

ဂါထာ၏ အနက်ကား။ ။ပုရာဏာစောရာနံ၊ ရှေးဦးစွာမူ ခိုးသူတို့၏။ ဝစော၊ ခက်ထန်ကြမ်းကြုတ် ယုတ်မာရိုင်းဝင့် တိုင်ပင်ပြောဆိုသောစကားကို။ နိသမ္မ၊ ကြား၍။ မဟိလာမုခေါ၊ ရှေ့မှ ကြည့်ဘွယ်တင့်တယ်လှပ ဆင်မနှင့်တူသော မျက်နှာ ယိုသောကြောင့် မဟိလာ

မုခ အမည်ရသော မင်္ဂလာဆင်တော်သည်။ ဟတ္ထိဂေါပကေ၊ ဆင်ထိန်းတို့ကို။ ပေါထယံ—ပေါထ ယန္တော၊ မြေ၌ရိုက်ခတ် သတ်ဖြတ်လျက်။ အနုစာရီ၊ ကြမ်းတမ်းစရိုက် အတုလိုက်၍ကျင့်၏။ သုသညတာနံဟိ သုသညတာနံဧဝ၊ ကိုယ်—နှုတ်-နှလုံး သုံးပါးစောင့်ဘိ သီလယှိသော သူတို့၏သာလျှင်။ ဝစော၊ မေတ္တာနှီးနှော ပြောဆိုသော စကားကို။ နိသမ္မ၊ ကြားရ၍။ ဂဇုတ္တမော၊ မင်းအားထိုက်လတ် မြတ်သော ဆင်ဟု ဆိုအပ်သော မင်္ဂလာဆင်တော်သည်။ သဗ္ဗဂုဏေသု၊ ခပ်သိမ်းဥဿုံ လုံးစုံရှင်မြူး ရှေးယှိဘူးသော ဂုဏ်ကျေးဇူးတို့၌။ အဋ္ဌ၊ တည်ယှိလေပြီ။ ဤကားအနက်။

ပြည့်ရှင် မင်းမြတ်သည် တိရစ္ဆာန်၏ အလိုကိုသော်လည်း သိပါပေသည်ဟု ဘုရားအလောင်းတော်အား ကြီးစွာသော အခြံ အရံကို ပေးသနားတော်မူ၏။ ထိုမင်းမြတ်သည် ဘုရား အလောင်းတော်နှင့် အတူတကွ အသက်ရှည်သမျှ ကာလပတ်လုံး တည်နေ၍ ကံအားလျော်စွာ လားကပ်ရလေ၏။ ။မြတ်စွာဘုရားရှင်က ချစ်သားရဟန်း၊ အသင်သည် ရှေးအခါ၌လည်း မြင်တိုင်း မြင်တိုင်းသော သူတို့ကိုသာလျှင် မှီဝဲဆည်းကပ်၏။ ခိုးသူတို့၏ စကားကိုကြား၍ ခိုးသူတို့ကို မှီဝဲဆည်းကပ်၏။ တရားကို စောင့်ကုန်သော သူတို့၏စကားကို ကြား၍ တရားကို စောင့်ကုန်သော သူတို့ကို မှီဝဲဆည်းကပ်၏ဟု ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် အနုသန္ဓေကိုစပ်၍ ထိုအခါ မဟိလာမုခအမည်ရှိသော မင်္ဂလာဆင်တော်သည် ယခုအခါ ဝိပက္ခသေဝကရဟန်း ဖြစ်လာပြီ။ ပြည့်ရှင်မင်းသည် အာနန္ဒာ ဖြစ်လာပြီ။ ပညာယှိ အမတ်သည်ကား ငါဘုရားသာလျှင်တည်းဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။ ။ဤမဟိလာမုခဇာတ်ကို အကျယ်ဝိတ္ထာရ ဟောပြတော်မူပြီး၍ ချစ်သားရဟန်းတို့၊ ရဟန်းမည်သည် မိမိအား ရယှိသော လာဘ်ဖြင့်သာလျှင် ရောင့်ရဲသည်ဖြစ်ရာ၏။ သူတပါးအား ရယှိဖြစ်ပေါ်သော လာဘ်ကို တောင့်တခြင်းငှါ မအပ်၊ ထိုစကားမှန်၏။ သူတပါးအား ရယှိဖြစ်ပေါ်သော လာဘ်ကိုတောင့်တသောရဟန်းအား ဈာန်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်တို့တွင် တခုသော တရားမျှလည်း မဖြစ်ပေါ်နိုင်။ မိမိ၏လာဘ်ဖြင့် ရောင့်ရဲနှစ်

၇၀ ဓမ္မပဒဝတ္ထုတော်ကြီး။ (ဆရာတော်-အသျင်စန္ဒိမာမှ)

သက်သော ရဟန်းအားသာလျှင် ဈာန်အစယ်သောတရားတို့သည် ဖြစ်ပေါ်ကုန်၏ဟုမိန့်တော်မူ၍ တရားတော်ကိုဟောကြားလိုသောကြောင့်၊

မိမိရယ်သော လာဘ်ဖြင့်သာ ရောင့်ရဲရန် ဖေါ်ပြသော ပါဠိတော်ဂါထာဒေသနာ။

သလာဘံ နာတိမညေယျ၊ နာညေသံ ပိဟယံ စရေ။
အညေသံ ပိဟယံ ဘိက္ခု၊ သမာဓိံ နာဓိဂစ္ဆတိ။ ။
အပ္ပလာဘောပိ စေ ဘိက္ခု၊ သလာဘံ နာတိမညတိ။
တံ ဝေ ဒေဝါ ပသံသန္တိ၊ သုဒ္ဓာဇီဝိ မတန္ဒိတံ။ ။

ဟူသော ဤဂါထာတို့ကို မိန့်တော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံးဌာ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာတို့၏ အနက်ကား။ ။သလာဘံ၊ မိမိအား ဖြစ်ပေါ်လာသောလာဘ်ကို။ နာတိမညေယျ၊ စက်ဆုပ်ဘိသကဲ့သို့ မထေမဲ့မြင် မအောက်မေ့ရာ။ အညေသံ၊ တပါးသော သူတို့၏။ လာဘံ၊ လာဘ်ကို။ ပိဟယံ-ပိဟယန္တော၊ မြတ်နိုးတောင့်တလျက်။ နစရေ-နစရေယျ၊ မကျင့်ရာ။ အညေသံ၊ တပါးသောသူတို့၏။ လာဘံ၊ လာဘ်ကို။ ပိဟယံ-ပိဟယန္တော၊ မြတ်နိုး တောင့်တသော။ ဘိက္ခု၊ ရဟန်းသည်။ သမာဓိံ၊ ဥပစာရ,အပ္ပနာ နှစ်ဖြာသော သမာဓိကို။ နာဓိဂစ္ဆတိ၊မရ။

အပ္ပလာဘောပိ၊နည်းသော လာဘ်ယိုသော်လည်း။ ဘိက္ခု၊ယုတ်ညံ့နှစ်မျိုး အမျိုးအိမ်စည်အတိုင်း ဆွမ်းခံလှည့်လည်သော ရဟန်းသည်။ သလာဘံ၊ မိမိအား ဖြစ်ပေါ်လာသောလာဘ်ကို။ စေ နာတိမညတိ။ အကယ်၍ မထေမဲ့မြင် မအောက်မေ့သည် ဖြစ်ခဲ့ငြားအံ့။ ဧဝံသတိ၊ ဤသို့ မထေမဲ့မြင် မအောက်မေ့သည် ယိုသော်။ သုဒ္ဓာဇီဝိ°၊ သလုံးမြင်းခေါင်း တောင်းရမ်းမှိတ်တ် စင်ကြယ်သော အသက်မွေးခြင်း ယိုသော။ အတန္ဒိတံ၊ ပျင်းရိခြင်း မယိုသော။ တံဘိက္ခု၊၊ ထိုသို့သော

ယှိသော ရဟန်းကို။ဝေ၊စင်စစ်။ ဒေဝါ၊နတ်တို့သည်။ ပသံသန္တိ၊ချီးမွမ်း ထောမနာကုန်၏။ ။ဤကားအနက်။

ဓမ္မပဒ၊ဘိက္ခုဝဂ်၌ ငါးခုမြောက်သော ဝိပက္ခသေဝက ရဟန်း၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၅-ဘိက္ခုဝဂ်၌၊ ၆-ငါးပါးသော အဦးအဖျားကို လူလေ့ယှိသော ပဉ္စဂ္ဂဒါယကာ ပုဏ္ဏားဝတ္ထု။

သဗ္ဗသော။ ။အစယှိသော၊ ဤဓမ္မဒေသနာကို၊ သဒ္ဓါယှိသူ။ ဝေနေလူတို့၊ ရှေးမူမည်း၊ တိုးထက်တိုးအောင်၊ အမျိုးမျိုးသော နည်းနယဖြင့်၊ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်၊မင်းသားဇေတ၊ ဥယျာန၌၊ တည်ပြအကြောင်း၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းတော်မူလျက်၊ အဦးငါးချက် ပေးဆက် လှူဒါန်းတတ်သည်အရ၊ ပဉ္စဂ္ဂဒါယကာ အမည်ယှိသော ပုဏ္ဏားကို၊ ထင်ရှား ပေါင်းစု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

ထိုပုဏ္ဏားသည် ကောက်ပင် စိုက်ဘွယ် လယ်မြေကို သုဓ်သင်သော အခါ၌သာလျှင် လယ်ဦးအလှူမည်သည်ကို ပေးလှူ၏။ ကောက်နယ်သောအခါ၌ နယ်ဦးအလှူမည်သည်ကို ပေးလှူ၏။ ကောက်နယ်ပြီးခါ ဘဏ္ဍာဖြစ်သော အခါ၌ကား ဘဏ္ဍာဦးအလှူမည်သည်ကို ပေးလှူ၏။ အိုးခွက်ထဲသို့ သိုမှီးသောအခါ၌ အိုးခွက်ဦးအလှူမည်သည်ကို ပေးလှူ၏။ထမင်းခွက်၌ ခူးဆွထည့်သွင်းသောအခါ၌ ခွတ်ဦးအလှူမည်သည်ကို ပေးလှူ၏။ဤသို့လျှင် ငါးပါးကုန်သော ဤအဦးအလှူတို့ကို ပေးလှူသတတ်။ရောက်လာသော သူအား မပေးလှူမူ၍ စားဘူးသည် မည်သည်မယှိ။ထို့ကြောင့်ထိုပုဏ္ဏားအား ပဉ္စဂ္ဂဒါယကာဟူ၍သာလျှင် အမည်ထင်ရှားသည်ဖြစ်၏။ မြတ်စွာဘုရားသည် ထိုပဉ္စဂ္ဂဒါယကာပုဏ္ဏား၏လည်းကောင်း, ထိုပုဏ္ဏားခင်ပွန်းမယား ပုဏ္ဏေးမ၏ လည်းကောင်း သောကာပတ္တိ, သကဒါဂါမိ, အနာဂါမိဟု ဆိုအပ်ကုန်သော သုံးပါးကုန်

သော ဖိုလ်တို့၏ အမှီဖြစ်ကောင်း အကြောင်းဥပနိဿယ ပြည့်ဝ စုံလင်သည်ကို မြင်တော်မူသောကြောင့် ပုဏ္ဏားး၏ ထမင်းစားသော အချိန်အခါ၌ ကြွသွားတော်မူ၍ တံခါး၌ ရပ်တည်တော်မူ၏။ထိုပုဏ္ဏားသည် လည်းတံခါးမှန်ဦး အိမ်၏အတွင်းဘက်သို့ မျက်နှာရှေးရှုထိုင်နေလျက် စားသောက်၏။ အိမ်တခါး၌ ရပ်တည်တော် မူသော မြတ်စွာဘုရားကို မမြင်နိုင်လေ။ပုဏ္ဏားမသည်ကား ထိုပုဏ္ဏားကိုလုပ်ကျွေးပြုစုလျက် မြတ်စွာဘုရားကိုမြင်၍ကြိုစည်၏။အဘယ်သို့ ကြိုစည်သနည်းဟူမူ။ ဤပုဏ္ဏားသည် ငါးပါးသော အရာတို့၌ အဦးကိုပေးလှူ၍စား၏။ဤယခုအခါ၌လည်း ရဟန်းဂေါတမသည် ကြွလာတော်မူ၍ အိမ်တံခါး၌ ရပ်တည်၏။ အကယ်၍ ပုဏ္ဏားသည် ထိုရဟန်းဂေါတမကို မြင်သည်ဖြစ်အုံ။ မိမိစားရန်ထမင်းကို ယူဆောင်၍ ပေးလှူလတ္တံ့။ ဤသို့ပေးလှူခဲ့သည်ယိုသော် တဖန်လည်း ငါသည် ချက်ခြင်းငှါ မစွမ်းနိုင်တော့အုံဟု ကြံစည်၏။ကြံစည်ပြီး၍ကား ထိုပုဏ္ဏားမသည် ဤသို့သော အခြင်းအရာဖြင့် ဖြေလုပ်ရသည် ယိုသော် ဤပုဏ္ဏားသည် ဒုဟန်းဂေါတမကို မမြင်လတ္တံ့ ဟု မြတ်စွာဘုရားအား ကျောက်ကုန်းကိုပေး၍ ထိုပုဏ္ဏား၏နောက်မှ ထိုပုဏ္ဏားကို ဖုံးကွယ်လျက် ကိုယ်ကိုညွတ်၍ လပြည့်ဝန်းကို လက်ဖြင့် ဖုံးကွယ်ဘိသကဲ့သို့ တည်နေ၏။ထိုသို့ တည်နေပြီးလျက်သာလျှင် ရဟန်းဂေါတမသည် ကြွသွားပြီလော၊ မကြွသွားသေးသလောဟု မြတ်စွာဘုရားကို ထက်ဝက်သော မျက်စေ့ဖြင့် စောင်းငဲ့၍ ကြည့်၏။ မြတ်စွာဘုရားသည် ထိုအရပ်၌သာလျှင် ရပ်တည်တော် မူ၏။ ခင်ပွန်းလင်ယောကျ်ားပုဏ္ဏား၏ ကြားအံ့သည်မှ ကြောက်သောကြောင့်ကား ကန်တော့ဆွမ်းပါဟု ဆိုလိုသော ရှေ့သို့ လွန်မြောက် ကြွရောက်အလိုယိုပါကုန်လော့ ဟူသော စကားကို ပွင့်ပွင့်လင်းလင်း မပြောဆို။ ဟွန့်တို့ ဆုတ်နစ်၍ကား တိုးတိုး ဖြည်းဖြည်း သာလျှင် ရှေ့သို့ လွန်မြောက် ကြွရောက်အလိုယိုပါကုန်လော့ဟု ပြောဆို၏။ မြတ်စွာဘုရား သခင်က ငါမသွားအံ့ ဟူသော အလိုတော်ဖြင့် ဦးခေါင်းကို လှုပ်ခါတော်မူ၏။ လူများအပေါင်း ဦးခေါင်းတင်မှ အလေးပြုအပ်သော မြတ်စွာဘုရားသည် ငါမသွားအံ့ဟူသော အလိုဖြင့် ဦးခေါင်းကိုလှုပ်ခါတော်မူ၊သည်

ယှိသော် ထိုပုဏ္ဏေးမသည် ပြကတေ့တည်တံ့ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ ပြင်းစွာသော ရယ်ရှင်ခြင်းကို ရယ်ရှင်လေ၏။ ထိုခဏ၌ မြတ်စွာဘုရား သည် နေအိမ်သို့ရှေးရှု အရောင်ကိုလွှတ်တော်မူ၏။ ပုဏ္ဏားသည်လည်း ကျောက်ကုန်းကိုပေး၍ ထိုင်နေလျက်သာလျှင် ပုဏ္ဏေးမ၏ရယ်ရှင်သော အသံထိုကြား၍ လည်းကောင်း၊ ခြောက်သွယ်သော ရောင်ခြည်တော် တို့၏ အရောင်အလင်းကို ကြည့်ရှု၍ လည်းကောင်း မြတ်စွာဘုရားကို မြင်လေ၏။

[ထိုစကားသည် မှန်၏၊ ဘုရားရှင်တို့မည်သည် ရွာ၌လည်း ကောင်း တော၌ လည်းကောင်း၊ မဂ်ဖိုလ်ရောက် ကောင်း အကြောင်းနှင့် ပြည့်စုံကုန်သော သူတို့အား မိမိတည်းဟူသော ကိုယ်တော်ကို တွေ့မြင်ရအောင် မပြုမူ၍ မဖဲကြွတော်မူကုန်။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌။ ။ဗုဒ္ဓါဟိ နာမ ဂါမေဝါ အရ ညေဝါ ဟေတုသမ္ပန္နာနံ အတ္တာနံ အဒဿေတွာ နပတ္တမန္တိဟု မိန့်တော်မူ၏။

အနက်ကား။ ။ဟိ-ကဒေဝသစ္စံ၊ ထိုစကားသည်မှန်၏။ ဗုဒ္ဓါ နာမ၊ဘုရားရှင်တို့မည်သည်။ ဂါမေဝါ၊ ရွာ၌လည်းကောင်း။ အရ ညေဝါ၊ တော၌လည်းကောင်း။ ဟေတု သမ္ပန္နာနံ၊ မဂ်ဖိုလ်ရောက် ကောင်း အကြောင်းနှင့်ပြည့်စုံကုန်သော သူတို့အား။ အတ္တာနံ၊ မိမိ တည်းဟူသော ကိုယ်တော်ကို။ အဒဿေတွာ၊ တွေ့ရမြင်ရအောင် မပြုမူ၍။ နပတ္တမန္တိ၊ မဖဲကြွတော်မူကုန်။ ။ဤကားအနက်]။

ပုဏ္ဏားသည်လည်း မြတ်စွာဘုရားကိုမြင်၍ အို-ရှင်မ၊ ပျက်စီးသည် ဖြစ်လေပြီ။ အသင်သည် ကြွလာမားမား အိမ်တံခါး၌ ရပ်တည်တော် မူသော သာကီဝင် မင်းသားဖြစ်သော ရဟန်းဂေါတမကို မြင်ပါလျက် ငါ့အား မပြောကြားဘဲအသင်သည် ဝန်လေးသောအမှုကို ပြုအပ်၏ဟု ပြောဆို၍ ထက်ဝက် စားပြီးသော ထမင်းခွက်ကို ယူပြီးလျှင် မြတ်စွာ ဘုရားသခင်၏ အထံတော်သို့သွား၍ အိုအရှင်ဂေါတမ၊ အကျွန်ုပ်သည် ငါးပါးသော အရာတို့၌ အဦးကိုပေးလှူ၍ သာလျှင် စားသုံးပါ၏။ ဤ

၁၂ မမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမူ)။

ထမင်းမှလည်းအလယ်၌ခွဲဝေ၍ တခုသောထမင်းအဘို့အစုကိုသာလျှင် အကျွန်ုပ်သည်စားအပ်ပြီ။ တခုသောအဘို့အစုသည် ကြွင်းကျန်ပါသေး၏။ အကျွန်ုပ်၏ ဤထမင်းကို အသင် ခံယူပါ လတ္တံ့လော ဟု မေး၏။ မြတ်စွာဘုရားက အသင်၏ စားကြွင်းထမင်းဖြင့် ငါဘုရား အလိုမရှိဟု ဤကဲ့သို့မဆိုမူ၍ အိုပုဏ္ဏား၊အဦးဖြစ်သောထမင်းသည်လည်း ငါဘုရား အားသာလျှင် လျောက်ပတ်၏။ အလယ်၌ခွဲဝေ၍ ထက်ဝက် စားပြီး သော ထမင်းသည်လည်းကောင်း၊ စားခြင်းကိစ္စ လုံးဝအားလုံး အပြီး အဆုံးဖြစ်သော ထမင်းခဲ့သည်လည်းကောင်း ငါဘုရားအားသာလျှင် သင့်တင့်လျောက်ပတ်၏။ ထိုစကားမှန်၏။ အိုပုဏ္ဏား၊ငါဘုရားတို့သည် သူတပါးတို့ ပေးကမ်းသည်ကို မှီ၍ မြင့်တည် အသက်ရှည် ကုန်သော ပြိတ္တာနှင့်တူကုန်၏ဟု မိန့်ဆိုတော်မူပြီး၍။

မုနိမည်ပုံကို ဖော်ပြသော ဂါထာ။

ယဒဂ္ဂတော မဇ္ဈတော သေသတောဝါ၊ ပိဏ္ဍံလဘေထပရဒတ္တူပဇီဝီ။
နာလံ ထုတီ နာပိ နိပစ္စဝါဒီ၊ တံ ဝါပိ ဓီရာ မုနိ ဝေဒယန္တိ။
ဟူသော မုနိသုတ်လာ ဤဂါထာကို ဟောတော်မူ၏။

ဂါထာ၏အနက်ကား။။ ပြာဟ္မဏ၊ အိုပုဏ္ဏား။ပရဒတ္တူပဇီဝီ၊ သူ တပါး ပေးကျွေးသည်ကို ကပ်မှီယူဝင် အသက်ရှင်ရသော ရဟန်းတို့ သည်။ အဂ္ဂတောဝါ၊ အဦးမှလည်းကောင်း။ မဇ္ဈတောဝါ၊ အလယ်မှ လည်းကောင်း။ သေသတောဝါ၊ အကြွင်းမှလည်းကောင်း။ ယံ ပိဏ္ဍံ၊ အကြင် ဆွမ်းကို။ လဘေထ။ ရကုန်ရာ၏။ တံပိဏ္ဍံ၊ ထိုဆွမ်းကို။ ထုတီ၊ နှစ်သက် ချီးမွမ်းခြင်းသည်။ နာလံ၊ မထိုက်အခွင့် မသင့်မလျော်။ နိပစ္စ ဝါဒီပိ၊ နှိမ့်ချ ပြောဆိုခြင်းသည်လည်း။ နာလံ၊ မထိုက်အခွင့် မသင့် မလျော်။ တံဝါပိပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကိုလည်း။ ဓီရာ၊ မြဲမြံခိုင်ကြံ့ တည်တံ့ လေဘိ ပညာယှိတို့သည်။ မုနိ၊ မုနိမည်၏ ဟူ၍၊ ဝေဒယန္တိ၊ ပြောကြား ကုန်၏။ ။ဤကားအနက်။

ပုဏ္ဏားသည် မြတ်စွာဘုရားမိန့်ဆိုသော ထိုစကားကို ကြား၍သာ လျှင် ကြည်ညိုသောစိတ် ယှိသည်ဖြစ်၍ သြော်- အံ့သြဘွယ် ယှိလေစွ။

တကျွန်းလုံး၏အရှင်မည် ထိုက်သော သာကီဝင်မင်းသားသည် အသင်၏ စားကြွင်းထမင်းဖြင့် ငါ့အားအလိုမရှိဟု မပြောဆိုမူ၍ ဤသို့သော စကားကိုပြောကြားပေ၏ဟုချီးမွမ်းထောမနာ၍တံခါး၌ရပ်တည်လျက် သာလျှင်မြတ်စွာဘုရားကိုအို-အရှင်ဂေါတမ၊အသင်တို့သည်မိမိတပည့်တို့ကို ဘိက္ခုဟူ၍ ပြောဆိုကုန်၏။အဘယ်မျှလောက် အတိုင်းအရှည်ဖြင့် ဘိက္ခုမည်သည် ဖြစ်ပါသနည်း ဟူသော အမေးပုစ္ဆာကို မေးလျှောက်၏။ မြတ်စွာဘုရားသည် ဤပုဏ္ဏားအား အဘယ်သို့ သဘောယှိသော တရားဒေသနာသည် သင့်လျော်လျောက်ပတ် သနည်းဟု စူးစမ်းဆင်ခြင်သည်ယှိသော် ဤနှစ်ယောက်လည်း ဖြစ်ကုန်သော သွီးခင်ပွန်းတို့သည် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါ၌ နာမ်တရား၊ ရုပ်တရားဟူ၍ ခွဲဝေဟောကြား ကုန်သော ပုဂ္ဂိုလ်တို့၏ တရားစကားကို ကြားနာဘူးကုန်ပြီ။နာမ်၊ရုပ်ကို မစွန့်လွှတ်မူ၍ သာလျှင် ထိုသူနှစ်ဦးတို့အားတရားကို ဟောကြားခြင်းငှါသင့်၏ဟု ဆင်ခြင်တော်မူ၍အိုပုဏ္ဏား၊ နာမ်၌လည်းကောင်း၊ ရုပ်၌ လည်းကောင်း၊ မတပ်နှစ်သက်သောသူ၊ မကပ်ငြိသောသူသည် ဘိက္ခုမည်သည် ဖြစ်၏ဟု မိန့်တော်မူပြီး၍။

ဘိက္ခုမည်ပုံကို ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။
အသတာ စ နသောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံး၌ နှစ်ဦးလည်းဖြစ်ကုန်သော သွီးခင်ပွန်းတို့သည် အနာဂါမိဖိုလ်၌ တည်ကုန်၏။ ။ရောက်လာသော သူတို့အားလည်း အကျိုးယှိသော ဓမ္မဒေသနာသည် ဖြစ်၏။

ဂါထာ၏အနက်ကား။ ။ယဿ၊ အကြင် ပုဂ္ဂိုလ်အား။ သဗ္ဗသော-သဗ္ဗသ္မိံ၊ အလုံးစုံသော။နာမရူပသ္မိံ၊ ခန္ဓာငါးပါးတို့၏ အစွမ်းဖြင့် ဖြစ်သော နာမ် ရုပ်၌။ မမာယိတံ၊ ငါ၊ ငါ၏ ဥစ္စာဟု စွဲလမ်းမြတ်နိုးခြင်းသည်။ နတ္ထိ၊ မရှိ။ အသတာစ၊ မြတ်နိုးစုံမက် နှစ်သက်စွဲဝင် အထင်

အရှား မရှိသောကြောင့် လည်း။ နသောစတိ၊ ငါ၏ ရုပ်နာမ် ဖေါက်ပြန် ကုန်ခန်းသည်ဟု မပင်ပန်း မစိုးရိမ်။ သ-သော ပုဂ္ဂလော၊ ထိုသို့သဘောယှိသော ပုဂ္ဂိုလ်ကို။ ဝေ၊ စင်စစ်။ ဘိက္ခူတိ၊ ဘိက္ခုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဘိက္ခုဝဂ်၌ ခြောက်ခုမြောက်သော ပဉ္စဂ္ဂဒါယကာပုဏ္ဏား၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၅-ဘိုက္ခုဝဂ်၌ ၇-တရားစောင့်သော ခိုးသားဖြစ်ဘူးကုန်သော များစွာသော ရဟန်းတို့၏ ဝတ္ထု။

မေတ္တာဝိဟာရီ။ ။အစယှိသော ဤဓမ္မဒေသနာကို၊ သတ္တဝါဝေနေ၊ ဗိုလ်ခြေအများကို၊ လေးပါးသော ဗြဟ္မဝိဟာရတရား၊ အားထုတ်ဘွယ်အကြောင်းဖြင့်၊ ကောင်းစွာ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်၊ ငွေပြားအစဉ်၊ စပ်ယှဉ်ခင်းမူ၊ ဝယ်ယူလှူဒါန်း၊ အံ့မခန်းမျှ၊ နတ်နန်းတသွန်၊ ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်း နေမျှတော်မူလျက်၊ ရေတွက်ပိုင်းခြား၊ များစွာသော ရဟန်းတို့ကို၊ ရည်မှန်းသမှု၊ အကြောင်း ပြုသော အားဖြင့်၊ ဟောကြားတော် မူလေသတည်း။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

တပါးသောအခါ၌ အရှင်မဟာကစ္စည်း မထေရ်သည် အဝန္တိတိုင်း ဇနပုဒ်တို့၌ အမျိုးအိမ်ယှိရာ မြို့ကိုအမှီပြု၍ ပဝတ္တတောင်၌ သီတင်းသုံး နေမျှတော် မူသည်ယှိသော် ကောဋိကဏ္ဏသောဏအမည်ယှိသော ဥပါသကာသည် မထေရ်၏တရားစကား၌ကြည်ညို၍ မထေရ်၏ထံ၌ ရဟန်းပြုခြင်းငှါအလိုယှိသည်ဖြစ်၍ အရှင်မဟာကစ္စည်း မထေရ်က ''ငါ့ရှင်ကောဏ၊ အသက်ထက်ဆုံး ကထပ်တည်းသော ထမင်းကိုစားရသော, တခုတည်းသောအိပ်ရာနေရာ၌ အိပ်နေရသော, သာသနာတော်တည်းဟူသောမြတ်သော အကျင့်သည်ခဲယဉ်းလှ၏''ဟုပြောဆို၍နှစ်ကြိမ်တိုင်တိုင် ပယ်မြစ်သော်လည်း ရဟန်းပြုခြင်းငှါ အလွန်လျှင် အားထုတ်ခြင်း

ယိုသည် ဖြစ်၏။သုံးကြိမ်မြောက်ဌမထေရ်ကိုတောင်းပန်ခယမ်းရဟန်းပြု၍ ဒက္ခိဏာပထတိုင်းဌ် နည်းသောရဟန်း ယိုသည်အဖြစ်ကြောင့်သုံးနှစ်တို့ကို လွန်မြောက်သဖြင့် ရအပ်သော ပဉ္စင်းအဖြစ် ယိုရကား မြတ်စွာဘုရားကိုမျက်မှောက်ဖူးမျှော်ခြင်းငှါအလိုယို သည်ဖြစ်၍ဥပဇ္ဈာယ်ဆရာကို ပန်ကြားပြီးလျှင် ထိုဥပဇ္ဈာယ်ဆရာ ပေးသနားသော အဆုံးအမကို ယူ၍အစဉ်အတိုင်းအားဖြင့် ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ မြတ်စွာဘုရားကို ရှိခိုးဦးချပဋိသန္ဓာရကို ပြုပြီးသောအခါမြတ်စွာဘုရား သခင်နှင့် အတူတကွ တခုတည်းသော ဂန္ဓကုဋိဌ်သာလျှင် သနားခွင့်ပြုအပ်သော အိပ်ရာနေရာယိုသဖြင့် ကြာမြင့်စွာသော ညဉ့်ပတ်လုံး လွင်တည်းခေါင်ဌ် သာလျှင် လွန်မြောက်စေပြီး၍ ညဉ့်အဘို့ဌ် ဂန္ဓကုဋိသို့ ဝင်ပြီးသော် မိမိအား ရောက်သော အိပ်ရာနေရာဌ် ထိုညဉ့် အဘို့ကို လွန်စေ၍ မိုးသောက်သော အခါဌ် မြတ်စွာဘုရားသည် တိုက်တွန်းအပ်သည် ယိုသော် တဆယ့်ခြောက်ပါးသောဝဂ်, ရှစ်ပါးသောဝဂ် ယိုကုန်သော အလုံးစုံသာလျှင် ဖြစ်ကုန်သော ဘုရားစကားတော်တို့ကို သရဘညဝတ်ဖြင့် ရွတ်ဆို၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုကောဋိကဏ္ဏသောဏ၏ သရဘညဝတ် ရွတ်ဆိုအားလုံး အပြီးအဆုံးဌ် အလွန်ဝမ်းမြောက်ကော်မူသည်ဖြစ်၍ ချစ်သားရဟန်း သာဓု သာဓု ကောင်း၏ ကောင်း၏ဟု ကောင်းချီးကို ပေးတော်မူ၏။ မြတ်စွာ ဘုရားသည် ပေးတော် မူအပ်သော ကောင်းချီးသံကိုကြား၍ ဘူမဋ္ဌကနတ်နဂါး, ဂဠုန် ဤသို့အစပြုသောအားဖြင့် အထက်ပြဟ္မာ့ပြည်သို့ တိုင်အောင် တပြိုင်နက်တည်းသော ကောင်းချီးသံသည်ဖြစ်၏။ ထိုဓဏဝယ် ဇေတဝန်ကျောင်းတော်မှ ယူဇနာတရာ့နှစ်ဆယ်ထက် အမျိုးအိမ်မတအိမ်ယို ရာမြို့ဌ်သောဏမထေရ်၏ မိခင်ဖြစ်သော ဥပါသိကာမကြီးအိမ်ဌ် စောင့်ရှောက်စိုးအုပ်သော နတ်သည်လည်းကျယ်စွာသော အသံဖြင့် ကောင်းချီးကိုပေး၏။ထိုအခါ ဥပါသိကာမက ထိုနတ်ကို"တခုသော ကောင်းချီးကို ပေးသောသူကား အဘယ်သူနည်း"ဟုမေးမြန်းပြောဆို၏။"ချစ်နှမ၊ အကျွန်ုပ် ပေတည်း"ဟု ပြောဆိုသော အခါ "အဘင်သည် အဘယ်သူ ဖြစ်သနည်း"ဟု တဖန်မေးမြန်းပြန်သဖြင့်"အသင်၏အိမ်ဌ်

စိုးအုပ်စောင့်ရှောက်သော နတ်ပေတည်း'' ဟုပြောဆို၏။ အသင်သည် ဤမှရွေးအခါ၌ ငါ့အားကောင်းချီးကို မပေးမူ၍ ယခုအဘယ်ကြောင့် ပေးသနည်း'' ဟု မေးပြန်သဖြင့် ''ငါသည် အသင့်အား ကောင်းချီးကို မပေး'' ဟု ပြောဆို၏။ ''ထိုသို့ငါ့အား ကောင်းချီးကို မပေးသည်ယို သော် အသင်သည် အဘယ်သူအား ကောင်းချီးကို ပေးသနည်း'' ဟု မေးပြန်လျှင် ''အသင်၏ သားဖြစ်သော ကောဋိကဏ္ဏသောဏမထေရ် အား ကောင်းချီးကို ပေး၏'' ဟု ပြောဆို၏။ 'ငါ့၏သားသည် အဘယ် အမှုကို ပြုအပ်သနည်း'' ဟု မေးပြန်သောအခါ ''အသင်၏သားဖြစ် သော ကောဋိကဏ္ဏသောဏမထေရ်သည် ယခုမြတ်စွာဘုရားနှင့် အတူ တကွ တခုသောဂန္ဓကုဋီ၌ သီတင်းသုံးနေ၍ တရားတော်ကိုဟော၏။ မြတ်စွာဘုရားသည် အသင့်သား၏ ဟောကြားသော တရားကို ကြား နာနှစ်မြို့ ကြည်ညိုသည်ဖြစ်၍ ကောင်းချီးကို ပေးတော် မူ၏။ ထို့ကြောင့် ငါသည်လည်း ထိုကောဋိကဏ္ဏ သောဏမထေရ်အား ကောင်းချီးကို ပေးအပ်၏'' ဟု ပြောဆို၏။

[ထိုစကားသည်မှန်၏။ ။မြတ်စွာဘုရား၏ ကောင်းချီး သံကိုခံယူ၍ ဘုမဋ္ဌကနတ်တို့ကို အစပြု၍ ဗြဟ္မာ့ပြည်တိုင်အောင် တပြိုင်နက်တည်းသော ကောင်းချီးသံသည်သာလျှင်ဖြစ်၏။ ထို့ ကြောင့် ဤသို့ ပြောဆိုသည်ဟုမှတ်။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌။ ။သမ္မာသမ္ဗုဒ္ဓဿ ဟိ သာဓု ကာရံ သမ္ပဋိစ္ဆိတွာ ဘုမဋ္ဌကဒေဝေ အာဒိံကတွာ ယာဝ ဗြဟ္မ လောကာ ကေသာဓုကာရမေဝ ဇာတန္တိ-ဟု ဒီပ်ံတော်မူ၏။

အနက်ကား။ ။ဟိ- တဒေဝသစ္စံ၊ ထိုစကားသည် သာ လျှင်မှန်၏။ သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာဓုကာရံ၊ ကောင်းချီး ပေးခြင်းကို။ သမ္ပဋိစ္ဆိတွာ၊ ခံယူ၍။ ဘုမဋ္ဌကဒေဝေ၊ ဘုမဋ္ဌကနတ်တို့ကို။ အာဒိံကတွာ၊အစပြု၍။ ယာဝ ဗြဟ္မလော ကာ၊ ဗြဟ္မာ့ပြည်တိုင်အောင်။ ကေသာဓုကာရမေဝ၊ တပြိုင်နက် တည်းသော ကောင်းချီးသံသည် သာလျှင်။ ဇာတံ၊ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ။ဤကားအနက်]။

"အို-အရှင်နတ်မင်း၊ အသို့ပေနည်း။ ကျွန်တော်မ၏သားကတည်း မြတ်စွာဘုရားအား တရားဟောအပ်ပါသလော၊ မြတ်စွာဘုရားက တည်း ကျွန်တော်မ၏သားအား တရားဟောအပ်ပါသလော" ဟု တဖန်မေးပြန်သဖြင့် "အသင်၏သားက မြတ်စွာဘုရားအား တရား တော်ကို ဟောပါသည်" ဟု ပြောဆို၏။ ဤသို့နတ်မင်းသည် စကား ပြောဆိုစဉ်ပင်လျှင် ဥပါသိကာမအား ငါးပါးသော အမျိုးယှဉ်သော ပီတိသည်ဖြစ်၍ အလုံးစုံသော ကိုယ်ကိုနှံ့၏။ ထိုနောက် ဥပါသိကာမ အား ဤသို့သော အကြံအစည်သည် ဖြစ်၏။ အဘယ်သို့ အကြံဖြစ်သ နည်းဟူမူ "ငါ၏သားသည် မြတ်စွာဘုရားနှင့် အတူကကွ တခုတည်း သော ဂန္ဓကုဋီ၌နေမျှ၍ မြတ်စွာဘုရားအား တရားတော်ကို ဟောခြင်း ငှါ စွမ်းနိုင်တုံသေး၏။ ငါ့အားလည်း တရားတော်ကို ဟောခြင်းငှါ စွမ်းနိုင်အံ့သည် သာလျှင်တည်း။ ငါ့သား၏ ပြန်လာသော အခါ၌ တရားနာသော နေရာကို ပြုလုပ်စေ၍ တရားစကားကို ကြားနာအံ့" ယူသော အကြံသည် ဖြစ်၏။သောဏမထေရ်သည်လည်း မြတ်စွာဘုရား သည် သောင်းချီးကို ပေးတော်မူသည် ယှဉ်သော် "ဤအခါ သည်ကား ငါ၏ ဥပဇ္ဈာယ်ဆရာသည် ပေးလိုက်သော သတင်းစကားကို ကြား လျှောက်ခြင်းငှါ သင့်လျော်လျောက်ပတ်သော အခါတည်း" ဟု ဆင် ခြင်ကြံစည်၍ မြတ်စွာဘုရားကို ပမ္ခနိ့မဖြစ်သော ဇနပုဒ်တို့၌ဝိနည်းမိုရ် လျှင် ငါးယောက်မြောက် ယှဉ်သော ဂိုဏ်းဖြင့် ပဉ္စင်းခံရခြင်းကို အစပြု၍ ငါးပါးသော ဆုတို့ကို တောင်းပြီးသော် နှစ်ရက် သုံးရက်ပတ်လုံး မြတ် စွာဘုရား အထံတော်၌ သာလျှင်နေမျှ၍ ဥပဇ္ဈာယ်ဆရာကို ဖူးမျှော်အံ့ ဟူသော အကြံဖြင့် မြတ်စွာဘုရားကို လျှောက်ထား ပန်ကြားပြီးလျှင် ဇေတဝန် ကျောင်းတော်မှ ထွက်၍ အစဉ်အဘိုင်းအားဖြင့် ဥပဇ္ဈာယ် ဆရာ၏အထံသို့ သွားလေ၏။ အရှင်မဟာကစ္စည်း မထေရ်သည် တဖန် မိုးသောက်သောနေ့၌ ထိုသောဏမထေရ်ကိုခေါ်၍ ဆွမ်းအလိုငှါလည့် လည်လျက် မိခင်ဖြစ်သောဥပါသိကာမ၏အိမ်တံခါးသို့ ကြွသွား၏။

ထို ဥပါသိကာမသည်လည်း မိမိသားကို မြင်၍ နှစ်သက်သော စိတ် ယှဉ်သဖြင့် ရှိခိုးပြီးသော် ရိုသေကောင်းမွန်စွာ ပြုစု လုပ်ကျွေး၏။ "ချစ်

သား၊ အသင်သည် မြတ်စွာဘုရားနှင့် အတူတကွ တခုတည်းသော ဂန္ဓကုဋိ၌ နေမျှ၍ မြတ်စွာဘုရားအား တရားစကားကို ဟောကြားရဘိသော ဟူသည် ဟုတ်မှန်ပါသလော'' ဟု မေးလျှောက်၏။ ''ဥပါသိကာမကြီး၊ အသင့်အား ဤသို့သော အကြောင်းကို အဘယ်သူ ပြောကြားအပ်သနည်း'' ဟု မေးမြန်၏။ ''ချစ်သား၊ဤအိမ်၌စိုးအုပ် စောင့်ရှောက်သော နတ်သည် ကျယ်စွာသော အသံဖြင့် ကောင်းချီးကို ပေးသောကြောင့် ငါက ဤသူကား အဘယ်သူနည်းဟု ပြောဆိုသည် ယှိသော် ဤအိမ်ကို စိုးအုပ် စောင့်ရှောက်သော ငါနတ်ပေတည်းဟု ပြောဆို၏။ ဤသို့ ဤသို့သော အကြောင်းကိုလည်း ပြောဆိုပေ၏။ နတ်မင်းပြောဆိုသော ထိုစကားကို ကြား၍ငါ့အား ဤသို့သော အကြံအစည်သည် ဖြစ်ပါ၏။ အဘယ်သို့ဖြစ်သနည်း ဟူမူ၊ငါ၏သားသည် မြတ်စွာဘုရားအား တရားစကားကို အကယ်၍ ဟောကြားနိုင်ခဲ့သည် ဖြစ်အံ့။ ဤသို့ ဟောကြားနိုင်ခဲ့သည် ယှိသော် ငါ့အားလည်း ဟောကြားခြင်းငှါ စွမ်းနိုင်ပေလတ္တံ့ဟူသော အကြံသည် ဖြစ်ပါ၏''။ ထိုသို့ လျှောက်ကြားပြီးသော အခါ ထိုသောဏ မထေရ်ကို ''ချစ်သား၊ အကြင်သို့သော အခြင်းအရာဖြင့် အသင်သည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ တရားတော်ကို ဟောကြားအပ်၏။ ဤသို့သော အခြင်းအရာဖြင့် ငါ့အားလည်း ဟောကြားခြင်းငှါ စွမ်းနိုင်လတ္တံ့သည်သာတည်း။ ချစ်သား၊ ဤအမည်ယှိသော နေ့၌ တရားနာရန် မဏ္ဍပ်ကိုဆောက်လုပ်စေ၍အသင်ဟောကြားသော တရားကို ကြားနာလိုပါ၏'' ဟု လျှောက်ထား၏။ ထိုသောဏ မထေရ်သည် ဆိတ်ဆိတ်နေသောအားဖြင့် သည်းခံတော်မူ၏။

သားတော် ရှင်သောဏ၏ တရားကို မတုန်မလှုပ် မိခင် ကြားနာခြင်း။

ဥပါသိကာမသည် ရဟန်းအပေါင်းအား အလှူကိုပေးလှူ ပူဇော်ခြင်းကိုပြု၍ ငါ့သား၏ တရားစကားကို ကြားနာအံ့ဟု ကြံစည်ပြီးလျှင် တယောက်တည်းသာလျှင် ဖြစ်သော အိမ်ကျွန်မကို အိမ်၌ အစောင့်အရှောက်ကို ထား၍ အလုံးစုံသော အခြွေအရံလူအပေါင်း ခေါ်ယူပြီး

လျှင် မြို့၏ အတွင်း၌ တရားနာခြင်းအကျိုးငှါ ဆောက်လုပ်အပ်သော မဏ္ဍပ်၌ တန်ဆာဆင်အပ်သော တရားဟောနေရာသို့ ကြွတက်ဘော်မူ၍ တရားတော်ကို ဟောကြားသော မိမိသား၏ တရားစကားကို ကြားနာခြင်းငှါ သွားလေ၏။ ထိုအခါ၌ကား ကိုးရာသော ခိုးသူတို့သည် ထိုဥပါသိကာမ၏ အိမ်၌ ခိုးယူနိုင်အံ့သော အခွင့်ကို ရှာမှီး ကြည့်ရှုကြလျက် လှည့်လည်ကုန်၏။ ထိုဥပါသိကာမ၏ အိမ်ကား တံတိုင်းခုနစ်ထပ်တို့ဖြင့် ဝန်းရံအပ်၏။ ခုနစ်ခုကုန်သော တံခါးမုခ်တို့နှင့် ယှဉ်၏။ ထိုထိုသော တံခါးမုခ် ထိုထိုသော နေရာတို့၌ ခက်ထန် ကြမ်းကြုတ်သော ခွေးကြီးတို့ကို ဖွဲ့ချည်၍ ထားကုန်၏။ အိမ်တွင်းဖြစ်သော အမိုး၏ ရေပေါက်ကျရာ တံစက်မြိတ်အရပ်၌ကား ကျုံးကိုတူး၍ စူးရှသော သလွန်ဖြင့် ပြည့်စေကုန်၏။ ထိုအိမ်သည် နေ့အခါ၌ နေပူဖြင့် ကျက်ကြေပြင်းလှိုက် ကျိုက်ကျိုက်ဆူဘိသကဲ့သို့ ဖြစ်၍တည်၏။ည၌ကား ခက်မာကြမ်းတမ်းသည် ဖြစ်၍တည်၏။ ထိုကျုံး၏အခြားမဲ့၌ ကြီးစွာသော သံဖြင့် ပြီးသော တံခါးဆုံတို့သည် အကြားမလပ် မြေ၌ စိုက်ထူကာရုံကုန်၏။ ဤသို့သော အစောင့်အရှောက်ကို လည်းကောင်း ဥပါသိကာမ၏ အိမ်တွင်း၌ တည်ယိုသော အဖြစ်ကိုလည်းကောင်း စွဲ၍ ထိုခိုးသူတို့သည် ခိုးယူခွင့်ကို မရကုန်ဘဲ ထိုတရားနာသောနေ့၌ ထိုဥပါသိကာမ၏ သွားသော အဖြစ်ကိုသိ၍ ဥမင်ကိုဖေါက်ပြီးလျှင် သလွန်ကျုံးမြောင်း၏ လည်းကောင်း၊သံဖြင့်ပြီးသောတံခါး၏ လည်းကောင်း အောက်အဘို့ဖြင့်သာ လျှင်အိမ်သို့ဝင်၍ ခိုးသူအကြီးအမှူးကို ထို ဥပါသိကာမ၏ အထံသို့စေလွှတ်ကုန်၏။အဘယ်သို့ စေလွှတ်ကုန်သနည်းဟူမူ။ ''ထို ဥပါသိကာမသည် ငါတို့ဤအိမ်သို့ဝင်သောအဖြစ်ကို ကြားသိသောကြောင့်ဆုတ်နစ်ပြန်လည်၍အိမ်သို့ရှေ့ရှုအကယ်၍လာခဲ့သည်ဖြစ်အံ့။ယင်းသို့လာခဲ့သည်ယိုသော် ထို ဥပါသိကာမကို သန်လျက်ဖြင့် ခုတ်ဖြတ်၍ သတ်လေကုန်လော့''ဟု မှာထားပြောဆို စေလွှတ်ကုန်၏။ ထိုခိုးသူအကြီးအမှူးသည် တရားနာသော နေရာသို့ သွားရောက်၍ ထို ဥပါသိကာမ၏ အနီးဖြစ်သော အထံ၌တည်နေ၏။ ခိုးသူတို့သည်လည်း အိမ်၏အတွင်း၌ဆိမ်းကို ညှိထွန်း၍ အသံပြုထားရာ တိုက်ခန်း တံခါးကို ဖွင့်ကုန်၏။ အစောင့်

အရှောက်ထားခဲ့သော ထိုအိမ်ကျွန်မသည် ခိုးသူတို့ကိုမြင်၍ဥပါသိကာမ၏ အထံသို့သွားပြီးလျှင် ''အရှင်မ၊ များစွာသော ခိုးသူတို့သည် အိမ်သို့ ဝင်၍ အသပြာထားရာ တိုက်ခန်းတံခါးကို ဖွင့်လှစ်ကုန်ပြီ''ဟု ပြောကြား၏။ ''ခိုးသူတို့သည် မိမိတို့တွေ့မြင်သော အသပြာတို့ကို ယူဆောင်စေကုန်သတည်း။ ငါသည်ငါ့သား၏ ဟောကြားသော တရားစကားကို ကြားနာ၏။ ငါ့အားတရားတော်၏ အန္တရာယ်တို့မပြုလင့်၊ အိမ်သို့ပြန်သွားလေလော့''ဟုပြောဆို၍ ထိုအိမ်ကျွန်မကို လွှတ်လိုက်၏။ ခိုးသူတို့သည်လည်း အသပြာထားရာ တိုက်ခန်းကို ရှာဖွေဥသုံ အလုံးစုံသိမ်းယူပြီး အချည်းနှီးကိုပြု၍ ငွေထားရာ တိုက်ခန်းကို ဖွင့်လှစ်ကုန်၏။ ထို အိမ်ကျွန်မသည် တဖန်လည်းလာရောက်၍ ထိုအကြောင်းကို ပြောကြားပြန်၏။ ထိုအခါ ဥပါသိကာမက ထိုအိမ်ကျွန်မကိုခေါ်၍ ''ခိုးသူတို့သည် မိမိတို့ အလိုယိုသည်ကိုဆောင်ယူစေကုန်သတည်း။ ငါ့အားတရားတော်၏ အန္တရာယ်ကို မပြုလင့်'' ဟု ပြောဆို၍ တဖန် ထိုအိမ်ကျွန်မကို စေလွှတ်ပြန်၏။ ထိုခိုးသူတို့သည် ငွေထားရာ တိုက်ခန်းကိုလည်း အလုံးစုံသိမ်းကျုံးယူပြီး အချည်းနှီးကိုပြု၍ ရွှေထားရာတိုက်ခန်းကို ဖွင့်လှစ်ကုန်၏။ ထိုအိမ်ကျွန်မသည်လည်း တဖန်လည်းသွား၍ ဥပါသိကာမအား ထိုအကြောင်းကိုပြောကြားပြန်၏။ ထိုအခါ ဥပါသိကာမက ထိုအိမ်ကျွန်မကိုခေါ်၍''ဟယ်ကျွန်မ၊ အသင်သည်အကြိမ်များစွာငါ၏ထံသို့လာ၏။ ခိုးသူတို့သည် အလိုယိုသည်အတိုင်း ဆောင်ယူစေကုန်သတည်း။ ငါသည် ငါ့သား၏ဟောကြားသောတရားကို နာအံ့၊ ငါ့အား အန္တရာယ်မပြုလင့်ဟု ငါသည် ပြောဆိုပါလျက်လည်း ငါ၏စကားကို မနာယူမူ၍ အဖန်ဖန် အထပ်ထပ်လာသည်သာလျှင်တည်း။ ဤယခုအခါ၌ အသင်သည် အကယ်၍လာခဲ့သည်ဖြစ်အံ့၊ အသင့်အားတစုံတခုအမှုပြုလုပ်အပ်သည်ကို သိရပေအံ့။အိမ်သို့သာလျှင် သွားလေလော့''ဟု ခြိမ်းချောက်ပြောဆို၍ လွှတ်လိုက်၏။ ခိုးသူ အကြီးအမှူးဖြစ်သောသူသည်ထိုဥပါသိကာမ၏စကားကိုကြား၍''ဤသို့သဘောဟုတ်သော မိန်းမ၏ဥစ္စာကို ဆောင်ယူကုန်သောသူကိုအား မိုးကြိုးစက်သည်ကျရောက်၍ ဦးခေါင်း ဦးထိပ်ကိုခွဲရာ၏''ဟု ကြံစည်ပြီးလျှင် ခိုးသားတို့

၏ အထံသို့သွား၍ လျင်စွာ ဥပါသိကာမ၏ဥစ္စာကို တဖန်ရှေးရှိပကတိ အတိုင်း ထားသည်ကို ပြုလေ့ ဟု ပြောဆို၏။ ထို ခိုးသား တို့သည် အသပြာတို့ဖြင့် အသပြာထားရာတိုက်ခန်းကို၊ ငွေ, ရွှေတို့ဖြင့် ငွေ, ရွှေ ထားရာ တိုက်ခန်းတို့ကို တဖန် ပြည့်စေကုန်၏။ ။သူတပါးမဆို အလို လိုမိသဘောအတိုင်းသာ ဤသို့ ဖြစ်ပေါ်လာရခြင်းသည် ဓမ္မတာ ဖြစ် သတတ်။ ။ဤသူတော်ကောင်း တရားသည် တရားကို ကျင့်လေ့ယှိ သော ပုဂ္ဂိုလ်တို့အား စောင့်ရှောက်ပေ၏။ ထို့ကြောင့်သာလျှင် မြတ်စွာ ဘုရားသခင်သည်။

တရားစောင့်သောသူကို တရားတော်က ပြန်လည်
စောင့်ရှောက်ခြင်းကို ဖေါ်ပြသော ဂါထာ။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ်ံ၊ ဓမ္မော်သုစိဏ္ဏော သုခမာဝဟာတိ။
ဧသာနိသံသော ဓမ္မေ သုစိဏ္ဏေ၊ နဒုဂ္ဂတိ် ဂစ္ဆတိဓမ္မစာရီ။

ဟူ၍ ဟောတော်မူ၏။

အနက်ကား။ ။ဟဝေ-ဧကန္တေန၊ စင်စစ် ဧကန် အမှန် မလွဲ သဖြင့်။ ဓမ္မော၊ သူတော်ကောင်းတရားသည်။ ဓမ္မစာရိ်ံ၊ မိမိတည်းဟူ သော တရားကို ကျင့်လေ့ယှိသော သူကို။ ရက္ခတိ၊ စောင့်ရှောက်၏။ သုစိဏ္ဏော၊ ကောင်းစွာမပျက် လေ့ကျက်အပ်သော။ ဓမ္မော၊ သူတော် ကောင်း တရားသည်။ သုခံ၊ လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ အာဝဟာတိ၊ ရွက်ဆောင်၏။ ဓမ္မစာရိ၊ တရားကို ကျင့်လေ့ယှိသောသူ သည်။ ဒုဂ္ဂတိ်၊ မကောင်းမှုပြုသော သူတို့၏ လားရာဖြစ်သော ဒုဂ္ဂတိ ဘဝသို့။ န ဂစ္ဆတိ၊ မလားမရောက်ရလေ။ ဧသော၊ ဤသို့ပြယှိ ဒုဂ္ဂတိ သို့ မလား ရောက်ရခြင်းသည်။ သုစိဏ္ဏော၊ ကောင်းစွာမပျက် လေ့ကျက် အပ်သော။ ဓမ္မော၊တရားတော်၌။ ပဝတ္တော၊ ဖြစ်သော။(တနည်းကား) သုစိဏ္ဏော-သုစိဏ္ဏာသဿ၊ ကောင်းစွာ မပျက် လေ့ကျက် အပ်သော။ ဓမ္မော-ဓမ္မဿ၊ တရားတော်၏။ အာနိသံသော၊ ကျိုးဆက်ဂုဏ်အင် အာနိသင် ပေတည်း။ ။ဤကားအနက်။

ခိုးသူတို့သည်လည်း သွားရောက်၍ တရားနာသောနေရာ၌ ဟည်နေကြကုန်၏။ သောဏမထေရ်သည်လည်း တရားတော်ကို ဟောကြား၍ ညဉ့်ယာမ်ကုန်ပျောက် လင်းစင်ခြင်းသို့ ရောက်သည်ဟိသော့ တရားဟောနေရာမှ သက်ဆင်း၏။ ထိုခဏ၌ ခိုးသူ အကြီးအမှူးသည် ဥပါသိကာမ၏ ခြေရင်း၌တုံ့ဝပ်၍ ''အရှင်မ၊ အကျွန်ုပ်အား သည်းခံပါလော့'' ဟု ပြောဆို၏။ ''အမောင်၊ ဤအမှုကား အကြောင်း အဘယ်သို့နည်း'' ဟု မေးပြန်သည်ယိသော့ ''အကျွန်ုပ်သည်ဘာလျင် အရှင်မတို့၌ ရန်ပြုခဲ့ခြင်းကို ပြု၍ အရှင်မတို့ကို သတ်ခြင်းငှါ အလိုယိသည်ဖြစ်၍ ကည်နေမိပါ၏'' ဟု ပြောဆို၏။ ''အမောင်၊ ထိုသို့ တပြီးကား အသင့်အား ငါသည်းခံ၏'' ဟု ပြောဆို၏။ ကြင်းသော ခိုးသူတို့သည်လည်း ထို့အတူသာလျင် တောင်းပန်ဝန်ချ ပြောဆိုကြကုန်၍ ''အမောင်တို့၊ ငါသည်းခံပါ၏'' ဟု ပြောဆိုသည် ယိသော့ ထိုခိုးသူတို့က ''အရှင်မ၊ အကျွန်ုပ်တို့အား အကယ်၍ သည်းခံကုန်သည်ဖြစ်အံ့။အသင့်သား၏ အထံ၌ ငါတို့အား ရဟန်းပြုခြင်းကို ပေးပါစေကုန်လော့'' ဟု ပြောဆိုကုန်၏။

ကိုးရာသော ခိုးသူတို့ ရဟန်းပြုခြင်း။

ထိုဥပါသိကာမသည် မထေရ်ဖြစ်သော မိမိသားကို ရှိခိုး၍ ''ချစ်သား၊ ဤခိုးသူတို့သည် ငါ၏ ဂုဏ်ကျေးဇူးတို့၌ လည်းကောင်း, အသင်ချစ်သား၏ တရားစကား၌ လည်းကောင်း, ကြည်ညိုကုန်သည် ဖြစ်၍ ရဟန်း အဖြစ်ကို ကောင်းပန်ကြကုန်၏။ ထိုခိုးသူကြီးတို့ကို ရဟန်းပြုပါကုန်လော့'' ဟု လျှောက်ထား၏။ သောဏမထေရ်သည် ကောင်းပြီဟု မိန့်ဆို၍ ထိုခိုးသူတို့သည် ဝတ်အပ်သော အဝတ်တို့၏ အမြိတ်အဆာတို့ကို ဖြတ်စေပြီးလျင် မြေနီညှက်ဖြင့် ဆိုးစေ၍ ထိုခိုးသူတို့ကို ရဟန်းပြုစေပြီးသော် သိလတို့၌ တည်စေ၏။ ပဉ္စင်းဖြစ်သော ထိုခါ၌လည်း ထိုရဟန်းတို့တွင် တပါးတပါးသော ရဟန်းအား အသိး အသိးသော ကမ္မဋ္ဌာန်းကိုပေး၏။ထိုကိုးရာသော ရဟန်းတို့သည် အသိးအသိး ကိုးရာသော ကမ္မဋ္ဌာန်း တို့ကို ယူ၍ တခုသော တောင်သို့ တက်ရောက်ပြီးလျင် ထိုထိုသော သစ်ပင်၏ အရိပ်၌ ထိုင်နေ၍ ရဟန်းတရားကို အားထုတ်

ခြင်း ပြုကုန်၏။ မြတ်စွာဘုရားသည် ယူဇနာတရှာနှစ်ဆယ် အထက်၌ တည်ယိုသော ဇေတဝန်ကျောင်းမြတ်၌ လျောက်ပတ်မျထုံး သိတင်းသုံး တော်မူ လျက်သာလျှင် ထိုရဟန်းတို့ကို ကြည့်ရှုတော်မူ၍ ထိုရဟန်းတို့ စရိုက်၏ အစွမ်းဖြင့်တရား ဒေသနာကို ပိုင်းခြားမှတ်သား၍ ကိုယ်ရောင် တော် နှံ့လျက် ရှေတူရူ မျက်မှောက်၌ ထိုင်နေ၍ ဟောကြားတော်မူဘိ သကဲ့သို့။

မေတ္တာဘာဝနာစ ည်၏ အကျိုးကို ဖေါ်ပြသော
ပါဠိတော်ဂါထာ ဒေသနာ။

မေတ္တာ ဝိဟာရီ ယော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။ ။
သိဉ္စ ဘိက္ခို ဣမံ၊ နာဝံ၊ သိတ္တာ ဇေ လဟု မေဿတိ။
ဆေတ္ဝာ ရာဂဉ္စ၊ ဒေါသဉ္စ၊ တတော နိဗ္ဗာန မေဟိသိ။ ။
ပဉ္စ ဆိန္နေ ပဉ္စ ဇဟေ၊ ပဉ္စ စုတ္တရိ ဘ ဝေယ။
ပဉ္စ သင်္ဂါတိဂေါ ဘိက္ခု၊ သြဃ တိဏ္ဏော တိ ဝုစ္စတိ။ ။
ဈာယ ဘိက္ခုမာ ပမာဒေါ၊
မာ တေ ကာမဂုဏေ ရမဿု စိတ္တံ။
မာ လောဟဂုဠံ ဂိလိ ပမတ္တော၊
မာ ကန္ဒီ ဒုက္ခမိဒန္တိ ဒယ္ဟမာနော။ ။
နတ္ထိ ဈာနံ အပညဿ၊ ပညာ နတ္ထိ အဈာယိနော။
ယမ္ဟိ ဈာနဉ္စ ပညာ စ၊ သ ဝေ နိဗ္ဗာနသန္တိကေ။ ။
သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တံ စိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။ ။
ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ ပီတိပါမောဇ္ဇံ၊ အမတန်္တံ ဝိဇာနတံ။ ။
တတြာယမာဒိ ဘဝတိ၊ ဣဓ ပဉ္ဉဿ ဘိက္ခုနော။
ဣန္ဒြိယဂုတ္တိ သန္တုဋ္ဌိ၊ ပါတိမောက္ခေ စ သံဝရော။ ။

၉၄ ဓမ္မပဒဝတ္ထုတော်ကြီး။ (ဆရာတော်-အသျင်စန္ဒိမာမ)

မိဇ္ဈေ ဘဇသု ကလျာဏေ၊ သုဒ္ဓါဇိဇဝေ အတန္ဒိတေ။
ပဋိသန္ထာရဝုတ္တိသေ၊ အာစာရကုသလော သိယာ။
တတော ပါမောဇ္ဇမဟုလေ ၊ ဒုက္ခဿန္တံ် ကရိဿသိ။ ။

ဟူကုန်သော ဤဂါထာတို့ကို ရွတ်ဆိုတော်မူ၏။

ဂါထာတို့၏အနက်ကား။ ။ယောဘိ ဘိက္ခု၊အကြင်ရဟန်းသည်။ မေတ္တာဝိဟာရီ၊ ကမ္မဋ္ဌာန်း-ဈာန် နှစ်တန်ပွားကာ မေတ္တာဖြင့် နေလေ့ယှိ၏။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဗုဒ္ဓသာသနေ၊ ဘုရား မြတ်စွာသာသနာတော်၌။ ပသန္နော၊ ကြည်ညိုသည်။ ဟောတိ၊ ဖြစ်၏။ သန္တံ်၊ ငြိမ်သက်သော။ သင်္ခါရူပသမံ၊ အလုံးစုံကုန်သော သင်္ခါရတို့၏ ချုပ်ငြိမ်းရာ ဖြစ်သော။ သုခံ၊ ကိုင်းထက်လွန်စွာ ချမ်းသာသော။ ပဒံ၊ နိဗ္ဗာန်သို့။ အဓိဂစ္ဆေ၊ ရသည်သာလျှင်တည်း။

ဘိက္ခု၊ရဟန်း။ ဇာမံနာဝံ၊ဤအတ္တဘောတည်းဟူသောလှေကို။ သိဉ္စ၊ မိစ္ဆာဝိတက်ရေယိုထွက်သည်ကို ပက်ပစ်သွန်းလောင်းလေလော့။ တေ၊ သင်၏။ သိတ္တာ၊မိစ္ဆာဝိတက် ရေယိုထွက်သည်ကို ပက်ပစ်သွန်းလောင်း အပ်ပြီးသော။ နာဝါ၊အတ္တဘောတည်းဟူသောလှေသည်။ လဟု၊ လျင်စွာ။ သေတိ၊နိဗ္ဗာန်ကမ်းသို့ ကူးသန်းထုတ်ချောက် ရောက်ပေလတ္တံ့။ ရာဂဉ္စ၊ ရာဂကို လည်းကောင်း။ ဒေါသဉ္စ၊ဒေါသကို လည်းကောင်း။ ဆေတ္ဝာ၊ ပယ်ဖျက် ဖြတ်တောက်၍။ တတော၊ ထိုသို့ ပယ်ဖျက် ဖြတ်တောက်ခြင်းကြောင့်။ နိဗ္ဗာနံ၊ အနုပါဒိသေသ နိဗ္ဗာန်သို့သာလျှင်။ ဧဟိသိ၊ ရောက်ရလတ္တံ့။

ပဉ္စ၊ အပါယ်လေးထပ်ကပ်ရောက်စေတတ်သည်အရာဩရမ္ဘာဂိယ မည်သော သံယောဇဉ်ငါးပါးတို့ကို။ ဆိန္နေ၊ အောက်မဂ် သုံးပါးဖြင့် ပယ်ရှားဖြတ်တောက်ရာ၏။ ပဉ္စ၊ အထက်မှတ်ရာ နတ်-ဗြဟ္မာ အရပ်သို့ လားကပ်တတ်သော အဘိုယှိသောကြောင့် ဥဒ္ဓံဘာဂိယ မည်သော သံယောဇဉ်ငါးပါးတို့ကို။ ဇဟေ၊ အရဟတ္တမဂ်ဖြင့် စွန့်လွှတ် ပယ်ဖျက်ရာ၏။ ပဉ္စစ၊ သဒ္ဓိန္ဒြေအစယှိသော ငါးပါးသော ဣန္ဒြေ တို့ကိုလည်း။ ဥတ္တရိ၊ အလွန်။ ဘာဝယေ၊ ပွားများရာ၏။ ပဉ္စသင်္ကါတိဂေါ၊ ရာဂ-

ဒေါသ-မောဟ-မာန-ဒိဋ္ဌိ ဟု ဆိုအပ်သော ကပ်ငြိကတ်သော ကရားငါးပါး အပေါင်းမှ လွန်မြောက်သည်။ ဟုတ္တာ၊ ဖြစ်၍။ ဝါ၊ ဖြစ်သောကြောင့်။ ဘိက္ခု၊ရဟန်းကို။ သြဃတိဏ္ဏောတိ၊ သြဃလေးပါး ပယ်ရှားကူးမြောက်သူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခု၊ ရဟန်း။ တံ့၊ သင်သည်။ ဗျာယ၊ အာရမ္မဏူပ-လက္ခဏူပဗျာန်တို့၏ အစွမ်းဖြင့် အဖန်ဖန်ရှုလေလော့။ မာပမာဒေါ၊ ကာယကံစသည်တို့၌ မမေ့မလျော့ပါလေလင့်။တော၊သင်၏။စိတ္တံ၊ကို။ ကာ့မဂ္ဂော၊ငါးပါးပြားတံ့ ကာမဂုဏ်၌။ မာ ရမသု၊မမွေ့မလျော်စေလင့်။ ပမတ္တော၊ မေ့လျော့သည်။ ဟုတ္တာ၊ ဖြစ်၍။ လောဟဂုဋ္ဌံ၊ ငရဲကျဆောင် ပူလောင်ရဲရဲသံတွေခဲကို။ မာဂိလိ၊ မမျိုမိစေလင့်။ ဒယ္ဟမာနော၊ ပြင်းစွာ ပူလောင်သည်ယိုသော်။ ဏဒံ၊ ဤသို့ ပူလောင်ခြင်းသည်ကား။ ဒုက္ခန္တိ၊ ဆင်းရဲလှချေ၏တကားဟူ၍။ မာကန္ဒီ၊ မမြည်တမ်းရစေလင့်။

အပညဿ၊ ဗျာန်စသည်ကို ဖြစ်စေတတ်သော လုံ့လပညာ မရှိသော သူအား။ ဗျာနံ၊ အဖန်တလဲလဲ ရှုခြင်းသည်။ နတ္ထိ၊ မရှိ။ အဗျာယိနော၊ အဖန်တလဲလဲရှုလေ့မရှိသောသူအား။ ပညာ၊ ပညာသည်။ နတ္ထိ၊ မရှိ။ ယမှိပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ ဗျာနဉ္စ၊ အဖန်တလဲလဲကပ်၍ ရှုခြင်းသည်လည်းကောင်း။ ပညာစ၊ပညာသည်လည်းကောင်း။ အတ္ထိ၊ ယို၏။ သ-သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ နိဗ္ဗာနသန္တိကေ၊ နိဗ္ဗာန်၏အနီးဌာနတည်တော့သည် သာလျှင်တည်း။

သညာဂါရံ၊ ဆိတ်ငြိမ်ရာအရပ်သို့။ ပဝိဋ္ဌဿ၊ ကမ္မဋ္ဌာန်း မစွန့်လွှတ်ညွှတ်သော နှလုံးသွင်းခြင်းဖြင့် ဝင်နေထသော။ သန္တံ့စိတ္တဿ၊ ငြိမ်းဖေသော စိတ်ယို့ထသော။ သမ္မာ၊ သင့်သော အကြောင်းအားဖြင့်။ ဓမ္မံ၊ တရားကို။ ဝိပဿတော၊ ရှုမြင်ထသော။ ဘိက္ခု၊နော၊ရဟန်းအား။အမာနုသိ၊ အိမ်ရာထောင်သော လူတို့အား မထိုက်သော။ ရတိ၊ရှစ်ပါးသော သမာပတ်ဟု ဆိုအပ်သော ဒိဗ္ဗဝိဟာရ တည်းဟူသော မွေ့လျော်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ယတော်ယတော၊ အကြင်အကြင်သို့သောအခါ၌။ ခန္ဓာနံ၊ ငါးပါးကုန်သော ခန္ဓာတို့၏။ ဥဒယဗ္ဗယံ၊ နှစ်ဆယ့်ငါးချက် မှတ်ကြောင်းဆက်

ဖြင့် ဖြစ်ခြင်းပျက်စီးခြင်းကို။ သမ္မသတိ၊ သုံးသပ်၏။ တတော တတော၊ ထိုထိုသောအခါ၌။ ပီတိပါမောဇ္ဇံ၊ တရားတည်းဟူသော နှစ်သက်ခြင်း တရားတည်းဟူသော ဝမ်းမြောက်ခြင်းကို။ လဘတိ၊ ရ၏။ တံ၊ ထို နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းသည်။ ဝိဇာနတံ၊ ပညာယှိတို့အား။ အမတံ၊ အမြိုက်နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေတတ်သည် အဖြစ်ကြောင့် အမြိုက်နိဗ္ဗာန်သည် သာလျှင်တည်း။

ယာ ဋုန္ဒြိယဂုတ္တိ၊ အကြင် စက္ခုစသော ဋုန္ဒြေကို စောင့်စည်းခြင်း သည်လည်းကောင်း။ ယာသန္တုဋ္ဌိ၊ အကြင် အာဇီဝ ပါရိသုဒ္ဓိသီလ-ပစ္စယသန္ဒိဿိတ သီလတည်းဟူသောရောင့်ရဲခြင်းသည်လည်းကောင်း။ ပါတိမောက္ခေ၊ ပါတိမောက္ခသီလ၌။ ယောသံဝရောစ၊ အကြင် စောင့်စည်းခြင်းသည်လည်းကောင်း။ အတ္တိ၊ ယှိ၏။ အယံ၊ ဤစတုပါရိသုဒ္ဓိသီလသည်။ ဋဓ၊ ဤမြတ်စွာဘုရားသာသနာတော်၌။ ပညဿ၊ ပညာယှိသော။ ဘိက္ခုနော၊ရဟန်းအား။ တတြ၊ ထိုနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌။ အာဒိ၊ အဦးအစသည်။ ဘဝတိ၊ ဖြစ်၏။

ကလျာဏေ၊ ကောင်းသော သဘော ယှိကုန်သော။ သုဒ္ဓါဇီဝေ၊ စင်ကြယ်သော အသက်မွေးခြင်း ယှိကုန်သော။ အတန္ဒိတေ၊ ပျင်းရိခြင်းမယှိကုန်သော။ မိတ္တေ၊ အဆွေခင်ပွန်းတို့ကို။ ဘဇဿု၊ မှီဝဆည်းကပ်လေလော့။ ပဋိသန္ဓာရဝုတ္တိ၊ အာမိသ, ဓမ္မ ပဋိသန္ဓာရ နှစ်ပါးဖြင့် ပြည့်စုံသော အသက်မွေးခြင်းယှိသည်။ အဿ၊ ဖြစ်ရာ၏။ အာစာရကုသလော၊ သီလကျင့်ဝတ်၌ လိမ်မာသည်။သိယာ၊ဖြစ်ရာ၏။တတော၊ ထိုနှစ်ပါးသော ပဋိသန္ဓာရဖြင့် အသက်မွေးခြင်း သီလ ကျင့်ဝတ်၌ လိမ်မာခြင်းကြောင့်။ ပါမောဇ္ဇဗဟုလော၊ ဝမ်းမြောက်ခြင်းများသည်။ ဟုတွာ၊ ဖြစ်၍။ တွံ၊ သင်သည်။ ဒုက္ခဿ၊ အလုံးစုံသော ဝဋ္ဌဆင်းရဲ၏။ အန္တံ၊ အဆုံးကို။ ကရိဿတိ၊ ပြုရလတ္တံ့။ ။ဤကားအနက်။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဤသို့မြတ်စွာဘုရားဟောကြားတော်မူအပ်ကုန်သော ဤဂါထာတို့တွင် တဂါထာ တဂါထာ၏အဆုံး၌ တရာ တရာသောရဟန်းအပေါင်း

သည် ထိုင်နေရာ ထိုင်နေရာအရပ်၌သာလျှင် ပဋိသန္ဓေတိုနှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ကောင်းကင်သို့ ပျံတက်ကုန် ပြီးသော် အလုံးစုံလည်းဖြစ်ကုန်သော ထိုရဟန်းတို့သည် ကောင်းကင်ခရီးဖြင့်သာလျှင် ယူဇနာ တရာ့နှစ်ဆယ်ယှိသော ခရီးခဲကိုလွန်မြောက်ကုန်၍ မြတ်စွာဘုရား၏ ရှေ့အာဆင်းကဲ့သို့ အဆင်းယှိသော ကိုယ်တော်ကို ချီးမွမ်းထောမနာကုန်လျက် ခြေတော်ကို ရှိခိုးကုန်၏။

ဓမ္မပဒ၊ ဘိက္ခုဝဂ်၌ ခုနစ်ခုမြောက်သော မျှားစွာသောရဟန်းတို့၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရွေပြီး၏။

၂၅-ဘိက္ခုဝဂ်၌၊ ၈-ငါးရာသော ရဟန်းတို့၏ ဝတ္ထု။

ဝဿိကာဝိယ ပုပ္ဖါနိ။ ။အစယှိသော် ဤ ဓမ္မဒေသနာကို၊ တထာဂရ၀၊ တိုးပွားကြွ၍၊ သံသာရဝဋ်၊ မလွတ်နိုင်ကြ၊ ဒုက္ခိတ သတ္တဝါတို့ကို၊ တထာဂရ၀ ကင်းပပြတ်ကြောင်းဖြင့်၊ ကောင်းစွာ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်၊ တိုးပွါး ကောင်းမွန်၊ သာမျိုးလွန်သော၊ ဇောတဝန်ရွှေကျောင်း၌၊ ကိန်းအောင်း နေမျှတော်မူလျက်သာ၊ ငါးရာသော ရဟန်းတို့ကို၊ ရည်မှန်းသမှု၊ အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်း အထူးပုဒ်တို အစဉ်ကား ဤသို့တည်း။

ထိုငါးရာသော ရဟန်းတို့သည် မြတ်စွာဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းကို သင်ယူကုန်၍ စည်ကား ပြန့်ပြောသော တော၌ ရဟန်းတရားကို အားထုတ် ပြုလုပ်ကုန်လျက် နံနက် စောစောက သာလျှင် လန်းလန်းစွင့်စွင့် ကောင်းစွာပွင့်ကုန်သော ညနေချမ်းအခါအညာမှ ကျွတ်လွတ်ကြကုန်သော မုဒေးပန်းတို့ကို မြင်ကုန်၍ "အသင်တို့၏အညာတို့မှ ကျွတ်လွတ်ကြကျခြင်းထက် ရှေးဦးစွာ ငါတို့သည် ရာဂအစယှိသည်တို့မှ လွတ်မြောက်ကုန်အံ့" ဟု ကြံစည်အလို မိမိကိုယ်ကို ဆုံးမ၍ လုံ့လထုတ်ကြကုန်၏။ မြတ်စွာဘုရားသည် ထို ရဟန်းတို့ကို

ကြည့်ရှုတော်မူ၍ ချစ်သားရဟန်းတို့၊ ရဟန်းမည်သည် အညှာမှ လွတ်ထွက် ကြွေကျသော ပန်းကဲ့သို့ ဆင်းရဲ အပေါင်းမှ လွတ်မြောက်ခြင်း ၄၂ လုံ့လ ပြုအပ်သည်သာလျှင်တည်းဟု မိန့်တော်မူ၍ ဂန္ဓကုဋ္ဌိ၌ ထိုင်နေတော်မူလျက်သာလျှင် အရောင်အလင်းကို ဖြန့်၍။

မုလေးပန်းပင် ပမာပြု၍ ရာဂစသော ကိလေသာတို့ကိုပယ်ခွါရန်
ဖေါ်ပြသော ပါဠိဂါထာ ဒေသနာ။

ဝဿိကာ ဝိယပုပ္ဖါနိ၊ ပစ္စဝါနိ ပမုဥ္ဆတိ။
ဧဝံ ရာဂဥ္ဆ ဒေါသဥ္ဆ၊ ဝိပ္ပမုဥ္ဆေထ ဘိက္ခဝေါ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံး၌ အလုံးစုံလည်း ဖြစ်ကုန်သော ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ဂါထာ၏ အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ဝဿိကာ၊ မိုဃ်းရေဆွတ်ဖျန်း ရွှင်လန်းပွါးမြောက် ကြီးပွားရောက်ရေး မုလေးပန်းပင်သည်။ပစ္စဝါနိ၊ပွင့်ပြီးသင့်လျော် ရင့်ရော်ကုန်သော။ပုပ္ဖါနိ၊အပွင့်တို့ကို။ပမုဥ္ဆတိ ဝိယ၊မိမိမှီရာ အညှာကြွေကျွတ် လွတ်ဘိသကဲ့သို့။ဧဝံတထာ၊ ဤဥပမာ နည်းတူစွာသာလျှင်။တုမှေပိ၊သင်တို့သည်လည်း။ရာဂဥ္ဆ၊ စွန်းငြိတပ်လှ ရာဂတရားကိုလည်းကောင်း။ ဒေါသဥ္ဆ၊ ရာဂစသည် ရစ်လည်မြေးညစ် အပြစ်ပေါင်းကိုလည်းကောင်း။ပိပ္ပမုဥ္ဆေထ၊ပြတ်တောက်ကင်း လွတ်အောင် စွန့်လွတ်ကြပါကုန်လော့။ ။ဤကားအနက်။

ဓမ္မပဒ။ဘိက္ခုဝဂ်၌ ရှစ်ခုမြောက်သော ငါးရာသော ရဟန်းတို့၏
ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၅-ဘိက္ခုဝဂ်၌၊ ၉-သန္တကာယမထေရ် ဝတ္ထု။

သန္တကာယော။ ။အစယှိသော ဤဓမ္မဒေသနာကို၊ ပါဏာတိပါတ၊ စသည်မိုက်မှား၊ လိုက်စားကြမ်းခက်၊ မငြိမ်သက်သော သတ္တဝါ

တို့ကို၊ ဖြာဖြာနှိမ်လျက်၊ ငြိမ်သက် စေကြောင်း၊ ကောင်းစွာ ဆုံးမတော်မူတတ်သော မြတ်စွာ ဘုရားသည်၊ စကားပြန့်မွန်၊ ကောင်းမျိုးလွန်သော၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းနေမျှတော်မူလျက်၊ သန္တကာယ မထေရ်မည်သည်ကို၊ဦးတည်သမူ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်း အထူးပုတို အစဉ်ကား ဤသို့တည်း။

ထိုသန္တကာယ မထေရ်အား လက်ခြေတို့၏ အလှိုအလို မည်သည် မဖြစ်သတတ်၊ ကိုယ်၏တုန်လှုပ်ခြင်းကင်းသော ငြိမ်သက်သော အတ္တဘော ယိုသည်သာလျှင် ဖြစ်၏။ ထိုမထေရ်သည် ခြင်္သေ့၏ အမျိုးမှ လာသော မထေရ်ဖြစ်သတတ်။

ထိုစကားကို အနည်းငယ် ခဲ့ဦးအံ့။ ။ခြင်္သေ့ တိုသည် တနေ့သော အခါ၌ ကျက်စားရာကို ယူပြီးသော် ငွေ့ဖြင့် ပြီးသော ဂူလိုဏ်၊ ရွှေဖြင့်ပြီးသော ဂူလိုဏ်၊သန္လာဖြင့်ပြီးသော ဂူလိုဏ်တို့တွင် အမှတ်မရှိ တခုခုသော ဂူလိုဏ်သို့ဝင်၍ ဆေးဒန်း မြင်းသိလာအပြင်ဝယ် စိမ်းရွှေသော ဆေးဒန်းမှန့်တို့၌ ခုနစ်ရက်တိုပတ်လုံးအိပ်၍ ခုနစ်ရက်မြောက်သော နေ့၌ အိပ်ရာမှထပြီးလျှင် အိပ်နေရာအရပ်ကို ကြည့်ရှု၍ အမြီး၏လည်းကောင်း၊ နားတို့၏လည်းကောင်း၊ လက်ခြေတို့၏လည်းကောင်း၊ တုန်လှုပ်သည့် အဖြစ်ကြောင့် မြင်းသိလာ အပြင်ဝယ် စိမ်းရွှေသော ဆေးဒန်းမှန့်တို့၏ ဖရိုဖရဲ ပြန့်ကြဲ ရောပွမ်းသည့် အဖြစ်ကို အကယ်၍ တွေ့မြင်ကုန်သည် ဖြစ်အံ့၊ အသင်၏ ဤအမှုသည့် အမျိုးဇာတ်နှင့် ပြည့်စုံသော သူအားလည်းကောင်း၊ အနွယ်နှင့်ပြည့်စုံသော သူအားလည်းကောင်း မသင့်လျော် မလျောက်ပတ်ချေဟု ကြံစည်၍ တဖန် ခုနစ်ရက်တိုပတ်လုံး အစာရေစာ မဖွေရှာဘဲ အာဟာရကင်းပြတ် ထပ်၍တဖန် အိပ်နေပြန်ကုန်၏။ဆေးဒန်းမှန့်တို့၏ကားဖရိုဖရဲ ဖြန့်ကြဲရောပွမဲ့းသော အဖြစ်သည့် မယှိခဲ့သည်ယှိသော်ကား အသင်၏ ဤအမှုသည့် အမျိုးအနွယ်နှင့် ပြည့်စုံသောသူတို့အား သင့်လျော် လျောက်ပတ်ပေ၏ဟု ကြံစည့် ပြီးလျှင် ယခင် အိပ်ခင်းကျင်းမှ ထွက်ပြီးသော် ကိုယ်ကိုခါတွက်၍ တူရွာဖြစ်သော

၁၀၀ ဓမ္မပဒဝတ္ထုတော်ကြီး။ (ဆရာတော်-အသျင်စန္ဒိမာ မှူ)။

အရပ်မျက်နှာ အထောင့်ဖြစ်သော အရပ်မျက်နှာတို့သို့ စောင်းငဲ့လှည့်ကြည့်၍ သုံးကြိမ်တိုင်တိုင် ခြေသံ့၏ အသံကို ပြင်းထန်ဟောက်မြည်ပြီးသော် ကျက်စားခြင်းငှါဖဿားကုန်၏။ဤရဟန်းသည် ဤသို့သဘောယှိသော ခြေသံ့မျိုးမှ လာခဲ့ပေသတတ်။

ထိုရဟန်း၏အမှုအရာ ကောင်းစွာငြိမ်သက်သော အကျင့်ကို မြင်၍ရဟန်းတို့သည် မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏။ အဘယ်သို့ကြားလျှောက်ကုန်သနည်း ဟူမူ၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ သန္တကာယ မထေရ်နှင့် တူသော ရဟန်းတို့ကို တပည့်တော်တို့ မတွေ့မြင်ဘူးပါ။ထိုစကားမှန်ပါ၏။ဤသန္တကာယမထေရ်အား ထိုင်နေရာအရပ်၌ လက်တို့၏လှုပ်ခြင်းသည်လည်းကောင်း၊ ခြေတို့၏ လှုပ်ခြင်းသည်လည်းကောင်း၊ကိုယ်၏တုန်လှုပ် ယိမ်းခါခြင်းသည်လည်းကောင်း မရှိပါဟု ကြားလျှောက်ကုန်၏။ ရဟန်းတို့ လျှောက်ထားသော ထိုစကားကို ကြားတော်မူ၍ မြတ်စွာဘုရားသည် ''ချစ်သားရဟန်းတို့၊ ရဟန်းမည်သည် သန္တကာယမထေရ်ကဲ့သို့ ကိုယ်အစယ်သည် တိုသည် ငြိမ်သက်သဖြင့် သာလျှင်ဖြစ်ပေရာ၏''ဟု မိန့်တော်မူ၍ပြီး၏။

ငြိမ်သက်တည်ကြည်သော ရဟန်းကောင်း၏ အဖြစ်ကို
ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

သန္တကာယော သန္တဝါစော၊သန္တဝါ သုသမာဟိတော၊
ဝန္တလောကာမိသော ဘိက္ခု၊ဥပသန္တော တိ ဝုစ္စတိ။
ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံး၌ ထိုသန္တကာယ မထေရ်သည် အရဟတ္တဖိုလ်၌ တည်လေ၏ ရောက်လာသော သူတို့အားလည်း အကျိုးယှိသော တရားဒေသနာသည် ဖြစ်၏။

ဂါထာ၏ အနက်ကား။ ။သန္တကာယော၊ပါဏာတိပါတ စသည် မျက်မာန် ခက်ထန် ကြမ်းကြုတ်ခြင်း မရှိသဖြင့် ငြိမ်သက်သော ကိုယ်ယှိ

ထသော။ သန္တာဝါစော၊မုသာဝါဒ စသည်အယုတ် ကြမ်းကြုတ်ခြင်းမရှိသဖြင့် ငြိမသက်သော နှုတ်ယိုထသော။ သန္တာဝါ၊ အာဘိဇ္ဈာစသည် ကြီစည်ခြင်းမယိုသဖြင့် ငြိမသက်သော စိတ်ယိုထသော။ သုသမာဟိတော၊ ကာယ္ဇုဝိဗို့မနသုံးဒွါရလုံးစောင့်သုံးအပ်သည်အဖြစ်ကြောင့် ကောင်းစွာ တည်ကြည်ထသော။ ဝန္တလောကာမိသော၊ လေးပါးသောမဂ်တို့ဖြင့်ဆို့ကာ်ထုတ်ပြန်ပျို့အန်အပ်ပြီးသောလောကီအာမိသယိုထသော။ ဘိက္ခု၊ ရဟန်းကို။ ဥပသန္တောတိ၊ အဟင်းထကြွ ရာဂစသီး မီးငြိမ်းပြီးသည် အဖြစ်ကြောင့် ငြိမသက်သော သူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဘိက္ခုဝဂ်၌ ကိုးခုမြောက်သော သန္တကာယ မထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရွေပြီး၏။

၂၅-ဘိက္ခုဝဂ်၌၊ ၁၀-မိမိကိုယ်ကို မိမိစောင့်ရှောက်သဖြင့် တရားထူးရသော နဂ်လမထေရ်ဝတ္ထု။

အတ္တနာ စောဒယတ္တာနံ။ ။အစခံသော၊ သာမုဏ်ဂါထာ၊ ဤဓမ္မဒေသနာကို၊အဖြာဖြာသော နည်းနယဖြင့်၊ ဖေါ်ပြဆုံးမတတ်သော မြတ်စွာဘုရားသခင်သည်၊လူ့ခွင်တလော၊ အုံ့ဩမပြီး၊ မြောက်ချီးတင့်လွန်၊ မွန်ထက်မွန်သော၊ ဇောတဝန် ရွှေကျောင်း၌၊ ကိန်းအောင်းနေမျှတော်မူလျက်၊ နဂ်လမထေရ်ကို၊ဦးတည်ရည်မှူ၊အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော်မူခဲ့လေ သတည်း။

အကြောင်းအထူးပုဂ္ဂိုလ် အစဉ်ကား ဤသို့တည်း။

ပစ္စည်းဥစ္စာ လွန်စွာ ချို့နဲ့ ဆင်းရဲသော လူတယောက်သည် သူတပါးတို့၏ ထံမှောက် သွားရောက် စေပါး အခစား အမှုကို ပြုလုပ်၍ အသက်ရှည်စေတည်နေမွေးမြူရသတတ်၊ မြတ်စွာဘုရား၏တပည့်သား တပါးသော ရဟန်းတော်သည်ပုဆိုးပိုင်းကို ဝတ်ဆင်သော၊ ထွန်တုံးကို မြှောက်ပင့် ထမ်းယူ၍ သွားသော ထိုသူဆင်းရဲ အခစားလူကို တွေ့မြင်သည် ယှိသော် ''အသို့ပေနည်း။ အသင့်အား ဤသို့ အသက်ရှည်စေ

မွေးမြူ၍ နေရသောထက် ရဟန်းပြုခြင်းငှါမအပ်ပါသလော''ဟု ဤသို့ ပြောဆို၏။ သူဆင်းရဲ ယောကျ်ားက ''အရှင်ဘုရား၊ ဤသို့လျှင် အသက်ရှည်စေ မွေးမြူ၍ နေရသော တပည့်တော်ကို အဘယ်သူသည် ရဟန်းပြုလုပ်၍ ပေးလတ္တံ့နည်း'' ဟု ပြန်၍ လျှောက်ထားသဖြင့် ''အသင်သည် အကယ်၍ ရဟန်းပြုနိုင်သည်ဖြစ်အံ့။ ငါ၁ာည် အသင့်ကို ရဟန်းပြုပေးအံ့ဟု ပြောဆိုသောအခါ့ ''အရှင်ဘုရား၊ ကောင်းလှပါပြီ။ တပည့်တော်ကို အကယ်၍ ရဟန်းပြုလုပ်၍ ပေးကုန်အံ့။ တပည့်တော်သည် ရဟန်းပြုပါအံ့'' ဟု လျှောက်ထား၏။ထိုအခါ သူဆင်းရဲယောကျ်ားကို ထိုမထေရ်သည် ဇောတဝန်ကျောင်းတော်သို့ ခေါ်ဆောင်၍ မိမိလက်ဖြင့် ရေချိုးစေပြီးလျှင် ရဟန်းပြုရာ ကျောင်းအပြင်၌ ထား၍ ရဟန်းပြုစေပြီးသော် ဝတ်ဆင်အပ်သော ပုဆိုးပိုင်းနှင့် တကွ ထွန်တုံးငယ်ကို ရဟန်းပြုရာ အပြင်၏ အပိုင်းအခြားဖြစ်သော သစ်ပင်၏ သစ်ကိုင်းထက်၌ တင်ထားစေ၏။ ထိုရဟန်းသည် ပဉ္စင်းဖြစ်သော အခါ၌လည်း နဂ်လမထေရ် ဟူ၍သာလျှင် အမည်ထင်ရှား၏။ ထိုနဂ်လမထေရ်သည် ဘုရားရှင်တို့အား ဖြစ်ပွါးမျှားမြတ် လာဘ်ပူဇော်သက္ကာရကို အမှီပြု၍ အသက်ရှည်လျက်သာသနာတော်၌ ဆန့်ကျင်သည်ဖြစ်၍ ထိုသာသနာတော်၌ ဆန့်ကျင်ခြင်းကို ပယ်ဖျောက်ခြင်းငှါမစွမ်းနိုင်သောကြောင့် ဤယခုအခါ၌ ငါသည် သဒ္ဓါ၍ ပေးလှူအပ်ကုန်သော ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ရုံ၍ သွားတော့အံ့ဟု ကြံပြီးလျှင် မိမိ၏ အဝတ်ပိုင်း၊ ထွန်တုံးငယ်ကို ထားရာဖြစ်သော ထိုသစ်ပင်ရင်းသို့ သွားရောက်၍ မိမိသည် ပင်လျှင် မိမိကိုယ်ကို ဆုံးမ၏။ အဘယ်သို့ ဆုံးမသနည်းဟူမူ၊ ''ဟယ်-အရှက်မရှိသောသူ၊ ဟယ်-အရှက် ကင်းသောသူ၊ အသင်သည် ဤအဝတ်ကို ဝတ်၍ လူထွက်ပြီးလျှင် အခစား အမှုကိုပြုလုပ်၍ အသက်ရှည်ခြင်းငှါ အလိုယိုသည် ဖြစ်ခဲ့ချေ၏တကား'' ဟု ဆုံးမ၏။ ဤသို့ မိမိကိုယ်ကို ဆုံးမစဉ်ပင်လျှင် ထိုမထေရ်၏ သာသနာ တော်၌ ဆန့်ကျင်သော စိတ်သည် နည်းပါးသော အဖြစ်သို့ ရောက်လေ၏။ ထိုမထေရ်သည် ဆုတ်နစ် ပြန်လည်၍ တဖန် နှစ်ရက် သုံးရက်တို့ကို လွန်သဖြင့် သာသနာတော်၌ ဆန့်ကျင်ပြန်၍ ထိုရှေးနည်းအတူ သာလျှင် မိမိ

ကိုယ်ကို ဆုံးမ၏။ တဖန် ထိုမထေရ်၏ စိတ်သည် ဆုတ်နစ် ပြန်လေ၏။ ထိုနဂ်လမထေရ်သည် ဤသို့ဖြစ်ကောင်း အကြောင်း အမှတ် ဖြင့်သာလျှင် ဆန့်ကျင်တိုင်း ဆန့်ကျင်တိုင်းသောအခါ၌ ထိုသစ်ပင်ရင်း သို့သွား၍ မိမိ၏ကိုယ်ကို ဆုံးမ၏။ ထိုအခါ ရဟန်းတော်တို့သည် ထိုသစ်ပင်ရင်း အရပ်သို့ မပြတ်သွားကြောက်သော ထိုမထေရ်ကို တွေ့မြင်ကုန်သည်ယို့သော် "ငါ့ရှင်နဂ်လမထေရ်၊ အဘယ်ကြောင့် ဤအရပ်သို့ မပြတ်သွားဘိသနည်း"ဟု မေးကုန်၏။ ထိုနဂ်လမထေရ်က "အရှင်ဘုရားတို့၊ ဆရာ၏အထံသို့သွားပါ၏"ဟု လျှောက်ထားပြောဆို၍ နှစ်ရက်သုံးရက်၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ရဟန်းတော်တို့သည် ထိုနဂ်လမထေရ်နှင့် အတူတကွ ကစားကျီစယ် ပြက်ရယ်ပြုကုန်လျက် "ငါ့ရှင် နဂ်လမထေရ်၊ အသင်၏ လွယ်လွယ်ရာဖြစ်သော ခရီးလမ်းသည် လုံးလုံးကြဉ်ရှောင် မသုံးဆောင်ဘိသကဲ့သို့ ဖြစ်ခဲ့ချေ၏။ အသင်သည် ဆရာ၏အထံသို့ မသွားတော့ချေယောင်တကား"ဟုပြောဆိုကုန်၏။ "အရှင်ဘုရားတို့၊ ဩဇာ-ဟုတ်မှန်ပါ၏၊ တပည့်တော်တို့သည် နှိုးနှောရောယှက်ခြင်းယို့ခဲ့သော် သွားပါကုန်ပြီ။ ဤယခုအခါ၌ကား တပည့်တော်တို့အား နှိုးနှောရောယှက်ခြင်းသည် ပြတ်ခဲ့၏။ ထိုကြောင့် ငါသည် မသွားပေဟု ပြောဆို၏။ ထိုစကားကို ကြား၍ ရဟန်းတော်တို့သည် ဤနဂ်လမထေရ်ကားမဟုတ်မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကိုကြားဘိသည်ဟု မြတ်စွာဘုရားအားထိုအကြောင်းကိုကြားလျှောက်ကုန်၏။ မြတ်စွာဘုရားက "ချစ်သားရဟန်းတို့၊ဩဇာ ဟုတ်မှန်ပေ၏။ ငါဘုရား၏သားတော်သည် မိမိသည်ပင်လျှင် မိမိကိုယ် ပြောဆိုပြန်ငင်အပြစ်ကင်း၍ ရဟန်းပြုခြင်းကိစ္စ၏ အပြီးအဆုံးသို့ရောက်သည်"ဟု မိန့်ဆိုတော်မူပြီး၍ တရားကို ဟောကြားတော် မူလိုသောကြောင့်။

မိမိသည်သာလျှင် မိမိကိုယ်ကို နှိုးဆော်သင့်ခြင်း စသည်ကို
ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

အတ္တနာ စောဒယတ္တာနံ၊ ပဋိမံသေထ အတ္တနာ။
သော အတ္တဂုတ္တော သတိမာ၊ သုခံ ဘိက္ခု ဝိဟာဟိသိ။

၁၀၄ ဓမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမှူ)။

အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။

အတ္တာ ဟိ အတ္တနော ဂတိ၊ တသ္မာ သံယမ မတ္တာနံ။
အဿံ ဘဒြံ ဝါဏိဇော။ ။

ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာတို့၏ အနက်ကား။ ။အတ္တနာ၊မိမိသည် သာလျှင်။အတ္တာနံ၊ မိမိကိုယ်ကို။ စောဒယ၊ တိုက်တွန်းနှိုးဆော် သင့်လျော်ကြောင်းတွေ့ အောက်မေ့စေဘိလော့။ အတ္တနာ၊ မိမိသည်ပင်လျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ ပဋိမံသေထ၊ သင့်လျော် ကောက်လွှမ်း စုံစမ်းစေဘိလော့။ ဘိက္ခု၊ ရဟန်း။ သောတုံ၊ ထိုအသင်သည်။ ဧဝံသန္တေ။ ဤသို့ နှိုးဆော် သင့်လျော် စုံစမ်းသည်ယှိသော်။ အတ္တဂုတ္တော၊ မိမိကိုယ်သည်ပင် လုံခြုံသည်။ သတိမာ၊ ကင်းသောသတိဟိုသည်။ ဟုတ္တာ၊ ဖြစ်၍။ သုခံ၊ ဇာရိယာပထ လေးဝလုံးမှာ ချမ်းသာစွာ သာလျှင်။ ဝိဟာဟိသိ၊ နေရပေလတ္တံ့။

အတ္တာဟိ-အတ္တာဧဝ၊ မိမိကိုယ်သည် သာလျှင်။ အတ္တနော၊ မိမိ၏။ နာထော၊ ကိုးကွယ် ထောက်တည်ရာသည်။ ဟောတိ၊ ဖြစ်၏။ ပရော၊ မိမိမှတပါးသော၊ ကော၊ အဘယ်မည်သော သူသည်။ နာထော၊ မှီခို ထောက်တည်ရာသည်။ သိယာ၊ ဖြစ်နိုင်ပါအံ့နည်း။ အတ္တာဟိ-အတ္တာဧဝ၊ မိမိကိုယ်သည်သာလျှင်။ အတ္တနော၊ မိမိ၏။ ဂတိ၊ ထောက်တည် ကိုးကွယ်ရာသည်။ ဟိယသ္မာ၊ အကြောင်ကြောင့်။ ဟောတိ၊ဖြစ်၏။တသ္မာ၊ ထို့ကြောင့်။ ဝါဏိဇော၊ မြင်းကုန် ကူးသန်း ဉာဏ်စွမ်း ထက်တည် မြင်းကုန် သည်သည်။ ဘဒြံ၊ ကြန်အင်လက္ခဏာ ပြည့်စုံစွာ ကြောင်း ကောင်းမွန်ထသော။ အဿံ၊ မြင်းကို။ သံယမတိဏ္ဍ ဝ၊ ရေချိုးစေခြင်း

စားစေခြင်းဖြင့် အခင်းသတ်မှတ် မပြတ်စောင့်ရှောက် ၊သကဲ့သို့။ ဧဝံ-တထာ၊ ထိုအတူ။ တံ့ပါ၊ အသင်သည်လည်း။ အတ္တာနံ၊ မိမိ ကိုယ်ကို။ သံယမ၊ မဖြစ်-ဖြစ်ပြီး နှစ်နည်းပွါးလို အကုသိုလ်တရားကို တားမြစ် ပယ်ဖျောက် စောင့်ရှောက်လေတိုလေ့။ ။ဤကား အနက်။

ဓမ္မပဒ၊ဘိက္ခုဝဂ်၌ ဆယ်ခုမြောက်သော နဂ်လမဏ္ဍဏ်၏ ဝတ္ထုစကား အစဉ်ကား ဤဟူ၌ပြီး၏။

၂၅–ဘိက္ခုဝဂ်၌၊ ၁၁-ဝဏ္ဏလိမဏ္ဍဏ်ဝတ္ထု။

ပါဠိမာတိကာဓရာ ။ ။အစဉ်သော်ဤဓမ္မဒေသနာကို၊ သဒ္ဓါစရိုက်၊ အလိုက်လွန်ကျူးခြင်း၊ ယစ်မူးမေ့လျော့တတ်သောသတ္တဝါတို့ကို၊ ကောင်းစွာ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်၊ ပတ္တမြား ညို ရောင်၊ စိုမျှောင်ရွက်ကြော၊ ဝါးကောပဒုမ၊ တည်ပြုရှေ့ဆုန်သော၊ဝေဠု ဝန်မင်းကျောင်း၌၊ကိန်းအောင်းနေမျှတော်မူလျက်၊ဝဏ္ဏလိမဏ္ဍဏ်ကို၊ ဦးတည်သမှု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူ ခဲ့လေသတည်း။

အကြောင်း အထူးပုဒ်တို အစဉ်ကား ဤသို့တည်း။

ထိုဝဏ္ဏလိ မဏ္ဍဏ်သည် သာဝတ္ထိပြည်ဝယ် ပုဏ္ဏားအမျိုး၌ ဖြစ်၍ ကြီးပွားစဉ်မြောက် အရွယ်သို့ ရောက်သောအခါ ဆွမ်းခံခြင်း အလို့ငှါ မြို့တွင်းသို့ ကြွဝင်တော်မူလာသော မြတ်စွာဘုရား သခင်ကို တွေ့မြင်၍ မြတ်စွာဘုရား၏လက္ခဏာကြီးငယ် အံ့ဘွယ်အဖုံဖုံ ကိုယ်တော်၏ ပြည့်စုံခြင်းကို ဖူးမျှော်ကြည့်ရှုရ၍ ကိုယ်တော်၏ပြည့်စုံခြင်းကို ကြည့်ရှုဖူးမျှော် ရခြင်းဖြင့်တင်းတိမ်ရောင့်ရဲခြင်းမယှိနိုင်ရကား "ဘုရားမြတ်စွာထံတော် သာ၌ ကောင်းစွာဝင်မြန်းဤသို့ရဟန်းပြုရသည်ယှိသော် ငါသည်မချတ် မလွဲအမြဲအခါပတ်လုံး မြတ်စွာဘုရားသခင်ကို တွေ့မြင်ကြည့်ရှု ဖူးမျှော် ခြင်းငှါအခွင့်ရပေလိမ့်မည်" ဟု ကြံစည်ပြီးလျှင် မြတ်စွာဘုရား သခင်၏ အထံ၌ရဟန်းပြု၍အကြင်အရပ်၌တည်နေသောသူသည် အားဆယ်ပါး ရှင် ဘုရားသခင်ကို ဖူးမြင်ကြည့်ရှုခြင်းငှါ အခွင့်ရကြောင်းတတ်ကောင်း

စွမ်းနိုင်၏။ ထိုသို့ အထပ်ထပ်မပြတ်စေ့ဝ ကြည့်ရှုဖူးမျှော်ခြင်းငှါ အခွင့်ရကောင်းသောနေရာ၌တည်နေလျက် သရဇျာယ်ခြင်း, ကမ္မဋ္ဌာန်းနှလုံးသွင်းခြင်းစသည်တို့ကို ပယ်စွန့်၍ မြတ်စွာဘုရားသခင်ကို ဖူးမြင် ကြည့်ရှုလျက်သာလျှင် လှည့်လည်လေသတတ်။ မြတ်စွာဘုရားသည်ထိုဝတ္ထလိမထေရ်၏အသိအလိမ်မာ ပညာဉာဏ်ရင့်ကျက်ခြင်းကို မြှော်လင့် ငံ့စားလျက် တစုံတခုသောစကားကိုမပြောဆိုမဆုံးမမူ၍ ဤယခုအခါ၌ကားထို ဝတ္ထလိ မထေရ်အား အသိအလိမ်မာ ပညာဉာဏ် ရင့်ကျက်ခြင်းသို့ ရောက်ခဲ့လေပြီဟု သိတော်မူသောကြောင့်။

တရားတော်ကိုမြင်မှ ဘုရားရှင်ကို ဖူးမြင်ခြင်း မည်ကြောင်းကို ဖေါ်ပြသော ဒေသနာ။

ကိုံဘော ဝတ္ထလိ ဇုမိနာ ပူတိကာယေန ဒိဋ္ဌေန ယော ခေါ ဝတ္ထလိ ဓမ္မံ ပဿတိ၊ သောမံ ပဿတိ။ ယော ဓမ္မံ နပဿတိ၊ သော မံ နပဿတိ။ ။ဟူသောပါဌ်ဖြင့် မိန့်ဆို၍ ဆုံးမတော်မူ၏။

အနက်ကား။ ။ဝတ္ထလိ၊ ချစ်သား-ဝတ္ထလိ။ ဒိဋ္ဌေန၊ ပသာဒစက္ခုဖြင့် ကြည့်ရှုထင်ထင်တွေ့မြင်နိုင်ကောင်းသော။ ဇုမိနာ ပူတိကာယေန၊ သုံးဆယ့်နှစ်ဝကောဋ္ဌာသကို ပေါင်းထစုချုပ် ဤ ငါဘုရား၏ အပုပ်ကောင် တည်းဟူသောကိုယ်ဖြင့်။ တေ၊ သင့်အား။ ကိုံ၊ အဘယ်အကျိုးယှိချေအံ့နည်း။ ဝတ္ထလိ၊ချစ်သားဝတ္ထလိ။ ခေါ၊စင်စစ်။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဓမ္မံ၊ ငါဘုရား ဟောကြားသော တရားတော်ကို။ ပဿတိ၊ ပညာစက္ခုဖြင့် ထင်မြင်အောင် ကြည့်ရှု၏။ သောပုဂ္ဂလော၊ ဘုရားဟောကြားသောတရားတော်ကို ပညာစက္ခုဖြင့် ထင်မြင်အောင် ကြည့်ရှုနိုင်သော ထို ပုဂ္ဂိုလ်သည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ ကြည့်ရှုဖူးမျှော်သည်မည်ပေ၏။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဓမ္မံ၊ ငါဘုရားဟောကြားသော တရားတော်ကို။ နပဿတိ၊ ပညာ စက္ခုဖြင့် ထင်မြင်အောင် မကြည့်ရှု။ သော ပုဂ္ဂလော၊ ဘုရားဟောကြား တရားတော်ကို ထင်မြင်အောင် မကြည့်ရှုသော ထိုပုဂ္ဂိုလ်သည်။ မံ၊ ငါဘုရားကို။ နပဿတိ၊ မဖူးမျှော်မကြည့်ရှုသည်မည်၏။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။ချစ်သား၀ဏ္ဏလိ၊ ပသာဒ စက္ခုဖြင့် ကြည့်ရှုထင်ထင်တွေ့မြင်နိုင်ကောင်းသောသုံးဆယ့်နှစ်၀ ကောဋ္ဌာသကို ပေါင်းထ စုချုပ် ဤငါဘုရား၏ အပုပ်ကောင် တည်းဟူသောကိုယ်ဖြင့် သင့်အား အဘယ်အကျိုး ယိုချေအံ့နည်း။ ချစ်သား၀ဏ္ဏလိ၊ စင်စစ် အကြင်ပုဂ္ဂိုလ်သည် ငါဘုရားဟောကြားသော တရားတော်ကို ပညာစက္ခုဖြင့် ထင်မြင်အောင်ကြည့်ရှု၏။ ဘုရားဟောကြားတရားတော်ကို ပညာစက္ခုဖြင့်ထင်မြင်အောင်ကြည့်ရှုနိုင်သောထိုပုဂ္ဂိုလ်သည် ငါဘုရားကို ကြည့်ရှုဖူးမျှော်သည်မည်ပေ၏။ အကြင်ပုဂ္ဂိုလ်သည်ငါဘုရားဟောကြားသော တရားတော်ကို ပညာစက္ခုဖြင့် ထင်မြင်အောင်မကြည့်ရှု၊ ဘုရားဟောကြား တရားတော်ကို ထင်မြင်အောင်မကြည့်ရှုသောထိုပုဂ္ဂိုလ်သည် ငါဘုရားကို မဖူးမျှော်မကြည့်ရှုသည်မည်၏ဟု မိန့်ဆိုဆုံးမသြ၀ါဒ ပေးသနားတော်မူ၏။ထို၀ဏ္ဏလိမဏ္ဍဏ်သည်ပြဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့်မြတ်စွာဘုရားသခင်က ဆုံးမနက်လေး သြ၀ါဒ ပေးပါသော်လည်း မြတ်စွာဘုရားအား ထံပါးချဉ်းကပ် မပြတ်ကြည့်ရှု ဖူးမျှော်ခြင်းကို ရပ်သိမ်းပယ်စွန့်၍ တပါးသော အရပ်သို့ လွှတ်လပ် ထွက်သွားခြင်းငှါ မစွမ်းနိုင်သည်သာလျှင်တည်း။ ထိုအခါ မြတ်စွာဘုရားသည် ထို၀ဏ္ဏလိမဏ္ဍဏ်ကို ဤရဟန်းကား တုန်လှုပ် ထိတ်လန့်ခြင်းကို မရမူ၍ သစ္စာလေးပါးတရားကို ပိုင်းခြားတည့်တည့် ထိုးသွင်း၍ မသိလတ္တံ့ဟု သိမြင်တော်မူသောကြောင့် ၀ါကပ်ဆိုခြင်းငှါ နီးလတ်သည် ယှဉ်သော် ရာဇဂြိုဟ်ပြည်သို့ကြွတော်မူ၍ ၀ါကပ်ဆိုအံ့သောနေ့၌။ ။“အပေဟိ ၀ဏ္ဏလိ အပေဟိ ၀ဏ္ဏလိ” “ချစ်သား၀ဏ္ဏလိ၊ အရပ်တပါး ဖဲသွားလေလော့။ ချစ်သား၀ဏ္ဏလိ၊ အရပ်တပါး ဖဲသွားလေလော့”ဟု မိန့်ဆိုနှင်ထုတ်တော်မူ၏။ထို၀ဏ္ဏလိ မဏ္ဍဏ်သည်ငါ့ကိုဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် နှင်ထုတ်သောအားဖြင့် စကားမပြောဆိုတော့ပြီ”ဟုကြံ၍ သုံးလပတ်လုံးမြတ်စွာဘုရားမျက်မှောက်တော်၌ဖူးမျှော်ကြည့်ရှုနေခြင်းငှါမစွမ်းနိုင်သောကြောင့်ငါ့အားဇီ၀ိန်အဆက်မပျက်တည်နေအသက်ရှည်ဖြင့် အဘယ်အကျိုး ယိုချေတော့အံ့နည်း။မြင့်မောက်လှစွာသော ဂိဇ္ဈကူဋ်တောင်ထက်မှဓိမိကိုယ်ကိုသတ်ဖျက်ယိုယွင်းခုန်ဆင်းကျရောက်

စေတော့အံ့''ဟု ကြံ၍ ဂိစ္ဆကုဋ္ဌ ဘောင်ထက်သို့ ရှေ့ရှု တက်လေ၏။ မြတ်စွာဘုရားသခင်သည် ထိုဝတ္ထုလိမထေရ်၏ ပင်ပန်း နွမ်းနယ်သည့် အဖြစ်ကို သိတော်မူ၍ ''ရဟန်းသည် ငါဘုရား၏အထံ၌ လျော်ကန်သင့်စွာ သက်သာရာကို မရခဲ့သည်ယိုသော် မင်္ဂိုလ်တို့၏ ရကြောင်း ဥပနိသျသည် အချည်းနှီး ပျက်စီးလေရာ၏''ဟု ဆင်ခြင်တော်မူ၍ မိမိ တည်းဟူသော ကိုယ်တော်ကို ဖူးမျော်ကြည့်ရှုရန် ရည်သန် ပြသတော် မူခြင်းငှါ အရောင်ကို လွှတ်တော်မူ၏။ထိုအခါ ထိုဝတ္ထုလိမထေရ်အား မြတ်စွာဘုရားကို ဖူးမျော်တွေ့မြင်ရသောအခါမှစ၍ရှေးဦးစွာကြီးကျယ် လှစွာသော စိုးရိမ်ကြောင့်ကြသောကတရားသည်ဖယ်ရှားကင်းပျောက် လေ၏။ မြတ်စွာဘုရားသည် ရေကုန်ခန်းရောက် သွေ့ခြောက်လေပြီး တဘက်ဆည်းကန်ကို အလျှံအစဉ် ရေအလျဉ်ဖြင့် မတင်မကြာ မြန်စွာ ပြည့်စေဘိသကဲ့သို့ ဝတ္ထုလိမထေရ်အား ကြီးစွာသော နှစ်သက်ဝမ်း မြောက်ခြင်းကို ဖြစ်စေခြင်းငှါ။

ရတနာသုံးပါးဌ ကြည်ညိုယုံကြည်မှုသည် နိဗ္ဗာန်ရောက်ခြင်း
တရားရင်းဖြစ်သည်ကို ဖေါ်ပြသောပါဠိတော်
ဂါထာဒေသနာ။

ပါမောဇ္ဇမဟုလော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံသန္တံ၊ သန်္ခါရူပသမံ သုခံ။ ။

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

ဂါထာ၏ အနက်ကား။ ။ပါမောဇ္ဇမဟုလော၊ မိမိအလေ့ပြကတော့ ဖြစ်ထွက် နှစ်သက်ဝမ်းမြောက်ခြင်း များသော။ ဗုဒ္ဓသာသနေ၊ ဘုရား မြတ်စွာ သာသနာတော်၌။ ပသန္နော၊ ကြည်ညိုသော။ ဘိက္ခု၊ ရဟန်း သည်။ ဗုဒ္ဓသာသနေ၊ ဘုရားမြတ်စွာ သာသနာတော်၌။ သန္တံ၊ ငြိမ်-သက် ဖြေသော။ သန်္ခါရူပသမံ၊ ပြုပြင်တတ်စွဲ သန်္ခါရတရားတို့၏ ချုပ် ငြိမ်းရာ ဖြစ်သော။ သုခံ၊ တုမဲ့ဘက်လွတ် အထွတ် အထိပ် ချမ်းသာဖြစ် သော။ ပဒံ၊ နိဗ္ဗာန်သို့။ အဓိဂစ္ဆေ၊ ရပေရာ၏။ ။ဤကား အနက်။

ဤသို့သော ဂါထာကိုလည်း ဟောကြားတော် မူပြီး၍ကား မြတ်စွာ ဘုရားသခင်သည် ဝက္ကလိမထေရ်အား ဆွဲခေါ် မည့်အလို လက်တော် ကိုဆန့်တန်းတော်မူ၍။

ဝက္ကလိမထေရ်အား သောကငြိမ်းပျောက်သက်သာရာသို့ ရောက်စေရန် ဖေါ်ပြသောဂါထာ။

ဧဟိ ဝက္ကလိ မာ ဘာယိ၊ ဩလောကေဟိ တထာဂတံ။
အဟံ တံ ဥဒ္ဓရိဿာမိ၊ ပင်္ကေ သန္ဒံဝ ကုဥ္ဇရံ။ ။
ဧဟိ ဝက္ကလိ မာ ဘာယိ၊ ဩလောကေဟိ တထာဂတံ။
အဟံ တံ မောစယိဿာမိ၊ ရာဟုဂ္ဂဟံဝ သူရိယံ။ ။
ဧဟိ ဝက္ကလိ မာ ဘာယိ၊ ဩလောကေဟိ တထာဂတံ။
အဟံ တံ မောစယိဿာမိ၊ ရာဟုဂ္ဂဟံဝ စန္ဒိမံ။ ။

ဟူသော ဤဂါထာတို့ကိုလည်း မိန့်ဆိုတော်မူ၏။

ဂါထာတို့၏အနက်ကား။ ။ဝက္ကလိ၊ ချစ်သားဝက္ကလိ။ ဧဟိ၊ ငါ-ဘုရားထံ အမြန်လာလှည့်လော့။ မာဘာယိ၊ ထံပါးမျက်မှောက်မှ နှင်-ထုတ်ချောက်သည်ဟု မကြောက်မရွံ့ပါလေလင့်။ တထာဂတံ၊ ဝိပဿီ အစ ရှေးရှေးက ဘုရားရှင်တို့ အတူ လာခြင်း ကောင်းတော်မူသော ငါဘုရားကို။ တွံ၊အသင်ချစ်သား ဝက္ကလိသည်၊ ဩလောကေဟိ၊ အလို ဆန္ဒတောင့်တကျေမှု ကြည့်ရှုဖူးမျှော် လေလော့။ ဝက္ကလိ၊ ချစ်သား ဝက္ကလိ။ပင်္ကေ၊ကြောက်ဘွယ်လွန်ကောင်း ရွံ့ညွန်ပျောင်း၌။သန္ဒံ၊ရန်းနိုင်ခဲဖြစ် ကျွံနစ်ငြိတွယ်၍နေသော။ ကုဥ္ဇရံ၊ ဆင်ပြောင်ကြီးကို။ တတော၊ ထို ကျွံနစ်ငြိတွယ်ရာ ညွန်ပျောင်းမှ။ဥဒ္ဓရတိဋ္ဌ ဝ၊လုံ့လ ကြိုးကုတ် တမုဟုတ် ဖြင့် ထုတ်ဆောင်ဘိ သကဲ့သို့။ ဧဝံ-တထာ၊ ဤဥပမာ နည်းတူစွာသာ လျှင်။ပင်္ကေ၊ကိလေသာတည်းဟူသောညွန်ပျောင်း၌။သန္ဒံ၊ကျွံနစ်ငြိတွယ် ၍ နေသော။တံ၊ သင်ချစ်သား ဝက္ကလိကို။တတော၊ ထိုကျွံနစ်ငြိတွယ်ရာ ကိလေသာ တည်းဟူသော ညွန်ပျောင်းမှ။ အဟံ၊ သင်တို့ဆရာ ဘုရား ငါသည်။ ဥဒ္ဓရိဿာမိ၊ အလွယ်အလျင် တကယ်စင်အောင် ကယ်တင် ထုတ်ဆောင်တော်မူပေအုံ့။

ဝတ္ထလိ၊လိ။ဧဟိ၊လော့။ မာဘာယိ၊လင့်။တထာဂတံ၊ကို။တွံ၊သည်။ ဩလောကေဟိ၊ လော့။ဝတ္ထလိ၊လိ။ ရာဟုဂ္ဂဟံ၊လေးထောင့်ရှစ်ရာ ယူဇနာမြင့်ထု ရာဟုအမည်ယှိသော အသုရိန် နတ်ကြီးသည် ဖမ်းဆီးချုတ်ချယ်အပ်သော။ သူရိယံ၊ စတ္တဝါအဝန်း လည့်လည်ထွန်းသော နေဝန်း ဗိမာန်ကို။တတော၊ထိုရာဟု အသုရိန်နတ်ကြီး ဖမ်းဆီးချုတ်ချယ်ခြင်းမှ။ မောစေတိ ၎ဝ၊ ကြည်ရွှင် လျှမ်းတောက်လွတ်မြောက်စေဘိ သကဲ့သို့။ ဧဝံ-တထာ၊ဤဥပမာ နည်းတူစွာသာလျှင်။ ရာဟုဂ္ဂဟံ၊ကိလေသာအထု ရာဟုနတ်ကြီး ဖမ်းဆီးချုတ်ချယ်၍ ထားအပ်သော။တံ၊ သင်ချစ်သား ဝတ္ထလိကို။ တတော၊ ထိုကိလေသာအထု ရာဟုနတ်ကြီး ဖမ်းဆီး၍ထားသော လက်မှ။ အဟံ၊ အသင်တို့ဆရာ ဘုရားငါသည်။ မောစယိသာမိ၊ မကြာမတင် အလျင်ထုတ်ချောက် လွတ်မြောက်တော် မူစေအံ့။

ဝတ္ထလိ၊လိ။ ဧဟိ၊လော့။မာဘာယိ၊လင့်။တထာဂတံ၊ကို။တွံ၊သည်။ ဩလောကေဟိ၊ လော့။ ဝတ္ထလိ၊လိ။ ရာဟုဂ္ဂဟံ၊သော။ စန္ဒိမံ၊စတ္တဝါ အဝန်းလည့်လည်ထွန်းသော လဝန်းဗိမာန်ကို။တတော၊မှ။ မောစေတိ ၎ဝ၊ကဲ့သို့။ဧဝံတထာ၊သာလျှင်။ ရာဟုဂ္ဂဟံ၊သော။ တံ၊ကို။တတော၊မှ။ အဟံ၊သည်။ မောစယိသာမိ၊စေအံ့။ ။ဤကား အနက်၊

အဓိပ္ပါယ်ကား။ ။ချစ်သား ဝတ္ထလိ။ငါဘုရားထံ အမြန်လာလည့်လော့။ထံပါးမျက်မှောက်မှ နှင်ထုတ်ချောက်သည်ဟု မကြောက်မရွံ့ပါလေလင့်။ဝိပဿီအစ ရှေးရှေးက ဘုရားရှင်တို့အတူ လာခြင်းကောင်းတော်မူသော ငါဘုရားကို အသင်ချစ်သား ဝတ္ထလိသည် အလိုဆန္ဒတောင့်တကျေမှ ကြည့်ရှုဖူးမျှော်ပါလော့။ ချစ်သား ဝတ္ထလိ၊ ကြောက်ဘွယ် လွန်ကောင်း ရှုံ့ညွန်ပျောင်း၌ ရန်းနိုင် ခဲဖြစ် ကျွံနစ်ငြိတွယ်၍နေသော ဆင်ပြောင်ကြီးကို ထိုကျွံနစ်ငြိတွယ်ရာ ညွန်ပျောင်းမှ လုံ့လကြိုးကုတ် တမူဟုတ်ဖြင့် ထုတ်ဆောင်ဘိသကဲ့သို့ ဤဥပမာ နည်းတူစွာသာလျှင် ကိလေသာတည်းဟူသော ညွန်ပျောင်း၌ ကျွံနစ်ငြိတွယ်၍နေသော သင်ချစ်သား ဝတ္ထလိကို ထိုကျွံနစ်ငြိတွယ်ရာ ကိလေသာတည်း

ဟူသော ညွှန်ပျောင်းမှ သင်တို့ဆရာ ငါဘုရားသည် အလွယ်အလျင် တကယ်စင်အောင် ကယ်တင်ထုတ်ဆောင်တော်မူပေအံ့။

ချစ်သား ၀ဏ္ဏလိ၊ ငါဘုရားထံ အမြန် လာလှည့်လေ့။ ထံပါးမျက် မှောက်မှ နှင်ထုတ်ချောက်သည်ဟု မကြောက်မရွံ ပါလေလင့်၊ ၀ိပဿီ အစ ရှေးရှေးကဘုရားရှင်တို့အတူ လာခြင်းကောင်းတော်မူသော ငါ ဘုရားကို၊ အသင်ချစ်သား ၀ဏ္ဏလိသည် အလိုဆန္ဒ တောင့်တကျေမှု ကြည့်ရှုဖူးမျှော်ပါလေလော့။ ချစ်သား၀ဏ္ဏလိ၊ လေးထောင့်ရှစ်ရာ ယူဇနာမြင့်ထု ရာဟုအမည်ယှိသော အသုရိန်နတ်ကြီးသည် ဖမ်းဆီးချုတ် ချယ်အပ်သော စက္ကဝါအဝန်း လှည့်လည်ထွန်း၍ နေ၀န်းဗိမာန်ကို ထို ရာဟုအသုရိန်နတ်ကြီး ဖမ်းဆီးချုတ်ချယ်ခြင်းမှ ကြည်ရှင်လျှမ်းတောက် လွတ်မြောက် စေဘိသကဲ့သို့၊ ဤဥပမာ နည်းတူစွာသာလျှင် ကိလေသာ အထု ရာဟုနတ်ကြီး ဖမ်းဆီးချုတ်ချယ်၍ ထားအပ်သော သင်ချစ်သား ၀ဏ္ဏလိကို ထိုကိလေသာအထု ရာဟုနတ်ကြီး ဖမ်းဆီး၍ထားသော လက်မှ သင်တို့ဆရာ ဘုရားငါသည် မကြာမတင် အလျင်ထုတ်ချောက် လွတ်မြောက်တော်မူစေအံ့။

ချစ်သား ၀ဏ္ဏလိ၊ ငါဘုရားထံ အမြန်လာလှည့်လေ့။ ထံပါးမျက် မှောက်မှ နှင်ထုတ်ချောက်သည်ဟု မကြောက်မရွံပါလေလင့်။ ၀ိပဿီ အစ ရှေးရှေးကဘုရားတို့အတူလာခြင်းကောင်းတော်မူသောငါဘုရား ကို အသင်ချစ်သား ၀ဏ္ဏလိသည် အလိုဆန္ဒ တောင့်တကျေမှု ကြည့်ရှု ဖူးမျှော် ပါလေလော့။ ချစ်သား ၀ဏ္ဏလိ၊ လေးထောင့်ရှစ်ရာ ယူဇနာမြင့်ထု ရာဟုအမည်ယှိသော အသုရိန်နတ်ကြီးသည် ဖမ်းဆီးချုတ် ချယ်အပ်သော စက္ကဝါအဝန်း လှည့်လည်ထွန်းသော လ၀န်းဗိမာန် ထို ရာဟုအသုရိန်နတ်ကြီး ဖမ်းဆီးချုတ်ချယ်ခြင်းမှ ကြည်ရှင်လျှမ်းတောက် လွတ်မြောက် စေဘိသကဲ့သို့၊ဤဥပမာ နည်းတူစွာသာလျှင် ကိလေသာ အထု ရာဟုနတ်ကြီး ဖမ်းဆီးချုတ်ချယ်၍ ထားအပ်သော သင်ချစ်သား ၀ဏ္ဏလိကို ထိုကိလေသာအထု ရာဟုနတ်ကြီး ဖမ်းဆီး၍ ထားသော လက်မှ သင်တို့ဆရာဘုရားငါသည်မကြာမတင် အလျင်ထုတ်ချောက် လွတ်မြောက်တော်မူစေအံ့ဟု မိန့်ဆိုတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ထိုဝတ္ထလိ မထေရ်သည် အားဆယ်ပါးရှင် ဘုရားသခင်ကိုငါဖူးမြင်ခြင်းငှါရပေပြီ။ "ချစ်သားဝတ္ထလိ၊လာလှည့်လော့" ဟူ၍လည်း မိန့်ခေါ်တော်မူခြင်းကို ရအပ်ပေပြီဟု အားကြီးပွါးထွက် နှစ်သက်ခြင်းကို ဖြစ်စေ၍ အဘယ်အရပ်သို့ သွားအပ်ပေသနည်းဟုကြံစည်ပြီးငြား သွားအံ့သော ခရီးကို အသီးဆင်ခြင် မထင်မြင်သောကြောင့် ဆယ်ပါးသော အားတော်သခင်ဘုရားရှင်၏မျက်မှောက်ဖြစ်သောအဇဋာပြင်ကောင်းကင်၌ ကြွမြောက် ပျံတက်၍ ပဌမခြေလှမ်းသည် တောင်ထိပ်၌ တည်လျက်သာလျှင် မြတ်စွာဘုရား သခင်သည် ဟောကြားတော်မူအပ်သော တရားဂါထာကို ဆင်ခြင်လျက် ကောင်းကင်ထက်၌ သာလျှင် လွန်စွာပြန့်ထွက်နှစ်သက်ခြင်း ဗီတိကိုခွါ၍ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ပြီးသော်မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုးလျက်သာလျှင် ကောင်းကင်မှ သက်ဆင်း၍မြတ်စွာဘုရား၏ ထံတော်၌တည်နေ၏။ ထိုဝတ္ထလိ မထေရ်ကို မြတ်စွာဘုရားသည် ထိုအခါမှ နောက်ဖြစ်သော အဘို့၌ သဒ္ဓါတရား ဖြစ်ပွါးရိုးရင်း နှလုံးသွင်း ယှိကုန်သော သူတို့တွင် အထွတ်အထိပ် အမြတ်အရာ၌ ထားတော်မူ၏။

မမ္မပဒ၊ဘိက္ခုဝဂ်၌ တဆယ့်တခုမြောက်သော ဝတ္ထလိမထေရ်၏
ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၅-ဘိုက္ခုဝဂ်၌၊ ၁၂-နှစ် အရွယ်ကပင် ရဟန်းအဖြစ်သို့ ရောက်သော သုမနသာမဏေဝတ္ထု။

ယောဟဝေ။ ။အစယှိသော ဤမမ္မဒေသနာကို၊ ဆယ်ဖြာသံယောဇဉ်၊ ဘွဲ့ယှဉ် ချည်ကာ၊ သံသရာမှ၊ မခွါမကျွတ်၊ မလွတ်နိုင်ကြ၊ ဒုက္ခိတ သတ္တဝါ၊ ဝေနေယျာတို့ကို၊ ဆယ်ဖြာ သံယောဇဉ်၊ ကင်းပြတ်စင်အောင်၊ ဖွေငင်ခမ္မ၊ ဆုံးမ ဟောကြားတော်မူတတ်သော မြတ်စွာဘုရားသခင်သည်၊ ပြည်ခွင်ဘူမိ၊သာဝတ္ထိအကွေ့၊ အရှေ့မျက်နှာ၊ ပုဗ္ဗာရုံကျောင်းတော်ကြီး၌၊ အသီး ယာပထ၊ ကိန်းပျော်မျှလျက်၊ သုမန သာ

မဏ္ဍောကို၊ ရည်ထွေရှေးရှု၊ အကြောင်းပြုသော အားဖြင့်၊ ဟောကြား တော်မူခဲ့လေသတည်း။

အကြောင်းအထူးပုတို အစဉ်ကား ဤသို့တည်း။

ဤကမ္ဘာမှ ပြန်ကာရေတွက်သော် အထက်ကပ် တသိန်းမြောက် အကျဖြစ်သော အခါသမယ၌ ဟဠိုးသော အမျိုးသားသည် မြတ်စွာဘုရားသခင်သည် လေးပါးသော ပရိသတ်အလယ်၌ ဒိဗ္ဗစက္ခု၊အဘိညာဏ်ကို ရကုန်သော သူတို့တွင် အထွတ်အမြတ် အရာ၌ ထားသော တပါးသော ရဟန်းတော်ကို တွေ့မြင်၍ ထိုကဲ့သို့သော နေရာအထူး၏ ပြည့်စုံခြင်းကို နှစ်မြို့တောင့်တလျက် မြတ်စွာဘုရားသခင်ကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးယှိသောရဟန်းတော် အပေါင်းအား ကြိုးစွာသော အလှူကို ပေးလှူပြီးသော်။

ဘန္တေ အဟံပိ အနာဂတေ ကေသ ဗုဒ္ဓဿ သာသနေ ဒိဗ္ဗစက္ခု၊ ကာနံ အဂ္ဂေါ ဘဝေယျံ။ ဟူသောပဒြဖြင့် ဆုတောင်းပတ္ထနာကို ဖြစ်စေ၏။

အနက်ကား။ ။ဘန္တေ၊ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှပေသော အရှင်ဘုရား။ အဟံပိ၊ ကပည်တော်သည်လည်း။ အနာဂတေ၊ နောင်လာလတ္တံ့သော အနာဂတ်အခါ၌။ ကေဿဗုဒ္ဓဿ၊ အရှင်ဘုရားကဲ့သို့သောတဆူသောဘုရားရှင်၏။သာသနေ၊ဆုံးမဩဝါသာသနာတော်၌။ ဒိဗ္ဗစက္ခုကာနံ၊ ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရကုန်သော ပုဂ္ဂိုလ်တို့တွင်။ အဂ္ဂေါ၊ အထွတ်အမြတ်သည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှပေသော အရှင်ဘုရား၊ တပည့်တော်သည်လည်း နောင်လာလတ္တံ့သော အခါ၌ အရှင်ဘုရားကဲ့သို့သော တဆူသော ဘုရားရှင်၏ ဆုံးမဩဝါသာသနာတော်၌ ဒိဗ္ဗစက္ခု၊ အဘိညာဏ်ကို ရကုန်သော ပုဂ္ဂိုလ်တို့တွင် အထွတ်အမြတ် ဖြစ်ရပါလို၏ဟု ဆုတောင်းပတ္ထနာကို ဖြစ်စေ၏။ ။ မြတ်စွာဘုရား သခင်သည် ကမ္ဘာတသိန်း ကာလပတ်လုံးကို ကြည့်ရှု

တော်မူ၍ထိုအမျိုးသားဆုတောင်းပတ္ထနာ၏ပြည့်စုံအံ့သည်အဖြစ်ကို သိတော်မူသောကြောင့် "ဤကမ္ဘာမှနောက် ကမ္ဘာတသိန်းမြောက်ထက်ဝယ် ဂေါတမမြတ်စွာဘုရားသာသနာတော်၌ ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရကုန်သော ပုဂ္ဂိုလ်တို့တွင် အထွတ်အမြတ်ဖြစ်သော အနုရုဒ္ဓါမထေရ်မည်သည် ဖြစ်လတ္တံ့" ဟု မိန့်ကြားတော်မူ၏။ ထိုအမျိုးသားသည် မြတ်စွာဘုရားထိုသို့ မိန့်ကြားသည်ကိုကြားနာရ၍ နက်ဖြန်ခါ၌ ရောက်အံ့သကဲ့သို့ ထိုသို့သောဆုတောင်းပတ္ထနာ၏ပြည့်စုံခြင်းကို အောက်မေ့မှတ်ထင်လျက်မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံတော်မူသည် ယှိသော် ရဟန်းတော် တို့အား ဒိဗ္ဗစက္ခု အဘိညာဏ် ပရိကံကို မေးလျှောက်၍ ခုနစ်ယူဇဲနာ ယှိသော ရွှေစေတီကြီးကိုဝန်းရံ၍ အထောင်မကများလှဖြင်ပည်း ဆီမီးတိုင်တို့ကို ပြုလုပ်စေ၍ ဆီမီးပူဇော်ခြင်းကို ပြုပြီးလျှင် ထိုဘဝမှ စုတေသည်ယှိသော် နတ်ပြည်၌ဖြစ်၍ နတ်ပြည် လူ့ပြည်တို့၌ ကမ္ဘာတသိန်း ကာလပတ်လုံး ကျင်လည်လျက် ဤဘဒ္ဒကပ်၌ ဗာရာဏသီပြည်ဝယ် သူဆင်းရဲအမျိုး၌ဖြစ်၍ သုမနသေဋ္ဌေးကိုအမှီပြုပြီးလျှင် မြက်ထမ်း ယောက်ျားဖြစ်၍ အသက်ရှည်ရေး မွေးမြူခြင်းကိုပြု၏။

အရှင်အနုရုဒ္ဓါအလောင်း အန္ဓဘာရ မြက်ထမ်းသမား အကြောင်း။

ထို မြက်ထမ်းသမား ယောက်ျားအား အန္ဓဘာရဟူသော အမည်သည် ဖြစ်၏။ သုမဏသေဋ္ဌေးသည်လည်း ထိုမြို့၌ မြဲသောအခါပတ်လုံး ကြီးကျယ်စွာသောအလှူပေးလှူ၏။ ထိုနောက်အခါ ဖြစ်သောတနေ့သ၌ ဥပရိဋ္ဌ အမည်တော် ယှိသော ပစ္စေက ဗုဒ္ဓါသည် ဂန္ဓမာဒန တောင်၌ နိရောဓသမာပတ်မှထ၍ အဘယ်သူအား ချီးမြောက်ခြင်းကို ပြုရပါမည်နည်း ဟု ကြံစည်တော် မူ၍ ယနေ့အဘို့၌ ငါသည် အန္ဓဘာရ အား ချီးမြောက်ခြင်းကိုပြုခြင်းငှါ သင့်လျော်လျောက်ပတ်ပေ၏။ ဤယခုအခါ၌လည်း ထိုအန္ဓဘာရသည် တောအုပ်မှမြက်ကို ထမ်းဆောင် ယူဝင်၍ အိမ်သို့လာလတ္တံ့ဟု သိမြင်တော်မူ သောကြောင့် သပိတ်, သင်္ကန်းကို ဆင်မြန်းယူဝင်၍တန်ခိုးတော်ဖြင့်ကြွသွားပြီးလျှင် မြက်ထမ်းယောက်ျား အန္ဓဘာရ၏ မြက်မှောက်ရှေတူရူ၌ ရပ်တည်တော်မူ၏။ အန္ဓဘာရသည်

တစုံတရာအစာအာဟာရမရရှိပြီး အချည်းနှီးသောသပိတ် လက်တော်ဦးယှိသော ထိုပစ္စေကဗုဒ္ဓါကိုမြင်၍ ''အရှင်ဘုရား၊ စင်စစ်အားဖြင့် ဆွမ်းအာဟာရ ရပါကုန်၏လော''ဟု မေးလျှောက်၍ ''အို-ကြီးကျယ်သောဘုန်းယှိသောသူ၊ ဩဝါ- ရပါကုန်လတ္တံ့'' ဟု မိန့်ဆိုတော်မူသည် ယှိသော် ''ဘုန်းတော် ကြီးတော်မူသော အရှင်ဘုရား၊ ထိုသို့ တပြီးကား အနည်းငယ်ငံ့လင့်တော်မူပါကုန် ဦးလော့''ဟု လျှောက်ထားပြီးသော် မြက်ထမ်း ထမ်းပိုးကို မြေ၌စွန့်ချ၍ လျင်စွာသောအဟုန်ဖြင့် နေအိမ်သို့ သွားရောက်၍ ''အို- ချစ်နှမ၊ ချင်းချန် ဖယ်ထားအပ်သော ငါ၏အဘို့ဖြစ်သောထမင်းသည်ယှိပါသေးသလော၊မရှိတော့ပြီလော''ဟု ခင်ပွန်းမယားကို မေး၍ ''အို- အရှင်၊ ယှိပါသေး၏''ဟု ပြောဆို သည်ယှိသော် လျင်စွာသော အဟုန်ဖြင့် တဖန် ပြန်လာခဲ့၍ ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်ကို တောင်းယူ၍ ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်းဟူမူ၊ ငါ့အား ပေးလှူခြင်းငှါ အလိုယှိသည်ယှိသော် ပေးလှူဘွယ် ဝတ္ထု ယှိသည်မဖြစ်ခဲ့၊ ပေးလှူဘွယ်ဝတ္ထုယှိပြန်ပါသော်လည်း အလှူခံပုဂ္ဂိုလ်ကို မရယှိလေ။ ယနေ့ငါ့အား အလှူခံပုဂ္ဂိုလ်သည် လည်းကောင်း၊ ပေးလှူဘွယ် ဝတ္ထုသည် လည်းကောင်း၊ ထင်ရှားယှိခဲ့၏။ ငါ့အား အရတော်လေစွဟုကြံစည်၏။ ကြံစည်ပြီး၍ကား အိမ်သို့ သွားပြီးလျှင် ထမင်းကို သပိတ်တော်၌ လောင်းထည့်စေ ပြီးသောအခါ တဖန် ဆောင်ယူ၍ ပစ္စေကဗုဒ္ဓါ၏ လက်တော်၌ တည်စေပြီးသော်။

အန္နဘာရ မြက်ထမ်းသမား၏ ဆုတောင်း ဂါထာ။

ဇုမိနာ ပန ဒါနေန၊ မာ မေ ဒလိဒ္ဓိယံ အဟု။
နတ္ထိတိ ဝစနံနာမ၊ မာ အဟောသိ ဘဝါဘဝေ။ ။

ဘန္တေ ဧဝရူပါ ဒုဇ္ဇီဝိတာ မုစ္စေယျံ၊ နတ္ထိတိ ပဒမေဝ နသုဏောယျံ။
ဟူသောပဒါဠိဖြင့် ဆုတောင်းခြင်းကို ဖြစ်စေ၏။

အနက်ကား။ ။ဘန္တေ၊ ဘုန်းတော် ကြီးတော်မူပါသော အရှင်ဘုရား။ ဇုမိနာပနဒါနေန၊ မိမိစားရန် ရည်သန်ထားကြွင်း ထမင်းကို ပေးလှူရသော၌အလှူကောင်းမှုကြောင့်။ မေ၊ဆင်းရဲပင်ပန်း မြက်ထမ်း

သမားဖြစ်သော တပည့်တော် အနွှဘာရအား။ ဒလိဒ္ဓိယံ၊ ပစ္စည်းဥစ္စာ လွန်စွာကင်းမဲ့ ဆင်းရဲသောအမျိုး၌။ မာအဟု၊ တရံတဆစ်မျှ မဖြစ်ရပါစေသော။ ဘဝါဘဝေ၊ ကြီးငယ်ယုတ်မြတ်ဘဝဇာတ် အသွယ်သွယ်၌။ နတ္ထိတိ ဝစနံနာမ၊ မရှိပါဟူ၍ ပြောဆိုရခြင်းမည်သည်။ မာအဟောသိ၊ မဖြစ်ပါစေသတည်း။

ဘန္တေ၊ ဘုန်းတော်ကြီးလှပေသော အရှင်ဘုရား။ ဇဝရူပါ၊ ယခုဘဝတွေ့ကြုံရသည့် ဤသို့သဘောယှိသော။ ဒုဇ္ဇီဝိတာ၊ မြက်ထမ်းသမား အခစားနဲ့ ဆင်းရဲငြိုငြင်ပင်ပန်းသော အသက် မွေးမြူရခြင်းမှ။ မုစ္စေယျုံ၊ လျင်လျင်ထုတ်ချောက်လွှတ်မြောက်ရပါလို၏။ နတ္ထိတိပဒမေဝ၊ မယှိဟူသော စကားတပုဒ် အားကိုမျှ သာလျင်လည်း။ နသုဏောယျုံ၊ မကြား မသိရပါလို၏။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။ဘုန်းတော်ကြီးတော် မူပါသော အရှင်ဘုရား၊ မိမိစားရန်ရည်သန်ထားကြွင်း ထမင်းကိုပေးလှူရသော်ဤအလှူကောင်းမှုကြောင့် ဆင်းရဲပင်ပန်း မြက်ထမ်းသမား ဖြစ်သော တပည့်တော် အနွှဘာရအား ပစ္စည်း ဥစ္စာ လွန်စွာကင်းမဲ့ ဆင်းရဲသော အမျိုး၌ တရံတဆစ်မျှ မဖြစ်ရပါစေသော။ ။ကြီးငယ်ယုတ်မြတ် ဘဝဇာတ် အသွယ်သွယ်၌မရှိပါဟူ၍ပြောဆိုရခြင်းမည်သည်မဖြစ်ပါစေသတည်း။ ဘုန်းတော် ကြီးလှပေသော အရှင်ဘုရား၊ ယခုဘဝတွေ့ကြုံရသည့် ဤသို့သဘောယှိသော မြက်ထမ်းသမားအခစားနဲ့ ဆင်းရဲငြိုငြင် ပင်ပန်းသော အသက် မွေးမြူရခြင်းမှ လျင်လျင်ထုတ်ချောက် လွှတ်မြောက်ရပါလို၏။ ။မရှိဟူသောစကား တပုဒ်အားကိုမျှသာလျင်လည်း မကြား မသိရပါလို၏ဟု ဆုတောင်း ပတ္ထနာကို ဖြစ်စေ၏။

ပစ္ဆေကဗုဒ္ဓါအရှင်က "အို-ကြီးကျယ်သော ကောင်းမှုယှိသောသူ၊ ဤသို့ အသင်ဆုတောင်းပတ္ထနာသည့်အတိုင်း ဖြစ်စေသတည်း" ဟု မိန့်ဆိုဟောဖေါ် အနုမောဒနာကိုပြု၍ ဖဲကြွတော်မူ၏။ သုမနသေဋ္ဌေး၏လည်း ဆောင်ယောင်သိမ်းဆည်း ထီး၌စောင့်ရှောက် စိုးအုပ်သောနတ်သည် "စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် သြော်-အံ့ဘွယ်ယှိလေစွ။ ဥပရိဋ္ဌ နာမဘွဲ့တွင် အရှင်ပစ္ဆေက ဗုဒ္ဓါ၌ တိုင်းထက်ကဲလွန် မွန်မြတ်

သောဒါနသည် ကောင်းစွာ ရှေရည်တည်ပေ၏''ဟု မြွက်ဆို၍သုံးကြိမ် တိုင်တိုင် ကောင်းချီးကိုပေး၏။ ထိုအခါသေဋ္ဌေးကြီးက ထိုထီးဦးအုပ်စိုး စောင့်ရှောက်သော နတ်ကို ''ဤမျှလောက် တာရှည်စွာသော ကာလ ပတ်လုံး အလှူဒါနကို စွန့်ကြဲကြည်ဖြူ ပေးလှူ၍နေသော ငါ့ကို အသင် နတ်မင်း မတွေ့မမြင်သလော''ဟု ပြောဆို၏။ထီးဦးစောင့်ရှောက်သော နတ်က ''ငါသည် အသင်၏အလှူကို အကြောင်းပြု၍ ကောင်းချီးကို မပေး၊ စင်စစ်သော်ကား အနုဘာရသည် ဥပရိဋ္ဌ အရှင်ပစ္စေက ဗုဒ္ဓါအား ပေးလှူအပ်သော ဆွမ်းအလှူဒါန ကြည်ညိုသည်ဖြစ်၍ ငါသည် ဤသို့သော ကောင်းချီးကို ဖြစ်စေအပ်၏''ဟု ပြောဆို၏။

သုမနသေဋ္ဌေးက အနုဘာရ၏ ကုသိုလ်ကို ဝယ်ခြင်း။

ထိုသုမန သေဋ္ဌေးက ''အိုံ-အချင်းတို့၊သြော်-အံ့သြဘွယ် ယို့လေစွ။ ငါသည် ဤမျှလောက်တာ မြင့်ရှည်စွာသော အခါကာလပတ်လုံး ရှင်ပြီးကြည်ဖြူ အလှူဒါနကို စွန့်ချပေးကမ်း လှူဒါန်းပါလျက် နတ်တို့အား ကောင်းချီးကိုပေးခြင်းငှါ မစွမ်းနိုင်။ အနုဘာရသည် ငါ့ကိုမှီ၍ အသက် ရှည်စေ ကည်နေ မွေးမြူရသော သူဖြစ်လျက် တခါတကြိမ် ကြိုက်ကြိမ် လှူဒါန်းရသောဆွမ်းအလှူဒါနဖြင့်သာလျှင် နတ်တို့အား ကောင်းချီးကို ပေးစေ၏။ထိုအနုဘာရ၏အလှူဒါပြုမှုချင့်မျှော်သင့်လျော်သည်ကို ပြုလုပ်၍ ဆွမ်းအလှူဒါနကို ငါ၏ဥစ္စာပြုလုပ်အံ့'' ဟု ကြံစည်ပြီးလျှင် ထိုအနုဘာရကို ခေါ်စေ၍ ''အမောင်၊ယခုအသင်သည် တစုံတယောက်သော သူအား တစုံတခုသော အလှူကို ပေးလှူပါသလော''ဟု မေး၏။''အရှင် သြော်-ဟုတ်မှန်ပါ၏။ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား အကျွန်ုပ်သည် ယနေ့ အဘို့စားရန်အလို့ငှါဖြစ်သော ထမင်းကို ပေးလှူအပ်ပါ၏''ဟု အနု-ဘာရက ပြောဆိုသောအခါ ''အိုအချင်း၊ ဤယခုအခါ အသပြာကို ယူ၍ ငါ့အား ထိုအသင်လှူအပ်သော ဆွမ်းအလှူကို ပေးပါလော့''ဟု ပြောဆို၏။ ''အရှင်၊ အကျွန်ုပ် မပေးနိုင်ပါ''ဟု ပြောဆိုသည်ယှဉ်သော် ထိုသုမနသေဋ္ဌေးသည် အဆင့်ဆင့် မြင့်ဆောင်လျက်အသပြာတထောင် တိုင်အောင် တိုးပွါး ပေးကမ်း၏။ အနုဘာရက ''အသပြာတထောင် ဖြင့်လည်း မပေးနိုင်ပါ'' ဟု ပြောဆိုပြန်၏။ ထိုအခါ အနုဘာရကို''

"အိုး-အမောင်၊ယိုပါစေလော့။ အကယ်၍ ဆွမ်းအလှူကို မပေးနိုင်ခဲ့အုံး။ အသပြာ တထောင်ကိုယူ၍ ကုသိုလ်အဘို့ကို ငါ့အား ပေးပါလော့" ဟု ပြောဆို၏။ ထိုအန္ဓဘာရသည် "အရှင် ကောင်းနှင့် အတူတကွ လျောက်ထားကိုင်ပင်၍ သိရတော့အုံ့" ဟု ပြောဆိုပြီးသော်၊ လူငွေသောအဟုန်ဖြင့် သွားလေ့ကာ ပစ္စေကဗုဒ္ဓါကို မှီရောက်၍ "အရှင်-ဘုရား၊ သုမနသေဋ္ဌေးသည် အသပြာဂထောင်ကို ပေး၍ အရှင်ဘုရား တို့အား ပေးလှူအပ်သော ဆွမ်းဥ ကုသိုလ်အဘို့ကို ကောင်း၏။အဘယ်သို့ ပြုပါရမည်နည်း" ဟု မေးလျောက်၏။ ထိုအခါ အန္ဓဘာရအား ထိုပစ္စေက ဗုဒ္ဓါက နှိုင်ရှည့်ဘို့ရာ ဥပမာကို ဆောင်တော်မူ၏။ "အိုး-ပညာရှိ၊ ဥပမာ မည်သည်ကား အိမ်ခြေတည်ကာ အမျိုးဘရာ ယိုသောရွာဝယ် တခုသော အိမ်ဥ ဆီမီးငြိုထွန်းလေရာ၏။ ကြွင်းသောအိမ်ဥ တည့် ယိုသောသူတို့သည် မိမိ၏ဆီဖြင့် လုံးကျစ်ပြီးခါ ဆီမီးစာကို ကောင်း စွာညှိညွတ်ဆီဆွတ်သွားရောက်၍ မီးလျှံကူးငြိုငြိုက္ခန်းစေပြီးလျှင် ယူကုန်ရာ၏။ ယင်းသို့ယူကုန်သည်ယိုသော် ရှေးဦးစွာဖြစ်သောအိမ်ဥ ဆီမီး၏ အရောင်သည်ယို၏ဟူ၍ပင်ဆိုရမည်လော၊ကုန်ပျောက်လေဘိ မရှိတော့ ပြီဟူ၍ပင် ဆိုရမည်လော" ဟု မေးတော် မူသဖြင့် "အရှင်ဘုရား၊ တိုင်းထက်ထူးခြန်ပိုလွန်ထွန်းပြောင်အရောင်ယိုသည် ဖြစ်ပါသတည်း" ဟု လျောက်ကြား၏"အိုး-ပညာယို၊ ဤဥပမာ နည်းတူသာလျှင် တမှုတ်မျှ သောယာဂုအလှူသည်မူလည်းဖြစ်စေ၊တယောက်ချို့မျှသော ဆွမ်းအလှူ သည်မူလည်း ဖြစ်စေ မိမိပေးလှူအပ်သော ဆွမ်းဥ သူတပါး တို့အား ကုသိုလ်အဘို့ကို ပေးဝေသောသူ၏ ကုသိုလ်ကောင်းမှုသည် အကြင်မျှ လောက်သောသူတို့အား ပေးဝေ၏။ ထိုမျှလောက် အတိုင်းအရှည်ယို သောကုသိုလ်သည် တိုးပွါးတော့သည်သာတည်း။ အသင်သည်လည်း တကြိမ်တခါတထပ်စာမျှသာလျှင် ဖြစ်သောဆွမ်းကို ပေးလှူ၏။ ယင်းသို့ တခုသောဆွမ်းကို ပေးလှူစေကာမူ သေဋ္ဌေးကြီးအား ကုသိုလ်အဘို့ကို ပေးဝေအပ်သည်ယိုသော် နှစ်ခုသော ဆွမ်းအလှူတို့ ဖြစ်ကုန်၏။ တခုသောဆွမ်းအလှူသည် အသင့်အား ဖြစ်စေလော့၊ တခုသောဆွမ်းအလှူသည် ထိုသေဋ္ဌေးကြီးအား ဖြစ်စေလော့" ဟု မိန့်ဆိုတော်မူ၏။

အန္ဆဘာရ မြက်ထမ်းသမားသည် ဒိဋ္ဌမေ့အကျိုးရ၍ သေဋ္ဌေးကြီးဖြစ်ခြင်း။

ထိုအန္ဆဘာရသည် အရှင်ဘုရား၊ကောင်းလှပါပြီဟု လျှောက်ကြား ပြောဆို ထိုပစ္စေကဗုဒ္ဓါကို ရိုသေစွာရှိခိုးပြီးသော် သေဋ္ဌေးကြီး၏ထံသို့ ပြန်သွား၍'အရှင်သေဋ္ဌေးမင်း၊ကုသိုလ်အဘို့ကိုယူပါလော့'ဟု ပြောဆို၏။ထိုသို့တပြီးကား''အမောင်၊ဤအသပြာဘို့ကို ယူလော့''ဟုသေဋ္ဌေး ကြီးက ပြောဆိုသဖြင့်''အကျွန်ုပ်သည် လှူဒါန်းသောဆွမ်းကို မရောင်း ချပါ။သဒ္ဓါတရား ဖြစ်ပွါးသောအားဖြင့် အရှင်သေဋ္ဌေးအား ကုသိုလ် အဘို့ကို ပေးပါ၏''ဟု ပြောဆို၏။''အမောင်သည် သဒ္ဓါတရား တက် ပွါးသော အားဖြင့် ပေးပါလော့။ ငါသည်လည်း အသင်၏ ဂုဏ် ကျေးဇူး၌ ပူဇော်အံ့၊ အမောင်ယူသာ ယူပါလော့။ ဤနေ့မှစ၍လည်း မိမိ၏လက်ဖြင့် အမှုကြီးငယ်ကို အမောင် မပြုလင့်၊ တခုသောခရီး လမ်းမ၌ မိမိနေအိမ်ကို ဆောင်လုပ်စေ၍ နေလေလော့၊အကြင်သို့သော ပစ္စည်းဥစ္စာ ဘဏ္ဍာစသည်ဖြင့်လည်း အမောင်အား အလိုယှိသည်ဖြစ် ၏။ အလိုဆန္ဒ ယှိသမျှဥဿုံ အလုံးစုံကို ငါ၏ထံမှ ယူလေလော့''ဟု ပြောဆို၏။ နိရောဓသမာပတ်မှ ထမြောက်သော ပစ္စေကဗုဒ္ဓါအား ပေး လှူအပ်သော ဆွမ်းအလှူသည် ထိုနေ့၌ပင် ကြီးမားဖွံ့ဖြိုး အကျိုးကိုပေး ၏။ထိုကြောင့် ပြည့်ရှင်မင်းမြတ် သည်လည်း ထိုသို့ရုံးပေါင်း အကြောင်း ဖြစ်ခြင်းကို ကြားသိတော်မူ၍ အန္ဆဘာရကို ခေါ်စေပြီးသော် ကုသိုလ် အဘို့ကိုယူ၍ ကြီးကျယ်မြင့်မြတ်သော စည်းစိမ်ကို ပေးပြီးလျှင် ထိုအန္ဆ ဘာရအား သေဋ္ဌေးကြီး၏ရာထူးကို ချီးကျူးမြောက်စား ပေးသနား တော်မူလေ၏။ ထိုအန္ဆဘာရ သေဋ္ဌေးသည် သုမနသေဋ္ဌေးကြီး၏ အပေါင်းအဖေါ်သည်ဖြစ်၍ အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ် ကောင်းမှုတို့ကို စည်းစုပြုလုပ်၍ ထိုအန္ဆဘာရ သေဋ္ဌေးဘဝမှ စုတေ့ ခဲ့သည်ယှိသော် နတ်ပြည်၌ဖြစ်၍ လူ့ပြည် နတ်ပြည်တို့၏ လောကီရိပ် ငြိမ် စည်းစိမ်အများကို ခံစားကျင်လည်လျက် ဤဂေါတမ မြတ်စွာ ဘုရား ပွင့်တော်မူသောအခါဝယ် ကဝိလဝတ်ပြည်၌ မြတ်စွာဘုရား

၁၂၀ မမွမပဒဝတ္ထုတော်ကြီး။(ဆရာတော်-အာသျင်စန္ဒိမာမှ)။

ခမည်းကော် သုဒ္ဓါဒနမင်းကြီး၏ ညီတော်ရင်းစစ်ဖြစ်သော အမိတော ဒန သာကိဝင်မင်း၏ စံအိမ်တော်၌ ပဋိသန္ဓေ တည်နေစွဲယူလေ၏။

အနုရုဒ္ဓါမင်းသား ဘွားမြင်ဖြစ်ပေါ်လာခြင်း။

မယ်တော် မိဖုရားသည် ဆယ်လကို လွန်မြောက်သဖြင့် သားတော်ကို ဘွားမြင်၏။ ထိုသားတော်အား အနုရုဒ္ဓါဟူသောအမည်ကို မှည့်ခေါ်ပြုလုပ်ကုန်၏။ ထိုအနုရုဒ္ဓါမင်းသားသည်ကား မြတ်စွာဘုရား ဘထွေးတော်၏ သားတော် မဟာနာမသာကိဝင်မင်း၏ ညီတော်ရင်းဖြစ်သော တိုင်းထက်အလွန် သိမ်မွေ့နူးညံ့သော ကြီးကျယ်မြင့်မြတ်သော ဘုန်းယိုသောသူသည်ဖြစ်ပေ၏။ ။တနေ့သောအခါ၌ ခြောက်ဦးကုန်သော မင်းသားတို့သည် ခဲဘွယ်မုံတို့ဖြင့် အဘိုးအခကိုပြု၍ အန်စာဂုံညင်းတို့ဖြင့် ကစားကုန်သည်ယိုသော် အနုရုဒ္ဓါမင်းသားသည် ဆုံးရှုံးခဲ့လေသောကြောင့် မုံတို့၏အလိုငှါ မယ်တော်၏အထံသို့ တောင်းယူရန် စေလွှတ်သတတ်။ထိုမယ်တော်သည် ကြီးစွာသော ရွှေခွက်ကိုပြည့်စေ၍ မုံတို့ကိုပေးပို့စေ၏။ရောက်လာရယိုသော မုံတို့ကိုစားသုံး၍တဖန်ကစားပြန်သည်ယိုသော် ဆုံးရှုံးပြန်လေသောကြောင့် ရှေးနည်းအတူသာလျှင် မုံယူရန်စေလွှတ်ပြန်၏။ ဤသို့လျှင် သုံးကြိမ်တိုင်တိုင်မုံတို့ကို ဆောင်စေအပ်ကုန်ပြီးသော် လေးဆင့်မြောက် စေခိုင်းသောအကြိမ်၌ မယ်တော်က ဤယခုအခါ၌ မုံတို့သည် မရှိကုန်ဟု မှာထားပြောဆို စေလွှတ်၏။ ထိုမယ်တော်၏ မှာထားပြောဆို သောစကားကို ကြား၍ မရှိဟူသော စကားပုဒ်၏ ဖေါ်ထုတ်ပြောဆိုသော အရာ ရှေးအခါ၌ တရုတ်ဆစ်မျှ မကြားဘူးသည် အဖြစ်ကြောင့် ဤယခု အခါ မရှိမုံမည်သည် အမည်ထူး ဖြစ်ပေလိမ့်မည်ဟု မှတ်ထင်ခြင်းကို ပြု၍ " သွားတည့်ချေ၊ မရှိမုံတို့ကို ဆောင်လေလော့" ဟု ပြောဆို စေလွှတ်၏။ထိုအခါ မင်းသား၏ မယ်တော်ကို အစေအပါး တို့က "အရှင်မ၊ မရှိမုံတို့ကို ပေးစေလိုကုန်သတတ်" ဟု လျှောက်တင်သည်ယိုသော် မယ်တော်က "ငါ၏ သားတော်သည် မယိုဟူသော ပုဒ်စကားကို မကြား မသိဘူးလော။ အဘယ်သို့သော အကြောင်းဖြင့် ငါ၏ သားကော်အား မရှိသည်၏

အဖြစ်ကို သိနိုင်စေရ ပါအုံနည်း''ဟု ကြံစည်ပြီးသော် မုံထည့်သော ရွှေခွက်ကို စင်စွာဆေးကြော၍ တပါးသော ရွှေခွက်ဖြင့် မှောက်တင်ဖုံးအုပ်ပြီးလျှင် ''အမောင်တို့၊ ယခု ဤရွှေခွက်ကို ငါ့သားတော်အား ပေးလေလော့'' ဟု ပြောဆို စေလွှတ်၏။ ထိုခဏ၌မြို့ကိုစောင့်ရှောက်သိမ်းဆည်းကုန်သော နတ်တို့သည် ''ငါတို့၏အရှင်ဖြစ်သော မင်းသားသည် အနုဘာရဘဝ ဖြစ်သောကာလ၌ ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအား မိမိစားရန်ဖြစ်သော ထမင်းကိုပေးလှူ၍ မရှိဟူသောစကားကိုလျှင် မကြားမနာရပါလို၏ ဟူ၍ ဆုတောင်းပတ္ထနာ မည်သည်ကို ဖြစ်စေခဲ့ပြီ။ငါတို့သည် ထိုသို့ရုံးပေါင်း အကြောင်းဖြစ်ချက်ကို သိယှိပါလျက် အကယ်၍ အရေးမယူ လျစ်လျူရှုခဲ့ကုန်ငြားအုံ၊ ငါတို့၏ ဦးခေါင်း ဦးထိပ်သည်လည်း ခုနစ်စိတ် ခုနစ်ဖြာ ကွဲလေရာ၏''ဟု ကြံစည်ကုန်၍ နတ်ဒဋ္ဌဖြစ်သော မုံတို့ဖြင့် ရွှေခွက်ကို ပြည့်စေကုန်၏။ အစေအပါး ထိုမင်းချင်းယောကျ်ားသည် ရွှေခွက်ကိုဆောင်ယူ၍ အနုရဓမင်းသား၏ အထံ၌ထား၍ ဖွင့်၏။ထိုမုံတို့၏ အနံ့သည် အလုံးစုံသော မြို့ကို ပျံ့နှံ့လေ၏။ အရသာယှိသောမုံသည်ကား ခံတွင်း၌ဟည့်ထားကာမျှဝယ်တသောင်းခုနစ်ထောင် ကုန်သော အကြောတို့ကို ပျံ့နှံ့၍ တည်၏။ အနုရဓမင်းသည်လည်း ''ဤမှ ရှေးအခါ၌ ငါ့ကို မယ်တော်သည် မချစ်မြတ်နိုးယောင် တကား။ ထိုစကားမှန်၏၊ ဤနေ့မှာကား တပါးသောအခါ၌ မယ်တော်သည် ငါ့အား စားသုံးရန် ရည်သန်ပေးဘိ မရှိမှုံမည်သည်ကို ပြုလုပ်ကျိုးချက်ဘူးသည်မရှိ''ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ထိုအနုရဓမင်းသားသည် မယ်တော်၏ အထံသို့ သွားရောက်၍မယ်တော်ကို ဤသို့ပြောဆို၏။ အဘယ်သို့ပြောဆိုသနည်းဟူမူ။ ''မိခင်မယ်တော်၊ အကျွန်ုပ် သားတော်ကို အသင်မယ်တော် ချစ်ပါ၏လော'' ဟုပြောဆို၏။ ''ချစ်သား အမောင်၊ အဘယ်သို့ ပြောဆိုပါလေသနည်း။ ငါမယ်တော်၏ မျက်စိထက်လည်းကောင်း, နှလုံးသားထက် လည်းကောင်း, အမောင်သားတော်ကို ချစ်အပ်ပါသည်'' ဟု ပြောဆိုလျှင် ''မယ်တော်၊ အကျွန်ုပ် သားတော်ကိုအကယ်၍ ချစ်ခင်ခဲ့ပါသော် သားတော်အကျွန်ုပ်အား အဘယ်ကြောင့် ရှေးအခါ၌ ဤသို့ သဘောယှိ

သော မရှိမှုံမည်သည်ကို မပေးပါသနည်း" ဟု မေး၏။ ထိုမယ်တော်သည် အစေအပါး ထိုမင်းချင်း ယောကျ်ားကို "အမောင်၊ ရွှေငွက်အတွင်း၌ တစုံတခုရှိသည် ဖြစ်ပါသလော" ဟု မေး၏။ မင်းချင်းယောကျ်ားကလည်း "အရှင်မ၊ ဩဇာ-ဟုတ်မှန်ပါ၏။မှုံတို့ဖြင့် ရွှေငွက်၌ ပြည့်သည် ဖြစ်ပါ၏။ အကျွန်ုပ်အား ဤသို့သဘောယှိသော မှုံမျိုးကို ရှေးရှေးထင်ထင် မတွေ့မြင်ဘူးပါ"ဟု လျှောက်တင်၏။ ထိုမင်းသား၏ မယ်တော်သည် "ငါ၏သားတော်ကား ပြုအပ်သော ကောင်းမှုယှိသော သူပေတည်း၊ ထိုသားတော်အား နတ်တို့သည် နတ်၌ ဖြစ်သောမှုံကို ပေးပို့အပ်သည် ဖြစ်ပေလိမ့်မည်" ဟု ကြံစည်၏။ထိုအနုရုဒ္ဓါမင်းသားသည်လည်း "မယ်တော် မိခင်၊ အကျွန်ုပ်သည် ဤသို့ သဘောယှိသော မှုံမျိုးကို မစားမသုံးခဲ့ရဘူးပါ။ ဤနေ့ကာလ ဤအခါမှစ၍ အကျွန်ုပ်သားတော်အား မရှိမှုံကိုသာလျှင် ပေးပို့ပါလော့"ဟု ပြောဆို၏။ မင်းသား၏ မယ်တော်သည် မင်းသားပြောကြား မှားထားလျှောက်ရွေ့ ထို နေ့မှစ၍ အနုရုဒ္ဓါမင်းသားက မှုံတို့ကို စားသုံးခြင်းငှါ အလိုယှိပါ၏ ဟု ပြောဆို စေလွှတ်သောအခါ၌ ရွှေငွက်ကို ဆေးကြော၍ တပါးသော ခွက်ဖြင့် မှောက်လျက်ဖုံးအုပ် စေလွှတ် ပေးပို့၏။နတ်တို့သည် တစုံတခုမှုံခဲဘွယ်မပါဘဲ အချည်းနှီးသောထိုရွှေငွက်ကိုမှုံတို့ဖြင့် ပြည့်စေကုန်၏။ ဤသို့ ပြဆိုခဲ့ပြီးသော အစဉ်အတိုင်းဖြင့် ထိုအနုရုဒ္ဓါမင်းသားသည် အိမ်ယာဘွဲ့နှောင် လူ့ဘောင်အလယ်၌နေလျက် မရှိဟူသော စကားပုဒ်၏ အနက်အလိုကို မသိမူ၍ နတ်၌ဖြစ်သောမှုံတို့ကိုသာလျှင် ခံစား သုံးဆောင်တော်မူ၏။ ။သာကိုဝင် မင်းတကာတို့၏ အထွတ်အထိပ်ဖြစ်တော်မူသော မြတ်စွာဘုရား၏ တိုင်းထက်လျော်ကန် အခြံအရံဖြစ်ခြင်း အလို၌ငှါအမျိုးအစဉ်အားဖြင့် သာကိုဝင်မင်းသားတို့သည်ရဟန်းပြုကုန်သည် ယှိသော် နောင်တော်ဖြစ်သော မဟာနာမ သာကိုဝင်မင်းက အနုရုဒ္ဓါမင်းသားကို "ညီမောင်။ ငါတို့၏ အမျိုး၌ တစုံတယောက်သော ရဟန်းပြုသောသူသည် မရှိချေသေး. အသင်သည်မူလည်း ရဟန်းပြုအံ့လော။ သို့တည်းမဟုတ် ငါသည်မူလည်း ရဟန်း ပြုရအံ့လော" ဟု ပြောဆိုသည်ယှိသော် ထိုအနုရုဒ္ဓါမင်းသားက "နောင်တော်၊အကျွန်ုပ်

ညီတော် သည်ကား အလွန်သိမ်မွေ့ နူးညံ့ပါသည်၊ ရဟန်းပြု ခြင်းငှါ မစွမ်းနိုင်ပါလတ္တံ့''ဟု ပြောဆို၏။ ''ညီမောင်၊ ထိုသို့ ဖြစ်ခဲ့တပြီးကား အိမ်ယာဘွဲ့နှောင်လူ့ဘောင်နေသူလူတို့ရွက်ဆောင်ဘွယ်ရာ အဖြာဖြာလော အမှုကြီးငယ်ကိုမှတ်နာသင်ယူပါလော့။ငါသည်ရဟန်းပြုပါအံ့'' ဟု ပြောဆိုသည်ယ့်သော်''နောင်တော်၊အမှုကြီးငယ်မည်သည်အဘယ်ပါနည်း''ဟု မေးပြန်၏။

[ထိုသို့ တဖန်ပြန်၍ မေးခြင်း အကြောင်းကား ထိုအနုရုဒ္ဓါမင်းသားသည်ထမင်း၏ ထမြောက်ဖြစ်ပေါ်လာသောနေရာကို မျှလည်းမသိ၊ နောင်တော် ပြောကြားသော အမှု ကြီးငယ် ကို အဘယ်သို့လျှင် သိနိုင်လတ္တံ့နည်း။ထိုကြောင့် ဤသို့တဖန် ပြောဆိုပြန်သတည်း။

ထို့ကြောင့်၎င်းအဋ္ဌကထာ၌။ ။သော ဟိ ဘဂ္ဂဿ ဥဋ္ဌာနဋ္ဌာနံပိ နဇာနာတိ။ ကမ္မန္တံ ကိမေဝ ဇာနိဿတိ။ တဿာ ဧဝ မာဟဟု မိန့်တော်မူ၏။

အနက်ကား။ ။ဟိယသ္မာ၊အကြင်ကြောင့်။ သော၊ထိုအနုရုဒ္ဓါ မင်းသား သည်။ ဘဂ္ဂဿ၊ ထမင်း၏။ ဥဋ္ဌာနဋ္ဌာနံပိ၊ ထမြောက်ဖြစ်ပေါ်လာသောနေရာအရပ်မျှကိုလည်း။ နဇာနာတိ၊ အမှန်တိတိ မသိရှာလေ။ ကမ္မန္တံ၊ အိမ်ယာဘွဲ့နှောင် လူ့ဘောင်ပြုဘွယ် အမှုကြီးငယ်ကို။ ကိမေဝ ဇာနိဿတိ၊ အဘယ်သို့သာလျှင် သိနိုင်လတ္တံ့နည်း။ ဟသ္မာ၊ထိုကြောင့်။ ဧဝံ၊ ဤသို့။ အာဟ၊ တဖန် ပြောဆိုပြန်၏။ ။

ဤကားအနက်။]

အနုရုဒ္ဓါမင်းသား သာသနာတော်သို့ ဝင်ခြင်းအကြောင်း။

ထိုစကားကိုအနည်းငယ်ချဲ့ဦးအံ့။ ။တနေ့သောအခါ၌ အနုရုဒ္ဓါမင်းသားငှင်း၊ ဘဒ္ဒိယ မင်းသားငှင်း၊ ကိမိလမင်းသားငှင်း၊ ဤသုံးဦးကုန်သော မင်းသားတို့သည် ''ထမင်းမည်သည် အဘယ် အရပ်၌ ထမြောက်ဖြစ်ပေါ်သနည်း''ဟု ပြောဆိုတိုင်ပင်ကုန်၏။ ။ထိုသုံးဦးကုန်

သော မင်းသားတို့တွင် ကိုမိလမင်းသားက ''ထမင်းမည်သည် ကျိ ကြတို့၌ ထမြောက်ဖြစ်ပေါ်လာ၏''ဟု ပြောဆို၏။ ယင်းသို့ ပြောဆိုသော အကြောင်းကား ထိုကိမိလမင်းသားသည်တနေ့သောအခါ၌ ကောက်ကို ကျိကြ၌ထည့်သွင်းသည်တို့ကို မြင်ရဘူးသတတ်။ ထို့ကြောင့် ကျိကြ၌ ထမင်း ထမြောက် ဖြစ်ပေါ်လာ၏ဟု အမှတ်ယှိသဖြင့် ဤသို့ပြောဆိုလေသတည်း။ ။ထိုအခါ ကိမိလမင်းသားကို ဘဒ္ဒိယ မင်းသားက ''အသင်သည် ထမင်း ထမြောက်ဖြစ်ပေါ်လာသောတရုဉ်ကို မသိ''ဟု ပြောဆို၍ ''ထမင်းမည်သည် အိုးခွက်၌ ထမြောက်ဖြစ်ပေါ်လာ၏''ဟု ပြောဆို၏။ ယင်းသို့ ပြောဆိုခြင်း အကြောင်းကား ထိုဘဒ္ဒိယမင်းသားသည် တနေ့သောအခါ၌ အိုးခွက်မှ ထမင်းကို ခူးဆွသည်တို့ကို မြင်၍ ဤအိုးခွက်၌သာလျှင် ထမင်းဖြစ်၏ ဟူသော အမှတ်ကို ပြုသတတ်၊ ထို့ကြောင့် ဤသို့ ပြောဆိုလေသတည်း။ ။အနုရုဒ္ဓါ မင်းသားက နှစ်ဦးလည်း ဖြစ်ကုန်သော ထို မင်းသားတို့ကို ''အသင် တို့သည် ထမင်း ထမြောက် ဖြစ်ပေါ်လာရာ အရပ်ကို မသိကြလေကုန်''ဟု ပြောဆို၍ ''ထမင်းမည်သည် ဟတ္ထောင်မျှလောက် မြင့်စောက်လွန်ကျ။ အထွတ်အဖူးယှိသော ရွှေခွက်ကြီး၌ ထမြောက်ဖြစ်ပေါ်လာ၏''ဟု ပြောဆို၏။ ယင်းသို့ ပြောဆိုခြင်း အကြောင်းကား ထိုအနုရုဒ္ဓါ မင်းသား သည် ကောက်တို့ကို ထောင်းဖွပ်သည်တို့ကို ရှေး၌ မမြင်အပ်ကုန်၊ ထမင်းကို ချက်သည်တို့ကိုလည်း ရှေး၌မမြင်အပ်ကုန်၊ ရွှေခွက်၌ခူးဆွ၍ မိမိ၏ရှေ့မှာ ထားအပ်သောထမင်းကိုသာလျှင်တွေ့မြင်၏။ ထို့ကြောင့် ရွှေခွက်၌သာလျှင် ထိုထမင်းသည် ဖြစ်၏ဟု အမှတ်ကိုပြုသတတ်။ ထို့ကြောင့် ဤသို့ ပြောဆို၏။ ။ဤသို့ ပြဆိုခဲ့ပြီးသော အစဉ်အတိုင်းအားဖြင့် ထမင်း၏ ထမြောက် ဖြစ်ပေါ်လာရာ အရပ်ကို ဆုံးဖြတ် ထင်တင် မမြင် မသိရလောက်အောင် ကြီးကျယ်မြင့်မြတ်သော ကောင်းမှုဘုန်းကံ ယှိသော အမျိုးသားသည် အိမ်ယာဘွဲ့နှောင် လူ့ဘောင်အလယ် ပြုလုပ်ဘွယ် ဖြစ်သော အမှုကြီးငယ်တို့ကိုအဘယ်သို့ သိနိုင်လတ္တံ့နည်း။ ထို့ကြောင့် နောင်တော်မဟာနာဝ်ကို တဖန်ပြန်၍ မေးမြန်းပြောဆိုသည်ဟုမှတ်ရာ၏။ ထိုအနုရုဒ္ဓါ မင်းသားသည် မဟာနာဝ်မင်းက ''အမောင် အန-

ရုဒ္ဓါ၊ လာလှည့်လေ၃။ အသင် ညီတော်အား အိမ်ယာဘွဲ့နှောင် လူ့ဘောင်၌ နေခြင်း အကျိုးငှါ ကောင်းစွာ ညွှန်ပြ ဆုံးမပေအံ့” ဟု ရှေမှောက် ခေါ်ယူပြီးကာ ရှေးဦးစွာ လယ်ကို ထွန်စေအပ်၏။ ဤသို့ အစယ်သော နည်းဖြင့် ညွှန်ပြပြောဆိုအပ် ကုန်သော ရွက်ဆောင်ဘွယ် အစု အမှုကြီးငယ် တို့၏ ပြီးဘွယ် တိုင်းစား အပိုင်းအခြား မရှိသော အဖြစ်ကို ကြား၍ အိမ်ယာဘွဲ့နှောင် လူ့ဘောင်၌ နေခြင်းဖြင့် ငါအား အကျိုးမရှိဟု ကြံစည်ပြီးလျှင် မယ်တော်ကို ပန်ကြားခွင့်တောင်း၍ ဘဒ္ဒိယ မင်းသား အမှူးယို ကုန်သော ငါးဦးကုန်သော သာကီဝင်မင်းသားတို့နှင့် အတူတကွထွက်လာခဲ့ကြ၍ အနုပိယမည်သော သရက်တော ဥယျာဉ်၌ မျှရွှင်စမွယ်တော်မူသော မြတ်စွာဘုရား သခင်သို့ ကြည်လင်ညွတ်တွား သွားရောက် ချဉ်းကပ်၍ ရဟန်းပြုလေ၏။ ရဟန်းပြုပြီး၍ကား မဖေါက်မပြန် ဟုတ်မှန်ပေတောင်း ကောင်းသော ကျင့်ဝတ် ပဋိပတ်ကို မပြတ်နေ့ည လုံ့လကြိုးကုတ် အားထုတ်ကျင့်ကြံလျက် အစဉ်အတိုင်းအားဖြင့် ပုဗ္ဗေနိဝါသညာဏ် ဒိဗ္ဗစက္ခုညာဏ် အာသဝက္ခယညာဏ်ဟု ဆိုအပ်သော သုံးပါးကုန်သော ဝိဇ္ဇာတို့ကို မျက်မှောက် ပြုတော်မူရ၍ ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် တခုသော့နေရာ၌ ထိုင်နေလျက် သာလျှင် လက်ဝါးအပြင်ဝယ် တင်ထားအပ်သော သျစ်သျားသီးတို့ကဲ့သို့ တထောင်သော စကြဝဠာလောကဓာတ်တို့ကို ထုတ်ခတ်ဖေါက်မှ ကြည့်ရှုခြင်းငှါ စွမ်းနိုင်သည်ဖြစ်၍။

အရှင်အနုရုဒ္ဓါမထေရ် ရဟန္တာဖြစ်၍ ဥဒါန်းကျူးသောဂါထာ

ပုဗ္ဗေနိဝါသံ ဇာနာမိ၊ဒိဗ္ဗစက္ခု၊ ဝိသောဓိတံ။
တေဝိဇ္ဇော ဣဒ္ဓိပတ္တောမှိ၊ ကတံ ဗုဒ္ဓဿ သာသနံ။ ။

ဟူသော ဤဂါထာကို ရွတ်ဆိုတော်မူ၏။

ဂါထာ၏အနက်ကား။ ။ပုဗ္ဗေနိဝါသံ၊လွန်လေ သမယ ရှေးဘဝ၌ နေမျှခဲ့အင် ခန္ဓာအစဉ်ကို။ ဇာနာမိ၊ ပိုင်းခြားတည့်တည့် သိမြင်ရပေပြီ။ ဒိဗ္ဗစက္ခု၊ကမ္မဇဒိဗ္ဗဓာတ် နိမိတ်မှက်သား နတ်တို့မျက်စိ တူပြီပေစွ ဒိဗ္ဗစက္ခုညာဏ်ကို။ဝိသောဓိတံ၊တိမ်သလာအတူ အညစ်အကြေး ဟူသမျှ

ကို ပယ်ချထုတ်ငင် သုမ်သင်အပ်ပြီ။ တေ ဝိဇ္ဇော၊သိမြင်တတ်စွာ ဝိဇ္ဇာ သုံးပါးတို့နှင့် ပြည့်စုံသည်။ ဟုတွာ၊ဖြစ်၍။ ဣဒ္ဓိပတ္တော၊ အလိုယှိတိုင်း ညွှတ်ရှိုင်းအမျိုးမျိုး တန်ခိုးအထူးသို့ ရောက်သည်။ အမှိ၊ ဖြစ်ပြီ။ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိတတ် ဘုရားမြတ်၏။သာသနံ၊ ဟောဖေါ် ထုံးပြ အဆုံးအမတော်ကို။ ကတံ၊ တင်မှတ်စိုက်ကာ သမိုက် လာတိုင်း လိုက်နာခြင်းကို ပြုအပ်လေပြီ။ ။ဤကားအနက်။

ပြဆိုအပ်ခဲ့ပြီးသောဂါထာအရ ကြံဆ ရှင်လန်း ဥဒါန်းကို ကျူးရင့် ကော်မူပြီး၍ အဘယ်သို့သော ကောင်းမှုကံကို စီမံအားထုတ် ပြုလုပ် ခဲ့ခြင်းကြောင့် ငါ့အား သုံးပါးဝိဇ္ဇာ ထင်စွာကုံလုံ ဤသို့သော ပြည့်စုံ ခြင်းကို ရအပ်လေသနည်းဟု ကြည့်ရှုတော်မူသည် ယှိသော်၊ ပဒုမုတ္တရ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းခညောင်း ဆုတောင်းပတ္ထနာ ခြင်းကို ဖြစ်စေခဲ့ပြီဟု သိတော်မူ၍ တဖန်သံသရာ၌ ကာလဓွန့်ရှည် ကျင် လည်ရသည်ယှိသော် ဤအမည်ယှိသော အခါကာလ၌ ဗာရာဏသီ ပြည်ဝယ် သုမန သေဋ္ဌေးကို အမှီတံကဲ သဟဲပြု၍ အသက်ရှည်စေတည် နေ မွေးမြူလျက် အန္ဓဘာရ မည်သောသူသည် ဖြစ်ခဲ့လေပြီ ဟူ၍လည်း သိတော်မူသောကြောင့်။

အနုရုဒ္ဓါ ရဟန္တာဖြစ်ခြင်း အကြောင်းရင်းဘဝကို ဖေါ်ပြကျူးရင့်တော်မူသော ဂါထာ။

အန္ဓဘာရော ပုရေ အာသိံ၊ဒလိဒ္ဒေါ တိဏ ဟာရကော။
ပိဏ္ဍပါတော မယာ ဒိန္ဓော၊ဥပရိဋ္ဌဿ တာဒိနော။ ။

ဟူသော ဤဂါထာကို ရွတ်ဆိုတော်မူ၏။

ဂါထာ၏အနက်ကား။ ။ပုရေ၊လွန်လေဖြစ်ရာရှေးအခါ၌။ဒလိဒ္ဒေါ၊ ပစ္စည်းဥစ္စာ လွန်စွာချတ်နဲ ဆင်းရဲပင်ပန်းသော။ တိဏဟာရကော၊ နေ့ဘို့ညတာအစာမျှတရလောက်ရုံလျက် မြက်ကိုဏမ်းဆောင်ရသော။ အန္ဓဘာရော၊အန္ဓဘာရ အမည်ရသောသူသည်။အာသိံ၊ဖြစ်ခဲ့ရလေပြီ။ တဒါ၊ အန္ဓဘာရ ဖြစ်ရစဉ်လာ ထိုအခါ၌။ မယာ၊ ငါအနုရုဒ္ဓါသည်။ ဟာဒိနော၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူထသော။ ဥပရိဋ္ဌဿ၊ ဥပရိဋ္ဌ

အမည်တော်ယှိသော အရှင်ပစ္စေက ဗုဒ္ဓါအား။ ပိဏ္ဍပါတော၊ မိမိစားရန် ရည်သန့် ဆောင်ယူခဲ့သောဆွမ်းကို။ ဒိန္ဒော၊ ပေးလှူအပ်လေပြီ။ ဤကားအနက်။

အဓိပ္ပါယ်ကား။ ။လွန်လေဖြစ်ရာ ရှေးအခါ၌ ပစ္စည်းဥစ္စာ လွန်စွာချတ်နဲ ဆင်းရဲပင်ပန်းသော နေ့ဘို့ညတာ အစာမျှတ ရလောက်ရုံလျက် မြက်ကိုထမ်းဆောင်ရသော အန္ဒဘာရ အမည်ရသောသူသည် ဖြစ်ခဲ့ရလေပြီ။ အန္ဒဘာရ ဖြစ်ရစဉ်လာ ထိုအခါ၌ ငါအနုရုဒ္ဓါသည် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဥပရိဋ္ဌ အမည်တော်ယှိသော အရှင်ပစ္စေကဗုဒ္ဓါအား မိမိစားရန်ရည်သန်ဆောင်ယူခဲ့သော ဆွမ်းကို ပေးလှူအပ်လေပြီ။

ထိုဂါထာကို ရွတ်ဆိုပြီးသည်မှ နောက်ကာလ၌ ထိုအရှင် အနုရုဒ္ဓါအား ဤသို့သောအကြီအစည်သည်ဖြစ်၏။ အဘယ်သို့ဖြစ်သနည်းဟူမူ ထိုအန္ဒဘာရဖြစ်သောအခါ၌ အကြင် သုမနမည်သော သေဋ္ဌေးသည် ဥပရိဋ္ဌအရှင်ပစ္စေကဗုဒ္ဓါအားငါသည်ပေးလှူအပ်သောဆွမ်းမှအသပြာတို့ကိုပေး၍ ကုသိုလ်အဘို့ကို ယူလေပြီ။ ငါ၏ အဆွေခင်ပွန်း အပေါင်းအဖော်ဖြစ်သော ထိုသုမနသေဋ္ဌေးသည် ဤယခုအခါ အတီအရပ်၌ ဖြစ်လေသနည်းဟူသော အကြီအစည်သည်ဖြစ်၏။

သုမန သေဋ္ဌေးအလောင်း သုမန သူငယ်ကို သာသနာတော်သို့ သွတ်သွင်းခြင်း။

ထိုနောက် ကြည့်ရှုတော်မူသည်ယှိသော်ဝိဇ္ဇာဋ္ဌဝီတောအုပ် တောင်ခြေ၌ မုဏ္ဍနိဂုံးမည်သည် ယှိ၏။ ထိုနိဂုံး၌ မဟာမုဏ္ဍ မည်သော ဥပါသကာအား မဟာသုမန ဟူ၍ဂုင်း, စူဋ္ဌသုမန ဟူ၍ ဂုင်း, နှစ်ယောက်ကုန်သော သားတို့သည် ယှိသည်ဖြစ်ကုန်၏။ ထိုနှစ်ယောက် ကုန်သော သားတို့တွင် အငယ်ဖြစ်သော စူဋ္ဌသုမနအဖြစ်ဖြင့် ဖြစ်လေသည်ဟူ၍ ထိုသုမနသေဋ္ဌေးကိုမြင်တော်မူ၏။ မြင်တော်မူပြီး၍ကား ထိုအရပ်ဒေသသို့ ငါကြွသွားရသည်ယှိသော် ထောက်မြော်ထွေထူး ကျေးဇူးယှိအံ့လော, မယှိအံ့လောဟုကြီစည်တော်မူ၏။ ဆင်ခြင်ထောက်လှမ်း စုံစမ်းတော်မူ

သော ထိုအနုရုဒ္ဓါမထေရ်သည်ထိုအရပ်သို့ချဉ်းကပ်ရောက်ရန်ရည်သန်စိတ်ထား ငါကြွသွားခဲ့သည် ယှိသော် အသက်တွက်စစ် ခုနစ်နှစ်ရွယ်သာယှိသော ထိုသူငယ် စူဠသုမနသည် လူ့ဘောင်မှ ရှောင်ခွါ၍ သာသနာတော်ထမ်း ရဟန်းပြုလတ္တံ့၊ ရဟန်းပြုမည် ဆောက်တည် ကြံစိတ်ဆံရိတ်အားလုံး သင်မုန်း၏အဆုံး၌သာလျှင် ရဟန်းကိစ္စ လုံးဝပြီးသတ်အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့ဟူသော ဤသို့သော အကြောင်းကို ရုံးပေါင်းထင်ထင် မြင်တော်မူလေ၏။ မြင်တော်မူပြီး၍ကား ဝါကပ်ဆိုရန်ရည်သန်သတ်မှတ် နီးလတ်သည်ယှိသော် လပြည့်ကျော် တရက် ပေါ်ထွက်ဆင်း၍ ဝါတွင်း ဖြစ်သောနေ့၌ ကောင်းကင် ခရီးဖြင့် ကြွသွားတော်မူ၍ ရွာတံခါးအနီး၌သက်ဆင်းတော်မူ၏။ မဟာမုဏ္ဍဥပါသကာသည်ကား ရှေးအခါ၌လည်း အနုရုဒ္ဓါမထေရ်၏ ချစ်ကျွမ်းဝင်သောသူတို့သည်သာလျှင်တည်း။ ထိုမဟာမုဏ္ဍဥပါသကာသည် ဆွမ်းခံလှည့်လည်ချိန် တိုင်သောအခါ၌ သက်နှံးကိုပြုပြင် ဝတ်ရုံတော်မူသော အနုရုဒ္ဓါမထေရ်ကိုမြင်၍ သားအကြီးဖြစ်သောမဟာသုမနကို ''ချစ်သား၊ငါဘခင်၏ အရှင်ဖြစ်တော်မူသော အနုရုဒ္ဓါမထေရ်သည် ကြွတော်မူလာ၏။ အကြင်ရှေ့လောက် တပါးကယောက်သောသူသည် ထိုအနုရုဒ္ဓါမထေရ်၏ သပိတ်ကိုမယူ မပင့်ဖိတ်ရသေး။ ထိုမျှလောက်တာ သူတကာတို့ထက် ရှေးဦးစွာသွားရောက်၍ ထိုမထေရ်၏ သပိတ်ကို ယူချေလော့၊ ငါသည်နေရာကို ခင်းထားအံ့''ဟု မှာထားပြောဆို၏။ ထိုမဟာသုမနသည် ဘခင်မှာထားပြောဆိုသည့်အတိုင်း ပြု၏။ မဟာမုဏ္ဍဥပါသကာသည် အနုရုဒ္ဓါမထေရ်ကို နေအိမ်အတွင်း ခင်းထားအပ်သော နေရာ၌နေမျှတော် မူစေလျက် ကောင်းမွန်ရိုသေစွာ ပြုစုလုပ်ကျွေး၍ ဝါတွင်းခေါ် ရသုံးလပတ်လုံးသီတင်းသုံးနေမျှခြင်းအကျိုးငှါ တောင်းလျှောက်ခွင့်ပန် ပဋိညာဏ်ကို ယူလေ၏။ အနုရုဒ္ဓါမထေရ်သည်လည်း သာယာသည်းခံတော်မူ၏။ ထိုသို့လျှောက်ထား သနားအခွင့် အသင့်ရယှိသောအခါ၌ ထိုအနုရုဒ္ဓါ မထေရ်ကို တနေ့မျှလောက် ချီးမြှောက် ခွင့်ပေးဝန်မလေးဘဲ အရေးတခုအထူးမှုဖြင့် ပြုစုလုပ်ကျွေးဘိသကဲ့သို့ ဝါတွင်းခေါ် ရသုံးလပတ်လုံး ရွှင်ပြီးနှစ်မြိုက်ညိုစွာ လုပ်ကျွေးပြုစု၍ သီတင်း

ကျွတ်လပြည့် မဟာပဝါရဏာနေ့၌ သုံးထည်သော သင်္ကန်းကို လည်းကောင်း, တင်လဲ-ဆီ-ဆန်အစယ်သည်တို့ကိုလည်းကောင်း, ယူဆောင်ပြီးလျှင် မထေရ်၏ အနီး ခြေရင်း၌ထား၍ ''အရှင်ဘုရား၊ ဤအလှူဝတ်တို့ကို မချွတ်စေမူ ခံယူတော် မူကုန်လော့'' ဟု ကြားလျှောက်၏။ ''အိုး-ဥပါသကာ၊ တန်ပြီ။ ငါ့အား ဤပစ္စည်းဝတ္ထုဖြင့် အလိုမရှိ'' ဟု မိန့်ဆိုတော်မူ၏။ ''အရှင်ဘုရား၊ ထိုသို့ဖြစ်တိုင်ပြီးကား ဤပစ္စည်းသည် ဝါကပ်ဆိုသောပုဂ္ဂိုလ်တို့အား ရသင့်ရထိုက်သော ဝဿာဝါသိကလာဘ် မည်ပါ၏။ထိုအသုံးအဆောင်ကိုအရှင်ဘုရားတို့သည်ခံယူပါကုန်လော့'' ဟု လျှောက်ထားပြန်သဖြင့် ''ဥပါသကာ၊ငါသည်မခံယူ'' ဟု မိန့်ဆိုတော်မူပြန်၏။''အရှင်ဘုရားတို့၊အဘယ်သို့သောအကြောင်းကြောင့်မခံယူပါကုန်သနည်း'' ဟု မေးလျှောက်ပြန်သည်ယ်သော် ''ဥပါသကာ၊ ငါ၏ အထံ၌ အမှုကြီးငယ်ကို ရွက်ဆောင်တတ်သော ကပ္ပိယ ကာရကသည်လည်းကောင်း, သာမဏေသည်လည်းကောင်း, မရှိခဲ့ချေ။ထိုကြောင့်ငါမခံယူပေသည်'' ဟုမိန့်ဆိုတော်မူ၏။''အရှင်ဘုရား၊ထိုသို့ဖြစ်ကပြီးကား မဟာသုမနအမည်ယ်သောတပည့်တော်၏သားသည် သာမဏေဖြစ်ပါလတ္တံ့'' ဟု လျှောက်ထားပြန်သောအခါ ''အိုး-ဥပါသကာ၊ ငါ့အား မဟာသုမနဖြင့် အလိုမရှိ'' ဟု မိန့်ဆိုတော် မူပြန်သည်ယ်သော် ''အရှင်ဘုရား၊ ထိုသို့ ဖြစ်တပြီးကား စူဠသုမနကို ရဟန်းပြုတော် မူပါကုန်-လော့'' ဟု လျှောက်ထား၏။ မထေရ်သည် ''ကောင်းလှပြီ'' ဟု ဝန်ခံ၍ စူဠသုမနကို ရဟန်းပြုတော်မူ၏။ ထိုစူဠသုမနသည် ဆံရိတ်ပယ်သုံး သင်ဓုန်း၏ အပြီးအဆုံး၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။အနုရုဒ္ဓါမထေရ်သည် ထိုသုမနသာမဏေနှင့် အတူတကွ တလထက်ဝက် ဆယ့်ငါးရက်မျှလောက် ပတ်လုံး ထိုရွာနိဂုံး၌ သီတင်းသုံးနေမျှတော်မူ၍ မြတ်စွာဘုရားသခင်ကို ဦးတင်ကော်ရော် ဖူးမျှော်ကြည်ညှိရှာအံ့ဟု ကြံစည်၍ ထိုသုမနသာမဏေ၏ အဆွေ အမျိုးတို့ကို ခွင့်တောင်း ပန်ကြားပြီးသော် ကောင်းကင်ခရီးဖြင့် သာလျှင် ကြွသွားတော် မူ၍ ဟိမဝန္တာအရပ်ဝယ် သတ်မှတ်ခိုအောင်း တောကျောင်းကုဋိ၌ သက်ဆင်းတော်မူ၏။အနုရုဒ္ဓါမထေရ်သည်ကား ပကတိအားဖြင့်လည်း အားထုတ်အပ်

သော ဝိရိယယိုသော သူမြတ်ပေတည်း။ ထိုဟိမဝန္တာ တောကျောင်း၌ ညဉ့်၏ ရှေအဘို့ ညဉ့်၏ နောက်အဘို့ပတ်လုံး စင်္ကြံတုံ ခေါက် ကြွလျှောက်အားထုတ်သော ထိုမဂဓရိအား လေရင်နာသည် ပြင်းစွာတက်ကြွ ဖြစ်ပေါ်လာ၏။ ထိုအခါမရွှင်မလန်း ပင်ပန်းသောသဘောယိုသော ထိုဆရာမတရဲကိုမြင်၍ သာမဏေက "အရှင်ဘုရား အသို့ပေနည်း။ အရှင်ဘုရားအား ကျင်နာသလော" ဟု မေးလျှောက်၏။ "ငါ့အား ရင်၌ လေနာပြင်းစွာ ဖြစ်ပေါ် တက်ကြွ၏" ဟု မိန့်ဆို-တော်မူသဖြင့် "အရှင်ဘုရား၊ ဤမှတပါးသော အခါ၌လည်းတက်ကြွ ဖြစ်ပေါ် ဘူးပါသလော" ဟု မေးလျှောက်ပြန်သည်ယိုသော် "ငါ့ရှင် သာမဏေ၊ ဩ-ဖြစ်ပေါ်ဘူးပေ၏" ဟု မိန့်ဆိုတော်မူ၏။ "အရှင်ဘုရား၊ အဘယ်ဆေးဖြင့် ချမ်းသာသည် ဖြစ်သနည်း" ဟု မေးလျှောက်ပြန်သောအခါ "ငါ့ရှင်သာမဏေ၊ အနောတတ္တအိုင်မှ ရေကို ရသည်ယို သော် ချမ်းသာသည် ဖြစ်ပေ၏" ဟု မိန့်ဆိုတော်မူ၏။

သုမနသာမဏေနှင့် ပန္ထကနဂါးမင်း တန်ခိုးပြိုင်ခြင်း အကြောင်း။

"အရှင်ဘုရား၊ ထိုသို့ဖြစ်ကပြီးကား တပည့်တော်သည် ဆောင်ယူပါအံ့" ဟု လျှောက်ထားသည်ယိုသော် "ငါ့ရှင် သာမဏေ၊ အသင်သည် စွမ်းနိုင်လတ္တံ့လော" ဟု မေးတော်မူပြန်သဖြင့် "အရှင်ဘုရား၊ ဩ-စွမ်းနိုင်ပါ၏" ဟု ကြားလျှောက်၏။ "ထိုသို့တပြီးကား အနောတတ္တအိုင်၌ ပန္ထကအမည်ယိုသော နဂါးမင်းသည် ငါ့ကိုသိ၏။ ထိုနဂါးမင်းအား ပြောကြား၍ ဆေးအကျိုးငှါ တလုံးသော ရေအိုးကို ဆောင်ယူခဲ့လော့" ဟု မိန့်ဆိုတော်မူ၏။ ထိုသုမန သာမဏေသည် ကောင်းလှပါပြီဟု ကြားလျှောက်ကာ ဥပဇ္ဈာယ်ဆရာကို ရှိခိုး၍ ကောင်းကင်အထက်သို့ တက်ကြွတော်မူပြီးသော် ယူဇနာငါးရာ ဝေးကွာသတ်မှတ်အနောကတ်အိုင်ယိုရာ အရပ်သို့ ကြွသွားတော်မူလေ၏။ သုမန သာမဏေ ကြွသွားသော ထိုနေ့၌ကား နဂါးမင်းသည် နဂါးမကချေသည် အပေါင်းခြံရံလျက် ရေကစားခြင်းကို ကစားရွှင်မြူးခြင်းငှါ အလိုယိုသည်

ဖြစ်ပေ၏။ ထိုနဂါးမင်းသည် ရှေရှလာသောသာမဏေကို မြင်၍သာ-လျှင် အမျက်ထွက်လေ၏။ဤဦးခေါင်း ဦးပည်းယှိသော သာမဏေသည် မိမိ၏ခြေ၌ ကပ်ငြိပါတုံ မြေမှုန့်ဖုံကို ငါ၏ဦးခေါင်ထက်၌ ကြဲဖြန့်လျက် လှည့်လည် လေဘိ၏။ အနောတတ္တံ အိုင်၌ ရေကို ဆောင်ယူခြင်း အကျိုးငှါ လာရောက်သည် ဖြစ်လေလတ္တံ့။ ဤယခုအခါ၌ ငါသည် ထို သာမဏေသား ရေကိုမပေးအံ့ဟုကြံ၍ ကြီးစွာသော ခွက်အိုးဖုံးဖြင့် အိုး ခွက်ကို ဖုံးအုပ်ဘိသကဲ့သို့ ယူဇနာငါးဆယ်ယှိသော အနောတတ္တအိုင် ကို မိမိ၏ ပါးပျဉ်းဖြင့် ဖုံးအုပ်၍ အိပ်နေ၏။ သာမဏေသည် နဂါးမင်း ၏ ပြုမူသော အခြင်းအရာကို ကြည့်ရှု၍သာလျှင် ဤနဂါးမင်းသည် ငါ့-အား အမျက်ထွက်သည်ဟု သိတော်မူသောကြောင့်။

နဂါးမင်းထံ အနောတတ်ရေ တောင်းသောဂါထာ။

သုဏောဟိ မေ နာဂရာဇ၊ ဥဂ္ဂတေဇ မဟဗ္ဗလ။
ဒေဟိ မေ ပါနီယဃဋံ၊ ဘေသဇ္ဇတ္ထမှိ အာဂတော။ ။

ဟူသော ဤဂါထာကို ရွတ်ဆို၏။

ဂါထာ၏ အနက်ကား။ ။ဥဂ္ဂတေဇ၊ ထက်မြက်လျင်မြန် ပြင်း-ထန်သော တန်ခိုးယှိထသော။ မဟဗ္ဗလ၊ ကြီးကျယ်ဖွံ့ထွား ခွန်အား စွမ်းပကားယှိထသော။ နာဂရာဇ၊ နဂါးအပေါင်း ဦးခေါင်းညွှတ်လျှိး ရှိခိုး ဝပ်တွားရသော အိုနဂါမင်း။ မေ-မမ၊ ငါ၏။ ဝစနံ၊ ပြောဆိုလတ္တံ့ သောစကားကို။ တွံ၊ အသင်နဂါးမင်းသည်။ သုဏောဟိ၊ နှလုံးပွါး အောင်တရားဆောင်၍ နားထောင်ပါဦးလော့။ ဘေသဇ္ဇတ္ထံ၊ ဥပဇ္ဈာယ် ဆရာမကျန်းမာ၍ရောဂါပျောက်နိုးဆေးအကျိုးငှါ။အာဂတော၊လာခဲ့ သည်။ အမှိ၊ ဖြစ်ပါ၏။ ပါနီယဃဋံ၊ တလုံးအိုးလောက် ပြည့်မြောက် နိုင်ပေ သုံးသောက်ရေကို။ မေ-မယှံ၊ ငါ့အား။ တွံ၊ အသင် နဂါးမင်း သည်။ ဒေဟိ၊ တည်ယှိဂုဏ်ရည် သဒ္ဓါမှီ၍ သာကြည်စွာ ပေးပါလော့။ ဤကားအနက်။

အဓိပ္ပါယ်ကား။ ။ထက်မြက် လျင်မြန် ပြင်းထန်သော တန်ခိုးယှိ ထသော၊ ကြီးကျယ်ဖွံ့ထွား ခွန်အားစွမ်းပကား ယှိထသော၊ နဂါး

၁၃၂ ဓမ္မပဒဝတ္ထုဟော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမ)။

အပေါင်း ဦးခေါင်းညွတ်လျှိုး ရှိခိုးဝပ်ဟွားရသော အိုနဂါးမင်းငါ၏ ပြောဆိုလတ္တံ့သော စကားကို အသင်နဂါးမင်းသည်နှလုံးပွါးအောင် ကရားဆောင်၍ နားထောင်ပါဦးလော့။ ဥပဇ္ဈာယ်ဆရာ မကျန်းမာ၍ ရောဂါပျောက်နိုး ဆေးအကျိုးငှါ လာခဲ့သည်ဖြစ်ပါ၏။ တလုံးအိုး လောက်ပြည့်မြောက်နိုင်ပေ သုံးသောက်ရေကို ငါ့အား အသင် နဂါး မင်းသည် တည်ပျိုဂုဏ်ရည် သဒ္ဓါမှိ၍ သာကြည့်စွာ ပေးပါလော့ဟု သာမဏေက ပြောဆိုသော ထိုစကားကို ကြား၍ နဂါးမင်းသည်။

နဂါးမင်းက မပေးနိုင်ကြောင်းကို ဖေါ်ပြသော ဂါထာ။

ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ ဂင်္ဂါနာမ မဟာနဒီ။
မဟာသမုဒ္ဒမပ္ပေတိ၊ တတော တံ့ ပါနိယံ ဟရ။ ။

ဟူသော ဤဂါထာကို ရွတ်ဆို၏။

ဂါထာ၏အနက်ကား။ ။သာမဏေရ၊ ဦးပည်း မည်တွင် မောင်ရှင်သာမဏော။ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ဤမှ ထောက်၍ အရှေ့မျက်နှာ အရပ်အဘို့၌။ ဂင်္ဂါနာမ၊ ဂင်္ဂါအမည်ယှိသော။ မဟာနဒီ၊ ရေလျှံစီးကာ မနည်းပါဘဲ ကြီးစွာသော မြစ်သည်။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာသို့။ အပ္ပေတိ၊စီးဝင်လေ၏။ တတော၊ ဖေါ်ပြလွှစ်ပြီး ထိုဂင်္ဂါ အမည်ယှိသော မြစ်ကြီးမှ။ တံ့၊ အသင်သာမဏေသည်။ ပါနိယံ၊ သုံးရေသောက်ရေကို။ဟရ၊ လိုအင်ဆန္ဒ ပြည့်ဝလေအောင်ယူဆောင်ပါလေလော့။ ။ ဤကားအနက်။

အဓိပ္ပါယ်ကား။ ။ဦးပည်း မည်တွင် မောင်ရှင်သာမဏော၊ ဤမှ ထောက်၍ အရှေ့မျက်နှာ အဘို့၌ ဂင်္ဂါအမည်ယှိသော ရေလျှံစီးကာ မနည်းပါဘဲ ကြီးစွာသောမြစ်သည် မဟာသမုဒ္ဒရာသို့ စီးဝင်လေ၏။ ဖေါ်ပြလွှစ်ပြီး ထိုဂင်္ဂါအမည်ယှိသော မြစ်ကြီးမှအသင်သာမဏေသည် သုံးရေသောက်ရေကို လိုအင်ဆန္ဒ ပြည့်ဝလေအောင် ယူဆောင်ပါလေလော့ဟု နဂါးမင်းပြောဆိုသော ထိုစကားကိုကြား၍ သာမဏေသည် "ဤနဂါးမင်းကား မိမိအလိုအလျောက် မပေးတော့လတ္တံ့။ ငါသည် အနိုင်အထက် ဗလကြွာရကိုပြု၍ တန်ခိုးရှိန်စေ၍ အာနုဘော်ကို သိစေ

ပြီးလျှင် ဤနဂါးမင်းကို လွှမ်းမိုးနှိပ်နင်းခြင်း ရေကိုယူအံ့''ဟု ကြံစည်ပြီးသော် ''အသင်နဂါးမင်းကြီး၊အဖသဘွယ် ဥပဇ္ဈာယ်ဆရာသည် ငါ့ကို အနောတတ္တအိုင်မှသာလျှင် ရေကို ဆောင်ယူစေတော်မူ၏။ ထိုကြောင့် ငါသည်ဤရေကိုသာလျှင်ဆောင်ယူအံ့၊အသင်သည်ဖဲရှောင်လေလော့။ ငါ့ကို မတားမြစ်လင့်''ဟု ပြောဆို၍ သာမဏေသည်။

သုမန သာမဏေ ကြီးဝါးသော ဂါထာ။

ဇုတောဝ ပါနိယံ ဟရိဿံ၊ ဇုမိနာဝမှိ အတ္ထိကော။
ယဒိ တေ ထာမဗလံ အတ္ထိ၊ နာဂရာဇ နိဝါရယ။ ။

ဟူသော ဤဂါထာကို ရွတ်ဆို၏။

ထိုဂါထာ၏အနက်ကား။ ။နာဂရာဇ၊ အရာမဟုတ် မျက်ကြုတ်ပွါးပြင်း အိုနဂါးမင်း။ ဇုတောဝ၊ အိုင်တွင်အမြတ် ခေါ်စမှတ်သော ဤအနောတတ်အိုင်မှသာလျှင်။ ပါနိယံ၊ အလိုယှိထွေ သုံးရေ သောက်ရေကို။ အဟံ၊ ငါသည်။ဟရိဿံ၊ မရရအောင်ကြိုယူဆောင်ပေအံ့။ ဤမိနာဝ၊နေရှိန်ရောင်လျပ်မယှဉ်ဟပ်သော ဤအနောတတ်အိုင် ရေဖြင့်သာလျှင်။ အတ္ထိကော၊ ဥပဇ္ဈာယ်ဆရာ ကြားမှာဆိုဘိ အလိုယှိသည်။။ အမှိ၊ ဖြစ်ခဲ့ပေ၏။ တေ၊ မျက်မာန်တက်ကြွား သင်နဂါးမင်းအား။ ဝါ၊ ၏။ ထာမဗလံ၊ တန်ခိုးထက်သန် အားစွမ်းအန်သည်။ယဒိအတ္ထိ၊ အကယ်၍သာ ယှိခဲ့ပါအံ့။ ဧဝံသတိ၊ ဤသို့တစိ ယှိခဲ့သည်ယှိသော်။ တံ့၊ သင်နဂါးမင်းသည်။ နိဝါရယ၊ မယှုန့ိင်အောင် ကြံဆောင်အားသစ်၍ တားမြစ်ပါလေလော့။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။အရာမဟုတ် မျက်ကြုတ်ပွါးပြင်း အိုနဂါးမင်း၊ အိုင်တွင်အမြတ် ခေါ်စမှတ်သော ဤအနောတတ် အိုင်မှသာလျှင် အလိုယှိထွေ သုံးရေသောက်ရေကို ငါသည်မရရအောင်ကြိုယူဆောင်ပေအံ့။ နေရှိန်ရောင်လျပ် မယှဉ်ဟပ်သော ဤအနောတတ်အိုင်ရေဖြင့်သာလျှင် ဥပဇ္ဈာယ်ဆရာ ကြားမှာဆိုဘိ အလိုယှိသည် ဖြစ်ခဲ့ပေ၏။ မျက်မာန်တက်ကြွား အသင် နဂါးမင်းအား တန်ခိုးထက်သန် အားစွမ်းအန်သည့် အကယ်၍သာယှိခဲ့ပါအံ့၊ ဤသို့တစိ ယှိခဲ့သည်ယှိသော် အသင်

နဂါးမင်းသည် မယူနိုင်အောင် ကြံဆောင်အားသစ်၍ တားမြစ်ပါလေ လော့ ဟု ပြောဆိုသောအခါ ထိုသာမဏေကို နဂါးမင်းက။

နဂါးမင်း ကြိုးဝါးသောဂါထာ။

သာမဏေရ သစေ အတ္ထိ၊ ဟဝ ဝိတ္ကမ ပေါရိသံ။
အဘိနန္ဒာမိ တေ ဝါစံ၊ ဟရဿု ပါနိယံ မမ။ ။

ဟူသော ဤဂါထာဖြင့် ပြောဆို၏။

ဂါထာ၏အနက်ကား။ ။သာမဏေရ၊ ဦးပည်းမည်တွင် မောင်ရှင် သာမဏေကလေး။ တဝ၊ အသင်အား။ ဝိတ္ကမပေါရိသံ၊ ယောက်ျား တကာမမှီရာဟု ကြီးစွာလုံ့လ ကြိုးပပြင်းထန် ရဲစွမ်းအန်သည်။ သစေ အတ္ထိ၊ အကယ်တိတိ ယှိခဲ့တုံအံ့။ဧဝံသတိ၊ဤသို့ယှိခဲ့သော်။တေ၊ ကလေး အရွယ် လွန်သေးငယ်သော အသင်၏။ ဝါစံ၊ စိတ်နေ မောက်ကြွား ကြိုးဝါးသောစကားကို။ အဟံ၊ငါသည်။ အဘိနန္ဒာမိ၊ အလွန်အကျူး အထူးနှစ်သက်ပါ၏။မမ၊ငါ၏ပါနိယံ၊သုံးရေသောက်ရေကို၊တွံ၊အသင် သည်။ဟရဿု၊မရ,ရအောင်ယူဆောင်ပါလေလော့။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။ဦးပည်းမည်တွင် မောင်ရှင် သာမဏေကလေး၊ အသင်အား ယောက်ျားတကာ မမှီရာဟု ကြီးစွာလုံ့လ ကြိုးပပြင်းထန် ရဲစွမ်းအန်သည် အကယ်တိတိယှိခဲ့တုံအံ့၊ဤသို့ယှိခဲ့သော် ကလေးအရွယ် လွန်သေးငယ်သော အသင်၏ စိတ်နေမောက်ကြွား ကြိုးဝါးသော-စကားကို ငါသည် အလွန်အကျူး အထူးနှစ်သက်ပါ၏။ ငါ၏ သုံးရေ သောက်ရေကို အသင်သည် မရ-ရအောင် ယူဆောင်ပါလေလော့ဟု ပြောဆို၏။

ထိုအခါ သာမဏေငယ်က ထိုနဂါးမင်းကို ''အိုနဂါးမင်း၊ကောင်း လှပြီ။ ငါသည် ယူဆောင်ပေအံ့''ဟု ပြောဆို၍ ''မောင်ရှင် သာမဏေ သည် အကယ်၍ စွမ်းနိုင်သည် ဖြစ်အံ့၊ ဆောင်ယူလေလော့''ဟု နဂါး မင်းက ပြောဆိုသည်ယှိသော်၊ ''ထိုသို့တပြီးကား အသင်၏ စကားကို ကောင်းစွာ မှတ်သားသိယှိလေလော့''ဟု သုံးကြိမ်တိုင်တိုင် ပြောဆို ဝန်ခံ ပဋိညာဉ်ကိုယူ၍''ဘုရားမြတ်စွာ သာသနာကော်၏အရှိန်အစော်

အာနုဘော်ကိုပြ၍ ငါသည်ရေကိုဆောင်ယူခြင်းငှါသင့်လျော်လျောက်ပတ် အပ်ပေ၏''ဟု ကြံစည်ပြီးသော် အာကာသဋ္ဌ မည်ပြထင်မှတ် နတ်တို့၏ အထံသို့ ရှေးဦးစွာ ကြွသွားလေ၏။ ထိုအာကာသဋ္ဌ နတ်တို့လည်း ဝပ်ပျပ်တောက်လျှောက် လာရောက်ညွတ်လျှိး ရှိခိုးကုန်လျက် ''အရှင်ဘုရား၊ အကြောင်းအသို့ပါနည်း''ဟု မေးလျှောက်၍ ရပ်တည်ကြကုန်၏။ ''ထိုအနောတတ္တအိုင် အပြင်ထက်၌ နဂါးမင်းနှင့် အတူတကွ ငါ၏ စစ်ထိုးခြင်းသည် ဖြစ်ပါလတ္တံ့၊ ထိုသို့ သတ်မှတ် စစ်ထိုးရာ အရပ်သို့ ချဉ်းကပ် သွားရောက်ကြ၍ အောင်နိုင်ခြင်း ရှုံးခြင်းကို ကြည့်ရှုကြကုန်လော့''ဟု ပြောဆို၏။ ထိုသုမနသမဏေသည် ဤသို့သော အမှတ်ဖြင့် သာလျှင် လေးဦးကုန်သောလောကပါလနတ်မင်း၊သိကြားမင်း၊သုယာမနတ်၊ သန္တုသိတနတ်၊ နိမ္မာနရတိနတ်၊ ပရနိမ္မိတဝသဝတ္တီ နတ်တို့ကိုလည်း သွားရောက် ချဉ်းကပ်၍ ထိုသို့သော အကြောင်းကို ပြောကြားလေ၏။ ထိုမှနောက်၌ အစဉ်အတိုင်း အားဖြင့် ဗြဟ္မာပြည်တိုင်အောင် သွားရောက်၍ ထိုထို ဘုံရပ် ချဉ်းကပ် နေရှာ ဗြဟ္မာ အပေါင်းတို့ ဦးခေါင်းညွတ်လျှိး ရှိခိုးတည်နေကုန်လျက်၊ ''အရှင်ဘုရား၊ အကြောင်းအတီသို့ပါနည်း'' မေးလျှောက်သည်ယှိသော် ထိုအကြောင်းကို ပြောကြားလေ၏။ ဤသို့လျှင် ထိုသာမဏေသည် အသညသတ် ဗြဟ္မာတို့ကိုလည်းကောင်း၊ အရူပဗြဟ္မာ တို့ကိုလည်းကောင်း ချန်ထား၍ အလုံးစုံသော နတ်ဗြဟ္မာဘုံတို့၌ တမုဟုတ်ချင်းဖြင့်သာလျှင် လှည့်လည် ပြောကြား၏။ ထိုသာမဏေ၏စကားကိုကြား၍ အလုံးစုံသော နတ်ဗြဟ္မာတို့သည်လည်း အနောတတ္တ အိုင်ကြီးအပြင် အထက်၌ ကျည်တောက်၌ ထည့်သွင်းအပ်သော နှမ်း- မှုံညက်- မှုံတို့ကဲ့သို့ ကောင်းကင် အလုံးအကြားမချပ် ပြည့်ကြပ်စေ၍ စုရုံးစည်းဝေးကုန်၏။နတ်ဗြဟ္မာအပေါင်းသည် သောင်းသောင်းခြိမ့်အုန်း စုရုံးစည်းဝေးမိသည် ယှိသော်၊ သာမဏေသည် ကောင်းကင်၌တည်နေ၍ နဂါးမင်းကို။

သုမနသာမဏေ ထပ်မံ ကြိုးဝါးသောဂါထာ။

သုဏောဟိ မေ မဟာရာဇ၊ ဥဂ္ဂတေဇ မဟဗ္ဗလ။
ဒေဟိ မေ ပါနီယဃဋံ၊ ဘေသဇ္ဇတ္ထမှိ အာဂတော။ ။

ဟူသော ဂါထာဖြင့် ရှေးပြဆိုခဲ့သောအတိုင်း ပြောဆိုပြန်၏။
ထိုအခါ သာမဏေကို နဂါးမင်းက။

နဂါးမင်း ထပ်မံ ကြိုးဝါးသော ဂါထာ။

သာမဏေရ သစေ အတ္ထိ၊ တဝ ဝိတ္ကမ ပေါရိသံ။
အဘိနန္ဒာမိ တေ ဝါစံ၊ ဟရဿု ပါနိယံ မမ။ ။

ဟူသော ဂါထာဖြင့် ရှေးအတိုင်း ပြန်ကြားပြောဆိုပြန်၏။ ။ထို သာမဏေသည်သုံးကြိမ်တိုင်တိုင် နဂါးမင်း၏မာန်တင်းဝန်ခံ ပဋိညာဉ်ကို ယူပြီးသော် ကောင်းကင်၌ ရပ်တည်လျက်သာလျှင် တဆယ့်နှစ်ယူဇနာ ယှိသော ဗြဟ္မာမင်း၏ အတ္တဘောကို ဖန်ဆင်း၍ ကောင်းကင်မှ သက်ဆင်းပြီးလျှင် နဂါးမင်း၏ပါးပျဉ်း၌တက်နင်း၍ အောက်သို့ခံတွင်းကျဆင်းပိသိပ် ဖိနှိပ်လေ၏။ ထိုခဏ၌သာလျှင်စွမ်းအန်ဖွံ့ထွား ခွန်အားယှိသော ယောက်ျားသည် တက်နင်းအပ်သော စိုစွတ်နူးညံ့ ပျော့ပျောင်းသောသားရေကဲ့သို့နဂါးမင်းပါးပျဉ်း၌တက်နင်းကာမျှဖြင့်လျှောကျရှံ့တွန့်၍ယောက်မကြီးမျှလောက်ကုန်သော ပါးပျဉ်းအဖုတို့သည် ဖြစ်ကုန်၏။ နဂါးမင်း၏ ပါးပျဉ်းတို့မှ လွတ်ကင်းသောအရပ်၌ ထန်းပင်လုံးခန့်အတိုင်းအရှည် ယှိသော ရေတံခွန်လုံးတို့သည် အန်ထွက်၍တက်ကုန်၏။ သာမဏေသည် အဇဋာဝေဟင် အထက်ကောင်းကင်၌ သာလျှင် သုံးရေ သောက်ရေအိုးကို ပြည့်စေ၏။နတ်ဗြဟ္မာအပေါင်းသည် တပြိုင်နက်တည်း ကောင်းချီးကို ပြုလေ၏၊ ထိုအခါ နဂါးမင်းသည် ရှက်နိုးသည်ဖြစ်၍ သာမဏေအား အမျက်ထွက်လျက် ထိုနဂါးမင်း၏ မျက်စိတို့သည် လယ်ခေါင်ရန်းပန်းကဲ့သို့ နီမြန်းသော အဆင်းယှိသည် ဖြစ်ကုန်၏။ ထိုနဂါးမင်းသည် ''ဤသာမဏေငယ်ကား နတ်ဗြဟ္မာအပါင်းကို စည်းဝေးပြီးလျှင် ရေကိုယူလျက် ငါ့ကို ရှက်စေဘိ၏။ ထိုငါသည် သာမဏေကို ဖမ်းယူ၍ ခံတွင်း၌ လက်ကို ထည့်သွင်းလျှိနှိုက်၍ ထိုသာမဏေ၏ နှလုံးသားကိုမူလည်း ဆုပ်နယ်အံ့။ ခြေတို့ကို မူလည်း ကိုင်ငင်ဆွဲယူ၍ ထိုသာမဏေကို ဂင်္ဂါမြစ်တဘက်သို့ ပစ်လွှင့်အံ့'' ဟု ကြံစည်ပြီးလျှင် လျင်စွာသောအဟုန်ဖြင့် အစဉ်အတိုင်း လိုက်၏။ အစဉ်တစိုက်

အလျင်လိုက်လေ်လည်း ထိုသာမဏေကို မြွခြင်းငှါမစွမ်းနိုင်သည်သာ လျှင်တည်း။ သာမဏေသည် သွားရောက်၍ ဥပဇ္ဈာယ်ဆရာ၏ လက်ဦ ရေကို ဆက်ကပ်လှူထား၍ ''အရှင်ဘုရား၊ သောက်တော်မူပါကုန် လော့'' ဟု လျှောက်ထား၏။ နဂါးမင်းသည်လည်း နောက်မှ နောက် မှ အစဉ်တစိုက်လိုက်လာ၍ ''အရှင်ဘုရား အနုရုဒ္ဓါ၊ ငါသည် မပေးလှူ ဘဲ သာလျှင် ရေကိုယူ၍လာသည်။ မသောက်တော်မူပါကုန်လင့်'' ဟု ဟစ်အော်လျှောက်ထား၏။ ''ငါ့ရှင် သာမဏော၊ ဤသို့ နဂါးမင်း လျှောက်ထားသည်အတိုင်း ဟုတ်မှန်ပေသလော'' ဟု မေးတော်မူသည် ယိုသော် ''အရှင်ဘုရား သောက်တော် မူပါကုန်လော့။ ဤနဂါး မင်းသည် တပည့်တော်အား ဆောင်ယူနိုင်သောရေကို ယူလေလော့ဟု ပေးအပ်ပါသည်'' ဟုလျှောက်ကြား၏။ အနုရုဒ္ဓါမထေရ်သည် အာသ ဝေါကုန်ခန်းရဟန္တာဖြစ်ပြီးသော သာမဏေအား လိမ်လည်လှည့်ဖြား မှုသားပြောဆိုခြင်းမည်သည်မရှိဟု သိတော်မူသောကြောင့် ရေကိုဘဉ်း ပေး သောက်သုံးတော်မူ၏။ ထိုရေကို သောက်သုံးတော်မူလိုက်သော ခဏ၌သာလျှင် ထိုအနုရုဒ္ဓါမထေရ်အား တက်ကြွပြင်းစွာ လေအနာ သည် လျင်စွာငြိမ်းပျောက်လေ၏။ တဖန်နဂါးမင်းက ''အရှင်ဘုရား၊ မောင်ရှင်သာမဏေသည် တပည့်တော်ကို အလုံးစုံသော နတ်ဗြဟ္မာ အပေါင်းကို စုရုံးစည်းဝေးစေ၍ အရှက်ကွဲစေပါ၏။ တပည့်တော်သည် ထိုသာမဏေငယ်၏ နှလုံးကိုမူလည်းခွဲအံ့။ ထိုသာမဏေငယ်၏ ခြေတို့ ကိုမူလည်း ကိုင်ယူဆွဲငင်၍ဂင်္ဂါ၏တဘက်ဦးပစ်ချအံ့၊ ကြီးစည်မိပါသည်'' ဟု အနုရုဒ္ဓါမထေရ်ကို လျှောက်ထား၏။ မထေရ်က ''မြတ်သော တကာ တော် နဂါးမင်း၊ သာမဏေငယ်သည် ကြီးကျယ် မြင့်မြတ်သော အာနု ဘော်ယှဉ်၏။ အသင်တို့သည် သာမဏေငယ်နှင့် အတူတကွ မနှိုင့်အနှိုင် စစ်ပြိုင်ခြင်းငှါ မစွမ်းနိုင်ကုန်လတ္တံ့။ ထိုသာမဏေငယ်ကို သည်းခံစေ၍ သွားကုန်လော့'' ဟု မိန့်ဆိုတော်မူ၏။ ထိုနဂါးမင်းသည် မိမိကိုယ် တိုင်လည်း သာမဏေငယ်၏ တန်ခိုး အာနုဘော်ကို သိသည် သာလျှင် တည်း။ ယင်းသို့ သိသော်လည်း ရှက်နိုးသောကြောင့် အစဉ်တစိုက် လိုက်၍ လာခဲ့၏။ ထိုအခါ မထေရ်၏ မိန့်ဆိုသောစကားဖြင့် ထိုသာ

မလောငယ်ကို သည်းခံစေ၍ ထိုသာမလောငယ်နှင့် အတူတကွ မိတ်ဆွေခင်မွန်းကျမ်းဝင်နိုးနှောသည်ကို ပြု၍ "ဤအခါမှစ၍ အနောဟတ္ထ အိုင်ရေဖြင့် အလိုယှဉ်ခဲ့သည်ဟုသော် အရှင်ဘုရားတို့အား ကြွလာဘွယ်ကိစ္စမရှိ။ တပည့်တော်၏ ထံသို့ ပို့လွှတ်လိုက်ပါကုန်လော့။ တပည့်တော်သည်သာလျှင် ယူဆောင်၍ ပေးလှူပါအံ့" ဟု ပြောဆို လျှောက်ထား၍ ဖဿွားလေ၏။ အနုရုဒ္ဓါ မထေရ်သည်လည်း သာမဏေကို ခေါ်ယူ၍ ကြွသွားတော်မူ၏။ မြတ်စွာဘုရားသည် အနုရုဒ္ဓါ မထေရ်၏ ကြွလာသော အဖြစ်ကို သိတော်မူ၍ မိဂါရမာတာ အမည်ယှိသော ဝိသာခါ ဒါယိကာမသည် ဆောက်လုပ် လှူဒါန်းအပ်သော ကျောင်း ပြာသာဒ်၌ မထေရ်၏ ကြွလာခြင်းကို ကြည့်ရှုတော်မူလျက် သီတင်းသုံး ထိုင်နေတော်မူ၏။ ရဟန်းတို့သည်လည်း ရှေ့ရှု ကြွလာသောအနုရုဒ္ဓါမထေရ်ကို မြင်ကုန်၍ ခရီးဦးကြိုဆိုကုန်လျက် သပိတ်သင်္ကန်းကို လှမ်းလင့် ယူဆောင်ကုန်၏။ ထိုအခါ အချို့ကုန်သော ရဟန်းငယ်တို့သည် လည်းကောင်း, အချို့ ကုန်သော သာမဏေတို့သည် လည်းကောင်း, သုမနသာမဏေကိုဦးခေါင်း၌လည်းကောင်း, နားတို့၌လည်းကောင်း, လက်မောင်း၌လည်းကောင်း, သုံးသပ်ကိုင်ဆွဲ ခါတွန်ကဲ့ လှုပ်ကုန်လျက် "ညီငယ်သာမဏော၊ အသို့ပေနည်း။ ငြိုးငွေ့ဆန့်ကျင်ခြင်း ဖြစ်သလော" ဟု မေးမြန်းပြောဆိုကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းသာမဏေတို့၏အပြုအမူကို မြင်တော်မူ၍ ဤရဟန်းတို့၏ပြုမူသောအမှုကား သြဝ်ဝန်လေး လေစွ တကား၊ လျင်စွာသော အဆိပ်ယှိသော မြွေမျိုးကို ဦးခေါင်းနိုးကည် လည်၌ ကိုင်ယူကုန်ဘိသကဲ့သို့ သာမဏေငယ်ကို သုံးသပ်ကိုင်ဆွဲကုန်၏။ ထိုသာမဏေငယ်၏တန်ခိုးရှိန်စော် အာနုဘော်ကို မသိကြကုန်။ ယခုငါဘုရားသည် သုမနသာမဏေ၏ ဂုဏ်ကျေးဇူးထင်ရှားသည်ကိုပြုခြင်းငှါ သင့်လျော်ပေ၏ဟု ကြံစည်တော်မူ၏။ အနုရုဒ္ဓါ မထေရ်သည်လည်း လာရောက်ပြီးလျှင် မြတ်စွာဘုရား သခင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုး၍ထိုင်နေ၏။ မြတ်စွာဘုရားသည် ထိုအနုရုဒ္ဓါ မထေရ်နှင့် အတူတကွ ပဋိသန္ဓာရကိုပြုပြီး၍ အာနန္ဒာမထေရ်ကို "ချစ်သားအာနန္ဒာ၊ အနောတတ္တအိုင်ရေဖြင့်ခြေတော်တို့ကိုဆေးကြောခြင်း

ငှါအလိုယှိတော်မူသည် ဖြစ်ပေ၏။ သာမဏေတို့အား ရေအိုးကို ပေးအပ်၍ ရေကို ဆောင်ယူစေလော့''ဟု မိန့်တော်မူ၏။ အာနန္ဒာမထေရ်သည် ဘုရားကိန်းအောင်း ကျောင်းတော် မြတ်၌ ငါးရာ မျှလောက် အတိုင်းအရှည်ယှိသော သာမဏေတို့ကို စုရုံးစည်းဝေး စေတော်မူ၏။ ထိုသာမဏေတို့တွင် သုမနသာမဏေသည် အလုံးစုံတို့အောက် အငယ်ဆုံးသည်ဖြစ်၏။အာနန္ဒာမထေရ်သည်အလုံးစုံသောသာမဏေတို့ထက် အကြီးဆုံးဖြစ်သောသာမဏေကို ''ငါ့ရှင်သာမဏေ၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်အနောတတ္တအိုင်ရေဖြင့် ခြေတော်တို့ကိုဆေးခြင်းငှါ အလိုယှိတော်မူသည် ဖြစ်ပေ၏။ ရေအိုးကို ယူဝင်သွားရောက်၍ ရေကိုဆောင်ချေလော့''ဟု မိန့်ဆိုတော်မူ၏။ ထိုသာမဏေက ''အရှင်ဘုရား၊ တပည့်တော် မစွမ်းနိုင်ပါ'' ဟု ပြောဆို လျှောက်ကြား သွားရောက် ဆောင်ယူခြင်းငှါ အလိုမရှိ။ အာနန္ဒာမထေရ်သည် ကြွင်းကျန်ကုန်သောသာမဏေတို့ကိုလည်း အစဉ်အတိုင်းအားဖြင့် စိစစ်မေးမြန်းတော်မူ၏။ ထိုသာမဏေတို့ကလည်း ရှေးနည်းအတူသာလျှင်ပြောဆို၍ ပယ်ကြကုန်၏။

[အသို့ပေနည်း။ ဤသာမဏေအစည်းအဝေး၌ အာသဝေါကုန်ခန်းပြီးသော ရဟန္တာ ဖြစ်ကုန်သော သာမဏေ တို့သည် မပါမယှိကုန်ပြီလော ဟူတုံခဲ့အံ့။ ။ပါယှိတော်မူကြ ပါကုန်၏။ ယင်းသို့ပင် ပါယှိကုန်သော်လည်း ထိုသာမဏေ တို့က ဖွဲ့ချည်ပြုလုပ် ဤပန်းထုပ်သည် သုမနသာမဏေ၏ အလို့ငှါ သာလျှင် ဖွဲ့ချည်ပြုလုပ် ပန်းထုပ်ပေတည်းဟု သိတော်မူကြသောကြောင့် သွားရောက် ဆောင်ယူခြင်းငှါ အလိုမရှိကုန်။ ပုထုဇဉ် ဖြစ်ကုန်သော သာမဏေတို့သည်ကား မိမိ၏ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် သာလျှင် သွားရောက်ဆောင်ယူခြင်းငှါ အလိုမရှိကုန်။

ထိုကြောင့် ၎င်း အဌကထာ၌။ ။ကိုံပနေတ္ထ ခီဏာသဝ သာမဏေရာ နတ္ထီတိ။ အတ္ထိ၊ တေ ပန နာလံ အမှာကံ ဗန္ဓောမာလာပုဋ္ဌော သုမနသာမဏေ ရသေဝ ဗန္ဓောတိ နဏ္ဍိုံသု

ပုထုဇ္ဇနာ ပန အတ္တနော အသမတ္တတာယေဝ နဏ္ဍိံသု-ဟု မိန့်တော်မူ၏။

အနက်ကား။ ။ကိံပန၊အသ့ိပေနည်း။ ဧတ္တ-ဏမသ္မိံသန္ဒိပါတေ၊ ဤသာမဏေ အစည်းအဝေး၌။ ခီဏာသဝ သာမဏေရာ၊ အာသဝေါကုန်ပြီးသော သာမဏေတ့ိသည်။ နတ္တိ၊ မရှိကုန်ပြီလော။ ဏတိ၊ ဤသ့ိ။ စေဝဒေယျ၊ အကယ်၍ ဆိုခဲ့ငြားအံ့။ ဧဝံသတိ၊ ဤသ့ိဆိုခဲ့သည်ယှိသော်။ အတ္တိ၊ ယှိပါကုန်၏။ ပန၊ ယင်းသ့ိပင် ယှိကုန်သော်လည်း။ တေ၊ ထိုသာမဏေတ့ိသည်။ ဗန္ဓော၊ ဖွဲ့ချည်ပြုလုပ်အပ်သော။ အယံမာလာပုဋ္ဌော၊ ဤပန်းထုပ်သည်။ အမှာကံ၊ ငါတ့ိအား။ ဝါ၊ငါတ့ိ၏။အတ္တာယ၊အကျိုးငှါ။ဗန္ဓော၊ ဖွဲ့ချည်ပြုလုပ်အပ်သည်။ နဟောတိ၊မဟုတ်။ သုမနသာမဏေရသေဝ၊ သုမန သာမဏေ အားသာလျှင်။ ဝါ၊ ၏သာလျှင်။ အတ္တာယ၊ အကျိုးငှါ။ ဗန္ဓော၊ဖွဲ့ချည် ပြုလုပ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဏတိ ဥတ္တာ၊ဤသ့ိသိတော်မူကြသောကြောင့်။ နဏ္ဍိံသု၊ သွားရောက်ဆောင်ယူခြင်းငှါ အလိုမရှိကုန်။ ပုထုဇ္ဇနာပန၊ ပုထုဇဉ် သာမဏေတ့ိသည်ကား။ အတ္တနော၊ မိမိ၏။ အသမတ္တတာယေဝ၊ မစွမ်းနိုင် သည်၏ အဖြစ်ကြောင့် သာလျှင်။ နဏ္ဍိံသု၊ သွားရောက်ဆောင်ယူခြင်းငှါ အလိုမယှိကုန်။ ။ ဤကားအနက်၊။

သုမနသာမဏေ ဒုတိယအကြိမ် အနောတတ်အိုင်၌ ခြေဆေးရေခပ်ခြင်း။

အပြီးအဆုံး၌ကား သုမန သာမဏေ၏ အလှည့်အကြိမ် ရောက်သည်ယှိသော် အာနန္ဒာမထေရ်က "ငါ့ရှင်သာမဏေကလေး၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အနောတတ္တအိုင်ရေဖြင့် ခြေတော်တ့ိကို ဆေးကြောခြင်းငှါ အလိုယှိတော်မူ၏။ ရေအိုးကို ယူဝင်၍ ရေကို ဆောင်ယူလတ္တံ့လော့"ဟု မိန့်ဆိုတော်မူ၏။ ထိုသုမနသာမဏေသည် "အရှင်ဘုရား၊ မြတ်စွာဘုရား သခင်က ဆောင်ယူစေသည်ယှိ

သော် တပည့်တော်ဆောင်ယူပါအံ့''ဟု လျှောက်ထားပြီးကာ မြတ်စွာ ဘုရားကို ညွှတ်တွားရိုကျိုး ရှိခိုး၍ ''ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်ကို အနောတတ္တအိုင်၌ ရေကို ဆောင်ယူစေကုန်သတတ်''ဟု လျှောက်ကြား၏။ မြတ်စွာဘုရားက ''ဩော် သုမန၊ ဟုတ်မှန်ပေ၏''ဟု မိန့်တော်မူသည်ယှိသော် ထိုသုမနသာမဏေသည် ဝိသာခါ ဒါယိကာမ ပြုလုပ်လှူဒါန်းအပ်သော ဟခဲနက်သောရွှေစင်ဖြင့် ရိုက်ခတ်ထုနှက်အပ်သော ကျောင်းအသုံး အဆောင်ဖြစ်ကုန်သော အိုးတို့တွင် ပကတိရေအိုး အလုံးခြောက်ဆယ်မျှလောက်ရေကို ယူနိုင်လောက်ပင် ဆံ့ဝင်သောတလုံးသော ရေအိုးစရည်းကြီးကို လက်ဖြင့် ကိုင်ယူ၍ ဤမျှလောက် ရေအိုးဖြင့် ပင့်မြောက် ချီကြွ ပခုံးစွန်းထတ်၌ တင်ထားထမ်းဆောင်ခြင်းဖြင့် အကျိုးမယှိဟု ပြောဆိုပြီးသော် တွဲလွဲကိုင်ဆွဲခြင်းကိုပြု၍သာလျှင် ကောင်းကင်သို့ ကြွတက်၍ဟိမဝန္တာသို့ ရှေးရှု ကြွသွားတော်မူလေ၏။ နဂါမင်းသည် အဝေးမှသာလျှင် ရှေ့ရှုလာသော သာမဏေကိုမြင်၍ ခရီးဦးကြိုဆိုပြီးလျှင် ရေအိုးကို ပခုံးစွန်းထက်ဖြင့်ပင့်တင်ထမ်းယူ၍''အရှင်ဘုရား၊အရှင်ဘုရားတို့သည် အကျွန်ုပ်ကဲ့သို့ သဘောယှိသော ကျေးကျွန်ဖြစ်ငြား အစေအပါးသည် ထင်ရှားယှိပါးလျက် အဘယ့်ကြောင့် ကိုယ်တော်တိုင် ကြွလာပါသနည်း။ ရေဖြင့်အလိုယှိတော်မူခဲ့သည် ယှိသော် အဘယ့်ကြောင့် သတင်းစကားမျှကိုလည်း အရှင်ဘုရားတို့ မစေလွှတ်ပါကုန်သနည်း''ဟု ပြောဆိုလျှောက်ထား၍ ရေအိုးဖြင့် ရေကို ခပ်ယူပြီးလျှင် မိမိကိုယ်တိုင် မြောက်ချီပင့်မ ထမ်းဆောင်၍''အရှင်ဘုရားတို့၊ရှေ့ရှုကြွသွားတော်မူသည် ဖြစ်ပါကုန်လော့။ အကျွန်ုပ်သည်သာလျှင် ဆောင်ယူပါအံ့''ဟု ပြောဆို၏။ ''မြတ်သောမင်းကြီး၊ အသင်တို့သည် တည်နေကုန်လော့၊ ငါ့ကိုသာလျှင် မြတ်စွာဘုရားသခင် စေခိုင်းတော် မူအပ်၏''ဟု ပြောဆိုပြန်ကြား နဂါးမင်းကို ဆုတ်နစ် ပြန်လည်စေပြီးသော် ရေအိုးကို မျက်နှာဝ၌ လက်ဖြင့် ကိုင်ငင်ဆွဲယူ၍ ကောင်းကင်ဖြင့်သာလျှင် ပြန်ကြွတော်မူလာ၏။ ထိုအခါ မြတ်စွာဘုရားသည် ရှေ့ရှုလာသော ထိုသုမနသာမဏေကို ကြည့်ရှုတော်မူ၍ ရဟန်းတို့ကို ခေါ်တော်မူပြီးကာ ''ချစ်သားရဟန်းတို့၊ သာမဏေ၏

တင့်တယ်စမ္ပယ်ခြင်းကို အသင်တို့ ကြည့်ရှုကြကုန်တော့။အဇရာဝေဟင် ထက်ကောင်းကင်၌ဟယ်ာမင်းကဲ့သို့အလွန်တင့်တယ်လှ၏"ဟုမိန့်တော်မူ၏။ထိုသာမဏေသည်လည်း သောက်ရေအိုးကို သင့်လျော်သောအား ချထားပြီးသော် မြတ်စွာဘုရားကို ညွှတ်တွားရိုကျိုး ရှိခိုး၍တည်နေ၏။ ထိုအခါ မြတ်စွာဘုရားက ထိုသုမန သာမဏေကို "ချစ်သားသုမန၊ အသင်သည် အဘယ်နှစ်နှစ် ရှိပြီနည်း"ဟု မေးတော်မူသဖြင့် "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ခုနစ်နှစ်ယှိသည် ဖြစ်ပါပြီ"ဟု လျှောက်ထား၏၊ "ထိုသို့ တဆစ် ခုနစ်နှစ် ယှိလေပြီတကား ချစ်သား သုမန၊ ယနေ့မှ အစပြု၍ ဥပသမ္ပဒဇာတ် မြင့်မြတ်တက်လှမ်း ရဟန်းဖြစ် လေလော့"ဟုမိန့်တော်မူ၍ အမွေခံအဖြစ် ဒါယဇ္ဇအတွင်း ပဉ္စင်းအဖြစ် ကို ပေးသနားတော်မူ၏။

[ဤ သုမနသာမဏေရင်း, သောပါကသာမဏေရင်း, ခုနစ်နှစ် ယှိကုန်သော နှစ်ပါးသာလျှင် ဖြစ်ကုန်သော သာမဏေ တို့သည် မြင့်မြတ်ကောင်းခြင်း ပဉ္စင်းအဖြစ်ကို ရကုန်သတတ်။

ထိုကြောင့် ၎င်းအဌကထာ၌။ ။ဒွေယေဝ ကိရ သာမဏေရာ သတ္တဝဿိကာ ဥပသမ္ပဒံ လဘိံသု အယဉ္စ သုမနော သောပါကောစာတိ-ဟု မိန့်တော်မူ၏။

အနက်ကား။ ။အယဉ္စ သုမနော၊ဤသုမန သာမဏေရင်း။ သောပါကောစ။သောပါကသာမဏေရင်း။ဧတိ၊ဤသို့။ သတ္တဝဿိကာ၊ အရွယ်သက်စစ် ခုနစ်နှစ် ယှိကုန်သော။ ဒွေ ယေဝ၊ နှစ်ပါးသာလျှင် ဖြစ်ကုန်သော။ သာမဏေရာ၊ သာမဏေတို့သည်။ဥပသမ္ပဒံ၊မြင့်မြတ်သော ရဟန်း,ပဉ္စင်းအဖြစ်ကို။လဘိံသု ကိရ၊ ရကုန်သတတ်။ ။ဤကားအနက်]။

ဤသို့ပြဆိုခဲ့ပြီးသောအတိုင်း ထိုသုမန သာမဏေသည် ရဟန်းပဉ္စင်း ဖြစ်သည်ယှိသော်တရားသဘင်၌ "ငါ့ရှင်တို့၊ဤသို့သဘောယှိသည်မည်သော မကြီးအရွယ်သေးငယ်လှပေသာမဏေကလေး၏တန်ခိုးရှိန်စော်အာနဘော်ကား ဩော်-အံ့ဘွယ်ယှိလေစွ။ ငါတို့အားဤမှလွန်ရာ ရှေး

အခါ၌ ဤသို့သဘောယှိသည်မည်သော တန်ခိုးရှိန်စော် အာနုဘော်ကို မမြင်ဘူးပလေ'' ဟူသောစကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ ''ချစ်သားရဟန်းတို့၊ ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြား စည်းဝေး ထိုင်နေကုန်သနည်း'' ဟု မေးတော်မူ၍ ''ဤအမ်ည်ယှိသော အကြောင်းပါ''ဟု ရုံးပေါင်း ညွတ်တွား လျောက်ကြားသည် ယှိသော် ''ချစ်သားရဟန်းတို့၊ ငါဘုရား၏ သာသနာ တော်၌ မကြီးအရွယ် အလွန် သေးငယ် ပါလျက်လည်း မဖေါက်မပြန် ဟုတ်မှန်တိုင်းသာ ကောင်းစွာ ကျင့်သော ပုဂ္ဂိုလ်သည် ဤသို့သဘောအံ့ဩဘနန်း ပြောမခန်းသောအစွမ်းရှိန်စော်အာနုဘော်နှင့် ပြည့်စုံခြင်းကိုရယှိသည်သာလျှင်တည်း'' ဟု မိန့်တော်မူပြီး၍ တရားကို ဟောကြားတော်မူလိုသောကြောင့်။

အသက်ပင်ငယ်လှသော်လည်း သာသနာတော်၌အာဒုတ်ပါက
တရားထူး ရနိုင်ကြောင်းကို ဖေါ်ပြသော
ပါဠိတော် ဂါထာဒေသနာ။

ယော ဟဝေ ဒဟရော ဘိက္ခု၊ ယုဉ္ဇတိ ဗုဒ္ဓသာသနေ။
သောမံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တော ဝ စန္ဒိမာ။

ဟူသော ဤဂါထာကိုမိန့်တော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

ဂါထာ၏ အနက်ကား။ ။ဒဟရော၊ အသက် အရွယ် ပျိုနုငယ်သော်လည်း။ ဝါ၊ အသက်အရွယ် ပျိုနုငယ်သော။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဟဝေ-ဧကန္တနှ၊ စင်စစ်သဖြင့်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား ဟောကြားထုံးပြ ဆုံးမလေရာ သာသနာ တော်၌။ ယုဉ္ဇတိ၊ အဓွန့်မယုတ် မတွန့်ဆုတ်ဘဲ အားထုတ်ပေ၏။ သော ဘိက္ခု၊ အားထုတ်ကြိုးပမ်း ထိုရဟန်းသည်။ အဗ္ဘာ၊ အရောင်မလှယ် နှောင်သော နှယ်သို့

မှောင်ကွယ် ကြိုကြိုက် တိမ်တိုက်စသည်မှ။ မုတ္တော၊ စင်ကြယ် သန့်ရှင်းကင်းလွတ်သော။ စန္ဒိမာ ဋဝ၊ ကောင်းကင်အဝန်း လှည့်လည် ထွန်းသော လဝန်းကဲ့သို့။ ဋမံ လောကံ၊ ခန္ဓာစသည် တည်တည်ပြားထ ဤလောကကြီးကို။ ပဘာသေတိ၊ မဂ်ဉာဏ်ရောင်ဝင်းအခေါင်ချဉ်းအောင် ထွန်းလင်း တောက်ပ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဘိက္ခုဝဂ်၌ တဆယ့်နှစ်ခုမြောက်သော သုမနသာမဏေ၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

ဋတိ ရန်ကုန်တိဝှယနဂရသ စေဝ တိဂုမ္ဗစေတိယသစ ဥတ္တရာနဒိသာယ ပတိဋ္ဌိတေ မဟာအာရညိကဝိဟာရေ ဝသတာ စန္ဒိမာတိလဒ္ဓနာမေန အဋ္ဌဝသိကေန ဂဏဝါစကေန ဘိက္ခုနာ မရမ္မဘာသာယ ဒေန္တော ကတေ ဓမ္မပဒတ္ထေ မဟာပကရဏေ ပဉ္စဝီသတိမဘိက္ခုဝဂ္ဂသ မရမ္မ ဘာသတ္ထော နိဋ္ဌိကော။

ဓမ္မပဒပါဋ္ဌိတော် အဋ္ဌကထာတို့၌ နှစ်ဆယ့်ငါးခုမြောက် ဖြစ်သော ဘိက္ခုဝဂ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၁-ကြည်ညိုခြင်းများသော ပုဏ္ဏားဝတ္ထု။

ဆိန္ဒသောတံ၊ အစခံသော၊ သာမုတ္ကံဂါထာ၊ ဤဓမ္မဒေသနာကို တဏှာ အလျဉ်၊ ရေအငင်ကို၊ ကင်းစင်ပြတ်ဦး၊ ဖြတ်မကူးဘဲ၊ အထူးလိုက်လျော၊ မျောကြီးမျောကြသော၊ သုံးလောကသတ္တဝါ၊ ဝေနေယျာတို့ကို၊ တဏှာအလျဉ်၊ ကင်းစင် ပြတ်ကြောင်း၊ လမ်းကောင်း ဓမ္မဖြင့်၊ ဆုံးမတော် မူတတ်သော မြတ်စွာဘုရား သခင်သည်၊ လူ့ခွင် ယှိဘူး၊ အဆောက်အဦ ဟူသမျှတို့၊ နှိုင်းဆမရာ၊ လွန်စွာထူးချွန်၊ ကောင်းမျိုးလွန်သော၊ ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်းနေမျှတော် မူလျက်၊ နှစ်သက်ရှင်မြို၊ ကြည်ညိုခြင်းများသော ပုဏ္ဏားကို အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူခဲ့လေသတည်း။

၂၆-မြောဟ္မဏဝဂ်၊ ၁-ကြည်ညိုခြင်းများသောပုဏ္ဏားဝတ္ထု။ ၁၄၅

အကြောင်း အထူးပုဒ်တို အစဉ်ကား ဤသို့တည်း။

ထိုပုဏ္ဏားသည် မြတ်စွာဘုရား၏ဟောကြားမြွက်ဖော် တရားတော်ကို ကြားနာရ၍ ဘုရားမြတ်စွာ သာဝတ္ထိပုရဝယ် လွန်စွာကြည်ညိုသော စိတ်ယိုလေရကား မိမိ၏ နေရာအိမ်၌ တကျိပ်ခြောက်ပါး အတိုင်း အရှည် ယိုကုန်သော ရဟန်းတော်တို့အား အမြဲမပြတ် ဘတ်ဟု ဆိုအပ်သော ဆွမ်းဝတ် မခွဲတ်မယွင်း ဖြည့်တင်းရှည်လျားး တည်ထားဖြစ်စေ၏။ ရဟန်းတော်တို့ ကြွလာတော်မူကြသောအခါ၌ သပိတ်ကို ကြိုဆိုယူငင်၍ "အရှင်ရဟန္တာတို့သည် ကြွတော်မူလာပါကုန်လော့။ အရှင် ရဟန္တာတို့သည် ထိုင်နေ သီတင်းသုံးတော်မူပါကုန်လော့"။ဤသို့အစ ယိုသော အားဖြင့်ရဟန်းတော်တို့ အပေါ်၌ သင့်လျော်ကြောင်းဆုံ တစုံတခုသော စကားကို ပြောဆိုသည်ယိုသော် ရဟန္တာဟူသော ပြောဆိုခြင်းနှင့် စပ်ယှဉ်၍သာလျှင် အစဉ်မပြတ် ပြောဆို၏။ ထိုရဟန်းတော်တို့ တွင်ပုထုဇဉ် ရဟန်းကိုကား "ဤပုဏ္ဏားသည် ငါတို့၌ ရဟန္တာဟုမှတ်ထင် အောက်မေ့လေသည်" ဟု ကြံစည်ကုန်၏။ ရဟန္တာ ဖြစ်သော ရဟန်းတို့ကား "ဤပုဏ္ဏားသည် ငါတို့၏ ရဟန္တာအဖြစ်ကို သိလေဟိသည်" ကြံစည်ကုန်၏။ ဤသို့ကြံစည် မှတ်ရည်တွေးတောခြင်း ယိုသည် အားလျော်စွာ အလုံးစုံလည်း ဖြစ်ကုန်ဘော ထိုရဟန်းတို့သည် အလို အလို တွန့်တိုစိတ်က ကုတ္တုစွတရား ဖြစ်ပွါးကုန်လျက် ထိုပုဏ္ဏား၏ နေအိမ်ကို ကြဉ်ရှောင်ဖဲကြ မကြွမသွားကုန်။ ထိုပုဏ္ဏားသည် ရဟန်းတော်တို့ မကြွလာတော်မူသောကြောင့် ဆင်းရဲညိုးနွမ်း ပင်ပန်းသော စိတ်ယိုရကား "အရှင်ကောင်းတို့သည် အဘယ်ကြောင့် ကြွလာတော်မမူပါလိမ့်ကုန်သနည်း" ဟု ကြံစည်ပြီးသော် ကျောင်းတော်သို့ သွားရောက်ပြီးလျှင် ဘုရားသခင်ကို ကြည်လင် ညွတ်လျှိုး ရှိခိုးဦးချ၍ ဖြစ်သမျှ အကြောင်းကို ရုံးပေါင်းကြားလျောက်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ "ချစ်သားရဟန်းတို့၊ ဒါယကာပုဏ္ဏား ငါဘုရားအား လျောက်ထားသော တိုအကြောင်းသည် အဘယ်သို့ပေနည်း"ဟု မေးတော်မူသောကြောင့် ထိုရဟန်းတို့ကမူလအစ ကုတ္တုစွဖြစ်ပွါး မကြွသွားသော ထိုအကြောင်းကို လျောက်ထားသည် ယိုသော် "ချစ်သား

ရဟန်းတို့၊ အသင်တို့သည် ပုဏ္ဏား ကြည်ညိုခြင်း ရဟန္တာ ခေါ်ဆိုသော ထိုစကားကို ထင်ရှားစေလို ဂုဏ်ဝင့်မိုသဖြင့် နှစ်မြို့သာယာ ကုန်သလော''ဟု မေးတော်မူသောအခါ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်တို့သည် မသာယာပါကုန်'' ဟု လျှောက်ထား၏။ ဤသို့ နှစ်မြို့အသင်တို့ မသာယာသည်ယ်သော် လူတို့ကြည်ညိုရိုသေသမှု အလေးပြု၍ ခေါ်ဝေါ်ပြောဆိုခြင်းမျှသာ ဖြစ်၏။ ချစ်သားရဟန်းတို့၊ ကြည်ညိုသည့် အလျော် ခေါ်ဝေါ်ပြောဆိုရာ၌ ခံယူသော ရဟန်းတို့အား အာပတ်မသင့်ချေ။စင်စစ်သော်ကား ပုဏ္ဏားအား ရဟန်းတို့၌ တိုင်းထက်ထူးချွန် အလွန်အကဲ ကြည်ညိုခြင်း ချစ်ခင်ခြင်းပင်၏။ ထိုကြောင့် အသင်ချစ်သား တို့သည်လည်း တဏှာအလျဉ်ကို ဖြတ်၍ အရဟတ္တဖိုလ်သို့သာလျှင် ရောက်ခြင်းငှါသင့်လျော် လျောက်ပတ်၏ဟု မိန့်တော်မူပြီး၍ တရားကို ဟောကြားတော်မူလိုသောကြောင့်။

တဏှာအလျဉ်ကို လျင်မြန်စွာဖြတ်စေတတ်ရန် ဖေါ်ပြတိုက်တွန်းတော်မူသော ပါဠိတော်ဂါထာဒေသနာ။

ဆိန္ဒ သောတံ ပရက္ကမ၊ ကာမေ ပနုဒ ဗြာဟ္မဏ။
သင်္ခါရာနံ ခယံ ဉတ္ဝာ၊ အကတညူသိ ဗြာဟ္မဏ။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိ ဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏အနက်ကား။ ။ဗြာဟ္မဏ၊မကောင်းမှုကို အပယ်ပြုပြီးသော ရဟန်း။ ပရက္ကမ၊ ဉာဏသမ္ပယုတ် မဟုသာဟ ကြိုးလုံ့လဖြင့် အရဟတ္တ ကုတ် ကြိုးအားထုတ်၍။ သောတံ၊ ဟိသမျှမြစ်တွင် ရေအလျဉ်ထက် ဆတက်ဖြာစီးတဏှာတည်းဟူသောအလျဉ်ကို။ဆိန္ဒ၊အရဟတ္တမဂ်ဖြင့်ပယ်ဖျက်ဖြတ်တောက်ပါလေလော့၊ကာမေ၊ဝတ္ထု၊ကိလေသာ နှစ်ဖြာသော ကာမတို့ကို။ပနုဒ၊ထုတ်နုတ်တကယ်စွန့်ပယ်ပါလော့။ဗြာဟ္မဏ၊ရဟန်း။ သင်္ခါရာနံ၊ ဖြစ်ပျက်တတ်စွာ ခန္ဓာငါးပါး သင်္ခါရတရားတို့၏။ ခယံ၊

မလှန်လုံးစုံ ဆုံးကုန်ရာ နိဗ္ဗာန်ကို၊ဥ တွာ၊မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဧကန်သိမြင်သည်ယှိသော်။ တွံ၊ အသင်သည်၊ အကတည်၊ ရှေစသည်တို့တွင် တစုံတခုဖြင့် မပြုပြင်ကောင်းသော နိဗ္ဗာန်ကို သိသည်မည်သည်။ အသိဖြစ်ရတော့သည်သာလျှင်တည်း။ ။ဤကားအနက်။

ဓမ္မပဒ။ဗြာဟ္မဏဝဂ်၌ ရှေးဦးစွာသော ကြည်ညိုခြင်းများသော ပုဏ္ဏား၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၂-များစွာသော ရဟန်းတို့ဝတ္ထု။

ယဒါဒွယေသု။ ။အစပြုသည့်၊ ဓမ္မပဒေသ၊ နယလက္ခဏာ ဤဓမ္မဒေသနာကို၊ ဆယ်ပြာ ဘွဲ့ယှဉ်၊ သံယောဇဉ် နှောင်ကြိုး၊ တိုးလျှိုးညွှတ်ထိ၊ မလွတ်ငြိသော၊ ဒုက္ခိတများစွာ၊ ဝေနေယျာတို့ကို၊ ဆယ်ဖြာသံယောဇဉ်၊ ကင်းစင် ပြတ်ကြောင်း။ လမ်းကောင်းဓမ္မ၊ ညွှန်းဖော်ပြလျက်၊ဆုံးမတော်မူတတ်သော မြတ်စွာဘုရား သခင်သည်၊ငွေစင်သပြာခင်းကာဝယ်ယူ၊ဆောက်လှူ ကောင်းမွန်၊ဇေတဝန် ရှေကျောင်း၌၊ကိန်းအောင်း နေမျှတော်မူလျက်သာ၊ များစွာကုန်သော ရဟန်းတို့ကို၊ ရည်မှန်းသမှု အကြောင်း ပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့သတည်း။

အကြောင်းအထွေပြတို့ အစဉ်ကား ဤသို့တည်း။

တနေ့သောအခါ၌ သုံးကျိပ်မျှလောက် အတိုင်းအရှည်ယှိကုန်သော ထိုထိုများစွာ အရပ်မျက်နှာတို့၌ နေလေ့ ယှိကုန်သော ရဟန်းတို့သည် မြတ်စွာဘုရား၏ ထံပါးမျက်မှောက်သို့ လာရောက်ကြကုန်၍ မြတ်စွာဘုရားကို ညွှတ်တွားရိုကျိုး ရှိခိုးဦးချထိုင်နေကြကုန်၏။တရားစစ်သူကြီးဖြစ်တော်မူသော သာရိပုတ္တရာမထေရ်သည် အဝေးရပ်မှ လာရောက်ကြသော ထိုအာဂန္တုက ရဟန်းတို့၏ အရဟတ္တမဂ်,ဖိုလ် တက်ခိုထုတ်ချောက် ရောက်နိုင်လောက်သော အဆောက်အဦ ဆည်းပူးခဲ့ကြ ဥပနိဿယကို မြင်တော်မူသောကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်သို့ ချဉ်းကပ်၍ ရပ်တည်လျက်သာလျှင်“ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊နှစ်ပါးကုန်သော တရားတို့ဟူ၍ ပြောဆိုကြကုန်၏။ထိုနှစ်ပါး

ကုန်သော တရားတို့ဟူသည် အဘယ်သည်တို့ပါနည်း''ဟူသော အမေးပုစ္ဆာကို မေးလျှောက်၏။ထိုသို့မေးလျှောက်သောအခါမြတ်စွာဘုရားရှင်က ထိုမထေရ်ကို ''ချစ်သား သာရိပုတ္တရာ၊ နှစ်ပါးသာလျှင် ဖြစ်ကုန်သော တရားတို့ဟူသည် သမထတရား, ဝိပဿနာ တရားတို့ကို ဆိုအပ်ကုန်၏''ဟု ဖြေဆိုတော်မူပြီး၍။

သမထ, ဝိပဿနာတရား ၂-ပါး၏အဆုံးသို့ရောက်ပါက နိဗ္ဗာန်ရောက်ကြောင်းကို ဖော်ပြသော ပါဠိတော်ဂါထာဒေသနာ။

ယဒါဒွယေသု ဓမ္မေသု၊ ပါရဂူ ဟောတိ ဗြာဟ္မဏော။
အထဿ သဗ္ဗသံယောဂါ၊အတ္ထံဂစ္ဆန္တိ ဇာနတော။ ။

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ အလုံးစုံလည်း ဖြစ်ကုန်သော, မြတ်စွာဘုရား ထံပါးမျက်မှောက် လာရောက် ချဉ်းကပ်ကုန်သော, အရပ်မျက်နှာ တို့၌ နေလေ့ယှဉ်ကုန်သော ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်လေကုန်၏။

ဂါထာ၏ အနက်ကား။ ။ယဒါ-ယသ္မိံ ကာလေ၊ အကြင်အခါ၌။ ဗြာဟ္မဏော၊ မကောင်းမှုကို ပေါင်းစုပယ်ချ အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ဒွယေသု ဓမ္မေသု၊သမထ, ဝိပဿနာ နှစ်ဖြာဖြစ်ပါး တရားတို့၌။ ပါရဂူ၊ ထူးသောဉာဏ်ဖြင့် အမှန်သိစွမ်း ကမ်းတဘက်သို့ ရောက်သည်။ ဟောတိ၊ဖြစ်၏။ အထ-တသ္မိံ ကာလေ၊ ထိုအခါ၌။ ဇာနတော-ဇာနန္တာသ၊ ထူးသောဉာဏ်ဖြင့် အမှန်သိမြင်သော။ အဿ၊ထိုရဟန္တာပုဂ္ဂိုလ်အား။သမ္ဗသံယောဂါ၊ကာမ, ရာဂ စသည်မျှားတုံ အလုံးစုံသော သံယောဇဉ် စသည်တို့သည်။အတ္ထံ၊အကြွင်းမဲ့ ကုန်ချုပ်ခြင်းသို့။ဂစ္ဆန္တိ။ ရောက်လေကုန်၏။ ။ဤကားအနက်။

ဓမ္မပဒ၊ဗြာဟ္မဏဝဂ်၌ နှစ်ခုမြောက်သော မျှားစွာသော ရဟန်းတို့၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရွှေပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၃-မာရ်မင်းဝတ္ထု။

ယဿ ပါရံ။ ။အစခံသော၊ သုတ္တန်အရာ၊ ဤဓမ္မဒေသနာကို၊ ဟိုမှာဘက်ကမ်း၊ နိဗ္ဗာန်နန်းသို့၊ မကူးသန်းနိုင်၊ လက်မှိုင်တွေချ၊ ဝေနေယျတို့ကို အဌင်္ဂမည်၊ဖေါင်တော်လည်၍၊အတည် ကူးရန်၊ ရည်သန်စိတ်ထား၊ ဟောကြားဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်၊အများဆောက်ဦး၊ ထွတ်အဖူးတို့ထက်၊ အထူးအချန်၊ မွန်ထက်မွန်သော၊ ဇေတဝန် မြတ်ကျောင်း၌၊ ကိန်းအောင်းတော်မူလျက်၊ အထက်နတ်ပြည်၊ ဝသဝတ္တီပြည်သား၊ တရားကွာရှင်း၊ မာရ်နတ်မင်းကို၊တည်ရင်းပေါင်းစု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့လေ သတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

ဝသဝတ္တီ နတ်ပြည် တစိတ် စိုးနှိပ်ကွပ်ခြင်း ထိုမာရ်မင်းသည် သက်ဆင်းလာ၍ တနေ့သောအခါ၌ အမျိုးအမည်အဟည်ကျော်ကြားမထင်ရှားသော ယောကျ်ားကဲ့သို့ ဖေါက်ပြားသဏ္ဌာန် ကိုယ်ဟန် ဖန်ဆင်း၍ မြတ်စွာဘုရား ထံပါးတော်ရပ်သို့ ချဉ်းကပ်ပြီးသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ပါရ-အပါရဟူ၍ ခေါ်ဝေါ်ပြောဆိုပါသည်။ ထိုသို့ ပြောဆိုကြသော ပါရ-အပါရဟူသည် အဘယ်ပါနည်း" ဟု မေးလျှောက်သတတ်။ မြတ်စွာဘုရားသခင်သည်၏သူသည်ကား တရားသိလို ပုဂ္ဂိုလ်ဟန်ခင်းဖန်ဆင်းပြုလုပ်အပ်သောမာရ်နတ်ပေတည်းဟု သိတော်မူသောကြောင့် "ဟယ်-မာရ်ယုတ်၊ တရားအစဉ် ဆန့်ကျင်ပြုလုပ်တတ်သော အသင်မာရ်ယုတ်အား ပါရဖြင့်၎င်း၊ အပါရဖြင့်၎င်း အဘယ်အကျိုးယှိအံ့နည်း။ ထိုစကားသည် ထင်ရှား ဧကန်မှန်၏။ ခြောက်ပါးသော အဇျတ္တိကာယတန တည်းဟူသော ပါရ၊ ခြောက်ပါးသော ဗာဟိရာယတန တည်းဟူသော အပါရ၊ ယင်းသို့ဖေါ်ပြ ထိုပါရ-အပါရ နှစ်ပါးအပေါင်းသို့ ထိုထိုသော အာရုံဘုံဘဝခပင်း၌ တပ်ခြင်းကင်းပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် အတ္တ · အတ္တနိယ လုံးဝပြတ်ရှုအာရုံပြုသောအားဖြင့် ရောက်အပ်ပေ၏" ဟု မိန့်တော်မူ၏။

ပါရ,အပါရတရား ၂-ပါးနှင့် မယှဉ်သောသူသည် ရဟန္တာမည်ကြောင်းကို ဖော်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

ယဿ ပါရံ အပါရံ ဝါ၊ ပါရာပါရံ နဝိဇ္ဇတိ။ ။
ဝီတဒ္ဒရံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏။

ဂါထာ၏ အနက်ကား။ ။ယဿ ပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ ပါရံဝါ၊ စက္ခာယတန စသည်ခြောက်ပါး အဇ္ဈတ္တိကာယတန တရားတည်းဟူသော ဤမှာဘက်သည်လည်းကောင်း။အပါရံဝါ၊ ရူပါယတန စသည်ခြောက်ပါး ဗာဟိရာယတန တရားတည်းဟူသော ထိုမှာဘက်သည်လည်းကောင်း။ ပါရာပါရံဝါ၊ အဇ္ဈတ်-ဗာဟီ နှစ်လီယှက်ကာ ဆယ့်နှစ်ဖြာသောဤမှာဘက် ထိုမှာဘက်သည်လည်းကောင်း။နဝိဇ္ဇတိ၊ အဟံ မမ ဤသို့စသဖြင့် စွဲလမ်းခြင်းမရှိ။ ဝီတဒ္ဒရံ၊ ကိသေသာဟူ ပူပန်ခြင်း ကင်းထသော။ ဝိသံယုတ္တံ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော ကိလေသာတို့နှင့် မယှဉ်ထသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းဟူသမျှ ပယ်ချ ဖြတ်လှီး အပပြုပြီးသော ရဟန္တာဟူ၍။အဟံ၊လူနတ်ဆရာဘုရားငါသည်။ ဗြူမိ၊ ဟောကြားတော်မူပေ၏။ ။ဤကားအနက်။

မေမ္မပဒ၊ ဗြာဟ္မဏဝဂ်၌ သုံးခုမြောက်သော မာရ်မင်း၏
ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၄-မထင်ရှားသော ပုဏ္ဏားဝတ္ထု။

ချာယိံဝိရဇမာသီနံ။ ။အစခံသော၊သုတ္တန်အလာ၊ဤမေမ္မဒေသနာကို၊သုံးဖြာသုံးထပ်၊ဘုံသုံးရပ်၌၊ဆုံးသတ်မထင်၊ကျင်လည်ပြေးသွား၊သတ္တဝါအများကို၊ သနား ကြင်နာတော်မူတတ်သော မြတ်စွာဘုရား

၂၆-ဗြာဟ္မဏဝဂ်၊ ၄-မထင်ရှားသောပုဏ္ဏားဝတ္ထု၊ ၁၅၁

သည်၊ မင်းသားဇေတ၊ ဥယျာနကို၊ မူလတည်ညွှန်၊ တုမဲ့လွန်သော၊ ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်းတော်မူလျက်၊ အဆက် နွယ်ရိုး၊ အမျိုးအမည် အားဖြင့် မထင်ရှားသော ပုဏ္ဏားကို အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူခဲ့သတည်း။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

ထိုပုဏ္ဏားကား မြတ်စွာဘုရားသည် မိမိ၏တပည့်တို့ကို သိယှိရသမျှ ဤသမယ၌ ဗြာဟ္မဏဟူ၍သာ ပြောဆို၏။ ငါသည် တမူလည်း အမျိုးမြင့်မြတ် ဇာတ်အနွယ်အားဖြင့် ဗြာဟ္မဏဖြစ်ခဲ့ပေ၏။ ငါ့ကိုလည်း ဤသို့ အကြောင်း ကောင်းစွာဖေါ်ပြ ဗြာဟ္မဏဟူ၍ ပြောဆိုခြင်းငှါ သင့်လျော်လျောက်ပတ် အပ်ပါမည်လောဟု ကြံစည်သတတ်။ ကြံစည်ပြီး၍ ကား ထိုပုဏ္ဏားသည် မြတ်စွာဘုရားထံပါးမျက်မှောက်သို့သွားရောက်ချဉ်းကပ်၍ မိမိပဋိဘာန် အသိဉာဏ်ဖြင့် ကြံစည်မိသော ထိုအကြောင်းကို မေးလျှောက်၏။ မြတ်စွာဘုရားက "အို-ပုဏ္ဏား၊ ငါဘုရားသည် မိမိ၏ဇာတ်အမျိုးဖြင့် ဗြာဟ္မဏမည်သည်ဟု ဟောကြားကော် မမူပေ။ အလွန် အကျူး အထူး မြင့်မြတ်သော အရဟတ္တဖိုလ်သို့ တက်ခို ထုတ်ချောက် ရောက်ယှိသော သူတို့ကိုသာလျှင် ထိုဗြာဟ္မဏ အမည်အတည်ပိုင်းခြား ဟောကြားတော်မူပေ၏"ဟု မိန့်ဆိုတော်မူပြီး၍။

ဇာတ်အားဖြင့် ဗြာဟ္မဏမမည်ခြင်း စသည်ကို ဖေါ်ပြသော ပါဋိတော်ဂါထာ ဒေသနာ။

ချာယိံ ဝိရဇ မာသီနံ၊ ကတကိစ္စ မနာသဝံ။
ဥတ္တမတ္တ မနုပ္ပတ္တံ။ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ ထိုပုဏ္ဏားသည်သောတာပတ္တိဖိုလ်၌တည်လေ၏။ ရောက်လာကုန်သော ပရိသတ်တို့အားလည်း အကျိုးယှိသော တရားဒေသနာသည် ဖြစ်၏။

ဂါထာ၏ အနက်ကား။ ။ဈာယိ၊ အာရမ္မဏူပ-လက္ခဏူပ နှစ်ဝသော ဈာန်ဖြင့် အဖန်ဖန်ရှုလျက်။ ဝိရဇံ၊ ဝတ္ထု-ကိလေ နှစ်ထွေကာမမြှုမှကင်းလျက်။ အာသီနံ၊ ဝိဝေကဆိုင် တောမြိုင်အတွင်း၌ တယောက်ချင်း နေလေ့ ယှိသော။ ကတကိစ္စံ၊ လေးပါးသော မဂ်တို့ဖြင့် တဆယ့်ခြောက်ချက် ပြန့်ထွက် တမုဟုတ် ပြုလုပ်အပ်ပြီးသော ကိစ္စယှိသော။ အနာသဝံ၊ ကာမာသဝ စသည် အပြား လေးပါးသော အာသဝေါ မယှိထသော။ ဥတ္တမတ္တံ၊အထူးအချန် အလွန်မွန်မြတ်သော အဖြစ်တည်းဟူသော အရဟတ္တဖိုလ်သို့။ အနုပ္ပတ္တံ၊ အစဉ်အတိုင်း ရောက်သော။ တံပုဂ္ဂလံ၊ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှုကိုအပပြုပြီးသည့်အရ ဗြာဟ္မဏမည်၏ဟူ၍။ အဟံ၊ သင်တို့ဆရာ ဘုရားငါသည်။ ဗြူမိ၊ ဟောကြားတော်မူပေ၏။ ။ဤကားအနက်။

မမ္မပဒ၊ ဘိက္ခုဝဂ်၌ လေးခုမြောက်သော မထင်ရှားသော ပုဏ္ဏား၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၅-အာနန္ဒာ မထေရ်ဝတ္ထု။

ဒိဝါ တပတိ။ ။အစယှိသောဤမမ္မဒေသနာကို၊ ငါသာအမြတ်၊ ကဲလွန်မှတ်သည့်၊ မျိုးဇာတ် မာန်သွင်း၊ အမင်းမင်းတို့ကို၊ သက်ဆင်းသမ္မတ၊ သကျနွယ်ရိုး၊ ဇာတ်အမျိုးဖြင့်၊ ဖြတ်ချိုးထုံးပြ၊နှလုံးကျအောင်၊ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသခင်သည်၊ ပြည်ခွင်ဘူမိ၊ သာဝတ္ထိ ရှေမျက်နှာ၊ မိဂါရမာတာ၊ တွင်လာဘွဲ့ယှိ၊ ဝိသာခါ ဒါယိကာမသည်၊ စွန့်ချမဆုတ်၊ဆောက်လုပ်လှူဒါန်း၊ပြာသာဒ်နန်း၌၊ ချဉ်းကပ် ရှင်ပြီး. သီတင်းသုံး နေမျှတော်မူလျက်သာ၊ အာနန္ဒာမထေရ်ကို၊ ဦးတည်ပေါင်းစု၊ အကြောင်း ပြုသော အားဖြင့်၊ ဟောကြားတော် မူခဲ့ လေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

သာဝတ္ထိပြည်ကြီးရှင် ဘုရင်ပသေနဒီ ကောသလမင်းသည် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ အရောင်အဝါ တောက်ပစ္စာသော

အလုံးစုံသော တန့်ဆာကိုဖြင့် တန်ဆာဆင်လျက် နံ့သာပန်း စသည် တို့ကို ယူငင်၍ ကျောင်းတော်သို့ သွားလေသတတ်။ ထိုပဿေနဒီမင်းဖျား ဘုရားထံရပ်သို့ ချဉ်းကပ်သော ထိုခဏ၌ မြတ်စွာဘုရားနှင့် ဖွါးမြင် နေ့ရက် တချက်တည်း ဖြစ်ပေါ်သဖြင့် ဖွါးဘက်တော် ဆိုရသော ကာဠဒါယိမထေရ်သည် ဈာန်ကို ဝင်စားတော်မူ၍ ပရိသတ် အစွန်၌ ထိုင်နေတော်မူသည်ဖြစ်၏။ ထိုကာဠဒါယိ မထေရ်မြတ်၏ ဝင်းလျပ် ထိန်လင်း ရွှေအဆင်း ကဲ့သို့ အဆင်း ယိုသော ကိုယ်တော်သည် ရှုမျော်သမျှ တောင့်တစုံမက် မလွတ်ရက်ဘဲ နှစ်သက်ဘွယ် ယိုသည်သာလျှင် ဖြစ်ပေ၏။ ထိုသို့ ကြုံကြိုက် အခိုက်အခါ ခဏ၌ ညစ်မျိုး ကင်းပသော လဝန်းဗိမာန် သည်လည်း အရှေ့ပြိုမှာ ဝိဒေဟာကျွန်း ဥဒည်စွန်းက တက်ထွန်း တောက်ပ ခဲ့လေ၏။ ရောင်ခြည် တထောင် အလင်းရောင်ကို ဆောင်လျက် ပြောင်ပြောင်ပထွန်းသော နေဝန်း ဗိမာန်သည် ဂေါယာန်ကျွန်းထက် ကြွသက်ပြောင်းလွဲ ဝင်ဆဲဖြစ်ပေ၏။ ။အာနန္ဒာမထေရ်သည် အနောက်ကျွန်းညို ယွန်းခိုကြွလွဲ ဝင်ဆဲဆဲဖြစ်သော နေဝန်းဗိမာန်၏ တက်လှိုက်ထွန်းပြောင်သောအရောင်ကိုလည်းကောင်း, ဥဒည်တောင်စွန်း အရှေ့ကျွန်းမှ တက်ထွန်းတောက်ပသောလဗိမာန်၏ အလှိုက်ထွန်းပြောင် အရောင်ကို လည်းကောင်း, ပြောင်းလဲစေ့ဝှ ကြည့်ရှုတော်မူလျက် ပဿေနဒီ ကောသလ မင်းကြီး၏ အဆင်တန်ဆာ ကောင်းစွာဝတ်ဆင် ပြုပြင်ထွန်းပြောင် ကိုယ်ရောင်ကို လည်းကောင်း, ကာဠဒါယိမထေရ်၏ တည်ကြည် စိတ်ဓာတ် သဟဇာတ်ကြောင့် လျှပ်လျှပ်ကြည်ဆောင် ကိုယ်အရောင်ကို လည်းကောင်း, မြတ်စွာဘုရား၏ ကြီးမားဘုန်းကံ စီမံပြုဆောင် ကိုယ်တော်ရောင်ကို လည်းကောင်း, ရည်ဆောင်လှည့်လည် အတည်တည် ကြည့်ရှုလေ၏။ ထိုသို့ ပြမှာကောင်းစွာထွန်းပြောင် အရောင်မျိုးအပေါင်းတို့တွင် ကြွင်းကျန်ဥသုံအလုံးစုံသော အရောင်တို့ကို ကျော်ဆောင် လွန်မြောက်၍ မြတ်စွာဘုရားသည် သာလျှင် ကြီးမားအံ့ဘွယ် တင့်တယ်တောက်ပလေ၏။ အာနန္ဒာမထေရ်သည် မြတ်စွာဘုရားသခင်ကို ဦးတင်ညွတ်လျှိုး ရှိခိုးပြီး၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ယခုကြုံကြိုက် ဤအခိုက်အခါဝယ်

နေရောင်၊လရောင်၊မင်း၏ ကိုယ်ရောင်၊ ရဟန္တာမထေရ်၏ ကိုယ်ရောင်၊ ရှင်တော်ဘုရား၏ ကိုယ်ရောင် အားဖြင့် များပြား ထွန်းပြောင် ဤအရောင်တို့ကို ရည်ဆောင်လျှင်လည်း ကြည့်ရှုသော ကပည်တော်အား အရှင်ဘုရားကို၏သာလျှင် အရောင်တော်သည် ရှုမျှော်စဉ်တွယ်တင့်တယ် အားကက် နှစ်သက်ဘွယ် ဖြစ်ပါပေ၏။ထိုစကားသည်လျှင် မှန်၏။အရှင်းမြတ်စွာ ဘုရားတို့၏ နှိုင်းဆဘွယ်ရာ ပမာမပေါ် ရွှေကိုယ်တော်သည် အလုံးစုံသောအရောင်တို့ကို ကျော်ဆောင်လွန်မြောက်၍ ထွန်းတောက်တင့်တယ်လှပါ၏"ဟု လျှောက်ကြား၏။ ထိုအခါ အာနန္ဒာမထေရ်ကို မြတ်စွာဘုရား သခင်က ''ချစ်သားအာနန္ဒာ၊ နေဝန်း ဗိမာန်မည်သည် နှေ့ အခါ၌သာလျှင် တင့်တယ်တောက်ပ၏။ လဝန်း ဗိမာန်မည်သည် ည၌အခါ၌သာလျှင် ဘင့်တယ်တောက်ပ၏။ ပြည်ရှင်မင်းသည် ရတနာအမျိုးမျိုး အဘိုးထိုက်တန်စွာ တန်ဆာဆင်အပ်သော အခါ၌သာလျှင် တင့်တယ်တောက်ပ၏။အာသဝေါကုန်ခန်းသော ရဟန္တာပုဂ္ဂိုလ်သည် မည်းညစ်ခြင်း အကြောင်း အပေါင်းအဖော်နှင့် မွေ့လျော်ခြင်းကို ဖြတ်ရှင်းစွန့်ပယ်၍ ကင့်တယ်လျောက်ပတ် စျာန်သို့ကပ်သော သမာပတ်အတွင်း၌ သာလျှင် တင့်တယ် တောက်ပ၏။ ဘုရားရှင် တို့သည်ကား ည၌အခါ၌လည်းကောင်း၊နေ့အခါ၌လည်းကောင်းသိလ၊ဂုဏ၊ပညာ ပုည၊ဓမ္မဟုဆိုအပ်သော ငါးပါးအပြားယှဉ်သော တေဇဟုဆိုအပ်သော အရောင်ရှိန်လျှံ တန်ခိုးဓာတ်ဖြင့် မပြတ်တောက်ပ တင့်ကယ်ကြကုန်၏''ဟု မိန့်တော်မူပြီး၍။

နေမင်းလမင်းလူမင်းတို့ထက် မြတ်စွာဘုရားကသာလျှင်
သာလွန်တောက်ပ တင့်တယ်လှသည်ကို ဖေါ်ပြသော
ပါဠိတော်ဂါထာ ဒေသနာ။

ဒိဝါ တပတိ အာဒိစ္စော၊ရတ္တိ မာဘာတိ စန္ဒိမာ။
သန္နဒ္ဓော ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓော တပတိ တေဇသာ။ ။

ဟူသော ဤဂါထာကို ဟောကြောင်မူ၏။

၂၆-မြဟ္မဏဝဂ်၊ ၆-မထင်ရှားသောပုဏ္ဏားဝတ္ထု။ ၁၅၅

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

ဂါထာ၏ အနက်ကား။ ။အာဒိစ္စော၊လွန်စွာအရောင် တောက်ပြောင်ပထွန်း နေဝန်းဗိမာန်သည်။ ဒိဝါ၊ နေ့အခါ၌သာလျှင်။ တပတိ၊ တင့်ကယ်တောက်ပ၏။ စန္ဒိမာ၊ညစ်မျိုးငါးအင် ကင်းစင်ပထွန်း လဝန်းဗိမာန်သည်။ ရတ္တိ၊ည၌အခါ၌သာလျှင်။ အာဘာတိ၊ တင့်တယ်ထွန်းလင်း၏။ ခတ္တိယော၊ ပြည်ကြီးသခင်နင်း ပြည့်ရှင်မင်းသည်။ သန္ဓဒ္ဓေါ၊ ရွှေစင်ပတ္တမြား စသောအားဖြင့် သန်းပြားစီခြယ် အသွယ်သွယ်သော တန်ဆာတို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်လျက် အင်္ဂါလေးမည် စစ်သည် အပေါင်းဖြင့် ဝန်းရံအပ်သော်သာလျှင်။ တပတိ၊ တင့်တယ်တောက်ပနိုင်၏။ပြာဟ္မဏော၊မကောင်းမှုကို အပယ်ပြုကြဉ် ရဟန္တာ အရှင်သည်။ ဗျာယိ၊ အပေါင်း ပယ်ထား ဗျာန်ဝင်စားသော်သာလျှင်။တပတိ၊ တင့်တယ်တောက်ပနိုင်၏။ အထ၊စင်စစ်သော်ကား။ ဗုဒ္ဓေါ၊ဘုရားရှင်ကိုယ်တော်မြတ်သည်။ သမ္ဗမဟောရတ္တိ ။ ဘယ်အခါမဆို ထိုထိုဥဿုံအလုံးစုံသော နေ့ညဉ့်ပတ်လုံး။တေဇသာ၊ ငါးပါးပြားဆောင်တန်ခိုးတော် အရောင်ဖြင့်။ တပတိ၊ အမြဲမပြတ် တလျှပ်လျှပ် ထွန်းလင်းတောက်ပတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ပြာဟ္မဏဝဂ်၌ ငါးခုမြောက်သော အာနန္ဒာမထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ပြာဟ္မဏဝဂ်၊ ၆-မထင်ရှားသော ပုဏ္ဏား ရဟန်းဖြူသော ဝတ္ထု။

မာဟိတ ပါပေါ။ ။အစယျိသော ဤဓမ္မဒေသနာကို၊ သုံးရွာကုံတိုက်၊ဆုံအခိုက်နှိုက်၊ကြုံကြိုက်ကျလာ၊ မထသာအောင်၊ တဏှာမြှေးယှက်၊ တပ်မက်ကြသူ၊ ဝေနေလူ အပေါင်းကို၊ ညွှန်ပြောင်း တွက်ခါ၊ လွတ်ရာလမ်းစ၊ စခန်းပြလျက်၊ ဆုံးမကော်မူတတ်သော မြတ်စွာဘုရား

သည်၊ပြန့်ပွါးရိပ်မွန်၊ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းနေမျှတော်မူလျက်၊ အဆက်အနွယ်၊ သိလွယ် စဉ်လျား၊ မထင်ရှားသော၊ ဘုရားသာသနာ၊ ကောင်းစွာဝင်မြန်း၊ ရဟန်းပြုငြား၊ တဦးသော ပုဏ္ဏားကို အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော် မူခဲ့လေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

အမျိုးအနွယ် အကယ်စဉ်လျား မထင်ရှားသော တယောက်သော ပုဏ္ဏားသည် ဘုရားမြတ်စွာ ဆုံးမဟောကြားရာ ဖြစ်သော သာသနာတော်မှအပပြင်ဘက် လွတ်ထွက်ခွါရှောင် ရဟန်းဘောင်၌ ရွက်ဆောင်ဆင်မြန်း ရဟန်းပြုပြီး၍ "ရဟန်းဂေါတမသည်မိမိ၏တပည့်တို့ကို ဃရာဝါသ ကိစ္စဖွဲ့နှောင် အိမ်ယာထောင်သော လူ့ဘောင်ဘဝမှ ထွက်ကြွရှောင်မြန်း ရဟန်းပြုသည် အရကြောင့် ပဗ္ဗဇိတဟု မှည့်ခေါ်ပြောဆို၏။ ငါသည်တမူလည်း လူ့ဘောင်ကိုရှောင်ခွာလျက် ကောင်းစွာထွက်မြန်း ရဟန်းပြုခဲ့သည် ဖြစ်ပေ၏။ ငါ့ကိုလည်းဤသို့သောအကြောင်း ကောင်းစွာ ဖေါ်ပြ ပဗ္ဗဇိတအမည်ဖြင့် ရည်သန်မြွက်လို ပြောဆိုခေါ်ယူခြင်းငှါ သင့်လျော် လျောက်ပတ် အပ်ပေလိမ့်မည်လော" ဟု ကြံစည် ပြီးသော် မြတ်စွာဘုရား ထံပါးမျက်မှောက်သို့ သွားရောက် ချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်က "အို ပုဏ္ဏား၊ ငါဘုရားသည် လူ့ဘောင်မှ ရှောင်ခွါလျက် ရဟန်းပြုခြင်း တည်းဟူသော ဤမျှအတိုင်းအရှည်ဖြင့် စင်စစ်မုချ ပဗ္ဗဇိတမည်သည်ဟု ဟောတော်မမူချေ။ ကိလေသာ တည်းဟူသော အညစ် အကြေး တို့၏ ကား ပယ်ရှားထုတ်နုတ် သုဓ်သင် အပ်သည်၏ အဖြစ်ကြောင့် ပဗ္ဗဇိတမည်သည်ဖြစ်၏"ဟု မိန့်တော်မူပြီး၍။

ဗြာဟ္မဏ သမဏ၏အရကို ဖေါ်ပြသော
ပါဋ္ဌိတော်ဂါထာ ဒေသနာ။

ဗာဟိတပါပေါတိဗြာဟ္မဏော သမစရိယာ သမဏောတိဝုစ္စတိ။
ပဗ္ဗာဇယ မတ္တနော မလံ၊တသ္မာ ပဗ္ဗဇိတောတိ ဝုစ္စတိ။
ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော် အဆုံး၌ ရဟန်းပြုငြား ထိုပုဏ္ဏားသည် သောတာပတ္တိ ဖိုလ်၌တည်လေ၏။ ရောက်လာကုန်သောသူတို့အားလည်း အကျိုးယှိသော တရားဒေသနာသည်ဖြစ်၏။

ဂါထာ၏ အနက်ကား။ ။ယသ္မာ၊ အကြင်ကြောင့်။ ဗာဟိတပါပေါ၊ အပပြုအပ်ပြီးသော မကောင်းမှုယှိ၏။ ဝါ၊ မကောင်းမှုကို အပပြုအပ်၏။ ဧုတိတသ္မာ၊ထိုကြောင့်။ ဗြာဟ္မဏောတိ၊ ဗြာဟ္မဏမည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယသ္မာ၊ အကြင်ကြောင့်။ သမစရိယော၊ အကုသိုလ်တရားတို့ကို ငြိမ်းစေတတ်သော အကျင့်ယှိ၏။ဧုတိတသ္မာ သမစရိယာ၊ ထိုသို့ ငြိမ်းစေတတ်သော အကျင့်ယှိသည် အဖြစ်ကြောင့်။ သမဏောဧုတိ၊ သမဏမည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယော၊ အကြင်သူသည်၊ အတ္တနော၊မိမိ၏။ မလံ၊ ရာဂစသည် အညီရစ်မြေး အညစ်အကြေးကို။ ပဗ္ဗာဇယံ-ပဗ္ဗာဇယန္တော၊ နှင်ထုတ်သုဝ်သင်လျက်။ ယသ္မာ၊ အကြင်ကြောင့်။စရတိ၊ လှည့်လည်ကျင့်သုံး၏။ တသ္မာ၊ထိုကြောင့်။သောပိ၊ ထိုသူ့ကိုလည်း။ ပဗ္ဗဇိတောတိ၊ ပဗ္ဗဇိတ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ ဤကားအနက်။

ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၌ ခြောက်ခု မြောက်သော မထင်ရှားသော ပုဏ္ဏား ရဟန်းပြုသော ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၇-သည်းခံခြင်းနှင့် ပြည့်စုံသော သာရိပုတ္တရာမထေရ် ဝတ္ထု။

နဗြာဟ္မဏသ။ ။ယင်းသို့စသည့်၊ ဤဓမ္မဒေသနာကို၊ ယုတ်မာကြမ်းခက်၊ ကောဓမျက်ကို၊ မဖျက်နိုင်ကြ၊ လက်မှိုင်ချသား၊ ဒုက္ခိတများစွာ၊ဝေနေယျာကို၊ကောပါအမျက်၊ပယ်ဖျက်စွန့်ချ၊အေးမြစေကြောင်း၊ လမ်းကောင်းဓမ္မ၊ ဟောညွှန်ပြ၍၊ ဆုံးမတော်မူတတ်သော ဘုရားမြတ်စွာသည်၊ ရပ်ရွာလူ့ခွင်၊ တုမဲ့ထင်သား၊ ကြီးအင်ဂုဏ်မွန်၊ သာမျိုးလွန်သော၊ ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်း နေမျှတော်မူလျက်၊ ဓမ္မ

သေနာပတိ၊သာရိပုတ္တရာ၊ထေရိမဟာကို၊ရည်ကာပေါင်းစု၊အကြောင်း ပြုသောအားဖြင့်၊ ဟောကြားတော် မူခဲ့လေသတည်း။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

သင့်လျော်ပေါင်းစု တခုသော အရပ်ဌာန၌ များစွာကုန်သော လူတို့သည် "ငါတို့၏ အရှင်ဖြစ်တော်မူသော သာရိပုတ္တရာ မထေရ်သည် တစုံတရာ ပြန်ကာဆော်လှုံ့ မတုံမပြန်ဘဲ သည်းခံတော်မူနိုင်သော ခွန်အား စွမ်းပကားနှင့် ပြည့်စုံတော်မူသည်ကား သြော်-အံ့သြဘွယ် ယှိလေစွ၊ တပါးသော သူတို့သည် ယုတ်မာဖွင့်လှစ် ရေရွတ် ဆဲရေးကုန်သော်လည်းကောင်း၊ ယုတ်မာကြမ်းခက် ရိုက်နှက် ပုတ်ခတ်ကုန်သော်လည်းကောင်း ပြန်လှန်တုဖက် အမျက်ထွက်ခြင်းမျှလည်း မယှိပလေ" ဟု ဤသို့အစယှိသောအားဖြင့် မထေရ်၏ ဂုဏ်ကျေးဇူး စကားတို့ကို ပြောကြားကြလေကုန်သတတ်။ထိုအခါ မိုက်မှားယူယှိ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားတယောက်သည် "ထိုအမျက် မထွက်တတ်သောသူသည် အဘယ်သူပေနည်း" ဟု မေး၏။ "ငါတို့၏ အရှင်ဖြစ်သော သာရိပုတ္တရာ မထေရ်ပေတည်း" ဟု ပြောဆို ကြသောအါ "ထိုမထေရ်ကို အမျက်ထွက်စေသောသူ ယှိသည် မဖြစ်ပေလတ္တံ့" ဟု ပုဏ္ဏားက ပြောဆိုပြန်သဖြင့်။ "အိုပုဏ္ဏား၊ ဤသို့သော အကြောင်းသည် မရှိပေသလျှင်ကတည်း"ဟုပြောဆိုကုန်၏။"ထိုသို့ဖြစ်တပြီးကား ငါသည် ထိုမထေရ်ကို အမျက်ထွက်စေအံ့" ဟု ပြောဆိုပြန်သဖြင့်၊ "အိုပုဏ္ဏား၊ အသင်သည် အကယ်၍ စွမ်းနိုင်ခဲ့အံ့။ ထိုသို့စွမ်းနိုင်သည် ယှိသော် မထေရ်ကို အမျက်ထွက်စေဘိလော့" ဟု ပြောဆိုကုန်၏။ထိုပုဏ္ဏားသည်"ယှိစေဦးတော့။ ထိုသာရိပုတ္တရာအား အမျက်ထွက်ရန် ရည်သန်ကြမ်းကြုတ် ပြုလုပ်ဘွယ် အမှုကို သိယှိစေရတော့အံ့" ဟု ကြံစည်ပြီးလျှင် ဆွမ်းခံလှည့်လည်ခြင်း ၄၇ ကြွဝင်တော်မူသော သာရိပုတ္တရာ မထေရ်ကို တွေ့မြင်သည်ယှိသော် နောက်အဘို့ဖြင့် လိုက်သွား၍ ကျောက်ကုန်း အလယ်၌ ကြီးကျယ်ပြင်းထန် အသံ မြည်ထွက်အောင် လက်ဖြင့် ထုနှက်ပုတ်ခတ်ခြင်းကိုပေး၏။ သာရိပုတ္တရာမထေရ်သည် ဤအမှုကား အဘယ်မည်သောအမှုပေနည်း

ဟု သိယှိရန်ကြံစည်ပြန်လည်စောင်းငဲ့၍မျှ မကြည့်ရှုမူ၍သာလျှင်ကြွသွား မြဲတိုင်း ကြွသွားတော်မူ၏။ ပုဏ္ဏား၏ အလုံးစုံသော ကိုယ်၌ မခံရပ်နိုင် အောင် ပြင်းစွာ ပူလောင်ခြင်း ဖြစ်လေ၏။ ထိုပုဏ္ဏားသည် ''အရှင် ကောင်းကား ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံခြင်းသည် ဩဿ=အံ့ဘွယ် ယှိလေစွ'' ဟု ကြံစည်၍ မထေရ်၏ခြေတော်ရင်း၌ ဝပ်စင်း၍ ''အရှင် ဘုရားတို့၊တပည့်တော်အားသည်းခံတော်မူပါကုန်လော့''ဟု တောင်း ပန် လျောက်ကြား၍ ''ဤအကြောင်းကား အသို့ပေနည်း'' ဟု မိန့်ဆို တော်မူသည်ယှိသော်''အကျွန်ုပ်သည်စုံစမ်းခြင်းအကျိုးငှါအရှင်ဘုရား တို့အား ရိုက်နှက်ပုတ်ခတ်မိပေပြီ'' ဟု လျောက်ထား၏။ ''အိုပုဏ္ဏား၊ ယှိပါစေလော့။ အသင့်အား ငါသည် သည်းခံ၏'' ဟု မထေရ်က မိန့် ဆိုတော်မူ၏။ ''အရှင်ဘုရား၊ အကျွန်ုပ်အား အရှင်ကိုသည် အကယ်၍ သည်းခံကုန်သည်ဖြစ်အံ့။ အကျွန်ုပ်၏အိမ်၌သာလျှင် ထိုင်နေတော်မူ၍ ဆွမ်းကိုခံယူပါကုန်လော့'' ဟု ပြောဆိုလျောက်ထားပြီးလျှင် မထေရ်၏ သပိတ်ကိုလှမ်းလင့်ယူငင်၏။ မထေရ်သည်လည်း သပိတ်ကို ပေးသနား တော်မူ၏။ပုဏ္ဏားသည် မထေရ်ကိုအိမ်သို့ပင့်ဆောင်၍ ပြုစုလုပ်ကျွေး၏။ လူတို့သည်အမျက်ထွက်ကုန်သည်ဖြစ်၍ ''ဤပုဏ္ဏားသည် တစုံတရာ ဖြစ် ရာစွန်းငြိ အပြစ်မရှိသော ငါတို့၏ အရှင်ကို ထုနှက် ပုတ်ခတ်အပ်၏။ ထိုပုဏ္ဏားအား ပေးဆောင်အပ်သော ဒဏ်ဖြင့်လည်း လွတ်မြောက် ဘွယ်မရှိ။ ဤအရပ်၌ပင်လျှင် ပုဏ္ဏားကို ရိုက်နှက်သတ်ဖြတ်ကုန်အံ့''ဟု ပြောဆိုမောင်းမဲ ခဲတုတ်လုံကန် စသည်တို့ကို လက်စွဲကုန်လျက် ပုဏ္ဏား၏ အိမ်တံခါးဦး ရပ်တည်ကုန်၏။ မထေရ်သည် နေရာမှထ၍ ကြွသွား တော်မူသည်ယှိသော် ပုဏ္ဏား၏ လက်ဦး သပိတ်ကို ပေးတော်မူ၏။ ကြည့် ရှုနေသူ လူအများတို့သည် မထေရ်နှင့် အတူတကွ လိုက်ပါ၍သွား သော ထိုပုဏ္ဏားကို မြင်ကုန်၍ ''အရှင်ဘုရား သာရိပုတ္တရာ၊ အရှင် တို့၏သပိတ်တော်ကို ယူတော်မူ၍ ပုဏ္ဏားကို ဆုတ်နစ် ပြန်လည်ပါစေ ကုန်လော့'' ဟု လျောက်ကြားကုန်၏။ ''ဒါယကာတို့၊ ဤအမှုကား အဘယ် သို့ပေနည်း'' ဟု မေးတော်မူပြန်လျှင် ''ပုဏ္ဏားသည် အရှင် ဘုရားတို့ကို ထုနှက် ပုတ်ခတ်အပ်ကုန်၏။ ထို့ကြောင့် တပည့်-တော်

တို့သည် ထိုပုဏ္ဏားအား ပြုလုပ်ဘွယ် အမှုယှိသည်ကို သိပါကုန်အံ့'' ဟု လျှောက်ကြားကုန်၏။ ''အဿိုပေနည်း၊ ဤပုဏ္ဏားသည် အသင်တို့ကိုတည်း ထုန်ကပုတ်ခတ်အပ်ပေသလော၊ သို့မဟုတ်ငါတို့ကို ထုန်ကပုတ်ခတ်အပ်သလော'' ဟု မေးတော်မူပြန်သဖြင့် ''အရှင်ဘုရား၊ အရှင်တို့ကို ထုန်က ပုတ်ခတ် အပ်ပါကုန်သည်'' ဟု ကြားလျှောက်ကုန်သည် ယှိသော် ''ဤပုဏ္ဏားသည် ငါ့ကို ထုန်ကပုတ်ခတ်၍ သည်းခံစေဘိ၏။ အသင်တို့သည် ကြဉ်ရှောင်ဖဲသွားကြကုန်လော့'' ဟု လူတို့ကိုဆုံးမပြော ဆို လွှတ်လိုက်ပြီးသော် ပုဏ္ဏားကိုလည်း ဆုတ်နစ်ပြန်လည်စေ၍မထေရ်သည် ကျောင်းသို့သာလျှင် ကြွသွားတော်မူ၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချကုန်၏။ အဘယ်သို့ ကဲ့ရဲ့ရှုတ်ချကုန်သနည်း ဟူမူ၊ ငါ့ရှင်သာရိပုတ္တရာ၊ အကြင် ရဟန်းကို အကြင်ပုဏ္ဏားသည် ထုန်ကပုတ်ခတ်အပ်၏။ ထို့ထုန်ကပုတ်ခတ်အပ်သော ပုဏ္ဏား၏သာလျှင် နေအိမ်ဥစ္စာထိုင်နေ၍ ဆွမ်းကို ခံယူကြွလာခဲ့၏။ ဤသို့ ပြုလုပ်သော ထို့အမှုသည် အဘယ်မည်သော အမှုပေနည်း။ မထေရ်အား ထုန်ကပုတ်ခတ်ဝံ့သော အခါမှ စ၍ ဤယခုအခါ၌ ထိုပုဏ္ဏားသည် အဘယ်သူ့အား ရှက်ကြောက်လတ္တံ့ တော့အံ့နည်း။ ကြင်းကုန်သော ရဟန်းတို့ကို ရိုက်နှက် ပုတ်ခတ်လျက် လှည့်လည်ပေလတ္တံ့ဟု ကဲ့ရဲ့ရှုတ်ချကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ ''ချစ်သားရဟန်းတို့၊ ငါဘုရား ကြွတော်မူလာ ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြားစည်းဝေး နေထိုင်ကုန်ဘိ သနည်း'' ဟု မေးတော်မူ၍ ''ဤအမည်ယှိသော အကြောင်းပါ'' ဟု လျှောက်ကြားသည် ယှိသော် ချစ်သားရဟန်းတို့၊ မကောင်းမှုကို အပပြုပြီးသည်၏ အဖြစ်ကြောင့် ဗြာဟ္မဏမည်သောရဟန္တာသည် မကောင်းမှုကို အပပြုပြီးသည်၏ အဖြစ်ကြောင့် ဗြာဟ္မဏမည်သော ရဟန္တာကို ပြစ်မှားပုတ်ခတ်သော မည်သည် မရှိ။ လူဖြစ်သော ဗြာဟ္မဏမည်သော ပုဏ္ဏားသည်ကား ရဟန်းဖြစ်သော ဗြာဟ္မဏမည်သောသူကို ပြစ်မှားပုတ်ခတ်သည်ဖြစ်လတ္တံ့။ ကြမ်းကြုတ် ဖွဲယှက် ဤအမျက် မည်သည်ကို အနာဂါမိမဂ်ဖြင့် ပယ်ဖျက် ဆွါလှစ် ခြင်းသို့ရောက်လေ၏။'' ဟု မိန့်တော်မူပြီး၍ ကရားတော်ကို ဟောကြားလိုသောကြောင့်။

၂၆-ဗြာဟ္မဏဝဂ်၊ ၇-သာရိပုတ္တရာမထေရ်ဝတ္ထု။ ၁၆၁

ဗြာဟ္မဏအစစ် ရဟန္တာဖြစ်သော အရှင်၏ သည်းခံခြင်း စသည်ကို ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

နဗြာဟ္မဏဿ ပဟရေယျ၊ နဿ မုဉ္ဇေထ ဗြာဟ္မဏော။
မိ ဗြာဟ္မဏဿ ဟန္တာရံ၊ တတော မိ ယဿ မုဉ္ဇတိ။ ။
နဗြာဟ္မဏဿေတဒကိဉ္ဇိ သေယျော၊
ယဒါနိသေဓော မနံသော ပိယေဟိ။
ယဒောယတေ ဟိံသမနော နိဝတ္တတိ၊
တတော တတော သမ္မတိမေဝ ဒုက္ခံ။ ။

ဟူကုန်သော ဤဂါထာတို့ကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

ဂါထာတို့၏အနက်ကား။ ။ဗြာဟ္မဏော၊ အာသဝေါကုန်ပြီးသည် အရ ငါ-ဗြာဟ္မဏဟု သိသောသူသည်။ ဗြာဟ္မဏဿ၊ ကုန်ပြီးသော အာသဝေါယှိသော ဗြာဟ္မဏအား။ ဝါ။ အမှတ်မရှိ ဇာတ်ယှိသော ဗြာဟ္မဏအား။ နပဟရေယျ၊ ခက်ထန်ကြမ်းကြုတ် မပုတ်ခတ်ပေရာ။ ဗြာဟ္မဏော၊ ကုန်ပြီးသော အာသဝေါယှိသော ဗြာဟ္မဏသည်။အဿ၊ မိမိကို ပုတ်ခတ် လေ့ယှိသော ထိုသူအား။ ဝေရံ၊ အတ့ုံတဖန် မူလိုပြန်သောရန်ကို။ နမုဉ္ဇေထ၊ အမျက်ဖြစ်နိုး အခိုးအငွေ့ မလွှတ်ပေရာ။ ဗြာဟ္မဏဿ၊ ကုန်ပြီးသော အာသဝေါယှိသော ဗြာဟ္မဏအား။ဟန္တာရံ၊ ခက်ထန်ကြမ်းကြုတ် သတ်ပုတ် ညှဉ်းဆဲခြင်းသည်။ မိ၊ ထွီထွီပြုလုပ်စက်ဆုပ်ဘွယ်ယှိပေ၏။ ယော၊ အကြင် အပုတ်ခတ်ခံရသောသူသည်။ အဿ၊ မျက်မာန် ကြမ်းကြုတ် ထိုပုတ်ခတ်သောသူ၏။ ဥပရိ၊အထက်၌။ ဝေရံ၊ အတ့ုံတဖန် ပြန်သောရန်ကို။ မုဉ္ဇတိ၊ ဒေါသအမျက်ထွက်လွှတ်၏။ သောပိ၊ အတ့ုံတဖန် ထိုပြန်၍ အမျက်ထွက်သောသူသည်။ တတောပိ၊ ထိုရှေးဦးစွာ အမျက်ထွက်သော သူ့အောက်လည်း။ မိ၊ ရှုတ်ချ ကဲ့ရဲ့စက်ဆုပ်ဘွယ် ယှိသည်သာလျှင်တည်း။

ဗြာဟ္မဏသ၊အာသဝေါကုန်ခန်းရဟန္တာဖြစ်သောဗြာဟ္မဏအား။ ယံ၊အကြင် ဆဲရေးခြင်း တုံ့ပြန်ဆဲရေးခြင်း ပုတ်ခတ်ခြင်း တုံ့ပြန် ပုတ်ခတ်ခြင်းသည်၊အတ္ထိ၊ယှိ၏။ဧတံ၊ထိုအလုံးစုံသည်။ကိဉ္စိ၊မပြောပဘွယ်အနည်းငယ်မျှလည်း။သေယျော၊မြတ်သည်။ နဟောတိ၊မဖြစ်။ ပိယေဟိ၊ မေတ္တာဓာတ်သွင်း ချစ်ခြင်းတရားတို့ဖြင့်။ မနသော၊စိတ်၏။ ဝါ၊ကို။ အနိသေဓော၊ နှိပ်ကွပ်ဆုံးမသောအားဖြင့် မတားမြစ်ခြင်းသည်။ ယဒိဟောတိ၊ အကယ်၍ဖြစ်အံ့။ ဧဝံသတိ၊ဤသို့ဖြစ်ခဲ့သည်ယှိသော်။ ဧတံ၊ ထိုမနှိပ်ကွပ်မတားမြစ်ခြင်းသည်။ ကိဉ္စိ၊အနည်းငယ်မျှ။ သေယျော၊ မြတ်သည်။ နဟောတိ၊မဖြစ်။ ယတော ယတော၊အကြင်အကြင်သို့သော ဝတ္ထုမှ။ဟိ သ မနော၊ ယုတ်မာကြမ်းခက် အမျက်ထွက်သောစိတ်သည်။ နိဝတ္တတိ၊ အနာဂါမိမဂ်ဖြင့် ပယ်ဖျက်ခွါလှန် ပြန်လည်ဆုတ်နစ်၏။ တတော တတော၊ ထိုထိုသောဝတ္ထုမှ။ ဒုက္ခံ၊အလုံးစုံသော ဝဋ္ဌဆင်းရဲသည်။သမ္မတိမေဝ၊ ဆုတ်နစ်ပြန်ခေါက် ငြိမ်းပျောက်တော့သည် သာလျှင်တည်း။ ။ ဤကားအနက်။

မမ္မပဒ၊ ဗြာဟ္မဏဝဂ်၌ ခုနစ်ခုမြောက်သော သာရိပုတ္တရာမထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ဂ-မဟာပဇာပတိဂေါတမီဝတ္ထု။

ယသ ကာယေန ဝါစာယ။ ။ယင်းသို့စသည်၊ဤမမ္မဒေသနာကို၊ တဏှာ မော့ဟ၊ ဒွေမူလကြောင့်၊ ကုတ္ကုစ္စတရား၊ ဖြစ်ပွါးတတ်စွာ၊ သတ္တဝါတို့ကို၊ ကရုဏာမိုဆ်း၊သွန်းဖြိုးရွာချ၊ ကုတ္ကုစ္စ အသွယ်သွယ်ကို၊ နတ်ပယ်စွန့်ပစ်။တားမြစ် ဆုံးမတော် မူတတ်သော မြတ်စွာဘုရား သခင်သည်၊ ဝန်းကျင် ပတ်ဝိုက်၊ တိုက်မဇ္ဈိမ၊အတွင်းကျလျက်၊ဘုရား ကိန်းအောင်း၊ ညောင်စောင်းခြေခံ၊နေရာမှန်၌၊ တည်ဖန်မပြောင်း၊ဇေတဝန်ရွှေကျောင်းဝယ်၊ မျှလျောင်း စမ္ပယ်တော်မူလျက်သာ၊ မဟာပဇာပတိဂေါတမီ၊ အမည်ထင်ပေါ်၊ မိထွေးတော် ဘိက္ခုနီမကို၊ မူလရည်ရှု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

၂၆-ဗြာဟ္မဏဝဂ်၊ ဂ-မဟာပဇာပတိဂေါတမီဝတ္ထု။ ၁၆၃

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

ဤမဟာပဇာပတိ ဂေါတမီသည် အထက်လွန်ရောက် ကပ်တသိန်းမြောက်အကျ ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်အခါ၌ ဟံသာဝတီပြည်ဝယ် တဦးသောအမျိုးအိမ်၌ ပဋိသန္ဓေ တည်နေစွဲယူ၍ နောက်အဘို့ဖြစ်သော တပါးသောအခါ၌ မြတ်စွာဘုရား ဟောကြားမြွက်ဖေါ် တရားတော်ကို ကြားနာလျက်နေစဉ် တဦးသော ရဟန်းမိန်းမကို ညဉ့်အပိုင်း အခြား သိကုန်သော တပည့်မတို့တွင် အထွတ်အမြတ် အရာထားသော မြတ်စွာ ဘုရားသခင်ကို ဖူးမြင်ရ၍ အဆောက်အဦ အထူးရည်သန် ကောင်းမှုကံကို စီမံပြုလုပ်၍ ညဉ့်အပိုင်းအခြား တိုင်းစားတိတိသိမြင်သူ အပေါင်းတို့ထက် ထူးတက်မြတ်ဦး ထိုရာထူးကို တောင့်တပန်ဆင်လေ၏။ ထိုအမျိုးသမီးသည် အသက်ရှည်သမျှ ကာလပတ်လုံးစွန့်ကြဲ ပေးကမ်း လှူဒါန်းဘွယ် ဒါနကို စွန့်ချပေးလှူ၍ ကိုယ်နှုတ်ဆုံးမသီလကိုစောင့်ရှောက်၍ ထိုဘဝမှ စုတေ့ခဲ့သည် ယှိသော် နတ်ပြည်၌ ဖြစ်၍ တဖန် တဆူသောဘုရားရှင် အကြားကာလ၌ နတ်ပြည်မှ စုတေ့ခဲ့၍ ဗာရာဏသီပြည်၌ ငါးရာကုန်သော ကျွန်မိန်းမတို့တွင် အကြီးအမှူးဖြစ်သော အိမ်ကျွန်မအဖြစ်ဖြင့် ဖြစ်လေ၏။

မိထွေးတော် ဂေါတမီ၏ အတိတ်ကျွန်မဝတ္ထု။

ထိုအခါ ဝါကပ်ဆိုခြင်းငှါ နီးသောကာလ၌ ငါးပါးကုန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် နန္ဒမူလတောင်ဝှမ်းမှ ကြွတော်မူလာကြ၍ ဇုသိပတန နာမသင်းထုံ မိဂဒါဝုန်တောနေရာ၌ သက်ဆင်းတော်မူကြ၍ မြို့၌ ဆွမ်းအလို့ငှါ လှည့်လည်ပြီးသော် ဇုသိပတန တောနေရာ သို့သာလျှင် ကြွသွားတော်မူကြ၍ ဝါကပ်ဆိုရန် ကျောင်းကုဋ္ဌိအကျိုးငှါ ဆောက်လုပ်ပြုစု လက်အမှုကို တောင်းကုန်အံ့ဟု ကြံစည်ကုန်၏။

[အဘယ်ကြောင့် ကြံစည်ကုန်သနည်း ဟူမူ။ ။ထိုစကားကို ထင်ရှားစေဦးအံ့၊မိုဃ်းဥတုအခါ ဝါသို့ကပ်ဆိုသော ရဟန်းသည် နာလက ကျင့်ဝတ်ကို ဖြည့်ကျင့်သော ပုဂ္ဂိုလ် သည်ပင်လည်း ငါးမျိုးကုန်သော အမိုးတို့တွင် တမျိုးမျိုးသော အမိုးဖြင့် လွှမ်းမိုးအပ်

၁၆၄ ဓမ္မပဒဝတ္ထုတော်ကြီး။ (ဆရာတော်-အသျင်စန္ဒိမာမ)

သော အကာရစ်သွဲ့ တံခါးအဖွဲယှိသော ကျောင်း၌ ဝါကပ်ဆိုအပ်၏။ ။ထိုစကားသည်မှန်၏။

နဘိက္ခဝေ အသေနာသနိကေန ဝဿံဥပဂန္တုံ။ယောဥပဂစ္ဆေယျ အာပတ္တိဒုက္ကဋဿ-ဟူ၍ မြတ်စွာဘုရားသည် ဟောကြား ပညတ်တော်မူခဲ့၏။

အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အသေနာသနိကေန၊ ဝါကပ်ဆိုရာ ကျောင်းမရှိဘဲ။ဝါ။ ကျောင်းမရှိသော ရဟန်းသည်။ ဝဿံ၊ မိုးယံးလပတ်လုံး မျှသုံးနေထိုင်ခြင်း တည်းဟူသော ဝါသို့။ နဥပဂန္တုံ၊ မကပ်ရောက် မနေအပ်။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ ဥပဂစ္ဆေယျ၊ ကပ်ရောက်ခဲ့ငြားအံ့။ သောဘိက္ခု၊ ထို ရဟန်းသည်။ ဒုက္ကဋဿ၊ အမည်ဒုက္ကဋ် ဤအာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ဤကားအနက်။

ထိုကြောင့် ဝါကပ်ဆိုရန် ချိန်ကန်သင့်ပြီး နိုးခဲ့သည် ယိုသော် ဝါဆိုကိန်းအောင်း ကျောင်းကို အကယ်၍ ရယို့ခဲ့အံ့။ ဤသို့ရယို့ခဲ့သော် သင့်လျော် ကောင်းမွန် လှပေ၏။ အကယ်၍ မရရှိခဲ့အံ့. ကျောင်းကန် ဆောက်ပြု လက်အမှုကို ရှာမှီး၍သော်လည်း ပြုအပ်၏။ လက်အမှုကို ရှာမှီး၍ မရသော ရဟန်းသည် မိမိကိုယ်တိုင် ပင်လည်း ပြုလုပ်အပ်၏။ နေမျကိန်းအောင်း ကျောင်း မရှိပါဘဲ စင်စစ် မိုးယံးလပတ်လုံး သီတင်းသုံးခြင်းတည်းဟူသော ဝါသို့မကပ် ရောက် မနေအပ်။ ဤသည်သာလျှင် ရဟန်းတို့ အစဉ်အလာ အမြဲ ဓမ္မတာဖြစ်ပေ၏]။

ထိုကြောင့် ထိုပစ္စေကဗုဒ္ဓါ အရှင်တို့သည် လက်အမှုကိုရည်ပြု ရပ်ကောင်း တောင်းကုန်အံ့ဟု သက်နိုးကို ပြုပြင် ဝတ်ရုံတော်မူကြ၍ ညနေချမ်းအခါ မြို့သို့ကြွဝင်တော်မူကုန်၍ ယေဉ္ဇူး၏ နေအိမ်တံခါးဦး ရပ်တည်တော်မူကုန်၏။ အကြီးအမှူးဖြစ်သော ကျွန်မသည် ရေအိုးကိုယူ၍ ရေဆိပ်သို့သွားစဉ် မြို့သို့ ကြွဝင်တော်မူကုန်သော အရှင်ပစ္စေကဗုဒ္ဓါတို့ကို တွေ့မြင်လိုက်၏။ သေဇ္ဇူးသည် ထိုပစ္စေက ဗုဒ္ဓါတို့၏ ကြွလာ

သော အကြောင်းကို ကြား၍ "ငါတို့အား အရှင်တို့ ကိန်းအောင်းရန် ကျောင်းကန်ကို ဆောက်လုပ်ဘွယ် အခွင့်မရှိ။အရှင်တို့ ကြွသွားစေကုန်သတည်း"ဟု ပြောဆိုလိုက်၏။ ထိုနောက် တစုံတခု လက်မှုကိစ္စ မရမရှိဘဲ မြို့မှထွက်ကြွတော်မူကုန်သော ထိုပစ္စေကဗုဒ္ဓါ အရှင်တို့ကို အကြီးအမှူးဖြစ်သော ကျွန်မသည် ရေအိုးကိုရွက်ယူ၍ မြို့သို့ ပြန်ဝင်သည်ယှိသော် တွေ့မြင်၍ ရေအိုးကို ခေါင်းထက်မှ ချထားရိုကျိုး ရှိခိုးဦးညွတ်၍ မျက်နှာကို ပင့်မော့လျက် "အရှင်ဘုရားတို့သည် မြို့သို့ ကြွဝင်တော်မူကာမျှ တခဏချင်း သာလျှင် ထွက်ကြွတော် မူလာကြ ကုန်သည်။ အကြောင်းအဘယ်သို့ပါနည်း"ဟု မေးလျှောက်၏။ "ဝါကပ်ဆိုရာ ကုဋိကျောင်း၏ လက်အမှုကို တောင်းခြင်းငှါ ကြွလာကြသည် ဖြစ်ကုန်၏"ဟုမိန့်ဆိုတော်မူကြသောအခါ"အရှင်ဘုရားတို့ ရအပ်ပါပြီလော" ဟု မေးလျှောက် ပြန်သဖြင့် "ဥပါသိကာမ၊ မရပါသေး"ဟု မိန့်ဆိုတော်မူကုန်၏။ "အရှင်ဘုရားတို့၊ အသို့ပေနည်း။ နေမျှ ကိန်းအောင်းထိ ကျောင်းကုဋိကို စည်းစိမ်ဖွံ့ဖြိုး အစိုးရသော သူတို့သည် သာလျှင် ပြုအပ်ကုန်သလော။ ထိုသို့မဟုတ် ဥစ္စာချွတ်နဲ ဆင်းရဲသောသူတို့သည်လည်း ပြုလုပ်ခြင်းငှါ တတ်ကောင်းပါကုန် သလော"ဟု မေးလျှောက် ပြန်သည် ယှိသော်၊ အို-ဥပါသိကာမ၊ အမှတ်မထင် အကြင် တစုံတယောက်သော သူတို့သည် ပြုခြင်းငှါ တတ်ကောင်း ပါကုန်၏"ဟု မိန့်ဆိုတော်မူကုန်၏။

ကျွန်ဘဝမှ လွတ်မြောက်ကြောင်း ကျောင်းဆောက်ခြင်း ကောင်းမှုပြုလုပ်ကြရန် တိုင်ပင်ကြခြင်း။

"အရှင်ဘုရားတို့၊ ကောင်းလှပါပြီ။ တပည့်တော်မတို့သည် ပြုလုပ်ပါကုန်အံ့။ နက်ဖြန်ခါ၌ တပည့်တော်မ၏ဆွမ်းကို ခံယူတော်မူပါကုန်လော့"ဟု လျှောက်ကြား ပင့်ဘိတ်၍ တဖန် ရေအိုးကို မြောက်ချီယူ-ငင်၍ ရေဆိပ်သို့ ရောက်လာသော လမ်းခရီး၌ရပ်တည်ပြီးလျှင်လာတိုင်းလာတိုင်းကုန်သော မိမိမှ ကြွင်းသော ကျွန်မတို့ကို ဤအရပ်၌သာလျှင် တံ့ရပ်တည်နေသည် ဖြစ်ကြကုန်ဦးလော့ဟု ပြောဆို၍ အလုံးစုံသော

ကျွန်မတို့ လာရောက် ဆုံစည်းမိသောအခါ၌ ''အို-မိခင်တို့၊ အသို့ပေနည်း။ အမြဲသာလျှင် သူတပါး၏ကျွန်အမှုကို ပြုလုပ်ကုန်လတ္တံ့လော။ ထိုသို့မဟုတ် ကျွန်အဖြစ်မှ လွတ်မြောက် ခြင်းငှါ အလို ရှိကုန်သ-လော''ဟု မေး၏။''အရှင်မ၊ယခုပင်လျှင် လွတ်မြောက်ခြင်းငှါအလိုရှိပါကုန်၏''ဟု ပြောဆိုကုန်သဖြင့် ''ဤသို့ လွတ်မြောက်ခြင်းကို အကယ်၍ အလိုယိုခဲ့အံ့။လက်အမှုကိုတောင်းခံ၍ မရကုန်သော ငါးပါးကုန်သော ပစ္စေကဗုဒ္ဓါတို့ကို ငါသည် နက်ဖြန်အလှူငှါ ပင့်ဖိတ်အပ်ကုန်၏။အသင်တို့၏ ခင်ပွန်းအရှင် လင်ယောကျ်ားတို့ကို တနေ့မျှလောက်လက်အမှုကို ပေးစေကြကုန်လော့''ဟု ပြောဆို၏။ ထိုကျွန်မတို့သည် ကောင်းပါပြီဟု ဝန်ခံကြ၍ ညနေချမ်းအခါ တောအုပ်မှ ပြန်လာသောကာလ၌ အရှင်လင်ယောကျ်ားတို့အား ပြောကြားကုန်၏။ ထိုသူတို့က ကောင်းပြီဟု ဝန်ခံ၍ အကြီး အမှူးဖြစ်သော ကျွန်မ၏အိမ်တံခါး၌ စုရုံးစည်းဝေးကုန်၏။ထိုနောက် အကြီးအမှူးကျွန်မက ထိုလူတို့ကို''အမောင်တို့၊ နက်ဖြန်ခါ၌ အရှင်ပစ္စေက ဗုဒ္ဓါတို့အား လက်အမှုကို ပေးလှူကုန်လော့''ဟု တိုက်တွန်းနှိုးဆော် အကျိုးအာနိသင်ကိုပြောကြား၍ အကြင်သူတို့သည် ပြုလုပ်ခြင်းငှါအလိုမရှိကုန်။ထိုသူတို့ကိုမြမြီစွာသောအဆုံးအမဖြင့် ခြိမ်းချောက် ပြောဆို အလုံးစုံသော သူတို့ကို ဝန်ခံစေ၏။ထိုအကြီးအမှူး ဖြစ်သော ကျွန်မသည် တဖန် မိုးလောက် ရောက်သောနေ့၌ ပစ္စေကဗုဒ္ဓါအရှင်တို့အား ဆွမ်းကိုပေးလှူ၍ အလုံးစုံကုန်သော ကျွန်သားတို့အား ပြောကြားသိအပ် အမှတ်ပေး၏။

ပစ္စေကဗုဒ္ဓါ အရှင်တို့အား ဝါတွင်း သုံးလပတ်လုံး ပစ္စည်းလေး ပါးဖြင့် ကိုးကွယ်လှူဒါန်းခြင်း။

ထိုကျွန်ယောကျ်ားတို့သည် ထိုခဏ၌ သာလျှင် တောသို့ သွားဝင်၍ အဆောက်အဦတို့ကို ပေါင်းစည်းစုရုံးပြီးလျှင် တရာ ကရာစီ တစု ဘစု ဖြစ်၍ တဆောင်သော ကုဋီကျောင်း စကြံ အစယ်သော ပရိဝုဏ်ကို ဆောက်လုပ်၍ ညောင်စောင်းအင်းပျဉ်သောက်ရေသုံးရေ စသည်တို့ကို တည်ထား၍ ပစ္စေကဗုဒ္ဓါ အရှင်တို့အား ဝါတွင်း သုံးလပတ်လုံး ထို

ကျောင်းပရိဝုဏ်၌သာလျှင် သီတင်းသုံးနေမျှခြင်းအကျိုးငှါစကားဝန်ခံ ပဋိညာဉ်ကို ပြုစေ၍ အလှည့်အကြိမ်ဖြင့် ဆွမ်းဝတ်ကို တည်ထားဖြစ်စေကြကုန်၏။ အကြင်မိန်းမသည် မိမိ၏ အလှည့်အကြိမ် ဖြစ်သောနေ့၌ ဆောက်တည် ပေးလှူခြင်းငှါ မစွမ်းနိုင်။ ထိုမိန်းမအား အကြီးအမှူးဖြစ်သော ကျွန်မသည် မိမိ၏အိမ်မှ ထုတ်ဆောင်၍ပေး၏။ ဤသို့ ပြဆိုခဲ့ပြီးသော အတိုင်းအားဖြင့် ဝါတွင်းသုံးလပတ်လုံး လုပ်ကျွေးပြုစုကြကုန်၍ အကြီးအမှူးဖြစ်သော ကျွန်မသည် တယောက် တယောက်သော ကျွန်မကို တထည် တထည်သော အဝတ်ပုဆိုးကို ဆီရင်စေ၏။ ထူထဲရှုံ့ကြမ်းသော ငါးရာကုန်သောပုဆိုးတို့သည် ဖြစ်ကုန်၏။ထိုပုဆိုးတို့ကို ကောင်းမွန် နူးညံ့သော ပုဆိုးတို့ဖြင့် လဲလှယ်စေ၍ ငါးပါးကုန်သော ပစ္စေကဗုဒ္ဓါအရှင်တို့အား သုံးထည် သုံးထည်ကုန်သော သင်္ကန်းတို့ကို ပြုလုပ်ကုန်၍ ပေးလှူကုန်၏။ ပစ္စေကဗုဒ္ဓါ အရှင်တို့သည် ထိုမိန်းမတို့ ကြည့်ရှုတွေ့မြင်ကုန်စဉ်သာလျှင် အဇဉ္ဇာဝေဟင် ထက်ကောင်းကင်ဖြင့် ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူကုန်၏။ အလုံးစုံသော ထိုမိန်းမတို့သည် လည်းအသက်ရှည်သမျှ ကာလပတ်လုံး ကျင့်သုံးပွါးလိုကုသိုလ်ကောင်းမှုကို ရွက်ဆောင်အားထုတ် ပြုလုပ်၍ နတ်ပြည်၌ ဖြစ်ကြကုန်၏။

မိဆွေးတော် ဂေါတမီ၏ အတိတ် ရက်ကန်းသည်မဝတ္ထု။

ထိုမိန်းမ အပေါင်းတို့တွင် အလုံးစုံသောသူတို့၏ အကြီးအမှူးဖြစ်သော မိန်းမသည် ထိုနတ်ပြည်မှ စုတေခဲ့၍ ဗာရာဏသီပြည်၏ အနီးဖြစ်သော ရက်ကန်းသည်တို့ရွာ၌ ရက်ကန်းသည် အကြီးအမှူး၏ အိမ်၌ ဖြစ်လေ၏။ ထိုနောက် တန္ခေသောအခါ၌ ပဒုမဝတီမိဖုရား၏ သားတော် ဖြစ်ကုန်သော ငါးရာကုန်သော အရှင်ပစ္စေကဗုဒ္ဓါတို့သည် ဗာရာဏသီပြည့်ရှင်မင်းမြတ် ပင့်ဖိတ်အပ်ကုန်သည်ဖြစ်၍ မင်းအိမ်နန်းတော်တံခါးသို့ ကြွလာတော်မူကုန်၍ ကြည့်ရှုသော်လည်း တစုံတယောက်သောသူကိုမျှလည်း မတွေ့မြင်သောကြောင့် ဆုတ်နစ်ပြန်လည်၍ မြို၏တံခါးဖြင့် ထွက်ကြွတော်မူကုန်ပြီးသော် ထိုရက်ကန်းသည်ရွာသို့ ကြွသွားတော်မူကုန်၏။ ဂေါတမီ၏ အလောင်းဖြစ်သော ထိုမိန်းမသည် အရှင်ပစ္စေကဗုဒ္ဓါတို့ကိုမြင်၍ ကောင်းစွာ ချစ်မြတ်နိုးခြင်းယိုလျက် အလုံးစုံသော

အရှင်ပစ္စေကဗုဒ္ဓါတို့ကို ရိသေသွတ်လျှီး ရှိခိုး၍ ဆွမ်းကို ပေးလှူ၏။ ထို ပစ္စေကဗုဒ္ဓါအရှင်တို့သည် ဆွမ်းဘဉ်းပေးခြင်း ကိစ္စကိုပြု၍ ဂန္ဓမာဒန တောင်သို့သာလျှင် ကြွသွားတော်မူကုန်၏။ ထိုရက်ကန်းသည် မိန်းမ သည်လည်း အသက်ရှည်ရှည် တည်နေသမျှ ကာလပတ်လုံး ကုသိုလ် ကောင်းမှုကို အားထုတ် ပြုစု၍ နတ်ပြည် လူ့ပြည်တို့၌ အမြဲမတည့် ကျင် လည့် ပြေးသွားလျက် ငါတို့မြတ်စွာဘုရား ဖြစ်ထွန်း ပွင့်လာတော်မူ သည်မှ ရှေးဦးစွာကပင်လျှင် ဒေဝဒဟပြည်မဟာသုပ္ပဗုဒ္ဓမင်းကြီး၏ နန်း အိမ်တော်၌ ပဋိသန္ဓေ တည်နေစွဲယူလေ၏။

မိဆွေးတော် ဂေါတမိ၏ ပစ္ဆုပ္ပန်ဝတ္ထု။

ထိုမင်းသွီးအား ဂေါတမိဟူသော အမည်ကို ပြုကြကုန်၏။ မဟာ မာယာ မင်းသွီး၏ ညီမတော်ရင်းစစ် ဖြစ်ပေ၏။ ဗေဒင်မန္တန် ရွတ်အံ သရဇ္ဈာယ်ကာ လက္ခဏာဖတ်ပုဏ္ဏားတို့သည်မင်းသွီးနှစ်ပါးတို့၏လက္ခ ဏာတို့ကို ကြည့်ရှုဖတ်ဆိုကုန်သည်ယှိသော် နှစ်ပါးလည်းဖြစ်ကုန်သော ဤမင်းသွီးတို့၏ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေကုန်သော သူငယ် တို့သည် စကြာမင်းတို့ ဖြစ်ကုန်လတ္တံ့ဟု နိမိတ်ကြောင်းလျား ဖတ်ကြား ပြောဆိုကုန်၏။ ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒန မင်းမြတ်သည် အရွယ်သင့်မြောက် ရောက်လေသော အခါ၌ နှစ်ပါးလည်း ဖြစ်ကုန် သော ထိုမင်းသမီးတို့ကို လောကီကြက်သရေ တက်နေထင်စွာ မင်္ဂလာ ကိုပြု၍ မိမိစံပျော် နန်းအိမ်တော်သို့ ဆောင်ယူလေ၏။ နောက် အခါ၌ အခါ၌ ငါတို့ ဘုရား အလောင်းတော်သည် တုသိတာ နတ်ပြည်မှ စုတေတော်မူခဲ့၍ မဟာမာယာမိဖုရားကြီး၏ ဝမ်း၌ ပဋိသန္ဓေ တည်နေ စွဲယူတော်မူ၍ မဟာ မာယာ မိဖုရားကြီးသည် ထိုဘုရား အလောင်း တော်ကို ဘွားမြင်သောနေ့မှနောက် ခုနစ်ရက်မြောက်သောနေ့၌ သေ လွန်ခြင်းကိုပြု၍ တုသိတာ နတ်ပြည်၌ ဖြစ်လေ၏။ သုဒ္ဓေါဒန မင်းကြီး သည် ဘုရားလောင်း၏ မိထွေးတော် မဟာပဇာပတိဂေါတမီကို မြတ် သော မိဖုရားကြီး ရာထူးကို ချီးကျူးမြှောက်စား တင်ထားတော်မူ၏။ ထိုအခါ၌ နန္ဒမင်းသားကို ဘွားမြင်တော်မူ၏။ ဤမဟာပဇာပတိ ဂေါ တမိမိဖုရားကြီးသည် သားတော်ရင်းစစ်ဖြစ်တော်မူသော နန္ဒမင်းသား

၂၆-မြာဟ္မဏဝဂ်၊ ဂ-မဟာပဇာပတိဂေါတမီဝတ္ထု၊ ၁၆၉

ကို နို့ထိန်း တို့အား ပေးထားအပ်နှံ၍ မိမိသည် အစ်မတော်၏သား ဘုရား အလောင်းတော်ကို နို့ချိတိုက်ကျွေး ပိုက်ထွေး ထိန်းဆောင်တော်မူ၏။ ကာလမြင့်ကြာ နောက်အဘို့ အခါ၌ ဘုရား အလောင်းတော်သည် မြတ်သောတောထွက်ခြင်းသို့ ထွက်ကြွတော်မူ၍ သဗ္ဗညုတဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးသည်ယှိသော် သတ္တဝါ အပေါင်းကို လမ်းကြောင်းဓမ္မ ဟောပြ ချီးမြောက်တော် မူလျက် အစဉ် အတိုင်းအားဖြင့် ကပိလဝတ် ပြည်သို့ ရောက်တော်မူ၍ မိုးသောက် ထလေ့နောက်တနေ့၌ မြို့သို့ ဆွမ်းခံ ကြွဝင်တော်မူ၏။ ထိုအခါ လျင်စွာ လာရောက် လျှောက်ထားသော မြတ်စွာဘုရား၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် လမ်းခရီးအကြား၌သာလျှင် တရားစကားကို ကြားနာရ၍ သောတာပန်ဖြစ်လေ၏။ နန်းတော်သို့ ကြွရောက်တော် မူသောအခါ "ဓမ္မဥရေ သုစရိတံ" အစယှိသောဂါထာကို ဟောကြားတော် မူသည်ယှိသော် မိထွေးတော် ဂေါတမီသည် သောတာပန်ဖြစ်၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမ် ဖြစ်လေ၏။ ထိုနောက် နှစ်ရက်မြောက်သောနေ့၌ နန္ဒမင်းသား ရဟန်းပြုတော်မူ၏။ ခုနစ်ရက်မြောက်သော နေ့၌ ရာဟုလာမင်းသား ရဟန်းပြုတော်မူ၏။ တဖန် မိုးသောက်သော နေ့၌ မင်းအိမ်နန်းတော်၌ ပြုအပ်ပြီးသော နံနက်စာ စားခြင်း ယှိသည်ဖြစ်၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေတော် မူသော ခမည်းတော်မင်းကြီးက "အရှင်ဘုရား၊ အရှင်ဘုရားတို့၏ ပြုနိုင်ခဲသော အမှုကို ပြုလုပ် ကျင့်ကြံတော်မူစဉ်အခါ၌ တဦးသောနတ်သည် ခမည်းတော်သို့ ချဉ်းကပ်၍ အသင်၏သားတော်သည် သေလွန်ပြီဟုပြောကြားပါ၏။ ခမည်းတော် အကျွန်ုပ်သည် ထိုနတ်၏ပြောကြားသောစကားကို မယုံကြည်ဘဲ ငါ၏သားတော်သည် သဗ္ဗညုတဘုရားအဖြစ်သို့ မရောက်မူ၍သေလွန်ခြင်းကိုမပြုဟုပယ်မြစ်ခဲ့ဘူးပါသည်" ဟုကြားလျှောက်သည်ယှိသော် မြတ်စွာဘုရားသခင်က "ခမည်းတော်မင်းကြီး၊ ဤယခုအခါ၌ အဘယ်မှာ ယုံကြည်ကုန်လတ္တံ့နည်း။ ရှေးရှေးသောဘဝအခါ၌လည်း အရိုးတို့ကိုပြ၍ အသင်သား သေလွန်လေပြီဟု ပြောဆို လေငြားသော်လည်း မယုံကြည် ဘူးကုန်ပြီ" ဟု မိန့်တော်မူ၍ ဤသို့သော အတ္ထုပ္ပတ်၌

မဟာဓမ္မပါလဇာတ်ကို ဟောကြားတော်မူ၏။ ဒေသနာတော်၏အဆုံး၌သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမိဖိုလ်၌တည်သော အနာဂါခဲ့ဖြစ်လေ၏။ ဤသို့လျှင်မြတ်စွာဘုရားသည် ခမည်းကော်မင်းတရားကို သုံးပါးသောဗိုလ်၌ ကည်စေတော်မူ၍ ရဟန်းအပေါင်းခြံရံလျက် တဖန်မိုးသောက်သောနေ့၌ ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူလေ၏။ ထိုမှတဖန် သာဝတ္ထိပြည် သို့ ကြွတော်မူခြင်း စသောအားဖြင့် လှည့်လည်ရှင်ပြုသိတင်းသုံးနေမျှတော်မူခဲ့ရာ ကာလမြင့်ကြာတပါးသော နောက်အဘို့ဖြစ်သောအခါ၌ မြတ်စွာဘုရားသည် ဝေဿာလီပြည်ကိုအမှီပြု၍ စုလစ်မွန်းချွန်အထွတ်ဟပ်သောစရပ်ကျောင်း၌ ကိန်းအောင်းနေမျှ သိတင်းသုံးတော်မူ၏။ ထိုအခိုက်အခါ၌ ခမည်းကော်သုဒ္ဓေါဒန မင်းကြီးသည် ထီးဖြူတော်၏ အောက်၌ ကုန်ပျော်ကိလေသာ စင်စွာပယ်ဖြတ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ ပရိနိဗ္ဗာန် ဝင်စံတော်မူ၏။ ခမည်းတော်မင်းတရား ဝင်သွားနိဗ္ဗာန် ကြောင်းဖြစ်ဟန်ကို အမှန်ကြားသိတော်မူသော မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်း ခြံရံလျက် ကပိလဝတ် ပြည်သို့ ကြွသွားကည်ယို ခမည်းတော်၏ အလောင်းကိုကောင်းစွာ သင်္ဂြိုဟ်စေပြီး၍ သင်္ကန်းတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း အရာမ၌ သိတင်းသုံးတော်မူ ခိုက်အခါ မဟာပဇာပတိ ဂေါတမီသည် ဘုရားမြတ်စွာ သာသနာတော်၌ကောင်းစွာဝင်မြန်းရဟန်းပြုလိုသော စိတ်ကိုဖြစ်စေ၏။ ထိုအခါ မဟာပဇာပတိ ဂေါတမီသည် အကြင်အရပ်၌ မြတ်စွာဘုရား ထင်ရှားမွေ့ထုံး သိတင်းသုံး နေတော်မူ၏။ ထိုဘုရားမြတ်စွာသိတင်းသုံးတော်မူရာအရပ်သို့ ချဉ်းကပ်ညွတ်လျိုးရှိခိုးဦးချ၍အပြစ်လွတ်ကင်း သန့်ရှင်းအခွင့်သင့်တင့်သောအရပ်၌ ဘည်းနေပြီးသောအခါမဟာပဇာပတိဂေါတမီသည်မြတ်စွာဘုရားသခင်ကို။

မိန်းမများ ရဟန်းအဖြစ် ခွင့်ပေးတော်မူရန် မိဇွေးတော်ဂေါတမီ၏ ကောင်းပန်ခြင်း။

သာဓု ဘန္တေ၊လဘေယျ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇံ။

ဟူသော ဤစကားကို လျှောက်ကြား၏။

အနက်ကား။ ။ဘန္တေ့၊ ဘုန်းတော်ကြီးလှပေသော သင့်းတော် ဘုရား။ သာဓု-အာယာစာမိ၊ ရိသေညွတ်လျှိုး ရှိခိုးတောင်းပန်၏။ မာတုဂါမော၊ မာတုဂါမသည်။ တထာဂတပ္ပဝေဒိတော၊ မြတ်စွာ ဘုရား ဟောကြားသတ်မှတ် သိစေအပ်သော။ ဓမ္မဝိနယော၊ သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်၌။ အဂါရဿ၊အိမ်ယာ ဘွဲ့နှောင် လူတို့ ဘောင်မှ။ နိက္ခမိတ္ဝာ၊ ရှောင်ခွါ ထွက်မြန်း၍။ အနဂါရိယံ၊ အိမ်ယာမနှောင် ရဟန်းဘောင်၌။ ပဗ္ဗဇ်္ဇ၊ ရဟန်းအဖြစ်ကို။ လဘေယျ၊ ရလိုပါ၏။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။ဘုန်းတော်ကြီးလှပေသော သားတော် ဘုရား၊ ရိသေညွတ်လျှိုး ရှိခိုးတောင်းပန်ပါ၏။ မာတုဂါမသည် မြတ်စွာဘုရား ဟောကြားသတ်မှတ် သိစေအပ်သော သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်၌ အိမ်ယာဘွဲ့နှောင် လူတို့ ဘောင်မှ ရှောင်ခွါထွက်မြန်း၍ အိမ်ယာမနှောင် ရဟန်းဘောင်၌ရဟန်းအဖြစ်ကို ရလိုပါ၏ဟု တောင်းပန်လျှောက်ကြားသောအခါ မြတ်စွာဘုရားက-

မြတ်စွာဘုရားက ပယ်ရှား တားမြစ်ခြင်း။

အလံ တေ ဂေါတမိ၊ မာ တေ ရုစ္စိ မာတုဂါမသံ တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရဿာ အနာဂါရိယံ ပဗ္ဗဇ်္ဇံ။

ဟု မိန့်ဆို တားမြစ်တော်မူ၏။

အနက်ကား။ ။ဂေါတမိ၊ မယ်တော် ရင်းအတူ ကြည်ဖြူ ခွင့်ရေး စောင့်ရှောက်၍မွေးမြူခဲ့သောမိထွေးတော်ဂေါတမီ၊တော၊အသင်အား။ အလံ၊ အခွင့်မလျော် မသင့်တော်။ တထာဂပ္ပဝေဒိတော၊ ငါဘုရားသည် ဟောကြားသတ်မှတ် သိစေအပ်သော။ ဓမ္မဝိနယော၊ သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်၌။ အဂါရဿာ၊အိမ်ယာဘွဲ့နှောင် လူတို့ဘောင်မှ။ နိက္ခမိတ္ဝာ၊ ရှောင်ခွါ ထွက်မြန်း၍။ အနဂါရိယံ၊ အိမ်ယာမနှောင် ရဟန်းဘောင်၌။ မာတုဂါမသံ၊ မာတုဂါမ၏။ ပဗ္ဗဇ်္ဇံ၊ ရဟန်းအဖြစ်ကို။ တေ-တယာ၊ အသင်မယ်တော်ဂေါတမီသည်။ မာရုစ္ဆိ၊ မနှစ်သက်ပါလေလင့်။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။မယ်တော်ရင်း အတူ ကြည်ဖြူခွင့်ရေး စောင့်ရှောက်မွေးမြူခဲ့ပေသော မိထွေးတော်ဂေါတမီ၊ အသင်မယ်တော်အား အခွင့်မလျော် မသင့်တော်ချေ။ ငါဘုရားသည် ဟောကြား သတ်မှတ်သိစေအပ်သော သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်တရားတော်၌ အိမယာဘွဲ့နှောင် လူတို့ဘောင်မှ ရှောင်ခွါထွက်မြန်း၍ အိမယာမနှောင် ရဟန်းဘောင်၌ မာတုဂါမ၏ ရဟန်းအဖြစ်ကို အသင်မယ်တော် ဂေါတမီသည် မနှစ်သက်ပါ လေလင့်ဟု မိန့်ဆိုပြန်ကြား ဟန့်တား ပယ်မြစ်တော်မူ၏။

မဟာပဇာပတိ ဂေါတမီသည် သုံးကြိမ်တိုင်အောင် ဘုန်းခေါင်မြတ်ဖျား သားတော်ဘုရားကို လျှောက်ထား တောင်းပန်ပါ သော်လည်း သုံးဖန်သုံးကြိမ် ချီးနှိမ်ပယ်ရှား မြစ်တားတော်မူဘိရကား၊ မဟာပဇာပတိ ဂေါတမီသည် "သားတော်ဘုရားကား ဟောကြားသတ်မှတ်သိစေအပ်သော သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်၌ အိမယာဘွဲ့နှောင် လူတို့ဘောင်မှ ရှောင်ခွါထွက်မြန်း ရဟန်းဘောင်၌ မာတုဂါမ၏ ရဟန်းအဖြစ်ကို ခွင့်ပြုတော်မမူပလော" ဟု အထွေထွေကြံစည်လျက် ထောက်တည်မသာ လွန်စွာဆင်းရဲကြေကွဲဘွယ်နုံးနှလုံးမသာ ဖြာဖြာယို့ထွက်မျက်ရည်စက်တို့ဖြင့် ပြည့်သော မျက်နှာယှိလျက် နွမ်းရိပူဆွေး ငိုကြွေးပြီးသော် သားတော် ဘုရားကို ညွတ်တွားပန်ထွာရိသေစွာရှိခိုးပြီး၍ လက်ျာရစ်လှည့်လည်သည်ကိုပြု၍ ဖဲသွားလေ၏။ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၌ သင့်တင့်ခွင့်ရနေမျှ သီတင်း သုံးတော်မူပြီး၍ ခရီးအစဉ်အတိုင်း ဖဲကြွတော်မူသည်ယှိသော် ဝေသာလီပြည်သို့ ရောက်တော်မူ၍ ဝေသာလီပြည်၏ အနီးဖြစ်သော မဟာဝုန်တောဝယ် စုလစ်မွန်းခွါန် အထွတ်တပ်သော စရပ်=ကျောင်း၌ ကိန်းအောင်းသီဟင်းသုံးတော်မူ၏။

မိထွေးတော် ဂေါတမီသည် သာကီဝင်မင်းသွီး ငါးရာနှင့်တကွ ရဟန်းအဖြစ် ခွင့်ပေးရန် ဒုတိယတဖန် တောင်းပန်ခြင်း။

ရောဟဏီ မြစ်ကမ်း၌ ကလဟဝိဝါဒသုတ်ကို ဟောကြားပြီးသော

အဆုံး၌ လူ့ဘောင်မှ ထွက်၍ ရဟန်းပြုကုန်သော ငါးရာကုန်သောမင်း သားတို့၏ ခြေရင်းအလုပ်အကျွေး ဖြစ်ကုန်သော မင်းသွီးတို့သည် တူမျှ သော စိတ်ယှိကုန်သည် ဖြစ်သောကြောင့် မဟာပဇာပတိ ဂေါတမီ၏ အထံသို့ သွားရောက်၍ အလုံးစုံသာလျှင် ဖြစ်ကုန်သော အကျွန်ုပ်တို့ သည် မြတ်စွာဘုရားသခင်၏ အထံတော်၌ ရဟန်းပြုကုန်အံ့ဟု တိုင်ပင် ပြောဆိုကာ မဟာပဇာပတိ ဂေါတမီကို အကြီးအမှူး ဦးစီးရှေဆောင် ပြု၍ မြတ်စွာဘုရားအထံတော်သို့ လိုက်သွားခြင်းငှါ အလိုယှိသည်ဖြစ် ကုန်၏။ ဤမဟာပဇာပတိ ဂေါတမီ သည်လည်း ရှေးဦးစွာသာလျှင် တကြိမ် မြတ်စွာဘုရားကို ရဟန်းအဖြစ် စင်စစ်ပေးရန် ကောင်းပန် လျှောက်ကြားသော်လည်း အခွင့်မရခဲ့ချေဟု ကြံစည်ရည်ညောင်း ထို အကြောင်းကြောင့် ဆေတ္တာသည်ကို ခေါ်စေပြီးလျှင် ဆံပင်တို့ကို ဖြတ် ရိတ်စေ၍ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းတို့ကို ဝတ်ပြီးသော် အလုံး စုံသော ထိုသာကီဝင် မင်းသွီးတို့ကို ခေါ်ယူ၍ မြတ်စွာဘုရား သီတင်း သုံး စံတော်မူရာ ဝေသာလီပြည်သို့ ခရီးအစဉ်အတိုင်း လိုက်သွားကြ၍ အသားကြူးဆောင် ဖူးဖူးရောင်သော ခြေတို့ဖြင့် နေအရှိန်ရောင် ပူ လောင်ချွေးဖြာ လေလာ ဝိုက်အုံ မြှုမှုန်လိမ်းထပ် ပြွမ်းကပ်သောကိုယ် ဖြင့် ငြိုငြင်ဆင်းရဲ လွန်ကဲလွမ်းဖုံး စိတ်နှလုံးမသာ စီးဖြာမျက်ရေ ညှိုးခွေ မျက်နှာ ငိုကြွေးရှာလျက် ဝေသာလီပြည် မဟာဝုန်တော စုလစ်မွန်းချန် အထွတ်တပ်သော စရပ်ကျောင်းတံခါးမုခ်အပပြင်ဘက်၌ ဆိုက်ရောက် တည်နေ၏အာနန္ဒာမထေရ်သည်လှည့်လည်ကြွလာတွေ့ယှိတော်မူသော အခါ "မယ်တော်ဂေါတမီ၊အဘယ့်ကြောင့် ဖူးဖူးရောင်သောခြေ၊မြှုမှုန့် လိမ်းကပ်သော ကိုယ်ဖြင့် ဆင်းရဲပင်ပန်း ညှိုးနွမ်းကျထွက် မျက်ရည်ယို စီးသောမျက်နှာ ပြင်းစွာငိုကြွေးလျက် ဤတံခါးမုခ်အပ၌ တည်နေပါ သနည်း" ဟု မေးတော်မူသဖြင့် "အရှင်ဘုရား အာနန္ဒာ၊ဟုတ်မှန်တိုင်း သာ လျှောက်ထားပါအံ့။ အမောင့် နောင်တော်ဖြစ်သော သားတော် ဘုရားသည် ဟောကြားမိန့်ရာ သာသနာ တည်းဟူသော သုတ်,အဘိ ဓမ္မာ, ဝိနည်းတရားတော်၌ မာတုဂါမ၏ အိမ်ယာဘွဲ့နှောင် လူ့ဘောင် မှထွက်၍ အိမ်ယာမနှောင် ရဟန်းဘောင်၌ရဟန်း အဖြစ်ကို ခွင့်ပြုတော်

မမှု။ ထိုကြောင့်ဤကဲ့သို့ပြုလုပ် တည်နေလာပါသည်”ဟု လျှောက်ကြား၏။ ‘‘မယ်တော် ဂေါတမီ၊ ထိုသို့ ဖြစ်ကပြီးကား အကြင်မျှလောက် ကာလပတ်လုံး အကျွန်ုပ်သည် မာတုဂါမ၏ မြတ်စွာဘုရား ဟောကြားမိန့်ရာ သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်၌ အိမ်ယာ တည်ထောင် လူတို့ဘောင်မှ ခွါရှောင်၍ အိမ်ယာ မနှောင်ရဟန်းဘောင်၌ ရဟန်းအဖြစ်ကို ရအောင် မြတ်စွာဘုရားကို လျှောက်ထား တောင်းပန်ပါအံ့။ထိုမျှလောက်တာ ကာလကြာအောင် တခဏမျှဤအရပ်၌နေ၌ ဆိုင်းငံ့ပါဦးလော့’’ဟု ပြောဆိုပြီးလျှင် အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်၍ ‘‘ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည်ဟောကြဲားဆုံးမရာ သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်၌ အိမ်ယာတည်ထောင်လူ့ဘောင်မှထွက်၍အိမ်ယာမနှောင်ရဟန်းဘောင်၌မာတုဂါမ၏ ရဟန်းအဖြစ်ကို ခွင့်ပြုတော်မ်မူ။ ထိုအကြောင်းကြောင့် ထိုမယ်တော် ဂေါတမီသည် ဆံပင်တို့ကို ရိတ်ပယ်လျက် ဖန်ရည်စွန်းသော အဝတ်သက်နီးတို့ကို ဆင်မြန်းပြီးခါ ဝေးကွာလှစွာ လမ်းခရီးဖြစ်သောကပိလဝတ်ပြည်မှ လိုက်လာ၍ ဖုံးဖုံးရောင်သော ခြေတို့ဖြင့် မြူမှုန် လိမ်းကပ်သော ကိုယ်ဖြင့် ဆင်းရဲပင်ပန်းစွာ မျက်ရည် ယိုစီးသော မျက်နှာ သည်းစွာ ငိုကြွေးလျက် ကျောင်း၏ တံခါးမုခ်အပ၌ တည်နေလာပါသည်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဟပည့်တော် တောင်းပန်ပါ၏။ မာတုဂါမသည် မြတ်စွာဘုရား ဟောကြဲားဆုံးမရာ သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်၌ အိမ်ယာတည်ထောင် လူတို့ဘောင်မှ ထွက်ရှောင်စွန့်ခွာ၍ အိမ်ယာမနှောင် ရဟန်းဘောင်၌ ရဟန်းအဖြစ်ကို ရပါစေလော’’ဟုကောင်းပန်လျှောက်ကြားသည်ယ်သော်‘‘ချစ်သား အာနန္ဒာ၊မသင့်လျော် မလျောက်ပတ်ချေ။ငါဘုရား ဟောကြားဆုံးမရာသာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်၌ အိမ်ယာတည်ထောင် လူတို့ဘောင်မှ ထွက်ခွါ၍ အိမ်ယာမနှောင် ရဟန်းဘောင်၌ မာတုဂါမ၏ ရဟန်းအဖြစ်ကို အသင် ချစ်သားသည် မနှစ်သက်ပါလင့်’’ ဟု တားဖြစ်မိန့်ဆိုတော်မူ၏။ ဤသို့

သောနည်းဖြင့် အာနန္ဒာမထေရ်သည် သုံးကြိမ်တိုင်အောင် လျှောက်ထားတောင်းပန်၍ မြတ်စွာဘုရားက သုံးကြိမ်တိုင်တိုင် တားမြစ် မိန့်ဆိုတော်မူသောအခါ အာနန္ဒာမထေရ်သည် "ဘုန်းစည်ထွတ်ထား မြတ်ဘုရားကားဟောကြားတော်မူရာသာသနာတည်းဟူသောသုတ်, အဘိဓမ္မာ, ဝိနည်း၌ အိမ်ယာတည်ထောင် လူ့ဘောင်မှ ထွက်၍ အိမ်ယာမနှောင်ရဟန်းဘောင်၌ မာတုဂါမ၏ ရဟန်းအဖြစ်ကို ခွင့်ပြုတော်မမူ။ အကယ်၍ငါသည် တပါးသောအကြောင်း ပရိယာယ်ဖြင့် လဲလှယ်ထင်ရှားမြတ်စွာဘုရားကို တောင်းပန်လျှောက်ကြား ရပါမူကားသင့်လျော်ကောင်းမြတ်ပေလိမ့်မည်" ဟုကြံစည်တော်မူ၍ "ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ မာတုဂါမသည် အရှင်ဘုရားဟောကြားသိစေရာသာသနာတည်းဟူသောသုတ်အဘိဓမ္မာဝိနည်းတရားတော်၌ အိမ်ယာတည်ထောင် လူ့ဘောင်မှ ထွက်၍ အိမ်ယာမနှောင် ရဟန်းဘောင်၌ ရဟန်းပြု၍ သောတာပတ္တိဖိုလ်ကို လည်းကောင်း၊ သကဒါဂါမိဖိုလ်ကို လည်းကောင်း၊ အနာဂါမိ ဖိုလ်ကို လည်းကောင်း၊ အရဟတ္တ ဖိုလ်ကို လည်းကောင်း မျက်မှောက် ပြုခြင်းငှါ ထိုက်ပါအံ့ လော" ဟု မေးလျှောက်၏။ ချစ်သားအာနန္ဒာ၊ မာတုဂါမသည် ငါဘုရား ဟောကြားဆုံးမရာ သာသနာ တည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်၌ အိမ်ယာတည်ထောင် လူ့ဘောင်မှ ထွက်၍ အိမ်ယာမနှောင် ရဟန်းဘောင်၌ ရဟန်းပြုပြီး၍ သောတာပတ္တိဖိုလ်ကို လည်းကောင်း၊ သကဒါဂါမိ ဖိုလ်ကိုလည်းကောင်း၊ အနာဂါမိ ဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်ကို လည်းကောင်း မျက်မှောက်ပြုခြင်းငှါ ထိုက်ပေသည်" ဟူ၍ မြတ်စွာဘုရားက ဖြေကြားတော် မူသည် ယှိသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မာတုဂါမသည် အရှင်ဘုရား ဟောကြားသိစေရာသာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်၌ အိမ်ယာ တည်ထောင် လူ့ဘောင်မှထွက်၍ အိမ်ယာမနှောင် ရဟန်းဘောင်၌ ရဟန်းအဖြစ်ကို ပြု၍ သောတာပတ္တိ ဖိုလ်ကို လည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိဖိုလ်ကို လည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုခြင်းငှါ ထိုက်ခဲ့

ပါအံ့။ ဤသို့ထိုက်ခဲ့သည်ယှိသော် ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ မဟာပဇာပတိ ဂေါတမီသည် ထို ဤတိုင်းစား မပိုင်းခြားနိုင်အောင် ကြီးမား များမြတ်သော ကျေးဇူး ယှိပါပေ၏။ အရှင်မြတ်စွာဘုရား၏ မယ်တော်ရင်းစစ်ဖြစ်သော မဟာမာယာမိဖုရားကြီး၏ ညီမတော် မိထွေးတော်ရင်းပါပေတည်း။ အရှင်ဘုရား မွေးဘွားတော်မူစဉ်ငယ်ကလျှင်စ၍ပြုဘိ မိမိအလိုလိုသာ ခြေဖြင့်သွားနိုင်လောက်သောအရွယ်သို့ ရောက်အောင် စောင့်ရှောက် ကြီးပွါးစေပါ၏။ ထိုထို့ဤဤကေးမသီအောင် ပိုက်ချီဆောင်ယူ မွေးမြူတော် မူခဲ့ပါပေ၏။ မိမိကိုယ်ဖြစ် ရင်နှစ်နို့ရည်ကို ကြည်ဖြူစွာ တိုက်ကျွေးတော် မူပါပေ၏။ အရှင်ဘုရား မယ်ဘွားရင်းချာ မဟာမာယာမိဖုရားကြီးသည် နတ်ထိုးကြင့်နှံစံမြန်းကွယ်လွန်တော်မူသည်ယှိသော် မိမိမှမွေးဘွားသော သားတော်ရင်းဖြစ်သော နန္ဒာမင်းသားကို နို့ထိန်းတို့ထံ အပ်နှံမွေးမြူစေပြီးသော အခါ အရှင်မြတ်စွာဘုရားကို မိမိကိုယ်တိုင် ထိန်းသိမ်းပိုက်ထွေး အရေးတယူ ကြည်ဖြူမြတ်လေး နို့ချိုအေးကိုတိုက်ကျွေးခဲ့ပါ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော် တောင်းပန်လျှောက်ကြားဝံ့ပါ၏။ မာတုဂါမသည် အရှင်ဘုရား၏ ဟောကြားသိစေရာ သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်၌ အိမ်ယာတည်ထောင် လူ့ဘောင်မှထွက်၍ အိမ်ယာမနှောင် ရဟန်းဘောင်၌ ရဟန်းအဖြစ်ကို ရပါစေလော့”ဟု တောင်းပန်လျှောက်ကြား၏။

အရှင်အာနန္ဒာ ထောက်မကာ လျှောက်တောင်းပန်သဖြင့် မိန်းမများ ရဟန်းအဖြစ် ခွင့်ပေးတော်မူခြင်း။

ထိုအခါမြတ်စွာဘုရားသခင်က ချစ်သားအာနန္ဒာ၊ မဟာပဇာပတိဂေါတမီသည် ရှစ်ပါးကုန်သော ဂရုဓမ္မတို့ကို အကယ်၍ ကောင်းစွာခံယူခဲ့အံ့။ ဤသို့ခံယူခဲ့သည် ယှိသော် ထိုမဟာပဇာပတိ ဂေါတမီအား ထိုရှစ်ပါးသော ဂရုဓမ္မခံယူခြင်းသည် ပင်လျှင် ရဟန်းပဉ္စင်းဖြစ်ပေ၏။

ရှစ်ပါးကုန်သော ဂရုဓမ္မတို့ ဟူသည်ကား—

၁။ ။အဝါတရာရပြီးသော ရဟန်းမိန်းမသည် ယနေ့ပဉ္စင်းအဖြစ်

သို့ ရောက်သော ရဟန်းယောကျ်ားအား အရိုအသေ ရှိခိုးခြင်း ခရီးဦးကြိုခြင်း လက်အုပ်ချီခြင်းအမှု အရိုအသေ အမှုကို ပြုအပ်၏။

၂။ ။ရဟန်း မိန်းမသည် ရဟန်း ယောကျ်ား အနီး မယှိသော ကျောင်း၌ ဝါကပ်ဆို မနေအပ်။

၃။ ။တလ၏ထက်ဝက်ဖြစ်သော ပက္ခတိုင်း ပက္ခတိုင်း ရဟန်းမိန်းမသည် ရဟန်းယောကျ်ားသံဃာကော်ထံမှ ဥပုသ်နေ့ကို မေးလျောက်ခြင်းငှ၊ အဆုံးအမ ခံယူခြင်းငှါ ကပ်ရောက်ခြင်းငှ၊ ဤနှစ်ပါးကုန်သော တရားတို့ကို အဖန်တလဲလဲ တောင့်တ အပ်ကုန်၏။

၄။ ။ဝါမှထမြောက် ဝါကျွတ်ရောက်သော ရဟန်းမိန်းမသည် ရဟန်းယောကျ်ား, ရဟန်းမိန်းမ နှစ်ဦးသောသံဃာ၌ အမြင်ဖြင့်ငှ၊ အကြားဖြင့်ငှ၊ တွေးတော ယုံမှားခြင်းဖြင့်ငှ၊ ဤသုံးပါးကုန်သော အကြောင်းတို့ဖြင့် ပြောဆို ဆုံးမရန် ဖိတ်ကြားအပ်၏။

၅။ ။ဂရုမမူအမည်ယှိသော သံဃာဒိသိသ် အာပတ်သို့ ရောက်သော ရဟန်းမိန်းမသည် နှစ်ဦးသော သံဃာ၌ပက္ခမာနတ်ကို ကျင့်အပ်၏။

၆။ ။နှစ်နှစ်တို့ပတ်လုံး ခြောက်ပါးကုန်သော သိက္ခာပုဒ် တရားတို့၌ ကျင့်အပ်ပြီးသော သိက္ခာယှိသော သိက္ခမန်မ၏ နှစ်ဦးသော သံဃာ၌ ရဟန်းပန္ဆင်းအဖြစ်ကို ရှာမှီးအပ်၏။

၇။ ။ရဟန်းမိန်းမသည် တစုံ တခုသော အကြောင်းဖြင့် ရဟန်းယောကျ်ားကို မဆဲဆိုအပ်၊ မရေရွတ်အပ်။

၈။ ။ယနေ့ကို အစပြု၍ ရဟန်းယောကျ်ားကို၌ ရဟန်းမိန်းမတို့၏ ပြစ်တင်ပြောဆိုခြင်း စသော စကားအကြောင်းကို ပိတ်ပင်အပ်၏။ ရဟန်းမိန်းမတို့၌ ရဟန်းယောကျ်ားတို့၏ ပြစ်တင်ပြောဆိုခြင်း စသော စကားအကြောင်းကို မပိတ်ပင်အပ်။

ဤသို့ ဖေါ်ပြခဲ့သော တပါးပါးသော ကျင့်ဝတ်တရားကို အရှိအသေပြု၍ အလေးပြု၍ မြတ်နိုး၍ ပူဇော်၍ အသက်ရှည်သမျှ ကာလပတ်လုံး မလွန်ကျူးအပ်။

"ချစ်သားအာနန္ဒာ၊ ဤသို့ဖေါ်ပြ ဂရုဓမ္မကို မဟာပဇာပတိ ဂေါတမီသည် အကယ်၍ ခံယူနိုင်ခဲ့အံ့၊ ယင်းသို့ခံယူနိုင်သည်ယိုသော် ထိုရှစ်ပါးသော ဂရုဓမ္မခံယူခြင်းသည်ပင်လျှင် ထိုမဟာပဇာပတိဂေါတမီအား မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ် ဖြစ်စေလော" ဟု မိန့်ကြားတော်မူ၏။

မိဇွေးတော်ဂေါတမီ ရဟန်းအဖြစ်ကိုရခြင်း။

အာနန္ဒာ မထေရ်သည် မြတ်စွာဘုရား အထံတော်မှ ဂရုဓမ္မ ရှစ်ပါးကို သင်ယူ၍ မဟာပဇာပတိ ဂေါတမီအား အကြောင်းပြန်ကြား ရှစ်ပါးသော ဂရုဓမ္မကို ဝမ်းမြောက်ဝမ်းသာ ကောင်းစွာခံယူသော မဟာပဇာပတိ ဂေါတမီသည် ရှစ်ပါးကုန်သော ဂရုဓမ္မတို့ဖြင့် ရှင်အဖြစ်ကိုလည်းကောင်း၊ ရဟန်းပဉ္စင်းအဖြစ်ကိုလည်းကောင်း ရယ်လေ၏။ မိဇွေးတော် ဂေါတမီမှ တပါးကုန်သော အလုံးစုံလည်း ဖြစ်ကုန်သော သာကီဝင် မင်းသွေးတို့သည်လည်း တပြိုင်နက်တည်း သာလျှင် ရဟန်းပဉ္စင်းအဖြစ် ဖြစ်လေကုန်၏။ ထိုနောက် တရံသောအခါ မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ သင့်တင့်လျောက်ပတ်သော အရပ်၌ တည်နေ၏။ ထိုအခါ မဟာပဇာပတိဂေါတမီအား မြတ်စွာဘုရားသည် တရားကို ဟောကြားတော်မူ၏။ ထိုမဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းကို ယူ၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ကြင်းကုန်သော ငါးရာကုန်သော ဘိက္ခုနီမတို့သည် နန္ဒကောဝါဒသုတ်အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

နောက်အဘို့၌ မြတ်စွာဘုရားသခင်သည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် ဘိက္ခုနီမ တို့ကို အရာ အထူး၌ ချီးကျူး မြှောက်စား ထားတော်မူသည်ယိုသော် မဟာပဇာတိဂေါတမီကို ညွှန်ပြ အပိုင်းအခြားကို သိကုန်သော ဘိက္ခုနီမတို့တွင် အထွတ်အမြတ် အရာ၌

ထားတော်မူ၏။ ထိုစကားကိုထင်ရှားစေဦးအံ့။ မြတ်စွာဘုရား သခင်သည် ဖော်ပြခဲ့ပြီးသော စကားအစဉ်အတိုင်းအားဖြင့် သိက္ခာပုဒ် ပညတ်ခြင်း၏ အကြောင်းဝတ္ထုသည် မဖြစ်ပေါ်မီ ပညတ်တော် မူအပ်ကုန်သော ရှစ်ပါးကုန်သော ဂရုဓမ္မတို့ကို တန်ဆာဆင်တတ်သော သဘောရှိသော ယောကျ်ားသည် ကောင်းစွာ ရည်သွန်း ထုံမွှန်းအပ်သော ပန်းကုံးကို ကောင်းစွာပန်ဆင်ခံယူသကဲ့သို့ ဦးခေါင်းဖြင့်ကောင်းစွာ ခံယူ၍ အခြံအရံနှင့် တကွသော မဟာပဇာပတိ ဂေါတမီသည် မြင့်မြတ်သော ရဟန်းပျွင်းအဖြစ်ကို ရလေ၏။

[ထိုမဟာပဇာပတိ ဂေါတမီအား တပါးသော ဥပဇ္ဈာယ်သည် လည်းကောင်း၊ ဆရာသည်လည်းကောင်း မရှိ။ ဤသို့ ရအပ်သော ရဟန်းပျွင်း အဖြစ်ရှိသော မထေရ်မကို အကြောင်းပြု၍ ဟောကြားတော်မူပေ၏။

ထိုကြောင့် ၎င်းအဋ္ဌကထာ၌။ ။ဘဂဝတာ ဟိ အနုပ္ပန္နေ ဝတ္ထုသ္မိံ ပညတ္တေ အဋ္ဌဂရုဓမ္မေ မဏ္ဍနကဇာတိယော ပုရိသော သုရဘိ ပုပ္ဖဒါမံဝိယ သိရသာ သမ္ပဋိစ္ဆိတ္တာ သပရိဝါရာ မဟာပဇာပတိဂေါတမီ ဥပသမ္ပဒံ လဘိ၊ အညော တသာ ဥပဇ္ဈာယော ဝါ အာစရိယော ဝါ နတ္ထိ။ဧဝံ လဒ္ဓ။ပသမ္ပဒံ ထေရိံ အာရဗ္ဘ ကထေသိ။ ဟု မိန့်တော်မူ၏။

အနက်ကား။ ။ဟိ-တပ္ပါကဋိကရောမိ၊ ထိုစကားကိုထင်ရှားအောင် ဆိုလိုက်ဦးအံ့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝတ္ထုသို့၊ အကြောင်းဝတ္ထုသည်။ အနုပ္ပန္နေ၊ မဖြစ်ပေါ်မီ။ ပညတ္တေ၊ ပညတ်တော်မူအပ်ကုန်သော။အဋ္ဌဂရုဓမ္မေ၊ရှစ်ပါးကုန်သောဂရုဓမ္မတို့ကို။ မဏ္ဍနကဇာတိယော၊ တန်ဆာဆင်တတ်သော သဘောရှိသော။ ပုရိသော၊ ယောကျ်ားသည်။ သုရဘိပုပ္ဖဒါမံ၊ နံ့သာမျိုးစုံ ကောင်းစွာထုံအပ်သော ပန်းကုံးကို။ သမ္ပဋိစ္ဆတိဝိယ၊ ကောင်းစွာ ကြည်ဖြူ ခံယူဘိသကဲ့သို့။ သိရသာ၊ဦးခေါင်းဖြင့်။ သမ္ပဋိစ္ဆိတ္တာ၊ ကောင်းစွာခံယူ၍။ သပရိဝါရာ၊အခြံအရံနှင့်တကွ။မဟာပဇာပတိ ဂေါတမီ၊မဟာ

ပဇာပတိ ဂေါတမီသည်။ ဥပသမ္ပဒံ၊ ရဟန်းပဉ္စင်း အဖြစ်ကို။ လတိ၊ ရလေ၏။ တဿာ၊ ထိုမဟာပဇာပတိ ဂေါတမီအား။ ဝါ။ ၏။ အညော။ တပါးသော။ ဥပဇ္ဈာယော ဝါ၊ ဥပဇ္ဈာယ် သည်လည်း ကောင်း။ အာစရိယော ဝါ၊ ဆရာသည်လည်းကောင်း။ နတ္ထိ၊ မရှိ။ ဧဝံ လဒ္ဓ။ပသမ္ပဒံ၊ ဤသို့ရအပ်သော ရဟန်း ပဉ္စင်းအဖြစ်ယှိသော။ ထေရိံ၊ မထေရ်မကို။ အာရဗ္ဘ၊ ရည်ရော်သမှု အကြောင်းပြု၍။ ကထေသိ၊ ဟောကြားတော်မူ၏။ ။ဤကားအနက်]။

တပါးသောအခါ၌ "မဟာပဇာပတိ ဂေါတမီ၏ ဆရာဥပဇ္ဈာယ် တို့သည် ရည်ရွယ်ပြစ်စင် ဤသူပင်ဟု မထင်ကြကုန်။မိဒိ၏ လက်ဖြင့်သာ လျှင် ဖန်ရည်စွန်းသောအဝတ်တို့ကို ယူငင်ဝတ်ဆင်၏" ဟူသောစကား ကို ဖြစ်စေကြကုန်၏။ ဤသို့သော စကားကိုလည်း ပြောကြားကုန်ပြီး၍ ကား ရဟန်းမိန်းမတို့သည် အလိုလိုယှိကြကုန်သည် ဖြစ်၍ ထိုမဟာပဇာ ပတိ ဂေါတမီနှင့် အတူတကွ ဥပသိကံကို မပြုကြကုန်။ပဝါရဏာကံကို မပြုကြကုန်။ ထိုရဟန်းမိန်းမတို့သည် သွားရောက်ကုန်၍ မြတ်စွာဘုရား အားလည်း ထိုအကြောင်းကိုကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်း မိန်းမတို့ လျှောက်ကြားသော စကားကို ကြားတော်မူ၍ "မဟာပဇာပတိ ဂေါတမီအားရှစ်ပါးကုန်သောဂရုဓမ္မတို့ကို ပေးအပ် ကုန်၏။ငါဘုရားသည်သာလျှင် ထိုမဟာပဇာပတိဂေါတမီ၏ဥပဇ္ဈာယ် ပေတည်း။ကာယဒုစရိုက် စသည်တို့မှ ကင်းစင်ကုန်သော၊ ကုန်ပြီးသော အာသဝေါယှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၌ အလိုလိုမည်ဘည် မပြု အပ်ပေ" ဟု မိန့်တော်မူပြီး၍ တရားကို ဟောကြားတော် မူလိုသော ကြောင့်။

ပြာဟ္မဏ၏ အရကို ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

ယဿ ကာယေန ဝါစာယ၊ မနသာ နတ္ထိ ဒုက္ကဋံ။
သံဝုတံ တီဟိ ဌာနေဟိ၊ တမဟံ ဗြူမိ ပြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို မိန့်ဆိုတော်မူ၏။

၂၆-မြောဟ္မဏဝဂ်၊ ၉-သာရိပုတ္တရာမထေရဝတ္ထု၊ ၁၈၁

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

ဂါထာ၏ အနက်ကား။ ။ယဿ ပုဂ္ဂလဿ၊ အကြင် ပုဂ္ဂိုလ်အား။ ကာယေန၊ ကာယဒွါရဖြင့်။ ဝါစာယ၊ ဝစီဒွါရဖြင့်။မနသာ၊မနောဒွါရဖြင့်။ ဒုက္ကဋံ၊ အဖြစ်ယိုကဲ့ ဆင်းရဲပွါးကြွယ် အပါယ်၌ဖြစ်စေ တတ်သော မကောင်းသဖြင့် ပြုအပ်သောအမှုသည်၊ နတ္ထိ၊ မရှိ။တီဟိ ဌာနေဟိ၊ ကာယဒွါရ စသည်ဖြစ်ကောင်း သုံးပါးသော အကြောင်းတို့ဖြင့်။ ဝါ၊ တို့မှ။ သံဝုတံ၊ ကာယဒုစရိတ စသည်ပေါင်းစု မကောင်းမှု ဝင်ခွင့်ကို ဟားမြစ်ခြင်းငှါ ပိတ်ပင်စောင့်စည်းထသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ မြောဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသော သူဟူ၍။ အဟံ၊ သင်တို့ဆရာ ဘုရားငါသည်။ ဗြူမိ၊ ဟောတော်မူပေ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ မြောဟ္မဏဝဂ်၌ ရှစ်ခုမြောက်သော မဟာပဇာပတိဂေါတမီ၏ ဝတ္ထုစကား အစဉ်ကား ဤတွင် ကွေပြီး၏။

၂၆-မြောဟ္မဏဝဂ်၌၊ ၉-အာသဇ်မထေရ်အား အမြဲမြတ်နိုး ရှိခိုးခြင်းနှင့် စပ်လျဉ်းသော သာရိပုတ္တရာ မထေရ်ဝတ္ထု။

ယမှာ။ ။အစလာသော၊ ဤဓမ္မဒေသနာကို၊ များစွာကျေးဇူး၊ ယှဉ်ပေဘဂ္ဂူးသား၊အထူးပုံယင်၊ ကျေးဇူးရှင်ကို၊အစဉ်မသိ၊မောဟဖိသည်၌၊ ဒုက္ခိဝေနေ၊ များထွေထွေကို၊ အနေဂုဏ်ထူး၊ကျေးဇူးသိကြောင်း၊လမ်းကောင်း ဓမ္မဖြင့်၊ ဆုံးမ ဟောကြားတော် မူတတ်သော မြတ်စွာဘုရားသည်၊ ထက်ဖျားဘုံပျံ၊ဝေဇယန်ကို၊လူ့ထံလောက၊ဆောင်ယူပြသို့၊ မမျှဘက်ညွှန်၊ ကောင်းမျိုး လွန်သော၊ ဇောတဝန် ရွှေကျောင်း၌၊ ကိန်းအောင်းကော် မူလျက်၊ သာရိ ပုတ္တရာ မထေရ်ကို၊ ဦးကည့် ရှေးရှု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူ ခဲ့သတည်း။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

မမ္မသေနာပတိ မည်ယှိထင်စွာ ထို အရှင်သာရိပုတ္တရာသည် ပဉ္စဝဂ္ဂီ မထေရ်ငါးပါးတို့တွင် တပါးဝင်ဘိ အဿဇိမထေရ်၏ အထံ၌ "ယေ မမ္မာ ဟေတုပဘဝါ" အစလာသော ဂါထာ တရားကို ကြားနာရ၍ သောတာပတ္တိဖိုလ်သို့ရောက်သောကာလမှစ၍ အကြင် အရပ်မျက်နှာ၌ ဆရာဖြစ်သော အဿဇိမထေရ်သည် သီတင်းသုံး နေမျှတော်မူသည်ဟု ကြားသိရ၏။ ထိုအဿဇိမထေရ် သီတင်းသုံးတည်ယှိတော်မူရာ အရပ်မျက်နှာသို့ လက်အုပ်ကို မြောက်ချီ၍ ထိုအဿဇိမထေရ် သီတင်းသုံးတည်ယှိသော အရပ်မျက်နှာ၌သာလျှင် မိမိဦးခေါင်း ထားသည်ကိုပြု၍ လျောင်းအိပ်ပေသတတ်။ ရဟန်းတို့သည် "သာရိပုတ္တရာ မထေရ်ကား မှားသောအယူယှိသော မိစ္ဆာဒိဋ္ဌိပေတည်း။ ယခုနေ့တိုင်အောင်လည်း အရပ်မျက်နှာတို့ကို ရှိခိုးလျက် လှည့်လည် လေဘိသည်" ဟု ပြောဆို ရှုတ်ချ ကဲ့ရဲ့ ကြကုန်၍ ထိုသို့သော အကြောင်းကို မြတ်စွာဘုရားအား ကြားလျှောက် ကုန်၏။ မြတ်စွာ ဘုရားသည် သာရိပုတ္တရာ မထေရ်ကို ခေါ်စေတော်မူ၍ "ချစ်သား သာရိပုတ္တရာ၊ အသင်သည် အရပ်မျက်နှာတို့ကို ရှိခိုးလျက် လှည့်လည်ဘိသော ဟူသည် ဟုတ်မှန်ပေသလော" ဟု မေးတော်မူသည် ဖြစ်၍ "ဘုန်းကော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်၏အရပ်မျက်နှာတို့ကို ရှိခိုးသောအဖြစ်ကို လည်းကောင်း၊ ရှိမခိုးသောအဖြစ်ကို လည်းကောင်း အရှင်မြတ်စွာဘုရားတို့သည် သာလျှင် သိတော်မူပါကုန်လော့" ဟု လျှောက်ထားသည် ယှိသော် မြတ်စွာ ဘုရားသခင်က "ချစ်သားရဟန်းတို့၊ ငါ့သားတော် သာရိပုတ္တရာသည် အရပ်မျက်နှာတို့ကို ရှိခိုးသည်မဟုတ်။ အဿဇိမထေရ်၏ အထံမှကား တရားတော်ကိုကြားနာရသည်ဖြစ်၍ သောတာပတ္တိဖိုလ်သို့ရောက်သည်၏ အဖြစ်ကြောင့် မိမိ၏ ဆရာဖြစ်သော အဿဇိမထေရ်ကိုရှိခိုး၏။ ထိုစကားသည်မှန်၏။ အကြင်ဆရာကိုအမှီပြု၍ရဟန်းသည်သစ္စာလေးပါး တရားကို ထိုးထွင်း၍သိ၏။ ထိုရဟန်းသည် မိမိမှီရာ ထိုဆရာကိုပုဏ္ဏားသည် ယဇ်ပူဇော်သောမီးကို ရိုသေစွာရှိခိုးသကဲ့သို့ ရိုသေစွာ ရှိခိုးအပ်

သည် သာလျှင်တည်း''ဟု မိန့်တော်မူပြီး၍ တရားတော်ကို ဟောကြား တော်မူလိုသောကြောင့်။

ကျေးဇူးကြီးမားဆရာသမားအား အမြဲရှိသေရန် ဖေါ်ပြသော ပါဠိတော် ဂါထာ ဒေသနာ။

ယမှာ ဓမ္မံ ဝိဇာနေယျ၊ သသမ္မာမ္ဗုဒ္ဓဒေသိတံ။
သက္ကစ္စံ တံ နမဿေယျ၊ အဂ္ဂိဟုတ္တံဝ ဗြာဟ္မဏော။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိ ဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏အနက်ကား။ ။ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ အဂ္ဂိဟုတ္တံ၊ မိမိအယူ စင်ဖြူရည်ရော် ယဇ်ပူဇော်သောမီးကို။ သက္ကစ္စံ၊ ကောင်းစွာ ကျွေးလုပ် လက်အုပ်ချီခြင်းအမှုစသည်တို့ဖြင့် ရိုသေစွာ။ နမဿတိဇုဝ၊ ရှိခိုးဘိသကဲ့သို့။ ယမှာအာစရိယာ၊ အကြင်ဆရာမှ။ သမ္မာသမ္ဗုဒ္ဓဒေသိတံ၊ ဥေယျဓမ္မ တစမကျန် အမှန်ချက်ရိုင် ကိုယ်တော်တိုင် သိတော်မူ သောမြတ်စွာဘုရားဟောကြားတော်မူအပ်သော။ ဓမ္မံ၊ တဆယ့်ခြောက်ချက် အနက်ပြည့်စွာသစ္စာတရားကို။ ဝိဇာနေယျ၊ ထိုးထွင်းသိမြင်ခဲ့ပြားအံ့။ တံ အာစရိယံ၊ ထိုဆရာကို။ သက္ကစ္စံ၊ ရိုသေကောင်းမွန်စွာ။ နမဿေယျ၊ ဘယ်ခါမဆို ကြည်ညိုမြတ်နိုး ဦးညွတ်လျှိး၍ရှိခိုးရာ၏။ ။ဤကား အနက်။

ဓမ္မပဒ၊ဗြာဟ္မဏဝဂ်၌ ကိုးခုမြောက်သော သာရိပုတ္တရာမထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၁၀-ဇဋိလပုဏ္ဏားဝတ္ထု။

နဇဋာဟိ၊ ။အစယှိသော ဤဓမ္မ ဒေသနာကို၊ သံသရာဝဋ်၊ မလွတ်နိုင်ရိုး၊ ဇာတ်အမျိုးကို၊ ကပ်ကိုးဆောင်ထား၊ မာန်ထောင်လွှား သည့်။ မိုက်မှားတတ်စွာ၊ သတ္တဝါတို့ကို၊ ယထာဓမ္မ၊ နည်းလမ်းပြ၍၊

ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်။ ပတ္တမြားအစ၊ ကိုးဝ နဝရတ်၊ ခြယ်စီတပ်သည့်၊ လျှပ်လျှပ်ပြောင်မွန်၊ အရောင်လွန်သော၊ ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်း နေမျှတော်မူသော ကာလ၊ ဇဋိလအမည်ယှိသော တယောက်သော ပုဏ္ဏားကို အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်း အထွုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

ဇဋိလအမည်ယှိသော ထိုပုဏ္ဏားသည် "ငါသည်ကား မွေးဖွားသန့်စင် မိခင်၏ ဘက်မှလည်းကောင်း၊ စောင့်ရှောက်ပြုပြင် ဘခင်၏ဘက်မှလည်းကောင်း နှစ်ဦးနှစ်ဖက် ပြစ်ချက်မထား မွေးဖွားကောင်းစွာ ဖြစ်ပေါ်လာသော လေးဖြာအမျိုး သည်ဖြစ်ရိုးတွင် ပြစ်မျိုးမခ သန့်စင်လှသော ဗြာဟ္မဏအမျိုး၌ ဖြစ်ခဲ့ပေ၏။ရဟန်း ဂေါတမသည် မိမိ၏တပည့်တို့ကို ဗြာဟ္မဏဟူ၍ ပြောဆို၏။စင်စစ်အမှန်အားဖြင့် ငါ့ကိုလည်း ထို-ဗြာဟ္မဏဟူသော အမည်ဖြင့် ခေါ်ဆိုခြင်းငှါ သင့်လျော်လျောက်ပတ်အပ်တော့သည်သာတည်း"ဟု ကြီစည်၍ မြတ်စွာဘုရား၏ ထံပါးမျက်မှောက်သို့ သွားရောက်ပြီးသော် မိမိ ရည်သန် အကြံဖြစ်သော ထို-အကြောင်းကို မေးလျှောက်၏။ ထိုအခါ မြတ်စွာဘုရားသခင်က ထို-ဇဋိလပုဏ္ဏားကို "အို-ပုဏ္ဏား၊ ငါဘုရားသည် ဆံကျစ်ယှိကာမျှဖြင့် အမျိုးအနွယ်မျှဖြင့် ဗြာဟ္မဏဟူ၍ မခေါ်ဆို မဟောကြားချေ၊ ထိုးထွင်းသိမြင်အပ်သော သစ္စာယှိသော ပုဂ္ဂိုလ်ကို သာလျှင် ငါဘုရားသည် ဗြာဟ္မဏဟူ၍ ခေါ်ဆို ဟောကြားတော်မူပေ၏။ "ဟု မိန့်တော်မူပြီး၍ တရားကိုဟောကြားတော်မူလိုသောကြောင့်။

ဗြာဟ္မဏအရကို ဖေါ်ပြသော ပါဠိတော်ဂါထာဒေသနာ။

နဇဋာဟိ နဂေါတ္တေန၊ နဇစ္စာ ဟောတိ ဗြာဟ္မဏော။
ယမှိ သစ္စဉ္စ ဓမ္မောစ၊သောသုစီ သောစ ဗြာဟ္မဏော။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

၂၆-ဗြာဟ္မဏဝဂ်၊ ၁၁-အံ့ဘွယ်သရဲစဉ်းလဲသောပုဏ္ဏားဝတ္ထု။ ၁၈၅

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

၈ါထာ၏ အနက်ကား။ ။ဇဋာဟိ၊ ရှုပ်ပွေပြဲ့ပြဲ့ ထုံးဖွဲ့အပ်သော ဆံကျစ်တို့ဖြင့်။ ဗြာဟ္မဏော၊ ငါဘုရားတို့ ဟောကြားဖေါ်ပြ ဗြာဟ္မဏ စင်စစ်မည်သည်။ နဟောတိ၊ မဖြစ်။ ဂေါတ္တေန၊ လောကဝေါဟာ ပြောရာတင့်တယ် အနွယ်စင်ကာမျှဖြင့်။ ဗြာဟ္မဏော၊ ဗြာဟ္မဏ စင်စစ်မည်သည်။ နဟောတိ၊ မဖြစ်။ ဇစ္စာ၊ စဉ်လာအရိုး ထင်စွာကိုးလောက်ပေသည်ဟု အမျိုးကောင်းခြင်းမျှဖြင့်။ ဗြာဟ္မဏော၊ ဗြာဟ္မဏ စင်စစ်မည်သည်။ နဟောတိ၊ မဖြစ်။ ယမှိ ပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ သစ္စဉ္စ၊ လေးပါးကုန်သော သစ္စာတို့ကို တဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ထိုးထွင်းသိမြင်၍ တည်သော သစ္စာဉာဏ်သည်လည်းကောင်း။ ဓမ္မောစ၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာ တရားသည်လည်းကောင်း။အတ္ထိ၊ ယှိ၏၊ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။သုစီစေဝ၊ ညစ်ကြေးထွီဘွယ် ညီမတွယ်ဘဲ စင်ကြယ်သော သူမည်သည်လည်းကောင်း။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဗြာဟ္မဏောစ၊ ငါဘုရားတို့ ဟောကြားဖေါ်ပြ ဗြာဟ္မဏစင်စစ် မည်သည်လည်းကောင်း။ ဟောတိ၊ဖြစ်၏။ ။ဤကားအနက်။

ဓမ္မပဒ၊ဗြာဟ္မဏဝဂ်၌ ဆယ်ခုမြောက်သော ဇဋိလ ပုဏ္ဏား၏
ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၁၁-အံ့ဘွယ်သရဲ စဉ်းလဲသော ပုဏ္ဏားဝတ္ထု။

ကိံတေ ဇဋာဟိ။ ။အစယှိသော ဤဓမ္မဒေသနာကို၊ မာယာယှဉ်တွဲ၊ စဉ်းလဲ လှည့်ပတ်၊ ဤအတတ်ကို၊ အမြတ်တနိုး၊ အားကိုးတည်ထွင်၊ အကောင်းထင်၍၊ အစဉ်လိုက်စား၊ မိုက်မှား တတ်စွာသတ္တဝါကို၊ ယထာဘူတ၊ ဟုတ်မှန်ကျအောင်၊ ဖေါ်ပြထုံးမှတ်၊ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်၊ပြန့်ပွါးဝန်စည်၊ဝေသာလီပြည်

ကို အမှီပြု၍၊ ကြီးထုရိပ်မြုံ၊ မဟာပုန်ဝယ်၊ ဘုံပျံပြာသာဒ်၊ အထွတ်တပ်သောစရပ်ကျောင်း၌၊ ကိန်းအောင်းတော်မူလျက်၊ တွဲလွဲဆွဲမြို၊ လင်းနို့ကျင့်ဝတ် ဆောက်တည်ကာ၊ အံ့ဘွယ်သရဲ၊ စဉ်းလဲသော ပုဏ္ဏားတယောက်ကို၊ မြင်ထောက်ရှေးရှု၊ အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်း ဘဏ္ဍုပ္ပတိ အစဉ်ကား ဤသို့တည်း။

ထိုပုဏ္ဏားသည် ဝေသာလီပြည်၏ မြို့တံခါးအနီး၌ တခုသော ရေခတက်ပင်သို့တက်၍ နှစ်ဖက်ကုန်သောခြေတို့ဖြင့် သစ်ခက်ကိုချိတ်ယှက်၍ အောက်သို့ ညွတ်ပျောင်း ဦးခေါင်းဇောက်ထိုး တွဲရရွဲဆွဲလျက် "ညိုမှောင်မည်းလျက် နက်သော အဆင်းယိုကုန်သော နွားတို့၏တရာသော နွားကို ငါ့အားပေးကြကုန်လော့။ အသပြာတို့ကို ငါ့အားပေးကြကုန်လော့။ အလုပ်အကျွေးကို ငါ့အားပေးကြကုန်လော့။ အကယ်၍ မပေးကုန်ခဲ့အံ့။ဤသို့မပေးခဲ့သည်ဖြစ်က ဤသစ်ပင်ထက်မှ လွတ်ကျ၊ပြုတ်ကြေသေလွန်ခဲ့သည် ယိုသော် အိမ်ခြေပြည့်မို့ လူနေမြို့ကို ယွင်းချို့တိမ်မြုပ် မြို့မဟုတ်သည်ကို ပြုလုပ်ပေရာ၏" ဟု ကြံစည်ကုန်၏။ ကြံစည် ကုန်ပြီး၍ကား မြို့ပျက်စီးအံ့သည်မှ ကြောက်သောကြောင့် "အကြင်ဝတ္ထုကို ထိုပုဏ္ဏားသည် တောင်း၏။အလုံးစုံသော ထိုဝတ္ထုကို ပေးကုန်အံ့" ဟု ဝန်ခံကြကုန်၍ စုဆောင်း ပေးစွန့်ကြကုန်၏။ ထိုပုဏ္ဏားသည် သစ်ပင်မှ သက်ဆင်း၍ အလုံးစုံသော ပစ္စည်းဥစ္စာဘဏ္ဍာအစုကိုယူ၍သွား၏။ ရဟန်းတော်တို့သည်ကျောင်းတော်၏အနီးဖြစ်သော ဥပစာဠ် နွားကဲ့သို့ မြည်တွန်ဖြတ်သန်းသွားသော ထိုပုဏ္ဏား

ကို မြင်သည်ယိုသော် မှတ်မိသောကြောင့် "အို ပုဏ္ဏား၊ အသင့်အား အလိုဆန္ဒ တောင့်တသည်အတိုင်း ရပါ၏လော" ဟု မေးကြကုန်သည် ယိုသော် "အကျွန်ုပ်အား သြဝ်-ရယ်ပါ၏" ဟု ပြောဆိုသော စကား ကို ကြားသိကုန်၍ ကျောင်းဟော်အတွင်း၌ သီတင်း သုံးတော်မူသော မြတ်စွာဘုရားအား ထိုသို့သော အကြောင်းကို ရုံးပေါင်းလျှောက်ကြား ကုန်၏။ မြတ်စွာဘုရား သခင်က "ချစ်သား ရဟန်းတို့၊ ဤယခုအခါ၌ သာလျှင် ထိုပုဏ္ဏားသည် အံ့ဘွယ်သရဲ စဉ်းလဲပြုလုပ်လျက် ခိုးဝှက်တတ် သော ခိုးသူဖြစ်သည်မဟုတ်သေး။ ရှေးအခါ၌လည်းအံ့ဘွယ်သရဲ စဉ်း လဲ လှည့်ပတ်လျက် ခိုးဝှက်တတ်သောခိုးသူသာလျှင် ဖြစ်ဘူးလေပြီ။ ဤ ယခုအခါ၌ကား ဤပုဏ္ဏားသည် ရှေးနောက် မြော်ကြည့် စိစစ်တတ်စွာ ပညာကင်းသူ မိုက်သောလူအပေါင်းကိုလှည့်ပတ်၏။ လွန်လေပြီးသော ထိုရှေးအခါ၌ကား ရှေ့နောက်နှစ်ပြင် ဆင်ခြင်တတ်စွာ ပညာယိုသော သူတို့ကို လှည့်ပတ်ခြင်းငှါ မစွမ်းနိုင်လေ" ဟု မိန့်တော်မူပြီး၍ ထိုရဟန်း တို့သည် တောင်းပန်အပ်သောကြောင့် အတိတ်ကိုဆောင်တော်မူ၏။

ပုဏ္ဏားစဉ်းလဲ၏ အတိတ်ဝတ္ထု။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည် မြတ်၌ ဗြဟ္မဒတ္တမင်း သည် မင်းအဖြစ်ကို ပြုသည်ယိုသော် ဗာရာဏသီပြည်၏ အနီးဖြစ်သော တခုသော ရွာကို အမှီပြု၍ ကောက်ကျစ်စဉ်းလဲသော တယောက်သော ရသေ့သည် နေမျခြင်းကိုပြု၏။ ထိုရသေ့ စဉ်းလဲကို တဦးသော အမျိုး သည် လုပ်ကျွေးပြုစု၏။ နေ့အခါ၌ ဖြစ်ပေါ် ရယိုလာသော ခဲဘွယ် ဘောဇဉ်မှ မိမိ၏သား သမီးတို့အား တဘို့တစုကို ပေးဝေဘိသကဲ့သို့ ထို ရသေ့စဉ်းလဲအားလည်းတဘို့တစုကိုပေးလှူ၏။ ညချမ်းအခါ၌ဖြစ်ပေါ် ရယိုလာသော အဘို့အစုကို သိမ့်မှိး သိမ်းဆည်းထား၍ နှစ်ရက်မြောက် သောနေ့၌ ပေးလှူ၏။ ထိုနောက်တနေ့သော ညနေချမ်း အခါ၌ ဖွတ် သားကိုရ၍ ကောင်းစွာ ချက်လုပ်ပြီးလျှင် ထိုဖွတ်သားမှ အဘို့အစုကို သိမ့်မှိး သိမ်းဆည်းထား၍ နှစ်ရက်မြောက်သော နေ့၌ ထို ရသေ့ စဉ်းလဲ အား ပေးလှူကုန်၏။ ရသေ့စဉ်းလဲသည် ဖွတ်သားကို စားရ၍ ရသာ ရုံ၌ ခုံမင် တပ်မက်ကာ တဏှာဖြင့် ဘွဲ့မိရကား "ဤ ဟင်း မျိုးသည်

အဘယ်မည်သော အသားနည်း''ဟု မေး၍ ''ဖွတ်သားပေတည်း''ဟု ပြောဆို ကြားသိရသည် ယှိသော် ဆွမ်းခံ ဝတ်ဖြင့် လှည့်လည်၍ ထောပတ် နို့ဓမ်း ရှိုန်းခို ဇီယာ ချင်း ကြက်သွန် ငရုတ် ပိတ်ချင်း ဘဏ္ဍာစသည်တို့ကိုဆောင်ယူ၍ သစ်ရွက်မိုးသော စခန်သခ်မ်းသို့ သွားရောက်ပြီးသော် သင့်တင့်လျောက်ပတ်သော တခုသော အစွန်အဖျား အရပ်၌ထား၏။ သစ်ရွက်မိုးသော စရပ် သခ်မ်းနှင့် မနီးမဝေးသော တခုသော တောင်ပို၌ ဘုရားအလောင်းဖွတ်မင်းသည်နေ၏။ထိုဖွတ်မင်းသည်ရံခါရံခါရသေ့စဉ်းလဲကို ဦးချည်တတ်လျှိုး ရှိခိုးခြင်းငှါ လာရောက်လေ့ယှိ၏။ ဖွတ်သားကို စားရပြီးသောထိုနေ့ကား ထိုဖွတ်ကိုသတ်တော့အံ့ဟုကြံ၍ တုတ်လုံကန်ကို မမြင်နိုင်မှုမ်း ဖုံးလွှမ်းကွယ်ထား၍ ထိုတောင်ပို့၏အနီးဖြစ်သောနေရာ၌ ငိုက်မျဉ်းအိပ်ပျော် ဘိသကဲ့သို့ ထိုင်နေ၏။ ထိုဖွတ်မင်းသည်လည်း တောင်ပို့မှထွက်၍ ထိုရသေ့စဉ်းလဲ၏ အထံသို့ လာလျက် သာလျှင် အခြင်းအရာကို ကြည့်ရှုမှတ်သား၍ ''ယနေ့ ငါသည် ဆရာရသေ့၏အပြုအမူ အခြင်းအရာကို မယုံကြည် မနှစ်သက်''ဟုကြံပြီးသည်ကာလ ထိုကြံစည်မိသော နေရာမှသာလျှင် ဆုတ်နစ်ပြန်လည်၏။ ရသေ့စဉ်းလဲသည် ထိုဖွတ်မင်း၏ ဆုတ်နစ် ပြန်လည်သောအဖြစ်ကို စောင်းငဲ့ကြည့်ရှုခြင်းဖြင့်သိ၍ ထိုဖွတ်မင်းကို ဇိဝိန်ဖြတ်ခွင်း သတ်ခြင်း အကျိုးငှါ တုတ်လုံကန်ကို ပစ်၏။ ပစ်ခတ် လေပြန် တုတ်လုံကန်သည် တွေးကြံမြော်သိ သတိယှိသော ဖွတ်မင်းကို မထိခိုက်ဘဲ ချွတ်လွဲ၍ သွားလေ၏။ ဖွတ်မင်းသည်လည်း တောင်ပို့ လိုက်ခေါင်း အတွင်းသို့ သက်ဆင်းပြေးဝင်၍ ထိုတောင်ပို့ လိုက်ခေါင်းမှ ဦးခေါင်းကို ထုတ်ပြီးလျှင် လာလမ်းခရီးကို ပြန်လည်ကြည့်ရှုလျက် ရသေ့စဉ်းလဲကို....

ဘုရားအလောင်းဖွတ်မင်းက ပြန်ကြားပြောသော ဂါထာ။

သမဏံ တံ မညမာနော၊ ဥပဂဉ္ဆိ မသညတံ။
သော မံ ဒဏ္ဍေန ပဟာသိ၊ ယထာ အသမဏော တထာ။ ။
ကိံ တေ ဇဋာဟိ ဒုမ္မေဓ၊ ကိံ တေ အဇိနသာဋိယာ။
အန္တောဇ္ဈရံ တေ ဂဟနံ၊ ဗာဟိရံ ပရိမဇ္ဇသိ။ ။

ဟူကုန်သော နှစ်ဂါထာတို့ဖြင့် ပြောဆို၏။

ဂါထာတို့၏ အနက်ကား။ ။အဟံ၊ ငါသည်။ အသညတံ၊ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါလုံးကို စောင့်သုံးခြင်းမရှိသော။တံ၊ အသင်ရသေ့ကို။ သမဏံ မညမာနော၊ အမူအရာ လွန်စွာငြိမ်းချမ်း ရဟန်းဟု မှတ်ထင် အောက်မေ့သည်ဖြစ်၍။ ဥပဂဋ္ဌိံ၊ ရှိခိုးခြင်းငှါ ရံခါ ကပ်ရောက်မိပြီ။ ယထာ၊ အကြင်သို့သော အခြင်းအရာဖြင့်။ ကရီယမာနေ၊ ပြုအပ်သည် ယှိသော်။ အဿမဏော၊ ယုတ်မာ ခတ်ကြမ်း ရဟန်း မဟုတ်သည်။ ဟောတိ။ ဖြစ်၏။ တထာ၊ ရဟန်းမဟုတ် ကြမ်းကြုတ် ခက်မာ ထိုသို့ သော အခြင်းအရာဖြင့်။ သော-တွံ၊ ထိုအသင်သည်။ မံ၊ ငါ့ကို၊ဒဏ္ဍေန၊ တုတ်လှံကန်ဖြင့်။ ပဟာသိ၊ သနားစိတ်ပြတ် သေအံ့မှတ်ဖြင့် ပစ်ခတ် လေပြီ။

ဒုမ္မေဓ၊ ပညာချတ်နဲ စဉ်းလဲလိမ်ကွေ့ အိုရသေ့။ တေ၊ သင်အား။ ဇဋာဟိ၊ ယှက်ပြန်ဘွဲ့လစ် ဦးခေါင်း၌ ရစ်အပ်သော ဆံကျစ်တို့ဖြင့်။ ကိံ၊ အဘယ် အကျိုးယှိချေအံ့နည်း။ အဇိနသာဋိယာ၊ ပခုံး ထက်တွင် စမ္ပယ်တင်ကာ၊ ခွါနှင့်တကွသော သစ်နက်ရေဖြင့်။ တေ၊ သင်အား။ ကိံ၊ အဘယ်အကျိုး ယှိချေအံ့နည်း။ တေ၊ ဟန်ဆောင် ကောက်ကွေ့ သင်ရသေ့၏။အဗ္ဘန္တရံ၊ကိုယ်အတွင်းသည်။ဂဟနံ၊ အဆိပ်ပြည့်တုံ ဗူးအုံ ၏နည်း ကျင်ကြီးပြည့်လျှင်း တွင်းကျင်းအနေ မြွေဖြင့်ပြည့်မို့ တောင်ပို့ ပမာ ကိလေသာထူထဲ ပြည့်ကြပ်၏။ ဗာဟိရံ၊ တပါးသူတို့ ရှုမူနိုင်ရန် အပသန္တာန်ကား။ပရိမဇ္ဇသိ၊ဆင်၊မြင်းစွန့်ပြီး ကျင်ကြီးတုံးပမာ လွန်စွာ ပြေပြစ်၏။ ။ဤကားအနက်။

(အဓိပ္ပါယ်ကား ။ငါသည် ကိုယ်၊နှုတ်၊နှလုံး သုံးပါးလုံးကိုစောင့် သုံးခြင်း မရှိသော အသင်ရသေ့ကို အမူအရာ လွန်စွာငြိမ်းချမ်း ရဟန်း ဟု မှတ်ထင် အောက်မေ့သည်ဖြစ်၍ ရှိခိုးခြင်းငှါ ရံခါကပ်ရောက်မိပြီ။ အကြင်သို့သော အခြင်းအရာဖြင့် ပြုအပ်သည်ယှိသော် ယုတ်မာ ခက် ကြမ်း ရဟန်း မဟုတ်သည်ဖြစ်၏။ ရဟန်း မဟုတ် ကြမ်းကြုတ် ခက်မာ ထိုသို့သော အခြင်းအရာဖြင့် ထိုသင်သည် ငါ့ကို တုတ် လှံကန်ဖြင့် သနားစိတ်ပြတ် သေအံ့မှတ်ဖြင့် ပစ်ခတ်လေပြီ။ ။ပညာချတ်နဲ စဉ်းလဲ လိမ်ကွေ့ အိုရသေ့၊ အသင်အား ယှက်ပြန်ဘွဲ့လစ် ဦးခေါင်း၌ရစ်အပ်

သော ဆံကျစ်တိုဖြင့် အဘယ်အကျိုး ယို့ချေအံ့နည်း။ ပခုံးထက်တွင် စမ္မယ်တင်ကာ ခွါနှင့်တကွသော သစ်နက်ရေဖြင့် အသင်အား အဘယ် အကျိုးယို့ချေအံ့နည်း၊ ဟန်ဆောင် ကောက်ကွေ့ သင်ရသေ့၏ ကိုယ် အတွင်းသည် အဆိပ်ပြည့်တုံ ဗူးအုံ၏နည်း ကျင်ကြီးပြည့်လျှင်း တွင်း-ကျင်းအနေ မြွေဖြင့်ပြည့်မို့ တောင်ပို့ပမာ ကိလေသာထူထဲ ပြည့်ကြပ်၏။ တပါးသူတို့ ရှာမှုနိုင်ရန် အပ သန္တာန်ကား ဆင်နွှဲ မြင်း စွန့်ပြီး ကျင်ကြီးတုံးပမာ လွန်စွာပြုပြစ်၏ဟု ပြောဆို၏။ ။ထိုအခါ ရသေ့ စဉ်းလဲသည် ထိုဘုရားလောင်း ဖွတ်မင်းကိုမိမိ၏ဥစ္စာဖြင့်ဖြားယောင်းခြင်းငှါ။

ရသေ့က ဘုရားလောင်း ဖွတ်မင်းအား ဖြားယောင်း ခေါင်သော ဂါထာ။

ဟေ ဂေါဓ နိဝတ္တာသု၊ ဘုဥ္ဇ သာလိနမောဒနံ။
တေလံ လောဏဉ္စ မေ အတ္ထိ၊ ပဟူတံ မယှံ ဝိပ္ပလိ။ ။

ဟူသော သုံးခုမြောက်သော ဤဂါထာကို ရွတ်ဆို၏။

အနက်ကား။ ။ဂေါဓ၊အစဉ်မမြတ်ဆည်းကပ်ဝတ်စင်း အိုဖွတ်မင်း။ ဟေ၊ ငါ့ထံသို့သာ လာခဲ့ပါဦးလော့။ နိဝတ္တာသု၊ အသင် ခိုအောင်း၊ တွင်းခေါင်းမတည် ပြန်လည်ခဲ့ပါဦးလော့။ မေ၊ ငါ့အား။ တေလဉ္စ၊ ဆီသည် လည်းကောင်း။ လောဏဉ္စ၊ ဆားသည်လည်းကောင်း။ အတ္ထိ၊ ယို၏။ မယှံ၊ငါ့အား။ပဟူတံ၊များပြားစွာသော။ဝိပ္ပလိစ၊ဟိန်းခို့ဇီယာ့ ချင်း့ ကြက်သွန့် ငရုတ့်ပိတ်ချင်းအားဖြင့် ပြားသော စပ်သောဘက္ကာ သည်လည်း။ အတ္ထိ၊ ယို၏။တေန၊ ထိုသို့ဖေါ်ပြ ဆီ ဆားစလျင်းပိတ်ချင်း အဆုံးယိုသော ဘက္ကာဖြင့်။ အဘိသင်္ခတံ၊ ကောင်းနိုးရည်ထင် ပြုစီရင်အပ်သော။ သာလိနံ၊ သလေးတို့၏။ ဩဒနံ၊ ထမင်းကို။ ဘုဥ္ဇ၊ စားလှည့်ဦးလော့။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။အစဉ်မပြတ် ဆည်းကပ်ဝတ်စင်း အိုဖွတ်မင်း၊ ငါ့ထံသို့သာ လာခဲ့ပါဦးလော့။ အသင်ခိုအောင်း တွင်းခေါင်းမတည် ပြန်လည်ခဲ့ပါဦးလော့။ ငါ့အား ဆီသည် လည်းကောင်း၊ ဆားသည် လည်းကောင်း ယို၏။ ငါ့အား များပြားစွာသော ဟိန်းခို့ဇီယာ့ချင်း့

ကြက်သွန်နှင်ရုတ်နှပိတ်ချင်း အားဖြင့် ပြားသောစပါသော ဘဏ္ဍာသည် လည်း ယို၏။ ထိုသို့ဖေါ်ပြဆိ ဆား စလျင်း ပိတ်ချင်းအဆုံးယိုသော ဘဏ္ဍာဖြင့် ကောင်းနိုးရည်ထင် ပြုစိရင်အပ်သော သလေး ထမင်းကို စားလှည့်ပါဦးလော့ဟု ပြောဆို၏။ ။ရဿေ့စဉ်းလဲ လှည့်လဲ ပြောဆို သောထိုစကားကိုကြား၍ ဖွတ်မင်းက အသင်သည် အကြင်အကြင်သို့ သော အကြောင်းဖြင့် ယုံကောင်းဘွယ်ရာ အခါခါ ပြောဆို၏။ မယုံ ယုံကြောင်း အပြောကောင်းလှသော ထိုထိုသို့သော အကြောင်းသည် ငါ့အား ရှောင်ရှား လွှတ်ရေး ထွက်ပြေးခြင်းငှါ အလိုယိုသည်သာလျှင် ဖြစ်တော့သည် ဟု ပြောဆိုလိုသောကြောင့်....

ဘုရားအလောင်း ဖွတ်မင်းက ရဿေအား ပြောကြားသော ဂါထာ။

ဧသ ဘိယျော ပဝေက္ခာမိ၊ ဝမ္မိကံ သတပေါရိသံ။
တေလံ လောဏဥ္ဆကိတ္တေသိ၊ အဟိ တံ မယ္ဟ ဝိပ္ပလိ။ ။

ဟူသော လေးခုမြောက်သော ဤဂါထာကို ရွတ်ဆို၏။

အနက်ကား။ ။ဒုမ္မေဓ၊ ပညာချွတ်နဲ စဉ်းလဲ ကောက်ကွေ့ အိုရဿေ့။ တံ့၊ အသင်သည်။ တေလဥ္ဆ၊ ဆီကိုလည်းကောင်း။ လောဏဥ္ဆ၊ ဆားကိုလည်းကောင်း။ မံ၊ ငါ့ကို။ ကိတ္တေသိ၊ ဖြားယောင်း သောအား ပြောကြားဘိ၏။ တေန၊ ဖန်ဖန်ပြောကြား ထိုစကားကြောင့်။ ဧသ-ဧသော အဟံ၊ ထိုငါသည်။ ဘိယျော၊ ရှေးထက်ထူးချွန် အကျူးအလွန်။ သတပေါရိသံ၊ အသူတရာ နက်လှစွာသော။ဝမ္မိကံ၊ ငါတို့မျိုးရိုး ဝင်တိုး ခိုအောင်း တောင်ပို့ခေါင်းသို့။ ပဝေက္ခာမိ၊ ပြေးဝင်တော့အံ့။ ဝိပ္ပလိ၊ ပိတ်ချင်းစမှတ် စပ်သောဘဏ္ဍာသည်။ မယ္ဟံ၊ ငါ့အား။ အဟိတံ၊စိုးပွါး သတ်မှတ် မလျောက်ပတ်တော့ပြီ၊

အဓိပ္ပါယ်ကား။ ။ပညာချွတ်နဲ စဉ်းလဲကောက်ကွေ့ အိုရဿေ့၊ အသင်သည် ဆီကိုလည်းကောင်း၊ ဆားကို လည်းကောင်း ငါ့ကို ဖြားယောင်းသောအားဖြင့် ပြောကြားဘိ၏။ ဖန်ဖန်ပြောကြား ထိုစကားကြောင့် ထိုငါသည် ရှေးထက်ထူး ချွန်အကျူးအလွန် အသူတရာနက်လှ

၁၉၂ မမွပဒဝတ္ထုတော်ကြီး။(ဆရာတော်--အသျင်စန္ဒိမာမှ)။

စွာသော ငါတို့မျိုးရိုး ဝင်တိုးခိုအောင်း တောင်ပို့ခေါင်းသို့ ပြေးဝင်တော့အံ့။ ပိတ်ချင်းစမှတ် စပ်သောဘဏ္ဍာသည် ငါ့အား စီးပွါးသတ်မှတ် မလျောက်ပတ်တော့ပြီဟု ဤသို့စကား ပြောကြားပြီး၍ ငါသည် ဤမျှအတိုင်း အရှည်ယှဉ်သော ကာလပတ်လုံး အသင်၌ ရဟန်းဟူသောအမှတ်ကို ပြုခဲ့ပေ၏။ ဤယခုအခါ၌ အသင်သည် ငါ့ကို သတ်ဖြတ်ပုတ်ခတ်ခြင်းငှါ အလိုယှဉ်သဖြင့် တုတ်လုံကန်ကို ပစ်လွှတ်၏။ ထိုတုတ် လုံကန်ကိုပစ်လွှတ်သောအခါ၌သာလျှင် အသင်၏ ရဟန်းမဟုတ်သော အဖြစ်သည် ဖြစ်ခဲ့လေပြီ။ထိုသို့ သဘောယှဉ်သော ပညာမယှဉ်သော အသင်အား ထုံးမှတ်ဘွဲ့ရစ် ဆံကျစ်တို့ဖြင့် အဘယ်အကျိုး ယှဉ်အံ့နည်း။ပခုံးထက်တွင် စမွယ်ဘင်အပ်သော ခွါနှင့်တကွသော သစ်နက်ရေဖြင့် အဘယ်အကျိုး ယှဉ်အံ့နည်း။ ထိုစကားမှန်၏။ အသင်၏ ကိုယ်တွင်းသန္တာန်သည် ကိလေးသာအဆိပ် ပြည့်သိပ် တင်းကြပ်ယူအပ်၏။ သက်သက်သေသေကား အပပြင်ဘက်၌သာလျှင် ပြေပြေ ပြစ်ပြစ် ယှဉ်ပေ၏ဟု ပြောဆို၏။ ။မြတ်စွာဘုရားသည် ဤသို့သော အတိတ်ကို ဆောင်တော်မူ၍ ထိုအခါ အံ့ဘွယ်သရဲ စဉ်းလဲသော ဤပုဏ္ဏားသည် စဉ်းလဲသောရသေ့ဖြစ်ဘူးပြီ။ဖွတ်မင်းသည်ကား ငါဘုရား သာလျှင်တည်းဟု မိန့်ဆိုသတ်မှတ် ဇာတ်တော်ကို ပေါင်းတော်မူ၍ ထိုအခါ ပညာယှဉ်ဖွတ်မင်းသည် ထိုရသေ့ စဉ်းလဲအား နှိပ်ကွပ်ဆုံးမဘူးသော အကြောင်းကို ပြတော်မူလိုသောကြောင့်။

ရသေ့တို့အား စိတ်သဘောထား ယုတ်မာမှု ဆံကျစ်ဝန်းစသည်ဖြင့် အကျိုးမရှိသည်ကို ဖေါ်ပြသော ပါဠိတော်ဂါထာ

ဒေသနာ။

ကိ ံ တ ဇဋာဟိ ဒုမ္မေဓ၊ ကိ ံ တ အဇိနသာဋိယာ။
အန္တောရံ တ ဂဟနံ၊ ဗာဟိရံ ပရိမဇ္ဇသိ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

[ဤဂါထာကား စတုတ္ထနိပါတ် ဂေါရောဇဇာတ်၌ လာယှိသော ဒုတိယမြောက် ဂါထာဖြစ်၍ အနက် အထူး ရေးသားဘွယ် မလိုတော့ပြီ။ ၎င်းဇာတ်၏ ပစ္စုပ္ပန် ဝတ္ထု၌လည်း ဇာတ်အဋ္ဌကထာ၌ အံ့ဘွယ်သရဲ စဉ်းလဲပြုမူသော ရဟန်းတော်တပါးဟု လာယှိ၏]။

ဓမ္မပဒ၊မြာဟ္မဏဝဂ်၌ တဆယ့်တခု မြောက်သော အံ့ဘွယ်သရဲ စဉ်းလဲသော ပုဏ္ဏား၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-မြာဟ္မဏဝဂ်၌၊ ၁၂-ကိသာ ဂေါတမီဝတ္ထု။

ပံသုကူလဓရံ။ ။အစခံသော၊ သာမုတ္တံဂါထာ၊ ဤဓမ္မဒေသနာကို၊ သာဒိယန၊သဘာဝကြောင့်၊ လောကအလိုက်၊ ကောင်းသမိုက်ကို၊ နှစ်ခြိုက်လိုက်စား၊ အမိုက်မှားသည့်၊ အများသတ္တဝါ၊ ဝေနေယျာကို၊ တဏ္ဍာအာရုံ၊ ကာမဂုဏ်ကို၊ ခုံမင်တိုးဘွဲ့၊ မချဲမကြံ၊ ခြိုးခြံကျင့်ကြောင်း လမ်းကောင်း ဓမ္မဖြင့်၊ ဆုံးမတော်မူတတ်သော မြတ်စွာဘုရား သခင်သည်၊ ပြည်ခွင်ရာဇဂြိဟ်၊ ဝန်းခိုရံခ၊ တောင်ငါးဝတို့တွင်၊ လင်းတ နှုတ်သီး၊ တူပြီးမှတ်ညွှတ်၊တောင်ထွတ်ယှိသောအရကြောင့်၊ဂိဇ္ဈကူဋ္ဌအမည်ယှိသော တောင်၌၊ လှည့်ဆောင် ဋရိယာ၊ ကောင်းစွာ နေမျှတော်မူလျက်သာ၊ ကိသာဂေါတမီ၊ အမည်တွင်ပြ၊ မထေရ်မကို၊ မူလပေါင်းစု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့ လေသတည်း။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

ဤကိသာဂေါတမီ မထေရ်မ၏ အလောင်းလျာသည် ဘဒ္ဒကပ္ပါမှ ပြန်ကာ ရေတွက်သည် ယှိသော် အထက်ကပ် တသိန်းမြောက် အကျပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်အခါ၌ ဟံသာဝတီ ပြည်ဝယ် တဦးသော အမျိုးအိမ်၌ ဖြစ်၍ မြတ်စွာဘုရား ဟောကြား မြွက်ဖေါ်တရားတော်ကို ကြားနာလျက် မြတ်စွာဘုရားသည် တဦးသောရဟန်းမိန်းမကို ရန့်ရင်းနိမ့်စား ခေါင်းပါးသောသင်္ကန်းကိုဆောင်ကုန်သော ရဟန်းမိန်းမတို့တွင် အထွတ်အမြတ် အရာထားသည်ကို တွေ့မြင်ရသည်

ဖြစ်၍ အဆောက်အဦ ဆည်းပူးအဖန်ဖန် ကုသိုလ်ကံကို စိမ်ပြုလုပ်လျက် မပျက်ရည်စူး ထိုရာထူးကို တောင့်တ ပန်ဆင်၏။ ထိုအမျိုးသွေးသည် ကပ်တသိန်း ကာလပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ခဲ့၍ ဤဂေါကမမြတ်စွာဘုရား ဖြစ်ပေါ်တော်မူသော လက်ထက်တော် အခါသာဝတ္ထိပြည်ဂယ သူဆင်းရဲအမျိုး၌ဖြစ်၍သဟဿဝဂ် ကိသာဂေါတမိဝတ္ထု၌ဖေါ်ပြရေးသားခဲ့သော စကားအစဉ်အတိုင်း ဒီဏာသဝအစစ် ရဟန္တာမဖြစ်ပြီးသောအခါ မြတ်စွာဘုရားသခင်ကထိုကိသာဂေါတမိ မထေရ်မကို။

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ လူခစိဝရဓရာနံ ယဒိဒံ ကိသာဂေါတမိ-ဟု မိန့်ဆိုနှတ်မြွက် တေဒဂ်ရာထူးချီးကျူး မြွောက်စား ပေးသနားတော်မူ၏။

အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝိကာနံ၊ တပည့်မဖြစ်ကုန်သော။ လူခစိဝရဓရာနံ၊ ခေါင်းပါး ညစ်နွမ်း ရှုံ့ကြမ်းသော သင်္ကန်းကို ဆောင်ကုန်သော သူတို့တွင်။ ဝါ၊ တို့ထက်။ ယဒိဒံ ယာသော ကိသာဂေါတမိ၊ အကြင် ကိသာဂေါတမီသည်။ အဂ္ဂံ-အဂ္ဂါ၊ အလွန်မြတ်၏။ ။ဤကားအနက်။

ယင်းသို့ ဖေါ်ပြခဲ့ပြီးသည်မှ နောက်ဖြစ်သော ထိုအခါ၌ သိကြားမင်းသည် ပဌမယာမအဆုံး၌ နတ်ပရိသတ်နှင့်တကွ မြတ်စွာဘုရားသို့ ချဉ်းကပ်ညွတ်လျှိုး ရှိခိုး၍ သင့်တင့် လျောက်ပတ် တခုသော အရပ်၌ အသက်ထက်ဆုံး နှလုံးသွင်းမှတ် အောက်မေ့အပ်သော တရားစကားကို ကြားနာလျက်ထိုင်နေ၏။ထိုအခိုက်ခဏ၌ ကိသာဂေါတမိမထေရ်မသည် မြတ်စွာဘုရားသခင်ကို ကြည်ညိုညွတ်နူး ဖူးမြင်အံ့ဟု ကြံစည်ပြီးလျှင် ကောင်းကင်ခရီးဖြင့်ကြွလာ၍ သိကြားမင်းကို မြင်သည်ယိုသော် ဆုတ်နစ်ပြန်လည်လေ၏။ ထိုသိကြားမင်းသည် ဆုတ်နစ်ပြန်လည်သော ထိုမထေရ်မကို မြင်၍ မြတ်စွာဘုရားသခင်ကို "ဘုန်းတော် ကြီးတော်မူ မြတ်စွာဘုရား၊ ရှေးရှုလာလျက်သာလျှင် အရှင်ဘုရားတို့ကိုမြင်၍ ဆုတ်နစ်ပြန်လည်သော ထိုမထေရ်မသည် အဘယ် အမည် ယိုပါသနည်း" ဟု

မေးလျှောက်၏။ မြတ်စွာဘုရားက "မြတ်သော တကာတော် သိကြားမင်း၊ ဤမထေရ်မသည် ပံသုကူသင်္ကန်းကိုဆောင်ကုန်သော မထေရ်မတို့တွင် အထွတ်အမြတ်ဖြစ်သော ငါဘုရား၏သွီးတော် ကိသာ ဂေါတမီ အမည်ယှိသော သူပေတည်း" ဟု မိန့်ဆိုပြီး၍။

သိကြားမင်းအား ဗြာဟ္မဏ၏အရကို ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

ပံသုကူလဓရံ ဇန္တုံ၊ ကိသံ ဓမနိသန္ထတံ။
ဧကံ ဝနသ္မိံ ဈာယန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏ အနက်ကား။ ။ပံသုကူလဓရံ၊ မြေမှုန့်လိမ်းကျံ ပံသုကူသင်္ကန်းကို ဆင်မြန်းယူဆောင်ထသော။ ကိသံ၊ အသွေးအသား နည်းပါးပိန်ကြီထသော။ ဓမနိသန္ထတံ၊ အကြောကွန်ရက် ဖြာယှက်ပေါ်ပြိုင်ဖြိုင်ဖြိုင်ထသော ကိုယ်ယှိထသော။ ဧကံ၊ အဖေါ်မလှောက် တယောက်ထီးတည်း။ ဝနသ္မိံ၊ လူသူကင်းတိတ် တောမြိုင် ရိပ်၌။ တနည်းကား၊ ဧကံဝနသ္မိံ၊လူသူကင်းတိတ်ငြိမ်ဆိတ်အေးရှုတခုသောတော၌၊ဈာယန္တံ ဈာန်ဝင်စားလေ့ယှိထသော။တံဇန္တုံ၊ထိုပုဂ္ဂိုလ်ကို။ဗြာဟ္မဏံ၊မကောင်းမှုကို အပပြုပြီးသောသူ ဟူ၍။ အဟံ၊ သင်တို့ဆရာ ဘုရားငါသည်။ ဗြူမိ၊ ဟောတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၌ တဆယ့်နှစ်ခုမြောက်သော ကိသာဂေါတမီ မထေရ်မ၏ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၁၉၆ ဓမ္မပဒဝတ္ထုတော်ကြီး။ (ဆရာတော်-အသျင်စန္ဒိမာ မူ)။

၂၆–ဗြာဟ္မဏဝဂ်၌၊ ၁၃-တယောက်သော ပုဏ္ဏားဝတ္ထု။

နစသာဟံ ဗြာဟ္မဏံ ဗြူမိ။ ။အစယ်သော ဤဓမ္မဒေသနာကို။ ဝံသာဆက်မှန်၊ ဇာတိမာန်ဖြင့်၊ အလျှံလူလူ၊ တံခွန် ထူကုန်သော။ ဝန်းဆူသတ္တဝါ၊ ဝေနေယျာ အတန်တန်တို့ကို၊ ဇာတိမာန် ကျိုးပဲ့အောင်၊ ချိုးဖဲ့ဆုံးမတော်မူတတ်သော မြတ်စွာဘုရား သခင်သည်၊ အပြစ်တင်ဘွယ်၊ ငြိတွယ်တစိ၊ မရှိထူးခြွန်၊ ကောင်းမျိုးလွန်သော၊ ဇာတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းနေမျှတော်မူလျက်၊ တယောက်သောပုဏ္ဏားကို အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်း အထူးပုဒ်တို့ အစဉ်ကား ဤသို့တည်း။

သာဝတ္ထိပြည်သား တဦးသော ထိုပုဏ္ဏားသည် ရဟန်းဂေါတမသည် မိမိ၏တပည့်တို့ကို ဗြာဟ္မဏဟူ၍ ပြောဆိုသတတ်။ ငါသည်တမူလည်း ဖြစ်သန့်ရှင်းကြောင်းရင်းမူလ ဗြာဟ္မဏမျိုး၌ဖြစ်ခဲ့ပေ၏။ ငါ့ကို လည်းစင်စစ်ကန်အမှန်မချို့ ဤသို့ဖေါ်ပြ ဗြာဟ္မဏဟုခေါ်ဆိုခြင်းငှါ သင့်လျော်အံ့လောဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ဘုရားမြတ်စွာထံတော်သာသို့ ကောင်းစွာချဉ်းကပ် သတ်မှတ်တိုင်းရည် ကြံစည်သော ထိုအကြောင်းကို ရုံးပေါင်းပြန်ကြား လျှောက်ထား မေးမြန်းသတတ်။ ထိုအခါ မြတ်စွာဘုရားက ထိုပုဏ္ဏားကို "ငါဘုရားသည် ပုဏ္ဏားခေါ်ရ ဗြာဟ္မဏမျိုး၌ ဖြစ်ကာမျှဖြင့်သာလျှင် စင်စစ် ဗြာဟ္မဏဟု ဖေါ်ပြ ဟောကြားတော်မမူ။ အကြင်ပုဂ္ဂိုလ်သည်ကား ရာဂစသည် ဆယ်လီများစွာ ကိလေသာတို့ဖြင့် ကစုံတရာ လွန်စွာကြောင့်ကြ ကိန္နု တရားမရှိ။ ထိုပုဂ္ဂိုလ်ကို မကောင်းမှုမှန်သမျှကို အပယ်ပြုပြီးသည်အရ ဗြာဟ္မဏမည်၏ဟူ၍ ငါဘုရားခေါ်ဆိုတော်မူ၏" ဟု မိန့်ဆိုတော်မူပြီး၍....

ဗြာဟ္မဏ၏ အရကို ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

နစသာဟံ ဗြာဟ္မဏံ ဗြူမိ၊ ယောနိဇံ မဏ္ဍိသမ္ဘဝံ။
ဘောဝါဒိနာမသော၊ ဟောတိ၊ သစေ ဟောတိ သကိဉ္စနော။
အကိဉ္စနံ အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံး၌ ထိုပုဏ္ဏားသည် သောတာပတ္တိ ဖိုလ်၌ တည်လေ၏။ ရောက်လာကုန်သော ပရိသတ်တို့အားလည်း အကျိုးယှိသော ဒေသနာသည် ဖြစ်၏။

ဂါထာ၏ အနက်ကား။ ။ယောနိဇ်၊ပုဏ္ဏားခေါ်ရပြာဟ္မဏမျိုး၌ ဖြစ်သော။ မတ္တိသမ္ဘာဝံ၊ လောကခေါ်ဘွယ် အန္ဓယ်စင်ပြ ပုဏ္ဏေးမ၏ ဝမ်း၌ ကိန်းပိုက်သန္ဓေ တည်နေဖြစ်ပေါ်လာသော ပုဂ္ဂိုလ်ကို။ ပြာဟ္မဏံ၊ စင်စစ်မှန်စွ ပြာဟ္မဏဟူ၍။ အဟံ၊ ငါဘုရားသည်။ နမြ။ မိ၊ ဟောတော်မူ။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ သကိဉ္စနော၊ ရာဂစသည် အညှိဆယ်ဖြာ ကိလေသာကြောင့်ကြ ကိဉ္စနသဘောယှိသည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်ခဲ့အုံ။ ဧဝံသတိ၊ ဤသို့ကြောင့်ကြ ကိဉ္စနတရား ယှိခဲ့သော်။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဘောဝါဒိနာမ၊ ဘော-ဘောဟုခေါ်ဝေါ်ဆိုမြည် လှည့်လည်လေ့ ယှိသောကြောင့် ဘောဝါဒိ အမည်ယှိသည်။ ဟောတိ၊ ဖြစ်၏။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ သကိဉ္စနံ၊ ရာဂစသည် အညှိကြောင့်ကြ ကိဉ္စနမရှိသည်။ အနာဒါနံ၊ ကာမအစ လေးဝမည်ခံ ဥပါဒါန်ဖြင့် ဖန်ဖန်စွဲလမ်းခြင်း မရှိသည်။ ဟောတိ၊ ဖြစ်၏။ တံပုဂ္ဂလံ၊ထိုပုဂ္ဂိုလ်ကို။ ပြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသော သူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြ။ မိ၊ ဟောတော်မူ။ ။ဤကားအနက်။

ဓမ္မပဒ၊ပြာဟ္မဏဝဂ်၌ တဆယ့်သုံးခုမြောက်သော တယောက်သော ပုဏ္ဏား၏ ဝတ္ထုစကား အစဉ်ကား ဤတွင် ရွှေပြီး၏။

[သမ္မသံယောဇနံ။ ။အစယှိသော ဤဓမ္မဒေသနာ ဂါထာအရ ဥဂ္ဂသေနသေဋ္ဌေးသား ဝတ္ထုကား တဏှာဝဂ် ခြောက်ခုမြောက် ဖြစ်သော သေဋ္ဌေးသားဝတ္ထု၌ အလုံးစုထည့်သွင်း ရေးသားခဲ့ပြီ ဖြစ်၍ တဖန်ရေးသားဘွယ်မလိုတော့ပြီ။ ။ဤကားအမှာ]။

၂၆-ပြာဟ္မဏဝဂ်၌၊ ၁၅-နှစ်ယောက်ကုန်သော ပုဏ္ဏားတို့ဝတ္ထု။

ဆေတွာ နဒ္ဓိံ ဝရတ္တာ။ ။ယင်းသို့စသည့်၊ ဤမမ္မဒေသနာကို၊ အဝိဇ္ဇာမောဟ၊လောဘ ကဏ္ဍာ၊ နှစ်ဖြာမူလ. ဘွဲ့ရစ်ကြ၍၊ ကောဓ စသည်၊ ပြန့်ပြော စည်သား၊ ဆုံလည်နွားနှယ်၊ သံသာနယ်မှ၊ အလွယ် မကျွတ်၊ ဝဋ်ကြွေး ဆပ်ကာ၊ သတ္တဝါတို့ကို၊ လွတ်ရာ လွတ်ကြောင်း၊ လမ်းကောင်း မမ္မဖြင့်၊ ဆုံးမတော် မူတတ်သော မြတ်စွာဘုရားသည်၊ ဆယ်ပါး မျက်မွန်၊ စီခြယ်မှန်သော၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်း အောင်းမျှမူးလျက်၊ နှစ်ဦးကုန်သော ပုဏ္ဏားတို့ကို၊ ထင်ရှားပေါင်းစု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

ထိုနှစ်ယောက် ကုန်သော ပုဏ္ဏားတို့တွင် တယောက် ပုဏ္ဏားအား စူဋ္ဌရောဟိတ အမည်ယှိသော နွားသည်ယှိသည် ဖြစ်ပေ၏။ တယောက် သော ပုဏ္ဏားအား မဟာရောဟိတ အမည်ယှိသောနွားသည် ယှိသည် ဖြစ်ပေ၏။ထိုနှစ်ယောက်ကုန်သော ပုဏ္ဏားတို့သည် တနေ့သောအခါ၌ အသင်၏ နွားသည် ခွန်အားယှိ၏။ ငါ၏နွားသည် ခွန်အားယှိ၏ စသည် တို့ဖြင့် တဦးသည်တဦး အကျူးအလွန် အကျုံနှစ်စုံ ငြင်းခုံစကား ဖြစ်ပွါး ကြ၍ ငါတို့ နှစ်ကောင်သောနွားကို ထင်ရှားတူယှဉ် မောင်းနှင်၍ သိရ ကုန်တော့အံ့ဟု ပြောဆို ချိန်းချက်ပြီးသောအခါ အစိရဝတီ မြစ်ကမ်း၌ လှည်းကို သဲဖြင့်ပြည့်စေ၍ နွားတို့ကို ယှဉ်ကကုန်၏။ ထိုအခိုက်အခါ ခဏ၌ ရဟန်းတို့သည်လည်း ရေချိုးခြင်းငှါ အစိရဝတီ မြစ်ကမ်းဝယ် အားစွမ်းပြိုင်မှတ် ထိုအရပ်သို့ ကြွရောက်တော်မူကြသည် ဖြစ်ကုန်၏။ ပုဏ္ဏားတို့သည် အားပြိုင်လိုအား ယှဉ်က၍ ထားကုန်သော နွားတို့ကို မောင်းနှင်ကုန်၏။ သဲအပြည့်တင်ပြီးသော လှည်းသည် အနည်းငယ်မျှ ရွှေကြွတုန်လှုပ်ခြင်းမရှိ ပကတိတည်မြဲတိုင်းပင် တည်နေ၏။ မြေးယှက် ချည်တုပ် ပြုလုပ်အမျိုးမျိုး ကြိုးလွန်တို့သည်ကား ပြတ်ကုန်၏။ ရဟန်း တော်တို့သည် ယင်းသို့ဖြစ်ပုံ အလုံးစုံကို အကုန်တွေ့မြင်၍ အရှင်မြတ် ဖျား ဘုရားကိန်းအောင်း ကျောင်းသို့သွားရောက်၍ လျောက်ပတ်နေ

၂၆-မြာဟ္မဏဝဂ်၊ ၁၅-နှစ်ယောက်သောပုဏ္ဏားတို့ဝတ္ထု။ ၁၉၉

ရပ် ချဉ်းကပ် ညွှတ်ပျောင်းလျက် ထိုအကြောင်း အလုံးစုံကို အကုန်ထင်ရှား မြတ်စွာ ဘုရားအား လျှောက်ကြားကုန်၏။ မြတ်စွာ ဘုရားသခင်က "ချစ်သားရဟန်းတို့၊ ဘွဲ့ယှက်ချည်တုပ် ပြုလုပ်အမျိုးမျိုး ထိုကြိုးလွန်တို့သည်ကား တွေ့ရမြင်ရ လွယ်ကူလှသော အပြင်အပ၌ ဖြစ်သော ကြိုးတို့ပေတည်း။ အမှတ်မထင် အကြင် တစုံ တယောက်သော သူသည် အပ၌တည် ဘွဲ့ချည်အမျိုးမျိုး ထိုကြိုးလွန်တို့ကို လွယ်လင့် တကူနည်းယူလုံလောက် ဖြတ်တောက်နိုင်သည် သာလျှင်တည်း။ ရဟန်းတော်မည်သည်ကား အတွင်းခေါ်ရ အဇျတ္တိက သန္တာန်၌ ဖြစ်သော ကြမ်းကြုတ်မာခက် အမျက်တည်းဟူသော ကြိုးကိုလည်းကောင်း, ထိုထိုအာရုံ ကာမဂုဏ်နှင့် ဘုံဘဝ အဆက်ဆက်ကို တပ်မက် တတ်သော တဏှာတည်းဟူသော ကြိုးကိုလည်းကောင်း ဖြတ်တောက်ခြင်းငှါ သင့်လျော်လျောက်ပတ်အပ်တော့ သည်သာတည်း" ဟု မိန့်တော်မူပြီး၍....

ကိုယ်တွင်း ကိန်းအောင်း ကြိုးအပေါင်းကို ဖြတ်တောက်ရန်
ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

ဆေတွာ နဒ္ဓိံ ဝရတ္တဉ္စ၊ သန္ဒနံ သဟနုက္ကမံ။
ဥတ္တက္ခိပလိဃံဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ရောက်လာကုန်သော ပရိသတ်တို့အားလည်း အကျိုးယှိသော တရားဒေသနာသည် ဖြစ်၏။

ဂါထာ၏ အနက်ကား။ ။ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ နဒ္ဓိဉ္စ၊ မြေးယှက်သော အဖြစ်ဖြင့် ဖြစ်သော အမျက်ကို လည်းကောင်း။ ဝရတ္တဉ္စ၊ ဘွဲ့တတ်သောအမျိုး ကြိုးနှင့်တူစွာ တဏှာကိုလည်းကောင်း။ သဟနုက္ကမံ၊ မပြတ်အစဉ် စူးဝင်တတ်လှ ကိန်းတည်ကြသော အနုသယနှင့်တကွသော။ သန္ဒနဉ္စ၊ ခြောက်ဆယ့်နှစ်ပါး အပြား လာယှိ မိစ္ဆာဒိဋ္ဌိကို လည်းကောင်း။ ဆေတွာ၊ မဂ်ဉာဏ်သန်လျက်ဖြင့် ပိုင်းဖျက်ဖြတ်

တောက်၍။ ဥက္ခိတ္တပလိဃံ၊ အဝိဇ္ဇာမည် တံခါးကျည်ကို မသိပြစ်ရာလျှစ်ခွါအပ်ထသော။ ဗုဒ္ဓံ၊ သစ္စာလေးပါး ပိုင်းခြားတည့်တည့် သိမြင်သည် အဖြစ်ကြောင့် ဗုဒ္ဓမည်သည်။ ဟောတိ၊ ဖြစ်၏။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ မြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသည်အရ မြာဟ္မဏ မည်၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူ။ မိ၊ မိန့်ဆိုဟောကြားတော်မူပေ၏။ ။ ဤကားအနက်။

ဓမ္မပဒ၊ မြာဟ္မဏဝဂ်၌ တဆယ့်ငါးခုမြောက်သော နှစ်ယောက်ကုန်သော ပုဏ္ဏားတို့၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရွေပြီး၏။

၂၆-မြာဟ္မဏဝဂ်၌၊ ၁၆-အက္ကောသက ဘာရဒ္ဒါဇပုဏ္ဏားဝတ္ထု။

အက္ကောသံ ဝဓံ ဗန္ဓံ။ ။ယင်းသို့ စသည်၌၊ ဤဓမ္မ ဒေသနာကို၊ လွန်စွာ မျက်မာန်၊ခက်ထန်ကြမ်းစွာ၊သတ္တဝါတို့ကို၊ စရိတာနုလောမ၊ ဩသဓဆေးအမြိုက်ဖြင့်၊ ကျွေးတိုက် ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသခင်သည်၊ ပင်စဉ်ရိပ်ခို၊ ဝါးညှိုပြန့်မွန်၊ ဝေဠုဝန မင်းကျောင်း၌၊ ကိန်းအောင်း နေမျက်ဝန်းမူလျက်၊ ဆဲရေး ရေရွတ်ဘတ်သော အရကြောင့် အက္ကောသက၊ အန္တယ်အားဖြင့် ဘာရဒ္ဒါဇ အမည် ယှိသော ပုဏ္ဏားကို၊ ရည်ထားပေါင်းစု၊ အကြောင်းပြုသော အားဖြင့်၊ ဟော-ကြားတော်မူခဲ့လေသတည်း။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

အက္ကောသကဘာရဒ္ဒါဇ ပုဏ္ဏား၏ အစ်ကိုကြီးဖြစ်သော ဘာရဒ္ဒါရပုဏ္ဏား၏ မယားခင်ပွန်းမဖြစ်သော ဓနဉ္ဇာနီအမည်ယှိသော ပုဏ္ဏေးမကား မြတ်စွာဘုရား၏တပည့်မအစစ်သောတာပတ္တိမဂ်ဖိုလ်သို့ရောက်ပြီးသော သောတာပန် အရိယာသာဝိကာမ ဖြစ်ပေ၏။ ထို ဓနဉ္ဇာနီအမည်ယှိသော ပုဏ္ဏေးမသည် ချေဆတ်သည် ယှိသော် လည်းကောင်း၊ တစုံတခုပြုမူ ယွင်းရော်ချွတ်ချော်ခဲ့သည် ယှိသော်လည်းကောင်း "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" -ဟူသော ဤသို့သောဥဒါန်းကို ရွှင်လန်းမြောက်မြှူး သုံးကြိမ်တိုင်တိုင် ကျူးရင့် ရွတ်ဆို

၂၆-ဗြာဟ္မဏဝဂ်၊ ၁၆-အတ္တောသက ဘာရဒ္ဒါဇပုဏ္ဏားဝတ္ထု။ ၂၀၁

လေ့ယှိ၏။ခင်ပွန်းအရှင် ချစ်လင်ဖြစ်သော ဘာရဒ္ဒါဇပုဏ္ဏားနှင့် မယား ခင်ပွန်းမဖြစ်သော ဓနဥ္စာနီပုဏ္ဏေးမတို့သည် အယူဝါဒ မတူမျှကြကုန်။ ဘာရဒ္ဒါဇပုဏ္ဏားသည်မိစ္ဆာဒိဋ္ဌိအယူယှိသောသူတည်း။ဘုရား့တရား သံဃာဟူ၍ပြောဆိုသည်ယှိသော် နှစ်ဘက်သောနားတို့ကိုပိတ်ထား၏။ ကြမ်းတမ်းခက်ကြုတ် ရှားသစ်ငုတ်နှင့် တူ၏။ ထိုပုဏ္ဏားသည် အလှူဒါန ဝေငှလှူဒါန်းသည် ယှိသော် ငါးရာကုန်သော ပုဏ္ဏားတို့အား ရေမရော သော နို့ထမင်းကို ပေးလှူ၏။ ပုဏ္ဏေးမသည်ကား ဘုရားအမှူးယှိသော သင်္ဃာတော်အပေါင်းအား အထူးထူးအပြားပြား များစွာပြွမ်းဘိ အရသာယှိသော ဘောဇဉ်ကို ပေးလှူ၏။ ပုဏ္ဏား၏အလှူ ပေးလှူသော နေ့၌ ပုဏ္ဏေးမသည် ထိုခင်ပွန်းလင်ဖြစ်သော ပုဏ္ဏား၏ အလိုသို့ လိုက်သော အားဖြင့် လည်းကောင်း၊ မပေးလှူလို ဝန်တိုတတ်သော မစ္ဆရိယတရား ပယ်ရှားသမှု အပပြုပြီးသည်၏အဖြစ်အားဖြင့်လည်းကောင်း ကိုယ်တိုင် မိမိ၏ လက်ဖြင့် ပြုစုလုပ်ကျွေး၏။ ပုဏ္ဏေးမ၏ အလှူဒါနပေးငှ လှူဒါန်း သော နေ့၌ကား ပုဏ္ဏားသည် နံနက် စောစောက သာလျှင် နေအိမ်မှ ထွက်၍ တိမ်းရှောင် ပြေးသွား၏။ ထိုနောက် မြင့်စွာ ကာလကြာသော တခုသောနေ့အခါ၌ ပုဏ္ဏားသည် မယားပုဏ္ဏေးမနှင့် အတူတကွ ပြောပြ တိုင်ပင်ခြင်း မပြုမူ၍ ငါးရာကုန်သော ပုဏ္ဏားတို့ကို ဖိတ်ကြားပြီး၍ မယားဖြစ်သောပုဏ္ဏေးမကို "အိုရှင်မ၊မနက်ဖြန်ခါ၌ ငါတို့၏ နေအိမ်၌ ငါးရာကုန်သောပုဏ္ဏားတို့သည် ဘောဇဉ်ကို စားသုံးကုန် လတ္တံ့" ဟု ပြောဆို၏။ မယားဖြစ်သောပုဏ္ဏေးမက "အိုအရှင်ပုဏ္ဏား၊ ကျွန်တော် မသည် အဘယ်မည်သောအမှုကို ပြုလုပ်အပ်ပါသနည်း"ဟု မေးမြန်း သည်ယှိသော် "အိုရှင်မ၊ အသင်သည် တပါး တခြား လျင်လျား သွယ် သွယ် အနည်းငယ်သော ပြုဘွယ်ကိစ္စမယှိပေ။ အလုံးစုံသော ချက်ပြုတ် အရေး လုပ်ကျွေးဘွယ်အမှုဟူသမျှကို တပါးသော သူတို့သည် ပြုလုပ် ကုန်လတ္တံ့။ အသင် ရှင်မသည် ရပ်တည်သော် လည်းကောင်း၊ ထိုင်နေ သော် လည်းကောင်း၊ ချေဆတ်သော် လည်းကောင်း၊ ချောင်းညှံသော် လည်းကောင်း "နမော ဗုဒ္ဓဿ"စသည်တို့ဖြင့် ထိုဦးပြည်း ရဟန်းအား အကြင်ရှိခိုးခြင်းကို ပြုလေ့ယှိ၏။ ထိုရှိခိုးခြင်းအမှုကို နက်ဖြန်ခါ၌ တနေ့

မျလောက်ကို ဒေါင့်အည်း သည်းခံကာ မပြုလုပ်ပါလင့်။ ထိုစကား မှန်၏။ ပုဏ္ဏားတို့သည် ထိုသို့သော စကားကို ကြားကုန်သည် ယိုသော် နှလုံးမသက် မသာ ဖြစ်ကြ ကုန်၏။ ငါ့ကို ပုဏ္ဏားတို့နှင့် မေတ္တာချစ်လွဲ အောင် မခွဲပါလင့်" ဟု ပြောဆို၏။ "အို အရှင် ပုဏ္ဏား၊ အသင်သည် ပုဏ္ဏားတို့နှင့် ကွဲပြားမှုလည်း ကွဲပြားစေ၊ နတ်တို့နှင့် ကွဲပြားမှုလည်း ကွဲပြားစေ၊ ကျွန်တော်မ သည်ကား ဆရာဖြစ်တော် မူသော မြတ်စွာ ဘုရားကို သတိရယိုအောက်မေ့ခဲ့သည်ယိုသော်လက်အုပ်ချီမိုး ရှိမခိုးဘဲ တည်နေခြင်းငှါမစွမ်းနိုင်ပါ"ဟု ပြန်ကြားပြောဆိုလျှင် "အိုရှင်မ၊အမျိုး တို၏ ဥစ္စာဖြစ်သောရွာ၌ လွန်စွာကြီးမား ရွာတံခါးကို ပိတ်ထားခြင်း ငှါလုံ့လကြိုးကုတ်အားထုတ်နိုင်ကြပါသေး၏။ အသင်သည်နှစ်ခုသော လက်ချောင်းတို့ဖြင့် ပိတ်ခြင်းငှါ တတ်နိုင်ကောင်းလောက်သော ခံတွင်း ကို ပုဏ္ဏားတို့ စားသုံးဆဲအခါကာလ အနည်းငယ်မျှကို ပိတ်ထားခြင်း ငှါမစွမ်းနိုင်တော့ပြီလော" ဟု ဤသို့အစရှိသော စကားတို့ဖြင့် အဖန် ဖန် ပြောဆိုပါသော်လည်း ထိုပုဏ္ဏားသည် ပုဏ္ဏားမကို မရ၊ ရအောင် ကြံဆောင် ဘားမြစ်ခြင်းငှါ မစွမ်းနိုင်သောကြောင့် ဦးခေါင်း ရင်းဦး ထားအပ်သော အသွားချွန်လျက် အလွန်ထက်သောသန်လျက်ကို ကိုင် ယူ၍ "အိုရှင်မ၊ နက်ဖြန်ခါဦး ပုဏ္ဏားတို့ထိုင်နေကုန်သည်ယိုသော် ထိုဦး ပြည်း ရဟန်းကို အကယ်၍ ရှိခိုးခဲ့အုံး။ ဤသို့ဖြစ်ဘိ ရှိခိုးခဲ့သည် ယိုသော် ထက်လွန်စွာသော ဤသန်လျက်ဖြင့် ခြေဖဝါးအပြင်မှစ၍အထက်ဆံဖျား သို့ ဆုံးသည်တိုင်အောင် သစ်သွန် သစ်ညှောက် ကဲ့သို့ ရိုက်ခတ် ခုတ်မျှင် အသင့်ကိုယ်ကို ပြုအုံး" ဟု ဤသို့အစရှိသောစကားတို့ဖြင့် ခြိမ်းချောက် ပြောဆိုပြန်၏။ အရိယာ ဖြစ်သော မြတ်စွာဘုရား၏ တပည့်မကိုကား မဟာပထဝီ အမည်တွင်ပြီး ဤမြေကြီးကဲ့သို့ တုန်လှုပ် စေနိုင်ခဲ၏။ မေရ ဗဟို မြင့်မိုရ်တောင်မင်းကဲ့သို့ အောက်ထက်ပြောင်းပြန် ဖေါက်ပြန်စေ နိုင်ခဲ့၏။ ထိုကြောင့် ပုဏ္ဏားမက "အို အရှင်ပုဏ္ဏား၊ ကျွန်တော်မ၏ အက်ိကြီးငယ် အသွယ်သွယ်တို့ကို အကယ်စင်စစ် ဖြတ်တောက်သည် ဖြစ်စေကာမူ သယမ္ဘူဇာတ်ဘုရားမြတ်၏သတ်မှတ် ဆုံးမတော်မူသော သာသနာမှ ဖယ်ခွါလွတ်ပ ကျွန်တော်မ မရှောင်ကြဉ်နိုင်ပါ"။ ဤသို့အစ

လာသော ငါးရာသော ဂါထာယျိသော ဓနဥ္ဇာနိဂဇ်တမည်သော ကြုံး ဝါး ပြောဆိုခြင်းဖြင့် ပြန့်ကြားပြောဆို၏။ ပုဏ္ဏားသည်ပုဏ္ဏေးမကို သုံး သပ်ခြင်းငှါလည်းကောင်း၊ ပုတ်ခတ်ခြင်းငှါ လည်းကောင်း မစွမ်းနိုင် သောကြောင့် "အိုရှင်မ၊ အသင်သည် အကြင်အမှုကို ပြုလုပ်လိုချက် နှစ် သက်ပေ၏။ ထိုအမှုကိုသာ ပြုလုပ်ပါလေလော့" ဟု နှုတ်ဆုံး မသက်သာ ပြင်းထန်စွာ ပြောဆိုလျက် သန်လျက်ကိုပစ်ချလိုက်၏။ တဖန်မိုးသောက် သောနေ့၌ နေအိမ်ကို စိမ်းစိုသော နွားချေးစသည်တို့ဖြင့် လိမ်းကျံခြင်း ကို ပြုစေ၍ ပေါက်ပေါက်ဖြင့် ပြည့်သော ကြာသွတ်အိုး ပန်း နုံသာ စသည်တို့ဖြင့် ထိုထိုသော နေရာဌာနတို့၌တန်ဆာဆင်စေ၍ ငါးရာကုန် သော ပုဏ္ဏားတို့အား ဆီဦးထောပတ် သကာ ပျားရည်တို့နှင့် စပ်ယှက် သော ရေမရောသောနို့ထမင်းအဖျော်ကိုသင့်လျော်လောက်အောင် စီရင် စေ၍အချိန်တန်ရာ အခါကာလကို ကြားစေ၏။ ထိုပုဏ္ဏေးမသည် နံနက် စောစောမှသာလျှင် နုံသာရေဖြင့် မိမိကိုယ်ကို သန့်ရှင်းစေနိုး ရေချိုး သုံးသပ်၍ အဘိုးတသိန်းထိုက်သော အစာမကျေသော အဝတ်ကို ဝတ် ၍ အဘိုးငါးရာထိုက်သော အဝတ်တဘက်ကို တဖက်သော ပခုံးစွန်း၌ တင်ပြီးလျှင် ဆင်မြန်းဘွယ်ကြုံ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာ ဆင်၍ ရွှေယောက်ချိုကို ကိုင်ပြီးလျှင် ဘုဇဉ် ကျွေးမွေးရာ တင်းကုပ်၌ ပုဏ္ဏားတို့ကို ပြုစုလုပ်ကျွေးလျက် ပုဏ္ဏားတို့နှင့် အတူတကွ တခုသော အစည်း၌ ထိုင်နေသော တဦးသော ပုဏ္ဏားအား ထမင်းကို ချဉ်းကပ် ဆောင်ယူစဉ် မကောင်းသဖြင့် ထားအပ်သော သစ်သားဘက္ကာ၌ ခြေ ချော် တိုက်ခိုက်မိလေ၏။ ချွတ်ချော် တိုက်ခိုက်မိသောကြောင့် အလွန် အကဲ ဆင်းရဲဝေဒနာသည် ဖြစ်လေ၏။ ထိုအခိုက် ခဏ၌ မြတ်စွာဘုရား ကို အောက်မေ့မိလေ၏။ သတိနှင့် ပြည့်စုံသည့် အဖြစ်ကြောင့်ကား နို့ ထမင်းခွက်ကို အလျင်အမြန် မစွန့်ပစ်မူ၍ ဖြည်းဖြည်းသာသာကောင်းစွာ သက်စေ မြေ၌တည်စေပြီး၍ ငါးရာကုန်သော ပုဏ္ဏားတို့၏ အလယ်၌ ဦးခေါင်း၌လက်အုပ်ကို မြှောက်ချီတင်ထား၍ အကြင်အရပ်၌ ဝဋ္ဋဝန် ကျောင်းတော် အာရာမသည်ယျိ၏။ ထိုဝဋ္ဋဝန်ကျောင်းတော်အာရာမ ယျိရာ အရပ်သို့ လက်အုပ်ကို ညွှတ်စေ၍ "နမော တဿ ဘဂဝတော

အရဟတော သမ္မာသမ္ဗုဒ္ဓဿ'' ဟူသော ဥဒါန်းကို သုံးကြိမ်တိုင်တိုင် ရွတ်ဆို ကျူးရင့်၏။ ထိုအခါကာလ၌ စည်းဝေးရောက်လာ ထိုငါးရာ ကုန်သော ပုဏ္ဏားတို့တွင် အချို့ကုန်သော ပုဏ္ဏားတို့သည် စားပြီးသည် ဖြစ်ကုန်၏။ အချို့ကုန်သော ပုဏ္ဏားတို့သည် စားဆဲ ဖြစ်ကုန်၏။ အချို့ ကုန်သော ပုဏ္ဏား တို့သည် ဘောဇဉ်ခွက်၌ လက်ကို ချထားကာမျှ ဖြစ်ကုန်၏။ အချို့သော ပုဏ္ဏားသည် ဘောဇဉ်ကို ရှေတည့်တည့်မှ ချထားကာမျှဖြစ်၏။ထိုပုဏ္ဏားတို့သည် ဓနဥာနီ အမည်မှေးလှ ပုဏ္ဏေးမ ရွတ်ဆိုသော ထိုဥဒါန်းစကားကို ကြားကုန်၍သာလျှင်မြင့်မိုရ်တောင်မျှ ပမာဏပြုလုပ် ဆောက်ပုတ်ဖြင့် ဦးခေါင်း၌ ရိုက်နှက် ပုတ်ခတ်ဘိ သကဲ့သို့ လည်းကောင်း၊ နှစ်ဖက်သော နားတို့၌ အသွားထက်လျှင် တံ ကျင်ဖြင့်ထိုးဘိသကဲ့သို့ လည်းကောင်း၊ ဆင်းရဲလှဆုံး နှဆုံးမသက်သာ ကျင်နာဖြစ်ပွါးသည်ကို ခံစားရကုန်လျက် ချတ်ယွင်းဖေါက်ပြား တပါး သော အယူယှိသော ဤပုဏ္ဏားသည် ငါတို့ကို အိမ်သို့ ခေါ်သွင်းအပ် ကုန်၏ဟုအမျက်ထွက်ကုန်၍ လက်၌ ကိုင်ယူသောဘောဇဉ်ထမင်းခဲကို စွန့်ပစ်၍ ခံတွင်းဖြင့် ယူအပ်သော ဘောဇဉ်ထမင်းလုပ်ကို စွန့်ပစ် ထွေး အန်၍ လေးကိုမြင်၍ ဆန့်ကျင်လန့်ပြီး ကျီးသတ္တဝါတို့ကဲ့သို့ ဘာရဒ္ဓါဇ ပုဏ္ဏားကို မျာစွာသဲမဲ ဆဲရေး ရေရွတ်ကုန်လျက် တူရူဖြစ်သော အရပ် မျက်နှာ, အယောင့်ဖြစ်သော အရပ်မျက်နှာ တို့သို့ ဖဲသွားကုန် ၏။ ။ဘာရဒ္ဓါဇ ပုဏ္ဏားသည် ဤသို့ကွဲပြား ဖဲထွက်၍ သွားကုန် သော ပုဏ္ဏားတို့ကို မြင်သည်ယှိသော် မယားပုဏ္ဏေးမကို ဦးခေါင်းမှစ၍ စိမ်းစိမ်း ကြည့်ရှုပြီးလျှင် ဤသို့ဖြစ်ရေး ဘေးကိုထင်ထင် ငါသိမြင်သော ကြောင့် ငါတို့သည် ယမန်နေ့မှစ၍ သင်ရှင်မကို တောင်းပန်ပါလျက် မရရှိလေ။ အထွေထွေအကြောင်း ရုံးပေါင်းပြောကြားပြီးလျှင် ပုဏ္ဏား သည် ပြင်းစွာ အမျက်ထွက်သည် ဖြစ်၍ ဤသူယုတ်မသည် ဟုတ်ဟုတ် ငြားငြား ဤသို့အားဖြင့်သာလျှင် ဦးပြည်း ဖြစ်သော ထိုရဟန်း၏ ဂုဏ် ကျေးဇူးကို အထူးမပြတ် အထပ်ထပ်ရွတ်ဆိုဘိ၏ဟု ပြောဆိုပြီးလျှင် ''ဟယ်သူယုတ်မ၊ ဤယခုအခါ ငါသည် သွားရောက်၍ အသင်၏ဆရာ ဖြစ်သောထိုဦးပြည်းရဟန်းအား မေးမြန်းခဲဆစ် အပြစ်ဆိုဘွယ်သို့ တင်

၂၆-မြာဟ္မဏဝဂ်၊ ၁၆-အတ္ထောသကဘာရဒ္ဒါဇပုဏ္ဏားဝတ္ထု။ ၂၀၅

တော့အံ့” ဟု ပြောဆို၏။ ထိုအခါ ပုဏ္ဏေးမက ထိုပုဏ္ဏားကို “အရှင် ပုဏ္ဏား၊ အကြင်သူသည် ထိုမြတ်စွာဘုရားအား စကားဆန့်ကျင် အပြစ် တင်နိုင်ရာ၏။ ထိုပုဂ္ဂိုလ်မျိုးကို ငါသည်မတွေ့မမြင်ဘူးချေ။ စင်စစ်သော် ကား အသင်သွား၍ထိုမြတ်စွာဘုရားကို ထင်ရှားကြီတွေး အမေးပုစ္ဆာ ကို မေးမြန်းလေလော့” ဟု ပြောဆို၏။ ထိုပုဏ္ဏားသည် မြတ်စွာဘုရား၏ အထံတော်သို့ သွားရောက် ရှိမခိုးမူ၍သာလျှင် သင့်တင့်သော အရပ် ၌ တည်နေလျက် အမေးပုစ္ဆာကို မေးမြန်းလိုသောကြောင့်။

ဘာရဒ္ဒါဇပုဏ္ဏားက မေးမြန်းသောဂါထာ။

ကိံသု ဆေတ္ဝာ သုခံ သေတိ၊ ကိံသု ဆေတ္ဝာ န သောစတိ။
ကိဿဿ ဧကဓမ္မဿ၊ ဝဓံ ရောစေသိ ဂေါတမ။ ။

ဟူသော ဤဂါထာကို ရွတ်ဆို၏။

ဂါထာ၏ အနက်ကား။ ။ဂေါတမ၊ အို-ရှင်ဂေါတမ။ ကိံသု၊ အဘယ်မည်သော အရာကို။ ဆေတ္ဝာ၊ မကျန်မကြွင်း ဖြတ်တောက်ခြင်း ကြောင့်။ သုခံ၊ မပင်မပန်းချမ်းချမ်းသာသာ။ သေတိ၊ အိပ်ခြင်းစသည် လေးလီသော ဇရရိယာပထဖြင့် နေရပါလေသနည်း။ ကိံသု၊ အဘယ် မည်သော အရာကို။ ဆေတ္ဝာ၊မကျန်မကြွင်း ဖြတ်တောက်ခြင်းကြောင့်။ န သောစတိ၊တကြောင့်ကြကြ မစိုးရိမ်ရပါသနည်း။ကိဿဿ၊အဘယ် သို့ သဘောယှိသည် မည်သော။ ဧကဓမ္မဿ၊ တခုသောတရား၏။ ဝဓံ၊ အကြွင်းမထောင် သေအောင်သတ်ခြင်းကို။ တံ၊ အသင်သည်။ ရောစေ သိ၊ သဘောဖြစ်ချက် ပြစ်မှက်အောင် နှစ်သက်ပါလေသနည်း။ ။ ဤကားအနက်။

အဓိပ္ပါယ်ကား။ ။အို-ရှင်ဂေါတမ၊ အဘယ်မည်သော အရာကို မကျန်မကြွင်း ဖြတ်တောက်ခြင်းကြောင့် မပင်မပန်းချမ်းချမ်းသာသာ အိပ်ခြင်းစသည် လေးလီသော ဇရရိယာပဏဖြင့် နေရပါလေသနည်း။ အဘယ်မည်သော အရာကို မကျန်မကြွင်း ဖြတ်တောက် ခြင်းကြောင့် တကြောင့်ကြကြ မစိုးရိမ်ရပါသနည်း။ အဘယ်သို့သဘောယှိသည် မည်

သော တခုသော တရား၏ အကြွင်းမထောင် သေအောင် သက်ခြင်းကို အသင်သည်သဘောဖြစ်ချက် ပြစ်မကွက်ဘဲ နှစ်သက်ပါလေသနည်းဟု မေးလျှောက်၏။ ။ထိုအခါပုဏ္ဏား၏ အမေးပုစ္ဆာကို ဖြေကြားတော်မူလိုသော မြတ်စွာဘုရားသခင်သည်။

မြတ်စွာဘုရားက ပြန်ကြားဖြေဆိုသော ဂါထာ။

ကောဓံ ဆေတွာ သုခံ သေတိ၊ ကောဓံ ဆေတွာ နသောစတိ။
ကောဓဿ ဝိသမူလဿ၊ မဓုရဂ္ဂဿ ဗြာဟ္မဏ။
ဝဓံ အရိယာ ပသံသန္တိ၊ တဉ္ဒိ ဆေတွာ နသောစတိ။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဂါထာ၏ အနက်ကား။ ။ဗြာဟ္မဏ၊အိုဘာရဒ္ဒါဇပုဏ္ဏား။ကောဓံ၊ ကြမ်းကြုတ်မာခက်ခိုက်ရန်အမျက်ကို။ဆေတွာ၊မကျန်မကြွင်းအောင် တျင်းတျင်းဖြတ်တောက် ခြင်းကြောင့်။ သုခံ၊ မပင်မပန်းချမ်းချမ်း သာသာသာ။ သေတိ၊အိပ်ခြင်းစသည် လေးလီသော ဇုရိယာပထဖြင့် နေရပေ၏။ ကောဓံ၊ ကြမ်းကြုတ်မာခက်ခိုက်ရန်အမျက်ကို။ ဆေတွာ၊ မကျန်မကြွင်းအောင် တျင်းတျင်း ဖြတ်တောက် ခြင်းကြောင့်။ နသောစတိ၊ တကြောင့်ကြကြ မစိုးရိမ်ရပေ။ ဝိသမူလဿ၊ လတ်တလောပင် ရှောင်တခင်ဖြတ် သေစေတတ်သော အရိပ်ကြောင့် အဆိပ် တည်းဟူသော အမြစ်ယှိထသော။ မဓုရဂ္ဂဿ၊ ခိုက်ရန်တက်ကြွဖြစ်လိုက်ရလျှင် ကောင်းစွမှတ်မှား အဖျားအဆုံး ယှိထသော။ ကောဓဿ၊ မျက်ကြုတ်ကိုးတန် အကြောင်းခံလျက် ဖန်ဖန် ပေါ်ထွက် ခိုက်ရန် အမျက်၏။ ဝဓံ၊ အမြစ်မကြွင်း တျင်းတျင်းကုန်ပြတ် သေအောင်သတ်ခြင်းကို။ အရိယာ၊ ဘုရားအစယှိသော အရိယာအပေါင်း သူကော်ကောင်း တို့သည်။ ပသံသန္တိ၊ ရွှေနှုတ်ရည်သွန်း အရှည် ထွန်းအောင် ချီးမွမ်းတော် မူကြကုန်၏။ ဟိ-တဒေဝသစ္စံ၊ ထိုစကားသည်သာ မှန်၏။ တနည်းကား၊ ဟိ- ကသ္မာ၊ အဘယ်ကြောင့်၊ ပသံသန္တိ၊ ရွှေနှုတ်ရည်သွန်း အရှည်ထွန်းအောင် ချီးမွမ်းတော်မူကြလေသနည်း။ တံ၊ကြမ်းကြုတ်မာခက် ထိုခိုက်ရန် အမျက်ကို။ ဆေတွာ၊ မကျန် မကြွင်းအောင် တျင်းတျင်း ဖြတ်တောက်ခြင်း

ကြောင့်။ နသောစတိ၊ နွမ်းလျညှိုးပိန် စိုးရိမ်ကြောင့်ကြ မပူပန်ရလေ၊ တသ္မာ၊ ထို့ကြောင့်။ ပသံသန္တိ၊ ရွှေနှုတ်ရည်သွန်း အရှည်ထွန်းလောက် အောင် ချီးမွမ်းတော်မူကြကုန်၏။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။အိုဘာရဒ္ဒါဇပုဏ္ဏား၊ ကြမ်းကြုတ်မာခက် ခိုက်ရန်အမျက်ကိုမကျန်မကြွင်းအောင်တျင်းတျင်းဖြတ်တောက်ခြင်းကြောင့် မပင်မပန်း ချမ်းချမ်းသာသာ အိပ်ခြင်းစသည် လေးလီသော ဇုရိယာ ပထဖြင့် နေရပေ၏။ကြမ်းကြုတ်မာခက် ခိုက်ရန်အမျက်ကို မကျန်မကြွင်း တျင်းတျင်း ဖြတ်တောက် ခြင်းကြောင့် တကြောင့်ကြကြ မစိုးရိမ် ရပေ။ လတ်တလောရှောင်တခင်ဖြတ်သေစေတတ်သောအရိပ်ကြောင့်အဆိပ် တည်းဟူသော အမြစ်ယှိထသော, ခိုက်ရန် တက်ကြွ ဖြစ်လိုက်ရလျှင် ကောင်းစွ မှတ်မှား အဖျား အဆုံး ယှိထသော, မျက်ကြုတ် ကိုးတန် အတြောင်းခံလျက် ဖန်ဖန်ပေါ်ထွက် ခိုက်ရန် အမျက်၏ အမြစ်မကြွင်း တျင်းတျင်းကုန်ဖြတ် သေအောင်သတ်ခြင်းကို ဘုရား အစယှိသော အရိ ယာ အပေါင်း သူတော်ကောင်းတို့သည် ရွှေနှုတ်ရည်သွန်း အရှည်ထွန်း အောင် ချီးမွမ်းတော် မူကြကုန်၏။ အဘယ်ကြောင့် ရွှေနှုတ် ရည်သွန်း အရှည် ထွန်းအောင် ချီးမွမ်းတော် မူကြသနည်းဟူမူ။ ကြမ်းကြုတ် မာ ခက်ထိုခိုက်ရန်အမျက်ကိုမကျန်မကြွင်းအောင် တျင်းတျင်းဖြတ်တောက် ခြင်းကြောင့် နွမ်းလျညှိုးပိန် စိုးရိမ်ကြောင့်ကြ မပူပန်ရလေ။ ထို့ကြောင့် ရွှေနှုတ်ရည်သွန်းအရှည်ထွန်းအောင် ချီးမွမ်းတော်မူကြကုန်၏ဟုမိန့်ဆို ဟောဖေါ် ဖြေကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဤသို့ မြတ်စွာဘုရား ဖြေကြားဟောပြသော ဓမ္မဒေသနာတော် အဆုံးဝယ် ထိုဘာရဒ္ဒါဇ ပုဏ္ဏားသည် မြတ်စွာဘုရား၌ ဖြစ်ပွါးသဒ္ဓါ များစွာကြည်ညိုခြင်း ယှိသည်ဖြစ်၍ ကောင်းပန်လျှောက်ကြား ဘုရား သာသနာတော်ဝယ် ကောင်းစွာဝင်မြန်း ရဟန်းအဖြစ်ကိုရ၍ အရဟတ္တ ဖိုလ်သို့ ရောက်လေ၏။ ထိုနောက်အခါ ဘာရဒ္ဒါဇ ပုဏ္ဏား၏ ညီငယ် ဖြစ်သော အကျွောသက ဘာရဒ္ဒါဇ ပုဏ္ဏားသည် ငါ၏အစ်ကိုကြီးသည်

ရဟန်းပြုသတတ်ဟု ကြားသိရသည် ယှိသော် ပြင်းစွာအမျက် ပွါးထွက်ပြီးကာ လျင်စွာလာခဲ့၍ မြတ်စွာဘုရား ကိုယ်တော်ကို မလျော်ဖျင်းနပ်ကြမ်းကြုတ်ကုန်သော စကားတို့ဖြင့်ရမ်းကားဆဲရေးလေ၏။ ထိုအတ္တောသကဘာရဒ္ဓါဇ ပုဏ္ဏားသည်လည်း မြတ်စွာဘုရား သခင်က ဧည့်သည်အာဂန္တုတို့အား ခဲဘွယ်စသည်ကို ပေးသောဥပမာဖြင့် သိစေအပ်သည် ယှိသော် မြတ်စွာဘုရား၌ ကြည်ညိုခြင်း ယှိလေရကား ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ နောက်အဘို့ဖြစ်သော တပါးသော အခါ၌လည်း ထိုဘာရဒ္ဓါဇ ပုဏ္ဏား၏ ညီငယ်ဖြစ်ကုန်သော သုန္ဒရိကဘာရဒ္ဓါဇ ပုဏ္ဏား၊ ဗိလိဂ်ကဘာရဒ္ဓါဇပုဏ္ဏားဟူကုန်သောနှစ်ယောက်ကုန်သော ညီအစ်ကိုတို့သည်လည်း မြတ်စွာဘုရားကို ဆဲရေးရေရွတ်ကုန်လျက်သာလျှင် မြတ်စွာဘုရားသည်ဆုံးမအပ်ကုန်သည်ဖြစ်၍အလုံးစုံသောသူတို့သည် ရဟန်းပြုကုန်သည်ဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်လေကုန်၏။ ထိုနောက်ဖြစ်သော တနေ့သော အခါ၌ တရားသဘင်အစည်းအဝေးခွင်ဝယ် ''ငါ့ရှင်တို့၊ ဘုရားသခင်တို့၏ ဂုဏ်တော် ကျေးဇူးတော်တို့ကား လက်ဖျစ်တီး၍ အံ့ချီးဘွယ် ဖြစ်လေစွတကား။ လေးယောက်လည်း မည်ကုန်သော ပုဏ္ဏားညီအစ်ကိုတို့သည်ဆဲရေးရေရွတ်ကုန်သော်လည်း မြတ်စွာဘုရားသည် တစုံတခုသော စကားကိုမျှ ပြန်လှန် ပြောကြားခြင်း မပြုမူ၍ ထိုသူတို့၏ သာလျှင် မှီခိုလောက်ရည် ထောက်တည်ရာ ဖြစ်လေကုန်သည်'' ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ ''ချစ်သား ရဟန်းတို့၊ ငါဘုရား ကြွတော်မူလာဆဲသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်ဘိသနည်း''ဟုမေးတော်မူ၍ ''ဤအမည်ယှိသော အကြောင်းပါ'' ဟု ရုံးပေါင်း လျှောက်ထားသည်ယှိသော် ''ချစ်သားရဟန်းတို့၊ ငါဘုရားသည် ငါ၏သည်းခံခြင်းခွန်အားနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ပြစ်မှားကုန်သော သူတို့၌ ပြန်လှန်သောအား မပြစ်မှားဘဲ လူများအပေါင်း၏ ညွှတ်ပျောင်းရိုကျိုးအားကိုးထောက်တည်ရာ ဖြစ်တော့သည်လာလျှင်တည်း''ဟု မိန့်တော်မူပြီး၍။

သည်းခံတတ်သောသူသည် မြောဟ္မဏမည်၏ဟု ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

အက္ကောသံ ဝဓမန္ဒဉ္စ၊အဒုဋ္ဌော ယော တိတိက္ခတိ။
ခန္တီဗလံ ဗလာနီကံ၊ တမဟံ ဗြူ။မိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံးဌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏။

ဂါထာ၏ အနက်ကား။ ။ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ အက္ကောသဉ္စ၊ ဆယ်ပါးအစု ဝတ္ထုယှက်ထွေး ဆဲရေးခြင်းတို့ဖြင့် ခံတွင်း ဖွင့်လွှတ် ရေရွတ်ဆဲရေးခြင်းကို လည်းကောင်း။ ဝဓဗန္ဓဉ္စ၊ လက်စသည်တို့ဖြင့် ပုတ်ခတ်ခြင်း, နှောင်အိမ်စသည်တို့ဖြင့် နှောင်ဖွဲ့ခြင်းကို လည်းကောင်း။အဒုဋ္ဌော၊ တဖန်ပြန်လျှက် အမျက်မထွက်သည်။ ဟုတ္တဝ် ဖြစ်၍။ တိတိက္ခတိ၊ သည်းခံပေ၏။ ခန္တီဗလံ၊ သည်းခံနိုင်ခြင်း ခွန်အားယိုထ သော။ဗလာနီကံ၊ အဆင့်ဆင့်အဖန်ဖန် သည်းခံနိုင်ခြင်း တည်းဟူသော စစ်သည်ဗိုလ်ထု ဟိုထသော၊ တံပုဂ္ဂလံ၊ထိုပုဂ္ဂိုလ်ကို။ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသော သူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူ။မိ၊ ဟောကြား တော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဗြဟ္မဏဝဂ်၌ တဆယ့်ခြောက်ခုမြောက်သော အက္ကောသက ဘာရဒ္ဝါဇပုဏ္ဏား၏ ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၁၇-သာရိပုတ္တရာ မထေရ်ဝတ္ထု။

အက္ကောဓနံ။ ။အစခံသော၊ သာမုဏ်ဂါထာ၊ ဤဓမ္မဒေသနာကို၊ ပြင်းစွာအမျက်၊ ထွက်ကြွတတ်ဘိ၊ ဒုက္ခိထွေထွေ၊ များဝေနေကို၊ မျက်ပြေခိုက်ပြေး၊ အမြိုက်ဆေးဖြင့်၊ တိုက်ကျွေး ဆုံးမတတ်သော မြတ်စွာဘုရားသခင်သည်၊ ပြည်ခွင်ရာဇဂြိဟ်၊ နုပျိုသာလွန်၊ ဝေဠုဝန် မင်းကျောင်း၌၊ ကိန်းအောင်းနေမျက်မှုလျက်၊ သာရိပုတ္တရာ မထေရ်ကို၊

ဦးတည် ပေါင်းစု၊ အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော် မူခဲ့ လေသတည်း။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

တနေ့သောထိုအခါ၌ သာရိပုတ္တရာ မထေရ်သည် ငါးရာကုန်သော ရဟန်းတို့နှင့် တကွ ဆွမ်းအလို့ငှါ လှည့်လှည်တော် မူလျက် နာလက ရွာ၌ မယ်တော် သာရီပုဏ္ဏေးမ၏အိမ်သို့ ကြွတော်မူသတတ်။ ထိုအခါ သာရိပုတ္တရာမထေရ်ကို ထိုမယ်တော် ပုဏ္ဏေးမသည် ကောင်းစွာထိုင့် နေစေ၍ ပြုစုလုပ်ကျွေးသည် ယှိသော် ရေရွတ် ဆဲရေး၏။ အဘယ်သို့ ရေရွတ်ဆဲရေးသနည်းဟူမူ။ အို—စားကြွင်းစား၊စားကြွင်းညစ်ပေ ပအုံး ရေကို အလိုပြည့်ဝအောင် မရမရှိသည်ဖြစ်၍ သူတပါးတို့၏ အိမ်တို့၌ ယာဂုမှုတ်အပြင်ဖြင့် စင်စင်ရိုက်ခတ် လောင်းလှူအပ်သော ပအုံးရေကို သုံးဆောင် စားသောက်၏။ ကုဋ္ဌေ ရှစ်ဆယ် ပြည့်ကြွယ်ဝသော ဥစ္စာကို ပယ်ကာစွန့်ပစ် ရဟန်းပြုသည် ဖြစ်၍လည်း ဖျက်ဆီးအပ်သည် ဖြစ်ခဲ့ ၏။ အသင်သည် ဤယခုအခါ၌ သုံးဆောင် စားသောက် လေလော့ ဟု ရေရွတ် ဆဲရေး၏။ ရဟန်းတို့အားလည်း ဆွမ်းကို ပေးလှူသည် ယှိသော် အသင်တို့ကား ငါ၏ သားသည် အလုပ် အကျွေး ငယ်ကို ပြုအပ်၏။ ဤယခုအခါ၌ စားသုံးကြကုန်လော့ဟု ပြောဆို၏။ သာရိ-ပုတ္တရာ မထေရ်သည် ဆွမ်းကိုခံယူ၍ ကျောင်းသို့ သာလျှင် ကြွသွား တော်မူ၏။ ထိုအခါ အရှင်ရာဟုလာသည် မြတ်စွာဘုရားကို မိမိ ခံယူခဲ့ သောဆွမ်းဖြင့် အလိုတော်ယှိရန် ရည်သန်လျှောက်ထား ပန်ကြားသည် ယှိသော် ထိုအခါ မြတ်စွာဘုရားက ထိုအရှင်ရာဟုလာကို "ချစ်သား ရာဟုလာ၊အဘယ်အရပ်သို့ အသင်တို့ သွားရောက်ကုန်ဘိသနည်း"ဟု မေးတော်မူ၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဥပဇ္ဈာယ်ဆရာ ၏ မယ်တော်ဖြစ်သော အဘွားမ၏ ရွာသို့ သွားကြပါကုန်သည်" ဟု လျှောက်ကြားသော အခါ "အသို့ ပေနည်း။ အသင်၏ အဘွားမက အသင်၏ဥပဇ္ဈာယ်ဆရာကို နူးညှံ့ညင်သာ ကောင်းစွာ ပြုပြင် အစဉ်စ ကား ပြောကြားပါ၏လော"ဟု မေးတော်မူသဖြင့် "ဘုန်းတော် ကြီး သော မြတ်စွာဘုရား၊ တပည့်တော်၏ အဘွားမသည် ပြင်းစွာကြမ်းခက်

အမျက်ထွက်ပါသည်''ဟု ကြားလျှောက်သည် ယိုသော် ''အဘယ်သို့ မြည်တွန်ပြောဆို၍ ပြင်းစွာကြမ်းခက် အမျက်ထွက်သနည်း''ဟု မေးတော်မူပြန်လျှင် ''ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤ အမည်ယိုသော စကားကိုပြောကြားပြန်လျက်အမျက်ထွက်ပါသည်''ဟုလျှောက်ထား၏။ ''ချစ်သား ရာဟုလာ၊ ယင်းကဲ့သို့ အသင်တို့၏ အဘွားမက မြည်တမ်း ပြောဆိုလျက် အမျက်ထွက်သောအခါ အသင်၏ဥပဇ္ဈာယ်ဆရာက အဘယ်သို့ ပြောဆိုသနည်း''ဟု မေးတော်မူပြန်သဖြင့် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်တို့ ဥပဇ္ဈာယ် ဆရာက တစုံတခုကိုမျှ မပြောဆိုပါ။ ဆိတ်ဆိတ်သာ နေပါသည်''ဟု လျှောက်ကြား၏။ မြတ်စွာဘုရား မေးတော်မူသောကြောင့် အရှင် ရာဟုလာ လျှောက်ထားသော ထိုစကားကို ကြားကုန်၍ ရဟန်းတို့သည် တရားသဘင်၌''ငါ့ရှင်တို့၊သာရိပုတ္တရာမထေရ်၏ ဂုဏ်ကျေးဇူးတို့ကား အံ့ဩဖွယ် ယိုပေစ့။ထိုသာရိပုတ္တရာမထေရ်ကား ဤသို့ သဘောယိုသည်မည်သော မယ်တော် ပုဏ္ဏားမသည် ရေရွတ်ဆဲရေးသော်လည်း အမျက်ထွက်ခြင်းမျှလည်း မဖြစ်ပလေ'' ဟူသောစကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ ''ချစ်သားရဟန်းတို့၊ငါဘုရားကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်သနည်း''ဟု မေးတော်မူ၍ ''ဤအမည်ယိုသော စကားပါ''ဟု လျှောက်ကြားသည်ယိုသော်''ချစ်သားရဟန်းတို့၊ ကုန်ပြီးသော အာသဝေါယိုကုန်သော ရဟန္တာတို့ မည်သည် အမျက်မထွက်သည်သာလျှင် ဖြစ်ကုန်၏''ဟု မိန့်တော်မူပြီး၍။

အမျက်မထွက် မြတ်သောကျင့်ဝတ် စသည်နှင့် ပြည့်စုံသော သူ၏ မြောဟ္မဏမည်ခြင်းကိုဖော်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

အက္ကောဓနံ ဝတဝန္တံ၊ သီလဝန္တံ အနုဿဒံ၊
ဒန္တံ အန္တိမသာရီရံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ ပတ္တိ ဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏ အနက်ကား။ ။အတ္တောဓနံ၊ ရန်ငြိုးဘွဲ့လုပ် ကြမ်းကြုတ် မာခက် အမျက်မရှိထသော။ ဝတဝန္တံ၊ ပိဏ္ဍပါတ်က စသည်ပြုစဉ် ရုတင် အကျင့်ယှိထသော။ သီလဝန္တံ၊ ပါတိမောက္ခ အာဒိပြသည့် လေးဝသီလာ စင်ကြယ်စွာအရဖြင့် သီလယှိထသော။ အနုဿဒံ။ ဘဝ ကာမာ စွန်းငြိစွာသော တဏှာတည်းဟူသော ဥဿဒတရား မရှိထ-သော။ ဒန္တံ၊ ခြောက်ပါးဇုန္ဒြိယ ကွပ်ဆုံးမသည့် အရေးဖြင့် ယဉ်ကျေး ထသော။ အန္တိမသာရီရံ၊ သံသရာလမ်းဆိပ် စခန်းပိတ်သဖြင့် အထွတ် ထိပ်သော အတ္တသော အလုံးဖြင့် အဆုံးစွန်သော ကိုယ်အဖြစ် ယှိထ သော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီး သောသူဟူ၍။ အဟံ၊ ဝါဘုရားသည်။ဗြူ။မိ၊ ဟောကြားတော် မူ၏။ ။ ဤကားအနက်။

ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၌ တဆယ့်ခုနစ်ခုမြောက်သော သာရိပုတ္တရာ မထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

[ဝါရိပေါက္ခရပတ္တေဝ။ ။အစယှိသော ဤဓမ္မဒေသနာ ဂါထာ ကား ဗာလဝဂ် ဆယ်ခုမြောက်သော ဥပ္ပလဝဏ်မထေရ်မ ဝတ္ထု စကားအစဉ်၌ ထည့်သွင်း ရေးသားပြီးဖြစ်၍ ဤ၌ ရေးသားဘွယ် မလိုတော့ပြီ]။

၂၆-ဗြာဟ္မဏဝဂ်၌။ ၁၉-မထင်ရှားသော ပုဏ္ဏားဝတ္ထု။

ယော ဒုက္ခဿ။ ။ယင်းသို့ စသည့်၊ ဤဓမ္မဒေသနာကို၊ တဏှာ သမုဒယ၊ အကြောင်း ရကြောင့်၊ ဒုက္ခမှန်စွာ၊ သံသရာ၌၊ သညာဝိပလ်၊ ဖေါက်ပြန်တတ်စွာ၊ သတ္တဝါတို့ကို၊ ယထာဘူတ၊ လမ်းမှန် ကျအောင်၊

ဆုံးမတော်မူကတ်သော မြတ်စွာဘုရားသည်၊ထူးခြားအလွန်၊မွန်ထက်မွန်သော၊ ဇောတဝန် ရွှေကျောင်း၌၊ ကိန်းအောင်း နေတည်လျက်၊ မျိုးမည် မှတ်သား၊ မထင် ရှားသော ပုဏ္ဏားကို အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်း အထူးပုတို အစဉ်ကား ဤသို့တည်း။

အမျိုးအမည် အတည်ကျော်ကြား မထင်ရှားသော ထိုပုဏ္ဏား၏ ကယောက်သော ကျွန်ယောကျ်ားသည် ဘုရားဟောပြီး ဝိနည်းမဟာဝါ ပါဠိတော်၌ လာယှိသော "ကျွန်အဖြစ်မှ ခွင့်လွှတ်နတ်ကျန် တော်လှန်အပ်သောသူမဟုတ်သော သူတပါးကျေးကျွန်ကို ရဟန်းပြုလုပ်၍ မပေးအပ်" ဟူသော သိက္ခာပုဒ်တော်ကို မပညတ်မီ တရပ်တကျေးထွက်ပြေး တိမ်းရှောင်ပြီးလျှင် သာသနာတော် ဘောင်၌ ရဟန်းပြု၍ အစဉ်အတိုင်းသော်တရားကို အားထုတ်သည်ယှိသော် အရဟတ္တဖိုလ်သို့ရောက်လေ၏။ အရှင်ဖြစ်သော ပုဏ္ဏားသည် ရှောင်ရှား ထွက်ပြေးသော ထိုကျေးကျွန်ကို ရှာဖွေကြည့်ရှုလျက် မတွေ့ မမြင်ရဘဲ တနေ့သောအခါ၌ မြတ်စွာဘုရား ကိုယ်တော်နှင့် အတူတကွ ဆွမ်းခံခြင်းအလို့ငှါ ကြွဝင်သော ထိုကျွန်သားရဟန်းကို မြို့တံခါးအကြား၌ တွေ့မြင်၍ သက််နှံးကို မြမြဲစွာ ဖမ်းငင်ကိုင်ဆွဲ၏။ မြတ်စွာဘုရားသည် ဆုတ်နစ်ပြန်လည်၍ "အို—ပုဏ္ဏား၊ ဤအမှုကား အကြောင်း အဘယ်သို့နည်း"ဟု မေးတော်မူသည်ယှိသော် "အို-အရှင်ဂေါတမ၊ ဤသူကား အကျွန်ုပ်၏ ကျေးကျွန်ပါတည်း"ဟု ပြောဆို၏။ "အို-အရှင်ပုဏ္ဏား၊ ဤရဟန်းသည် ပယ်ချအပ်ပြီးသော ခန္ဓာတည်းဟူသော ဝန်ယှိပေ၏" ဟု မိန့်ဆိုတော်မူလျှင် ပယ်ချအပ်ပြီးသော ခန္ဓာဝန်ယှိ၏ဟုပြောဆိုသည်ယှိသော် ပုဏ္ဏားသည် ရဟန္တာပေတည်းဟု အောက်မေ့ မှတ်ထင်၏။ ထိုကြောင့် တဖန်လည်း ထိုပုဏ္ဏားက "အို—ရှင်ဂေါတမ၊ ပယ်ချအပ်ပြီးသော ခန္ဓာဝန်ယှိသည် ဟုတ်မှန်ပါသလော"ဟု မေးမြန်းပြောဆိုပြန်သော် မြတ်စွာဘုရားက "အို—ပုဏ္ဏား၊သြော်-ဟုတ်မှန်ပေ၏။ပယ်ချအပ်ပြီးသော ခန္ဓာတည်းဟူသော ဝန်ယှိ၏"ဟု မိန့်ဆိုတော် မူပြီး၍။

၂၁၄ ဓမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အာသျင်စန္ဒိမာမှူ)။

အာသဝေါစင် ရဟန္တာအရှင်၏ ဗြာဟ္မဏမည်ကြောင်းကို ဖော်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

ယော ဒုက္ခဿ ပဇာနာတိ၊ ဣဓေဝ ခယမတ္တနော။
ပန္နဘာရံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုး အာနိသင်။

ဒေသနာတော်၏ အဆုံး၌ ထိုပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ရောက်လာကုန်သော ပရိသတ်တို့အားလည်း အကျိုးယိုသော တရားဒေသနာသည်ဖြစ်၏။

ဂါထာ၏ အနက်ကား။ ။ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ ဣဓေဝ၊ ခုဝတ္တမာန် ပစ္စုပ္ပန်ဖြစ်သော ဤဘဝ၌သာလျှင်။ အတ္တနော၊ မိမိ၏။ ဒုက္ခဿ၊ ငါးပါးခန္ဓာ လွန်ကဲစွာသောဆင်းရဲ၏။ ခယံ၊ ကုန်ရာ ကုန်ကြောင်း ကောင်းမြတ်အမှန် အမြဲကာ နိဗ္ဗာန်ကို။ ပဇာနာတိ၊ မဂ် ဉာဏ်ဖိုလ်ဉာဏ်ဖြင့် အမှန်တည့်တည့် သိမြင်၏။ ပန္နဘာရံ၊ ပစ်ချစွန့်ခွါ ခန္ဓာတည်းဟူသော ဝန်ယိုထသော။ ဝိသံယုတ္တံ၊ ကာမယောဂ စသည့် အပြား လေးပါးကုန်သော ယောဂတို့နှင့် မယှဉ်ထသော။ ဝါ၊ ကြွင်းမဲ့ ဉဿုံ အလုံးစုံသောကိလေသာတို့နှင့်မယှဉ်ထသော။တံပုဂ္ဂလံ၊ထိုပုဂ္ဂိုလ် ကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသောသူ ဟူ၍။ အဟံ၊ ငါဘုရား သည်။ ဗြူမိ၊ ဟောကြားတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၌ တဆယ့်ကိုးခုမြောက်သော မထင်ရှားသော ပုဏ္ဏား၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၂၀-ခုမမာ ရဟန်းမိန်းမဝတ္ထု။

ဂန္ဓီရပညံ။ ။အစခံသည်၌၊ သာမုတ္တံဂါထာ၊ ဤဓမ္မဒေသနာကို၊ ထင်ရှားအစ၊ရှာမရသို့၊ဒုက္ခပြောကျယ်၊သံသာနယ်မှ၊ အလွယ်တကူ၊ ကူးယူ နိုင်ကောင်း၊လမ်းကြောင်းဟုတ်သည်၊မဟုတ်သည်ကို၊အတည်မသိ၊

ဒုက္ခပြောစ္ခ၊ကုမဂ္ဂတို့ကို၊ဓမ္မရှစ်တန်၊မင်္ဂလမ်းမှန်ဖြင့်၊အတန်တန် ဖေါ်ပြ လျက်၊ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်၊ မင်းဖျားဗိမ္ဗိသာ၊ ကောင်းစွာစံခို၊ ရာဇဂြိဟ်ပြည်၏ တစိတ်၊ ဂိဇ္ဈကူဋ်တောင်ယံ၌၊ စံပျော် နေမျှတော် မူလျက်သာ၊ ခေမာမည်သော ရဟန်းမကို၊ မူလရည်ရွယ်၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့သတည်း။

အကြောင်း အထူးပုတို့ အစဉ်ကား ဤသို့တည်း။

တနေ့သောအခါ ပဌမယာမ်၏ အခြားမဲ့ဖြစ်သောညဉ့်အခါ၌ နတ် များ အပေါင်းကို အစိုးရတော်မူသော သိကြား နတ်မင်းသည် မိမိ၏ အခြေအရံဖြစ်သော ပရိသတ်နှင့်တကွ လာရောက်ချဉ်းကပ်၍ မြတ်စွာ ဘုရား အထံတော်၌ အသက်ထက်ဆုံး နှလုံးသွင်းအပ် အော်က်မေ့ အပ်သော တရားစကားကို ကြားနာလျက်ထိုင်နေ၏။ ထိုခဏ အခိုက်၌ ခေမာအမည်ယှိသောရဟန်းမိန်းမသည် မြတ်စွာဘုရားကို ဖူးမြင်အံ့ဟု ကြံစည်ပြီးလျှင် ကောင်းကင်ခရီးဖြင့်လာရောက်ခဲ့၍ သိကြားမင်းကို တွေ့ မြင်သည် ယှိသော် ကောင်းကင်၌ ရပ်တည်လျက် သာလျှင် ဘုရားသခင် ကို ကြည်လင်ညွတ်လျှိုးရှိုးခိုး၍ ဆုတ်နစ်ပြန်လည်၏။ သိကြားမင်းသည် ထိုခေမာရဟန်း မိန်းမကိုမြင်၍ "ဘုန်းတော် ကြီးတော်မူသော မြတ်စွာ ဘုရား၊ရှေးရှုလာစဉ် ကောင်းကင်၌ ရပ်တည်လျက်ဘာလျှင် ဘုရားရှင် ကို ကြည်လင်ညွတ်လျှိုး ရှိခိုး၍ ဆုတ်နစ်ပြန်လည်သော တဦးသော ထို ရဟန်းမိန်းမသည် အဘယ်မည်သော ရဟန်းမိန်းမ ပါနည်း" ဟု မေး လျှောက်၏။ မြတ်စွာဘုရားက "တကာတော်မင်းမြတ်၊ ဤရဟန်းမိန်းမ ကား ကြီးကျယ်မြင့်မြတ်သော ပညာယှိသော, နိဗ္ဗာန်သို့ သွားကြောင်း လမ်းကောင်းလမ်းရိုး ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော, ငါဘုရား ၏ သွေးတော် ခေမာအမည်ယှိသော သူပေတည်း" ဟု မိန့်တော်မူပြီး၍။

မြောဟ္မဏ၏အရကို တမျိုးအားဖြင့် ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

ဂန္ဓီရပညံ မေဓာဝိ်ံ၊ မဂ္ဂါမဂ္ဂဿ ကောဝိဒံ။
ဥတ္တမတ္တ မနုပတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောတ်ကုန်၏။

ဂါထာ၏အနက်ကား၊ ။ဂမ္ဘီရပညံ၊ ခန္ဓာစသည် အလီလီသော တရားတို့၌ ပိုင်းခြားထင်ထင် သိမြင်ခက်ခဲနက်နဲသောပညာယှိထသော။ မေဓာဝိံ၊ဓမ္မောဇဉာဏ်ဖြင့် လျင်မြန်ထက်မြက်သောပညာယှိထသော။ မဂ္ဂါမဂ္ဂဿကောဝိဒံ၊ဒုဂ်-သု-နှစ်တန်နိဗ္ဗာန်မြန်းကောင်းလမ်းကြောင်း ဟုတ်သည် မဟုတ်သည်၌ အတည်ညှိခါ သိလိမ္မာထသော။ ဥတ္တမတ္တံ၊ အရဟတ္တဖိုလ် ခေါ်ဆိုမှည့်အပ်မြင့်မြတ်သော အဖြစ်သို့။အနုပ္ပတ္တံ၊အစဉ် အတိုင်းရောက်ထသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသော သူဟူ၍ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ဗြာဟ္မဏဝဂ်၌ နှစ်ဆယ်မြောက်သော ခေမာရဟန်းမိန်းမ၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊၂၁ တောင်ဝှမ်း၌နေသောတိဿမထေရ်ဝတ္ထု အသံသင့်။ ။အစခံသော၊သုတ္တန်ဂါထာ၊ဤဓမ္မဒေသနာကို၊ လေးဖြာယောဂ၊ မကင်းကြ၍၊ဘဿရာမာ လွန်စွာပြန့်ပြော၊ ရောနှောတတ်စွာ၊ သတ္တဝါတို့ကို၊ လေးဖြာယောဂ၊ ကင်းစင်ပအောင်၊ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသခင်သည်၊ ငွေစင်ပေးယူ၊ ဆောက်လှူဆက်သ၊ ဇေတဝနမည်သော ကျောင်း၌၊ ကိန်းအောင်းတော်မူလျက်သာ။ပဗ္ဘာရဝါသီ၊ အမည်ပြည့်နှန်း၊ တောင်ဝှမ်း လိုဏ်ခေါင်း၌၊ ကိန်းအောင်းနေမျှ၊ တိဿမထေရ်ကို၊ ဦးတည် ပေါင်းစု၊ အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော်မူခဲ့သတည်း။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

ထိုတိဿမထေရ်သည် မြတ်စွာဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် တောသို့ဝင်၍ သင့်လျော်လျောက်ပတ် သပ္ပါယဖြစ်မည့်

ကျောင်းနေရာကို ဖွေရှာကြည့်ရှုလျက် တခုသော လိုဏ်ခေါင်း ယိုသော တောင်းဝှမ်းသို့ ရောက်လေ၏။ ရောက်သော ခဏဦးသာလျှင် ထိုတိသမထေရ်၏ စိတ်သည် တည့်ကြည်သည်၏ အဖြစ်ကို ခံလေ၏။ ထိုတိသမထေရ်သည် ''ငါကဲ့သို့အရပ်ဦး ချဉ်းကပ်နေမျှလျက် ရဟန်းကိစ္စကုံငအားလုံး ပြီးဆုံးစေခြင်းငှါစွမ်းနိုင်ပေလတ္တံ့'ဟုကြံစည်၏။လိုဏ်ခေါင်းဦး စောင့်ရှောက် စိုးအုပ်သော နတ်သွီးသည် ''သီလယိုသော ရဟန်းတော်သည် ကြွလာရောက်ရှိတော်မူ၏။ ဤသီလယိုသော ရဟန်းတော်နှင့် အတူတကွတခုတည်းသော အရပ်ဌာနဦး နေမျှခြင်းငှါဆင်းရဲလှ၏။ ဤရဟန်းသည်ကား တောင်းဝှမ်းလိုဏ်သာ ဤနေရာဦး တည်စံတာမျှကိုသာလျှင် ဝင်ရောက် သိတင်းသုံးနေမျှလျက် ဖဲကြွတော်မူလတ္တံ့'' ဟု ကြံစည်ပြီးလျှင် သားငယ်တို့ကို ခေါ်ယူ၍ လိုဏ်မှထွက်၏။ တိသမထေရ်သည် တဖန် မိုးသောက်သောနေ့ဦး နံနက် စောစောကသာလျှင် သင့်လျော်ယှိမှန် ဆွမ်းခံရှာသို့ ဆွမ်းအလို့ငှါကြွဝင်တော်မူ၏။ထိုအခါ ၎င်းရွာဦးနေသော တယောက်သော ဥပါသိကာမသည် ထိုမထေရ်ရဟန်းကို မြင်တည့်လျှင် သားတည်းဟူသော ချစ်ခင်မှုကိုရ၍ နေအိမ်ဦး ထိုင်နေစေပြီးသော် ဆွမ်းကျွေးလျက် မိမိကို အမှီပြု၍ ဝါတွင်းသုံးလပတ်လုံး သိတင်းသုံး နေမျှခြင်းအကျိုးငှါလျှောက်ထားကောင်းပန်၏။ ထိုမထေရ်ကလည်း ''ငါသည် ဤဥပါသိကာမကို အမှီပြု၍ ဘဝမှထွက်မြောက်ခြင်းကို ပြုခြင်းငှါ တတ်ကောင်းပေလိမ့်မည်''ဟုဆောက်တည်စိတ်ကြံ သည်းခံသာယာ၍ ထိုလိုဏ်သို့လာလျှင် ကြွသွား၏။ နတ်သွီးသည် ရှေးရှုကြွလာသော ထိုရဟန်းကိုမြင်၍ ''မင်္ဂလာတ်ဧကန် အမှန်စင်စစ် တဦးတယောက်သောသူက ပင့်ဖိတ်အပ်သည် ဖြစ်လတ္တံ့။ နက်ဖြန်ခါဦး လည်းကောင်း၊ ထိုမှတပါးဖြစ်သော နေ့ဦးလည်းကောင်း ကြွသွားလတ္တံ့'' ဟု ကြံစည်၏။ ဤသို့ အစဉ်အတိုင်းအားဖြင့် လခွဲမျှကို လွန်မြောက်သည်ယိုသော် ''ဤရဟန်းသည် စခန်းသင့်မျှ ဤဌာနဦးသာလျှင် ဝါတွင်းသုံးလပတ်လုံး နေချေအံ့တော့သည် တကား။ သီလယိုသော ရဟန်းနှင့် အတူတကွ တခုသော နေရာဌာနဦး သားငယ်တို့နှင့် တကွ နေမျှခြင်းငှါ လွန်စွာဆင်းရဲပေလိမ့်မည်။ ဤရဟန်းကိုလည်း လိုဏ်တွင်း

မှတ္ထက်သွားလေလော့ဟု နှင်ထုတ် ပြောဆိုခြင်းငှါလည်း မတတ်ကောင်း။ ဤရဟန်း၏ သီလဥ္စ ဆွတ်ချော်တိမ်းပါး အကြားအပေါက်ယိုလေသလောဟု နတ်တို့၏မျက်စိဖြင့် ကြည့်ရှုသည်ယိုသော် ရဟန်းခံယူရာသိမ်အပြင်မှစ၍ ယနေ့သို့ကျအောင် ထိုရဟန်း၏သီလဥ္စ ဆွတ်ချော်တိမ်းပါး အကြားအပေါက်ကို မမြင်သောကြောင့် ထိုရဟန်း၏ သီလသည် ထက်ဝန်းကျင် စင်ကြယ်၏။ ထိုရဟန်းအား တစုံတခုကို ပြောဆို၍ အရှိန် အစော် မဲ့ခြင်းကို ဖြစ်စေအံ့'' ဟု ကြံစည်ပြီးလျှင် ထိုရဟန်း၏ အလုပ်အကျွေး ဖြစ်သော အမျိုးဥ္စ ဥပါသိကာမ၏ အကြီးဖြစ်သော သား၏ကိုယ်ဝယ် ပူးဝင်၍ လည်ပင်းကို ရှေနောက်လည်စေ၏။ ထိုသားကြီး၏ မျက်စိတို့သည် ထွက်ကုန်၏။ ခံတွင်းမှ တံထွေး အရှိအရွဲသည် ယိုစီး၏၊ ဥပါသိကာမသည် မိမိ၏သား ထိုသို့ဖြစ်သော အခြင်းအရာကို မြင်၍ ''ဤအမှုကား အဘယ်သို့ ဖြစ်ရလေသနည်း'' ဟု ဟစ်အော် မြည်တမ်း၏။ ထိုအခါ နတ်သွေးသည် ထို ဥပါသိကာမကို မထင်ရှားသောရုပ်အသွင်ဖြင့် ဤသို့ပြောဆို၏။ အဘယ်သို့ ပြောဆိုသနည်းဟူမူ။ ''ငါသည် ဤသူငယ်ကို ဖမ်းယူအပ်၏။ ပူဇော်ခြင်းအမှုဖြင့်လည်း ငါ့အား ဒေလိုမရှိ။ အသင်တို့၏အိမ်သို့ ကပ်ရောက် တတ်သော မထေရ်ကို နွယ်ချိုကို တောင်းယူ၍ ထိုနွယ်ချိုဖြင့် ဆီကို ချက်ပြီးလျှင် ဤသူငယ်အား နှာနှတ်ခြင်းအမှုကို ပြုလုပ်၍ ပေးကြကုန်လော့။ ဤသို့ပြုလုပ်ခဲ့သည်ယိုသော် ငါသည် ဤသူငယ်ကို လွှတ်အံ့'' ဟု ပြောဆို၏။ ''ဤသူငယ်သည် ပျက်စီးမှုလည်း ပျက်စီးပါစေ၊ သေမှုလည်း သေပါစေ။ အကျွန်ုပ်သည် အရှင်ကို နွယ်ချိုကိုတောင်းခြင်းငှါ မစွမ်းနိုင်ပါ'' ဟု ပြောဆို၏၊ ''နွယ်ချိုကို တောင်းခြင်းငှါ အကယ်၍ မစွမ်းနိုင်ကုန်သည်ဖြစ်အံ့။ ထိုသူငယ်နှာခေါင်းဥ္စ ဟိန်းခိုမှုန့်ကိုထည့်ခြင်းငှါ လျှောက်ကြားပြောဆို ကုန်လော့'' ဟု ပြောဆို၏။ ဤသို့သော စကားကိုလည်း ပြောဆိုခြင်းငှါ မစွမ်းနိုင်ပါကုန်ဟု ပြောဆိုပြန်သည်ယိုသော် ''ထိုသို့တပြီးကား ထိုရဟန်း၏ ခြေဆေးရေကို တောင်းယူ၍ ဦးခေါင်းဥ္စ သွန်းလောင်းကုန်လော့'' ဟု ပြောဆိုပြန်သည် ယိုသော် ''ဥပါသိကာမသည် ဤမျှလောက်သော အမှုကိုကား ပြုလုပ်ခြင်းငှါ တတ်ကောင်းပါ၏''

ဟု ဝန်ခံပြောဆိုဏ်။ ဆွမ်းခံချိန်တိုင်သောအခါဌ် ကြွလာတော်မူသော မထေရ်ကို သီတင်းသုံးထိုင်နေစေ၍ ယာဂုခဲဘွယ်ကို ကပ်လှူ ပြီးသော် ဆွမ်းမဘုဉ်းပေးသေးမီ အကြားဌ် ထိုင်နေသော မထေရ်၏ ခြေတို့ကို ဆေးကြော၍ရေကိုယူပြီးသော် "အရှင်ဘုရား၊ ဤခြေဆေးရေကို သူငယ်၏ ဦးခေါင်းဌ် သွန်းလောင်းပါကုန်အံ့" ဟု လျှောက်ထား ပန်ကြား၏။ "ထိုသို့တပြီးကား သွန်းလောင်းလေကုန်လော့" ဟု မထေရ်က မိန့်ဆိုသည်ယှိသော် မထေရ် မိန့်ဆိုသည့်အတိုင်း ပြုလုပ်ကုန်၏။ ထိုနတ်သွီးသည် ထိုအခါဌ်သာလျှင် သူငယ်ကို လွှတ်၍ သွားရောက်ပြီးလျှင် လိုဏ်တံခါးဌ်တည်နေ၏။မထေရ်သည်လည်း ဆွမ်းစားခြင်းကိစ္စ အပြီးအဆုံးဌ် နေရာမှ ထလျက် မစွန့်လွှတ်အပ်သော ကမ္မဋ္ဌာန်း ယှိသဖြင့် ဒွတ္တိံသာကာရကို သရဇ္ဈာယ်လျက်သာလျှင်ဖဲကြလေ၏။ထိုနောက်လိုဏ် တံခါးသို့ရောက်သောအခါဌ် မထေရ်ကို ထိုနတ်သွီးက "အို-ဆေးဆရာကြီး၊ ဤလိုဏ်နေရာသို့ မဝင်ပါလင့်" ဟု တားမြစ်ပြောဆိုဏ်။ မထေရ်သည် ပြောဆိုရာထိုအရပ်ဌ်သာလျှင် တန့်ရပ်တော်မူ၍ "အသင်သည် အဘယ်သူဖြစ်သနည်း" ဟု မေးမြန်း ပြောဆိုရာ "အကျွန်ုပ်သည် ဤ-လိုဏ်ဌ် စိုးအုပ် သိမ်းဆည်း စောင့်ရှောက်သော နတ်သွီးတည်း" ဟု ပြောဆိုဏ်။ မထေရ်သည် ကြီးကျယ်သော ဆေးကုခြင်းအမှုကို ပြုဘူးရာအရပ်သည် ယှိဘူးသလောဟု ပဉ္စင်းခံရာ သိမ်အပြင်မှစ၍ ကြည့်ရှုဆင်ခြင်သည်ယှိသော် မိမိ၏သီလဌ် နှမ်းစေ့ခန့်မျှ ပမာဏအယှိ စွန်းငြိ မည်းညစ်သည်ကို မမြင်သောကြောင့် "ငါသည် ကြီးစွာသော ဆေးကုခြင်းအမှု ပြုဘူးရာအရပ်ကို တပ်အပ်ထင်ထင် မမြင်မိပေ။ အဘယ်ကြောင့် အသင်သည် ဤသို့ပြောဆိုဘိသနည်း" ဟု မေးမြန်းပြောဆိုဏ်။ "အသင်သည် မမြင်ဘိသလော" ဟု မေးပြန့်သဖြင့် "သြော်-မမြင်မိပေ" ဟု ပြောဆိုသည်ယှိသော် "အသင်အား ပြောကြားပေအံ့" ဟု ပြောဆိုပြန်၏။ "သြော်-ကောင်းလှပေပြီ။ အသင်သည် ပြောကြားပါလော့" ဟု ပြောဆိုသောအခါ "ဝေးကွာဒေသ အခါကာလဌ် ပြုအပ်သော ဆေးကုစားခြင်းအမှုကို ထားဘိဦးလော့။ ယနေ့ပင်လျှင် အသင်သည် ဘီလူးဖမ်းစားသော အလုပ်အကျွေး ဥပါသိကာမ သားငယ်၏ ဦး-

ခေါင်း၌ ခြေဆေးရေကို သွန်းလောင်းသလော, မသွန်းလောင်းသလော''ဟု မေးလျှင် ''ဩော်-သွန်းလောင်းမိပေ၏''ဟု ပြောဆိုသဖြင့် ''အသို့ပေနည်း။ အသင်သည် ဤဆေးကုခြင်းအမှုပြုလုပ်သည်ကို မမြင်လေသလော''ဟုပြောဆို၏။''အသင်သည်ဤသို့သောဆေးကုခြင်းအမှုပြုလုပ်သည်ကို ရည်ရော်မှန်းထား ပြောကြားလေသလော''ဟု တဖန်မေးပြန်သည်ယှိသော် ''ဩော် ဟုတ်မှန်ပေ၏။ ဤသို့သော ဆေးကုခြင်းအမှု ပြုလုပ်သည်ကို ရည်ရော်သောအားဖြင့် ပြောကြားပေသည်'' ဟု ဝန်ခံပြောဆို၏။ မထေရိသည် ကြီဆင်ခြင်၏။ အဘယ်သို့ ကြီဆင်ခြင်သနည်းဟူမူ။''ငါသည် ကောင်းစွာမပြတ် ပဋိပတ်ကို ဆောက်တည်အပ်သည်ကား ဩော်–အံ့ဘွယ်ယှိလေစွ။ မြတ်စွာဘုရား အဆုံးအမတော်အား သင့်လျော် လျောက်ပတ် ကောင်းမြတ်သော အကျင့်ကို ကျင့်အပ်လေစွာ့တကား။ နတ်သည်လည်း ငါ၏ စတုပါရိ သုဒ္ဓိသီလ၌ နှမ်းစေ့ခန့်မျှပမာဏ အမည်းအညစ်ကို မတွေ့မြင်မူ၍ သူငယ်၏ ဦး–ခေါင်း၌ သွန်းလောင်းအပ်သော ခြေဆေးရေမျှကိုသာလျှင် တွေ့မြင်ရရှာလေ၏''ဟု အောက်မေ့ကြံစည်၏။ယင်းသို့ ကြံစည်အောက်မေ့သော ထိုမထေရ်အား မိမိသီလကို ရည်ရော်ပေါင်းစု အာရုံပြု၍ အားကြီးစွာသော နှစ်သက်ခြင်း ပီတိဖြစ်၏။ ထိုမထေရိသည် နှစ်သက်ပြန့်ထိ ထို-ပီတိကိုခွာ၍ တလှမ်းလောက်မျှ ခြေကြွခြင်း အမှုကိုလည်း မပြုမလုပ်မူ၍ ရပ်တည်တော်မူရာဖြစ်သော ထိုအရပ်၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၍''ငါကဲ့သို့သဘောယှိသော ပြစ်ငြိမစွန်း ထက်ဝန်းကျင်စင်ကြယ်သော သီလယှိသော ရဟန်းကို ပြစ်မှားဖျက်ဆီး တားဆည်းဟန့်ထုတ်၍ ဤတောအုပ်၌မနေပါလင့်။ အသင်သည်သာလျှင် ဤတောအုပ်မှ တမုဟုတ်သာထွက်ခွါ၍ သွားပါလော့'' ဟု နတ်ကို ဆုံးမတော်မူလျက်။

နတ်သျှီးအား တောအုပ်မှ နှင်ထုတ်သောဂါထာ။

ဝိသုဒ္ဓေါ ဝတ မေ ဝါသော၊ နိမ္မလံ မံ နပသိတံ၊
မာ တွံ ဝိသုဒ္ဓံ ဒူသေသိ၊ နိက္ခမ ပဝနာ တုဝံ။ ။

ဟူသော ဤဥဒါန်းဂါထာကို ရွတ်ဆိုကျူးရင့်တော်မူ၏။

၂၆-မြာဟွဲ့ဏဝဂ်၊ ၂၁-တောင်ဂှမ်း၌နေသောတိဿထေရ်ဝတ္ထု။ ၂၂၁

ဂါထာ၏ အနက်ကား။ ။မေ-မမ၊ငါ၏။ဝါသော၊သာသနာတော်ထမ်း ရဟန်းဘဝ နေမျှခြင်းသည်။ဝိသုဒ္ဓေါဝတ၊ ပွတ်သစ်စသော ခရုသင်းကဲ့သို့ သန့်ရှင်းဖြူစင်လှချေ၏ တကား။နိမ္မလံ။အဇျတ်,ဗာဟီ နှစ်လီမြေးရစ် အညစ်အကြေး ကင်းသော။ မံ၊ ငါ့ကို။ ဒေဝတာပိ၊ နတ်သည်လည်း။ ကာဋ္ဌကံ၊နှမ်းစေ့ခန့်ဖြစ် မည်းညစ်သော အပြစ်ကို။ နပဿိတံ၊ အပြစ်ရနိုး နတ်တန်ခိုးဖြင့် အမျိုးမျိုး ဖွေရှာငင်သော်လည်း မတွေ့မြင်တော့သည်သာလျှင်တည်း။ တွံ၊အပြစ်အမျိုးမျိုး ကပ်ကိုးရှာတတ် အသင်နတ်သည်။ ဝိသုဒ္ဓံ၊ ပြစ်ငြိမကူး အထူးသဖြင့် စင်ကြယ်သော။ မံ၊ သမဏစင်စစ် ရဟန်းဖြစ်သော ငါ့ကို။ မာဒူသေသိ၊ ဆိုးညစ် စိတ်ထား အပြစ်ပွါးအောင် မပြစ်မှား မဖျက်ဆီးလေလင့်။တုဝံ၊ဆိုးညစ်ယုတ်မာ အပြစ်ရှာတတ် အသင်နတ်သည်။ ပဝနာ၊ သူတော်ကောင်းတို့ ခိုအောင်းခွင့်ဟုတ် အသင့်လုပ်သည်နှင့် တူသော တောအုပ်ကြီးမှ။နိက္ခမ၊အသင်နတ်အား အပြစ်မပွါးရအောင် ထွက်သွား ပါလေလော့။ ။ဤကား အနက်။

ထိုမထေရ်သည် စိတ်ကြည်သန့်ရှင်း တောအုပ်၏ အတွင်းဖြစ်သော ထိုလိုဏ်ဂူ၌သာလျှင် ဝါတွင်း သုံးလပတ်လုံး မျှသုံးတော်မူ၍ ဝါမှ ထမြောက်သောအခါ မြတ်စွာဘုရား၏ ထံပါး မျက်မှောက်သို့ သွားရောက် ချဉ်းကပ် လျောက်ပတ် ခိုအောင်း၍ ရဟန်း အပေါင်းတို့က "ငါ့ရှင်၊အသို့ပေနည်း အသင့်အား ရဟန်းကိစ္စ အပြီးအဆုံးသို့ ရောက်ပါပြီလော" ဟု မေးမြန်းအပ်သည် ဖြစ်၍ ထိုလိုဏ်ဂူ၌ ဝါကပ်ဆိုသည်မှစ၍ အလုံးစုံသော ထိုသို့ စပ်လျဉ်း ဖြစ်ခဲ့ခြင်းအကြောင်းကို ရဟန်းတို့အား ပြောကြား၍ "ငါ့ရှင်၊ လိုဏ်ဂူ၌ ယှိသောနတ်က ဤသို့ပြောဆိုသောအခါ အသင်သည် အမျက်မထွက်သလော" ဟု မေးမြန်း ပြောဆိုသည် ယှိသော် "အမျက်မထွက်ပါ" ဟု ပြန်ကြားပြောဆို၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤရဟန်းသည် အရဟတ္တဖိုလ်ကို ဖြေကြား ပြောဆို၏။ နတ်သည်ဤအမည်ယှိသော စကားကို ပြောဆိုသော်လည်း ငါသည် အမျက်မထွက် ဟု ပြောဆိုပါသည်"ဟု ကြားလျှောက်ကုန်၏။မြတ်စွာဘုရားက

၂၂၂ ဓမ္မပဒဝတ္ထုတော်ကြီး။ (ဆရာတော်-အသျင်စန္ဒိမာ မှူ)

ထိုရဟန်းတို့၏ လျှောက်ထားသော စကားကို ကြားတော်မူ၍ ''ချစ်သား ရဟန်းတို့၊ ငါဘုရား၏ သားတော်သည် အမျက်မထွက်၊ ထိုငါဘုရား၏ သားတော်အား လူတို့နှင့် လည်းကောင်း၊ရဟန်းတို့နှင့်လည်းကောင်း ကပ်ငြိသဘော ရောနှော စပ်ယှက်ခြင်းမည်သည် မရှိ။ ထိုငါဘုရားသားတော်သည် ပစ္စည်းဥစ္စာ မဖွေရှာ မသိမ်းဆည်းသည် ဖြစ်၍နည်းသောအလိုယို၏။ ရရသမျှဖြင့်မျှတမှိဝဲရောင့်ရဲလွယ်သော သဘောယို၏''ဟုမိန့်ဆိုတော်မူပြီး၍တရားကို ဟောကြားတော်မူသောကြောင့်။

ဗြာဟ္မဏ၏ အရကိုတမျိုးအားဖြင့် ဖေါ်ပြသော
ပါဠိတော်ဂါထာ ဒေသနာ။

အသံသဋ္ဌံ ဂဟဋ္ဌေဟိ၊ အနာဂါရေဟိ စုဘယံ။
အနောကသာရိ မပ္ပိစ္ဆံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အဆုံးဌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏ အနက်ကား။ ။ဂဟဋ္ဌေဟိစ၊ အိမ်ဌတည်သူ လူတို့နှင့်လည်းကောင်း။ အနာဂါရေဟိစ၊အိမ်ယာဘွဲ့နှောင်ခွါရှောင်ထွက်မြန်းရဟန်းတို့ နှင့်လည်းကောင်း။ ဥဘယံ-ဥဘယေဟိ၊ လူ, ရဟန်းဟု ဆိုအပ်ကုန်သော နှစ်ဦးကုန်သော သူတို့နှင့်။ အသံသဋ္ဌံ၊ ဒဿန, သဝနစသည်ပြောလျက် ရောယှက်နှီးနှောခြင်းမရှိထသော။အနောကသာရိံ၊ ကပ်ငြိတွယ်တာ မှီရာမရှိ ပကတိစင်ကြယ်သော အကျင့်ယိုထသော။ အပ္ပိစ္ဆံ၊ရှာမှီးခြင်းအစ လာဘ်လာဘထိုထိဌ်အလိုနည်းထသော။တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ဗြာဟ္မဏံ၊မကောင်းမှုကို အပပြုပြီးသောသူဟူ၍။အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ဟောကြားတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်ဌ် နှစ်ဆယ့်ကခုမြောက်သော တောင်ဝှမ်းလိုက်ဂုဌ်
နေလေ့ယှိသော တိသမထေရ်၏
ဝတ္ထုစကား အစဉ်ကား ဤတွင်ရှင်းပြီး၏။

၂၆-မြာဟ္မဏဝဂ်၌၊ ၂၂-မထင်ရှားသော ရဟန်းတော်ဝတ္ထု။

နိဓာယ။ ။ယင်းသို့စသည်၊ ဤဓမ္မဒေသနာကို၊ တဏ္ဍာမောဟ၊ မြဲစ်မူလကြောင့်၊ ယူဆထုတ်ကြီ၊ ဟုတ်မှန်မသိ၊ ဝိပလ္လာသ ယှိကျန်သော၊ ပကတိပြောထူ၊ဝေနေလူကို၊ အယူဖေါက်ပြန်၊ ထိုဝိပလ္လာသ၊ ပယ်ချစေကြောင်း. နည်းလမ်းဟောင်းဖြင့်၊ ကောင်းစွာ ဆုံးမတော်မူတတ်သော မြတ်စွာ ဘုရားသည်၊ သိကြား ဗိမာန်၊ ဝေဇယန်ကို၊ လူ့ထံတလွှား၊ ဆောင်ယူထားဘိသို့၊ကြီးမားထူးချွန်၊ကောင်းမျိုးလွန်သော၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းနေမျှတော်မူလျက်၊ အမျိုးအမည်၊ အတည်ကျော်ကြား၊ မထင်ရှားသော၊ ရဟန်းတော် တပါးကို၊ အကြောင်းပြုသော အားဖြင့်၊ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

အမျိုးအမည် အတည်ကျော်ကြား မထင်ရှားသော ထိုရဟန်းတော်သည် မြတ်စွာဘုရား၏အထံတော်၌ ကမ္မဋ္ဌာန်းကိုသင်ယူ၍တော၌နေမျှလုံ့လအားထုတ်လျက် အရဟတ္တဖိုလ်သို့ ရောက်၍ "ငါသည် တပ်တပ်ရအပ်အထူး ဂုဏ်ကျေးဇူးတရားကို မြတ်စွာဘုရားအား ကြားလျှောက်ပေအံ့"ဟု ကြံစည်လျက် မိမိကိန်းအောင်း ထိုတောကျောင်းမှသာလျှင် ထွက်ကြတော် မူသတတ်၊ ထိုအခိုက်အခါ တခုသောရွာ၌ တယောက်သော မိန်းမသည် မိမိအရှင် ခင်ပွန်းလင်နှင့်အတူတကွ ခိုက်ရန်ပြုကြ၍ ထိုခင်ပွန်းလင်သည် အိမ်မှအပ ပြင်ပဘက်သို့ ထွက်သွားသည် ယှိသော် "ငါသည် အမျိုးအိမ်သို့ သွားတော့အံ့" ဟု ကြံ၍ လမ်းခရီးသို့ ထွက်သွားလျက်ခရီးလမ်းအကြား၌ထိုရဟန်းတော်ကိုတွေ့မြင်သည်ယှိသော် "ငါသည်ဤမထေရ်ကိုအမှီပြု၍သွားအံ့"ဟု ကြံပြီးသည်ကာလနောက်မှ နောက်မှ အစဉ်လိုက်၏။ မထေရ်သည်ကား ထိုမိန်းမကို မမြင်လေ၊ ထိုနောက် ထိုမိန်းမ၏အရှင် ခင်ပွန်းလင်သည် အိမ်သို့ ပြန်လာသော အခါ ထိုမိန်းမကို မတွေ့မြင်သောကြောင့် "အမျိုးတို့ နေရာ ရပ်ရွာသို့ သွားသည် ဖြစ်ပေလိမ့်မည်"ဟု ကြံစည်မှတ်ပိုက် အစဉ်အတိုင်း လိုက်သည်ယှိသော် မယား ခင်ပွန်းမဖြစ်သော ထိုမိန်းမကိုမြင်၍ "ဤမိန်းမ

၂၂၄ မမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမှ)။

သည် တယောက်ထီးတည်း ဤတောအုပ် လမ်းခရီးသို့ သွားခြင်းငှါ မစွမ်းနိုင်ချေ၊ အဘယ်သူ့ကိုအမှီရ၍ သွားနိုင်လေသနည်း"ဟု ကြံစည်ကြည့်ရှုပြန်သည် ယိုသော် မထေရ်ကိုမြင်၍ "ဤရဟန်းသည် ဤမိန်းမကို ခေါ်ယူ၍ ထွက်သွားသည် ဖြစ်လတ္တံ့"ဟု ကြံစည်ပြီးလျှင် မထေရ်ကို ကြိမ်းမောင်းခြိမ်းချောက်၏။ ထိုအခါခင်ပွန်းအရှင် လင်ယောကျ်ားကို ထိုမိန်းမက "ဤအရှင် ကောင်းသည် ငါ့ကို မတွေ့မြင်။ ငါ့ကို စကား မပြောမဆို မခေါ်ငင်ချေ။ ထိုအရှင်ကောင်းကို တစုံတခု အပြစ်ပြုကာ မပြောဆိုပါလင့်"ဟု တားမြစ်ပြောဆို၏။ ထိုလင်ယောကျ်ားဖြစ်သော သူက "အသင်သည် မိမိကိုခေါ်ယူ၍ သွားသောသူကို အဘယ်မှာ ငါ့ အား ဟုတ်မှန်တိုင်း ပြောကြား လတ္တံ့နည်း။ ထိုသို့ ဖြစ်သောကြောင့် အသင့်အားသာလျှင် နှိပ်စက်သွဲ့ဦးပန်းမှုပြုလုပ်ထိုက်သည်ကို ဤရဟန်း အား ပြုလုပ်အံ့"ဟု ပြောဆိုပြီးလျှင် ပြင်းစွာ အမျက်ပေါ်ထွက်ဖြစ်လာ၍ မိန်းမဋ္ဌဖြစ်သော ရန်ငြိုးဖြင့် မထေရ်ကို ထောင်ထု ပုတ်ခတ်ပြီးလျှင် ထိုမိန်းမကို ခေါ်ယူ၍ ပြန်လေ၏။ မထေရ်၏အလုံးစုံသော ကိုယ်သည် ဖြစ်ပေါ်သော အပိန့်အဖုယိုသည်ဖြစ်၏။ထိုနောက် ဇောတဝန်ကျောင်း တော်သို့ ရောက်လာသောအခါ၌ ရဟန်းတို့ဘည်ကိုယ်ကိုဆုပ်နယ်ကုန်လျက် အပိန့်အဖုတို့ကို တွေ့မြင်၍ "ဤအမှုကား အကြောင်းအသို့ ပေနည်း"ဟု မေးမြန်းကုန်၏။ ထိုမထေရ်သည် မေးမြန်း ကုန်သော ထိုရဟန်းတို့အား လမ်းခရီးအကြား၌ ဖြစ်ပွါးခဲ့သမျှ ထိုအကြောင်းအလုံးစုံကို အကုန်ပြောကြား၏။ထိုအခါရဟန်းတို့က ထိုမထေရ်ကို "ငါ့ရှင်၊ ထိုယောကျ်ားသည် ဤသို့ထောင်းထု ရိုက်နှက် ပုတ်ခတ်သည်ယိုသော် အသင်က အဘယ်သို့ ပြောဆိုလေသနည်း။ အသင်အား အမျက်ထွက်ခြင်းသည် မူလည်း ဖြစ်လေသလော"ဟု မေးမြန်းပြန်သည် ယိုသော် "ငါ့ရှင်တို့၊ ငါ့အား အမျက်ထွက်ခြင်း မဖြစ်ပါ"ဟု ပြန်ကြား ပြောဆို၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ထံမှောက်သို့ သွားရောက်၍ ထိုအကြောင်းကို ကြားလျှောက်ပြီးလျှင် "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုရဟန်းသည် အသင်အား အမျက်ထွက်ခြင်း ဖြစ်သလောဟု မေးမြန်း ပြောဆိုအပ်သည် ယိုသော် ငါ့ရှင်တို့၊ ငါ့အား

အမျက်ထွက်ခြင်း မပြုပါဟု ပြောဆို၏။ မဟုတ် မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကိုပြောကြားပါသည်”ဟု လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကိုကြားတော်မူ၍“ချစ်သားရဟန်းတို့၊ ကုန်ပြီးသော အာသဝေါယှိသော ရဟန္တာ ပုဂ္ဂိုလ်တို့မည်သည် အလုံးစုံသော သတ္တဝါတို့၌ ပယ်ချစွန့်ပစ်အပ်ကုန်ပြီးသော ဒဏ်ရှိကုန်၏။ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် မိမိအား ရိုင်းနှက်ပုတ်ခတ်သော သူတို့၌လည်း အမျက်ထွက်ခြင်းကို မပြုကုန်သည်သာလျှင်တည်း”ဟု မိန့်တော်မူပြီး၍....

ဗြာဟ္မဏအရကို တမျိုးအားဖြင့် ဖေါ်ပြသော
ပါဠိတော်ဂါထာ ဒေသနာ။

နိဓာယ ဒဏ္ဍံ ဘူတေသု၊ကသေသု ထာဝရေသု စ။
ယော နဟန္တိ နဃာတေတိ၊တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏ အနက်ကား။ ။ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ တသေသု၊တဏှာမကုန်မျှပါကြုံကတုန်လှုပ်ထိတ်လန့်တတ်ကုန်သော။ ဘူတေသု၊ပုထုဇဉ်သေက္ခဖြစ်ကြကုန်သောပုဂ္ဂိုလ်တို့၌လည်းကောင်း။ ထာဝရေသု၊ တဏှာကင်းပြတ် တုန်လှုပ်ခြင်းမရှိ ပကတိ တည်တန့်ကုန်သော။ ဘူတေသု၊ ရဟန္တာပုဂ္ဂိုလ်တို့၌လည်းကောင်း။ ဒဏ္ဍံ၊ သွဉ်းဆဲကြောင်းမှန် တုတ်လုံကန်စသည်ကို။ နိဓာယ၊ စွန့်ပယ်ပစ်၍။ နဟန္တိ၊ ကိုယ်တိုင်လည်း မသွဉ်းဆဲ မသတ်ဖြတ်။ နဃာတေတိ၊ သူတပါးတို့ကိုလည်း မသွဉ်းဆဲ မသတ်ဖြတ်စေ။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသောသူ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ဗြာဟ္မဏဝဂ်၌ နှစ်ဆယ့်နှစ်ခုမြောက်သော မထင်ရှားသော ရဟန်း၏ ဝတ္ထုစကားအစဉ်ကား ဤတွင် ဖွဲ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၂၃-သာမဏေကျော် လေးပါးတို့ဝတ္ထု။

အဝိရုဒ္ဓံ။ ။အစခံသော၊သုတ္တန်အလာ၊ ဤမမ္မဒေသနာကို၊ အရာဌာန ပုဂ္ဂလဝိသိဌ်၊ဂုဏ်ဟိတ် အယှိကို၊ မသိမမြင်၊မထင်နိုင်ရှာ၊ သတ္တဝါအများတို့ကို၊သနားရှေးရှု၊ ကရုဏာရွှေဉာဏ်ဖြင့်၊ အဖန်ဖန်ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသခင်သည်၊ ကင်းစင်ဘေးရန်၊ အောင်ရပ်မှန်သော၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်း စမ္ပယ်လျက်၊ အရွယ်အနေ၊ သေးငယ်လေသော၊ သာမဏေ လေးပါးတို့ကို၊ အကြောင်းပြုသော အားဖြင့်၊ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

တယောက်သော ပုဏ္ဏေးမသည် လေးပါးကုန်သောရဟန်းတို့အားမျှတလောက်မည် ရည်ညွှန်းအပ်သော ဥဒ္ဒေသဘတ် တည်းဟူသော ဆွမ်းကိုပြုပြင်စီရင်၍အရှင်လင်ဖြစ်သော ပုဏ္ဏားကို "အိုအရှင်၊ကျောင်းသို့ သွားရောက်၍ လေးယောက်ကုန်သော အရွယ်လွန်ပြီး ကြီးရင့်ကုန်သော ပုဏ္ဏားတို့ကို ညွှန်းစေ၍ ပင့်ဆောင်ခဲ့ ပါလော့" ဟု ပြောဆိုသတတ်။ ထိုပုဏ္ဏားသည် ကျောင်းသို့ သွားရောက်၍ "လေးယောက်ကုန်သော ပုဏ္ဏားတို့ကို ညွှန်ကြား၍ ပေးပါကုန်လော့"ဟု ပြောဆိုဏ်။ လျှောက်တောင်းလာသော ထိုပုဏ္ဏားအား သံကိစ္စသာမဏေ,ပဏ္ဍိတသာမဏေ, သောပါကသာမဏေ, ရေဝတသာမဏေ ဟု ဆိုအပ်ကုန်သော ခုနစ်နှစ်သား အရွယ်မျှ ယှိကုန်သော လေးပါး ကုန်သော အသဝေါကုန်ခန်း ရဟန္တာ သာမဏေ တို့သည် အစဉ် ပြည့်မြောက်အလှည့်အကြိမ်သို့ ရောက်ကုန်၏။ ပုဏ္ဏေးမသည် မြတ်သောသူတို့အား သင့်လျော် ထိုက်တန်ကုန်သော နေရာတို့ကိုခင်းထား၍ ကြွရောက်တည်နေကုန်သော သာမဏေတို့ကို မြင်၍သာလျှင် ပြင်းစွာ အမျက်ထွက်သည်ဖြစ်၍ ခုံလောက်၏ အတွင်း၌ ထည့်သွင်း ပစ်ချအပ်သော ဆားကဲ့သို့ ဖျစ်ဖျစ်မြည်လျက် "အသင်သည် ကျောင်းသို့သွား၍ မိမိ၏ မြေးမျှလောက်ပင်သော်လည်း ပြောဆိုခြင်းငှါ မလောက်ကုန်သော လေးယောက်ကုန်သော သူငယ်တို့ကို ခေါ်ယူ၍ လာခဲ့လေဘိသည်"ဟု

ပြစ်တင် ပြောဆို၍ ထိုသောမကောတို့အား မိမိခင်းထားအပ်သော ထိုနေရာ တို့၌ ထိုင်နေခြင်းငှါ မပေးမူ၍ နိမ့်သောနေရာ အင်းပျဉ်တို့ကို ခင်းပြီးလျှင် ဤနေရာတို့၌ ထိုင်နေလေကုန်လော့ဟု ပြောဆိုပြီး၍" အိုပုဏ္ဏားသွားတဲ့ချေဦး။ အိုမင်း ကြီးရင့်သော အရွယ်ယို့ကုန်သော ပုဏ္ဏားတို့ကို ကြည့်ရှု၍ ပင့်ဆောင်ခဲ့လော့" ဟု ပြောဆိုပြန်၏။ ပုဏ္ဏားသည် ကျောင်းသို့သွား၍ သာရိပုတ္တရာ မထေရ်ကို တွေ့မြင်တည့်လျှင် "လာလှည့်ကုန်လော့၊ ငါတို့၏ အိမ်သို့ သွားကုန်အံ့" ဟု ပြောဆိုပင့်ဆောင်၏။ သာရိပုတ္တရာ မထေရ်သည် ကြွလာတော်မူ၍ သာမကောတို့ကို တွေ့မြင်သည်ယိုသော် "ဤပုဏ္ဏားတို့၏ အထံမှ ဆွမ်းကို ရအပ်ပြီလော" ဟု မေးတော်မူ၍ "အရှင်ဘုရား၊ မရသေးပါ" ဟု ကြားလျှောက်သည်ယိုသော် လေးဦးကုန်သော သူတို့အား သာလျှင် မျှလောက် ရည်ညွှန်း ဆွမ်း၏စီရင်အပ်သောအဖြစ်ကို သိသောကြောင့် "ငါ၏သပိတ်ကို ဆောင်ယူခဲ့လော့" ဟု တဖန်ပြောဆို သပိတ်ကို ယူ၍ ဖဲကြွတော်မူ၏။ ပုဏ္ဏားမသည်လည်း "ဤပုဏ္ဏားသည် အဘယ်သို့ပြောဆိုသနည်း" ဟု မေးမြန်းသည်ယိုသော် "ထိုင်နေကုန်သော ထိုပုဏ္ဏားတို့အား ရခြင်းငှါ သင့်လျော်လျောက်ပတ်အပ်သည်ဟု ပြောဆို၍ ငါ၏သပိတ်ကို ဆောင်ယူခဲ့လော့ဟု ပြောဆိုပြီးလျှင် မိမိ၏ သပိတ်ကို ယူ၍ ဖဲသွားလေသည်"ဟု ပြောဆိုသောအခါ ထိုပုဏ္ဏားသည် စားခြင်းငှါ အလိုယိုသည် မဖြစ်လတ္တံ့။ သို့ဖြစ်သောကြောင့် "လျင်စွာ သွားပြီးလျှင် တပါးသော ပုဏ္ဏားကိုကြည့်ရှု၍ ပင့်ဆောင်ခဲ့ဦးလော့" ဟု ပြောဆိုပြန်၏။ ပုဏ္ဏားသည် သွားရောက်တဖန် မဟာမောဂ္ဂလာန်ကို တွေ့မြင်၍ ထိုရှေးနည်း အတူသာလျှင် ပြောဆို ပင့်ဆောင် ပြန်၏။ ထိုမဟာမောဂ္ဂလာန် မထေရ်သည်လည်း သာမကောတို့ကိုတွေ့မြင်သည်ယိုသော် ထိုရှေးနည်းအတူသာလျှင် ပြောဆိုပြန်ဘိ မိမိသပိတ်ကိုယူ၍ ဖဲကြွတော်မူ၏။ ထိုအခါပုဏ္ဏားမကထိုခင်ပွန်းလင်ပုဏ္ဏားကို "အသင်ပင့်ဆောင်ခဲ့သော ထိုပုဏ္ဏားတို့သည် စားခြင်းငှါ အလိုမယိုသည် ဖြစ်ကုန်ပေလိမ့်မည်။ အို-ပုဏ္ဏား၊ကျောင်းသို့သွား၍အရွယ်ကြီးမား ကဲဦးသောပုဏ္ဏားကို ပင့်ဆောင်ပါချေဦးလော့" ဟု ပြောဆို စေလွှတ်ပြန်၏။ သာမကော

တို့သည်လည်း နံနက်စောစောမှသာလျှင်စ၍ တစုံတခုသော အစာအာ
ဟာရကိုမရသောကြောင့် ဆာလောင်မွတ်သိပ်ခြင်းဖြင့် နှိပ်စက် အပ်ကုန်
သည်ဖြစ်၍ ထိုင်နေရကုန်၏။ ထိုအခါ သာမဏေငယ်တို့၏ ကျေးဇူးရှိန်
စော်အာနုဘော်ကြောင့် သိကြားမင်း၏ နေရာသည် ပူလောင်သော အ
ခြင်းအရာကို ပြ၏။ ထိုသိကြားမင်းသည် အကြောင်းဖြစ်အင်ကိုဆင်ခြင်
သည်ယိုသော် နံနက်စောစောမှစ၍ ကာလမြင့်ရှည် ထိုင်နေတော်မူကြ
ကုန်သော ထိုသာမဏေငယ်တို့၏ ကိုယ်လက်ညစ်နွမ်း ပင်ပန်းသော
အဖြစ်ကိုသိ၍ "ငါသည်ထိုအရပ်သို့သွားခြင်းငှါအပ်၏" ဟု ကြံပြီးလျှင်
အိုမင်း ကြီးရင့်သော အမျိုယ်ယိုသော ပုဏ္ဏားဖြစ်၍ အသွင်သည် ဖြစ်၍
ပုဏ္ဏားတို့ ရွတ်ဖတ်ရာဖြစ်သော ထိုနေရာအပြင်ဝယ် ပုဏ္ဏားတို့၏အဦး
ဖြစ်သော နေရာ၌ ထိုင်နေ၏။ ခင်ပွန်းမယား စေခိုင်းတားသော ထို
ပုဏ္ဏားသည် သိကြားက အယောင်ဆောင်သော ထိုပုဏ္ဏားကို တွေ့မြင်
၍ "ဤယခုအခါ ငါ၏ပုဏ္ဏေးမသည် နှစ်လို ဝမ်းသာခြင်းဖြစ်ပေလိမ့်
မည်" ဟု ကြံစည်၍ "လာလတ္တံ့လော့၊ အိမ်သို့ သွားကုန်အံ့" ဟု ပြော
ဆိုကာ သိကြားက အယောင်ဆောင်သော ထိုပုဏ္ဏားအိုကို ခေါ်ယူ၍
အိမ်သို့သွား၏။ ပုဏ္ဏေးမသည် ထိုပုဏ္ဏားအိုကို မြင်၍ သာလျှင် အလွန်
ပင် နှစ်သက်သော စိတ်ယိုသည်ဖြစ်၍ နှစ်ပါးကုန်သောနေရာတို့၌ ခင်း
ထားအပ်သော အခင်းကို တခုတည်းသော နေရာ၌သာလျှင် လွှမ်း
ထပ်ဖြည့်ခင်း၍ "အရှင်သည် ဤနေရာ၌ ထိုင်နေတော်မူပါလော့" ဟု
ပြောဆို၏။ သိကြားမင်းသည် နေအိမ်သို့ဝင်၍ လေးပါးကုန်သော
သာမဏေငယ်တို့ကို ငါးပါးသော တည်ရာယိုသော ထိခြင်းဖြင့် ရှိခိုး
ဦးချ၍ ထိုသာမဏေငယ်တို့၏ နေရာအစွန်ဖြစ်သော မြေ၌ ထက်ဝယ်
ဘွဲ့ခွေသဖြင့် ထိုင်နေ၏။ ထိုအခါ သိကြားမင်းက အယောင်ဆောင်
သော ထိုပုဏ္ဏားကို မြင်၍ ပုဏ္ဏေးမက မိမိ၏ ခင်ပွန်းလင် ဖြစ်သော
ပုဏ္ဏားကို "အသင်ပင့်ဆောင်ခဲ့သော ပုဏ္ဏားသည် ဩဇာ-အံ့ဘွယ်ယို
ပေစွ။ ဖခင်မျှလောက် အရှုယ်ရောက်သော ထိုပုဏ္ဏားကို ခေါ်ယူ၍
လာခဲ့သည် ဖြစ်ပေ၏။ ထိုသို့ ဖြစ်စေကာမူ၊ မိမိ၏ မြေးမျှလောက်
ယိုသော သူငယ်တို့ကို ရှိခိုး ဆောက်တည်လျက် လှည့်လည်လေဘိ

၏။ ဤပုဏ္ဏားဖြင့် အဘယ်အကျိုး ယှိအံ့နည်း။ ထိုပုဏ္ဏားကို နှင်ထုတ် ကုန်လော့'' ဟု ပြောဆို၍ ထိုပုဏ္ဏားသည် ပခုံး၌ လည်းကောင်း၊ လက်၌ လည်းကောင်း၊ သိုင်းဆင်အပ်သော စလွယ်ကြိုး၌ လည်းကောင်း ကိုင်ယူပြုလုပ် ငင်ထုတ်အပ်သော်လည်း ထသွားခြင်းငှါ အလိုမရှိ။ ထို့နောက် ထိုပုဏ္ဏားကို ပုဏ္ဏေးမက ''အို-ပုဏ္ဏား၊လာ လှည့်လော့။ အသင်သည် တဖက်သောလက်၌ ကိုင်ဆွဲလော့။ ငါသည် တဖက်သော လက်၌ ကိုင်ဆွဲအံ့''ဟု ပြောဆို၍ နှစ်ဦး ကုန်သောာ ပုဏ္ဏား လင်မယားတို့သည်လည်း နှစ်ဖက်ကုန်သော လက်တို့၌ ကိုင်ဆွဲကုန်၍ ကျောက်ကုန်း၌ ပုတ်ခတ်လျက် နေအိမ် တံခါးမှ အပ အပြင်ဘက်သို့ ထွက်ရောက်အောင် ပြုလုပ်ကုန်၏။ သိကြားမင်းသည်လည်း ထိုင်နေရာ အရပ်၌သာလျှင် ထိုင်နေလျက် လက်ကို လှည့်လည်ပြန်လှန်၏။ ထိုပုဏ္ဏား လင်မယားတို့သည် ဆုတ်နစ်ပြန်လည်ထိုင်နေသည်သာလျှင်ဖြစ်သော ထိုသိကြားမင်းပုဏ္ဏားကို မြင်၍ ကြောက်လန့်ထိတ်ရွံ့သောအသံကို ဟစ်အော် မြည်တမ်း ကုန်လျက် စွန့်လွှတ်ကုန်၏။ ထို-ခဏ၌ သိကြားမင်းသည် မိမိ၏ သိကြားအဖြစ်ကို သိစေ၏။ ထိုအခါရှည်မြင့်စွာ ထိုင်နေရကုန်သော ထိုသာမဏေတို့အား ဆွမ်းအာဟာရကို ပေးလှူကြကုန်၏။ ငါးဦးလည်းဖြစ်ကုန်သော သူတို့သည် ဆွမ်းအာဟာရကို ခံယူကုန်ပြီးသော် တပါးသော သာမဏေသည် နေအိမ်၏ အထက် အထွတ်ချက်ဝန်းကို ဖေါက်ထွက်၍ တပါးသော သာမဏေသည် နေအိမ်အမိုး၏ရှေအဘို့ကိုဖေါက်ထွက်၍၊တပါးသောသာမဏေသည်။ နေအိမ်အမိုး၏ နောက်အဘို့ကို ဘောက်ထွက်၍ တပါးသော သာမဏေသည် မြေ၌ငုပ်လျှိုးဝင်ကြွ၍၊ သိကြားမင်းသည် တခုသော အရပ်ဌာနဖြင့် ထွက်သွား၍၊ဤသို့လျှင်ငါးဦးလည်း ဖြစ်ကုန်သောသူတို့သည် ငါးပါးကုန်သော အရပ်ဌာနတို့ကို ဖဲကြွကုန်၏။ ထိုအခါကာလမှစ၍ကား ထိုနေအိမ်သည် ငါးခုသောကြွသွားရာ အပေါက် ယှိသော သောကြောင့် ပဉ္စဆိဒ္ဒအမည်ယှိသည် ဖြစ်လေသတည်း။ ။သာမဏေတို့လည်း ကျောင်းသို့ပြန်သွား ရောက်ယှိသောအခါ၌ ရဟန်းတော်တို့က ''ငါ့ရှင်သာမဏေတို့၊ အဘယ်သို့ သဘောယှိသည် ဖြစ်ကုန် ဘိသ

နည်း''ဟု မေမြန်းကြကုန်၏။ ''အရှင်ဘုရားတို့၊ တပည့်တော်တို့အား မေးတော် မမူကြပါကုန်လင့်။ တပည့်တော်တို့ကို တွေ့မြင်သော ကာလမှစ၍ ပုဏ္ဏားမသည် ကြမ်းကြုတ်အမျက် ပေါ်ထွက် နှိပ်စက် အပ်သည် ဖြစ်၍ ခင်းထားယှိနှင့်ပြီးသော နေရာတို့၌ တပည့်တော်တို့အား ထိုင်နေခြင်းမျှ၌လည်း မပေးမူ၍ လျင်စွာ အရှယ်ကြီးရင့်သော ပုဏ္ဏားကြီးကို ပင့်ဆောင်လော့ဟု ပြောဆို၏။ တပည့်ကော်တို့၏ ဥပဇ္ဈာယ် ဆရာမထေရ်မြတ်သည် ကြွတော်မူလာ၍ တပည့်တော်တို့ကို တွေ့မြင်သည်ယှိသော် ဤထိုင်နေကုန်သော ပုဏ္ဏားတို့အား ဆွမ်းအာဟာရကို ရဖြင်းငှါ အပ်ပေ၏ဟုပြောဆိုပြီးကာ မိမိ၏သပိတ်ကိုယူဆောင်စေ၍ တွက်ကြွပါ၏။အိုမင်းကြီးရင့်သော အရှယ်ယှိသောတပါး ကယောက်သောပုဏ္ဏားကို ပင့်ဆောင်ချဦးလော့ဟု ပြောဆိုပြန်သည် ယှိသော် ပုဏ္ဏားသည် မဟာမောဂ္ဂလာန် မထေရ်ကို ပင့်ဆောင်ခဲ့၏။ ထို မဟာမောဂ္ဂလာန်မထေရ်သည်လည်း တပည့်တော်တို့ကိုတွေ့မြင်တည့်လျင် ရှေနည်းအတူသာလျင် ပြောဆို၍ ဖဲကြွတော်မူ၏။ ထိုအခါပုဏ္ဏားမသည် ထိုပုဏ္ဏားကြီးတို့ကား စားသုံးခြင်းငှါ အလိုမရှိကုန်သည် ဖြစ်ပေလိမ့်မည်။ သွားတဲ့ချဦး။ ပုဏ္ဏားတို့ ရွှတ်ဘတ်ရာ အရပ်မှ အိုမင်းကြီးရင့်သော အရှယ်ယှိသော တယောက်သောပုဏ္ဏားကို ပင့်ဆောင်ချဦးလော့ဟု ပုဏ္ဏားကို စေလွှတ်ပြန်ပါသည်။လင်ယောကျ်ားဖြစ်သော ထိုပုဏ္ဏားသည်ပြောကြားစေလွှတ်အပ်သော ထိုအရပ်သို့ သွားရောက်၍ ပုဏ္ဏား၏ အသွင်အပြင်ဖြင့်လာရောက်တည့်နေသော သိကြားမင်းကို ပင့်ဆောင်ခဲ့ပါ၏။ ထိုသိကြားမင်း၏ လာရောက်သော အခါ၌ တပည့်တော်တို့အား ဆွမ်းအာဟာရ ပေးလှူကြပါကုန်ဖြီ''ဟု လျှောက်ကြားကုန်၏။ ''ထိုသို့ပြုလုပ်ကုန်သော ပုဏ္ဏားလင်မယားတို့အား အသင်တို့သည် အမျက်မထွက်ကုန်ဖြီလော''ဟု မေးကြပြန်သဖြင့် ''တပည့်တော်တို့ အမျက်မထွက်ပါကုန်''ဟု လျှောက်ကြားကုန်၏။ ရဟန်းတို့သည် သာမဏေတို့ပြောဆိုသော ထိုစကားကို ကြားသိကုန်၍ ''ဘုန်းကြီးတော်မူသော မြတ်စွာဘုရား၊ ဤသာမဏေငယ်တို့သည် တပည့်တော်တို့အမျက်မထွက်ပါကုန်ဟု မဟုတ်မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကို ပြော

ကြားပါကုန်သည်''ဟု မြတ်စွာ ဘုရားအား လျောက်ကြား ကုန်၏။ ဘုရားရှင်ကိုယ်တော်မြတ်က ''ချစ်သာရဟန်းတို့၊ အာသဝေါလုံးစုံကုန်ခန်းပြီးသော ရဟန္တာတို့ မည်သည်ကား အမျက်ပွါးထွက်ဆန့်ကျင်ဘက်တို့ဖြင့်လည်း အမျက်မထင် မဆန့်ကျင် ကုန်တော့သည် သာလျှင်တည်း''ဟု မိန့်ဆိုတော်မူ၍။

မြဝဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော
ပါဠိတော်ဂါထာ ဒေသနာ။

အဝိရုဒ္ဓံ ဝိရုဒ္ဓေသု၊ ဟတ္ထဒဏ္ဍေသု နိဒ္ဒုတံ။
သာဒါနေသု အနာဒါနံ၊ တမဟံ ဗြူမိ မြဝဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏အနက်ကား။ ။ဝိရဒ္ဓေသု၊အမျက်ရန်ပြုး ပွါးတိုးပြန့်ဝင်ဆန့်ကျင် ပြုနလည် လောကီဘုံသဘ့း လူအများတို့၌။ အဝိရုဒ္ဓံ၊ အမျက်တဖန် မထွက်ပြန်သဖြင့် မဆန့်ကျင် ထသော။ ဟတ္ထဒဏ္ဍေသု၊ လက်၌အမြဲ ကိုင်စွဲသောဟန် တုတ်လှံတံလက်နက်စသည်တို့၌။နိဒ္ဒုတံ၊သတ္တဝါအပေါင်းတို့၌ ညှဉ်းဆဲကြောင်းဒဏ်ကိုချသဖြင့်ငြိမ်းပြီးထသော။သာဒါနေသု၊ အဟံ-မမ၊ စသည်စွဲရာ ငါးပါးသော ခန္ဓာတို့၌။ အနာဒါနံ၊ တဏှာကုန်ခန်း စွဲလမ်းခြင်းမရှိထသော။ တံ-တာဒိသံ၊ ထိုသို့ သဘောယှိသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ မြဝဟ္မဏံ၊ မကောင်းမှုကို အပယ်ပြုပြီးသောသူ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော် မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊မြဝဟ္မဏဝဂ်၌ နှစ်ဆယ့်သုံးခုမြောက်သော သာမဏေကျော်လေးပါးတို့၏ဝတ္ထုစကား အစဉ်ကား ဤတွင်ရွှေပြီး၏။

၂၃၂ ဓမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာဘိ)။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၂၄-မဟာပန္ထက မထေရ်ဝတ္ထု။

ယသ ရာဂေါ စ။ ။ယင်းသို့စသည်၊ ဤဓမ္မဒေသနာကို၊ ပြင်းစွာအမျက်၊ပွါးထွက်လေတတ်၊ပဋိဃတ်ကြောင့်၊ လေးရပ်အပါယ်၊သံသာနယ်မှ၊မဖယ်ရှောင်သာ၊ ကျင်လည်ရှာသော၊ သတ္တဝါအများကို၊ မျက်ပွါးမလှန်၊သည်းခံစေကြောင်း၊လမ်းကောင်းဓမ္မဖြင့်၊ဆုံးမတော်မူတတ်သောမြတ်စွာဘုရားသခင်သည်။ပင်စဉ်ဝါးမြုံ၊လှည့်ရစ်ရုံလျက်၊ပရိဝုတ်ယိုကောင်း၊ ဝေဠုဝန်မင်းကျောင်း၌၊ ကိန်းအောင်းတော် မူလျက်သာ၊ မဟာပန္ထကမထေရ်ကို၊ ဦးတည်ပေါင်းစု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့ လေသတည်း။

အကြောင်း အထူးပုတို အစဉ်ကား ဤသို့တည်း။

ထိုအရှင် မဟာပန္ထကသည် အပ္ပမာဒဝဂ် စူဠပန္ထကမထေရ် ဝတ္ထု၌ အကျယ် ဖေါ်ပြခဲ့ပြီးသော စကားအစဉ်အတိုင်း လေးလတ်ဖြင့် တခုသော ဂါထာကိုလေ့လာနှုတ်တတ် ဆောင်ရွက်ပြုလုပ်ခြင်းငှါ မစွမ်းနိုင်သော ညီတော်စူဠပန္ထကမထေရ်ကို "အသင်သည် ဘုရားမြတ်စွာ သာသနာတော်၌လည်း မထိုက်လျော်၊ လူတို့ သုံးဆောင်ခံစားရာ စည်းစိမ်ချမ်းသာမှလည်း ဆုတ်ယုတ်လေဘိသည်၊ အသင်အားသာသနာတော်ထမ်း ရဟန်းတို့ ကိန်းအောင်းသော ဤကျောင်း၌ နေသဖြင့် အဘယ်အကျိုး ယို့အံ့နည်း။ ဤကျောင်းမှ ထွက်သွား လေလော့" ဟု ပြောဆိုပြစ်တင်ပြီးသည်ကာလ ကျောင်းမှ ငင်ထုတ်၍ တံခါးကို ပိတ်ထား၏။ ရဟန်းတို့သည် "ငါ့ရှင်တို့၊မဟာပန္ထကမထေရ်သည် ဤအမည်ယို့သောအမှုကို ပြုအပ်၏။ ကုန်ပြီးသော အာသဝေါ ယို့ကုန်သော ရဟန္တာတို့အား အမျက်ဒေါသ တက်ကြွ ဖြစ်ပေါ်သေးယောင်တကား" ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ "ချစ်သား ရဟန်းတို့၊ဤယခုအခါ၌အဘယ်မည်သောစကားဖြင့် ပြောကြား ထိုင်နေကုန်ဘိသနည်း" ဟု မေးတော် မူ၍ "ဤ အမည် ယို့သော အကြောင်းပါတည်း"ဟုလျှောက်ကြားသည်ယို့သော် "ချစ်သားရဟန်းတို့၊ကုန်ပြီးသော အာသဝေါရှိကုန်သော ရဟန္တာတို့အား ရာဂ အစ

ယှိသော ယှိလေသာတို့သည် မရှိကုန်။ ငါ၏သားတော်ဖြစ်သော မဟာ ပန္ဆကသည်အကျိုးစီးပွါးကိုရှေးရှုသောအားဖြင့်လည်းကောင်း၊တရား တော်ကို ရှေးရှုသောအားဖြင့်လည်းကောင်း ဤသို့သောအမှုကို ပြုလုပ် ပြောဆိုပေသည်''ဟု မိန့်တော်မူပြီး၍။

ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

ယဿ ရာဂေါ စ ဒေါသော စ၊ မာနော မက္ခော စ ပါတိတော။
သာသပေါရိဝ အာရဂ္ဂေ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ ပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏အနက်ကား။ ။ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ ရာ ဂေါစ၊ ထိုထိုအာရုံ ကာမဂုဏ်ဘုံဘဝတို့၌ တပ်စွန်းလှသောရာဂတရား သည်လည်းကောင်း။ ဒေါသောစ၊ အာဃာတဝတ္ထု တွေ့မှုဖြစ်ပွါး ဒေါသတရားသည် လည်းကောင်း။ မာနောစ၊ ငါသာတတ်သည် အစ ချီလျက် မထီမဲ့မြင် ပြုတတ်သော မာနတရားလည်းကောင်း။ မက္ခောစ၊ သူတပါးကျေးဇူး မရှင်မြူးအောင် ပြစ်နှူးဖွေလှစ် ချေပစ်တတ်သော မက္ခတရားလည်းကောင်း။ အာရဂ္ဂေ၊ ပွတ်ဆောက်ဖျား၌။ သာသပေါ၊ တင်ထားတုံလေ့ မုန်ညင်းစေ့သည်။ နသန္တိဋ္ဌတိဋ္ဌဝ၊ မတည်ခဏ လျှောကျဘိသကဲ့သို့။ ဧဝံကထာ၊ ဤနည်းတူစွာ သာလျှင်။ ပါတိတော၊ စိတ်၌မြင့်ရှည် မတည်ခဏ လျှောကျပျောက်ပျက်လေ၏။ တံပုဂ္ဂလံ၊ ထို ပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသောသူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၌၊ နှစ်ဆယ့်လေးခုမြောက်သော မဟာပန္ဆက မထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင် ရှေ့ပြီး၏။

၂၆-မြာဟ္မဏဝဂ်၌၊ ၂၅-ဝိလိန္ဒဝစ္ဆ မထေရ်ဝတ္ထု၊

အာကာသံ။ ။အစခံသော၊ သာမုတ္တံဂါထာ။ ဤဓမ္မဒေသနာကို၊ လွန်စွာကြွမ်းကြွတ်၊ ဖရုသဝါစာ၊ များစွာပြောထူ၊ ဝေနေသူတို့ကို၊ ဓမ္မ၊ ပဒေသ၊ သုခုမသဏှာ၊ ဝါစာဖြစ်ကြောင်း၊ ကောင်းစွာ ဆုံးမတော်မူ ပတ်သော မြတ်စွာဘုရားသည်၊ပတ္တမြားညို၊စိမ်းစိုသော အရောင်ကမျှ၊ ထွန်းပခက်ရွက်၊ ဝေယ္ယက်ဝါရံ၊ ရိပ်မြုံတည်ကောင်း၊ ဝေဠုဝန် မင်းကျောင်း၌၊ ကိန်းအောင်းနေမျှလျက်၊ ပိလိန္ဒဝစ္ဆမထေရ်ကို၊ ဦးတည်ပေါင်းဗု၊ အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော် မူခဲ့လေသတည်း။

အကြောင်းအထူးပုတို အစဉ်ကား ဤသို့တည်း။

ထိုပိလိန္ဒဝစ္ဆမထေရ်သည် ဤကမ္ဘာမှ ပြန်ကာရောက်သည့် ယို့သော် အထက်ကပ် တသိန်းအကျ ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်အခါ ဟံသာဝတီပြည့်ဝယ်ကြီးကျယ်ရိပ်ငြိမ်စည်းစိမ်ဥစ္စာယို့သော အမျိုးဥစ္စာဖြစ်၍ အရွယ်ရောက်သောအခါ မြတ်စွာဘုရား တရားတော်ကို ကြားနာလျက် နတ်တို့ ချစ်ခင်နှစ်သက်သောအရာ၌ တေဒဂ်ရာထူး ချီးကျူး မြှောက်စား ဘပါးသော ရဟန်းကို ပေးသနားကော်မူသော မြတ်စွာဘုရား သခင်ကို ဖူးမြင်ရ၍ ထိုသို့သော ရာထူးကို တောင့်တပြီးလျှင် အသက်ရှည်သမျှ ကာလပတ်လုံး ကုသိလ်ကောင်းမှုကို ပြုစုအားထုတ်၍ နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်လျက် ဤဝေါဟာရ မြတ်စွာဘုရား ဖြစ်တော်မူသောအခါ သာဝတ္ထိပြည့်ဝယ် ပုဏ္ဏားအမျိုး၌ ဖြစ်လေ၏။ ထိုသူငယ်အား ပိလိန္ဒဝစ္ဆ ဟူသောအမည်ကို မှည့်ခေါ်ခြင်းကို ပြုကုန်၏။ထိုပိလိန္ဒဝစ္ဆသည် နောက်အဘို့ဖြစ်သော ဘပါးသောအခါ၌ မြတ်စွာဘုရား တရားတော်ကို ကြားနာ၍ ရရှိလာသော သဒ္ဓါဖြင့် သာသနာတော်ထမ်း ရဟန်းပျွင်း ပြုလုပ်ကာ ဝိပဿနာကို ပွါးများ၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။

ထိုအရှင် ပိလိန္ဒဝစ္ဆသည် ''သူယုတ်မာ၊ လာလှည့်လော့။ သူယုတ်မာ၊ သွားလှည့်လော့'' ဤသို့ အစယ်သည်တို့ကို ပြောဆိုလျက် လူတို့ကိုလည်းကောင်း, ရဟန်းတို့ကိုလည်းကောင်း သူယုတ်မာဟူသော ပြောဆိုခြင်းဖြင့်သာလျှင် ခေါ်ဝေါ်ပြောဆိုသတတ်။ထိုနောက် တနေ့သော အခါ၌ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားအား ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ပိလိန္ဒဝစ္ဆသည် ရဟန်းတို့ကို သူယုတ်မာ ဟူသော ပြောဆိုခြင်းဖြင့် ခေါ်ဝေါ် ပြောဆိုပါ၏'' ဟု ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုပိလိန္ဒဝစ္ဆမထေရ်ကို ခေါ်တော်မူစေ၍ ''ချစ်သား ပိလိန္ဒဝစ္ဆ၊ အသင်သည် ရဟန်းတို့ကို သူယုတ်မာဟူသော ပြောဆိုခြင်းဖြင့် ခေါ်ဝေါ်ပြောဆိုဘိသော ဟူသည် ဟုတ်မှန်ပေသလော'' ဟု မေးတော်မူ၍ ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤသို့ မိန့်တော်မူသည့်အတိုင်း ဟုတ်မှန်ပါသည်'' ဟု ကြားလျှောက်သည်ယို့သော် မြတ်စွာဘုရားသည် ထိုအရှင် ပိလိန္ဒဝစ္ဆ၏ ရှေးရှေးဘဝ နေမျှခဲ့အင် ခန္ဓာအစဉ်ကို နှလုံးသွင်းတော်မူ၍ ''ချစ်သားရဟန်းတို့၊ အသင်တို့သည် ဝစ္ဆရဟန်းအား မကဲ့ရဲ့ မရှုတ်ချကုန်လင့်။ ချစ်သား ရဟန်းတို့၊ငါ၏ သားတော် ဝစ္ဆသည် ဒေါသတရားဖြင့် ပြစ်မှားမောင်းမဲဆဲရေးလိုသည်ဖြစ်၍ ရဟန်းတို့ကို သူယုတ်မာဟူသော ပြောဆိုခြင်းဖြင့် ခေါ်ဝေါ် ပြောဆိုသည် မဟုတ်။ ချစ်သား ရဟန်းတို့၊ ဝစ္ဆရဟန်းအား တပါးသော ဘဝဖြင့် ရောပြွမ်းစပ်ယှက်ခြင်း မရှိကုန်ဘဲ အလုံးစုံလည်း ဖြစ်ကုန်သော ထိုဘဝငါးရာတို့ ပတ်လုံး ပုဏ္ဏားမျိုး၌ အဆုံးစွန် ဤဘဝ တိုင်အောင် ဖြစ်ခဲ့ရကုန်၏။ ထို ဝစ္ဆရဟန်းသည် ရှည်မြင့်စွာသော နေ့ ညဉ့် ပတ်လုံး သူယုတ်မာ ဟူသော ခေါ်ဝေါ် ပြောဆိုခြင်းဖြင့် လွှဲကျက်ပြောဆို၍ လာခဲ့၏။ ကုန်ပြီးသော အာသဝေါ ယိုသော ရဟန္တာ ပုဂ္ဂိုလ်မည်သည် တပါးသော သူတို့အား ထိပါးပုတ်ခတ် ညှဉ်းဆဲတတ်သည် အစွမ်းဖြင့် ခက်မာ အယုတ်ကြမ်းကြုတ်သော စကားကို ပြောဆိုခြင်းမည်သည် မရှိ။ ထိုစကား မှန်လှ၏။ ငါဘုရား၏ သားတော်ဖြစ်သော ဝစ္ဆသည် အလွေ့အကျက်၏ အစွမ်းဖြင့် ဤသို့ပြောဆိုခြင်း ဖြစ်လေသည်'' ဟု မိန့်တော်မူပြီး၍။

ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော
ပါဠိတော်ဂါထာ ဒေသနာ။

အကက္ကသံ ဝိညာပိနိ်ံ၊ ဂိရံ သစ္စံ ဥဒီရယေ။
ယာယ နာဘိသဇ္ဇေ ကိဉ္စိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

ဂါထာ၏အနက်ကား။ ။ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်၊ ယာယ ဂိရာယ။ ပြောဆိုအပ်သော အကြင်စကားဖြင့်။ကိဉ္စိ၊မိမိမှတပါး အခြားသူ တစုံတယောက်ကို၊ နာဘိသဇ္ဇေ၊ အမျက်တပ်ယှဉ် ယှက်စပ်သဖြင့် မကပ်ငြိစေ။ အကက္ကသံ၊နာသူချမ်းမြေ့ မနောမွေ့သဖြင့် အတွေ့မကြမ်းထသော။ ဝိညာပိနိ်ံ၊ စိုးပွါးတိုးတက် အနက်ကို သိစေတတ်-သော။ သစ္စံ၊ မဖေါက်မပြန် ဟုတ်မှန်သော အနက်သဘောယှိသော။ တံဂိရံ၊ ထိုသို့သော စကားမျိုးကို။ ဥဒီရယေ၊ အမြစ်မယွက် ညံ့သက်သက်ဖြင့် နှုတ်မြွက်ပြောဆို၏။ တံပုဂ္ဂလံ၊ ထို ပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသော သူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။ ။ဤကားအနက်။

ထိုနောက် တနေ့သောအခါ၌ ပိလိန္ဒဝစ္ဆမထေရ်သည် ရာဇဂြိဟ်မြို့သို့ ဆွမ်းအလို့ငှါ လှည့်လည်ကြွဝင်တော်မူသည်ယှိသော် ပိတ်ချင်းသိုးတို့ဖြင့် ခွက်ကိုပြည့်စေ၍ ယူဆောင်ပြီးကာ မြို့တွင်းသို့ဝင်လာသော တဦး သောယောကျ်ားကို တွေ့မြင်၍ "ဟယ် သူယုတ်မာ၊ အသင်၏ခွက်၌ အဘယ်ဝတ္ထုနည်း"ဟု မေးမြန်း ပြောဆို၏။ ထိုယောကျ်ားသည် ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်းဟူမူ။ "ဤရဟန်းသည် ငါနှင့်အတူ တကွ နံနက်စောစောကသာလျှင် ရန်ရင်းကြမ်းတမ်းသော စကားကို ပြောဆို၏။ ဤရဟန်း၏ အမေးစကားအား သင့်လျော် လျောက်ပတ်

သည်ကိုသာလျှင် ပြန်လှန် ပြောဆိုခြင်းငှါသင့်၏''ဟု ကြီစည်၏။ ကြီ-စည်ပြီး၍ကား ထိုယောက်ျားက ''အရှင်၊ ခွက်၌ တည်ယှိသည်ကား ကြွက်ချေးပါတည်း''ဟု ပြန်ကြားပြောဆို၏။ မထေရ်က ''ဟယ်သူ-ယုတ်မာ၊ ဤသို့ အသင် ပြောဆိုသည် အတိုင်း ဟုတ်မှန်သည် ဖြစ်ပေ လတ္တံ့''ဟု ပြောဆို၏။ မထေရ် မြင်လောက်သောအရပ် လွတ်လပ်စွာ သွား ထိုယောက်ျား၏အလုံးစုံသော ပိတ်ချင်းသီးသည် ကြွက်ချေးသာ လျှင်ဖြစ်လေ၏။ ထိုယောက်ျားသည် ''ဤ ပိတ်ချင်းသီးတို့သည် ကြွက် ချေးနှင့် တူကုန်သည်ဖြစ်၍ ထင်ကုန်၏'' ဟု ကြီစည်၏။ ကြီစည် ပြီး၍ ကား ''ဤပိတ်ချင်းသီးတို့သည် ရှေးသဘော အတိုင်းပင် ယှိလေသ လော။ သို့တည်းမဟုတ် ဖေါက်ပြန် ချွတ်ယွင်းလေသလော''ဟု စုံစမ်း လျက် လက်ဖြင့် ဖိနှိပ်ကြိတ်ချေ၏။ ထိုအခါ ကြွက်ချေး၏ အဖြစ်ကို သိ၍ ထိုယောက်ျားအား အားကြီးစွာသော စိတ်နှလုံး မသက်သာခြင်းသည် ဖြစ်လေ၏။ထိုယောက်ျားသည်ဤခွက်၌တည်သော ပိတ်ချင်းသီးတို့သာ လျှင် ဤသို့ သဘောယှိသည် ဖြစ်လေသလော။ သို့တည်းမဟုတ် လှည်း ၌လည်း ဤသို့ပင်ဖြစ်လေသလော''ဟု ကြည့်ရှုသည် ယှိသော် အလုံးစုံ လည်း ဖြစ်ကုန်သော ပိတ်ချင်းသီးတို့သည် ထိုသို့သဘောယှိသည်သာ လျှင် ဖြစ်ကုန်သည်တို့ကို မြင်သောကြောင့် ရင်ကို လက်ဖြင့် ပင့်မခတ် ထု၍ ''ဤအမှုသည် တပါးသော သူ၏ ပြုလုပ်အပ်သော အမှုမဟုတ်။ ငါသည် နံနက်စောစောက တွေ့မြင်လိုက်ရသော ရဟန်း၏ အမှုပေ တည်း။ မချွတ်အမှန် တခုသော အကြောင်းသည် ဖြစ်လတ္တံ့။ ထိုရဟန်း ၏ ကြွသွားရာအရပ်ကို စုံစမ်းထောက်လှမ်း မေးမြန်းစီစစ်၍ တခုသော အကြောင်းကို သိရပေအံ့''ဟု ကြီစည်ပြီးလျှင် မထေရ် ကြွသွားသော ခရီးကိုမေးမြန်း၍လျင်စွာလိုက်သွား၏။ထိုအခါ တဦးသောယောက်ျား က အလွန်လျင် ကြမ်းတမ်းစွာသွားခြင်းကို သွားသော ထိုယောက်ျား ကိုမြင်၍''အို—အချင်းယောက်ျား၊ အသင်သည် အလွန်လျှင် ကြမ်းတမ်း စွာ သွားခြင်းယှိသည်ဖြစ်၍ သွားဘိ၏။ အဘယ်သို့သော အမှုကြောင့် သွားလေနည်း''ဟု မေး၏။ လျင်စွာလိုက်သွား ထိုယောက်ျားသည် အကြားခရီး ဆီးကြို၍ မေးသော ထိုယောက်ျားအား ဖြစ်ခဲ့ရင်း ထို

အကြောင်းအလုံးစုံကိုအကုန်ပြန်ကြား၏။စုံစမ်းလေငြားထိုယောက်ျား သည် စကားအကြောင်း ရုံးပေါင်းပြန်ကြား ထိုယောက်ျား၏ စကားကို ကြား၍ ဤသို့ပြောဆို၏။အဘယ်သို့ ပြောဆိုသနည်းဟူမူ။ ''အို-အချင်း၊ အသင်သည် မစိုးရိမ် မကြောင့်ကြလင့်။ ငါ၏အရှင် ဖြစ်တော် မူသော ပိလိန္ဒဝစ္ဆ မထေရ် ဖြစ်ပေလိမ့်မည်။ အသင်သည် ထိုခွက်ကိုသာလျှင် ပြည့်စေ၍ ယူဆောင်သွားရောက်ပြီးလျှင် မထေရ်၏ ရှေ့မှ တည်နေဘိ လော့။ ဟယ်-သူယုတ်မာ၊ ဤဝတ္ထုသည် အဘယ်အမည် ယှိသနည်းဟု မေးမြန်းပြောဆိုသောအခါ၌ အရှင်ဘုရား၊ ပိတ်ချင်းသီးတို့ပါ တည်း ဟု ပြောဆိုလေလော့။ မထေရ်သည် ဟယ်-သူယုတ်မာ၊ ဤသို့ အသင် ပြောဆိုသည့်အတိုင်း ဟုတ်မှန် ပေလိမ့်မည်ဟု ပြောဆိုလတ္တံ့။ တဖန် ထို အလုံးစုံတို့သည် ပိတ်ချင်းသီးတို့သည်ဖြစ်ကုန်လတ္တံ့''ဟု ပြောဆို၏။ ထို ယောက်ျားသည် နည်းပေးညွှန်ကြား ထိုယောက်ျား၏ စကားအတိုင်း ကို ပြုလုပ်၏။ အလုံးစုံသော ပိတ်ချင်းတို့သည် ပြကတဲ့အတိုင်း ဖြစ် ကုန်၏။

ပိလိန္ဒဝစ္ဆ မထေရ်ကို နက်တို့သည် ချစ်နှစ်သက် ပေ၏။ အဘယ် ကြောင့်နည်းဟူမူ။ထိုမထေရ်သည်ဘုရားသခင်ပွင့်တော်မမူမီ ရှေးအဘို့ အခါ၌ ကျွန်းငယ်နှစ်ထောင် အရံနှင့်တကွ ကျွန်းကြီးလေးကျွန်းလုံးကို အစိုးရတော်မူသောစကြဝတေးမင်းဖြစ်၍များစွာသောလူအပေါင်းကို ငါးပါးကုန်သော သိက္ခာ သီလတို့၌ တည်စေ၍ နတ်ပြည် နတ်ရွာလျှင် လည်းလျောင်းရာ ယှိသည်ကိုပြုပေ၏။ များသောအားဖြင့် ခြောက်ထပ် ကုန်သောနတ်ပြည်တို့၌ဖြစ်ကုန်သောနတ်တို့သည်မထေရ်၏အလောင်း ဖြစ်သော ထိုစကြာမင်း၏သာလျှင် အဆုံးအမ သဝါဒကိုရ၍ ဖြစ်တိုင်း ဖြစ်တိုင်းသော အရပ်ဌာန၌ မိမိ၏စည်းစိမ်ချမ်းသာကိုကြည့်၍ ''ငါတို့ သည် အဘယ်သူကို အမှီပြု၍ ဤနတ်တို့၏စည်းစိမ်ချမ်းသာကို ရပါကုန် သနည်း'' ဟု ဆင်ခြင်ကုန်သည်ယှိသော် ''ဤမထေရ်ကို အမှီပြု၍ ငါတို့ သည် စည်းစိမ်ချမ်းသာကို ရယှိကုန်သည်''ဟု သိမြင် ကြသောကြောင့် ညချမ်းနံနက်ပတ်လုံး ဤမထေရ်ကို ရှိခိုးဦးခိုက်ကြကုန်၏။ နောက်အဘို့ ဖြစ်သော တပါးသောအခါ၌ မြတ်စွာဘုရား သခင်သည် ထိုပိလိန္ဒဝစ္ဆ

မထေရ်ကို နတ်တို့ချစ်နှစ်သက်အပ်သော ပုဂ္ဂိုလ်တို့တွင် အထွတ်အမြတ် ရာထူးကို ချီးကျူးမြောက်စား ထားတော်မူသတည်း။
ဓမ္မပဒ၊မြောဟ္မဏဝဂ်၌ နှစ်ဆယ့်ငါးခု မြောက်သော ပိလိန္ဒဝစ္ဆမထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရွေ့ပြီး၏။

၂၆-မြောဟ္မဏဝဂ်၌၊ ၂၆-မထင်ရှားသော မထေရ်ဝတ္ထု။

ယေဝေဒိဃံ။ ။အစခံသော၊သုတ္တန်အလာ၊ ဤဓမ္မဒေသနာကို၊ သည္ဓာဝိပလ်၊ ဖေါက်ပြန် များစွာ၊ သတ္တဝါတို့ကို၊ ယထာဘူတ၊ ကျန်ဟုတ်မှန်၊ သိစေရန် ရွေနှလုံးဖြင့်၊ဆုံးမတော်မူတတ်သောမြတ်စွာဘုရားသည်၊ ရှေးဖျားယခေါင်၊ နောင်တော် ဓမ္မရာဇ်တို့၊ မစွန့်ပစ်ကောင်း၊ ညောင်စောင်းတည်ရာ၊ မဟာရိပ်မွန်၊ ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်း နေမျှတော်မူလျက်၊အမျိုးအမည်၊ အတည်စဉ်အား၊ မထင်ရှားသော မထေရ်မြတ် တပါးကို၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော် မူခဲ့သတည်း။

အကြောင်းအထူးပုဒ်ကို အစဉ်ကား ဤသို့တည်း။

သာဝတ္ထိပြည်၌ မိန္ဆာဒဋ္ဌိဖြစ်သော တယောက်သော ပုဏ္ဏားသည် မိမိ၏ ကိုယ်၌ ပေါက်ရောက်သော ယားယံထူထဲ ပေါက်ကွဲသော အိုင်းအမာ ယိုစီးလာသော ပြည်အစေးတို့ဖြင့် ယှက်ထွေး လိမ်းကျံ ပြန်လှန် ကပ်ငြိအံ့သည်မှ ကြောက်သောကြောင့် အပေါ်ရုံပုဆိုးကို ကိုယ်မှ ပယ်ခွါပြီးသော် သင့်တင့်လျောက်ပတ် တခုသော အစွန်းအရပ်၌ ချထား၍ နေအိမ်တံခါး၌ အပပြင်ဘက်သို့ မျော်လျက်တူရွာ မျက်နှာမူကာ ထိုင်နေသတတ်။ ထိုအခါ ကုန်ပြီးသော အာသဝေါယို့သော တပါးသော ရဟန္တာသည် ဆွမ်းစားခြင်း ကိစ္စကို ပြုပြီး၍ ကျောင်းသို့ ပြန်ကြွသည် ယို့သော်ထိုပုဆိုးကိုတွေ့မြင်၍ ထိုမှ၌မှ ဌာနဝန်းလှည့်ကြည့်ရှုစုံထောက်က တစုံတယောက်သော ပုဂ္ဂိုလ်ကို မမြင်သောကြောင့် ''ဤပုဆိုးကား ပိုင်စိုးစီရင် ဥစ္စာရှင်မရှိသော ပုဆိုးပေတည်း'' ဟု နှလုံး သွင်းတော်မူပြီးလျှင် ပံသုကူလ အဖြစ်ကို ဆောက်တည်၍ ကောက်ယူတော်မူ၏။ ထိုအခါ ပုဏ္ဏားသည် ပံသုကူလမြောက် ကောက်ယူသော ထိုမထေရ်

ကို တွေ့မြင်၍ ဆဲရေး ရေရွတ်လျက် အနီးသို့ ချဉ်းကပ်ပြီးလျှင် ''အို-ဦးပြည်း ရဟန်း၊ ငါ၏ ပုဆိုးကို အသင်သည် ယူသလော''ဟု ပြောဆို၏။ ''အို- ပုဏ္ဏား၊ ဤပုဆိုးသည် အသင်၏ ပုဆိုးပင်လော'' ဟု မေးမြန်းပြန်သဖြင့် ''အို-ရဟန်း၊ ဩ- ဟုတ်မှန်ပေ၏'' ဟု ပြောဆို၏။ ''ငါသည် တစုံတယောက်သော သူကို ကြည့်ရှုဆင်မြင် မတွေ့မြင်သည့် အမှုကြောင့် ပံသုကူလ အမှတ်ဖြင့် ယူအပ်ပေ၏။ ထို ပုဆိုးကို အသင်သည် ယူလော့'' ဟု ပြောဆိုပြန်ကြား ထိုပုဏ္ဏားအားပေးပြီးသော် ကျောင်းသို့ ပြန်သွား၍ ရဟန်းတို့အား ထိုအကြောင်း တို့ကို ပြောကြား၏။ ထိုအခါ မထေရ်၏ စကားကိုကြား၍ ရဟန်းတို့သည် ထို မထေရ်နှင့် အတူကာကွ ကစားကျိစယ် ပြက်ရယ် အမှုကို ပြုကုန်လျက် ''ငါ့ရှင်၊ အသင်ကောက်ယူသော ပုဆိုးသည် အဘယ်သို့ သဘောယှိလေသနည်း။ ရှည်လေသလော၊ တိုလေသလော၊ ထူထဲကြမ်းတမ်းလေသလော၊ သိမ်မွေ့နူးညံ့လေသလော'' ဟု ပြောဆို မေးမြန်းကြကုန်၏။ ငါ့ရှင်တို့၊ ရှည်သည်မူလည်း ဖြစ်စေ၊ တိုသည်မူလည်းဖြစ်စေ၊ ထူထဲကြမ်းတမ်းသည် မူလလည်းဖြစ်စေ၊သိမ်မွေ့ နူးညံ့သည်မူလည်းဖြစ်စေ၊ ငါ့အားပုဆိုးဌ် စုံမက်ငဲ့ညှာ တွယ်တာကပ်ငြိခြင်းမရှိ။ အရှင်ကင်းပ ပံသုကူလအမှတ်ဖြင့် ထိုပုဆိုးကို ငါကောက်ယူမိပေ၏'' ဟု ပြောဆို၏။ ထို စကားကိုကြား၍ ရဟန်းတို့သည် မြတ်စွာဘုရားအား ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤရဟန်းသည် မဟုတ်မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကိုပြောကြားပါသည်'' ဟု လျှောက်ကြားကုန်၏။ မြတ်စွာဘုရားက ''ချစ်သား ရဟန်းတို့၊ ဤရဟန်းကား ဟုတ်မှန်သည်ကိုပြောဆို၏။ ကုန်ပြီးသော အာသဝေါယှိကုန်သော ရဟန္တာတို့မည်သည်သူဝါပါးတို့၏ ပစ္စည်းဥစ္စာကို မယူကုန်''ဟု မိန့်တော်မူပြီး၍။

ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော

ပါဠိတော် ဂါထာ ဒေသနာ

ယော၀ ဒီဃံ၀ါ ရဿံ ၀ါ၊ အဏုံ ထူလံ သုဘာသုဘံ။

လောကေ အဒိန္နံ နာဒိယိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏ အနက်ကား။ ။ဧဝလောကေ၊ ဤလောက၌။ ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ အဒိန္နံ၊သူတပါးတို့ စိုးပိုင်စောင့်ရှောက်အပ်သော။ ဒီဃံဝါ၊ရှည်သောပုဆိုးတန်ဆာ စသည်ကိုလည်းကောင်း။ ရဿံဝါ၊ တိုသော ပုဆိုးတန်ဆာ စသည်ကို လည်းကောင်း။ အဏုံဝါ၊ သေးငယ်သော ပတ္တမြားပုလဲ စသည်ကိုလည်းကောင်း။ ထူလံဝါ၊ ကြီးမားသောပတ္တမြား ပုလဲ စသည်ကို လည်းကောင်း။ သုဘံဝါ၊ အဘိုးထိုက်တန်သော ဘဏ္ဍာ ဥစ္စာကို လည်းကောင်း။ အသုဘံဝါ၊မပ္ပါးမစီးနည်းသော အဘိုးယိုသော ဘဏ္ဍာဥစ္စာကို လည်းကောင်း။ နာဒီယိ၊ မဝှက်မလျှိး မခိုးမယူ။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဖြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသော သူဟူ၍။ အဟံ၊ ငါဘုရားသည်။ဖြူမိ၊ ဟောကြားတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဖြာဟ္မဏဝဂ်၌ နှစ်ဆယ့်ခြောက်ခုမြောက်သော မထင်ရှားသော မထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဖြာဟ္မဏဝဂ်၌၊ ၂၇-သာရိပုတ္တရာ မထေရ်ဝတ္ထု။

အာသာ ယသ။ ။ယင်းသို့စသည်၊ ဤဓမ္မဒေသနာကို၊ အာသာပြင်းပြ ပိပါသဖြင့်၊ ကာမတဏှာ၊ ပြင်းစွာလိုက်စား၊ မိုက်မှားတတ်သူ၊ ဝေနေလူကို၊ နိဗ္ဗူလမ်းစ၊ ချမ်းမြစေတောင်း မဂ်လမ်းကြောင်းဖြင့်၊ ကောင်းစွာဆုံးမတော်မူတတ်သော မြတ်စွာဘုရား သခင်သည် လူ့ခွင်ကျော်ရှိန်၊အနာထပိဏ်သေဋ္ဌေး၊ ညစ်မြေးမပြူ၊ဆောက်လှူအပ်ရှောင်း၊ ဇေတဝန် မြတ်ကျောင်း၌၊ ကပ်လျောင်း စမ္ပယ်တော် မူလျက်သာ၊ သာရိပုတ္တရာ၊မဟာထေရ်မြတ်ကို၊ရည်မှတ်ပေါင်းစု၊အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်းအထူးပုဗ္ဗိအစဉ်ကား ဤသို့တည်း။

သာရိပုတ္တရာမထေရ်သည် ငါးရာသော ရဟန်းအပေါင်း ခြံရံလျက် ဇနပုဒ်၌ တခုသောကျောင်းသို့ ကြွရောက်တော်မူပြီးလျှင် ဝါကပ်ဆိုတော်မူသတတ်။ ဒါယကာ-ဒါယိကာမဟူ များစွာသော လူတို့သည် မထေရ်ကို ဖူးမြင်ရကုန်သည်ဖြစ်၍ များစွာသော ဝါဆိုသင်္ကန်းလှူဒါန်း ဆက်ကပ်ရန် ဝန်ခံကြားလျှောက်ကုန်၏၊ မထေရ်သည် ဝါကျွတ်ပြီးခါ ပဝါရဏာပြု၍ အလုံးစုံ လှူဒါန်းဘွယ်ရာ ဝါဆိုသင်္ကန်း မရောက်မီသာ လျှင် မြတ်စွာဘုရား၏ အထံတော်သို့ ကြွသွားတော်မူ လိုသောကြောင့် ရဟန်းတို့ကို မှာထား မိန့်ဆိုတော်မူ၏။ အဘယ်သို့ မှာထားမိန့်ဆို သနည်းဟူမူ။ "ငါ့ရှင်တို့၊ရဟန်းငယ်တို့အားလည်းကောင်း, သာမဏေတို့အား လည်းကောင်း လူတို့သည် ဝါဆို သင်္ကန်းကိုဆောင်ယူလှူဒါန်း လာခဲ့သည်ယ်သော် အဘို့ဘာဂရသမျှအစဉ်ကိုယူငင်၍ ပို့လိုက်ကြကုန်လော့။ မပို့မစေယ်ပခဲ့ကအနေကျကျ အဘို့ဘာဂကိုထား၍ သီတင်းစကားကို ပြောကြားစေလွှတ်လိုက်ကုန်လော့" ဟု မှာထားမိန့်ဆိုတော်မူ၏။ ဤသို့မိန့်ဆိုပြီး၍လည်း မြတ်စွာဘုရား၏ အထံတော်သို့ ကြွသွားတော်မူလေ၏။ရဟန်းတို့က" ငါ့ရှင်တို့၊ယခု တိုင်အောင်ပင်လည်း သာရိပုတ္တရာမထေရ်အား တပါဒြိတတ်သော တဏှာသည် ယိုသေးယောင်တကား၊ ထိုစကားသည်မှန်၏။ လူတို့သည် ဝါဆိုသင်္ကန်းကို လှူဒါန်းခဲ့သည်ယ်သော် မိမိ၏ အတ္ထနေဝပည်တို့အား ဝါဆိုသင်္ကန်းတို့ကို စေလွှတ် ပေးပို့လိုက်ကြကုန်လော့။မစေလွှတ်မပေးပို့လိုခဲ့လျှင် အဘို့ဘာဂကိုထား၍ သီတင်းစကား ပြောကြား စေလွှတ်လိုက်ကုန်လော့ ဟု ရဟန်းတို့အား ပြောဆို မှာထား၍ ကြွတော်မူလာသည်" ဟူသော စကားကို ဖြစ်စေကြကုန်၏။မြတ်စွာဘုရားသခင်သည် ကြွလာတော်မူ၍ "ချစ်သားရဟန်းတို့၊ ငါဘုရား ကြွလာတော်မူသော ဤယခုအခါ အဘယ်မည်သော စကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်ဘိသနည်း"ဟု မေးတော်မူ၍ "ဤအမည်ယ်သော အကြောင်းပါ"ဟု ကြားလျှောက်သည်ယ်သော်"ချစ်သား-ရဟန်းတို့၊ငါ၏သားတော်သာရိပုတ္တရာအား ကပ်ငြိတတ်စွာ တဏှာမရှိပေ၊ လူတို့အား ကောင်းမှု

ကုသိုလ်မှလည်းကောင်း၊ ရဟန်းငယ် သာမဏေတို့အားလည်း တရား သဖြင့် ရယှိဖြစ်ပေါ်သောလာဘ်မှ ဆုတ်ယုတ် ပျက်စီးသည် မဖြစ်ပါစေ လင့်''ဟုဤသို့ရိုးရင်းနှလုံးသွင်းခြင်းတည်းဟူသော အကြောင်းကြောင့် သာလျှင် ပြောဆိုခြင်း ဖြစ်လေသည်'' ဟု မိန့်တော်မူ၍။

ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

အာသာ ယဿ နဝိဇ္ဇန္တိ၊ အသ္မိံလောကေ ပရမှိစ။
နိရာသာသံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ ပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏ အနက်ကား။ ။ယဿ ပုဂ္ဂလဿံ၊အကြင် ပုဂ္ဂိုလ်အား။ အသ္မိံလောကေစ၊ခုဝတ္တမာန် ဤပစ္စုပ္ပန်လောက၌ လည်းကောင်း။ ပရမှိစ၊ ဤမှပြောင်းကျွံ တမလွန်လောက၌လည်းကောင်း။ အာသာ၊လိုချင် ငမ်းငမ်း စွဲလမ်းတတ်စွာ တဏှာတရား တို့သည်။ နဝိဇ္ဇန္တိ၊ အရဟတ္တ မဂ် ပယ်ဖျက်ဖြတ်ဘိ မရှိလေကုန်။ နိရာသာသံ၊ ကာမဂုဏ်ဘဝ စသည် အခန်းခန်း စွဲလမ်းတတ်စွာ တဏှာကင်းထသော။ ဝိသံယုတ္တံ၊ ခပ်သိမ်း ဥဿုံ အလုံးစုံသောကိလေသာတို့နှင့်မယှဉ်ထသော။တံပုဂ္ဂလံ၊ထိုပုဂ္ဂိုလ် ကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသောသူဟူ၍။ အဟံ၊ ငါဘုရား သည်။ ဗြူမိ၊ဟောကြားတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ဗြာဟ္မဏဝဂ်၌ နှစ်ဆယ့်ခုနစ်ခုမြောက်သော သာရိပုတ္တရာ မထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဝဂ်၌၊ ၂၇-မဟာ မောဂ္ဂလာန် မထေရ်ဝတ္ထု။

ယဿာ လယာ။ ။အစလာသော၊ ဤမမ္မဒေသနာကို၊ တဏ္ဍာအာရုံ၊ကာမဂုဏ်ယှက်နှော၊ ဤသည့်တော၌၊ဗျာမောမက်တည်၊ မျက်စိလည်သား၊ သုံးမည်ဘုံသား၊ လူတလွှား တို့ကို၊ ထင်ရှား မျက်မှောက်၊ အလည်ပျောက်အောင်၊ ပယ်ဖျောက် ဆုံးမတော်မူတတ်သော မြတ်စွာဘုရား သခင်သည်၊ ယခင်မူလ၊ မင်းဇေတ၏၊ ဥယျာနမြေကောင်းဝယ်၊ တည်ကြောင်းရှေးညွှန်၊ကောင်းမျိုးလွန်သော၊ ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်း နေမျှတော် မူလျက်သာ၊ မဟာ မောဂ္ဂလာန် မထေရ်ကို၊ ဦးတည်ပေါင်းစု၊ အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော် မူခဲ့လေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

မဟာမောဂ္ဂလာန် မထေရ်သည် တရံရောအခါ ငါးရာ ကုန်သော ရဟန်းအပေါင်းခြံရံလျက် ဇနပုဒ်အရပ်ဝယ် တခုသောကျောင်းသို့ ကြွရောက်၍ ဝါသို့ ကပ်ဆိုတော်မူသတတ်၊ သဒ္ဓါယှိသူ လူအများတို့သည် မဟာမောဂ္ဂလာန်မထေရ်ကို ဖူးမြင်ရ၍ များစွာသောဝါဆိုသင်္ကန်းလှူဒါန်းဆက်ကပ်ရန် ဝန်ခံလျှောက်ထားကြကုန်၏။ မဟာ မောဂ္ဂလာန် မထေရ်သည် ဝါကျွတ်ပြီးခါ ပဝါရဏာပြု၍ အလုံးစုံသော ဝါဆိုသင်္ကန်းလှူဒါန်းပြီးမြောက် မရောက်မရမီပင်လျှင် မြတ်စွာဘုရားသခင်၏ အထံတော်သို့ ကြွသွားလိုသောကြောင့် ရဟန်းတို့ကို ''ငါ့ရှင်တို့၊ ရဟန်းငယ်တို့အားလည်းကောင်း၊ သာမဏေတို့အား လည်းကောင်း၊ လူတို့သည် ဝါဆိုသင်္ကန်းကို ဆောင်ယူ လှူဒါန်းခဲ့သည်ယှိသော်ကောင်း စွာစီစဉ် ယူငင်ပြီးလျှင် စေလွှတ်ပေးပို့ လိုက်ကြကုန်လော့။ ထိုကဲ့သို့ စေလွှတ် မပေးပို့လိုလျှင် ယူငင်ချန်ထား သီတင်းစကား ပြောကြား စေလွှတ်လိုက်ကြ ကုန်လော့''ဟု မှာထားပြောဆို၏။ ဤသို့ မှာထား ပြောဆိုပြီး၍လည်း မြတ်စွာဘုရား၏ အထံတော်သို့ ကြွသွား လေ၏။ ရဟန်းတော်တို့သည် ယခုတိုင်အောင်လည်း မဟာမောဂ္ဂလာန် မထေရ် အား ပစ္စည်းဥစ္စာ၌ အာသာငမ်းငမ်း စွဲလမ်းတတ်စွာ တပ်ခြင်း တဏ္ဍာ

သည် ယှိသေးသည် သာလျှင် ဖြစ်ခဲ့ယောင်တကား။ ထိုစကား မှန်၏။ လူတို့သည် ဝါဆိုသင်္ကန်းကို လှူဒါန်းအပ်သည်ယှိသော် မိမိ၏ အတူနေ တပည့်တို့အား ဝါဆိုသင်္ကန်းတို့ကို စေလွှတ်ပေးပို့လိုက် ကုန်လော့။ မစေလွှတ် မပေးပို့နိုင်ခဲ့မူ အဘို့ဘာဂကို ချန်ထား၍ သီတင်း စကား ကိုမူလည်း စေလွှတ် ပြောကြား လိုက်လော့ဟု ရဟန်းတို့အား ပြောဆို မှာထား၍ ကြွလာခဲ့လေသည်'' ဟူသောစကားကို ဖြစ်စေ ကြကုန်၏။ မြတ်စွာဘုရားသခင်သည် ကြွတော်မူလာ၍ ''ချစ်သားရဟန်းတို့၊ ငါ ဘုရား ကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည်သော စကား ဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်ဘိသနည်း''ဟု မေးတော်မူ၍ ဤ အမည်ယှိသော အကြောင်းပါတည်း''ဟု ကြားလျှောက်သည်ယှိသော် ''ချစ်သားရဟန်းတို့၊ငါ၏သားတော်ဖြစ်သော မောဂ္ဂလာန်အား ထိုထို အာရုံ ခုံမင်တတ်ဘိ ကပ်ငြိသော တဏှာမရှိ၊ လူတို့အားလည်း ကုသိုလ် ကောင်းမှုမှ ဆုတ်ယုတ်ခြင်း မဖြစ်ပါစေလင့်၊ ရဟန်းငယ် သာမဏေ တို့အားလည်း တရားအားလျော်စွာ ရယှိသော ပစ္စည်းဥစ္စာ တည်းဟူ သောလာဘ်မှ ဆုတ်ယုတ်ခြင်း မဖြစ်ပါစေလင့်၊ဤသို့သော အကြောင်း ကြောင့်သာလျှင် ပြောဆိုခြင်း ဖြစ်လေသည်''ဟု မြတ်စွာဘုရား သခင် သည် မောဂ္ဂလာန် မထေရ်၏ တဏှာတရား ပျက်ပြား ကုန်ကင်းသော အဖြစ်ကိုမိန့်တော်မူပြီး၍။

ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော
ပါဠိတော်ဂါထာ ဒေသနာ။

ယဿာ လယာ နဝိဇ္ဇန္တိ၊ အညာယ အကထံ ကထီ။
အမတောဂဓ မနုပ္ပတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ ပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

၂၄၆ ဓမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမှ)။

ဂါထာ၏အနက်ကား။ ။ယသသပုဂ္ဂလသ၊ အကြင် ပုဂ္ဂိုလ်အား။ အာလယာ၊ ထိုထိုအာရုံ ကာမဂုဏ်စ ဘုံဘဝ အားလုံး လွှမ်းဖုံး တပ်ဘိ ကပ်ငြိတတ်သော တဏှာတရားကိုသည်။ နဝဇွန်နှိ၊အရဟတ္တမဂ် ရေစက်အေးမောင်းဆေးလောင်းစင်ဖြာသဖြင့် ကုမ္ဗြမျှပင် မတင်မရှိကုန်။ အညာယ၊ ဟုတ်တိုင်းမှန်ရာ ကောင်းစွာ သိမြင်သည်ဖြစ်၍။ ဝါ၊ ဟုတ် တိုင်းမှန်ရာ ကောင်းစွာ သိမြင်သောကြောင့်။ အကထံကထိ၊အဋ္ဌဝတ္ထု၊ ယှဉ်မှုဖြစ်လာ ဝိစိကိစ္ဆာမှ ကင်းစင်သော သဘောကြောင့် သို့လော သို့လော တွေးတောယုံမှားခြင်းမရှိ။ အမတောဂဓံ၊ သေခြင်းကင်းမှန် အမြိုက်နိဗ္ဗာန်သို့ ဉာဏ် သက်ဝင်၍။ အနုပ္ပတ္တံ၊ အမြင်မဖေါက် အစဉ် ရောက်ထသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှုတို အပပြုပြီးသော သူဟူ၍။အဟံ၊ ငါဘုရားဃသည်။ ဗြ။မိ၊ ဟောကြားတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဗြာဟ္မဝဂ်၌ နှစ်ဆယ့်ရှစ်ခုမြောက်သော မဟာမောဂ္ဂလာန် မထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၂၉-ဧရဝတ မထေရ် ဝတ္ထု။

ဧယာဧပညဉ္စ။ ။ယင်းသို့စသည်၌၊ ဤဓမ္မဒေသနာကို၊ တဏှာဝိ စရိတ်၊ ဆွဲငင်ရိပ်ကြောင့်၊တိတ်ဆိတ်ဝိဝေကစိတ်ကမပျော်၊ပေါင်းဖေါ် နှစ်ခြိုက်၊ ပျော်ပိုက် တတ်စွာ၊ သတ္တဝါအရပ်ရပ်ကို၊ ချဉ်းကပ် ဝိဝေက၊ စိတ်ရှင်ပျအောင်၊ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်၊ မင်း ဖျားကောသလ၊စံမျှတည်ယို၊သာဝတ္ထိရွှေမျက်နှာ၊ မိဂါရမာတာ၊ ဝိသာ ခါသည်၊ ကောင်းစွာ ဆောက်လုပ် လှူဒါန်းအပ်သော၊ ရပ်ခန်းရွှေဘုံ၊ ပုဗ္ဗာရုံမြတ်ကျောင်း၌၊ကိန်းအောင်းနေမျှတော်မူလျက်၊ ရေဝကမထေရ် ကိုဦးတည်ပေါင်းစု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့ လေသတည်း။

[ထင်းရေဝတ မထေရ်၏ ဝတ္ထုစကားအစဉ်ကို။ ။ဂါမေ ဝါ ယဒိ ဝါ ရညေ-အစယျိသော ဂါထာ၏အဖွင့်၌ အကျယ်ဝိတ္ထာရ ဖေါ်ပြရေးသားခဲ့ပြီးသည်သာလျှင်တည်း။]

အကျဉ်းဖြစ်သော အကြောင်းအတ္ထုပ္ပတ္တိအစဉ်ကား၏သို့တည်း။

တနေ့သောအခါ ရဟန်းတို့သည် တရားသဘင် အစည်းဝေးခွင်၌ "ငါ့ရှင်တို့၊ အကြင်သို့သော အကြောင်းဖြင့် တဦးတည်း ဖြစ်သော ရေဝတသာမဏေသည်ငါးရာကုန်သော ရဟန်းတော်တို့၏သီတင်းသုံး ဘို့ရာ ငါးရာကုန်သော အထွတ်တတ်သော ကျောင်းတို့ကို ပြုလုပ်စီမံ အပ်ကုန်၏။ ထိုသို့သော အကြောင်းဖြင့် ရေဝတသာမဏေ၏ လာဘ်လာဘ ပြန်ပြောခြင်းသည် သြော်-အံ့ဘွယ် ယှိလေစွ။ကောင်းမှုဘုန်းကံ အလျှံရှိန်စော် အာနုဘော်ကား သြော်-အံ့ဘွယ်ယှိလေစွ" ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍"ချစ်သားရဟန်းတို့၊ ငါဘုရားကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည်သောစကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်ဟိသနည်း"မေးတော်မူ၍ "ဤအမည်ယှိသော အကြောင်းပါတည်း"ဟုကြားလျှောက်သည်ယှိသော် "ချစ်သား ရဟန်းတို့၊ ငါဘုရား၏ သားတော်အား ကောင်းမှုကုသိုလ်မယှိ၊ မကောင်းမှုအကုသိုလ်မယှိ၊ ထိုငါဘုရား၏ သားတော် ရေဝတအား နှစ်ပါးအပေါင်း ဖြစ်သော ကုသိုလ် အကုသိုလ် တရားကို ပယ်စွန့်အပ်ပြီ" ဟု မိန့်ဆိုတော်မူပြီး၍။

ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော
ပါဠိတော် ဂါထာ ဒေသနာ။

ယောဓ ပုညဥ္ဆ ပါပဥ္ဆ၊ ဥဘော သင်္ဂ မုပစ္စဂါ။
အသောကံ ဝိရဇ သုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏ အနက်ကား။ ။ဇုဓ-ဇုမသ္မိံသာသနေ၊ ဤငါဘုရား သာသနာတော်၌။ယောပုဂ္ဂလောအကြင်ပုဂ္ဂိုလ်သည်။ပုညဥ္ဆ၊ကောင်းမှု

၂၄၈ ဓမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမ)။

ကုသိုလ်ကို လည်းကောင်း။ အပုညဖွဲ့၊ မကောင်းမှု အကုသိုလ်ကိုလည်း ကောင်း။ဥဘော၊ကုသိုလ် အကုသိုလ် ထိုထိုတရားနှစ်ပါးအစုကို။ ဆန္ဒ တွဝ၊ ပယ်စွန့်၍။ သင်္ခံ၊ ကပ်ငြိတတ်စွဲ ရာဂအစယ်သော အပြားကို။ ဥပစ္စဂါ၊ အရဟတ္တမဂ်ဖိုလ်ဖြင့် တက်ခိုတောက်လျှောက် လွန်မြောက် လေ၏။ အသောကံ၊ ဝဋ်မြစ်ဖြတ်သိမ်း ကပ်လိမ်းညှိုးရှိန် စိုးရိမ်ခြင်း မရှိ ထသော။ ဝိရဇံ၊ ကိုယ်တွင်းဌာန၌ ရာဂစတုံ အမှုန်လင်းထင်သဖြင့် ကင်းစင်သော မြှုယှိထသော။ သုဒ္ဓံ၊ ညစ်ညူးကြောင်း ကင်းကွာသဖြင့် စင်ကြယ်စွာ ထသော။ တံပုဂ္ဂလံ၊ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊မကောင်းမှုကို အပဖြိုပြီးသော သူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူ။မိ၊ဟောကြားတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ဗြာဟ္မဏဝဂ်၌ တခုယုတ် သုံးဆယ်မြောက်သော ရေဝတ မထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရွှေပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၃၀-စန္ဒာဘ မထေရ်ဝတ္ထု။

စန္ဒံဝ။ ။ယင်းသို့စသည်၊ ဤဓမ္မဒေသနာကို၊ အဝိဇ္ဇာတရား၊ ပိတ် ကာထားလျက်၊ လှည့်ဖြားတတ်စွာ၊ သတ္တဝါ အမိုက်တို့ကို၊ တိုက်ရိုက် နိတ္ထ၊ အလင်းပြလျက်၊ ဆုံးမတော်မူတတ်သော၊မြတ်စွာဘုရားသခင် သည်၊ လူ့ခွင်အထု၊ ယှဉ်မတုနိုင်အောင်၊ အနု အမွှန်၊ကောင်းမျိုးလွန် သော၊ ဇောတဝန ရွှေကျောင်း၌၊ကိန်းအောင်း စမ္ဗယ်တော်မူလျက်သာ၊ စန္ဒာဘ မထေရ်ကို၊ တဦးကည်းပေါင်းစု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်းအထူးပုတို အစဉ်ကား ဤသို့တည်း။

ရှေး လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ တယောက်သော ကုန်သည်သည် ''အစွန်အဖျား ဒေသ ပစ္စန္တအရပ်သို့ သွား၍ စန္ဒကူး နုံသာကိုကောင်းစွာဆောင်ယူအုံ့''ဟုကြံစည်ပြီးလျှင် များစွာကုန်သော အဝတ်တန်ဆာစသည်ကိုကိုယူ၍ ငါးရာကုန်သော လှည်းတို့ဖြင့် ပစ္စန္တ

အရပ်သို့ သွားပြီးသော် ရွာတံခါးအနီး၌ သိမ်းခဏ နေမျှခြင်းကိုယူ၍ တောအုပ်၌ နွားကျောင်းသား သူငယ်တို့ကို "အမောင်တို့၊ ဤရွာဝယ် တောင်ခြေ၌ အမှုကြီးငယ် ဆောင်သယ် ပြုလုပ်သော တစုံတယောက်သောသူသည် ယိုပါသလော"ဟု မေးမြန်း၏။ နွားကျောင်းသားသူငယ်တို့က "ဩော်ယိုပါ၏"ဟုပြောဆိုသောအခါ "ထိုသူသည် အဘယ်အမည်ယိုသနည်း"ဟု မေးပြန်သဖြင့် "ဤသို့သော အမည်ယိုယိုပါသည်"ဟု ပြောကြားသောအခါ "ထိုလူ၏ မယားခင်ပွန်းမကား အဘယ်အမည်ယိုသနည်း။ထိုလူ၏သားသမီးတို့ အမည်တို့ကား အဘယ်သို့ အမည်ယိုသနည်း"ဟု စစ်လျှောက် မေးမြန်းပြန်လျှင် "ဤသို့ ဤသို့ အမည်ယိုပါသည်"ဟု ပြောကြားကုန်၏။ "ထိုလူ၏နေအိမ်သည် အဘိအရပ်၌ ယိုသနည်း"ဟု မေးပြန်သဖြင့် "ဤအမည်ယိုသော အရပ်နေရာ၌ တည်ယိုပါကုန်သည်"ဟု ဖေဆျာစွာ ပြောကြားကုန်၏။ ထိုကုန်သည်သည် ထို နွားကျောင်းသား သူငယ်တို့ ပြောကြား၍ ပေးအပ်သော အမှတ်ဖြင့် ချမ်းသာစီစဉ် လှည်းယာဉ်၌ ထိုင်နေ၍ ထိုလူ၏ အိမ်တံခါးသို့ သွားရောက်ပြီးလျှင် ယာဉ်မှသက်ဆင်း၍ နေအိမ်သို့ ဝင်ပြီးသော် နွားကျောင်းသားတို့ ပြောကြားလိုက်သည် ဤအမည် ဟိုသော အမည်တို့ဖြင့် ထိုအိမ်ရှင်မိန်းမကိုခေါ်၏။ ထိုအိမ်ရှင်မိန်းမသည် "ငါ၏တဦးသော ဆွေမျိုးသည် ဖြစ်ပေလတ္တံ့"ဟု ကြံ၍ လျင်မြန်စွာသော အဟုန်ဖြင့်လာ၍ နေရာကို ခင်းကျင်း၏။ ထိုကုန်သည်သည် အိမ်ရှင်မိန်းမ ခင်းထားသော ထိုနေရာ၌ထိုင်၍ အမည်ကို ပြောဆို ပြီးလျှင် "ငါ၏အပေါင်းအဖေါ်သည် အကြိမ်မှာနည်း"ဟု မေး၏။ "အရှင်၊ တော်သို့ထွက်သွားပါသည်"ဟု ပြော၏။ "ဤအမည် ယိုသော ငါ၏သမီးသည် အကြိမ်မှာနည်း။ "ဤအမည် ယိုသော ငါ၏သမီးသည် အကြိမ်မှာနည်း"ဟု အလုံးစုံသော သားသမီးတို့၏ အမည်ကို ပြောကြားလျက်သာလျှင် မေးမြန်း၍ "ဤအဝတ်အထည် တန်ဆာစသည်ကား ထိုသားသမီးတို့၏ အဘို့ဖြစ်သော အဝတ်အထည် ကန်ဆာစသည် တို့တည်း"ဟု ပြောဆို၍ ပေးကမ်း၏။ "ငါ၏အဖေါ် တောအုပ်မှ ပြန်လာသော အခါ၌လည်း ဤအမည် ယိုသော အဝတ်အထည် ကန်ဆာစသည်ကို

ပေးလေလော့''ဟု ပြောဆိုမှာထား ပေးကမ်း၏။ ထို အိမ်ရှင်မသည် ဧည့်သည်ဖြစ်သော ထိုကုန်သည်အား မွန်မြတ်ဆင့်ဆင့် အသင့် ဝတ်-ကျေအောင် ရိုသေကောင်းစွာ ပြုလုပ်၍ အရှင်ခင်ပွန်းလင် တောမှပြန်သောအခါ၌ ''အို-အရှင်။ ဤယောက်ျားသည် ရောက်လာသော အခါမှစ၍ အလုံးစုံသော သူတို့၏အမည်ကို ပြောကြား၍ ဤသို့ ဤသို့သော အဝတ် အထည် တန်ဆာစသည်ကို ပေးကမ်း သည်''ဟု ပြောဆို၏။ အိမ်ရှင်ဖြစ်သော ထိုယောက်ျားလည်း ဧည့်သည်ဖြစ်သော ကုန်သည် အားပြုသင့်ပြုထိုက်သောအရာဌာနနှင့်စပ်လျဉ်းသောအမှုကိုပြုစုပေ၏။ ထိုနောက် ညချမ်းသောအခါ အိပ်ရာ၌ ထိုင်နေလျက် ထိုတောသွား ယောက်ျားကို ''အို-အဆွေ၊ တောင်ခြေ၌ လှည့်လည်ကျက်စားသော အသင်သည် အဘယ်အရာ ဝတ္ထုမျိုးကို များစွာတွေ့မြင်ဘူးသနည်း'' ဟု မေး၏။ ပစ္စန္တရွာသားက ''တပါးသော အရာဝတ္ထုကိုကား များစွာမတွေ့မြင်ရပေ။ နီမြန်းသော အခက်ယှိကုန်သော များစွာကုန်သော သစ်ပင်တို့ကို တွေ့မြင်ပါကုန်သည်''ဟု ပြောဆို၏။ ဩော်-များစွာတွေ့မြင်ကုန်သလော''ဟု ပြောဆိုပြီးကာ ''ထိုသို့ တွေ့မြင်တပြီးကား ငါတို့အား ထိုသစ်ပင်တို့ကို ပြပါလော''ဟု ပြောဆိုလျက် ထိုတောလည် ယောက်ျားနှင့် အတူတကွ သွားရောက်၍ စန္ဒကူးနီ သစ်ပင်တို့ကို ဖြတ်တောက်လေပြီး လှည်းတို့ကို ပြည့်စေ၍ လာခဲ့သည်ယှိသော် ထိုပစ္စန္တရွာသားကို ''အို—အဆွေ၊ ဗာရာဏသီပြည်၌ ဤအမည်ယှိသော အရပ်ဝယ် ငါ၏နေအိမ်သည်ယှိ၏။ ရံခါရံခါ ငါ၏အထံသို့ လာခဲ့ပါလော့။ ငါ့အားလည်း တပါးသော လက်ဆောင် ပဏ္ဏာကာရဖြင့် အလိုမရှိ။ နီသော အခက်ယှိသော သစ်သားကိုသာလျှင် ဆောင်ယူ ခဲ့ပါလော့'' ဟု ပြောဆို မှာထားလေ၏။ ပစ္စန္တ ရွာသား ထို ယောက်ျားသည် ''ကောင်းလှပေပြီ''ဟုဝန်ခံပြောဆို၍ရံခါရံခါထိုကုန်သည် ယောက်ျား၏။ အထံသို့လာခဲ့သည် ယှိသော် စန္ဒကူးနီကိုသာလျှင် ဆောင်ယူ၏။ ထိုကုန်သည် ယောက်ျားသည်လည်း ပစ္စန္တရွာသား ထို ယောက်ျား အား များစွာသော ပစ္စည်းဥစ္စာအစုကို ချီးမြှင့်ပေးကမ်း၏။ ကာလ မြင့်ရောက် ထိုနောက်ဖြစ်သော တပါးသောအခါ၌ ကဿပမြတ်စွာ

ဘုရားသည် ပရိနိဗ္ဗာန် ဝင်စံပြီးသော် ဓာတ်တော်သိမှီး ရွှေစေတီကြီးကို တည်ထားအပ်သည်ယှိသော် ပစ္စန္တရွာသား ထိုယောက်ျားသည် များစွာသော စန္ဒကူးကိုယူ၍ဗာရာဏသီပြည်သို့သွား၏။ထိုအခါတောတွင်းမှလာသော ထိုယောက်ျားအား အဖေါ်ခင်ပွန်းဖြစ်သော ထိုကုန်သည်က များစွာကုန်သော စန္ဒကူးကို လူးပွတ်လမ်းကျံ နိုင်လောက်အောင် သွေးပွတ်ကြိတ်ညက်စေ၍ ခွက်ကိုပြည့်စေပြီးသော် "အို-အဆွေ၊လာလှည့်လော့။ အကြင်မျှလောက် ကာလပတ်လုံး စားသုံးရန် အတွက် ထမင်းကိုချက်၏။ထိုရွှေလောက်မျှကာလပတ်လုံး ရွှေဘုန်းတော်သခင် ဘုရားရှင်စေတီ တည်လုပ်ပြုပြင်အရပ်သို့လှည့်ပတ်သွားရောက် နောက်မှ ပြန်လာကုန်အံ့"ဟုပြောဆိုကာ ပစ္စန္တရွာသားထိုယောက်ျားကိုခေါ်ယူရွှေရည် စေတီတော်ယှိရာသို့ သွားရောက်၍ စန္ဒကူးနံ့သာဖြင့် ပူဇော်ခြင်းကိုပြု၏။ကုန်သည်၏ အဖေါ်ခင်ပွန်းဖြစ်သောပစ္စန္တရွာ၌ နေလေ့ယှိသောထိုယောက်ျားသည်လည်း စေတီတော်၏ဝမ်းတိုက်၌စန္ဒကူးနံ့သာဖြင့်လိမ်းကျံ ထုံမွှန်း လဝန်းကဲ့သို့ ပြုလုပ် ပူဇော်၏။ ပစ္စန္တရွာသား ထိုယောက်ျား၏ရွှေဖျားမယုတ် ပြုလုပ်စီမံ ကောင်းမှုကံကား ဤမျှလောက် အတိုင်းအရှည် သာတည်း။ ထိုယောက်ျားသည် တောဖျား တောင်ခြေပျော်နေသင့်မျှ ထိုဘဝမှ စုတေ့ပြောင်းကြွေ သေလွန်ခဲ့သည် ယှိသော် နတ်ပြည်၌ဖြစ်၍ တဆူသော ဘုရားရှင်အကြား ကာလပတ်လုံးကို ထိုနတ်ပြည်၌ ကုန်ဆုံးခဲ့စေပြီး၍ ဤဂေါတမဘုရား ပွင့်တော်မူသောအခါ၌ ရာဇဂြိဟ်ပြည်ဝယ် အနွယ်စင်ပြီးပစ္စည်းပေါစွ ဗြာဟ္မဏမဟာသာလ အမျိုး၌ ဖြစ်လေ၏။ ထိုသူငယ်၏ ချက်ဝန်းမှ လပြည့်ဝန်းနှင့် တူသော အရောင်သည် တောက်ပြောင် ထွန်းလင်း တက်ကြွဖြစ်ပေါ်၏။ ထိုသို့သော အကြောင်းကြောင့် ထိုသူငယ်အား စန္ဒာဘဟူသော အမည်ကို မှည့်ခေါ်သမုတ် ပြုလုပ်ကုန်၏။

[ထိုသူငယ်၏ ချက်ဝန်း၌ ထိုကဲ့သို့သော လပြည့်ဝန်းကဲ့သို့သော အရောင် တောက်ပြောင် ထွန်းလင်း တက်ကြွ ဖြစ်ပေါ်ခြင်းကား စေတီတော်၌ စန္ဒကူးနံ့သာဖြင့် လဝန်းကဲ့သို့ ပြုလုပ်လိမ်းကျံ စီမံပူဇော်ခြင်း၏ အကျိုးဆက် ဖြစ်ပေသတတ်။

ထိုကြောင့် ၎င်းအဋ္ဌကထာဂါထာ၌။ ။စေတိယေ ကိရဿ စန္ဒမဏ္ဍလ ကရဏာ နိသန္နော သေ-ဟု မိန့်ဆိုကော်မူ၏။

ထိုပါဠိ၏ အနက်ကား။ ။အသဲ၊ ထိုသူငယ်၏။ သေ-သော အာနိသံသော၊ချက်ဝန်းမှ လဝန်းသဏ္ဌာန် အလျှံတန် ဆောင် ထွန်းပြောင် တက်ကြွခြင်း အကျိုးဆက်သည်။ စေတိ ယေ၊ ကသိဏပဘုရား ကိုယ်တော်စား ဖြစ်သော စေတီတော်၌။ စန္ဒမဏ္ဍလကရဏနိသန္နော၊ စန္ဒကူး နံ့သာဖြင့် လိမ်းကျံကာ ထုံမွှန်းလျက် လဝန်းပုံတူ ပြုမူလှူဒါန်းခြင်း၏ အကျိုးသည်။ ဟော တိကိရ၊ ဖြစ်ပေသတတ်။ ။ဤကား အနက်။]

ပုဏ္ဏားတို့က "ငါတို့သည်ဤသူငယ်ကိုယူဆောင်၍လူများအပေါင်း ကို လှည့်ပတ်ခြင်းငှါ တတ်ကောင်း၏" ဟု ကြံစည်ကုန်၏။ ကြံစည်ကုန် ပြီး၍ကား ထိုစန္ဒာဘ အမည်ယိုသော သူငယ်ကို ယာဉ်၌ ထိုင်နေစေ၍ "အကြင်သူသည် ဤသူငယ်၏ကိုယ်ကို လက်ဖြင့်သုံးသပ်၏။ ထိုသူသည် ဤသို့ သဘောယိုသည်မည်သော အစိုးရခြင်း စည်းစိမ်ချမ်းသာကို ရယို ပေ၏" ဟု ပြောဆို၍ လှည့်လည်ကုန်၏။ အသပြာ တရာကို လည်း ကောင်း၊ အသပြာ တထောင်ကို လည်းကောင်း၊ အသပြာ ကသိန်းကို လည်းကောင်း ပေးကမ်းကုန်လျက် ဤသို့ပြုဆို သူငယ်၏ ကိုယ်ကို လက် ဖြင့် သုံးသပ် တိုထိခြင်းငှါ အခွင့်ကို ရကုန်၏။ ထိုပုဏ္ဏားတို့သည် ဤသို့ လှည့်ဖြား ပြောကြားဖွေငင် အစဉ်လှည့်လည်ကုန်လျက် သာဝတ္ထိပြည် သို့ ရောက်လာကုန်သည် ယိုသော် သာဝတ္ထိမြို့၏လည်းကောင်း၊မြတ်စွာ ဘုရား ကျောင်းတော်၏ လည်းကောင်း အကြားအာရပ်၌ လျောက်ပတ် သင့်စွာ တခုသော နေရာကို ယူကုန်၏။ သာဝတ္ထိ ပြည်၌လည်း ငါး ကုဋေမျှလောက် ကုန်သော အိမ်ယာဘွဲ့နှောင် လူ့ဘောင်တည်ယို အရိ ယာ သာဝကတို့သည် နံနက်အခါ ဆွမ်းစသော အလှူကို ကြည်ဖြူ ရွှင် လန်းလှူဒါန်းကုန်၍ ဆွမ်းစားပြီးရောက် နောက်ကာလ ဖြစ်သော ည နေချမ်း အခါ၌ နံ့သာ၊ ပန်း၊ အဝတ်ဆေး စသည် လက်စွဲကုန်လျက် တရားတော်ကို ကြားနာ ခြင်းငှါ သွားကုန်၏။ ပုဏ္ဏားတို့သည် တရား

တော်ကို နာတုံသောငှါ သွားကြကုန်သော အရိယာ သာဝကဖြစ်သူ ထို လူ တို့ကို မြင်၍ "အသင် တို့သည် အဘယ် အရပ်သို့ သွားကြကုန်သနည်း" ဟု မေးမြန်း ကြကုန်၏။ "မြတ်စွာ ဘုရား၏ အထံတော် သို့ တရားနာခြင်းငှါသွားကြပါကုန်၏" ဟု ပြောဆိုသည်ယှိသော် "အသင် တို့သည် လာလှည့်ကုန်လော့။ ထိုအရပ်သို့ သွားကုန်၍ အဘယ် အမှုကို ပြုကုန် လတ္တံ့နည်း။ ငါတို့ ဆောင်လာသော စန္ဒာဘပုဏ္ဏား၏ အရှိန် အစော် အာနုဘော်နှင့် တူသော အာနုဘော်ယှိသောသူသည် တစုံ တယောက်သောသူမျှမရှိ၊ ထိုစကားမှန်၏။ ထိုစန္ဒာဘ၏ကိုယ်ကိုတွေ့ထိသုံး သပ်ကုန်သော သူတို့သည် ဤအမည်ယှိသော အစိုးရခြင်း စည်းစိမ် ချမ်း သာကို ရယှိကုန်၏။ လာလှည့်ကုန်လော့။ ထိုစန္ဒာဘ ပုဏ္ဏားကို ကြည့်ရှုကြကုန်လော့" ဟု ပြောဆိုကုန်၏။ အသင်တို့ စန္ဒာဘ ပုဏ္ဏား၏ အရှိန် အစော် အာနုဘော်မည်သည် အဘယ်မှာပြေပလောက်အောင် ယှိမည် နည်း။ ငါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား သည်သာလျှင် ကြီးကျယ်မြင့်မြတ်သော တန်ခိုးရှိန်စော် အာနုဘော်ယှိသည်" ဟု ပြော ဆိုကြကုန်၏။ ဧည့်သည် ပုဏ္ဏားတို့နှင့် ဘုရားတပည့် ဖြစ်သော လူတို့ သည် တဦးကိုတဦး အထူးကြောင်းပြ အနိုင်ရအောင် ပြောပြသိစေခြင်း ငှါ မစွမ်းနိုင်သောကြောင့် ကျောင်းတော်တို့ သွားရောက်၍ "စန္ဒာဘ ပုဏ္ဏား၏လည်းကောင်း၊ ငါတို့ဆရာ မြတ်စွာဘုရား၏ လည်းကောင်း တန်ခိုးရှိန်စော် အာနုဘော်ကို သိရကုန်အံ့" ဟု ပြောဆိုတိုင်ပင်ပြီးကာ ထိုစန္ဒာဘပုဏ္ဏားကို ယူဆောင်၍ ကျောင်းတော်သို့ သွားကြကုန်၏။ မြတ်စွာဘုရားသခင်သည် ထိုစန္ဒာဘ ပုဏ္ဏားသည် မိမိ၏ ထံမှောက်သို့ လာရောက် ချဉ်းကပ်သော ခဏ၌သာလျှင် စန္ဒာဘပုဏ္ဏား၏ ချက်ဝန်း ရောင်သည် မပြောင်မထွန်း မှောင်စွန်း ကွယ်ပျောက်သည်ကို ပြုတော် မူ၏။ ထိုစန္ဒာဘ ပုဏ္ဏားသည် မြတ်စွာဘုရား၏ ထံတော်၌ အလျှံရဲရဲ မစဲ အရောင် ထွန်းပြောင်ညီးညီး မီးကျီးစု ယှိသော ခြင်းတောင်း၌ မည်း မှောင်နက်ကြုတ် ကျီးငှက်ယုတ် ကဲ့သို့ဖြစ်လေ၏။ ထိုအခါစန္ဒာဘပုဏ္ဏား ကို သင့်တင့်လျောက်ပတ် တခုသော အစွန်အဖျားအရပ်သို့ ဆောင်ယူ ကုန်၏။ ထိုအခါ ချက်ဝန်းမှထွက်သော အရောင်သည် ရှေးအတိုင်းပင်

ယိုလေ၏။ တဖန် မြတ်စွာဘုရား အထံသို့ ဆောင်ကြ ပြန်သောအခါ ချက်ဝန်းအရောင်သည် ရှေးနည်းအတိုင်း ကွယ်ပျောက်ပြန်၏။ ဤသို့ သုံးကြိမ်တိုင်တိုင် သွားရောက်၍ ကွယ်ပျောက်သော အရောင်ရှိသည်ကို တွေ့မြင်၍ စန္ဒာဘပုဏ္ဏားသည် ''ဤရဟန်းကား အရောင်ကို ကွယ်စေနိုင်သောမန္တန်ကို တတ်သိချေယောင်တကား'' ဟုကြံစည်၏။ကြံစည်ပြီး၍ကား ထိုစန္ဒာဘပုဏ္ဏားသည် မြတ်စွာဘုရားကို ''အသို့နည်း၊ အကျွန်ုပ်၏ ကိုယ်ရောင်ကို ကွယ်ပျောက်စေနိုင်သော မန္တန်ကို တတ်သိပါကုန်သလော'' ဟု မေး၏။ မြတ်စွာဘုရားက ''ဩဝါဒ-ငါသည် တတ်သိပါ၏'' ဟု ဝန်ခံမိန့်ဆိုသဖြင့် ''ထိုသို့တပြီးကား အကျွန်ုပ်အား ထိုမန္တန်ကို ပေးသနားတော်မူပါလော့'' ဟု တောင်းပန် ပြောဆို၏။ ''ရဟန်းမပြုသောသူအား ပေးခြင်းငှါ မစွမ်းနိုင်'' ဟု မိန့်တော်တော်မူသော အခါ ထိုစန္ဒာဘပုဏ္ဏားသည် မိမိ၏အဖေါ်ဖြစ်သော ပုဏ္ဏားတို့ကို ပြောဆို၏။ အဘယ်သို့ ပြောဆိုသနည်းဟူမူ။ ''ငါသည် ဤမန္တန်ကို သင်ယူအပ်သည်ရှိသော် အလုံးစုံသော ဇမ္ဗူဒီပ၌ လွှမ်းမိုးချီးကျူး အကြီးအမှူးသည် ဖြစ်ပေအံ့။ အသင်တို့သည် ဤအရပ်၌သာလျှင် ဆိုင်းငံ့တည့်နေသည် ဖြစ်ကုန်လော့။ ငါသည် ရဟန်းပြု၍ နှစ်ရက်သုံးရက်ဖြင့်သာလျှင် မန္တန်ကိုသင်ယူအံ့'' ဟု ပြောဆို၏။ ပြောဆိုပြီး၍ကား ထိုစန္ဒာဘပုဏ္ဏားသည် မြတ်စွာဘုရားသခင်သို့ ချဉ်းကပ်ရှင်လန်း ရဟန်းအဖြစ်ကို တောင်းပန်၍ ရဟန်းပျွင်းပြု၏။ ထိုနောက် မြတ်စွာဘုရားသည် ထိုစန္ဒာဘအား ဒွတ္တိံသာကာရကို မိန့်ကြားတော်မူ၏။ ထိုစန္ဒာဘက ''ဤအမှုကား အဘယ်နည်း'' ဟု မေးမြန်း၏။ ''အို-စန္ဒာဘ၊ မန္တန်၏ ရှေ့အကိုကာလ၌ အဖန်ဖန် အားထုတ်ရသော ဤပရိကံ မည်သည်ကို သရဇ္ဈာယ်ခြင်းငှါ အပ်ပေသည်'' ဟု မိန့်တော်မူ၏။ ပုဏ္ဏားတို့သည် အကြား အကြားဖြစ်သော ရံခါရံခါ၌ လာရောက်၍ ''အသင့်အား မန္တန်ကို သင်ယူအပ်ပြီလော'' ဟု မေးမြန်းကုန်၏။ စန္ဒာဘ ရဟန်းက ''ဆုံးခန်း ပေါက်ရောက်အပြီးမြောက်အောင်မသင်ယူရပေသေး'' ဟု ပြောဆို၏။ ထိုစန္ဒာဘ ရဟန်းသည် နှစ်ရက်သုံးရက်ဖြင့်သာလျှင် အရဟတ္တမဂ်ဖိုလ်သို့ ရောက်၍ ပုဏ္ဏားတို့ လာရောက်စုံစမ်း မေးမြန်းသော့

အခါ၌ ''အသင်တို့သည် သွားကြကုန်လော့။ ဤယခုအခါ၌ ငါသည် အသင်တို့၏အထံသို့ မပြန်မလာခြင်း သဘောယိုသည် ဖြစ်လေပြီ'' ဟု ပြောဆို၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤစန္ဒာဘ ရဟန်းသည် မဟုတ်မမှန်သည်ကို ပြောဆို၍အရဟတ္တဖိုလ်ကိုကြားလေဘိသည်''ဟုလျှောက်ကြားကုန်၏။ မြတ်စွာဘုရားက ''ချစ်သားရဟန်းတို့၊ ဤယခုအခါ၌ ငါဘုရား၏ သားတော်ဖြစ်သော စန္ဒာဘသည် ကြွင်းမဲ့ပြုန်းတီး ကုန်ခန်းပြီးသော အာသဝေါတရား ယို၏။ ငါဘုရား၏ သားတော်ဖြစ်သော ထိုစန္ဒာဘသည်ဟုတ်မှန်သည်ကိုသာလျှင် ပြောဆိုလေသည်''ဟုမိန့်တော်မူပြီး၍။

ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

စန္ဒံဝ ဝိမလံ သုဒ္ဓံ၊ ဝိပ္ပသန္နမနာဝိလံ။
နန္ဒီဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏အနက်ကား။ ။ဝိမလံ၊ တိမ်တိုက်စသည် ယုက်လည်း ရက်မြေး အညစ်အကြေး ကင်းထသော။ သုဒ္ဓံ၊ ညစ်ညူးကြောင်း ကင်းကွယ်သဖြင့် စင်ကြယ်ထသော။ စန္ဒံဝ၊ ယုန်ရေးတံဆိပ် ခတ်နှိပ်ပဝင်း ငွေလမင်းကဲ့သို့။ ဝိပ္ပသန္နံ၊ သန့်ရှင်း ကြည်လင်သော စိတ်ယိုထသော။ အနာဝိလံ၊ နောက်ကျုံတတ်စွာ ကိလေသာတို့မှ ကင်းထသော။ နန္ဒီ-ဘဝပရိက္ခီဏံ၊ ဘဝသုံးပါးတို့၌ ပျော်ပါးနှစ်သက် စုံမက်တတ်စွာ ကုန်ပြီးသော တဏှာ ယိုထသော။တံပုဂ္ဂလံ၊ထိုပုဂ္ဂိုလ်ကို။ဗြာဟ္မဏံ၊မကောင်း

မှုကို အပပြုပြီးသောသူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြား တော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ဗြာဟ္မဏဝဂ်၌ သုံးဆယ်မြောက်သော စန္ဒာဘမထေရ်၏
ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၃၁-သီဝလိမထေရ်ဝတ္ထု။

ယောမံ။ ။အစခံသော၊သုတ္တံအလာ၊ဤဓမ္မဒေသနာကို၊ ကိလေသာ တရား၊ ဖြစ်ပွါးနှိပ်စက်၊ ဦးထိပ်ရွက်လျက်၊ မပျက်ခံရှာ၊ သတ္တဝါတို့ကို၊ ကိလေသာတရား၊ မပွါးမတိုး၊ ဆုတ်ညှိးပျက်စောင်း၊ မြတ်လမ်းကြောင်းဖြင့်၊ ကောင်းစွာ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်၊ ကြီးပွါးဌာန၊ ကုလ္လာလောလိယမည်သောမြို့ကို အမှီပြု၍၊ ကုလ္လာဓာန အမည်ရသော တောအုပ်၌၊ ဇုရိယာပုထ်လေးပါး၊နေထားသင့်လျော်၊ မျှတတော်မူလျက် ဧတဒဂ်နာမံ၊ ဘွဲ့ထူးခံသော၊ ပြောလျှံလာဘ်ယှိ၊ အမှတ်သိသော၊ သီဝလိမထေရ်ကို၊ ဦးတည်ပေါင်းစု၊ အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

တပါးသော အခါ၌ သုပ္ပဝါသ အမည်ယှိသော ကောလိယမင်းသွီးသည် ခုနစ်နှစ်တို့ပတ်လုံးပဋိသန္ဓေတည်နေထိုက်မွန်ကိုယ်ဝန်ကိုဆောင်လွယ်ရ၍ ခုနစ်ရက်ပတ်လုံး ဖွါးမြင်ခါနီးအခါ သည်းစွာအနေ တွေဝေသောကိုယ်ဝန်ယှိသောအားဖြင့် ထက်မြက်ပွါးထပ် ခါးစပ်ဝေဒနာလွန်စွာသော ဆင်းရဲတို့ဖြင့် ဖြစ်စွဲတွေ့ထိသောကြောင့်။

သမ္မာသမ္ဗုဒ္ဓေါ ဝတ ဘော ဘဂဝါ ယော ဇုမဿ
ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။
သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော သာဝကသံဃော။
ယော ဇုမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ပဋိပန္နော။
သုသုခံ ဝတ နိဗ္ဗာနံ၊ ယဒိဒံ ဧဝရူပံ ဒုက္ခံ နသံဝိဇ္ဇတိ။

ဟူကုန်သော ပါဌ်အရတို့ဖြင့် တွေးဆ ကြံစည်လေ၏။

ထိုပါဠိတို့၏ အနက်ကား။ ။ယောဘဂဝါ၊ အကြင်မြတ်စွာဘုရား သည်။ ဧဝရူပဿ၊ဤသို့ သဘောယှိသော။ ဇုမဿ ဒုက္ခဿ၊ ထက်မြက်လွန်ကဲ ဤဆင်းရဲကို။ပဟာနာယ၊ ပယ်စွန့်ခြင်းငှါ။ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောကြားတော်မူပေ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရား သည်။ သမ္မာသမ္ဗုဒ္ဓေါဝတ၊ ဥေယျဓမ္မ သဗ္ဗဥဿုံ အလုံးစုံကို အကုန်မြင်မြော် ကိုယ်တော်တိုင် သိတော်မူပေစွတကား။

ယော သာဝကသံဃော၊ မြတ်စွာဘုရား၏ တပည့်သား ဖြစ်သော အကြင် သံဃာတော်သည်။ဧဝရူပဿ၊ဤသို့ သဘောယှိသော။ ဇုမဿ ဒုက္ခဿ၊ ထက်မြက်လွန်ကဲ ဤဆင်းရဲကို။ ပဟာနာယ၊ ပယ်စွန့်ခြင်းငှါ။ ပဋိပန္နော၊အားထုတ်သဖြင့်ဖြည့်ကျင့်တော်မူပေ၏။တဿ ဘဂဝတော၊ ရှေ့ဘုန်းတော်သခင် ထိုဘုရားရှင် ကိုယ်တော်မြတ်၏။ သော သာဝက သံဃော၊ထိုတပည့်သားသံဃာတော်သည်။သုပ္ပဋိပန္နောဝတ၊စင်ကြယ် သတ်မှတ် ကောင်းမြတ်သော အကျင့်ယှိသည် ဖြစ်ပေစွာ့တကား။

ယဒိဒံ-ယံဇုဒံ နိဗ္ဗာနံ၊နိရောဓမှန် အကြင် နိဗ္ဗာန်သည်။ဧဝရူပံ၊ဤသို့ သဘောယှိသော။ဒုက္ခံ၊ထက်မြက်လွန်ကဲ ဆင်းရဲအစုသည်။ နသံဝိဇ္ဇတိ၊ မရှိပေ။ တံနိဗ္ဗာနံ၊ နိရောဓမှန် ထိုနိဗ္ဗာန်သည်။ သုသုခံဝတ၊ ချမ်းသာ တကာ နှိုင်းစာဘွယ်မရအောင် အလွန်ချမ်းသာလေစွာ့တကား။ ။ ဤကားအနက်။

အဓိပ္ပါယ်ကား။ ။အကြင်မြတ်စွာဘုရားသည် ဤသို့ သဘောယှိ သော ထက်မြက်လွန်ကဲ ဤဆင်းရဲကို ပယ်စွန့်ခြင်းငှါ တရားတော်ကို ဟောကြားတော်မူပေ၏။ ထိုမြတ်စွာဘုရားသည် ဥေယျဓမ္မ သဗ္ဗဥဿုံ အလုံးစုံကို အကုန်မြင်မြော် ကိုယ်တော်တိုင် သိတော်မူပေစွာ့တကား။

မြတ်စွာဘုရား၏ တပည့်သားဖြစ်သော အကြင် သံဃာတော်သည် ဤသို့ သဘောယှိသော ထက်မြက်လွန်ကဲ ဤဆင်းရဲကို ပယ်စွန့်ခြင်းငှါ အားထုတ်သဖြင့် ဖြည့်ကျင့်တော် မူပေ၏။ ရှေ့ဘုန်းတော်သခင် ထိုဘုရားရှင် ကိုယ်တော်မြတ်၏ ထိုတပည့်သား သံဃာတော်သည် စင်ကြယ်သတ်မှတ် ကောင်းမြတ်သော အကျင့်ယှိသည် ဖြစ်ပေစွာ့တတား။

နံရောဓမ္မန် အကြင်နိဗ္ဗာန်သည် ဤသို့သဘော ယိုသော ထက်မြက်လွန်ကဲ ဆင်းရဲစုသည် မရှိပေ။ နံရောဓမ္မန် ဤနိဗ္ဗာန်သည် ချမ်းသာတကာ နှိုင်းစာဘွယ်မရအောင် အလွန်ချမ်းသာ လေစွ့တကား။

ဤသို့ဖေါ်ပြသုံးဌာနသော ကြီဆတွေးတောခြင်းတို့ဖြင့် ရိုးရင်းအမြစိတ်၌စွဲ၍ ထိုဆင်းရဲ ဖေါက်ပြန်ခြင်းကို သည်းခံလျက် ခင်ပွန်းအရှင်ဖြစ်သော လင်ယောကျားကို မြတ်စွာဘုရား၏ အထံတော်သို့ စေလွှတ်၍ ထိုအရှင် လင်ယောကျားသည် သုပ္ပဝါသ အမည်ရသော ထိုကောလိယမင်းသို့၏ မှာထားသောစကားဖြင့် မြတ်စွာဘုရားအား ဝပ်တွားရိုးကျိုး ရှိခိုးလျှောက်ကြားသည်ယို့သော် "သုပ္ပဝါသ အမည်ရသောကောလိယမင်းသို့သည် စင်စစ်အမှန်အားဖြင့် ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းယို့သည် ဖြစ်စေသတည်း။ သုပ္ပဝါသ အမည်ရသော ကောလိယမင်းသို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလေတိ ရောဂါမရှိမူ၍ တစုံတရာကျင်နာနှိပ်စက်တတ်သော အနာရောဂါမရှိသော သားကို ဖွားမြင်စေသတည်း" ဟု မြတ်စွာဘုရား မိန့်ဆိုတော်မူသော ခဏ၌သာလျှင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလေတိ အနာရောဂါမရှိမူ၍ တစုံတရာ အနာရောဂါမရှိသော သားကို ဖွားမြင်ရပြီးသော် ဘုရားအမှူးယို့သောရဟန်းတော် အပေါင်းကို ကောင်းစွာပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ကြီးစွာသောအလှူကို ပေးလှူ၏။ ထိုသုပ္ပဝါသ ကောလိယမင်းသို့၏ သားငယ်သည်လည်း မွေးဖွားသော နေ့မှစ၍ ဓမကရိုက်ကို ယူပြီးလျှင် ရဟန်းသံဃာ၏ သုံးရေသောက်ရေကို သန့်ရှင်းအောင် စစ်၏။ သီဝလိအမည်ယို့သော ထိုသားငယ်သည် နောက်အဘို့ဖြစ်သောအခါ၌ လူ့ဘောင်မှရှောင်ခွါယွက်မြန်းရဟန်းပြု၍အရဟတ္တဖိုလ်သို့ရောက်ပေ၏။ထိုနောက်တနေ့သောအခါ၌ ရဟန်းတော်တို့သည် တရားသဘင် အစည်အဝေးခွင်၌ "ငါ့ရှင်တို့၊ ဤသို့သဘော ယို့သည်မည်သော့ အရဟတ္တဖိုလ်ကက်ခိုရောက်ကောင်း အကြောင်း ဥပဿယ ပြည့်ဝ စုံလင်သော ရဟန်းသည် ဤမျှ အဝိုင်းအနှည် ယို့သော ကာလပတ်လုံး မိခင်ဝမ်း၌ကိန်းအောင်းစွဲမြဲ ဆင်းရဲကို အစဉ်ခံစားရသည်ကို အသင်တို့ ကြည့်ရှုကြပါကုန်လော့။ တပါးကုန်သော့ များစွာသောသူတို့အား အဘယ်

မှာလျှင် ဆိုဘွယ်ရာယှိပါအံ့နည်း။ စင်စစ်အားဖြင့်ကား ဤရဟန်းသည် များစွာသော ဆင်းရဲအစုကို လွန်မြောက်နိုင်ပေသည်'' ဟူသောစကား ကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ ''ချစ်သား-ရဟန်းတို့၊ ငါဘုရား ကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည် သော စကားဖြင့် ပြောကြား စည်းဝေး ထိုင်နေကုန်ဘိ သနည်း''ဟု မေးတော်မူ၍ ''ဤအမည်ယှိသော အကြောင်းပါတည်း''ဟု ကြား လျှောက်သည် ယှိသော် ''ချစ်သား ရဟန်းတို့၊ သြော်-ဟုတ်မှန်လှပေ၏။ ငါဘုရား၏ သားတော်သည် ဤမျှ အတိုင်းအရှည် ယှိသော ဆင်းရဲ အပေါင်းအစုမှ လွတ်မြောက်ခဲ့ပြီးလျှင် ဤယခုအခါ၌ နိဗ္ဗာန်ကို အာရုံ ပြုသောအားဖြင့် မျက်မှောက်ပြု၍ နေရလေတော့၏။''ဟု မိန့်ဆိုတော် မူ၍....

ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော
ပါဠိတော် ဂါထာ ဒေသနာ။

ယော မံ ပလိပထံ ဒုဂ္ဂံ၊ သံသဲ့ရုံ မောဟမစ္စဂါ။
တိဏ္ဏော ပါရင်္ဂတော ဈာယီ၊ အနေဇော အကထံကထီ။
အနုပါဒါယ နိဗ္ဗုတော၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိ ဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏ အနက်ကား။ ။ယောဘိက္ခု၊ အကြင် ရဟန်းသည်။ ဇုမံ ပလိ ပထဉ္စ၊ ရာဂစသည် လိလိထွေးပြန် ဘေးရန် ထောင့်လျှက် ဤ နှောင့်ရှက်ခြင်းယှိသော ခရီးကိုလည်းကောင်း။ ဇုမံ ဒုဂ္ဂဉ္စ၊ ကိလေ သာတရား နှောင့်ရှက် ပွါး၍ ဤအသွား ခက်သော ခရီးကို လည်း ကောင်း။ ဇုမံ သံသာရဉ္စ၊ အစမထင် ကျင်လည်လေရာ ဤသံ-သရာဝဋ်ကို လည်းကောင်း၊ ဇုမံ မောဟဉ္စ၊ လေးပါးသစ္စာ မသိပါ အောင် ပြင်းစွာဖုံးလွှမ်း တတ်သော ဤမောဟကို လည်းကောင်း။

အစ္စဂါ၊ အမှန် ထုတ်ချောက် လွန်မြောက် ခဲ့လေ၏။ တိဏ္ဏော၊ ဩဃလေးစဉ် ရေအလျဉ်ကို အတွင်ကူးမြောက်သည်။ ဟုတွာ၊ ဖြစ်၍။ ပါရင်္ဂတော၊ နိဗ္ဗူကြငှန်း တဘက်ကမ်းသို့ ရှင်လန်း ဝမ်းမြောက် ရောက်လေပြီ။ ဈာယီ၊ သမထ-ဝိပဿနာ နှစ်ဖြာသော ဈာန်ဖြင့် အဖန်ဖန် ရှုလေ့ယှိ၏။ အနေဇော၊ဇောမည်ဘိ တဏ္ဍာမရှိ။ အကထံ ကထီ၊ သို့လော သို့လော တွေးတော ယုံမှားခြင်းမရှိ။ အနုပါဒါယ၊ ဥပါဒါန်၏ စွဲလမ်းရာ ခန္ဓာဟူသမျှ၊အကြွင်းမရမူ၍။နိဗ္ဗုတော၊ခန္ဓာဇာတ်သိမ်းချုပ်ငြိမ်းရလေ၏။ တံဘိက္ခုံ၊ ထိုရဟန်းကို။ ဗြာဟ္မဏံ၊ မကောင်းမှုကိုအပပြုပြီးသောသူဟူ၍။ အဟံ၊ သင်တို့ဆရာ ဘုရားငါသည်။ ဗြူမိ၊ ဟောကြားတော်မူပေ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ဗြာဟ္မဏဝဂ်၌ သုံးဆယ့်ကခုမြောက်သော သီဝလိမထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၃၂-သုန္ဒရသမုဒ္ဒ မထေရ်ဝတ္ထု

ယောဓကာမေ။ ။အစနေသော၊ ဤဒေသနာ တရားကို၊ သုံးပါးဘုံသူ၊ဝေနေလူတို့၏၊ တဆူတည်းဆရာ၊ဖြစ်ပေါ်လာသော၊မြတ်စွာဘုရားသခင်သည်၊ အောင်ခွင်တံခွန်၊ မွန်ထက်မွန်သော၊ ဇေတဝန် ရှေကျောင်း၌၊ ကိန်းအောင်းနေမျှလျက်၊ သုန္ဒရသမုဒ္ဒမည်သော မထေရ်ကို၊ ဦးတည်ပေါင်းစု၊အကြောင်းပြုသောအားဖြင့်၊ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။။

သာဝတ္ထိပြည်၌ သုန္ဒရသမုဒ္ဒ သတိုးသား မည်သော တဦးသော အမျိုးသားသည် ကုဋေလေးဆယ် ပေါကြွယ်ဂုဏ်ရှိန် စည်းစိမ်ယှိသော ကြီးကျယ်ဖွံ့ဖြိုးသော အမျိုး၌ ဖြစ်သတတ်။ ထိုသုန္ဒရသမုဒ္ဒ သတိုးသားသည် တနေ့သောအခါ ဆွမ်းကိစ္စအားလုံးပြီးဆုံးပြီးနောက် ညနေချမ်းအရောက်၌ နံ့သာ ပန်းစသည် လက်စွဲလျက် တရားတော်ကို ကြားနာခြင်း အကျိုးငှါ ဇေတဝန် ကျောင်းတော်သို့ ရှေးရှုသွားသော လူများအပေါင်းကိုမြင်၍ ''အဘယ် အရပ်သို့ သွားကြကုန် သနည်း'' ဟု မေး

၂၆-ဗြာဟ္မဏဝဂ်၊ ၃၂-သုန္ဒရသမုဒ္ဒမထေရ်ဝတ္ထု။ ၂၆၁

မြန်း၍ မြတ်စွာဘုရား၏ အထံတော်သို့ တရားနာခြင်းအကျိုးငှါ သွားကြကုန်သည်'' ဟု ပြောဆိုသည်ယှိသော် ''ငါသည်လည်း တရားတော်ကို ကြားနာခြင်းငှါ သွားဦးအံ့''ဟု ပြောဆို၍ ထိုလူများ အပေါင်းနှင့် အတူတကွ လိုက်ပါသွားရောက် ရှေမှောက်တည့်မှတ် ပရိသတ် အစွန်အဖျား၌ ထိုင်နေ၏။ မြတ်စွာဘုရားသည် ထိုသုန္ဒရသမုဒ္ဒ သတိုးသား၏ အလိုအာသယကို မုချတိတိ သိမြင်တော်မူ၍ အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော် မူ၏။ ထို သတိုးသားသည် ''အိမ်ယာ ဘွဲ့နှောင် လူ့ဘောင်အလယ်၌ စိုးအုပ်၍ နေသဖြင့် ပွတ်သစ်စသော ခရသင်း အတူ ဖြူစင်သန့်ရှင်းလှသော ဗြဟ္မစရိယ မည်ရပညတ် မြတ်သော အကျင့်ကို ကျင့်ခြင်းငှါ မဟတ်နိုင်ကောင်းချေ''ဟု ကြံစည်ပြီးလျှင် မြတ်စွာဘုရား ဟောကြားမြွက်ဖေါ် တရားစကားတော်ကို မှီ၍ သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်၌ဖြစ်သော အားထုတ်ခြင်းယှိသည်ဖြစ်၍ တရားပြီးဆုံး အားလုံးပရိသတ် ကုန်ပြတ်စဲလား ဖဲသွားသည် ယှိသော် ဘုန်းတော်သခင် ဘုရားရှင်ကို ထံခွင်ဝင်းမြန်း ရဟန်းအဖြစ်ကို တောင်းပန်၍ ''အမိအဘနှစ်ဦးတို့က အနူးအညွတ်ခွင့်မလွတ်သောသားကို ငါဘုရားတို့ ရဟန်းမပြုကုန်''ဟု ကြားသိရသောကြောင့် အိမ်သို့ပြန်သွား၍ ရဋ္ဌပါလ အမျိုးသားစသည်တို့ ကဲ့သို့ ရဟန်းမပြုရသည် ဖြစ်ခဲ့က မိမိ၏ ဇီဝိတိန္ဒေ ပျက်ကြေမတွန့် အဆုံးစွန့်အံ့ ဟူသော အလွန် ကြီးကျယ်သော လုံ့လဖြင့် အမိအဘ တို့ကို ခွင့်ပြုစေ၍ မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြုခြင်း ပဉ္စင်းအဖြစ်ကိုရ၍ ''ငါ့အား ဤအရပ်ဌာန၌ နေသဖြင့် အဘယ်သို့ အကျိုးယှိအံ့နည်း''ဟု ကြံစည်ပြီးလျှင် ထိုသာဝတ္ထိ ပြည်မှ ထွက်ခွါခဲ့၍ ရာဇဂြိဟ်ပြည်သို့ သွားရောက်ပြီးသော် သင့်လျော် နှစ်မြို့ဆွမ်း အလို့ငှါ လှည့်လည် လျက် အချိန် ကာလကို မျှတ လွန်မြောက်စေ၏။ ထို နောက် တနေ့သော အခါ၌ သာဝတ္ထိ ပြည်ဝယ် ထိုသုန္ဒရသမုဒ္ဒ သတိုးသား၏ မိခင် ဘခင် တို့သည် ကြီးမားစီစဉ် ပွဲသဘင် ဖြစ်သော နေ့ဝယ် ကြီးကျယ် ရိပ်ငြိမ် စည်းစိမ်အသရေ ထွေထွေ ပေါကြွယ်ကင့်တယ်ခြင်း အစုဖြင့် မြူးတူး ပျော်ပါး ကစား စမ္ပယ်ကုန်သော ထိုမိမိတို့ သားငယ်၏ အပေါင်းအဖေါ် ဖြစ်ကုန်သော သတိုးသားတို့ကို

မြင်ကုန် သောကြောင့် ''ငါတို့၏ သားငယ် အား ဤသို့ သဘောယို သော ပေါများ ပြည့်ကြွယ် တင့်တယ်ခြင်း အသရေဖြင့် အထွေထွေ ခံစား ကစား မြူးတူးခြင်းကို မရနိုင်တော့သည် ဖြစ်ခဲ့ချေပြီတကား'' ဟု ပြောကြား ပင်ပန်း ငိုမြည် တမ်းကြကုန်၏။ ထိုအခိုက် ခဏငယ် ပြည့်တန်ဆာမ တယောက်သည် ထိုအမျိုးအိမ်သို့ သွားရောက်၍ ငိုကြွေး မြည်တမ်းလျက် ပင်ပန်းလှိုက်ပွေ ထိုင်နေသော ထိုသတိုးသား၏ မိခင်ကို တွေ့မြင်၍ ''အိုး-မိခင်၊ အဘယ်အကြောင်းကြောင့် ငိုကြွေး မြည်တမ်းပါသနည်း'' ဟု မေး၏။ ''ချစ်သျှီး၊ မိခင်မွေးဘွား သားငယ်ကို အဖန်တလဲလဲ စွဲမြဲစေ့စေ့ အောက်မေ့မိသောကြောင့် ငိုကြွေးမြည်တမ်း၏'' ဟု ပြောဆိုသောအခါ ''အိုး-မိခင်၊ အရှင်မ၏ ထိုသားငယ်သည် အဘယ်မှာနည်း'' ဟု မေးပြန်၏။ ''ချစ်သျှီး၊ ရဟန်းတို့ဘောင်၌ ရဟန်း ဖြစ်လုပ်၍ သွားပါသည်'' ဟု ပြောကြားပြန်လျှင် ''မိခင်၊ အသို့ပေနည်း။ ရဟန်းဘောင်မှ ခွါရှောင်ပယ်ဖျက် လူထွက်စေခြင်းငှါ မသင့်လျော်ပါသလော'' ဟု မေးမြန်းပြန်သဖြင့် ''ချစ်သျှီး၊ ထိုသားငယ်က အရွယ် သင့်ဆောင် ရဟန်းလောင်းကို ခွါရှောင်ပယ်ဖျက် လူထွက်ခြင်းငှါ အလို မရှိ။ ငါတို့ကညှိယှဉ် ဤသာဝတ္ထိမြို့မှ ထွက်ခွါ၍ ရာဇဂြိုဟ်ပြည်သို့ သွားလေသည်'' ဟု ပြောဆို၏။ ''အကယ်၍ ကျွန်တော်မသည် မိခင်၏ ထိုသားငယ်ကို ရဟန်းအဖြစ် စွန့်ပစ် ပယ်ဖျက် လူထွက်စေအံ့၊ ကျွန်တော်မအား အဘယ်သို့ ချီးမြှောက် ကောက်ပံ့ခြင်းကို ပြုကုန်လတ္တံ့နည်း'' ဟုမေးသည်ယိုသော်''ချစ်သျှီး၊ အသင်အား ပစ္စည်းဥစ္စာ များစွာကြွယ် ဖြိုး ဤအမျိုး၏ စည်းစိမ်ချမ်းသာကို ကောင်းစွာလွှမ်းမိုး အစိုးရသည်ကို ပြုပါကုန်အံ့'' ဟု ဝန်ခံပြောဆို၏။ထိုသို့ဖြစ်တပြီးကား ကျွန်တော်မအား သုံးစွဲဘို့ရာ ရိက္ခာအလုံအလောက် ပေးပါကုန်လော့'' ဟု ပြောဆိုပြီး ကာ ရိက္ခာကိုယူ၍ ကြီးကျယ်သော အခြံအရံဖြင့် ရာဇဂြိုဟ်ပြည်သို့ သွား ရောက်ပြီးသော် ထိုသုန္ဒရသမုဒ္ဒမထေရ် ဆွမ်းခံလှည့်လည်ရာဖြစ်သော ခရီးကိုမှတ်သား၍ ထိုလမ်း ခရီး၌ သင့်လျော်ထောက်ရှု တခုသော နေရာအိမ်ကိုယူငင်သိမ်းပိုက်လျက် နံနက်စောစောကသာလျှင်မွန်မြတ် သော အာဟာရအစာကို ကောင်းမွန်စွာ စီစဉ်၍ သုန္ဒရသမုဒ္ဒမထေရ်

၏ ဆွမ်းအလိုငှါ ကြွဝင်လာသောအခါ၌ မထေရ်အား ဆွမ်းကို ပေးလှူ၍ နှစ်ရက်သုံးရက်ကို လွန်မြောက်သဖြင့် ''အရှင်ဘုရား၊ ဤနေအိမ်၌ သာလျှင် သီတင်းသုံးနေထိုင်တော်မူ၍ ဆွမ်းဘုဉ်းပေးခြင်းအမှုကို ပြုတော်မူပါကုန်လော့'' ဟု လျှောက်ကြားပြီးကာ သပိတ်ကိုယူ၏။ ထို မထေရ်ကလည်း သပိတ်ကိုပေးတော်မူ၍။ထိုနောက်မထေရ်ကို မွန်မြတ်သော ဆွမ်းအာဟာရဖြင့် ပြုစုလုပ်ကျွေး၍ ''အရှင်ဘုရား၊ ဤနေအိမ်၌သာလျှင် ဆွမ်းအလိုငှါ ကောင်းစွာသင့်ပြီး ရှာမှီးလှည့်လည်ခြင်းငှါ ချမ်းသာပါသည်''ဟု ပြောဆိုလျှောက်ထား၍ နှစ်ရက်သုံးရက်ပတ်လုံး အိမဉီးအပြင်၌ ထိုင်နေစေပြီးလျှင် ဆွမ်းကျွေး၍ ကလေးသူငယ်တို့ကို မုံတို့ဖြင့် ချီးမြှောက်ပေးကမ်း၍ ''အသင်တို့သည် လာကြကုန်လော့၊ မထေရ်၏ ကြွလာသောအခါ၌ ငါသည် တားမြစ် တောင်းပန်သော်လည်း ဤနေရာသို့ လာရောက်ကုန်၍ မြွှမှုန်ကို ထကြစေကုန်လော့''ဟု ပြောဆို မှာထား၏။ ထိုကလေးသူငယ်ဘို့သည် တဖန်မိုးသောက်သော နောက်တနေ့၌ မထေရ် ဆွမ်းဘုဉ်းပေး သုံးဆောင်သောအခါ၌ ထို မိန်းမသည် တားမြစ် တောင်းပန်လျက်လည်း မြွှမှုန်ကို ထစေကုန်၏။ ထို မိန်းမသည် တဖန်မိုးသောက်သောနေ့၌''အရှင်ဘုရား၊ကလေးသူငယ်တို့သည် တားမြစ်တောင်းပန်ပါသော်လည်း တပည့်တော်မ၏ စကားကို မကြားသိသည်အတူမနာယူမူ၍ ဤအရပ်၌မြွှမှုန်ကိုထစေကြကုန်၏။ နေအိမ်၏အတွင်း၌ ထိုင်နေ သီတင်းသုံးပါကုန်လော့'' ဟု ပြောဆို လျှောက်ကြားကာ နေအိမ်၏အတွင်း၌ ထိုင်နေစေ၍ နှစ်ရက်သုံးရက် ပတ်လုံး ဆွမ်းလုပ်ကျွေးပြုစု၏။ ကဖန် ကလေးသူငယ်တို့ကို ချီးမြှောက် ထောက်ပံ့၍ ''အသင်တို့သည် ငါတားမြစ် တောင်းပန်သော်လည်း မထေရ် ဆွမ်းဘုဉ်းပေးသော အခါ၌ ကျယ်စွာသောအသံကို ဟစ်အော်ပြုလုပ်ကြကုန်လော့''ဟု ပြောဆိုမှာထားပြန်၏။ ထိုကလေးသူငယ်တို့သည် ပြောဆိုမှာထားသည်အတိုင်း ပြုလုပ်ကြကုန်၏။ ထိုပြည့်တန်ဆာမိန်းမသည် တဖန်မိုးသောက်သောနေ့၌ ''အရှင်ဘုရား၊ ဤအရပ်၌ အလွန်လျင် ကျယ်စွာသော အသံယိုသည် ဖြစ်ပါ၏။သူငယ်တို့သည်တပည့်တော်မ တားမြစ် တောင်းပန်ပါလျက်လည်း စကားကို မနာယူကုန်။

၂၆၄ မမ္မပဒဝတ္ထုဟော်ကြား။(ဆရာတော်-အသျင်စန္ဒိမာမ္ဂ)။

အထက်ဖြစ်သော ပြာသာဒ်အပြင်၌သာလျှင်သီတင်းသုံးပါကုန်လော့" ဟု ပြောဆို လျှောက်ထား၍ မထေရ်က သည်းခံသည်ယှိသော် မထေရ်ကို ရှေ့ပြု၍ ပြာသာဒ်အပြင်ထက်သို့ တက်သွားသည်ယှိသော် တံခါးတို့ကို ပိတ်လျက်သာလျှင် ပြာသာဒ်အပြင်ထက်သို့ တက်၏။ သုန္ဒရသမုဒ္ဒ မထေရ်ကား အိမ်စဉ်တိုင်းသာ ဆွမ်းရှာလည့်လည် သုံးဆောင် ဘုဉ်းပေးလေ့ယှိသော မြတ်သောသပဒါနစာရိုက ဓုတင်ဆောင် ပုဂ္ဂိုလ်ဖြစ်ပါလျက်လည်း အရာသာ၌ လွန်စွာတပ်မက်ဟတ်သော တဏှာတရားတိုးပွါး နှောင့်ယှဉ်သည်ဖြစ်၍ ထိုပြည့်ဘန်ဆာမ၏ ပြောကြားသော စကားဖြင့် ဘုံခုနစ်ဆင့်ယှိသော ပြာသာဒ်အပြင်ထက်သို့ တက်ရောက်မိလေ၏။ ထိုပြည့်တန်ဆာမိန်းမသည် မထေရ်ကို ထိုင်နေသီတင်းသုံးစေပြီး၍။

မိန်းမတို့၏ မာယာလေးဆယ်။

အဆွေပုဏ္ဏမုခ၊ စင်စစ်အားဖြင့် လေးဆယ်ကုန်သော မာယာယှက်သွယ် ပရိယာယ် အကြောင်းတို့ဖြင့် မိန်းမသည် ယောကျ်ားကို ဖြားယောင်းလှည့်ဆွယ် ငင်သွယ်ချိတ်လို လွန်ကျူး၍ပြောဆို၏။အကြောင်းပရိယာယ် လေးဆယ်တို့ဟူသည် အဘယ်သည်တို့နည်းဟူမူ။

၁။ ။မိမိကိုယ်ကို ဆန့်၏။
၂။ ။မိမိကိုယ်ကို ညွတ်၏။
၃။ ။မိမိကိုယ်ကို စမ္မယ်၏။
၄။ ။ရက်လေယောင် ရက်ဟန်ဆောင်၏။
၅။ ။လက်သည်းတခုဖြင့် လက်သည်းတခုကို ခြစ်၏။
၆။ ။တဖက်သော ခြေဖြင့် တဖက်သောခြေကိုနင်း၏။
၇။ ။သစ်သားတုတ်တံယေဖြင့် မြေကိုခြစ်၏။
၈။ ။သူငယ်ကို မြှောက်ပင့်၏။
၉။ ။သူငယ်ကို မြှောက်ပင့်စေ၏။
၁၀။ ။သူငယ်ကို ချီမ၏။
၁၁။ ။သူငယ်ကို ကစားကျီစယ်၏။

၁၂။ ။သူငယ်ကို ကစားကျီစယ်စေ၏။
၁၃။ ။သူငယ်ကို နမ်းရှုပ်၏။
၁၄။ ။သူငယ်ကိုနမ်းရှုပ်စေ၏။
၁၅။ ။သူငယ်ကို ခံတွင်းဖြင့် မိမိစုတ်၏။
၁၆။ ။သူငယ်ကို ခံတွင်းဖြင့် စုတ်စေ၏။
၁၇။ ။တစုံတခု သူငယ်ကိုမိမိကပေး၏။
၁၈။ ။သူငယ်ထံမှ တစုံတခုတောင်း၏။
၁၉။ ။သူငယ်ပြုလုပ်သည်ကို အတုလိုက်၍ ပြု၏။
၂၀။ ။အသံကို ကြယ်စွာမြှင့်၍ စကားဆို၏။
၂၁။ ။အသံကိုနှိမ့်၍ ဖြည်းညင်းသာယာ စကားဆို၏။
၂၂။ ။ကခြင်း သီခြင်း တီးမှုတ်ခြင်း ငိုကြွေးခြင်း စမ္ပယ်ခြင်း တန်ဆာ ဆင်ခြင်းဖြင့် ထင်စွာဆို၏။
၂၃။ ။ကခြင်း သီခြင်း တီးမှုတ်ခြင်း ငိုကြွေးခြင်း စမ္ပယ်ခြင်း တန်ဆာ ဆင်ခြင်းဖြင့် ပှက်၍ဆို၏။
၂၄။ ။ပြင်းစွာရယ်၏။
၂၅။ ။စောင့်ငဲ့၍ ကြည့်ရှု၏။
၂၆။ ။ခါးကို လှုပ်၏။
၂၇။ ။လျှိဝှက်အပ်သော အင်္ဂါကို ထက်ဝန်းကျင် လှုပ်၏။
၂၈။ ။ပေါင်ကို ဖွင့်လှစ်၏။
၂၉။ ။ပေါင်ကို ဖုံးလွှမ်း၏။
၃၀။ ။သားမြတ်ကို ပြ၏။
၃၁။ ။လက်ကတီးကို ပြ၏။
၃၂။ ။ချက်ကို ပြ၏။
၃၃။ ။မျက်စိကို မှိတ်၏။
၃၄။ ။မျက်မှောင်ကို ပင့်ချီ၏။
၃၅။ ။နှုတ်ခမ်းကို ကိုက်၏။
၃၆။ ။လျှာကို ထုတ်၏။
၃၇။ ။အဝတ်ကို ကျွတ်ယောင်ပြု၍ ချွတ်၏။

၃၈။ ။အဝတ်ကို ပြုပြင်၍ ဝတ်၏။
၃၉။ ။ဆံပင်ကို ဖြေဖြန့်၏။
၄၀။ ။ဆံပင်ကို ထုံးဖွဲ့၏။

ဤသည်ကား အကြောင်းပရိယာယ် လေးဆယ်တို့တည်း။

ဤသို့လျှင် အသီတိနိပါတ် မဟာကုဏာလဇာတ်၌ လာယှိသော မိန်းမတို့၏။အပြုအမူ၊ မိန်းမတို့၏ မြူးတူးစမ္ပယ်ခြင်းကို ပြ၍ သုန္ဒရသမုဒ္ဒ မထေရ်၏ရှေမှ တည်နေလျက်။

ပြည့်တန်ဆာမက သုန္ဒရသမုဒ္ဒ မထေရ်အား လူထွက်ရန် ပြောဆိုသောဂါထာ။

အလတ္တက ကတာ ပါဒါ၊ ပါဒုကာရုယှ ဝေသိယာ။
တွမ္ပိ ဒဟရော မမ၊ အဟမ္ပိ ဒဟရာ တဝ။
ဥဘောပိ ပဗ္ဗဇိဿာမ၊ ပစ္ဆာ ဇိဏ္ဏာ ဒလ္လာပရာယဏာ။ ။

ဟူသော ဤဂါထာကို ရွတ်ဆို၏။

ဂါထာ၏အနက်ကား။ ။အလတ္တက ကတာပါဒါ၊ ချိပ်ရည်ဖြင့် ဆိုးအပ်သော ခြေယှိသော။ ဝေသိယာ၊ ပြည့်တန်ဆာမသည်။ ပါဒုကာ ရုယှ၊စင်ကြယ်သန့်ပြန့် နူးညံ့ပျော့ညင်း ခြေနင်းကိုစီး၍။ ဘိက္ခု၊ အိုအရှင် ရဟန်း။ တွမ္ပိ၊ အသင်သည်လည်း။ ဒဟရော၊ အရွယ်မအို နုပျိသေးငယ် အရွယ် လှပါသေး၏။ မမ၊ ကျွန်တော်မ၏။ သာမိအလုံ၊ စိုးရပိုင်ရှင် ခင်ပွန်းလင် ဖြစ်ခြင်းငှါ ကောင်းစွာသင့်လျော်၏။ အဟမ္ပိ၊ကျွန်တော်မ သည်လည်း။ဒဟရာ၊အရွယ်မအိုနုပျိသေးငယ်လှပါသေး၏။ တဝ၊အရှင် ရဟန်း၏။ ဘရိယာအလုံ၊ ကြင်ယာမြောက်သား မယား ဖြစ်ခြင်းငှါ ကောင်းစွာ သင့်လျော်၏။ ပစ္ဆာဇိဏ္ဏာ၊ အရွယ် ကြီးမြောက် နောက် အဘို့အခါ၌။ ဒလ္လာပရာယဏာ၊ ဇရာထောင်းရေး ပျော့ပျောင်းကွေး၍ တောင်ငှေး လက်စွဲကာ မှီရာယှိကုန်သော။ ဥဘောပိ၊ နှစ်ဦးလည်း ဖြစ် ကုန်သော။မယံ၊ငါတို့သည်။ပဗ္ဗဇိဿာမ၊အိမ်ယာဘွဲ့နှောင်လူတို့ဘောင် မှ ခွါရှောင်ထွက်မြန်း ရဟန်းပြုကြပါ ကုန်အုံ့။ ။ဤကားအနက်။

မထေရ်အား ''မစုံစမ်း မဆင်ခြင် မူ၍ ငါပြုအပ်သော အမှုသည် ဩဇာ-ဝန်လေးစွတကား''ဟု ကြံစည် အောက်မေ့လျက်သာ ကြီးစွာသော ထိတ်လန့်တုန်လှုပ်ခြင်းသည် ထင်ရှားဖြစ်၏။ ထိုအခိုက်ခဏဝယ် မြတ်စွာဘုရား သခင်သည် လေးဆယ့် ငါးယူဇနာ ဝေးကွာ သော အထက်၌တည်ယိုသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးထိုင်နေ တော် မူလျက်သာလျှင် ထိုသို့သော အကြောင်း ဖြစ်အင်ကို မြင်တော်မူသည်ယိုသော် ပြီးရွှင်ခြင်းကို ထင်လင်းစွာပြုတော်မူ၏။ ထိုအခါမြတ်စွာဘုရားကို အာနန္ဒာမထေရ်က ''ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ပြီးရွှင်တော် မူခြင်းကို ထင်ရှား ပြုခြင်း၏ အကြောင်း ဖြစ်အံ့ အထောက်အပံ့ကား အဘယ်ပါနည်း'' ဟု ပြီးရွှင်ခြင်း အကြောင်းကို မေးလျောက်၏။ ''ချစ်သား အာနန္ဒာ၊ ရာဇဂြိဟ်ပြည်၌ ဘုံခုနစ်ဆင့်ယိုသော ပြာသာဒ်အပြင်ထက်၌ သုန္ဒရသမုဒ္ဒရဟန်း၏ လည်းကောင်း၊ ပြည့်တန်ဆာမိန်းမ၏လည်းကောင်း သူနှင်ငါနှင်နှစ်ဦးစစ်ပြိုင်ခြင်းသည် ဖြစ်ပေ၏။ ထိုသို့ ရုံး-နှိုင်၊ စစ်ပြိုင်သူနှစ်ဦးကို အထူးမြင်တော်မူသော ကြောင့် ငါဘုရားသခင် ပြီးရွှင်ခြင်းကို ပြုပေ၏''ဟု မိန့်တော်မူသော အခါ ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်သူအား အောင်နိုင်ခြင်း ဖြစ်ပါအံ့နည်း။အဘယ်သူအား ရှုံးခြင်းဖြစ်ပါအံ့နည်း'' ဟု မေးလျောက် ပြန်သဖြင့် မြတ်စွာဘုရားက ''ချစ်သား အာနန္ဒာ၊ သုန္ဒရသမုဒ္ဒအား အောင်နိုင်ခြင်း ဖြစ်လတ္တံ့၊ ပြည့်တန်ဆာမိန်းမအား ဆုံးရှုံးခြင်း ဖြစ်လတ္တံ့''ဟု မိန့်ဆိုတော်မူပြီးလျှင် မထေရ်၏အောင်ခြင်းကို ပြတော်မူ၍ ထိုနေရာ၌ ထိုင်နေ သီဝင်းသုံးတော် မူလျက်သာလျှင် အရောင်တော်ကိုပြန့်နှံ့စေ၍''ချစ်သားရဟန်း၊ ဝတ္ထု ကိလေသာ လွန်စွာ ယုတ်ပွါး နှစ်ပါးလည်း ဖြစ်ကုန်သော ကာမတို့ကို မတပ်မမက် ငဲ့ကွက် ခြင်းကင်းသည်ဖြစ်၍ စွန့်ပစ်လေလော့''ဟု မိန့်တော်မူပြီး၍။

သုန္ဒရသမုဒ္ဒမထေရ်အား တရားစစ်ကူပေးကာ ပြာဟ္မလာအရကို ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

ယောဓ ကာမေ ပဟန္ဆာန၊ အနာဂါရော ပရိဗ္ဗဇေ။
ကာမဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ပြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဂါထာ၏အနက်ကား။ ။ဋ္ဌ-ဋ္ဌမသ္မိံလောကေ၊ဤလောက၌။ယော ပုဂ္ဂလော၊အကြင်ပုဂ္ဂိုလ်သည်။ကာမေ၊ဝတ္ထု၊ကိလေသနှစ်ဝသောကာမ တို့ကို။ပဟန္ဒာန၊ မကြွင်းမကျန် ပယ်လှန်စွန့်ပစ်၍။ အနာဂါရော၊ အိမ် ယာ တည်ထောင် အနှောင်အဘွဲ့မရှိသည်။ဟုတ္ဟာ၊ဖြစ်၍။ ပရိဗ္ဗဇေ၊ ဖန် ဝါသက်နိုး ဝတ်ဆင်မြန်းလျက် ရဟန်းပြုလေ၏။ ကာမဘဝ ပရိကျွိဏံ၊ အရဟတ္တမဂ်ဖြင့် ပယ်ဖျက်လုံးစုံ ကုန်ပြီးသော ကာမရာဂ ဘဝရာဂ ယှိ ထသော။ တံပုဂ္ဂလံ။ထိုပုဂ္ဂိုလ်ကို။ဗြာဟ္မဏံ၊မကောင်းမှု မှန်သမျှကို၊ အပ ပြုပြီးသော သူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော် မူပေ၏။ ။ဤကားအနက်။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏ အဆုံး၌ ထိုသုန္ဒရသမုဒ္ဒ မထေရ်သည် အရဟတ္တ ဖိုလ်သို့ရောက်၍ တန်ခိုး၏ အစွမ်းဖြင့် ကောင်းကင်သို့ ကြွတက်ပြီးသော် ပြာသာဒ်အမိုး၏အထက် ချက်ဝန်းကို ဖေါက်ထွက်၍ မြတ်စွာဘုရား၏ ကိုယ်တော်ကို ချီးမွမ်း ထောမနာလျက် သာလျှင် ကြွတော် မူလာခဲ့၍ မြတ်စွာဘုရား သခင်ကို ကြည်လင်ညွတ်လျှိး ရှိခိုး၏။ ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့၊ ဇိဝှါပသာဒကို မှီသော ဝိညာဏ်ဖြင့် သိအပ် ခံစားအပ်သော ရသာရုံကို အမှီပြု၍ သုန္ဒရသမုဒ္ဒ မထေရ်သည် မနိန္ဒြေ တည်နေမရ ပျက်လျှောကျရလေသည်။ မြတ်စွာဘုရားရှင်သည်ကား ထို သုန္ဒရသမုဒ္ဒ မထေရ်၏ ထောက်တည်မှီခို ကိုးကွယ်ရာ ဖြစ်လေတော့ ၏" ဟူသောစကားကို ဖြစ်စေကြကုန်၏။မြတ်စွာဘုရားသည် ရဟန်းတို့ ပြောဆိုသော ထိုစကားကို ကြားတော်မူ၍ "ချစ်သားရဟန်းတို့၊ဤယခု အခါ၌သာလျှင် ငါဘုရားသည် ထိုရဟန်း၏ထောက်တည်မှီခို ကိုးကွယ် ရာ ဖြစ်သည် မဟုတ်တုံသေး၊ ရှေးဘဝ အခါ၌လည်း ငါဘုရားသည် ရသ တဏှာဖြင့် နှောင်ဘွဲ့အပ်သော ထိုရဟန်း၏ ထောက်တည်မှီခို ကိုး ကွယ်ရာ ဖြစ်ဘူးသည်သာလျှင်တည်း" ဟု မိန့်တော်မူ၍ ထိုရဟန်းတို့ တောင်းပန်အပ်သောကြောင့် ထိုအကြောင်းကို ပြခြင်း အကျိုးငှါ အတိတ်ကို ဆောင်တော်မူ၏။

ဝါတဓိဂ သမင်ပျံဝတ္ထု။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တ မင်း၏ ဥယျာဉ်စောင့် ဖြစ်သော ဥယျာဉ်မှူးသည် သဓူယအမည်ရှိသည် ဖြစ်၏။ ထိုအခါ တကောင်သော သမင်ပျံသည် ထိုမင်းကြီး၏ ဥယျာဉ်တော်သို့ လာ၍ ဥယျာဉ်မှူးသဓူယကို မြင်သည်ရှိသော် လျင်စွာ ထွက်ပြေး၏။ သဓူယသည်လည်း ထိုသမင်ပျံကို ချောက်၍ မနှင်မထုတ်။ ထိုသမင်ပျံသည် အဖန်ဖန်အထပ်ထပ် မပြတ်လာရောက်၍ ဥယျာဉ်တော်၌သာလျှင် ကျင်လည် ကျက်စား၏။ ဥယျာဉ်မှူးသည် ဥယျာဉ်၌ ဖြစ်ပေါ်ကုန်သော အထူးထူး အပြားပြား များစွာကုန်သော သစ်ပင့် သစ်သီးတို့ကို ယူ၍ နေ့တိုင်း နေ့တိုင်း မင်းကြီးအား ပို့ဆောင် ဆက်သ၏။ ထိုနောက် တနေ့သော အခါ၌ထိုဥယျာဉ်မှူးကိုပြည့်ရှင်မင်းကြီးက "အချင်းဥယျာဉ်မှူး၊ ဥယျာဉ်၌ တွေ့မြင်အပ်သော တစုံတခုအံ့ဘွယ်ဘနန်းထူးဆန်းသော အရာ ယိုပါသလော" ဟု မေးတော်မူ၏။ "အရှင်မင်းမြတ်၊ တပါးသော အရာဝတ္ထုကိုမူကား မမြင်မတွေ့ပါ။ တကောင်သော သမင်ပျံသည်ကား လာရောက်၍ ဥယျာဉ်တော်၌ ကျက်စားလှည့်လည်ပါသည်။ ထိုအရာဝတ္ထုကို တွေ့မြင်ပါ၏" ဟုလျှောက်တင်၏။ "အချင်းဥယျာဉ်မှူး၊ ထိုသမင်ပျံကို ဖမ်းယူခြင်းငှါ မစွမ်းနိုင်ပါလတ္တံ့လော" ဟုမေးတော်မူပြန်သဖြင့် "အရှင်မင်းမြတ်၊ အနည်းငယ်မျှသော ပျားရည်ကို ရပါမူကား အရှင်မင်းမြတ် စံတော်မူရာ နန်းတော်သို့သော်လည်း ဆောင်ယူဆက်သွင်းခြင်းငှါ စွမ်းနိုင်ပါလတ္တံ့" ဟု လျှောက်တင်၏။ ပြည့်ရှင် မင်းမြတ်သည် ထိုဥယျာဉ်မှူးအား ပျားရည်ကို ပေးစေ၏။ ထိုဥယျာဉ်မှူးသည် ပျားရည်ကိုယူ၍ဥယျာဉ်သို့သွားရောက်ပြီးသော် သမင်ပျံ၏ ကျက်စားလှည့်လည်ရာ အရပ်၌ မြက်တို့ကို ပျားရည်ဖြင့် လိမ်းကျံ၍ ပုန်းကွယ် နေထိုင်၏။ သမင်ပျံသည် လာရောက်၍ ပျားရည်ဖြင့် လိမ်းကျံအပ်သော မြက်တို့ကိုကိုက်ခဲ စားသုံး၍ အရသာ၌တပ်မက် စွဲလမ်းသော တဏှာဖြင့် ဘွဲ့မိ၍ သာလျှင် တပါးသောအရပ်သို့ မသွားမူ၍ဥယျာဉ်တော်သို့သာလျှင်လာ၏။ ဥယျာဉ်မှူးသည် ထိုသမင်ပျံ၏ ပျားရည်ဖြင့် လိမ်းကျံသော မြက်တို့၌ တပ်မက်စိတ်စွဲ မရောင့်ရဲနိုင်သောအဖြစ်ကိုသိ၍ အစဉ်အတိုင်းအားဖြင့်

မိမိကိုယ်ကို ထင်ရှားပြ၏။ ထိုသမင်ပျံသည် ဥယျာဉ်မှူးကိုမြင်၍ နှစ်ရက်သုံးရက်ပတ်လုံး တိမ်းရှောင်ထွက်ပြေး၍ အဖန်ဖန်အထပ်ထပ် မပြတ်တွေ့မြင်ဖန်များလတ်သော် အကျွမ်းဝင်ခြင်းသို့ရောက်၍ အစဉ်အတိုင်း အားဖြင့် ဥယျာဉ်မှူး၏ လက်၌ တင်ထားအပ်သောမြက်တို့ကို ခဲခြင်းစားခြင်းငှါ အားထုတ်၏။ ဥယျာဉ်မှူးသည် ထိုသမင်ပျံ၏ အကျွမ်းဝင်ခြင်းသို့ရောက်သောအဖြစ်ကိုသိ၍ မင်းအိမ်နန်းတော်တိုင်အောင် လမ်းခရီးကို ဖျာတို့ဖြင့် ကာရံ၍ ထိုထိုသို့သောအရပ်၌ သစ်ခက်ကျိုးကို ကျစေ၍ ပျားရည်ထည့်သော ဗူးအုံကို ပခုံး၌ လွယ်ချိတ်၍ မြက်စည်းကို လက်ကတီးကြား၌ ညှပ်ထားပြီးလျှင် မြက်တို့ကို သမင်ပျံ၏ ရှေ့မှရှေ့မှ ကြဖြန့်လျက် မင်းကြီး၏ နန်းတော်တွင်းသို့သာလျှင် သွားလေ၏။ သမင်ပျံသည် နန်းတော်တွင်းသို့ ဝင်ရောက်မိသည် ယို့သော် တံခါးကို ပိတ်ကုန်၏။ သမင်သည် လူတို့ကို တွေ့မြင်တည့်လျှင် တုန်လှုပ်လျက် သေအံ့သော ဘေးဖြင့် ခြိမ်းချောက်အပ်သောကြောင့် နန်းတော်တွင်း ဖြစ်သော မင်းရင်ပြင်၌ ထိုမှ ဤမှ လှည့်လည်ပြေးသွား၏။ ပြည့်ရှင်မင်းမြတ်သည်ပြာသာဒ်အပြင်မှ သက်ဆင်းတော်မူ၍ ကြောက်ရွံ့တုန်လှုပ်သော ထိုသမင်ကို မြင်တော်မူလျှင် "သမင်ပျံတို့ မည်သည် လူတို့တွေ့မြင်ရာ အရပ်သို့ ခုနစ်ရက်မျှ လောက်ပင် သွားလာခြင်းမရှိ။ ခြိမ်းချောက် တုန်လှုပ် ကြောက်ရွံ့အပ်သောအရပ်သို့ အသက်ရှည်သမျှကာလပတ်လုံး မသွား။ ဤသို့သဘောယို့သော တောချုံပိတ်ပေါင်းကိုမှီသော သမင်ပျံသည် ရာသ တဏှာဖြင့် နှောင်ဖွဲ့အပ်သည် ဖြစ်၍ ဤယခုအခါ၌ ဤသို့ သဘောယို့သော နန်းတော်အတွင်းအရပ်သို့ လာရောက်ခဲ့ရရှာ၏။ အကြောင်းအသို့နည်း" ဟု ဘုရားလောင်း အမတ်ကို မေးသဖြင့် ဘုရားလောင်း အမတ်က "လောက၌ အရသာ၌ ကပ်မက်တတ်သော တဏှာအောက် အထူးသဖြင့် ယုတ်မာသောအရာသည် စင်စစ်အားဖြင့် မရှိချေတော့၏။ အရသာ၌ တပ်မက်သော တဏှာသည်သာလျှင် အထူးသဖြင့် ယုတ်မာလှပါ၏" ဟု တင်လျှောက်လိုသောကြောင့်။

ရသတဏှာ၏ အပြစ်ကို ဖော်ပြသောဂါထာ။

နကိရတ္ထိ ရသေဟိ ပါပိယော၊ အာဝါသေဟိ ဝါ သန္ထဝေဟိဝါ။
ဝါတမိဂံ ဂဟန နိသိတံ၊ ဝသမာနေကိ ရသေဟိ သဇ္ဇယော။ ။

ဟူသော ဤသို့သော ဂါထာကို ရွက်ဆို၏။

ဂါထာ၏အနက်ကား။ ။မဟာရာဇ၊ ပြည်ကြီးသေဋ္ဌနင်း အရှင်မင်းမြတ်။ ရသေဟိ၊ ဇိဝှါဝိညာဏ်ဖြင့် အမှန်တည့်တည့် သိအပ်သော သဘောယှိသော အချို အချဉ်-အစယှိသောအရသာတို့ဟူ၍ တွယ်တာတပ်စွဲမိုးသော ရသတဏှာတို့အောက်။ ပါဝိယော၊ အထူးသဖြင့် ယုတ်မာသော သဘောတရားသည်။ နအတ္ထိကိရ၊မရှိပေသတတ်။ အယံ၊ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော အရသာ၌ တပ်စွန်းတတ်သော ဤတဏှာသည်။ အာဝါသေဟိ၀ါ၊အမြဲနေရာဟုဆိုအပ်သောအရိပ်အာဝါသတို့၌ တပ်စွန်းသော တဏှာတို့အောက် လည်းကောင်း။ သန္ဓေ၀ဟိ၀ါ၊ ပေါင်းဖော်ချစ်ကျွမ်း အဆွေခင်ပွန်းတို့၌ တပ်စွန်းသော တဏှာတို့အောက် လည်းကောင်း။ ပါပတရာ၊ရာ-ထောင်သိန်းမျှ မကာတိုးဆင့် အထူးသဖြင့် ယုတ်မာလှပါ၏။ မဟာရာဇ၊ ပြည်ကြီးသေဋ္ဌနင်း အရှင်မင်းမြတ်။ ရသာနံ၊ချိုချဉ်စဖြာ အရသာ၌ ပြင်းစွာတပ်မက်တတ်သော ရသတဏှာတို့၏။ ပါဝိယဘာ၀ံ၊ အလွန်အကျူး အထူးသဖြင့် ယုတ်မာသောအဖြစ်ကို။ တုမှေ၊ အရှင် မင်းမြတ်တို့သည်။ ပဿထ၊ ကြည့်ရှုတော်မူကြပါကုန်လော့။ဂဟနဿိသိတံ၊ယှက်စပ်ပိတ်ရုံ တောချုံကို မှီထသော။ ဝါ-တမိဂံ၊ လေအဟုန်မျှ လျင်မြန်လှ၍ ဝါတမိဂ မည်ရနာမံ သမင်ပျံကို။ သဇ္ဇယော၊ ဥယျာဉ်မှူးဖြစ်သော သဇ္ဇယသည်။ ရသေဟိ၊ ပျားရည်လူးပက် မြက်တည်းဟူသော အရသာတို့ဖြင့်။ ဝဿံ၊ မိမိ၏ အလိုသို့။ အာနေတိ၊ လိုက်ပါအောင် ယူဆောင်ခဲ့လေ၏။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။ပြည်ကြီးသေဋ္ဌနင်း အရှင်မင်းမြတ်၊ ဇိဝှါဝိညာဏ်ဖြင့် အမှန် ဟည့်တည့် သိအပ်သော သဘော ယှိသော အချို-အချဉ် အစယှိသောအရသာတို့၌ တွယ်တာ တတ်စွမ်းသော ရသာတဏှာတို့အောက် အထူးသဖြင့် ယုတ်မာသော သဘော တရားသည် မရှိပေသတတ်။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော အရသာ၌ တပ်စွန်းတတ်သော ဤတဏှာသည် အမြဲနေရာဟုဆိုအပ်သော အရိပ်အာဝါသတို့၌ တပ်စွန်းသော တဏှာတို့အောက်လည်းကောင်း၊ ပေါင်းဖော်ချစ်ကျွမ်း အဆွေ

၂၇၂ ဓမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမှ)။

ခင်ပွန်းတို၌ တပ်စွန်းသော တဏှာတို့အောက် လည်းကောင်း၊ ရာ-ထောင်-သိန်းမျှ မကတိုးဆင့် အထူးသဖြင့် ယုတ်မာလှပါ၏။ ပြည်ကြီး သေဋ္ဌနင်း အရှင်မင်းမြတ်၊ ချီ-ချဉ် စဖြာ အရဘာဋ္ဌ ပြင်းစွာ တပ်မက်တတ်သော ရဿတဏှာတို့၏ အလွန်အကျူး အထူးသဖြင့် ယုတ်မာသော အဖြစ်ကို အရှင်မင်းမြတ်တို့သည် ကြည့်ရှုတော် မူပါကုန်လော့။ ယှက်စပ်ပိတ်ရုံ တောချုံကိုမှီသော လေအဟုန်မျှ လျင်မြန်လှ၍ ဝါတ-မိဂ မည်ရနာမံ သမင်ပျံကို ဥယျာဉ်မှူးဖြစ်သော သဇ္ဇယသည် ပျားရည်လူးပက် မြက်တည်းဟူသော အရသာတို့ဖြင့် မိမိ၏အလိုသို့လိုက်ပါလာအောင် ယူဆောင်ခဲ့လေ၏ဟု လျှောက်တင် ပြီးကာ သနား ဘွယ်ရာကောင်းလှစွာသော ထိုသမင်ပျံကို တောသို့သာလျှင် လွှတ်စေပြီ။

ဤ ဝါတမိဂဇာတ်ကို အကျယ်ဝိတ္ထာရ ဟောပြတော် မူပြီး၍ ဤသုန္ဒရသမုဒ္ဒ ရဟန်းသည် ထိုအခါ၌ ဝါတမိဂဖြစ်ဘူးပြီ။ ဤသို့သော ဂါထာကို ရွတ်ဆို၍ ထိုသမင်ပျံကို တော၌လွှတ်စေသော ပြည့်ရှင်မင်းမြတ်၏ အမတ်ကြီးသည်ကား ငါဘုရားသာလျှင်တည်းဟု-ဇာတ်တော်ကို ပေါင်းတော်မူ၏။

[ဤဓမ္မပဒ အဋ္ဌကထာနှင့် ဇာတ်အဋ္ဌကထာတို့ ပစ္စုပ္ပန်ဝတ္ထု၌ လည်းကောင်း၊ ဇာတ်အပေါင်း၌လည်းကောင်း အဆို အမိန့် မတူကွဲလွဲ ထူးခြားရခြင်းအကြောင်းမျိုးကို အောက်၌ဖေါ်ပြ ရေးသားခဲ့ပြီ။]

ဓမ္မပဒ၊ ပြာဟ္မဏဝဂ်၌ သုံးဆယ်နှစ်ခုမြောက်သော သုန္ဒရသမုဒ္ဒမထေရ်၏ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ပြာဟ္မဏဝဂ်၌၊ ၃၃-ဓနိုလမထေရ်ဝတ္ထု။

ယော ဓ တဏှံ။ ။အစခံသော၊ သာမုဏ်ကံဂါထာ၊ ဤဓမ္မဒေသနာကို၊ လူ့ရွာနတ်ကြီမ၊စည်းစိမ်ယစ်မူး၊ ပျော်ကြူးတတ်စွာ၊ သတ္တဝါတို့ကို၊ သညာဝိပလ်၊ ဖေါက်ပြန် ယစ်မူးခြင်း၊ ကြောင်းရင်းဖေါ်ပြ၊ ဟုတ်မှန်

ကျအောင်၊ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသခင်သည်၊ ပင်-စည်ရိပ်ကောင်း၊ ဘည်ပြွှ ရှောင်းသား၊ မင်းကျောင်းမြတ်မွန်၊ ဝေဠု၀န ဝိဟာရ၌၊ နေမျှသီတင်းသုံးတော်မူလျက်။ ဇဋိလမထေရ်ကို၊ ဦးတည် ပေါင်းစု အကြောင်း ပြုသော အားဖြင့်၊ ဟောကြားတော် မူခဲ့လေ သတည်း။

[ဇဋိလမထေရ်၏ ရဟန်းဖြစ်ခြင်း အကြောင်းကား၊ ဇောတိက သေဋ္ဌေးနှင့် မကင်းကောင်းသော အကြောင်းတခု ယိုသည်ဖြစ်ခဲ့ လေ၏။ ထိုကြောင့် အဋ္ဌကထာ ဆရာသည် ဇဋိလမထေရ်၏ အကြောင်း အတ္ထုပ္ပတ္တိကို ဖေါ်ပြရာ၌ ဇောတိက သေဋ္ဌေး၏ အကြောင်း အတ္ထုပ္ပတ္တိကို ရှေးဦးစွာ မိန့်မှာ ဖေါ်ပြတော်မူ၏။ယင်း သို့အဋ္ဌကထာ မိန့်မှာဖေါ်ပြသည့် အစဉ်အတိုင်း ရှေးဦးစွာဇောတိ သသေဋ္ဌေး၏ အကြောင်းအတ္ထုပ္ပတ္တိကို ရေးသားပေအံ့။ ။ဤ ကားအမှာ]

ဇောတိက သေဋ္ဌေး၀တ္ထု။

ဇောတိကသေဋ္ဌေး၏ အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

ရှေးလွန်လေပြီးသောအခါဗာရာဏသီပြည်၌ ညီအစ်ကို နှစ်ဦး ဖြစ်ကုန်သော သူကြွယ်တို့သည် ကြီးစွာသော ကြံခင်းကိုပြုလုပ်ကြကုန်သတတ်။ ထိုနောက် တနေ့သော အခါ၌ ညီဖြစ်သော သူကြွယ်သည် ကြံခင်းသို့သွား၍ "တခြောင်းသောကြံကို အစ်ကိုကြီးအား ပေးအံ့၊ တခြောင်းသောကြံသည် ငါ့အားဖြစ်ပေလတ္တံ့"ဟု ကြံစည် ရည်သွန်း၍ နှစ်ခြောင်းကုန်သော ကြံတို့ကို အရည်မထွက် မသက် မဆင်းစိမ့်သော ငှါ ဖြတ်ရာအရပ်၌ ဖုံးအုပ်စည်းနှောင် ဖွဲ့ချည်၍ယူ၏။

[ဖြတ်ယူအပ်သောကြံတို့ကို ပိုင်းဖြတ်ရာ အရပ်၌ ဖုံးအုပ်စည်း နှောင် ဖွဲ့ချည်၍ ယူရခြင်း အကြောင်းကား။ ထိုလက်ထက် အခါ၌ ကြံတို့၏ အရည်ကိုထုတ်ယူခြင်း၌ ယန္တရားဖြင့် ကြိတ်ညှပ် ညှစ်ထုတ် ပြုလုပ်ရခြင်း မရှိပေသတတ်။ ကြံ၏အဖျား၌လည်းကောင်း၊ အရင်း၌လည်းကောင်း ဖြတ်တောက်၍ မြှောက်ပင့်၍ ထားသောအခါ၌

မမကရိုက်မှ ရေသည် အလိုလို စီးယို သက်ဆင်းဘိသကဲ့သို့ မိမိ အလိုလိုသာ ကြံရည်သည် ယိုစီးကျထွက်၏။

ထိုကြောင့် ၎င်းအဌကထာ၌။ ။တဒါကိရ ဥစ္ဆူနံ ယန္တ ပီဋ္ဌန ကိစ္စံ နတ္ထိ။ အဂ္ဂေဝါ မူလေ ဝါ ဆိန္ဒိတ္ဝာ ဥက္ခိတ္တကာလေ ဓမ-ကရဏတော ဥဒကံ ဝိယ သယမေဝ ရသော နိက္ခမတိ-ဟု မိန့်တော်မူ၏။

အနက်ကား။ ။တဒါ-တသ္မိံကာလေ၊ ထိုလက်ထက်အခါ၌။ ဥစ္ဆူနံ။ကြီတို့၏။ ဝါ၊တို့ကို။ ယန္တပီဋ္ဌနကိစ္စံ၊ ကြီညှစ် ယန္တရားဖြင့် ကြိတ်ညှစ်ရခြင်းကိစ္စသည်။ နတ္ထိ ကိရ၊ မရှိလေသတတ်။ အဂ္ဂေဝါ၊ အဖျား၌ လည်းကောင်း။ မူလေ ဝါ၊ အရင်း၌ လည်းကောင်း၊ ဆိန္ဒိတ္ဝာ၊ ဖြတ်၍။ ဥက္ခိတ္တကာလေ၊ ချီကြွပင့်မြောက်သောအခါ၌။ မမကရဏတော၊ ဓမကရိုဏ်မှ။ ဥဒကံ၊ ရေသည်။ နိက္ခမတိ ဝိယ၊ သက်ဆင်းထွက်ကျလေဘိသကဲ့သို့။ သယမေဝ၊ အလိုလိုသာလျှင်၊ ရသော၊ ကြံရည်သည်။ နိက္ခမတိ၊ သက်ဆင်း ထွက်ကျ၏။ ။ ဤကားအနက်]။

ရှေးဘဝဇောတိက သေဋ္ဌေးအလောင်း ပစ္စေကဗုဒ္ဓါအား ကြံရည်လှူဒါန်းခြင်း။

ထိုသူကြွယ်၏ ကြီခင်းမှ ကြံတို့ကို ယူဆောင်၍ လာသော အခါ၌ ဂန္ဓမာဒနကောင်၌ သီတင်းသုံးသော အရှင်ပစ္စေက ဗုဒ္ဓါသည် သမာပတ်မှထတော်မူ၍ "ယနေ့ ငါသည် အဘယ်သူအား သင်္ဂြိဟ်ပံ့ထောက် ချီးမြောက်ခြင်းအမှုထို ပြုရအံ့နည်း" ဟု ကြည့်ရှုစုံစမ်း ထောက်လှမ်း ဆင်ခြင်သည်ယှိသော် မိမိဉာဏ်တော် ကွန်ယက်တွင်းသို့ သက်ဆင်းဝင် လာသောကြီချောင်းယူသယ် ထိုသူကြွယ်ကိုမြင်တော်မူ၍ ထိုသူကြွယ်၏ သင်္ဂြိဟ်ပံ့ထောက် ချီးမြောက်ခြင်းအမှုပြုခြင်းငှါ စွမ်းနိုင်အံ့သောအဖြစ် ကိုသိတော်မူသောကြောင့် သပိတ်သက်နှိုးကို ယူတော်မူ၍ တန်ခိုးဖြင့် ကြွလာတော်မူပြီးသော် ထိုသူကြွယ်၏ ရှေ့မှ ရပ်တည်တော်မူ၏။ ထိုသူကြွယ်သည် ပစ္စေကဗုဒ္ဓါ အရှင်ကို တွေ့မြင်တည့်လျှင် ကြည်ညိုသော

စိတ်ယိုသည်ဖြစ်၍ အပေါ်ရုံစုလျားပုဆိုးကို မြင့်မောက်သော မြေအရပ်၌ ဖြန့်ခင်း၍ အရှင်ဘုရား၊ ခင်းထားအပ်သော ဤနေရာ၌ ထိုင်နေသီတင်းသုံးတော်မူပါကုန်လော့'' ဟု လျှောက်ကြားတောင်းပန်ပြီးလျှင် အရှင်ပစ္စေကဗုဒ္ဓါကိုထိုင်နေသီတင်းသုံးစေပြီး၍ ''သပိတ်တော်ကို ဤသို့ ရွေးရွှတ်ပါ စေကုန်လော့'' ဟု ကြားလျှောက်ပြီးကာ ကြံချောင်း၌ ဖုံးအုပ်စည်းနှောင် ဖွဲချည်သော်နေရာအရပ်ကို ဖြေလွှတ်စေ၍ သပိတ်၏ အထက်၌ထားသည်ကို ပြု၏။ ထိုကြံရည်သည် အလိုအလျောက် သက်လျှောကျဆင်း၍ သပိတ်ကိုပြည့်စေ၏။ပစ္စေကဗုဒ္ဓါအရှင်သည် ထိုကြံရည်ကို သုံးဆောင်ပြုမြောက် သောက်အပ်သည်ယိုသော်'ငါ့အား ကောင်းလေစွ'တကား။အရှင်သည် ကြံရည်ကိုသောက်သုံးတော်မူအပ်၏။ငါ၏ အစ်ကိုကြီးသည် အဘိုးအရင်းကို အကယ်၍ ပေးဆောင်စေလိုသည် ဖြစ်ခဲ့အံ့။ ငါသည် အဘိုးအရင်းကို ပေးအံ့။ ကုသိုလ်အဘို့ကို အကယ်၍ ပေးဆောင်စေလိုသည် ဖြစ်ခဲ့အံ့၊ကုသိုလ်အဘို့ကို ပေးအံ့'' ဟု ကြံစည်၍ ''အရှင် ဘုရား၊ သပိတ်တော်ကို အကျွန်ုပ်အား ရွေးရွှတ်ပါ စေကုန်လော့'' ဟု လျှောက်ထားပြီးလျှင် နှစ်ခုမြောက်သော ကြံချောင်းကို အထုပ်အဘွဲ့ကို ဖြေလွှတ်၍ ကြံရည်ကို ပေးလှူပြန်၏။ ထိုသူကြွယ်သည် ''ငါ၏အစ်ကိုကြီးသည် ကြံခင်းမှ တပါးသော ကြံကိုဆောင်ယူ၍ ခဲ့သုံးလတ္တံ့'' ဟု ဤသို့ကြံစည်ဆင်ခြင်၍ ဤမျှလောက်ယိုသည် တိုင်အောင်လည်း ထိုသူကြွယ်အား လှည့်ဖြားလိုသော စိတ်ယိုသည် မဖြစ်လေ။ ပစ္စေကဗုဒ္ဓါအရှင်သည်ကား ရှေးဦးစွာ လှူဒါန်း ဆက်ကပ်အပ်သော ကြံရည်ကိုသောက်သုံးဘဉ်းပေးပြီးသည်၏အဖြစ်ကြောင့် တဖန်လှူဒါန်း ဆက်ကပ်သော ထိုကြံရည်ကို မိမိကိုယ်တော်မှ တပါးလည်း ဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါအရှင်တို့နှင့် အတူတကွ ခွဲခြမ်းဝေဘန်၍ ဘဉ်းပေးသုံးဆောင်တော်မူခြင်းငှါ အလိုယိုသည် ဖြစ်သောကြောင့် ကြံရည်ကို ခံယူတော်မူ၍သာလျှင် ထိုင်နေသီတင်းသုံးတော်မူ၏။ ထိုသူကြွယ်သည် ပစ္စေကဗုဒ္ဓါ အရှင်၏ အခြင်းအရာကို သိသောကြောင့် ငါးပါးသော တည်ရာယိုသော ရှိမှီးခြင်းဖြင့်ရှိခိုး၍ ''အရှင်ဘုရား၊ အကျွန်ုပ်သည် အကြင်မွန်မြတ်သော အရာသာယိုသော ကြံရည်ကို ပေးလှူပါ၏။ ဤ

ကောင်းမှုကုသိုလ်၏ အကျိုးဆက် အာနိသင်ဖြင့် နတ်ပြည် လူ့ပြည်တို့၌ ဖြစ်သော စည်းစိမ် ချမ်းသာကို အစဉ်ပျော်ပါး ခံစား သုံးဆောင်၍ နောင်ခါကာလ အဆုံးကျ၌ အရှင်ဘုရားတို့သည် သိမြင် ထုတ်ချောက် ရောက်အပ်သော တရားသို့သာလျှင် သိမြင်ထုတ်ချောက် ရောက်ရပါလို၏'' ဟူသော ဆုတောင်းပတ္ထနာကို ဖြစ်စေ၏။ ပစ္စေကဗုဒ္ဓါ အရှင်သည်လည်း ထိုသူကြွယ်အား ''ဤသို့ အသင်ဆုတောင်း ပတ္ထနာသည် အတိုင်း ပြည့်စုံသည် ဖြစ်စေသတည်း''ဟု မိန့်ဆိုတော်မူ၍။ ။ဇုစ္ဆိတံ ပတ္တိတံ တုယ္ဟံ-အစယ္ဟိကုန်သော အရှင်ပစ္စေက ဗုဒ္ဓါတို့၏ ဆုပေးအလာ နှစ်ခုကုန်သော ဂါထာတို့ဖြင့် အနုမောဒနာကို ပြုတော်မူ၍ အကြင်သို့သော အခြင်းအရာဖြင့်ကြွသွားတော်မူခဲ့သည်ယှိသော် ထိုသူကြွယ်သည် မျက်ဝါးထင်ထင် တွေ့မြင်နိုင်၏။ ဤသို့ထင်ထင် သူကြွယ်မြင်အောင် ဆောက်တည် မိဋ္ဌာန်တော်မူ၍ ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူပြီးသော် ငါးရာကုန်သော ပစ္စေကဗုဒ္ဓါ အရှင်တို့အား ထိုကြီရည်ကို ပေးလှူ၏။ ထိုသူကြွယ်သည် ထိုသို့သော တန်ခိုးပြာဋိဟာကိုမြင်၍ အစ်ကို၏ ထံမှောက်သို့ သွားရောက်တည့်လျှင် ''အသင် အဘယ်အရပ်သို့ သွားဘိသနည်း''ဟု အစ်ကိုက မေးမြန်းပြောဆိုသည် ယှိသော် ''ကြီခင်းကို ကြည့်ရှုခြင်းငှါ သွားသည်ဖြစ်ပါပြီ'' ဟု ပြောဆိုသောအခါ ''အသို့ပေနည်း၊ ထိုသို့ သဘောယှိသော ကြီခင်းသို့ သွားသဖြင့် တချောင်းလည်း ဖြစ်သော နှစ်ချောင်းလည်း ဖြစ်ကုန်သော ကြီချောင်းကိုယူငင်၍ လာအပ်သည်ဖြစ်ရပါမည်မဟုတ်လော''ဟု အစ်ကိုက ပြောဆိုသောအခါ''အစ်ကို၊နှစ်ခုကုန်သောကြီချောင်းတို့ကိုသြော်-ယူဆောင်ခဲ့ပါကုန်၏။ ယင်းသို့ပင်ယူဆောင်ခဲ့သော်လည်း တပါးသော ပစ္စေကဗုဒ္ဓါ အရှင်ကိုတွေ့မြင်၍ အကျွန်ုပ်၏ အဘို့ဖြစ်သော ကြီချောင်းမှ ကြီရည်ကို ပေးလှူပြီးလျှင် အဘိုးကိုမူလည်းပေးအံ့, ကုသိုလ်အဘို့တို့ကိုမူလည်း ပေးအံ့ဟု ကြီစည် ရည်ညွှန်းပြီးသော် အသင်တို့၏ အဘို့ဖြစ်သော ကြီချောင်းမှ ကြီရည်ကိုလည်း အကျွန်ုပ်သည် ပေးလှူလိုက်မိပေ၏။ အသို့ပေးနည်း။ထိုကြီချောင်း၏ အဘိုးကိုမူလည်း ယူကုန်အံ့လော၊ ထိုသို့ မဟုတ်မူကား ကုသိုလ်အဘို့ကိုတည်း ယူကုန်အံ့လော'' ဟု ပြော

ဆို၏။ ''ပစ္စေကဗုဒ္ဓါ အရှင်သည် ထိုကြံရည်ကို အဘယ်သို့ ပြုလုပ်သနည်း'' ဟု မေးပြန်သဖြင့် ''အကျွန်ုပ်၏ အဘို့ဖြစ်သော ကြံချောင်းမှယိုစီးကျထွက်သော ကြံရည်ကို သောက်သုံး ဘုဉ်းပေး၍ အသင်တို့၏ အဘို့ ကြံချောင်းမှယိုစီးကျထွက်သောကြံရည်ကိုခံယူတော်မူ၍ ကောင်းကင် ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူပြီးသော် ငါးရာကုန်သော ပစ္စေကဗုဒ္ဓါအရှင်တို့အား ပေးလှူပါ၏'' ဟု ပြောဆို၏။ အစ်ကို ဖြစ်သော ထိုသူကြွယ်သည် ညီငယ်ဖြစ်သော သူကြွယ် ပြောဆိုစဉ်ပင် လျှင် အကြွားမလပ် မပြတ်သော နှစ်သက်ခြင်းပီတိဖြင့် တွေ့ထိသော ကိုယ်ယှိသည်ဖြစ်၍ ''ထိုကောင်းမှု ကုသိုလ်ကြောင့် ငါသည် ပစ္စေကဗုဒ္ဓါအရှင် သိမြင်တော်မူအပ်သော တရားကိုသာလျှင် ရယှိသိမြင်သည် ဖြစ်ရပါလို၏'' ဟု ဆုတောင်းပတ္ထနာကိုပြု၏။ ။ညီငယ် သူကြွယ်သည် သုံးပါးကုန်သော စည်းစိမ်ချမ်းသာတို့ကို တောင့်တပတ္ထနာ၏။ အစ်ကို ကြီးသည်ကား တစ္ခန်းတည်းသော စကားပုဒ်ဖြင့်သာလျှင် အရဟတ္တဖိုလ်ကို တောင့်တ ပတ္ထနာ၏၊ ဤသည်လျှင် ထိုသူကြွယ်နှစ်ဦး၏ ရှေးဦး ပြုခဲ့ဘူးသော ကောင်းမှု ကုသိုလ်ကံပေတည်း။

ထိုသူကြွယ်နှစ်ဦးတို့သည် အသက်ရှည်သမျှကာလပတ်လုံးတည်နေကုန်၍ ထိုဘဝမှ စုတေ့ ပြောင်းကြွေ သေလွန်ကုန်သည်ယှိသော် နတ်ပြည်၌ ဖြစ်ကုန်၍ တဆူသော ဘုရားရှင်၏ အကြား ကာလ ပတ်လုံးကို ကုန်လွန်စေကုန်၏။ ထိုသူတို့၏ နတ်ပြည်၌တည်ယှိကုန်စဉ် ဖြစ်သော အခါ ကာလ၌သာလျှင် ဝိပဿီအမည်ယှိတော်မူသော မြတ်စွာဘုရားသခင်သည် လူ့ခွင်လောက၌ ဘုရားဖြစ်တော်မူ၏။ ထို နှစ်ဦးတို့သည် လည်း နတ်ပြည်မှစုတေ့ခဲ့ကြကုန်၍ ဗန္ဓုမတီပြည့်ဝယ် တဦးသောအမျိုး၌ အစ်ကိုကြီး ဖြစ်သောသူသည် အကိုကြီးသာလျှင်ဖြစ်၍ ညီငယ်ဖြစ်သောသူသည် ညီငယ်သာလျှင်ဖြစ်၍ ပဋိသန္ဓေ တည်နေစဲယူကုန်၏။ ထိုနှစ်ဦးကုန်သော သူတို့တွင် အစ်ကိုကြီးအား သေနဟူသော အမည်မှည့်ခေါ်ခြင်းကိုပြုကုန်၏။ညီငယ်ဖြစ်သောသူအား အပရာဇိတဟူသော အမည် မှည့်ခေါ်ခြင်းကိုပြုကုန်၏။ ထိုသူနှစ်ဦးတို့သည် သင့်လျော်ကြီး

မြောက် အရွယ်သို့ ရောက်သောအခါ၌ စည်းစိမ်ချမ်းသာ ပစ္စည်းဥစ္စာကို ကောင်းစွာတိုးပွါး ပေါများတည်ယိုစေ၍ အစဉ် အတိုင်း နေကြကုန်သည် ယိုသေ၏ ''ဘုရားတည်းဟူသော ရတနာသည် လောက၌ ဖြစ်ပေါ်လာသည်၊ တရားတော် တည်းဟူသော ရတနာသည် လောက၌ ဖြစ်ပေါ်လာသည်၊ သံဃာတော် တည်းဟူသော ရတနာသည် လောက၌ ဖြစ်ပေါ်လာသည်၊ မြတ်နိုးကော်ရော် ပူဇော်လှူဒါန်းခြင်း အလှူကို ပေးလှူကြကုန်လော့၊ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြကုန်လော့။ ယနေ့ကား ရှစ်ရက်မြောက်ဖြစ်သော အဋ္ဌမီဥပုသ်နေ့တည်း။ ယနေ့ကား ဥဆယ့်လေးရက်မြောက် ဖြစ်သော စတုဒ္ဒသီ ဥပုသ်နေ့တည်း။ ယနေ့ကား တဆယ့်ငါးရက် မြောက်သော ပန္နရသီဥပုသ်နေ့တည်း။။ ဥပုသ်စောင့်သုံးခြင်း အမှုကို ပြုလုပ်ကြ ကုန်လော့၊ တရား-တော်ကို ကြားနာကြကုန်လော့''ဟု ဗန္ဓုမတီပြည်၌ ကုသိုလ်ကောင်းမှု ပြုစုတိုးပွါးအောင် တရားနာ ကြွေးကြော်တတ်သော ဓမ္မဃောသက ယောကျ်ား၏ ကြွေးကြော်သော အသံကိုကြား၍ နံနက်အခါ၌ ဆွမ်းစသော အလှူကိုပေးလှူ၍ မွန်းယိမ်းပြီးနောက် ညချမ်းသို့ ရောက်သော အခါတရားတော်ကို နာခြင်းငှါ သွားသောလူများအပေါင်းကို မြင်၍ သေနသူကြွယ်က ''ဤလူတို့သည် အဘယ် အရပ်သို့ သွားကြကုန်ဘိသနည်း''ဟု မေး၍ ''မြတ်စွာဘုရား၏ အထံတော်သို့ တရားတော်ကို ကြားနာခြင်းငှါ သွားကြပါကုန်သည်''ဟု ပြောဆိုသည်ယိုသေ၏ ''ငါသည်လည်း တရားတော်ကို ကြားနာခြင်းငှါ သွားဦးအံ့''ဟု ပြောဆိုပြီးကာ ဘရားတော်နာ သွားကြကုန်သော ထိုလူတို့နှင့်အတူ သာလျှင် လိုက်ပါသွားရောက်၍ ပရိသတ် အစွန်အဖျားဌာ ထိုင်နေ၏။ မြတ်စွာဘုရားသခင်သည် ထိုသေနသူကြွယ်၏ အလိုအဇ္ဈာသယကို သိတော်မူသည်ဖြစ်၍ အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူ၏။ထိုသေနသူကြွယ်သည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ ရဟန်းအဖြစ်၌ ဖြစ်သော အားထုတ်ခြင်း ဟိုသဖြင့် မြတ်စွာ ဘုရားကို ရဟန်းဒဖြစ်သို့အရောက် ချီးမြောက် ပါမည်အကြောင်း တောင်းပန်လျောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက ထိုသေနသူကြွယ်ကို

''အသင်အား ပန်ကြားခွင့်တောင်ခြင်းငှါ ထိုက်ကုန်သောအဆွအမျိုးတို့ ယှိကုန်သလော''ဟု မေးတော်မူသောအခါ ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ပန်ကြားခွင့်တောင်းခြင်းငှါ ထိုက်ကုန်သော အဆွအမျိုးတို့သည် ယှိပါကုန်၏''ဟုလျှောက်ကြား၏။ထိုသို့ ဖြစ်တပြီးကား ထိုဆွမျိုးတို့ကို ခွင့်တောင်းပန်ကြား၍ လာခဲ့လော''ဟု မိန့်တော်မူ၏။ ထိုသေနသူကြွယ်သည် ညီငယ်၏အထံသို့ပြန်သွား၍ ''ဤအမျိုးဌဲ့ပေါများလှစွာ အကြင်ဥစ္စာနှစ်သည် ယှိ၏။ ကြင်းမဲ့ဥသုံ ထိုအလုံးစုံသော ဥစ္စာနှစ်သည် အသင် ညီငယ်အား ဖြစ်ပါစေ သတည်း''ဟု ဆောင်နှင်း ပြောဆို၏။ ''အရှင် နောင်တော်၊ အသင်တို့သည်ကား အဘယ်သို့ သွားလာပြုလုပ်ပါကုန်အံ့နည်း''ဟု မေးသဖြင့် ''ငါသည်ကား မြတ်စွာဘုရား၏ အထံတော်ဌဲ့ ရဟန်းပြုတော့အံ့''ဟု ပြောဆို၏။ ''အရှင် နောင်တော်၊ အသင်သို့သည် အဘယ်သို့ ပြောဆို ပါကုန်ဘိသနည်း။ အကျွန်ုပ်သည် ကျေးဇူးတော်ရှင် မိခင်သည် သေလွန်သည်ယှိသော် မိခင်ကဲ့သို့လည်းကောင်း, ကျေးဇူးရှင် ဘခင်သည် သေလွန်သော်လည်း ဘခင်ကဲ့လည်းကောင်း, အသင်နောင်တော်တို့ကို ရိုသေညွတ်လျှိုး အားကိုးဆည်းကပ်ခွင့်ကို ရပါသည်။ ဤအမျိုးကား မည်သိုးမဆုတ် မယုတ်တိုးပွါး များပြားသော စည်းစိမ်ဥစ္စာယှိပါသည်။နေအိမ်ဌဲ့ တည်နေလျက်သာလျှင်ကုသိုလ်ကောင်းမှုတို့ကိုအားထုတ်ပြုလုပ်ခြင်းငှါတတ်ကောင်း ပါကုန်၏။ ဤသို့ထွက်မြန်း ရဟန်း မပြုလုပ်ပါကုန်လင့်''ဟု တောင်းပန် ပြောဆို၏။ ''ညီမောင်၊ ငါသည် မြတ်စွာဘုရား၏ အထံတော်ဌဲ့ တရားတော်ကို ကြားနာအပ်ပေ၏။ ထိုတရားတော်ကို အိမ်ယာဘွဲ့နှောင် လူ့ဘောင်အလယ်ဌဲ့ တည်နေသဖြင့် ပြည့်စုံအောင်ဖြည့်ကျင့်ခြင်းငှါ မစွမ်းနိုင် ကောင်းချေ။ ငါသည် ရဟန်းပြုအံ့သာလျှင် ကတည်း။ အသင်သည် ရဟန်းမပြုရန် တောင်းပန်ခြင်းမှာ ဆုတ်နစ် ကြဉ်ရှောင်ပါလော့''ဟု ပြောဆိုပြီးကာ ဤသို့သော အခြင်းအရာဖြင့် ထိုသေန သူကြွယ်သည် ညီငယ်ကို ရှောင်ခွါ ဆုတ်နစ်စေ၍ မြတ်စွာဘုရား အထံတော်ဌဲ့ ရဟန်းပြုလတ် ရအပ်သော ပဉ္စင်းအဖြစ်ယှိလျက် မကြာမြင့်မီသာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

၂၀၀ မမွမပဒဝတ္ထုတော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမှ)။

ဒုတိယမြောက် ဇာတိက သေဋ္ဌေးအလောင်း ဘုရားကျောင်း တော် ဆောက်လုပ် ကျွေးခြင်း။

ညီငယ်ဖြစ်သောအပရာဇိတသူကြွယ်သည်လည်း ''အစ်ကို၏ရဟန်း ပြုသောအလိုကို ကြဉ်ညှိုကော်ရော် ပူဇော်သတ္ကာရ ပြုအံ့'' ဟု နှလုံး သွင်း၍ ခုနစ်ရက် ပတ်လုံး ဘုရား အမှူးယှိသော ရဟန်း သံဃာအား အလှူဒါနကို ပေးလှူ၍ အစ်ကိုဖြစ်သောမထေရ်ကို ရှိခိုးပြီးလျှင် ''အရှင် ဘုရား၊ အသင်တို့ကား မိမိ၏ဘုဝမှ ထွက်မြောက်ရာကို ပြုအပ် ပေပြီ။ အကျွန်ုပ်သည်ကား ငါးပါးကုန်သော ကာမဂုဏ်တို့ဖြင့် နှောင်ဘွဲ့ ချည် ရောက် ထွက်မြောက်၍ ရဟန်းပြုခြင်းငှါ မစွမ်းနိုင်ပါ။ နေအိမ်၌ တည် နေသည်သာလျှင်ဖြစ်သော အကျွန်ုပ် အားလည်း သင့်လျော် လျောက် ပတ် ကြီးမြတ်သော ကောင်းမှုကံကို စီမံပြုလုပ်ဘို့ရာ မှတ်သား၍ ပြော ကြားတော်မူပါကုန်လော့''ဟု လျှောက်ထား၏။ ထိုအခါ သူကြွယ်ကို မထေရ်က ''အိုး- ပညာယှိ၊ ကောင်းစွာ့ ကောင်းစွာ့၊ မြတ်စွာဘုရား၏ သီတင်းသုံးတော်မူရာ ဖြစ်သော ဂန္ဓကုဋိကို ပြုလုပ်လေဘိလော့'' ဟု မိန့်ဆိုတော်မူ၏။ထိုသူကြွယ်သည် ကောင်းလှပါဖြာဟုဝန်ခံ၍ အထူးထူး သော သစ်တို့ကိုဆောင်ယူစေ၍ သည်တိုင်စသည်တို့၏ အကျိုးငှါ ချော မောအောင်ရွှေစေ၍ တခုသောတိုင်ကို ရွှေဖြင့်ခြယ်စိအပ်သည်ကို၊ ကခု သောတိုင်ကို ငွေဖြင့်ခြယ်စိအပ်သည်ကို၊ တခုသောကိုင်ကို ပတ္တမြားဖြင့် ခြယ်စိအပ်သည်ကို ဤသို့အစယှိသောအားဖြင့် အလုံးစုံသော သည်ဘိုင် တို့ကို ရတနာတို့ဖြင့် ခြယ်စိအပ်သည်တို့ကိုပြုလုပ်စေ၍ ထိုတိုင်တို့ဖြင့် ဂန္ဓ ကုဋိကို ဆောက်လုပ်စေပြီးသော် ရတနာ ခုနစ်ပါးတို့ဖြင့် ခြယ်စိ အပ် သည် သာလျှင် ဖြစ်ကုန်သော အုတ်အမိုးတို့ဖြင့် မိုးအုပ်စေ၏။ ဂန္ဓကုဋိ ကို ပြုလုပ်သောအခါ၌ သာလျှင် ထိုသူကြွယ်ကို မိမိနှင့်တူသော အမည် ယှိသော အပရာဇိတ မည်သည်သာလျှင် ဖြစ်သော တူတော်သည် ချဉ်း ကပ်၍ ''ဦးရိုး၊အကျွန်ုပ်သည်လည်းပြုလုပ်ပါအံ့။အကျွန်ုပ်အား ကုသိုလ် ကောင်းမှု အဘို့ကို ပေးပါကုန် လော့'' ဟု တောင်းပန် ပြောဆို၏။ ''အမောင်၊ငါသည် မပေးအံ့။ သူတပါးတို့နှင့် မဆက်ဆံသော ကုသိုလ်

ကောင်းမှုကို ပြုလုပ်အံ့''ဟု ပြောဆို မြစ်ပယ်၏။ ထို တူငယ်ဖြစ်သော သူကြွယ်သည် အသွယ်သွယ် အဝဝ ခယ တောင်းပန်ပါ သော်လည်း ကုသိုလ်ကောင်းမှု ပြုစု ထည့်ဝင်ခွင့် မရသောကြောင့် ဂန္ဓကုဋိ၏ ရှေ့မှ ဆင်ဝင်စရပ်ကိုရခြင်းငှါအပ်ပေသည်ဟု နှလုံးသွင်းပြီးကာ ရတနာခုနစ် ပါးတို့ဖြင့် ကခဲနက်ပြီးသော ဆင်ဝင်စရပ်ကို ပြုစု ဆောက်လုပ်၏။ ။ ထိုတူငယ် ဖြစ်သော သူကြွယ် သည်ကား ဤဂေါတမ မြတ်စွာ ဘုရား ပွင့်တော်မူသော လက်ထက်တော်အခါ၌ မေဇ္ဈကသေဋ္ဌေးကြီး အဖြစ် ဖြင့် ဖြစ်လာ၏။ ။ဂန္ဓကုဋိ၌ကား ရတနာ ခုနစ်ပါးတို့ဖြင့် ကခဲနက် ပြီး ကုန်သော်ကြီးကျယ်ကုန်သော သုံးခုကုန်သောလေသောက်ပြတင်းကြီး တို့သည် ယိုသည်ဖြစ်ကုန်၏။ ထိုလေသောက်ပြတင်းကြီးတို့၏ ရှေ့ရှု ဖြစ် သော အောက်အရပ်၌ အင်္ဂတေဖြင့် အပြေအပြစ် ပြုအပ်သော သုံးခု ကုန်သော ရေကန်ကြီးတို့ကို ပြုလုပ်စေ၍ လေးမျိုးသော နံ့သာညွှန်ဖြင့် ပြည့်စေ၍ အပရာဇိတသူကြွယ်သည် ငါးပါးကုန်သော အဆင်းယိုကုန် သော ဝတ်ပန်းပင်တို့ကို စိုက်စေ၏။ မြတ်စွာ ဘုရား၏ ဂန္ဓကုဋိ တိုက် အတွင်း သီဂင်းသုံး ထိုင်နေတော်မူသော အခါ၌ လေ တိုက်ခတ်သော အဟုန်ဖြင့် စုရုံးဖြစ်ပေါ် တက်ကြွကုန်သော ဝတ်မှုန် အလုံးအစု တို့ဖြင့် ကိုယ်တော်အား ကြဲဖြန့်ခြင်းအကျိုးငှါ ဂန္ဓကုဋိအတွက် ထုပိကာ၏ အခံ ဖြစ်သော ခွက်သည် နီမြန်းသော ရွှေအဆင်းဖြင့် ပြီးသည် ဖြစ်ပေ၏။ အထွက်စွန်းသည်သန္လာဖြင့်ပြီး၏။ အောက်၌ မိုးအပ်သော အုတ်အမိုး သည် ပတ္တမြားဖြင့်ပြီး၏။ဤသို့ပြယှိ ထို ဂန္ဓကုဋိသည် ရှုကြည့်သူအပေါင်း ဥဒေါင်းကဿည် ထင်မှတ် ရလောက်အောင် ကြည်လင်သပ္ပါယ် တင့် တယ် တောက်ပလျက် တည်၏။ ခုနစ်ပါးကုန်သော ရတနာမျိုး တို့တွင် ထောင်းထု ခွဲစိတ်ထိုက်သော ရတနာအထုအခဲကို ထုခွဲ ထောင်းနှက်၍ ဤမှတပါးသော ရတနာအလုံးစုံကိုသာလျှင်ယူ၍ ဒုးဝန်းမြင်းခေါင်းမျှ ပမာဏအထုအစုအပိုင်းအခြားဖြင့် ဂန္ဓကုဋိကို ဝန်းရံ၍ပရိဂ္ဂဏ်ကို ပြည့် စေ၏။ ဤသို့ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဂန္ဓကုဋိကို ဆောက်လုပ်လိုသော ထွေ ပြီးပြည့်စေ၍ အပရာဇိတ သူကြွယ်သည် နောင်တော် ဖြစ်သော မထေရ်သို့ချဉ်းကပ်၍''အရှင်ဘုရား၊ဂန္ဓကုဋိကား ပြီးပြည့်စုံပါပြီ။ထို ဂန္ဓ

ကုဋ္ဌိအား မြတ်စွာဘုရား လေးပါးယာပိုထ် မျှကြိုက်သုံးဆောင်တော်မူခြင်းကို တပည့်တော် တောင့်တပါ၏။ မြတ်စွာဘုရား လေးပါးယာပိုထ် မျှကြိုက်သုံးဆောင် တော်မူခြင်းဖြင့် တပည့်တော်အား ကြီးမားဖွံ့ဖြိုး အကျိုးပေးလို ကုသိုလ်ကောင်းမှု ဖြစ်ပါလိမ့်သတတ်'' ဟု လျှောက်ထား၏။ နောင်တော်ဖြစ်သော ထိုမထေရ်သည် မြတ်စွာဘုရား သို့ချဉ်းကပ်၍''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဒါယကာ သူကြွယ်သည် အရှင်ဘုရားတို့ သုံးဆောင်တော်မူရန် ရည်သန်တောင့်တ ဂန္ဓကုဋ္ဌိကို ပြုလုပ်ပါသတတ်။ ဤယခုအခါ၌ကား အရှင်ဘုရား၏ လေးပါးယာပိုထ် မျှကြိုက်သုံးဆောင် တော်မူခြင်းကို နှလုံးသွင်းအရ ပြည့်ကုန်ငအောင် တောင့်တ အလိုယှိပါကုန်၏''ဟု လျှောက်ကြား၏။ မြတ်စွာဘုရားသခင်သည် မျှရွှင်တိုင်းသာ နေရာမှထတော်မူ၍ ဂန္ဓကုဋ္ဌိသို့ ရှေးရှု ကြွသွားတော်မူပြီးသော် ကုဋ္ဌိကို ဝန်းရံ၍ ကြဲဖြန့်ထည့်ခင်းထားသော ရတနာအစုကို ကြည့်ရှုတော်မူလျက် တံခါးမုခ်၌ ရပ်တည်တော်မူ၏။ထိုအခါ မြတ်စွါဘုရားကိုယ်တော်မြတ်ကိုသူကြွယ်က''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ကြွဝင်တော်မူပါကုန်လော့''ဟု ကြားလျှောက်၏။ မြတ်စွာဘုရားသည် ထိုတံခါးမုခ်၌သာလျှင် တန့်ရပ်တည်နေတော်မူ၍ လျှောက်ထား တောင်းပန်သော စကားသုံးကြိမ်မြောက်၌ သူကြွယ်၏ နောင်တော်မထေရ်ကို ကြည့်ရှုတော်မူ၏။ ထိုမထေရ်သည် မြတ်စွာဘုရား ကြည့်ရှုတော်မူသော အခြင်းအရာဖြင့် သာလျှင် ကောင်းစွာ သိယှိ၍ ညီငယ်ဖြစ်သော သူကြွယ်ကို ''အမောင်ဒါယကာ၊ လာလှည့်ခဲ့လော့။ တပည့်တော်၏သာလျှင် အစောင့်အအရှောက်ဖြစ်ပါလတ္တံ့။အရှင်ဘုရားတို့သည်ချမ်းသာသည်အားလျော်စွာ သီတင်းသုံး နေမျှတော်မူပါကုန်လော့ဟု မြတ်စွာဘုရားကို အသင်လျှောက်ထား လေလော့''ဟု သင်ကြားပြောဆို၏။ ထိုသူကြွယ်သည် မထေရ်ပြောကြားသော စကားကိုကြား၍ မြတ်စွာဘုရားသခင်ကို ငါးပါးသော တည်ရာယှိသော ထိခြင်းဖြင့် ရှိခိုး၍ ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဥပမာသော်ကား ခရီးသွား လူတို့သည် သစ်ပင်ရင်းသို့ ဝင်ခိုတန့်နားကုန်၍ တစုံတရာ တွယ်တာ ငဲ့ကွက်ခြင်း မရှိကုန်ဘဲ

ဖဲသွားကုန်သကဲ့သို့၊ ဥပမာတနည်းသော်ကား မြစ်ကို ကူးသန်းကုန်သော လူတို့သည် မိမိတို့ တက်စီးရာ ဖြစ်သောဖေါင်ကို တစုံတရာ တွယ်တာဝဲ့ကွက်ခြင်း မရှိကုန်ဘဲ စွန့်ပစ်ကုန်သကဲ့သို့၊ ဤနည်းအတူ သာလျှင် တစုံတရာ တွယ်တာဝဲ့ကွက်ခြင်း မရှိကုန်မူ၍ အရှင်ဘုရားတို့သည် ကြွဝင်သုံးဆောင် နေမျှတော်မူပါကုန်လော့"ဟု လျှောက်ထား၏။

[အဘယ်အကျိုးငှါ မြတ်စွာဘုရားသည် ဂန္ဓကုဋိသို့ ပြကတေ့အတိုင်း မကြွဝင် ရပ်တော်မူ၍နေပါသနည်း မေးခဲ့သည်ယှိသော် မြတ်စွာဘုရားအား ဤသို့သော အကြံအစည်ယှိတော်မူသည်ဖြစ်ပေသတတ်။ အဘယ်သို့ ယှိသနည်း ဟူမူ၊ ဘုရားရှင်တို့၏ အထံတော်သို့ နံနက်အခါ၌ လည်းကောင်း၊ညနေချမ်း အခါ၌လည်းကောင်း များစွာသော သူတို့သည် လာရောက်ကြကုန်၏။ ထိုသူတို့သည် ရတနာတို့ကို ယူဝင်၍ ဖဲသွားကုန်ခဲ့သည် ယှိသော်ကား ငါတို့သည် တားမြစ်ခြင်းငှါ မတတ်ကောင်းချေ။ ပရိဝုဏ်၌ ဤမျှလောက်အတိုင်းအရှည် ယှိကုန်သော ရောပြွမ်းခင်းထား ရတနာအများတို့ကို မိမိ၏ အလုပ်အကျွေး ဒါယကာ ဒါယိကာမတို့ ဆောင်ယူကုန်သည်တို့ကိုမျှလည်း မတားမြစ် မပိတ်ပင်ကုန် ဟု အောက်မေ့နှလုံးသွင်း၍ သူကြွယ်တည် ငါဘုရားအပေါ်၌ ရန်ငြိုးဘွဲ့ခြင်းကိုပြု၍ အပါယ်ဘုံဘဝသို့ လားကပ်သည် ဖြစ်ပေရာ၏။ ဤသို့သော အကြံအစည် ယှိတော်မူပေသတတ်။ ဤသို့သော အကြောင်းကြောင့် မြတ်စွာဘုရားသခင်သည် မကြွဝင်ဘဲ ရပ်တည်၍ နေတော်မူသည်ဟု ဖြေကြားရာ၏။

ထိုကြောင့် ၎င်းအဌကထာ၌။ ။ကိမတ္ထံ ပန သတ္တာ အဌာသိ။ ဧဝံ ကိရဿ အဟောသိ၊ ဗုဒ္ဓါနံ သန္တိကံ ပုရေ ဘတ္တမ္ပိ ပစ္ဆာ ဘတ္တမ္ပိ ဗဟူ အာဂစ္ဆန္တိ၊တေသု ရတနာနိ အာဒါယ ပတ္တမန္တေသု ပန နသတ္တာ အမှေဟိ ဝါရိတုံ ပရိဝေဏမှိ ဧတ္တကေ ရတနေ ဝေါကိဏ္ဏေ အတ္တနော ဥပဌာကေ ဟရန္တေဝိန ဝါရေတီတိ ကုဋုမ္ဗိကော မယိ အာဃာတံ ကတ္ဝာ အာပါယူပဂေါ ဘဝေယ္ယုာတိ ဧုမိနာ ကာရဏေန အဌာသီတိ-ဟု မိန့်တော်မူ၏။

ထိုပါဠိ၏ အနက်ကား။ ။ပန၊ မြက်စွာဘုရား ရပ်တည်တော်မူခြင်း အကြောင်းကို ဆိုဦးအံ့။ ကိမတ္ထံ၊ အဘယ်အကျိုးငှါ။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အဋ္ဌာသိ၊ ရပ်တည်တော်မူပါသနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ။တသ္မာ၊ ထိုမြတ်စွာဘုရားအား။ ဧဝံ၊ ဤသို့သော စိတ်အကြံတော်သည်။ အဟောသိ ကိရ၊ ဖြစ်သတတ်။ကိံ အဟောသိ၊ အဘယ်သို့ဖြစ်သနည်းဟူမူ။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။သန္တိကံ၊အထံတော်သို့။ပုရေဘတ္တမ္ပိ၊နံနက်အခါဌ်လည်းကောင်း။ ပစ္ဆာဘတ္တမ္ပိ၊ ညနေချမ်းအခါဌ်လည်းကောင်း။ ဗဟူ၊ များစွာသော သူတို့သည်။အာဂန္ဆန္တိ၊ လာကြကုန်၏။ တေသု၊ ထိုသူတို့သည်။ ရတနာနိ၊ ရတနာတို့ကို။ အာဒါယ၊ ကောက်ယူ၍။ ပတ္တမန္တေသုပန၊ ဖဲသွားကုန်သည် ယိသော်ကား။ အမှေဟိ၊ ငါတို့သည်။ ဝါရိတုံ၊ တားမြစ်ခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်းကုန်။ပရိဝေဏမှိ၊ ပရိဝုဏ်၌။ တွေကေ၊ ဤမျအတိုင်းအရည် ယိုကုန်သော။ ဝေါကိဏ္ဏေ၊ ပြွမ်းကုန်သော။ ရဂနေ၊ ရတနာတို့ကို။ ဟရန္တေပိ၊ ဆောင်ယူသည်လည်း ဖြစ်ကုန်သော။အတ္ထနော၊ မိမိ၏။ဥပဋ္ဌာကေ၊ အလုပ်အကျွေးတို့ကို။ နဝါရေတိ၊ မတားမြစ်။ဣတိ မနသိကရိတ္ဝာ၊ ဤသို့ နှလုံးသွင်း၍။ ကုဋုမ္ဗိကော၊ ဒါယကာ သူကြွယ်သည်။ မယိ၊ ငါဘုရား၌။ အာဃာတံ၊ ရန်ငြိုးဘွဲ့ခြင်းကို။ ကတ္ဝာ၊ ပြု၍။ ဝါ၊ ပြုမိသောကြောင့်။ အပါယူပဂေါ၊ အပါယ်ဘုံဘဝသို့ လားကပ်သည်။ ဘဝေယျ၊ ဖြစ်ခဲ့ပေရာ၏။ ဣတိ၊ ဤသို့သော စိတ်အကြံတော်သည်။ အဟောသိ ကိရ၊ ဖြစ်သတတ်။ ဣမိနာ ကာရဏေန။ ဤသို့သော အကြောင်းကြောင့်။ သတ္ထာ၊ မြတ်စွာဘုရားသည်။အဋ္ဌာသိ၊ တန့်ရပ်တည်နေတော်မူ၏။ ဣတိ၊ ဤသို့။ဝိသဇ္ဇေတမ္ပေါ၊ဖြေဆိုအပ်၏။ ။ ဤကားအနက်]။

ထိုအပရာဇိတ သူကြွယ်က "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်၏သာလျှင် အစောင့် အရှောက် ဖြစ်ပါလတ္တံ့။ အရှင်ဘုရားတို့သည် ကြွဝင်ကော် မူပါကုန်လေ့" ဟု လျှောက်ထားသည်ယိသော်မြတ်စွာဘုရားသခင်သည် ကြွဝင်တော်မူ၏။သူကြွယ်သည်

အရပ်ထက် ဝန်းကျင်မှ အစောင့်အရှောက်ကို ထား၍ လူတို့ကို ပြောဆို မှာထား၏။ အဘယ်သို့ ပြောဆိုမှာထားသနည်း ဟူမူ။ အမောင်တို့၊ ရင်ခွင်ခါးပိုက်ဖြင့် လည်းကောင်း၊ ခြင်းတောင်းအိတ်တို့ဖြင့် လည်း ကောင်း၊ သယ်ပိုးယူဆောင်၍ သွားကုန်သောသူတို့ကို ပိတ်ပင်တားမြစ် ကြကုန်လော့။ လက်ဖြင့် ဆံ့လောက် ကောက်ယူ၍ သွားကုန်သောသူ တို့ကို မပိတ်ပင်မတားမြစ်ကြကုန်လင့်'' ဟု ပြောဆိုမှာထား၏။ ။မြို့၏ အတွင်း၌လည်းလှည့်လည်ပြောကြားစေ၏။အဘယ်သို့ လှည့်လည်ပြော ကြားစေသနည်းဟူမူ။ ''ငါသည် ဂန္ဓကုဋိ ပရိဝုဏ်၌ ရတနာ ခုနစ်ပါး တို့ကို သွန်းလောင်း ကြဖြန့်အပ်ကုန်၏။ မြတ်စွာဘုရား၏ အထံတော်၌ တရားတော်ကို ကြားနာ၍ သွားကုန်သော အထီးကျန်မွဲ ဆင်းရဲသော လူတို့သည် နှစ်ဖက်ကုန်သော လက်တို့ကို ပြည့်စေ၍ ကောက်ယူကြစေ ကုန်သတည်း။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော လူတို့သည်လည်း တဖက်သော လက်ဖြင့် ကောက်ယူစေကုန်သတည်း'' ဟု လှည့်လည် ပြောကြားစေ၏။

[ယင်းသို့ လှည့်လည် ပြောကြားစေခြင်း အကြောင်းကား။ ။ထို သူကြွယ်အား ဤသို့သော အကြီအစည် ယှိသည်ဖြစ်လေသတတ်။ အဘယ်သို့ အကြီအစည် ယှိသနည်းဟူမူ။ ''သဒ္ဓါတရား တက်ပွါး ကြည်ညိုခြင်း ယှိကုန်သော သူတို့သည် တရားတော်ကို ကြားနာ ခြင်းငှါ အလိုယှိကုန်သည်ဖြစ်၍ ရှေးဦးစွာ သွားကြကုန်လတ္တံ့သာ လျှင်တည်း။သဒ္ဓါတရား နည်းပါးလေဘိ မရှိသော လူတို့သည်ကား ပစ္စည်းဥစ္စာ အာသာဖိုင်ငင် လိုချင်သောလောဘကြောင့်လာရောက် ကြကုန်လျက် တရားတော်ကို ကြားနာရ ကုန်၍ ဆင်းရဲခြင်း အပေါင်းမှ လွတ်မြောက်ရပေကုန်လတ္တံ့'' ဟု ဤသို့သော အကြီ အစည်ယှိပေသတတ်။ ထိုကြောင့် လူများအပေါင်းကို ချီးမြှောက် ခြင်း အကျိုးငှါ ဤသို့လှည့်လည် ပြောကြားစေ၏။

ထိုကြောင့် ၎င်းအဌကတာ၌။ ။ဧဝံ ကိရဿ အဟောသိ။သဒ္ဓါ တာဝ ဓမ္မံ သောတုကာမာ ဂမိဿန္တိယေဝ၊ အသဒ္ဓါ ပန ဓန

၂၀၆ ဓမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမှူ)။

လောဘေနာ ဂန္ဓာ ဓမ္မံ သုတွာ ဒုက္ခတော မုစ္စိဿန္တိ၊ တသ္မာ ဇနသင်္ဂဟတ္ထာယ ဧဝံ အာရောစာပေသိ-မိန့်တော်မူ၏။

အနက်ကား။ ။အဿ၊ ထိုအပရာဇိဟ သူကြွယ်အား။ ဧဝံ၊ ဤသို့သော စိတ်အကြံသည်။ အဟောသိကိရ၊ ဖြစ်ပေသတတ်။ ကိံ အဟောသိ၊ အဘယ်သို့ဖြစ်ပေသနည်းဟူမူ။ သဒ္ဓါ၊ ရတနာသုံးပါး ဂုဏ်ကို ယုံကြည်ခြင်း ယိုကုန်သော လူတို့သည်။ ဓမ္မံ၊ ဘုရားဟော ဖေါ် တရားတော်ကို။ သောတုကာမ၊ ကြားနာခြင်းငှါ အလိုယို့ကုန်သည်ဖြစ်၍။ တာဝ၊ ရှေးဦးစွာ။ ဂဓိဿန္တိ ယေဝ၊ သွားကုန်အံ့သာလျင်ကတည်း။အသဒ္ဓါပန၊ ရုတနာသုံးပါးဂုဏ်ကို ယုံကြည်ခြင်းမရှိကုန်သော လူတို့သည်ကား။ ဓနလောဘေန၊ ပစ္စည်း ဥစ္စာ၌ လိုချင်တပ်မက်သော လောဘကြောင့်။ အာဂန္ဆာ၊ ဘုရားထံသာ ကျောင်းတော်သို့ လာကုန်၍။ဓမ္မံ၊ဘုရားဟောဖေါ်တရားတော်ကို။ သုတွာ၊ ကြားနာရကုန်၍။ ဒုက္ခတော၊ ဆင်းရဲအစုမှ။ မုစ္စိဿန္တိ၊ လွတ်မြောက်ကုန်လတ္တံ့။ ဇုတိ၊ ဤသို့ စိတ်အကြံသည်။ ယသ္မာ၊ အကြင့်ကြောင့်။ အဟောသိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဇနသင်္ဂဟတ္ထာယ၊ လူအပေါင်းကို ချီးမြှောက်ခြင်း အကျိုးငှါ။ ဧဝံ၊ ဤသို့သော အခြင်းအရာဖြင့်။ အာရောစာပေသိ၊ လှည့်လည် ပြောကြားစေ၏။ ။ဤကားအနက်၊။

များစွာသော လူအပေါင်းသည် လှည့်လည်ပြောကြား စကားအမှတ်ဖြင့်သာလျင် ရတနာတို့ကို ကောက်ယူလေ၏။ တကြိမ်တခါ ကြဲရာကုန်မြောက် ကောက်ယူအပ်သော ရတနာတို့၌ သုံးကြိမ်တိုင်အောင် သားလုံးမြင်းခေါင်း အကြောင်းအရေးအစု အထု အယှိဖြင့် ကြဲဖြန့်စေပြန်၏။ မြတ်စွာဘုရား ခြေတော်ရင်း၌ကား သခွါးသီးမျှ ပမာဏယှိသော အာဋိး အတိုင်းမသိ ထိုက်တန်သော ပတ္တမြား ရာနာကို ထား၏။

[ပတ္တမြားရတနာ ထားခြင်းအကြောင်းကား။ ။ထိုအပရာဇိဟ တသူကြွယ်အား ဤသို့သော စိတ်အကြံ ယှိသည် ဖြစ်ပေသတတ်။

အဘယ်သို့သော စိတ်အကြီ ယှိသနည်းဟူမူ။ မြတ်စွာဘုရား၏ ကိုယ်တော်မှထွက်သော ရွှေအဆင်းကဲ့သို့ အဆင်း ဟိုတော်မူသော အရောင်တော်နှင့် အတူတကွ ပတ္တမြားရတနာ၏ အရောင်ကို တွေ့မြင်ကြည့်ရှုရ ကုန်သော သူတို့အား တင်းတိမ်ရောင့်ရဲနိုင်ခြင်း မည်သည် မဖြစ်ပေလတ္တံ့ဟူသော စိတ်အကြီသည်ဖြစ်၏။ ထိုကြောင့် ပတ္တမြားရတနာကို မြတ်စွာဘုရား ခြေတော်ရင်း၌ ထားခြင်းကို ပြုလေသတည်း။

ထိုကြောင့် ၎င်းအဌကထာ၌။ ။ဧဝံ ကိရဿ အဟောသိ၊ သတ္ထု သရီရတော သုဝဏ္ဏဝဏ္ဏာယ ပဘာယ သဒ္ဓိံ မဏိပဘံ ဩလောကေန္တာနံ တိတ္တိနာမ နဘဝိဿတီတိ၊တသ္မာ ဧဝမကာသိ ဟု မိန်တော်မူ၏။

အနက်တား။ ။အဿ၊ ထိုအပရာဇိတ သူကြွယ်အား။ ဧဝံ၊ ဤသို့သော စိတ်အကြီသည်။ အဟောသိကိရ၊ ဖြစ်သတတ်။ ကိံ အဟောသိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူ။ သတ္ထုသရီရတော၊ မြတ်စွာဘုရား၏ ကိုယ်တော်မှ။ နိဂ္ဂတာယ၊ ထွက်ကြသော။ သုဝဏ္ဏဝဏ္ဏာယ၊ ရွှေ၏အဆင်းကဲ့သို့သော အဆင်းယှိသော။ ပဘာယ၊ အရောင်တော်နှင့်။ သဒ္ဓိံ၊တကွ။ မဏိပဘံ၊ ပတ္တမြား အရောင်ကို။ ဩလောကေန္တာနံ၊ ကြည့်ရှုဖူးမျှော်ကုန်သော သူတို့အား။ တိတ္တိနာမ၊ ရောင့်ရဲခြင်းမည်သည်။ နဘဝိဿတိ၊ မဖြစ်လတ္တံ့။ ဧတိဧဝံ၊ ဤသို့သော စိတ်အကြီသည်။အဟောသိ၊ဖြစ်၏။ တသ္မာ၊ထိုကြောင့်။ ဧဝံ၊ ဤသို့ဆိုခဲ့ပြီးသောအတိုင်း။ အကာသိ၊ ပြုလေသတည်း။ ။ ဤကားအနက်]။

လူများအပေါင်းသည်လည်း မရောင့်ရဲနိုင်သည် ဖြစ်၍သာလျှင် ဖူးမျှော်ကြည့်ရှု၏။ထိုနောက် တနေ့သောအခါ၌ တယောက်သော မိစ္ဆာဒိဋ္ဌိပုဏ္ဏားသည် မြတ်စွာဘုရား၏ ခြေရင်းတော်၌ အဘိုးအတိုင်းမသိ ထိုက်သော ပတ္တမြားရတနာကို ထားသတဲ့ဟု ကြားသိ၍ ပတ္တမြားရတနာကိုဆောင်ယူအံ့ဟု ကြံစည်ပြီးလျှင် ကျောင်းတော်သို့သွား၍ မြတ်စွာဘုရား သခင်ကို ဖူးမျှော်ရှိခိုးခြင်းငှါ ချဉ်းကပ်သော လူများအပေါင်း၏

၂၀၈ ဓမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမှ)။

အကြားဖြင့် ဝင်သွား၏။ သူကြွယ်သည် ထိုပုဏ္ဏား၏ ဝင်သွားပေသော အခြင်းအရာ ဖြင့်သာလျှင် ပတ္တမြားကို ယူခြင်းငှါ အလိုယှဉ်လေဘိသည်ဟု အောက်မေ့ထင်မှတ်၍ ပတ္တမြားကို မယူပါမူကား သြဝ်-ကောင်းလေစွဟုကြံစည်၏။ ထိုပုဏ္ဏားသည်လည်း မြတ်စွာဘုရားကို ရှိခိုးဘိသကဲ့သို့ ခြေတော်ရင်း၌ လက်ကို ညွှတ်စေ၍ ပတ္တမြားကိုယူ၍ အောက်ပိုးကျိုက်သော ပုဆိုးအတွင်းသို့ သွင်းညှပ်သည်ကိုပြု၍ ဖဲသွား၏။ သူကြွယ်သည် ပတ္တမြားကို ယူသွားသော ထိုပုဏ္ဏား၌ စိတ်ကို ကြည်ညိုစေခြင်းငှါ မစွမ်းနိုင်။ ထိုသူကြွယ်သည် တရားစကား ဟောကြားအားလုံး အပြီးအဆုံး၌ မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် သုံးကြိမ်တိုင်တိုင် ဂန္ဓကုဋိကို ဝန်းရံ၍ ဒုးဝန်းမြင်းခေါင်း ထိကောင်းအစု အထုယှိသော ရတနာ ခုနစ်ပါးတို့ကို ကြဲဖြန့်ခင်းထား ပါကုန်၏။ တပည့်တော်အား ထိုရတနာ တို့ကို ကောက်ယူကုန်သော ထိုလူတို့၌ အမျက်ဒေါသ တက်ကြွ ဖြစ်ပွါးခြင်းမည်သည် မဖြစ်ပါ။ တပည့်တော်၏ စိတ်သည် လွန်စွာလွန်စွာကိုးပွါးကာ ကြည်ညိုသည်သာလျှင်တည်း။ ယနေ့ဖြစ်လာ ဤအခါ၌ကား ဤပုဏ္ဏားသည် ပတ္တမြားကို မယူပါမူကား သြဝ်– ကောင်းလေစွဟု တောင့်တ ကြံစည်စဉ် ထိုပုဏ္ဏားသည် ပတ္တမြားကိုယူ၍သွားသည်ယိုသော် စိတ်ကိုကြည်ညိုစေခြင်းငှါ မစွမ်းနိုင်ပါ''ဟု လျှောက်ထား၏။ မြတ်စွာ ဘုရားသည် ထိုသူကြွယ် လျှောက်ထားသော စကားကို ကြားတော်မူ၍ ''အိ- ဥပါသကာ၊ မိမိ၏ ပစ္စည်းဥစ္စာကို သူတပါးတို့ မယူမဆောင်နိုင် ခြင်းကို ပြုခြင်းငှါ မစွမ်းနိုင်ပါသလော''ဟု နည်းပေးတော်မူ၏။ထိုသူကြွယ်သည် မြတ်စွာဘုရား ပေးသနားတော်မူသော နည်း၌တည်၍ မြတ်စွာဘုရား သခင်ကို ကြည်လင်ညွှတ်တုပ် လက်အုပ်ချီမိုး ရှိခိုးပြီးသော် ''ယနေ့ကိုအစပြု၍တပည့်တော်၏ ပစ္စည်းဥစ္စာကို မိန်ဆွာချည်မျှင် မျက်ိုလည်း တပည့်တော်ကို လွှမ်းမိုးနှိပ်နင်း၍ အရာမကသော မင်းတို့သည်လည်းကောင်း၊ အရာမကသော ခိုးသူတို့သည် လည်းကောင်း ယူခြင်းငှါ စွမ်းနိုင်ကုန်သော မည်သည် မဖြစ်ပါစေကုန်သတည်း။ မိုးသည်လည်းတပည့်တော်၏ ပစ္စည်းဥစ္စာကို

မလောင်မြိုက်နိုင်ပါစေသကည်း။ ရေဖြင့်လည်း လွှမ်းမိုးမချမျော နိုင်ပါစေသတည်း''ဟု ဆုကောင်းပတ္ထနာခြင်းကို ပြု၏။ မြတ်စွာဘုရားသခင် သည်လည်း ထိုသူကြွယ်အား ''အသင် ဤသို့ ဆုတောင်း ပန်ဆင်သည့် အတိုင်းဖြစ်စေသတည်း''ဟု အနုမောဒနာကို ပြုတော်မူ၏။ ထိုသူကြွယ် သည် ဂန္ဓကုဋီကျောင်းကော် ပူဇော်ပွဲကိုပြုလုပ်လျက် ခြောက်သန်း ရှစ်သိန်းကုန်သော ရဟန်းဘော်တို့ကို ကျောင်းတိုက် အတွင်း၌ သာလျှင် ကိုးလတို့ပတ်လုံး ကြီးစွာသောအလှူကို ပေးလှူ၍ အလှူ၏ အပြီးအဆုံး၌ အလုံးစုံသော ရဟန်းတို့အား သုံးထည်သော သင်္ကန်းကို ပေးလှူ၏။ ထေရ၀ါအငယ်ဆုံးဖြစ်သောသံဃာဟော်၏ သင်္ကန်းလျာပုဆိုးတို့သည် အဘိုးတသိန်းထိုက်သည် ဖြစ်ကုန်၏။ ထိုအပရာဇိတ သူကြွယ်သည် ဤသို့လျှင် အသက်ရှည်သမျှကာလပတ်လုံး ကုသိုလ်ကောင်းမှုတို့ကိုပြုလုပ်၍ ထိုဘ၀မှစုတေ့ခဲ့သည်ယှဉ်သော် နတ်ပြည်၌ဖြစ်၍ ဤမျှ အတိုင်းအရှည် ယှဉ်သောကာလပတ်လုံး နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်ခဲ့၍ ဤမြတ်စွာဘုရား ပွင့်တော်မူသော လက်ထက်တော်အခါ ရာဇဂြိုဟ် ပြည်ဝယ် တဦးသော သေဋ္ဌေးအမျိုး၌ ပဋိသန္ဓေ တည်နေစဉ်ယူ၍ လခွဲ အလွန်ယှဉ်သော ကိုးလဖြင့် မိခင်၏ဝမ်းတိုက်၌ ကိန်းပိုက် တည်နေရလေ၏။

ပစ္စုပ္ပန်ဘ၀ ဇောတိကသေဋ္ဌေး အကြောင်း၊

ထိုသူငယ်၏ မွေးဖွားသော နေ့၌ကား အလုံးစုံသော မြို့၌ အလုံးစုံသော လက်နက်တို့သည် အလျှံပြောင်ပြောင် တောက်ကုန်၏။ အလုံးစုံသော သူတို့၏ကိုယ်၌ ဝတ်ဆင် ယားအပ်ကုန်သော တန်ဆာတို့သည်လည်း အလျှံပြောင်ပြောင် တောက်လောင် ကုန်ဘိသကဲ့သို့ အရောင်ကို လွှတ်ကုန်၏။ ရာဇဂြိုဟ်မြို့သည် တပြိုင်နက်တည်းသော အရောင်အလင်းယှဉ်သည်ဖြစ်လေ၏။ သေဋ္ဌေးကြီးသည်ကား နံနက်စောစောကသာလျှင် ပြည့်ရှင်မင်းကြီးအား ခစားခြင်းသို့ သွား၏။ ထိုအခါ ပြည့်ရှင်မင်းမြတ်က ထိုသေဋ္ဌေးကြီးကို ''ယနေ့အလုံးစုံသော လက်နက်တို့သည် အလျှံတောက်ကုန်၏။ မြို့သည်တပြိုင်နက်တည်းသော အလင်းအရောင်ဖြစ်၏။ ဤသို့ဖြစ်ရာ၌ အကြောင်းကို သိပါ၏လော''ဟု မေးတော်မူ၏။ ''အရှင်

မင်းမြတ်၊ သိပါ'၏'' ဟု လျှောက်ကင်၏။ ''သေဋ္ဌေးကြီး၊ အကြောင်း အသို့နည်း''ဟု မေးတော်မူပြန်သဖြင့်''အရှင်မင်းမြတ်၊ အကျွန်ုပ်၏အိမ ဋ္ဌ ''အရှင်မင်းမြတ်၏ကျေးတော် ကျွန်တော်မျိုးဖြစ်သော သူငယ်ဖွါးမြင် ပါသည်။ ထိုသူငယ်၏ ကောင်းမှုအကျိုး တန်ခိုးရှိန်စော် အာနုဘော် ကြောင့်သာလျှင် ဖြစ်ပါ၏'' ဟု တင်လျှောက်၏။ ''အသို့ပေနည်း၊ ထို သူငယ်သည် ခိုးသူဖြစ်လတ္တံ့လော'' ဟု မေးတော်မူပြန်သဖြင့် ''အရှင် မင်းမြတ်၊ မကောင်းဆိုးမှု ခိုးသူ ဖြစ်အံ့သော ထိုအကြောင်း မရှိပါ၊ ကောင်းမှုရှိသော ပြုအပ်ပြီးသော ဆုတောင်းပတ္ထနာ ယိုသော သတ္တဝါ ဖြစ်ပါသည်'' ဟု ကင်လျှောက်၏။ ''ထိုသို့ ဖြစ်တပြီးကား သူငယ်ကို ကောင်းစွာ မွေးမြူခြင်းငှါသင့်လျော် လျောက်ပတ်အပ်တော့၏။ ဤမျှ လောက်ကား သူငယ်၏ နို့ဘိုးဖြစ်စေသတည်း'' ဟု မိန့်ဆိုတော် မူ၍ နွေတိုင်းနွေတိုင်း အသပြာတထောင်ကို ချီးမြှင့်ပေးမှု ဆုလာဘ်တော် ကို ဖြစ်စေ၏။ ထိုနောက် ထိုသူငယ်အား အမည်ကို မှည့်ယူအံ့သော နှင့် အလုံးစုံသော မြို့၏ တပြိုင်နက် တည်းသော အလင်း အရောင် ထွန်းပြောင် တောက်ပသည့် အဖြစ်ကြောင့် ဇောတိကဟူ၍ သာလျှင် အမည်ကို မှည့်ခေါ်ပြုလုပ်ကုန်၏။ ထိုနောက် ဇောတိက သူငယ်အရွယ် သို့ ရောက်သောအခါ၌ နေအိမ်ကို ပြုပြင်ဆောက်လုပ်ခြင်း အကျိုးငှါ အိမ်ယာ မြေအပြင်ကို သုဓံသင် ရှင်းလင်းအပ်သည် ယိုသော် သိကြား မင်း၏ နေရာသည့် ပူလောင်သော အခြင်းအရာကိုပြ၏။ သိကြားမင်း သည် ဤပူလောင်သော အခြင်းအရာကား အကြောင်းအဘယ်သို့နည်း ဟု ကြည့်ရှုထောက်လှမ်း စုံစမ်းဆင်ခြင်သည်ယိုသော် ဇောတိက၏ နေ အိမ်တည်ရာ အရပ်ကို သိမ်းဆည်းပြုလုပ် သုဓံသင်ကြကုန်သတည်း ဟု သိ၍ ဤဇောတိက လုလင်သည် ထိုသူကို ဆောက်လုပ် ပြုပြင်အပ်သော နေအိမ်၌ မနေပေလတ္တံ့။ ငါသည့် ထိုအရပ်သို့ ချဉ်းကပ် သွားရောက် ခြင်းငှါ သင့်၏ဟု ကြံဆင်ခြင်လျက် လက်သမား၏အသွင်ဖြင့် ထိုအရပ် သို့ သွားရောက်၍ ''အဘယ် အမှုကို ပြုလုပ်ကုန်ဘိသနည်း'' ဟု မေး မြန်း ပြောဆို၏။ ''ဇောတိက၏ အိမ်နေရာအရပ်ကို သတ်မှတ်သုဓံသင် ပြုပြင် သိမ်းယူပါ ကုန်၏''ဟု ပြောဆိုကြသောအခါ ''အသင်တို့သည်

ဖရှောင်ကုန်လော့။ အသင်တို့စိမံပြုလုပ်အပ်သော နေအိမ်၌ ဇောတိကသည် မနေပေလတ္တံ့''ဟု ပြောဆို၍ တဆယ့်ခြောက်မင်းပယ် ပြန့်ကျယ်သတ်မှတ် မြေအရပ်ကို ကြည့်ရှု၏။ သိကြားမင်း ကြည့်ရှုရာ မြေမျက်နှာအပြင်ဖြစ်သော ထိုမြေအရပ်သည် သန့်ပြန့် ညီစွန်း ကသိုဏ်းဝန်းကဲ့သို့ ညီညွတ်သည် ဖြစ်လေ၏။''တဖန်၌မြေနေရာအရပ်၌ မြေကြီးကိုဖေါက်ခဲ့၍ ခုနစ်ပါးသော ရတနာတို့ဖြင့် အတိပြီးသော ဘုံခုနစ်ဆင့်ယိုသော ပြာသာဒ်ကြီးလျင်စွာထမြောက်ထွက်ပေါက်စေသတည်း''ဟု ကြံစည်၍ ကြည့်ရှုပြန်၏။ထိုခဏသာလျင်ပြာသာဒ်သည်ထပေါက်လေ၏။ ''တဖန်၌ပြာသာဒ်ကို ဝန်းရံ၍ ခုနစ်ထပ်ကုန်သော တံတိုင်းတို့သည် ထပေါက်စေကုန်သတည်း'' ဟု ကြံစည်ကြည့်ရှုပြန်၏။ ကြံစည်သည်အတိုင်း ထိုသို့သဘောယိုကုန်သော ခုနစ်ထပ်ကုန်သော တံတိုင်းတို့သည် ထပေါက်ကုန်၏။ ထိုနောက်''ထိုတံတိုင်းတို့၏ အဆုံးစွန် အဆုံးစွန်၌ ပဒေသာပင်တို့သည် ထပေါက်စေကုန်သတည်း'' ဟု ကြံစည်လျက် ကြည့်ရှုပြန်၏။ ကြံစည်သည်အတိုင်း ထိုသို့ သဘောယိုကုန်သော ပဒေသာပင်တို့သည် ထွက်ပေါက်ကုန်၏။ ''ပြာသာဒ်၏ လေးခုကုန်သော အထောင့်တို့၌ လေးလုံးကုန်သော ရွှေအိုးကြီးတို့သည်ထပေါက်စေကုန်သတည်း''ဟု ကြံစည်ကြည့်ရှုပြန်၏။အောက်၌ ဖေါ်ပြအပ်ပြီးသော ကြံစည်အပ်သော အလုံးစုံသည် ထိုကြံစည်တိုင်းသာလျင် ဖြစ်၏။ ရွှေအိုးကြီးတို့တွင် တလုံးသော ရွှေအိုးဘည် တယူဇနာ၊ တလုံးသော ရွှေအိုးသည် သုံးဂါဝုတ်၊ တလုံးသောရွှေအိုးသည် ယူဇနာဝက်၊တလုံးသော ရွှေအိုးသည် တဂါဝုတ် အတိုင်းအရှည်ယိုသည် ဖြစ်ပေ၏။

[ဘုရားအလောင်းတော် သိဒ္ဓတ္ထကုမာရအား ဖြစ်သော ရွှေအိုးတို့၏ကား တူမျှသော မျက်နှာရေးဝအတိုင်းအရှည်ယို၏။ အောက်အဘို့၌ မြေကြီးအထု အဆုံးယိုသည်သာလျင် ဖြစ်ကုန်၏။ ဇောတိကအား ဖြစ်ပေါ်သောရွှေအိုးတို့၏ မျက်နှာရေးဝအတိုင်းအရှည်ကို မဆိုမမိန့်ချေ။

ထိုကြောင့် ၎င်းအဋ္ဌကထာ၌။ ။ဗောဓိသတ္တဿ နိဗ္ဗတ္တကုမ္ဘိနံ ပန ဇကမုခပ္ပမာဏံ အဟောသိ၊ဟေဋ္ဌာ ပထဝိ ပရိယန္တာဝ အဟော

၂၉၂ ဓမ္မပဒဝတ္ထုတော်ကြီး။ (ဆရာတော်-အသျင်စန္ဒိမာမ)

သုံ၊ ဇောတိကဿ နိဗ္ဗတ္တကုမ္ဘိနံ မုခပရိမာဇာံ နကထိတံ-ဟု မိန့်တော်မူ၏။

အနက်ကား။ ။ဗောဓိသတ္တဿ၊ ဘုရားအလောင်း တော်အား နိဗ္ဗတ္တကုမ္ဘိနံပန၊ ဖြစ်ပေါ်ကုန်သော ရွှေအိုးကြီးတို့၏ကား။ ။ကေ မုခပ္ပမာဇာံ၊တူသောမျက်နှာရေးဝအတိုင်းအရှည်ယှိသည်။အဟော သိ၊ ဖြစ်ပြီ။ ဟေဋ္ဌာ၊အောက်၌။ ပထဝိပရိယန္တာဝဝ၊ မြေကြီးအဆုံး ဟိုကုန်သည်သာလျှင်။ အဟောသုံ၊ ဖြစ်ကုန်ပြီ။ ဇောတိကဿ၊ ဇော တိကအား။ နိဗ္ဗတ္တကုမ္ဘိနံ၊ ဖြစ်ပေါ်သော ရွှေအိုးကြီးတို့၏။ မုခပရိ မာဇာံ၊မျက်နှာရေးဝ အတိုင်းအရှည်ကို။ နကထိတံ၊ မဆိုအပ်။ ။ ဤကားအနက်၊။

အလုံးစုံသော ရွှေအိုးတို့သည် မျက်နှာရေးဝကို လှီးဖြတ်၍ ထားအပ်သော ထန်းသီးကဲ့သို့ အညီအတို ပြည့်ကုန်သည် ဖြစ်၍သာလျှင် ထပေါက်ကုန်၏။ ပြာသာဒ်၏ လေးခုကုန်သော အထောင့်တို့၌ ပျိုနေသော ထန်းပင်လုံးခန့် ပမာဏယှိကုန်သောရွှေဖြင့် ပြီးကုန်သော လေးခုကုန်သော ကြိုချောင်းတို့သည် ဖြစ်ကုန်၏။ ထိုကြိုချောင်းတို့၏ ပတ္တမြားဖြင့် တခဲနက်ပြီးကုန်သော အရွက်တို့သည် ရွှေစင်ဖြင့် တခဲနက်ပြီးကုန်သော ပင်စည်တို့သည် ဖြစ်ကုန်၏။

[ထိုကြိုပင်တို့ ဖြစ်ပေါ်လာခြင်းတို့ကား ထိုဇောတိက၏ ရှေးဦးပြာဘူးသော ကောင်းမှုကံကို ဖေါ်ပြခြင်း အကျိုးငှါ ဖြစ်ပေါ်ကုန်သတတ်။

ထိုကြောင့် ၎င်းအဋ္ဌကထာဌ်။ ။ပုဗ္ဗကမ္မဿ ဒဿနတ္ထံ ကိရေ တာနိ နိဗ္ဗတ္တိံသု-ဟု မိန့်တော်မူ၏။

အနက်ကား။ ။တာနိ၊ ထိုကြိုပင် ကြိုချောင်းတို့သည်။ ပုဗ္ဗ ကမ္မဿ၊ ရှေးဦးပြုခဲ့သော ကောင်းမှုကံကို။ ဒဿနတ္ထံ၊ ပြခြင်းအကျိုးငှါ။နိဗ္ဗတ္တိံသုကိရ၊ ဖြစ်ပေါ်လာကုန်သတတ်။ ။ဤကားအနက်]။

ခုနစ်ထပ်ကုန်သော တံတိုင်းတံခါးမုခ်တို့၌ ခုနစ်ဦးကုန်သောဘီလူးတို့သည် အစောင့်အရှောက်ကို ယူကုန်၏။ ရှေးဦးစွာသော တံခါးမုခ်၌ ယမကောဋိအမည်ယှိသောဘီလူးသည် မိမိ၏အခြေအရံဖြစ်သောဘီလူး

တထောင်နှင့် အတူတကွ အစောင့် အရှောက်ကို ယူ၏။ နှစ်ခုမြောက်သော တံခါးမုခ်၌ ဥပ္ပလအမည်ယှိသော ဘီလူးသည် မိမိ၏ အခြွေအရံဖြစ်ကုန်သော ဘီလူးတို့၏ နှစ်ထောင် တို့နှင့် အတူ တကွ အစောင့် အရှောက်ကိုယူ၏။ သုံးခုမြောက်သောတံခါးမုခ်၌ဝဇိရအမည်ယှိသော ဘီလူးသည် မိမိ၏အခြွေအရံဖြစ်ကုန်သောဘီလူးတို့၏ သုံးထောင်တို့နှင့် အတူတကွ အစောင့် အရှောက်ကို ယူ၏။ လေးခုမြောက်သော တံခါးမုခ်၌ ဝဇိရဗာဟု အမည်ယှိသောဘီလူးသည် မိမိ၏ အခြွေအရံ ဖြစ်ကုန်သော ဘီလူးတို့၏လေးထောင်တို့နှင့်အတူတကွ အစောင့် အရှောက်ကို ယူ၏။ ငါးခုမြောက်သော တံခါးမုခ်၌ ကသကန္ဒအမည်ယှိသော ဘီလူးသည် မိမိ၏အခြွေအရံဖြစ်ကုန်သော ဘီလူးတို့၏ ငါးထောင်တို့နှင့်အတူတကွ အစောင့်အရှောက်ကိုယူ၏။ ခြောက်ခုမြောက်သော တံခါးမုခ်၌ ကဋ္ဌတ္ထအမည်ယှိသော ဘီလူးသည် မိမိ၏ အခြွေအရံဖြစ်သော ဘီလူးတို့၏ ခြောက်ထောင်တို့နှင့်အတူတကွ အစောင့်အရှောက်ကိုယူ၏။ခုနစ်ခုမြောက်သော တံခါးမုခ်၌ ဒိသာပါမုခအမည်ယှိသော ဘီလူးသည် မိမိ၏ အခြွေအရံ ဖြစ်ကုန်သော ဘီလူးတို့၏ ခုနစ်ထောင်တို့နှင့် အတူတကွ အစောင့်အရှောက်ကိုယူ၏။ ဤသို့ပြဆိုခဲ့ပြီးသည် အတိုင်း ပြာသာဒ်၏ အတွင်း၌ လည်းကောင်း, အပြင်၌ လည်းကောင်း မြဲမြံသော အစောင့် အရှောက် ယှိသည်ဖြစ်၏။ ။"ဇောတိက လုလင်အား ရတနာ ခုနစ်ပါး အတိပြီးသော ဘုံ ခုနစ်ဆင့် ယှိသော ပြာသာဒ် ကြီးသည် မြေမှ ထပေါက်သတဲ့။ ခုနစ်ထပ်ကုန်သော တံတိုင်း၊ခုနစ်ခုကုန်သော တံခါးမုခ်၊ လေးလုံးကုန်သော ရွှေအိုးကြီး တို့သည် မြေကြီးမှ ထပေါက်ကုန်သတဲ့" ဟု ကြားသိတော် မူ၍ ဗိမ္ဗိသာရ မင်းကြီးသည် သေဋ္ဌေးတို့၏ အဆောင်အရွက်ဟု ဆိုအပ်သော ထီးကို ပေးပို့ စေလွှတ်၏။ ထိုအခါ ဇောတိကလုလင်သည် ဇောတိကသေဋ္ဌေး မည်သည် ဖြစ်လေ၏။ ။ ထိုဇောတိကသေဋ္ဌေးနှင့်အတူတကွ ပြုအပ်ပြီးသော ကောင်းမှုယှိသော အိမ်ရှင်ခင်ပွန်း မိန်းမသည်ကား ဥတ္တရကုရုကျွန်းတို့၌ ဖြစ်နေ၏။ ထိုအခါ နတ်တို့သည် ထိုဥတ္တရကုရု ကျွန်းသူကို ထိုဥတ္တရကုရု ကျွန်းမှ ဆောင်ယူခဲ့ကြ၍ အသရေယှိသော့ တိုက်ခန်း၌ နေစေကုန်၏။ ထိုမိန်းမ

သည် လာခဲ့သည် ယိုသော် တကွမ်းစားသော ဆန်ကို လည်းကောင်း၊ ဇောတိပါသာဏ အမည်ရသော ပတ္တမြား ကျောက်ခုံလောက် သုံးလုံးတို့ကို လည်းကောင်း၊ ယူဆောင်ခဲ့၏။ ထိုသေဋ္ဌေးနှင့် သေဋ္ဌေးကတော် တို့အား အသက်ရှည်သမျှကာလပတ်လုံး ထိုတကွမ်းစားသော ဆန်ဖြင့် သာလျှင် ချက်အပ်သောထမင်းသည် ဖြစ်၏။ ထိုသူတို့အား လှည်းအစီး ကရာကိုလည်း ဆန်တို့ဖြင့်အကယ်၍ ပြည့်စေခြင်းငှါ အလိုယိုကုန်သည် ဖြစ်အံ့။ ထိုသို့ အလိုယိုသည် ဖြစ်စေကာမူ ထို တကွမ်းစားသော ဆန် သာလျှင် ဖြစ်၍တည်၏။ ထမင်းကိုချက်သောအခါ၌ ဆန်တို့ကို အိုးခွက်၌ထည့်၍ ထိုပတ္တမြားကျောက်ခုံလောက်တို့၏ အထက်၌ ဟင်ထားကုန်၏။ ပတ္တမြားကျောက်တို့သည် ထိုဟင်ထားသော ခဏ၌သာလျှင် အလျှံတောက်ပြောင်၍ ထမင်းကျက်ကာမျှ၌ အလျှံငြိမ်းကုန်၏။ ထိုသို့သော အမှတ်ဖြင့် သာလျှင် ထမင်း၏ ကျက်သော အဖြစ်ကို သိကုန်၏။ ဟင်းစသည်ကို ချက်ရာ၌ လည်း ဤနည်းအတိုင်း သာလျှင်တည်း။ ဤသို့လျှင် ထိုသေဋ္ဌေးဇနီးခင်ပွန်းတို့အား ပတ္တမြားကျောက်တို့ဖြင့်အာဟာရသည် ကျက်၏။ ပတ္တမြား အလင်းရောင် ဖြင့်လည်း နေမျှကုန်၏။ မီး၏ လည်းကောင်း၊ ဆီမီး၏ လည်းကောင် အလင်းရောင်ကို မသိကြကုန်။ ''ဇောတိက သေဋ္ဌေးအား ဤသို့ သဘောယိုသော စည်းစိမ် ချမ်းသာသည် ဖြစ်သတဲ့'' ဟု အလုံးစုံသော ဇမ္ဗူဒီပ၌ ထင်ရှားသည် ဖြစ်၏။ များစွာသော လူအပေါင်းသည် ယာဉ် အစယိုသည် တို့ကို ကယ်ဉ်၍ ကြည့်ရှုခြင်း အကျိုးငှါ လာရောက်၏။ ဇောတိက သေဋ္ဌေးသည် လာတိုင်း လာတိုင်း ကုန်သော လူတို့အား ဥတ္တရကုရုကျွန်းမှ ယူဆောင်လာသော ဆန်တို့၏ ထမင်းကို ချက်စေ၍ ပေး၏။ ''ပဒေသာပင်တို့မှ အဝတ်တို့ကို ယူကုန်လော့၊ တန်ဆာတို့ကို ယူကုန်လော့'' ဟု စေခိုင်း၏။ ဂါဝုတ် အတိုင်း အရှည်ယိုသော ရွှေအိုးကြီး တို့ကို မျက်နှာရေးဝကို ဖွင့်လှစ် စေ၍ ''မျလျောက်ရုံ အတိုင်း အရှည် ယိုသော ဥစ္စာကို ယူကုန်လော'' ဟု စေခိုင်း၏။ အလုံးစုံသော ဇမ္ဗူဒီပ၌ နေကုန်သော သူတို့သည် ဥစ္စာကိုယူ၍ သွားကုန်သည် ယိုသော် ရွှေအိုးကြီး၌ လက်တလုံးမျှလောက်လည်း ယုတ်လျော့သည် မဖြစ်လေ။

[ဤကဲ့သို့ ပဟုတ်လျော့ခြင်း မဖြစ်သော အကြောင်းကား၊ ထို ဇောတိက သေဋ္ဌေးအား ဂန္ဓကုဋိ ပရိဝုဏ်၌ သပြုလုပ်၍ ကြဲအပ်သော ရတနာအလှူတို့၏ အကျိုးဆက်ဖြစ်ပေသတတ်။

ထိုကြောင့် ၎င်းအဋ္ဌကထာ၌။ ။ဂန္ဓကုဋိပရိဝေဏော ဝါလုကံ ကတ္တာ ဩကိရ္ဏာ ရတနာနံ ကိရဿ ဧသော နိဿန္ဒော-ဟု မိန့် တော်မူ၏။

အနက်ကား။ ။အဿ၊ ထိုဇောတိကသေဋ္ဌေးအား။ ဧသော နိဿန္ဒော။ ဤသို့သော အကျိုးဆက်သည်။ ဂန္ဓကုဋိပရိဝေဏော၊ဂန္ဓ ကုဋိပရိဝုဏ်၌။ ဝါလုကံ့ကတ္တာ၊ သပြု၍။ ဩကိရ္ဏာရတနာနံ၊ ဖြန့်ကြဲ အပ်သော ရတနာတို့၏။ နိဿန္ဒော ကိရ၊ အကျိုးဆက် ဖြစ်ပေ သတတ်။ ။ဤကားအနက်]။

ဤသို့လျှင် လူများအပေါင်းသည် အဝတ်တန်ဆာ တို့ကိုလည်း ကောင်း၊ ပစ္စည်းဥစ္စာကိုလည်းကောင်း အလိုယှဉ်သည် အားလျော်စွာ ယူဆောင်၍ ဖဿားသည်ယှဉ်သော် ဗိမ္မိသာရ မင်းကြီးသည် ထိုဇောတိက သေဋ္ဌေး၏ ပြာသာဒ်ကို ကြည့်ရှုခြင်းငှါ အလိုယှဉ်ပါလျက်လည်း လူများ အပေါင်းသည် ကြည့်ရှုခြင်းငှါ လာရောက်သည် ယှဉ်သော် ကြည့်ရှုခွင့်ကို မရလေ။

ဗိမ္မိသာရမင်းကြီး ဇောတိကသေဋ္ဌေးကြီး၏ ပြာသာဒ်ကို ကြည့်ရှုခြင်း။

နောက်အဘို့၌ အလိုယှဉ်သည် အားလျော်စွာ ယူငင်၍သွားသည် အဖြစ်ကြောင့် လူတို့သည် နည်းပါးသည်ဖြစ်ကုန်သော် မင်းကြီးက ဇောတိက၏ ဘခင်ဖြစ်သော သေဋ္ဌေးကြီးကို "အသင်သား ဇောတိက၏ ပြာသာဒ်ကို ကြည့်ရှုခြင်းငှါ အလိုယှဉ်သည် ဖြစ်ပါကုန်၏"ဟု မိန့်ဆို တော်မူ၏။ ထိုသေဋ္ဌေးကြီးက "အရှင်မင်းမြတ်၊ ကောင်းလှပါပြီ" ဟု ဝန်ခံပြောဆို၍ သွားရောက်ပြီးလျှင် သားဖြစ်သော ဇောတိကအား "ချစ်သား၊ပြည့်ရှင် မင်းမြတ်သည် အသင်၏ပြာသာဒ်ကို ကြည့်ရှုတော် မူခြင်းငှါ အလိုယှဉ်ပေ၏"ဟု ပြောကြား၏။ ထိုဇောတိက သေဋ္ဌေးက

၂၉၆ မမ္မပဒဝတ္ထုဟော်ကြီး။(ဆရာတော်-အသျင်စန္ဒိမာမူ)။

"အို-ဘခင် ကောင်းလှပါပြီ ကြွလာတော်မူပါစေသတည်း" ဟု ဝန်ခံပြန်ကြား၏။ ဘုရင်မင်းမြတ်သည် ကြီးစွာသော အခြံအရံဖြင့် ထိုဇောတိကသေဋ္ဌေး၏ ပြာသာဒ်ယှိရာအရပ်သို့ ထွက်ကြတော်မူ၏။ ရှေးဦးစွာသော တံခါးမုခ်၌ တံမြက်ကြဲ၍ အမှိုက်ကို စွန့်သွန်ရသော အိမ်ကျွန်မသည် မင်းကြီးအား လက်ကို လှမ်းလင့်၍ပေး၏။ မင်းကြီးသည် သေဋ္ဌေး၏ မဟားခင်ပွန်းဟူသော အမှတ်ယှိသဖြင့် ရှက်စနိုးသောကြောင့် ထိုအိမ်ကျွန်မ၏ လက်မောင်း၌ လက်ကို မတင်မထားလေ။ ဤနည်းအတူသာလျှင် ကြွင်းကုန်သော တံခါးမုခ်တို့၌လည်း အမျိုးကျွန်မတို့ကို သေဋ္ဌေး၏ မယားခင်ပွန်းတို့ ပေတည်းဟု အောက်မေ့မှတ်ထင်လျက် ထိုအမျိုး ကျွန်မ၏ လက်မောင်း၌ လက်ကို မတင်ထားလေ။ ဇောတိက သေဋ္ဌေးသည် လာရောက်၍ မင်းကြီးကို ခရီးဦးကြိုရှိခိုးပြီးလျှင် နောက်မှ နေလျက် "အရှင်းမတ်မြတ်၊ ရှေမှ ကြွတော်မူပါကုန်ဦးလော့" ဟု လျှောက်တင်၏။ ပြည့်ရှင်မင်းကြီးအား ပတ္တမြားဖြင့် ပြီးသော မြေအပြင်သည် အသူတရာနက်လှစွာသော ခြောက်ကမ်းပါး ပြတ်ကဲ့သို့ဖြစ်၍ ထင်၏။ ထိုပြည့်ရှင်မင်းမြတ်က "ဤဇောတိက သေဋ္ဌေးသည် ငါ့ကို ဖမ်းယူခြင်း အကျိုးငှါ တွင်းကျင်းကို တူးထားအပ်၏" ဟု အောက်မေ့မှတ်ထင်လျက် ခြေတော်ကို ချနင်းခြင်းငှါ မရဲဝံ့ဖြစ်လေ၏။ ဇောတိက သေဋ္ဌေးက "အရှင်မင်းမြတ်၊ ဤအရပ်ကား တွင်းကျင်း မဟုတ်ပါ။ အကျွန်ုပ်၏ နောက်မှ ကြွလိုက်တော်မူလှည့်ကုန်လော့" ဟု လျှောက်တင်၍ ရှေမှလမ်းညွှန်သကဲ့သို့သွား၏။ မင်းကြီးသည် ထိုဇောတိသေဋ္ဌေး နင်းသွားသောအခါ၌ မြေပြင်ကို နင်းတော်မူ၍ အောက်အပြင်မှစ၍ ပြာသာဒ်ကို ကြည့်ရှုတော်မူလျက် လှည့်လည်၏။။ ထိုအခါ အဇာတသတ် မင်းသားသည်သည်း မခည်းတော် မင်းကြီး၏ လက်ချောင်းတော်ကို ဆွဲကိုင်၍ လှည့်လည်လျက် "ငါ၏ ခမည်းတော်မင်းမြတ်သည် ဩော်-မိုက်ကာန်းလေစွ။ သေဋ္ဌေး မည်သောသူသည် ရတနာခုနစ်ပါး တို့ဖြင့် တခဲနက်ပြီးသော ပြာသာဒ်၌နေလျက် ဤ ခမည်းတော်ကား ပြည့်ရှင်မင်းဖြစ်သော် သစ်သားဖြင့် ပြီးသော နန်းအိမ်တော်ဉ် နေရလေဘိ၏။ ဤယခုအခါ ငါသာလျှင် မင်းဖြစ်ပါမူကား ဤသေဋ္ဌေးအား

ဤပြာသာဒ်၌ နေခြင်းငှါ မပေးအံ့''ဟု ကြံစည်၏။ မည်းကြီး၏လည်း အထက် ပြာသာဒ်အပြင်သို့ တက်စဉ်ပင်လျှင် နံနက်စာစားသောအချိန် တော်သည်ဖြစ်လာ၏။မင်းကြီးသည် ဇောတိကသေဋ္ဌေးကို ခေါ်တော်မူ၍''သေဋ္ဌေးကြီး၊ ဤပြာသာဒ်အပြင်၌သာလျှင် နံနက်စာပွဲတော်တည်ကုန်အံ့''ဟု မိန့်တော်မူ၏။ ''အရှင်မင်းမြတ်၊ အကျွန်ုပ်သည် သိပါ၏။ အရှင်မင်းမြတ်၏ပွဲတော်စာအာဟာရအလို့ငှါ စီရင်၍ ထားအပ်ပါပြီ'' ဟုတင်လျှောက်၏။ ထိုပြည့်ရှင်မင်းမြတ်သည် တဆယ့်ခြောက်လုံးကုန်သော နံ့သာရေအိုးတို့ဖြင့် ရေချိး သုံးသပ်တော်မူ၍ ရတနာ အတိပြီးသော သေဋ္ဌေး ထိုင်နေရာ မဏ္ဍပ်၌ ခင်းထားအပ်သော ထို သေဋ္ဌေး၏သာလျှင် ထိုင်နေရာဖြစ်သောပလ္လင်၌ ထိုင်နေမျှစံတော်မူ၏။ ထိုအခါ မင်းကြီးအား လက်ဆေးတော်ရေကို ပေးဆက်၍ အဘိုးတသိန်းထိုက်သော ရွှေခွက်၌ စိုစွတ်သော နို့ဃနာကို ပွါးစေ၍ ရွှေမှ ထားကုန်၏။ မင်းကြီးသည် ဘောဇဉ်ဟူသော အမှတ်ဖြင့် စားသုံးခြင်းငှါ အားထုတ်၏။ ဇောတိကသေဋ္ဌေးက ''အရှင်မင်းမြတ်၊ ဤသည်ကား ဘောဇဉ် မဟုတ်ပါ။ စိုစွတ်သော နို့ဃနာပါတည်း''ဟု လျှောက်တင်၍ တပါးသော ရွှေခွက်ဖြင့် ဘောဇဉ်ကို ခူးဆွ၍ ရွှေဖြစ်သော ရွှေခွက်၌ တင်ထားကုန်၏။ ထိုနို့ဃနာမှ ထကြွသော အငွေ့ဥတုဖြင့် ထိုဘောဇဉ်ကို စားသုံးခြင်းငှါ ချမ်းသာသည် ဖြစ်ပေသတတ်။ မင်းကြီးသည် အလွန်ကောင်းမွန်သော ဘောဇဉ်ကို စားသည်ယှိသော် အတိုင်းအရှည်ကို မသိပေ။ ထိုအခါ ဇောတိက သေဋ္ဌေးက ထိုပြည့်ရှင် မင်းမြတ်ကို ရှိခိုးဝပ်တုပ် လက်အုပ်မြောက်ချီ၍ ''အရှင်မင်းမြတ်၊ တန့်ရပ်တော် မူခြင်းငှါ ထိုက်ပါပြီ။ ဤမျှလောက်သာ သင့်လျော်သည် ဖြစ်တော်မူပါ၊ ဤထက်အလွန် ပိုကျွံ စားသုံးတော်မူလေက ကြေကျက် စေခြင်ငှါ မစွမ်းနိုင်ပါ''ဟု လျှောက်တင်၏။ ထိုအခါ သေဋ္ဌေးကို မင်းကြီးက ''အို-သေဋ္ဌေး၊ အဘယ်ကြောင့် မိမိ၏ထမင်းကိုအလေးပြု၍ ပြောဆိုလျှောက်တင်သနည်း''ဟု မေးတော်မူ၏။ ''အရှင်မင်းမြတ်၊ အကျွန်ုပ်တို့အား မလောက်မင ယှိရရိုးရင်း နှလုံးသွင်း၍ ဤထမင်းကို အလေးပြုခြင်းမရှိပါ။ ထိုစကား မှန်ပါ၏။ အလုံးစုံဖြစ်သော စစ်သည်တော် အပေါင်း

အားလည်း ဤထမင်း ဤဟင်းကိုသာလျှင် ကျွေးမွေး ပေးကမ်းပါ၏။ စင်စစ်မှာကား အကျွန်ုပ်သည်ရှိန်စော်မဲ့ကြောင်းမကောင်းသောကျော် စောသံကို ကြောက်ရွံ့လှပါ၏''ဟု လျှောက်တင်၏။ ''အကြောင်းကား အဘယ်သို့ပေနည်း''ဟု မေးတော်မူပြန်သောအခါ ''အရှင် မင်းမြတ်၊ အရှင်မင်းမြတ်၏ ကိုယ်တော်ညစ်နွမ်း ပင်ပန်းခြင်းမျှသည် အကယ်၍ ဖြစ်ခဲ့အံ့။ ဤသို့ဖြစ်သည်ယှိသော် ယမန်နေ့က ပြည့်ရှင် မင်းကြီးသည် ဇောတိကသေဋ္ဌေး၏အိမ်၌ ပွဲတော်ထမင်းကို စားသုံးအပ်၏။ဇောတိက သေဋ္ဌေးသည် တစုံတခု ပြုလုပ်အပ်သည်ဖြစ်လတ္တံ့ဟု ပြောဆို အံ့သည် ကို ကြောက်လှပါ၏''ဟု တင်လျှောက်၏။ ''ထိုသို့ ဖြစ်လေ တပြီကား ပွဲတော်ထမင်းကို ဆောင်ယူလေလော့။ ရေကိုဆောင်ယူ ခဲ့လော့''ဟု မိန့်တော်မူ၏။ မင်းကြီး၏ ပွဲတော်ထမင်းစားသုံးခြင်းကိစ္စ အပြီးအဆုံး၌ အလုံးစုံသော မင်းကြီး၏အခြံအရံ အပေါင်းသည် ထိုထမင်းကိုသာ လျှင် စားသုံး၏။ဘုရင်မင်းမြတ်သည် စပ်လျဉ်းမိရာ ချမ်းသာစွာစကား ပြောဆိုသဖြင့် ထိုင်နေကော်မူလျက် သေဋ္ဌေးကို မိန့်ခေါ်ပြီးလျှင်''အို-သေဋ္ဌေး၊ အသို့ပေနည်း။ ဤအိမ်၌ အသင်အား မယား ခင်ပွန်းမ-မရှိ သလော''ဟု မေးတော်မူ၏။ ''အရှင်မင်းမြတ်၊ ဩော်-ယှိပါ၏''ဟု လျှောက်တင်သောအခါ ''သေဋ္ဌေးကတော်သည် အတီမှာနည်း''ဟု မေးတော်မူပြန်သဖြင့် ''အရှင်မင်းမြတ်၊ အသရေယှိသော တိုက်ခန်း၌ ထိုင်နေပါ၏။အရှင်မင်းမြတ်၏ ကြွတော်မူလာသော အဖြစ်ကို မသိပါ'' ဟု လျှောက်တင်၏။

[ထိုစကားမှန်၏။ နံနက်စောစောကလျှင် ပြည့်ရှင်မင်းမြတ် သည် အခြံအရံနှင့်တကွ အကယ်၍ကား ကြွတော်မူလာပေ၏။ ထိုသို့ပင် ကြွတော်မူလာသော်လည်း ထိုသေဋ္ဌေး ကတော်သည် ဘုရင် မင်း-မြတ်၏ ကြွတော်မူလာသော အဖြစ်ကို မသိသည်သာလျှင်တည်း။

ထိုကြောင့် ၎င်းအဋ္ဌကထာ၌။ ။ကိဉ္စာပိ ဟိ ပါတောဝ ရာဇာ သပရိဝါရော အာဂတော၊သာ ပန အာဂတဘာဝံ နဇာနာတေဝ ဟု မိန့်တော်မူ၏။

အနက်ကား။ ။ဟိ-တဒေဝသစ္စံ၊ ထိုစကားသည်သာလျှင် မှန်၏။ ပါတောဝ၊ နံနက်စောစောကသာလျှင်။ ရာဇာ၊ မင်းကြီးသည်။ သပရိဝါရော၊ အခြီအရံနှင့် တကွ။ ကိဉ္စာပိ အာဂတော၊ အကယ်၍ကား ကြွတော်မူလာ၏ရှင့်။ ပန တထာပိ၊ ထိုသို့ပင် ကြွလာသော်လည်း။ သာ၊ ထိုသေဋ္ဌေးကတော်သည်။အာဂတ ဘာဝံ၊ ကြွတော်မူလာသော အဖြစ်ကို။ နဇာနာတေဝ၊ မသိသည်သာလျှင်တည်း။ ။ဤကားအနက်]။

ထိုနောက်မှ ဇောတိကသေဋ္ဌေးသည် ပြည့်ရှင် မင်းမြတ်သည် ငါ၏ မယား ခင်ပွန်းမကို ကြည့်ရှုတော် မူခြင်းငှါ အလိုယှိတော် မူသည်ဟု သိသောကြောင့် ထိုသေဋ္ဌေးကတော်၏ အထံသို့ သွား၍ "ဘုရင်မင်းမြတ်သည် ထွက်ကြွတော်မူလာ၏။ အသို့ပေနည်း။ အသင်အား ဘုရင်မင်းမြတ်ကို ဖူးမျှော်ခြင်းငှါ မသင့်သလော"ဟု ပြောဆို၏။ ထိုသေဋ္ဌေးကတော်သည် လျောင်းလျက်သာလျှင် "အရှင်၊ ထိုဘုရင်မင်းမြတ်မည်သည် အဘယ်သို့သော သူပေနည်း"ဟု မေး၍ "ချစ်နှမ၊ ဘုရင်မင်းမြတ် မည်သည် ငါတို့အား အစိုးရသောသူပေတည်း"ဟု ပြောဆိုသည် ယှိသော် နှလုံးမသက်သာသော အဖြစ်ကို ညည်းညူ၊ပြောကြားလျက် "အကြင်ငါတို့အား အစိုးရသောသူသည် ယှိခဲ့ပေသေး၏။ထိုငါတို့အား ကောင်းမှု ကုသိုလ်ကံတို့ကို မကောင်းသဖြင့် ပြုအပ်ကုန်စွာ့ တကား။ ကြည်ညိုယုံကြည်ခြင်း မယှိသဖြင့် ကောင်းမှုကုသိုလ်ကံ မည်သည်တို့ကို ပြုလုပ်ခဲ့၍ ငါတို့သည် စည်းစိမ် ချမ်းသာနှင့် ပြည့်စုံသော အဖြစ်သို့ ရောက်ပါကုန်သော်လည်း တပါးသောသူ၏ အစိုးရသောနေရာအရပ်၌ဖြစ်ရလေကုန်ပြီ။ စင်စစ်မချွတ် ငါတို့သည် မကြည်ညို မယုံကြည်မူ၍ အလှူကို ပေးလှူအပ်သည် ဖြစ်ပေလတ္တံ့။ ဤယခုအခါ ခံစားရသော အကျိုးသည် မကြည်ညို မယုံကြည် ပေးလှူအပ်သော ထိုအလှူ၏ အကျိုးပေတည်း"ဟု ညည်းညူ၊ပြောဆို၍ "အရှင်၊ဤယခုအခါ၌ ကျွန်တော် မသည် အဘယ်အမှုကို ပြုလုပ်ရမည်နည်း"ဟု မေး၏။ "ထန်းရွက် ယပ်

ဝန်းကို ယူ၍ လာရောက်ပြီးလျှင် ဘုရင် မင်းမြတ်ကို ယပ်လေ ခပ်ပါလော”ဟု ပြောဆို၏။ ထိုသေဋ္ဌေးကတော်၏ ထန်းရွက် ယပ်ဝန်းကိုယူ၍ လာရောက် ပြီးသော် မင်းကြီးကို ယပ်လေ ခတ်စဉ် မင်းကြီး ဘောင်းတော် ဦးရစ်၏ အနံ့လေသည် ထိုသေဋ္ဌေးကတော်၏ မျက်စိတို့ကို တိုက်ခတ်၏။ ထိုအခါ သေဋ္ဌေးကတော်၏ မျက်လုံးအိမ်တို့မှ မျက်ရေအလျဉ်တို့သည် ယိုစီးကျထွက်ပေါ်ကုန်၏။ ထိုအကြောင်းကို မြင်၍ မင်းကြီးက ဇော်တိက သေဋ္ဌေးကို “အို-သေဋ္ဌေးကြီး၊ မာတုဂါမမည်သည် နည်းသောဉာဏ်ပညာယို၏။ ဘုရင်မင်းမြတ်သည် ငါ၏အရှင်ခင်ပွန်းလင်၏ စည်းစိမ်ချမ်းသာကို ယူချေအံ့သည်တကားဟု ဖြစ်ပွါးပေါ်ပေါက် ရွံကြောက်ခြင်းဘေးကြောင့် ကြံတွေးဝိုင်ကြွေးယောင် တကား။ ထိုသေဋ္ဌေးကတော်ကို ဃက်သာရာကို ရပါစေလော။ ငါ့အား အသင်၏ စည်းစိမ်ချမ်းသာဖြင့် အလိုမရှိ”ဟု မိန့်တော်မူ၏။ “အရှင်မင်းမြတ်၊ ထိုမိန်းမသည် ဤသို့သော အကြောင်းကြောင့် ဝိုကြွေးသည် မဟုတ်ပါ” ဟု လျှောက်တင်လျှင် “ထိုသို့ မဟုတ်ခဲ့က ထိုဝိုကြွေးခြင်း အကြောင်းကား အသို့နည်း”ဟု မေးတော်မူပြန်သဖြင့် “အရှင်မင်းမြတ်တို့ ဦးရစ်ဘောင်းတော်မှ ဖြစ်သော အနံ့ကြောင့် ထိုမိန်းမအား မျက်ရည်တို့သည် ယိုစီးကျထွက် ဖြစ်ပေါ်ပါကုန်၏။ ထိုစကားမှန်ပါသည်။ ဤမိန်းမသည် ဆိမီးအလင်းရောင်ကိုလည်းကောင်း၊ ပြကတ္တဝေသာမီး အလင်းရောင်ကိုလည်းကောင်း မတွေ့မမြင်ရမူ၍ ပတ္တမြား အလင်းရောင်ဖြင့် သာလျှင် စားလည်းစားသုံးပါ၏။ နေထိုင်လည်း နေထိုင်ပါ၏။ အိပ်-လည်း အိပ်လျောင်းပါ၏။ အရှင် မင်းမြတ်သည်ကား ဆိမီးအလင်းရောင်ဖြင့်နေမျှစမ္ပယ်တော်မူသည် ဖြစ်ပါလိမ့်မည်”ဟုတင်လျှောက်၏။ “သေဋ္ဌေးကြီး၊ ဩဘာ-ဟုတ်မှန်ပေ၏ ဆိမီးအလင်းရောင်ဖြင့်နေမျှတော်မူသည်”ဟု မိန့်တော်မူသောအခါ “အရှင်မင်းမြတ်၊ ထိုသို့ ဖြစ်တိုင်းကား ယနေ့မှ စ၍ ပတ္တမြား အလင်းရောင်ဖြင့် နေမျှစမ္ပယ်တော် မူပါကုန်”ဟု လျှောက်တင်ပြီးသော် ကြီးစွာသော သင်္ခါးသီးမျှ အတိုင်း အရှည်ယှဉ်သော အဘိုး အတိုင်းမသိ ထိုက်တန်သော ပတ္တမြား ရတနာကို ပေးဆက်၏။ ပြည့်ရှင်မင်းမြတ်သည် နေအိမ်အလုံးကို ကြည့်ရှုတော်

မူ၍ ''ဇောတိက သေဋ္ဌေး၏ စည်းစိမ်ချမ်းသာကား ကြီးကျယ်လေစွ တကား''ဟု ပြောကြားခြီးမွမ်းတော်မူ၍ ပြန်ကြွတော်မူလေ၏။

ဤသည်ကား ရှေးဦးစွာ ဇောတိကသေဋ္ဌေး၏ အတ္ထုပတ္တိပေတည်း။

ဇဋိလ သေဋ္ဌေးကြီး ဝတ္ထု။

ယခုအခါ၌ ဇဋိလသေဋ္ဌေး၏ အတ္ထုပ္ပတ္တိကို ဤဆိုလတ္တံ့သော စကားအစဉ်ဖြင့် သိအပ်၏။

ဗာရာဏသီပြည်၌ ဟယောက်သော သေဋ္ဌေးသျှီးသည် အလွန် အဆင်းလှသည်ဖြစ်ပေ၏။ ထိုသေဋ္ဌေးသျှီးကို တဆယ့်ငါးနှစ် တဆယ့် ခြောက်နှစ် သက်ရွယ်ယှိသောအခါ၌ လုံခြုံမြဲမြံစွာ စောင့်ရှောက်ခြင်း အကျိုးငှါ တယောက်သော အမျိုး ကျွန်မကို ပေး၍ ဘုံခုနစ်ဆင့်ယှိသော ပြာသာဒ်၏ အထက်အပြင် အသရေယှိသော တိုက်ခန်း၌ နေစေကုန်၏။ တနေ့သော အခါ လေသောက် ပြတင်းကို ဖွင့်လှစ်၍ အပပြင်ဘက်သို့ မျှော်လျက်ကြည့်ရှုသော ထိုသေဋ္ဌေးသျှီးကို ကောင်းကင် ခရီးဖြင့် သွားသော တယောက်သော ဝိဇ္ဇာဓိုရ်သည် တွေ့မြင်သည် ယှိသော် ဖြစ်ပေါ်သော ချစ်ခင်နှစ်သက်ခြင်း ယှိလေ၍ ရကား လေသောက် ပြတင်းဖြင့် သက်ဝင်၍ ထိုသေဋ္ဌေးသျှီးနှင့် အတူတကွ စပ်ယှက်နှီးနှောခြင်း အမှုကိုပြု၏။ ထိုသေဋ္ဌေးသျှီးသည် ထိုဝိဇ္ဇာဓိုရ် ယောကျ်ားနှင့် အတူတကွ ပေါင်းဖော်စပ်ယှက်ခြင်းကို အစွဲပြု၍ မကြာမြင့်မီသာလျှင် ကိုယ်ဝန်ကို ရလေ၏။ ထိုအခါ သေဋ္ဌေးသျှီးကို ထိုအမျိုး ကျွန်မက တွေ့မြင်၍ ''ချစ်သျှီး၊ ဤအမှုကား အကြောင်း အဘယ်သို့ပါနည်း''ဟု ပေးမြန်းပြောဆို၍ ''ဖြစ်မိသော အမှုယှိပါစေလော့။ တစုံတယောက်သောသူအား မပြောကြားပါလင့်''ဟု ထိုသေဋ္ဌေးသျှီးက ပြောဆိုသည်ဖြစ်၍ ကြောက်ရွံ့သဖြင့် ဆိတ်ဆိတ် နေသည်ဖြစ်၏။ ထို သေဋ္ဌေးသျှီးသည်လည်း ဆယ်လကို လွန်သဖြင့် သားငယ်ကိုဘွားမြင်၍ အသစ်ဖြစ်သောအိုးကို ဆောင်ယူစေပြီးလျှင် ထိုအိုး၏ အတွင်း၌ ထို

သူငယ်ကို အိပ်စေ၍ ထိုအိုးကိုလုံခြုံစွာ ပိတ်ပြီးသော် အဏက်၌ ပန်းကုံးတို့ကို တင်ထား၍ ဤအိုးကို ဦးခေါင်းဖြင့် ပင့်မြှောက် ရွက်ဆောင်ပြီးသော် ဂင်္ဂါမြစ်၌ စွန့်လွှတ် ချမျှောပါလေလော့။ ဤဝတ္ထုကား အဘယ်နည်းဟူ၍လည်း မေးကုန်သည်ဖြစ်ခဲ့က ငါ၏အရှင်မသည် နတ်ပူဇော်ခြင်းအမှု ပြုလုပ်ခြင်း ပေတည်းဟု ပြောဆိုလော့ဟူ၍ မှာထားပြောဆိုပြီးလျှင် အမျိုးကျွန်မကို ခိုင်းစေ၏။ ထိုကျွန်မသည် သေဋ္ဌေးသို့ ပြောဆိုမှာထားသည်အကိုင်း ပြုလုပ်၏။ ဧအာက်ဖြစ်သော ဂင်္ဂါ၌ နှစ်ယောက်ကုန်သော မိန်းမတို့သည် ရေချိုးကုန်လျက် ရေစီးအလျဉ်ဖြင့် ဆောင်ယူမျှောလာသော ထိုအိုးကို မြင်ကုန်၍ တယောက်သော မိန်းမက "ထိုအိုးသည် ငါ၏အိုးဟာည်း" ဟု ပြောဆို၏။ တပေါက်သော မိန်းမက "ထိုအိုး၏ အတွင်း၌ယိုသော ထိုဝတ္ထုသည် ငါ၏ဝတ္ထုတည်း"ဟုပြောဆို၍ အိုးသည် အနီးသို့ ရောက်လာသည်ယိုသော် ထိုအိုးကို ဆယ်ယူ၍ ကုန်းပြင်၌ တင်ထားပြီးလျှင် ဖွင့်လှစ်ကြည့်ရှုရာ နုနုနယ်နယ် သူငယ်ကလေးကို တွေ့မြင်၍ တယောက်သော မိန်းမက "ဤအိုးသည် ငါ၏ အိုးတည်းဟု ပြောဆိုအပ်သည်၏ အဖြစ်ကြောင့် သူငယ်သည် ငါ့အားသာလျှင် ထိုက်သက်သည် ဖြစ်၏" ဟု ပြောဆို၏။ တယောက်သော မိန်းမက "အိုး၏အတွင်း၌ အကြင်ဝတ္ထုသည်ယို၏။ ထိုဝတ္ထုသည် ငါ့အားသာလျှင် ဖြစ်စေသတည်း ဟု ပြောဆိုအပ်သည်၏ အဖြစ်ကြောင့် သူငယ်သည် ငါ့အားထိုက်သက်သည် ဖြစ်ပေ၏" ဟု ပြောဆို၏။ထိုနှစ်ယောက်သော မိန်းမတို့သည် ကွဲပြားငြင်းခုံကြလျက် ဘရားဆုံးဖြတ်ရာ အရပ်သို့ သွားရောက်ရုံးပေါင်း ထိုအကြောင်းကို ပြောကြား၍ အမတ်တို့သည် ထိုတရားကို ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်ကုန်သည် ယိုသော် ပြည့်ရှင်မင်းမြတ်၏ အထံတော်သို့ သွားရောက်ကြကုန်၏။ ပြည့်ရှင် မင်းမြတ်သည် ထိုမိန်းမတို့၏ လျှောက်ဘင်သော စကားကို ကြားသိတော်မူ၍ "အသင်သည် ထိုသူငယ်ကို ယူလော့။ အသင်သည် အိုးကိုယူလော့" ဟု အမှတ်အသားအတိုင်း တရားဆုံးဖြတ် အမိန့်ချမှတ်တော်မူ၏။ အကြင်မိန်းမသည်ကားသူငယ်ကို ရအပ်ပေ၏။ ထိုမိန်းမသည်မဟာကပ္ပည်းမထေရ်၏ အလုပ်အကျွေး ဒါယိကာမသည် ဖြစ်၏။ ထိုကြောင့် ဤသူငယ်ကို

မထေရ်၏ အထံ၌ ရဟန်းပြုစေအံ့ဟု နှလုံးသွင်း၍ ထိုသူငယ်ကို မွေးမြူလေသတည်း။ ထိုသူငယ်၏ မွေးဘွားသော နေ့၌ ကိုယ်ဝန် အညစ်အကြေးကို ဆေးကြော၍ ရေချိုးအပ်သည်၏ အဖြစ်ကြောင့် ဆံပင်တို့သည် ထုံးဘွဲ့ရစ်မာကုန်သည်ဖြစ်၍တည်ယိုကုန်၏။ ထိုကြောင့် ထိုသူငယ်အား ဇဋိလဟူ၍သာလျှင်အမည်မှည့်ခေါ်ခြင်းကိုပြုကုန်၏။ထိုသူငယ်၏ ခြေဖြင့် သွားလာလှည့်ပတ်နိုင်သော အခါ၌ မဟာကစ္စည်းမထေရ်သည် ထိုအမျိုးအိမ်သို့ ဆွမ်းအလို့ငှါ ကြွဝင်တော်မူ၏။ ဥပါသိကာမသည် မထေရ်ကိုထိုင်နေသိဘင်းသုံးစေ၍ ဆွမ်းအာဟာရကိုပေးလှူ၏။ မထေရ်သည် သူငယ်ကိုမြင်၍ ''ဥပါသိကာမ၊ အသို့ပေနည်း။ သူငယ်ကို ရအပ်သလော'' ဟု မေးတော်မူ၏။ ''အရှင်ဘုရား၊ သြဒ်-ဟုတ်မှန်ပါ၏။ တပည့်တော်မသည် ဤသူငယ်ကိုအရှင်ဘုရားတို့၏အထံတော်၌ ရဟန်းပြုစေအံ့ဟု နှလုံးသွင်း၍ မွေးမြူပါ၏။ ထိုသူငယ်ကို ရဟန်းပြုတော်မူပါကုန်လော့'' ဟု ဆောင်နှင်းပေးအပ်၏။မထေရ်သည် ကောင်းပြီဟုဝန်ခံခေါ်ယူ၍ ကြွသွားတော်မူလျက် ''ဤသူငယ်အား လူတို့၏စည်းစိမ်ချမ်းသာကို အစဉ်ခံစားခြင်းငှါ ကောင်းမှုကံ ယိုလေသလော'' ဟု ကြည့်ရှုတော်မူသည် ယိုသော် ''ကြီးကျယ်သော ကောင်းမှုယိုသော သတ္တဝါသူငယ်သည် ကြီးကျယ်သော စည်းစိမ်ချမ်းသာကို အစဉ်ခံစားလတ္တံ့'' ဟု မြင်တော်မူသောကြောင့် ''အကြင်မျလောက်ကာလပထ်လုံး ထိုသူငယ်၏ ပညာဉာဏ်သည် ရင့်ကျက်ခြင်းသို့ မရောက်သေး။ ဤမျလောက်တာ ကာလကြာအောင် ငယ်သေးလှစွာ၏'' ဟုကြံစည်တော်မူ၍ ထိုသူငယ်ကို ခေါ်ယူပြီးကာ တက္ကသိုလ်ပြည်၌ ဘဉီးသော အလုပ်အကျွေး၏ အိမ်သို့ကြွသွားတော်မူ၏။ထိုအလုပ်အကျွေးဥပါသကာသည်မထေရ်ကို ရှိခိုးတည်နေလျက် ထိုသူငယ်ကိုမြင်၍ ''အရှင်ဘုရား၊အသင်တို့အား သူငယ်ကိုရအပ်ပါသလော'' ဟုမေးလျှောက်၏။မထေရ်က ''သြဒ်-ဥပါသကာ၊ဟုတ်မှန်ပေ၏။ဤသူငယ်သည် ရဟန်းပြုလတ္တံ့။ရှေးဦးစွာ ဤသူငယ်သည်သေးငယ်လှသေး၏။ အသင် ဥပါသကာ၏ သာလျှင် အထံ၌ထားသည် ဖြစ်စေဦးလော့'' ဟု မိန့်ဆို ဆောင်နှင်း အပ်နှံ၏။ ထို ဥပါသကာက ''အရှင်ဘုရား၊ ကောင်းလှပါပြီ'' ဟု ဝန်ခံပြီးလျှင် ထိုသူငယ်

ကို သား၏ အရာဋ္ဌထား၍ သုဓံသင် မွေးကျွေး၏။ ထို ဥပါသကာ၏ အိမ်ဋ္ဌ တဆယ့်နှစ်နှစ်တို့ ပတ်လုံး ရောင်း၍မကုန် စုပုံဘဏ္ဍာ များပြား ပြန့်ပြောစွာ ယိုသည်ဖြစ်၏။ ထို ဥပါသကာသည် ရှာတပါးသို့သွားသည် ယိုသော် အလုံးစုံလည်း ဖြစ်သော ထိုဘဏ္ဍာကို အိမ်ဈေးသို့ ထုတ် ဆောင်၍ သူငယ်ကို အိမ်ဈေးဋ္ဌ ထိုင်နေစေ၍ ထိုထို သို့သော ဘဏ္ဍာ၏ တန်ဘိုးကို ပြောကြား ပြီးလျှင် ဤဘဏ္ဍာကိုလည်း ဤမျှလောက်မည် သော အဘိုးဥစ္စာကိုယူ၍ ပေးလေလော့ဟု မှာထားပြော**ဆို**၍ ဖဲသွား၏။ ထိုနေ့ဋ္ဌ မြို့ကို သိမ်းဆည်း စောင့်ရှောက် ကုန်သော နတ်တို့သည် အယုတ်ဆုံးအား ဖြင့် ဟောင်းနွမ်း ဆွေးမြေ့သော ငရုတ်သီးမျှဖြင့် အလို ယိုသော သူတို့ကို ထိုသူငယ်၏သာ အိမ်ဈေးဆိုင်သို့ ရှေးရှု သွားသည် ကို ပြုကုန်၏။ ထိုသူငယ်သည် တဆယ့်နှစ်နှစ်တို့ ပတ်လုံး ရောင်း၍မကုန် စုပုံများပြားသော် ဘဏ္ဍာကို တနေ့ချင်းဋ္ဌသာလျှင် ရောင်းချ၏။ သူကြွယ် သည် အရပ်တပါးမှ ပြန်လာ၍ အိမ်ဈေးဆိုင်ဋ္ဌ အနည်းငယ် မျှသော ဘဏ္ဍာကိုပင် မတွေ့မြင်သောကြောင့် "ချစ်သား၊ အသင်သည် အလုံးစုံ သော ဘဏ္ဍာကိုဖျက်ဆီးအပ်သလော" ဟု ပြောဆို၏။ "ဘခင်၊မဖျက် ဆီးပါ။ အလုံးစုံသောဘဏ္ဍာကို အသင်တို့ပြောဆိုထားသော နည်းဖြင့် သာလျှင် ရောင်းချပါ၏။ ဤသည်ကား ဤအမည် ယိုသော ဘဏ္ဍာ၏ အဘိုးပေတည်း၊ ဤသည်ကား ဤအမည်ယိုသော ဘဏ္ဍာ၏ အဘိုးပေ တည်း" ဟု အသိုးသိုးရောင်းချသည်ကို ရှင်းပြပြောဆို၏။ သူကြွယ်သည် ကြည်ညို နှစ်သက်သည်ဖြစ်၍ "အမှတ်မထင် အကြင် တစုံ တခုသော အရပ်ဋ္ဌ မကျပ်မတည်း ပစ္စည်းရှာရေး အသက် မွေးမြူခြင်းငှါ စွမ်းနိုင် သော အဘိုးအတိုင်းမသိ ထိုက်တန်သော ယောကျ်ား ပေတည်း" ဟု နှလုံးသွင်း၍ မိမိ၏အိမ်ဋ္ဌအရှယ်ရောက်သောသွီးကို ထိဇဋိလအား ပေး အပ် ဆောင်နှင်း၍ "ထိုသူ၏ နေအိမ်ကို ဆောက်လုပ် ပြုပြင် ကြကုန် လော့" ဟု အမှုလုပ် ယောကျ်းတို့ကို ပြောကြားစေခိုင်း၍ နေအိမ် ပြီး သည် ယိုသော် "သွားကြကုန်လော့၊ အသင်တို့သည် မိမိ၏အိမ်ဋ္ဌ အသိုး အခြေး နေကြကုန်လော့" ဟု ပြောဆို၏။ ထိဇဋိလ၏ နေအိမ်ဝင်သော ထိုအခါဋ္ဌ တခုသောခြေလှမ်းဖြင့် လှေကားခုံဝယ် နင်းမိကာမျှဋ္ဌသာ

လျှင် နေအိမ်၏နောက်အဘိုဋ္ဌ မြေကိုဖေါက်ခွဲ၍ အတောင်ရှစ်ဆယ် ယိုသော ရွှေစင်အတိဖြစ်သော တောင်သည် ပေါ်ပေါက်လာ၏။ ပြည့်ရှင်မင်းမြတ်သည် ''ဇဋိလသတိုးသား၏နေအိမ်၌ မြေကြီးကိုဖေါက်ခွဲ၍ ရွှေစင် အတိပြီးသော တောင်ကြီး ပေါ်ပေါက်သတဲ့'' ဟု ကြားသိတော်မူ၍ သာလျှင် ထိုဇဋိလသတိုးသားအား သေဋ္ဌေးကြီးတို့၏ အဆောင်အရွက်ဖြစ်သော ကိုထိုးကို ပို့လွှတ် ပေးသနားတော်မူ၏။ ထိုသတိုးသားသည် ဇဋိလသေဋ္ဌေးကြီးမည်သည် ဖြစ်လေ၏။

ဇဋိလသေဋ္ဌေးသည် မိမိနှင့်စည်းစိမ်တူ သေဋ္ဌေးရှိ-မရှိ စုံစမ်းစေလွှတ်ခြင်း။

ထိုသေဋ္ဌေးအား သုံးယောက်ကုန်သော သားတို့သည် ယိုသည်ဖြစ်ကုန်၏။ သေဋ္ဌေးကြီးသည် သုံးယောက်ကုန်သော ထိုသားတို့ အရွယ်ရောက်သောအခါ၌ ရဟန်းပြုခြင်းငှါ စိတ်ကိုဖြစ်စေ၍ ''ငါတို့နှင့် တူမျှသော စည်းစိမ်ယိုသော သေဋ္ဌေးမျိုးသည် အကယ်၍ ယိုသည် ဖြစ်ခဲ့အံ့။ ယင်းသို့ ယိုခဲ့သော် မိမိကိုယ်ကို ရဟန်းပြုခြင်းငှါအခွင့်ကို ပေးကုန်အံ့။ ငါတို့နှင့်တူမျှသော စည်းစိမ်ယိုသော သေဋ္ဌေးမျိုးသည် အကယ်၍ မရှိသည်ဖြစ်ခဲ့အံ့။ ယင်းသို့မရှိခဲ့သော် မိမိကိုယ်ကို ရဟန်းပြုခြင်းငှါ အခွင့်ကို မပေးကုန်အံ့။ ဇမ္ဗူဒိပ၌ ငါတို့နှင့် တူမျှသော စည်းစိမ် ယိုသော အမျိုးယိုလေသလော'' ဟု စုံစမ်းခြင်းအကျိုးငှါ ရွှေစင်ဖြင့် တခဲနက်ပြီးသော အုတ်ကိုလည်းကောင်း, ရွှေစင်ဖြင့် တခဲနက်ပြီးသော တံဖျာနှင့်တံကို လည်းကောင်း, ရွှေစင်ဖြင့် တခဲနက် ပြီးသော ခြေနင်းကို လည်းကောင်း, ပြုလုပ်စေ၍ ယောကျ်ားတို့၏ လက်၌ ဆောင်နှင်း ပေးအပ်၍ ''ဤပစ္စည်းဝတ္ထုတို့ကို ယူဆောင်၍ သွားကြကုန်လော့။ တစုံကခု အရာဝတ္ထုကို သာလျှင် ကြည့်ရှုကာ သင့်သို့ ဇမ္ဗူဒိပ အပြင်၌ လှည့်လည်၍ ငါတို့နှင့် တူမျှသော စည်းစိမ်ယိုသော သေဋ္ဌေးမျိုး၏ ယိုသော အဖြစ်ကို လည်းကောင်း, မရှိသော အဖြစ်ကို လည်းကောင်း, တွေ့မြင်သိယှဉ်၍ လာခဲ့ကြကုန်လော့'' ဟု ပြောဆို စေလွှတ်၏။ ထိုယောကျ်ား တို့သည် သွားလာ လှည့်လည် ခြင်းကို လှည့်လည် ကုန်လျက် ဘဒ္ဒိယ မြို့သို့

ရောက်ကြကုန်၏။ ထိုအခါ ထိုယောက်ျား တို့ကို မေလ္လာက သေဋ္ဌေး ကြီး တွေ့မြင်၍ "အမောင်တို့၊ အသင်တို့သည် အဘယ်အမှုကို ပြုလုပ် လှည့်လည် ကုန်ဘိသနည်း" ဟု မေးမြန်း၏။ "တစုံ တခုသော အရာ ဝတ္ထုကို ကြည့်ရှု ကုန်လျက် လှည့်လည် ပါကုန်သည်" ဟု ပြောဆို သည်ယှိသော် "ဤယောက်ျားတို့အား ဤဝတ္ထုတို့ကို ဆောင်ယူ၍ တစုံ တခုကိုသာလျှင်ကြည့်ရှုခြင်းငှါ လှည့်လည်ဘွယ်ကိစ္စမယှိ။ တိုင်းနိုင်ငံတို့ ကိုသိရန် စုံစမ်း ထောက်လှမ်း သိမ်းယူကုန်လျက် လှည့်လည် ကုန်ဘိ သည်" ဟု သိသောကြောင့် "ငါတို့၏ နေအိမ်အနောက်သို့ ဝင်ရောက် ကြည့်ရှုကြကုန်ဦးလော" ဟု ပြောဆို၏။အစေအပါး ထိုယောက်ျားတို့ သည် ထိုမေလ္လာက သေဋ္ဌေးကြီး နေအိမ်အနောက်ဝယ် ရှစ်မင်းပယ်မျှ လောက်သော အရပ်၌ ဆင်-မြင်း-နွားဥဿဘ အတိုင်းအရှည်ယှိကုန် သော၊ ကျောက်ကုန်းတခုနှင့် ကျောင်းကုန်းတခု ထိခိုက်၍ မြေကြီးကို ဖေါက်ခွဲ ပေါ်ပေါက်ကုန်သော၊ အောက်ဖြစ်သော မေလ္လာကသေဋ္ဌေး ကြီးဝတ္ထု၌ ဆိုအပ်ခဲ့ပြီးသော အပြားယှိကုန်သော၊ ရွှေစင်အတိ တခဲ နက်ပြီးသော ဆိတ်ရုပ် တို့ကို တွေ့မြင်ကုန်၍ ထိုရွှေဆိတ် ရုပ်တို့၏ အကြား အကြား၌ လှည့်လည်ကုန်လျက် ထွက်လာကြကုန်၏။ ထိုအခါ လှည့်လည်ကြည့်ရှုသော ထိုယောက်ျားတို့ကို မေလ္လာက သေဋ္ဌေးကြီးက "အမောင်တို့၊အကြင် ပစ္စည်းဥစ္စာ ဘလ္လာအစုကို ကြည့်ရှုလို၍ အမောင် တို့သည် လှည့်လည်ကြကုန်၏။ ထို ပစ္စည်းဥစ္စာ ဘလ္လာအစဉ်ကို အသင် တို့ တွေ့မြင်အပ်ပြီ မဟုတ်လော" ဟု မေး၍ "အရှင်သေဋ္ဌေးမင်း၊သြော်- တွေ့မြင်ပါကုန်၏" ဟု ပြောဆိုသည်ယှိသော် "ထိုသို့ တပြီးကား သွား ကြလေကုန်လော့" ဟု ပြောဆို၍ လွှတ်လိုက်၏။ထိုယောက်ျားတို့သည် ထိုဘဒ္ဒိယမြို့မှ သာလျှင် ပြန်သွားကုန်၍ မိမိတို့၏ သေဋ္ဌေးဖြစ်ယော ဇဋ္ဌိ လက "အမောင်တို့၊ အသို့ပေနည်း။ ငါတို့နှင့် တူမျှသော စည်းစိမ်ချမ်း သာယှိသော သေဋ္ဌေးအမျိုးကို အသင်တို့တွေ့မြင်အပ်ပါသလော" ဟု မေးမြန်း ပြောဆိုသည်ယှိသော် "အရှင်သေဋ္ဌေးမင်း၊ အသင်တို့၏ စည်း စိမ်ချမ်းသာသည် အဘယ်မှာ ပြောပလောက်ပါအံ့နည်း။ ဘဒ္ဒိယမြို့၌ မေလ္လာက သေဋ္ဌေးကြီးအား ဤသို့သဘောယှိသည် မည်သော စည်းစိမ်

ချမ်းသာသည် ယှိပေ၏''ဟု အလုံးစုံသော တွေ့ကြုံခဲ့ရင်း ထိုသို့သော ဖြစ်ပေါ်ခြင်းကို ပြောကြားကုန်၏။ ထိုသို့ ပြောကြားသော စကားကို ကြားလျှင် သေဋ္ဌေးကြီးသည် နှစ်လိုဝမ်းသာခြင်းယှိသည်ဖြစ်၍ ''ရှေးဦးစွာ တဦးသော သေဋ္ဌေးမျိုးကို သိယှိသတ်မှတ် ရအပ်ပေပြီ။ ထိုမှတပါးလည်းဖြစ်သော သေဋ္ဌေးမျိုး ယှိသေးသလော''ဟု စုံစမ်း သိယှိလိုပြန်သောကြောင့် အဘိုးတသိန်းထိုက်သော ကမ္ဗလာကို ပေးအပ်၍ အမောင်တို့၊ သွားတဲ့ကြကုန်လော့။ ထိုမှတပါးသော သေဋ္ဌေးမျိုးကို စီစစ်စုံစမ်းကြကုန်ဦးလော့'' ဟု ပြောဆိုစေလွှတ်ပြန်၏။ ခိုင်းစေအပ်သော ထိုယောက်ျားတို့သည် ရာဇဂြိဟ်ပြည်သို့ သွားကုန်၍ ဇောတိက သေဋ္ဌေး၏နေအိမ်မှ အနီး၌ ထင်းသစ်သားအစုကိုပြု၍ မီးကို တိုက်ရှို့၍ တည်နေကုန်၏။''ဤအမှုကား အကြောင်း အသို့နည်း''ဟု မေးမြန်းသောအခါ၌လည်း''အဘိုးများစွာထိုက်သော တထည်သော ကမ္ဗလာကို ရောင်းချကုန်သော ငါတို့အား ဝယ်ယူမည့်သူ မရှိ။ ထိုကမ္ဗလာကို ယူဆောင်၍ လှည့်လည်ရကုန်သော ငါတို့သည်လည်း ခိုးသူတို့မှ ကြောက်ရွံ့ကြပါကုန်၏။ ထိုကြောင့် ငါတို့သည် ထိုကမ္ဗလာကို မီးတိုက်၍ သွားပါကုန်အံ့''ဟု ပြောဆိုကုန်၏။ ထိုအခါ ကမ္ဗလာကို ဆောင်ယူခဲ့ကုန်သော ထိုယောက်ျားတို့ကို ဇောတိက သေဋ္ဌေးကြီး တွေ့မြင်၍ '' ဤလူတို့သည် အဘယ်အမှု ပြုလုပ်ကုန်သနည်း '' ဟုမေး၍ ထိုအကြောင်းကိုကြားသိရသည်ယှိသော် ခေါ်စေ၍''အသင်တို့၏ကမ္ဗလာသည် အဘိုး အဘယ်မျှ ထိုက်တန်သနည်း''ဟု မေး၏။ အဘိုးတသိန်းထိုက်ပါသည်''ဟု ပြောဆိုသည်ယှိသော် အသပြာ တသိန်းကို ပေးစေ၍ ''တံခါးမုဒိကို တံမြက်လှဲ၍ အမှိုက်ကို စွန့်သွန်ရသော အိမ်ကျွန်မအား ပေးကုန်လော့''ဟု ပြောဆို၍ ကမ္ဗလာရောင်းသော ထိုသူတို့၏ သာလျှင် လက်၌ထား၍ ပေးပို့လိုက်၏။ ထိုအိမ်ကျွန်မသည် လမ္ဗလာကို ကိုင်ယူ၍ ငိုကြွေးလျက် အရှင်သေဋ္ဌေး၏ အထံသို့ လာ၍ ''အရှင်၊ အသို့ပေနည်း။ ယွင်းချွတ်မှားလစ် အပြစ်ယှိခဲ့သော် ကျွန်တော်မကို ရိုက်နှက်ပုတ်ခတ်ခြင်းငှါ မအပ်ပါသလော၊ အဘယ်ကြောင့် ကျွန်တော်မအား ဤသို့သဘောယှိသော ရုန့်ရင်းကြမ်းတမ်းလှစွာသော ကမ္ဗလာကို

စေလွှတ် ပို့လိုက်ပါကုန်ဟုနည်း။ ကျွန်တော်မသည် ဤကမ္မလာကို အာဘယ်သို့ ဝတ်နိုင်ပါအံ့နည်း။အာဘယ်သို့ ခြုံရုံနိုင်ပါအံ့နည်း"ဟု တိုင်တန်းပြောဆို၏။ ဇောတိကသေဋ္ဌေးက"ငါသည် အသင်အား ထိုကမ္မလာကို ဝတ်ရုံခြင်းအကျိုးငှါ ပို့လိုက်သည်မဟုတ်။ ထိုကမ္မလာကိုကား လုံးထွေးရစ်ပတ်ပြီးလျှင် အသင်၏ အိပ်ရာခြေရင်းဦးထား၍ အိပ်သော အခါဝယ် နံ့သာရည်တို့ဖြင့် ဆေးအပ်ကုန်သော အသင်၏ခြေတို့ကို သုဓံသင်ခြင်းငှါ အသင်အား ပေးပို့စေသည်။ အသို့ပေနည်း၊ ထိုခြေသုတ်ခြင်း အမှုမျှကိုလည်း ပြုခြင်းငှါ မစွမ်းနိုင်တော့ပြီလော"ဟု ပြောဆို၏။ အိမ်ကျွန်မက"အရှင်၊ ထိုခြေသုတ်ခြင်းအမှုမျှလောက်ကိုမူကား ပြုခြင်းငှါ စွမ်းနိုင်ပါ၏"ဟု ပြောဆိုယူငင်၍ ပြန်သွား၏။ အစေအပါး ထို ယောကျ်ားတို့လည်း ထိုသို့သော အကြောင်းကို တွေ့မြင်ရကုန်၍ မိမိ၏ သေဋ္ဌေးကြီး အထံသို့ ပြန်သွားကုန်၍ "အမောင်တို့၊ အသို့ပေနည်း။ အသင်တို့သည် သေဋ္ဌေးမျိုးကို တွေ့မြင်ခဲ့၏လော"ဟု မေးမြန်းပြောဆိုသည်ယ်သော် "အရှင်သေဋ္ဌေးမင်း၊ အရှင်တို့၏ စည်းစိမ်ချမ်းသာသည် အဘယ်မှာ ပြောပလောက်ပါအံ့နည်း။ ရာဇဂြိုဟ် ပြည်၌ ဇောတိကသေဋ္ဌေးအား ဤသို့သဘောယ်သည်မည်သော စည်းစိမ်ချမ်းသာသည်ယ်၏"ဟု မိမိတို့တွေ့မြင်ခဲ့သမျှအလုံးစုံသော စည်းစိမ်ချမ်းသာကို ပြောကြားပြီးလျှင် ထိုသို့ဖြစ်ခဲ့ရခြင်းအကြောင်းကို ပြန်ကြားကုန်၏။ ဇဋိလသေဋ္ဌေးကြီးသည် အစေအပါး ထိုယောကျ်ားတို့၏ စကားကို ကြားရ၍ "ဤယခုအခါ၌ ရဟန်းပြုခြင်းငှါ အခွင့်ကို ရပေတော့မည်" ဟု နှစ်သက်သော စိတ်ယိုသဖြင့် ပြည့်ရှင် မင်းမြတ်၏ အထံတော်သို့ သွားရောက်၍ "အရှင်မင်းမြတ်၊အကျွန်ုပ်သည် ရဟန်းပြုခြင်းငှါ အလိုယိုသည် ဖြစ်ပါ၏။"ဟု ကြားလျှောက်၏။ ပြည့်ရှင် မင်းမြတ်ကလည်း "သေဋ္ဌေးကြီး ၊ဩဿ်–ကောင်းလှပေပြီ။ ရဟန်းပြုလေတော့"ဟု ခွင့်ပေးတော်မူ၏။ ထိုဇဋိလသေဋ္ဌေးကြီးသည် အိမ်သို့ပြန်သွား၍ သားတို့ကိုခေါ်စေပြီးသော် ရွှေသားအရိုးတပ်သော ဝဇီရစိန်အသွားယိုသော ပေါက်တူးကို သားကြီး လက်ဦးထား၍ "ချစ်သား၊ နေ့အိမ်၏အနောက်ဦးတခဲနက် ရွှေစင်အာတိပြီးသော တောင်မှ ရွှေစိုင် အခဲကို ခွဲဖဲ့ထုတ်

ဆောင်ခဲ့လော့''ဟု စေခိုင်းပြောဆိုဏ်။ ထိုသားအကြီးသည် ဝဇိရစိန် ပေါက်တူးကို ကိုင်ယူသွားရောက်၍ ရွှေတောင်ကို ပုတ်ခတ် တူးဖဲ့ဏ်။ ကျောက်ဖျာ အပြင်၌ ပုတ်ခတ်တူးဖဲ့မိသော အခါကဲ့သို့ ဖြစ်ဏ်။ ထို-သားအကြီးဏ်လက်မှ ဝဇိရစိန် ပေါက်တူးကိုယူ၍ အလတ် ဖြစ်သော သားဏ်လက်၌ ပေးအပ်၍ စေလွှတ်ပြန်ဏ်။ ရွှေတောင်ကို ပုတ်ခတ် တူးဖဲ့သော ထိုသားအလတ်အားလည်း ကျောက်ဖျာ အပြင်၌ ပုတ်ခတ် တူးဖဲ့သော အခါကဲ့သို့ ဖြစ်လေဏ်။ ထိုနောက် ထို ဝဇိရစိန် ပေါက် တူးကို ညီငယ် ဖြစ်သော သားဏ် လက်၌ ပေးအပ်၍ စေလွှတ်ဏ်။ ထို သားငယ်အား ထို ဝဇိရစိန် ပေါက်တူးကို ကိုင်ယူ၍ ရိုက်နှက် တူးဖြိုသည် ယှိသော် အစုအပုံ ပြုလုပ်၍ ထားအပ်သော မြေစိုင်ကို ပုတ်ခတ် တူးဆွသော အခါကဲ့သို့ ဖြစ်လေဏ်။ ထိုအခါ သားငယ်ကို သေဋ္ဌေးကြီးက ''ချစ်သား လာလှည့်လော့။ ဤမျှလောက် အတိုင်း အရှည်ဖြင့် သင့်လျော်လောက်ပြီ''ဟု ပြောဆိုဏ် ဤမှတပါးကုန်သော နှစ်ယောက်ကုန်သော အစ်ကိုကြီးဖြစ်ကုန်သော သားတို့ကို ခေါ်စေ၍ ''ဤရွှေတောင်သည် အသင်တို့အား ဖြစ်ပေါ်လာသည်မဟုတ်။ငါ့အား လည်းကောင်း၊ အသင်တို့ဏ် ညီငယ်အားလည်းကောင်း ဖြစ်ပေါ်လာ ဏ်။ ညီငယ်ဖြစ်သော ဤသူနှင့်အတူတကွ တပေါင်းတည်းဖြစ်၍ သုံး ဆောင်ကြကုန်လော့''ဟု မှာထားပြောဆိုဏ်။

အဘယ်အကြောင်းကြောင့်ကား ထိုရွှေတောင်သည် ထိုဇဋိလသေ ဋ္ဌေးနှင့် သားငယ်တို့အားသာလျှင် ဖြစ်ပေါ်ရလေသနည်း။ ။အဘယ် ကြောင့်ဇဋိလသေဋ္ဌေးသည် မွေးဘွားသောအခါ၌ ရေ၌ ချပစ်ခြင်းကို ခံရပါလေသနည်းဟူသော နှစ်ပါးကုန်သောအမေးပုစ္ဆာကို ထုတ်အပ် ကုန်ဏ်။ မိမိဏ်ပြုလုပ်အပ်သော ကံကြောင့်သာလျှင် ဤကဲ့သို့ ဖြစ်ရလေ သည်ဟု အကျဉ်းအားဖြင့် ဖြေဆိုအပ်ဏ်။ ။အကျယ်ဖြစ်သော အဖြေ ဝိသဇ္ဇနာကိုမူကား ဤဆိုလတ္တံ့သောစကား အစဉ်ဖြင့် သိအပ်ဏ်။

ဇဋိလ သေဋ္ဌေးကြီးဏ် အတိတ်ဝတ္ထု။

ကဿပ မြတ်စွာဘုရားဏ် စေတီတော်ကို ပြုလုပ်အပ်သည် ယှိသော် ကုန်ပြီးသော အာသဝေါယှိသော တပါးသော ရဟန္တာသည် စေတီ

တော်တည်လုပ်ရာအရပ်သို့ကြွသွားကြည့်ရှုပြီးလျှင်“အမောင်ဒါယကာတို့ အဘယ်အကြောင်းကြောင့် စေတီ၏ မြောက်မျက်နှာမုခ်၌ အုတ်မစိမတက်ပါသနည်း”ဟု မေးတော်မူ၏။“ရွှေစင်သည် မလုံလောက်ပါ”ဟု လျှောက်ထားပြောဆိုကြကုန်၏။“ငါသည် ရှာတွင်းသို့ ဝင်သွား၍ ဆောက်တည်လှူဒါန်းစေအံ့။အသင်တို့သည် ရိသေသဖြင့် အမှုကိုပြုလုပ်ကုန်လော့”ဟု ဤသို့ပြောဆိုပြီးကာ ထိုရဟန္တာအရှင်သည် မြို့သို့ကြွဝင်တော်မူ၍“မိခင်ဖခင်ဖြစ်ကြကုန်သောအို-ဥပါသိကာမ-ဥပါသကာတို့၊ အသင်တို့၏စေတီတော်၏ တခုသောမျက်နှာမုခ်၌ရွှေစင်အုတ်သည်မလုံလောက်။ ရွှေကို အသင်တို့ လျှော်စွာ သိကြဉ်ကုန်လော့”ဟု လူများအပေါင်းကို ဆောက်တည်စေလျက် ရွှေပန်းတိမ်သည် အမျိုးအိမ်သို့ကြွသွားလေ၏။ ရွှေပန်းတိမ်သည်လည်း ထိုအခိုက်အခါ ခဏ၌သာလျှင် မယားခင်ပွန်းမနှင့်အတူတကွ ခိုက်ရန်ပြုလျက် ထိုင်နေသည်ဖြစ်လေ၏။ ထိုအခါရွှေပန်းတိမ်သည်ကို ရဟန္တာမထေရ်က“စေတီတော်၌ အသင်တို့ယူအပ်သော မျက်နှာမုခ်၏ရွှေသည် မလုံလောက်ပေ။ မပြည့်စုံ မလုံလောက်သော ထိုရွှေကိုသိခြင်းငှါအပ်ပါ၏”ဟု မိန့်ဆိုတော်မူ၏။ထိုရွှေပန်းထိမ်သည်သည် မယား၌ ဖြစ်သော အမျက်ဒေါသ၏ အစွမ်းဖြင့်“အသင်၏ဆရာဖြစ်သောဘုရားကိုရေ၌ပစ်ချ၍ သွားပါလေလော့”ဟု ပြောဆို၏။ထိုအခါ မယားခင်ပွန်းမက ထိုလင်ယောကျ်ားကို“အသင်သည်မကြံစည် မပြစ်မှားကောင်းသောအရာ၌ အလွန်လျှင် နှိုင်ထက်ကလူနိပ်စက်မှုခြင်း အမှုကို ပြုအပ်၏။ငါ့အား အမျက်ထွက်သဖြင့် အသင်သည် ငါ့ကိုသာလျှင် ဆဲရေးရေရွတ်မှုလည်း ဆဲရေးရေရွတ်အပ်၏။ပုတ်ခတ် ရိုက်နှက်မှုလည်း ပုတ်ခတ် ရိုက်နှက်အပ်၏။ အဘယ်ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်တို့၌ သိတော်မူကုန်သော ဘုရားရှင်တို့၌ အမျက်ထွက်ဟန် ရန်ကို ပြုလုပ်ဘိသနည်း”ဟု ပြောဆို၏။ ရွှေပန်းထိမ်သည် သည်ကား ထိုခဏ၌သာလျှင် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍“အရှင်ဘုရားတို့၊ ဘပည့်တော်အား သည်းခံတော်မူပါကုန်လော့”ဟု ကြားလျှောက်၍ မထေရ်၏ ခြေတော်ရင်း၌ တုပ်ဝပ်၏။“အမောင်ဒါယကာ၊ အသင်သည် ငါ့ကို တစုံတရာ မပြောဆိုအပ် မြတ်သွာဘုရား

ရှင်ကိုသာလျှင် ကန်တော့ဝန်ချ သည်းခံစေဘိလော့'' ဟု မိန့်ဆိုတော်မူ၏။ ''အရှင်ဘုရား၊ အဘယ်သို့သော အမှုကိုပြုလုပ်၍ ကန်တော့ဝန်ချ သည်းခံစေရပါအံ့နည်း'' ဟု မေးလျှောက်၏။ ''အမောင် ဒါယကာ၊ ရွှေပန်းတို့၏ သုံးခုကုန်သော အိုးတို့ကို ပြုလုပ်၍ စေတီတော်၏ အတွင်း ဓာတ်တော် ထာပနာရာ တိုက်ခန်းဌ ထည့်သွင်းပြီးလျှင် စိုစွတ်သော အဝတ်, စိုစွတ်သော ဆံပင်ယှိသည်ဖြစ်၍ ကန်တော့ဝန်ချ သည်းခံစေဘိလော့'' ဟု မိန့်ဆိုတော်မူ၏။ ထိုရွှေပန်းထိမ်သည်သည် ''အရှင်ဘုရား၊ ကောင်းလှပါပြီ'' ဟု လျှောက်ထား၍ ရွှေပန်းတို့ကိုပြုလုပ်လျက် သုံးယောက်ကုန်သော သားတို့တွင် အကြီးဖြစ်သောသားကို ခေါ်၍ ''ချစ်သား၊ လာလတ္တံ့လော့။ ငါသည် မြတ်စွာဘုရားသခင်ကို အမျက်ထွက်ဟန်ရန်တုံမူ စကားဖြင့် ပြောကြားပုတ်ခတ်မိလေပြီ။ ထိုကြောင့် ဤပန်းတို့ကိုပြုလုပ်၍ ဓာတ်တော်ကိန်းရာ ထာပနာတိုက်အတွင်း၌ ထည့်သွင်း၍ ကန်တော့ ဝန်ချ သည်းခံစေအံ့။ အသင်သည်လည်း ငါ၏ ကုသိုလ်ဖြစ်ကြောင်း အပေါင်းအဖော်သည် ဖြစ်ပါလော့'' ဟု ပြောဆို၏။ ထို အကြီးဖြစ်သောသားက ''အကျွန်ုပ်သည် ထိုမြတ်စွာဘုရားကို ဖြစ်ပွါး မျက်ကြုတ်ရန်ပြုလုပ်သောသဘောမပြောဆိုမိချေ။ အသင်သည်သာလျှင် ပြုလုပ်လော့'' ဟု ပြောဆိုကာ ပြုလုပ်ခြင်းငှါ အလိုမရှိ။ အလတ်ဖြစ်သော သားကိုခေါ်၍ ရွေးနည်းတူစွာသာလျှင် ပြောဆို၏။ ထိုအလတ်ဖြစ်သော သားသည်လည်း ထိုအကြီးဖြစ်သော သားကဲ့သို့သာလျှင် ပြောဆို၍ ပြုလုပ်ခြင်းငှါ အလိုမရှိ။ သားငယ်ကိုခေါ်၍ ရွေးနည်းအတူသာလျှင် ပြောဆို၏။ ထိုသားငယ်သည် ''ဘခင်အား ဖြစ်သောအမှုမည်သည် သား၏ ဝန်ပေတည်း'' ဟု ပြောဆို၍ ဘခင်၏ ကုသိုလ်ပြုကြောင်း အပေါင်းအဖော်သည် ဖြစ်၍ပန်းတို့ကိုပြုလုပ်၏။ ရွှေပန်းထိမ်သည်သည် တထွာခန့် အတိုင်းအရှည်ယှိကုန်သော ပန်းတို့၏ သုံးခုကုန်သော အိုးတို့ကို ပြီးစေ၍ ဓာတ်တော်ထာပနာရာ တိုက်ခန်းအတွင်း ထည့်သွင်းပြီး၍ စိုစွတ်သော အဝတ်, စိုစွတ်သော ဆံပင်ယှိသည်ဖြစ်၍ မြတ်စွာဘုရားသခင်ကို ကန်တော့ဝန်ချ သည်းခံစေ၏။ ဤသို့သော အကြောင်းကြောင့်ထိဇဋိလသေဋ္ဌေးသည်ခုနစ်ကြိမ်တိုင်တိုင် မွေးဘွားသောအခါ

ရေဠုကျရောက်ခြင်းကို ရခဲ့လေပြီ။ ဤကိုယ်၏ အဖြစ်သည်ကား ထိုဇဋိလ သေဋ္ဌေးအား အဆုံးစွန်ဦးတည်သော ကိုယ်၏ အဖြစ်တည်း။ ဤကိုယ်၏ အဖြစ်ဦးလည်း ထိုကံ၏သာလျှင် အကျိုးဆက်ဖြင့် ရေဠု ကျရောက်ရလေ၏။ ထိုဇဋိလသေဋ္ဌေး၏ နှစ်ယောက်ကုန်သော အကြီးဖြစ်ကုန်သော အကြင်သားတို့သည် ရွှေပန်းတို့၏ ပြုလုပ်သောအခါဦး ကုသိုလ် ဖြစ်ကြောင်း အပေါင်းအဖော်တို့သည် ဖြစ်ခြင်းငှါ အလိုမရှိကုန် ထိုနှစ်ယောက်ကုန်သော သားကြီးတို့အား ထိုသို့သော အကြောင်းကြောင့် ရွှေတောင်သည် ထိုသူတို့အားမဖြစ် သားငယ်အားလည်း အတူတကွ တပေါင်း တစည်းတည်း ကုသိုလ် ကောင်းမှု ပြုအပ်သည် အဖြစ်ကြောင့် ရွှေတောင်သည် ဖြစ်လေ၏။ ။ဤသို့အောက်ဦး ပြဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် ထိုဇဋိလ သေဋ္ဌေးကြီးသည် မိမိ၏သားတို့ကို ဆုံးမပြီးသော်မြတ်စွာဘုရား၏အထံတော်ဦး ရဟန်းပြု၍ နှစ်ရက်သုံးရက်ဖြင့် သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ မြတ်စွာဘုရားသည် တပါးလည်း ဖြစ်သော နောက်အဘို့အခါဦး ငါးရာကုန်သော ရဟန်းတို့နှင့် အတူတကွ ဆွမ်းအလို့ငှါ လှည့်လည်တော်မူလျက် ထိဇဋိလသေဋ္ဌေးသား၏ နေအိမ်တံခါးသို့ ကြွသွားတော်မူ၏။ မြတ်စွာဘုရား အမျှးယှိသော ရဟန်းသင်္ဃာတော်အား လခွဲကာလပတ်လုံး ဆွမ်းအာဟာရကို ပေးလှူကြကုန်၏။ ရဟန်းတော်တို့သည် တရားသဘင် အစည်းအဝေးခွင်ဦး စကားကို ဖြစ်စေကြကုန်၏။ အဘယ်သို့ ဖြစ်စေကြကုန်သနည်း ဟုမူ။ "ငါ့ရှင် ဇဋိလ၊ အသင်အား ယခုနေ့တိုင် အောင်ပင်လည်း အတောင် ရှစ်ဆယ်ယှိသော တခဲနက် ရွှေစင်အတိပြီးသော တောင်ဦး လည်းကောင်း၊ ရင်သွေးဖြစ်သော သားတို့ဦး လည်းကောင်း တွယ်တာ ငဲ့ကွက် တပ်မက်သော တဏှာသည် ယိုင်းသလော" ဟု မေးမြန်း စုံစမ်းသောအားဖြင့် စကားကို ဖြစ်စေကြကုန်၏။ "ငါ့ရှင်တို့၊ ငါ့အား ထိုရွှေတောင် ရင်သွေးဖြစ်သော သားတို့ဦး တွယ်တာငဲ့ကွက် တပ်မက်သော တဏှာသည်လည်းကောင်း၊ သားနှင့် ပစ္စည်း အားမှီး တက်ကြွသော မာနသည်လည်းကောင်း မရှိတော့ပြီ" ဟု ပြန်ကြားပြောဆို၏။ ထိုရဟန်းတော်တို့က "ဤဇဋိလ မထေရ်သည်

မဟုတ်မလျှား မိမိ၌ထင်ရှား မရှိသည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကို ပြောကြားလေ၏'' ဟု ပြောဆိုကြ ကုန်၏။ မြတ်စွာဘုရား သခင်သည် ထိုရဟန်းတို့ ပြောကြားသောစကားကို ကြားသိတော်မူ၍ ''ချစ်သား ရဟန်းတို့၊ ငါဘုရား၏ သားတော်ဖြစ်သော ဇဋိလအား ထိုသားတို့နှင့် တကွသော ရွှေတောင်စသော ပစ္စည်းဥစ္စာတို့၌ တွယ်တာငဲ့ကွက် တပ်မက်သော တဏှာသည်လည်းကောင်း, တံခွန်တမျှ လွန်တက်ကြွသော မာနသည် လည်းကောင်း မရှိတော့ပြီ''ဟုမိန့်ဆိုတော်မူ၍ ဂာရုတော်ကို ဟောကြားလိုသောကြောင့်။

ဖြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော် ဂါထာဒေသနာ။

ယောဓ တဏှံ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝ ပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏။

ဂါထာ၏အနက်ကား။ ။ဇရ-ဇရမသ္မိံ လောကေ၊ ဤလောက၌။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ တဏှံ၊ ခြောက်ပါးဒွါရ လှည့်ကျ ပေါ်ထွက် တပ်မက်တတ်စွာ တဏှာတရားကို။ ပဟန္တွာန၊ အမှန်ခပင်း မကျန်ကြွင်းအောင် ထန်ပြင်းလက်နက် အရဟတ္တမဂ်ဖြင့် ပယ်ဖျက် စွန့် လွှတ်၍။အနာဂါရော၊ကုသိုလ်ပြုခွင့် အသင့်နည်းကြောင်း ကျဉ်းမြောင်း လှစွာ အိမ်ယာနှောင့်ကွဲခြင်းမရှိသည်။ ဟုတ္တာ၊ဖြစ်၍။ ပရိဗ္ဗဇေ၊ လူတို့၏ ဘောင် ခွါရှောင်ထွက်မြန်း ရဟန်းပြု၏။ တဏှာဘဝပရိက္ခီဏံ၊ ကြွင်းမဲ့ အားလုံး ကုန်ဆုံးပြီးသော ဘဏှာဘဝ ရှိ၏။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။

ဗြာဟ္မဏံ၊မကောင်းမှုကို အပပြုပြီးသောသူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၌ တဆယ့်သုံးခုမြောက်သော ဇဋိလမထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤဟွင်ရွှေပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၃၄-ဇောတိက မထေရ်ဝတ္ထု။

ယောဓ တဏ္ဍံ။ ။အစခံသော၊သုတ္တန်အလာ၊ဤဓမ္မဒေသနာကို၊ တဏ္ဍာသခင်၊အရှင်စေခိုင်း၊ လိုယှိတိုင်းသို့၊ ညွှတ်ရှိုင်းလိုက်ပါ၊ သတ္တဝါတို့ကို၊ မသမာညွှန်၊ တဏ္ဍာကျွန်အဖြစ်မှ၊ စင်စစ် လွတ်မြောက်အောင်၊ ထုတ်ဆောင်လမ်းပြ၊ ထုံးအရဖြင့်၊ ဆုံးမတော် မူတတ်သော မြတ်စွာဘုရား သခင်သည်၊ ပင်စဉ်ဝန်းခို၊ ဝါးညိုရိပ်မြုံ၊ဝေဋ္ဌုဝန်ရွှေဘုံ၌၊လေးစုံသော ယာပထဖြင့်၊နေမျှတော်မူလျက်၊ လူ၏ဘဝ၊ တူမရအောင်၊ မူလကြောင်းကံ၊ ပြုစီမံကြောင့်၊ နတ်ဖန်ဆင်းအပ်၊ ပြောမပြတ် နိုင်အောင်၊ ပေါမြတ် စည်းစိမ်၊ ရိပ်ငြိမ် ပြန့်အေး၊ သေဋ္ဌေး ဘဝကို၊ ပယ်ချစွန့်ပစ်၊ ရဟန်းဖြစ်သည်အရ၊ဇောတိကမထေရ်ကို၊ဦးတည်ပေါင်းစု၊အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

[ထိုဇောတိက သေဋ္ဌေးကြီးအဖြစ်သို့ ရောက်ခြင်းအကြောင်းကို အောက်၌ ဖော်ပြခဲ့ပြီ။ ထိုဇောတိက သေဋ္ဌေး ရဟန်းပြုသော အကြောင်းကား အဇာတသတ် မင်းနှင့် မကင်းသော သဘောယှိသည် ဖြစ်ခဲ့၏။ သို့ဖြစ်သောကြောင့် အဋ္ဌကထာ ဆရာကြီး နည်းဥပဒေသ အတိုင်း အဇာတသတ်မင်း၏ အတ္ထုပ္ပတ်ကို အမြွက်မျှ ထုတ်ဆောင်၍ ပြလိုက်ဦးအံ့။ ။ဤကားအမှာ]။

အဇာတသတ်မင်းဝတ္ထု။

တပါးသောအခါ၌ ရာဇဂြိဟ်ပြည်ကြီး၏ အရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ ကျောင်းဒါယကာ ဗိမ္ဗိသာရ မင်းမြတ်သည် သာဝတ္ထိပြည်ကြီး၏အရှင်ဖြစ်တော်မူသောမဟာကောသလမင်းကြီး၏သွီးတော်

မြတ်စွာဘုရား ကျောင်းဒါယကာ ပဿေနဒိကောသလမင်း၏ နှမတော် ဝေဒေဟီမင်းသွီးကို ဆောင်နှင်းရန်အကြောင်း တောင်းပန်နူးညွတ် ခွင့်လွှတ်စေ၍ ဆောင်ယူပြီးသည့်ကာလ မိဖုရားကြီးအရာ၌ ထားတော်မူလေသတတ်။ တနေ့သောအခါ ထိုဝေဒေဟီ မိဖုရား၏ဝမ်း၌ အဇာတသတ်မင်းဖြစ်လတ္တံ့သော သူငယ်သည် ပဋိသန္ဓေစွဲနေလေ၏။ ထိုသို့ပဋိသန္ဓေတည်နေစဲယူသည်ယိုသော် ဝေဒေဟီမိဖုရားအား ဤသို့သဘောယိုသောချင်ခြင်းသည်ဖြစ်၏။အဘယ်သို့ဖြစ်သနည်းဟူမူ'ငါသည် မောင်တော်မင်းမြတ်၏ လက်ျာလက်ရုံးတော်မှ သွေးကို သောက်ရပါမူကား ဩဇာ- ကောင်းလေစွ' ဟူသော ချင်ခြင်းသည် ဖြစ်၏။ ထိုဝေဒေဟီမိဖုရားသည် ''အထူးအချွန် အလွန်ဝန်လေးသောအရာ၌ ငါ့အား ချင်ခြင်းဖြစ်ခဲ့ဘိ၏။တစုံတယောက်သောသူသည် ပြောကြားခြင်းငှါမတတ်ကောင်း''ဟု ကြံ၍ ထိုချင်ခြင်းဖြစ်သည်ကို ပြောဆိုခြင်းငှါ မစွမ်းနိုင်ဘဲလျှင် ကြိုလိမ်သေးပျော့ ဖြောတော့ ခြင်းသို့ရောက် ဖေါက်ပြန်သော အဆင်းယိုသည် ဖြစ်လေ၏။ ထိုမိဖုရားကို ဗိမ္ဗိသာရမင်းကြီးက ''ချစ်နှမ၊ အသင်၏ ကိုယ်အင်္ဂါဘောသည် ပြကတဲ့သော အဆင်းမဟုတ်ခဲ့ချေတကား။ အကြောင်း အသို့နည်း''ဟု မေးတော်မူ၏။''မောင်တော်မင်းမြတ်၊ မေးတော် မမူပါလင့်''ဟု လျှောက် တင်သောအခါ ''ချစ်နှမ၊ အသင်၏ အလိုအင်္ဂါသယကို ငါ့အား မပြောပြခဲ့လျှင် အသင်သည် အဘယ်သူကိုပြောဆိုမည်နည်း''ဟုထိုထိုသို့သော အခြင်းအရာများစွာ ဖေါ်ပြ မနေရအောင် ဘွဲ့နှောင်သော စကားယိုသည်ဖြစ်၍ ပြောဆို လျှောက်တင်စေ၏။ မိဖုရားက ဖြစ်ပွါးသော ချင်ခြင်း အကြောင်းကောင်းစွာ ကင်လျှောက် ကြားသိတော် မူ၍လည်း ''ဟယ်အမိုက်မ၊ ဤသို့သော ချင်ခြင်း ဖြစ်ပေါ်ခြင်းအရေးဌာ ဝန်လေး၏ဟူသော အမှတ်အသင့်အား အဘယ်ကြောင့် ဖြစ်လေသနည်း''ဟု မိန့်ဆိုပြီးကာ ဆေးဆရာကိုခေါ်စေ၍ ရွှေဂါးငယ်ဖြင့် လက်ရုံးတော်ကို ဖေါက်ခွဲစေပြီးလျှင် ရွှေစင်ခွက်ငယ်ဖြင့် သွေးကိုခံယူပြီးသော် ရေနှင့်ရောနှော၍ တိုက်၏။ နိမိတ်ဖတ်ကတ်ကုန်သော ဟူးရားတို့သည် ထိုသို့သောအကြောင်းကို ကြားကုန်၍''ကိုယ်ဝန် တည်သော်ငါ့သူငယ်သည် မင်းကြီး၏ ရန်သူဖြစ်

လတ္တံ့။ ဤသူငယ်သည် မင်းကြီးကို သတ်လတ္တံ့”ဟု နိမိတ် ဖတ်ကြား ကုန်၏။မိဖုရားသည်“ငါ၏ဝမ်းမှ မွေးဖွားသော သားသည် မင်းကြီးကို သတ်လတ္တံ့သတတ်”ဟုကြားသိ၍ ကိုယ်ဝန်ကိုပျက်ကျစေခြင်းငှါ အလို ယို သောကြောင့် ဥယျာဉ်သို့သွား၍မိမိ၏ ဝမ်းကို နင်းနှိပ် ဖိနယ်စေ၏။ ကိုယ်ဝန်သည် မကျမပျက်လေ။ ထိုမိဖုရားသည် အဖန်ဖန်အထပ်ထပ် မပြတ်သွား၍ ရှေးနည်း အတူသာလျှင် နင်းနှိပ်ဖိနယ်ခြင်းကို ပြုစေ၏။ ဘုရင်မင်းမြတ်သည် “ဤမိဖုရားသည် အဘယ်အကျိုးငှါ မပြတ်မလပ် အထပ်ထပ် ဥယျာဉ်သို့ သွားလေဘိ သနည်း”ဟု စုံစမ်းတော် မူသည် ယိုသော် ထိုအကြောင်းကို ကြားသိတော်မူ၍ “ချစ်နှမ၊ အသင်၏ဝမ်း၌ တည်နေသော သူသည် သားဟူ၍ လည်းကောင်း၊ သမီးဟူ၍လည်း ကောင်း သိသာခြားနား မထင်ရှားပေ။မိမိမှဖြစ်ပေါ်လာသော သူငယ် ကို ဤသို့ပြုလုပ်သတဲ့-ဟု ကြိုးကျယ်စွာသော ဂုဏ်သိရ အရှိန်အစော်မဲ့ ခြင်း အစုသည်လည်း ငါတို့အား ဇာမူ။ဒိဝအပြင်၌ ထင်ရှားစွာ ဖြစ်ပေ လတ္တံ့။ အသင် ချစ်နှမသည် ဤသို့မပြုပါလင့်”ဟု တားမြစ်၍ မြမြသော အစော်အရှောက်ကို ပေး၏။ ထိုမိဖုရားသည် “ကိုယ်ဝန်မှ ထမြောက် သန့်စင် ဘွားမြင်ပြီးသော အခါ၌ သတ်ဖျက်အံ့”ဟု ကြံစည်၏ ထိုသား တော်ကလေးကို ဘွားမြင်သောအခါ၌လည်း အစော်အရှောက်ဖြစ် သော လူတို့သည် သိဂ္ဂက်ပယ်ဆောင်ကုန်၏။ ထိုနောက် တပါးသော အခါ၌ကြီးပွါးသောအရွယ်သို့ ရောက်သော မင်းသားကိုမယ်တော်မိဖု ရားအားပြကုန်၏။ထိုမိဖုရားသည် သွားလာနိုင်လောက် အရွယ်ရောက် သော ထိုသားတော်ကို မြင်၍သာလျှင် သားတည်းဟူသောချစ်ခင်ခြင်း ကိုဖြစ်စေ၏။ထိုကြောင့်ထိုသားတော်ကိုသတ်ဖျက်ခြင်းငှါမစွမ်းနိုင်လေ၊ ဘုရင်မင်းမြတ်သည်လည်း အစဉ်အတိုင်းအားဖြင့် ကြိုးပွါးသင့်လျော် သားတော်အား အိမ်ရှေမင်းအဖြစ်ကို ပေးသနားတော်မူ၏။

ဒေဝဒတ်သည် အဇာတသတ်မင်းသားအား ဘခင်ကိုသတ်၍ မင်းလုပ်ရန် အကြံပေးခြင်း။

ထိုနောက် တပါးသောအခါ၌ ဒေဝဒတ်သည် ဆိတ်ငြိမ်ရာသို့ကပ်

လျက် ''သာရိပုတ္တရာ၏ ပရိသတ်တို့သည် များပြားကုန်၏။ မဟာမောဂ္ဂလာန်၏ ပရိသတ်တို့သည် များပြားကုန်၏။မဟာကဿပ၏ ပရိသတ်တို့သည်သည်း များပြားကုန်၏။ ထိုသူတို့သည် အသီးသီး ဦးစီးခေါင်းဆောင်ပရိသတ်ဝန်ကို ဆောင်ကြကုန်၏။ ငါသည်လည်း ဦးစီးခေါင်းဆောင်ပရိသတ်ဝန်ကို ဆောင်ပေအံ့'' ဟုကြံစည်၏။တဖန်ထိုဒေဝဒတ်သည် ''လာဘ်လာဘနှင့်ကင်း၍ ပရိတ်သတ်ကို ဖြစ်စေခြင်းငှါ မတတ်ကောင်း။ ဤယခုအခါ၌ ငါသည် လာဘ်လာဘကို ဖြစ်စေအံ့'' ဟုကြံစည်ပြန်၍ ဝိနည်းခန္ဓက ပါဠိတော်၌ လာသော နည်းဖြင့်အဇာတသတ် မင်းသားကို ကန်ခိုးပြာဋိဟာဖြင့် ကြည်ညိုစေ၍ ညချမ်းနံနက်ပတ်လုံးလည်း ငါးရာကုန်သော ရထားတို့ဖြင့် ခစားဆည်းကပ်ခြင်းသို့လာရောက်သော မင်းသားကို အလွန် နှလုံးအကျွမ်းဝင်သည်ဟု သိသောကြောင့် တနေ့သောအခါ၌ ချဉ်းကပ်၍ ဤသို့သော စကားကို ပြောဆို၏။ အဘယ်သို့ ပြောဆိုသနည်းဟူမူ။ ''အရှင်မင်းသား၊ ရှေးအခါ၌ လူတို့သည် ရှည်သောအသက်ယှဉ်ကုန်၏။ ဤယခုအခါ၌ကား တို့သော အသက်ယှဉ်ကုန်၏။ ထိုသို့သော အကြောင်းကြောင့် အရှင်မင်းသား၊ အသင်သည် ခမည်းတော်ကို သတ်ဖြတ်၍ မင်းပြုလုပ်သည်ဖြစ်ဘိလော့။ ငါသည် ဘုရားကိုသတ်ဖြတ်၍ ဘုရားသည် ဖြစ်တော့အံ့'' ဟုပြောဆိုပြီးလျှင် အဇာတသတ် မင်းသားကို ခမည်းတော်ကို သတ်ဖြတ်ခြင်း၌ တိုက်တွန်း၏။ ထိုအဇာတသတ် မင်းသားသည် ''အရှင်ဒေဝဒတ်ကား ကြီးသော တန်းခိုးအာနုဘော်ယှိ၏။ ထိုအရှင်ဒေဝဒတ်အား မသိအပ်သော အရာမည်သည်မရှိ'' ဟု ကြံစည်ပြီးလျှင် ပေါင်၌သံလျက်ငယ်ကို ဘွဲ့ချည်၍ နေမွန်းကည့်သောအခါ၌ ကြောက်ရွံတုန်လှုပ် ရုံရှာထိတ်လန့်လျက် နန်းတော်တွင်းသို့ ဝင်၍ ဆိုအပ်ပြီးသော အပြားယှိသော ဖေါက်ပြန်သော အမူအရာကိုပြု၏။ထိုအခါ အမတ်တို့သည် ထိုအဇာတသတ်မင်းသားကိုဖမ်းယူစီစစ်ကြကုန်၍ ''မင်းသားကို မူလည်း သတ်အပ်၏။ ဒေဝဒတ်ကိုမူလည်း သတ်အပ်၏။ အလုံးစုံသော ရဟန်းတို့ကိုမူလည်း သတ်အပ်ကုန်၏'' ဟု တိုင်ပင်ကြကုန်၏။ ''မင်းကြီး၏ အာဏာအစွမ်းဖြင့် ပြုကုန်အံ့'' ဟု ပြောဆိုကုန်ပြီးလျှင် မင်းကြီးအား

ကြားလျှောက်ကုန်၏။ ဗိမ္ဗိသာရ မင်းမြတ်သည် အကြင် အမတ်တို့ကား သတ်ဖြတ်ခြင်းငှါ အလိုယှိကုန်သည် ဖြစ်ကုန်၏။ ထိုအမတ် တို့အား ရာထူးဌာနန္တရတို့ကို ဖြတ်ကုန်၍ အကြင်အမတ်တို့သည် သတ်ဖြတ်ခြင်းငှါ အလိုမယှိကုန်။ ထိုအမတ်တို့ကို ရှေးယှိရင်းထက် တိုးတက်မြင့်မြတ်သော ရာထူး၌တင်ထား၍ သားတော် မင်းသားကို "အမောင်သားတော်၊အသင်သည်ကားအဘယ်အကြောင်းကြောင့် ငါခမည်းတော်ကို သတ်ဖြတ်ခြင်းငှါ အလိုယှိဘိသနည်း" ဟု မေးတော်မူ၏။ "ခမည်းတော်မင်းမြတ်၊ မင်းအဖြစ်ဖြင့် အလိုယှိသည်ဖြစ်ပါ၏"ဟုတင်လျှောက်သည်ယှိသော် ဗိမ္ဗိသာရ မင်းမြတ်သည် ထိုသားတော် အဇာတသတ်မင်းသားအား မင်းအဖြစ်ကို ဆောင်နှင်း ပေးအပ်တော်မူ၏။ ထိုအဇာတသတ်မင်းက "အကျွန်ုပ်၏ စိတ်နှလုံးအလိုကား ပြည့်စုံပြီးမြောက်ခဲ့ပြီ" ဟု ဆရာဒေဝဒတ်အား အကြောင်းကို ပြောကြား၏။ ထိုနောက် ဆရာဒေဝဒတ်က ထိုအဇာတသတ်မင်းကို "အသင်သည် မြေခွေးကို အတွင်းသွင်းသည်ကိုပြု၍ စည်ကြက်သော ယောက်ျားကဲ့သို့ အမှုကိစ္စပြုလုပ်ဘွယ် မှန်သမျှကိုကောင်းစွာပြုလုပ်အပ်ပြီဟု အောက်မေ့မှတ်ထင်ဘိ၏။ နှစ်ရက် သုံးရက်တို့ဖြင့်သာလျှင် အသင်၏ ခမည်းတော်သည် အသင်ပြုလုပ် ကြမ်းကြုတ်ခဲ့လျှင် မထီမဲ့မြင် အမှုကို ကြည့်ရှုကြံစည်၍ အသင့်ကို ပယ်ဖျောက်ကာ မိမိသည် သာလျှင် မင်းပြုသည်ဖြစ်လတ္တံ့" ဟု ပြောဆို၏။ "အရှင်ဘုရား၊ ထိုသို့ဖြစ်ခဲ့တပြီးကား အဘယ်သို့ ပြုလုပ်ရပါမည်နည်း"ဟု မေး၏။အမြစ်အရင်းကို အကြွင်းမဲ့ဖြတ်လျက် ခမည်းတော်ကို သတ်လေလော့" ဟု ပြောဆို၏။ "အရှင်ဘုရား၊ အကျွန်ုပ်၏ ခမည်းတော်ကို လက်နက်ဖြင့် သတ်ဖြတ်ခြင်းငှါ မထိုက်သည် မဟုတ်လော"ဟု မေးမြန်းသောအခါ "အစာအာဟာရကို ဖြတ်ခြင်းဖြင့် ထိုခမည်းတော်ကို သတ်လေလော့"ဟု ပြောဆိုပြန်၏။

ဗိမ္ဗိသာရမင်းကြီးကို အခိုးထောင်၌ ချတော်မူခြင်း။

ထိုအဇာတသတ်မင်းသည်ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို ညှဉ်းဆဲခြင်းအမှုပြုရာ အခိုးအငွေ့ ပူလောင်သော နှောင်အိမ်၌ သွင်းထား

စေ၏။ "ငါ၏မယ်တော် မိဘုရားကြီးကို ထား၍ မယ်တော်မှတပါး မည်သူတဦးတယောက်အားမျှ ကြည့်ရှုဖူးမျှော်ခွင့်ကို မပေးကုန်လင့်" ဟု ထုတ်ဆင့် မိန့်ဆိုတော်မူ၏။ ဝေဒေဟီ မိဖုရားကြီးသည် ရွှေခွက်ငယ်၌ ထမင်းကိုထည့်၍ ရင်ခွင်အထက် ပွေ့ဖက် ယူဆောင် နှောင်အိမ်သို့ ဝင်တော်မူ၏။ နှောင်အိမ်အတွင်း အကျဉ်းခံနေရသော ဗိမ္ဗိသာရ မင်းကြီးသည် မိဖုရားကြီး ယူဆောင်လာသော ထိုထမင်း ဘောဇဉ်ကို သုံးဆောင်၍ မျှတတော်မူရလေ၏။ ထိုအဇာတသတ် မင်းက "ငါ၏ ခမည်းတော်သည် အဘယ်သို့ မျှတတော်မူသနည်း" ဟု မေးတော်မူ၍ ထိုသို့သော ဖြစ်ခြင်း အကြောင်းကို ကြားသိတော် မူသည် ယှိသော် "ငါ၏ မယ်တော်အား ထမင်းဘောဇဉ်ကို ရင်ခွင်၌ ထားသို ယူဆောင် ပြုလုပ်၍ ဝင်ရောက်ခြင်းငှါ အခွင့်မပေးကြကုန်လင့်" ဟု အမိန့် ထုတ်ဆင့်တော် မူပြန်၏။ ထိုအခါမှစ၍ ဝေဒေဟီ မိဖုရားသည် ဆံထုံး၌ ထမင်း ဘောဇဉ်ကို ထည့်သွင်း၍ နှောင်အိမ်သို့ ဝင်၏။ ဆံထုံး အတွင်း ထည့်သွင်း ယူဆောင် နှောင်အိမ်သို့ ဝင်သော ထိုအကြောင်းကို ကြားသိတော်မူ၍ "ငါ၏မယ်တော်အား ဆံထုံးကိုထုံးဘွဲ့၍ နှောင်အိမ်အတွင်းသို့ ဝင်ခြင်းငှါ အခွင့်မပေးကုန်လင့်" ဟု တဖန် ထုတ်ဆင့်တော်မူပြန်၏။ ဆံထုံးဖြေရှင်း နှောင်အိမ်တွင်းသို့ ဝင်ရသော ထိုအကြောင်းကြောင့် ဝေဒေဟီမိဖုရားကြီးသည် ရွှေခြေနင်း အတွင်း၌ ထမင်းဘောဇဉ်ကိုထည့်သွင်း၍ အပေါ်ကပိတ်ပြီးသော် ရွှေခြေနင်းစီး၍ ဝင်တော်မူ၏။ ဗိမ္ဗိသာရ မင်းမြတ်သည် ဘိနပ်ခြေနင်း သွက်သွင်း ယူဆောင်ရသော ထိုထမင်းဖြင့် သုံးဆောင် မျှတတော် မူရ၏။ တဖန် "ငါ၏ခမည်းတော်သည် အဘယ်သို့မျှတနေနိုင်သနည်း" ဟုမေးတော်မူပြန်၍ ထိုအကြောင်းကို ကြားသိရသည် ယှိသော် "မယ်တော်အား ခြေနင်းတို့ကိုစီးနင်း၍ ဝင်ခြင်းငှါလည်း အခွင့်မပေးကုန်လင့်" ဟု မိန့်တော်မူပြန်၏။ ထိုအခါမှစ၍ ဝေဒေဟီမိဖုရားသည် နံ့သာရည်ဖြင့် ရေချိုး သုံးသပ်၍ မိမိကိုယ်ကို စတုမဓူဖြင့်လိမ်းကျံ၍ အပေါ်ရုံ အဝတ်ခြုံ၍ နှောင်အိမ်သို့ဝင်၏။ နှောင်အိမ်အတွင်း အကျဉ်းခံရသဖြင့် အာဟာရ ပြတ်လပ် ငတ်မွတ်လှသော ဗိမ္ဗိသာရမင်းမြတ်သည် စတုမဓူဖြင့်လိမ်းကျံ

အပ်သော မိဖုရားကြီး၏ကိုယ်ကို လျှာဖြင့်လျက်၍ မျှတတော်မူရရှာ၏။ အဇာဝတသတ် မင်းက တဖန် မေးမြန်း ပြန်၍ ထိုသို့သော ဖြစ်ခြင်း အကြောင်းကို ကြားသိတော်မူသည် ယိုသော် "ဤနေ့မှစ၍ ငါ၏ မယ်တော်အား ခမည်းတော်၏အထံသို့ ဝင်ခွင့်အရေး မပေးဟန့်လစ် တား မြစ်ကြကုန်လော့" ဟု မိန့်ဆိုပြန်၏။ ထိုသို့မိန့်သံ တဖန် ထုတ်ဆင့်သော အခါမှစ၍ ဝေဒေဟီမိဖုရားသည် နှောင်အိမ်ပြင်ပါး တံခါးရင်း၌ ရပ်တည်၍ "ဗိမ္ဗိသာရ နာမမည်တွင် အရှင်မောင်တော် မင်းမြတ်သည်၊ မိမိ ကိုယ်ကို သတ်လတ္တံ့ ဖြစ်သော ဤသားကို ငယ်ရွယ်စဉ် အခါကာလ၌ သတ်ခြင်းငှါ အခွင့်ပေးတော်မမူ တားမြစ်တော်မူခဲ့၏။ မိမိ၏ ရန်သူကို မိမိသည်ပင်လျှင် အစဉ်စောင့်ရှောက် မွေးမြူတော်မူခဲ့၏။ ဤယခုအခါ နှောင်အိမ်ပြင်ပ ဤဌာန၌ တည်နေလျက် အရှေကာလ ပေါင်းသင်း၍ လာခဲ့ကြသဖြင့် အလွန်ချစ်ခင်လှသော အရှင်မောင်တော်မင်းမြတ်အား ဤဘဝတခုလုံးမှာ နောက်ဆုံး ဖူးမြင်ရခြင်းပါတည်း။ ဤနေ့ ဤအခါမှ စ၍အသက်တမျှခင်မင်လှသော ဘုရားကျွန်မနှမတော်သည့် ကိုယ်တော် သခင် အရှင်မောင်တော် မင်းမြတ်တို့ကို ရွှေမျက်နှာတော် ဖူးမျှော် ကြည့်ရှုခြင်းငှါ အခွင့်မရတော့ပါ။ ကျေးဇူးတော်သခင် အရှင် မောင်တော် မင်းမြတ်၊ သတ်မှတ်ထားကြင် အရှင်နှမတော် ကျွန်ဘော်မ ဝေဒေဟီ အား မကြည်မသာဖြိမိပါ၍ တစုံတရာသော အပြစ်သည် ဘုရားကျွန်မ အပေါ်၌ အကယ်၍ယို့ခဲ့ပါအံ့။ ယင်းသို့ တစိ အပြစ် ယို့ခဲ့သော် မောင် တော်သခင် အရှင်မင်းမြတ် ဩရသ်ရင်နှစ်သားချစ်ထက်ပင် ငါအရှင်ကို ပူပင် ကြောင့်ကြ မုချမိတ်စစ် ဖြစ်ပေသည် တကားဟု ထောက်ထား မြော်ကြံ ပြစ်မပြုနှဘဲ သည်းခံတော်မူပါ ကုန်လော့" ဟု တောင်းပန် လျှောက်ထား ပြောကြားငိုကြွေး မြည်တမ်းဟစ်အော်၍ ဆုတ်နစ် ပြန် လည်တော်မူရရှာလေ၏။ ထိုအခါမှစ၍ ဗိမ္ဗိသာရ မင်းကြီးအား အစာ အာဟာရမရှိ။ မင်းကြီးသည် မင်္ဂ-ဖိုလ်ချမ်းသာ ခံစားကာပြန်လှန် စကြံ တုံ့ခေါက် လျှောက်သွားတော် မူခြင်းဖြင့် မျှတတော်မူရ၏။ အလွန်လျှင် ခန္ဓာကိုယ် အတ္တဘောသည် တင့်တယ်၏။

၂၆-မြာဟွဏဝဂ်၊ ၃၄-ဇောတိကမထေရ်ဝတ္ထု။ ၃၂၁

ဗိမ္ဗိသာရမင်းကြီး၏ ခြေတော်ကို ဓားဖြင့်ခွဲကာ ရှားမီး၌ ကင်စေခြင်း။

ထိုအဇာတသတ်မင်းက "အို-အချင်းတို့၊ ငါ၏ ခမည်းတော်သည် အဘယ်သို့ မျှတသနည်း" ဟု မေးတော်မူ၍ "စက်ြီကြွသွား ခြင်းဖြင့် သာလျှင် မျှတ ပါသည်။ ထို ခမည်းတော်၏ ကိုယ်အတ္တ ဘောသည် အလွန်လည်း တင့်တယ်ပါသည်"ဟု လျှောက်ထား ကြားသိတော်မူ၍ "ဤယခုအခါ ထိုခမည်းတော်၏ လူးလားတ့ုံခေါက် စက်ြီလျှောက်ခြင်း ကို ပယ်ဖျောက်တားမြစ်အံ့" ဟု ကြံစည်တော်မူ၍ "ငါ့ခမည်းတော်၏ ခြေတို့ကို သင်ဓုန်းဖြင့် ခွဲပြီးသော် ဆားနှင့်ရောသော ဆီဖြင့် လိမ်းကျံ၍ မီးလျှံကင်းကုန်သော ရှားမီးခဲ့တို့ဖြင့် ကင်မြှိုက်ကုန်လော့"ဟု ပြောဆို ပြီးကာ ဆေတ္တာသည်တို့ကို စေလွှတ်၏။ ဗိမ္ဗိသာရမင်းကြီးသည် မင်း၏ အာဏာ ရှေးရှုလာသော ထိုဆေတ္တာတို့ကို မြင်၍ "ငါ၏သားတော်ကို တစုံ တယောက်သော သူက သိစေသည် ဖြစ်ပေလိမ့်မည်။ ဤဆေတ္တာ သည်တို့သည် မုတ်ဆိတ်ကျင်စွယ်တို့ ရိတ်ပယ်ပြုပြင်ခြင်း အကျိုးငှါ ငါ၏ အထံသို့ ရှေရှုလာကုန်သည်"ဟု ကြံစည်တော်မူ၏။ထိုဆေတ္တာသည်တို့ သည် သွားရောက်ပြီးလျှင် မင်းကြီးကိုရှိခိုး၍တည်နေကုန်၏။ "အဘယ် အကြောင်းကြောင့် လာရောက်ကုန်သနည်း"ဟု ဗိမ္ဗိသာရမင်းကြီးက မေးတော် မူသောကြောင့် ထိုသို့ဖြစ်ခြင်း သတင်းစကားကို ကြား လျှောက်ကုန်၏။"အသင်တို့မင်း၏ စိတ်နှလုံးအလို အကိုင်းကိုပြုကြကုန် လော့"ဟု မင်းကြီးက မိန့်ဆိုတော်မူသောအခါ "အရှင်မင်းမြတ်၊ ထိုင် နေတော် မူပါလော့" ဟု ပြောဆိုပြီး၍လည်း မင်းကြီးကို ရိုသေစွာ ရှိခိုးပြီးလျှင် "အရှင်မင်းမြတ်၊ ကျွန်တော်မျိုးတို့သည် ပြည့်ရှင်မင်း၏ အမိန့်အာဏာ ပြုပါကုန်၏။ ကျွန်တော်မျိုးတို့အား အမျက်ထွက်တော် မမူကုန်ပါလင့်။ အရှင်မင်းမြတ်တို့ကဲ့သို့ သဘောယှိကုန်သော တရား ကိုစောင့်ရှောက်တော်မူကုန်သော မင်းတို့အားမင်း၏အာဏာ မရှောင် သာ၍ ပြုလုပ်ရပါသော ကျွန်တော်မျိုးတို့၏အပေါ်၌ ဤအမျက်ထွက် ခြင်းအမှုသည် မသင့်လျော် မလျောက်ပတ်ပါ"ဟု လျှောက်တင်၍

လက်ဝဲလက်ဖြင့် ဖမျက်၌ကိုင်ပြီးလျှင် လက်ျာလက်ဖြင့်ထက်လှစ္ဆာသော သင်ဓုန်းကို ကိုင်ယူ၍ ခြေဘဝါးအပြင်တို့ကို ခွဲစိတ်မှုန်းလှီး၍ ဆားနှင့် ရောနှောသောဆီဖြင့် လိမ်းကျံဆုပ်နယ်ပြီးသော် အလျှံကင်းစဲ အရောင်ရဲသော ရှားမီးခဲတို့ဖြင့် ကင်မြှိုက်ကုန်၏။

ဗိမ္မိသာရ ဘုရင်မင်းမြတ်အား ဤသို့သော အကျိုးဝိပါက ဆင်းရဲဒုက္ခ ခံစားရခြင်းသည် ရှေးဘဝအခါ၌ စေတီရင်ပြင်တော်၌ဘိနပ်ခြေနင်းစီးလျက် သွားဘူးလေ သတတ်။ ဤသို့သော အကုသိုလ်မကောင်းမှု အကျိုးဆက်ပေတည်း။ ရဟန်းတော်တို့ ထိုင်နေခြင်းအကျိုးငှါ ခင်းထားအပ်သော ဖျာ, သင်ဖျူးသို့လည်း မဆေးမကြောရသောခြေတို့ဖြင့် နင်းတက်ဘူးသတတ်၊ ထိုအကုသိုလ်မကောင်းမှု၏ အကျိုးဆက်ပေတည်းဟု ဆရာတို့သည် မိန့်ဆိုတော်မူကြကုန်၏။

ထိုကြောင့် သီလက္ခန် အဌကထာ၌။ ။ရာဇာ ကိရ ပုဗ္ဗေ စေတိယင်္ဂဏေ သဥပါဟနော အဂမာသိ၊ နိသဇ္ဇနတ္ထာယ ပညတ္တကဋ္ဌသာရကဉ္စ အဓောတေဟိ ပါဒေဟိ အက္ကမိ၊ တဿာယံ နိဿန္ဒောတိ ဝဒန္တိ-ဟု မိန့်တော်မူ၏။

ထိုပါဌ်၏ အနက်ကား။ ။ရာဇာ၊ ဗိမ္မိသာရမင်းကြီးသည်။ပုဗ္ဗေ၊ ရှေးဘဝအခါ၌။ စေတိယင်္ဂဏေ၊ စေတီရင်ပြင်တော်၌။ သဥပါဟနော၊ဘိနပ်ခြေနင်းနှင့်တကွ။ အဂမာသိကိရ၊ သွားဘူးသတတ်။ နိသဇ္ဇနတ္ထာယ၊ ရဟန်းတော်တို့ ထိုင်နေခြင်းအကျိုးငှါ။ ပညတ္တကဋ္ဌသာရကဉ္စ၊ ခင်းထားအပ်သော ဖျာ, သင်ဖျူးသို့လည်း။ အဓောတေဟိ၊မဆေးမကြောအပ်ကုန်သော။ ပါဒေဟိ၊ ခြေတို့ဖြင့်။အက္ကမိ ကိရ၊ နင်းတက်ဘူးသတတ်။ တဿ၊ ထိုအကုသိုလ် မကောင်းမှု၏။ အယံနိဿန္ဒော၊ ဤပြဆိုခဲ့ပြီးသော အကျိုးဆက်သည်။ ဟောတိ၊ ဖြစ်၏။ ဋတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ ။ဤကားအနက်]။

ဗိမ္မိသာရ မင်းကြီးအားအလွန်အသည်း အားကြီးသောဆင်းရဲဝေဒနာပြင်းထန်စွာဖြစ်၍ ထိုဗိမ္မိသာရမင်းကြီးသည်။ ။ ''အဟော ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည် လြော်-အံ့ဘွယ်ယှိပေစွ။ ။အဟော ဓမ္မော၊မြတ်စွာ

ဘုရား ဟောကြားတော်မူအပ်သော တရားတော်သည်ဩော်-အံ့ဘွယ်ယှိပေစွ။ ။အဟောသံဃော၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဩော်-အံ့ဘွယ်ယှိပေစွ"။ ။ဟု အောက်မေ့ နှလုံးသွင်းတော်မူလျက်သာလျှင် စေတီရင်ပြင်၌ ပစ်ထားအပ်သော ပန်းသည် ညှိုးနွမ်း၍ သွားသကဲ့သို့ မင်းကြီး၏ကိုယ်တော်သည် ညှိုနွမ်းခြောက်သွေ့စုတေ့တော်မူ၍ စတုမဟာရာဇ် နတ်ပြည်၌ ဝေဿဝဏ နတ်မင်းကြီး၏ အလုပ်အကျွေး အစေအပါးဖြစ်သော ဇဝနသဘမည်သော နတ်သားအဖြစ် ဖြစ်လေ၏။

ဗိမ္မိသာရမင်းကြီး နတ်ပြည် စံလွန်တော် မူသော ထိုနေ့၌ ပင်လျှင် အဇာတသတ်မင်း၏ သားတော်မွေးဘွား၏။သားတော်ဘွားမြင်သော အဖြစ် ကိုလည်းကောင်း၊ ခမည်းတော်နတ်ရွာစံ လွန်တော်မူသော အဖြစ်ကိုလည်းကောင်း၊သိကြားစေမြောက် တင်လျှောက်ခြင်းငှါ နှစ်ခုကုန်သော ရေးသားလေပြီးကမ္ပည်းတင်လွှာတို့သည် တပြိုင်နက်တည်းသာလျှင် ဆိုက်ရောက်လာကုန်၏။ အမတ်တို့သည် "ရှေးဦးစွာ သားတော်၏ ဘွားမြင်သောအဖြစ်ကို လျှောက်ကြားကုန်အံ့"ဟု တိုင်ပင်ကုန်၍ သားတော်၏ဘွားမြင်သော ထိုကမ္ပည်းတင်လွှာကို အဇာတသတ်မင်း၏ လက်တော်၌ တင်ထားဆက်သွင်းကုန်၏။ အဇာတသတ်မင်းအားထိုခဏ၌သာလျှင် သားတည်းဟူသော ပြင်းပြသော ချစ်ခြင်းသည်ဖြစ်၍ အလုံးစုံသော ကိုယ်ကို တုန်လှုပ်ချောက်ချားစေလျက် ရိုးတွင်းခြင်ဆီကိုထိခိုက်၍တည်၏။ထိုခဏ၌ "ငါ့ကိုဘွားမြင်တော်မူသော အခါ၌လည်း ငါ၏ခမည်းတော်အား ဤအတူသာလျှင် ပြင်းပြစွာသော ချစ်ခြင်းဖြစ်ပေလိမ့်မည်"ဟု ခမည်းတော်မင်းကြီး၏ဂုဏ်ကျေးဇူးကို သိလေ၏။ထိုအဇာတသတ် မင်းသည်"အို-အချင်းတို့၊ သွားတည့်ကြကုန်လော့။ ငါခမည်းတော်ကို အချုပ်နှောင်အိမ်မှ လွှတ်ကြကုန်လော့"ဟု မိန့်ဆိုတော်မူ၏။ "အရှင်မင်းမြတ်၊ အဘယ်သူကို လွှတ်စေကုန်ဘိသနည်း" ဟု လျှောက်တင်ပြီးလျှင် တပါးလည်းဖြစ်သော ခမည်းတော် နတ်ရွာစံလွန်သော ရေးသားလေပြီး ကမ္ပည်းတင်လွှာကို လက်တော်၌ တင်ထား ဆက်သွင်းကုန်၏။ ထိုအဇာတသတ် မင်းသည်

ခမည်းတော် နတ်ပြည် စံလွန်ခြင်းဖြစ်ရသော ထိုအကြောင်းကို ကြား သိ၍ ငိုကြွေး မြည်ဟစ်လျက် မယ်တော်ဖြစ်သော ဝေဒေဟီမိဖုရား၏ အနီးအပါးသို့ သွားရောက် ပြီးသော် ''အို-မယ်တော်၊ အကျွန်ုပ်၏ ခမည်းတော်သည် အကျွန်ုပ်သားတော်ကို ဘွားမြင်တော် မူသည်ယို့သော် ချစ်ခင်ခြင်း ဖြစ်ပါ၏လော''ဟု မေး၏။ မယ်တော် ဖြစ်သော ဝေဒေဟီမိဖုရားကြီးက ''ဟယ်-သားမိုက်၊ အဘယ်သို့ ပြောဆိုလေဘိသနည်း။ အသင် သားမိုက်၏ ငယ်စဉ် ကာလဝယ် လက်ချောင်း၌ အိုင်းအမာပေါက်ရောက်၏။ထိုအခါလွန်စွာငိုကြွေးသော်သက်သာရန် ပေသိစေခြင်းငှါ မစွမ်းနိုင်သော အသင်ကိုယူဆောင်၍ တရားဆုံးဖြတ်သောနေရာ၌ ထိုင်နေတော်မူသော အသင်၏ခမည်းတော်ထံသို့ သွားကြကုန်၏။အသင်၏ခမည်းတော်သည် အိုင်းအမာပေါက်သော လက်-ချောင်းကို ခံတွင်း၌ ငုံ၍ထားပေ၏။ အိုင်းအမာသည် အသင် ခမည်း-တော်၏ ခံတွင်း၌ သာလျှင် ပေါက်ကွဲခဲ့၏။ ထိုအခါအသင်၏ ခမည်း တော်သည် အသင်သားတော်၌ ချစ်ခင်ခြင်းပြင်းပြ ကြီးကျယ်လှသဖြင့် သွေးပုပ်နှင့် ရောက်သော ထိုသွေးပြည်ကို မထွေးမအန် မူ၍သာလျှင် မျိုချဘူးလေပြီ။ အသင်၏ ခမည်းတော်အား အသင်၏ အပေါ်၌ ချစ်ခင်ခြင်းသည် ဤကဲ့သို့သဘောယိုသည်ဖြစ်ပေ၏''ဟု ပြန်ကြားပြောဆို၏။ထိုအဇာတသတ်မင်းကြီးသည် သည်းစွာပူဆွေး ငိုကြွေးမြည်တမ်း၍ ခမည်းတော်၏ ရုပ်အလောင်းတော်ကို ကောင်းစွာပူဇော်သင်္ဂြိုဟ်ခြင်း အမှုကို ပြုလုပ်ပေ၏။ထိုနောက် တရံရောအခါအဇာတသတ်မင်းသည် သာမညဖလသုတ် ပါဠိတော်၌ လာယှိသောအတိုင်း ဆရာဇီဝကကို လမ်းပြခရီးညွှန်ပြု၍ မြတ်စွာဘုရား ထံပါး မျက်မှောက် သွားရောက် ချဉ်းကပ်၍ မေးလျှောက်အပ်သော အမေးပုစ္ဆာ၏ အဖြေ ဝိသဇ္ဇနာ အဆုံး၌ ရတနာသုံးရပ်သို့ ဆည်းကပ်တတ်စွာ ဥပါသကာ အဖြစ်သို့ ရောက်လေသတည်း။

ဤသည်ကား အဇာသတ်မင်းသား မင်းအဖြစ်သို့ရောက်သော အကြောင်း အမြွက်တည်း။

၂၆-ဗြာဟ္မဏဝဂ်၊ ၃၄-ဇောတိကမထေရ်ဝတ္ထု။ ၃၂၅

ဇောတိက သေဋ္ဌေးကြီး ရဟန်းပြုသော အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

အဇာတမင်းသားသည် ဒေဝဒတ်နှင့် အတူတကွ တပေါင်းတည်း ဖြစ်၍ ခမည်းတော်ကို သတ်ဖြတ်ပြီးသော် ပြည့်ရှင်မင်း အဖြစ်၌ တည်၍ ဇောတိကသေဋ္ဌေး၏ ပြာသာဒ်ကြီးကို သိမ်းယူအံ့ဟု ကြံစည်ပြီးလျှင် စီရင်အပ်သော စစ်သည် ဗိုလ်ပါ အပေါင်း စုဆောင်း ထွက်လာ၍ ပတ္တမြားဖြင့် ပြီးသောတံတိုင်း၌ အခြံအရံ စစ်သည် ဗိုလ်ပါနှင့် တကွသော မိမိအရိပ်ကို မြင်သည်ယှိသော် သေဋ္ဌေးကြီးသည် စီရင်အပ်သော စစ်ထိုးခြင်းယှိသည် ဖြစ်၍ စစ်သည်ဗိုလ်ပါကိုယူ၍ ထွက်လာသည်ဟု မှတ်ထင်သောကြောင့် အနီးသို့ချဉ်းကပ်ခြင်းငှါ မစွမ်းနိုင်လေ၊ ထိုနေ့၌ ဇောတိကသေဋ္ဌေးကြီးသည်လည်း ဥပုသ်စောင့်သုံးသည်ဖြစ်၍ နံနက်စောစောကသာလျှင် နံနက်စာ စားပြီးသောအခါ ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရား၏ အထံတော်၌ တရားတော်ကို ကြားနာလျက် ထိုင်နေသည် ဖြစ်ပေ၏။ရှေးဦးစွာသော တံခါမုခ်၌ အစောင့်အရှောက်ကိုယူ၍တည်နေသော ယမကောဋ္ဌိအမည်ယှိသောဘီလူးသည် ပတ္တမြားတွင် အရိပ်ထင်သည်ကို အမြင်မှားမှတ် မချဉ်းကပ်ဝံ့သော ထိုအဇာတသတ်မင်းကိုမြင်၍ အဘယ်အရပ်သို့ သွားမည်နည်းဟု ခြိမ်းချောက်ပြောဆိုကာ အခြံအရံနှင့် တကွသော အဇာတသတ်မင်းကို ဖရိုဖရဲ ပြိုကွဲအောင် ဖျက်ဆီး၍ ဦးတည် မူရာ တူရူ ဖြစ်သော အရပ် မျက်နှာ အထောင့်ဖြစ်သော အရှပ်မျက်နှာတို့၌ ဖမ်းယူဟန်သွင် အစဉ်လိုက်ကုန်၏။ အဇာတသတ်မင်းသည် ပြေးရင်း ရှေးရှူရာ မြတ်စွာဘုရား ကျောင်းတော်သို့ ရောက်သွားလေ၏။ ထိုအခါ ဇောတိကသေဋ္ဌေးကြီးသည် ထို အဇာတသတ် မင်းကို မြင်၍ သာလျှင် ''အရှင် မင်းမြတ်၊ အကြောင်းအသို့ပေနည်း''ဟုတင်လျှောက်ပြောဆို၍ထိုင်နေရာမှထပြီးကာ သင့်လျော်သောနေရာ၌တည်နေ၏။''အို သေဋ္ဌေးကြီး၊အကြောင်းအသို့ပေနည်း။အသင်သည် မိမိ၏အစေအပါး ယောက်ျားတို့ကို ငါနှင့် အတူတကွ အောင်နိုင်အောင် စစ်ထိုးကြကုန်လော့ဟု ခိုင်းစေခဲ့၍ ဤ-

ဓမ္မပဒဝတ္ထုတော်ကြီး။ (ဆရာတော်-အသျင်စန္ဒိမာမှ)။

မြတ်စွာဘုရားအထံတော်၌ တရားတော်နာဘိသကဲ့သို့ အဘယ်ကြောင့် ထိုင်နေသနည်း" ဟု မေးတော်မူ၏။ "အသို့ပေနည်း။ အရှင်မင်းမြတ် သည် အကျွန်ုပ်၏အိမ်ကို သိမ်းယူခြင်းငှါ ကြွသွားတော်မူသလောဟု" မေးလျှောက်ပြန်သဖြင့် "သေဋ္ဌေးကြီး၊ သြော်-သွားရောက်သည် ဖြစ်ခဲ့၏" ဟု မိန့်ဆိုတော်မူ၏ "အရှင်မင်းမြတ်၊ အကျွန်ုပ်ပေးခြင်းငှါအလိုမရှိခဲ့သော် အကျွန်ုပ်၏အိမ်ကို သိမ်းယူခြင်းငှါ တထောင်မျှလောက် မင်း အပေါင်းသည် မစွမ်းနိုင်ပါ" ဟု တင်လျှောက်သောအခါ ထို အဇာတ သတ်မင်းက "အသို့ပေနည်း။အသင်သည်မင်းဖြစ်လတ္တံ့လော" ဟု ပြော ဆို၍ အမျက်ထွက်တော်မူ၏။ ဇောတိက သေဋ္ဌေးက "အရှင်မင်းမြတ်၊ အကျွန်ုပ်မင်းမဟုတ်ပါ။ အကျွန်ုပ်၏ ပစ္စည်းဥစ္စာကိုမူကား မြတ်ဆာ ချည်မျှင်မျှကိုလည်း အကျွန်ုပ်ပေးခြင်းငှါအလိုမရှိခဲ့သော် ပြည့်ရှင်မင်း တို့သည်လည်းကောင်း၊ ခိုးသူတို့သည် လည်းကောင်း လုယက် ယူငင် ခြင်းငှါ မစွမ်းနိုင်ပါ" ဟု ပြောဆို လျှောက်တင်၏။ "အသို့ပေနည်း၊ ငါသည် အသင်၏ နှစ်သက်အရေး ခွင့်ပေးခြင်းဖြင့် ယူရလတ္တံ့လော" ဟု မေးတော်မူပြန်သည်ယိုသော် "အရှင်မင်းမြတ်၊ထိုသို့ဖြစ်ခဲ့တပြီးကား အကျွန်ုပ်၏ ဆယ်ခုကုန်သော လက်ချောင်းတို့၌ ဤနှစ်ဆယ်ကုန်သော လက်စွပ်တို့သည် ယိုပါကုန်၏။ ဤလက်စွပ်တို့ကို အကျွန်ုပ်သည် အရှင် မင်းမြတ်တို့အား မပေးပါ။ အကယ်၍ ယူခြင်းငှါ စွမ်းနိုင်ကုန်အံ့။ အရှင်မင်းမြတ်တို့သည် ယူတော်မူကုန်လော့" ဟု ပြောဆို၏။ ထိုအဇာ တသတ် မင်းသည်ကား မြေကြီး၌ ဆောင့်ကြောင့်ထိုင်နေ၍ ခုန်အပ် သည် ယိုသော် တဆယ့်ရှစ်တောင် ယိုသော အမြင့် အရပ်သို့ တက် ရောက်၏။ ရပ်တည်၍ ခုန်သည်ယိုသော် အတောင်ရှစ်ဆယ် ယိုသော် အရပ်သို့ တက်ရောက်၏။ ဤသို့ ကြီးကျယ်သော ခွန်အားယိုသောသူ ဖြစ်ပါလျက်လည်း ဤမှ ထိုမှ ပြန်လှန်ပြောင်းတည် လှည့်လည်ဖြွဲ့တ် လျက် တကွင်းတချည်သော လက်စွပ်ကိုမျှလည်း ဆွဲတ်ယူဆွဲငင်ခြင်းငှါ မစွမ်းနိုင်လေ။ ထိုအခါ ဇောတိက သေဋ္ဌေးကြီးက ထိုအဇာတသတ် မင်းကို "အရှင်မင်းမြတ်၊ ပုဆိုးကို ဖြန့်တော်မူပါလော့" ဟု ပြောဆို တင်လျှောက်၍ လက်ချောင်းတို့ကို ဖြောင့်စွာပြုလုပ်၏။ အကွင်းအချည်

နှစ်ဆယ်ကုန်သော လက်စွပ်တို့သည် ပုဆိုးထက်သို့ ထွက်ကျကုန်၏။ ထိုအခါ သေဋ္ဌေးကြီးက ထိုအဇာတသတ်မင်းကို "အရှင်မင်းမြတ်၊ ဤသို့လျှင် အကျွန်ုပ်၏ ပစ္စည်းဥစ္စာကို အကျွန်ုပ်ပေးခြင်းငှါ အလိုမရှိခဲ့သော် ယူခြင်းငှါ မစွမ်းနိုင်ပါ" ဟု ပြောဆို တင်လျှောက်၍ပြည့်ရှင်မင်း၏ အပြုအမူဖြစ်ပေါ်လာသော ထိတ်လန့်တုန်လှုပ်ခြင်း ယိုသည်ဖြစ်၍ "အရှင်မင်းမြတ်၊ ရဟန်းပြုခြင်းငှါ အကျွန်ုပ်အား ခွင့်ပြုတော်မူပါလော့" ဟု တောင်းပန် တင်လျှောက်၏။ ထိုအဇာတသတ်မင်းသည် "ဤသေဋ္ဌေးကြီးသည် ရဟန်းပြုခဲ့သည်ယိုသော် မပင်မပန်း ချမ်းချမ်းသာသာ ပြာသာဒ်ကို သိမ်းယူအံ့" ဟု ကြံစည်၍တခွန်းတည်း တောင်းပန်သော စကားဖြင့်သာလျှင် ထိုဇောတိက သေဋ္ဌေးကြီးသည် မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြုပြီး၍ မကြာမြင့်မီသာလျှင် အရဟတ္တဖိုလ်သို့ ရောက်၍ ဇောတိကမထေရ်မည်သည် ဖြစ်လေ၏။ထိုဇောတိကမထေရ် အရဟတ္တဖိုလ်သို့ ရောက်သော ခဏ၌သာလျှင် အလုံးစုံလည်းဖြစ်သော ထိုစည်းစိမ်ချမ်းသာတို့သည် ကွယ်ပျောက်၏။ ထိုဇောတိကသေဋ္ဌေးကြီး၏ အတုလကာယိ အမည်ယိုသော ထိုခင်ပွန်းမယားကိုလည်း နတ်တို့သည် ဥတ္တရကုရုကျွန်းသို့သာလျှင် တဖန်ပြန်ယူဆောင်ပို့ကုန်၏။ ထို့နောက် တနေ့သောအခါ၌ ရဟန်းတို့သည် ထိုဇောတိကမထေရ်ကိုခေါ်၍ "ငါ့ရှင်ဇောတိက၊ အသင်၏ထိုပြာသာဒ်၌ လည်းကောင်း၊ ထိုမိန်းမ၌ လည်းကောင်း တွယ်တာကပ်မက် နှစ်သက်ခြင်းတဏှာသည် ယိုသေးသလော" ဟုမေးမြန်းကုန်၍ "ငါ့ရှင်တို့၊ ငါ့အား တွယ်တာကပ်ငြို တပ်မက်ခြင်းတဏှာ မရှိတော့ပြီ" ဟု ပြောဆိုသည်ယိုသော် ရဟန်းတို့က "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤဇောတိက မထေရ်သည် မဟုတ်မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကို ကြားပါသည်" ဟု မြတ်စွာဘုရားအား လျှောက်ကြားကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က "ချစ်သား ရဟန်းတို့၊ ငါဘုရား၏ သားတော်ဖြစ်သော ဇောတိကအား ထိုပြာသာဒ်၊ ခင်ပွန်းမ မယားဌ ပြင်းစွာငဲ့ကွက် တပ်မက်ငြိကာ တဏှာမယိုတော့သည်သာလျှင်တည်း" ဟု မိန့်ဆိုတော်မူပြီး၍။

၃၂၂ ဝမ္မပဒဝတ္ထုတော်ကြီး။(ဆရာတော်-အာသျင်စန္ဒိမာဘိဝံ)။

ဗြာဟ္မဏ၏ အရကို တနည်းအားဖြင့် ဖော်ပြသော
ပါဠိတော်ဂါထာ ဒေသနာ။

ယေ၊ဒဓတဏ္ဍံ ပဟန္ဒွာန၊ အနာဂါရော ပရိဗ္ဗဇေ။
တဏ္ဍာဘဝပရိက္ခီဏံ၊ တမဟံ ဗြူ။မိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏ အနက်ကား။ ။ဇရ-ဇရမသို့ံ လောကေ၊ဤလောက၌။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ တဏှံ၊ ခြောက်ပါးဒွါရ လည်ဟူ ပေါ်ထွက် တပ်မက်တတ်စွာ တဏှာကို။ ပဟန္ဒွာန၊အမှန်ခပင်း မကျန် ကြွင်းအောင် ထန်ပြင်းလက်နက် အရဟတ္တမဂ်ဖြင့် ပယ်ဖျက်စွန့်လွှတ်၍။ အနာဂါရော၊ ကုသိုလ်ပြုခွင့် အသင့်နည်းကြောင်း ကျဉ်းမြောင်းလှစွာ အိမ်ယာ နှောင့်ယှဉ်ခြင်းမရှိသည်။ ဟုတ္တာ၊ဖြစ်၍။ပရိဗ္ဗဇေ၊လူတို့၏ဘောင် ခွါရှောင်ထွက်မြန်း ရဟန်းပြု၏။ တဏှာဘဝပရိက္ခီဏံ၊ ကြွင်းမဲ့အားလုံး ကုန်ဆုံးပြီးသော တဏှာဘဝရှိ၏။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသော သူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူ။မိ၊ ဟောကြားတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၌ သုံးဆယ့်လေးခု မြောက်သော ဇောတိက မထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ဖွဲ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၃၅-နဒုပုတ္တိက မထေရ်ဝတ္ထု။

ဟိတ္ထာ မာနုသကံယောဂံ။ ။အစခံသော၊သုတ္တန်အလာ၊ ဤ ဓမ္မဒေသနာကို၊ ငါးဖြာအာရုံ၊ကာမဂုဏ်ကို၊ ခုံမင်တတ်ဘိ၊သတ္တိစရိုက်၊

ဤအမိုက်ဖြင့်၊ အခိုက်မလင်း၊ တိုက်သွင်းချုပ်နှောင်၊ မခွါရှောင်နိုင်ဘဲ၊ တလဲလဲတလည်လည်၊ အတည်မရှိ၊ ဒုက္ခိများကြီ၊ဝေနေပုံကို၊ ကာမဂုဏ်အပြစ်၊ ဖေါ်လှစ်ထုံးပြ၊ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသခင်သည်၊ ပင်စဉ်ယှက်သန်း၊နတ်နန်းဥယျာဉ်၊တူလေဟန်ဖြင့်၊ လူ့ထံကြောနယ်၊ ပြောစဘွယ်အမွန်၊ ဝေဋ္ဌုဝန် မင်းကျောင်းဦ၊ ကိန်းအောင်းနေမျှတော်မူလျက်၊တဦးသော ကခြေသည်သား မထေရ်ကို၊ဦးတည်ပေါင်းစုအကြောင်းပြုသောအားဖြင့်၊ ဟောကြားတော် မူခဲ့လေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

ထိုကခြေသည်သား မထေရ်သည် လူဖြစ်စဉ်အခါ တခုသောကခြေသဘင်အတတ်ကို တတ်မြောက်သောအား ကစားပျော်မြူးလျက် အထူးလှည့်လည်သည်ယှိသော် သင့်လျော်ကြန့်ကြာ တရံခါ၌ မြတ်စွာဘုရား၏ တရားစကားကို ကြားနာရ၍ ရဟန်းပြုသည် ယှိသော် အရဟတ္တဖိုလ်သို့ရောက်လေ၏။ ထိုကခြေသည်သား မထေရ်သည် တနေ့သော အခါဘုရားအမှူးယှိသော ရဟန်းတော်အပေါင်းနှင့် အတူတကွ ဆွမ်းအလို့ငှါ ကြွဝင်သည်ယှိသော် ရဟန်းတို့က ပျော်မြူးရှင်တုံ ကခုန် ကစားသောတယောက်သော ကခြေသည်ကို တွေ့မြင်၍ ထိုကခြေသည်သား မထေရ်ကို ''ငါ့ရှင်၊ ဤကခြေသည်သည် အသင်ကခုန်ကစားတိုင်း ကခုန်ကစားတိုင်းကို ကခုန်ကစား၏။ ဤသို့ ကခုန်ကစားရာ၌ အသင်အား ချစ်ခင်နှစ်သက်ခြင်း ယှိသလော''ဟုမေးမြန်းကြကုန်၏။ ထိုသို့စုံစမ်း မေးမြန်းကြသောကြောင့် ''ချစ်ခင်နှစ်သက်ခြင်း မရှိတော့ပြီ''ဟု ပြောဆိုသည်ယှိသော် ရဟန်းတို့က ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤကခြေသည်သား မထေရ်သည် မဟုတ် မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကို ကြားပါသည်''ဟု မြတ်စွာဘုရားကို လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသခင်သည် ထိုရဟန်းတို့ လျှောက်ထားသောစကားကို ကြားတော်မူ၍ ''ချစ်သား ရဟန်းတို့။ ငါဘုရား၏ သားတော်သည် ဘဝများစွာ သံသရာတခွင် ကပ်ယှဉ် တပ်တုံ အလုံးစုံသော ယောဂတရားတို့ကို လွန်မြောက်လေပြီဟု မိန့်ဆိုတော်မူ၍။

ဗြာဟ္မဏ၏အရကို တနည်းအား ဖေါ်ပြသော ပါဠိတော် ဂါထာ ဒေသနာ။

ဟိတ္ဟာ မာနုသကံ ယောဂံ၊ ဒိဗ္ဗယောဂံ ဥပစ္စဂါ။

သဗ္ဗယောဂသံဝိယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်ကိုသို့ ရောက်ကုန်၏။

ဂါထာ၏ အနက်ကား။ ။ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ မာနုသကံယောဂံ၊လူ၌ဖြစ်သော အသက်ရှည်ကြာ ဥစ္စာတိုးပွါး ငါးပါး အာရုံ ကာမဂုဏ်၌ ခုံမင်တတ်လှ လုံ့လပြုခြင်းကို။ ဟိတ္ဟာ၊မတွယ်အဓွန့် ရှောင်ပယ်စွန့်၍။ဒိဗ္ဗယောဂံ၊ နတ်၌ဖြစ်သော အသက်ရှည်ကြာ များစွာ အာရုံ။ကာမဂုဏ် ခုံမင်တတ်စွာ့ လုံ့လပြုခြင်းကို။ဥပစ္စဂါ။ လွန်မြောက်လေ၏။ သဗ္ဗယောဂဝိသံယုတ္တံ၊ ကာမယောဂ စသည်အပြား လေးပါကုန်သောယောဂတို့နှင့်မယှဉ်ထသော၊တံပုဂ္ဂလံ၊ထိုပုဂ္ဂိုလ်ကို၊ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသော သူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ဗြာဟ္မဏဝဂ်၌ သုံးဆယ့်ငါးခုမြောက်သော နဋ္ဌပုတ္တကမထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၃၆-ကခြေသည်သား မထေရ်ဝတ္ထု။

ဟိတ္ဟာ ရတိဥ္ဆ။ ။ယင်းသို့စသည်၊ ဤဓမ္မဒေသနာကို၊ဆယ်ဖြာသံယောဇဉ်၊ ဖွဲ့ယှဉ်လေပြီး၊ အနည်းငယ်မျှ၊ ပမာဏပင်၊ ပျော်ရွှင်စရာ၊ မပါကင်းလွတ်။ သံသာဝဋ်ကို၊ စိတ်ညွတ် လျော်၍။ ပျော်မွေ့ တတ်စွာ၊ သတ္တဝါတို့ကို၊ ထိုသံသရာ၊ ဤဘက်မှာ၌၊ ပျော်ရာတစိ၊ မရှိလုံးလုံး၊ ဒုက္ခတုံးဟု၊ အဆုံးသိစေ၊ တရားရေကို၊ ပွါးဝေတိုက်၄၊ ဆုံးမတော်မူ

တတ်သော မြတ်စွာဘုရားသည်၊ မင်းဖျား ဗိမ္မိသာ၊ စံရာနဂိုရ်၊ ရာဇဂြိဟ် အစွန်၊ဝေဠုဝန် မင်းကျောင်း၌၊ ကိန်းအောင်းနေမျှတော်မူလျက်၊ အထက်ရှေးခါ၊ လျော်စွာအနေ၊ ကဓြဲသည် ဖြစ်ဘူးသော၊ မထေရ် တဦးကိုသာလျှင်၊ ရည်စူးထောက်ရှု၊ အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်းအထူးပုတို့ အစဉ်ကား ဤသို့တည်း။

အရပ်မျက်နှာ ဖြာဖြာလည့်ပတ် ကဓြဲသည် အတတ်ဖြင့် မပြတ် အထူးရှင်မြှုံးကပြလျက် ဌာနအတည်တည် လှည့်လည်သော တယောက် သောကဓြဲသည်သည် တပါးလည်းဖြစ်သော အခါ၌ မြတ်စွာ ဘုရား ဟောကြားပြသ ဆုံးမမြွက်ဖေါ် တရားတော်ကို ကြားနာရ၍ ဘုရား သာသနာ ကောင်းစွာဝင်မြန်း ရဟန်းပြုသည်ယိုသော် မကြာမြင့်မီပင် လျှင်အရဟတ္တဖိုလ်သို့ရောက်လေ၏။အာသဝေါကုန်ခန်းရဟန္တာဖြစ်ပြီး သောထိုကဓြဲသည် ရဟန်းသည် တရံခါတံု ဘုန်းဂုဏ်မြတ်ဖျား ဘုရား အမျှးယိုသော ရဟန်းသံဃာ အပေါင်းနှင့် အတူတကွ ဆွမ်းအလို့ငှါ ကြွဝင်တော်မူသည်ယိုသော် အတူသွားဘော် ရဟန်းတော်တို့သည်ကစား မြှုံးတူး အထူးကပြ၍နေသော ကဓြဲသည် တယောက်ကို တွေ့မြင်ကုန်၍ ထိုကဓြဲသည်ရဟန်းကို "ငါ့ရှင်၊ ဤကဓြဲသည်သည် အသင်ကပြ နည်းနယ အမျိုးမျိုး တက်တိုးပွါးလူး ရှင်မြှုံးကပြခြင်းကို ကပြပေ၏။ ဤသို့ အထူး ရှင်မြှုံးကပြရာ၌ အသင်အားချစ်ခင်နှစ်သက် တပ်မက်ခြင်းယိုသလော"ဟု စောကြောစုံစမ်းမေးမြန်းကြကုန်၍"ငါ့ရှင်တို့၊ငါ့အား ချစ်ခင်နှစ်သက် တပ်မက်ခြင်းမရှိတော့"ဟု ပြောဆိုသည်ယိုသော်" ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤရဟန်းသည် မဟုတ်မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကို ကြားပါသည်"ဟု မြတ်စွာဘုရားကို လျှောက်ထားသော စကားကို ကြားတော်မူ၍ "ချစ်သားရဟန်းတို့၊ ငါဘုရား၏သားတော်သည် နှလုံးရှင်ပျော် မွေ့လျော်ခြင်းကိုလည်းကောင်း၊ နှလုံးမတွေ့ မမွေ့လျော်ခြင်းကို လည်းကောင်း၊ မငြိ မတွယ် စွန့်ပယ်ရှာတည်လေပြီ"ဟု မိန့်တော်မူပြီး၍။

ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖော်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

ဟိတ္ဝာ ရတိံစ၊ အရတိံ၊ သီတိဘူတံ နိရူပဓိံ။
သဗ္ဗလောကာဘိဘုံ ဝီရံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိ ဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏အနက်ကား။ ။ရတိဥ၊ ငါးပါးအာရုံ ကာမဂုဏ်၌ မြူးခုန်ရှင်ပျော် မွေ့လျော်ခြင်းကို လည်းကောင်း။ အရတိဥ၊ လူသံကင်းတိတ် ဆိတ်ငြိမ်ခိုအောင်း တောကျောင်းနေခွင်၌ ဆန့်ကျင်ငြီးငွေ့ မမွေ့လျော်ခြင်းကိုလည်းကောင်း။ ဟိတ္ဝာ၊ တကယ်မတွန့် ပယ်ရှောင်စွန့်၍။ သီတိဘူတံ၊ တထောင့် ငါးရာ ကိလေသာ မီး လောင်မြိုက် ပြီးကို မင်တည်းဟူသော ရေဓာတ်ဖြင့် ငြိမ်းသတ်ဆေးလေး ငြိမ်းအေးပြီးထသော။ နိရူပဓိံ၊ ညစ်ညူးကြောင်းလာ ကိလေသာမှ ကောင်းစွာ ကင်းဝေးထသော။ သဗ္ဗလောကာဘိဘုံ၊ ခန္ဓာဟူသမျှ အလုံးစုံသော လောကကို မထအောင် အညွန့်ချိုးလျက် လွှမ်းမိုးနှိပ်စက်၍ တည်ထသော။ ဝီရံ၊ တမုဟုတ်မျှ မဆုတ်ရအောင် ဥဿာဟမည်ဘိ ဝီရိယ ယှိထသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှု ဟူသမျှကို အပပြုပြီးသောသူဟူ၍။ အဟံ၊ သင်တို့ဆရာ ဘုရား ငါသည်။ ဗြူမိ၊ ဟောကြားတော်မူပေ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၌ သုံးဆယ့်ခြောက်ခုမြောက်သော ကခြေသည် သားမထေရ်၏ ဝတ္ထုစကားအစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၃၇-ဝဂီသမထေရ်ဝတ္ထု။

စုတိံယောဝေဒိ။ ။အစယှိသော ဤဓမ္မဒေသနာကို၊နှစ်ဖြာ နာမ်ရုပ်၊ ကင်းချုပ်ရာမှန်၊ နိဗ္ဗာန်အသင်္ခတ၊ အမတဓာတ်၊ အမြိုက်ရပ်ကို၊

ဆိုက်အပ်မှန်းထင်၊ လမ်းမမြင်၍၊ အစဉ်ဖေါက်ပြား၊ အယူမှားတို့ကို၊ တရားလမ်းစ၊ ဖြောင့်မှန်ကျအောင်၊ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသခင်သည်၊ လူ့ခွင် အရပ်ရပ်၊ ပြာသာဒ် ဘုံဆောင်၊ ကုန်အောင်စုပုံ၊ ထုအုံတိုင်းပြ၊ နှိုင်းမရဘဲ၊ ဆဆမောက်ချွန်၊ ထူးကဲလွန်သော၊ ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်းနေမျှလျက်၊ ဝဏ္ဏီသမထေရ်ကို၊ ဦးတည်ပေါင်းစု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့လေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

ထိုဝဏ္ဏီသမထေရ်၏အလောင်းအလျာသည် ဤကမ္ဘာမှ ပြန်ကာရေတွက်သည်ယှိသော် အထက်ကပ် တသိန်းအကျ ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်အခါ ဟံသာဝတီ ပြည်ဝယ် ကြီးကျယ် ရိပ်ငြိမ်စည်းစိမ်ယှိသော အမျိုး၌ ပဋိသန္ဓေတည်နေစွဲယူ၍ ဘွားမြင်ပြီးနောက် အရွယ်ရောက်ခါ ကြီးပြင်းလာခဲ့လျှင် မြတ်စွာဘုရား ကျောင်းတော်သို့သွားရောက်၍ တရားတော်ကို ကြားနာလျက် တပါးသော ရဟန်းကို ပညာအရာ လွန်စွာ ထက်မြန် ပဋိဘာန် ယှိကုန်သော ပုဂ္ဂိုလ်တို့တွင် အထွတ်အမြတ် သတ်မှတ်ချီးကျူး ရာထူး၌ထားတော်မူသော မြတ်စွာဘုရားသခင်ကို ဖူးမြင်ရ၍ ထိုကဲ့သို့သော ရာထူးဌာနန္တရ ရနိုင်လောက်တန် ကုသိုလ်ကံ အဆောက်အဦကို ဆည်းပူးအားထုတ် ပြုလုပ်ပြီးကာ မြတ်စွာဘုရား၏ အထံတော်၌။

အဟမ္ပိ အနာဂတေ ပဋိဘာနဝန္တာနံ အဂ္ဂေါ ဘဝေယျံ။

ဟူသော ပါဌ်ဖြင့် ဆုတောင်း ပန်ဆင်၏။

ထိုပါဌ်အနက်ကား။ ။ဘန္တေ၊ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။အဟမ္ပိ၊ တပည့်တော်သည်လည်း။ အနာဂတေ၊ဤမှ ရွှေဆောင်နောင်သောအခါ၌။ ပဋိဘာနဝန္တာနံ၊ ထက်မြက်လျင်မြန် ထင်သော ဉာဏ်ဟု ပဋိဘာန်ယှိကုန်သော ပုဂ္ဂိုလ်တို့တွင်။ ဝါ၊ တို့ထက်။ အဂ္ဂေါ၊ အထွတ်အမြတ်သည်။ ဘဝေယျံ၊ ဖြစ်ရပါလိုဏ်။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည်လည်း ဤမှဏ္ဍဆောင် နောင်လာအခါ၌ ထက် မြက်လျင်မြန် ထင်သော ဉာဏ်ဟု ပဋိဘာန်ယိုသော ပုဂ္ဂိုလ် တို့တွင် အထွတ်အမြတ်ဖြစ်ရပါလို၏''ဟု ဆုတောင်းပန်ဆင်၏။ ဘုရားရှင်ကိုယ် တော်မြတ်က ''ဤအခါမှနောက် ကပ်တသိန်းမြောက်အကျဉ် ဂေါတမ ဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်လတ္တံ့။ ထိုလက်ထက် အခါ အသင်သည် ဝဏ္ဏီသဟူသော အမည်ဖြင့် ထက်မြက်လျင်မြန် ထင်သော ဉာဏ်ဟု ပဋိဘာန်ယိုသော ပုဂ္ဂိုလ်တို့တွင် အထွတ်အမြတ်ရာထူး ချီး ကျူးမြောက်စားပေးသနားသည်ကိုခံယူရလိမ့်မည်''ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။ထိုအမျိုးကောင်းသားသည် ဘုရားမိန့်မြွက် ဗျာဒိတ် ချက်ကို ထိပ်ထက် ဆင်ပန်ရလျှင် နက်ဖြန် သံဘက် နွေရက်မကြာ လျင် စွာပြည့်မြောက် ရောက်အံ့သဖွယ်သို့ မှတ်ထင် အောက်မေ့လျက် အသက် ရှည်သမျှ ကာလပတ်လုံး ထိုကုသိုလ်ကောင်းမှုကို ပြုစု အားထုတ်၍ နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်လျက် ဤဂေါတမမြတ်စွာဘုရား ဖြစ် တော်မူသောလက်ထက်တော်အခါ ရာဇဂြိုဟ်ပြည်ဝယ် ပုဏ္ဏားအမျိုး ၌ ဖြစ်လေ၏။ ဝဏ္ဏီသ လုလင်ဟူသောအမည်ကို မှည့်ခေါ်ခြင်းကို ပြု ကုန်၏။

ရာဇဂြိုဟ်ပြည်၌ဖြစ်သော ဝဏ္ဏီသအမည်ယိုသော တယောက်သော ထိုပုဏ္ဏားသည် သုံးပုံသောဗေဒင်တို့ကို သင်ယူလျက် ဆရာကို နှစ်သက် စေပြီးသော် ဆဝသိသမန္နာန် မည်သည်ကို သင်ယူ၍ သေလွန်ကုန်သော လူတို့၏ဦးခေါင်းခွံကို တိုးခေါက်၍''ဤဦးခေါင်းခွံသည် ငရဲ၌ ဖြစ်သော သူ၏ဦးခေါင်းတည်း။ ဤဦးခေါင်းခွံသည် တိရစ္ဆာန်မျိုး၌ဖြစ်သောသူ၏ ဦးခေါင်းခွံတည်း။ ဤဦးခေါင်းခွံသည် ပြိတ္တာဘောင်၌ ဖြစ်သော သူ၏ ဦးခေါင်းခွံတည်း။ ဤဦးခေါင်းခွံသည် လူ့ပြည်၌ ဖြစ်သောသူ၏ ဦးခေါင်းခွံတည်း''ဟု ပိုင်းခြားတိတိ သိနိုင်၏။ ပုဏ္ဏားတို့သည် ''ဤ ဝဏ္ဏီသလုလင်ကို အမှီပြု၍ လူအပေါင်း၏ စုပေါင်းဖွေရာ ဥစ္စာပစ္စည်းကို အနည်းနည်း အသွယ်သွယ် အံ့ဘွယ် ဖေါ်ပြ အဘိုးအခဖြင့် လောကကို လှည့်ဖြား စားသုံးခြင်းငှါ ဟက်ကောင်းကုန်၏''ဟု ကြံစည်ကုန်၍ ဂို

ဝဏီသလုလင်ကို နှစ်ထည်ကုန်သော နီမြန်းသော အဝတ်တို့ကို ဝတ်ရုံစေ၍ ယူဆောင်ပြီးကာ ဇနပုဒ်အများသို့ သွားရောက် လှည့်လည်ကုန်လျက် လူတို့ကို ပြောဆိုကြကုန်၏။ အဘယ်သို့ ပြောဆိုကြကုန်သနည်းဟူမူ။ "ဝဏီသ အမည်ယှိသော ဤပုဏ္ဏားသည် သေလွန်ကုန်ပြီးသော လူတို့၏ ဦးခေါင်းခွံကို တီးခေါက်၍ လားကပ်ဖြစ်ရောက်ရာ အရပ်ကို သေချာတိတိ သိ၏။ မိမိအဆွေအမျိုးတို့၏။ လားကပ် ဖြစ်ရောက်ရာ အရပ်ကို မေးလှည့်ကုန်လော့" ဟု ပြောဆိုကြကုန်၏။ လူတို့သည် အားအစွမ်း ယှိသည်အလျောက် တဆယ်ကုန်သော အသပြာတို့ကို လည်းကောင်း၊ နှစ်ဆယ်ကုန်သော အသပြာတို့ကို လည်းကောင်း ပေးကမ်း၍ အဆွေအမျိုးတို့၏ ဖြစ်ရာအရပ်ဌာနကို မေးမြန်းကြကုန်၏။ ထိုဝဏီသ အမှူးယှိကုန်သော ပုဏ္ဏားတို့သည် လှည့်လည်ဖွေငင် အစဉ်အတိုင်း အားဖြင့် သာဝတ္ထိပြည်သို့ ရောက်ကြကုန်၍ ဇေတဝန် ကျောင်းတော်၏ အနီးသင့်စွာ နေရာတခုကို သိမ်းပိုက်ယူငင် နေထိုင်ကုန်၏။ ထိုပုဏ္ဏားတို့သည် နံနက်စာစားကုန်ပြီး၍ နံ့သာ-ပန်းစသည် လက်စွဲကုန်လျက် တရားတော် ကြားနာခြင်းအကျိုးငှါ သွားကုန်သော လူအပေါင်းကို မြင်သည်ယှိသော် "ဤလူအများတို့သည် အဘယ်သို့ သွားကြကုန်ဘိသနည်းဟု မေး၍ မြတ်စွာဘုရား ကျောင်းတော်သို့ တရားနာခြင်းငှါ သွားကြကုန်သည်" ဟု ပြောဆိုသည်ယှိသော် "ထိုကျောင်းသို့ သွားကုန်၍ အသို့ပြုကုန်လတ္တံ့နည်း။ ငါတို့၏ ဝဏီသပုဏ္ဏားနှင့် တူသောသူမည်သည် လောက၌မရှိ။ သေလွန်ကုန်ပြီးသော လူတို့၏ ဦးခေါင်းခွံကို တီးခေါက်၍ ထိုသူ၏လားကပ် ဖြစ်ရောက်ရာ အရပ်ကို သိပေ၏။ သေလွန်ကုန်ပြီးသော အဆွေအမျိုးတို့၏ လားကပ်ဖြစ်ရောက်ရာ အရပ်ကို မေးမြန်းကြကုန်လော့" ဟုပြောဆိုကုန်၏။ "အသင်တို့၏ဝဏီသသည်ချီးမွမ်းအံ့ဘွယ် အဘယ်မျှလောက် သိနိုင်လေသနည်း။ ငါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားနှင့်တူသော ပုဂ္ဂိုလ်မည်သည် လောက၌မရှိ" ဟု ပြောဆိုကုန်၍ ဤမှတပါး ပုဏ္ဏားအပေါင်းတို့ကလည်း "ဝဏီသနှင့် တူသောသူမရှိ" ဟု ပြောဆိုသည်ယှိသော် မောက်မော်ကြွားဝင် အဆင့်ဆင့် စကား ပွါးများငြင်းခုံကြ၍ "ဤယခု အခါ၌ လာလှည့်ကြကုန်

လော့။ အသင်တို့ ဝဏီသ၏လည်းကောင်း၊ ငါတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား၏ လည်းကောင်း မည်သူတဦး အထူးဝိသေသ မုချတိတိ သိယှိသော အဖြစ်ကို သိရကုန်အံ့''ဟု ပြောဆိုစကား ဝန်ခံထားလျက် ထိုပုဏ္ဏားတို့ကို ခေါ်ယူ၍ ကျောင်းတော်သို့ သွားကြကုန်၏။ မြတ်စွာဘုရားသည် ထိုသူတို့၏လာသော အဖြစ်ကို သိတော်မူသောကြောင့် ငရဲဘုံ-တိရစ္ဆာန်ဘုံ- လူ့ဘုံ- နတ်ဘုံဟု ဆိုအပ်ကုန်သော လေးပါးကုန်သော ဘုံဘဝအရပ်ဌာနတို့၌ လားကပ်ဖြစ်ရောက်ရကုန်သော သူတို့၏ လေးခုကုန်သော ဦးခေါင်းခွံတို့ကိုဌင်း၊ ကုန်ပြီးသော အာသဝေါယှိသော ရဟန္တာပုဂ္ဂိုလ်၏ ဦးခေါင်းခွံကိုဌင်း၊ ဤသို့ပြပေါင်း ဦးခေါင်းခွံငါးခုတို့ကို ဆောင်ယူစေ၍ အစဉ်အတိုင်း ထားစေပြီးလျှင် ဝဏီသအမှူးယှိသော ထိုပုဏ္ဏားတို့ လာရောက်ကြသော အခါ၌ ''အချင်းဝဏီသ၊ အသင်သည် ဦးခေါင်းခွံကို တီးခေါက်၍ သေလွန်သောသူတို့ လားကပ်ဖြစ်ရောက်ရာ အရပ်ကို သိယှိနိုင်ပါသလော'' ဟု ဝဏီသကို မေးတော်မူ၏။ ''ဩော်-သိယှိနိုင်ပါ၏''ဟု ဝန်ခံ ပြောဆိုသောအခါ ''ဤဦးခေါင်းခွံသည် အဘယ်သူ၏ ဦးခေါင်းခွံနည်း''ဟု မေးတော်မူ၏။ ထိုဝဏီသသည် မြတ်စွာဘုရား ထင်ရှားပြညွှန် ထိုဦးခေါင်းခွံကို တီးခေါက်၍ ငရဲဘုံ၌ လားကပ် ဖြစ်ရောက်သောသူ၏ ဦးခေါင်းခွံပါတည်း''ဟု ဖြေဆိုကြားလျှောက်၏။ ထိုအခါ မြတ်စွာဘုရားက ထိုဝဏီသအား ဟုတ်မှန်သော အကြောင်းကြောင့် ''ကောင်း၏-ကောင်း၏'' ဟု ကောင်းချီးကို ပေးတော်မူပြီး၍ ဤမှတပါးလည်း ဖြစ်ကုန်သော သုံးခုကုန်သော ဦးခေါင်းခွံတို့ကို အစဉ်အတိုင်း မေးတော်မူ၍ ထိုဝဏီသက မချွတ်မယွင်း ဟုတ်မှန်စွာဖြေဆိုတိုင်း ဖြေဆိုတိုင်းသော ခဏ၌ ရှေးနည်းအတူသာလျှင် ထိုဝဏီသအား ကောင်းချီးကိုပေးတော်မူ၍ ငါးခုမြောက်ဖြစ်သော ရဟန္တာ ပုဂ္ဂိုလ်၏ ဦးခေါင်းခွံကိုလည်း ညွှန်ပြတော်မူ၍ ''ဤဦးခေါင်းခွံသည် အဘယ်သူ၏ ဦးခေါင်းခွံနည်း''ဟု မေးတော်မူ၏။ ထိုဝဏီသသည် မြတ်စွာဘုရား ထင်ရှား ညွှန်ပြ ထိုရဟန္တာ၏ ဦးခေါင်းခွံကိုလည်း တီးခေါက်၍ ဆင်ခြင်လျှင် လားကပ် ဖြစ်ရောက်ရာ အရပ်ကို မသိနိုင် ယှိလေ၏။ ထိုအခါ မြတ်စွာဘုရားက ထိုဝဏီသကို''အချင်း

ဝဏီသ၊ အသို့ပေနည်း။ မသိနိုင်တော့ပြီလော''ဟု မိန့်ဆိုမေးမြန်းတော်မူ၍ ''ဩော် မသိနိုင်တော့ပါ''ဟုဝန်ခံပြောဆိုသည်ယှိသော်''ငါသည်ကား သိယှိပါ၏''ဟု မိန့်ဆိုတော်မူ၏။ ထိုအခါ မြတ်စွာဘုရား သခင်ကို ဝဏီသက ''ဤမန္တန်ကို အကျွန်ုပ်အား သင်ကြား၍ ပေးသနားပါကုန်လော့''ဟု တောင်းပန်လျှောက်ကြား၏။ မြတ်စွာဘုရားက ''အို-ဝဏီသ၊ ရဟန်းမပြုလုပ်သော သူအား ပေးကမ်း ချီးမြှောက် ခြင်းငှါ မတတ်ကောင်း''ဟု မိန့်တော်မူ၏။ ထိုဝဏီသသည် ''ဤမန္တန်ကို ငါသင်ယူအပ်သည်ယှိသော်အလုံးစုံသောဇမ္ဗူဒိပ်၌ငါသည်အလုံးစုံသော သူတို့ထက် ဆတက်လွန်ကျူး အကြီးအမှူး ဖြစ်ရလတ္တံ့''ဟု ကြံစည်၍ အပေါင်းအဖော်ဖြစ်ကုန်သော ထိုပုဏ္ဏားတို့ကို''အသင်တို့သည် တည်းခိုလတ်မှတ် ထိုအရပ်၌သာလျှင် နှစ်ရက်သုံးရက်ပတ်လုံး မျှသုံးငံ့လင့်၍ နေကြကုန်ဦးလော့။ ငါသည် ရဟန်းပြုအံ့''ဟု ပြောဆိုပြီးသော် ထိုအဖော်ဖြစ်သော ပုဏ္ဏားတို့ကို လွှတ်လိုက်၍ မြတ်စွာဘုရား အထံတော်၌ ရဟန်းပြုပြီးလျှင် ရအပ်သော ပဋ္ဌင်းအဖြစ် ယှိသဖြင့် ဝဏီသမထေရ်မည်သည်ဖြစ်၏။ ထိုအခါ ဝဏီသမထေရ်အား ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို ပေးသနားတော်မူ၍ ''ထိုမန္တန်၏ ပရိကမ်ကို သရဇ္ဈာယ် လေလော့''ဟု ပြောဆိုကြကုန်၏။ ထိုဝဏီသ မထေရ်သည် မန္တန်၏ ပရိကမ်ဖြစ်သော ထိုဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို သရဇ္ဈာယ်လျက် အကြားအကြားဖြစ်သောကာလ၌ အဖော်ဖြစ်ကုန်သော ပုဏ္ဏားတို့က''အသင်သည်မန္တန်ကိုသင်ယူအပ်ပြီလော''ဟု မေးအပ်သည်ယှိသော်''အသင်တို့သည် ဆိုင်းတွင့်လင့်ကြကုန်ဦးလော့''ဟုပြောဆိုဟန့်တား၍ နှစ်ရက်သုံးရက်မြောက်သော နေ့၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်၍အဖော် ပုဏ္ဏားတို့က သွားရောက်တဖန် မေးပြန်သည် ယှိသော် ''အို-ငါ့ရှင်-ပုဏ္ဏားတို့၊ ဤယခုအခါ၌ ငါသည်တမူကား ရဟန်းဘောင်မှ ခွါရှောင်သောအား ဖဲသွားခြင်းငှါ မထိုက်တော့''ဟု ပြောဆိုလိုက်၏။ ဝဏီသမထေရ်က အပေါင်းအဖော် ပုဏ္ဏားတို့အား ပြောဆိုသော ထိုစကားကို ကြားကုန်၍ ရဟန်းတို့သည် ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤဝဏီသမထေရ်လည် မဟုတ်မမှန်သည်ကို ပြောဆိုသဖြင့်

အရဟတ္တဖိုလ်ကို ကြားပါသည်''ဟု မြတ်စွာဘုရားအား လျှောက်ကြား ကုန်၏။ မြတ်စွာဘုရားက ''ချစ်သား ရဟန်းတို့၊ ဤသို့ မပြောဆိုကြ ကုန်လင့်။ ဤယခုအခါ၌ ငါဘုရား၏ သားတော်ဖြစ်သော ဝဏီသသည် စုတိပဋိသန္ဓေ၌ လိမ္မာသည်ဖြစ်လေပြီ''ဟု မိန့်ဆိုတော်မူ၏။

ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော
ပါဠိတော်ဂါထာ ဒေသနာ။

စုတိံ ယော ဝေဒိ သတ္တာနံ၊ ဥပပတ္တိဥ္ဆ သဗ္ဗသော။
အသတ္တံ သုဂတံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ယဿ ဂတိံ နဇာနန္တိ၊ ဒေဝါ ဂန္ဓဗ္ဗမာနုဝ။
ခီဏာသဝံ အရဟန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာတို့ကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ ပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာတို့၏ အနက်ကား။ ။ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ သတ္တာနံ၊ တဏှာသတ္တိ ကပ်ငြိတတ်စွာ သတ္တဝါတို့၏။ သဗ္ဗသော၊ ခပ် သိမ်းသော အခြင်းအရာအားဖြင့်။ စုတိဥ္ဆ။ ထင်ရှား ယှိသော ဘဝမှ ရွှေလျောကျတတ် အဆုံးမှတ်အပ်သော စုတေ့ကို လည်းကောင်း။ ဥပ-ပတ္တိဥ္ဆ၊ ဘဝဟောင်းနှင့် အကြောင်းယှက်လတ် ဆက်မပြတ်အောင် စပ်တတ်သောအရ ဤဘဝ၌အစဖြစ်သော ပဋိသန္ဓေကိုလည်းကောင်း။ ဝေဒိ၊ ပိုင်းခြားထင်ထင် သိမြင်နိုင်၏။ အသတ္တံ၊ တဏှာသတ္တိ ကင်းကုန် ဘိသဖြင့် မကပ်ငြိထသော။ သုဂတံ၊ ကျင့်ဝတ်ပဋိပတ်ဖြင့် ကောင်းမွန် စွာ ဖြစ်ထသော။ ပါ၊ ကောင်းမွန်စွာ နိဗ္ဗာန်ကိုအာရုံပြုသော အားဖြင့် သွားထသော။ ဗုဒ္ဓံ။ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်ထသော။တံပုဂ္ဂလံ၊ထိုပုဂ္ဂိုလ်ကို။ဗြာဟ္မဏံ၊ မကောင်းမှု ဟူသမျှကို

အပပြုပြီးသောသူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူပေ၏။

ယဿ ပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဂတိံ၊ လားရာ သွားရာကို။ ဒေဝါနတ်တို့သည်လည်းကောင်း။ဂန္ဓဗ္ဗာ၊ဂန္ဓဗ္ဗတို့သည်လည်းကောင်း။ မာနုသာ၊ လူတို့သည်လည်းကောင်း။ နဇာနန္တိ၊ ပကတိဉာဏ် ဝေဘန်တိုင်းဆ မသိနိုင်ကြကုန်။ ခီဏာသဝံ၊ ကြွင်းမဲ့ဥဿုံ ကုန်ပြီးသော အာသဝေါယှိထသော။ အရဟန္တံ၊ ကိလေသာတည်းဟူသော ရန်သူတို့မှ အလွန်ဝေးကွာထသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မည်းညစ်ပေါင်းစု မကောင်းမှုကို အပပြုပြီးသောသူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော် မူပေ၏။ ။ဤကားအနက်။

[ဤဝဏ္ဏီသ မထေရ်၏ ဝတ္ထုဉ် အဂ်ုတ္တိုရ် အဋ္ဌကထာနှင့် ဤအဋ္ဌကထာတို့သည် အချို့သော နေရာ၌ အနည်းငယ် ကွဲပြားကြ၏။ဘာဏကပုဂ္ဂိုလ်တို့ အလိုသာမှတ်။ ။ဤကားအမှာ]။

ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၌ သုံးဆယ့် ခုနစ်ခုမြောက်သော ဝဏ္ဏီသမထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင် ရှေ့ပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၃၈-ဓမ္မဒိန္နာ မထေရ်မဝတ္ထု၊

ယဿ ပုရေစ ပစ္ဆာစ။ ။ယင်းသို့စသည်၊ ဤဓမ္မဒေသနာကို၊ ခန္ဓာငါးပါး၊ တရားအစု၌၊ ကြည့်ရှုဖေါက်ပြန်၊ မမှန်ချွတ်လွဲ၊ အတ္တစွဲကြောင့်၊ အမြဲရှည်ကြာ၊ သံသရာပယ်၊ အခါခါ ပြေးသွားလျက်၊ မျောပါးနေရှာ၊ သတ္တဝါတို့ကို၊ ကရုဏာဉာဏ်၊ဆော်ဖန်လှုံ့နှိး၊ဓါတ်တန်ခိုးဖြင့်၊ အမျိုးမျိုး ဖေါ်ပြ၊ အမှန်ကျအောင်၊ ဆုံးမတော် မူတတ်သော မြတ်စွာဘုရား သခင်သည်၊ တည်လျှင်အစ၊ ပျက်ကနောက်ဆုံး၊ ဘုန်းယှိသော မင်းတို့စံရာ၊ ပထဗျာနဂိုရ်၊ ရာဇဂြိဟ်အစွန်၊ ဝေဋ္ဌဝန် မြတ်ကျောင်း၌၊ ကပ်လျောင်းနေမျှလျက်၊ ဓမ္မဒိန္နာ အမည်ရသော ရဟန်းမိန်းမကို၊ မူလရည်ရှု၊ အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော် မူခဲ့လေသတည်း။

အကြောင်းအထူးပုဗ္ဗိ အစဉ်ကား ဤသို့တည်း။

ထိုဓမ္မဒိန္နာမထေရ်မသည် ဤကမ္ဘာမှ ပြန်ကာ ရေတွက်သည်ယို့သော် အထက်ကပ် တသိန်းမြောက်အကျ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်အခါ ဟံသာဝတီပြည်၌ သူဘပါးတို့၏ အစေအပါးမျိုး၌ ဖြစ်၍ ပဒုမုတ္တရ မြတ်စွာဘုရား၏ အဂ္ဂသာဝက ဖြစ်တော်မူသော သုဇာတ မထေရ်ဆွမ်းခံလှည့်လည်သည်ကို တွေ့မြင်၍ သုံးခုကုန်သော ကတ္တတ်မုံတို့ကို ပေးလှူပြီးအခါ ထိုနေ့၌ပင်လျှင် မိမိဆံပင်တို့ကိုဖြေင်ဖြတ်တောက် ရောင်းချစွန့်လွှတ်၍ မထေရ်အား အလှူကို ပေးလှူပြီးသော် "နောင်သောအခါ ပွင့်လာတော်မူလတ္တံ့သော ဘုရားရှင်တို့ လက်ထက်တော်၌ တရားဟောအရာ သူကကာတို့ထက် ကဲတက်ထူးချွန် လွန်မြတ်သောရာထူး ရိုးကျူးမြောက်စား ပေးသနားသည်ကို ခံယူရပါလို၏" ဟု ဆုတောင်း ပတ္ထနာကို ဖြစ်စေ၏။ ထိုအမျိုးသို့သည် အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်၍ ထိုဘဝမှ သေလွန်ခဲ့သည်ယို့သော် လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်၍ဤကမ္ဘာမှ အထက် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ဖြစ်ကော်မူသော ဖုဿမြတ်စွာဘုရား လက်ထက်တော်အခါ ဥရဝေလ ကဿပ မထေရ်အလောင်း အမှူးယို့ကုန်သော ဖုဿဘုရားနှင့်အမိကဲ့ပြား တဘတည်းသား ဖြစ်ကုန်သော မင်းညီနောင် သုံးပါးတို့ ဘုရားအမှူးယို့ကုန်သော သင်္ဃာတော်တို့အား ဝါတွင်းသုံးလပတ်လုံး အလှူကြီးကို ပေးလှူရာ၌ အလှူဝတ္ထု ကြည့်ရှုစိမ်ရန် ရည်သန် လှဲအပ်သည်ကို ခံရသော သူကြွယ် အိမ်၌ ထိုဓမ္မဒိန္နာ မထေရ်မအလောင်းသည် အိမ်ရှင်ငယ်ကျွမ်း ခင်ပွန်းမယား အဖြစ်ဖြင့် တည်နေရလျက် အရှင်ယောကျ်ားက "တခုသော အလှူဝတ္ထုကို ပေးလှူလိုက်ပါလော့" ဟု ပြောဆိုလျှင် နှစ်ခုသော အလှူဝတ္ထုကို ပေးလှူ၏။ ယင်းသို့စသဖြင့်ပြောပြသည်ထက်ပိုတက်မယုတ် အားထုတ်လှူဒါန်းခဲ့၍ ထိုဘဝမှ စုတေ့ပြန်သည်ယို့သော် ပြဖေါ်ခဲ့ပြီး ရှေးနည်း သတ်မှတ်လူ့ရပ်နတ်ရွာ ကျင်လည်ကာဖြင့် ကိုးဆယ့်နှစ်ကမ္ဘာကို လွန်မြောက် ဤဘဒ္ဒကမ္ဘာသို့ အရောက် သုံးဆူမြောက် ဘုရား ဖြစ်တော်မူသော

ကဿပ မြတ်စွာဘုရားရှင် လက်ထက်တော် အခါ၌ ကိကိမင်းကြီး၏ နန်းအိမ်တော်၌ ပဋိသန္ဓေ တည်နေစဲယူ၍....

ခေမာမထေရ်မ၏ အလောင်းဖြစ်သော သမဏီမင်းသို့။
ဥပ္ပလဝဏ္ဏာမထေရ်မ၏ အလောင်းဖြစ်သော သမဏဂုတ္တာမင်းသို့။
ပဋာစာရိမထေရ်မ၏ အလောင်းဖြစ်သော ဘိက္ခုနီမင်းသို့။
ဂေါတမိမထေရ်မ၏ အလောင်းဖြစ်သော ဘိက္ခုဒါယိကာမင်းသို့။
ဓမ္မဒိန္နာ မထေရ်မ၏ အလောင်းဖြစ်သော ဓမ္မာမင်းသို့။
မဟာမာယာမိဖုရား၏ အလောင်းဖြစ်သော သုဓမ္မာမင်းသို့။
ဝိသာခါဒါယိကာမ၏ အလောင်းဖြစ်သော သံဃဒါသီ မင်းသို့။
ယင်းသို့ ဖေါ်ပြအပ်သော ကိကိမင်းကြီး၏ သို့းတော် ခုနစ်ပါးတို့ တွင် ဤဓမ္မဒိန္နာမထေရ်မသည် ငါးပါးမြောက် ဓမ္မာမည်သော မင်းသို့း ဖြစ်၍ အနှစ် နှစ်သောင်းတို့ ပတ်လုံး အိမ်ယာ နှောင်ဘွဲ့ခြင်းကို မပြုဘဲ မြင့်မြတ်သော အကျင့်ကိုကျင့်၍ ရဟန်းအပေါင်း ခို့အောင်းမျှလှုံ ကျောင်းပရိဝုဏ် ဆောက်လုပ်စေလျက် အဆက်မပြတ် အထပ်ထပ် သော ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်ခဲ့၍ ထိုဘဝမှ စုတေ သေလွန်ခဲ့သည်ယို့သော် တဆူသော ဘုရားရှင် အကြားပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်လျက် ဤမြတ်စွာဘုရား ကင်ရှားပွင့်တော်မူသော အခါ တဦးသော အမျိုးအိမ်၌ ပဋိသန္ဓေ တည်နေစဲယူ၍ အရွယ်သင့်မြောက် နောက်အဘို့ အခါဝယ် ဝိသာခါသေဋ္ဌေး၏ နေ့အိမ်သို့ လိုက်ပါသွားရောက်ရလေ၏။ ။ဝိသာခါသေဋ္ဌေး မည်သည်ကား ရာဇဂြိုဟ်ပြည်ကြီး၏ အရှင် ဖြစ်တော်မူသော ဗိမ္ဗိသာရ မင်းကြီးအပေါ် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော သူပေတည်း။ ။ရာဇဂြိုဟ်ပြည်သို့ ရှေးဦးအစ မြတ်စွာဘုရား ကြွတော်မူလာစဉ် ကာလက ဗိမ္ဗိသာရ မင်းကြီးနှင့် အတူတကွ မြတ်စွာဘုရား သခင်အား ရှေးဦးစွာဖူးမြင်ခြင်းသို့ သွားရောက် တရားတော်ကို နာကြားရ၍ သောတာပတ္တိဖိုလ်၌ တည်သော သောတာပန် ပုဂ္ဂိုလ်ဖြစ်လေ၏။ ထိုဝိသာခါ ဥပါသကာသည် နောက်အဘို့ ဖြစ်သောအခါ၌ မြတ်စွာဘုရား အထံဝယ် တရားတော်ကို နာကြား၍ အနာဂါမိဖိုလ်သို့ရောက်၍ ကြံစည်၏။ အဘယ်သို့ ကြံစည်

သနည်းဟူမူ။ "ငါသည် ယှိယှိသမျှ ပြည့်ဝဥဿုံ အလုံးစုံသော ဥစ္စာနှစ်ကို အိမ်ရှင်ခင်ပွန်းမ ဓမ္မဒိန္ဒာကို သေချာလွှဲမှတ် ပေးအပ်ဆောင်နှင်း ခံယူစေခြင်းငှါ သင့်လျော်လျောက်ပတ် အပ်ပေတော့သည်"ဟုကြီစည်၏။ ထိုဂိသာခါ သေဋ္ဌေးသည် ဤအနာဂါမ် တည်သည်မှ ရှေးအဘို့၌ကား တပါးသော အရပ်စသည်မှ ရှေးရှု လာသည်ယှိသော် ဖွင့်လှစ်အပ်သော လေသောက်ပြတင်းဖြင့် ကြည့်ရှုတည်နေသော သေဋ္ဌေးကတော် ဓမ္မဒိန္ဒာကို မြင်သည်ယှိသော် ပြီးရွှင်ခြင်းကို ပြုတတ်၏။ ထိုအနာဂါမိဖိုလ်၌ တည်သော နေ့၌ကား ဖွင့်လှစ်အပ်သော လေသောက်ပြတင်းဖြင့် ကြည့်ရှုတည်နေသော သေဋ္ဌေးကတော် ဓမ္မဒိန္ဒာကို မကြည့်ရှုမူ၍သာလျှင် သွား၏။ ထိုဓမ္မဒိန္ဒာသည် "ဤအမှုကား အကြောင်းအဘယ်သို့ယှိလေသနည်း"ဟု ကြီစည်၍ "ယှိနှင့်စေဦးတော့။ထမင်းဘောဇဉ် ချို-ချဉ်အာဟာရ စားသုံးသော ကာလ၌ သိရတော့အံ့"ဟု နှလုံးသွင်းပြီးလျှင် ထမင်းဘောဇဉ် စားသုံးချိန်တိုင်သောအခါ၌ အာဟာရ ထမင်းကို တည်ခင်းထားလွှတ် ရှေးရှုညွှတ်စေ၏။ ထိုဝိသာခါသေဋ္ဌေးသည် တပါးသောနေ့၌။ "အို-ချစ်နှမလာလှည့်လော့။အတူတတွ စားသုံးကုန်အံ့"ဟု ပြောဆိုတတ်၏။ ထိုနေ့၌ကား တစုံတရာစကား မပြောမဆို ဆိတ်ဆိတ်နေသည် ဖြစ်၍သာ စားသုံး လေ၏။ ထိုဓမ္မဒိန္ဒာက "တစုံတခုသော အကြောင်းကြောင့် အမျက်ထွက်သည် ဖြစ်ပေလတ္တံ့" ဟု ကြီစည်၏။ ထိုနောက် ချမ်းသာစွာ ထိုင်နေသောအခါ၌ ထိုဓမ္မဒိန္ဒာကို ခေါ်စေ၍ "အို-ချစ်နှမ ဓမ္မဒိန္ဒာ၊ ငါတို့ရိပ်ငြိမ် ဤနေအိမ်၌ သက်မဲ့သက်ယှိ ပကကိဥဿုံ အလုံးစုံသောဥစ္စာနှစ်ကို အသင်ဓမ္မဒိန္ဒာအားလွှဲအပ်ဆောင်နှင်း စွန့်လွှတ်ပါ၏။အသင်ဓမ္မဒိန္ဒာသည် ကောင်းစွာခံယူသိမ်းပိုက်ပါလော့"ဟု ပြောဆို၏။ ထိုဓမ္မဒိန္ဒာက "အမျက်ထွက်သော သူတို့မည်သည် စည်းစိမ်ချမ်းသာ ဥစ္စာအနှစ်ကို ဆောင်းနှင်းအပ်နှံ မခံယူစေပေရာ။ ဤအမှုကား အကြောင်းအဘယ်သို့ ယှိလေသနည်း"ဟု ကြီစည်၍'အရှင်၊ အသင်တို့သည်ကား အဘယ်သို့နေမျှကုန် မည်နည်း' ဟု မေးမြန်း ပြောဆို၏။"ငါသည်မှုကား ယခုနေ့ကျ ဤအခါမှစ၍ တစုံတခုအမှုကိစ္စဟူသမျှကို ကြောင့်ကြရေးယူ အလေးမူလျက် မစီစစ်တော့

အံ့''ဟု ပြောဆို၏။ ''အို-အရှင်၊အသင်တို့ ထွေးအန် စွန့်ပစ်အပ်သော တံဟွေးကို အဘယ်သူက ခံယူပါအံ့နည်း။ အရှင်သခင် ရှောင်ကြင်ဖယ်လစ် ဤသို့ စွန့်ပစ်ခဲ့သည်ယှိသော် ကျွန်တော်မအား ဘုရားမြတ်စွာ သာသနာ ရဟန်းပြုရန် အဖြစ်ကို ဖွင့်လှစ်သမှု ခွင့်ပြုတော် မူပါကုန်လော့''ဟုပြောဆိုခွင့်တောင်း၏။ ထိုဝိသာခါသေဋ္ဌေးက ''အို-ချစ်နှမ၊ ကောင်းလှပေပြီ''ဟု ပြောဆိုဝန်ခံ၍ ကြီးကျယ်မြင့်မြတ် လျောက်ပတ်သော ပူဇော်သက္ကာရ ရွှေထမ်းစင်ဖြင့် ထိုဓမ္မဒိန္ဒာကို ရဟန်းမိန်းမတို့၏ ကျောင်းသို့ ဆောင်ယူ၍ ရဟန်းပြုစေ၏။ ထိုဓမ္မဒိန္ဒာ သေဋ္ဌေးကတော်သည် အင်္ဂါပြည့်မြတ်ရအပ်သော ပဉ္စင်းအဖြစ်ယှိသည်ဖြစ်၍ ဓမ္မဒိန္ဒာမထေရ်မ မည်သည်ဖြစ်၏။ ထိုဓမ္မဒိန္ဒာမထေရ်မသည် ''ဤဝိသာခါသေဋ္ဌေးသည် အိမ်ယာဘွဲ့နှောင် လူ့ဘောင်အလယ်၌ တည်လျက်သာလျှင် ဆင်းရဲအဆုံးကို ပြုတုံသေး၏။ ရဟန်းအဖြစ်ကို ရသောအခါမှစ၍ ငါသည်လည်း ဆင်းရဲအဆုံးကို ပြုခြင်းငှါ အပ်တော့သည်သာတည်း'' ဟု ကြံစည်၍ ဆိတ်ငြိပ်ရာအရပ်ကို ချဉ်းကပ်ခြင်းငှါ အလိုယှိသည်၏ အဖြစ်ကြောင့် ဆရာဥပဇ္ဈာယ်တို့ထံ ခွင့်ပန်လျှောက်ကြား သနားဝဲ့ညှာ ဆရာဥပဇ္ဈာယ် ဖြစ်ကုန်သော ရဟန်းမိန်းမတို့နှင့် အတူတကွ ဇနပုဒ်အရပ်သို့ သွားရောက်၍ လျောက်ပတ်သင့်ဘွယ် ရွာငယ်တခုဖြစ်သော ထိုအရပ်၌ ချဉ်းကပ်နေမျှလျက် ကာလရှေးအခါက ကောင်းစွာဆင်ခြင် ထင်မြင်ပွါးထွေ ချေအပ်ပြီးသော သင်္ခါရယှိရကား မကြာမတင် ဆောလျင်စွာ သာလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ ''ဤယခုအခါ၌ ငါ့အား ရဟန်းကိစ္စ ကုံငအားလုံး ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပြီ။ ဤအရပ်၌ လျောက်ပတ်လေးဖင့် ကြာမြင့်စွာနေသဖြင့် အဘယ်အကျိုးယှိအံ့နည်း။ ဤယခုအခါ ငါ့ကိုရည်ရှု အမှီပြု၍ ကြီးထုပွါးဝေ အဆွေအမျိုး ဖြစ်ကုန်သော လူတို့သည် ကုသိုလ် ကောင်းမှုတို့ကို ပြုစုကြကုန်လတ္တံ့''ဟု ကြံစည်၍ တဖန်သာလျှင် ရာဇဂြိဟ်ပြည်သို့ ပြန်လာခဲ့၏။ ဝိသာခါဥပါသကာသည် ထိုဓမ္မဒိန္ဒာမထေရ်မ၏ ပြန်လာသော အဖြစ်ကို ကြားသိ၍ ''အဘယ်သို့သော အကြောင်းကြောင့် အလျင်အမြန် ပြန်လာ ပါလိမ့်မည်နည်း။ မပျော်မမွေ့ ငြီးငွေ့ဆန့်ကျင်ခြင်း ဖြစ်လေ

သလော''ဟု ကြံစည်၍ ညနေချမ်းအခါ ရဟန်းမိန်းမကျောင်းသို့ သွားရောက်ပြီးကာ ဓမ္မဒိန္နာမထေရ်မကို တွေ့မြင်သွတ်လျှိုး ရှိခိုးပြီး၍ သင့်တင့်လျောက်ပတ်တခုသောအရပ်၌ ထိုင်နေလျက်''အရှင်မ၊အသင် အား ဘုရားမြတ်စွာ သာသနာ၌ အာသာကင်း၍ ငြီးငွေ့ ဆန့်ကျင်လေ ဘိသလောဟု ဖြေဆိုမေးမြန်းခြင်းငှါ မသင့်လျော် မလျောက်ပတ်။ ထို ဓမ္မဒိန္နာမထေရ်မကို အမေးပုစ္ဆာ စဉ်ကာစောထောက် မေးလျောက် အံ့''ဟု ကြံစည်၍ သောတာပတ္တိမဂ်၌ အမေးပုစ္ဆာကို မေး၏။ ထိုဓမ္မ-ဒိန္နာမထေရ်မသည် ထက်လွန်စွာသော သန့်ကျက်မျိုးဖြင့် ကြွာရိုးကိုဖြတ် ဘိသကဲ့သို့ ထိုအမေးပုစ္ဆာကို ဖြေဆို၏။ ဝိသာခါ ဥပါသကာသည် ထိုသို့သော အကြောင်းဖြင့် သာလျှင် ကြွင်းကုန်သော မဂ်တို့၌လည်း အမေးပုစ္ဆာကို မေးလျောက်၍ မိမိရောက်အပ်သော အနာဂါမိမဂ်မှ လွန်၍ အရဟတ္တာမဂ် အမေးပုစ္ဆာကို မေးမြန်းသောအခါ၌ ထိုဓမ္မဒိန္နာ မထေရ်မက ''ဒါယကာ ဝိသာခါ၊ အသင်၏ အမေးပုစ္ဆာသည် အသင့် အရာကို လွန်မြောက်၍ သွားလေပြီ''ဟု ပြောဆို၍ ''ဝိသာခါ ဒါယကာ၊ အသင် အလိုယိုခဲ့မူကား မြတ်စွာဘုရား သခင်သို့ အလျင်သွား ရောက် မျက်မှောက်ချဉ်းကပ်၍ ဤအမေး ပုစ္ဆာကို မေးလျောက်လေ လော့။ အကြင်သို့သော အခြင်းအရာဖြင့် ဆရာမြတ်ဖျား စောဘုရား သည် အသင်အား ဖြေကြားတော်မူ၏။ ထိုသို့သော အခြင်းအရာဖြင့် အဖြေဝိသဇ္ဇနာကို မှတ်သား နာယူလေလော့''ဟု ပြောဆိုသည်ယို-သော် ဝိသာခါ ဥပါသကာသည် ဓမ္မဒိန္နာ မထေရ်မကို ဦးချညွတ်လျှိုး ရှိခိုးပြီးကာ နေရာမှထ၍ မြတ်စွာဘုရား အထံတော်သို့ သွားရောက် သည်ကာလ ပုလပဘာဝ အရင်းမှစ၍ မထေရ်မနှင့် အတူ အယူနှိုးနော ပြောဆိုစကား ဖြစ်ပွားခြင်း ထိုအလုံးစုံကို အကုန်မထား မြတ်စွာဘုရား အား ကြားလျောက်၏။ မြတ်စွာဘုရားသခင်က''ငါဘုရား၏သွီးတော် ဓမ္မဒိန္နာသည် ကောင်းစွာဖြေဆိုအပ်ပေ၏။ ငါဘုရားသည်လည်း ထို-အမေးပုစ္ဆာကို ဖြေဆိုရသည်ယိုသော် ငါ၏ သွီးတော်ဓမ္မဒိန္နာ ဖြေဆို အပ်သော ဤသို့သောအစဉ်အတိုင်းသာလျှင် ဖြေဆိုရာ၏''ဟုမိန့်တော် မူပြီး၍ ဟရားကို ဟောကြားတော်မူလိုသောကြောင့်။

ဗြာဟ္မဏ၏အရကို တနည်းအားဖြင့် ဖေါ်ပြသော ပါဠိတော်ဂါထာ ဒေသနာ။

ယဿ ပုရေ စ ပစ္ဆာ စ၊ မဇ္ဈေ စ နတ္ထိ ကိဉ္ဆနံ။
အကိဉ္ဆနံ အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟုသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏အနက်ကား။ ။ယဿ ပုဂ္ဂလဿ၊ အကြင် ပုဂ္ဂိုလ်အား။ ပုရေစ၊ ရှေး၌ဖြစ်ကျံ လွန်ပြီးဆိုဟိတ် အတိတ်ဖြစ်သော ခန္ဓာတို့၌လည်းကောင်း။ ပစ္ဆာစ၊ ဘဝဇာတ်သိမ်း မငြိမ်းသမျှ ဖြစ်ရလတ္တံ့သော အနာဂတ်ခန္ဓာတို့၌ လည်းကောင်း။ မဇ္ဈေစ၊ အတိတ် အနာဂတ် နှစ်ရပ် အလယ် ဖြစ်တည်ဆဲဖြစ်သော ပစ္စုပ္ပန်ခန္ဓာတို့၌လည်းကောင်း။ ကိဉ္ဆနံ၊ တဏ္ဟာ ယူဖမ်း စွဲလမ်းတောင့်တ ကြောင့်ကြခြင်းသည်။ နတ္ထိ၊ မရှိ။ အကိဉ္ဆနံ၊ ရာဂကိဉ္ဆန စသည်တောင့်တ ကြောင့်ကြခြင်း မရှိထသော။ အနာဒါနံ၊ တစုံတခု လေးပြုဆွဲမှ စွဲယူခြင်း မရှိထသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ဗြာဟ္မဏံ၊ယုတ်မာပေါင်းစု မကောင်းမှုကို အပပြုပြီးသောသူဟူ၍။အဟံ၊ငါဘုရားသည်။ဗြူမိဟောကြားတော်မူ၏။ ဤကားအနက်။

နောက်အဘို့အခါဝယ် မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် အစဉ်အတိုင်းအားဖြင့် ရဟန်းမိန်းမတို့ကို ဧတဒဂ်ရာထူး ချီးကျူးမြောက်စား ထားတော်မူသည် ယှိသော်ဝိသာခါဥပါသကာမေးလျှောက်သည်ဖြစ်၍ဓမ္မဒိန္နာမထေရ်မ ဖြေကြားသော ဤစူဠဝေဒလ္လသုတ်ကိုပင်လျှင် အကြောင်းအတ္ထုပ္ပတ်ပြု၍ ဓမ္မဒိန္နာမထေရ်မကို ဤမြတ်စွာဘုရား သာသနာတော်၌ တရားဟောပြ ဓမ္မကထိက ရဟန်းမိန်းမ ပုဂ္ဂိုလ်တို့တွင် အထွတ်အမြတ် သတ်မှတ်မိန့်မြွက် ဧတဒဂ်ရာထူး ချီးကျူးမြောက်စား ထားတော်မူ၏။

ဓမ္မပဒ၊ဗြာဟ္မဏဝဂ်၌ သုံးဆယ့် ရှစ်ခုမြောက်သော ဓမ္မဒိန္နာမထေရ်မ၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၂၆-မြောဟ္မဏဝဂ်၌၊ ၃၉-အင်္ဂုလိမာလမထေရ်ဝတ္ထု။

ဥသဘံ ပဝရံ ဝီရံ။ ။အစခံသော၊ သုတ္တန်အလာ၊ ဤဓမ္မဒေသနာကို၊ သမ္ဗောလေးဝ၊ မြတ်ဓမ္မကို၊ မှီချပိုင်ပိုင်၊ မသိနိုင်၍၊ မြဲခိုင်မြင့်ရှေ၊ သံသာဘွေဝယ်၊ ခံနေအကျဉ်း၊ နှောင်သွင်းတမှု၊ ဝေနေသူကို၊ရေးယူတွေးကာ၊ လေးသမ္ဗောလုံး၊ အဆုံးသိမှု၊ ကြဲညှိရှုမပြတ်၊ ဆုံးမတတ်သော အလောကြောင့်၊ သတ္ထာမည်တော်မူသော မြတ်စွာဘုရား သခင်သည်၊ လူတွင်ကျော်ရှိန်၊ အနာထပိဏ်သေဋ္ဌး၊ ညစ်မြွေးမတင်၊ သန့်စင်ကြည်ဖြူ၊ ဆောက်လူဆက်သ၊ ဇေတဝန် ကျောင်းတော်၌၊ လေးဘော်ယာပထ၊ မျှတတော်မူလျက်၊ ဖြတ်ယူကောင်းမှန်း၊ လက်ချောင်းပန်းကို၊ ဆောင်မြန်းသည်အမှု၊ အင်္ဂုလိမာလအမည်ရသော မထေရ်ကို၊ဦးတည်ပေါင်းစု၊ အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော် မူခဲ့လေသတည်း။

[ထိုင်းအင်္ဂုလိမာလမထေရ်၏ အကြောင်းအထူးပုဒ်တို အကျယ်ကို လောကဝဂ် ခြောက်ခုမြောက် ဖြစ်သော အင်္ဂုလိမာလ မထေရ်၏ ဝတ္ထု၌ လည်းကောင်း, ဆယ်ခုမြောက် ဖြစ်သော အသဒိသဒါန ဝတ္ထု၌ လည်းကောင်း ဖော်ပြရေးသားပြီးသည်သာလျှင်တည်း]။

အကျဉ်းဖြစ်သော အကြောင်းအထူးပုဒ်တို အစဉ်ကား ဤသို့တည်း။

နဝေ ကဒရိယာ ဒေဝလောကံ ဝဇ္ဇန္တိ။ ။ဟူသော ဂါထာအဖွင့်၌ ဆိုအပ်ပြီးသည်အတိုင်း ပသေနဒိ ကောဝလမင်းကြီး၏ အသဒိသဒါန်၌ ငါးရာကုန်သော ရဟန်းတို့၏ အထက်၌ ငါးရာကုန်သော ထီးဖြူတော်တို့ကို ဆောင်းမိုးကုန်လျက် တည်နေကုန်သော ငါးရာကုန်သော ဆင်ယဉ်တို့ဟူ၍ ရှန့်ရင်းကြွမ်းတမ်းသော တစီးသော ဆင်ပေါက်သည် ပါလာသဖြင့် ထိုရှန့်ရင်းကြွမ်းတမ်းသော ဆင်ပေါက်ကို အင်္ဂုလိမာလမထေရ်၏ အထက်၌ ဆောင်းမိုးလျက် တည်သော ထီးဖြူကို ယူဆောင်ဆောင်းမိုးလျက် ကည့်နေစေကုန်၏။ ထိုနောက် ဇေတဝန် ကျောင်းတော်သို့ ပြန်ရောက်ကြသော အခါ၌ ရဟန်းတော်တို့က အင်္ဂုလိမာလမထေရ်ကို "ငါ့ရှင် အင်္ဂုလိမာလ၊ အသို့ပေနည်း။ အသင်၏ အထက်၌

ထီးကိုဆောင်းမိုးလျက် တည်နေသောရန့်ရင်း ကြမ်းတမ်းသော ဆင်ကို တွေ့မြင်သည် ယိုသော် ကြောက်ရွံ့လေသလော”ဟု မေးမြန်းကြကုန်၏။ အင်္ဂလိမာလမဲ့ထေရ်က “ငါ့ရှင်တို့၊ငါသည် မကြောက်ရွံ့ပေ”ဟု ပြောဆိုသည် ယိုသော် ထိုရဟန်းတို့သည် “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အင်္ဂလိမာလမထေရ်သည် အရဟတ္တဖိုလ်ကို ပြောကြားပါသည်”ဟု မြတ်စွာဘုရားကို လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသခင်က “ချစ်သားရဟန်းတို့၊ ငါဘုရား၏ သားတော်ဖြစ်သော အင်္ဂလိမာလသည် မကြောက်ရွံ့ပေ။ ထိုစကားသည် မှန်၏။ ကုန်ပြီးသော အာသဝေါယိုကုန်သော ရဟန္တာ ဖြစ်ကုန်သော ဥသဘတို့၏ အတွင်း၌ ကြီးကျယ် မြင့်မြတ်သော ဥသဘ အစစ်ဖြစ်ကုန်သော ငါဘုရား၏ သားတော်နှင့် တူကုန်သော ရဟန်းတို့သည် မကြောက်မရွံ့ကုန်”ဟု မိန့်ဆိုတော်မူပြီး၍....

ဗြာဟ္မဏ၏ အရကို တနည်းအားဖြင့် ဖေါ်ပြသော
ပါဠိတော်ဂါထာ ဒေသနာ။

ဥသဘံ ပဝရံ ဝီရံ၊ မဟေသိံ ဝိဇိတာဝိနံ။
အနေဇံ နှာတကံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာကော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏ အနက်ကား။ ။ဥသဘံ၊ မကြောက်ရွံ့ မတုန်လှုပ်တတ်သော သဘောယိုသောကြောင့် ဥသဘနှင့် တူထသော။ ပဝရံ၊ မြင့်မြတ်ထသော။ ဝီရံ၊ လုံ့လဥဿာဟ ဝီရိယ ယိုထသော။မဟေသိံ၊ သီလကွန္ဓ စသည် ကျေးဇူး ဂုဏ်အထူးကို ရှင်မြှုံးဝမ်းသာ ကောင်းစွာ ရှာမှီးတတ်ထသော။ ဝိဇိတာဝိနံ၊ သုံးပါးသောမာန်တို့ကို ပယ်လွန်ချိုးလှဲ အောင်မြင်ပြီးထသော။ အနေဇံ၊ အမည်ဧော တဏှာမရှိထသော။ နှာတကံ၊ ညစ်ညူးကြောင်းရာ ကိလေသာကို ကောင်းစွာဆေးကြောပြီးထသော။

ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ထသော။ တံ တဒါဒိသံ၊ ထိုသို့ သဘောယို့သော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပဖြုပြုံးသော သူဟူ၍။ အဟံ၊ သင်တို့ဆရာ ဘုရားငါ သည်။ ဗြူမိ၊ ဟောကြားတော်မူ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ဗြာဟ္မဏဝဂ်၌ တခုယုတ် လေးဆယ်မြောက်သော
အဂ်္ဂလိမာလမထေရ်၏ ဝတ္ထုစကား အစဉ်ကား
ဤတွင်ဆွေးပြီး၏။

၂၆-ဗြာဟ္မဏဝဂ်၌၊ ၄၀-ဒေဝဟိတ ပုဏ္ဏားဝတ္ထု။

ပုဗ္ဗေနိဝါသံ။ ။အစခံသော၊ သာမုဏ်ကံဂါထာ၊ ဤဓမ္မဒေသနာကို၊ တဏှာမောဟာ၊ ဒွေမူလကြောင့်၊ သုံးဝဘုံခေတ်၊ လှည့်ရစ်သွားထွေ၊ များဝေနေတို့ကို၊ သုံးထွေဘဝ၊ လွတ်မြောက် ရအောင်၊ ဆုံးမဟော ကြားတော်မူတတ်သော မြတ်စွာဘုရား သခင်သည်၊ ပြည့်စုံသာဝတ္ထိ၊ နရတိတောင်စွန်၊ ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်းနေမျှတော် မူလျက်။ဒေဝဟိတပုဏ္ဏား၏ အမေးပုစ္ဆာစကားကို အကြောင်းပြုသော အားဖြင့် ဟောကြားတော် မူခဲ့လေသတည်း။

အကြောင်း အထူးပုဗ္ဗဟိအစဉ်ကား ဤသို့တည်း။

သာဝတ္ထိပြည်၌ နေလေ့ယှဉ်သော ထိုဒေဝဟိတ ပုဏ္ဏားသည် ခုံလောက် အစဉ်ကို စိစဉ်ဘွဲ့လုပ်စေ၍ ကြီးစွာသော အိုးစရည်းတို့ကို ခုံလောက်ထက်သို့ တင်၍ ရေပူရေနွေးကို ကျိုချက်ပြုလုပ်စေ၍ ရေချိုးကာ သယ်မှန့် စသည်တို့နှင့်တကွ ထိုရေပူရေနွေးကို ရောင်းချလျက် အသက် မွေးခြင်းကို ပြု၏။ ရေနွေးဖြင့် ရေချိုးမြင်းငှါ အလိုယှဉ်သော သူတို့သည် ထိုအရပ်နေရာသို့ သွားရောက်၍ အဘိုးအရင်းကို ပေးကမ်းဝယ်ယူ ရေ ချိုးပြီးသော် နံ့သာတို့ကို လိမ်းကျံ ပန်းကိုပန်ဆင်၍ ဖဲသွားကြကုန်၏။ ဘုရားအဖြစ်သို့ မရောက်မီ ခြောက်နှစ်တိုပတ်လုံး ပြုနိုင်ခဲလှစွာသော အမှုကို ပြုလုပ်အားတုတ်တော်မူသော တလက်ဆွမ်းမျှ လောက်သော့

ဗဲနောက်ရည်စသည်တို့ကို အာဟာရအမှု ပြုလုပ်သုံးဆောင် သောက်မျိုရသော မြတ်စွာဘုရားသခင်အားရန္ဓကြမ်းဖွယ်တောင်းမကောင်းသော အစာဘောဇဉ်ကြောင့်လည်းကောင်း, မချိတင်ကဲ ဆင်းရဲစွာ အိပ်စက်ရသောကြောင့် လည်းကောင်း ဝမ်းတော်၌ လေသည်ပျက်ခဲ့၏။နောက် အဘိုအခါ၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၍ မွန်မြတ်သော ဘောဇဉ်တို ဘုဉ်းပေးသုံးဆောင်တော်မူရသော မြတ်စွာဘုရားအား အကြားအကြား၌ ထိုလေအနာသည် ဘုရားကိုယ်တော်ကို ပြာသည်သာလျှင်တည်း။ ။တပါးသောအခါ၌ မြတ်စွာဘုရားသည် ပြန့်ပွါးတက်လာလေရော၀ါဖြင့် ကျင်နာနိုင်စက်သည်ဖြစ်၍ ဥပဝါဏမထေရ်ကို ရေနွေးကို ရလိုခြင်းအကျိုးငှါ ဒေဝဟိတပုဏ္ဏား၏အထံသို့ စေလွှတ်တော်မူ၏။

[ဥပဝါဏမထေရ်ကို ခိုင်းစေတော်မူခြင်း၏ အကြောင်းကား။ ဝါတော်နှစ်ဆယ် အတွင်းကျသော ပဌမဗောဓိ၌ မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးသော ဗုဒ္ဓုပဋ္ဌာကပုဂ္ဂိုလ် အမြဲမရှိ။ ရှိစ်ကျိုင်ကုန်သောမဟာသာဝကတို့တွင်တပါးသောမထေရ်မျှ မြတ်စွာဘုရားကို မလုပ်ကျွေး မပြုစုဘူးသောသူမည်သည်မရှိ၊လုပ်ကျွေး ပြုစုဘူးသော ပုဂ္ဂိုလ်ချည်း သာတည်း။ ။နာဂသမာလမထေရ်၊ ဥပဝါဏမထေရ်၊ သုနက္ခတ္တမထေရ်၊ စုန္ဒမည်သော သမဏုဒ္ဒေသ၊ သာဂတမထေရ်၊ မေဃိယမထေရ်၊ ဤပုဂ္ဂိုလ်တို့ကား ပါဠိတော်၌ လာယှိသော အထင်အရှားလုပ်ကျွေး ပြုစုသော ပုဂ္ဂိုလ်တို့ပေတည်း။ ။ ထိုအခါ၌ကား ဥပဝါဏ မထေရ်လုပ်ကျွေး ပြုစုဆဲ အခိုက်အခါဖြစ်သောကြောင့်လည်းကောင်း, ပဌမဗောဓိဟု ဆိုအပ်သော ဝါတော်နှစ်ဆယ်တို့ပတ်လုံး အမြဲမပြတ် တောသို့ကပ်၍ နေမျှသည်သာလျှင် ဖြစ်ပေ၏။ ရဟန်းသံဃာအား ရေကို ပူနွေးစေခြင်းငှါ ပြုလုပ်ဘို့ရန် မြတ်စွာဘုရား ခွင့်ပြုတော် မမူသေးသော ကြောင့်လည်းကောင်း ဥပဝါဏ မထေရ်ကို ဒေဝဟိတပုဏ္ဏား၏ အထံသို့ ရေပူရေနွေး အလှူခံစေလွှတ်တော်မူသတည်း၂။

ထိုဥပဝါဏ မထေရ်သည် မြတ်စွာဘုရား အမိန့်တော် ကြားသည်ကို နားစိုက်ခံယူ၍ မိမိ၏သက်နှင်းကိုပြုပြင်ဝတ်ရုံ သပိတ်လက်စွဲလျက် အကြင် အရပ်၌ ဒေဝဟိတပုဏ္ဏား၏ နေအိမ်သည်ယို၏။ ထိုနေအိမ်ယိုရာ အရပ်သို့ ချဉ်းကပ်ကြွသွား၍ စကားမဆို အလိုလိုဆိတ်ဆိတ်သာ ကောင်းစွာ ရပ်တည်ကော်မူ၏။ ဒေဝဟိတပုဏ္ဏားသည် စကားမ၌ ပကတိတိတ် ဆိတ် အိမ်ရှိရပ်ချဉ်းကပ် ရပ်တန့်တည်နေတော်မူသောဥပဝါဏ မထေရ်ကိုမြင်၍....

ဒေဝဟိတပုဏ္ဏား အမေးဂါထာ။

တုဏ္ဍိဘူတော ဘဝံတိဋ္ဌံ၊ မုဏ္ဍော သင်္ဃာဋိပါရုတော။
ကိံ ပတ္တယာနော ကိံဒေသံ၊ ကိံ နုယာစိတု မာဂတော။

ဟူသော ဂါထာဖြင့် ပြောဆို မေးမြန်း၏။

ဂါထာ၏ အနက်ကား။ ။သံဃာဋိပါရုတော၊ နှစ်လွှာစပ်ချုပ် ဒုကူဋ်နှင့် တကွသော သင်္ကန်းကို ဆင်မြန်းဝတ်ရုံလျက်။ တုဏ္ဍိဘူတော၊ စကားကင်းတိတ် ဆိတ်ဆိတ်နေလျက်။ တိဋ္ဌံ-တိဋ္ဌန္တော၊ အနီးချဉ်းကပ် တန့်ရပ်တည်နေတော် မူလာသော။ မုဏ္ဍော၊ ဆံပင်ရိပ်လှီး ဦးပည်း ဖြစ်သော။ ဘဝံ၊ အရှင်သည်။ ကိံ၊အဘယ်အမှု ဝတ္ထုအရာကို။ ပတ္တယာနော၊ လိုချင်ဆန္ဒ မြော်ကောင်းတလျက်။ ကိံ၊ အဘယ်အမှု ဝတ္ထုအရာကို။ ဒေသံ-ဒေသန္တော၊ မရရကြောင်း ကောင်းစွာရှာမှီးလျက်။ ကိံ၊ အဘယ်အမှု ဝတ္ထုအရာကို။ ယာစိတုံ၊ တောင်းခံခြင်းငှါ။ အာဂတောနု၊ လာရောက်ပါသနည်း။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။နှစ်လွှာစပ်ချုပ် ဒုကူဋ်နှင့် တကွသော သင်္ကန်းကို ဆင်မြန်းဝတ်ရုံလျက် စကားကင်းတိတ် ဆိတ်ဆိတ်နေပြီး အနီးချဉ်းကပ် တန့်ရပ် တည်နေတော်မူလာသော ဆံပင်ရိပ်လှီး ဦးပည်းဖြစ်သော အရှင်သည် အဘယ်အမှုဝတ္ထုအရာကို လိုချင်ဆန္ဒမြော်တောင့်တလျက်၊ အဘယ်အမှု ဝတ္ထုအရာကို မရ-ရကြောင်း ကောင်းစွာ ရှာမှီးလျက်၊ အဘယ်အမှု ဝတ္ထုအရာကို တောင်းခံခြင်းငှါ လာရောက်ပါသနည်းဟု

ပြောဆို မေးမြန်၏။ ။ထိုအခါ ဥပဝါဏ မထေရ်က ဒေဝဟိတပုဏ္ဏား အား ပြန်ကြားပြောဆိုလိုသောကြောင့်။

ဥပဝါဏမထေရ် ရေနွေး အလှူခံဂါထာ။

အရဟံ သုဂတော လောကေ၊ ဝါတေဟာဗာဓိကော မုနိ။
သစေ ဥဏ္ဍောဒကံ အတ္ထိ၊ မုနိနော ဒေဟိ ဗြာဟ္မဏ။ ။
ပူဇိတော ပူဇနေယျာနံ၊ သတ္ကရေယျာနံ သတ္ကတော။
အပစိတော ပစေယျာနံ၊ တဿ ဋုစ္ဆာမိ ဟာတဝေ။ ။

ဟူကုန်သော ဤနှစ်ဂါထာတို့ကို ရွတ်ဆို၏။

ဂါထာတို့၏ အနက်ကား။ ။ဗြာဟ္မဏ၊ အို-ဒါယကာပုဏ္ဏား။ လောကေ၊ လောက၌။ အရဟံ၊လေးပါးသောပစ္စည်း မြောက်ချီးကော်ရော် အပူဇော်ကို ခံယူတော်မူထိုက်ထသော။ သုဂတော၊ အပြစ်မဲ့ရှောင်း ကောင်းမွန်သော စကားကို ဆိုတော်မူတတ်သော။ မုနိ၊ တရား အပေါင်းကို ကောင်းစွာသိတတ် ရဟန်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝါတေဟိ၊ လေတို့ကြောင့်။ အာဗာတိကော၊ ပြင်းထန်ရောဂါ ကျင်နာနှိပ်စက်ခြင်း ယှိသည်။ အဟောသိ၊ ဖြစ်ခဲ့၏။ ဗြာဟ္မဏ၊ အို-ဒါယကာပုဏ္ဏား။ တေ၊ အသင်အား။ ဥဏ္ဍောဒကံ၊ ဘုရားမြတ်စွာ ရောဂါပျောက်ရေး သင့်လျော်သောရေနွေးသည်။ သစေအတ္ထိ၊အကယ်တိတိ ယှိခဲ့ချေအံ့။ ဧဝံသတိ၊ ဤသို့တိတိ ယှိခဲ့ချေသော်။ မုနိနော၊ ရဟန်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားအား။ တံ၊ ထိုရေနွေးကို။ ဒေဟိ ပေးလှူပါလော့။

ယောမုနိ၊ ရဟန်းမြတ်စစ် ဖြစ်တော်မူသော အကြင်မြတ်စွာဘုရားကို။ ပူဇနေယျာနံ၊ နတ်နှင့် တကွသောလူသည် ပူဇော်ထိုက်ကုန်သော ရှစ်ကျိပ်တွင်မည် မဟာထေရ်တို့ထက်။ ပူဇိတော၊ အထူးသဖြင့် ပူဇော်အပ် ပူဇော်ထိုက်ပေ၏။ သတ္ကရေယျာနံ၊နတ်နှင့် တကွသော လူတဝေးသည် အလေးအမြတ် ပြုထိုက်ကုန်သော ရှစ်ကျိပ်တွင်မည် မဟာထေရ်တို့ထက်။ သတ္ကတော၊ အလေးအမြတ် ပြုအပ် ပြုထိုက်ပေ၏။ အပစေယျာနံ၊ နတ်နှင့် တကွသော လူဗိုလ်သည် အရိုအသေ ပြုထိုက်ကုန်သော

ရှစ်ကျိပ်တွင်မည် မဟာထေရ်တို့ထက်။ အပစိတော၊ အထူးသဖြင့် အရိအသေ ပြုအပ် ပြုထိုက်၏။ တဿ မုနိနော၊ရဟန်းမြတ်စစ် ဖြစ်တော်မူပေသော ထိုမြတ်စွာဘုရားအား။ တံ ဥဏ္ဍောဒကံ၊ သဒ္ဓါရှေးရှု ပေးလှူပူဇော်သောထိုရေနွေးကို။အဟံ၊ငါသည်။ဟာတဝေ၊သင့်လျော်တိုင်းမူ ဆောင်ယူခြင်းငှါ။ဧုစ္ဆာမိ၊ အလိုယှိပါ၏။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။အို ဒါယကာပုဏ္ဏား၊ လောက၌ လေးပါးသောပစ္စည်း မြောက်ချီး ကော်ရော် အပူဇော်ကို ခံယူတော် မူထိုက်ထသော၊ အပြစ်မဲ့ရှောင်း ကောင်းမွန်သောစကားကို ဆိုတော်မူတတ်သော တရားအပေါင်းကို ကောင်းစွာသိတတ် ရဟန်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် လေတို့ကြောင့် ပြင်းထန်ရောဂါ ကျင်နာနှိပ်စက်ခြင်းယှိသည် ဖြစ်ခဲ့၏။ အို-ဒါသကာပုဏ္ဏား၊ အသင်အား ဘုရားမြတ်စွာ ရောဂါ ပျောက်ရေး သင့်လျော်သော ရေနွေးသည် အကယ်တိတိ ယှိခဲ့ချေအံ့။ဤသို့တိတိယှိခဲ့ချေသော် ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားအား ထိုရေနွေးကို ပေးလှူပါလော့။

ရဟန်းမြတ်စစ် ဖြစ်တော်မူသော အကြင် မြတ်စွာဘုရားကို နတ်နှင့်တကွသော လူသည် ပူဇော်ထိုက်ကုန်သော ရှစ်ကျိပ်တွင်မည် မဟာမထေရ်တို့ထက် အထူးသဖြင့် ပူဇော်အပ် ပူဇော်ထိုက်ပေ၏။ နတ်နှင့်တကွသော လူတဝေးသည် အလေးအမြတ် ပြုထိုက်ကုန်သော ရှစ်ကျိပ်တွင်မည် မဟာထေရ်တို့ထက် အလေးအမြတ် ပြုအပ်ပြုထိုက်ပေ၏။နတ်နှင့်တကွသော လူဗိုလ်သည် အရိအသေ ပြုထိုက်သော ရှစ်ကျိပ်တွင်မည် မဟာထေရ်တို့ထက် အထူးသဖြင့် အရိအသေ ပြုအပ်ပြုထိုက်၏။ ရဟန်းမြတ်စစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားအား သဒ္ဓါရှေးရှု ပေးလှူပူဇော်သော ထိုရေနွေးကို ငါသည် သင့်လျော်ထိုက်မူ ဆောင်ယူခြင်းငှါ အလိုယှိ၏ဟု မြတ်စွာဘုရား၏ ဖြစ်ပွါးရောဂါ ကျင်နာနှိပ်စက်သော အဖြစ်ကို ပြောကြား၍ ရေနွေးကို တောင်းခံ၏။ ဥပဝါဏမထေရ် ပြောဆိုသော ထိုစကားကိုကြား၍ ဒေဝဟိတပုဏ္ဏားသည် ''ငါအား အရတော်လေစွာ့တကား။ငါ၏အထံသို့ မြတ်စွာဘုရား ကိုယ်တော်မြတ်က ရေနွေးအလို့ငှါ အလှူခံစေ လွှတ်တော်မူလေပြီ''ဟု ကြံစည်အားတက်

နှစ်သက်ရွင်လန်း ဝမ်းမြောက်သော စိတ်ယှိသည်ဖြစ်၍ အစေအပါး ယောက်ျားကို ဘုရားမြတ်စွာ သုံးဘို့ရာရေနွေး ဝန်လေးမှန်းနိုး ထမ်းပိုးယူဆောင်စေ၍ လေရောဂါနှင့် ကောင်းစွာသင့်အံ့ထင်သော တင်လဲခဲအထုပ်ကိုလည်း ဥပဝါဏမထေရ်အား ပေးလှူလိုက်၏။ ဥပဝါဏမထေရ်သည် တင်လဲခဲကို ဆောင်ယူစေ၍ မြတ်စွာဘုရားသခင်ကို ရေနွေးဖြင့် ရေချိုးသုံးသပ်တော်မူစေပြီးသော် ရေနွေးဖြင့် တင်လဲကို မွေနှောက်ရောဖျော်၍ မြတ်စွာဘုရားအား ပေးဆက်၏။ ထိုမြတ်စွာဘုရားအား တင်လဲအဖျော်ကို သုံးဆောင်တော်မူသော ထိုခဏ၌သာလျှင် အနာရောဂါ ကျင်နာခြင်းငြိမ်းပျောက်လေ၏။ ။ဒေဝဟိတပုဏ္ဏားသည် ကြီစည်၏။အဘယ်သို့ ကြီစည်သနည်းဟူမူ။ "အဘယ်သူအား ကြည်ဖြူရွင်လန်း လှူဒါန်းအပ်သော အလှူသည် ကြီးကျယ်ဖွံ့ဖြိုး အကျိုးယှိသည် ဖြစ်ပါလိမ့်မည်နည်း။ မြတ်စွာဘုရားကို မေးလျှောက်ဦးအံ့" ဟူသော အကြံအစည်သည်ဖြစ်၏။ ကြီစည်ပြီး၍ကား ထိုပုဏ္ဏားသည် မြတ်စွာဘုရား အထံတော်သို့ သွားရောက်ချဉ်းကပ်၍ ထိုသို့တင်ယှိ မိမိကြီစည်မိသော အကြောင်း ရုံးပေါင်းတိတိ သိလိုသောအား လျှောက်ထား မေးမြန်းလိုသောကြောင့်....

ဘုရားသခင်အား ဒါနမဟပ္ဖလကို မေးလျှောက်သော ဂါထာ။

ကတ္ထ ဒဇ္ဇံ ဒေယျမမ္မံ၊ကတ္ထ ဒိန္နံ မဟပ္ဖလံ။
ကထဉ္ဒိ ယဇမာနဿ၊ ကထံ ဋဇ္ဇျတိ ဒက္ခိဏာ။ ။

ဟူသောဤဂါထာကို ရွတ်ဆို၏။

ဂါထာ၏ အနက်ကား။ ။ဘောဂေါတမ၊ အို- အရှင်ဂေါတမ။ ကတ္ထ၊အဘယ်သို့သော ပုဂ္ဂိုလ်အား။ဒေယျမမ္မံ၊စွန့်ကြဲပေးကမ်း လှူဒါန်းဘွယ်ဝတ္ထုကို။ ဒဇ္ဇံ-ဒဒေယျ၊ စွန့်ကြဲပေးကမ်း လှူဒါန်းရပါမည်နည်း။ ကတ္ထ၊အဘယ်ပုဂ္ဂိုလ်အား။ဒိန္နံ၊ကြည်ဖြူရွင်လန်း လှူဒါန်းအပ်သော အလှူသည်။မဟပ္ဖလံ၊ခံ့ညားဖွံ့ဖြိုး တွန့်မည်းအောင် ကြီးသောအကျိုးရှိသည်။ ဟောတိ၊ဖြစ်ပါလေသနည်း။ ကထဉ္ဒိ၊ သဘောရုံးပေါင်း အဘယ်သို့

သောအကြောင်းကြောင့်သာလျှင်။ယဇမာနဿ၊ချီးမြှောက်ကော်ရော် ပူဇော်လှူဒါန်းသောသူအား။ကထံ၊ အဘယ်သို့လျှင်။ဒက္ခိဏာ၊ လှူဒါန်းသော အလှူသည်။ ဋဌတိ၊ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးကြီးထွေ ပြည့်စုံပါလေသနည်း။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။အို-အရှင်ဂေါတမ၊ အဘယ်သို့သော ပုဂ္ဂိုလ်အား စွန့်ကြဲပေးကမ်း လှူဒါန်းဘွယ်ဝတ္ထုကို စွန့်ကြဲပေးကမ်း လှူဒါန်းရပါမည်နည်း။ အဘယ်ပုဂ္ဂိုလ်အား ကြည်ဖြူရှင်လန်း လှူဒါန်းသော အလှူသည် ခံ့ညားဖွံ့ဖြိုး တွန့်မညှိုးအောင် ကြီးသောအကျိုးယှိသည် ဖြစ်ပါလေသနည်း။သဘောရုံးပေါင်း အဘယ်သို့သောအကြောင်းကြောင့် သာလျှင် ချီးမြှောက်ကော်ရော် ပူဇော်လှူဒါန်းသောသူအား အဘယ်သို့လျှင် လှူဒါန်းသော အလှူသည် ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးကြီးထွေ ပြည့်စုံပါလေသနည်းဟု မေးလျှောက်၏။ ထိုသို့ မေးလျှောက်အပ်သော ဒေဝဟိတ ပုဏ္ဏား၏ အမေး ပုစ္ဆာကို မြတ်စွာဘုရားသခင်သည် အစဉ်အတိုင်း ဖြေကြားတော်လိုသောကြောင့်....

ဘုရားသခင်၏ အဖြေဂါထာ။

ပုဗ္ဗေနိဝါသံ ယောဝေဒိ၊ သဂ္ဂါပါယဉ္စ ပဿတိ။
အထော ဇာတိက္ခယံ ပတ္တော၊ အဘိညာ ဝေါသိတော မုနိ။

တ္တေ ဒဇ္ဇာ ဒေယျမမ္မံ၊ တ္တေ ဒိန္နံ မဟပ္ဖလံ။
ဝေဒိ ယဇမာနဿ၊ ဧဝံ ဋဌတိ ဒက္ခိဏာ။ ။

ဟူကုန်သော ဤဂါထာတို့ကို မိန့်ဟောတော်မူ၏။

ထိုဂါထာ တို့၏ အနက်ကား။ ။ဘော-ဗြာဟ္မဏ၊ အို-ဒါယကာ ဒေဝဟိတပုဏ္ဏား။ ယောမုနိ၊ တရားအပေါင်းကို ကောင်းစွာမြင်သိမုနိမည်သော အကြင်သူသည်။ ပုဗ္ဗေနိဝါသံ၊ လွန်လေစဉ်ရေး ရှေးရှေးဘဝ နေမျှဖြစ်ရာ ခန္ဓာအစဉ်ကို။ အဝေဒိ၊ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ဝေဘန်၍ သိပြီ။ သဂ္ဂဉ္စ၊ ကောင်းမှုရှေးကံ စီမံသတ်မှတ် ကောင်းမြတ်

သော ရူပါရုံစသည်တို့နှင့် ပြည့်စုံသော နတ်ဘုံ နတ်ပြည်ကို လည်းကောင်း။ အပါယဘူ၊ ချမ်းသာကင်းကွယ် အပါယ်ကို လည်းကောင်း။ ပဿတိ၊ ဒိဗ္ဗစက္ခု အာဘိညာဏ်ဖြင့် အမှန်ထင်ထင် သိမြင်၏။ အထော၊ ထိုမှတပါး။ ဇာတိကွယ်၊ တဖန်ဖြစ်ဘိ ဇာတိ၏ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့။ ပတ္တော၊ မဂ်အဆင့်ဆင့်တက်သဖြင့်လျင် အနွှင့်ပြီးမြောက်ရောက်ပေ၏။ သောမုနိ၊ တရားအပေါင်းကို ကောင်းစွာမြင်သိ မုနိမည်သော ထိုသူသည်။ အာဘိညာ-အာဘိညာယ၊ ဝိဇ္ဇာသုံးပါး ပိုင်းခြားရဉီး အထူးသိမြင်၍။ ဝေါသိတော၊ ရဟန်းကိစ္စ ကုံငအားလုံး သုံးအပ်သော သီတင်းအဆုံးသို့။ ပတ္တော၊ ရောက်၏။

ဇတ္ထ၊ ဝိဇ္ဇာသုံးပါး ထင်ရှားရယှိ မုနိမည်ဆို ဤပုဂ္ဂိုလ်အား။ ဒေယျဓမ္မံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းဘွယ်ဝတ္ထုကို။ ဒဇ္ဇော-ဒဒေယျ၊ စွန့်ကြဲပေးကမ်း လှူဒါန်းရာ၏။ ဇတ္ထ၊ မုနိမည်ဆို ဤပုဂ္ဂိုလ်အား။ ဒိန္နံ၊ ကြည်ဖြူရှင်လန်း လှူဒါန်းအပ်သော အလှူသည်။ မဟပ္ဖလံ၊ ခံ့ညားဖွံ့ဖြိုး တွန့်မည်းအောင် ကြီးသော အကျိုးယှိသည်။ ဟောတိ၊ဖြစ်ပေ၏။ ဧဝဉ္စိ၊ ဤသို့ပြရှယ် သုံးသွယ်သုံးကြောင်း စင်ကြယ်သောအကြောင်းကြောင့်သာလျှင်။ ယဇမာနဿ၊ ချီးမြောက်ကော်ရော်ပူဇော်လှူဒါန်းသော သူအား။ ဧဝံ၊ ဤသို့သာလျှင်။ ဒက္ခိဏာ၊ လှူဒါန်းသော အလှူသည်။ ဇာဇ္ဈတိ၊ ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးကြီးထွ ပြည့်စုံပေ၏။ ။ဤကားအနက်။

[ယောဝေဒိ-ဟူသော ပါဠိဝယ် အချို့သော စာမူတို့၌ ယောဝေတိ-ဟူ၍လည်း ယှိတတ်ကြ၏။ ယောအဝေတိ-ပင် ပဒစ္ဆေဒမူ၍ အဝေတိ၊ သိ၏-ဟု အနက်ပေးလေ။ ။ဤကားအမှာ။]

အဓိပ္ပါယ်ကား။ ။အို- ဒါယကာ ဒေဝဟိတပုဏ္ဏားး၊ တရားအပေါင်းကို ကောင်းစွာမြင်သိ မုနိမည်သော အကြင်သူသည် လွန်လေစဉ်ရေး ရှေးရှေးဘဝ နေမျှဖြစ်ရာ ခန္ဓာအစဉ်ကို ပုဗ္ဗေနိဝါသ အာဘိညာဏ်ဖြင့် ဝေဘန်၍သိပြီ။ ကောင်မှရှေးကံ စီမံသတ်မှတ် ကောင်းမြတ်သော ရူပါရုံစသည်တို့နှင့် ပြည့်စုံသော နတ်ဘုံ နတ်ပြည်ကို လည်းကောင်း, ချမ်းသာကင်းကွယ် အပါယ်ကိုလည်းကောင်း ဒိဗ္ဗစက္ခု အာဘိ

ညာဏ်ဖြင့် အမှန်ထင်ထင် သိမြင်ပေ၏။ ထိုမှတပါး တဖန်ဖြစ်ဘိ ဇာတိ၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့ မဂ်အဆင့်ဆင့် တက်သဖြင့်လျှင် အခွင့်ပြီးမြောက်ရောက်ပေ၏။တရားအပေါင်းကို ကောင်းစွာမြင်သိ မှုန်မည်သော ထိုသူသည် ဝိဇ္ဇာသုံးပါး ပိုင်းခြားရဦး အထူးသိမြင်၍ ရဟန်းကိစ္စ ကုံအောင်းလုံး သုံးအပ်သော သီတင်း အဆုံးသို့ ရောက်၏။

ဝိဇ္ဇာသုံးပါး ထင်ရှားရယို့ မုနိမည်သော ဤပုဂ္ဂိုလ်အား စွန့်ကြဲပေးကမ်း လှူဒါန်းဘွယ်ဝတ္ထုကို စွန့်ကြဲပေးကမ်း လှူဒါန်းရာ၏။ မုနိမည်ဆို ဤပုဂ္ဂိုလ်အား ကြည်ညိုရှင်လန်း လှူဒါန်းအပ်သောအလှူသည် ခံ့ညားဖွံ့ဖြိုး တွန့်မည်းအောင် ကြီးသော အကျိုးယိုသည့် ဖြစ်ပေ၏။ ဤသို့ပြုရှယ် သုံးသွယ သုံးကြောင်း စင်ကြယ်သော အကြောင်းကြောင့် သာလျှင် ချီးမြောက်ကောင်းရော့် ပုဇော်လှူဒါန်းသောသူအား ဤသို့သာလျှင် လှူဒါန်းသော အလှူသည့် ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးကြီးထွ ပြည့်စုံပေ၏ဟု ဖြေဆိုတော်မူ၏။

ထိုနောက် မြတ်စွာဘုရားက ထိုပုဏ္ဏားအား ဤသို့သဘော ယို့သည်မည်သော ဗြာဟ္မဏအား ပေးလှူအပ်သော အလှူသည့် ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးယိုသည် ဖြစ်ပေ၏ဟု မိန့်ဆိုတော်မူ၍ ဗြာဟ္မဏမည်သော ပုဂ္ဂိုလ်ကို ထင်ရှားပြတော်မူ လိုသောကြောင့်....

ဗြာဟ္မဏ၏ အရကို တနည်းအားဖြင့် ဖေါ်ပြသော
ပါဠိတော်ဂါထာ ဒေသနာ။

ပုဗ္ဗေနိဝါသံ ယော ဝေဒိ၊ သဂ္ဂါပါယဉ္စ ပဿတိ။
အထော ဇာတိက္ခယံ ပတ္တော၊အဘိညာ ဝေါသိတော မုနိ။
သဗ္ဗဝေါသိတဝေါသာနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည် တို့သို့ ရောက်ကုန်၏။ ။ဒေဝဟိတ ပုဏ္ဏားသည်လည်း

ကြည်ညိုသော စိတ်ယှိသည်ဖြစ်၍ သရဏဂုံတို့၌တည်၍ ရတနာသုံးရပ်ကို ဆည်းကပ်တတ်သော ဥပါသကာ၏ အဖြစ်ကို ကြားလျှောက်၏။

ထိုဂါထာ၏ အနက်ကား။ ။ယော ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ ပုဗ္ဗေနိဝါသံ၊ရှေးရှေးဘဝ နေမျှခဲ့အင် ခန္ဓာအစဉ်ကို။အဝေဒိ၊ထင်ရှားပြုပြင် သိမြင်လေပြီ။ သဂ္ဂဉ္စ၊ နှစ်ဆယ့်ခြောက်ထပ် နတ်ဗြဟ္မာ ပြည်ကို လည်းကောင်း။ အပါယဉ္စ၊ ချမ်းသာ့ကင်းပြတ် လေးရပ်သော အပါယ်ကိုလည်းကောင်း။ ပဿတိ၊ ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှု ထင်ထင် သိမြင်၏။ အထော၊ ထိုမြို့။ ဇာတိက္ခယံ၊ ပဋိသန္ဓေ တည်နေတဘုံ ဆုံးကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့။ ပတ္တော၊ ရောက်၏။ အဘိညာ-အဘိညာယ၊ အဘိညေယျ စသည်ကိစ္စ လေးဌာနကို ဧကက္ခဏ လုံးဝကုန်စင် အထူးသိမြင်၍။ ဝေါသိတော၊ နိဗ္ဗာန်သို့။ ဝါ။ သုံးအပ်သော သီတင်းအဆုံးသို့။ ပတ္တော၊ ရောက်၏။ မုနိ၊ အာသဝက္ခယ ပညာသဘောဖြင့် မောန၏အဖြစ်သို့ ရောက်သောကြောင့် မုနိမည်၏။ သဗ္ဗဝေါသိတဝေါသာနံ၊ လုံးစုံကိုလေသာ ပယ်ကာဖြတ်သုံး အဆုံးသတ်မှတ် အရဟတ္တမဂ်တည်းဟူသော ဗြဟ္မစရိယဝါသကို နေမျှလေပြီးသော အဖြစ်ကြောင့် သုံးအပ်သော သီတင်းအဆုံးယိုသော။ တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသော သူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူပေ၏။ ။ဤကားအနက်။

ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၌ လေးဆယ်မြောက်သော ဒေဝဟိတပုဏ္ဏား၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

ဇုတိ ရန်ကုန်တိဝှယနဂရဿစေဝ တိဂုမ္ဗစေတိယဿစ ဥတ္တရာနဒိသာယ ပတိဋ္ဌိတေ မဟာအာရညိကဝိဟာရေ ဝသတာ စန္ဒိမာတိ-လဒ္ဓနာ မေန အဌဝဿိကေန ဂဏဝါစကေန ဘိက္ခုနာ မရမ္မဘာ-

သာယ ဒေန္တော ကတော မေမ္မပဒတ္ထေ မဟာပကရဏေ ဆဗ္ဗိသတိမ-ဗြာဟ္မဏဝဂ္ဂဿ မရမ္မ ဘာသတ္ထော နိဋ္ဌိတော။

မေမ္မပဒပါဋိတော် အဋ္ဌကထာတို့၌ နှစ်ဆယ့်ခြောက်ခုမြောက်ဖြစ်
သော ဗြာဟ္မဏဝဂ်သည် ဤတွင်ရှေ့ပြီး၏။

နိဂမကထာယံ

ကေန ကဒါ ကိမတ္ထံ ဝါ၊ ကသ္မာ မာရဗ္ဘိတံ မိဒံ။
တံ ဝုစ္စမာနက္ကမေန၊ ဘဝိဿတိ ဝိသဇ္ဇနန္တိ။ ။

အပ္ပရိမာဏ ဉာဏိဒ္ဓိဝိပ္ပါရိတ တထာဂပ္ပဝေဒိတာသမ်ိယျ ဂုဏဂဏာဓာရော ပဝရနရဒေဝ ဗြဟ္မရာဇမကုဋ္ဌစုမ္ဗိတသေလသံဃဋ္ဌိတပါဒေါ သကလ စက္ကဝါဋ္ဌုတ္တမ သိရိဂဏ သန္ဒိပါတဘူတောမှာကံ ဗုဒ္ဓါမိတော ကပ္ပသတသဟဿာဓိကာနံ စတုန္ဒမသင်္ချေယျာနံ မတ္ထကေ-မုပ္ပန္ဒဿ ဒီပင်္ကရဿနာမ ဘဂဝတော သန္တိကေ သုမေဓနာမေန ပါရိကမ်ိဘာဝေန လဒ္ဓဗျာကရဏော တတော ပရေသမ္ပိ ကောဏ္ဍညာဒိကဿပ ပရိယော သာနာနံ တေဝီသတိယာ ဗုဒ္ဓါနံ သန္တိကေ မဝိသေသပုဂ္ဂလာနံ စိန္တနမတ္တမ္ပိ ကာတုမဝိသဟုန္တိယော ဒသပါရမိယော ဒသပရမတ္ထ ပါရမိယောတိ သမတ္တိံသပါရမိယော ပရိပူရေတွာ ဝေဿန္တရတ္တဘာဝေ ဌိတော တတ္ထ ပထဝိကမ္ပနာနိ မဟာဒါနာနိ ဒတ္ဝာ ပုတ္တ-ဒါရံ ပရိစ္စဇိတ္ဝာ အာယူဟပရိယောသာနေ တုသိတဘဝနေ နိဗ္ဗတ္တိ-တ္ဝာ တသ္မိံ ယာဝတာယုကံ ဌတ္ဝာ ဒသသဟဿစက္ကဝါဋ္ဌဒေဝတာဟိ သန္ဒိပတိတ္ဝာ ယာစိတော ပဉ္စမဟာဝိလောကနာနိ ဝိလောကေတ္ဝာ တတော စုတော အာသဋ္ဌိပုဏ္ဏမဒိဝသေ ကပိလဝတ္ထုမှိ သကျရာဇကု-လေ သုဒ္ဓေါဒနဿနာမ မဟာရာဇိနော အဂ္ဂမဟေသိယာ မဟာမာ-ယာနာမ ကုစ္ဆိမှိ ပဋိသန္ဓိံ ဂဟေတ္ဝာ ဒသမာသစ္စယေန ဝေသာခ ပုဏ္ဏမဒိဝသေ လုမ္ဗိနိဝနေ မာတုကုစ္ဆိတော ဝိဇာယိ၊ သောဋ္ဌသဝဿ

ကာလေ တတ္ထ မဟာသမ္ပတ္တိယာ ပရိဟရီယမာနော အနုက္ကမေန ဘဒြ ယောဗ္ဗနံ ပတ္ဝာ တိဏ္ဏမုတူန မနုစ္ဆဝိကေသု တီသု ပါသာဒေသု ဒေဝ လောက သိရိံ ဝိယ ရဇ္ဇမနု ဘဝန္တော ဥယျာနကီဋ္ဌာယ ဂမနသမယေ အနုက္ကမေန ဇိဏ္ဏဗျာဓိမတသခ်ါတေ တယော ဒေဝဒူတေ ဒိသ္ဝာ သဥ္ဇာတသံဝေဂေါ နိဝတ္တေတ္ဝာ စတုတ္ထ ဝါရေ ပဗ္ဗဇိတံ ဒိသ္ဝာ တသ္မိံ ရုစိ မုပ္ပါဒေတ္ဝာ ဥယျာနံ ဂန္တ္ဝာ မင်္ဂလ ပေါက္ခရဏိတီရေ နိသိန္နော ရာဟုလကုမာရဿ ဇာတသာသနံ သုတ္ဝာ သာယန္ဟသမယေ နဂရံ ပဝိသိတ္ဝာ တသ္မိံ ယေဝါသဋ္ဌိပုဏ္ဏမရတ္တိယာ ဆန္ဒ သဟာယော ကဏ္ဍက မာရုယ္ဟ မဟာဘိနိက္ခမနံ နိက္ခမိတ္ဝာ အနောမ နဒိ တီရေ ပဗ္ဗဇိတ္ဝာ ဆဗ္ဗဿာနိ မဟာပဓာနံ ပဒဟိတ္ဝာ ဝေသာခပုဏ္ဏမ ဒိဝသေ ပါတော ဝ သုဇာတာယ ဒိန္နပါယာသံ ပရိဘုဉ္ဇိတ္ဝာ နေရဉ္ဇရာယ တီရေ ပုရိမိ ကာနံ သမ္မာသမ္ဗုဒ္ဓါနံ ဓမ္မတာယ သုဝဏ္ဏပါတိံ ပဝါဟေတ္ဝာ သာ-ယန္ဟသမယေ သောတ္တိယေန ဒိန္နံ တိဏံ ဂဟေတ္ဝာ ဗောဓိမဏ္ဍ မာရုယ္ဟ တိဏာနိ သန္ထရိတ္ဝာ "နဂ ကာဝိမံ ပလ္လင်္ဂံ ဘိန္ဒိဿာမိ၊ ယာဝ မျာနုပါဒါယာသဝေဟိ နဝိမုစ္စတီ"တိ အဓိဋ္ဌဟိတ္ဝာ ပုရတ္ထာဘိမုခေါ နိသီဒိတ္ဝာ သူရိယေ နတ္ထင်္ဂမိတေယေဝ မာရဗလံ ဝိဓမိတ္ဝာ ပဌမ ယာမေ ပုဗ္ဗေနိဝါသဉာဏံ မဇ္ဈိမာယာမေ စုတူပပါတဉာဏံ ပတ္ဝာ ပစ္ဆိမ ယာမာဝသာနေ ပစ္စယကာရေ ဉာဏမောတာရေတ္ဝာ ဒသ-ဗလ စတုဝေသာရဇ္ဇာဒိသဗ္ဗဂုဏပဋိမဏ္ဍိတံ သဗ္ဗညုတဉာဏံ ပရိဝိဇ္ဈိ၊ တတော သတ္တသတ္တာဟေ ဗောဓိသမီပေယေဝ ဝီတိနာမေတ္ဝာ အဇ-ပါလနိဂြောဓမူလေ နိသိန္နော ဒဿသဟဿ စတ္ကဝါဋ္ဌမဟာဗြဟ္မပရိ ဝါရေန သဟမ္ပတိ ဗြဟ္မုနာ ယာစိတ ဓမ္မဒေသနော ပဥ္စဝဂ္ဂိယာနံ ဘိက္ခူနံ ဗဟူပကာရတ္ထ မနုဿရိတ္ဝာ ကာသိရဋ္ဌမဘိတ္ကမန္တော မိဂဒါယ မိသိပတနံ သမ္ပာပုဏိတ္ဝာ အာသဋ္ဌိပုဏ္ဏမဒိဝသေယေဝ ပဥ္စဝဂ္ဂိယပ္ပ-မုခါနံ ဒေဝဗြဟ္မဂဏာနံ ဓမ္မစက္ကပ္ပဝတ္တနံ ပဝတ္တေန္တော ဓမ္မစက္ခုံ လဘာပေသိ၊ ပဥ္စဝဂ္ဂိယေစေဝ တဒညေစ ပဗ္ဗဇာပေတ္ဝာ တတ္ထေဝ ပဌမံ ဝဿမုပဝသိ၊ တတော ပဋ္ဌာယ ပဥ္စစတ္တာလီသဝဿာနိ တေသု တေသု နဂရနိဂမဇနပဒဂါမာဒီသု ပဥ္စဟိ ဗုဒ္ဓကိစ္စေဟိ နိရန္တရမုပဝ

သန္တောဿ သဒေဝကေ လောကေ သဂ္ဂမောက္ခမဂ္ဂေ အာရောပေတွာ အသီတိယာ ဝဿာယုကေ သမ္ပတ္တေ ကုသိနာရာယ မုပဝတ္တနေ မလ္လာနံ သာလဝနေ ယမကသာလာနမန္တရေ ဝေသာခ ပုဏ္ဏမဒိဝသေ ပစ္စူသသမယေ မနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတော။ ။ ဘဂဝတော ပရိနိဗ္ဗာနေ သန္ဒိပတိတာနံ သတ္တန္ဒံ ဘိက္ခုသတသဟဿာနံ သံဃတ္ထေရော အာယသ္မာ မဟာကဿပေါ အာဂမန ကာလေ မန္တရာမဂ္ဂေ သုဘဒ္ဒေန ဝုဒ္ဓပဗ္ဗဇိတေနာနနုလောမိကေန ဝုတ္တဝစန မနုဿရန္တောဿ ဓမ္မဝိနယသင်္ဂါယနတ္ထံ အာနန္ဒတ္ထေရေန သဟပဋ္ဌသတေ တိပိဋကသဗ္ဗပရိယတ္တိပ္ပဘေဒဓရေ ပဋိသမ္ဘိဒါပတ္တေ မဟာနုဘာဝေ တေဝိဇ္ဇာဒိဘေဒေ ခီဏာသဝ ဘိက္ခူယေဝ ဥစ္စိနိတ္ဝာ တသ္မိံယေဝ-ဝဿေ ရာဇဂဟေ ဝေဘာရပဗ္ဗတပဿေ သတ္တပဏ္ဏိဂုဟာဒ္ဝါရေ ရညာ အဇာတ သတ္တုနာ ကာရာပိတေ ဒေဝဝိမာနသီရိမဝဟသန္တေဝိယ ရတနမယေ မဟာမဏ္ဍပေ သဗ္ဗေပိ တေ မဟာကဿပပ္ပမုခါ ပဋ္ဌသတ ခီဏာသဝါ မဟာထေရာ ပဌမံ ဓမ္မဝိနယံ သတ္တဟိ မာသေဟိ သင်္ဂါယိံသု။ တတော သတ္ထုပရိနိဗ္ဗာနတော ဝဿသတေ သမ္ပတ္တေ ဝေသာလိကေဟိ ဘိက္ခူဟိ ဝဇ္ဇိပုတ္တကေဟိ ဒသာဓမ္မဝတ္ထူနံ ပဒီပကရဏာယသတ္ထေရပ္ပမုခါ တိပိဋကသဗ္ဗပရိယတ္တိဓရာ ပတ္တပဋိသမ္ဘိဒါ တေ-ဝိဇ္ဇာဒိဘေဒါ ခီဏာသဝါ သတ္တသတာ မဟာထေရာ ဝေသာလိယံ ဝါလိကာရာမေ သန္ဒိပတိတ္ဝာ တာနိ သုဝိနိစ္ဆိနိတ္ဝာ အဌဟိ မာသေဟိ ဒုတီယံ ဓမ္မဝိနယံ သင်္ဂါယိံသု၊ အတ္ထာနုတ္ကမေန ဂစ္ဆန္တေသု ရတ္တိဒိဝသေ ပရိနိဗ္ဗာနတော ဘဂဝတော ပဋ္ဌတ္တိံသာဓိကေ ဒ္ဝေဝဿတေ သမ္ပတ္တေ မဟာမောဂ္ဂလိ ပုတ္တတိဿတ္ထေရပ္ပမုခါ တိပိဋကသဗ္ဗပရိယတ္တိဓရာ ပတ္တ-ပဋိသမ္ဘိဒါ တေဝိဇ္ဇာဒိဘေဒါ သဟဿ မဟာထေရော ပါတလိပုတ္တ နဂရေ အသောကာရာမေ နဝဟိ မာသေဟိ တတီယံ ဓမ္မဝိနယံ သင်္ဂါယိံသု၊ မဟာမောဂ္ဂလိပုတ္တ တိဿတ္ထေရောဝ သင်္ဂီတိံ ကတ္ဝာ ဧဝံ စိန္တေသိ "ကတ္ထ နုခေါနာဂတေ သဒ္ဓမ္မံ သုပ္ပတိဋ္ဌိတံ ဘဝေယျာ"တိ၊ အထ သော ဥပပရိက္ခေန္တော ပစ္စန္တိမေသု ဇနပဒေသု သုပ္ပတိဋ္ဌိတဘာဝံ ဥတ္ဝာ တေသံ တေသံ ဘိက္ခူနံဘာရံ ကတ္ဝာ တတ္ထ တတ္ထ ပေသေသိ၊

တေသု ဥပသမ္ပဒကမ္မ ပဟောနကေဟိ ထေရေဟိ သဒ္ဓိံ သောဏတ္ထေ ရဉ္ဇေဝ ဥတ္တရတ္ထေရဉ္ဇ ဧုမံ ရာမညဇန ပဒေသု သုဝဏ္ဏဘူမိံ ပေသေသိ၊ တေပိ တတ္ထဂန္ဒာ ပိသာစေ နိဒ္ဓမေတ္ဂာ သရာဇာနံ ဇနကာယံ ဗြဟ္မ ဇာလသုတ္တန္တကထာယ ပသာဒေတ္ဂာ သာသနံ ပတိဋ္ဌာပေသုံ၊ တတော ပဋ္ဌာယ ယာဝဇ္ဇတနာ သာသန မနေကသတာနမတ္တာနံ ရံသယော မတိတ္ကမ္မ မောဟကာရံ ဝိမေန္တော ပတိဋ္ဌာသိ၊ တေသံ နိဒ္ဒိဋ္ဌာနံ တိပိဋက ပရိယတ္တိရောနံ ခီဏာသဝတ္ထေရာနံ သိဿာနသိဿပရမ္ပရာသု ခီဏာသ ဝါသွးဗ္ဘန္တရောဂရဟန္တော နာမေကော ခီဏာသဝေါ တမ္ဗဒီပရဋ္ဌေသု အရိမဒ္ဒနပုရံ ဂစ္ဆန္တော အနုရုဒ္ဓရာဇာနံ သပရိသံ နာနာမ္မေဒေသနာဟိ ပသာဒေတ္ဂာ ဩသီဒနသာသနံ ပုန ဇောတေသိ၊ ပရဘာဂေပိ လင်္ကာ ဒီပတော မဟာမဟိန္ဒတ္ထေရဝံသိကာ တိပိဋကပရိယတ္တိရော သာသ နုဇ္ဇော တမိစ္ဆန္တာ သီလက္ခန္ဓာဒိဂုဏောပေတာ မဟာထေရာ ရိမဒ္ဒန ပုရ မာဂန္ဒာ သရည်ရဋ္ဌဝါသီနံ ပသာဒေတ္ဂာ သဒ္ဓမ္မာဏာစတ္ကံ ဝိဇ္ဇော တနတ္ထမာရဘိံသု၊ အထာနုတ္ကမေန ဂစ္ဆန္တေသု ရတ္တိဒိဝေသု တေပျူ ဘယဝံသိကာ မဟာထေရာ မိဿိတ္ဂာ ဧကပဘဝတ္ထာ ယာဝဇ္ဇတနာ မရမ္မရဋ္ဌ ရာမညရဋ္ဌေသု နရမရူန မုဘယတ္ထ ဒေန္တံ သဂ္ဂမောက္ခမဂ္ဂ ဒေသကံ တိဝိဓကလျာဏံသဒ္ဓမ္မံ ပတိဋ္ဌာပေသုံ၊ ဧဝံတိပိဋကပရိယတ္တိရော နံ ပတ္တပဋိသမ္ဘိဒါနံ တေဝိဇ္ဇာဒိဘေဒါနံ သင်္ဂီတိကာရပ္ပမုခါနံ မဟာ ကဿပတ္ထေရာဒီနံ မဆိဇ္ဇမာနမေဝ ပရမ္ပရာယ ပဝေဏိယာ ဝံသေ ဇာ တတ္တာ သုဝိသုဒ္ဓဝံသာလင်္ကာရ ဘူတဿ ပရမာမလ သဒ္ဓါဗုဒ္ဓိဝီရိယပ္ပ ဋိမဏ္ဍိတဿ သီလာစာရာဒိဂုဏ ဂဏောဒယဿ သဇ္ဇနာနံ ဘိက္ခူနံ ဟဒယေ သဒ္ဓမ္မမေဒနိံ ပဝေသေန္တဿ ရတနာပူရနဂရံ စတုတ္ထံ မာပိ တေန မဟာမ္မေရညာ စတူဟိ ပစ္စယေဟိ ပဂ္ဂဟိတဿ ရာဇဂုရုတိလဒ္ဓ လဉ္ဇနဿ ဓညဝနာစရိယောတိ မဟီတလေ ပါကဋဿ မဟာထေရ ဝရဿ သဒ္ဓိဝိဟာရိကော ဂဏာစရိယော မြန်အောင်နဂရေ ပတိဋ္ဌိ တဿ သုဝဏ္ဏမယ စတုဘုမ္မိက မဟာဝိဟာရဿ သာမိကော ဘဒ္ဒန္တ ဝိစာရတ္ထေရဝရော သော သိရိသဒ္ဓမ္မပါလတ္ထေရဿ ပဇ္ဈာယောတိ မရမ္မ ရဋ္ဌေသု ရတနာပုဏ္ဏနဂရံ ပဋမံ မာပိတေန သေလက္ခရာရုဋ္ဌပဉ္ဇမသင်္ဂီတိ

၁ ၁

ဒါယကေန မဟာဓမ္မရာဇေန ဘိယျောသောမတ္တာယ မာနိကော ပူဇိ
တော သာသနသောဓကဘူတော လဒ္ဓလဉ္ဇနော သဒ္ဓ်ဇာစရိယောတိ
သလက်ာဒီပေ ဇမ္ဗုဒီပတလေ နဘေဒိစ္စောဝ ပါကဋော ရာဇဂုရုတ္တေ
ရာသဘော သိရိသဒ္ဓမ္မပါလတ္တေရဿ နိဿယာစရိယောတိ သဏ္ဌသုခုမ
သခီလဝါစသိကော ခန္တိသောရဇ္ဇာဒိဂုဏဂဏောပေတော သဒ္ဓမ္မ
မာမကော သိက္ခာဂါရဝေါ သံသာရဘီရုကော ဓီတိမန္တော သိရိသဒ္ဓမ္မ
ပါလတ္တေရော မြန်အောင်နဂရဿ ဒက္ခိဏာယ ဒိသာယ "သဒ္ဓ်ဇာ
ဝိဟာရော" တိနာမံ သံဃာရာမံ ပတိဋ္ဌာပေတွာ မနေကာနံ ဂဏာနံ
ယထာဗလံ သဒ္ဓမ္မပရိယတ္တိံ ဝါစေသိ၊ သော ဇုမဿ ဂန္ထကာရကဿ
စန္ဒိမာတိ ဂရုဟိ ဂဟိတနာမဓေယျဿ ဂဏဝါစကဿ ဘိက္ခုနော
ဥပဇ္ဈာယောတိ ဂန္ထကာရကဘူတော စ သော ရတနာပုဏ္ဏနဂရေ
"မဏိရတနာရာမ" သာမိနော လဒ္ဓလဉ္ဇနဿ ရာဇဂုရုနောစေဝ
"မဟာမစ္စာရာမ" သာမိနော လဒ္ဓလဉ္ဇနဿ ရာဇဂုရုနောစ သန္တိကေ
ပညာခီရ မနုပိဝိတွာ တတော ပတိနိဝတ္တေတွာ ဥပဇ္ဈာယပါဒမူလေယေ
ဝုပဝသိတွာ ဥပသမ္ပဒတော တိဝဿိကေ ကာလေ ဘဂဝတော နီလော
ဘာသံ ဝိသဇ္ဇန္တိယော ကေသဓာတုယော နိဒဟိတွာ မနုဿလောကေ
ပုရေတရမေဝ ပတိဋ္ဌာပိတသုဝဏ္ဏာ စလသဒိသံ တိဂုမ္ဗစေတိယံ ဝန္ဒနာ
ဒျတ္ထာယ သဒ္ဓ်ဇာရာမတော ဂန္ဒာ တိဂုမ္ဗစေတိယဿစေဝ ရန်ကုန္တိ
ဝှယနဂရဿ စုတ္တရာနုဒိသာယ ပတိဋ္ဌိတေ မဟာအာရညိကဝိဟာရေ
ဝိဟရတိ၊ တဒါ ဟံသာဝတီဂဏမုတ္တဋ္ဌဿာသဘာဘိဓဇဿ မဟာ
ထေရဝရဿ သန္တိကေ အာဂတာဂတာနံ ပညာခီရံ ပိဝိတုမိစ္ဆန္တာနံ
သောတုဇနာနမတ္တနာ မန္ဒပညာနံ ဓမ္မရသံ ယထာဗလံ ရတ္တိဒိဝံ ပါယေ
တွာ ဝိဟရန္တော ဇုမံ သသံဝဏ္ဏနံ ဓမ္မပဒံ ဝါစေန္တော တေပိဋကာနံ
မဓုရသံ ပိဋ္ဌေတွာ ဧကရာသိကတမိဝ ပရိပုဏ္ဏတ္ထံ သမန္တပါသာဒိကံ
တိဝိဓသမ္ပတ္တိမဂ္ဂံ ဒိသွာ မဟာသမုဒ္ဒေသုဝဋ္ဌဥနဒုတ္တရာ ဒျာနဋ္ဌရကနာနိ
ဥဒ္ဓရိတွာ ဒေန္တောဝိယာဟောဝတာဟ် မာဂဓဘာသာယ အဆေကာ
နံ သုခေါဂါဟတ္ထံ မရမ္မဘာသာယ ပရိဝတ္တေတွာ လိခေယျန္တိ စိန္တေသိ၊
ဧဝမ္ပိ စိရကာလမောကာသမလဘိတွာ ဂန္ထဝါစနဗဟုလတ္တာ မုပသမ္ပ

ဒတောင္ဒမေဝသိကေ ဗဟူနံ ဘိက္ခူနဥ္စေဝ ဥပါသကာနဥ္စ အနေက ဝါရံ ယာစိတမ္ပဋိစ္စနာနာဂန္ဆေ ဝါစိတ္ဆာ ဝါရန္တရန္တရေ လဒ္ဓေါကာသေန သမာရဗ္ဘိတမိဒံ မရမ္မဘာသာယ လိခိတေသု ပကရဏေသု မဟာပကရဏံ သဏ္ဌသုခုမ သခိလပေါရိယဝါစာဟျာလက်ာရတ္တာစေ ဝါဌကထာယုဒ္ဒိဌာနိ သာဓကာနိတတော တတော ဟရိတ္ဆာ ဝိတ္ထာရေန ဒသိတတ္တာစ သမန္တပါသာ ဒိကမမ္ဘရေ ပုဏ္ဏိန္ဒုဝ မဟိတလေ ပါကဋေဟိ လဒ္ဓလဥ္ဆနေဟိ ထေရာသဘေဟိ ထောမိတဂုဏာဓာရံ ထေရနဝမဇ္ဈိမာနံ ဘိက္ခူနံ စိတြဓမ္မကထိကာနံ ပါဏသမံ ပကရဏစ္ဆေဒါဒိ ဝိဝိဓာန္တရာယေ ဝတ္ထုတ္တယသ စာနုဘာဝေနာ သေသတော ပဋိဝိနောဒေတ္ဆာ ပစိတပုညသမ္ဘာရာနံ ကုလပုတ္တာနံ ယထိစ္ဆိတပူရဏတ္ထံ မနန္တရာယေန နိဋ္ဌိတန္တိ။

ယံ ပုညံ သဥ္စယံ တဿ၊ အာနုဘာဝေန သဗ္ဗဒါ။
ပါဏိနော သုခိတာ ဟောန္တု၊ သံပူရေန္တု မနောရထာ။ ။
စိရဋ္ဌိတာယ ပါလေန္တု၊ သဒ္ဓမ္မ မမတောဂဓံ။
ယထာဘူတံ ဝိဇာနိတ္ဆာ၊ တထာဂတပ္ပဝေဒိတံ။ ။
ပရတ္တမ မနာယာသံ၊ ပပ္ပေါန္တု သုခမုတ္တမံ။
ပထဝိဿရ ရာဇာနော၊ ပါလေန္တု ပထဝိသိတံ။ ။
အညမညံ သိနေဟန္တော၊ အတ္တံနောဝ ပဇံ ပဇံ။
သုဗ္ဘိက္ခံဒဒန္တော ဒေဝေါ၊ယထာ ကာလော ပဝဿတု။ ။
ယာဝ ဗုဒ္ဓေါတိ နာမမ္ပိ၊ ပတိဋ္ဌာတိ သဒေဝကေ။
ဇုဒမ္ပိ တာဝ တိဋ္ဌတု၊ သဒ္ဓမ္မာ လောကဇောတယန္တိ။ ။

ဆရာတော် အသျင်စန္ဒီမာမူ-ဓမ္မပဒ ဝတ္ထုတော်ကြီး (ပဥ္စမတွဲ) ဤတွင်ရွေ့ အလုံးစုံပြည့်စုံပြီ။

သတိပြုရန်။ ။ဆရာတော်အသျင်စန္ဒီမာမူ ဓမ္မပဒဝတ္ထုတော်ကြီးသည် ရဟန်း-ရှင်-လူ ပြည်သူအများ နှစ်သက်ကြသဖြင့် အချို့သောသူတို့က ထင်ယောင်ထင်မှားရေးသား၍ အတုအပပြုလုပ်သည်များကို တွေ့ယှိချေသောကြောင့် ဆရာတော်အသျင်စန္ဒီမာမူစာအုပ်ကို သေသေချာချာ ကြည့်ရှု၍ ဝယ်ယူတော်မူ ကြပါကုန်။ အမှားဝယ်မိမည်ကို စိုးရိပ်ခြင်းမကင်း ယှိသဖြင့် အထူးသတိပေး မှာကြားလိုက်ပါသည်။

(ဆရာတော်-အသျှင်စန္ဒီမာမူ)

ပကိဏ္ဏကဝတ္ထု။

နမော တဿ ဘဂဝတော အရဟတော သမ္မာ မ္ဗုဒ္ဓဿ။

၍ပကိဏ္ဏက ဝတ္ထုဟူသည် ဓမ္မပဒဝတ္ထုတော်ကြီး ကဲ့သို့ ပါဠိတော် အဋ္ဌကထာ တကျမ်းတဘွဲ့ကို ပြန်ဆိုရေးသားသော ဝတ္ထုမဟုတ်။ ထိုထို သို့သော ပါဠိတော် အဋ္ဌကထာတို့မှ ရဟန်း-ရှင်-လူတို့ အထူးသဖြင့် ကြည်ညိုခြင်းကို ဆောင်အံ့ဟု မှတ်ထင်ဘွယ် ယှိသော ဝတ္ထုတို့ကို ထုတ်နုတ်ယူဝင် စုပေါင်းရေးသားသော ဝတ္ထုဟူ၍သာ နှလုံး၌သွင်း မှတ်ကြစေကုန်သတည်း။

ဧကနိပါတ် အဂ်ုတ္တရ အဋ္ဌကထာ, သဂါထာဝဂ္ဂသံယုတ် အဋ္ဌ ကထာ တို့၌ လာယှိသော ပရိနိဗ္ဗာန် ပြုသည်တိုင်အောင်သော—

၁-အရှင်ကောဏ္ဍည မထေရ် ဝတ္ထု။

၍ဘဒ္ဒကပ်မှ ပြန်ကာရေတွက်သည်ယှိသော် ကပ်တသိန်းအထက်၌ ပဒုမုတ္တရမည်တော်မူသော မြတ်စွာဘုရားသည် လောက၌ အထင် အရှား ဘုရားဖြစ်တော်မူ၏။

ထိုမြတ်စွာဘုရား၏ ပဒုမုတ္တရဟု ဘွဲ့မည်တော်ယှိခြင်း အကြောင်းကား။

ထိုးထွင်း သိမြင်တော်မူအပ်ပြီးသော သဗ္ဗညုတညာဏ် ယှိတော်မူ သော, မဟာဗောဓိပင်နှင့် ရှေ့ပလ္လင်မှ ထကြွတော်မူသော ထိုမြတ်စွာ

ဘုရား၏။ မြေကြီးအထက်၌ နင်းသက်ချထား ကြွသွားတော်မူခြင်းငှါ ခြေတော်ကို ကြွချီတော်မူလိုက်သည်ယှဉ်သော် ခြေတော်ကို ခံလင့်ခြင်းငှါ ကြိုးစွာသော ပဒုမာကြာပန်းသည် တက်ကြွပေါ်ထွက်၏။ ထိုပဒုမာကြာအဦးဖြစ်သော ပွင့်ချပ်တို့သည် အတောင်ကိုးဆယ် ယှိကုန်၏။ ဝတ်ဆန်သည် အတောင် သုံးဆယ်ယှိ၏။ ကြာချက်သည် တဆယ့်နှစ်တောင်ယှိ၏။ ခြေတော်ဖြင့် ရပ်တည်တော်မူရာ ဖြစ်သော နေရာ အရပ်သည် ကဆယ့်တတောင်ယှိ၏။ထိုမြတ်စွာဘုရား၏ ကိုယ်တော်သည် ငါးဆယ့်ရှစ်တောင်အမြင့်ယှိ၏။ ပဒုမာကြာချက်၌ ထိုမြတ်စွာဘုရား၏ လက်ျာခြေတော်ကို နင်းနှိပ်ချထားတော်မူသည် ယှိသော် ကြီးကျယ်ကုန်စွာ တတုမ္ဗမျှလောက်သော ဝတ်မှုံသည် ပြန့်တင်၍ ကိုယ်တော်ကို သွန်းဖျန်းနှံကြလျက် သက်၏။ လက်ဝဲခြေတော် ချထားသော အခါ၌လည်း ဤသို့သဘောယှိသည် သာလျှင်ဖြစ်သော ပဒုမာကြာ ပေါက်ထွက်၍ ခြေတော်ကို ခံလင့်၏။ထိုပဒုမာကြာမှလည်း ဆိုအပ်ပြီးသော အပြားယှိသော ဝတ်မှုံသည် မြတ်စွာဘုရားကိုယ်တော်ကို ပြန့်နှံသွန်းကြ၏။ ထို ဝတ်မှုံကို လွှမ်းမိုး နှိပ်စက်လျက် မြတ်စွာဘုရား၏ ကိုယ်တော်ရောင် ထွက်ကြွ၍ ယနေ့ရောင်ပြန်မှလွှတ်အပ်သော ရွှေရောင်အလျဉ်ကဲ့သို့ထက်ဝန်းကျင် တဆယ့် နှစ်ယူဇနာ ယှိသော အရပ်ကို တခဲနက်သော အရောင်ကို ပြု၏။သုံးကြိမ်မြောက် ခြေတော်ကို ကြွချီတော်မူသောအခါ၌ ရှေးဦးစွာ တက်ကြွပေါ်ပေါက်သော ပဒုမာကြာသည် ကွယ်ပျောက်၏။ ခြေတော်ခံခြင်းငှါ တပါးသော ပဒုမာကြာသည် ပေါက်ထွက်ပြန်၏။ဤသို့သော အမှတ်ဖြင့်သာလျှင် အကြင် အကြင်အရပ်သို့ ကြွသွားတော်မူခြင်းငှါ အလိုယှိတော်မူ၏။ ထိုသို့သော နေရာအရပ်၌ ကြီးစွာသော ပဒုမာကြာတက်ကြွ ပေါက်ထွက်သည်သာတည်း။ ထိုကြောင့်သာလျှင် မြတ်စွာဘုရား၏ ပဒုမုတ္တရ ဘုရားဟူသော အမည်တော်သည် ဖြစ်ပေ၏။

ဤသို့ ပြဆိုခဲ့သောအတိုင်း ပဒုမုတ္တရ မည်တော်မူသော ထိုမြတ်စွာဘုရားသည် လောက၌ ဖြစ်ပေါ်တော်မူ၍ ရဟန်းတော်ကသိန်း ခြံရံလျက် လူပျားအပေါင်းအား ချီးမြှောက်ခြင်းအကျိုးငှါ ရွာ-နိဂုံး-မင်းနေပြည်တို့၌ ဆွမ်းအလိုငှါ လှည့်လည်တော်မူလျက်သာ ပဲ့သာ

ဝတီမြို့သို့ ရောက်တော် မူလေ၏။ ထိုမြတ်စွာဘုရား၏ ကြွတော်မူလာသော အဖြစ်ကို ကြားတော်မူ၍ ခမည်းတော် မင်းမြတ်သည် ခရီးဦး ကြိုဆိုခြင်းကို ပြု၏။ မြတ်စွာ ဘုရားသည် ထိုခမည်းတော် မင်းမြတ်အား တရားစကားကို ဟောကြား တော်မူ၏။ ဒေသနာ တော်၏ အဆုံး၌ အချို့သောသူတို့သည် သောတာပန်, အချို့သော သူတို့သည် သကဒါဂါမ်, အချို့သော သူတို့သည် အနာဂါမ်, အချို့သော သူတို့သည် အရဟာတ္တဖိုလ်သို့ ရောက်ကုန်၏။ ပြည့်ရှင် မင်းမြတ်သည် နက်ဖြန် အလှူဒါ မြတ်စွာဘုရားကို ပင့်ဖိတ်၍ တဖန် မိုးသောက်သောနေ့ ဝယ် အချိန်သင့်မျှ ကာလကို ကြားလျှောက် စေပြီးသော် ရဟန်း-တော် တသိန်းအခြံအရုံယှိတော်မူသော မြတ်စွာဘုရားအား မိမိ၏နန်း အိမ်တော်၌ ကြိုးစွာသော အလှူကိုပေးလှူ၏။ မြတ်စွာဘုရားသည် ဆွမ်း အနုမောဒနာကို ပြုတော်မူ၍ ကျောင်းသို့သာလျှင် ကြွသွားတော်မူ၏။ ထိုသို့သောအမှတ်ဖြင့်သာလျှင် တဖန် မိုးသောက်သော နေ့၌ မြို့သူ မြို့သားတို့သည်၊ တဖန် မိုးသောက်သောနေ့၌ ပြည့်ရှင် မင်းမြတ်သည်၊ တဖန်မိုးသောက်သောနေ့၌ မြို့သူမြို့သားတို့သည် အလှည့်အလည် မြင့်ရှည်စွာသော ကာလပတ်လုံး အလှူဒါနကို ပေးလှူကြကုန်၏။

အရှင်ကောဏ္ဍညအလောင်းအား တရားလက်ဦး အထူးရ လတ္တံဟု ပဒုမုတ္တရဘုရား ဗျာဒိတ်ထားခြင်း။

ထိုအခါ ဤကောဏ္ဍညမထေရ်၏ အလောင်းသည် ဟံသာဝတီမြို့ ဝယ် ပစ္စည်းကြွယ်ဘိဂဟပတိမဟာသာလ အမျိုး၌ ဖြစ်လေ၏။ တနေ့ သောအခါဝယ် မြတ်စွာသခင် ဘုရားရှင်တို့ သန့်စင်မိန့်ထား မြတ်-တရားကို ဟောကြားတော် မူသော အခါ၌ ဟံသာဝတီမြို့၌ နေလေ့ ယှဉ်ကုန်သော သူတို့သည် နံသာပန်းစသည့် လက်စွဲကုန်လျက် ဘုရား တရား သံဃာ ရတနာသုံးရပ်ကို ညွှတ်ပျပ်ကိုင်းရှိုင်း ရှေးရှုတိုင်းသာ ကောင်းစွာ သွားကုန်သည်တို့ကို တွေ့မြင်၍ ထိုလူများ အပေါင်းနှင့် အတူတကွ တရားဟောရာ ဌာနသို့သွားရောက်လေ၏။ ထိုအခါ၌လည်း ပဒုမုတ္တရမြတ်စွာဘုရားသည် မိမိ၏ဆုံးမဩဝါဒသာသနာတော်၌ ရှေး

ဦးစွာ သစ္စာလေးပါး တရားကို သိမြင်သော တပါးသော ရဟန်းကို ဧတဒဂ်အရာ ကောင်းစွာမြောက်စား ထားတော်မူလေ၏။ ကောဏ္ဍည အလောင်း ထိုအမျိုးကောင်းသားသည် ယင်းသို့သော အကြောင်းကို ကြားသိရ၍ ''မြတ်စွာဘုရားကို ခြင်းချန်ပယ်ထား၍ ဤရဟန်းမှ တပါး ရှေးဦးစွာ သစ္စာလေးပါးတရားကို ပိုင်းခြားသိမြင်သော သူမည်သည် မရှိပေသတတ်။ ဤရဟန်းကား သြော်-ကြီးကျယ် မြင့်မြတ်လေစွ။ ငါသည်တမူလည်း နောင်လာလတ္တံ့သောအခါ တဆူသော ဘုရားရှင် သာသနာတော်၌ ရှေးဦးစွာ သစ္စာလေးပါးတရားကို ပိုင်ခြားထိုးထွင်း၍ သိခြင်းငှါ စွမ်းနိုင်သည် ဖြစ်ရပါမူကား သြော်-ကောင်းလေစွ'' ဟု ကြိုစည်၍ ဒေသနာတော်၏ အဆုံး၌ မြတ်စွာဘုရား ထံပါးတော်ရပ် ညွတ်ချဉ်းကပ်လျက် ''နက်ဖြန်နံနက်၌ တပည့်တော်၏ဆွမ်းကို ခံယူတော်မူပါကုန်လော့'' ဟု ပင့်ဖိတ်၏။ မြတ်စွာဘုရားသည် စကားကင်းတိတ် ဆိတ်ဆိတ် သည်းခံတော်မူ၏။ ထိုသူကြွယ်သည် မြတ်စွာဘုရား သခင်ကို ကြည်လင် ညွတ်လျှိုး ရှိခိုးဦးချလျက် လက်ျာရစ် လှည့်သည်ကို ပြု၍ မိမိ၏ နေအိမ်သို့ သွားရောက်ပြီးလျှင် အလုံးစုံသော ညဉ့်ပတ်လုံးမြတ်စွာဘုရား သီတင်းသုံးဘို့ရာ ဌာနကို နှံ့သာဆိုင်း ပန်းဆိုင်း စသည်တို့ဖြင့် တန်ဆာဆင်ယင်၍ မွန်မြတ်သော ခဲတွယ် ဘောဇဉ်ကို စီရင်စေပြီးသော် ထိုညဉ့်၏ လွန်မြောက်သဖြင့် မိုးသောက်လင်းစင်ပြီးသောအခါ မိမိ၏နေရာအိမ်၌ ရဟန်းတော်တသိန်းအခြံအရံယှိတော်မူသော မြတ်စွာဘုရားအား ထူးပြားအံ့ဘွယ် ဆန်းကြယ်စွာအစု ယာဂုခဲတွယ် အခြံအရံယှိသော အထူးထူးအပြားပြားသော အရသာယှိသော ဟင်းလျာ နှံ့သာကြိုင်မွှမ်း သလေးဆွမ်းကိုကပ်လှူ၍ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ အပြီးအဆုံး၌ သုံးထည်သောသင်္ကန်း ခွခြမ်းဝတ်ခန်ခြင်းငှါ လောက်ကုန်သော ဝတ်တိုင်းမှဖြစ်သော ပုဆိုးတို့ကို မြတ်ဘုရား၏ ခြေ-တော်ရင်း၌ ထားပြီးလျှင် ကြိုဆင်ခြင်ပြန်၏။ အဘယ်သို့ ကြိုဆင်ခြင်သနည်းဟူမူ။ ''ငါတမူကား ကလူမှတ်ဘွယ် သေးငယ်သော ရာထူး၏အကျိုးငှါ ကောင်းစွာအမှုပြုကျင့်သည် မဟုတ်ချေ။ အနေအံ့ဘွယ် ကြီးကျယ်သော ရာထူးကို ရည်စူးတောင့်တလျက် နှစ်သက် ပြုကျင့်၏။

တနေ့တည်းသာလျှင် ကောင်းစွာဧရေးယူ အလှူကို ပေးလှူ၍ ထိုသို့သော ရာထူးကို ရည်စူးတောင့်တခြင်းငှါ မသင့်လျော်။ ဤနည်းမျှပင် အစဉ်အထိုင်း ခုနစ်ရက်တို့ပတ်လုံး ကြီးကျယ်စွာသော အလှူကို ပေးလှူ၍ တောင့်တ ပန်ဆင်အံ့''ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ထိုသူကြွယ်သည် ထိုသို့သော အမှတ်အချက်ဖြင့် သာလျှင် ခုနစ်ရက်တို့ ပတ်လုံး ကြီးစွာသော အလှူကိုပေးလှူ၍ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ အပြီးအဆုံး၌ ပုဆိုးထည့်သော ကျီကြကို ဖွင့်လှစ်စေပြီးသော် မွန်မြတ်သော သိမ်မွေ့နူးညံ့သောအဝတ်ကိုဘုရားရှင်တို့၏ ခြေတော်ရင်းတို့၌ထား၍ တသိန်းသော ရဟန်းတော်အပေါင်းကို သုံးထည်သော သင်္ကန်းဖြင့် လှူဒါန်းပြီးလျှင် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ''ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်မြတ်တို့သည် ဤနေ့မှရေထောက်လျှင် ခုနစ်ရက်မြောက်သောနေ့အထက်၌ အကြင်ရဟန်းကို ဧတဒဂ်အရာ၌ ကောင်းစွာထားအပ်ပေ၏။ ထိုရဟန်းကဲ့သို့ တပည့်တော်သည်လည်း နောက်နောင်ဖြစ်တော်မူလတ္တံ့သော ဘုရားသခင်၏ သာသနာတော်၌ ရဟန်းပြု၍ ရှေးဦးစွာ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထိုးထွင်းသိမြင်ခြင်းငှါ စွမ်းနိုင်သည် ဖြစ်ရပါလို၏''ဟု လျှောက်ကြား၍ မြတ်စွာ-ဘုရား၏ ခြေတော်ရင်း၌ ဦးခေါင်းညွတ်၍ တုံဝပ်လေ၏။ မြတ်စွာ-ဘုရားသခင်သည် ထိုသူကြွယ်၏ လျှောက်ထားသောစကားကို ကြား-တော်မူ၍''ဤအမျိုးကောင်းသားသည်ကြီးမားလွန်မြောက်အဆောက်အဦ ဆည်းပူးရုံးပေါင်း ဆုတောင်းခြင်းကို ပြုအပ်၏။ ထိုအမျိုးကောင်းသားအား ဤဆုတောင်း ပတ္ထနာသည် ကောင်းစွာမသွက် ညီညွတ်ပြည့်စုံလတ္တံ့လော။ သို့မဟုတ်ငြား ယွက်ပြား ချွတ်တုံ မပြည့်စုံလတ္တံ့လော''ဟု အနာဂတ်သဉ္ဇက်ကို စေလွှတ်၍ ဆင်ခြင်တော်မူ-သည် ယိုသော် ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူ၏။

ထိုစကားကို ဂင်ရှားစေဦးအံ့။ ။လွန်လေပြီးသော အတိတ်ကိုလည်းကောင်း၊လာလတ္တံ့သော အနာဂတ်ကိုလည်းကောင်း၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကိုလည်းကောင်း ရည်ရွယ်ပေါင်းစု အကြောင်းပြု၍ ဆင်ခြင်တော်မူကုန်သော ဘုရားရှင်တို့အား တားမြစ်ပိတ်ပင်ခြင်းမည်သည်

မရှိ။ ကမ္ဘာကုဋေ့ အရာမက ခြားသည်လည်းဖြစ်သော အတိတ်သည်လည်းကောင်း၊ အနာဂတ်သည် လည်းကောင်း၊ စကြဝဠာတထောင် ခြားကွာသည်လည်းဖြစ်သောပစ္စုပ္ပန်သည်လည်းကောင်း ဆင်ခြင်ခြင်း အာဝဇ္ဇန်းနှင့် စပ်သည်သာလျှင်၊ နှလုံးသွင်းခြင်း မနသိကာရနှင့် စပ်သည်သာလျှင် ဖြစ်၏။ ဤသို့ပြဆိုခဲ့ပြီးသော အဆိုးအတား အပိတ်အပင် မရှိသော ညက်တော်ဖြင့်ထိုမြတ်စွာဘုရားသည် ဤသို့သောအကြောင်းကို မြင်တော်မူလေ၏။ ။အဘယ်သို့ မြင်တော်မူသနည်းဟူမူ။ ''နောက်နောင်အခါကမ္ဘာတသိန်း၏ အဆုံး၌ ဂေါတမမည်တော်မူသောမြတ်စွာဘုရားသည် လောကဋ္ဌဖြစ်လတ္တံ့။ထိုအခါ ဤအမျိုးကောင်းသား၏ ဆုတောင်းပတ္ထနာသည် ပြည့်စုံလတ္တံ့''ဟု မြင်ဘော်မူ၏။ ထိုနောက် သူကြွယ်ကို ဘုရားရှင်ကိုယ်တော်မြတ်က ''အို-အချင်း အမျိုးကောင်းသား၊ နောက်နောင်အခါကမ္ဘာတသိန်းအဆုံး၌ ဂေါတမအမည်ယှိသော ဘုရားသခင်သည် လောကဋ္ဌဖြစ်လတ္တံ့။ အသင်ဘည် ထိုဂေါတမဘုရား ဦးဖျားပဌမ ဟောကြား ပြသော ဓမ္မဒေသနာ သုံးဖြာသော အလှည့်အဆက်ယှိသော ဓမ္မစက္ကပဝတ္တနသုတ္တန်အဆုံး၌ တဆယ့်ရှစ်ကုဋေ့ အရေအတွက်ယှိသော ဗြဟ္မာတို့နှင့် အတူတကွ ကထောင်သော နည်းတိုဖြင့် ပြည့်စုံသော သောတာပတ္တိဖိုလ်၌ တည်လတ္တံ့''ဟု မိန့်ဆိုစကား ကြားတော်မူ၏။ ဤသို့ ပြဆို အပ်ခဲ့ပြီးသော အတိုင်း ပဒုမုတ္တရမြတ်စွာဘုရားသည် ထိုအမျိုးကောင်းသားကို ဗျာဒိတ်စကား ကြားတော်မူပြီး၍ ရှစ်သောင်းလေးထောင် ကုန်သော ဓမ္မကွန္ဒာတို့ကို ဟောကြားပြသ ဆုံးမတော်မူပြီးသော် သက်တော်ပြည့်ဝသဖြင့် ခန္ဓာကမ္မဇရုပ် ကြွင်းမဲ့ချုပ်သော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ပရိနိဗ္ဗာန်ဝင်စံတော်မူသော ထိုမြတ်စွာဘုရား၏ ကိုယ်-တော်သည် ရွှေစိုင် ရွှေတုံးကဲ့သို့ တခဲနက်သော ကိုယ်တော်သည် ဖြစ်၏။ ကိုယ်တော်ရုပ်ဓာတ်ကို ထာပနာအပ်သော ဧစတီတော်ကိုအမြင့် အစောက်အားဖြင့် ခုနစ်ယူဇနာ ယှိသည်ကို တည်လုပ်ပူဇော်ကုန်၏။ အုတ်တိုသည် ရွှေဖြင့် ပြီးကုန်သည် ဖြစ်ကုန်၏။ စိမ်းရွှေသော ဆေးဒန်းမြင်းသိလာဖြင့် မြေညက်သရွတ်ကိစ္စကို, မွှေးကြိုင်သောဆီဖြင့် ရေကိစ္စ

ကို ပြီးစေကုန်၏။ ဘုရားရှင်၏ သက်တော်ထင်ရှား ယှိတော်မူစဉ်အခါ၌ ကိုယ်တော်၏ အရောင်တော်သည် တဆယ့်နှစ်ယူဇနာ တိုင်အောင် ပျံ့နှံ့၏။ ပရိနိဗ္ဗာန်ပြုပြီးသော ထိုပဒုမုတ္တရမြတ်စွာဘုရား၏ ကိုယ်တော်ရောင် ထွက်ဆောင်ပြောင်ထွန်း ထက်ဝန်းကျင်ယူဇနာတရာကို လွှမ်းမိုး၏။ အရှင် ကောလ္လာညမ၏ အလောင်း ဖြစ်သော ဤသူကြွယ်သည် ဘုရားရှင် စေတီတော်ကို ဝန်းရံ၍ တထောင် မျှလောက် ကုန်သော ရတနာဖြင့်ပြီးသော ပန်း ဆီမီးစသည် ပူဇော်ဘွယ်နေရာတို့ကို ပြုလုပ်စေ၏။ စေတီတည်သောနေ့၌ စေတီတော်၏ အတွင်းဝယ် ရတနာရွှေအိမ်ကို ပြုလုပ်စေ၏။ ထိုသူကြွယ်သည် အနှစ်တသိန်း ကာလပတ်လုံးကြီးစွာသော အလှူပေးခြင်းစသော ကောင်းမှုကံကို စီမံပြုလုပ်၍ ထိုဘဝမှ စုတေ့ခဲ့သည်ယှိသော် နတ်ပြည်၌ဖြစ်လေ၏။

အရှင်ကောလ္လာညအလောင်းသည် အဦးကိုးကြိမ် အလှူကို ဝိပဿီဘုရားအား လှူဒါန်းခြင်း။

ထိုသူကြွယ်၏ နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်စဉ်သာလျှင် ကမ္ဘာကိုးသောင်း ကိုးထောင်ကိုးရာကိုးကမ္ဘာတို့ကိုလွန်မြောက်ခဲ့လေသဖြင့် ဤကမ္ဘာမှ ပြန်ကာရေတွက်သော် ကိုးဆယ့်တကမ္ဘာထက်၌ ဤအမျိုးကောင်းသားသည် ဗန္ဓုမတီမြို့၏ တံခါးအနီးဖြစ်သောရွာဝယ် သူကြွယ်၏အိမ်၌ဖြစ်လေ၏။ထိုသူငယ်၏ မဟာကာလဟူသော အမည်သည် ဖြစ်၏။ထိုသူ၏ ညီငယ်သည်ကား စူဠကာလအမည်ယှိသည်ဖြစ်၏။ ထိုအခါကာလ၌ဝိပဿီဘုရားအလောင်းတော်သည်တုသိတာနတ်ပြည်မှ စုတေ့ခဲ့၍ဗန္ဓုမတီမြို့၌ဗန္ဓုမမင်းကြီး၏မြတ်သောမိဘုရားကြီး ဝမ်းဝယ်စွဲလမ်းသန္ဓေ တည်နေတော်မူ၏။ ထိုနောက် အစဉ်အတိုင်းအားဖြင့် သဗ္ဗညုဘုရား အဖြစ်သို့ ရောက်တော်မူ၍တရားတော်ကို ဟောဖေါ်ညွှန်ပြ ဆုံးမခြင်း အကျိုးငှါဗြဟ္မာမင်းကြီး တောင်းပန်အပ်သောကြောင့် "အဘယ်သူအား ရှေးဦးစွာ တရားဟောရအံ့နည်း" ဟု ကြံစည်တော်မူ၍ "မိမိတည်းဟူသော ကိုယ်တော်၏ ညီတော်ဖြစ်သော ခလ္လာ အမည်ယှိသော မင်းသားကို လည်းကောင်း, တိဿ အမည်ယှိသော ပုရောဟိတ်၏

သားကိုလည်းကောင်း ရှေးဦးစွာ တရားတော်ကို ထိုးထွင်း၍ သိမြင်ခြင်းငှါ စွမ်းနိုင်မည်တို့ကို မြင်တော်မူသောကြောင့် ထိုနှစ်ဦးကုန်သော သူတို့အားလည်း တရားတော်ကို ဟောကြားတော်မူအံ့။ ခမည်းတော်မင်းကြီးအားလည်း ချီးမြှောက်ခြင်းကို ပြုအံ့'' ဟု ဆောက်တည်တော်မူ၍ ဗောဓိမဏ္ဍိုင်မှ ကောင်းကင် ခရီးဖြင့်သာလျှင် ကြွတော်မူ၍ ခေမမိဂဒါယ၌ သက်ဆင်းတော်မူလျက် ထိုနှစ်ဦးကုန်သော သူတို့ကို ခေါ်စေပြီးသော် တရားစကားကို ဟောကြားတော်မူ၏။ ဒေသနာတော်၏ အဆုံး၌ နှစ်ဦးလည်း ဖြစ်ကုန်သော ထိုသူတို့သည် ရှစ်သောင်း လေးထောင်ကုန်သော သတ္တဝါ တို့နှင့် အတူတကွ အရဟတ္တ ဖိုလ်၌ တည်ကုန်၏။ ထိုမှ နောက်အခါ၌လည်း ဘုရားအဖြစ်သို့ မရောက်မီ ရှေးအဘို့အခါ၌ ဘုရားအလောင်းတော်သို့ အစဉ်လိုက်၍ ရဟန်းပြုကုန်သော ရှစ်သောင်း လေးထောင်ကုန်သော အမျိုးကောင်းသားတို့သည် ထိုသို့သော ဖြစ်ခြင်း အကြောင်းကို ကြား၍ မြတ်စွာဘုရား၏ အထံတော်ကို လာရောက်ပြီးလျှင် တရားဒေသနာကို ကြားနာ၍ အရဟတ္တဖိုလ်၌တည်ကုန်၏။ မြတ်စွာဘုရားသည် ထိုနေရာ ဌာန၌ပင်လျှင် ခဏ္ဍမထေရ်ကို ပဌမအဂ္ဂသာဝက အရာ၌, တိဿမထေရ်ကို ဒုတိယ အဂ္ဂသာဝက အရာ၌ ထားတော်မူ၏။ ပြည့်ရှင်မင်းမြတ်သည်လည်း ထိုသို့သော အကြောင်းဖြစ်ခြင်းကို ကြားသိတော်မူ၍ သားတော်ဘုရားကို ဖူးမြင်အံ့ဟု ကြံစည်ပြီးလျှင် ဥယျာဉ်တော်သို့ ရောက်၍ တရားတော်ကို ကြားနာပြီးသော် သုံးပါးကုန်သော သရဏဂုံတို့၌တည်၍ မြတ်စွာဘုရားကို နက်ဖြန်အလို့ငှါ ပင့်ဖိတ်ပြီးခါ ရိုသေစွာ ရှိခိုးလျက် လက်ျာရစ် လှည့်လည်သည်ကိုပြု၍ ဖဲသွား၏။

ထိုပြည့်ရှင် မင်းမြတ်သည် ပြာသာဒ်အပြင်ထက် တက်ရောက်ထိုင်နေ၍ ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်းဟူမူ ''ငါ၏ သားတော်ကြီးသည်လူ့ဘောင်မှ ရှောင်ခွါထွက်မြန်း ရဟန်းပြုကာ အလုံးစုံတရားကို သိသောအားဖြင့် ဘုရားဖြစ်တော်မူ၏။ နှစ်ယောက် မြောက်သော ငါ၏သားတော်သည် ပဌမအဂ္ဂသာဝက ဖြစ်ခဲ့၏။ ပုရောဟိတ်၏ သားသည် ဒုတိယ အဂ္ဂသာဝကဖြစ်ခဲ့၏။ ထိုနှစ်ပါးတို့မှ ကြွင်းကုန်သော ဤ

ရဟန်းတို့သည်လည်းလူဖြစ်စဉ်အခါငါ၏သားတော်ကိုသာလျှင်ဝန်းရံ လှည့်လည်ကြကုန်၏။ မြတ်စွာဘုရားနှင့် တကွသော ဤရဟန်းတို့သည် ရှေးလူဖြစ်စဉ် အခါ၌လည်းကောင်း, ဤယခုအခါ၌ လည်းကောင်း ငါ၏သာလျှင် ကာဝန်ဖြစ်ပေ၏။ ငါသည်သာလျှင် ဘုရားအမှူး ယှိကုန်သော ထိုရဟန်းတို့ကို လေးပါးကုန်သော ပစ္စည်းတို့ဖြင့် လုပ်ကျွေးအံ့။ တပါးသော သူတို့အား အခွင့်ကိုမပေးအံ့'' ဟု ကြံစည်၏။ကြံစည်ပြီး၍ ကား ကျောင်းတော် တံခါးမှစ၍မင်းအိမ်နန်းတော် တံခါးတိုင်အောင် နှစ်ဖက်ကုန်သော နံပါးတို့၌ ရှားသစ်ငုတ်နံရံကို ပြုလုပ်စေပြီးလျှင် အပတ်တို့ဖြင့် ဖုံးလွှမ်းစေ၍ အထက်၌ ရွှေကြယ်တို့ဖြင့် ဆန်းကြယ်သော ကောင်းစွာ တွဲရရွဲဆွဲအပ်သော ထန်းပင်လုံးမျှ ပမာဏယှိသော အထူး ထူး အပြားပြား များစွာသော ပန်းဆိုင်းဗိတာန်တို့ကိုပြုစေ၍ အောက် အဘို့ဖြစ်သောမြေ၌ဆန်းကြယ်သော အခင်းတို့ဖြင့် ခင်းစေ၍, နှစ်ဘက် ကုန်သော အကာနံရံ အတွင်းတို့၌ ပန်းချုံငယ်ယှိသော ရွှေအိုးတို့ကို အလုံးစုံသော ခရီးလမ်းကိုထုံခြင်းအကျိုးငှါ နံ့သာအကြားတို့၌ ပန်းတို့ ကို, ပန်းတို့၏ အကြားတို့၌ နံ့သာတို့ကို ထားစေ၍ မြတ်စွာဘုရား ကြွ တော်မူရန် လျော်ကန်သော ကာလကို ကြားလျှောက်စေ၏။ မြတ်စွာ ဘုရားသခင်သည် တင်းတိမ် အကာအရံ အတွင်းဖြင့် သာလျှင် မင်းအိမ် နန်းတော်သို့ ကြွသွား၍ ဆွမ်းစားခြင်းကိစ္စကိုပြုပြီးသော် ကျောင်းတော် သို့ တဖန် ကြွသွားတော်မူ၏။ တပါးသော ပြည်သူပြည်သား တစုံ တယောက်မျှလည်း ဖူးမျှော်ခြင်းငှါမရ။ ဆွမ်းကို ပေးလှူခြင်းကိုလည်း ကောင်း, ပူဇော်ခြင်းကိုပြုခြင်းငှါလည်းကောင်း, အဘယ်မှာရပါတော့ အံ့နည်း။ထိုအခါ မြို့သူမြို့သား တို့သည် ကြံစည်ကြကုန်၏။ အဘယ်သို့ ကြံစည်ကုန်သနည်းဟူမူ။''ယနေ့ကားမြတ်စွာဘုရား၏ လောက၌ဖြစ် ပေါ်တော်မူလာခြင်းကား ခုနစ်နှစ် ခုနစ်လယှိကုန်ပြီ။ငါတို့သည်ဖူးမြင် ခြင်းကိုမျှလည်း မရမရှိကြကုန်။ ဆွမ်းကို ပေးလှူခြင်းငှါ, ပူဇော်ခြင်းကို ပြုခြင်းငှါ, တရားတော်ကိုကြားနာခြင်းငှါ ရဘို့ရာအဘယ်မှာ ဆိုဘွယ် ရာယှိတော့မည်နည်း။ မင်းကြီးသည် ငါ၏ ဘုရား,ငါ၏ တရား, ငါ၏ သံဃာဟု မြတ်နိုး ငမ်းငမ်း စွဲလမ်းယူယှိ မိမိသည်သာလျှင် လုပ်ကျွေး

ပြုစု၏။ မြတ်စွာဘုရား ဖြစ်ပေါ်လာသည်ယိုသော် နတ်နှင့် တကွသော လူအပေါင်း၏ အကျိုးငှါ ဖြစ်တော်မူလာ၏။ မင်းကြီး၏ အကျိုးငှါ သာလျှင် ဖြစ်ပေါ်လာသည် မဟုတ်၊ မင်းကြီးအား သာလျှင် ငရဲမီးသည် ပူလောင်သည်၊ ဟပါးသောသူတို့အား ကြာညိုတောနှင့်တူသည်မဟုတ်ချေ။ ထိုကြောင့် မင်းကြီးကို မြတ်စွာဘုရားအား ပူဇော်ခွင့်ရရန် ရည်သန်တောင့်တလျှောက်တင်ကြကုန်အံ့။ယင်းသို့တင်လျှောက်ချိုးမြှောက် စိတ်ထား ငါတို့အား မြတ်စွာဘုရားကို အကယ်၍ပေးအံ့၊ ယင်းသို့ ရှာကြည့်ပေးသည် ယိုသော် ကောင်းမြတ် လှပေ၏။ သာကြည့် ခွင့်ရေး အကယ်၍ မပေးခဲ့အံ့၊ မင်းကြီးနှင့် အတူတကွ လုံ့လအားကြိုး စစ်ထိုး ပြီးခါ သင်္ဃာတော်နှင့်တကွသော မြတ်စွာဘုရားကို ပင့်ယူ၍ ပေးကမ်း လှူဒါန်းခြင်း အစယ်ကုန်သော ကောင်းမှုတို့ကို ပြုလုပ်ကုန်အံ့။ ထိုသို့ ပြုလုပ်ရာ၌ သက်သက်သော မြို့သူမြို့သားတို့ချည်းဖြင့်သာလျှင်ဤသို့ပြုလုပ်ခြင်းငှါမတတ်ကောင်းချေ။ တဦးသောအကြီးအမှူး ယောကျ်ားကို ငါတို့ဘက်သို့ ပါအောင် ယူဆောင်ကုန်အံ့''ဟု ပြောဆို တိုင်ပင် ပြီးသော အခါ စစ်သူကြီးသို့ချည်းကပ်၍ ထိုသို့သောအကြောင်းကိုရုံးပေါင်း ထင်ရှား စစ်သူကြီးအား ပြောကြားပြီးလျှင် ''အရှင်၊ အသို့ပေနည်း။ ငါတို့၏ အဘို့ အပင်းအသင်းပင်ဖြစ်အံ့လော။ သို့မဟုတ် မင်းကြီး၏ အပင်းအသင်းပင် ဖြစ်အံ့လော''ဟု ပြောဆိုကုန်၏။ ထိုစစ်သူကြီးက ''အသင်တို့၏ အပင်းအသင်း ဖြစ်ပါအံ့၊ စင်စစ်တမူကား အကယ်ရယ်သည် ယိုသော် ရှေးဦးစွာသောနေ့ကို ငါ့အား ပေးရမည်''ဟု ပြောဆို၏။ မြို့သူမြို့သားတို့ကလည်း ကောင်းလှပါပြီဟု ဝန်ခံကုန်၏။

စစ်သူကြီးသည် ပြည့်ရှင်မင်းမြတ်သို့ ချဉ်းကပ်၍ ''အရှင်မင်းကြီး၊ မြို့သူမြို့သား လူအများတို့သည် အရှင်မင်းကြီးတို့အား အမျက်ထွက်ကုန်ပြီ''ဟု တင်လျှောက်၏။ ''အမောင်၊ အဘယ်အကျိုးမြော်ကိုးတောင့်တ မရသည့်အတွက် အမျက်ထွက်ကုန်သနည်း'' ဟု မေးတော်မူသည် ယိုသော် ''မြတ်စွာဘုရားကို အရှင်မင်းကြီးတို့သာ လုပ်ကျွေးကုန်၏။ ငါတို့ လုပ်ကျွေးခွင့် မရကုန်''ဟု အမျက်ထွက်ကြပါ၏။ ''ထိုလူတို့သည် တပါးသော နေ့အဘို့၌ လုပ်ကျွေးခွင့် အကယ်၍ရကုန်အံ့။ ယင်းသို့ရပါ

မူကား အမျက်မထွက်ငြိမ်သက်ကုန်လတ္တံ့။ မရကုန်သည်ယှိသော် အရှင်မင်းကြီးတို့နှင့် တတူတကွ စစ်ထိုးခြင်းငှါ အလိုယှိကြပါကုန်သည်'' ဟု တင်လျှောက်၏။ ''အမောင် စစ်သူကြီး၊ စစ်ထိုးခြင်း အမှုကို ပြုပေအံ့။ ရဟန်းသင်္ဃာကိုငါမပေး''ဟု မိန့်တော်မူသောအခါ ''အရှင်မင်းမြတ်၊ အသင်မင်းမြတ်၏ ကျေးတော်မျိုး ကျွန်တော်မျိုးတို့နှင့် အတူတကွ စစ်ထိုးကုန်အံ့ဟု မိန့်တော်မူကုန်၏။ အရှင်မင်းမြတ်တို့သည် အဘယ်သူကို ခေါ်ယူ၍ စစ်ထိုးကုန်အံ့နည်း''ဟု မေးလျှောက်သောအခါ ''အသင်သည် စစ်သူကြီးမဟုတ်တုံလော'' ဟု မိန့်ဆိုတော်မူပြန်သဖြင့် ''အရှင်မင်းမြတ်၊ မြှိသူမြှိသားတို့နှင့် ကင်း၍ အကျွန်ုပ်စစ်ထိုးခြင်းငှါ မစွမ်းနိုင်ပါ''ဟု တင်လျှောက် ပြန်၏။ ထိုအခါ ဘုရင်မင်းမြတ်သည် ''မြှိသူ မြှိသား တို့ကား အားကြီးကုန်၏။ စစ်သူကြီးသည်လည်း ထိုသူတို့၏ သာလျှင် အပင်းအသင်း ဖြစ်ခဲ့လေ၏ဟု သိတော်မူသောကြောင့် ''ဤနေ့မှတပါး ကုန်သော ခုနစ်နှစ် ခုနစ်လတို့ပတ်လုံး ငါအား ရဟန်း သင်္ဃာတော်ကို ပေးပါကုန်လော''ဟု တောင်းပန် ပြောဆို၏။ မြှိသူမြှိသားတို့က ဝန်မခံကုန်။ မင်းကြီးသည်ခြောက်နှစ်တို့ပတ်လုံး၊ ငါးနှစ်တို့ပတ်လုံး၊ ဤသို့အစဉ်အတိုင်း ယုတ်စေ၍ အခွင့်မရသည်ယှိသော် ''ဤနေ့မှတပါး သော ခုနစ်ရက်တို့ပတ်လုံးကို ငါ့အား ရဟန်း သင်္ဃာတော်ကို ပေးပါကုန်လော့'' ဟု ပြောဆိုတောင်းပန်၏။ မြှိသူ မြှိသားတို့သည် ''ဤယခုအခါ ငါတို့အားမင်းကြီးနှင့်အတူတကွ အရအနိုင်ဖက်ပြိုင်အကျံ့အလွန်ကြမ်းကြုတ် သည်ကိုပြုလုပ်ခြင်းငှါ မအပ်မသင့်''ဟု အခွင့်ပြုကြကုန်၏။ ပြည့်ရှင်မင်းမြတ်သည် ခုနစ်နှစ် ခုနစ်လတို့၏ ကာလပတ်လုံး လှူဒါန်း ဘွယ်ပင် စီရင်စုပေါင်း အလှူဝတ္ထု အကြောင်းကို ခုနစ်ရက်တို့ဖြင့် သာလျှင် စီရင်စေ၍ ခြောက်ရက်တို့ပတ်လုံး အချို့သောသူတို့ မမြင်စေကုန်မူ၍သာလျှင် အလှူကိုပေးလှူ၍ ခုနစ်ရက်မြောက်သော အဆုံးစွန်နေ့၌ မြှိသူမြှိသားတို့ကိုခေါ်စေ၍ ''အမောင်တို့၊ ဤသို့သဘောယှိသော အလှူဒါနကို ပေးလှူခြင်းငှါ အသင်တို့ စွမ်းနိုင်ကုန် လတ္တံ့လော''ဟု မိန့်ဆိုတော်မူ၏။ထိုမြှိသူမြှိသားတို့ကလည်း''အကျွန်ုပ်တို့ကိုသာလျှင်အမှီပြု၍ အရှင်မင်းမြတ် တို့အား ဤသို့သောအလှူဝတ်သည် ဖြစ်သည်မဟုတ်ပါ

တုံလော''ဟု ပြောဆို၍ ''အရှင်မင်းမြတ်၊ အကျွန်ုပ်တို့ စွမ်းနိုင်ပါကုန်လတ္တံ့''ဟုလျှောက်တင်ကုန်၏။မင်းကြီး သည်လက်ဖမိုးအပြင်ဖြင့်အစဉ်ကျထွက် မျက်ရည်စက်တို့ကို ပွတ်ဖျက် သုဓံသင်လျက် မြတ်စွာဘုရားသခင်ကို ရှိခိုးပြီးသော် ''အရှင်ဘုရား၊ခမည်းတော်သည် ခြောက်သန်းရှစ်သိန်း အရေအတွက် ယိုသော ရဟန်းအပေါင်းကို တပါးသာသူအား အကြွမ်အလှည့် မပြုလုပ်မူ၍ အသက်ရှည် သမျှ ကာလပတ်လုံး လေးပါးကုန်သော ပစ္စည်းတို့ဖြင့် ချီးမြှောက် လုပ်ကျွေးအံ့ဟု ကြံစည်ခဲ့လေပြီ။ မြို့သူမြို့သားတို့သည် ငါတို့ကား အလှူကို ပေးလှူခြင်းငှါ အခွင့်မရကုန်ဟု အမျက်ထွက်ကြကုန်၏။ ထိုသို့သောအကြောင်းကြောင့် ဤယခုအခါ အကျွန်ုပ်ခမည်းတော်သည် မြို့သူမြို့သားတို့အား ခွင့်ပြုလိုက်ပေပြီ။ နက်ဖြန်ခါမှစ၍ ထိုမြို့သူမြို့သားတို့အား ချီးမြှောက်ခြင်း အမှုကို ပြုတော်မူပါကုန်လော့''ဟုလျှောက်ကြား၏။ထိုနောက်နှစ်ရက်မြောက်သောနေ့၌ စစ်သူကြီးသည် ကြီးစွာသောအလှူကြီးကို ပေးလှူ၏။ ထို-နောက်မှ မြို့သူ မြို့သားတို့သည် ပြည့်ရှင်မင်းမြတ် ပြုလုပ်အပ်သောပူဇော်သက္ကာရထက် ဆတက်လွန်ကျူးအထူးမြင့်မြတ်သောပူဇော်ဘွယ်အရပ်ရပ်ကို ကောင်းစွာပြုလုပ်၍ အလှူကို ပေးလှူကြကုန်၏။ဤသို့သောအမှတ်ဖြင့် သာလျှင် အလုံးစုံသော မြို့သူ မြို့သားအပေါင်း၏ အစဉ်အတိုင်း အလှည့်အကြိမ်ဖြစ်သည်ယိုသော်မြို့တံခါးအနီးဖြစ်သော ရွာ၌နေလေ့ယိုသော သူတို့သည် ပူဇော်လှူဒါန်းဘွယ် အသွယ်သွယ်သော အလှူဝတ်ကို စီရင်ကြကုန်၏။

မဟာကာလ သူကြွယ်သည် ညီငယ်ဖြစ်သော ဗုဒ္ဓကာလကို ခေါ်၍ ''မြတ်စွာဘုရားအား ပူဇော်ဘွယ်ဝတ္ထုဖြင့် ပြုစုလုပ်ကျွေးခြင်း အလှည့်သည် နက်ဖြန်ခါ၌ သာလျှင် ငါတို့၏ အလှည့်သို့ ရောက်လာခဲ့၏။ အဘယ်သို့သော ပူဇော်သက္ကာရကို ပြုလုပ် ကုန်အံ့နည်း''ဟု ပြောဆိုလေ၏။ ''နောင်တော်၊ အသင်းသည် သာလျှင် သိပါလေလော့'' ဟု ပြောဆိုပြန်သဖြင့် ''ငါ၏ အလိုအားဖြင့် အကယ်၍ပြုလုပ်ရသည်ဖြစ်အံ့။ ငါတို့၏ တဆယ့်ခြောက်မင်း ပယ်မျှလောက်သော လယ်တို့၌

တည်ယူအပ်သော ဝတ်ဆံ ယို့ကုန်သော သလေး အဖုံးအနှံတို့သည် ယို့ကုန်၏။ သလေး အဖုံးအနှံတို့ကို ခွဲယူ၍ ဘုရားရှင်တို့အား လျော်ကန်သော အလှူဝတ်ကို ပေးလှူကုန်အံ့''ဟု ပြောဆို၏။ ''နောင်တော်၊ ဤသို့ပြု လုပ်ခဲ့သည်ဟိသော် တစုံ တယောက်သော သူအား ကျေးဇူးများသည် မဖြစ်။ ထိုကြောင့် ဤသို့ပြုလုပ်ခြင်းကို အကျွန်ုပ်မနှစ်သက်ပါ''ဟုစွဲကာလကပြောဆိုသောအခါ''အသင်သည်ဤသို့သော အလှူကို အကယ်၍ မပြုလုပ်လိုခဲ့အံ့၊ ငါသည် ငါ၏ ဥစ္စာဖြစ်သော အဘို့ကို မြတ်နိုးကော်ရော် ပူဇော်ခြင်းငှါ ရထိုက်ပေ၏''ဟု ပြောဆိုပြီးလျှင် တဆယ့်ခြောက်မင်းပယ်မျှ ယို့သောလယ်ကို အလယ်၌ ခွဲဝေ၍ ရှစ်မင်းပယ်သောအရပ်၌ အပိုင်းအခြားကို ထားပြီးသော် သလေးဖုံးအနှံကို ဖေါက်ခွဲစစ်ယူ၍ ရေမရောသောနို့၌ ထည့်လောင်း ချက်ကျိုပြီးလျှင် စတုမဓုကိုကည့်၍ ဘုရားအမှူးယို့သော သံဃာတော် အပေါင်းအား ပေးလှူ၏။ သူကြွယ်၏ သလေးနှံကိုဖေါက်ခွဲ၍ ယူတိုင်း ယူတိုင်းသော နေရာသည် တဖန်ပြည့်ပြန်၏။ မှုံဆန်းဖြစ်ခြင်းငှါ ထိုက်သော အခါ၌ မှုံဆန်းဦး အလှူမည်သည်ကို ပေးလှူ၏။ ကောက်စပါး ဖြစ်သောအခါ၌ ရွာ၌နေသောသူတို့နှင့်တကွ ကောက်ဦး အလှူမည်သည်ကို ပေးလှူ၏။ ရိတ်သောအခါ၌ ရိတ်ဦးအလှူကို ပေးလှူ၏။ ကောက်လိုင်း စည်း-သောအခါ၌ ကောက်လိုင်းဦးအလှူကိုပေးလှူ၏။ကောက်ဆိုင် စုပုံသော အခါစသည်တို့၌ ကောက်ဆိုင်ဦးအလှူ၊ နယ်သောအခါ၌ နယ်ဦးအလှူ ဘလွှာဖြစ်သောအခါ၌ ဘလွှာဦးအလှူ၊ခြင်လောအခါ၌ ခြင်ဦးအလှူ၊ ကျီကြဲသို့ သွားသောအခါ၌ ကျီဦးအလှူကို ပေးလှူ၏။ ဤသို့ ထိုသူကြွယ်သည် တခုသော ကောက်၏သာလျှင် ကိုးကြိမ်တိုတိုင်ကိုင် အဦးအလှူကို ပေးလှူ၏။ ပေးလှူခြင်းငှါ ခွဲဝေယူငင်အပ်သော ထိုကောက်သည်လည်း တိုင်းထက်အလွန် ပိုမိုတက်ကြွ ပြည့်စုံသည်သာလျှင်ဖြစ်လေ၏။ အကြင် မျှလောက်သော ကာလပတ်လုံး ဘုရားသခင်သည် လည်းကောင်း၊ သံဃာတော်သည် လည်းကောင်း၊ ထင်ရှားပေ၏။ ထိုမျှလောက်သော ကာလပတ်လုံး ဤသို့သော အမှတ်ဖြင့်သာလျှင် ကုသိုလ် ကောင်းမှုကို ပြုစုအားထုတ်၍ ထိုဘဝမှ စုတေသည်ယို့သော် နတ်ပြည်၌ ဖြစ်လေ၏။

ဘုရားလောင်း၏ လက္ခဏာဖတ် ပုဏ္ဏားရှစ်ယောက်တွင်
အငယ်ဆုံး ကောဏ္ဍညပုဏ္ဏား ဖြစ်လာခြင်း။

နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်လျက် ကိုးဆယ့် တကမ္ဘာတို့ပတ်လုံး စည်းစိမ်ချမ်းသာကို အစဉ်ခံစား၍ လူ့ပြည်လောက၌ ငါတို့မြတ်စွာဘုရားပွင့်တော်မူလာသောအခါ ကပိလဝတ် ပြည်၏အနီး ဒေါဏဝတ္ထု ပုဏ္ဏားရွာ၌ ဗြာဟ္မဏမဟာသာလအမျိုးဝယ် ဖြစ်လေ၏။ ထိုပုဏ္ဏားသူငယ်၏အမည်ကို မှည့်ယူသော နေ့၌ ကောဏ္ဍည လုလင်ဟူသော အမည်ကို မှည့်ခေါ်ကြကုန်၏။ ထို ကောဏ္ဍည လုလင်သည် အရွယ်သင့်ငြား ကြီးပွါးခြင်းကို အစွဲပြု၍ သုံးပုံသောဗေဒင်တို့ကို သင်ယူလေ့ကျက်၍ လက္ခဏာကို ဖတ်ကုန်သောဗေဒင်တို့တွင် ကမ်းတဘက်ရောက် တတ်မြောက် လိမ္မာလေ၏။ ထိုအခါ၌ ငါကိုးမြတ်စွာဘုရား အလောင်းတော်သည် တုသိတာနတ်ပြည်မှ စုတေ၍ကပိလဝတ်ပြည်၌ ဖြစ်လေ၏။ ထိုဘုရားအလောင်းတော်၏ အမည်ကို မှည့်ယူအံ့သော နေ့၌ တရားရှစ်ယောက်သော ပုဏ္ဏားအပေါင်းကို အစာမချေ မကျေအပြစ် အသစ်ဖြစ်သော အဝတ်တို့ဖြင့် ချိုးမြှင့်ပေးကမ်း ဖုံးလွှမ်းဝတ်ဆင်စေပြီးလျှင် နည်းသော ရေယှဉ်သော ကောင်းမွန်သော နို့ထမင်းကို တိုက်ကျွေး၍ ထိုတရားရှစ်ယောက်သော ပုဏ္ဏားတို့၏အတွင်း၌ ရှစ်ဦးကုန်သော ပုဏ္ဏားတို့ကို ရွေးကောက်ပြီးလျှင် မြတ်သော အပြင်၌ ထိုင်နေစေ၍ တန်ဆာ ဆင်အပ်သည်နှင့် စပ်သော ဘုရားအလောင်းသတို့သားကို ဘွဲ့ဖျဖွဲ့ပုဆိုး အမျိုးမျိုးစု အခုည့်သက် အထက်၌အိပ်စေ၍ လက္ခဏာကြီးငယ်ကို ကြည့်ရှုဖတ်ယူခြင်း အကျိုးငှါ ထိုပုဏ္ဏားတို့၏ အထံသို့ ဆောင်ကုန်၏။ အဦးဖြစ်သောနေရာ၌ ထိုင်နေသော ပုဏ္ဏားသည် မဟာပုရိသဖြစ်သော ဘုရားအလောင်း ကိုယ်တော်၏ လက္ခဏာကြီးငယ် အသွယ်သွယ် ပြည့်စုံခြင်းကို ကြည့်ရှု၍ နှစ်ချောင်းကုန်သော လက်တို့ကို ပင့်မြှောက်၍ ထောင်၏။ ဤနည်းအတူသာလျှင် အစဉ်အတိုင်းအားဖြင့် ခုနစ်ဦးကုန်သော ပုဏ္ဏားတို့သည် နှစ်ချောင်းကုန်သော လက်တို့ကို မြှောက်ကြွ၍ ထောင်ကြကုန်၏။ ကောဏ္ဍည ပုဏ္ဏားလုလင်သည်ကား ထိုရှစ်ဦးကုန်သော ပုဏ္ဏားတို့တွင် အလုံးစုံတို့၏

အောက် အငယ်ဆုံး ဖြစ်သော သူပေတည်း။ ထိုကောဏ္ဍည ပုဏ္ဏားသည် ဘုရားအလောင်းတော်၏ လက္ခဏာတော် အရပ်ရပ် ပြည့်မြတ်သင့်လျော် ကိုယ်တော်၏ ပြိုးခြင်းကို ကြည့်ရှု၍ "အိမ်ယာဘွဲ့နှောင် လူ့ဘောင်၏အလယ်၌ တည်နေအံ့သော အကြောင်းမရှိ။ စင်စစ်သဖြင့် ဤသူငယ်သည် ဝဋ်ကင်းပြတ်သော ဘုရားသည် ထင်ရှားဖြစ်လတ္တံ့" ဟု ကြံစည်၍ တခုကညီးသာလျှင် ဖြစ်သော လက်ချောင်းကိုပင့်မြှောက်၍ထောင်၏။ ကောဏ္ဍညမှတပါး ခုနစ်ဦးသော ပုဏ္ဏားတို့ကား "အိမ်ယာဘွဲ့နှောင် လူ၏ဘောင်၌ အကယ်၍ အုပ်စိုး၍ နေသည်ဖြစ်အံ့၊ လေးကျွန်းလုံးကို အစိုးရသော စကြာမင်းသည် ဖြစ်လတ္တံ့။ အကယ်၍ရဟန်းပြုသည်ဖြစ်အံ့၊ ဘုရားဖြစ်ပေလတ္တံ့" ဟု ဤသို့ထင်ရှား နှစ်ပါးသော ဖြစ်အင်တို့ကို သိမြင်ကြကုန်သောကြောင့် နှစ်ခုကုန်သော လက်ချောင်းတို့ကို ပင့်မြှောက်၍ ထောင်ကုန်၏။ ဤကောဏ္ဍည ပုဏ္ဏားကား ဆည်းပူးအားထုတ် ပြုလုပ်ခဲ့သော ကုသိုလ် အဆောက်အဦယိုသော ပစ္ဆိမဘဝိက သတ္တဝါဖြစ်၍ မိမိ၏ပညာဖြင့် ဤမှ တပါးကုန်သော ခုနစ်ဦးကုန်သောပုဏ္ဏာတို့ကို လွှမ်းမိုး၍ "ဤလက္ခဏာတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား အိမ်ယာဘွဲ့နှောင် လူ့ဘောင်အလယ်၌ တည်နေအံ့သော အကြောင်းမည်သည်မရှိ၊ ယုံမှားမဲ့လျှင် ဘုရားပင်ဖြစ်လတ္တံ့" ဟု တခုတည်းသော အကြောင်းကိုသာလျှင် တွေ့မြင်လေ၏။ ထိုကြောင့် တခုသော လက်ချောင်းကိုသာလျှင် ပင့်မြှောက်၍ ထောင်လေသတည်း။ ထိုနောက် ပုဏ္ဏားတို့သည် အသီးအသီး မိမိအိမ်တို့သို့ ပြန်သွားကုန်၍ သားတို့ကို ခေါ်ပြီးလျှင် "အမောင်တို့၊ ငါတို့ကား အရွယ် ကြီးရင့်ကုန်ပြီ။ သူဌေးဒန မင်းမြတ်၏ သားတော် သမ္ဗဒ္ဓဘုရား အဖြစ်သို့ ရောက်သည်ကိုမမြဲနိုင်ကုန်တော့အံ့။ အသင်တို့သည် ထိုမင်းသား သမ္ဗဒ္ဓဘုရားအဖြစ်သို့ ရောက်သည်ယိုသော် ထိုဘုရား၏အဆုံးအမဖြစ်သော သာသနာတော်၌ရဟန်းပြုကြကုန်လော့" ဟုမှာထားပြောဆိုကြကုန်၏။

သုဌေဒနမင်းမြတ်သည်လည်း ဘုရားအလောင်းအား နို့ထိန်းတို့ထံ အပ်နှံခြင်းကို အစပြု၍ ကြီးကျယ်မြင့်မြတ်သော အစောင့်အရှောက်

ကို ဖြစ်စေလျက် ဘုရားအလောင်းတော်ကို အရှယ်ခန့်ညား ကြီးပွား ခြင်းသို့ ရောက်စေ၏။ကြီးပွါးခြင်းသို့ ရောက်သော ဘုရားလောင်းသည် လည်း နတ်သားလုလင်ကဲ့သို့ ပျော်ရွှင်ရိပ်ငြိမ် စည်းစိမ်အများကို အစဉ်ခံစား၍ စဉ်းစားဆင်ခြင် ဉာဏ်အမြင် ရင့်ကျက်သည်ယှဉ်သော် ကာမဂုဏ်တို့၌ အပြစ် ကြီးငယ်ကိုလည်းကောင်း၊ တောထွက်ခြင်း၌ အကျိုး အာနိသံကိုလည်းကောင်း မြင်တော်မူ၍ ရာဟုလာမင်းသားကို ဘွား မြင်တော်မူသော နေ့၌ ဆန္နအမတ်လျှင် အဖေါ်ယှဉ်သောအားဖြင့် ကဏ္ဍ ကမြင်းကို တက်စီး၍ နတ်တို့သည် ဖွင့်လှစ်အပ်သော တံခါးဖြင့် မြတ် သော တောထွက်ခြင်းကို တောထွက်တော်မူ၍ ထိုညဉ့်၏အဘို့ဖြင့်သာ လျှင် သုံးခုကုန်သောပြည်ကြီးတို့ကို လွန်မြောက်၍ အနော်မာမြစ်ကမ်း ၌ ရဟန်းပြုပြီးသော် ဃဋီကာရ ဖြဟ္မာကြီးသည် ဆောင်ယူအပ်ကုန် သော အရဟတ္တဖိုလ်၏ တံခွန်ဖြစ်ကုန်သော အဝတ် သင်္ကန်းတို့ကို ခံယူ ဆင်မြန်းကာမျှ၌ သာလျှင် ဝါတော်ခြောက်ဆယ် ရပြီးသော မထေရ်ကြီးကဲ့သို့ ကြည်ညိုဘွယ်ကို ဆောင်သော ဣရိယာပထဖြင့် ရာဇဂြိုဟ်ပြည်သို့ ရောက်၍ ထိုရာဇဂြိုဟ်မြို့၏ အတွင်း၌ ဆွမ်းခံခြင်းငှါ လှည့်လည်ပြီးသော် ပဏ္ဍာဝ ကောင်ရိပ်၌ ဆွမ်းကို ဘုဉ်းပေးသုံးဆောင် တော်မူ၍ မဂဓတိုင်းကို အစိုးရတော်မူသော ဗိမ္ဗိသာရ မင်းမြတ်သည် မင်းအဖြစ်တည်းဟူသော အသရေဖြင့် ဖိတ်မန်အပ်သော်လည်း ထို မင်းအဖြစ်ကို ပယ်စွန့်တော်မူ၍ အစဉ်အတိုင်းအားဖြင့် ဥရဝေလ တော အုပ်သို့ ကြွတော်မူပြီးသော် "ဤမြေအဘို့ကား နှလုံးမွေ့လျော်ဘွယ် ယှဉ်လေစွဉ်တကား။ ဤနေရာအရပ်သည် တရားကို အားထုတ်ခြင်းငှါ အလိုယှဉ်သော အမျိုးကောင်းသားအား တရားကို အားထုတ်ခြင်းငှါ သင့်လျော်လောက်ငုံ့ ခံ့လေစွဉ်တကား" ဟု ကမ္မဋ္ဌာန်းတရား အား ထုတ်ခြင်းသို့ ရှေရှုသောစိတ်ကို ဖြစ်စေ၍ ထိုအရပ်၌ သီတင်းသုံးနေ မျှခြင်းသို့ ကပ်ရောက်တော်မူ၏။

ကောဏ္ဍညပုဏ္ဏား ရဟန်းပြုခြင်း။

ထိုအခါ၌ လက္ခဏာဖတ်ကုန်သော ရှစ်ဦးကုန်သော ပုဏ္ဏားတို့ တွင် ကောဏ္ဍညမှတပါး ခုနစ်ဦးကုန်သော ပုဏ္ဏားတို့သည် ကံအား

လျော်စွာ တမလွန်လောကသို့ သွားကြရလေကုန်၏။ အလုံးစုံသော ပုဏ္ဏားတို့အောက်ငယ်သော လက္ခဏာဖတ်တတ်သော ကောဏ္ဍညလုလင်သည်ကား အနာရောဂါကင်းရှင်းကာဖြင့် ကောင်းစွာ တည်ယှိပေ၏။ ထိုကောဏ္ဍညပုဏ္ဏားသည် အလောင်းတော် ယောကျ်ားမြတ်ကား ရဟန်း ပြုလေပြီဟု ကြားသိသောကြောင့် ထိုပုဏ္ဏားတို့၏ သားတို့သို့ ချဉ်းကပ်၍ ဤသို့ပြောဆိုလေ၏။ အဘယ်သို့ ပြောဆိုသနည်းဟူမူ။ ''သိဒ္ဓတ္ထ မင်းသားသည် ရဟန်း ပြုသတတ်။ ထိုသိဒ္ဓတ္ထ မင်းသားသည် ယုံမှားမဲ့လျင် အမှန်ပင် ဘုရားဖြစ်လတ္တံ့။ အသင်တို့၏ ဘခင်တို့သည် အနာရောဂါကင်းကွာကြီးပွား ထင်ရှားတိတိ အကယ်၍ ယှိသည်ဖြစ်ကုန်အံ့၏။ ယနေ့ပင်လျင် တောထွက်၍ ရဟန်းပြုကုန်ရာ၏။ အသင်တို့သည်လည်း ရဟန်းပြု ခြင်းငှါ အကယ်၍ အလိုယှိကုန်အံ့။ ဤသို့ အလိုယှိကုန်ခဲ့သော် လာလှည့်ကြကုန်လော့။ ငါတို့သည် ယောကျ်ားမြတ် ဖြစ်တော်မူသော ထိုသိဒ္ဓတ္ထ မင်းသားသို့ အစဉ်လိုက်၍ ရဟန်းပြုကုန်အံ့''ဟု ပြောဆို၏။ အလုံးစုံလည်းဖြစ်ကုန်သော ထိုပုဏ္ဏားတို့သည် တူသော အလိုယှိကုန်သည် ဖြစ်ခြင်းငှါ မစွမ်းနိုင်ကုန်။ သုံးဦးသောပုဏ္ဏားတို့သည် ရဟန်းမပြုကုန်။ ကောဏ္ဍညပုဏ္ဏားကို အကြီးအမှူးပြု၍ ဤမှ တပါးကုန်သော လေးဦး ကုန်သော ပုဏ္ဏားတို့သည် ရဟန်းပြုကုန်၏။ပြဆိုအပ်ပြီးသည့်အတိုင်းဤငါးဦးကုန်သော ပုဏ္ဏားတို့သည် ရဟန်းပြုကုန်၍ရွာ-နိဂုံး-မင်းနေပြည်၌ဆွမ်းအလို့ငှါလှည့်လည်ကုန်လျက် ဘုရားအလောင်း၏ အထံတော်သို့ လာကြကုန်၏။ထိုငါးဦးကုန်သော ရဟန်း တို့သည် ခြောက်နှစ်တို့ ပတ်လုံး ဘုရားအလောင်းတော်သည် ကြီးကျယ်ပွားများ တရားအားထုတ်ခြင်းကို အားထုတ်တော်မူသည်ဖြစ်သော် ''ဤယခုအခါ၌ ဘုရားဖြစ်လတ္တံ့၊ဤယခုအခါ၌ ဘုရားဖြစ်လတ္တံ့''ဟု ကြံစည်မျော်လင့်၍ ဘုရားလောင်းကို လုပ်ကျွေးကုန်လျက် ဘုရားလောင်း၏ ထံတော် ၌သာလျင် နေမျက်လည်ကုန်၏။အကြင်အခါ၌ကား ဘုရားအလောင်းတော်သည်တလုံးသောနှမ်း, တလုံးသော ဆန်စသည်တို့ဖြင့် လွန်မြောက်စေလျက် ပြုနိုင်ခဲသော အမှုကိုပြုလုပ်ခြင်းဖြင့် အရိယာတရားကို ထိုးထွင်း၍ သိမြင်ခြင်းမရှိသော

ပကိဏ္ဏကဝဏ္ဏ။(ဆရာတော်-အသျင်စန္ဒိမာမှ)။

အဖြစ်ကိုသိတော်မူသောကြောင့် ရန့်ကြမ်းသော အစာအာဟာရကို စားသုံးတော်မူ၏။ ထိုအခါ၌ ငါးဦးကုန်သော ထိုရဟန်းတို့သည် ဘုရားလောင်း၏ အထံမှ ဖဲခွါကုန်၍ ဋသိပတနတောအုပ်သို့ သွားကြကုန်၏။ထိုနောက် ဘုရားလောင်းသည် ရန့်ကြမ်းသော အစာအာဟာရ စသည်ကို သုံးဆောင်သဖြင့် အရေအသား အသွေးတို့ ပြည့်ဖြိုးခြင်းသို့ ရောက်၍ ကဆုန်လပြည့်နေ့ဝယ် သေဋ္ဌေးသို့ သုဇာတာသည် ပေးလှူအပ်သော မွန်မြတ်သော ဘောဇဉ်ကို သုံးဆောင်တော်မူပြီးသော် ရွှေခွက်ကို နေရဥ္ဇရာမြစ်၌ အလျဉ်သို့ ရှေးရှုချမျှောတော်မူ၍ ''ယနေ့ ငါသည် တရားကို ထိုးထွင်း၍ သိသောအားဖြင့် ဘုရား ဖြစ်တော့အံ့'' ဟု ဆုံးဖြတ်ခြင်းကို ပြုလျက် ညနေချမ်း အခါ၌ ကာလနဂါးမင်းသည် အရာမက များပြားလှသော ဘုရဉ့ဂုဏ်ပုဒ် ဖွင့်ထုတ် ချီးကျူးခြင်းတို့ဖြင့် ချီးကျူး ရွတ်ဆိုလျက် မဟာဗျာဓိမလွှိုင်သို့ တက်၍ မတုန်မလှုပ်သော ပလ္လင်နေရာ၌ အရှေ့မျက်နှာ လောကဓာတ်သို့ ရှေးရှုထက်ဝယ် ဖွဲ့ခွေ ထိုင်နေတော်မူခြင်းဖြင့် သီတင်းသုံးတော် မူပြီးသော် အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝိရိယကို ဆောက်တည်တော်မူ၍ နေမဝင်မီ၌သာလျှင် မာရ်စစ်သည် အပေါင်းကို ဖျက်ဆီးတော် မူပြီးလျှင် ပဌမယာမ၌ ရှေးဦးဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့တော်မူ၍, မဇ္ဈိမယာမ၌ ဒိဗ္ဗစက္ခုကို သုမ်သင်တော်မူ၍, မိုးသောက်ယာမ် ကာလ အခြားမဲ့ဖြစ်သော သမယ၌ ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်ကိုသက်စေ၍,အနုလုံ ပဋိလုံဖြစ်သော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် အလည်ကို သုံးသပ်တော်မူလျက် အလုံးစုံသော ဘုရားရှင်တို့သည် ထိုးထွင်း၍ သိအပ်သော တပါးသော သူတို့နှင့် မဆက်ဆံကောင်းသော သမ္ဗုဒ္ဓတဉာဏ်တော်ကို ထိုးထွင်းသိမြင်တော်မူ၍ နိဗ္ဗာန်လျှင် အာရုံယူသော ဖလသမာပတ်ဖြင့် ထိုဗောဓိမလွှိုင်၌သာလျှင် ခုနစ်ရက်ကို လွန်မြောက်စေတော်မူ၏။

အရှင်ကောဏ္ဍည တရားလက်ဦး အထူးရရှိခြင်း။

ဤသို့သော အကြောင်းဖြင့် သာလျှင် ခုနစ်ရက် ခုနစ်လီ ပတ်လုံး ဗောဓိမလွှိုင်၌ သီတင်းသုံးတော်မူ၍ လင်းလွန်းပင် အရင်းဝယ် ပျား

မှုံဆုပ် ဘောဇဉ်ကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးသော် တဖန် ဆိတ်ကျောင်း ညောင်ပင်ရင်းသို့ ကြွတော်မူလာ၍ ထိုဆိတ်ကျောင်း ညောင်ပင်ရင်း၌ သီတင်းသုံး ထိုင်နေတော်မူလျက် တရားတော်၏ နက်နဲသော အဖြစ်ကို ဆင်ခြင်တော်မူ၍ တရားဟောခြင်း၌ ကြောင့်ကြမဲ့ ယိုသော အားဖြင့် စိတ်ညွတ်တော်မူသည် ယိုသော် ဗြဟ္မာမင်းသည် ရိုသေ ညွတ်ပျောင်း တောင်းပန် လျှောက်ကြားသောကြောင့် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော်မူလျက် တိက္ခိန္ဒြိယစသည် အပြားယိုသော သတ္တဝါတို့ကို မြင်တော်မူ၍ ဗြဟ္မာမင်းအား တရားဟောခြင်းငှါ ပဋိညာဏ်ကို ပေးတော်မူ၍ "ငါဘုရားသည် အဘယ်သူ့အား ရှေးဦးစွာ တရားတော်ကို ဟောကြား ရအံ့နည်း" ဟု ကြည့်ရှုတော်မူသည် ယိုသော် အာဋ္ဌာရ ရသေ့, ဥဒကရသေ့တို့၏ သေလွန်သော အဖြစ်ကို သိတော်မူ၍ တဖန် ကြံစည်တော်မူသည် ယိုသော် "ငါးယောက် အစုယိုကုန်သော အကြင်ပဉ္စဝဂ္ဂီ ရဟန်းတို့သည် ကမ္မဋ္ဌာန်း တရားကို အားထုတ်သော ငါဘုရားကို ပြုစုလုပ်ကျွေးကြကုန်၏။ ထိုပဉ္စဝဂ္ဂီ ရဟန်းတို့သည် ငါဘုရားအား များစွာကျေးဇူးယိုကုန်၏။ ငါဘုရားသည်ပဉ္စဝဂ္ဂီရဟန်းတို့အား ရှေးဦးစွာ တရားတော်ကို ဟောရမူကား ဩော်-ကောင်းလေစွာ့" ဟူသောစိတ်ကို ဖြစ်စေတော်မူ၏။ ဤသို့စိတ်ဖြစ်ခြင်းကား အလုံးစုံသာလျှင် ဖြစ်ကုန်သော့ ဘုရားရှင်တို့အား ကြံစည်ခြင်းမျှသည် သာလျှင်တည်း။ ထိုစကားမှန်၏။ ကောဏ္ဍည ပုဏ္ဏားကို ထား၍ ထိုသူမှတပါးသော ရှေးဦးစွာ တရားတော်ကို ထိုးထွင်း၍ သိခြင်းငှါ စွမ်းနိုင်သော တစုံတယောက်သောသူ မည်သည်မရှိ။ ထိုကောဏ္ဍည ပုဏ္ဏားသည် ဤသို့ ရှေးဦးစွာ တရားတော်ကို ထိုးထွင်း၍ သိခြင်း အကျိုးငှါ သာလျှင် ကမ္ဘာတသိန်းကာလပတ်လုံး ကုသိုလ် အဆောက်အဦကံကို စီမံပြုလုပ်ခဲ့ပေ၏။ ဘုရားအမှူးယိုသော ရဟန်းသံဃာအား ကိုးကြိမ်တို့တိုင်တိုင် ကောက်ဦးအလှူကို ပေးလှူခဲ့ပေ၏။ ထို့နောက် မြတ်စွာဘုရားသည် သပိတ် သင်္ကန်းကို ယူတော်မူ၍ အစဉ်အတိုင်း အားဖြင့် ဇုသိပတန တောအုပ်သို့ ကြွတော်မူပြီးလျှင် အကြင်အရပ်၌ ပဉ္စဝဂ္ဂီရဟန်းတို့သည် တည်ယိုကြကုန်၏။ ပဉ္စဝဂ္ဂီအမည်ခေါ်ဆို ထိုရဟန်း အပေါင်းတို့

ခိုအောင်းသတ်မှတ် တည်နေရာအရပ်သို့ ချဉ်းကပ်တော်မူလေ၏။ ထို ပန္တဝဂိုရဟန်းတို့သည် ရှေးရှု ကြွလာတော်မူသော မြတ်စွာဘုရားသခင် ကို တွေ့မြင်ကုန်၍သာလျှင် ''အရှင်ဂေါတမ ဤသို့ကြွက ရှေးက မသွတ် ဝတ်ကြီး ဝတ်ငယ်အမှုကို မပြုလုပ်စတမ်း'' ဟု ပြောဆို၍ ထားအပ် သော မိမိ၏ ကတိကဝတ်၌ မြဲမြံခိုင်ခံ့ တည်တံ့ခြင်းငှါ မစွမ်းနိုင်ကြ ကုန်။ တဦးသောသူသည် သပိတ် သင်္ကန်းကို လှမ်းလင့်ယူငင်၏။ တဦး သော သူသည် နေရာကိုခင်း၏။ တဦးသောသူသည် ခြေတော်ဆေးရေ ကို တည်ထား၏၊ တဦးသော သူသည် ခြေတော်ကို ဆေးကြော၏၊ တဦးသောသူသည် ထန်းရွက်ယပ်ကိုယူငင်၍ ယပ်လေခတ်လျက် တည် နေ၏၊ ဤသို့လျှင် ထိုငါးဦးကုန်သော ရဟန်းတို့ ဝတ်ကြီး ဝတ်ငယ်ကို ပြု၍ အနီးဖြစ်သော ထံတော်၌ ထိုင်နေကုန်သည် ယိုသော် ကောလှာည မထေရ်ကို ကိုယ်တော်မျက်မှောက်ပြု၍ မြတ်စွာဘုရားသခင်သည် အတု မရှိသော သုံးပါးအပြည့် အလှည့်အဆက်ယိုသော ဓမ္မစက္ကုပဝတ္တနသုတ် ကို အားထုတ် ထင်ရှား ဟောကြားတော် မူလေ၏။ ထိုသို့ ထင်ရှား ဟောကြားတော် မူသော နေရာ၌ လူဖြစ်သော ပရိသတ်တို့ကား ကောလှာညအမှူး ငါးဦးသော လူတို့သည်သာလျှင် ထင်ရှားတည့်တည့် ယိုသည် ဖြစ်ကုန်၏။ နတ်ပြဟ္မာ ပရိသတ်တို့ကား အရေအတွက် အပိုင်း အခြား မရှိကုန်။ ဒေသနာတော် အဆုံး၌ ကောလှာည မယေရ်သည် တဆယ့်ရှစ်ကုဋေ ကုန်သော ပြဟ္မာတို့နှင့်အတူတကွ သောတာပတ္တိဖိုလ် ၌ တည်လေ၏။ ထိုအခါ မြတ်စွာဘုရားက ''ငါဘုရားသည် ခဲယဉ်းစွာ အားထုတ် ပြုလုပ်ရှာမှီးကာ ကောင်းစွာ ရယူအပ်သော တရားတော် ကို ရှေးဦးစွာသာလျှင် သိလေပြီ'' ဟု ဆင်ခြင်တော်မူ၍ ''ဤသူသည် အညာသိ ကောလှာညမည်၏'' ဟု မထေရ်ကို ခေါ်တော် မူလျက်.... အညာသိ ဝတ ဘော ကောလှာညော အညာသိ ဝတ ဘော ကောလှာ ညော'' ဟု ကျေးရင့် မိန့်ဆိုတော်မူ၏။ ထိုမထေရ်အား မြတ်စွာဘုရား မိန့်ထားမြွက်ဟိ ထို အညာသိကောလှာည ဟူသော အမည်သည် သာ လျှင် ထင်ရှားစွာ ဖြစ်လေ ၏တည်း။ ။ဤသို့ ပြဆို အပ်ခဲ့ပြီးသော အစဉ်အတိုင်းအားဖြင့် အညာသိ ကောလှာည မထေရ်သည် ဝါဆို

လပြည့်နေ့၌ သောတာပတ္တိဖိုလ်၌ တည်လေ၏။ လပြည့်နေ့မှ အထွက်ဖြစ်သော လဆုတ်တရက်နေ့ အကျ၌ ဘဒ္ဒိယမထေရ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ လဆုတ် နှစ်ရက်နေ့ အကျ၌ ဝပ္ပမထေရ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။လဆုတ် သုံးရက်နေ့ အကျ၌ မဟာနာမ မထေရ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။လဆုတ်လေးရက်နေ့ အယှိ၌ အဿဇိ မထေရ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ လဆုတ်ပက္ခ ငါးရက်မြောက်အကျ၌ အနတ္တလက္ခဏ သုတ္တန္တဒေသနာကောင်းစွာ ဟောကြားပြီးသောအဆုံး၌ အလုံးစုံလည်း ဖြစ်ကုန်သော ငါးပါးကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ထိုအခါ လူ့ပြည်လောကဝယ် ခြောက်ပါးမျှကုန်သော ရဟန္တာတို့သည် ထင်ရှားဖြစ်ကုန်၏။

အရှင်ကောလ္လာညအား တောဒဂ်ထားခြင်း။

ထိုအခါမှစ၍ မြတ်စွာဘုရား သခင်သည် ယသ သတို့သား အမှူး ယှိကုန်သော ငါးကျိပ် ငါးယောက်သော ယောကျ်ား တို့ကို လည်းကောင်း၊ ကပ္ပါသိကဘောအုပ်၌ သုံးကျိပ်မျှ လောက်ကုန်သော ဘဒ္ဒဝဂ္ဂီ မင်းသားတို့ကို လည်းကောင်း၊ ဂယာသီသ အရပ်ဝယ် ကျောက်ဖျာအပြင်၌ တထောင်မျှလောက် အတိုင်းအရှည်ယှိကုန်သော ရှေးက ရသေ့ဖြစ်ဘူးကုန်သော ရဟန်းတို့ကို လည်းကောင်း ဤသို့စဉ်ကာ များစွာသော သူအပေါင်းကို လမ်းကောင်းဓမ္မ ဟောညွှန်ပြလျက် အရိယဘုံသို့ ခိုလှုံ သက်ရောက်စေပြီးလျှင် ဗိမ္မိသာရမင်းကြီး အမှူးယှိကုန်သော တသိန်း တသောင်းကုန်သော လူတို့ကို သောတာပတ္တိဖိုလ်၌ တည်စေတော်မူ၍ ရေတွက် တသောင်း လူအပေါင်းကို ကောင်းစွာဆည်းကပ်ရာ ရတနာ သုံးပါးသာလျှင် ယှိသောအဖြစ်၌ တည်စေတော်မူ၍ ဇမ္မူဒိပ်အပြင်ဝယ် ဆုံးမညြဝါ သာသနာတော်မြတ်ကို ကောင်းစွာ ပွင့်လင်းစေသောအားဖြင့် ပွင့်လင်းတောက်ပသည်ကို ပြုတော်မူ၍ အလုံးစုံသော ဇမ္မူဒိပ်အဝန်းကို သက်နှံးရောင်တို့ဖြင့် ပြောင်ပြောင်တောက်ပ သွားလာကြသော ရဟန်းတို့၏ ကိုယ်

မှဖြစ်သော လေတို့ဖြင့် တိုက်ခတ်သည်ကို ပြုတော်မူလျက်တပါးသော အခါ၌ ဇေတဝန်ကျောင်းမြတ်သို့ ချဉ်းကပ် ကြွရောက် လျောက်ပတ်သင့်ကောင်း ထိုကျောင်း၌ သီတင်းသုံးတော်မူလျက် ရဟန်း သံဃာ အလယ် တင့်တယ်စွာ ခင်းထားအပ်သော မွန်မြတ်သော ဘုရား၏ နေရာ၌ သီတင်းသုံးတော်မူ၍ တရားတော်ကို ဟောကြားတော်မူလျက် "ရှေးဦးစွာ တရားတော်ကို ထိုးထွင်း၍ သိကုန်သော ရဟန်းတို့တွင် ငါဘုရား၏ သားတော်ဖြစ်သော အညာတ ကောဏ္ဍညသည် အထွတ်အမြတ် ပေတည်း"ဟု ပြတော်မူခြင်းငှါ။

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ
ရတ္တညူနံ ယဒိဒံ အညာတကောဏ္ဍညော"

ဟူသောပါဠိဖြင့် မိန့်ဆိုဟောမြွက် ဧတဒဂ်ရာထူး ချီးကျူး မြှောက်စားသဖြင့်ထားတော်မူ၏။

ထိုပါဠိ၏အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ ရတ္တညူနံ။ ကာလရှည်ဘိ ညဉ့်အပိုင်းအခြားကို သိကြားလိမ္မာကုန်သော။ ဘိက္ခူနံ၊ရဟန်းတို့ဟွင်။ ယဒိဒံ-ယောအယံ အညာတကောဏ္ဍညော၊ အကြင် အညာတကောဏ္ဍညသည်။ အတ္ထိ၊ ယှိ၏။ ဧတံ-ဧသော အညာတကောဏ္ဍညော၊ ထိုအညာတကောဏ္ဍညသည်။ အဂ္ဂံ-အဂ္ဂေါ၊ လွန်ကဲထူးမြတ်၏။ ။ဤကားအနက်။

အရှင်ကောဏ္ဍညသည် ဆဒ္ဒန္တအိုင် မန္ဒာကိနီရေကန်၌ သီတင်းသုံးခြင်း။

ထိုအညာတ ကောဏ္ဍည မဏေရ်သည်လည်း မိမိတူတော် ဖြစ်သော ပုဏ္ဏားလုလင်သည် ရဟန်းပြုခဲ့သည်ယှိသော် သာသနာတော်၌ မြတ်သော ဓမ္မကထိက ဖြစ်လတ္တံ့ဟု သိမြင်တော် မူသောကြောင့် ဒေါဏဝတ္ထုပုဏ္ဏား ရွာသို့ ကြွသွားတော်မူ၍ မိမိ၏တူတော်ဖြစ်သော ပုဏ္ဏားလုလင်ကို ရဟန်းပြုစေပြီးလျှင်"ဤပုဏ္ဏားသည် မြတ်စွာဘုရား

တို့၏အထံ၌ အစဉ်မပြတ် ချဉ်းကပ်နေမျှလတ္တံ့”ဟု ကြံစည်တော်မူ လျက် ထိုပုဏ္ဏမထေရ်၏ ဘုရားရင်တို့၏ အတွင်းနေ တပည့်အဖြစ်ကို ပြုလုပ်၍ မိမိသည် မြတ်စွာဘုရား ထံပါး မျက်မှောက် သွားရောက် ချဉ်းကပ်ပြီးကာ “ဘုန်းတော် အလွန်တရာ ကြီးကျော်မှုသော မြတ်စွာ ဘုရား၊ တပည့်တော်အား ရွားနှိုးဖြစ်သော ကျောင်းသည် နေအောင်း ကိန်းမျှခြင်းငှါ မသင့်မလျော် မလျောက်ပတ်ပါ။ ပရိသတ်အများ လာသွားရာ ပြွမ်းသည်ဖြစ်၍နေခြင်းငှါ မစွမ်းနိုင်ပါ။ ဆဒ္ဒန္တအိုင်သို့ သွားရောက်၍ နေပါအံ့”ဟု မြတ်စွာဘုရားသခင်ကို လျောက်ကြား ပန်မှ အခွင့်ပြုစေပြီးသည်ကာလ နေရာမှထ၍ မြတ်စွာဘုရားသခင်ကို ကြည်လင်သွတ်လျှိုး ရှိခိုးပြီးသော် ဆဒ္ဒန္တအိုင်သို့ ကြွတော်မူ၍ ဆဒ္ဒန် ဆင်မျိုးကို အမှီပြုပြီးလျှင် ဆဒ္ဒန်ဆင်မျိုးတို့ တန်ခိုးအားလျော်စွာ ကျက်စားမွေ့လျော်ရာ ဖြစ်သောဆဒ္ဒန္တအိုင် အခြံအရံအပါ မန္ဒာ ကိနိရေကန်၏ကမ်း ပစ္စေကဗုဒ္ဓါအရှင်တို့ သီတင်းသုံးဘူးသောနေရာ ၌ တဆယ့်နှစ်နှစ်ပတ်လုံး သီတင်းသုံး နေမျှတော်မူ၏။

[ထိုအညာတကောဏ္ဍညမထေရ်သည် မြတ်စွာဘုရားထံတော် ပါးမှ ကြွသွားဖယ်ခွါလျက် မန္ဒာကိနိရေကန်၏ ကမ်း၌ ရှင်လန်း နှလုံး သီတင်းသုံးနေမျှတော်မူခြင်း အကြောင်းကား။ ။ထို-အညာတကောဏ္ဍည မထေရ်သည် ညဏ်ပညာ ယှဉ်သော မြင့် မြတ်ကြီးကျယ်သော သာဝကပေတည်း။ဖလသမာပတ်စျန်မြတ် ချမ်းသာဖြင့် ကောင်းစွာ ဝင်စား၍ နေမျှတော်မူခြင်း၌ အလေး ဂရု ပြုကော်မူ၏။ လောက၌ မြတ်စွာဘုရား ထင်ရှားဘိသကဲ့သို့ ထို့အတူ ကောဏ္ဍည မထေရ်၏ ဂုဏ်ကျေးဇူး သည်လည်း ဘသောင်းသော စကြဝဠာဝယ် နတ်လူတို့၏ အတွင်း၌ ထင် ရှားသည်သာလျှင်တည်း။ နတ်လူတို့သည် မြတ်စွာဘုရားထံသို့ သွားရောက်၍ နှံ့သာ ပန်း စသည်တို့ဖြင့် ပူဇော်ခြင်းကို ပြုပြီး သော် “ဦးဦး ဖျားဖျား တရားတော်ကို ထိုးထွင်း၍ သိသော သာဝကကြီးပေတည်း”ဟု နှလုံး သွင်းကုန်လျက် မြတ်စွာ

ဘုရားကို ပူဇော်ပြီးသည့် အခြားမဲ့၌ အညာတ ကောဏ္ဍည မထေရ်မြတ်ကို ချဉ်းကပ် သွားရောက်ကုန်၍ ပူဇော်ကြကုန်၏။ မိမိထံမှောက်သို့ လာရောက်ချဉ်းကပ် ကုန်သောသူတို့အား မည်သည့် ထိုထိုသူတို့နှင့် သင့်လျော် လျောက်ပတ်သော သဘောယှိသော တရားစကားကိုလည်းကောင်း၊ ပဋိသန္ဓာရကို လည်းကောင်း ဟောပြော ပြုလုပ်ထိုက်သည့် ဖြစ်ပေ၏။ ဖလသမာပတ်ချမ်းသာဖြင့် ကောင်းစွာ နေမျှခြင်းငှါ အလို ယှိသော မထေရ်မြတ်သည် လာရောက်ဆည်းကပ် ထိုလူနတ်တို့နှင့် ဆက်စပ်ဟော ပြောရခြင်း အရာဌာနကို ကာလကြာမြင့် ဘိသကဲ့သို့ မှတ်ထင်အောက်မေ့တော်မူ၏။ ထို့ကြောင့် မန္ဒာကိနီရေကန်၏ ကမ်းသို့ ကြွရောက်သီတင်းသုံးတော်မူသတည်း။

အကြောင်း တပါးသော်ကား။ ။ဆွမ်းခံ လှည့်လည်သော အခါ၌ အလုံးစုံသော သာဝကတို့သည် ထေရ်ဝါ အစဉ်အတိုင်းအားဖြင့် ကြွသွားတော် မူကုန်၏။ တရား ဟောသော အခါ၌ကား အလယ်တည့်တည့်အရပ်ဌာနဖြစ်သော တန်ဆာဆင်အပ်သောဘုရားရှင့်နေရာဦး မြတ်စွာဘုရားသခင်သည် ထိုင်နေသိကဉ်းသုံး နေတော်မူသည်ယှိတော် လက်ျာနံပါး၌ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင် သာရိပုတ္တရာ မထေရ်သည် ထိုင်နေတော်မူ၏။ လက်ဝဲနံပါး၌ မဟာမောဂ္ဂလန်မထေရ်သည် ထိုင်နေတော်မူ၏။ ထိုသုံးပါးတို့၏။ နောက်အဘို့၌ အညာတ-ကောဏ္ဍညမထေရ်၏ နေရာကို ခင်းထားကုန်၏။ ကြင်းကုန်သော ရဟန်းတို့သည် ထိုအညာတကောဏ္ဍညမထေရ်ကို ခြံရံ၍ ထိုင်နေကုန်၏။နှစ်ပါးကုန်သော အဂ္ဂသာဝက ဖြစ်ကုန်သော အရှင် သာရိပုတ္တရာ, အရှင် မဟာမောဂ္ဂလာန်တို့သည် အဦးအဖျားကရားတော်ကို ထိုးထွင်း၍သိသည့်၏အဖြစ်ကြောင့်၎င်း၊ အသက်သိက္ခာဝါအားဖြင့် ကြီးရင့်သည့်၏ အဖြစ်ကြောင့်၎င်း၊ အညာတကောဏ္ဍည မထေရ်၌ ရိုသေလေးမြတ်ခြင်း ယှိကုန်၏။ အညာတကောဏ္ဍည မထေရ်ကို ကြီးကျယ် မြင့်မြတ်သော

ဗြဟ္မာမင်းကြီးကဲ့သို့ဌင်း၊ မီးပုံကဲ့သို့ဌင်း၊ လျင်သော အဆိပ်ယှိသော မြွေဆိုးကဲ့သို့ဌင်း၊ အောက်မေ့ မှတ်ထင် ကုန်ဘိရကား အဦးဖြစ်သောနေရာ၌ ထိုင်နေကုန်သည်ယှိသော် ထိတ်လန့်ကြကုန်၏။ ရှက်ရွံ့ကြကုန်၏။ ထို့ကြောင့် အညာတကောလှည မထေရ်သည် ကြီစည်တော်မူ၏။ ။အဘယ်သို့ ကြီစည်တော်မူသနည်းဟူမူ။ ဤသာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ကား အဦးဖြစ်သောနေရာအကျိုးငှါ ကမ္ဘာတသိန်း အလွန်ယှိသော အသင်္ချေယျပတ်လုံး ပါရမီတို့ကိုဖြည့်အပ်ကုန်၏။ ဤယခုအခါ အဦးဖြစ်သော နေရာ၌ ထိုင်နေကုန်သော ထိုသာရိပုတ္တရာ, မောဂ္ဂလာန်တို့သည် ငါ့အားထိတ်လန့်ကုန်၏၊ရှက်ရွံ့ကုန်၏။ထိုသာရိပုတ္တရာ မောဂ္ဂလာန်တို့ ချမ်းသာစွာ နေရခြင်း အမှုကို ငါပြုတော့အံ့ဟု ကြီစည်တော်မူ၏။ကြီစည်ပြီး၍သာလျှင် မန္ဒာကိနီရေကန်၏ကမ်းသို့ ကြွရောက်၍ သီတင်းသုံး နေမျှတော်မူသတည်း]။

အရှင်ကောလှည အား ဆင်အပေါင်းတို့ လုပ်ကျွေးခြင်း။

ရှေးအခါ၌ ပစ္စေကဗုဒ္ဓါ အရှင်တို့အား ပြုစု လုပ်ကျွေး ခြင်းဖြင့် ပြုအပ်သော အလေ့အကျင့် ယှိကုန်သော ရှစ်ထောင် မျှလောက် ကုန်သော ဆင်တို့သည် အရှင်ကောလှည မထေရ်ကို တွေ့မြင်ကုန်၍ သာလျှင် ''ငါတို့၏ ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်မြေကောင်းသဘွယ် ဖြစ်တော်မူသော အရှင်မြတ်သည် ကြွလာတော်မူပေပြီ''ဟု လက်သည်း ခြေသည်းတို့ဖြင့် စက်ကြီကြွမြန်း မြေလမ်း အထက်ပေါင်းမြက် မရှိသည်ကို ပြုလုပ်လေ၏။ အကာအကွယ် အရွယ်ရွယ်စိပ် အပိတ်အပင်ကို ပြုခြင်းငှါ သင့်လျော်ကုန်သော သစ်ခက်တို့ကို ဆောင်ယူကုန်ပြီးသော် မထေရ်၏ နေရာဌာနကို သုဓ်သင်ပြုလုပ်၍ ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ် အဝဝကို ပြုလုပ်ကြပြီးလျှင် အလုံးစုံသော ဆင်အပေါင်းတို့သည် စုရုံးစည်းဝေး၍ တိုင်ပင်ကြကုန်၏။ ။အဘယ်သို့ တိုင်ပင်ကုန်သနည်းဟူမူ။ ''ငါတို့သည် ဤသူကား မထေရ်၏ ပြဘွယ်ကိစ္စ ဟူသမျှကို ပြုလုပ်လတ္တံ့။ ဤသူကား ပြုလုပ်လတ္တံ့ဟု အကယ်၍

အောက်မေ့မှတ်ထင် ကျင့်ကြံပြုလုပ် အားထုတ်ကုန်သည် ဖြစ်ခဲ့အံ့။ မထေရ်အရှင်မြက်သည် များစွာသောဆွေမျိုးယှိသော ရွာသို့ကြွရောက်သော အရှင်ကဲ့သို့ တစုံတခု ဝတ္ထုလှူဘွယ်မရ ဆေးကြောမြဲတိုင်းသာ သပိတ်မျှဖြင့်သာလျှင် ကြွသွားတော်မူရလတ္တံ့။ အလှည့် အကြိမ်ဖြင့် ထိုအရှင်မထေရ်ကို ပြုစုလုပ်ကျွေးကြကုန်အံ့။ တဦးသောသူ၏ အလှည့် အကြိမ်သို့ ရောက်သည် ယှိသော် ကြွင်းကုန်သော သူတို့သည်လည်း မမေ့မလျော့အပ်ပေ'' ဟု တိုင်ပင်ကြကုန်၏။ တိုင်ပင်ကြကုန် ပြီး၍ အလှည့် အကြိမ်ကို ထားကုန်၏။ အလှည့် အကြိမ်ကျသော ဆင်သည် နံနက် စောစောကသာလျှင် မထေရ်၏ မျက်နှာသစ်ရေကို လည်းကောင်း၊ သုံးရန် တံပူကို လည်းကောင်း အနည်း အပါး ထားပေ၏။ ထိုမှကြွင်းတုံ အလုံးစုံသော ဝတ်ကြီး ဝတ်ငယ်ကိုပြု၏။

မန္ဒာကိနီ ရေကန် အကြောင်း။

ထိုမန္ဒာကိနီ ရေကန် မည်သည်ကား ယူဇနာ ငါးဆယ်ယှိ၏၊ ထို ရေကန်၏ နှစ်ဆယ့်ငါးယူဇနာ အတိုင်းအရှည်ယှိသော အရပ်၌ မှော်သေး မှော်ဖတ်သည်ဂုင်း ရှုံညွန်သည်ဂုင်း မရှိ။ ကြည်လှစွာသော ဖလ်မှန် ကဲ့သို့ အဆင်းယှိသော ရေသည်သာလျှင် ယှိသည် ဖြစ်ပေ၏။ ထို ကြည်လှစွာသောရေမှ နောက်အဘို့ ပြင်ပဖြစ်သော ခါးအတိုင်းအရှည်မျှ အနက်ယှိသောရေ၌ ယူဇနာဝက် အပြန့်အကျယ်ယှိသော ဖြူသော ပဒုမာတောသည် ယူဇနာငါးဆယ်ယှိသော ရေကန်ကို ဝန်းရံ၍ တည်၏။ ထိုဖြူသော ပဒုမာတော၏ အခြားမဲ့၌ ထိုမျှလောက် ကြီးကျယ်သည်သာလျှင် ဖြစ်သော နီသောပဒုမာတောသည် တည်၏။ ထိုနီသော ပဒုမာတော၏ အခြားမဲ့၌ နီသောကုမုဒြာတောသည် တည်၏။ ထိုနီသော ကုမုဒြာတော၏ အခြားမဲ့၌ ဖြူသောကုမုဒြာတောသည် တည်၏။ ထို ဖြူသော ကုမုဒြာတော၏ အခြားမဲ့၌ ကြာညိုတောသည်တည်၏။ ထို ကြာညိုတော၏ အခြားမဲ့၌ ကြာနီတောသည် တည်၏။ ထို ကြာနီ တော၏ အခြားမဲ့၌ ကောင်းသောအနံ့ နီမြန်းသော အဆင်းယှိသော သလေးစပါးတောသည်တည်၏။ ထိုသလေးစပါးတော၏ အခြားမဲ့၌ သခွါး-

ဗူး-ဖရုံ အစယှိကုန်သော ချိမြိန် ကောင်းမြတ်သော အရသာ ယှိကုန်သော နွယ်ပင် အသီးတို့သည် တည်ယှိကုန်၏။ ထိုနွယ်ပင် အသီးတို့၏ အခြားမဲ့၌ ယူဇနာ ဝက် အပြန့်ကျယ်သည်သာလျှင်ဖြစ်သော ကြီတောသည် တည် ယှိ၏။ ထိုကြီတော၌ ကြီပင်တို့သည် ကွမ်းသီးပင်စည်လုံးပတ်ခန့်မျှ ပမာဏ ယှိကုန်၏။ ထိုကြီတော၏ အခြားမဲ့၌ ငှက်ပျောတောသည် တည်ယှိ၏။ ထိုငှက်ပျောတောမှ နှစ်လုံးမျှလောက်ကုန်သော ငှက်ပျောသီး မှည့်တို့ကို စားမိကုန်သော သူတို့သည် ဝမ်း၌ ပြည့်လွှမ်း ပင်ပန်း ကြကုန်၏။ ထိုငှက်ပျောတော၏ အခြားမဲ့၌ အိုးစရည်း အတိုင်း အရှည်မျှ ပမာဏ အသီးယှိသော ပိန္နဲတောသည် တည်ယှိ၏။ ထိုပိန္နဲတော၏ အခြားမဲ့၌ သပြေတောသည် တည်ယှိ၏။ ထိုသပြေတော၏ အခြားမဲ့၌ သရက်တောသည်တည်ယှိ၏။ ထိုသရက်တော၏ အခြားမဲ့၌ သီးပင်တောသည် တည်ယှိ၏။ အကျဉ်းအားဖြင့် ဆိုသည်ယှိသော် ထိုမန္ဒာကိနီအိုင်၌ သုံးဆောင်စားသောက်ကောင်းသည်နှင့် စပ်ယှဉ်သော အသီးမည်သည် မရှိဟူ၍ မဆိုအပ် မဆိုသင့်၊ ယှိသည်သာလျှင်တည်း။ ပန်းတို့၏ ပွင့်သောအခါ၌ လေသည် ဝတ်မှုံလုံးကို ထစေ၍ ပဒုမာရွက်တို့၌ တင်ထား၏။ ထို ဝတ်မှုံတို့၌ ရေပေါက်တို့သည် ကျကုန်၏။ ထိုနောင်မှ နေရောင်အပူရှိန် ချက်ခြင်းဖြင့် ချက်၍ ကျက်သော နို့ရည်ခဲ့ကဲ့သို့ တည်၏။ ထိုသို့တည်သော ဝတ္ထုသည် ကြာပျားရည်မည်၏။ ထိုကြာပျားရည်ကို ဆောင်ယူ၍ မထေရ်အား ပေးလှူကုန်၏။ ထိုရေအိုင်၌ ကြာစွယ် ကြာရင်းသည် ထွန်တုံးခေါင်းမျှ အတိုင်း အရှည် ယှိသည်ဖြစ်၏။ ထိုကြာစွယ် ကြာရင်းကိုလည်း ဆောင်ယူ၍ ပေးလှူ ကုန်၏။ သက်သက်သော ကြာစွယ်သည် စည်၏ အခွက်မျှ အတိုင်းအရှည် ယှိသည်ဖြစ်၏။ ထိုကြာစွယ်၏ တခုသောအဆစ်၌ အခြေယှိသော ကြာသွတ်အိုးပြည့်လောက် အတိုင်းအရှည်သော နို့ရည်ယှိသည်ဖြစ်၏။ ထိုနို့ရည်ကို ဆောင်ယူ၍ ပေးလှူကုန်၏။ ကြာရိုးတို့တို့ ပျားသကာဖြင့် ရောနှောစပ်ယှဉ်၍ ကျွေးမွေးကုန်၏။ ကြီချောင်းကိုကျောက်ဖျာအပြင်ထက်၌ တင်ထား၍ ခြေဖြင့်နင်းကုန်၏။ ထိုကြီချောင်းမှ အရည်သည့် ယိုစီးကျထွက်၍ အိုင်ငယ်တွင်းငယ်တို့ကို ပြည့်စေပြီးလျှင် နေ

ရောင်အပူရှိန်ဖြင့် ကျိုချက်၍ နို့အစိုင်အခဲကဲ့သို့ ဖြစ်၍ တည်၏။ ထို ကြံသကာခဲကို ဆောင်၍ ပေးလှူကုန်၏။ ငိန့်သီးမျည့်, ငှက်ပျောသီးမျည့်, သရက်သီးမျည့် စသည်တို့၌ စိမ်ပြုလုပ်ခြင်းကား ဆိုဘွယ်ရာ မရှိတော့ပြီ။ အလုံးစုံကို အကုန်စီရင် ပြုပြင်ယူဆောင်၍ ပေးလှူကုန်သည် သာလျှင် တည်း။ ။ကေလာသ တောင်၌ နာဂဒတ္တ အမည်ယှဉ်သော နတ်သား သည်နေ၏။ အညတကောဏ္ဍညမထေရ်သည် ဆွမ်းခံချိန်တိုင်သော အခါ၌ ထိုနာဂဒတ္တ နတ်သား၏ ဗိမာန် တံခါးဝသို့ ကြွသွားတော်မူ၏။ ထိုနတ်သားသည် ဆိဒိုး-ထောပတ်-ပျားမုံတို့နှင့် ယှဉ်သော ရေမရောသော နို့ဃနာဖြင့် သပိတ်ကို ပြည့်စေ၍ ပေးလှူ၏။ ။ထို နာဂဒတ္တ နတ်သားသည် ကဿပ မြတ်စွာဘုရား လက်ထက်တော် အခါ၌ အနှစ် နှစ်သောင်းတို့ ပတ်လုံး ကောင်းသော အနုံ့ယှဉ်သော ထောပတ်ဖြင့် နို့စာရေးတံကို ပေးလှူခဲ့ဘူး သတတ်။ ထိုသို့သော အကြောင်းကြောင့် နာဂဒတ္တ နတ်သားအား ဤသို့သော ဘောဇဉ် သည် ဖြစ်လေသတည်း။

အရှင်ကောဏ္ဍညသည် ပရိနိဗ္ဗာန်ပြုအံ့ဟု ဘုရားထံကြွခြင်း။

ဤသို့ ပြဆိုခဲ့ပြီးသော အစဉ်အတိုင်းအားဖြင့် အညာတကောဏ္ဍည မထေရ်သည် တဆယ့်နှစ်နှစ်တို့ပတ်လုံး ထိုအရပ်၌ သီတင်းသုံးနေမျှ ကော်မူ၍ မိမိ၏ အာယုသင်္ခါရကို ကြည့်ရှုတော်မူသည်ယှဉ်သော် ကုန်ခန်းသော အဖြစ်ကို သိတော်မူသောကြောင့် "အဘယ်အရပ်၌ ငါသည် ပရိနိဗ္ဗာန် ပြုရအံ့နည်း"ဟု ကြံစည်ဆင်ခြင်၍ "များစွာသော ဆင်တို့သည် ငါ့ကို တဆယ့်နှစ်နှစ်တို့ပတ်လုံး ပြုစုလုပ်ကျွေးခြင်း တို့ဖြင့် ပြုနိုင်ခဲ့သော အမှုကို ပြုအပ်ပေ၏။ မြတ်စွာဘုရားသခင်ကို လျှော်တင် နူးညှတ် အခွင့်လှတ်စေ၍ ထိုဆင်တို့၏သာလျှင် အထံ၌ ပရိနိဗ္ဗာန် ပြုတော့အံ့"ဟု နှလုံးသွင်းတော်မူပြီးလျှင် ကောင်းကင် ခရီးဖြင့် မြတ်စွာဘုရား အထံတော်သို့ ကြွလာခဲ့လေ၏။ မြတ်စွာဘုရား ထံပါး မျက်မှောက် ဝင်ရောက်ချဉ်းကပ်၍ မြတ်စွာဘုရား၏ ခြေတော်တို့၌ မိမိဦးခေါင်းဖြင့် ကျရောက် တုံ့ဝပ်၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို

ခံတွင်းဖြင့်လည်း စုပ်၏။ မိမိ၏ လက်တို့ဖြင့်လည်း အဖန်တလဲလဲ သုံးသပ်ဆုပ်နယ်၏။ ''ဘုန်းတော် အလွန်တရာ ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်ကား ကောဏ္ဍညပါတည်း။ ကောင်းသောစကားကို ဆိုတော် မူတတ်သော မြတ်စွာဘုရား၊ တပည့်တော်ကား ကောဏ္ဍညပါတည်း''ဟု အမည်ကိုလည်း ကြားလျောက်၏။

[အမည်ကို ကြားလျောက်ခြင်း အကြောင်းကား။ ။အရှင် ကောဏ္ဍညမထေရ်ကို အချို့ကုန်သောသူတို့ မှတ်မိသိပ်ကုန်၏။ အချို့ကုန်သော သူတို့ကား မမှတ်မိ မသိပ်ကုန်။ထိုသို့ဖြစ်ရာ၌ ကောဏ္ဍညမထေရ်သည် ကြီစည်တော်မူ၏။ အဘယ်သို့ ကြီစည်သနည်းဟူမူ။ ငါ့ကိုမသိကုန်သော အကြင်သူတို့သည် ''ဦးခေါင်း၌ ဖွေးဖွေးလူသော ဆံဖြူရောက်သော ဖရိုဖရဲကဲ့တဲ့ယိမ်းယိုင်သော နံရိုးပျိသော ဤသက်ကြီးအို ရဟန်းသည် အဘယ်မည်သော သူတဲ့ပေနည်း။ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားနှင့် အတူတကွ ပဋိသန္ဓေရကို ပြုလေဘိသည်'' ဟု စိတ်ကို ပြစ်မှားခြင်း ဖြစ်စေကုန်လတ္တံ့။ ထိုသူတို့သည် အပါယ်ဘုံ၌ ပြည့်ကုန်သည် ဖြစ်ကုန်လတ္တံ့။ ငါ့ကို သိပ်ကုန်သော အကြင်သူတို့သည်ကား ''တသောင်းသော စကြဝဠာ၌ မြတ်စွာဘုရားကဲ့သို့ ပေါ်လွင်ထင်ရှားသော ကြီးကျယ်မြင့်မြတ်သော သာဝက ကြီးပေတည်း''ဟု စိတ်ကိုကြည်လိုစေကုန်လတ္တံ့။ဟု ထိုသူတို့သည် နတ်ပြည်သို့ လားကပ်ကုန်သည် ဖြစ်ကုန် လတ္တံ့ဟု သတ္တဝါတို့၏ အပါယ်လမ်း ခရီးကိုပိတ်၍ နတ်ပြည် နတ်ရွာ ခရီးကို ဖွင့်လှစ်လိုသောကြောင့် အမည်ကို ကြားလျောက် လေသတည်း။

အရှင်ကောဏ္ဍညအား ဝဇီသမထေရ် ချီးကျူးခြင်း။

ထိုအခါ ဝဇီသမထေရ်အား ဤသို့သော အကြံအစည်သည် ဖြစ်၏။ အဘယ်သို့ ဖြစ်သနည်းဟူမူ။ ဤအရှင်ကောဏ္ဍညသည် ကာလရှည်ကြာစွာ အရပ်တပါး ဖဲသွားနေပြီး၍သာလျှင် အကြင်အရပ်၌ မြတ်စွာ

ဘုရား ထင်ရှား ကည့်တည့်ယှိခဲ့၏။ ထိုမြတ်စွာဘုရား ထင်ရှား တည့်ဘည့် ယှိတော်မူရာအရပ်သို့ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရား၏ ခြေတော်တို့၌ မိမိ၏ဦးခေါင်းဖြင့် ကျရောက် တုံဝပ်ပြီးသော် မြတ်စွာဘုရား၏ ခြေတော်တို့ကို မိမိ၏ ခံတွင်းဖြင့် စုပ်၏။ မိမိ၏ လက်တို့ဖြင့်လည်း ပွတ်သပ် ဆုပ်နယ်၏။ ဘုန်းတော် အလွန်တရာ ကြီးတော်မူလှ ပေသော မြတ်စွာဘုရား၊ တပည့်တော်ကား - ကောင်္ဂဉ်ညပါတည်း။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ တပည့်တော်ကား-ကောင်္ဂဉ်ညပါတည်းဟု မိမိ၏အမည်ကိုလည်း ကြားလျှောက်၏။ ငါသည် အရှင်ကောင်္ဂဉ်ညကို မြတ်စွာဘုရား မျက်မှောက်တော်၌ သင့်လျော်လျောက်ပတ် ကောင်းမြတ်သောဂါထာတို့ဖြင့် ချီမွမ်းရပါမူကား သြော်-ကောင်းလေစွ့”ဟူသော အကြံသည်ဖြစ်၏။ အကြံဖြစ်ပြီးသည့် အခြားမဲ့ဖြစ်သော ထိုအခါ၌ အရှင်ဝဂ္ဂီသသည် နေရာမှထ၍ လက်ဝဲတဘက် ပခုံးစွန်ထက် ကိုယ်ဝတ် စမ္ပယ်တင်သည့်ကိုပြု၍ အကြင် အရပ်၌ မြတ်စွာဘုရား ထင်ရှား တည်ယှိတော်မူ၏။ ထို မြတ်စွာဘုရား ယှိတော်မူရာသို့ လက်အုပ်မြှောက်ချီ ညွတ်ပြောင်းစေ၍ “ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော် ဉာဏ်အမြင် ထင်လာပါ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ တပည့်တော် ဉာဏ်အမြင် ထင်လာပါ၏”ဟူသောစကားကိုကြားလျှောက်၏။ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်က “ချစ်သား-ဝဂ္ဂီသ၊ အသင် ဉာဏ်အမြင် ထင်စေလော့”ဟု ခွင့်ပေး မိန့်ဆိုတော်မူ၏။ ထိုအခါ အရှင်ဝဂ္ဂီသသည် အရှင်ကောင်္ဂဉ်ညမထေရ်ကို မြတ်စွာဘုရား၏ မျက်မှောက်တော်၌—

ဗုဒ္ဓါနုဗုဒ္ဓေါ သော ထေရော၊ ကောဏ္ဍညော တိဗ္ဗနိဂ္ဂမော။
လာဘီ သုခဝိဟာရာနံ၊ ဝိဝေကာနံ အဘိဏှသော။ ။

ယံ သာဝကေန ပတ္တမ္ဗံ၊ သတ္ထုသာသနကာရိနာ။
သမ္ဗဿ တံ အနုပ္ပတ္တိံ၊ အပ္ပမတ္တဿ သိက္ခတော။ ။

မဟာနုဘာဝေါ တေ ဝိဇ္ဇော၊ စေတောပရိယာယ ကောဝိဒေါ။
ကောဏ္ဍညော ဗုဒ္ဓဒါယာဒေါ၊ပါဒေ ဝန္ဒတိ သတ္ထုနော။ ။

သင့်လျော် လျောက်ပတ် ကောင်းမြတ် ဖြစ်လာ ဤဂါထာတို့ဖြင့် ချီးမွမ်း ထောမနာတော်မူ၏။

ဂါထာ တို့၏ အနက်ကား။ ။ကောဏ္ဍညော၊ အန္ဒယ်စဉ်ပြ ကောဏ္ဍည အမည်တော်ယို့သော။ ယောထေရော၊ ဘုရားနှင့်မူ ဝါတူ မျှအင် အကြင်မထေရ်ကြီးသည်။ အထ္ထိ၊ဘုရားမြတ်စွာ သာသနာတော် အတွင်း၌ ထင်ထင် ရှားရှား ယို့ပေ၏။ သောထေရော၊ ကောဏ္ဍညဟု နာမခေါ်တွင် ထိုအရှင် မထေရ်ကြီးသည်။ ဗုဒ္ဓါနု ဗုဒ္ဓေါ၊ ဘုရားသို့ အစဉ်လိုက်၍ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင် တော်မူပေ၏။ တိဗ္ဗနိက္ကမော၊ အလွန်အမင်း ထန်ပြင်းသော လုံ့လယို့ တော်မူ၏။ လာဘီ၊ သမာပတ်ရှစ်တန် ဈာန်ကိုလည်း ရယို့တော်မူ၏။ သုခ ဝိဟာရာနံ၊ ဖလသမာပတ် ချဉ်းကပ်များစွာ ချမ်းသာစွာ နေလေ့ ယို့သော ပုဂ္ဂိုလ်တို့တွင်။ အဘိဏှသော၊ ဝင်စားချဉ်းကပ် မပြတ်နေလေ့ ယို့၏။ ဝိဝေကာနံ၊ ကာယဝိဝေ စထွေသုံးကြိမ် ဆိတ်ငြိမ်စွာ နေလေ့ ယို့ကုန်သော ပုဂ္ဂိုလ်တို့တွင်။ အဘိဏှသော၊ များစွာသတ်မှတ် မပြတ် ဆိတ်ငြိမ်စွာ နေလေ့ယို့၏။

သတ္ထုသာသနကာရိနာ၊ မြတ်စွာဘုရားဟောကြားပြသ ဆုံးမတိုင်း သာ လိုက်နာပြုလုပ်လေ့ယို့သော။ သာဝကေန၊ တပည့်သာဝကသည်။ ယံဓမ္မံ၊မဂ်-ဖိုလ်-နိဗ္ဗာန် သုံးတန်သော အကြင် လောကုတ္တရာတရားကို။ ပတ္တမ္ဗံ၊ ရောက်အပ်၏။ အပ္ပမတ္တဲသ၊ မမေ့မလျော့ထသော။ ဝါ၊ မမေ့ မလျော့သော အားဖြင့်။ သိက္ခတော၊ တဆင့်ကဆင့် တိုးတက် မြှင့်၍ ကျင့်တော်မူထသော။ အဿ၊သာသနာဘောင်၌ တောင်ထိပ်မီးအသွင် အလွန်လျှင် ထင်ရှားသော ထိုကောဏ္ဍည မထေရ်ကြီးအား။ တံသမ္ဗံ၊ ကြွင်းမဲ့ညဿုံ အလုံးစုံသော ထိုလောကုတ္တရာတရားသို့။ အနုပတ္တုံ၊အစဉ် တောက်လျှောက် ရောက်တော်မူပါပေ၏။

၃၉၆ ပကိဏ္ဏကဝတ္ထု။ (ဆရာတော်-အသျင်စန္ဒိမာမှု)။

မဟာနဘာဝေါ၊ကြီးကျယ်မြင့်မြတ်သော အာနုဘော်ယိုတော်မူထသော။ တဝိဇ္ဇောပု-ဒိ-အာဟု ဝိဇ္ဇာသုံးပါး ပိုထသော။ စေတောပရိယာယ၊စေဟာပရိယ အဘိညာဏ်၌။ကောဝိဒေါ၊လိမ္မာတော်မူထသော။ ဗုဒ္ဓဒါယာဒေါ၊ မြတ်စွာဘုရား၏ သားကြီးဩရသ ပဌမအနေအမွေခံ တပည့်ကြီးအစစ် ဖြစ်ထသော။ ကောဏ္ဍညော၊ အနွယ်စဉ်ပြကောဏ္ဍညမည်သော မထေရ်ကြီးသည်။ သတ္တုနော၊ ဆရာတဆူ ဖြစ်တော်မူသော မြတ်စွာဘုရား၏။ ပါဒေ၊ ကြာကြက်သရေ တက်ဝေခိုလုံခြေတော်စုံတို့ကို။ ဝန္ဒတိ၊ မရက်မစက် ပွေ့ဘက်ညွတ်လျှိုး ရှိခိုးလေ၏။ ဤကား ဂါထာတို့အနက်။

အရှင်ဝဂီသမထေရ် သိကုံးရွတ်ဆိုအပ်သော ဂါထာ၏ အဆုံး၌ များစွာသော ပရိသတ်အပေါင်းသည် လာရောက်စုဝေးထိုင်နေ၏။

အရှင်ကောဏ္ဍညမထေရ် မန္တာကိန်ရေကန်၌ပရိန်ဗာန် စံခြင်း။

များစွာထူထပ် ပရိသတ်၏ ချဉ်းကပ်ထိုင်နေသော အဖြစ်ကိုသိတော်မူ၍ ကောဏ္ဍညမထေရ်သည် မြတ်စွာဘုရားနှင့် အတူဘက္ခ ပဋိသန္ဓာရကိုပြုပြီးသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ တပည့်တော်၏ အာယုသင်္ခါရသည် ကုန်ဆုံးခဲ့ပြီ။ တပည့်တော်သည် ပရိနိဗ္ဗာန်ပြုပါတော့အံ့" ဟု လျှောက်ကြားတောင်းပန် ပရိနိဗ္ဗာန်ပြုရန်ကာလကို ခွင့်ပြုစေ၏။ ချစ်သားကောဏ္ဍည။အသင်သည် အဘယ်အရပ်ဌာန၌ပရိနိဗ္ဗာန် ပြုလတ္တံ့နည်း" ဟု မြတ်စွာဘုရားက မေးသဖြင့် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်အား လုပ်ကျွေးပြုစုကြကုန်သော ဆင်တို့သည် ပြုနိုင်ခဲလှသောအမှုကို ပြုစုပါပေ၏။ ထိုဆင်တို့၏ အထံ၌ ပရိနိဗ္ဗာန် ပြုပါအံ့" ဟု ကြားလျှောက်၏။ မြတ်စွာဘုရားသခင်သည် အပြစ်တင်ဘွယ် နှစ်သွယ်သော လမ်းကြောင်းကို ကောင်းစွာရှောင်လွှဲသောအားဖြင့် စကားမဆို အလိုလို ဆိတ်ငြိမ်စွာ သီတင်းသုံးသော အမှုဖြင့် ခွင့်ပြုတော်မူ၏။ ကောဏ္ဍညမထေရ်သည် မြတ်စွာဘုရားသခင်ကို လက်ျာရစ်လှည့်သည်ကိုပြု၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မိဂဒါဝုန်ရဂုံမြို့ခင်ခွင်သို့ အရှင်မြတ်စွာ ကရဏာ

ရှေတင်လျက် ကြွဝင်တော်မူလာသော ရှေးအခါ အရှင်မြတ်စွာဘုရား ကို တပည့်တော် ဖူးမြင်ရခြင်းသည် ရှေးဦးစွာ ဖူးမြင်ရခြင်း ပါတည်း။ ဤယခုပင် ဘုရားရှင်ကို ဖူးမြင်ရခြင်းကား အဆုံးစွန် ဖူးမြင်ရခြင်းပါ ဘုရား''ဟု လျှောက်ကြား လိုက်သည်ယိုသော် စည်းဝေးပြည့်ကျပ် ပရိသတ်တို့တွင် အနာဂါမ် ရဟန္တာတို့ကိုထား၍ ထိုမှတပါး ကြွင်းကုန် သောသူတို့တွင် မည်သူ တဦးတယောက်မျှ မဖေါက်မပြန် မြဲမြံခိုင်ခံ့ ကည်တံ့ခြင်းငှါ မစွမ်းနိုင်ဘဲ ပြင်းစွာပူဆွေး ငိုကြွေး မြည်တမ်းစဉ်ပင် လျှင် ဘုရားရှင်ကို ရှိခိုး၍ ကျောင်းတော်မှ ထွက်ကြွ တံခါးမှခဝဋ်ရပ် တည်လျက်....

မာ သောစိတ္ထ,မာ ပရိဒေဝိတ္ထ,ဗုဒ္ဓါ ဝါဟောန္တု၊
ဗုဒ္ဓသာဝကာ ဝါ၊ဥပ္ပန္နာ သန်ါရာ အာဘိဇ္ဇနကာနာမနတ္ထိ။

ဤသို့ အစယိုသောပါဌ်ဖြင့် လူများအပေါင်းကို အဆုံးအမသြဝါဒ ပေးတော်မူ၏။

ထိုပါဌ်၏ အနက်ကား။ ။ဘောန္တော၊အို-ပရိသတ်အပေါင်းတို့။ မာသောစိတ္ထ။မစိုးရိမ်မကြောင့်ကြကုန်လင့်။မာ ပရိဒေဝိတ္ထ၊ ဟစ်အော်ပူဆွေး မငိုကြွေး မမြည်တမ်းကြကုန်လင့်။ဗုဒ္ဓါဝါ၊ ဘုရားရှင်တို့သည်မူ သည်လည်း။ ဟောန္တု၊ ဖြစ်ပစေကုန်။ ဗုဒ္ဓသာဝကာဝါ၊ ဘုရားဆုံးမ သြဝါဒဖြင့် တပည့်ဖြစ်ကြကုန်သော သာဝက တို့သည် မူလည်း။ ဟောန္တု၊ ဖြစ်ပစေကုန်။ ဥပ္ပန္နာ၊ အာသစ်အသစ်ဖြစ်ပေါ်လာကုန်သော။ သန်ါရာ၊ လေးပါးအကြောင်း စုပေါင်းပြုပြင် သန်ါရ တရားတို့သည်။ အာဘိဇ္ဇနကာနာမ။မပျက်မစီးကုန်သောမည်သည်။ နတ္ထိ-နသန္တိ၊ မရှိနိုင်ကုန်။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။အို-ပရိသတ်အပေါင်းတို့၊မစိုးရိမ် မကြောင့်ကြကုန်လင့်။ ဟစ်အော်ပူဆွေး မငိုကြွေး မမြည်တမ်းကြကုန်လင့်။ ဘုံသုံးပါးဌ်အတုမရှိသော ဘုရားရှင်ကိုယ်တော်မြတ်တို့မူလည်း ဖြစ်ပစေကုန်၊ ဘုရားဆုံးမ သြဝါဒဖြင့် တပည့်ဖြစ်ကြကုန်သော သာဝကတို့သည်မူလည်း ဖြစ်ပစေကုန်။ အသစ်အသစ် ဖြစ်ပေါ်လာကုန်သော လေးပါး

သောအကြောင်း စုပေါင်းပြုပြင် သင်္ခါရတရားတို့သည် မပျက်မစီးကုန်သော မည်သည် မရှိနိုင်ကုန်။ ပျက်စီးကုန်သည်သာလျှင်တည်းဟု စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းသူ လူအပေါင်းကို ကောင်းစွာဆုံးမ ဩဝါဒပေးတော်မူ၍ လူများအပေါင်း၏ ဦးခေါင်းညွှတ်ပြု ကြည့်ရှုစဉ်ပင်လျှင် ကောင်းကင်သို့ တက်ကြွတော်မူ၍ မန္ဒာကိနီ အိုင်ကမ်း၌ သက်ဆင်းပြီးသော် ရေကန်၌ရေသုံးသပ်တော်မူ၍ သင်းပိုင်ကိုယ်ဝတ်ကို လဲလှယ်ပြင်ဝတ်လျက် အပေါ်ရုံသက်နှင်းကို ဆင်မြန်းဝတ်ရုံပြီးကာ ကျောင်းအိပ်ရာနေရာကို သိုမှီးသိမ်းဆည်းတော်မူ၍ ဖလသမာပတ်ဖြင့် ညဉ့်သုံးယာမ်တို့ကို လွန်စေ၍ အားကြီးသော မိုးသောက်ယာမ် အခါ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။

အရှင်ကောလ္လည အလောင်းတော်ကို ဆင်အပေါင်းတို့ ပူဇော်ခြင်း။

ကောလ္လည်မထေရ်၏ ပရိနိဗ္ဗာန် ပြုတော်မူသည်နှင့် တကွနက်ဖြစ်သောအခါ ဟိမဝန္တာ၌ အလုံးစုံသော သစ်ပင်တို့သည် အပွင့်အသီးတို့ဖြင့် တပြိုင်နက်တည်း ပွင့်ကုန်သီးကုန်သည်ဖြစ်၍ ညွှတ်ခြင်းယိမ်းလွှဲခြင်းတို့ ဖြစ်ကုန်၏။အလှည့်ကျ စောင့်ရှောက် လုပ်ကျွေးပြုစုသော ဆင်သည်မထေရ်၏ ပရိနိဗ္ဗာန်ပြုသောအဖြစ်ကို မသိသောကြောင့် နံနက်စောစောကသာလျှင် မျက်နှာသစ်ရေကို လည်းကောင်း, စားသုံးရန် တံပူကိုလည်းကောင်း အနီးတည်ထား ရှည်လျားကာလ ပြုခဲ့သမျှသောဝတ်ကို မချွတ် မယွင်းအောင် ရွက်ဆောင်ပြုလုပ်၍ ခဲဘွယ် သုံးဘွယ်သစ်သီး တို့ကို ဆောင်ယူခဲ့ပြီးသော် စကြီစွန်း၌ စုပုံချထား၍ တည်နေ၏။အလုပ်အကျွေးဖြစ်သော ထိုဆင်သည် နေဝန်းပေါ်တက် ထွက်လာသည် တိုင်အောင် မထေရ်၏ ကျောင်းတွင်းမှ ထွက်ကြွတော်မူခြင်းကို မမြင်သောကြောင့် ''ထိုအမှုကား အကြောင်းအသို့ပေနည်း။ ရှေးရှေးသောအခါ၌ အရှင်မြတ်သည် နံနက်စောစော ကသာလျှင် စကြီကြွတော်မူ၏။ မျက်နှာတော်ရေ သုံးသပ်တော်မူ၏။ယနေ့မူကား သစ်ရွက်မိုးသော စရပ်ကျောင်း အတွင်းမှလည်း ထွက်ကြွတော် မမူလေ''ဟု

ကြီစည်ပြီးလျှင် ကျောင်းတံခါးကို ဖွင့်လှစ်၍ ကြည့်ရှုသည်ယိုသော် ထိုင်နေသည်သာလျှင်ဖြစ်သော မထေရ်ကိုမြင်၍ ရှေလက်ကို ဆန့်တန်းသုံးသပ်၍ ထွက်သက် ဝင်သက်တို့ကို ရှာမှီးစူးစမ်းလျက် ထိုထွက်သက် ဝင်သက်တို့ မဖြစ်မပေါ်လာသော အဖြစ်ကို သိ၍ မထေရ်အရှင်မြတ်သည် ပရိနိဗ္ဗာန် ပြုလေပြီဟူသော အထိမ်းအမှတ်ဖြင့် နှာမောင်းကို ခံတွင်း၌ ထည့်သွင်းပြီးသော် ကြီးစွာသော ကျူးရင့် အော်မြည်ခြင်းကို ကျူးရင့်အော်မြည်လေ၏။ အလုံးစုံသော ဟိမဝန္တာ တောကြီးသည် တပြိုင်နက်တည်းသော ပဲ့တင်သံဖြစ်လေ၏။ ရှစ်ထောင်မျှလောက် ကုန်သော ဆင်တို့သည် စုရုံးစည်းဝေးရ၍ မထေရ်၏ အလောင်းတော်ကို အကြီးအမှူးဖြစ်သော ဆင်၏ဦးကင်းထက်၌ ထိုင်လျက်ပင် တည်နေစေ၍ ကောင်းစွာပွင့်ကုန်သော သစ်ပင်တို့မှ ပန်းခက်တို့ကို ယူကုန်လျက် ဝန်းရံ ပူဇော်ကုန်ပြီးလျှင် အလုံးစုံသော ဟိမဝန္တာတောကို လှည့်လည်၌ မိမိတို့နေရာသာလျှင် ပြန်လာကုန်၏။

အရှင်ကောဏ္ဍည အလောင်းကို သိကြား၊ နတ်၊ ဗြဟ္မာ အပေါင်းတို့ ပူဇော်ကြခြင်း။

နတ်များအပေါင်းကို အစိုးရတော်မူသော သိကြားမင်းသည် ဝိသုကြံနတ်သားကို ခေါ်တော်မူ၍ "အမောင်နတ်သား၊ ငါတို့၏ နောင်တော်ကြီး အစစ်ဖြစ်တော်မူသော ကောဏ္ဍည မထေရ်သည် ပရိနိဗ္ဗာန် ပြုတော်မူ၏။ ပူဇော်သက္ကာရကို ပြုကုန်အံ့။ ကိုးယူဇနာယိုသော အလုံးစုံသော ရတနာတို့ဖြင့် တခဲနက်ပြီးသော အထွတ်တပ်သော ပြာသာဒ်ကျောင်းဆောင်ကို ဖန်ဆင်းလေလော့" ဟု မိန့်ဆို ခိုင်းစေတော်မူ၏။ ဝိသုကြံ နတ်သားသည် သိကြားမင်း မိန့်ဆိုခိုင်းစေသည့် အတိုင်း ဖန်ဆင်းပြုလုပ်၍ မထေရ်၏ ရုပ်အလောင်းတော်ကို ထိုပြာသာဒ် ကျောင်းဆောင်၌ လျောင်းအိပ် စေ၍ အလုပ်အကျွေးဆင်တို့ကို ပေးသနားတော်မူ၏။ ထိုဆင်တို့သည် အလောင်းတော်တင် ပြာသာဒ် ကျောင်းဆောင်ကို မြောက်ပင့်မကြကုန်၍ ယူဇနာ သုံးထောင်ယိုသော ဟိမဝန္တာတောကို အဖန်ဖန် အထပ်ထပ် လှည့်ပတ်ကြကုန်၏။ ထိုဆင်တို့၏

လက်မှ အာကာသဌ္ဌ နတ်တို့သည် ယူဆောင်၍ သူတော်ကောင်းတို့ကစားမြွေးတူး ခြင်းဖြင့် ပူဇော်ချီးကျူးမြွေးတူးကစားကုန်၏။ထိုနောက်မှ ဝဿဝလာဟကနတ်၊ သိတဝလာဟကနတ်၊ ဥဏ္ဏဝလာဟကနတ်၊ စတုမဟာရာဇ်နတ်၊ တာဝတိံသာ နတ်တို့အားဖြင့် အစဉ်အတိုင်း အဆင့်ဆင့်ဖြစ်သော နတ်တို့သည် တဦးမှတဦး ပြောင်းကူးပင့်ယူကာ ဖြဟ္မာပြည်တိုင်အောင် အထွတ်တပ်သောပြာသာဒ် ကျောင်းဆောင်သည် တက်သွားလေ၏။ ထိုနောက်မှတဖန် ဖြဟ္မာတို့သည် နတ်တို့အား ပြန်ပေးသဖြင့် တဆင့်တဆင့် အောက်သို့ သက်လျှော၍ ပေးခဲ့ရာ အစဉ် အတိုင်းအားဖြင့် ဆင်တို့အားသာလျှင် ပေးပြန် ကုန်၏။ တယောက်တယောက်သော နတ်သည် လက်လေးသစ်မျှ ပမာဏယို သော စန္ဒကူးနှံသာ ထင်းကိုဆောင်ယူ၏။ စန္ဒကူးနှံသာထင်းပုံသည် ကိုးယူဇနာယိသည်ဖြစ်၏။ပြာသာဒ် ကျောင်းဆောင်ကို ထင်းပုံထက်သို့ တင်ကုန်၏။

အရှင်ကောဏ္ဍညာ၏ ဓာတ်တော်တို့ကို ဘုရားကိုယ်တော်တိုင် စေတီ၌ ထာပနာတော်မူခြင်း။

ငါးရာကုန်သော ရဟန်းတော်သခင် အရှင်မြတ်တို့သည် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူ၍ အလုံးစုံသော ညဉ့်ပတ်လုံး သရဇ္ဈာယ်ကြကုန်၏။ အရှင်အနုရုဒ္ဓါ မထေရ်သည် တရားစကားကို ဟောကြားတော်မူ၏။ မျှားစွာကုန်သော နတ်တို့အား လေးပါးသစ္စာ ကောင်းစွာသိမြင်၍ အကျွတ်တရားကို ရသည်ဖြစ်ပေ၏။တဖန် မိုးသောက် ရောက်သောနေ့ဖြစ်သော နေ့အရဏ်တ ကလာသော အခါ၌သာလျှင် မိုးစွဲလောင်ရာ နံ့သာစန္ဒကူး ထင်းပုံကို မိုးငြိမ်းစေ၍ မြတ်လေးငုံ အဆင်းယိုကုန်သော ဓါတ်တော်တို့ကို ရေစစ်၌ ပြည့်စေသွင်းလျှောင်ယူဆောင်ခဲ့၍ မြတ်စွာဘုရားသခင်သည် ထွက်ကြွတော်မူ၍ ဝေဠုဝန်ကျောင်းတော် တံခါမုခ်ရောက်တော် မူသည်ယိုသော် ယူဆောင်လာသော ဓာတ်တော်ကို မြတ်စွာဘုရား၏ လက်တော်၌ တင်ထားကြ ကုန်၏။ မြတ်စွာဘုရားသည် ဓာတ်တော် ရေစစ်ကို ကိုင်ယူတော်မူ၍ မြေကြီး၌

လက်တော် ဆန့်တန်းတော်မှ မူလိုက်၏။ မြေကြီးအပြင်ကို ဖေါက်ခွဲ၍ ငွေရေကျိုသော အခါအပွက်အဖေါင်းနှင့်တူသော စေတီတော်သည် ထွက်ပေါ်လာ၏။ မြတ်စွာဘုရားသည် မိမိ၏ လက်တော်ဖြင့် ကိုယ်တော်တိုင် စေတီဘွဲ့ခတ်တော်တို့ကို သိမ်းထာပနာ တော်မူ၏။ ယနေ့ထက်တိုင်လည်း ထိုအရှင်ကောလ္ဍာညမထေရ်၏ခတ်တော် ထာပနာရာ စေတီတော်သည် အထင်အရှား ယိုသည်သာလျှင်တည်း။

[ဤဝတ္ထုဘွဲ့ အစမှစ၍ ကောလ္ဍာည မထေရ် ဇာဒဂ်ရသည် တိုင်အောင်သော စကားသည် ဧကနိပါတ် အဂုံတို့၏ အဋ္ဌကထာဘွဲ့ လာယိုတိုင်းပေတည်း။ ၎င်းနောက် ပြီးဆုံးသည် တိုင်အောင်သော စကားရပ်သည် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် အဋ္ဌကထာတို့ဘွဲ့ လာယိုကိုင်းပေဟုတည်း။ ။ဤကား အနက်]။

ပကိဏ္ဏကဝတ္ထုဘွဲ့ ရှေးဦးစွာသော အရှင်ကောလ္ဍာည်မထေရ်၏ ဝတ္ထု၊ စကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

အရှင်ကောလ္ဍာည်မထေရ် နှမတော် မန္တာဏီပုဏ္ဏားမ၏သား ၂-အရှင်ပုဏ္ဏ မထေရ်ဝတ္ထု။

အရှင်ပုဏ္ဏမထေရ်ကား ဤကမ္ဘာမှ ပြန်ကာရောက်သည် ယိုသော် အထက်ကပ် တသိန်းမြောက်အကျဉ်၌ ပဒုမုတ္တရ မြတ်စွာဘုရားထင်ရှား ဖြစ်တော်မူသည်မှ ရှေးအလွန်ကဲသော ကာလ၌သာလျှင် ဟံသာဝတီမြို့ တော်ကြီး၌ စည်းစိမ်ချမ်းသာ လွန်စွာကြွယ်ဝသော ဗြာဟ္မဏမဟာသာလအမျိုး၌ ဖြစ်လေ၏။ ထိုသူငယ်၏အမည်ကို မှည့်ယူအံ့သောနေ့၌ ဂေါတမ ဟူသောအမည်ကို မှည့်ခေါ်ခြင်းကို ပြုကုန်၏။ ထိုဂေါတမ သူငယ်သည် အရွယ်သို့ ရောက်လာသောအခါ သုံးပုံကုန်သော ဗေဒင်တို့ကို သင်ယူ၍ အလုံးစုံသော အတတ်တို့၌ သိမှတ်လိမ္မာသည်ဖြစ်၍ ငါးရာသော တပည့်လုလင် ခြံရုံလိုက်ပါ ကောင်းစွာ လှည့်လည်လျက် သုံးပုံသော ဗေဒင်တို့ကို ဆင်ခြင်ကြည့်ရှုသည် ယိုသော် ထွက်မြောက်

ရာဖြစ်သော တရားကို မတွေ့ မမြင်သောကြောင့် "ဤသုံး ပုံလုံး အပေါင်းဖြစ်သော ဗေဒင်မည်သည်ကား ၎က်ပျောတုံးကဲ့သို့ ပြင်ပ၌ ချောမောပြေပြစ်သန့်ရှင်း၍ အတွင်း၌ အနှစ်သာရ မရှိ။ သုံးပုံမည်တွင် ဤဗေဒင်ကိုယူ၍ မာန်မူလှည့်လည်ခြင်းသည် ဖွဲ့ပုံဖွဲ့စုကို ထောင်းထုပြာ ဖွပ်၍နေသည်နှင့် တူသည်ဖြစ်ပေ၏။ အကာသာထင် အနှစ်စင်သော ဤဗေဒင်ဖြင့် အဘယ်အကျိုး ယှိပါအံ့နည်း။ ရသေ့ရဟန်း အဖြစ်ကို အားသစ်ကြိုးစွမ်း ရသေ့ရဟန်းပြု၍ ဗြဟ္မဝိဟာရ တရားတို့ကို ပွားများ အားသစ် ဖြစ်စေပြီးသော် သင့်လျော်ရကုတ် မယုတ်မလျော့သော ဈာန်ယှိသည် ဖြစ်၍ ဗြဟ္မာပြည်သို့ လားကပ်ဖြစ် ရောက်ပေတော့အံ့" ဟု ကြံစည်ပြီးလျှင် တပည့်လုလင် ငါးရာတို့နှင့် အတူတကွ တောင် ခြေရင်းသို့ ထွက်သွားကြ၍ ရသေ့ရဟန်း အဖြစ် အားသစ်ကြိုးပမ်း ရသေ့ရဟန်း ပြုလေ၏။ ထိုဂေါတမ ရသေ့၏ အခြံအရံဖြစ်ကုန်သော တသောင်းရှစ်ထောင် ကုန်သော ရသေ့တို့သည်ဖြစ်ကုန်၏။ထိုဂေါတမ ရသေ့သည် ငါးပါး ကုန်သော အဘိညာ့ရှစ်ပါးကုန်သော သမာ ပတ်တို့ကို ဖြစ်စေ၍ အခြံအရံ တပည့် ဖြစ်ကုန်သော ထိုရသေ့တို့အား ကသိုဏ်းပရိကမ်ကို စီမံ ပြောကြားပေ၏။ ထိုဂေါတမ ရသေ့၏ အဆုံး အမသြဝါဒ၌တည်၍ အလုံးစုံလည်း ဖြစ်ကုန်သော ထိုရသေ့တို့သည် ငါးပါးကုန်သော အဘိညာ့ရှစ်ပါးကုန်သော သမာပတ်တို့ကို ဖြစ်စေ ကြကုန်၏။

အရှင်ပုဏ္ဏမထေရ်အလောင်းထံပဒုမုတ္တရဘုရားကြွတော်မူခြင်း။

ရှည်စွာသော ကာလအဓွန့်ကို လွန်မြောက်သည်ယှိသော် ဂေါတမ ရသေ့၏ အိုမင်းကြီးရင့်သော အရွယ်သို့ ရောက်သောအခါ၌ ပဒုမုတ္တရ မြတ်စွာဘုရားသည်ရှေးဦးစွာ သစ္စာလေးပါး ဝိုင်းခြားသိမြင် သဗ္ဗညုတ ဘုရားရှင် အဖြစ်သို့ ရောက်တော်မူ၍ လည်စေအပ်သော မြတ်သော ဓမ္မစကြာယှိသည်ဖြစ်၍ ရဟန်းတော်တသိန်းခြံရံလျက် ဟံသာဝတီပြည် ကို အမှီပြု၍ သီတင်းသုံး စံနေတော်မူ၏။ ထိုမြတ်စွာဘုရား သခင်သည် တနေ့သောအခါ ဖြစ်သော မိုးသောက်ယာမ်၌ လောကကို ကြည့်ရှု

တော်မူသည် ယိုသော် ဂေါတမ ရသေ့၏ ဝန်းလှည့်ရုံပတ် ပရိသတ်၏ အရဟတ္တဖိုလ် တက်ခိုရောက်ကောင်း အကြောင်း ဥပနိသယ ပြည့်ဝသည်ကို မြင်တော်မူသောကြောင့်လည်းကောင်း၊ ဂေါတမ ရသေ့၏ လည်း အကျွန်ုပ်သည် လာလတ္တံ့သော နောင်အခါ၌ ဖြစ်ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရား၏ ဆုံးမ ဩဝါ သာသနာတော်၌ ဓမ္မကထိက ရဟန်းတို့တွင် အထွတ် အမြတ် ဖြစ်ရပါလို၏ဟု ဆုတောင်းပတ္ထနာ ပြုလတ္တံ့သည့် အဖြစ်ကို မြင်တော် မူသောကြောင့် လည်းကောင်း၊ နံနက်စောစောက သာလျှင် ကိုယ်လက်သန့်စင် သုဓိသင်ခြင်းကို ပြုတော်မူ၍ မိမိ၏ သပိတ် သင်္ကန်းကို ကိုယ်တော်တိုင်သာလျှင် ယူငင်တော် မူပြီးသော် မထင် မရှားသော အသွင်ဖြင့် ဂေါတမ ရသေ့၏ အတွင်းနေ တပည့်တို့သည် ကောင်း ဖြစ်သော စားကောင်း ဘွယ်စစ် အမြစ် အဖု သစ်သီး ကြီးငယ်တို့ကို သယ်ငင် ယူဆောင်ခြင်း အကျိုးငှါ သွားကြကုန်သည်ယိုသော် ဂေါတမရသေ့၏ သစ်ရွက်မိုးသော စရပ်သစ်မိုးတံခါး၌ ရပ်တည်တော်မူ၏။ ဂေါတမရသေ့သည် ဘုရားရှင်တို့ ပွင့်ထွန်း ဖြစ်ပေါ် လာသော အဖြစ်ကို စင်စစ် ဧကန် အမှန်မသိသော်လည်း အဝေးမှသာလျှင် မြတ်စွာဘုရားသခင်ကို မြင်၍ "ဤယောကျ်ားကား လောကကြီးမှ လွတ်မြောက်သည် ဖြစ်၍ ထင်၏။ ဤယောကျ်ားမြတ်လျောက်ပတ်သိပ်သည်း ကိုယ်၏ပြီးခြင်းကဲ့သို့အကြွင်သို့သောအခြင်းအရာလက္ခဏာကြီးငယ်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အိမ်ယာ၌နှောင် လူ့ဘောင်အလယ်၌ တည်နေခဲ့သည်ယိုသော် လေးကျွန်းလုံးကို အစိုးရတော်မူသော စကြာမင်းစစ် ဖြစ်သင့်ပေ၏။ အိမ်ယာ၌နှောင် လူတို့ဘောင်မှ ခွါရှောင်ထွက်မြန်း ရဟန်းပြုခဲ့ပါမူကား ဝဋ်မြစ်ကင်းပြတ်သော သမ္မာသမ္ဗုဒ္ဓ ဘုရား ဖြစ်သင့်ပေ၏"ဟု သိသောကြောင့် ရှေးဦး တွေ့မြင်ခြင်းဖြင့်သာလျှင် မြတ်စွာ ဘုရားသခင်ကို ကြည်လင်နှစ်မြို့ ရိုသေစွာရှိခိုး၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ခန္ဓာဝေလျောက်ပတ် ဤအရပ်မှ ချဉ်းကပ် ကြွလာတော်မူပါကုန်လော့"ဟု လျောက်ထားပြီးကာ ဘုရားရှင်နေရာတော်ကို သင့်လျော်စွာ ဖြန့်ခင်း၍ပေး၏။ မြတ်စွာဘုရား သခင်သည် ထိုဂေါတမ

ရသေ့အား တရားစကားဟောကြားတော်မူလျက် ထိုင်နေသီတင်းသုံးတော်မူ၏။ ထိုအခါကာလ၌ တပည့်ဖြစ်ကုန်သော ရသေ့တို့သည် ''မွန်မြတ်သည်ထက် မွန်မြတ်သော တောရပြစ်မှု အဖုအမြစ် သစ်သီးကြီးငယ်ကို ဆရာဖြစ်သော ရသေ့သူမြတ်အား ပေးပို့၍ အကြင်း အကျန် လျော်ကန်သင့်ယှဉ်သည်ကို မိမိတို့စားကုန်အံ့'' ဟူသော အမှတ်ဖြင့် ချဉ်းကပ်ဦးမူ ရှေးရှု။ လာကုန်သည်ယှိသော် မြင့်မြတ်သော နေရာ အရပ်၌ ကပ်ရောက်ရှင်ပြီး သီတင်းသုံး နေထိုင်တော်မူသော မြတ်စွာ ဘုရားကို လည်းကောင်း၊ ယုတ်နိမ့်သောနေရာ၌ ကောင်းစွာနေထိုင်သော မိမိတို့ဆရာရသေ့ကိုလည်းကောင်း၊ တွေ့မြင်ကြကုန်၍ ''အိုငါ့ရှင်တို့၊ မြင့်မြတ်သော နေရာပလ္လင်၌ မျှရှင်နှလုံး သီတင်းသုံးထိုင်နေသော ဤသူမြတ်ကို ကြည့်ရှုကြပါကုန်လော့။ငါတို့သည် ဤလောက၌ ငါတို့၏ဆရာဆက် မြင့်မြတ်သောပုဂ္ဂိုလ်မည်သည် မရှိခဲ့ဟု အောက်မေ့ မှတ်ထင်ပြီးသည်ကာလ လွှဲလွှဲခဲ့ကြကုန်၏။ ဤယခုအခါ၌ကား ငါတို့၏ ဆရာကို ယုတ်နိမ့်သော နေရာ၌ ထိုင်နေစေ၍ မြင့်မြတ်သောနေရာ၌ သီတင်းသုံး ထိုင်နေသော ပြိုင်ဘက်ကင်းမြောက် တယောက်တည်းတည်းသော ပုဂ္ဂိုလ်သည် ထင်ရှားခဲ့၏။ ဤသူကား အလွန် ကြီးကျယ် မြင့်မြတ်သော ယောကျ်ားမြတ် ဖြစ်ပေလတ္တံ့ဟု ပြောဆိုပြီးကာ ခြင်းတောင်းတို့ကို ဆွဲငင်ယူဆောင်၍ ရှေးရှုလာကုန်၏။ ဝေါတမရသေ့သည် ငါ၏ တပည့်ဖြစ်ကုန်သော ဤသူတို့ကား မြတ်စွာဘုရား၏ ထံပါး မျက်မှောက်၌ ငါ့ကိုရှိခိုးမူလည်း ရှိခိုးကုန်ရာ၏ဟု ရှဲကြောက်သော့ကြောင့် အဝေးမှသာလျှင် လှမ်းလင့်၍ ''အမောင်တပည့်တို့။ ငါ့ကိုရှိမခိုးကြကုန်လင့်။ နတ်နှင့်တကွသော လူ့ပြည်၌ ပြိုင်တူမအပ် မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်,လူ,ဗြဟ္မာ ဘဝတွေ့ငါဘဲသုံ အလုံးစုံတို့၏ ကြည်ယုံမြတ်နိုးရှိခိုးခြင်းထိုက်ဟော်မူသော ယောကျ်ားမြတ်စစ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤနေရာဌာန၌ နေမျှတော်မူပေ၏။ ထိုမြတ်စွာဘုရားကို ဝပ်တွားရိုကျိုး အသင်တို့ ရှိခိုးကြကုန်လော့'' ဟု ပြောဆို၏။ ရသေ့တို့သည် ''ငါတို့၏ ဆရာကား ဟုတ်ကိုင်းမှန်ရာ သေချာစွာ မသိမူ၍ မပြောဆိုပေ'' ဟု ကြံစည်၍ အလုံးစုံသောရသေ့တို့သည် မြတ်စွာဘုရား

၏ ခြေကော်တို့ကို ရှိခိုးကြကုန်၏။ "အမောင်တပည့်တို့၊ မြတ်စွာဘုရားအား လှူဒါန်းဘွယ်ဖြစ်သော သစ်မြစ်-သစ်ဖုံ-သစ်သီးကြီးငယ်မှ တပါးသောဘောဇဉ်သည် ငါတို့အား မရှိ။ ဤတောင်ခြေဖြစ်သော သစ်မြစ်-သစ်ဖုံ-သစ်သီး ကြီးငယ်ကို ပေးလှူကြကုန်အံ့" ဟု ပြောဆိုတိုင်ပင်၍ မွန်မြတ်သည်ထက် မွန်မြတ်သော သစ်မြစ်-သစ်ဖုံ-သစ်သီး ကြီးငယ်ကို ဘုရားရှင်တို့၏ သပိတ်၌ လောင်းလှူ တည်ထားစေ၏။ မြတ်စွာဘုရားသည် တောင်ခြေဖြစ်သော သစ်မြစ်-သစ်ဖုံ-သစ်သီး ကြီးငယ်ကို ဘုဉ်းပေးသုံးဆောင်တော်မူ၏။ မြတ်စွာဘုရား ဘုဉ်းပေးသုံးဆောင်တော် မူပြီးသည်၏ အခြားမဲ့၌ ဂေါတမရသွေ့သည်လည်း အတွင်းနေ တပည့်တို့နှင့် အတူတကွ သုံးဆောင်စားသောက်၏။

ဘရှင်ပုဏ္ဏာ မထေရ်အလောင်း ပန်းနေရာ ရှာဒါန်းခြင်း။

မြတ်စွာ ဘုရားသည် ဆွမ်း ဘုဉ်းပေးခြင်း ကိစ္စကို ပြီးတော်မူပြီး၍ "နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည် ရဟန်းတထောင်ကို ခေါ်ယူ၍ လာရောက်စေကုန်သတည်း" ဟု ကြုံစည်တော်မူ၏။ ထိုခဏ၌ အဂ္ဂသာဝကဖြစ်သော မဟာဒေဝိလ မထေရ်သည် "မြတ်စွာဘုရားသည် အဘယ် အရပ်သို့ ကြွသွားတော် မူလေသနည်း" ဟု ဆင်ခြင်တော်မူသည်ယိုသော် မြတ်စွာဘုရားသည် ငါတို့၏လာရောက်ခြင်းကို တောင့်တတော်မူ၏ဟု သိတော်မူသောကြောင့် ရဟန်းတထောင်ကို ခေါ်ယူ၍ မြတ်စွာဘုရား၏ ထံတော်မှောက်သို့ သွားရောက်ညွတ်လျိုး ရှိခိုးဦးချပြီးလျှင် လက်အုပ်ချီမိုး ရှိခိုးလျက် တည်နေ၏။ ဂေါတမ ရသွေ့သည် အတွင်းနေ တပည့်တို့ကို "အမောင်တို့၊ ငါတို့အား တပါးသောပူဇော်ဘွယ်သည် မရှိခဲ့။ ရဟန်းတော် အပေါင်းသည် ငြိုငြင် ဆင်းရဲသဖြင့် တည်နေတော်မူရ၏။ ဘုရားအမှူးယိုသော ရဟန်းတော်အပေါင်းအား ပန်းမွေ့ရာတည်းဟူသော နေရာကို ခင်းကုန်အံ့။ ရေ၌ကုန်း၌ဖြစ်ကုန်သော ပန်းတို့ကို ဆောင်ယူကြကုန် လော့" ဟု ပြောဆို ခိုင်းစေတော်မူ၏။ ထိုရသွေ့တို့သည် တောင်ခြေရင်းမှ အဆင်း အနံ့နှင့် ပြည့်စုံကုန်သော ပန်းတို့ကို တန်ခိုးဖြင့် ဆောင်ယူကုန်၍ ဘုရားရှင်တို့အား တယူ

ဇနာအတိုင်းအရှည်ယှဉ်သော ပန်းနေရာကို ခင်းစေကုန်၏။ နှစ်ဦးကုန်သော အဂ္ဂသာဝကတို့အား သုံးဂါဝုတ် အတိုင်းအရှည်ယှဉ်သော ပန်းနေရာကို၊ ကြွင်းကုန်သော ရဟန်းတော်တို့အား ယူဇနာဝဂ် အတိုင်းအရှည်ယှဉ်သော ပန်းနေရာကို ခင်းထားကုန်၏။ သံဃာတော်အပေါင်းတွင် အငယ်ဆုံးဖြစ်သော သင်္ဃာတော်၏ ပန်းနေရာသည် တဥသဘမျှ အတိုင်းအရှည်ယှဉ်သည်ဖြစ်၏။ ဤသို့ပြဆိုပြီးသည်အတိုင်း ပန်းနေရာတို့ကို ခင်းထားကုန်ပြီးသော် ဂေါတမရသွေ့သည့် မြတ်စွာဘုရား၏ ရှေတော်မှ လက်အုပ်ကို မြှောက်ချီ ရပ်တည်ပြီးသည်ကာလ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်အားမြင့်ရှည်စွာသော နေ့ညဉ့် ပတ်လုံး အစီး အပွါး ကြီးပွါးမှန်စွာ ချမ်းသာခြင်းအကျိုးငှါ ဤပန်းနေရာသို့ တက်ရောက်ရှင်ပြီး သီတင်းသုံးတော်မူပါကုန်လော့" ဟု လျှောက်ထား တောင်းပန်၏။ မြတ်စွာဘုရားသခင်သည် ပန်းစု--ပန်းပုံနေရာထက်၌ တက်ရောက်တော် မူ၍ ခုနစ်ရက် ပတ်လုံး သီတင်းသုံးနေမျှတော်မူ၏။ဤသို့ မြတ်စွာဘုရား ပန်းနေရာအထက်သို့တက်ရောက် သီတင်းသုံးတော် မူသည် ယှဉ်သော် နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည် လည်းကောင်း၊ ကြွင်းကုန်သော ရဟန်းတော်တို့သည် လည်းကောင်း မိမိ-မိမိအား ရောက်သောနေရာတို့၌ အသီးသီးတက်ရောက် သီတင်းသုံးတော် မူကြကုန်၏။ ဂေါတမရသွေ့သည့် ကြီးစွာသော ပန်းထိုးကို ကိုင်ယူ၍ မြတ်စွာဘုရား၏ အထက်၌ ဆောင်းမိုးလျက် တည့်နေ၏။ မြတ်စွာဘုရားသည် "ရသေတို့၏ဤပူဇော်သက္ကာရသည့် ကြီးကျယ်မြင့်မြတ်သော အကျိုးယှဉ်သည် ဖြစ်စေသတည်း" ဟု ကြံစည်တော် မူ၍ နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။ မြတ်စွာဘုရား၏ နိရောဓသမာပတ် ဝင်စားတော်မူသည်ကို သိကုန်၍ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည့်လည်းကောင်း၊ ကြွင်းကုန်သော ရဟန်းတော်တို့သည် လည်းကောင်း သမာပတ်ကို ဝင်စားတော်မူကုန်၏။ မြတ်စွာဘုရား သခင်သည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စား၍ သီတင်းသုံးတော်မူသည်ယှဉ်သော် အာတွင်းနေတပည့်ဖြစ်ကုန်သော ရသေတို့သည် ဆွမ်းခံလှည့်လည်ချိန် တိုင်သော အခါသို့ ရောက်သည်ယှဉ်သော် တောင်ဖြစ်

သော သစ်မြစ်-သစ်ဖု·သစ်သီး ကြီးငယ်ကို သုံးဆောင် စားသောက် ကုန်၍ ကြွင်းသောအခါ၌ ဘုရားရှင်တို့အား လက်အုပ်မြှောက်ချီ ရှိခိုး တည်နေကုန်၏။ ဂေါတမရသေ့သည်ကား ဆွမ်းစားခြင်းကိစ္စ သစ်သီး ကြီးငယ် စားသုံးရန်မျှကိုလည်း မသွားမူ၍ ပန်းထိုးကို ကိုင်ယူ ဆောင်း ပိုးသော အမှတ်ဖြင့်သာလျှင် ခုနစ်ရက်ပတ်လုံး ပိတိ တည်းဟူသော ချမ်းသာဖြင့် လွန်မြောက်စေ၏။

အရှင်ပုဏ္ဏမထေရ်အလောင်းအား ဓမ္မကထိကဘုရား ဒေဒဂ်ရလတ္တံ့ဟု ဗျာဒိတ်ကြားခြင်း။

မြတ်စွာဘုရားသည် ခုနစ်ရက်မြောက်သောနေ့၌ နိရောဓသမာပတ် မှ ထတော်မူသည်ယှိသော် ခြံရုံလျက် တည်နေကုန်သော ရသေ့တို့ကို မြင်တော်မူ၍ ဓမ္မကထိက အဖြစ်ဖြင့် ဒေဒဂ်ရာထူးသို့ ရောက်သော တပည့်သာဝကကို မိန့်ခေါ်တော်မူပြီးလျှင် "ချစ်သားရဟန်း၊ ဤရသေ့ အပေါင်းသည် ကြီးကျယ်စွာသော ပူဇော်သက္ကာရကို ပြုအပ်၏။ ထို ရသေတို့အား ပန်းပုံ အခင်းနေရာ အနုမောဒနာကို ပြုဘိလော့" ဟု မိန့်တော်မူ၏။ ဓမ္မကထိက ဒေဒဂ်ရဖြစ်သော ထိုမထေရ်သည် မြတ်စွာ ဘုရား အမိန့်တော်ထားသည်ကို နားစိုက်ခံယူ၍ သုံးပုံသော ပိဋကတ် တို့ကို သုံးသပ်လျက် အနုမောဒနာကို ပြုတော်မူ၏။ ထိုမထေရ်၏ အနုမောဒနာ ဒေသနာအဆုံး၌ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ပြုပွာမင်း၏ အသံကဲ့သို့သော အသံတော်ကို ကျူးရင့်မြွက်ဆို တရား တော်ကို ဟောကြား၏။ ဒေသနာတော်၏ အဆုံး၌ ဂေါတမ ရသေ့ ကိုထား၍ ကြွင်းကုန်သော တသောင်း ရှစ်ထောင်ကုန်သော ရသေ့ တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ဂေါတမ ရသေ့ သည်ကား ထိုကိုယ်အတ္တဘော၏ အဖြစ်ဖြင့် သစ္စာလေးပါး တရားကို ပိုင်းခြား ထိုးထွင်း၍ သိခြင်းငှါ မစွမ်းနိုင်သောကြောင့် မြတ်စွာဘုရား သခင်ကို "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ အကြင် ရဟန်းကော် သည် ရှေးဦးစွာ တရားတော်ကို ဟောကြား၏။ ဤရဟန်းတော်သည် အရှင်မြတ်စွာဘုရားတို့ သာသနာတော်၌ အဘယ်အမည် ယှိသော

သူပါနည်း”ဟု မေးလျှောက်၏။ “အို - ဝေါတမရဿေ့၊ ဤရဟန်း သည်ကား ငါဘုရား၏ သာသနာတော်ဦး တရားဟောပြု ဓမ္မကထိက ရဟန်းတို့တွင်အထွတ်အမြတ်ပေတည်း”ဟုမိန့်တော်မူ၏။“ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်သည်လည်း ခုနစ်ရက်တို့ ပတ်လုံး ပြုစုအားထုတ်အပ်သော ဤကောင်းမှု ကုသိုလ် အဆောက် အဦဖြင့် ဓမ္မကထိက ဧကဒဂ်ရ ဤရဟန်း ကဲ့သို့ နောင်သောအခါ တဆူသောဘုရားရှင် သာသနာတော်ဝယ် ဓမ္မကထိက ရဟန်းတို့တွင် အထွတ်အမြတ် ရပါလို၏”ဟု ဆုတောင်းပတ္ထနာကိုပြု၍ ခြေတော်ရင်း၌ တုပ်ဝပ်၏။ မြတ်စွာဘုရားသည် လာလတ္တံ့သော အနာဂတ်ကို ကြည့်ရှုတော်မူ၍ အန္တရာယ်တစ် မစွန်းငြိသဖြင့် ထိုရသေ့၏ ဆုတောင်း ပတ္ထနာ ကောင်းစွာ ပြည့်စုံလတ္တံ့သည်ကို သိတော်မူသောကြောင့် “နောင်သောအခါဝယ် ကမ္မာဝတသိန်း အဆုံး၌ ဝေါတမအမည်ယှိ သော မြတ်စွာဘုရားသည် ထင်ရှားပေါ်လစ် ဘုရားဖြစ်လတ္တံ့။အသင် ရသေ့သည် ထိုဝေါတမ မြတ်စွာဘုရား သာသနာတော်၌ ဓမ္မကထိက ရဟန်းတို့တွင် အထွတ်အမြတ် ဖြစ်လတ္တံ့”ဟု ဗျာဒိတ်စကား ကြား တော်မူ၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်သော ထိုရသေ့တို့ကို “ရဟန်း တို့၊လာလှည့်ကုန်လော့”စသည်ဖြင့် မိန့်ခေါ်တော်မူ၏။ အလုံးစုံသော ရသေ့တို့သည် ကွယ်ပျောက်သော ဆံမုတ်ဆိတ် ယှိကုန်လျက် တန်ခိုး ဖြင့်ပြီးသော သပိတ်သင်္ကန်း ဆင်မြန်း ဝတ်ဆောင်ကုန်၍ ဝါတော် ခြောက်ဆယ် ရှိပြီးသော မထေရ်ကြီးနှင့် တူကြသည် ဖြစ်ကုန်၏။ မြတ်စွာဘုရားသည် ရဟန်း အပေါင်းကို ခေါ်ယူတော်မူ၍ ကျောင်း တော်သို့ ကြွသွားတော်မူ၏။

အရှင်ပုဏ္ဏမထေရ်၏ တပည့် ၅၀၀-ဘုရားထံ ရောက်ခြင်း။

အသက်ရှည်သမျှ ကာလပတ်လုံး မြတ်စွာဘုရားသခင်ကို ကြည့်ရှုင် ညွတ်လေး လုပ်ကျွေးပြုစု၍ မိမိစွမ်းအား ယှိသည့်အလျောက် ကုသိုလ် ကောင်းမှုကို ပြုစုအားထုတ်၍ ကမ္မာဝတသိန်းကာလပတ်လုံး နတ်ပြည် တို့၌ လည်းကောင်း လူ့ပြည်တို့၌ လည်းကောင်း ကျင်လည်လျက်

ငါတို့ ဂေါတမ မြတ်စွာဘုရား လက်ထက်တော် အခါ၌ ကပိလဝတ် ပြည်၏အနီးဖြစ်သော ဒေါဏဝတ္ထု ပုဏ္ဏားရွာ၌ မြဟတ္ထကမဟာသာလ အမျိုးဝယ် ဖြစ်လေ၏။ ထိုသူငယ်၏အမည်ကို မှည့်ယူသောနေ့အခါ၌ ပုဏ္ဏလုလင်ဟူသော အမည်ကို မှည့်ခေါ်ခြင်း ပြုကုန်၏။ မြတ်စွာဘုရား သည် သစ္စာလေးပါး တရားသိမြင် သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက် တော်မူ၍ လည်စေအပ်ပြီးသော မြတ်သော ဓမ္မစကြာယိုလျက် အစဉ် အတိုင်း အာဒိဖြင့် ကြွတော်မူလာခဲ့၍ ရာဇဂြိဟ်ပြည်ကို အမှီပြု၍ သီတင်းသုံး နေမျှတော် မူသည်ယိုသော် ကောဏ္ဍည မထေရ်သည် ကပိလဝတ်ပြည်သို့ ကြွလာတော်မူ၍ မိမိ၏ တူတော်ဖြစ်သော ပုဏ္ဏလုလင်ကို ရဟန်းပြုစေ၍ တဖန်မိုးသောက်သောနေ့၌ မြတ်စွာဘုရား၏ အထံတော်သို့ ပြန်ကြွပြီးကာ မြတ်စွာဘုရားကို ရှိခိုးဝပ်တွား လျောက်ကြားခွင့်ပန်၍ အမြဲနေခြင်း အကျိုးငါဆဋ္ဌန္တအိုင်သို့ ကြွသွား တော်မူ၏။ မန္တာနီပုဏ္ဏားမ၏ သားဖြစ်သော အရှင်ပုဏ္ဏမထေရ်သည် လည်း ဦးရီးဖြစ်သော ကောဏ္ဍည မထေရ်ကြီးနှင့် အတူတကွ မြတ်စွာဘုရား၏အထံတော်သို့ မလိုက်ပါ မသွား ရောက်မူ၍ "ငါ၏ ရဟန်းပြုခြင်း ကိစ္စ လုံးဝဥဿုံ အကုန်အပြီးအဆုံးသို့ ရောက်စေ၍ သာလျှင် မြတ်စွာဘုရားသခင်၏ အထံတော်သို့ သွားရောက်တော့အံ့" ဟု ကြံစည်လျက် ကပိလဝတ်ပြည်၌သာလျှင် ချင်းချန်နေရစ်ခဲ့၍ သင့် တင့် ကောင်းမွန်သောနှလုံး သွင်းခြင်းဖြင့် ကမ္မဋ္ဌာန်းတရား ပွားများ ခြင်းပြုလျက် မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။ ထိုအရှင်ပုဏ္ဏ မထေရ်၏ အထံ၌ ရဟန်း ပြုကုန်သော အမျိုး ကောင်း သားတို့သည် ငါးရာ အတိုင်း အရှည် ယိုသည် ဖြစ်ကုန်၏။ ပုဏ္ဏ မထေရ်ကား မိမိသည် ဆယ်ပါးသော ကထာဝတ္ထု၊ မိုးပြုရယိုသည်၏ အဖြစ်ကြောင့် မိမိ၏ တပည့်ဖြစ်ကုန်သော ထိုငါးရာကုန်သော ရဟန်း တို့ကိုလည်း ဆယ်ပါးကုန်သော ကထာ ဝတ္ထု တို့ဖြင့် ပြောဟော ပြသ ဆုံးမတော်မူ၏။ ထိုရဟန်းတို့သည် ပုဏ္ဏမထေရ်၏ အဆုံးအမ ဩဝါဒ၌ တည်၍ အလုံးစုံသာလျှင် ဖြစ်ကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ထိုရဟန်းတို့သည် မိမိ ဒိမိ၏ရဟန်းကိစ္စ

ကုံငအားလုံး အပြီးအဆုံးသို့ ရောက်သည်ကို သိကြကုန်သောကြောင့် ဥပဇ္ဈာယ် ဆရာဖြစ်သော ပုဏ္ဏမထေရ်သို့ ချဉ်းကပ်၍ "အရှင်ဘုရား၊ တပည့်တော်တို့အား ကိစ္စအားလုံး ပြီးဆုံးခြင်းသို့ ရောက်ပေပြီ။ ဆယ်ပါးကုန်သော မြတ်သော ကထာဝတ္ထုကိုလည်း ရပါကုန်၏။ တပည့်-တော်တို့အား မြတ်စွာဘုရားကို ကြည့်ရှုဖူးမျှော်ခြင်းငှါ အခွင့်အခါသင့်လျော်ပြီထင်ပါ၏"ဟု လျှောက်ကြားကုန်၏။ မထေရ်သည် တပည့်ဖြစ်ကုန်သော ထိုရဟန်းတို့ စကားကိုကြား၍ ကြီစည်တော်မူ၏။ အဘယ်သို့ ကြီစည်တော်မူသနည်းဟူမူ "ငါ၏ ဆယ်ပါးသော ကထာဝတ္ထုကို ရသောအဖြစ်ကို မြတ်စွာဘုရားသည် သိတော်မူပေ၏။ ငါသည် တရားတော်ကို ဟောကြားသည်ယှိသော် ဆယ်ပါးကုန်သော ကထာဝတ္ထုတို့ကို မလွတ်မူ၍သာလျှင် ဟောကြား၏။ ငါသည် သွားခဲ့သည်ယှိသော် အလုံးစုံလည်း ဖြစ်ကုန်သော ဤရဟန်းတို့သည် ငါ့ကို ခြီရံလိုက်ပါ၍ သွားရကုန်လတ္တံ့။ဤသို့ခြီရံ တန်တန်စုဆောင်း အပေါင်းအဖော်၌ မွေ့လျော်ခြင်းဖြင့်ကား ကြွသွားပြီးလျှင် ဘုရားရှင်ကို ဖူးမြင်ခြင်းငှါ မသင့်လျော်။ ဤရဟန်းတို့သည် ရှေးဦးစွာ သွားရောက်ဖူးမျှော် စေကုန်သတည်း"ဟု ကြီစည်တော်မူ၏။ ကြီစည် ပြီး၍ကား ထိုရဟန်းတို့ကို "ငါ့ရှင်တို့၊ အသင်တို့သည် ရှေးဦးစွာ သွားကြကုန်၍ မြတ်စွာဘုရား သခင်ကို ဖူးမြင် ကြကုန်လော့။ ငါ၏စကားဖြင့် မြတ်စွာ ဘုရား၏ ခြေတော်တို့ကို ရှိခိုးကြကုန်လော့။ငါသည်လည်း အသင်တို့သွားသောခရီးလမ်း အစဉ်ဖြင့် ဘုရားရှင်ကို ဖူးမြင်ခြင်းငှါလာခဲ့အံ့"ဟု မိန့်ဆိုတော် မူ၏။ ဘုရားမြတ်စွာ ဘွားမြင်တော်မူသောနေရာဖြစ်၍ ဇာတိဘူမိတိုင်းပြည်ဟူသော အမည်ယှိသော ကပိလပြည်၌ နေလေ့ယှိကုန်သော, ကြွင်းမဲ့ဥဿုံ အလုံးစုံ ကုန်ပြီးသော အာသဝေါယှိကုန်သော, ဆယ်ပါးသော ကထာဝတ္ထုကို ရယှိကုန်သော အလုံးစုံသော ထိုမထေရ်တို့သည် မိမိ၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော အရှင်ပုဏ္ဏမထေရ်၏ အဆုံး အမ ဩဝါဒတော်ကို မကျော်မနင်းမူ၍ ဦးတည် ညွတ်လျှိး ရှိခိုး ပြီးသော် အစဉ်အတိုင်း အားဖြင့် ခရီးလှည့်လည်ခြင်းကို လှည့်လည် ကုန်လျက် ယူဇနာ ခြောက်ဆယ်ယှိသော ခရီးကို လွန်မြောက်၍ ရာဇဂြိဟ်ပြည်

ဝေဋ္ဌုဝန် ကျောင်းတော်ကြီးသို့ သွားရောက်ချဉ်းကပ် မြတ်စွာဘုရား၏ ခြေတော်ကို ရှိခိုးဦးခိုက် သင့်လျော်သောနေရာ၌ ထိုင်နေကုန်၏။ အရပ်ဝေးမှ ရှေးရှုရောက်လာကြသော အာဂန္တုကရဟန်းတို့နှင့် အတူတကွ ပဋိသန္ဓာရစကား ပြောကြား မေးမြန်းတော် မူခြင်းကား ဘုန်းတော်ကြီးမြတ်ကုန်သော ဘုရားရှင် ကိုယ်တော်မြတ်တို့၏ အလေ့ အကျင့် သာလျှင် ဖြစ်ပေ၏။ ထိုကြောင့် မြတ်စွာဘုရားသည် ထိုအာဂန္တုကဖြစ်သော ဧည့်သည် ရဟန်းတို့နှင့် အတူအကွ "ချစ်သားရဟန်းတို့၊ အသို့ပေနည်း။ အသင်တို့အား ခံ့ကျန်းပါ၏လော။ အနာရောဂါ ကင်းရှင်းပါ၏လော" ဤသို့အစယှိသော နည်းဖြင့် သာယာကောင်းမွန် ရှေးညွှန်စပ်ဘိ ပဋိသန္ဓာရကို ပြုတော်မူပြီး၍ "ချစ်သားရဟန်းတို့၊ အသင်တို့သည် ဘယ်အရပ်ဌာနမှ လာခဲ့ကြကုန်သနည်း" ဟု မေးမြန်းတော် မူ၏။ ထိုရဟန်းတို့က ဇာတိဘူမိပြည်မှလာခဲ့ရသော အဖြစ်ကို လျှောက်ကြားသည် ယှိသော် "ချစ်သားရဟန်းတို့၊ ဇာတိဘူမိတိုင်းပြည်၌ အဘယ်မည်သော ရဟန်းသည်....

၁-မိမိသည် အလိုနည်းသည်ဖြစ်၍ တပါးသော ရဟန်းတို့အား အလိုနည်းရန် အကြောင်း ကောင်းသော တရားစကား ဟောကြားဆုံးမခြင်း။

၂-မိမိသည် ရောင့်ရဲလွယ်သည်ဖြစ်၍ တပါးသော ရဟန်းတို့အား လည်း ရောင့်ရဲလွယ်ကြောင်း ကောင်းသော တရားစကားဟောကြားဆုံးမခြင်း။

၃-မိမိ ဆိတ်ငြိမ်သည်ဖြစ်၍ တပါးသော ရဟန်းတို့ အားလည်း ဆိတ်ငြိမ်ခြင်းအကြောင်း ကောင်းသော တရားစကား ဟောကြားဆုံးမခြင်း။

၄-မိမိသည် မရောနှောသည်ဖြစ်၍ တပါးသော ရဟန်းတို့အား လည်း မရောနှောခြင်းအကြောင်း ကောင်းသော တရား စကား ဟောကြားဆုံးမခြင်း။

၅-မိမိသည် အားထုတ်အပ်သော ဝိရိယဖြင့်သည်ဖြစ်၍ တပါးသော ရဟန်းတို့အားလည်း ဝိရိယဖြင့်ကြောင်း ကောင်းသော တရားစကား ဟောကြားဆုံးမခြင်း။

၆-မိမိသည် သီလနှင့်ပြည့်စုံသည်ဖြစ်၍ တပါးသော ရဟန်းတို့အားလည်း သီလနှင့်ပြည့်စုံခြင်း အကြောင်း ကောင်းသော တရားစကား ဟောကြားဆုံးမခြင်း။

၇-မိမိသည် သမာဓိနှင့်ပြည့်စုံ၍ တပါးသော ရဟန်းတို့အားလည်း သမာဓိနှင့် ပြည့်စုံကြောင်း ကောင်းသော တရားစကား ဟောကြား ဆုံးမခြင်း။

၈-မိမိသည် ပညာနှင့်ပြည့်စုံ၍ တပါးသော ရဟန်းတို့ အားလည်း ပညာနှင့် ပြည့်စုံခြင်း အကြောင်း ကောင်းသော တရားစကား ဟောကြား ဆုံးမခြင်း။

၉-မိမိသည် ဝိမုတ္တိနှင့် ပြည့်စုံ၍ တပါးသော ရဟန်းတို့ အားလည်း ဝိမုတ္တိနှင့် ပြည့်စုံကြောင်း ကောင်းသော တရားစကား ဟောကြား ဆုံးမခြင်း။

၁၀-မိမိသည် ဝိမုတ္တိဉာဏ်အမြင်နှင့် ပြည့်စုံ၍ တပါးသော ရဟန်းတို့ အားလည်းဝိမုတ္တိဉာဏ်အမြင်နှင့်ပြည့်စုံခြင်းအကြောင်းကောင်း သော တရားစကား ဟောကြားဆုံးမခြင်း။

၍ဆယ်ပါးသော ကထာဝတ္ထုတို့နှင့် ပြည့်စုံလေသနည်း။ ဆယ်ပါးသောကထာဝတ္ထုတို့ ပြည့်စုံခြင်းဖြင့် ချီးမွမ်းခြင်းကို ခံရလေသနည်း" ဟု မေးတော်မူ၏။ ။"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မန္တာနီပုဏ္ဏားမ၏ သားဖြစ်သော အရှင် ပုဏ္ဏမထေရ်မည်သည် ဆယ်ပါးကုန်သော ကထာဝတ္ထုတို့နှင့် ပြည့်စုံပါ၏။ ဆယ်ပါး ကုန်သော ကထာဝတ္ထု ရယ်မှုဖြင့် ချီးမွမ်းခြင်းကို ခံယူရပါ၏"ဟု ကြားလျှောက်၏။ ။ထိုရဟန်းတို့ လျှောက်ကြားသော အခိုက် အခါ အရှင်သာရိပုတ္တရာ မထေရ်သည် အနီးအပါး၌ ထိုင်နေ သီတင်းသုံးသည်ဟိသည် ဖြစ်၍ ထို ရဟန်းတို့ လျှောက်ကြားသော စကားကို ကြားတည့်လျှင်

အရှင်သာရိပုတ္တရာ မထေရ်အား ဤသို့သော အကြီအစည်သည်ဖြစ်၏။ အဘယ်သို့ဖြစ်သနည်းဟူမူ။ ''အကြင်-ပုဏ္ဏမထေရ်အား သိကြားလိမ္မာပညာယှဉ်ကုန်သော သီတင်းသုံးဘော် တို့သည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ အဖန်တလဲလဲ ယူစွဲကုံလုံ ကျေးဇူးဂုဏ်ကို ပြောဆို ချီးမွမ်းကြကုန်၏။ ထိုသို့အဆင့်ဆင့် ချီးမြှင့်သောအားဂုဏ်ကျေးဇူးစကား ကိုလည်း ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အထူးသဖြင့် ဝမ်းမြောက်တော်မူပေ၏။ ထိုသို့သဘောရှိသည်မည်သော မန္တာနီပုဏ္ဏားမ၏ သားဖြစ်သော အရှင်ပုဏ္ဏာနှင့် အတူတကွ ငါတို့သည်လည်း တခါတရံ တွေ့ဆုံခြင်းသို့ ရောက်ရပါကုန် မူကား သြေါ်—ကောင်းလေစွ။ တစုံတခုသောစကား ပြောကြား နှီးနှောရသည်ဖြစ်ပါမူကား သြေါ်-ကောင်းလေစွ'' ဟူသော အကြီအစည်သည် ဖြစ်၏။ ထို့နောက် မြတ်စွာ ဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသမျှ ကာလပတ်လုံး သီတင်းသုံး နေမျှတော်မူ၍ အကြင်အရပ်၌ဘုန်း သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်သည်ယို့၏။ ထိုအရပ်၌ဘုန်းသို့ဒေသစာရီလှည့်လည် ကြွမြန်းတော်မူ၏။ ခရီးအစဉ်အတိုင်းသာ ဒေသစာရီ လှည့်လည်တော်မူလျက် သာဝတ္ထိပြည် အနာထပိဏ်သေဋ္ဌေး၏ အရာမဖြစ်သော ဇေတဝန်ကျောင်းတော်သို့ ကြွရောက်ရှင်ပြီး သီတင်းသုံး နေမျှတော်မူ၏။

အရှင် ပုဏ္ဏမထေရ်အား တေဒဂ်ထားခြင်း။

အရှင်ပုဏ္ဏမထေရ်သည် မြတ်စွာဘုရား၏ ထိုသာဝတ္ထိပြည်သို့ ကြွသွားတော်မူသည် အဖြစ်ကို ကြားသိသောကြောင့် ''ဤယခုအခါ ငါသည် မြတ်စွာဘုရားသခင်ကို ဖူးမြင်တော့အံ့'' ဟု ကြိုစည်ပြီးလျှင် ခရီးအစဉ် အတိုင်းအားဖြင့် ကြွသွားတော်မူ၍ သာဝတ္ထိပြည် အနာထပိဏ် သေဋ္ဌေး၏ အရာမ ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီတိုက် အတွင်း၌ သာလျှင် မြတ်စွာဘုရားသခင်ကို သွားရောက်တွေ့မြင် ဖူးမျှော်ရလေ၏။ မြတ်စွာဘုရားသခင်သည် ထိုအရှင်ပုဏ္ဏမထေရ်အား တရားစကားကို ဟောကြားတော် မူလေ၏။ မထေရ်အရှင်သည် မြတ်စွာဘုရား ဟောကြား မြွက်ဖော် တရားတော်ကို ကြားနာရပြီးသော် မြတ်စွာဘုရားကို

ရှိခိုးဦးချ၍ ဆိတ်ငြိမ်သော အလျောက် တယောက်ထိုးတည်း ကိန်း အောင်း နေမျှခြင်းအကျိုးငှါ ဇောတဝန် ကျောင်းတော် အရာမ၏အနီး တည်ယှိသော အမိုက်တောသို ကြွသွားတော်မူ၍ အမှတ်မရှိ တခုသော သစ်ပင်ရင်းဌ ချဉ်းကပ်ပြီးကာ နေ့ရာခင်းဖြန့်လျက် နေ့သန့် ခြင်းကို သိကင်းသုံးနေပြုတော်မူ၏။ ထိုအခါ ရဟန်းတော် တပါးသည် အရှင် သာရိပုတ္တရာ မထေရ်၏ ထံမှောက်သို သွားရောက် ချဉ်းကပ်ပြီးလျှင် "ငါ့ရှင်သာရိပုတ္တရာ၊ အသင်သည် မန္တာနီ ပုတ္တေးမ၏ သားဖြစ်သော ပုတ္တမည်သော ရဟန်း၏ဂုဏ်ကျေးဇူးစကားကို မပြတ်ပြောကြားလျက် နေပေ၏။ မန္တာနီ ပုတ္တေးမ၏သားဖြစ်သော ထိုပုတ္တရဟန်းသည် မြတ် စွာ ဘုရား ထံပါးတော်မှောက် လာရောက် ချဉ်းကပ်၍ မြတ်စွာဘုရား ဟောကြားပြသ ဆုံးမသောတရားကို နာကြားပြီးခါ နေ့သန့်ခြင်း အလို့ ငှါ အမိုက်တောသို ကြွသွားလေပြီ" ဟု ပြောကြားလော၏။ ထိုအခါ အရှင် သာရိပုတ္တရာ မထေရ်သည်လည်း ဆောဆော လျင်လျင် ရှောင် တခင် နိသီဒိုင်ကိုယူ၍ အရှင် ပုတ္တမထေရ်၏ မကွယ် ပျောက်ကောင်း ဦးခေါင်းတော်ကိုမြင်လောက်ရုံကြည့်ရှုလျက် နောက်မှနောက်မှ အစဉ် လိုက်သွား၍ အမှတ်မရှိသော တခုသောသစ်ပင်ရင်းဌ ချဉ်းကပ်ပြီးခါ နေ့ရာခင်းဖြန့် နေ့သန့်ခြင်းကို ပြုလုပ်သိတင်းသုံးတော်မူ၏။ ထို့နောက် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်း နေ့သန့်ရာမှ ထမြောက် သည်ယှိသော် အရှင်သာရိပုတ္တရာမထေရ်သည် မန္တာနီပုတ္တေးမ၏သား ဖြစ်သော အရှင်ပုတ္တ မထေရ်ရှိရာအရပ်သို ချဉ်းကပ်တော်မူ၍ အရှင် ပုတ္တ မထေရ်နှင့်အတူတကွ ဝမ်းမြောက်ဝမ်းသာ ပဋိသန္ဓာရကထာကို ကောင်းစွာပြောဆိုပြီးလျှင် အရှင်သာရိပုတ္တရာမထေရ်သည် မူလပဏ္ဏာ သ ပါဠိတော် ရထဝိနီတသုတ်၌ လာယှိသောအတိုင်း သီလဝိသုဒ္ဓိ-စိတ္တ ဝိသုဒ္ဓိ-ဒိဋ္ဌဝိသုဒ္ဓိ-ကင်္ခါဝိတရဏဝိသုဒ္ဓိ- မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ- ပဋိ ပဒါဉာဏဒဿနဝိသုဒ္ဓိ - ဉာဏဒဿနဝိသုဒ္ဓိဟု ဆိုအပ်သော ခုနစ်ပါး သော ဝိသုဒ္ဓိအစဉ်ကို မေးကော်မူ၏၊ အရှင်ပုတ္တ မထေရ်သည်လည်း မေးတိုင်း မေးတိုင်းသော အမေးပုစ္ဆာကို ဖြေကြားတော်မူ၏။ အမေး အဖြေ၏ အပြီးအဆုံး၌ ထိုနှစ်ပါးကုန်သော မထေရ်တို့သည် တပါးကို

ကပါး ပြောကြားအပ်သော တရားစကားကို ကောင်းစွာ ဝမ်းမြောက် ဝမ်းသာ ယှိကုန်လျက် အမည်ကို မေးမြန်းလျှောက်ထား ထင်ရှားသိယှိကုန်၏။ နောက်အဘို့အခါ၌ မြတ်စွာဘုရားသခင်သည် ရဟန်းသံဃာ အလယ်၌ ထိုင်နေသိတင်းသုံးတော်မူလျက်....

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓမ္မကထိကာနံ ယဒိဒံ ပုဏ္ဏော မန္တာနီပုတ္တော"

ဟူသော ပါဠိတော်ဖြင့် အရှင်ပုဏ္ဏ မထေရ်ကို တရားဟော ပုဂ္ဂိုလ်ကို တွင် အထွတ်အမြတ်အရာ၌ ထားတော်မူ၏။

ထိုပါဠိ၏ အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မမ၊ ငါ ဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ ဓမ္မကထိကာနံ၊ တရားစကား ဟောကြား တတ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ဝါ၊ တို့ထက် ။မန္တာနီပုတ္တော၊ မန္တာနီပုဏ္ဏေးမ၏သားဖြစ်သော။ ယဒိဒံ-ယော အယံ ပုဏ္ဏော၊ အကြင်ပုဏ္ဏသည်။ အတ္ထိ၊ ယှိ၏။ ဧတံ-ဧသော ပုဏ္ဏော၊ ထိုပုဏ္ဏသည်။ အဂ္ဂံ-အဂ္ဂေါ၊ လွန်ကဲထူးမြတ်၏။ ။ဤကားအနက်။

[ဤဝတ္ထုကား ဧကနိပါတ် အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ လာရှိ၏။]

ပကိဏ္ဏကဝတ္ထု၌ နှစ်ခုမြောက်သော မန္တာနီပုဏ္ဏေးမ၏ သားဖြစ်သော အရှင်ပုဏ္ဏမထေရ်၏ ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေ့ပြီး၏။

၃-အရှင်မဟာကစ္စည်း မထေရ် ဝတ္ထု။

မြတ်စွာဘုရား ဟောကြား ဖေါ်ပြ အကျဉ်း သဒ္ဒေါပကို အကျယ် ဝိတ္ထာရ ဖေါ်ပြဟောကြားသော အတွက်၌ ဧတဒဂ်ရတဆူ ဖြစ်တော်မူသော အတူမရသော အဆင်းလှသော အရှင်ကစ္စာယန မထေရ်၏ အလောင်းလျာသည်ကား ဤဘဒ္ဒကမ္ပာမှ အထက် ကပ်တသိန်းအကျ ပဒုမုတ္တရဘုရားရှင်လက်ထက်တော်အခါ ချမ်းသာရိပ်ငြိမ်စည်းစိမ်ပေါ ဘိ ဂဟပတိမဟာသာလအမျိုး၌ ဖြစ်၍ အစဉ်အတိုင်းအားဖြင့် ကြီးပွါးသင့်မြောက်အရွယ်သို့ ရောက်သည်ရှိသော် တနေ့သောအခါ မြတ်စွာဘုရား ဟောကြားမြွက်ဖေါ် တရားတော်ကိုနာယူရန်ရည်သန်စိတ်မှန်း

နံ့သာပန်းစသည်ကို ကိုင်ယူလက်စွဲလျက် မြတ်စွာဘုရား ကျောင်းတော်သို့ သွားကြကုန်သောယူအပေါင်းကိုမြင်လျှင် သို့စင်ထင်ရှား ဤလူမျှားသည် အဘယ်သို့သွားသနည်းဟု ထောက်ထားစူးစမ်း မေးမြန်းပြီးခါ တရားနာသွားသော အဖြစ်ကိုသိ၍ ငါသည်လည်း တရားတော်နာကောင်းစွာ သွားရောက်မည် ကြံစည်ရည်ရွယ် ကျောင်းတော်သို့ သွားရောက်၍ ပရိသတ်အစွန်အဖျားဌိတည်နေလျက် ဘရားတော်ကို ကြားနာ၏။

အရှင်မဟာကစ္စည်းမထေရ်အလောင်းအား အကျဉ်းကို အကျယ် ဝေဘန်ရာ၌ ဇောတဒဂ်ရလတ္တံ့ဟု ပဒုမုတ္တရဘုရား ဗျာဒိတ်ထားခြင်း။

မြတ်စွာဘုရား သခင်သည် မိမိတည်းဟူသော ကိုယ်တော်သည် အကျဉ်းအားဖြင့် ဟောကြားတော်မူအပ်သော တရားတော်၏အနက် အဓိပ္ပါယ်ကို အကျယ် ဝေဘန်၍ ပြတတ် ကုန်သော ရဟန်းတို့တွင် အထွတ် အမြတ် ဇောဒဂ် ရာထူးဌာန ချီးကျူး မြှောက်စား ထားတော်မူသော တပါးသော ရဟန်းကိုမြင်၍ "အကြင်ရဟန်းကို ရည်မှန်းသော အားဖြင့် မြတ်စွာဘုရား ပြောကြား ချီးမွမ်းတော်မူ၏။ ဤ ရဟန်းသည် မြင့်မြတ်ပေစွ့တကား။ ငါသည်လည်း နောက်နောင် အခါ၌ တဆူသောဘုရားရှင်၏။ သာသနာတော်ဝယ် ဤသို့တူသော သဘောယိုသဖြင့် ဖြစ်ခြင်းငှါ သင့်လျော်လျောက်ပက် အပ်လှပေ၏"ဟု ကြံစည်ပြီးလျှင် မြတ်စွာဘုရား သခင်ကို ပင့်ဖိတ်၍ ဘုရားအမှူးယှိသော သံဃာတော်အား ခုနစ်ရက်ပတ်လုံး ကြီးကျယ်မြင့်မြတ်သော အလှူကြီးကိုပေးလှူ၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်သည် ခုနစ်ရက်ပတ်လုံး ပြုလုပ်အပ်သော ဤပူဇော်သက္ကာရ၏ အကျိုးဖြင့် တပါးသော စည်းစိမ်ချမ်းသာကို မတောင့်တပါ။ လာလတ္တံ့သော နောင်အခါ တဆူသော ဘုရားရှင်၏ သာသနာတော်၌ ယခုဤနေ့မှ ခုနစ်ရက်မြောက်သောနေ့ဝယ် အရှင်ဘုရားတို့သည် ရာထူးမြှောက်စား ပေးသနား၍ထားအပ်သော ရဟန်းကဲ့သို့ အကျွန်သည်လည်း ထိုသို့

သဘောယှိသော ရာထူးမျိုးကို ရပါလိုဏ်ဟု ဆုတောင်း ပတ္ထနာ ပြုပြီး ခါလျှင် ဘုရားရှင်ခြေတော်ရင်း၌ တုပ်ဝပ်၏။မြတ်စွာဘုရားသခင်သည် နောင်လာလတ္တံ့သော အနာဂတ်ကို ကြည့်ရှုတော်မူသည်ယှိသော် ဤ အမျိုးကောင်းသား၏ ဆုတောင်းပတ္ထနာသည် ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူသောကြောင့် ''အိုအချင်း အမျိုးကောင်းသား၊ နောင်လာ လတ္တံ့သော အနာဂတ်အခါကမ္ဘာတသိန်းအဆုံး၌ ဂေါတမဘွဲ့မည် ယှိသောဘုရားသည် ထင်ရှားဖြစ်လတ္တံ့။ အသင်သည် ဂေါတမ မြတ် စွာဘုရား၏ သာသနာတော်၌ အကျဉ်းသင်္ခေပ ဟောပြသော တရား၏ အနက် အဓိပ္ပါယ်ကို အကျယ်ဝိတ္ထာရအားဖြင့် ဟောကြား ဝေဘန်နိုင် သော ရဟန်းတို့တွင် အထွတ်အမြတ် ဖြစ်ပေလတ္တံ့''ဟု ဗျာဒိတ် စကား ကြားတော် မူပြီးသော် အနုမောဒနာကိုပြု၍ ကြွတော်မူ၏။

အရှင်မဟာကစ္စည်းမထေရ် အရဟတ္တဖိုလ်သို့ရောက်ခြင်း။

ထိုအမျိုးကောင်းသား သည်လည်း အသက်ရှည်သမျှ ကာလပတ် လုံး ကုသိုလ်ကောင်းမှုကို ပြုလုပ်အားထုတ်၍ ကမ္ဘာတသိန်းကာလပတ် လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ခဲ့ပြီးသော် ကဿပ မြတ်စွာဘုရား ၏ လက်ယက်တော်အခါ ဗာရာဏသီ ပြည်၌ တဦးသော အမျိုးအိမ် ဝယ် ပဋိသန္ဓေ တည်နေစွဲယူ၍ မြတ်စွာဘုရား ကြွသွားနိဗ္ဗူ စံယူတော်မူ သည်ယှိသော် ရွှေစေတီ တည်လုပ်ရာ အရပ်သို့ သွားရောက်၍ အဘိုး တသိန်းထိုက်သော ရွှေစင်အတိပြီးသော အုတ်ဖြင့် ပူဇော်ခြင်းကို ပြုပြီး လျှင်''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဖြစ်တိုင်း ဖြစ်တိုင်း သော ဘုံဘဝ နေရာဌာန၌ အကျွန်ုပ်၏ ကိုယ်သည် ရွှေအဆင်း ကဲ့သို့ အဆင်းရှိသည် ဖြစ်ပါစေသတည်း''ဟု ဆုတောင်းပတ္ထနာခြင်းကိုပြု၏။ ထိုဘဝ၌လည်း အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှု ကံကို စီမံပြုလုပ်၍ ထိုဘဝမှ စုတေ့ခဲ့သည်ယှိသော် တဆူသော ဘုရား ရှင်အကြား ကာလပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်၍ ငါတို့ မြတ်စွာဘုရား ထင်ရှားပေါ်လစ် ဘုရားဖြစ်တော်မူသောအခါ ဥဇ္ဇေနီ ပြည်၌ ပုရောဟိတ်ပုဏ္ဏား၏ အိမ်ဝယ် ပဋိသန္ဓေ တည်နေစွဲယူ ဖြစ်လေ ၏။ ထိုသူငယ်၏ အမည်ကိုမှည့်ယူအံ့သောနေ့၌ ''ငါ၏သားသည် ရွှေ

၏အဆင်းကဲ့သို့သော ကိုယ်ရေ အဆင်းယှိ၏။ မိမိသည်ပင်လျှင် မိမိ၏ အမည်ကို ယူ၍လာ၏''ဟု ကြံစည်ပြီးလျှင်,ထိုသူငယ်အား ကဥ္စနလုလင် ဟူသော အမည်ကိုသာလျှင် မှည့်ခေါ်ခြင်းကို ပြုကုန်၏။ထိုကဥ္စနလုလင် သည် အစဉ်အတိုင်း ကြီးပွါးခြင်းကို အစွဲပြု၍ သုံးပုံသော ဗေဒင်တို့ကို သင်ယူပြီးသော် ဘခင်ဖြစ်သော ပုရောဟိတ်ပုဏ္ဏားကြီး ကွယ်လွန်သ ဖြင့် ပုရောဟိတ်ရာထူးကို ရယှိလေ၏။ထိုပုဏ္ဏားသည် အနွယ်၏အစွမ်း ဖြင့် ကစ္စာယနအမည် ယှိသည်ဖြစ်၏။ဥဇ္ဇေနီပြည့်ရှင်ဘုရင်စဏ္ဍပဇ္ဇောတ မင်းသည် အမတ်တို့ကို စုရုံးစည်းဝေးစေ၍''လူ့ပြည်လောက၌ ဘုရား မြတ်စွာသည် ပေါ်လာ ဖြစ်ထွန်းတော်မူ၏။ အမောင်တို့၊ ထိုဘုရားရှင် ကို ပင့်ဆောင် ခြင်းငှါ စွမ်းနိုင် ပါကုန်မူကား သွားရောက် ပင့် ဆောင် ကုန်လော့'' ဟု မိန့်ဆိုတော်မူ၏။ ''အရှင်မင်းမြတ်၊ ကစ္စာ ယန ပုရောဟိတ် ဆရာမှ တပါး မြတ်စွာ ဘုရားကို သွားရောက် ပင့်ဆောင် ခြင်းငှါ စွမ်းနိုင်သောသူ မည်သည်မရှိ။ ငါတို့ ဆရာဖြစ် သော ကစ္စာယန ပုရောဟိတ်သည် သာလျှင် ပင့်ဆောင်ခြင်းငှါ စွမ်း နိုင်ပါအံ့။ ထိုဆရာ ဖြစ်သော ကစ္စာယန ပုရောဟိတ်ကို စေလွှတ် တော်မူပါကုန်လော့''ဟု တင်လျှောက် ကုန်၏။ ဘုရင်မင်းမြတ်သည် ထိုကစ္စာယန ပုရောဟိတ်ကို ခေါ်စေတော်မူ၍ ''အမောင် ပုရော ဟိတ်၊ အသင်သည် မြတ်စွာ ဘုရား၏ အထံတော်သို့ သွားလေ လော့''ဟု စေခိုင်း မိန့်ဆိုတော်မူ၏။ ''အရှင် မင်းမြတ်၊ အကျွန်သည် မြတ်စွာဘုရား၏ အထံတော်သို့ သွားရောက်၍ ရဟန်းပြုခြင်းငှါ အခွင့် ရခဲ့သည်ယှိသော် သွားပါအံ့''ဟု ဝန်ခံလျှောက်တင်၏။ ''အမောင်၊ တစုံတခု အမှုကိစ္စမှန်သမျှကို အသင်၏ အလိုဆန္ဒ အတိုင်း ပြုလုပ်၍ မြတ်စွာဘုရားကို ပင့်ဆောင်ခဲ့ပါလော့''ဟု ခွင့်ပေးတော်မူ၏။ထိုကစ္စာ ယန ပုရောဟိတ်သည် ဘုရားရှင်ကိုယ်တော်မြတ်တို့၏ အထံတော်သို့ သွားရောက်သော ပုဂ္ဂိုလ်အား ကြီးကျယ်သော ပရိသတ်အစုအဝေးဖြင့် ပြုလုပ်ဘွယ် အမှုမရှိ''ဟု ကြံစည်ပြီးလျှင် မိမိလျှင် ရှစ်ယောက်မြောက် ပြု၍ ခုနစ်ယောက်သော အဖေါ်တို့နှင့် အတူတကွ သွားလေ၏။ မြတ်စွာဘုရား ထံပါးတော်မှောက် ကပ်ရောက် တည်ယှိသော အခါ

ထိုကစ္စာယန ပုရောဟိတ်အား မြတ်စွာဘုရားသည် တရားကို ဟော ကြားတော်မူ၏။ ဒေသနာတော်၏ အဆုံး၌ အပေါင်းအဖော် ခုနစ် ယောက် တို့နှင့် အတူတကွ ကစ္စာယနပုရောဟိတ်သည် ပဋိသမ္ဘိဒါ တို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်လေ၏။မြတ်စွာဘုရား သခင်သည် ''ရဟန်းတို့ လာလှည့်ကုန်လော့''ဟု မိန့်ခေါ်တော်မူ၍ လက်တော်ကို ဆန့်တန်းတော်မူ၏။ ဘုရားကိုယ်တော် မိန့်ခေါ်မြွက်ဟ ထိုခဏ၌သာ လျှင် အလုံးစုံသော သူတို့သည် ဆံမုတ်ဆိတ် ကွယ်ပျောက်ကုန်၍ တန် ခိုးဖြင့် ပြီးကုန်သော သပိတ် သင်္ကန်းတို့ကို ဆင်မြန်းလွယ်ဆောင်ကုန် လျက် အဝါခြောက်ဆယ် ရပြီးသော မထေရ်ကြီးကဲ့သို့ ဖြစ်ကုန်၏။

အရှင်ကစ္စည်းမထေရ် ဥဇ္ဈနိပြည်သို့ကြွခြင်း။

ကစ္စာယန မထေရ်သည် မိမိ၏ကိစ္စ အပြီးအဆုံးသို့ ရောက်သည် ယှိသော် ဆိတ်ဆိတ်နေသည် အဖြစ်ဖြင့် မနေမူ၍ ကာဠဒါယိ မထေရ် သည် ကပိလပြည်သို့ မြတ်စွာဘုရား ကြွသွားတော်မူရန် အကြောင်း ကောင်းမြတ်သော လမ်းခရီးကို ချီးမွမ်း လျှောက်ထားဘိသကဲ့သို့ မြတ်စွာဘုရား၏ ဥဇ္ဈနိပြည်သို့ ကြွတော်မူခြင်းအကျိုးငှါ ကြွသွားအံ့ သော လမ်းခရီး ဂုဏ်ကျေးဇူးကို ချီးကျူးလျှောက်ကြား၏။ မြတ်စွာ ဘုရားသည် ထိုကစ္စာယနမထေရ် လျှောက်ကြား သော စကားကို ကြားတော်မူ၍''ကစ္စာယနသည် မိမိ၏မွေးဘွားရာ ဇာတိဘူမိဖြစ်သော ဥဇ္ဈနိပြည်သို့ ငါဘုရား ကြွသွားခြင်းကို တောင့်တ၏''ဟု သိတော် မူ၏။ ဘုရားရှင်တို့မည်သည်လည်း တစုံ တခု သော အကြောင်းကို အစွဲပြု၍ ကြွသွားခြင်းငှါ မသင့်မလျော် မလျောက်ပတ်သော အရပ် ဌာနသို့ ကြွသွားတော်မမူကုန်။ ထိုကြောင့် မထေရ်ကို မြတ်စွာဘုရား ကိုယ်တော်မြတ်က ''ချစ်သားရဟန်း၊ အသင်သည်သာလျှင် သွား လေလော့။ အသင်သာ သွားသည်ယှိသော်လည်း ပြည့်ရှင်မင်းမြတ် သည် ကြည်ညိုလတ္တံ့''ဟု မိန့်ဆိုတော်မူ၏။ ကစ္စာယန မထေရ်သည် ''ဘုရားရှင်တို့အား နှစ်ခွန်း နှစ်ခွ သော စကား မည်သည် မရှိ''ဟု ယုံကြည်စိတ်ထားလျက် မြတ်စွာဘုရားကို ဝပ်တွားရှိခိုးပြီးသော် မိမိ နှင့် အတူတကွ လာကုန်ကြသော ခုနစ်ပါးကုန်သော ရဟန်းတို့နှင့်

အတူကကွ ဥဇ္ဇေနီပြည်သို့ ကြွသွားတော်မူကုန်လျက် လမ်းခရီး အကြား၌ တေလပနာဋ္ဌိမည်သော နိဂုမ်းသည်ယှိ၏။ ထိုနိဂုမ်း၌ ဆွမ်း အလို့ငှါ လှည့်တော်မူ၏။

အရှင်ကစ္စည်းမထေရ်အား ဆံပင်ကိုရောင်း၍ ဆွမ်းကျွေးခြင်း ကုသိုလ်ကြောင့် ဒိဋ္ဌဓမ္မ မိဖုရားကြီး ဖြစ်ရခြင်း။

ထိုတေလပနာဋ္ဌိ နိဂုမ်း၌လည်း နှစ်ယောက် ကုန်သော သေဋ္ဌေး သွီးတို့သည် ယှိကုန်၏။ ထိုနှစ်ယောက်တို့တွင် တယောက်သော သေဋ္ဌေး သွီးကား ကာလမြင့်ကြာ ချမ်းသာစည်းစိမ် မြုပ်တိမ်ပျက်စီးသော အမျိုး၌ဖြစ်၍ ဆင်းရဲပင်ပန်းခွမ်းနယ်၏။ အဓိအဘတို့ ကွယ်လွန်သဖြင့် အထိန်းမိန်းမကို အမှီပြု၍ အသက်ရှည်စေ တည်နေရ၏။ ထိုသေဋ္ဌေး သွီး၏ ကိုယ်အတ္တဘောသည်ကား လိုက်လျောညီမျှ လှပအသင့် ရှုချင့် စဘွယ် တင့်တယ်ခြင်းဂုဏ်နှင့် ပြည့်စုံ၏။ မည်းနက်ညိုမှောင် ပိတုန်း ရောင်ယှိသော ဆံပင်တို့သည်ကား တပါးကုန်သော မိန်းမတို့ထက် ပိုတက်ကောင်းအင် အလွန်ပင်ရှည်လျား၏။ ထိုနိဂုမ်း၌ ပင်လျှင် ထိုမှ တပါးသော စည်းစိမ်ချမ်းသာ ကောင်းစွာ ကြွယ်ဝ ပေါများလှသော သေဋ္ဌေးမျိုး၏ သေဋ္ဌေးသွီးသည်ကား ဆံပင်တိုတောင်း မကောင်းညံ့ ဖျင်း၏။ ဆံပင်၏လက္ခဏာ မပါမကောင်းသော ထိုသေဋ္ဌေးသွီးသည် ဤနေ့မှ ရှေးအခါ၌ ဆံပင်ကောင်းသော သေဋ္ဌေးသွီး၏ အထံသို့စေ လွှတ်၍ "အသပြာတရာကိုလည်းကောင်း, အသပြာတထောင်ကိုလည်း ကောင်း ပေးပါအံ့။ ဆံပင်ကို ရောင်းချပါလော့" ဟု ပြောဆိုသော် လည်း ငြင်းပယ်အတန်တန် ဆံပင်တို့ကို ဆောင်ယူခြင်းငှါ မစွမ်းနိုင်။ ထိုနေ့၌ကား ဆံပင်ကောင်းသော သေဋ္ဌေးသွီးသည် ခုနစ်ပါးကုန် သော ရဟန်းတို့ဖြင့် ခြံရံစဉ်ယွန်း တဇွန်းတယောက်ချိမျှ ဆွမ်းမရသဖြင့် ကိစ္စမပြီး အချည်းနှီးသော သပိတ်တော်ယှိလျက် ရှေးရှု ကြွတော်မူလာ သော မဟာကစ္စာယနမထေရ်ကို မြင်တည့်လျှင် "ရှေအဆင်းကဲ့သို့ ဝါ ဝင်း ရွှန်းအိသောကိုယ်ရေအဆင်းယှိသော ဗြဟ္မာမင်း၏အဆွေခင်ပွန်း ဖြစ်သော ဤတပါးသောရဟန်းတို့ ဆေးကြောမြဲတိုင်းသော သပိတ်ဖြင့် သာလျှင် ကြွလာတော်မူရရှာပေ၏။ ငါ့အားလည်း တပါးသောပစ္စည်း

ဥစ္စာသည် မရှိချေ။ ဤအမည်ယှိသော သေဋ္ဌေးသွီးသည်ကား ရှေးရှေး အခါ၌ ဤဆံပင်တို့၏ အလို့ငှါ အခါခါဝယ်ရန်စေလွှတ်ဘူး၏။ ဤယခု အခါ၌ ငါ၏ဦးခေါင်း၌ ပေါက်ရောက်သော ဤဆံပင်မှ ရအပ်သော အဘိုးဖြင့် မထေရ်အရှင်မြတ်အား ဆက်ကပ်လှူဒါန်းဘွယ်ကို ပေးလှူ ခြင်းငှါ တတ်ကောင်းပေလိမ့်မည်'' ဟု ကြီစည် ရည်ညွှန်းပြီးကာ အထိန်းမိန်းမကို စေလွှတ်ပြီးသော် မထေရ်တို့ကို ပင့်ဖိတ်စေ၍ နေအိမ် ၏အတွင်း၌ ကြွဝင်ထိုင်နေ သီတင်းသုံးစေ၏။ မထေရ်အရှင်တို့ စီစဉ် သောနေရာ၌ ကောင်းစွာထိုင်နေ သီတင်းသုံးမိသော အခါ၌ သေဋ္ဌေး သွီးသည် တိုက်ခန်းအတွင်းသို့ဝင်၍ အထိန်းမိန်းမအား မိမိ၏ ဆံပင် တို့ကို ဖြတ်စေ၍ ''အို-မိခင်၊ ဤဆံပင်တို့ကိုယူ၍ ဤမည်ယှိသော သေ ဋ္ဌေးသွီးအား ပေးပြီးလျှင် အကြင် အဘိုးအသပြာကို ထိုသေဋ္ဌေးသွီး သည်ပေး၏။ ထိုပေးသမျှသော အဘိုးအသပြာကို လျင်စွာ ဆောင်ယူ ခဲ့ပါလော့။ အရှင်မြတ်တို့အား ဆွမ်းကပ် လှူဒါန်းပါကုန်အံ့''ဟု ပြော ဆို၏။ အထိန်းမိန်းမသည် ပူဆွေးဝမ်းနည်း ကျစီးသော မျက်ရေစက် တို့ကို လက်ဖမိုးဖြင့် ပွတ်သိပ်ပြီးလျှင် တဖက်သောလက်ဖြင့် ကွဲပျက် မည်လောက် လောင်တောက်ပူပွါး နှလုံးသားကို ပင့်မဖိနှိပ်၍ မထေရ် တို့၏အထံ မမြင်ရန် ဖုံးအုပ်ပုန်းရှောင်လျက် ထိုဆံပင်တို့ကိုယူ၍ သေ ဋ္ဌေးသွီး၏အထံသို့ သွားလေ၏။ ရောင်းဝယ်အပ်သော ကုန်မည်သည် အဘိုးထိုက်လှ အနှစ်သာရ ယှိသော်လည်း ကုန်ရှင်ကိုယ်တိုင် ရောင်းလို သဖြင့် အသင့်ကပ်ရောက်မူကား အလေးအမြတ်ပြုခြင်းကို မဖြစ်စေနိုင်၊ ထို့ကြောင့် ဝယ်ယူလိုသူ သေဋ္ဌေးသွီးသည် ကြီစည်၏။ အဘယ်သို့ ကြီ စည်သနည်းဟူမူ။''ငါသည် ရှေးရှေးအခါ၌ များစွာသော ပစ္စည်းဥစ္စာ ကို ပေးသဖြင့်လည်း ဤဆံပင်တို့ကို ဝယ်ယူဆောင်ကြဉ်းခြင်းငှါ မစွမ်း နိုင်ဖြစ်ခဲ့၏။ ဤယခု၌ကား ဦးခေါင်းမှဖြတ်၍ ပြတ်တောက်သောကာလ မှစ၍ အရင်းမူလ ပဌမအဘိုးရင်းတိုင်းသာလျှင် မထိုက်တန် မရသင့် တော့လတ္တံ့''ဟုကြီစည်၏။ကြီစည်ပြီး၍ကား လာရောက်သောအထိန်း မိန်းမကို''ငါသည် ရှေးရှေးအခါ၌ အသင်၏အရှင်မကို များစွာလည်း ဖြစ်သော ပစ္စည်းဥစ္စာဖြင့် ပေးကာကြီငင် ဆံပင်တို့ကို ဝယ်ယူဆောင်

ကြဉ်းခြင်းငှါ မစွမ်းနိုင်ခဲ့လေပြီ။ အမှတ်မရှိ ချွတ်ယွင်း ပျက်စီး၍ကျပြီး သော အသက်ဇီဝကင်းပသော ဆံပင်တို့မည်သည်ကား ရှစ်အသပြာ တို့သာ အဘိုးထိုက်ကုန်၏''ဟု ပြောဆို၏။ ပြောဆိုပြီး၍ကား ရှစ်အသ ပြာတို့ကို ပေးလိုက်၏။ အထိန်းမိန်းမသည် အသပြာတို့ကို ဆောင်ယူခဲ့၍ သေဋ္ဌေးသို့အား ပေး၏။ သေဋ္ဌေးသို့သည် အရှင်တပါးတပါး၏ အဘို့ ဖြစ်သော ဆွမ်းကို တသပြာ တသပြာ အဘိုးထိုက်တန် စိမ်ပြုလုပ်၍ မထေရ်တို့အား ပေးလှူဆက်ကပ်စေ၏။ မဟာကစ္စာယနမထေရ်သည် အကြောင်းကို ဆင်ခြင်တော်မူ၍ အကြောင်းဥပနိဿယ ပြည့်ဝသည့် ဖြစ်အင်ကို သိမြင်တော် မူသောကြောင့် ''သေဋ္ဌေးသို့သည် အတိမ္မာ နည်း''ဟု မေးတော်မူ၏။ ''အရှင်ဘုရားတို့၊တိုက်ခန်းတွင်း၌ တည်နေ ပါ၏''ဟု လျှောက်ကြားသည်ယို့သော်''ထိုသေဋ္ဌေးသို့ကို ခေါ်ယူကုန် လော့''ဟု မိန့်ဆိုတော်မူ၏။ ထိုသေဋ္ဌေးသို့ သည်လည်း မထေရ်အရှင် မြတ်တို့၌ ရိုသေခြင်းဖြင့် တန္ခုန်းတည်းခေါ်ဆိုသော စကားဖြင့်သာလျှင် အခန်းတွင်းမှထွက်လာ၍ အားကြီးဖွာသောသဒ္ဒါကိုဖြစ်စေ၏။ကောင်း သော လယ်မြေသဘွယ်ဖြစ်ကုန်သော အလှူခံပုဂ္ဂိုလ်တို့၌ တည်စေ အပ်သော ဆွမ်းအလှူဒါနသည် မျက်မှောတ်သော ကိုယ်၏အဖြစ်၌သာ လျှင် အကျိုးပေး၏။အခန်းတွင်းမှ လာရောက်တည်နေ မထေရ်ကို ရှိခိုး ဦးချခြင်းနှင့် တကွနက် ဖြတ်တောက်အပ်ပြီးသော ဆံပင်တို့သည် ရှေး ကကဲ့သို့ ပကတိအဖြစ်ဖြင့် တည်ဖြစ်ကုန်၏။မထေရ်သည်လည်း သေဋ္ဌေး သို့လှူဒါန်းသောထိုဆွမ်းကိုခံယူ၍ သေဋ္ဌေးသို့ မြင်စဉ်ပင်လျှင် ကောင်း ကင်တို့ တက်ကြွတော်မူ၍ ကဉ္စုန်ဥယျာဉ်တော၌ ကျလျှော သက်ဆင်း တော်မူကုန်၏။ဥယျာဉ်မှူးသည် မဟာကစ္စာယနမထေရ်ကိုမြင်၍ပြည့်ရှင် မင်းမြတ်အထံသို့ သွားရောက်ပြီးလျှင် ''အရှင်မင်းမြတ်၊ ပုရောဟိတ် ဖြစ် သော အရှင်ကစ္စာယနသည် ရဟန်းပြု၍ဥယျာဉ်သို့ ကြွရောက်လာပါ သည်''ဟုတင်လျှောက်၏။စလွယ်ပခုံးတော်မင်းကြီးသည် ဥယျာဉ်သို့ထွက် ကြွတော်မူ၍ ပြုအပ်ပြီးသောဆွမ်းစားခြင်း ကိစ္စယှဉ်သော ကစ္စာယန ထေရ်ကို ငါးပါးသော တည်ရာယှဉ်သောထိခြင်းဖြင့် ရိုသေညွတ်ကျိုးရှိခိုး ပြီးသော် သင့်တင့်လျောက်ပတ်တခုသောအရပ်၌ထိုင်နေလျက်''အရှင်

ဘုရားတို့၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ၊အဟိမှာနည်း'' ဟု မေးလျှောက်၏။ ''မြတ်သော မင်းကြီး၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ကြွလာတော် မမူသေးမူ၍ ငါ့ကို စေလွှတ်တော် မူလိုက်ပေ၏''ဟု မိန့်ဆို တော်မူ၏။ ''အရှင်ဘုရားတို့၊ ယခုနေ့ အဘယ်အရပ်၌ အရှင်ဘုရားတို့ ဆွမ်းကို ရအပ်ပါကုန် သနည်း''ဟု မေးလျှောက်ပြန်လျှင် ကစ္စာယနမထေရ်သည် မင်းကြီး၏ ပုစ္ဆာသဘော မေးလျှောက်သော စကားစပ် အရဖြင့် အလုံးစုံသော သေဋ္ဌေးသို့၏ ပြိုနိုင်ခဲလှစွာသော အမှု ပြုစု အားထုတ်သည်ကို မိန့်ဆို ပြန်ကြားတော်မူ၏။ စကျွာပဇ္ဇောတ မင်းကြီးသည် ကစ္စာယန မထေရ်၏ သီတင်းသုံးနေမျှဘို့ရာ အရပ်ကို လျှောက်ပတ်ပြုပြင်စီရင်စေ၍ မထေရ်ကို ပင့်ဖိတ်ပြီးလျှင် နေရာနန်းအိမ်သို့ ပြန်ကြွတော်မူ၍ မထေရ်မိန့်ပြီး သေဋ္ဌေးသို့ကို ဆောင်ယူဘို့ရန် စိမံစေခိုင်းပြီးသော် ရောက်လာလေပြီး သေဋ္ဌေးသို့ကို မြတ်သော မိဖုရားကြီး ရာထူး၌ တင်ထားတော်မူ၏။ သေဋ္ဌေးသို့ ဖြစ်သော ဤ မိန်းမအား မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင် စည်းစိမ်ကွေထွေ ခြွေရွေ ပြန့်ပြော ကျော်စောခြင်းကို ခံယူသည် ဖြစ်လေ၏။ ထိုနေ့မှစ၍ ဘုရင်မင်းမြတ်သည် ကစ္စာယန မထေရ်အား ကြီးကျယ်မြင့်မြတ်သော ပူဇော သက္ကာရကို ပြု၏။ မထေရ်မြတ် တရားစကား ဟောကြား မိန့်ပြသည်၌ ကြည်ညို ကြသောကြောင့် လူမျိုး အပေါင်းသည် မထေရ်၏ အထံ၌ ရဟန်းပြုလေ၏။ ထိုအခါမှစ၍ အလုံးစုံသောမြို့သည် တပြိုင်နက်တည်း သက်နှံရောင်ဖြင့် ပြောင်ပြောင်တောက်ပခြင်း၊ ရဟန်းတို့ လက်ဟန်ကွေးဆန့် သက်နှံလေတို့ဖြင့် တိုက်ခတ်ခြင်းဖြစ်လေ၏။ သေဋ္ဌေးသို့၏ ချီးမြှောက်တင်ထား ထိုမိဖုရားကြီးသည်လည်း ကိုယ်ဝန်သန္ဓေ တည်နေရရှိ၍ ဆယ်လကိုလွန်မြောက်သဖြင့် သားတော်ကိုဘွားမြင်၏။ ထိုသားတော်အား အမည်ကိုမှည့်ယူအံ့သောနေ့၌ ဂေါပါလမင်းသားဟု မယ်တော်၏ဘခင် သေဋ္ဌေးကြီး အမည်ကို မှည့်ခေါ်ခြင်းပြုကုန်၏။ ထို မိဖုရားသည်လည်း မိမိမွေးဘွား သားတော် အမည်၏ အစွမ်းဖြင့် ဂေါပါလ မင်းသား မယ်တော် မိဖုရား မည်သည် ဖြစ်လေ၏။ ထို

ဂေါပါလ မာဘာ မိဖုရားကြီးသည် ကစ္စာယန မထေရ်မြတ်အား အလွန်အမင်း ပြင်းထန်စွာ ကြည်ညိုခြင်းကြောင့် ပြည့်ရှင်မင်း မြတ်ထံ တောင်းပန်ဖြင်ပည်း မင်းကြီးကို ဝန်ခံစေ၍ ကဥန ဥယျာဉ်တော၌ မထေရ်အား ကျောင်းကို ဆောက်လုပ်လှုဒါန်း၏။

အရှင်ကစ္စည်း မထေရ်အား တေဒဂ်ထားခြင်း။

ကစ္စာယနမထေရ်သည် ဥဇ္ဇေနီမြို့သူမြို့သား အပေါင်းကို ကောင်းစွာ ကြည်ညိုစေ၍ တဖန် မြတ်စွာဘုရား အထံတော်သို့ ပြန်လာခဲ့၏။ နောက်အဘို့ ဖြစ်သောအခါ၌ မြတ်စွာဘုရားသခင်သည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေမျှတော်မူလျက် မဓုပိဏ္ဍိကသုတ်၊ ကစ္စာယနပေယျာလသုတ်၊ ပါရာယနသုတ်ဟု ဆိုအပ်ကုန်သော ဤသုံးသုတ်တို့ကို အတ္ထုပ္ပတ် ပြု၍ ကစ္စာယနမထေရ်ကို....

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ ယဒိဒံ မဟာကစ္စာယနော"

ဟူသောပါဠိဖြင့် အကျဉ်းအားဖြင့် ဟောကြားအပ်သော တရား၏ အနက်ကို အကျယ်အားဖြင့် ဝေဘန်ကုန်သော ရဟန်းတို့တွင် အထွတ်အမြတ် ရာတူး၌ ချီးကျူးမြောက်စား ထားတော်မူပေ၏။

ထိုပါဠိ၏ အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ မမ၊ငါဘုရား၏။ သာဝကာနံ၊ ကပည့် ဖြစ်ကုန်သော။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ဘာသိ တဿ၊ ဟောအပ်သော တရား၏။ အတ္ထံ၊ အနက်ကို။ ဝိတ္ထာရေန၊ အကျယ်ချဲသောအားဖြင့်။ဝိဘဇန္တာနံ၊ ဝေဘန်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ဝါ။ ရဟန်းတို့ထက်။ ယဒိဒံ-ယောအယံမဟာကစ္စာယနော၊ အကြင် မဟာကစ္စည်းသည်။အတ္ထိ၊ ယှိ၏။ ဧတံ ·ဧသော မဟာကစ္စာယနော၊ ထိုမဟာ ကစ္စည်းသည်။ အဂ္ဂံ-အဂ္ဂေါ၊ လွန်ကဲ ထူးမြတ်၏။ ဤကားအနက်။

[ဤဝတ္ထုသည်လည်း ဧကနိပါတ် အဂ်ုတ္တိုရ် အဋ္ဌကထာ၌ လာသည်ပင်တည်း]။

ပကိဏ္ဏကဝတ္ထု၌ သုံးခုမြောက်သော မဟာကစ္စည်း မထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၄-အရှင်သာရိပုတ္တရာမထေရ် ပရိနိဗ္ဗာန်ပြုသောဝတ္ထု။ ၄၂၅

၄-အရှင်သာရိပုတ္တရာ မထေရ် ပရိနိဗ္ဗာန်ပြုသောဝတ္ထု။

လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော်မူဘိ၍ ဇာသရိယ စသည်အပြား ဘုန်းတော်ရှောက်ပါးသခင် ဘုရားရှင် ကိုယ်တော် မြတ်သည် အရစ်ရပ်သော သတ္တဝါဝေနေယျတို့ အကျိုးစီးပွားများပြား အံ့သောငှါ ဘုရားဖြစ်တော်မူလာခဲ့သည့်အဘိုင်း တုန့်ဉီးမရ လောက သရဖူဘုရား ဖြစ်တော်မူသည်ကစ၍ နဂရ-နိဂမ-ဂါမအစို့စို့ အမြို့မြို့ အရပ်ရပ်၌ ဝါကပ်ရှင်ပြီး သီတင်းသုံးနေမျ ဓမ္မစည်ကြီး ရိုက်တီးလှည့် ခဲ့ရာ ငါးဝါစွန်းကယ် လေးဆယ်ပြည့်သုံး အဆုံးစွန်ဖြစ်သော ဝါတော် အကျ၌ ဝေဠုဝရာဝယ် ဝါကပ်ဆိုတော်မူ၍ ဝါမှ ထမြောက်ပြီးသော် ဝေဠုဝရာမ ထွက်ကြွတော်မူ၍ သာဝတ္ထိပြည်သို့ သွားအံ့ဟူသောစိတ် တော်ကို ဆောက်တည်ကာ ကြွလာတော်မူသော လမ်းခရီးစဉ်ဖြင့်သာ လျှင် ဆုတ်နစ် ပြန်လည်တော်မူလျက် အစဉ်အတိုင်းအားဖြင့် သာဝတ္ထိ ပြည်သို့ ရောက်တော်မူ၍ ဇေတဝန်ကျောင်းတော်သို့ ကြွဝင်တော်မူ၏။ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာဘုရားအား ဝတ်ကြီးဝတ်ငယ် အသွယ်သွယ် အဝဝ ပြုလုပ် ဘွယ် မှန်သမျှကို လုံးဝအားလုံး ပြီးဆုံးတိုင်ကျ ဖေါ်ပြ ပြုလုပ် ခဲ့ပြီး၍ နေသန့်ရာ အရပ်သို့ ချဉ်းကပ်တော် မူလေ၏။ ထိုအရှင် သာရိ ပုတ္တရာ မထေရ်သည် နေသန့်ရာသတ်မှတ်ထိုအရပ်၌ ချဉ်းကပ်တည်ယှိ အတွင်း နေ တပည့်တို့၌ ကြည့်ရှု စောင့်ရှောက်ဘွယ် ဖြစ်သော ဝတ်ကြီး-ဝတ် ငယ်ကို ပြုလုပ်ပြီး၍ ထိုအတွင်းနေ တပည့်တို့ ဖဝကြကုန်သည် ယှိသော် နေသန့်ရာအရပ်ကို တံမြက်လဲခတ် ခင်းအပ်သော စမ္မခဏ်ကို ခင်းတော် မူ၍ ခြေတော်တို့ကို ဆေးကြောပြီးသော် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော် မူလျက် ဖလသမာပတ်ကို ဝင်စားတော်မူ၏။

အရှင်သာရိပုတ္တရာမထေရ်၏ ပရိနိဗ္ဗာန်ပြုရန် အကြံတော်။

ထိုနောက် ကာလ အပိုင်းအခြားဖြင့် ဝင်စားအပ်သော ထိုဖလ သမာပတ်မှ ထမြောက်တော်မူသော ထိုအရှင်သာရိတ္တရာ မထေရ်အား ဤသို့သော အကြံအစည်သည် တင်ရှားဖြစ်၏။ အဘယ်သို့ ဖြစ်သနည်း

ဟူမူကား။ ''သခင်မြတ်ဖျား ဘုရားရှင်တို့ပင်တည်း ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုကုန်သလော။ သို့မဟုတ်က အဂ္ဂသာဝက တို့တည်း ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုကုန်သလော ဟူသော အကြံအစည်သည် ထင်ရှားဖြစ်၏။ ထိုနောက်မှ ''အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုကုန်သတည်း'' ဟု သိတော်မူသည်ဖြစ်၍ မိမိ၏ အာယုသခံါရကို ကြည့်ရှုတော်မူ၏။ ထိုအရှင် သာရိပုတ္တရာမထေရ်သည် ''ခုနစ်ရက်မျှလောက်သာလျှင် ငါ၏အာယုသခံါရတို့သည် တည်ဖြစ်ကုန်လတ္တံ့'' ဟုသိတော်မူသောကြောင့် ''အဘယ်အရပ်၌ ငါသည် ပရိနိဗ္ဗာန် ပြုရပါအံ့နည်း'' ဟု ကြံစည်တော်မူပြန်၏။ ထိုနောက်မှ ''မြတ်စွာဘုရား၏ သားတော် ငါ၏တပည့်အရင်းဖြစ်သော ရာဟုလာသည် တာဝတိံသာ နတ်ပြည်တို့၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ငါတို့၏ နောင်တော်ကြီး ဖြစ်သော အညာတကောဏ္ဍည မထေရ်သည် ဆဒ္ဒန္တအိုင်၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ငါသည်မူကား အဘယ်အရပ်၌ ပရိနိဗ္ဗာန်ပြုရအံ့နည်း'' ဟု အဖန်ဖန်အထပ်ထပ် သုံးသပ် ကြံစည်တော်လျက် မယ်တော် ဖြစ်သော သာရီ ပုဏ္ဏေးမကို အကြောင်းပြု၍ သတိရခြင်းကိုဖြစ်စေ၏။ ''ငါ၏မယ်တော်သည် ရဟန်းယောက်ျား ရဟန်း မိန်းမဟု ဆိုအပ်ကုန်သော ခုနစ်ပါးကုန်သော ရဟန္တာတို့၏ မယ်တော်ရင်းအစစ် ဖြစ်ရပါလျက်လည်း ဘုရား,တရား, သံဃာတို့၌ ကြည်ညိုခြင်းမရှိ။ ထိုမယ်တော်အား မဂ်-ဖိုလ် ရကောင်း အကြောင်းဥပနိဿယသည် ယှိပါ၏လော, မရှိလေသလော'' ဟု တွေးတောကြည့်ရှု ပြန်သည် ယှိသော် သောတာပတ္တိမဂ်ဖိုလ်တက် ရောက်ကောင်း အကြောင်း ဥပနိဿယ ပြည့်ဝသည်ကို တွေ့မြင်တော် မူ၍ ''အဘယ်သူ၏ဟောကြားပြသ ဆိုဆုံးမသောတရားစကားဖြင့်အကျွတ်တရားကို ရသည်ဖြစ်ပေလတ္တံ့နည်း'' ဟု ကြည့်ရှုတော် မူပြန်သည် ယှိသော် ငါ၏သာလျှင် တရားစကား ဟောကြားဆုံးမခြင်းဖြင့် အကျွတ်တရားကို ရသည်ဖြစ်လတ္တံ့။ ငါမှတပါး အခြားသောသူ၏တရားစကား ဟောကြားဆုံးမခြင်းဖြင့် အကျွတ်တရားကို မရပေလတ္တံ့၊ ငါသည်တမူ အယူမစင် မိခင် မယ်တော်အား ဟောဖေါ်ဓမ္မ ဆုံးမခြင်းမပြုလျစ်လျူရှုသော အနေအရ ကြောင့်ကြမဲ့ ဖြစ်ခဲ့မူကား ငါ့အား လူအများတို့

သည် ကဲ့ရဲ့ဘိသောနှယ် ပြောဆို လွယ်သည် ဖြစ်ကုန်လတ္တံ့။ အဘယ်သို့ပြောဆိုလွယ်ကုန်မည်နည်းဟူမူ။ ''အရှင်သာရိပုတ္တရာ မထေရ်သည် မိမိ၏ ကျေးဇူးရှင် မိခင်ဖြစ်သော သာရီပုဏ္ဏားမမှ ကြွင်းကုန်သော လူတို့၏လည်း ကိုးကွယ်ရာ ဖြစ်ပါပေ၏။ ထိုစကားသည်မှန်၏။ထိုအရှင်သာရိပုတ္တရာ မထေရ်၏ သမစိတ္တ သုတ္တန်ကို ဟောကြားတော်မူသော နှစ်ဦးသာလျှင် ကုဋေတသိန်းကုန်သော နတ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ အောက်မင်္ဂသုံးပါးတို့ကို ထိုးထွင်း၍ သိကုန်သောနတ်တို့၏ အရေအတွက် အပိုင်းအခြားသည် မရှိ။ ထိုမှ တပါးကုန်သော အရာတို့၌လည်း များစွာကုန်သော အကျွတ်တရားကို ရကုန်သောသူတို့သည် ထင်ရှားကုန်၏။ မထေရ်မြတ်၌ စိတ်ကိုကြည်ညိုစေ၍ နတ်ပြည်၌ ဖြစ်ကုန်သော သူတို့သည် သာလျှင် အများတထောင် အတိုင်းအရှည် ယိုကုန်၏။ အရှင်သာရိပုတ္တရာမထေရ်သည်၌ယခုအခါ မိမိ၏မိခင်မယ်တော် မလျော်မကန် ဖေါက်ပြန် မှားယွင်းသော အားဖြင့် အယူမျှကို လည်း ပယ်ချနတ်ပစ်ခြင်းငှါ မစွမ်းနိုင်ချေ တကား'' ဟု ဆိုလွယ်သည် ဖြစ်ပေလတ္တံ့။ ထိုကြောင့် ကျေးဇူးတော်ရှင် မွေးမိခင်ကို ဖေါက်ပြန် မှားယွင်းသော အယူအမြင်မှ ကင်းစင်သောထွေ လွတ်မြောက်စေ၍ ငါ့ကိုဘွားမြင်ရာဖြစ်သောတိုက်ခန်း၌သာလျှင် ပရိနိဗ္ဗာန်ပြုတော့အံ့ဟု ဆုံးဖြတ်ခြင်းကိုပြု၍ ယနေ့ပင်လျှင် ဘုရားရှင်ကို ကြောင်းစဉ် ကြည့်ရှုခွင့်ပြုစေ၍ ထွက်သွားတော့အံ့ ဟု ကြံစည်ပြီးသော် ညီတော် ဖြစ်သော စုန္ဒမထေရ်ကို ''ငါ့ရှင်စုန္ဒ၊ ငါတို့၏အခြံအရံတပည့် ပရိသတ်ဖြစ်သော ငါးရာသော ရဟန်းအပေါင်းကို ကောင်းစွာ အမှတ်သညာကို ပေးဘိလော့။ အဘယ်သို့ အမှတ်သညာကို ပေးရမည်နည်းဟူမူ။ ငါ့ရှင်တို့၊ မိမိတို့၏ သပိတ်, သင်္ကန်းတို့ကို ကိုင်ယူကြကုန်လော့။ တရားစစ်သူကြီး ဖြစ်တော်မူသော သာရိပုတ္တရာမထေရ်သည် နာဠကရွာသို့သွားခြင်းငှါ အလိုယိုတော်မူ၏ဟု- အမှတ်သညာကို ပေးဘိလော့''ဟု မိန့်ဆိုတော်မူ၏။ စုန္ဒမထေရ်သည် နောင်တော် ရင်းစစ် ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ် စေခိုင်းသော အတိုင်း ရွက်ဆောင် ပြုလုပ်၏။ ရဟန်းကိုသည် ကျောင်းအိပ်ရာ နေရာကို သိမှီး သိမ်းဆည်း ပြီးလျှင်

သပိတ်သက်နှင်းကို ကိုင်ယူ၍ အရှင် သာရိပုတ္တရာ မထေရ်၏ အထံသို့ သွားကြကုန်၏။

အရှင်သာရိပုတ္တရာမထေရ် ပရိနိဗ္ဗာန်ပြုရန် လျှောက်ထားခြင်း။

အရှင်သာရိပုတ္တရာ မထေရ်သည် ကျောင်းအိပ်ရာနေရာကို သိုမှီးပြီးသော် မိမိနေ့သန့်ရာ အရပ်ကို တံမြက်ခတ်လှဲ၍ နေ့သန်ရာ အရပ်၏ တံခါး၌ရပ်တည်ပြီးလျှင် နေ့သန့်ရာအရပ်ကို ကြည့်ရှုတော်မူ၍ ''ဤယခုအခါ ငါသည် တမူကား ဤနေ့ သန့်ရာ အရပ်ကို ကြည့်ရှုခြင်းသည် အဆုံးစွန့်သော ကြည့်ရှုခြင်းပေတည်း။ နောက်၌တဖန် ပြန်လည်၍ လာခြင်း မရှိတော့ပြီ'' ဟု ကြံစည်တော်မူ၍ ငါးရာသော ရဟန်းတို့ဖြင့် ခြံရံလျက် မြတ်စွာဘုဘုးသို့ ဝပ်တွား ညွှတ်လျှိး ရှိခိုးပြီး၍ ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်အား သနားသမှု ခွင့်ပြုတော်မူပါလော့။ ကောင်းသောစကားကို ဆိုတော်မူ တက်သော မြတ်စွာဘုရား၊ တပည့်တော်အား သနားသမှု ခွင့်ပြုတော်မူပါလော့။ တပည့်တော်အား ပရိနိဗ္ဗာန်ပြုပါရန် ချိန်ခါတန်ပါပြီ။ တပည့်တော်သည် အာယု သင်္ခါရကို လွှတ်အပ်ပါပြီ'' ဟု ဤသို့သောစကား မြတ်စွာဘုရားကို လျှောက်ကြား၏။ ။ဘုရားရှင်တို့ကား ''အသင်သည် ပရိနိဗ္ဗာန် ပြုလေလော့'' ဟု မိန့်ဆိုတော်မူသည်ယှိသော် သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းသည် မည်ကုန်၏။ ''အသင်သည် ပရိနိဗ္ဗာန် မပြုလေလင့်'' ဟု မိန့်ဆိုတော်မူသည်ယှိသော် ဝဋ္ဌဆင်းရဲ၏ ဂုဏ်ကျေးဇူးကို ပြောဆိုသည် မည်ကုန်၏။ မှားယွင်းဖေါက်ပြန်သော သူတို့က အပြစ်တင်ကုန်လတ္တံ့။ ထိုကြောင့် အပြစ်များပြား ထိုနှစ်ပါးစုံသော စကားကိုလည်း ပြောကြား မိန့်ဆိုတော်မမူကုန်။ ။မြတ်စွာဘုရားက ထိုအရှင်သာရိပုတ္တရာ မထေရ်ကို ''ချစ်သား-သာရိပုတ္တရာ၊ အသယ်အရပ်ဌာန၌ ပရိနိဗ္ဗာန် ပြုလတ္တံ့နည်း'' ဟု မေးမြန်း မိန့်ဆိုတော်မူ၍ ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မဂဓတိုင်း နာဌကရွာ၌ တပည့်တော် မွေးဘွားရာ တိုက်ခန်းသည်ယှိပါ၏။ ထိုတိုက်ခန်း၌ တပည့်တော်သည် ပရိနိဗ္ဗာန် ပြုပါအံ့'' ဟု လျှောက်ကြားသည်ယှိသော် ''ချစ်သား-သာရိပုတ္တရာ၊

သွားရာခွင့်လျော် အချိန်တော်ကာလကို မုချကိတိ အသင်သိပေ၏။ သို သည်အလျောက် သွားရောက်ဘွယ်ကြိမ် ထိုအချိန်ကို အသင်သာလျှင် အောက်မေ့ နှလုံးသွင်းလေဘိလော့။ ချစ်သား-သာရိပုတ္တရာ၊ ဤယခု အခါ အသင်၏အောက် ထေရ်ဝါဝယ်ကုန်သော အသင်၏ ညီတော် ဖြစ်သော ရဟန်းတို့အား အသင်ကဲ့သို့ သဘောယိုသော ရဟန်းအား ကြည့်ရှုဖူးမျော်ခြင်းကို ရခဲသည်ဖြစ်ပေလတ္တံ့။ ထိုရဟန်းတို့အား တရား တော်ကို ဟောကြားဘိလော့'' ဟု မိန့်တော်မူ၏။

အရှင်သာရိပုတ္တရာ တန်ခိုးအမျိုးမျိုး ဖန်ဆင်း၍ တရားဟောခြင်း။

အရှင်သာရိပုတ္တရာမထေရ်သည် ''မြတ်စွာဘုရားကား တန်ခိုး ဖန် ဆင်း ခြင်းလျှင် ရှေသွားရှိသော ငါ၏တရားဟောခြင်းကို တောင့်တ တော်မူ၏'' ဟု သိတော်မူသောကြောင့် ဘုရားသခင်ကို ကြည့်လင် ညွှတ် လျှိုးရှိခိုး၍ ထန်းပင်တဆင့်မျှ ပမာဏယှိသော ကောင်းကင်သို ပျံတက် ပြီးသော် ကောင်းကင်မှ သက်ဆင်း၍ မြတ်စွာဘုရား ခြေတော် တို့ကို ရှိခိုးဦးခိုက်၏။ တဖန် ထန်းပင်နှစ်ဆင့်ခန့်မျှ ပမာဏယှိသော ကောင်း ကင်သို ပျံတက်ပြီးသော် ကောင်းကင်မှ သက်ဆင်း၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးဦးခိုက်၏။ ဤသို့သောအကြောင်းဖြင့် တိုးတက် မြင့် ကာ ထန်းပင် ခုနစ်ဆင့်ခန့်မျှယှိသော ကောင်းကင်သို ပျံတက်၍ အရာ မက များပြားလှသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူလျက် တရား စကား ဟောကြားတော် မူခြင်းငှါ အားထုတ်တော်မူ၏။ ထင်ထင် ရှားရှား အများဖူးမြင်နိုင်သော ကိုယ်ဖြင့် ကရားကို ဟောကြားတော် မူ၏။ မထင်မရှား အများ မမြင်နိုင်သော ကိုယ်ဖြင့်လည်း တရားကို ဟောကြားတော်မူ၏။ကိုယ်တော်၏ ထက်ဝက် အထက်အဘို့ဖြစ်သော ကိုယ်တော်ဖြင့်လည်း တရားကို ဟောကြားတော်မူ၏။ အောက်ထက် ဝက် ကိုယ်တော်ဖြင့်လည်း တရားကို ဟောကြားတော်မူ၏။ အလျား ယှိငြမ်း တခြမ်းမျှပြသော ကိုယ်တော်ဖြင့် တရားကို ဟောကြားတော် မူ၏။အများဖူးမြင် ထင်ရှားသောကိုယ်တော်၊ တစုံတယောက်ပင် မတွေ့

မြင်ကောင်းသော ကိုယ်တော်အားဖြင့် နှစ်မျိုးရောယှက်သော ကိုယ်တော်ဖြင့် တရားကို ဟောကြားတော်မူလေ၏။ ရံခါ လဝန်းသဏ္ဌာန်အဆင်းကို ပြတော်မူ၏။ ရံခါနေဝန်းသဏ္ဌာန်အဆင်းကို ပြတော်မူ၏။ ရံခါတောင်ကြီး၏ အဆင်းသဏ္ဌာန်ကို ပြတော်မူ၏။ ရံခါ သမုဒ္ဒရာအဆင်းသဏ္ဌာန်ကိုပြတော်မူ၏။ရံခါစကြာမင်းအသွင်သည်ဖြစ်၏။ရံခါဝေဿဝဏနတ်မင်းကြီး၏ အသွင်သည်ဖြစ်၏။ ရံခါ သိကြားနတ်မင်းကြီး၏အသွင်သည်ဖြစ်၏။ ရံခါ ဗြဟ္မာကြီး၏အသွင်ဖြစ်၏။ ဤသို့လျှင်အရာမက များပြားလှသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူလျက် တရားစကားကို ဟောကြားတော်မူ၏။ အလုံးစုံသော မြို့သူ မြို့သားအပေါင်းသည် စုရုံးစည်းဝေး၏။ အရှင်သာရိပုတ္တရာ မထေရ်သည် ကောင်းကင်မှ သက်ဆင်းပြီးခါ မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးဦးခိုက် တည်နေတော်မူ၏။ ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်ကို မြတ်စွာဘုရား ကိုယ်တော်မြတ်က ''ချစ်သား သာရိပုတ္တရာ၊ အသင်ဟောကြားပြသ ဤဓမ္မပရိယာယကား အဘယ်မည်သော ဓမ္မပရိယာယပေနည်း''ဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ခြသေ့်မင်း၏ မြူးကွန့်စမ္ပယ်ခြင်းနှင့် တူသည်အရ သီဟဝိကီဋ္ဌိတမည်သော ဓမ္မပရိယာယပါတည်း''ဟု လျှောက်ကြား၏။မြတ်စွာဘုရားက ''ချစ်သား သာရိပုတ္တရာ၊ အသင်လျှောက်ကြားတိုင်း သီဟဝိကီဋ္ဌိတမှန်ပေ၏။ ချစ်သား သာရိပုတ္တရာ၊ အသင်လျှောက်ကြားတိုင်း သီဟဝိကီဋ္ဌိတ မှန်ပေ၏''ဟု မိန့်တော်မူ၏။ အရှင်သာရိပုတ္တရာ မထေရ်သည် ချိပ်ရည်ဖြင့် ဆိုးဘိသကဲ့သို့ နီမြန်းသောအဆင်းယှိကုန်သောလက်တို့ကို ဆန့်တန်း၍ မြတ်စွာဘုရား၏ ရွှေလိပ်ရုပ်နှင့် တူကုန်သော ခြေတော်ဖမျက်တော်တို့၌ ပွေ့ဖက်ကိုင်ယူ၍ ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်မြတ်၏ ဤခြေတော်တို့ကို ရှိခိုးရခြင်းအကျိုးငှါ ကမ္ဘာတသိန်း အလွန်ယှိသော တသင်္ချေပတ်လုံး ပါရမီတို့ကို ဖြည့်ဆည်းပူးခဲ့ရပါကုန်၏။တပည့်တော်၏ နှလုံးအလိုသည် နှစ်မြို့ဘွယ်သုံးအပြီးအဆုံးသို့ ရောက်ရပါပေပြီ။ဤနေ့သမယ ဤအခါမှစ၍ ပဋိသန္ဓေတည်နေသည်၏ အစွမ်းဖြင့် တခုသော နေရာဌာ၌ တဖန်စုဝေးပေါင်း

ဆုံမိခြင်း မရှိနိုင်တော့ပါဖြို့။ ဤသို့ဖြစ်လမ်း ချစ်ကျွမ်းဝင်ခြင်းသည် ပြတ်ပါဖြို့။တသိန်းမက အလွန်များပြားလှသော ဘုရားရှင် ကိုယ်တော် မြတ်တို့ ကပ်ရောက် ကြွတော်မူရာဖြစ်သော မအိုရာ,မသေရာ,ဆင်းရဲ ခပ်သိမ်း ငြိမ်းရာ, စင်စစ် အေးမြရာ, ဘေးအပေါင်းတို့ ကင်းကွာရာ, နိဗ္ဗာန်တည်းဟူသော ပြည်မြို့ကြီးသို့ ဝင်ရပါတော့အံ့။ ဘုန်းတော်ကြီး တော်မူသော မြတ်စွာ ဘုရား၊ တပည့်တော် ပြုလုပ်သော ဘစုံ တခု ကိုယ်အမှုကိုလည်းကောင်း၊ နှုတ်အမှုကိုလည်းကောင်း အရှင်ဘုရားတို့ ဒူးကယ်၍ မနှစ်သက်ကုန်အံ့။မနှစ်သက်ဘွယ်မှ တစုံတရာ တပည့်တော် ပြုမိသော ထိုအမှုအပြစ်ကို ခွင့်လွှတ်ရည်သန် သည်းခံတော် မူပါကုန် လော့။ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်အား ထွက်သွားဘို့ရန် အချိန်တန်ပါပြီ”ဟု လျှောက်ကြား၏။မြတ်စွာဘုရား က “ချစ်သား သာရိပုတ္တရာ၊အသင်အား ငါဘုရား သည်းခံတော်မူ၏။ စင်စစ်သော်ဟူကား အသင်ချစ်သားတို့၏ ငါဘုရားအား မနှစ်သက် ဘွယ်ဖြစ်သော တစုံတခု ကိုယ်အမှုသည်လည်းကောင်း၊နှုတ်အမှုသည် လည်းကောင်း မရှိပလေ။ချစ်သား သာရိပုတ္တရာ၊အကြင်အခါသွားရာ အခွင့် အချိန်သင့်သည်ကို အသင်သိပေ၏။ ထိုသို့တည့်တည့် အသင် သိသည်အတိုင်းသာ ကောင်းစွာနှလုံးသွင်း အောက်မေ့ဘိလော့”ဟု မိန့်တော်မူ၏။ဤသို့လျှင် ဘုရားရှင် ကိုယ်တော်မြတ်က ခွင့်လွှတ်တော် မူသည်၏အခြားမဲ့၌ ဆရာဖြစ်ကော်မူသော မြတ်စွာဘုရား၏ ခြေတော် တို့ကိုရှိခိုး၍ အရှင်သာရိပုတ္တရာ မထေရ်နေရာမှ ထကာမျဝယ် မြင်းမိုရ် တောင်မင်း စကြဝဠာတောင် ဟိမဝန္တာတောင်ဟု ဆိုအပ်ကုန်သော အလွန် အကျူး အထူး ကြီးမားသော ဘဏ္ဍာဝန် ဖြစ်ကုန်သော တောင်ကြီးတို့ကို ရှက်ဆောင်၍ နေနိုင်ငြားသော်လည်း ယခု အရှင် ဘုရား၏ ဤဂုဏ်ကျေးဇူးတော် အစုကို အလွန်အမင်း လေးလံခြင်း ဖြင့် အကျွန်ုပ်ရှက်ဆောင်ခြင်းငှါ မစွမ်းနိုင်ပါဟု ပြောဆိုဘိ သကဲ့သို့ တပြိုင်နက်တည်းသာ ကြည်းဟည်းအော်မြည်လျက် ရေအဆုံးယှိသည် တိုင်အောင်သော မြေကြီးသည် ပြင်းထန်စွာ တုန်လှုပ်၏။ အထက် ကောင်းကင်၌ နတ်စည်တို့သည် ကွဲပြိုတော်လည်းကုန်၏။ကြီးစွာသော

မိုးသည် တက်၍ ကြာဖက်ရေကျ ပမာဏသို့ ပေါက္ခရ မည်သော မိုးသည် ရွာ၏။ မြတ်စွာဘုရားသည် တရားစစ်သူကြီးကို အလိုဆန္ဒ တောင့်တ တိုင်းသာ ကောင်းစွာ ပြီးစေအံ့ ဟူသော အကြံတော်ဖြင့် တရားဟောနေရာမှ ထ၍ ဂန္ဓကုဋိသို့ ရှေးရှု ကြွသွားတော်မူပြီးသော် ပတ္တမြားပျဉ်ချပ်၌ ရပ်တည်တော်မူ၏။ အရှင်သာရိပုတ္တရာ မထေရ်သည် သုံးကြိမ်တိုင်တိုင် လက်ျာရစ်လှည့်လည်သည်ကိုပြု၍ လေးခုသော အရပ် ဌာနတို့၌ ရှိခိုးပြီးသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤဘဒ္ဒကမ္ပာမှ ကပ်တသိန်း အလွန်ရှိသော အသင်္ချေ၏ အထက်၌ အနောမဒဿီ အမည်ယှိတော်မူသော မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်း ခစား၍ အရှင်ဘုရားတို့အား ဖူးမြင်ရလိုခြင်းကို နှစ်မြို့တသ တောင့်တပန်ဆင်ခဲ့ပါ၏။ တပည့်တော်၏ ထိုဆုပတ္ထနာသည် ကောင်း စွာပြည့်စုံပါပြီ။အရှင်ဘုရားတို့ကို တပည့်တော် ဖူးမြင်ရပါကုန်ပြီ။ထိုသို့ ထင်ထင် ဖူးမြင်ရခြင်းသည် ရှေးဦးစွာဖူးမြင်းရခြင်းပါတည်း။ဤယခုပင် ဖူးမြင်ရခြင်းသည် နောက်ဆုံးဖူးမြင်ရခြင်းပါတည်း။နောင်တဖန် အရှင် ဘုရားတို့အား ဖူးမြင်ရခြင်းမရှိတော့ပါပြီ" ဟု လျှောက်ကြား၍ ဆယ်ခု စုထောင်လက်သည်းရောင်တို့ဖြင့် ထွန်းပြောင် တောက်ပသော လက် အုပ်ကို မြှောက်ချီ၍ အကြင်မျှလောက် မြတ်စွာဘုရား သခင်ကို မြင်နှင် လောက်သော အရာသည် ယို၏။ ထိုမျှလောက်သော နေရာအရပ်တိုင် အောင် ဘုရားသခင်သို့ ရှေးရှုသာလျှင် နောက်ဆုတ် ကြွသွား၍ ရှိခိုး ပြီးသော် ဖဂ္ဂြိတော်မူလေ၏။ တဖန်လည်း မဟာပထဝီ မြေမဟိသည် အတည်ဖြစ်အောင် ရွက်ဆောင်ခြင်းငှါ မစ္စမိုးနှင်ဘိရကား ရေလျှင် အဆုံးယှိသည်ကိုပြု၍ လှုပ်ပြန်၏။

အရှင်သာရိပုတ္တရာ မထေရ်ကို မြို့ချမြို့သားအများး
ငိုယိုမြည်တမ်းလျက် လိုက်ပို့ကြခြင်း။

မြတ်စွာဘုရားက ဝန်းရံတည်ယှိကုန်သော ရဟန်းတို့ကို "ချစ်သား ရဟန်းတို့၊ အသင်တို့၏ နောင်တော်ကြီးကို အစဉ်တစိုက် လိုက်၍ပို့ကြ ကုန်လော့" ဟု မိန့်ဆိုတော်မူ၏။ မြတ်စွာဘုရားမိန့်ကြားသော ထိုခဏ ၌သာလျှင် လေးပါးကုန်သော ပရိသတ်တို့သည် ဘုရားကိုယ်တော်မြတ်

တပါးတည်းကိုသာလျှင် ဇောတဝန်ကျောင်းတော်၌ ချန်ထားခဲ့၍ ကြွင်းမဲ့ညဿံ အလုံးစုံ လိုက်ပါထွက်သွားကုန်၏။ သာဝတ္ထိမြို့၌ နေကြကုန်သောမြို့သူမြို့သားယောကျ်ားမိန်းမတို့သည်လည်း ''အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရားကို ပန်ကြားခွင့်တောင်း၍ ပရိနိဗ္ဗာန်ပြုခြင်းငှါထွက်ကြတော်မူသတဲ့။ ထိုမထေရ်မြတ်ကို ကြည့်ရှုဖူးမျှော်ကုန်အံ့'' ဟုပြောဆိုပြီးကာ သူ့ထက်ငါလာကြ၍ မြို့တံခါးအထွက်ဝ၌ တိုးဝှေ့ကြသဖြင့် နေရာထွက်ခွင့်မရသည်တို့ကို ပြုကုန်လျက် ထွက်သွားကြကုန်၍ နံ့သာပန်း စသည် လက်စွပ်ပြီးခါကောင်းစွာပြုပြင် ဆံပင်ဆံထုံး အားလုံးပျက်အင် ဆံပင်တို့ကို ဖရိဖရဲကြကုန်လျက် ''ဤယခုအခါကြီးကျယ်သောပညာယှဉ်တော်မူသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ဘယ်အရပ်၌ နေမျှတည်ယှိပါသနည်း။ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည် ဘယ်အရပ်၌နေမျှတည်ယှိတော်မူပါသနည်းဟု သူတပါးတို့က မေးမြန်း ကုန်သည်ယှိသော် တပည့်တော်-တပည့်တော်မတို့ အဘယ်သို့ ပြောကြားရပါကုန်မည်နည်း။ အဘယ်သူ၏ အထံသို့ သွားရပါကုန်မည်နည်း။အရှင်ဘုရား၏ ဆရာသခင်ဘုရားရှင်ကို အဘယ်သူ၏လက်၌ပုံလွှဲအပ်ထား၍မထေရ် အရှင်ဘုရားသည် ကြွသွားတော် မူရက်ပါလေသနည်း''။ ဤသို့စသောနည်းဖြင့် အသီးသီး အဖွဖွေ မျက်ရည်ယိုစီး ငိုညည်း မြည်တမ်းကြကုန်လျက် မထေရ်မြတ်သို့ အစဉ်လိုက်ကုန်၏။အရှင်သာရိပုတ္တရာမထေရ်သည် ကြီးကျယ် မြင့်မြတ်သော ဉာဏ်ပညာယှဉ်သောအရာ၌ တည်တော်မူသည်၏ အဖြစ်ကြောင့် ''သမင်းနိုင်ငံသို့ မငြင်းဆန်သာ လိုက်ပါသွားရောက်ရသော ဤလမ်းကြောင်းခရီးသည်ကား အလုံးစုံသောသူတို့ မလွန်မြောက်နိုင်သော လမ်းခရီးပေတည်း''ဟု ဤသို့အစပြုသော တရားစကားဖြင့် လူများအပေါင်း ကောင်းစွာဆုံးမတော်မူ၍ ''ငါ့ရှင်တို့၊ အသင်တို့သည်လည်း တန့်ရပ် တည်နေရစ်ကြကုန်လော့။ ကျွန်ုပ်တော်ရှင် ဘုရားသခင်၌ မွေလျော့ခြင်းသို့ မရောက်ကြကုန်လင့်''ဟု မိန့်ဆိုပြီးခါ ရဟန်းသင်္ဃာကိုလည်း ဆုတ်နစ်ပြန်လည်၍ မိမိ၏ပရိသတ်နှင့်သာလျှင်အတူတကွဖဲကြကေတ်မူ၏။အကြင်လူတို့သည်လည်း ''ရှေးရှေး

ပကိဏ္ဏကဝဏ္ဏ။(ဆရာတော်-အသျင်စန္ဒိမာမ)။

အခါ အရှင်သာရိပုတ္တရာသည် ကောင်းစွာတဖန် ပြန်ကြွလာမည်လည့်လည်တော်မူခြင်းဖြင့် လှည့်လည်တော်မူ၏။ ဤယခုအခါကြွသွားတော်မူခြင်းကားတဖန်မပြန်လာအဆုံးစွန်ကြွသွားတော်မူခြင်းပေတည်း''ဟု ငိုကြွေး မြည်တမ်းကုန်လျက် အစဉ်လိုက်ကြ ကုန်သည်သာတည်း။ ထိုလူတို့ကိုလည်း ''အို-ဒါယကာ-ဒါယိကာမတို့၊ မမွေမမျော့ ကုန်သည်ဖြစ်ကြကုန်လော့၊ အကြောင်းတရား ပေါင်းငြားပြုပြင် သင်္ခါရတရားကိုမည်သည်ကား ဤသို့ဖြစ်တတ်သော အလေ့ယိုကုန်၏''ဤသို့ စသော ဓမ္မဒေသနာ ကောင်းစွာနက်လေး အဆုံးမပေး၍ ဆုတ်နစ် ပြန်လည်စေ၏။

အရှင်သာရိပုတ္တရာမထေရ်ဘွားရာတိုက်ခန်း၌ သီတင်းသုံးခြင်း

ထိုနောက် အရှင်သာရိပုတ္တရာ မထေရ်သည် လမ်းခရီးကျသော အလုံးစုံသော အရပ်ဌာနတို့၌ တည်စ့ဲမျှကိန်းအောင်းနေမျှတော်မူခြင်းဖြင့် ခရီးလမ်းအကြား၌ ခုနစ်ရက်ပတ်လုံးလူတို့အား သင်္ဂြိဟ်ပုံထောက်ရိုးမြောက်ခြင်းအမှုကို ပြုတော်မူလျက် ညနေချမ်းအခါ နာဠကရွာသို့ရောက်တော်မူ၍ ရွာတံခါး အနီးယိုသော ပညောင်ပင်ရင်း၌ တည်နေတော်မူ၏။ ထိုအခါ မထေရ်မြတ် နှမ၏သား တူတော်ဖြစ်သော ဥပရေဝတ အမည်ယိုသောသူသည် ရွာမှအပသို့ ထွက်သွားသည်ယိုသော် မထေရ်ကို တွေ့မြင်သောကြောင့် အနီးသို့ ချဉ်းကပ်ညွတ်လျှိုး ရှိခိုး၍ တည်၏။မထေရ်မြတ်က ထိုဥပရေဝတကို ''နေအိမ်၌ အသင်၏ အဘွားမကြီးသည် ယိုပါ၏လော''ဟု မေးမြန်းမိန့်ဆိုတော်မူ၏။''အရှင်ဘုရား၊ သြော်-ယိုပါ၏''ဟု လျောက်ကြားသည်ယိုသော် ''အသင် သွားတည့်ချေ။ ငါတို့၏ အရပ်သို့ ကြွလာသည်အဖြစ်ကို ပြောကြားလေလော့။ အဘယ် အကြောင်းကြောင့် ကြွလာသနည်းဟု အသင့်ကို မေးခဲ့သည်ယိုသော် ယခုတ:နေ့ အဘို့မျှကို့ ရွာတွင်း၌ သီတင်းသုံးနေမျှလတ္တံ့။မွေးဘွားရာ တိုက်ခန်းကို သုဓံသင် ရှင်းလင်းလေကုန်လော့။ ငါးရာကုန်သောရဟန်းတို့၏ သီတင်းသုံးနေမျှဘို့ရာ အရပ်ဌာနကိုလည်း သိယို့ပြုလုပ် သုဓံသင်ကြစေလိုကုန်သတဲ့ဟု ပြောကြားလေလော့''ဟု၍ မှာ

ထားမိန့်ဆိုတော်မူ၏။ထိုဥပရေဝတသည် သွားရောက်၍ ''အို-အာဘွား မကြီး၊ အကျွန်ုပ်၏ ဦးရီးဖြစ်သော အရှင်သာရိပုတ္တရာမထေရ် ကွယ်လာတော်မူသည်''ဟု ပြောကြား၏။ ''ဤယခုအခါ အဘယ်မှာနည်း'' ဟု မေးသောအခါ ''ရွာတံခါးဦး တည်ယိုပါသည်'' ဟု ပြောကြား၏။ ''တဦးဟယောက်တည်းသာလျှင်လော၊ သို့မဟုတ်ငြား တပါးလည်း ဖြစ်သော တစုံတယောက်သောသူ ပါယို့သေးသလော'' ဟု မေးပြန်သဖြင့် ''ငါးရာကုန်သော ရဟန်းတို့ပါယို့ကုန်၏''ဟု ပြောကြား၏။ ''ဘယ်အကြောင်းကြောင့် ကွယ်လာသနည်း''ဟု မေးပြန်သည်ရှိသော် ထို ဥပရေဝတသည် မထေရ်မှာကြား စကားသတင်း ထိုသို့သော ဖြစ်ခြင်းကို ပြောကြား၏။ ''ပုဏ္ဏားမကြီးက အကြောင်း အသို့ပေနည်း။ဤမျှလောက် အတိုင်းအရှည်ရှိကုန်သော ရဟန်းတို့၏နေရာဌာနကို ပြုစုပြင်ဆင် သုံသင် ရှင်းလင်းစေ၏။ ငယ်ရွယ်ပျိုနေသောအခါ၌ ရဟန်းပြု၍ အရွယ်ကြီးပြင်း အိုမင်းသောအခါ လူဖြစ်ခြင်းငှါ အလိုရှိလေသလော''ဟု ကြံစည်လျက် မထေရ်ဘွားမြင်ရာ တိုက်ခန်းကို သုံသင်စေပြီးလျှင် ငါးရာကုန်သော ရဟန်းတို့ သီတင်း သုံးနေမျှရာအရပ်ကို ပြုပြင်လုပ်ကိုင်၍ ဆီမီးတိုင်တို့ကို ငြိုထွန်းပြီးသော် မထေရ်၏ အထံတော်သို့ စေလွှတ်၏။ သာရိပုတ္တရာ မထေရ်သည် ရဟန်းတို့နှင့် အတူတကွ ကွယ်လာချဉ်းကပ် ပြာသာဒ်ထက်သို့ သက်ကြွတံဘီ မိမိကိုယ်တော်ကို မွေးသွားရာ တိုက်ခန်းသို့ ကွဲဝင်၍ ထိုင်နေ သီတင်းသုံးတော်မူ၏။ ထိုင်နေတော်မူပြီး၍ကား အသင်တို့၏ အဘိုးငှါ ခင်းကျင်း၍ ထားအပ်သော နေရာအရပ်သို့ သွားကြ ကုန်လော့ဟု မိန့်ဆိုတော် မူပြီးခါ ရဟန်းအပေါင်းကို စေလွှတ်လိုက်၏။

အရှင်သာရိပုတ္တရာမထေရ်ထံ နတ်မင်းကြီးလေးပါး သိကြား,ဗြဟ္မာတို့ ဆည်းကပ်ခြင်း။

ထိုရဟန်းတို့ ကွဲသွားတော်မူကာမျှ၌ သာရိပုတ္တရာ မထေရ်အား ကြမ်းတမ်းလှစွာသော အနာရောဂါသည်ဖြစ်ပေါ်လာ၏။သွေးသွန်ယို စီးကုန်သော သေခါနီးရောက် ကြောက်မက်ဘွယ်သော ဝေဒနာသည် ဖြစ်ကုန်၏။ သွေးသွန်ဆင်းလျက် တခုသောခွက်သွင်းခြင်း, တခုသော

ခွက် ထုတ်ဆောင်ခြင်းဖြင့် အလဲအလှယ်ပြုလုပ်ရ၏။ မယ်တော်ပုဏ္ဏေး မကြီးသည် "ငါ့သားတော်၏ ဖြစ်ပေါ်ကပ်လာ ဤရောဂါကား ငါ့အား မနှစ်သက်ဘွယ် စိုးရိမ်ဘွယ်ယှိလှ၏"ဟု ကြံစည်၍ မိမိ၏နေရာ တိုက်ခန်း တံခါးကိုမှီလျက် ရပ်တည်ကြည့်ရှု၍နေ၏။ လေးဦးကုန်သော နတ်မင်းကြီးတို့သည် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင် သာရိပုတ္တရာ မထေရ်ကား အတီအရပ်၌ နေမျှ သီတင်းသုံးလေသနည်း"ဟု ကြည့်ရှုကုန်သည်ယှိသော် "နာဋ္ဌကရွာ မိမိကို ဘွားမြင်တော်မူရာဖြစ်သော တိုက်ခန်းဝယ် ပရိနိဗ္ဗာန် ပြုရာဖြစ်သော ညောင်စောင်း၌ လျောင်းနေ သီတင်းသုံးတော်မူလေသည်"ဟု သိမြင်ကုန်သောကြောင့် "အဆုံးစွန်သော ကြည့်ရှုဖူးမြင်ခြင်းကို ဖူးမြင်ခြင်းငှါ သွားကုန်အံ့"ဟု ကြံစည်ပြီးကာ ကောင်းစွာ လာရောက်ချဉ်းကပ် တုံ့ဝပ်ရိကျိုး ရှိခိုး၍ တည်နေကုန်၏။ "အသင်တို့သည် အဘယ်သူတို့နည်း"ဟု မထေရ်က မေးတော်မူသည် ယှိသော် "အရှင်ဘုရား၊ အကျွန်ုပ်တို့ကား နတ်မင်းကြီးတို့ပါတည်း"ဟု ကြားလျှောက်၏။ အဘယ်အကြောင်းကြောင့် လာရောက် ကုန်သနည်း"ဟု မေးတော်မူပြန်သဖြင့် "အရှင်သူမြတ်စွဲကပ်ရောဂါ ဖြစ်ပေါ်ရာကို ကောင်းစွာ ပြုစုသည် ဖြစ်ပါကုန်အံ့ ဟူသောအကြံ ရည်သန်ဟောင့်တ လာရောက်ကြပါကုန်၏"ဟု လျှောက်ကြားသောအခါ "ယှိသည် ဖြစ်ပါစေတော့။ ငါ့အား ပြုစုလုပ်ကျွေးမည့်သူ ဂိလာနုပဋ္ဌာကယှိပါ၏။ အသင်တို့သည် သွားကြကုန်လော့"ဟု ပြောဆို နူးညွတ် ခွင့်လွှတ်လိုက်ပေ၏။ ထိုနတ်မင်းကြီး လေးပါးတို့သွားပြီးသည် အဆုံး၌ ထိုသို့သောနည်းဖြင့်သာလျှင် နတ်တို့ကို အစိုးရတော်မူသော သိကြားမင်းသည် လာရောက်ဆည်းကပ် ကြောင်းစပ်မေးဦး၍ အနူးအညွတ် ခွင့်လွှတ်တော်မူလိုက်ပြန်၏။ ထိုသိကြား ပြန်သွားသည်ယှိသော် ဗြဟ္မာမင်းကြီးတို့သည်လည်း လာရောက် ဆည်းကပ်ကြကုန်ပြန်၏။ ထိုဗြဟ္မာမင်းကြီးတို့ကို ရှေးနည်း အတူသာလျှင် ပြောဆိုစေလွှတ်လိုက်ပြန်၏။ မယ်တော်ပုဏ္ဏေးမကြီးသည် နတ်ဗြဟ္မာတို့ လာခြင်းသွားခြင်းကို တွေ့မြင်ရသည်ယှိသော်"ငါ၏သားတော်ကို ဖူးမြော်ရိုခိုး၍သွားသော ဤသူတို့ကား အဘယ်သူတို့ ဖြစ်ပါလိမ့်မည်

နည်း''ဟု ကြံစည်တွေးတောပြီးလျှင် တိုက်ခန်းတံခါးသို့ သွားရောက်၍ ''ချစ်သား စုန္ဒ၊ အသင်၏နောင်တော်ကြီးအား အကြောင်းအသို့ ဖြစ်သနည်း''ဟု ရောဂါ ဝေဒနာ သက်သာတိုးပွားနှစ်ပါးသော အကြောင်းကို ကောင်းစွာသိလိုသော အရေးဖြင့် မေးမြန်း၏။ ထိုစုန္ဒမထေရ်က မယ်တော်ပုဏ္ဏားမကြီးအား ရောဂါဝေဒနာ ဖြစ်ပေါ်လာသော ထိုအကြောင်းကို ပြောကြားပြီးလျှင် နောင်တော် သာရိပုတ္တရာမထေရ်ကို ''အရှင်ဘုရား၊ မယ်တော်ဥပါသိကာမကြီး လာရောက်ပါသည်''ဟု လျှောက်ထား၏။အရှင်သာရိပုတ္တရာ မထေရ်က ''မယ်တော် ဥပါသိကာမကြီး၊ အချိန်အခါ မဟုတ်သည်၌ အဘယ်ကြောင့် လာသနည်း''ဟု မေးတော်မူ၏။ ထို မယ်တော် ပုဏ္ဏားမကြီးက ''ချစ်သား၊ အသင်အား ကြည့်ရှုခြင်းအကျိုးငှါလာရောက်ပါသည်''ဟု ပြောဆိုပြီးသော် ''ချစ်သား၊ ရှေးဦးစွာ အသင်၏ အထံသို့ လာကြကုန်သော သူတို့သည် အဘယ်သူတို့ပေနည်း''ဟု မေး၏။ ''ဥပါသိကာမကြီး၊ လေးယောက်ကုန်သော နတ်မင်းကြီးတို့ပေတည်း''ဟု ပြောကြားသည်ဖြစ်၍ ''ချစ်သား၊ အသင်သည် နတ်မင်းကြီးလေးဦးတို့ထက် မြင့်မြတ်ကြီးကျယ်သလော''ဟု ကဖန်မေးပြန်သဖြင့် ''ဥပါသိကာမကြီး၊ ထိုနတ်မင်းကြီး လေးဦးတို့သည် ငါတို့၏ အာရာမ်စောင့်နှင့် တူကုန်၏။ ငါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား အလောင်းတော် ပဋိသန္ဓေ တည်နေသည်မှ အစပြု၍ သန်လျက်လက်၌ ကိုင်စွဲကုန်လျက် အစောင့် အရှောက်ကို ပြုရကုန်ပြီ''ဟု ပြောဆိုတော်မူ၏။ ''ချစ်သား၊ ထိုနတ်မင်းကြီးတို့ ပြန်သွားသည်အဆုံး၌ လာရောက် ချဉ်းကပ်သော သူကား အဘယ်သူပေနည်း''ဟု မေးပြန်သဖြင့် ''ဥပါသိကာမကြီး၊ နတ်တို့ကို အစိုးရတော်မူသော သိကြားမင်းပေတည်း''ဟု မိန့်ကြားတော်မူ၏။''ချစ်သား၊ အသင်သည် သိကြားနတ်မင်းထက်ပင် မြင့်မြတ်ကြီးကျယ်သလော''ဟု မေးမြန်းသောအခါ ''ဥပါသိကာမကြီး၊ ထိုသိကြားနတ်မင်းသည် ငါတို့၏ ပစ္စည်းဘဏ္ဍာကို ယူငင် သယ်ပိုးရွက်ဆောင်လိုက်ပါရသော သာမဏေနှင့်တူ၏။ ထိုသိကြားနတ်မင်းသည် ငါ့တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ကာဝကိ သာ

ပကိဏ္ဏကဝဏ္ဏ။ (ဆရာတော်-အသျင်စန္ဒိမာမှ)။

နတ်ပြည်မှ သက်ဆင်းတော် မူသောအခါ သပိတ် သက်နှံးတော်ကို ယူငင် လွယ်ဆောင်၍ သက်ဆင်းလိုက်ပါရသော သူပေတည်း''ဟု ပြောကြားတော်မူ၏။ ''ချစ်သား၊ ထိုသို့ကြားနတ်မင်း ပြန်သွားသည် အဆုံး၌ အလွန်အကျူး အထူးသဖြင့် အရောင်တောက်ပဘိ သကဲ့သို့ လာရောက် ချဉ်းကပ်သော သူကား အဘယ် သူပေနည်း''ဟု တဖန် မေးမြန်း သဖြင့် ''ဥပါသိကာမကြီး၊ အလွန် အကျူး အထူးသဖြင့် အရောင် တောက်ပဘိ သကဲ့သို့ လာရောက်သော ထိုသူသည်ကား အခြားသူမဟုတ်၊ အသင် ''ဥပါသိကာမကြီးတို့၏ ဘုရားဟူ၍လည်း ကောင်း၊ ဆရာဟူ၍လည်းကောင်း ကိုးကွယ်ဆည်းကပ်သော ဗြဟ္မာ မင်းကြီး ပေကည်း''ဟု ပြောဆိုတော်မူ၏။ ''ချစ်သား၊ အသင်သည် ငါတို့ဘုရား ဖြစ်သော ဗြဟ္မာမင်းကြီးထက်ပင် မြင့်မြတ်ကြီးကျယ်သေး သလော''ဟု မေးမြန်းပြန်သဖြင့် ''ဥပါသိကာမကြီး၊ သြဝ်- ဟုတ်မှန် လှပေ၏။ ငါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား ဘွားမြင်တော် မူသောနေ့၌ ထိုလေးဦး ကုန်သော ဗြဟ္မာမင်းကြီးတို့သည် အလောင်း တော် ယောကျ်ားမြတ်ကို ရွှေကွန်ရက်ဖြင့် ခံယူရကုန်ပြီ''ဟု မိန့်ကြား တော်မူ၏။ သားတော် မထေရ်က ပြန်လည် ပြောဆိုသော စကားကို ကြားသိရသော ထိုအခိုက်အခါ၌ ''ငါ၏သားအား ဤသို့သဘောယို သော အရှိန်အစော် အာနုဘော် ယိုတုံသေး၏။ ထို ငါ့သား၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား၏ အရှိန်အစော် အာနုဘော်ကား အဘယ်သို့သဘောယိုသည် ဖြစ်ပေလတ္တံ့နည်း''ဟု ကြံစည်တွေးတော သော ထိုပုဏ္ဏားမကြီးအား အဆောတလျင် ငါးမျိုးသော ဗိတိသည် ဖြစ်၍ အလုံးစုံသောကိုယ်ကို ပြန့်နှံ့၏။

အရှင်သာရိပုတ္တရာမယ်တော် သေတာပန်တည်ခြင်း။

အရှင်သာရိပုတ္တရာ မထေရ်သည် ''ငါ၏ မယ်တော်အား နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်၏။ ယခုအခါကား တရားစကား ဟောကြားခြင်း ငှါ သင့်လျော် လျောက်ပတ်သော အခါပေတည်း''ဟု ကြံစည်တော် မူ၍ ''မယ်တော်ဥပါသိကာမကြီး၊အသင်သည် အဘယ်ကို တွေးတော

ကြီစည်ဘိသနည်း”ဟု မေးတော်မူ၏။ ထိုပုဏ္ဏားမကြီးက “ချစ်သား ဥပတိဿ၊ ငါ၏သားအား ဤသို့သဘောယို့သော ဂုဏ်ကျေးဇူးယို့တုံသေး၏။ ငါ့သား၏ ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကား အဘယ်သို့ သဘောယို့သည် ဖြစ်လိမ့်မည်နည်း”ဟု ဤသို့သောအကြံကို ရှေးဦးစွာ ကြီစည်တွေးတောမိပါ၏ဟု ပြောဆို၏။ “ဥပါသိကာမကြီး၊ ငါ၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဘွားမြင်တော်မူသော အခိုက်ခဏ၌ လည်းကောင်း, မြတ်သော တောထွက်ခြင်းသို့ တောထွက်တော်မူသော အခါ၌ လည်းကောင်း, အရဟတ္တမဂ်ဉာဏ် သမ္မညုတဉာဏ်တော်ကို ထိုးထွင်းသိမြင် ဘုရားဖြစ်တော်မူသောအခါ၌ လည်းကောင်း, ဓမ္မစကြာဒေသနာကို ကောင်းစွာ လည်စေသော အခါ၌ လည်းကောင်း တသောင်းသော စကြဝဠာ လောကဓာတ်တို့က်သည် တုန်လှုပ်လေပြီ။ သီလကျေးဇူး-သမာဓိကျေးဇူး-ပညာကျေးဇူး-မဂ်ဉာဏ် - ဖိုလ်ဉာဏ် တည်းဟူသော ဝိမုတ္တိ ပစ္စဝေက္ခဏာဉာဏ် တည်းဟူသော ဝိမုတ္တိဉာဏ်အမြင်ဖြင့် တစုံတယောတ်သော တူသောသူ မည်သည်မရှိ။ “သော ဘဂဝါ ဇုတိပိ အရဟံ” ဤသို့ စသည်ဖြင့် အကျယ် ချဲ့ထွင်၍ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်နှင့် စပ်ယှဉ်သော ဓမ္မဒေသနာကို ကောင်းစွာ ဟောကြားတော်မူ၏။ ရူပသာရီ အမည်ယို့သော ပုဏ္ဏားမကြီးသည် ချစ်ခင်လှစွာသော သားတော်ကြီး အရှင်သာရိပုတ္တရာမထေရ်၏ တရားစကားဟောကြားသော အပြီးအဆုံး၌ သောတာပတ္တိဖိုလ်၌ တည်လေ၍ မိမိ၏သားတော် သာရိပုတ္တရာ မထေရ်ကို “ချစ်သား-ဥပတိဿ၊ အဘယ်ကြောင့် ဤသို့ပြုလုပ်လေဘိသနည်း။ ဤသို့ သဘောယို့သည်မည်သော အမြိုက်နိဗ္ဗာန်တရားကို အကျွန်ုပ်မယ်တော်အား ဤမျှလောက်သောကာလပတ်လုံး အဘယ်ကြောင့် မပေးပါသနည်း”ဟု ပြစ်တင်ပြောဆို၏။ အရှင် သာရိပုတ္တရာမထေရ်သည် “ဤယခုအခါ၌ ငါသည် မယ်တော်ဖြစ်သော ရူပသာရီပုဏ္ဏားမအား မွေးဘွားသော အဘိုးရင်းပွားကို တုံဆပ်သောအားဖြင့် ပေးအပ်ပေပြီ။ဤမျှလောက်မည် အတိုင်းအရှည်ဖြင့် သင့်လျော်လောက်ပေလတ္တံ့”ဟု ကြီစည်တော်မူ၍ “မယ်တော်-ဥပါသိကာမကြီး၊ သွား

လေတော့''ဟု ပြောဆိုပြီးလျင် မိခင်ပုဏ္ဏေးမကြီးကို လွှတ်လိုက်၍ ''ငါ့ရှင်-စုန္ဒ၊ ဘယ်အချိန်ကာလမျှလောက် ယှိပြီနည်း'' ဟု မေးတော်မူ၏။ ''အရှင်ဘုရား၊ လင်းရောင်ခြည် နီးအားကြီးသော မိုးသောက်ယာမ် ကာလလောက် ယှိပါလိမ့်မည်''ဟု စုန္ဒမထေရ်က လျှောက်ကြားသော အခါ ''ငါ့ရှင်စုန္ဒ၊ ရဟန်း သဃ်ာတော် အပေါင်းကို စုရုံးစည်းဝေးစေလော့''ဟု မိန့်တော်မူ၏။ ရဟန်းသဃ်ာ ကောင်းစွာ စည်းဝေးမိသော အခါ စုန္ဒမထေရ်က ''အရှင်ဘုရား၊ ရဟန်း သဃ်ာတော် အပေါင်း ကောင်းစွာ စည်းဝေးမိပါပြီ''ဟု လျှောက်ကြားသဖြင့် ''ငါ့ရှင်စုန္ဒ၊ငါ့ကို မြောက်ချီ ပင့်မ၍ ထိုင်နေပါစေလော့''ဟု မိန့်တော်မူသည်ယှိသော် အရှင် စုန္ဒမထေရ်သည် မြောက်ချီ ပင့်မ၍ ထိုင်နေစေ၏။

အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံရာ မယ်တော် ငိုကြွေးခြင်း။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သည် ရဟန်းတို့ကို ခေါ်တော်မူ၍ ''ငါ့ရှင်တို့၊ ငါနှင့်အတူတကွ လေးဆယ့်လေးနှစ်တို့ပတ်လုံး လှည့်လည် နေမျှကုန်သောအသင်တို့အား ငါ၏အထက်၌အကြင်ရှေးပြု ကိုယ်အမှု,နှုတ်အမှုကို မနှစ်သက်ကုန်အံ့။အသင်တို့မနှစ်သက်သော ထိုကိုယ်အမှု နှုတ်အမှုကို ငါ့ရှင်တို့ သည်းခံကြပါ ကုန်လော့'' ဟု မိန့်ဆိုတော်မူ၏။ ''အရှင်ဘုရား၊ ဤမျှလောက်သော ကာလပတ်လုံး ခိုမှီးရာအရပ်ကဲ့သို့ အရှင်ဘုရားတို့ကို မလွှတ်မူ၍ လှည့်လည် ကုန်သော တပည့်တော်တို့အား မနှစ်သက် ဘွယ်သော အရာမည်သည် မရှိပါ။ အရှင်ဘုရားတို့ကသာ တပည့်တော်တို့အား သည်းခံတော် မူကြပါကုန်လော့'' ဟု လျှောက်ထား ကုန်၏။ ထိုနောက် အရှင် သာရိပုတ္တရာ မထေရ်သည် သက်နိုးကြီးကို ဆွဲငင်ပြီးလျင် မျက်နှာတော် ပေါ်၌ ဖုံးအုပ်၍ လက်ျာ နံတောင်းဖြင့် လျောင်းတော် မူလျက် မြတ်စွာဘုရား ကဲ့သို့ အစဉ် အတိုင်း ဝင်စား အပ်သော ကိုးပါး ကုန်သော သမာပတ်တို့ကို အနုလုံ, ပဋိလုံ အားဖြင့် ဝင်စားတော်မူ၍ တဖန် ပဌမဈာန်ကို အစပြု၍ စတုတ္ထဈာန်တိုင်အောင် ဝင်စားတော်မူ၏။ ထိုစတုတ္ထဈာန်မှ ထပြီးသည်၏ အခြားမဲ့၌သာလျှင် မဟာပထဝီ မဟီမြေလုံး သိမ်းကျုံး

ရိုက်ခတ် ပုံထင်ထပ်စေလျက် ခန္ဓာကမ္မဇရုပ် အကြွင်းမဲ့ချုပ်သော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူလေ၏။ မယ်တော်ဖြစ်သော ဥပါသိကာမကြီးသည် "အကြောင်း အသို့ပေနည်း။ ငါ၏ သားကြီးသည် တစုံတခုသောစကားကိုမျှ မပြောဆိုတော့ချေတကား" ဟု ကြံစည်ပြီးလျှင် နေရာမှထလာ၍ မထေရ် ရုပ်အလောင်းတော်၏ ခြေဖမိုးတို့ကို စမ်းသပ်ဆုပ်ကိုင်၍ ကြည့်သည်ယှိသော် စုတိချုပ်မှန် ပရိနိဗ္ဗာန်ပြုသော အဖြစ်ကို သိသောကြောင့် ကျယ်စွာသော အသံကိုပြုလျက် အလောင်းတော်၏ ခြေတော်တို့အထက်၌ ဦးခေါင်းချဝပ်၍ "အမောင်သားကြီး ဥပတိဿ၊ အကျွန်ုပ်မိခင်တို့သည် ဤမှ ရှေးရှေးအခါဝယ် အသင်သားကြီး၏ ဂုဏ်ကျေးဇူး အထူးကြီးကျယ် မြင့်မြတ်သည် မသိရပါကုန်၊ ယခုမှပင် ပုံအင်ကျေးဇူး ဂုဏ်ထူးဝိသေသကို သိရပါကုန်၏။ ဤယခုအခါ အမောင်သားကြီးကို ဦးစီးအစပြု၍ အရာမက အထောင်မက အသိန်းမက များပြားလှသော ရဟန်းတော်အရှင်ကောင်းတို့ကို ပင့်ဖိတ်ပြီးကာ ဤအိမ်နေရာ၌ ထိုင်နေသိတင်းသုံးစေကုန်၍ အကျွန်ုပ်မိခင်တို့ ဆွမ်းလုပ်ကျွေး ပြုစုခြင်းငှါမျှ မရချေကုန်တော့သည် တကား။ အမောင်သားကြီး ဥပတိဿ၊ အသိန်းမက များပြားလှသော ရဟန်းတော်အရှင်ကောင်းတို့ကို အဝတ်သင်္ကန်းတို့ဖြင့် ဖုံးလွှမ်း လှူဒါန်းခြင်းငှါ အကျွန်ုပ်မိခင်တို့ မရခဲ့ကုန်ချေတကား။ အမောင် သားကြီး ဥပတိဿ၊ အဆောင်တရာသောကျောင်း၊ အဆောင်တထောင်သော ကျောင်းကို ဆောက်လုပ်လှူဒါန်းခြင်းငှါ အကျွန်ုပ်မိခင်တို့ အခွင့်မရခဲ့ကုန်ချေပြီတကား"။ ဤသို့အစယှိသော စကားတို့ဖြင့် ပြောကြား ဟစ်အော်လျက် နေအရုဏ်တက်သည်တိုင်အောင် မြည်တမ်းငိုကြွေးလေ၏။

အလောင်းတော် အခမ်းအနား။

အရုဏ်တက်မြောက် လင်းစင်ခြင်းသို့ ရောက်သော အခါ၌သာလျှင် ရွှေပန်းထိမ်သည်တို့ကို ခေါ်စေ၍ ရွှေစင်သိုလှောင်ထားရာ တိုက်ခန်းကို ဖွင့်လှစ်စေပြီးသော် ရွှေတုံးရွှေပြားတို့ကို ကြီးစွာသော ချိန်ခွင်ဖြင့် ချိန်စေ၍ "ငါးရာကုန်သော အထွတ်ဘဝ်သော ပြာသာဒ်၊ ငါးရာကုန်သော

စေတီတို့ကို ပြုလုပ်ကုန်လော့'' ဟု ပြောဆိုမှာထား၍ ပေးစေ၏။ ။ သိကြား နတ်မင်း သည်လည်း ဝိသကြို့နတ်သားကို ခေါ်တော်မူ၍ ''အမောင်ဝိသကြို့၊ တရားစစ်သူကြီး မြစ်သော အရှင် သာရိပုတ္တရာ မထေရ်သည် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ငါးရာကုန်သောအထွတ်တပ်သော ပြာသာဒ်, ငါးရာကုန်သော စေတီတို့ကို ဖန်ဆင်းလေလော့''ဟု မိန့်ဆို တော်မူ၏။ ဤသို့လျှင် မယ်တော် ဥပါသိကာမကြီး ပြုလုပ်အပ်သော အထွတ်တပ်သော ပြာသာဒ်-စေတီ, ဝိသကြို့နတ်သား ဖန်ဆင်းအပ်သော အထွတ်တပ်သော ပြာသာဒ်-စေတီဟု ဆိုအပ်ကုန်သော အလုံးစုံကုန်သော အထွတ်တပ်သော ပြာသာဒ်-စေတီတို့သည် နှစ်ထောင် အတိုင်းအရှည်ယှိသည် ဖြစ်ကုန်၏။ ထိုနောက်မှ မြို့၏အလယ်၌ ကြီးစွာသော မဏ္ဍပ်တို့ကို ဆောက်လုပ် စေ၍ မဏ္ဍပ်၏ အလယ် ကြီးစွာသော အထွတ်တပ်သော ပြာသာဒ်ကိုတည်ထား၍ ကြွင်းကုန်သော အထွတ်တပ်သော ပြာသာဒ်-စေတီတို့ကို အခြံအရံအသွင်ဖြင့် ပြုပြင်တည်ထား၍ သူတော်ကောင်းတို့ ကစားမြူးတူးခြင်းကို အားထုတ်ကုန်၏။ နတ်တို့အကြား၌ လူတို့သည်, လူတို့၏အကြား၌ နတ်ကို့သည် ရောပွမ်း ပြည့်ကျပ်သည် ဖြစ်ကုန်၏။

အလောင်းတော် အခမ်းအနားပွဲတွင် ရေဝတီနတ်သွီး ဘုံဗိမာန်နှင့် ရောက်လာခြင်း။

အရှင်သာရိပုတ္တရာ မထေရ်၏ အလုပ်အကျွေး ဒါယိကာမ ဖြစ်သော ရေဝတီ အမည်ယှိသော တယောက်သော မိန်းမသည် မထေရ် အလောင်းတော်အား ပူဇော်ခြင်းကို ပြုအံ့ဟူသောအကြံဖြင့် ရွှေစင်ဖြင့် ပြီးသောပန်းခိုင်တို့၏ သုံးလုံးကုန်သောအိုးတို့ကို ပြုလုပ်စေ၏။ မထေရ်၏အလောင်းတော်အား ပူဇော်ခြင်းကိုပြုအံ့ဟု သိကြားနတ်မင်းသည် နှစ်ကုဋ္ဌေ ငါးသန်းကုန်သော နတ်သွီးကခြေသည် အပေါင်းတို့ဖြင့် ခြီရံလျက် သက်ဆင်းလာ၏။ သိကြားနတ်မင်း သက်ဆင်းလာသည်ဟု အုတ်အုတ် ကျက်ကျက် ဖြစ်၍ လူများ အပေါင်းသည် နောက်သို့ မျက်နှာ ပြန်လှည့် ကြည့်ရှုဖဲ့သွား၏။ ထိုပရိသတ် အထု၌ ရေဝတီ

အမည်ယ်ိသော ထိုဥပါသိကာမ သည်လည်း နောက်ဆုတ် ဖဲသွား လျက် လေးသောဝန် ယ်ိသည်၏ အဖြစ်ကြောင့် သင့်တင့် လျောက် ပတ် တခုသော အစွန် အဖျား အရပ်သို့ ချဉ်းကပ် ဖဲရှောင်ခြင်းငှါ မစွမ်းနိုင်ရကား လူတို့၏အကြားဌ လည်းကျလေ၏။ လူတို့သည် မမြင် ကုန်သည်ဖြစ်၍ ထိုရေဝတီကို တက်နင်း၍ သွားမိကြကုန်၏။ ရေဝတီ ဥပါသိကာမသည် ထိုနေရာဌာနဌ်ပင်လျှင် သေလွန်ခြင်းကို ပြု၍ တာ ဝတိ ံသာ နတ်ပြည်ဝယ် ရွှေဗိမာန်ဌ ဖြစ်လေ၏။ ဖြစ်သော ခဏာဌ်သာ လျှင် ထိုရေဝတီသည် ရတနာတုံးကဲ့သို့ သုံးဂါဝုတ်မျှ အတိုင်းအရှည်ယ်ို သော အတ္တဘောသည်ဖြစ်၏။ လှည်းအစီးခြောက်ဆယ်ပြည့်မျှ ပမာဏ ယ်ိသောတန်ဆာဖြင့်တင့်တယ်စွာတန်ဆာဆင်လျက်နတ်သွဲးတထောင် ဝန်းမြောင် ခြံရံကုန်၏။ ထိုရေဝတီသည် မိမိ၏ အာသရေစည်းစိမ်ကို မြင် ၍ ''ဤစည်းစိမ်ချမ်းသာကား မြင့်မြတ်၏။ ငါသည် အဘယ်သို့သော ကောင်းမှုကံကို စီမံပြုလုပ်အပ်သနည်း'' ဟု ကြံစည် ဆင်ခြင်သည် ယ်ို သော် ''ငါသည် သာရိပုတ္တရာ မထေရ်မြတ်၏ ပရိနိဗ္ဗာန်ပြုရာဌ သုံးလုံး ကုန်သော ရွှေပန်းခိုင် အိုးတို့ဖြင့် ပူဇော်ခြင်းကို ပြုအပ်၏။ လူများ အပေါင်းသည် ငါ့ကိုတက်နင်း၍သွား၏။ ထိုသို့ တက်နင်းခြင်းကို ခံရ သော ငါသည် ထိုနေရာဌ သေလွန်ခြင်းကိုပြု၍ ဤတာဝတိ ံသာ နတ် ပြည်ဌ ဖြစ်လာ၏။ အရှင် သာရိပုတ္တရာမထေရ်ကို အမှီပြု၍ ဤစည်းစိမ် ချမ်းသာကို ငါသည် ရအပ်ပေ၏။ ဤယခုအခါ ကောင်းမှု၏ အကျိုးကို လူတို့အား ပြောကြားပေအံ့'' ဟု ကြံစည်ပြီးလျှင် ဗိမာန်နှင့်တကွ သာ လျှင် သက်ဆင်းလာ၏။ လူများအပေါင်းသည် အဝေးမှသာလျှင် ရှေး ရှုလာသော ဗိမာန်ကိုမြင်၍ ''အသို့ပေနည်း၊ နှစ်စင်းကုန်သော နေဝန်း တို့သည် တက်ထွန်းကုန်သလော'' ဟု ပြောဆို ကြည့်ရှုကြလျက် ဗိမာန် သည် ရှေးရှုလာသည်ယ်ိသော် အထွတ်တပ်သော ပြာသာဒ် သဏ္ဌာန် သည် ထင်ရှားလာ၏။ ''ဤသည်ကားနေဝန်းမဟုတ်၊ တခုသောဗိမာန် တည်း'' ဟု ပြောဆို၏။ ထိုဗိမာန်သည် ထိုမျှလောက်သာ ရှေးရှုလာ၍ မထေရ်၏ အလောင်းတော် သင်္ဂြိဟ်မည့်နေရာ ဖြစ်သော နံ့သာ တင်းပုံ အထက် ကောင်းကင်ဌ တည်နေ၏။ ရေဝတီ နတ်သွဲးသည် ဗိမာန်ကို

ကောင်းကင်ထက်၌ သာလျင်ထားခဲ့၍ မြေသို့ သက်ဆင်း၏။ လူများ အပေါင်းက ''အရှင်မ၊ အသင်သည်အဘယ်သူနည်း'' ဟု မေးမြန်း၏။ ''အသင်တို့သည် ငါ့ကို မသိကြကုန်သလော၊ ငါသည်ကား - ရေဝတီ အမည်ယိုသော သူပေတည်း။ သုံးခုကုန်သော ရွှေပန်းခိုင် အိုးတို့ဖြင့် မထေရ်အရှင်မြတ် အလောင်းတော်ကို ပူဇော်ခြင်းပြု၍ လူတို့သည် တိုးဝှေ့ တက်နင်းခြင်းကြောင့် သေလွန်ခြင်းကိုပြု၍ တာဝတိံသာနတ်ပြည်၌ ဖြစ်ရ၏။ ငါ၏စည်းစိမ်ချမ်းသာ အသရေကို ကြည့်ရှုကြပါကုန်လော့။ အသင်တို့ သည်လည်း အလှူဒါနကို ပေးလှူကြပါကုန်လော့။ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြပါကုန်လော့'' ဟု ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆို၍ မထေရ်မြတ်၏ အလောင်းတော် တင်ထားရာ နှံသာထင်းပုံကို လက်ျာရစ် လှည့်လည်သည်ကိုပြုပြီးသော် လက်အုပ်ချီမိုး ရှိခိုး၍ မိမိ၏စံနေရာနတ်ပြည် နတ်ရပ်သို့သာလျင် ပြန်သွား လေ၏။ လူများအပေါင်း သည်လည်း ခုနစ်ရက် ပတ်လုံး သူတော်ကောင်းတို့ ကစားပျော်မြူးခြင်းကို ကစားပျော်မြူး၍ အလုံးစုံသော နံ့သာမျိုးတို့ဖြင့် သာဂိုဟ်ရာ နံ့သာ ထင်းပုံကို ပြု၏။ နံ့သာထင်းပုံသည်ကိုးဆယ့်ကိုးတောင် အမြင့်ယိုသည်ဖြစ်၏။ မထေရ်၏ အလောင်းတော်ကို နံ့သာထင်းပုံထက်သို့ပင့်တင်၍ ပန်းရင်းစီးတို့ဖြင့် မီးငြှိုတိုက်ကုန်၏။ အလောင်းတော်ကို မီးသဂြိုဟ်ရာ သင်းချိုင်းတော်၌ အလုံးစုံသော ညဉ့်ပတ်လုံး တရားနာခြင်းသည်ဖြစ်၏။ အရှင်အနုရုဒ္ဓါမထေရ်သည် အလုံးစုံသော နံ့သာရည်ဖြင့် မထေရ်အလောင်းတော် မီးသဂြိုဟ်သော နံ့သာ ထင်းပုံကို မီးငြိမ်းစေ၏။

ဘုရင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံပြီးကြောင်း လျှောက်ရန် ညီတော် စုန္ဒမထေရ် ဘုရားထံကြွခြင်း။

အလောင်းတော်ကို မီးသဂြိုဟ်ရာ၌ ကြွင်းကျန်တည်ယိုသော ဓာတ်တော်တို့ကို ညီတော်ဖြစ်သော စုန္ဒမထေရ်သည် ရေစစ်၌ ထည့်သွင်း၍ ''ဤယခုအခါငါသည် ဤအရပ်ဌာန၌ ကြာမြင့်ရှည်စွာ မြဲမြံနေမျှခြင်း

၄၂မသင့်လျော်ပေ။ ငါ၏နောင်ကော်ကြီးဖြစ်တော်မူသော တရား စစ်သူကြီး ဖြစ်သော သာရိပုတ္တရာမထေရ်၏ ပရိနိဗ္ဗာန်ပြသော အဖြစ်ကို မြတ်စွာဘုရားအား လျှောက်ကြားပေအံ့'' ဟု ကြံစည်ပြီးလျှင် ဓာတ်တော် ရေစစ်ကို လည်းကောင်း, သာရိပုတ္တရာ မထေရ်မြတ်၏ သပိတ်သင်္ကန်းကို လည်းကောင်း ယူဆောင်၍ သာဝတ္ထိပြည်သို့ သွားလေ၏။ တခုသော နေရာဌာန၌နှစ်ညဉ့်တို့လောက်ပင်မဆိုင်းမနေမူ၍ ခရီးလမ်းအကြား ယိုသမျှအလုံးစုံသော အရပ်ဌာနတို့၌တည်ဉ့်မျှလောက် တည်းခို ကိန်းစက်ခြင်းဖြင့်သာလျှင် သာဝတ္ထိပြည်သို့ရောက်လေ၏။ သာဝတ္ထိပြည်သို့ ရောက်သည်ယို့သော် ဇေတဝန်ကျောင်းတော်ကြီးအနီး တည်ယိုသော ရေကန်၌ သင်္ဃာဆင်း ရေသုံးသပ်ပြီးလျှင် ရေကန်မှ တက်၍ အဝတ် သင်္ကန်းဆင်မြန်းလဲလှယ်ကာ ကောင်းစွာ ဝတ်ရုံအပ်ပြီးသော ထိုစုန္ဒမထေရ်အား ဤသို့သော အကြံအစည်သည်ဖြစ်၏။ အဘယ်သို့ဖြစ်သနည်းဟူမူ။ ''ဘုရားရှင် ကိုယ်တော်မြတ်တို့ မည်သည် ကြီးစွာသော ကျောက်ထီးကဲ့သို့ အလေးအမြတ် ပြုအပ်သော သဘောယို့ပေ၏။ ပါးပျဉ်းထပြန် အဆိပ်ထန်သောမွေ-ခြင်္သေ့-ကျား-အမုန်ယစ်သောဆင် စသည်တို့ကဲ့သို့ အနိုးအပါး မခန့်မညား လာသွားချဉ်းကပ်ဘို့ရာ ခဲယဉ်းစွာ၏။ငါသည်ဖြောင့်ဖြောင့်တိုက်ရိုက်သာလျှင် ဘုရားသခင် အထံတော်သို့သွားရောက်လျှောက်ထားခြင်းငှါ့မရဲဝံ့ချေ။အဘယ်သူ၏ အထံသို့ သွားရောက်ရပါအံ့နည်း''ဟူသော အကြံအစည်သည် ဖြစ်၏။ ထိုနောက်တဖန် ''ငါ၏ဥပဇ္ဈာယ်ဆရာ တရားဘဏ္ဍာစိုးကြီးဖြစ်တော်မူသော အာနန္ဒာမထေရ်ကား ငါ့နောင်တော် မထေရ်၏ချစ်ကြည်လေးမြတ်သော အပေါင်းအဖော်ပေတည်း။ ဥပဇ္ဈာယ်ဆရာထိုအာနန္ဒာမထေရ်၏ အထံတော်သို့ ရှေးဦးစွာ သွားရောက်ပြီးလျှင် ထို အာနန္ဒာ မထေရ်ကို ဦးတည်ညွှတ်ရောင် ရှေ့ဆောင် ခေါ်ယူ၍ မြတ်စွာဘုရားနှင့်အတူတကွ အကြောင်းစကား လျှောက်ထားပြောဆိုရမှကား သင့်လျော်ပေအံ့'' ဟူသော အကြံအစည်သည် ဖြစ်ပြန်၏။ အကြံ ဖြစ်ပြီး၍ကား အကြင် အရပ်၌ အာနန္ဒာ မထေရ်မြတ်သည် သီတင်းသုံးနေမျှ တည်ယို့ကော်မူ၏။ထိုအာနန္ဒာ မထေရ်မြတ် ယို့ကော်

မှုရာအရပ်သို့ ချဉ်းကပ်ပြီးခါ ရိုသေစွာ ရှိခိုးပြီး၍ သင့်တင့်လျောက်ပတ်သော တခုသောအရပ်၌ ထိုင်နေ၏။ထိုင်နေပြီး၍ကား မိမိယူဆောင်လာခဲ့သော ဝတ္ထု တို့ကို ရှေ့မှောက်၌ ချထားလျက် "ဤ သည်ကား ကပည်တော်၏ နောင်တော်ကြီး အရှင်ဘုရား၏ ချစ်ကြည်လေးမြတ်သော အပေါင်းအဖော်စစ် ဖြစ်တော်မူသော တရားစစ်သူကြီး သာရိပုတ္တရာ မထေရ်၏ အသုံးအဆောင်ဖြစ်သော သပိတ်ပါတည်း။ဤသည်ကား သင်္ကန်းပါတည်း။ ဤသည်ကား အလောင်းတော်ကို ဒီးသင်္ဂြိဟ်ရာ၌ ကြွင်းကျန်ရယ်သော ဓာတ်တော်ထည့်ရာ ရေစစ်ပါတည်း" ဤသို့ အစယ်သဖြင့် တခုတခုစီ ပြသလျောက်ကြား၏။ ။အရှင် အာနန္ဒာ မထေရ်ကား နွေအဘို့၌ ကိုးကြိမ်,ညဉ့်အဘို့၌ကိုးကြိမ်အားဖြင့် တရက်တရက်လျင် တဆယ့်ရှစ်ကြိမ်တို့တိုင်တိုင် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်လေ့ယို၏။ တနေ့အဘို့၌ အကြိမ်တရာ သွားရောက် ချဉ်းကပ်ခြင်းငှါ အလိုယို့ပါသော်လည်း အကြောင်းတစုံတရာ မရှိပါဘဲဘုယ် အခါမျှ မသွားရောက် မချဉ်းကပ်ပေ။ တစုံတခုသော အကြောင်းအရာအမေးပုစ္ဆာ အကြောင်းလမ်းခွင့်ကို အသင့်ယူဆောင်၍ သာလျှင်သွားရောက် ချဉ်းကပ်လေ့ယို၏။ထိုနေ့ ထိုအခါ၌ကား မိမိ၏သဒ္ဓိဝိဟာရိကအတူနေ ဘပည်ဖြစ်သော စုန္ဒမထေရ် လာရောက်လျောက်ထား ပို့သသော ဝတ္ထုအပေါင်း အကြောင်း အခွင့်ကိုရသောကြောင့် စုန္ဒမထေရ်ကို ခေါ်ဆောင်ကာ ပါလာသောဝတ္ထုကို ယူငင်၍ အကြင်အရပ်၌ မြတ်စွာဘုရား သီတင်းသုံးတည်ယို၏။ ထိုမြတ်စွာဘုရား ယို့သော်မှုရာအရပ်သို့ သွားရောက် ချဉ်းကပ် တုံဝပ်ရိုကျိုး ရှိခိုးပြီး၍ သင့်တင့်လျောက်ပတ် တခုသောအရပ်၌ ရိုသေစွာထိုင်နေ၏။ ထိုင်နေပြီး၍ကား အာနန္ဒာ မထေရ်က "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤသည်ကား အရှင် မြတ်စွာဘုရား၏ တပည့်ကြီး ပဌမ အင်္ဂသာဝကတရားစစ်သူကြီး ဖြစ်တော်မူသော သာရိပုတ္တရာ မထေရ်၏ အသုံးအဆောင် သပိတ်ပါတည်း။ ဤသည်ကား သင်္ကန်းပါတည်း။ ဤသည်ကား ကြွင်းကျန်တည်ယို့သော ဓာတ်တော် ရေစစ်ပါတည်း" အစယ်သဖြင့် အသီးအသီးတခုစီ ဖော်ပြလျက် လျောက်ကြား၏။

အရှင်သာရိပုတ္တရာ၏ဂုဏ်ကျေးဇူးကိုဘုရားသခင်ချီးကျူးခြင်း။

မြတ်စွာဘုရားသည် လက်တော်ကို ဆန့်တန်းတော် မူပြီးလျှင် ဓာတ်တော်ရေစစ်ကို ယူငင်ကိုင်ငြား လက်ဝါးတော်အပြင်၌ တင်ထား၍ ရဟန်းတို့ကို မိန့်ကြားတော်မူ၏။ အဘယ်သို့ မိန့်ကြားတော်မူဘနည်းဟူမူ။ "ချစ်သား ရဟန်းများတို့၊ အကြင်ရဟန်းသည် ရှေးရှေးဖြစ်သောနေ့၌ အရာမက များပြားလှသော တန်ခိုး ပြာဋိဟာတို့ကို ပြသပြုလုပ်၍ ပရိနိဗ္ဗာန်ပြုခြင်းကို ငါဘုရားကိုခွင့်ပြုစေ၏။ ဤယခုအခါ၌ ထိုရဟန်း၏ ခရုသင်း အဆင်းကဲ့သို့ ဖြူစင်သော အဆင်းယှိကုန်သော ဤဓာတ်တို့သည် သာလျှင် တွေ့မြင်ရသောအားဖြင့် ထင်ရှားတည်ယှိကုန်တော့၏။ချစ်သားရဟန်းတို့၊ဤရဟန်းသည် ကမ္ဘာတသိန်းအလွန်ယှိသော တသင်္ချေပတ်လုံး ဖြည့်ဆည်းပူးအပ်သော ပါရမီယှိပေ၏။ဤရဟန်းသည် ငါဘုရားလည်စေအပ်သော ဓမ္မစကြာဒေသနာကို ငါဘုရားသို့ အစဉ်လိုက်၍ လှည့်လည်နိုင်၏။ ဤရဟန်းသည် ငါဘုရားနေရာတော်၏ အောက်နှစ်ဆင့် မြောက်ရအပ်သောနေရာယှိသော သူပေတည်း။ ဤရဟန်းကား ဖြည့်ဆည်းပူးအပ်သော သာဝက အစည်းအဝေးယှိသော သူပေတည်း။ ဤရဟန်းကား ငါဘုရားကို ထား၍ တသောင်းသော စကြဝဋ္ဌာတို့၌ ပညာဖြင့် အတူ မရှိသော သူပေတည်း။ ဤရဟန်းကား ကြီးကျယ်သော ပညာယှိ၏။ ဤရဟန်းကား မဟာပထဝီ မြေမဟီသဘွယ် ကျယ်ပြန့်သော ပညာယှိ၏။ ဤရဟန်းကား ရွှင်သောပညာယှိ၏။ဤရဟန်းကား လျင်သောပညာယှိ၏။ ဤရဟန်းကား ထက်မြက်သော ပညာယှိ၏။ ဤရဟန်းကား အထုံးအဘွဲ့ကို ဖြေစွမ်းနိုင်သော ပညာယှိ၏။ ဤရဟန်းကား လေးပါးသော ပစ္စည်း၌ သိမြီးခြင်းစသည် ကင်းပြီး၍ အလိုနည်းပေ၏၊ ဤရဟန်းကား ရသမျှသော ဘောဇဉ်စသည်တို့ဖြင့် ရောင့်ရဲလွယ်၏၊ဤရဟန်းကား ကာယဝိဝေက စသည်ကင်းတိတ်ဆိတ်၏၊ဤရဟန်းကား တပါးသော သူတို့နှင့် မရောနှော၊ ဤရဟန်းကား အားထုတ်အပ်သော ဝီရိယယှိ၏၊ ဤရဟန်းကား သူတပါးတို့ကို အကုသိုလ်တရား မဖြစ်ပွား

အောင် ရည်ဆောင်ဖေါ်ညွှန်း ကိုက်တွန်း အပြစ်တင်တတ်၏၊ ဤရဟန်းကား ပါပညစ်ကျ မကောင်းမှုအရာကို လွန်စွာစက်ဆုပ်ကဲ့ရဲ့ ရှုတ်ချတတ်၏၊ ဤရဟန်းကား ဘဝငါးရာတို့ပတ်လုံး ကြီးကျယ်မြင့်မြတ်ရအပ်သော စည်းစိမ်ချမ်းသာတို့ကို ပယ်စွန့်၍ ရဟန်းပြုခဲ့သော သူပါတည်း၊ ဤ ရဟန်းကား ငါဘုရား သာသနာတော်၌ မြေကြီးနှင့် တူသော၊ သည်းခံခြင်း ယိုသော သူတည်း၊ ဤ ရဟန်းကား ဦးချို ကျိုးပြတ်သော နွားလားဥသဘနှင့် တူသော သူပေတည်း၊ ဤရဟန်းကား ဒွန်းစက္ကားဇ၏ သားနှင့်တူသော နှိမ့်ချသောစိတ် ယိုသော သူတည်း။ ချစ်သားရဟန်းတို့၊ ကြီးကျယ်သော ပညာယိုသော ရဟန်း၏ ဓာတ်တို့ကို အသင်တို့ကြည့်ရှုကုန်လော့။ ချစ်သားရဟန်းတို့၊ မြေကြီးနှင့် တူသော ပြန့်နှံ့သော ပညာယိုသော,ရှင်သော ပညာယိုသော,လျင်သော, ပညာယိုသော ထက်မြက်သော ပညာယိုသော, အထုံးအဘွဲ့ကို ဖြစ်စေမိုးနှင်သော ပညာယိုသော, အလိုနည်းသော, ရောင့်ရဲလွယ်သော, ကာယဝိဝေကစသည်ကင်းတိတ်ဆိတ်သော,သူတပါးတို့နှင့် မရောနှောသော, အားထုတ်အပ်သော ဝိရိယယိုသော, မကောင်းမှုကင်းစင်အောင် သူတပါးတို့အား အပြစ်တင်ကတ်သော, ယုတ်မာညစ်ကျ မကောင်းမှုမှန်သမျှကို ကဲ့ရဲ့ရှုတ်ချတတ်သော ရဟန်း၏ဓာတ်တို့ကို ကြည့်ရှုကြကုန်လော့"ဟု မိန့်ဆိုတော်မူပြီးသော်....

သာရိပုတ္တ ထေရမနာ ဂါထာများ။

ယော ပဗ္ဗဇိ ဇာတိသတာနိ ပဇ္ဈ၊ ပဟာယ ကာမာနိ မနောရမာနိ။
တံ ဒိတရာဂံ သုသမာဟိတိန္ဒြိယံ၊ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။ ။

ခန္တိဗလော ပထဝိ သမော နာ ကုပ္ပတိ၊
နာ စာပိ စိတ္တာသ ဝသေန ဝတ္တတိ။
အနုကမ္မကော ကာရုဏိကော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။ ။

စန္ဒာလပုတ္တော ယဏ နဂရံ ပဝိဋ္ဌော၊
နီစမနော စရတိ ကဋ္ဌောပိဟာတ္တော။

တထာ အယံ ဝိဟရတိ သာရိပုတ္တော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။ ။
ဥသဘော ယထာ ဆိန္နဝိသာဏသောဏကော၊
အဟေဌယန္တော စရတိ ပုရန္တရေ ဝနေ။
တထာ အယံ ဝိဟရတိ သာရိပုတ္တော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။ ။

ဤသို့ အစယ်ကုန်သော ငါ့ရာကုန်သော ဂါထာတို့ဖြင့် မြတ်စွာ ဘုရားသခင်သည် သာရိပုတ္တရာ မထေရ်၏ ဂုဏ်ကျေးဇူးအပေါင်းကို နှစ်ထောင်းအားရမ်း ချီးမွမ်းဟောမိန့်တော်မူ၏။

ဂါထာတို့၏ အနက်ကား။

ယော သာရိပုတ္တော၊ ရူပသာရီ အမည်ပျံမွေး ပုဏ္ဏေးမ၏ သားချစ်ရတနာ ဖြစ်လေပါ၍ အကြင်သာရိပုတ္တရာ အမည်ယှိသော ရဟန်းသည်။ မနောရမာနိ၊ လောကီဘုံသား လူအများတို့ ဖြစ်ပွားဟိတ်ထုံးစိတ်နှလုံး မွေ့လျော်ဘွယ် ဖြစ်ကုန်သော။ ကာမာနိ၊ လောကီအာရုံကာမဂုဏ်တို့ကို။ ပဟာယ၊ မခင်မတွယ် စွန့်ရှောင်ပယ်၍။ ပဥ္စဇာတိသတာနိ၊ ငါးရာပြမှတ် ဘဝဇာတ်တို့ပတ်လုံး။ ပဗ္ဗဇိ၊ ရဟန်းပြုခဲ့လေပြီ။ ဝီတရာဂံ၊မဂ်-ဖိုလ်ဉာဏ်ဖြင့် ပယ်လှန်ခွင်းတုံ ကင်းကုန်သော ရာဂယှိထသော။ သုသမာဟိတိန္ဒြိယံ၊ ကောင်းစွာသိမ်းဆည်း ချုပ်တည်းစောင့်ရှောက်အပ်သော စက္ခုစသော ဇုန္ဒြေယှိထသော။ ပရိနိဗ္ဗုတံ၊ ကမ္မဇကင်းချုပ် ရုပ်ဥတုဇ ဓာတ်မျှသာကျန် ပရိနိဗ္ဗာန် ပြုပြီးထသော။ တံ-သာရိပုတ္တံ၊ ဘုရားမှတပါး ပညာအားဖြင့် အလားနိုင်ခြင်း ပြိုင်ဘက်ကင်းကွာ ထိုသာရိပုတ္တရာကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ဝန္ဒထ၊ လက်အုပ်ပြင်မိုး ဦးတင်လျှိး၍ ရှိခိုးလိုက်ကြလေ ကုန်လော့။

ယောသာရိပုတ္တော၊သည်။ ပထဝိသမော၊ ကောင်း့မကောင်း့သာ စွန့်ရာမှန်ပြီး ခံသည်းညည်းဖြင့် မြေကြီးနှင့် တူထသော။ ဝါ၊မြေကြီးနှင့် တူသည်။ ခန္တိဗလော၊အတုံတဖန် မငြီးလှန်ဘဲသည်းခံနိုင်ခြင်း ခွန်အားယှိသည်။ ဟုတွာ၊ဖြစ်၍။ နကုပ္ပတိ၊ ကြမ်းကြုတ်မာခက် အမျက်မထွက်

ပကိဏ္ဏကဝဏ္ဏ။(ဆရာတော်-အသျင်စန္ဒိမာမ)။

လေ။ စိတ္တသ၊ သဘာဝဓာတ်ဖြစ်တတ်သော စိတ်မျိုး၏။ ဝသေန၊ ဆွဲဆောင်ရာကို ကြဉ်နှစ်မြို့လျက် အလိုသို့ လိုက်သောအားဖြင့်။ နစာပိဝတ္ထုတိ၊ ဖြစ်လည်းမဖြစ်။ အနုကမ္မကော၊သတ္တဝါအပေါင်းကို ကောင်းစေလိုအမြင်ဖြင့် အစဉ်စောင့်ရှောက်တတ်ပေ၏။ ကာရဏိကော၊ ဝဋ္ဋ တွင်းအစ ဆင်းရဲလှသည့် ဒုက္ခိတသတ္တဝါတို့ကို လွန်စွာသနားကြင်နာတော် မူတတ်၏။ ပရိနိဗ္ဗုတံ၊သော။ တံသာရိပုတ္တံ၊ကို။ တုမှေ၊တို့သည်။ ဝန္ဒထ၊ ကုန်လော့။

ကဠေဝပိဟတ္ထော၊ ပုဆိုးပိုင်းကို ရစ်သိုင်းခြုံပြန် တောင်းခံရာခွက်ကို လက်ဦးကိုင်စွဲလျက်။ နဂရံ၊ဂုဏ်သိရိယိသူ ဗိုလ်လူနေဘို့ အိမ်ခြေမို့သော မြို့၏အတွင်းသို့။ ပဝိဋ္ဌော၊စားဘို့ဝတ်ရေး ဝန်လေးချို့ပြန်တောင်းခံရန် ဝင်သွားသော။ စက္ခာလပုတ္တော၊ လူ့ဘဝရပ် မျိုးဇာတ်ပဒုတ်ငြား ဒွန်းစက္ကားသားသည်။ နိစမနော၊ ဘယ်အရာ တက္ကက်မျှ မာန်တက်စရာမမြင်ပါဘဲ ကြင်နာစရာ ပြောရလျက် နှိပ်ချသောစိတ် ယိသည်။ ဟုတ္တာ၊ ဖြစ်၍။ စရတိယထာ၊တောင်းခံ လှည့်လည် ဘိသကဲ့သို့။ တထာ၊ ထိုနည်း တူစွာ။ အယံ သာရိပုတ္တော၊သည်။ ဝိဟာရတိ၊၏။ ပရိနိဗ္ဗုတံ၊သော။ တံ သာရိပုတ္တံ၊ကို။ တုမှေ၊ တို့သည်။ ဝန္ဒထ၊ ကုန်လော့။

ဆိန္နဝိသာဏ သောဏကော၊ လက်လက်အားကိုး ဦးချိုကျိုးပြတ်သဖြင့် အရပ်ရပ်နေရာဝယ်ကောင်းစွာလိုက်နာတတ်သော။ ဥသဘော၊ နွားဥသဘသည်။ ပုရန္တရော၊လူသူပြည့်တင်းမြိုရွာတွင်း၌လည်းကောင်း။ ဝနေ၊ လူသူကင်းရှင်း တောမြိုင်အတွင်း၌ လည်းကောင်း။ အဟေဌယန္တော၊မည်သူ တဦးကိုမျှ အထူးသင်းကွဲ မညှဉ်းဆဲမူ၍။ စရတိယထာ၊ ကျင်လည် ကျက်စား သွားလာလှည့်ပတ် သကဲ့သို့။ တထာ၊ ထိုနည်းတူစွာ။ အယံ သာရိပုတ္တော၊သည်။ ဝိဟာရတိ၊၏။ ပရိနိဗ္ဗုတံ၊သော။ တံ သာရိပုတ္တံ၊ကို။ တုမှေ၊ တို့ဃည်။ ဝန္ဒထ၊ ကုန်လော့။ ။ဤကားအနက်။

အကြင်အကြင်သို့သော အခြင်းအရာဖြင့် မြတ်စွာဘုရားသခင်သည် အရှင်သာရိပုတ္တရာမထေရ်၏ ဂုဏ်ကျေးဇူးစကားကိုဟောကြားချီးမွမ်းမိန့်ဆိုတော်မူ၏။ ထိုထို သို့သော အခြင်းအရာဖြင့် ကောင်းစွာ ဟောကြား ဂုဏ်ကျေးဇူးအများကို ကြားနာရသော အာနန္ဒာမထေရ်သည် မြတ်စွာဘုရား ရှေ့တော်မှောက်၌ ရှက်ကြောက်ပြင်းပြ မိမိကိုယ်ကို ဆုံးမလျက် နေပါသော်လည်း ပကတိ ရပ်တည်၍ နေခြင်းငှါ မစွမ်းနိုင်။ ကြောင်သတ္တဝါ၏ ခံတွင်းဝ၌ ကျရောက်ပြေးမှား ကိုက်စားအံ့သည်မှ ကြောက်သော ကြွက်ငယ်ကဲ့သို့ မရပ်မတည်နိုင် ယိမ်းယိုင်တုန်လှုပ်လေ၏။ ထိုနောက် အရှင်အာနန္ဒာ မထေရ်က မိမိ၏ မြင့်မြတ် ကြီးကျယ်လှသော သီတင်းသုံးဘော် အဆွေ ခင်ပွန်းဖြစ်သော အရှင် သာရိပုတ္တရာ မထေရ်မြတ်၏ လျောက်ပတ်အခွင့် ကြီးမြင့်အံ့ဘွယ် ဆန်းကြယ် အထူး ဂုဏ်ကျေးဇူးစကားကို လျှောက်ကြား၏။ လျှောက်ကြားပြီးခါ မသက်သာသော စိတ်နှလုံးဖြင့်ယူကျုံးမရ တသ့အောက်မေ့ လွမ်းမြေ့ကြံစည်မတည်တံ့နိုင် မိန်းမှိုင်ညှိုးကြုံ တုန်လှုပ် ဖြစ်ပေါ် လာသဖြင့် မဟာဝဂ္ဂသံယုတ် ပါဠိတော်၌ လာယှိသောအတိုင်း မြတ်စွာဘုရား ကိုယ်တော်မြတ်က ဓမ္မဓာတ်ရေအေး တိုက်ကျွေးဆုံးမတော်မူ၏။ တရားဓမ္မ ဟောပြပြီးခါ အရှင် သာရိပုတ္တရာ မထေရ်၏ ဓာတ်တော်တို့ကို ထာပနာ၍ သင့်လျော်လျောက်ပတ် ကောင်းမြတ်သော နေရာမြေညီ၌ စေတီ တည်စေတော်မူ၏။

[ဤဝတ္ထုကား သုတ်မဟာဝါ ပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌ လည်း လာယှိ၏။ ၎င်းအဋ္ဌကထာထက် မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ၌ အကျယ်ဝိတ္ထာရ ဖေါ်ပြ လာယှိသည်ဟု နှလုံးသွင်းယှိသောကြောင့် ၎င်းမဟာဝဂ္ဂသံယုတ် အဋ္ဌကထာလာယှိသည် အတိုင်း ဖေါ်ပြ ရေးသား လိုက်ပေ၏]။

ပကိဏ္ဏကဝတ္ထု၌ လေးခုမြောက်သော အရှင်သာရိပုတ္တရာ မထေရ် ပရိနိဗ္ဗာန်ပြုသော ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

ဣဒ္ဓိအမျိုးမျိုး တန်ခိုးဖန်ဆင်းခြင်း၌ တေဒဂ်ရသော ၅-ဥပ္ပလဝဏ္ဏာ မထေရ်မဝတ္ထု။

ဥပ္ပလဝဏ္ဏာ မထေရ်မ၏ အလောင်းအလျာဖြစ်သော ဥပါသိကာမသည် ဤဘဒ္ဒကမ္ဘာမှ ပြန်ကာရေတွက်သည် ယှိသော် အထက်ကပ် တသိန်းအကျ၌ ပဒုမုတ္တရ မည်တော်မူသော ဘုရားရှင် လက်ထက်တော် အခါ ဟံသာဝတီပြည်ကြီး၌ တဦးသောအမျိုးအိမ်၌ ပဋိသန္ဓေတည်နေစွဲယူ၍ အရွယ်ကြီးမြောက် နောက်အဘို့အခါ၌ များစွာသော လူအပေါင်းနှင့်အတူတကွ လောကထွတ်ထား ဘုရားသခင်၏ထံတော် မှောက်သို့ သွားရောက်ချဉ်းကပ် တရားတော်မြတ်ကို ကြားနာလျက် တပါးသော ရဟန်းမိန်းမကို ကြီးစွာဖွံ့ဖြိုး တန်ခိုးယှိကုန်သော တပည့် ရဟန်းမိန်းမတို့တွင် ပြောပလျောက်ပတ် အထွတ်အမြတ်ရာထူးချီးကျူး မြောက်စား ထားတော်မူသော မြတ်စွာဘုရားကို မျက်ဝါး ထင်ထင် ဖူးမြင်ရသည် ယှိသော် ကိုယ်တော် မြတ်ဖျား ဘုရားအမှူး ယှိသော ရဟန်း သင်္ဃာတော် အပေါင်းအား ပြောကောင်းမလွယ် ကြီးကျယ်သော အလှူဒါနကို စွန့်ချပေးကမ်း လှူဒါန်းပြီး၍ တန်ခိုးကြီးစွမ်း ရဟန်း မိန်းမတို့တွင် တူမျှမထွက် ပြိုင်ဘက်ကင်းပြတ် အထွတ်အမြတ် အမှူး ထိုရာထူးဌာနန္တရကို တောင့်တပန်ဆင်၏။

ဥပ္ပလဝဏ္ဏာ မထေရ်မအလောင်း ကဿပဘုရားလက်ထက် အနှစ် နှစ်သောင်းပတ်လုံး ဗြဟ္မစရိယ အကျင့်ကိုကျင့်ခြင်း။

ထိုဥပါသိကာမသည် အသက်ရှည်သမျှ ကာလပတ်လုံး ဖြည့်သုံး စီမံ ကုသိုလ်ကံကို အတန်တန်ပြုလုပ်ခဲ့၍ နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ပြေးသွားလျက် ကဿပမြတ်စွာဘုရား လက်ထက်တော် အခါ ဗာရာဏသီပြည်၌ ကိကီမင်းကြီး၏ နန်းအိမ်တော်ဝယ် ပဋိသန္ဓေတည် နေစွဲယူရည်တူညီမျှ ညီအမခုနစ်ဖေါ် သွီးတော်တို့ အတွင်း၌ သမဏဂုတ္တာ ဟူသော အမည် ယှိသည်ဖြစ်၍ အနှစ် နှစ်သောင်းတို့ ပတ်လုံး မသုံးအိမ်ယာရှောင်ခွါပယ်ချ ဗြဟ္မစရိယအကျင့်ကိုဖြည့်ကျင့်အားထုတ် ပြီးသော် ရဟန်းတော်အပေါင်း ကိန်းအောင်းမျှဘိ ပရိဝုဏ်ကျောင်း

တိုက်ကို သိုက်ဖြိုက်ဘွယ်ရာ ကောင်းစွာဆောက်လုပ်လျှဒါန်း ရဟန်း သင်္ဃာတော်အပေါင်းအား လေးပါးသော ပစ္စည်းတို့ဖြင့် ချီးမြှောက် ပူဇော် ကျော်ရော်လုပ်ကျွေးလျက် အာသာရှည်သမျှ တည်နေသဖြင့် ထိုဘဝမှ စုတေခဲ့သည်ယှိသော် နတ်ပြည်၌ဖြစ်လေ၏။

ဥပုလဝဏ္ဏာမထေရိမအလောင်း ပစ္စေကဗုဒ္ဓါအရှင်အား ပေါက်ပေါက် ကြာပန်းတို့ဖြင့် လျှဒါန်း၍ ဆုတောင်းခြင်း။

ထို နတ်ပြည်မှ စုတေခဲ့၍ တဖန် လူ့ပြည်လောကသို့ လာရောက် လျက် တခုသောရွာ၌ ဥစ္စာပစ္စည်း ပေါဖြိုးမရှိ မိမိ၏လက်ဖြင့် အသက် မွေးမှု တခုခုကို ပြုလုပ် အသက်မွေးရသော နေအိမ်အရပ်ဝယ် လား ကပ် ဖြစ်ရရှာလေ၏။ထိုအမျိုးသို့သည် တနေ့သောအခါ လယ်တော တဲအိမ်သို့ သွားသည် ယှိသော် လမ်းခရီး အကြား ကြီးပွား ရေထု တခုသော ရေအိုင်၌ နံနက်စောစောကလျင် ကောင်းစွာစွင့်စွင့် ပွင့်လေပြီးသော ပဒုမာကြာပန်းကို တွေ့မြင် တည့်လျင် ထိုရေအိုင် အတွင်းသို့ သက်ဆင်းပြီးခါ ထို ပဒုမာ ကြာပန်းကို လည်းကောင်း၊ ပေါက်ပေါက်ပွင့် ထည့်ရခြင်း အကျိုးငှါ ပဒုမာ ကြာရွက်ကို လည်း ကောင်း နှတ်ဖြတ်ချိုးယူ၍ မိမိတို့လယ်၌ သလေးနှံတို့ကို ရိတ်ဖြတ်၍ လယ်တဲ၌ ထိုင်နေပြီးနောက် ပေါက်ပေါက်ကို လှော်လျက် ပေါက်-ပေါက်ပွင့်ငါးရာ အရေအတွက်ရယှိလေ၏။ ထိုအခိုက်ခဏ ဂန္ဓမာဒန တောင်၌ နိရောဓသမာပတ်မှ ထတော်မူသော ကပါးတော ပစ္စေကဗုဒ္ဓါ သည် ကြွတော်မူလာ၍ ထိုအမျိုးသို့၏အနီး၌ တန့်ရပ်တည်နေတော် မူ၏။ ထိုအမျိုးသို့သည် ပစ္စေကဗုဒ္ဓါအရှင်ကို တွေ့မြင် ဖုံးမျော်ရသော အခါ ကောင်းစွာလှော်ဖေါက် ပေါက်ပေါက်ပွင့် ငါးရာတို့နှင့် တကွ ပဒုမာကြာပန်းကို လှမ်းငင်ဆွဲယူလျက် လယ်တဲအထက်မှ သက်ဆင်း ခဲ့၍ ပေါက်ပေါက်ပွင့် ငါးရာတို့ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သပိတ် တော်၌ လျှဒါန်းထည့်လောင်းကာ ပဒုမာကြာပန်းဖြင့် သပိတ်တော်ကို ဖုံးအုပ်ပေးလှူ၏။ထိုနောက်အခါ ပစ္စေကဗုဒ္ဓါအရှင်သည် အနည်းငယ် ကြွသွားတော်မူမိသည်ယှိသော် ထိုအမျိုးသို့အား ဤသို့သော အကြံ အစည်သည် ဖြစ်၏။ အဘယ်သို့ ဖြစ်သနည်းဟူမူ။ "အရှင်ရဟန်းတို့

ပကိဏ္ဏကဝဏ္ဏ။(ဆရာတော်-အသျင်စန္ဒိမာမှ)။

မည်သည် ပန်းဖြင့်အလိုယိုတော်မမူကုန်။ငါသည် ပန်းကို ယူငင်၍ ပန်ဆင်တော့အံ့”ဟု ကြံစည်၏။ကြံစည်ပြီး၍ကား လိုက်သွားအနေပစ္စေကဗုဒ္ဓါအရှင်၏ လက်တော်မှ ပန်းကို လှမ်းလင့်ယူငင်ပြီးမှ တဖန် အကြံဖြစ်ပြန်၏။ အဘယ်သို့ဖြစ်သနည်းဟူမူ။ “အရှင်မြတ်သည် ဆက်ကပ်လှူဒါန်း ဤသည်ပန်းဖြင့် နည်းလမ်းကြောင်းပို အလိုတော် မရှိသည်အကယ်၍ဖြစ်ခဲ့အံ့။ ယင်းသို့ကြောင်းမြော် အလိုတော်မရှိခဲ့သော် ကိုယ်တော်ပိုက်ဖက် သပိတ်ထက်၌ တင်လျက် ဖုံးသွင်းထားခြင်းငှါ အခွင့်အရေး မပေးတော် မူပေလတ္တံ့။ စင်စစ် ဆတ်ဆတ် အရှင်မြတ်အား ဆက်ကပ်လှူဒါန်း ဤသည်ပန်းဖြင့် ကြောင်းလမ်းခွင့်သို အလိုပါတော်မူသည် ဖြစ်လတ္တံ့”ဟု ကြံစည်ပြန်၏။ ကြံစည်ပြီး၍ကား ကိုင်ထား စွဲလမ်း ထိုသည်ပန်းကို မျှင်လန်းတထပ် အရှင်မြတ်၏ သပိတ်တော်ထက်၌ တင်ထား၍ ပြစ်မှားမိသော အပြစ်အရ ပစ္စေကဗုဒ္ဓါအရှင်ကို ဦးတင်ညွတ်လျှိုး ရှိခိုးတောင်းပန် သည်းခံစေပြီး၍—

“ဘန္တေ ဇုမေသံ မေ လာဇာနံ နိဿန္ဒေန
လာဇ ဂဏာနာယ ပုတ္တာ အာသု၊
ပဒုမပုပ္ဖဿ နိဿန္ဒေန နိဗ္ဗတ္တာနိဗ္ဗတ္တဋ္ဌာနေ
မေ ပဒေ ပဒေ ပဒုမ ပုပ္ဖံ ဥဋ္ဌဟတု”

ဟူသောပါဠိဖြင့် ဆုတောင်း ပတ္ထနာခြင်းကိုပြု၏။

ထိုပါဠိ၏ အနက်ကား။ ။ဘန္တေ၊ အရှင်မြတ် ဘုရား။ မေ-မမ၊ တပည့်တော်မ၏။ ဇုမေသံ လာဇာနံ၊ အရှင်မြတ်အား ဆက်ကပ် လှူဖြောက် ဤပေါက်ပေါက် တို၏။ နိဿန္ဒေန၊ ရှိန်စော်တိုးတက် အကျိုးဆက်ဖြင့်။ လာဇဂဏာနာယ၊ လှူဒါန်းပြီးရောက် ပေါက်ပေါက် အရေအတွက်အားဖြင့်။ ပုတ္တာ၊ ရင်နှစ်မွေးဖွား မြတ်သော သားတို့သည်။ အာသု၊ဖြစ်ပါစေကုန်သတည်း။ပဒုမပုပ္ဖဿ၊သပိတ်အထက်ဖုံးလျက် လှူဒါန်း ပဒုမာကြာပန်း၏။ နိဿန္ဒေန၊ ရှိန်စော်တိုးတက်အကျိုးဆက်ဖြင့်။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊လူ့ကုန်ငှံနတ် ဖြစ်တိုင်း ဖြစ်တိုင်းသောအရပ်၌။ မေ မမ၊တပည့်တော်မ၏။ ပဒေ ပဒေ၊ ခြေလှမ်းချင်း နင်းတိုင်း နင်းတိုင်း

သောခြေ၌။ ပဒုမပုပ္ပံ၊ ပွင့်ချပ်တရာ ဆင့်ထပ်ပါသော ပဒုမာ ကြာပန်း သည်။ ဥဋ္ဌဟတု၊ ခြေဘွား၏အောက် ခံယူမြောက်လျက် ပေါက်ရောက် ပါစေသတည်း။ ။ဤကားအနက်။

အဓိပ္ပါယ်ကား။ ။အရှင်မြတ်ဘုရား၊တပည့်တော်မ၏ အရှင်မြတ် အား ဆက်ကပ် လှူမြောက် ဤပေါက်ပေါက် တို့၏ ရှိန်စော် တိုးတက် အကျိုးဆက်ဖြင့် လှူဒါန်းပြီးရောက် ပေါက်ပေါက်ပွင့် အရေ အတွက် အားဖြင့် ရင်နှစ်မွေးဘွား မြတ်သော သားတို့သည် ဖြစ်ပါစေကုန် သတည်း။ သပိတ်အထက် ဖုံးလျက်လှူဒါန်း ပဒုမာကြာပန်း၏ ရှိန်စော် တိုးတက် အကျိုးဆက်ဖြင့် လူ့ဘုံနှင့် နတ် ဖြစ်တိုင်းဖြစ်တိုင်းသောအရပ် ၌ တပည့်တော်မ၏ ခြေလှမ်းချခင်း နင်းတိုင်း နင်းတိုင်းသောခြေ၌ ပွင့် ချပ် တရာ ဆင့်ထပ်ပါသော ပဒုမာကြာပန်းသည် ခြေဘွား၏ အောက် ခံယူမြောက်လျက် ပေါက်ရောက်ပါစေသတည်းဟု ဆုတောင်းပတ္ထနာ ကို ပြု၏။ ။ပစ္စေကဗုဒ္ဓါအရှင်သည် ထိုအမျိုးသွီးမြင်စဉ်ပင်လျှင် ကောင်း ကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူ၍ ထိုပဒုမာကြာပန်း နန္ဒမူလတောင်ဝှမ်း၌ ပစ္စေကဗုဒ္ဓါအရှင်တို့ နင်းကြွတော်မူရာဖြစ်သော စောင်းတန်း၏အနီးဝယ် ခြေသုတ်ပုဆိုး ကြိုးဝန်းပြု၍ ခင်းထား၏။

ဥပ္ပလဝဏ္ဏာ မထေရ်မအလောင်း ပဒုမာကြာတိုက်၌ သံသေဒဇဖြစ်၍ ပဒုမဝတီအမည်ဖြင့် မိဖုရားကြီးဖြစ်ခြင်း။

ထိုအမျိုးသွီးသည်လည်း ဆည်းပူးအားထုတ် ပြုလုပ်အပ်သော ထို ကံ၏ အကျိုးဆက်ဖြင့် နတ်ရပ်နတ်ပြည်၌ ပဋိသန္ဓေ တည်နေ စွဲယူ၏။ နတ်ပြည် နတ်ရပ် ကပ်ရောက်တည် ဖြစ်သောအခါမှ စ၍လည်း ထိုနတ် သွီး၏ နင်းတိုင်းနင်းတိုင်းသောခြေ၌ ကြီးစွာသောပဒုမာကြာပန်းသည် ကကြွပေါ်ပေါက်၍ ခံ၏။ ထိုနတ်သွီးသည် ကြီးကျယ် ရိပ်ငြိမ် စည်းစိမ် များတည် ထိုနတ်ပြည်မှ စုကေ့ခဲ့၍ တောအုပ်ကြီး အတွင်း တောင်ခြေ ရင်းဝယ် တခုသော ပဒုမာကြာအိုင် တခုသောကြာတိုက်၌ သံသေဒဇ ပဋိသန္ဓေ တည်နေစွဲဖြစ်လေ၏။ ထိုပဒုမာကြာအိုင်ကို အမှီပြု၍ တဦး သော ရသေ့သည် နေမျှ၏။ ထိုရသေ့သည် နံနက်စောစောကသာလျှင်

မျက်နှာကို ဆေးကြော ပွက်သပ်ခြင်းအကျိုးငှါ ရေအိုင်သို့ သွားသည်
ယိုသော် ထိုကြာပန်းကို တွေ့မြင်၍ ''ဤကြာပန်းသည် ကြင်းကုန်သော
ကြာပန်းတို့ထက် ဆတက်လွန်ကျူး အထူးသဖြင့် ကြီးလည်း ကြီး၏။
ကြင်းကုန်သော ကြာပန်းတို့သည် ပွင့်ကုန်ပြီးလျက်လည်း ဤကြာပန်း
သည့် လန်းလန်းစွင့်စွင့် မပွင့်လုံးစုံ အငုံအတိုင်းသာတည်ယို၏။ ဤကြာ
ပန်း၌ ထောက်လှမ်းဘို့ရာ တစုံတရာအကြောင်းယိုသဖြင့် ဖြစ်ပေရာ၏''
ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ထံပါးကပ်ချဉ်း ရေအိုင်သို့ သက်ဆင်း
၍ အငုံအတိုင်းသာ တည်ယိုသော ထိုကြာပန်းကို ချီးယူ၏။ ရှင်ရသေ့
မြတ် ချဉ်းကပ်ရှင်လန်း လက်လှမ်းချိုင်ယူကာမျှ ဖြစ်သော ထိုကြာငုံဖူး
သည် ချပ်မုံစွင့်စွင့် ပွင့်ခြင်းသို့ရောက်လေ၏။ တောဋ္ဌပျော်မွေ့ ရှင်ရသေ့
သည် သိမ်မွေ့သဖြင့် ကားကား စွင့်၍ ပွင့်လေသော ကြာတိုက်၏
အတွင်း၌ ဝပ်စင်းလျောင်းခွေ အိပ်၍ နေသော သူငယ်မကို တွေ့မြင်ရ
လေ၏။ မြင်သည်ကာလ ယင်းမှစ၍ ဩရသနည်း သွေးတည်းဟူသော
ချစ်ခြင်းကိုရ၍ ပဒုမာကြာပန်းနှင့် တကွ သာလျှင် သစ်ရွက် မိုးလွှမ်း
ကျောင်းသန်မ်းသို့ ဆောင်ယူကာ ကောင်းစွာမပျက် ညောင်စောင်း
ထက်၌ အိပ်စေ၏။ ထိုနောက် သတိုးသွေး၏ ကောင်းမှု အာနုဘော်
ကြောင့် လက်မ၌ နို့ရည်သည် ယိုစီး ဖြစ်ပေါ်လာ၏။ ထိုရသေ့သည်
သတိုးသွေး မျှမှိုးပျော်မြန်း ထိုကြာပန်းသည်ညှိုးနွမ်းသည်ယိုသော် တပါး
သော အသစ်ဖြစ်သော ကြာပန်းကိုဆောင်ယူ၍ ထိုသတိုးသွေးကိုအိပ်စေ
၏။ ထိုနောက် သတိုးသွေးငယ် သွားလာပြေးလွှား ကစားမြူးတူးခြင်းငှါ
စွမ်းနိုင်သောအခါမှစ၍ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ပဒုမာကြာပန်း
သည် ထွက်ပေါ်ထပေါက်၏။ ထိုသတိုးသွေး၏ ကိုယ်ရေ အဆင်းသည်
မာလာကျီးကျူးမှန့်အစုကဲ့သို့ နုထွတ်သိမ်မွေ့နူးညံ့လှစွာသော ကိုယ်ရေ
အဆင်းယိုသည် ဖြစ်၏။ ထိုသတိုးသွေးသည် နတ်သွေးတို့မျှလောက် လှပ
သော ကိုယ်ရေ အဆင်းယိုသော အဖြစ်သို့လည်း မရောက်တတ်။ ယို
သမျှသူ လူတို့၏အဆင်းကိုမူကား လွန်မြောက်သည်ဖြစ်ပေ၏။ ထိုသတိုး
သွေးသည် ဘခင်ဖြစ်သော ရသေ့သည် သစ်သီးကြီးငယ် အလို၌ သွား
သည်ယိုသော် သစ်ရွက်မိုးသော ကျောင်းသန်မ်း၌ ကျန်ရစ်ခဲ့၏။ ထို

နောက် သတိုးသွီးအရွယ်သို့ ရောက်သော တနေ့သောအခါ၌ ဘခင်ရသေ့သည် သစ်သီးကြီးငယ် အသွယ်သွယ်အဖြာဖြာ ဖွေရှာခြင်းအကျိုး ၄၂ ထွက်သွားသည်ယှိသော် တယောက်သော တောလည် မူဆိုးသည် ထိုသတိုးသွီးကိုတွေ့မြင်၍ "လူ့ပြည်ဌာန၌ ဖြစ်ကြကုန်သော လူတို့အား မည်သည် ဤသို့သဘောယှိသော အဆင်းသဏ္ဌာန် ကြန်အင် လှပခြင်းသည် မရှိနိုင်ပေ။ ငါသည် အကြောင်းကို စူးစမ်းဦးအံ့" ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ရှင်ရသေ့၏ လာခြင်းကို တောင့်တအသင့် မျှော်လင့်ကြည့်ရှုလျက်ထိုင်နေ၏။ ထိုသတိုးသွီးသည် ဘခင်ဖြစ်သောရသေ့သည် ပြန်လာသည်ယှိသော် ခရီးရင်ဆိုင် သွားရောက်ဆီးကြို၍ ဘခင်ရသေ့၏ လက်မှ ထမ်းပိုး-သောက်ရေကရားကို လှမ်းယူငင်၏။ လာရောက် ထိုင်နေသော ဘခင်ရသေ့အား မိမိပြုဘွယ် အသွယ်သွယ်သောဝတ် မချွတ်မယွင်းရအောင် ပြသပြုလုပ်၏။ ထိုအခါ တောလည် မူဆိုးသည် လူသားအစစ် အမှန်ဖြစ်သည်ကို သိရသောကြောင့် အရှင်ရသေ့ကို ရိုသေစွာ ရှိခိုး၍ ထိုင်နေ၏။ ရသေ့သူမြတ်သည် ထိုတောလည်မူဆိုးကို အမျိုးမျိုး များစွာ မိမိရှာဖွေခဲ့သော တောဌ်ဖြစ်သောသစ်မြစ်,သစ်ဖု,သစ်သီးကြီးငယ်တို့ဖြင့် လည်းကောင်း, သောက်ရေ-သုံးရေဖြင့်လည်းကောင်း, အာဂန္တုကဝတ် မချွတ်စေရန် ဖိတ်မန်ပြီး၍ "အို-အချင်း ယောကျ်ား၊ အသင်သည် ဤနေရာဌာန၌သာလျှင် မျှရှင်ပျော်ငံ့ နေလတ္တံ့လော၊ သို့မဟုတ်ငြား ဖဲသွားလတ္တံ့လော" ဟု မေး၏။ "အရှင်ဘုရား၊ ဤအရပ်၌ ချဉ်းကပ်နေပြုသဖြင့် အဘယ်အမှုကို ပြုလုပ်ပါအံ့နည်း။ အကျွန်ုပ်သည် သွားပါအံ့" ဟု ပြောဆို၏။ "အသင်တွေ့မြင်အပ်သော ဤအကြောင်းကို ဤတောအုပ်မှ ဆုတ်နစ် ပြန်သွားသည် ယှိသော် တစုံတယောက်သောသူအား မကြားမဆိုနှုတ်ကိုလုံအောင်ပိတ်ဆို့စောင့်စည်းခြင်းငှါ စွမ်းနိုင်လတ္တံ့လော" ဟု မေးပြန်သဖြင့် "အရှင်ရသေ့သည်ပြောဆိုခြင်းကို အကယ်၍ အလိုမရှိခဲ့အံ့။ ဘယ်အကြောင်းကြောင့် အကျွန်ုပ် ပြောဆိုအံ့နည်း" ဟု ပြန်ကြားပြောဆို၏။ ထိုတောလည် မူဆိုးသည် ရသေ့ကို ရှိခိုး၍ တဖန် လာရောက်သော အခါ၌ သွားရာဖြောင့်တန်း ခရီးလမ်းကို ပင်ပန်းမရှိ မှတ်သိခြင်းအကျိုးငှါ သစ်ခက် အမှတ် အသားကို

လည်းကောင်း, သစ်ပင်အမှတ် အသားကို လည်းကောင်း ပိုင်းခြားမှတ်မှု ပြုလုပ်လျက်သာဖဲသွား၏။ ထိုတောလည်မူဆိုးသည် ဗာရာဏသီ ပြည်သို့ သွားရောက်၍ ပြည့်ရှင်မင်းမြတ်ကို ချဉ်းကပ် ဖူးမြင်လေ၏။ ပြည့်ရှင်မင်းမြတ်က "အဘယ်အကြောင်းကြောင့် လာရောက်ခစားဘိသနည်း"ဟု မေးတော်မူသောအခါ "အရှင်မင်းမြတ်၊ အကျွန်ုပ်ကား တောလည်မူဆိုးပါတည်း။ တောအုပ်အတွင်း တောင်ခြေရင်း၌ အရှင်မင်းမြတ်တို့အား လျောက်ပတ် သင့်စွာ မိန်းမရတနာကို တွေ့မြင်ပါသောကြောင့်ရောက်လာခဲ့သည်ဖြစ်ပါ၏"ဟုတင်လျှောက်ပြီးတုံ အလုံးစုံသော ဖြစ်ခြင်းအကြောင်းကို တင်လျှောက်၏။ ပြည့်ရှင် မင်းမြတ်သည် ထိုတောလည်မူဆိုး တင်လျှောက်သောစကားကို ကြားသိတော်မူလျှင် အလျင်အမြန် စီမံခင်းကျင်း တောင်ခြေရင်းသို့ ထွက်ကြွတော်မူ၍ မနီးမဝေးသော အရပ်အကွက်၌ သစ်ခက်တဲနန်းကို ဖန်ဆင်း တည်ထွေစံနေတော်မူ၍ တောလည်မူဆိုးနှင့် လည်းကောင်း, တပါးကုန်သော မင်းခစားယောကျ်ားတို့နှင့်လည်းကောင်းအတူတကွ ထွက်ကြွသိမ်မွေ့ ရသေ့သူမြတ်၏ ဆွမ်း အာဟာရ မျှတ, သုံးဆောင်၍ ထိုင်နေသော အခါ၌ သွားရောက် ချဉ်းကပ် တုံ့ဝပ် ရိုကျိုး ရှိခိုးတုံဘိ ပဋိသန္ဓာရစကားကို ပြောကြား သဖြင့် သင့်တင့် လျောက်ပတ်သော နေရာ၌ ထိုင်နေ၏။ ပြည့်ရှင်မင်းမြတ်သည် ရသေ့ရဟန်းတို့ အသုံး အဆောင်ဖြစ်သော ပရိက္ခရာဘဏ္ဍာအစုကို ရှင်ရသေ့၏ ခြေရင်း၌ထား၍"အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ဤအရပ်၌ သတ်မှတ်ထားလို အဘယ်ကို ပြုလုပ်ကုန်အံ့နည်း။သွားပါကုန်တော့အံ့"ဟု ကြားလျှောက်၏။ရသေ့သူမြတ်က "တကာတော်မင်းကြီး၊ သွားလေလော့"ဟု မိန့်ဆိုသော အခါ"အရှင်ဘုရား၊ ဩော်–အကျွန်ုပ်သွားပါအံ့။ယင်းသို့သွားသော် လည်း အရှင်ဘုရား၏ အနီးအပါး၌ ဝိသဘာဂ ပရိသတ် ယှိသည်ဟု ကြားသိရပါကုန်ပြီ။ဝိသဘာဂ ဤမာတုဂါမသည် ရသေ့ရဟန်းတို့အား မသင့်လျော် မလျောက်ပတ်ပါ။ တကာတော်တို့နှင့် အတူတကွသာ ပေးထည့်သောအား လိုက်သွားပါစေဘိလော့"ဟု လျှောက်ထား၏။ "တကာတော်မင်းမြတ်၊ လူတို့၏စိတ်မည်သည် ပြစ်မှားဖျက်ဆီးလွယ်

၏။ ဤသူငယ်မသည် များစွာသော လူတို့၏အလယ်၌ အဘယ်သို့ နေတတ်ပေလတ္တံ့နည်း”ဟု မိန့်ဆိုတော်မူ၏။“အရှင်ဘုရား၊အရှင်မြတ်တို့ လျောက်ပက်ဖြစ်ချက် နှစ်သက်သတော မျှသောကာလမှစ၍ ကြွင်းကုန်သော မိန်းမတို့၏အကြိုးအမှူးအရာကောင်းစွာ တင်ထား၍ ပျော်ပါးနှစ်သက်ဘွယ် အကြောင်း ကောင်းစွာပြုစု စောင့်ရှောက် ပါအံ့” ဟု လျောက်ထားပြန်၏။ ထိုရသေ့သည် ပြည့်ရှင်မင်း၏ စကားကို ကြား၍ ငယ်ရွယ်စဉ်အခါ၌ မှည့်ခေါ်အပ်သော အမည်၏အစွမ်းဖြင့် “ချစ်သွီး ပဒုမဝတီ”ဟု မိမိ၏သွီးကို ခေါ်တော်မူလိုက်၏။ပဒုမဝတီသည် ဘခင်ခေါ်ပြီး တန္ခုန်းတည်းသော စကားဖြင့်သာလျှင် သစ်ရွက် မိုးသော ကျောင်း သင်္ခမ်းမှ ထွက်လာပြီးသော် ဘခင်ရသေ့မြတ်ကို ညွှတ်ပျဉ်ရိုကျိုး ရှိခိုး၍တည်နေ၏။ထိုနောက် လာရောက် တည်နေသောသွီးကို ဘခင်ရသေ့က“အိုု-ချစ်သွီး၊ လူလားဖြစ်မြောက် အရွယ်ရောက်သော အသင်သည် ဘုရင်မင်းမြတ် တွေ့မြင်အပ်သော ကာလမှစ၍ ဤအရပ် ဌာန၌ နေမျှခြင်းငှါ မသင့်လျော်ချေတော့ပြီ။ ချစ်သွီး၊ အသင်သည် ပြည့်ရှင်မင်းမြတ်နှင့် အတူတကွသာ လိုက်ပါ၍ သွားလေလော့”ဟု ပြောဆို၏။ထိုပဒုမဝတီက“ဘခင်၊ကောင်းလှပါပြီ”ဟု ဘခင်ရသေ့၏ စကားကို ပြောကြားတိုင်းဝန်ခံ၍ ရိုသေမြတ်နိုး ရှိခိုးပြီးသော် ငိုကြွေးလျက်သာလျှင် လိုက်ပါ၍ သွားရှာ၏။ပြည့်ရှင်မင်းမြတ်က “ဤသတိုးသွီး၏ ဘခင်ဖြစ်သော အရှင်ရသေ့၏စိတ်ကို နှစ်မြို့ရွှင်လန်းဝမ်းမြောက်စေမူ သိမ်းယူအံ့”ဟု ကြံစည်၍ ထိုနေရာ ဌာန၌ပင်လျှင် အသပြာအစုအပုံထက် တင်ထား၍ အဘိသိက် သွန်းခြင်းကိုပြု၏။ အဘိသိက်သွန်းပြီးသည်မှနောက် ထို ပဒုမဝတီ မိဖုရားကို ယူဆောင်၍ မိမိ၏မြို့တော်သို့ ဝင်ရောက်တော်မူ၏။

ဥပ္ပလဝဏ္ဏာ မထေရ်မအလောင်းအား မိဖုရားငယ်များ ကုန်းချောခြင်း။

ထိုပဒုမဝတီ မိဖုရား ရောက်လာသော ကာလမှအစပြု၍ ကြွင်းကုန်သော ဒိန်းမတို့ကို မကြည့်မရှု လျစ်လျူပြု၍ ပဒုမဝတီ မိဖုရားနှင့် သာလျှင် မွေ့လျော်ပျော်မြူးနေ၏။ထိုမိန်းမတို့သည် ငြူစူခြင်း ဏှဲသောဖြင့်

ပြင်းစွာနှိပ်စက်သောကြောင့် ထိုပဒုမဝတီမိဖုရားကို မင်းကြီး၏အကြား ကွဲပြားပျက်စီးအောင် ဖျက်ဆီးလိုဘိရကား ဤသို့သောစကားကို ပြောကြား လျှောက်တင်ကုန်၏။ အဘယ်သို့ ပြောကြား လျှောက်တင်ကုန်သနည်းဟူမူ။ ''အရှင် မောင်တော်မင်းမြတ်၊ ပဒုမဝတီ မည်သော ဤမိန်းမကား လူဇာတ်မျိုးနွယ် အကယ်စင်စစ် မဟုတ်ပါ၊ လူတို့သွားလာလှည့်လည်ရာ အရပ်၌ ပဒုမာ ကြာပန်းတို့ ပေါက်ရောက်သည့် တို့ကို အရှင်မင်းမြတ်တို့သည် အဘယ်မှာမြင်ဘူးပါကုန်သနည်း။စင်စစ်ဧကန် အမှန်အရ ဤမိန်းမကား အသားစားကြား ဘီလူးမပါကည်း။ အရှင်မင်းမြတ်၊ ထိုဘီလူးမကို တိုင်းပြည်မှ နှင်ထုတ်တော်မူပါကုန်လော့'' ဟု ပြောကြား လျှောက်တင်ကုန်၏။ ပြည့်ရှင်မင်းမြတ်ကား ထိုမိန်းမတို့ လျှောက်တင်သောစကားကို ကြားရသော်လည်း တစုံတရာမပြောမဆို ဆိတ်ဆိတ်သာနေတော်မူ၏။ နောက်အဘို့ဖြစ်သော တပါးသော အခါ၌ ထိုမင်းမြတ်၏ အစွန်အဖျားဖြစ်သော ရပ်ရွာနယ်ပယ်သည် ထက္ကြ ပျက်စီးခဲ့၏။ ထိုမင်းမြတ်သည် ''ပဒုမဝတီကား မွေးဘွားမည်တွက် နေ့ရက် နီးကပ် သဖြင့် လေးသော ကိုယ်ဝန် ယိုခဲ့ချေ တကား'' ဟု အောက်မေ့ဆင်ခြင်ပြီးလျှင် ထိုပဒုမဝတီ မိဖုရားကို မြို့၌ထားခဲ့၍ အစွန်အဖျားဖြစ်သော ရပ်ရွာနယ်ပယ်သို့ ထွက်ကြွတော်မူ၏။ထိုအခါ ဇာသာတရား ဖြစ်ပွါးကုန်ကြ ထိုမိန်းမတို့သည် ပဒုမဝတီ မိဖုရား၏ အလုပ်အကျွေး မိန်းမအား တံစိုးကိုပေး၍ ''ဤပဒုမဝတီ၏ ဘွားကာမျှသာလျှင် ဖြစ်သောသူငယ်ကို စွန့်ပယ်၍ တခုသော သစ်သားထင်းတုံးကို သွေးဖြင့် လိမ်းကျံ၍ ပဒုမဝတီ၏ အထံ၌ ထားလေလော့'' ဟု ပြောဆိုကြကုန်၏။ ပဒုမဝတီ မိဖုရားအားလည်း မကြာမြင့်မီ သာလျှင် ကိုယ်ဝန်မှ ဘွားမြင်ထမြောက်ခြင်း ဖြစ်လေ၏။

[မဟာ ပဒုမမင်းသား တပါးတည်း သာလျှင် ပမ်း၌ ပဋိသန္ဓေတည်နေစွဲယူ၏။ ကြွင်းကုန်သော တပါးယုတ် ငါးရာကုန်သော မင်းသားတို့ကား မဟာပဒုမမင်းသား၏ မယ်တော်ဝမ်းမှ ဘွားမြင်၍ လျှောင်းအိပ် နေသောအခါ သံသေဒဇအဖြစ်

ဖြစ်ကုန်သတည်း။ ။ထို့ကြောင့် ဧကနိပါတ် အဂ်ုတ္တိုရ် အဋ္ဌ
ကထာ၌....

"မဟာ ပဒုမကုမာရော ဧကကောဝ ကုစ္ဆိယံ ပဋိသန္ဓိံ
ဂဏ္ဒိ၊ အဝသေသာ ဧကူနပဉ္စသတာ ဒါရကာ မဟာ ပဒုမ
ကုမာရဿ မာတုကုစ္ဆိတော နိက္ခမိတ္ဓာ နိပ္ပန္ဓကာလေ သံသေ
ဒဇာ ဟုတ္ဓာ နိဗ္ဗတ္တိံသု-ဟု မိန့်ကော်မူ၏။

ထိုပါဠ်၏ အနက်ကား။ ။ဧကကောဝ၊တပါးတည်းသာ
ဖြစ်သော။ မဟာပဒုမကုမာရော၊ မဟာပဒုမ မင်းသားသည်။
တနည်းကား။ မဟာပဒုမကုမာရော၊ သည်။ ဧကကောဝ၊ တ
ပါးတည်း သာလျှင်။ ကုစ္ဆိယံ၊ မယ်တော်ဝမ်း၌။ ပဋိသန္ဓိံ၊
ပဋိသန္ဓေကို။ ဂဏ္ဒိ၊ စွဲယူလေပြီ။ အဝသေသာ၊ မဟာပဒုမ
မင်းသားမှ ကြွင်းကုန်သော။ ဧကူနပဉ္စသတာ၊ တပါးယုတ်
ငါးရာကုန်သော။ ဒါရကာ၊ မင်းသားငယ်တို့သည်။မဟာပဒုမ
ကုမာရဿ၊ မဟာပဒုမမင်းသား၏။ မာတုကုစ္ဆိတော၊ မယ်
တော်၏ ဝမ်းမှ။ နိက္ခမိတ္ဓာ၊ မွေးဘွားပြီး၍။ နိပ္ပန္ဓကာလေ၊ပြင်
ပ ရောက်ကောင်း လျောင်းအိပ်သော အခါ၌။ သံသေဒဇာ၊
သံသေဒဇတို့သည်။ဝါ။အညှိကိုစွဲ၍ ဖြစ်ကုန်သော သူတို့သည်။
ဟုတ္ဓာ၊ ဖြစ်ကုန်၍။ နိဗ္ဗတ္တိံသု၊ ဖြစ်ကုန်ပြီ။ ။ဤကားအနက်]

တိုအခါ မိဖုရား၏ အလုပ်ကျွေး မိန်းမသည် ယခုအခါ ဤမိဖုရား
ကြီးကား သတိမရသေးဟု ဘိသောကြောင့် တခုသော သစ်သားတုံး
ကို သွေးဖြင့်လိမ်းကျံ၍ အနီး၌ထားပြီးသော် မိမိအား ပြောကြား
မှာထားကုန်သော ထိုမိန်းမတို့အား အမှတ်ကိုပေး၏။ငါးရာကုန်သော
ထိုမိန်းမတို့ သည်လည်း တယောက် တယောက်သော မိန်းမသည်
တပါးတပါးသော မင်းသားငယ်ကို ယူဆောင်ပြီးလျှင် ရှေပန်းထိမ်
သည် အထံသို့ စေလွှတ်ပြုလုပ်ကြတ်တို့ကို ယူဆောင်ခဲ့စေ၍ အသီး အ
သီး မိမိသည် ယူဆောင်အပ်သော မင်းသားငယ်တို့ကို ထိုရှေကြတ်၌
ထည့်သွင်း အိပ်လျောင်းစေပြီးသော် အပပြင်ဘက်၌ အမှတ်တံဆိပ်ကို
ခတ်နှိပ် ပြုလုပ်၍ ထားကြကုန်၏။ ပဒုမဝတီ မိဖုရားသည်လည်း အမှတ်

ပြင်းစွာနှိပ်စက်သောကြောင့် ထိုပဒုမဝတီမိဖုရားကို မင်းကြီး၏အကြား ကွဲပြားပျက်စီးအောင် ဖျက်ဆီးလိုဘိရကား ဤသို့သောစကားကို ပြောကြား လျှောက်တင်ကုန်၏။ အဘယ်သို့ ပြောကြား လျှောက်တင်ကုန်သနည်းဟူမူ။ ''အရှင် မောင်တော်မင်းမြတ်၊ ပဒုမဝတီ မည်သော ဤမိန်းမကား လူဇာတ်မျိုးနွယ် အကယ်စင်စစ် မဟုတ်ပါ၊ လူတို့သွားလာလှည့်လည်ရာ အရပ်၌ ပဒုမာ ကြာပန်းတို့ ပေါက်ရောက်သည် တို့ကို အရှင်မင်းမြတ်တို့သည် အဘယ်မှာမြင်ဘူးပါကုန်သနည်း။စင်စစ်ဧကန် အမှန်အရ ဤမိန်းမကား အသားစားကြား ဘီလူးမပါကည်း။ အရှင်မင်းမြတ်၊ ထိုဘီလူးမကို တိုင်းပြည်မှ နှင်ထုတ်တော်မူပါကုန်လော့'' ဟု ပြောကြား လျှောက်တင်ကုန်၏။ ပြည့်ရှင်မင်းမြတ်ကား ထိုမိန်းမတို့ လျှောက်တင်သောစကားကို ကြားရသော်လည်း တစုံတရာမပြောမဆို ဆိတ်ဆိတ်သာနေတော်မူ၏။ နောက်အဘို့ဖြစ်သော တပါးသော အခါ၌ ထိုမင်းမြတ်၏ အစွန်အဖျားဖြစ်သော ရပ်ရွာနယ်ပယ်သည် ထက် ပျက်စီးခဲ့၏။ ထိုမင်းမြတ်သည် ''ပဒုမဝတီကား မွေးဘွားမည်တွက် နေ့ရက် နီးကပ် သဖြင့် လေးသော ကိုယ်ဝန် ယိုခဲ့ချေ တကား'' ဟု အောက်မေ့ဆင်ခြင်ဖြီးလျှင် ထိုပဒုမဝတီ မိဖုရားကို မြို့၌ထားခဲ့၍ အစွန်အဖျားဖြစ်သော ရပ်ရွာနယ်ပယ်သို့ ထွက်ကြွတော်မူ၏။ထိုအခါ၌ သာတရား ဖြစ်ပွါးကုန်ကြ ထိုမိန်းမတို့သည် ပဒုမဝတီ မိဖုရား၏ အလုပ်အကျွေး မိန်းမအား တံစိုးကိုပေး၍ ''ဤပဒုမဝတီ၏ ဘွားကာမျှသာလျှင် ဖြစ်သောသူငယ်ကို စွန့်ပယ်၍ တခုသော သစ်သားထင်းတုံးကို သွေးဖြင့် လိမ်းကျံ၍ ပဒုမဝတီ၏ အထံ၌ ထားလေလော့'' ဟု ပြောဆိုကြကုန်၏။ ပဒုမဝတီ မိဖုရားအားလည်း မကြာမြင့်မီ သာလျှင် ကိုယ်ဝန်မှ ဘွားမြင်ထမြောက်ခြင်း ဖြစ်လေ၏။

[မဟာ ပဒုမမင်းသား တပါးတည်း သာလျှင် ပမ်း၌ ပဋိသန္ဓေတည်နေစွဲယူ၏။ ကြွင်းကုန်သော တပါးယုတ် ငါးရာကုန်သော မင်းသားတို့ကား မဟာပဒုမမင်းသား၏ မယ်တော်ဝမ်းမှ ဘွားမြင်၍ လျှောင်းအိပ် နေသောအခါ သံသေဒဇအဖြစ်

ဖြစ်ကုန်သတည်း။ ။ထို့ကြောင့် ဧကနိပါတ် အဂုံတ္တိုရ် အဋ္ဌ
ကထာ၌....

"မဟာ ပဒုမကုမာရော ဧကကောဝ ကုစ္ဆိယံ ပဋိသန္ဓိံ
ဂဏ္ဒိ၊ အဝသေသာ ဧကူနပဉ္စသတာ ဒါရကာ မဟာ ပဒုမ
ကုမာရဿ မာတုကုစ္ဆိတော နိက္ခမိတ္ဓာ နိပ္ပန္ဓကာလေ သံသေ
ဒဇာ ဟုတ္ဓာ နိဗ္ဗတ္တိံသု-ဟု မိန့်တော်မူ၏။

ထိုပါဠိ၏ အနက်ကား။ ။ဧကကောဝ၊တပါးတည်းသာ
ဖြစ်သော။ မဟာပဒုမကုမာရော၊ မဟာပဒုမ မင်းသားသည်။
တနည်းကား။ မဟာပဒုမကုမာရော၊ သည်။ ဧကကောဝ၊ တ
ပါးတည်း သာလျှင်။ ကုစ္ဆိယံ၊ မယ်တော်ဝမ်း၌။ ပဋိသန္ဓိံ၊
ပဋိသန္ဓေကို။ ဂဏ္ဒိ၊ စွဲယူလေပြီ။ အဝသေသာ၊ မဟာပဒုမ
မင်းသားမှ ကြွင်းကုန်သော။ ဧကူနပဉ္စသတာ၊ တပါးယုတ်
ငါးရာကုန်သော။ ဒါရကာ၊ မင်းသားငယ်တို့သည်။မဟာပဒုမ
ကုမာရဿ၊ မဟာပဒုမမင်းသား၏။ မာတုကုစ္ဆိတော၊ မယ်
တော်၏ ဝမ်းမှ။ နိက္ခမိတ္ဓာ၊ မွေးဘွားပြီး၍။ နိပ္ပန္ဓကာလေ၊ပြင်
ပ ရောက်ကောင်း လျောင်းအိပ်သော အခါ၌။ သံသေဒဇာ၊
သံသေဒဇတို့သည်။ဝါ။အညှိကိုစွဲ၍ ဖြစ်ကုန်သော သူတို့သည်။
ဟုတ္ဓာ၊ ဖြစ်ကုန်၍။ နိဗ္ဗတ္တိံသု၊ ဖြစ်ကုန်ပြီ။ ။ဤကားအနက်]

တိုအခါ မိဖုရား၏ အလုပ်ကျွေး မိန်းမသည် ယခုအခါ ဤမိဖုရား
ကြီးကား သတိမရသေးဟု ဘိသောကြောင့် တခုသော သစ်သားတုံး
ကို သွေးဖြင့်လိမ်းကျံ၍ အနီး၌ထားပြီးသော် မိမိအား ပြောကြား
မှာထားကုန်သော ထိုမိန်းမတို့အား အမှတ်ကိုပေး၏။ငါးရာကုန်သော
ထိုမိန်းမတို့ သည်လည်း တယောက် တယောက်သော မိန်းမသည်
တပါးတပါးသော မင်းသားငယ်ကို ယူဆောင်ပြီးလျှင် ရှေပန်းထိမ်
သည် အထံသို့ စေလွှတ်ပြုလုပ်ကြတ်တို့ကို ယူဆောင်ခဲ့စေ၍ အသီး အ
သီး မိမိသည် ယူဆောင်အပ်သော မင်းသားငယ်တို့ကို ထိုရှေကြတ်၌
ထည့်သွင်း အိပ်လျောင်းစေပြီးသော် အပပြင်ဘက်၌ အမှတ်တံဆိပ်ကို
ခတ်နှိပ် ပြုလုပ်၍ ထားကြကုန်၏။ ပဒုမဝတီ မိဖုရားသည်လည်း အမှတ်

သညာကို ကောင်းစွာ ရယှိသောအခါ ထို အလုပ်အကျေး မိန်းမကို ''မိခင်၊ အကျွန်ုပ်သည် အဘယ်ကို ဘွားမြင်သည့် ဖြစ်ပါသနည်း'' ဟု မေး၏၊ အလုပ်အကျေးမိန်းမက ထိုမိဖုရားကို ခြိမ်းချောက်လျက် ''အသင်သည် အဘယ်မှာ သူငယ်ကို ရလတ္တံ့နည်း'' ဟု ပြောဆို၍ ''ဤသည်ကား အသင်၏ဝမ်းမှ ဘွားမြင်သော သူငယ်တည်း'' ဟု ပြောဆိုကာ သွေးဖြင့်လိမ်းကျံအပ်သော သစ်သားတုံးကို ရှေ့မှချထား၏။ မိဖုရားသည် ထိုသစ်သားတုံးကို မြင်၍ နှလုံးမသက်သာခြင်းသို့ ရောက်သောကြောင့် ''လျင်မြန်စွာ ထိုသစ်သားတုံးငယ်ကို ခွဲစိတ် ပယ်ဖျောက်ပါဘိလော့။ တစုံတယောက်သောသူသည် အကယ်၍ တွေ့မြင်ခဲ့အုံး။ အရှက်ရသည် ဖြစ်ပေရာ၏'' ဟု ပြောဆို၏။ ထိုအလုပ်အကျေးမိန်းမသည် မိဖုရား၏ စကားကိုကြား၍ အကျိုးစီးပွါးကို အလိုယှိ ဘိသကဲ့သို့ သစ်သားတုံးငယ်ကို အသွယ်သွယ် ခွဲစိတ်ဖြတ်တောက်လျက် ခုံလောက်မီးပုံ၌ ထည့်လေ၏။ ပြည့်ရှင်မင်းမြတ်သည်လည်း အစွန်အဖျားဖြစ်သော ရဟန္တာမှပြန်လာပြီးလျှင် မြို့တွင်းသို့မဝင်သေးဘဲ သန့်စင်ကောင်းမြတ် နက္ခတ်ကို ငုံ့လင့်ပြီးလျှင် မြို့၏အပြင်ဘက်၌ သစ်ခက်တဲနန်းကို ဖန်ဆင်းတည့်ဘဲ၍ စံနေတော်မူ၏၊ ထိုအခါ ပဒုမဝတီမိဖုရား၏ ရန်သူဖြစ်ကုန်သော ငါးရာကုန်သော မိန်းမတို့သည် ပြည့်ရှင်မင်းကြီးအား ခရီး ကြိုဆိုခြင်းသို့ လာရောက်ပြီးလျှင် ''အရှင်မင်းမြတ်။ အရှင်မင်းမြတ်သည် ကျွန်တော်မတို့ လုံးဝကုန်စင် လျှောက်တင်သောစကားကို မှတ်သားယုံကြည်ခြင်း မရှိပါ။ ကျွန်တော်မတို့ ဖေ၊ပြ လျှောက်တင်သော စကားသည် အကြောင်းမဲ့ အားဖြင့် ပြောကြား လျှောက်တင်ဘိသကဲ့သို့ ဖြစ်ရပေ၏။ အရှင်မင်းမြတ်သည် ပဒုမဝတီ မိဖုရား၏ အလုပ်အကျေး မိန်းမကို ခုခေါ်စစ်ဆေး မေးမြန်းတော်မူပါလော့၊ အရှင်မင်းမြတ်၏မိဖုရားသည် သစ်တုံးကို ဘွားမြင်ပါ၏'' ဟု ပြောကြား လျှောက်တင်ကုန်၏။

ဥပုလဝတ္ထာ မထေရ်မအလောင်း မိဖုရားကြီးကို
နန်းအိမ်တော်မှ နှင်ထုတ်ခြင်း။

ပြည့်ရှင်မင်းမြတ်သည် လျှောက်တင် အပ်သော ထို စကား၏ အကြောင်းဖြစ်လားကို စဉ်စားစူးစမ်းခြင်း မပြုမူ၍ ဘိလူးမျိုးစစ် အမှန်

ဖြစ်ပေလိမ့်မည်ဟု ယုံကြည်စိတ်ချကာ ပဒုမဝတီ မိဖုရားကို နန်းအိမ်တော်မှ နှင်ထုတ်လိုက်၏။ ထိုမိဖုရားအား မင်းအိမ်နန်းတော်မှ ထွက်သွားရသည်နှင့်တပြိုင်နက်တည်းသာလျှင် ကြာပဒုမာပန်းတို့သည်ကွယ်ပျောက်ခဲ့ကုန်၏။ ကိုယ်ရေအဆင်း သည်လည်း ဆွတ်ယွင်းဖေါက်ပြန်သည် ဖြစ်လေ၏။ ထိုပဒုမဝတီမိဖုရားသည် တယောက်ထီးတည်းသာလျှင် ခရီးလမ်းမ၌ ထွက်ကြွ၍သွားရလေ၏။ ထိုအခါ မိဖုရားကို ကြီးပွါးတုံမြောက် အရွယ်ရောက်ပြီး တယောက်သော မိန်းမကြီးသည် တွေ့မြင်၍ ရင်ဟွင်ဘွားပြီး သို့ရင်းကဲ့သို့ချစ်ခြင်းကိုဖြစ်စေပြီးသော် "အိုချစ်သို့၊ အသင်သည် အဘယ် အရပ်သို့ သွားမည်နည်း" ဟု မေး၏။ "မိခင်၊ ကျွန်တော်မ သည်ကား ခရီးသွား ဧည့်သည်မျှ ဖြစ်ပါ၏။ တည်နေရာ အရပ်ကို လျောက်ပတ်သင့်မှ ကြည့်ရှု ကြံစည်လျက် လှည့်လည်ပါသည်" ဟု ပြောဆို၏။ "ချစ်သို့၊ ထိုသို့ဖြစ်တပြီးကား ဤအိမ်နေရာသို့ လာခဲ့ပါတော့" ဟု ပြောဆို ခေါ်ငင်ကာ နေရာကိုပေး၍ စားသုံးဖွယ်ပင် ဘောဇဉ်ကို စီရင်ပြုစု၏။ ထိုပဒုမဝတီ မိဖုရားအား ဤသို့သော အမှတ်ဖြင့်သာလျှင် အရွယ်လွန်ပြီး ထိုမိန်းမကြီး၏အိမ်၌ နေသည်ယိုသော် ရန်ဘက်ဖြစ်ကာ ငါးရာအရေအတွက် ယိုကုန်သော ထိုမိန်းမတို့သည် တိုင်ပင်ပြောပြ တူမျှသောစိတ်ယိုကုန်သည်ဖြစ်၍ ပြည့်ရှင်မင်းမြတ်ကို "အရှင်မင်းကြီး၊ အသင်တို့သည် စစ်ထိုးခြင်းငှါ ထွက်ကြွတော်မူကုန်သည်ယိုသော် ကျွန်တော်မတို့သည် ဂင်္ဂါမည်မှတ် မြစ်စောင့်နတ်အား "ငါတို့၏ မင်းမြတ်သည် အောင်အပ်သော စစ်မြေယိုကာ ပြန်ကြွလာခဲ့သော် ပူဇော်ပသခြင်းအမှုကို ပြုလုပ်၍ ရေစမ္မယ်ကစားခြင်းကို ပြုလုပ်ပါကုန်အံ့" ဟု ဆုတောင်း ပန်ဆင်ခြင်းသည်ယိုပါ၏။အရှင်မင်းကြီး။ ထိုသို့သော အကြောင်းကို အရှင်မင်းကြီးတို့အား သိပါစေကုန်၏" ဟု ပြောကြားလျှောက်တင်ကုန်၏။ ပြည့်ရှင်မင်းမြတ်သည် ထိုမိန်းမတို့ ပြောပြတင်လျှောက်သောစကားဖြင့် ဖြစ်ပွါးနှစ်သက်ခြင်းယိုရကား ရေကစားစမ္မယ်ခြင်းကို တင့်တယ်စွာ ပြုလုပ်ခြင်းအကျိုးငှါ ထွက်ကြွတော်မူလေ၏။ ထိုမိန်းမတို့သည်လည်း အသီးအသီး မိမိယူဆောင်ခဲ့သော ကြွတ်ကို ဖုံးအုပ်ကွယ်ထောင့်သည်ကိုပြုလျက် ယူ

ဆောင်ကာ ဂင်ါမြစ်သို့ သွားရောက်၍ ထိုကြုတ်တို့ကို ဖုံးလွှမ်းခြင်း အကျိုးငှါ အသီးအသီး အဝတ်အရုံကို သိုင်းခြုံဖုံးအုပ်ကုန်၍ ရေ၌ကျ ရောက်ပြီးသော် ကြုတ်တို့ကို စွန့်လွှတ် ချမျှောကုန်၏။ အလုံးစုံလည်း ဖြစ်ကုန်သော ထိုကြုတ်တို့ သည်လည်း အဟူတကွ ပေါင်းဆုံစုမျော သွားရောက်၍ အောက်အရပ် ရေအလျဉ်၌ ဖြန့်ကြက်၍ထားအပ်သော ပိုက်ကွန်၌ ငြိကုန်၏။ ထိုနောက် ရေစမ္ပယ်ကစားခြင်းကို ကစားမြူးတူး၍ ပြည့်ရှင်မင်းမြတ်၏ ရေမှ တက်ကြွတော်မူသောအခါ ပိုက်ကွန်ပင့်မ ကုန်သည်ယှိသော် ထိုကြုတ်တို့ကို ဟွေမြင်၍ ပြည့်ရှင်မင်းမြတ်၏ အထံ တော်သို့ ပို့ဆောင်ကုန်၏။

ဥပ္ပလဝဏ္ဏာ မထေရ်မအလောင်း မိဖုရားကြီးကို နန်းအိမ်တော်သို့ ဆောင်ပြန်ခြင်း။

ပြည့်ရှင်မင်းမြတ်သည် ကြုတ်တို့ကို မြင်တော်မူ၍ ''အို-အချင်းတို့၊ ကြုတ်တို့၌ အဘယ်အရာဝတ္ထုယှိသနည်'' ဟု မေးတော်မူသဖြင့် ''အရှင် မင်းမြတ်၊ ကျွန်တော်မျိုးတို့မသိပါကုန်'' ဟု ကြားလျှောက်ကုန်၏။ ထို ဘုရင်မင်းမြတ်သည် ကြုတ်တို့ကိုဖွင့်စေ၍ ကြည့်ရှုတော်မူလျက် ရှေး ဦးစွာ မဟာ ပဒုမမင်းသား၏ကြုတ်တို့ကို ဖွင့်စေ၏။အလုံးစုံလည်းဖြစ်ကုန် သော ထိုမင်းသားတို့၏ကား ကြုတ်တို့၌ ထည့်သွင်း အိပ်လျောင်းစေ သော နေ့၌သာလျှင် ကောင်းမှု၏တန်ခိုးအာနုဘော်ကြောင့် လက်မမှ နို့ရည်ဖြစ်ပေါ်ထွက်လာ၏။သိကြားနတ်မင်းသည် ထိုပြည့်ရှင်မင်းမြတ် ၏ ယုံမှားကင်းပျောက် စေခြင်းအကျိုးငှါ ကြုတ်၏အတွင်း၌ ကမ္ပည်း အက္ခရာတို့ကို ရေးသားစေ၏။ အဘယ်သို့ ရေးသားစေသနည်းဟူမူ။ ''ဤမင်းသားတို့ကား ပဒုမဝတီမိဖုရား၏ ဝမ်း၌ ဖြစ်လာမွေးဘွားကုန် သော ဗာရာဏသီ ပြည့်ရှင် မင်းမြတ်၏ သားတော်တို့ပေတည်း။ ထို မင်းသားတို့ကို ပဒုမဝတီ မိဖုရား၏ ရန်သူဖြစ်ကုန်သော ငါးရာကုန် သောမိန်းမတို့သည် ကြုတ်တို့၌ ထည့်သွင်းကုန်၍ ရေ၌ ချမျှောကုန်၏။ ပြည့်ရှင်မင်းမြတ်သည် ဤသို့သော အကြောင်းကို ကောင်းစွာသိစေ သတည်း'' ဟု ရေးသားစေ၏။ကြုတ်တို့ကို ဖွင့်ကာမျှ၌ ပြည့်ရှင်မင်းကြီး သည် ကမ္ပည်းအက္ခရာတို့ကို ဘတ်၍ မင်းသားငယ်တို့ကို မြင်သည်ယှိ

သော်ာ အကြီးဖြစ်သော မဟာပဒုမ မင်းသားကို ချီမြှောက်၍ "လျင်မြန်စွာ ရထားတို့ကို ကယ်ဉ်ကြကုန်လော့၊ မြင်းတို့ကို ကကြိုးစုံလင် ပြုပြင်ကြကုန်လော့။ယနေ့ငါသည် မြို့တွင်းနန်းတော်သို့ဝင်၍အချို့ကုန်သော မိန်းမတို့အား ချစ်ဘွယ်အမှု ဆုပေးခြင်းကိုပြုအံ့" ဟု အမိန့်တော်ပေးကာ ကောင်းစွာဆင်ယင် မြို့တော်သို့ကြွဝင်ပြီးသော် နန်းတော်ပြာသာဒ်ထက်သို့ တက်ရောက်တော်မူ၍ ဆင်၏ လည်၌ အသပြာ တထောင် ဘဏ္ဍာထုပ်ကို ဆွဲထား၍ "အကြင်သူသည် ပဒုမဝတီမိဖုရားကို တွေ့မြင်၏။ထိုသူသည် ဤအသပြာတထောင် ဘဏ္ဍာထုပ်ကို ယူစေသတည်း" ဟု ဟစ်ကြွေး ပြောဆိုပြီးလျင် စည်ကိုလှည့်လည်စေ၏။ပဒုမဝတီမိဖုရားသည် ထိုကဲ့သို့ စည်လည် ကြွေးကြော်သော စကားကိုကြား၍ မိခင်ဖြစ်သော မိန်းမအိုကြီးအား "အို-မိခင်၊ ဆင်၏လည်၌ အသပြာတထောင် ဘဏ္ဍာထုပ်ကို ယူပါချေလော့" ဟု ပြောဆိုတော်အပ် အမှတ်သညာကိုပေး၏။"ချစ်သမီး၊ငါသည် ထိုကဲ့သို့သဘောယိုသော အသပြာဘဏ္ဍာထုပ်ကို ယူခြင်းငှါ မရဲဝံ့မစွန့်နိုင်ပါ" ဟု ပြောဆို၏။ထိုမိဖုရားက နှစ်ကြိမ်-သုံးကြိမ်တိုင်အောင် ထပ်ကာထပ်ကာ ပြောဆိုသည်ယိုသော် မိန်းမကြီးက "ချစ်သမီး၊ အဘယ်သို့ ပြောဆို၍ယူရမည်နည်း" ဟုမေး၏။ "အို-မိခင်၊ ငါ၏သမီးသည် ပဒုမဝတီ မိဖုရားကို တွေ့မြင်ပါသည်ဟု ပြောဆို၍ ယူပါချေလော့" ဟု ပြော်ဆို၏။ထိုမိန်းမကြီးသည် "ဟုတ်ဟုတ်ငြားငြား ပြောကြားစိစစ် ဖြစ်လိုရာဖြစ်စေတော့" ဟု ကြံစည်သွားရောက်၍ အသပြာ ဟထောင်ထုပ်ထည့်ရာ အသပြာပန်းတောင်းကို ယူလေ၏။ထိုအခါ မင်းချင်းယောကျ်ားလူအများကိုကထိုမိန်းမကြီးကို "အိုမိခင်၊ အသင်သည် ပဒုမဝတီမိဖုရားကို တွေ့မြင်ပါသလော" ဟု မေးမြန်းကုန်၏။ "အမောင်တို့ ငါသည်ကား မတွေ့မမြင်ပေ၊ ငါ၏သမီးဘည် တွေ့မြင်ပါသတဲ့" ဟု ပြောဆို၏။ ထိုမင်းချင်းယောကျ်ားတို့က "မိခင်၊ ထိုအသင်၏ သမီးဟူသည် အတိမ္မာနည်း" ဟု မေးမြန်းပြောဆို၍ ထိုမိန်းမကြီးနှင့် အတူတကွ သွားရောက်ကြပြီးသော် ပဒုမဝတီ မိဖုရားကို တွေ့မြင်သိယို့ မှတ်မိကြသောကြောင့် ခြေရင်းတို့၌ ရှိခိုးတုပ်ဝပ်ကြကုန်၏။ ထိုအခါ မွေးမြူစောင့်ရှောက်၍ ထားသော မိန်းမကြီးသည် ပဒုမဝတီ

မိဖုရား ဟူသည်ကား ဤသူပင်တည်းဟု သိ၍ "အကြင်မိန်းမသည် ဤသို့သဘောယှိသည်မည်သော ပြည့်ရှင်မင်းမြတ်၏ မိဖုရားဖြစ်ပါလျက် ဤသို့သဘောယှိသော အရပ်၌ ပြုစုလုပ်ကျွေး စောင့်ရှောက်သူ ကင်းလျက် တယောက်တည်းချင်းနေ၏။ ထိုမိန်းမပြုလုပ်နေထိုင်မှုကို ပြုခြင်းသည် ဩော်-ဝန်လေးလေစွာ့တကား" ဟု ပြောဆို၏။ ထိုမင်းချင်းယောက်ျားတို့သည်လည်း ပဒုမဝတီမိဖုရား၏ စံရာအိမ်ကို ဖြူစင်သောတင်းတိမ်တို့ဖြင့် ဝန်းရံ၍ တံခါး၌ အစောင့်အရှောက်ကို ထားပြီးသော် ပြည့်ရှင်မင်းကြီးအား ကြားလျှောက်ကုန်၏။ ပြည့်ရှင်မင်းမြတ်သည် ရွှေထမ်းစင်ကို စေလွှတ်ပေးပို့၏။ ပဒုမဝတီမိဖုရားက "ငါသည် ဤသို့စီရင် ရွှေထမ်းစင်ဖြင့် မလာပေလတ္တံ့။ ငါ၏စံနေရာ အိမ်တော်ဌာနမှစ၍ မင်းမြတ်စံပျော် နန်းအိမ်တော်တိုင်အောင် ဤအကြား၌ ကောင်းမြတ် ဆန်းကြယ်သော ခင်းနှီးတို့ကို ခင်းစေလျက် အထက်၌ ရွှေကြယ်တို့ဖြင့် ဆန်းကြယ်သော ပုဆိုးဗိတာန်ကို ဖွဲ့ချည်ဆင်ယင်၍ တန်ဆာဆင်ခြင်းအကျိုးငှါအလုံးစုံသော တန်ဆာတို့ကို စေလွှတ် ပေးပို့ကုန်သည်ယှိသော် မိမိအလိုလိုသာ ခြေဖြင့်သွားပါကုန်အံ့။ဤသို့ညွှန်ကြားခြေဖြင့်သွားမူကားမြို့သား မြို့သူ ခပ်သိမ်းလူတို့သည် ကျွန်တော်မ၏ စည်းစိမ်အသရေကို တွေ့မြင်ကြည့်ရှု ရပါကုန်လတ္တံ့" ဟု လျှောက်ကြား၏။ ပြည့်ရှင်မင်းမြတ်ကလည်း "ပဒုမဝတီမိဖုရား လျှောက်ကြားပြောဆို အလိုယှိတိုင်းကိုအသင်တို့ ပြုလုပ်ကုန်လော့" ဟု မိန့်ဆိုတော်မူ၏။ ထိုနောက် ပဒုမဝတီမိဖုရားသည် အလုံးစုံသော တန်ဆာကို တန်ဆာဆင်ယင်၍ မင်းအိမ်နန်းတော်သို့ သွားအံ့ဟု နှလုံးသွင်း၍ လမ်းခရီးသို့ သက်ဆင်းနင်းသွား၏။ ခြေချနင်းရာအရပ်၌ ဆန်းကြယ်စွာ ပြုလုပ်ခင်းထားအပ်သောခင်းနှီးတို့ကို ခွဲဖေါက်၍ပဒုမာကြာပန်းတို့သည် ထရောက်ပေါက်လာကုန်၏။ထိုမိဖုရားသည် လူများအပေါင်းအား မိမိ၏အသရေစည်းစိမ်ကိုပြလျက် မင်းအိမ်နန်းတော်ထက်သို့ တက်ရောက်၍ အလုံးစုံ အသွယ်သွယ် ဆန်းကြယ်သော ခင်းနှီးတို့ကို အရွယ်လွန်ပြီး ထိုမိန်းမကြီးအားမွေးမြူသည်အကျိုးအဘိုးအရင်းကိုပြု၍ပေးစေ၏။ပြည့်ရှင်မင်းကြီးလည်း ရန်သူဖြစ်လာ ထိုငါးရာကုန်သော မိန်းမတို့ကို ခေါ်စေတော်

မူပြီးလျှင် ''ရှင်မိဖုရားကြီး၊ ဤမိန်းမတို့ကို အသင်၏ ကျွန်မိန်းမတို့ကို ပြုလုပ်၍ပေးပါ၏''ဟု မိန့်ဆိုတော်မူ၏။ ''အရှင်မောင်တော် မင်းမြတ် ကောင်းလှပါပြီ။ထိုမိန်းမတို့၏ ကျွန်တော်မအား ပေးအပ်သော အဖြစ် ကို အလုံးစုံသော မြို့သူမြို့သားတို့ကို သိပါစေလော့''ဟု တင်လျှောက် ၏။ပြည့်ရှင်မင်းမြတ်သည် မြို့ဌစည်ကို လှည့်လည်စေ၏။အဘယ်သို့ပြော ဆိုလှည့်လည်စေသနည်းဟူမူ။ ''ပဒုမဝတီ မိဖုရားအား ပြစ်မှားကုန် သော ငါးရာကုန်သော မိန်းမတို့ကို ထိုပဒုမဝတီ မိဖုရားအားသာလျှင် အစေအပါး ကျွန်မတို့ကို ပြုလုပ်၍ပေးအပ်ကုန်ပြီ''ဟူသောစကားကို ပြောဆိုလှည့်လည်စေ၏၊ ပဒုမဝတီမိဖုရားသည် အလုံးစုံသောမြို့ဌ ထို မိန်းမတို့၏ အစေအပါး ကျွန်မ၏အဖြစ်ကို အမှတ်ပြုပြီဟု သိသော ကြောင့် ''အရှင်မောင်တော်မင်းမြတ်၊ ကျွန်တော်မ၏ ကျေးကျွန်မတို့ကို ကျွန်တော်မ တော်လှန်ခြင်းကို ပြုခြင်းငှါရပါအံ့လော''ဟု ပြည့်ရှင်မင်း မြတ်ကြီးကို မေးလျှောက်သဖြင့် ဘုရင်မင်းမြတ်က ''ရှင်မိဖုရား၊ အသင် အလိုယှိတိုင်းသာ ကောင်းစွာပြုနိုင်ပေ၏''ဟု မိန့်တော်မူ၏။ ထိုအခါ မိဖုရားသည် စည်လှည့်လည်သော ထိုမင်းချင်း ယောကျ်ား အပေါင်း ကိုသာလျှင် ခေါ်စေပြီးသော် ''ပဒုမဝတီ မိဖုရားသည် မိမိအား ကျေး ကျွန်ပြုလုပ်၍ ပေးအပ်ကုန်သော အလုံးစုံသော မိန်းမတို့ကို တော်လှန် ခြင်းကို ပြုအပ်ကုန်ပြီဟု ကြွေးကြော်ပြောဆို၍ တဖန် စည်ကိုလှည့်လည် ကုန်ဦးလော့''ဟု စေခိုင်းပြောဆိုတော်မူပြန်၏။ မိဖုရားသည် ထိုမိန်းမ တို့အား တော်လှန်သည့် အဖြစ်ကို ပြုပြီးသည်ယှိသော် တပါးယုတ် ငါး ရာကုန်သော မင်းသား ငယ်တို့ကို ထိုမိန်းမတို့အား ဘာလျှင် စောင့် ရှောက် မွေးမြူခြင်းအကျိုးငှါ ပေးအပ်တော်မူ၍ မိမိသည့်ကားအကြီး ဖြစ်သော မဟာပဒုမ မင်းသားကိုသာလျှင် ကောက်ယူသိမ်းပိုက်၏။

ဥပ္ပလဝဏ္ဏာ မထေရ်မ အလောင်း မိဖုရားကြီး၏ သားတော်ငါးရာ ပစ္စေကဗုဒ္ဓါဖြစ်ခြင်း။

နောက်အတို့အခါ ထိုမင်းသားငယ်တို့ ကစားနိုင်သော အရွယ်သို့ ရောက်သည်ယှိသော် ပြည့်ရှင်မင်းမြတ်သည် ဥယျာဉ်တော်၌ အထူးထူး

အပြားပြား ကစားရာ အရပ်ကို ပြုလုပ်စေ၏။ ထိုမင်းသားတို့ မိမိ၏ တဆယ့်ခြောက်နှစ် ပြည့်လစ်ဆိုမြောက် အရွယ်ရောက်သော အခါ၌ အလုံးစုံသာလျှင် ဖြစ်ကုန်သော မင်းသားတို့သည် တပေါင်းတစုတည်း ဖြစ်၍ ဥယျာဉ်တော်ဝယ် ပဒုမာကြာဖြင့် ဖုံးလွှမ်းအပ်သော မင်္ဂလာရေ ကန်တော်၌ ကစားမြူးတူးကုန်လျက် ကောင်းစွာစွင့်စွင့် ပွင့်ကုန်သော အသစ်အသစ် ဖြစ်ကုန်သော ပဒုမာကြာပန်းတို့ကို လည်းကောင်း၊ ရင့်ရော် နွမ်းကာ အညှာမှ ကြွေကျကုန်သော အဟောင်း ဖြစ်ကုန်သော ပဒုမာကြာတို့ကိုလည်းကောင်း တွေ့မြင်ကုန်၍ "အသက်ဝိညာဉ် ထင်ရှားမရှိ ပကတိ အနုပ္ပါဒိန္နဖြစ်သော ဤပဒုမာ ကြာပန်းအား ဤသို့သဘောယိုသည် မည်သော ရင့်ရော် ယိုယွင်း ဒိုမင်းတတ်စွာ ဇရာသဘော ရောက်တုံသေး၏။ ငါတို့၏ ကိုယ်အားကား အဘယ်မှာ ဆိုဘွယ်ရာ ယို့တော့မည်နည်း။ အသက်ဝိညာဉ်ထင်ရှားယိုသော ဤကိုယ်သည်လည်း ဤသို့သဘောယိုသောအိုမင်းတတ်စွာ ဇရာတရား အလားယိုသည်သာလျှင် ဖြစ်ပေလတ္တံ့" ဟု အာရုံကိုယူ၍ အလုံးစုံ သာလျှင် ဖြစ်ကုန်သော မင်းသားတို့သည် ပစ္စေက ဗောဓိဉာဏ်ကို ဖြစ်စေ၍ အသီးအသီး ထကာထကာ ပဒုမာကြာချက်တို့၌ ပလ္လင်ခွေခွေခွေ ထိုင်နေကုန်၏။ ထို့နောက် မင်းသားတို့နှင့် အတူတကွ လိုက်ပါလာရောက် စောင့်ရှောက် ရကုန်သော မင်းချင်း ယောကျ်ားတို့က အားကြိုးစွာ မြောက် အချိန်လွန်ရောက် လေပြီးသော နေ့အဘို့ ယို့သည်ဟု သိကုန်သောကြောင့် "အရှင်သားတို့၊ အရှင်တို့သည် နန်းအိမ်တော်သို့ဝင်ရန် အချိန်တန်သောအခါ အပိုင်းအခြားကို သိတော်မူပါကုန်လော့" ဟု ပြောဆို လျှောက်ထားကုန်၏။ ထိုမင်းသားတို့က စကားမဆို အလိုလို ဆိတ်ဆိတ်နေသည် ဖြစ်ကုန်၏။ မင်းချင်း ယောကျ်ားတို့သည် လျင်စွာ သွားရောက်၍ "အရှင်မင်းမြတ်၊ မင်းသားတို့သည် ပဒုမာ ကြာချက်၌ ထိုင်နေကုန်လျက် ကျွန်တော်မျိုးတို့ တိုးလျှိုး တောင်းပန် ပြောကြား လျှောက်တင်ကုန်သော်လည်း နှုတ်မြွက်သောအား စကားပြောဆိုခြင်းကိုမျှ မပြုပါကုန်" ဟု ပြည့်ရှင် မင်းမြတ်အား တင်လျှောက် ကုန်၏။ "အချင်းတို့၊ ထိုသားတော်တို့ အလိုယှဉ်ကိုင်းနေခြင်းငှါ ခွင့်ပေး စောင့်

ရှောက် ကုန်လော့''ဟု အမိန့် ချမှတ်တော်မူ၏။ ထိုမင်းသား တို့သည် အလုံးစုံသော ညဉ့်ပတ်လုံး ယူအပ်သော အစောင့်အရှောက် ယိုကုန်သည်ဖြစ်၍ ပဒုမာကြာချက်တို့၌ ထိုင်နေကုန်သော အမှတ်ဖြင့် သာလျှင် နေအရှိန်ကို ကက်စေကုန်၏။ မင်းချင်း ယောကျ်ားတို့သည် တဖန် မိုးသောက်သောနေ့၌ အနီးအရပ် ချဉ်းကပ်၍ ''အရှင် သားတော်တို့၊ အရှင်တို့သည် ရေကန်မှတက်ရန် ချိန်ခါတန်သည်ကို ရည်သန် သိယှိတော်မူပါ ကုန်လော့''ဟု တောင်းပန် လျှောက်တင်ကုန်၏။ ပစ္စေကမုဋ္ဌါတို့က ''ငါတို့ကား မင်းသားမဟုတ်ကုန်ပြီ။ ငါတို့သည် ပစ္စေကမုဋ္ဌါတို့ မည်ကုန်၏''ဟု ပြောဆိုသောအခါ ''အရှင်သားတော်တို့၊ အသင်တို့သည် ကြောက်ရွံ့ဝန်လေးဘွယ်စကားကို အဘယ်ကြောင့်ပြောကြား မြွက်ဆိုကုန်ဘိသနည်း။ ပစ္စေကမုဋ္ဌါတို့ မည်သည် အရှင် သားတော်တို့ကဲ့သို့ သဘောယှိသည်မဟုတ်ပါကုန်။ လက်နှစ်သစ်မျှ ပမာဏရိတ် ဆံမုတ်ဆိတ် ယှိကုန်လျက် ကိုယ်ထက်စွပ်ထား ဝတ်ဆင်ထားသော ရှစ်ပါးကုန်သော ပရိက္ခရာတို့ ယှိသည်ဖြစ်ပါကုန်၏''ဟု တဖန်လျှောက်ဆိုပြန်ကုန်၏။ မင်းသားမြတ်ဇာစ် လွန်မြောက် ဖြစ်ကုန်သော ထိုပစ္စေကမုဋ္ဌါတို့သည် လက်ျာလက်ဖြင့် ဦးခေါင်းကိုသုံးသပ်ကုန်၏။ ထိုသုံးသပ်သော ခဏ၌ပင်လျှင် လူတို့၏ အသွင် အပြင်သည် ကွယ်ပျောက်၏။ ရှစ်ပါးကုန်သော ပရိက္ခရာတို့သည် ကိုယ်၌ ဆင်ဝတ် စွပ်ကုန်သည်သာ လျှင် ဖြစ်ကုန်၏။ ထိုနောက်မှ လူများအပေါင်း၏ ကြည့်ရှု စဉ်ပင်လျှင် ကောင်းကင်ခရီးဖြင့် နန္ဒမူလဘောင်ဂုမ်းသို့ ကြွတော်မူကုန်၏။

ဥပုလဝဏ္ဏာ မထေရ်မ အလောင်းသည် ဘဝဟောင်းက သားပစ္စေကမုဋ္ဌါအရှင်တို့အား လှူဒါန်း၍ ဆုတောင်းပြန်ခြင်း။

ထိုပဒုမဒေဝီ မိဖုရားသည်လည်း ''ငါဘမူကား ပြိုင်သူ ဘက်ရှား သားအများတို့ယှိပါသည်ဖြစ်ပါလျက် တဦးတယောက်မျှပြောလောက် ဘွယ်မရှိ ပကတိချို့နဲ့ သားကင်းမဲ့သည်ဖြစ်ရလေပြီ''ဟု ကြံစည် တွေးဆ သောကတရား နှလုံးသား၌ဖြစ်ပွားစုဝေး၍ ပူပင်တမ်းတ ထိုသောကဖြင့် သာလျှင် ပြောင်းကြွေသလွန်ခြင်းကိုပြု၍ ရာဇဂြိုဟ်မြို့ကြီး၏ တံခါး

အနီး ဖြစ်သော ရွာငယ်၌ မိမိ၏လက်ဖြင့် အသက်မွေးမှု ပြုလုပ်နေသည့် အသက်ရှည်ရသော နေရပ်ဌာန၌ ပဋိသန္ဓေ တည်နေစွဲ ဖြစ်လေ၏။ အရွယ် ပြည့်မြောက်သော နောက်အဘို့ အခါ၌ ခင်ပွန်း အရှင် လင်ယောကျ်ားအမျိုးအိမ်သို့ လိုက်ပါသွားရောက်ရ၍ တနေ့သော အခါ ခင်ပွန်းအရှင်၏ လယ်တော အရပ်သို့ ချက်ပြုတ် အပ်သော ယာဂုကို ဆောင်ယူလျက် ပေးပို့ခြင်းငှါသွားသည်ယို့သော် လွန်ရော်ရှေးနှောင်း ဘဝဟောင်းအခါ ထိုင်းရာကုန်သော သားတော်တို့တွင် အတွင်းဝင် ပါ ရှစ်ပါးကုန်သော ပစ္စေကဗုဒ္ဓါတို့ ဆွမ်းခံ လှည့်လည်ချိန် တိုင်သော အခါ၌ ကောင်းကင် ခရီးဖြင့် ကြွသွားတော် မူကုန်သည်တို့ကို တွေ့မြင် သောကြောင့် လျင်လျင်မြန်မြန် သွားရောက်၍ မိမိ၏ခင်ပွန်းအရှင်အား "အို-သခင်၊ ပစ္စေကဗုဒ္ဓါအရှင်တို့ကို ကြည့်ရှုပါကုန်လော့။ ထိုပစ္စေက ဗုဒ္ဓါတို့ကို ပင့်ဖိတ်၍ ဆွမ်းကျွေး ပါကုန်အံ့" ဟု ပြောကြား၏။ လင် ယောကျ်ား ဖြစ်သောသူက "ဤသူတို့ကား ရဟန်းငှက်တို့ မည်ကုန်၏။ တပါးသောအရပ်တို့၌လည်း ဤအတူ လှည့်လည်ကုန်၏။ ထိုသူတို့သည် ပစ္စေကဗုဒ္ဓါတို့ မဟုတ်ကုန်" ဟု ပြောဆို၏။ သို့ခင်ပွန်းနှစ်ဦးတို့ စကား ပြောဆိုနေကုန်စဉ် ထိုပစ္စေကဗုဒ္ဓါတို့သည် အနီးဖြစ်သောအရပ်၌ သက် ဆင်းတော် မူကုန်၏။ ထိုမိန်းမသည် ယင်းသို့ ကြုံတွေ့ ထိုသည့်နှောင်း ပကကွေ့ဆောင်ယို မိမိ၏ ကမင်း, ခဲဘွယ်တို့ကို ပစ္စေကဗုဒ္ဓါ အရှင်တို့ အား လှူဒါန်း၍ "နက်ဖြန်ခါ၌လည်း ရှစ်ပါးကုန်သော အရှင်တို့သည် တပည့်တော်မ၏ဆွမ်းကို ခံယူတော်မူပါကုန် ဦးလော့" ဟု ပင့်ဖိတ်၏။ ပစ္စေကဗုဒ္ဓါအရှင်တို့က "ဒါယိကာမ၊ ကောင်းလှပြီ။ အသင်၏ လှူဘွယ် ဝတ္ထုကား ဤရှစ်ပါးအဘို့ မျှလောက်သာ ဖြစ်လော့။ ထိုင်နေရာတို့ကို လည်း ရှစ်ပါးအဘို့တို့ သည်သာလျှင် ခင်းထားသောထွေ ဖြစ်စေကုန်ဘိလော့။ တပါးလည်း ဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါ အရှင်တို့ကို တွေ့မြင်ရသည်ယို့သော် အသင် ဒါယိကာမ၏ စိတ်ကို တိုးတက် ကြည်သည်ကို စေ့ဆိုလော့" ဟု မိန့်ဆို ကြွသွားတော် မူကုန်၏။ ထိုမိန်းမသည် တဖန် မိုးသောက်သောနေ့၌ ရှစ်ခုကုန်သော ထိုင်နေရာတို့ကိုခင်း၍ ရှစ်ပါး ကုန်သော ပစ္စေကဗုဒ္ဓါကိုအား ပူဇော် လှူဒါန်းဘွယ်ဝတ္ထုကို ပြုပြင် စီရင်၍

ထိုင်နေ၏။ ပင့်ဖိတ်အပ်သော ပစ္စေကဗုဒ္ဓါတို့ကကြွင်းကုန်သောပစ္စေက ဗုဒ္ဓါတို့ကို "အရှင်တို့၊ ယနေ့အဘို့ တပါးသောအရပ်သို့ မကြွသွားကုန်မူ၍ အလုံးစုံသာလျှင် ဖြစ်ကုန်သော အသင်တို့သည် ဘဝဟောင်းတွင် မိခင်မယ်တော်အား ချီးမြှောက်ခြင်းအမှုကို ပြုတော်မူပါကုန်လော့" ဟု ပြောဆိုပြီးခါ အမှတ်သညာကိုပေးကုန်၏။ ကြွင်းကုန်သော ပစ္စေက ဗုဒ္ဓါတို့သည် ထိုပစ္စေက ဗုဒ္ဓါတို့၏ စကားကိုကြားကုန်၍ အလုံးစုံသာလျှင် ဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါတို့သည် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူကြ၍ မိခင်မယ်တော်၏အိမ်တံခါးဦး ထင်ရှားဖြစ်ကုန်၏။ ထိုမိန်းမသည်လည်း ရှေးဦးစွာသတ်မှတ်ပြောကြား၍ ထားအပ်သော အမှတ်သညာ ရရှိပြီးသည် အဖြစ်ကြောင့် မျှားစွာကုန်သော ပစ္စေကဗုဒ္ဓါတို့ကို မြင်ရသော်လည်း တုန်လှုပ်ခြင်းမရှိလေ။ အလုံးစုံလည်း ဖြစ်ကုန်သော ထိုပစ္စေကဗုဒ္ဓါတို့ကို နေအိမ်သို့ပင့်သွင်း၍ ခင်းထားအပ်ပြီးသောနေရာတို့၌ ထိုင်နေသီတင်းသုံးစေ၏။ ထိုပစ္စေကဗုဒ္ဓါတို့သည် အစဉ်အတိုင်းအားဖြင့် ထိုင်နေကုန်သည် ယို့သော် ကိုးပါးမြောက်သော ပစ္စေကဗုဒ္ဓါသည် တပါးကုန်သော ရှစ်ပါးအဘို့ ဖြစ်သောနေရာတို့ကို ဖန်ဆင်း၍ မိမိသည် အဦးဖြစ်သောနေရာ၌ ထိုင်နေ သီတင်းသုံးတော်မူ၏။ ဤသို့အဆင့်ဆင့် ကြိုးမြင့်ဖန်ဆင်းခြင်းဖြင့် အကြင်မျှလောက် နေရာတို့သည် တိုးပွားကုန်၏။ ထိုမျှလောက်ကြိမ် နေရာအိမ်သည် ကျယ်ပြန့်တိုးပွားး၏။ ဤသို့ပြဆိုခဲ့ပြီးသည့်အတိုင်း အလုံးစုံကုန်သော ပစ္စေကဗုဒ္ဓါတို့ ထိုင်နေ သီတင်းသုံးကုန်သည် ယို့သော် ထိုမိန်းမသည် ရှစ်ပါး ကုန်သော ပစ္စေကဗုဒ္ဓါတို့အား ပိုင်းခြားရည်ညွှန်စိမံအပ်သော ပူဇော်ဘွယ်ဝတ္ထု၊ ကိုင်းရာကုန်သော ပစ္စေကဗုဒ္ဓါတို့အားလည်း အလိုယို့တိုင်း ပေးလှူပြီးလျှင် ရှစ်ခုကုန်သော ကြာညိုလက်တို့ကို ဆောင်ယူပြီးခါ ပင့်ဖိတ်အပ်သော ပစ္စေကဗုဒ္ဓါတို့၏သာလျှင် ခြေတော်ရင်းဦး ချထား၍....

"မယ္ံ ဘန္တေ နိဗ္ဗတ္တ နိဗ္ဗတ္တ ဋ္ဌာနေ သရီရဝဏ္ဏော
ဇမေသံ နိလုပ္ပလာနံ အန္တောဂန္ဓော ဝဏ္ဏောဝိယ ဟောတု"

ဟူသောပါဌ်ဖြင့် ဆုတောင်း ပတ္ထနာကိုပြု၏။

ထိုပါဌ်၏ အနက်ကား။ ။ဘန္တေ၊ ဘုန်းကော် ကြီးတော်မူကုန်သော အရှင်ဘုရားတို့။ နိဗ္ဗတ္တ နိဗ္ဗတ္တဌာနေ၊ဖြစ်လေတိုင်း ဖြစ်လေတိုင်းသော ဘုံဘဝ အရပ် ဌာန၌။ မယ်၊ တပည့်တော်မ၏။ သရီရဝဏ္ဏော၊ ကိုယ်ရေ အဆင်းသည်။ ဋမေသံ နီလုပ္ပလာနံ၊ အရှင်မြတ် တို့အား လှူဒါန်းအပ်သော၏ကြာညိုပန်းတို့၏။ အန္တောဂဗ္ဘဝဏ္ဏောဝိယ၊ ကြာတိုက်အတွင်းလှပသော အဆင်းကဲ့သို့။ဟောတု၊ဖြစ်ပါစေသတည်း။ ။ ၏ကားအနက်။

အဓိပ္ပါယ်ကား။ ။ဘုန်းတော်ကြီးကော်မူကုန်သော အရှင်ဘုရားတို့၊ဖြစ်လေတိုင်းဖြစ်လေတိုင်းသော ဘုံဘဝအရပ်ဌာန၌တပည့်တော်မ၏ ကိုယ်အရေအဆင်းသည် အရှင်မြတ်တို့အား လှူဒါန်းအပ်သော၏ ကြာညိုပန်းတို့၏ ကြာတိုက်အတွင်း လှပသော အဆင်းကဲ့သို့ ဖြစ်ပါစေသတည်းဟု ဆုတောင်းပတ္ထနာကိုပြု၏။ ။ပစ္စေက ဗုဒ္ဓါတို့သည် မိခင်မယ်တော် အနမောဒနာကိုပြု၍ ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူကုန်၏။

ဥပ္ပလဝဏ္ဏာ မထေရ်မအား တန်ခိုးအရာ တေဒဂ်ထားခြင်း။

ထိုမိန်းမ သည်လည်း အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်၍ ထိုဘဝမှ စုတေ့သည်ယှိသော် နတ်ပြည်၌ ဖြစ်၍ ၏ဂေါတမ မြတ်စွာဘုရား ထင်ရှားပွင့်ထွန်း ဖြစ်ပေါ်လာသော အခါ သာဝတ္ထိပြည်၌ သေဋ္ဌေး အမျိုးဝယ် ပဋိသန္ဓေ တည်နေစွဲယူ၏။ ကြာညိုပန်း၌ ကြာတိုက်နှင့်တူသော အဆင်းယှိသောကြောင့် ထိုသတိုးသွီးအား ဥပ္ပလဝဏ္ဏာဟူ၍သာလျှင် အမည်ကိုမှည့်ခေါ် သမုတ်ခြင်းပြုကုန်၏။ ထိုနောက်သေဋ္ဌေးသွီး ကြီးပွါးစဉ်မြောက် အရွယ်ရောက်သောအခါ အလုံးစုံပင် ဇမ္ဗူဒိပ်ကျွန်းပြင်၌ ပြည့်ရှင်မင်းတို့သည်လည်းကောင်း,သေဋ္ဌေးတို့သည်လည်းကောင်း ဥပ္ပလဝဏ္ဏာ၏ဘခင်သေဋ္ဌေး အထံသို့ "အသင်၏သွီးကို ငါတို့အား ဆောင်နှင်း ပေးပို့စေကုန်သတည်း"ဟု အကြောင်းစကားပြောကြား စေလွှတ်ကုန်၏။မစေမလွှတ်ဘူးသော ပြည့်ရှင်မင်း,သေဋ္ဌေးမည်သည် ယှိသည်မဖြစ်လေ။ ထိုနောက်

ဘခင်ဖြစ်သော သေဋ္ဌေးကြီးသည် "ငါတမူကားအလုံးစုံသော သူတို့၏ ကြည်ဖြူနှစ်မြို အလိုပြည့်အံ့သောစိတ်ကို နှစ်သိမ့်စေမူ ယူခြင်းငှါ မစွမ်းနိုင်။တခုသော ဥပါယ်အကြောင်းကို ကောင်းစွာပြုလုပ်အံ့"ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ဥပ္ပလဝဏ္ဏာ အမည်ယှိသော သွီးကိုခေါ်စေ၍ "ချစ်သွီး၊ အသင်သည် ရဟန်းပြုခြင်းငှါ စွမ်းနိုင်ပါလတ္တံ့လော"ဟု မေးမြန်းပြောဆို၏။ ထိုဥပ္ပလဝဏ္ဏာ၏ အဆုံးစွန်သော ဘဝနှင့် ယှဉ်သော ပစ္ဆိမဘဝိကပုဂ္ဂိုလ် ဖြစ်လေသောကြောင့် ဘခင် ပြောဆိုသော စကားသည် ဦးခေါင်းထက်၌ သွန်းလောင်း အပ်သော အကြိမ်တရာ ပြန်လှန်ကာချက်အပ်သော သိမ်မွေ့နူးညံ့သော နံ့သာဆီမွေးဖြင့် သွန်းလောင်းဘိသကဲ့သို့ ဖြစ်ပေ၏။ထိုကြောင့် ဥပ္ပလဝဏ္ဏာက ဘခင်သေဋ္ဌေးကို "အရှင်ဘခင်၊ကျွန်တော်မသည်ရဟန်းပြုပါအံ့"ဟု ဝန်ခံပြောဆို၏။ ဘခင်ဖြစ်သော သေဋ္ဌေးကြီးသည် သွီးဖြစ်သော ထိုဥပ္ပလဝဏ္ဏာကို ချီးမြှောက်ဘွယ် အမှု အစုစု အပေါင်းကို ကောင်းစွာ ပြုလုပ်ပြီးလျှင် ရဟန်းမိန်းမကျောင်းသို့ ဆောင်ပို့၍ရဟန်းပြုစေ၏။ ရဟန်းမိန်းမအဖြစ်ကိုရပြီးသောထိုဥပ္ပလဝဏ္ဏာအားရဟန်းပြု၍မကြာမြင့်မီသာလျှင် ဥပုသ်အိမ်၌ ပြုစုပြင်ဆင် သုမ်သင်ရသော အချိန် အလှည့်သည် ကျရောက်ခဲ့လေ၏။ ထိုဥပ္ပလဝဏ္ဏာသည် ဆီမီးကို ညှိထွန်းပြီးသော် ဥပုသ်အိမ်ကို တံမြက်လဲ့၍ ဆီမီးလျှံ၌ နိမိတ်ကိုယူပြီးလျှင် အဖန်တလဲလဲ စွဲမြဲကြည့်ရှုလျက် တေဇောကသိုဏ်းလျှင် အာရုံယှိသော ဈာန်ကိုဖြစ်စေပြီးသော် ထိုဈာန်ကိုပင်လျှင် အခြေပြုလုပ်၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ အရဟတ္တဖိုလ်နှင့်တကွနက်သာလျှင်လည်းအလိုယှိသမျှပြည့်ဝအမျိုးမျိုး တန်ခိုးဖန်ဆင်းခြင်း၌ အလေ့အလာများစွာမွေ့လျော် ဝသီဘော်သည် ဖြစ်၏။ထိုဥပ္ပလဝဏ္ဏာ မထေရ်မသည် ကာလမြင့်ရောက် နောက်အဘို့အခါ မြတ်စွာဘုရား၏ အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြသပြုလုပ်တော်မူသော နေ့၌ "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မသည် တန်ခိုးပြာဋိဟာကို ပြသပြုလုပ်ပါအံ့"ဟု ခြသေ့်မင်းကဲ့သို့ ရဲရင့်ကြီးဝါးခြင်းကို ကြီးဝါးလျှောက်ထား၏။မြတ်စွာဘုရား သခင်သည် ဤသို့သောအကြောင်းကိုအထွုပ္ပတ္တိပြု၍ ဇေတဝန်ကျောင်း

တော်၌ သီကင်းသုံးတော်မူလျက် အစဉ်အတိုင်းအားဖြင့် ရဟန်းမိန်းမတို့ကို ဌာနအထူး၌ ချီးကျူးမြောက်စား ထားတော်မူသည် ယိုသော် ဤဥပုလဝဏ္ဏာ မထေရ်မကို....

"စေတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ
ဇုဒ္ဓိမန္တီနံ ယဒိဒံ ဥပုလဝဏ္ဏာ"

ဟူသော ပါဠိဖြင့် ဇုဒ္ဓိအမျိုးမျိုး တန်ခိုးယိုကုန်သော ရဟန်းမိန်းမတို့တွင် ပြိုင်ဘက်ကင်းပြတ် အထွတ်အမြတ်ရာထူး၌ ချီးကျူးမြောက်စား ထားတော်မူ၏။

ထိုပါဠိ၏အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မမ၊ ငါ ဘုရား၏။ သာဝိကာနံ၊တပည့်မ ဖြစ်ကုန်သော။ ဇုဒ္ဓိမန္တီနံ၊ အလိုမယွင်း ဖန်ဆင်းအမျိုးမျိုး တန်ခိုးယိုကုန်သော။ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့တွင်။ ဝါ၊တို့ထက်။ယဒိဒံ-ယာအယံ ဥပုလဝဏ္ဏာ၊အကြင် ဥပုလဝဏ္ဏာသည်။ အဏ္ဍိ။ ယို၏။ စေတံ-သော ဥပုလဝဏ္ဏာ၊ ထိုဥပုလဝဏ္ဏာသည်။ အဂ္ဂံ-အဂ္ဂါ၊ လွန်ကဲထူးမြတ်၏။ ။ဤကားအနက်။

[ဤဝတ္ထုသည်လည်း ကေနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ လာယို တိုင်းသာတည်း]။

ပကိဏ္ဏကဝတ္ထု၌ ငါးခုမြောက်သော ဥပုလဝဏ္ဏာမထေရ်မ၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရွှေပြီး၏။

အားထုတ်အပ်သော ဝိရိယယို့သော ၆-သောဏ မထေရ်မ ဝတ္ထု။

အားထုတ်အပ်သော ဝိရိယယိုကုန်သော ရဟန်းမိန်းမတို့တွင် စေတဒဂ်ရဖြစ်သော သောဏမထေရ်မ၏ အလောင်းအလျာဖြစ်သော ဥပါသိကာမသည် ဤဘဒ္ဒကမ္ပာမှ ပြန်ကာ ရေတွက်သည် ယိုသော် အထက်ကပ်တသိန်းအကျ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်ဘော်အခါ ဟံသာဝတီပြည်ဝယ် ဇာဠိုးသောအမျိုးအိမ်၌ ပဋိသန္ဓေ တည်နေစွဲယူ၍ နောက်အဘို့အခါတရားတော်ကို ကြားနာလျက်အားထုတ်အပ်သော

ဝိရိယယှိကုန်သော ရဟန်းမိန်းမတို့တွင် အထွတ်အမြတ်ရာထူး၌ ချီးကျူးမြောက်စား ထားတော်မူသော မြတ်စွာဘုရားသခင်ကို ဖူးမြင်ရသည်ဖြစ်၍ အဆောက်အဦ ကုသိုလ်ကံကို စီမံပြုလုပ်ပြီးသော် ထိုရာထူးဌာနန္တရကို တောင့်တပန်ဆင်၏။ ထိုဥပါသိကာမသည် ကမ္ဘာတသိန်းကာလပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ခဲ့၍ ဤဂေါတမ မြတ်စွာဘုရား ထင်ရှားဖြစ်ထွန်းတော် မူလာသောအခါ သာဝတ္ထိပြည်၌ တဦးသော အမျိုးအိမ်ဝယ် ပဋိသန္ဓေ တည်နေစဲယူ၍ အစဉ်အတိုင်း ကြီးမြောက် အရွယ်ရောက်သော နောက်အဘို့၌ အိမ်ယာဘဲ့နှောင် လူ့ဘောင်အလျောက် ထမြောက်ကြီးပွါး များစွာကုန်သော သားသမီးတို့ကို ရပြီးသော် အလုံးစုံလည်း ဖြစ်ကုန်သော သားသမီးတို့ကိုလည်း အသီးသီးကြီးမြောက် အရွယ်ရောက်က ချီးမြောက်ယင်စွာ အိမ်ယာဘဲ့နှောင်ခြင်း၌ တည်စေ၏။ များစွာပွါးစီး ထိုသားသမီးတို့သည် မြောက်ချီးရွက်ဆောင် အိမ်ယာထောင်သော ကာလမှစ၍ "ဤမိခင်ကား သားသမီးတို့ဟုင် ကြောင်းအင်စုစု ဘယ်အမှုကို ပြုလုပ်တော့အုံနည်း" ဟု မထိမဲ့မြင်မှတ်ထင်အောက်မေ့ဘိလျက် မိမိ၏အထံသို့လာသော ထိုမိခင်ကို ကြည်ရှင်ရေးယူ မမူသတိ အမိဟူသော အမှတ်မျှကိုလည်း မပြုလုပ်ကုန်။ မူလအမည်ရင်း သောဏ, နောက်မှပွာစီး သားသမီးတို့ယှိသောကြောင့် ဗဟုပုတ္တိက, အမည်ရသော ဗဟုပုတ္တိကသောဏ ဥပါသိကာမသည် ထိုသားသမီးတို့၏ မိမိ၌ရှိသမှု အလေးမပြုသော အဖြစ်ကိုသိသောကြောင့် "အိမ်ယာဘဲ့နှောင် လူ့ဘောင်ဘဝနေပျော်မျှသဖြင့် ကိစ္စတခု အဘယ်သို့ ပြုအုံနည်း" ဟု ကြံစည်လျက် လူ့ဘောင်မှ ထွက်၍ ရဟန်းပြု၏။ ထိုနောက်ရဟန်းမိန်းမတို့သည် ဗဟုပုတ္တိကသောဏအမည်ရသော ထိုရဟန်းမိန်းမကြီးကို "ဤအရှင်မကြီးကား ဝတ်ကြီး ဝတ်ငယ် ရွက်ဆောင်ဘွယ်အများကို ထင်ရှားတည့်တည့် မသိယှိချေ။ အနေအခွင့်မသင့်လျော်သော အမှုကို ပြုလုပ်သည်" ဟု ဒဏ်ပေးခြင်းအမှုကို ပြုလုပ်ကုန်၏။ သားသမီးတို့သည် ရဟန်းမိန်းမတို့က ပေးအပ်သော ဒဏ်အမှုကို ပြုလုပ်ရွက်ဆောင်ရသော ထိုရဟန်းမိန်းမအိုကြီးကို မြင်၍ "ဤသက်ကြီးအိုမသည် ယနေ့အဘို့တိုင်အောင်လည်း မိမိကျင့်ရာ သိက္ခာကိုမျှလည်း

မသိ''ဟု တွေ့မြင်တိုင်းတွေ့မြင်တိုင်းသော်နေရာတို့၌ ပြစ်တင်ပြောလွယ် ပြက်ရယ်အမှုကို ပြုကြကုန်၏။

သောဏမထေရ်မ သံဝေဂရ၍ တရားအားထုတ်ခြင်း။

ထိုဗဟုပုတ္တိကသောဏမထေရ်မသည် သားသမီးတို့ ပြက်ရယ်ပြုအင် ပြစ်တင် ပြောဆိုသော စကားကို ကြားသိရ၍ ဖြစ်သော ထိတ်လန့် တုန်လှုပ်ခြင်းယှဉ်ရကား မိမိ၏အဖြစ် စင်စစ်လားရာကို ကောင်းစွာ သုခသင်ခြင်းငှါ သင့်တော်၏''ဟု ကြံစည်၍ ထိုင်နေရာအရပ်၌လည်း ကောင်း၊ ရပ်နေရာအရပ်၌လည်းကောင်း ဒွတ္တိံသာကာရကို သရဇ္ဈာယ်၏။ ထိုမထေရ်မသည် ရှေးအဘိုကာလ၌ ဗဟုပုတ္တိကသောဏ မထေရ်မဟု ထင်ရှားလေသကဲ့သို့ ဤအတူ နောက်အဘိုဖြစ်သော ၎င်းအခါ၌လည်း အားထုတ်အပ်သော လုံ့လဝီရိယယှဉ်သောကြောင့် အာရဒ္ဓဝီရိယသောဏ မထေရ်မဟု ထင်ရှားသည် ဖြစ်လေ၏။ထိုနောက် တန့်သောအခါ၌ ရဟန်းမိန်းမတို့သည် မြတ်စွာဘုရား ကျောင်းတော်သို့ သွားကုန်သည် ယှဉ်သော် ''အို-အရှင်မသောဏ၊ ရဟန်းမိန်းမသံဃာ၏ ချီးရေအလို့ငှါ ရေကိုပူနွေးစေဘိလော့''ဟု ပြောဆိုမှာထား၍ သွားကြကုန်၏။ထိုသောဏမထေရ်မသည်လည်း ရေကိုပူနွေးစေသည်မှ ရှေးအဘိုကာလ၌သာလျှင် မိုးတင်းကုပ်၌လူးလာတုံ့ခေါက် စင်္ကြံလျှောက်၍ ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို စိုးဖြန်းသရဇ္ဈာယ်လျက် ဝိပဿနာကို ပွါးစေ၏။ မြတ်စွာ ဘုရားသခင်သည် ဂန္ဓကုဋိ၌ သီတင်းသုံး ထိုင်နေတော်မူလျက်သာလျှင်....

ယော စ ဝဿသတံ ဇီဝေ၊အပဿံ ဓမ္မမုတ္တမံ။
ကောဟံ ဇီဝိတံ သေယျော၊ပဿတော ဓမ္မမုတ္တမံ။

ဟူသော ဤဩဝါဒဂါထာကို ဟောကြားတော်မူ၏။

ထိုဂါထာ၏ အနက်ကား။ ။ယောစ ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ် သည်ကား။ ဥတ္တမံ၊မြတ်သော။ ဓမ္မံ၊တရားတော်ကို။ အပဿံ-အပသန္တော၊ ကြည့်ရှုထင်ထင် မသိမမြင်မူ၍။ တနည်းကား။ ဥတ္တမံ၊သော။ ဓမ္မံ၊ ကို။ အပဿံ-အပဿန္တော၊ မသိမမြင်သော။ ယောစပုဂ္ဂလော၊

အကြင်ပုဂ္ဂိုလ်တို့ကား။ဝ သသကံ၊အနှစ်တရာပတ်လုံး၊ ဇီဝေ၊ကြာမြင့်နေတည့် အသက်ရှည်ရာ၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ နသေယျော၊ မမြတ်သည်သာတည်း။ ဥတ္တမံ၊မြတ်သော။ ဓမ္မံ၊တရားတော်ကို။ ပဿန္တော-ပဿန္တသ၊ ရှုမြင်သော ပုဂ္ဂိုလ်၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်စေ တည်နေရခြင်းသည့်။ သေယျော၊ ချီမွမ်းဘွယ်ကောင်း အလွန်ကောင်းမြတ်တော့သည်သာတည်း။ ။ဤကားအနက်။

သောဏမထေရ်မအား ပြစ်မှားမိသော အပြစ်ကို တောင်းပန်ခြင်း။

ထိုသောဏမထေရ်မသည် တရားဒေသနာဂါထာ၏အဆုံး၌ အရဟတ္တဖိုလ်သို့ရောက်၍ ကြီစည်၏။ အဘယ်သို့ကြီစည်သနည်းဟူမူ။ "ငါသည် တမူကား အရဟတ္တဖိုလ်သို့ ရောက်ပေပြီ။ တရံတခါ လှည့်လာတွေ့မူ အာဂန္တုဖြစ်သူ လူအပေါင်းသည်လည်း အကြောင်းဖြစ်လမ်းမစူးစမ်း မဆင်ခြင်ဘဲ ယခင်အဆက် ငါ့အထက်၌ ပေါ့ပျက်ချီးဖဲ့မကိုမဲ့မြင် အမှု တစုံတခုကို ပြုလုပ်ပြောဆိုမိ၍ အလွန်များပြား အကုသိုလ်တရားသည်လည်းတိုးပွါးခဲ့ပေရာ၏။ယင်းသို့အကုသိုလ်ပိုမိုပွါးတောင်းထိုသို့သော အကြောင်းကြောင့် တစုံတရာ ကောင်းစွာမှတ်သိ ရိပ်မိရန် အကြောင်းကို ဖေါ်ပြပြုလုပ်ခြင်းငှါ သင့်ပေတော့၏" ဟု ကြီစည်၏။ ကြီစည်ပြီး၍ကား ထိုသောဏမထေရ်မသည် ရေနွေးကျိုချက်ရာ ရေအိုးကို ခုံလောက်ထက်သို့တင်၍ အောက်အဘို့၌ မီးထည့်ခြင်း မီးတိုက်ခြင်းအမှုကို မပြုလုပ်ဘဲ နေလေ၏။ ရဟန်းမိန်းမတို့ဃည့် ကျောင်းတော်မှ ပြန်လာကုန်၍ ခုံလောက်အစဉ် မီးဖိုခွင်သို့ ဝင်ရောက် ကြည့်ရှုကုန်သည်ယ်သော် ပြုပြင်ခုံလောက် မီးတောက် မီးလျှံကို မတွေ့မြင်ကုန်သောကြောင့် "ဤသက်ကြီးအို အရှင်မကို ရဟန်းမိန်းမသင်္ဃာ၏ သုံးဘို့ရာအရေး ရေနွေးကို ကျိုချက်ပူနွေးပါစေလော့ဟု ငါတို့ပြောဆိုမှာထားခဲ့ကုန်ပြီ။ ယင်းသို့ပြောဆို မှာထားခဲ့ကုန်ပါလျက် ယခုထက်တိုင်လည်း အိုးတည်ရာ ခုံလောက်၌ မီးတောက်အောင် မီးထည့်ခြင်းကိုမျှ မပြုမလုပ်ပလေ"ဟု ပြောဆိုကြကုန်၏။ "အို-အရှင်မတို့၊ အသို

ပေနည်း။ အရှင်မတို့အား မိုးတောက် မိုးလျှံ စိမ်ကျိုချက်အပ်သော ရေပူရေနွေးဖြင့် အလိုယှိပါကုန်သလော။ ရေချိုးခြင်းငှါ အလိုယှိကုန်သော အရှင်မဘို့သည် ခုံလောက်ထက်တွင် တင်ထားအပ်သောအိုးမှ ရေကိုခပ်၍ ရေချိုးကုန်လော့''ဟု ပြောဆို၏။ ထိုရဟန်း မိန်းမတို့ကလည်း ဤသို့ပြောဆိုရာ၌ အကြော်ငြာတစုံတရာယှိသည် ဖြစ်ပေလိမ့်မည်ဟု အောက်မေ့ကြိစည်ကုန်လျက် သွားရောက်ကုန်ပြီးလျှင် ရေခွဲလက်ကို သွင်းချစူးစမ်း၍ ရေပူရေနွေး၏ အဖြစ်ကို သိသောကြောင့် တလုံးသောရေအိုးကိုဆောင်၍ ရေပူရေနွေးကို ခပ်ယူကုန်၏။ ယူတိုင်းယူတိုင်းသော ရေနွေး၏အဘို့အရာသည် တဖန်ပြည့်မြဲတိုင်း ပြည့်သည်သာလျှင်တည်း။ ထိုအခါ အလုံးစုံသော ရဟန်း မိန်းမတို့သည် ထိုသောဏမထေရ်မ၏ အရဟတ္တဖိုလ်ဌာ တည်သည်အဖြစ်ကို သိကုန်သောကြောင့် သောဏမထေရ်မအောက် သီတင်းအားဖြင့် ငယ်ကုန်ငယ်ကုန်သော ရဟန်းမိန်းမတို့သည် ရှေးဦးစွာ ငါးပါးသော တည်ရာယှိသောထိခြင်းဖြင့် ရှိခိုးဦးချခြေတို့ဌာ၍ ''အို-အရှင်မ၊တပည့်တော်မတို့သည် ဤမျှလောက် တည်မြင့်ရှည်သော ကာလပတ်လုံးအရှင်မတို့ကို မစုံးစမ်းမသိယှိမူ၍ ညှဉ်းဆဲကာ မျှားစွာ ပြောဆိုမိကြကုန်ပြီ။ တပည့်တော်မတို့အား အပြစ်မပြုန် သည်းခံတော် မူပါကုန်လော့'' ဟု လျှောက်ကြားတောင်းပန်သည်းခံစေကုန်၏။ သီတင်းကြီးဖြစ်ကုန်သော ရဟန်းမိန်းမတို့ကလည်း အနီးကပ်ရောက် ဆောင့်ကြောင့်ထိုင်နေကုန်၍''အို-အရှင်မ၊ ငါတို့အား အပြစ်မလွန် သည်းခံပါကုန်လော့''ဟု ပြောဆို တောင်းပန်ကုန်၏။

သောဏမထေရ်မအား ဝိရိယအရာ ဇာတ်ထားခြင်း။

ထိုအခါမှစ၍ ''အရှယ်ယိုယွင်း အိုမင်းသောအခါ၌ ရဟန်းပြုပါသော်လည်း အားထုတ်အပ်သော လုံ့လဝိရိယ ယှဉ်သည်၏ အဖြစ်ဖြင့် မကြာမြင့်မီသာလျှင်အရဟတ္တဖိုလ်ဌာတည်လေပြီ''ဟု သောဏမထေရ်မ၏ ဂုဏ်ကျေးဇူး ရနုံ့သည် ပျံ့နှံ့ထင်ရှားသည် ဖြစ်လေ၏။ နောက် အဘို့အခါ၌ မြတ်စွာဘုရားသခင်သည် ဇေတဝန် ကျောင်းကော်၌ သီတင်း

၇-ဆင်ရွာနေ ဥဂ္ဂတ်သေဋ္ဌေးဝတ္ထု။

သုံး နေမျတော်မူလျက် ရဟန်းမိန်းမတို့ကို အစဉ် အတိုင်း အားဖြင့် ဌာနရာထူး ချီးကျူးမြောက်စားထားတော်မူသည်ယျသော် ထိုသောဏ မထေရ်ကို....

"တေဒဂ္ဃံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ
အာရဒ္ဓဝီရိယာနံ ယဒိဒံ သောဏာ"

ဟူသောပါဠိဖြင့် အားထုတ် အပ်သော ဝီရိယယျိကုန်သော ရဟန်း မိန်းမတို့တွင် အထွတ်အမြတ် အရာ၌ ထားတော်မူ၏။

ထိုပါဠိ၏အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မမ၊ ငါ ဘုရား၏။ သာဝိကာနံ၊တပည့်မဖြစ်ကုန်သော။ အာရဒ္ဓဝီရိယာနံ၊ အား ထုတ်အပ်သော ဝီရိယ ယျိကုန်သော။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့တွင်။ ယဒိဒံ-ယာအယံသောဏာ၊ အကြင်သောဏာသည်။ အတ္ထိ၊ယျိ၏။ ဧတံ-- သော သောဏာ၊ ထိုသောဏာသည်။ အဂ္ဂံ-အဂ္ဂါ၊ ထူးမြတ် ကဲလွန်၏။ ဤကားအနက်။

[ဧကနိပါတ် အင်္ဂုတ္တိရ်အဋ္ဌကထာ၌ လာယျိသော ဝတ္ထု]

ပကိဏ္ဏကဝတ္ထု၌ ခြောက်ခုမြောက်သော သောဏမထေရ်မ၏ ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေပြီး၏။

သဃ်ာတော်ကို မရွေးမချယ် ပေးကျွေတတ်သော ၇-ဆင်ရွာနေ ဥဂ္ဂတ်သေဋ္ဌေးဝတ္ထု။

သံဃုံပဋ္ဌာက ဇေတဝန်ရ ဖြစ်သော ဥဂ္ဂတ် သေဋ္ဌေး၏ အလောင်း အလျာသည် ဤအခါမှ ပြန်ကာ ရေတွက်သော် အထက်ကပ် တသိန်း အကျ ပဒုမုတ္တရ မြတ်စွာဘုရား၏ လက်ထက်တော်ကာလ ဌာနအမည် ဟံသာဝတီ ပြည်ကြီးဝယ် တဦးသော အမျိုးအိမ်၌ဖြစ်ရ၍ ကာလ သင့် လျော်က် အရွယ် ရောက်သော နောက် အဘိုအခါ မြတ်စွာ ဘုရား၏ တရားတော် မြတ်ကို ကြားနာ၍ သဃ်ာတော်ကို ပြုစု လုပ်ကျွေး ကုန် သော တပည့်များစွာ ဥပါသကာ အပေါင်းတို့တွင် အထွတ် အမြတ်

ရာထူးဌ ရိုးကျ။ မြောက်စား တင်ထားအပ်သော တဦးသော ဥပါသကာကို တွေ့မြင်သောကြောင့် ကုသိုလ်ကောင်းမှု ပြုလုပ်ဘွယ်အထူး အဆောက်အဦကို ဆည်းပူးစိမံ ကောင်းမှုကံကို ဆော်ဖန် အားထုတ် ပြုလုပ်ပြီး၍ ထိုသံဃံပဋ္ဌာက စေတဒ္ဂအရာကို ကောင်းစွာစီစဉ် ပန်ဆင် ဆုတောင်း၏။ ထိဥပါသကာသည် ဤဘဒ္ဒကမ္ပာတိုင်အောင် နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ခဲ့၍ ဤဂေါတမ မြတ်စွာဘုရား ပွင့်တော်မူရာ လက်ထက်တော် အခါ ဟတ္ထိဂါမ အမည် ယှိသော ဆင်ရွာ ဝယ် သေဋ္ဌေးအမျိုးဌ ဖြစ်လေ၏။ ထိုသူငယ်အား ဥဂ္ဂတ်သတိုးသားဟူသော အမည်ကို မှည့်ခေါ်ခြင်း ပြုကုန်၏။ ထို ဥဂ္ဂတ် သတိုးသားသည် အစဉ် အတိုင်း ကြီးပွားး၍ လူလားတွင်မြောက် အရွယ်ရောက်သော နောက် အဘို့ အခါ အိမ်ယာ ဘဲ့နှောင် လူ့ဘောဂ်၌ တည်နေလျက် ဘခင် သေဋ္ဌေးကြီး သေလွန်သဖြင့် သေဋ္ဌေးကြီး၏ ရာထူးဌာနန္တရသို့ ရောက် လေ၏။

ဥဂ္ဂတ်သေဋ္ဌေးသည် သုရာယစ်မူးရာမှ မင်္ဂိုလ်ရခြင်း။

ထိုအခါ နတ်, လူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ရဟန်းသံဃာတော် အပေါင်းခြံရံလျက် ဒေသစာရိလွှဲလည်တော်မူ သည်ယှိသော် ဆင်ရွာသို့ ရောက်တော်မူ၍ နာဂဝန် ဥယျာဉ်၌ သီတင်း သုံးနေမျှတော်မူ၏။ ထိုအခါ ဥဂ္ဂတ်သေဋ္ဌေးသည် ခုနစ်ရက်ပတ်လုံး သေကိုသောက်စား ပျော်ရွှင်မြူးယစ်မူးသည်ဖြစ်၍ကခြေသည်အပေါင်း ခြံရံလျက် နာဂဝန်ဥယျာဉ်သို့ သွားရောက်ပြီးလျှင် မြူးတူးစမ္ဗယ်သည် ယှိသော် အားဆယ်ပါးရှင် ဘုရားသခင်ကိုတွေ့မြင်၍ အားကြီးစွာသော ရှက်ခြင်း ထိတ်လန့် ခန်ကြောက်ခြင်းကို ဖြစ်စေ၏။ ထိုနောက် မြတ်စွာ ဘုရားသခင်သို့ ချဉ်းကပ်သော ထိုဥဂ္ဂတ်သေဋ္ဌေးအား အလုံးစုံသော သုရာယစ်မူးခြင်းသည် ချပြုပြိမ်း ကင်းပျောက်ခြင်းသို့ ရောက်လေ၏။ သုရာသောက်ကြူး ယစ်မူး ကင်းပြတ် ထိုဥဂ္ဂတ် သေဋ္ဌေးသည် မြတ်စွာ ဘုရားသခင်ကို ကြည်လင်ညွတ်လျှိုးရှိခိုးဦးချ၍ သင့်လျော်လျောက်ပတ် တခုသောအရပ်၌ ထိုင်နေ၏။ ထိုအခါ ဥဂ္ဂတ်သေဋ္ဌေးကို မြတ်စွာဘုရား သခင်သည် အစဉ်အတိုင်းသော တရားကို ဟောကြားတော်မူ၏။ တရား

ဒေသနာတော် အဆုံးဌ် ဥဂ္ဂတ်သေဋ္ဌေးသည် ယောတာပတ္တိမဂ်ဖိုလ်, သကဒါဂါမိမဂ်ဖိုလ်, အနာဂါမိမဂ်ဖိုလ်အားဖြင့် သုံးပါးသော မဂ်ဖိုလ်တို့ကို ထိုးထွင်း၍သိမြင်လေ၏။ အနာဂါမ် ဖြစ်ပြီးသော ထိုအခါမှစ၍ မိမိ၏အခြွေအရံ အလုပ်အကျွေး ဖြစ်ကုန်သော ကချေသည် မိန်းမတို့ကို "အသင်တို့သည် အလိုယိုသမျှ ချမ်းသာသည် အားလျော်စွာ သွားလာနေမျက်ကုန်လော့" ဟု လွှတ်လိုက်ပြီးသော် အလှူဒါန၌ အံ့ထူး မွေ့လျော်သည်ဖြစ်၍ ရဟန်းသံဃာတော် အပေါင်းအား ကောင်းမွန်ရေးယူ အလှူဒါနကိုသာလျှင် စွန့်ချပေးကမ်း လှူဒါန်းလုပ်ကျွေးလေ၏။ ညဉ့်အဘို့၏ ကောင်းစွာ အခြားမဲ့ ဖြစ်သော ကာလ၌ နတ်အများတို့သည် လာရောက်ကုန်၍ "အို-သေဋ္ဌေးကြီး၊ ဤအမည်ရှိသော ရဟန်းကား ဝိဇ္ဇာသုံးပါးတို့ကို ရယှိသော ရဟန္တာပေတည်း။ ဤအမည်ရှိသော ရဟန်းကား ခြောက်ပါးကုန်သော အဘိညာတို့ကိုရယှိသော ရဟန္တာပေတည်း။ ဤအမည်ရှိသော ရဟန်းကား သီလရှိသော ရဟန်းပေတည်း။ ဤအမည်ရှိသော ရဟန်းကား သီလအလျှင်းမရှိသော ဒုဿီလရဟန်းပေတည်း" ဟု အသီးအသီး ဥဂ္ဂတ်သေဋ္ဌေးကြီးအား ပြောကြားကုန်၏။ ဥဂ္ဂတ်သေဋ္ဌေးကြီးသည် ထိုနတ်အများတို့ လာရောက် ပြောကြားသောစကားကို ကြားသိပါလျက်လည်း ထိုအလှူခံ ရဟန်းပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးအထူးကိုဟုတ်တိုင်းမှန်ရာအားဖြင့်သေချာစွာခွဲခြားရှုမှုကား သိပေ၏။ ထိုသို့ပင် သိသော်လည်း ပေးလှူပူဇော်ဘွယ် အစုအလှူဝတ္ထုကိုမူကား ညီမျှသောစိတ်ဖြင့်သာလျှင် ပေးလှူလေ၏။

[ထိုကြောင့် ဧကနိပါတ် အင်္ဂုတ္တိရ် အဋ္ဌကထာ၌။ ။"သော တာသံ ဝစနံ သုတ္ဝာပိ ဂုဏံ တာဝ ယထာဘူတတော ဇာနာတိ၊ ဒေယျဓမ္မံ ပန သမစိတ္တောနေဝ ဒေတိ" ဟု မိန့်တော်မူ၏။

ထိုပါဠိ၌၏ အနက်ကား။ ။သော၊ ထိုဥဂ္ဂတ်သေဋ္ဌေးကြီးသည်။ တာသံ၊ ထိုနတ်အများတို့၏။ ဝစနံ၊ ပြောကြားလာသောစကားကို။ သုတ္ဝာပိ၊ ကြားပါသော်လည်း။တသံ၊ ထိုရဟန်းတို့၏။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ယထာဘူတတော၊ဟုတ်မှန်တိုင်းသောအားဖြင့်။ကာဝ

ဇာနာတိ၊ သိမ္ဂကား သိပါ၏။ ပန ကထာပိ၊ ထိသ္ဆိုပင်သိသော် လည်း။ဒေယျဓမ်မံ၊ပေးလှူပူဇော်ဘွယ်အလှူဝတ်ကို၊ သမစိတ္တေနေဝ၊ ညီမျှသောစိတ်ဖြင့်သာလျှင်။ဒေတိ၊ပေးလှူ၏။ ။ဤကားအနက်]။

ဥဂ္ဂတ်သေဋ္ဌေးအား လုပ်ကျွေးပြုစုသည့်အရာ ဇာတ်ထားခြင်း။

ထိုဥဂ္ဂတ်သေဋ္ဌေးသည် မြတ်စွာဘုရား၏ အထံတော်၌ ထိုင်နေးသည် ဖြစ်၍လည်း ထိုသို့အရေး ပေးလှူခြင်းအထူး ဂုဏ်ကျေးဇူး ကိုသာလျှင် ပြောဆိုလျောက်ကြား၏။နောက်အဘိုအခါ မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေမျှတော်မူ၍ ထိုဥဂ္ဂတ်သေဋ္ဌေး ကြီးကို....

"ဇေတဒ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ
သံဃုပဋ္ဌာကာနံ ယဒိဒံ ဟတ္ထိဂါမကော ဥဂ္ဂတော ဂဟပတိ"

ဟူသောပါဖြင့် သံဃာတော်ကို လုပ်ကျွေး ပြုစုကုန်သော ဥပါသကာတို့တွင် အထွတ်အမြတ် အရာ၌ ထားတော်မူ၏။

ထိုပါဠိ၏အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မမ၊ ငါ ဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ သံဃုပဋ္ဌာကာနံ၊သံဃာ တော်ကို လုပ်ကျွေးပြုစုတတ်ကုန်သော။ ဥပါသကာနံ၊ ဥပါသကာတို့ တွင်။ ဟတ္ထိဂါမကော၊ ဟတ္ထိဂါမ၌ မွေးဘွားသော။ ဝါ၊ ဆင်ရွာ၌ မွေးဘွားသော။ ဝါ၊ ဆင်ရွာ၌နေသော။ ယဒိဒံ-ယောအယံ ဥဂ္ဂကော ဂဟပတိ၊ အကြင် ဥဂ္ဂတ်သေဋ္ဌေးသည်။ အတ္ထိ၊ ယို၏၊ ဇေတံ-ဇေသော ဥဂ္ဂတော ဂဟပတိ၊ ထိုဥဂ္ဂတ်သေဋ္ဌေးသည်။ အဂ္ဂံ-အဂ္ဂေါ၊ လွန်ကဲထူး မြတ်၏။ ။ဤကားအနက်။

[ဧကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လာယှိသောဝတ္ထု]။

ပကိဏ္ဏကဝတ္ထု၌ ခုနစ်ခုမြောက်သော ဆင်ရွာနေ ဥဂ္ဂတ်သေဋ္ဌေး၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

မတုန်မလှုပ် သက်ဝင် ကြည်ညိုသော ၈-သုရဗန္ဓ သေဌေးကြီးဝတ္ထု။

သုရဗန္ဓ သေဌေးကြီး၏အလောင်း သူတော်ကောင်း ဥပါသကာသည် ဤကမ္ဘာမှပြန်၍ ရေတွက်သော် အထက်ကပ် တသိန်းအကျ ပဒုမုတ္တရ မြတ်စွာဘုရား၏ လက်ထက်တော်အခါ ဟံသာဝတီပြည်ဝယ် တဦးသော အမျိုး၌ ဖြစ်၍ အသင့် ကြီးမြောက် အရွယ်ရောက်သော နောက်အဘို့အခါ မြတ်စွာဘုရားတရားတော်ကိုကြားနာ၍တဦးသော ဥပါသကာကို မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းယှိသော ဥပါသကာကို့တွင် အထွတ်အမြတ် အရာ၌ ထားတော်မူသော မြတ်စွာဘုရားသခင်ကို ဖူးမြင်ရသောကြောင့် ကုသိုလ်အထူး အဆောက်အဦကောင်းမှုကံကို စီမံပြုလုပ်၍ ထိုသို့ဖေါ်ပြ ရာထူးဌာနန္တရကို တောင့်တပန်ဆင်လေ၏။

သုရဗန္ဓ သေဌေးကြီးသည် တိတ္တိတို့ကို ကိုးကွယ်ရာမှ ဘုရား၏ တရားနာရ၍ သောတာပန် တည်ခြင်း။

ထိုဥပါသကာသည် ကမ္ဘာတသိန်း ကာလပတ်လုံး နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်၍ ဤဂေါတမ မြတ်စွာဘုရားသခင်သည် လူ့ခွင်ထင်ရှား ဘုရားဖြစ်တော်မူသော အခါ သာဝတ္ထိပြည်၌ ပြည့်ကြွယ်ရိပ်ငြိမ် စည်းစိမ်ချမ်းသာယှိသော သေဌေးမျိုးဝယ် ဖြစ်လေ၏။ ထိုသတိုးသားအား သုရဗန္ဓဟူသော အမည်ကိုမှည့်ခေါ်ခြင်းကို ပြုကုန်၏။ ထိုသုရဗန္ဓသတိုးသားသည် အစဉ်အတိုင်းအားဖြင့် ကြီးပွါးသင့်မြောက် အရွယ်ရောက်သော နောက်အဘို့အခါ ဃရာဝါသ ကိစ္စဘွဲ့နှောင် လူ့ဘောင်၌တည်၍ ဘုရားမြတ်စွာ သာသနာတော်မှတပါး အခြားအယူ ယှိကုန်သော တိတ္တိတို့ကို လုပ်ကျွေးပြုစုသည်ဖြစ်၍ လှည့်လည်နေမျှပေသတတ်။ ထိုနောက်တပါးသော အခါ မြတ်စွာဘုရား သခင်သည် လင်းစင်ခါနီးအားကြီးသော မိုးသောက်ယာမ် အခါ၌ လောကကို ကြည့်ရှုတော်မူသည်ယှိသော် ထိုသုရဗန္ဓ သေဌေးကြီး၏ ရှေး၌ပြုဘူး အထူးသမ္ဘာရ အဓိကာရ အဆက် သောတာပတ္တိ မဂ်ဖိုလ် တက်ခို ရောက်ကောင်းအကြောင်းပြည့်ဝသည်ကို မြင်တော်မူသောကြောင့် ဆွမ်းခံကြွရန် ချိန်

တန်လှည့်လည်သော အခါ၌ သုရဟန္ဓ သေဋ္ဌးကြီး၏ နေအိမ်တံခါးသို့ ကြွသွားတော်မူ၏။ ထို သုရဟန္ဓ သေဋ္ဌးကြီးသည် အားဆယ်ပါးရှင် ဘုရားသခင်ကိုမြင်၍ ကြိုဆင်ခြင်၏။အဘယ်သို့ ကြိုဆင်ခြင်သနည်းဟူမူ။ ''ရဟန်းဂေါတမသည် ကြီးကျယ် မြင့်မြတ်သော သာကိဝင် မင်းမျိုးဌ်လည်း ဖြစ်ပါပေ၏။ လောကလူ့ဓွင့်ဌ်လည်း အလွန်ပင်ထင်ရှား ကျော်စောပေ၏။ ထိုသို့ဖြစ်လား အကြောင်းနှစ်ပါးကြောင့် ခံစားရိပ်ငြိမ် ငါ့နေအိမ်တံခါးသို့ ထင်ရှား ကြွလာတော်မူသော ထိုရဟန်း ဂေါတမ၏ အထံသို့ လျော်ကန်သင့်ထွေ ဝတ်ကျေရုံအလား မသွားဘဲနေခြင်းမည်သည် မသင့်တော် မလျောက်ပတ်ချေ''ဟု ကြိုစည်ဆင်ခြင်၏။ကြိုစည်ပြီး၍ကား မြတ်စွာဘုရား ထံပါးတော်မှောက်သို့ သွားရောက် ချဉ်းကပ်ညွတ်ပြတ်ကော်ရော် ခြေကော်တို့ဌ် ရိုခိုးဦးညွတ် သပိတ်တော်ကို လှမ်းယူပြီးသော် နေအိမ်သို့ ပင့်သွင်း၍ မြင့်မြတ်သော ပုဂ္ဂိုလ်တို့အားသာ ထိုက်တန်သင့်လျော်သော မြတ်သောပလ္လင်ဌ် ထိုင်နေ သီတင်းသုံးစေပြီးလျှင် ဆွမ်းကို ပေးလှူဆက်ကပ်၍ ဆွမ်းဘုဉ်း ပေးခြင်း ကိစ္စ လုံးဝ အားလုံး ပြီးဆုံးသောအခါ၌ သင့်တင့်လျောက်ပတ်သော တခုသော နေရာဌ် ထိုင်နေ၏။ မြတ်စွာဘုရား သခင်သည် ထိုသုရဟန္ဓသေဋ္ဌးကြီး၏ အလိုစရိုက် ထိုက်သက် လျောက်ပတ်သည့် အစွမ်းဖြင့် တရားတော်မြတ်ကို သတ်မှတ်ပိုင်းခြား ဟောကြားတော်မူ၏။တရားဒေသနာတော် အဆုံးဌ် သုရဟန္ဓ သေဋ္ဌးကြီးသည် သောတာပတ္တိဖိုလ်ဌ် တည်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်လေ၏။

သုရဟန္ဓ သေဋ္ဌးကြီးအား မာရ်နတ်လှည့်ပတ် မရခြင်း။

မြက်စွာဘုရားသခင်သည်လည်း တိုသုရဟန္ဓ သေဋ္ဌးကြီးကို တရားအမြိုက် တိုက်ကျွေးဆုံးမ၍ ကျောင်းတော်သို့သာလျှင်ပြန်ကြွတော်မူ၏။ တရားစကားး ဟောကြားဆုံးမ အကျွတ်တရားကို ရပြီးသည်မှ နောက် အဘို့ဖြစ်သောခဏ ဝသဝတ္တီ စံတည်နေရင်း မာရ်နတ်မင်းသည် နှလုံးသွင်းရည် ကြံစည်ပြန်၏။ အဘယ်သို့ ကြံစည်သနည်းဟုမူ။''ဤသုရဟန္ဓ အမည်ယို့သော သေဋ္ဌးကြီးသည် ငါတို့၏ ပိုင်နက်နိုင်ငံ အတွင်းဌ်

သက်ဆင်းရောက်ကာ ဥစ္စာစင်စစ် အမှန်ဖြစ်ခဲ့၏။ မြတ်စွာဘုရားသည်ကား ယနေ့ထိုသုရဗန္ဓသေဌေးကြီး၏ အိမ်နေရာသို့ ကြွသွားတော်မူ၏၊ အသို့ပေနည်း။ မြတ်စွာဘုရား၏ တရားဒေသနာကို ကောင်းစွာ ကြားနာရ၍ ငါတို့ပိုင်စံ တိုင်းနိုင်ငံမှ ငြင်းဆန် လွတ်ထွက်နိုင်သော မဂ်တရားသည် ထင်ရှား ဖြစ်ပေါ်ခြင်း ပြုလေပြီလော''ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ထိုသုရဗန္ဓသေဌေးကြီး၏ အသီးသက်ဆိုင် ငါစိုးပိုင်သော နိုင်ငံတော်အရာမှ ကောင်းစွာလွန်မြောက်သည် အဖြစ်ကိုလည်းကောင်း၊ မလွန်မြောက်သေးသည် အဖြစ်ကို လည်းကောင်း သေချာတည့်တည့် သိရပေတော့အံ့''ဟု ဆောက်တည်၍ မိမိအလိုယှိတိုင်း ဖန်ဆင်းနိုင်သော ရုပ်ယှိသည်၏အဖြစ်ကြောင့် မြတ်စွာဘုရားနှင့်တူသော အဆင်းကို ဖန်ဆင်း၍ သက်နံးဝတ်ရုံ ကိုင်တွယ်ခြင်း လည်းကောင်း၊ သပိတ်ကိုင်တွယ် လက်ဆွဲခြင်း လည်းကောင်း ဘုရားသခင် ဆင်ပြင်မူရာ တူစွာ ပြုလုပ်၍သုံးဆယ့်နှစ်ပါးကုန်သော ယောက်ျားမြတ်တို့ လက္ခဏာတော်ကြီးကို ဆောင်သည်ဖြစ်၍ သုရဗန္ဓသေဌေးကြီး၏ နေအိမ်တံခါး၌ ရပ်တည်လေ၏။ သုရဗန္ဓသေဌေးကြီး သည်လည်း တဖန်တို့ပြန်ကာ မြတ်စွာဘုရား ကြွလာတော်မူသည်ဟု ကြားသောကြောင့် ''ဘုရားရှင်တို့ မည်သည် စင်စစ်တဖန် ပြန်လည်ပြောကြား စကားအကျန်ယှိလျက် ထွက်ကြွ၍ သွားခြင်းမည်သည် မရှိ။ ဘယ်သို့သောအကြောင်းကြောင့် ကြွလာတော် မူပြန်ပါလိမ့်မည်နည်း''ဟု ကြံစည်၍ လျင်စွာသောအဟုန်ဖြင့် သွားရောက်ပြီးလျှင် ဘုရားရှင်ဟူသော အမှတ်ဖြင့် ထိုမာရ်နတ်၏အထံသို့ သွားရောက်၍ လက်အုပ်ချီမိုး ရိုသေစွာရှိခိုးပြီးသော် သင့်တင့် လျောက်ပတ်သော အရပ်၌ချဉ်းကပ် ရပ်တည်လျက် ''ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊အရှင်မြတ်တို့သည်ဤယခုအခါ၌သာလျှင် တပည့်တော်၏ ဤနေအိမ်၌ ဆွမ်းဘုဉ်းပေးခြင်း အမှုကိုပြုလုပ်၍ ကြွသွားတော်မူကုန်ပြီ။ အဘယ်သို့သော အကြောင်းကို ရုံးပေါင်းရည်ရှ အစွဲပြု၍ ယခုတဖန် လျင်မြန်ဆောစွာ ကြွလာတော်မူပြန်ပါကုန်သနည်း''ဟု မေးလျှောက်၏။ ထိုအခါ မာရ်နတ်က''အို-သုရဗန္ဓ သေဌေးကြီး၊ ငါဘုရားသည် အသင်အား တရားစကားကို

ဟောကြား ဆုံးမသဖြင့် တခုသော တရားသဘောကို တွေးတောထင်မြင် မဆင်ခြင်မစူးစမ်းမူ၍ ဟောပြောမိခဲ့၏။ ထိုစကားသည်မှန်၏။ ငါဘုရားသည် အလုံးစုံသာလျှင် ဖြစ်ကုန်သော ငါးပါးကုန်သော ခန္ဓာတို့ကား မမြဲမမြံ ဖေါက်ပြန်ပျက်စီးတတ်သော အနိစ္စသဘောတရားတည်း၊ ဆင်းရဲကတ်သော ဒုက္ခသဘောတရားတည်း၊ အလိုသို့လိုက်ပါတတ်သော အစိုးရသော အတ္တမဟုတ်သော အနတ္တသဘောတရားတည်းဟု ဟောပြောမိခဲ့ကုန်ပြီ။ ထိုသို့ပင် ဟောပြောမိသော်လည်း အလုံးစုံသာလျှင် ဖြစ်ကုန်သော ထိုခန္ဓာငါးပါးတို့သည် ဤသို့သဘောယိုသည်မဟုတ်ကြပေကုန်၊ အချို့ကုန်သော ခန္ဓာတို့သည် မပျက်မစီးမချုတ် မလွဲ မြဲသောသဘောယိုကုန်ပေသေး၏"ဟု ပြောဆို၏။ယင်းသို့ပြောဆိုသောစကား ကြားသိရသည်မှ အခြားမဲ့ဖြစ်သော နောက်အဘို့ ခဏာဝယ် သုရဗန္ဓ သေဋ္ဌးကြီးက ကြံစည်ဆင်ခြင်၏။ အဘယ်သို့ကြံစည်ဆင်ခြင်သနည်းဟူမူ။ "ယခုပြောဆိုသော ဤစကားသည်ကား အလွန်လျှင် ဝန်လေးသော စကားပေတည်း။ ထိုစကားသည်မှန်၏။ ဘုရားရှင် ကိုယ်တော်မြတ်တို့ကား နှစ်ခွန်းနှစ်ခွသောစကားကို မိန့်ကြားဟောဆိုခြင်းမည်သည် ဘယ်အခါမျှ မရှိချေ။ မြတ်စွာဘုရားအား ဝသဝတ္တီ မာရ်မင်းသည် အမြဲဆန့်ကျင်ဘက်ပြုလုပ်၏။ စင်စစ်ကောန်အမှန်အားဖြင့် ဤသူကား မာရ်မင်းဖြစ်ပေလတ္တံ့"ဟုကြံစည်၏။ကြံစည်ပြီး၍ကား"အသင်သည် မာရ်မင်းဟုတ်မှန်သည် ဖြစ်သလော"ဟု မေး၏။အရိယာဖြစ်သော မြတ်စွာဘုရား၏ တပည့်သာဝက မေးမြန်းပြောဆိုအပ်သော စကားသည် ထိုမာရ်မင်းအား ပုဆိန်ဖြင့် ရိုက်နှက်ပုတ်ခတ်သကဲ့သို့ ဖြစ်ပေ၏။ ထိုကြောင့် မာရ်နတ်သည် လှည့်ပတ်အသွင်ပြုပြင်ကွယ်ထောင့် မဖြောင့်ပကတိ မိမိ၏ အဖြစ်ဖြင့် ကည့်နေခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ "အို-သုရဗန္ဓ၊ သြဝ်-ဟုတ်မှန်ပေ၏။ငါသည်ကား မာရ်မင်းပေတည်း"ဟု ပြောဆို၏။"အို-မာရ်မင်း၊ အသင်တို့ကဲ့သို့ သဘောပျိုကုန်သော မာရ်နတ်တို့၏ တရာသည်လည်းကောင်း၊ တထောင်သည်လည်းကောင်း သက်ဆင်းလာရောက်၍ ငါ၏သဒ္ဓါကောင်းစွာယုံကြည်ခြင်းကို တုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်။မဟာဂေါတမ မည်ရ

ထင်ရှားအားဆယ်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည် ငါ့အား တရားတော်ကို ဟောကြားတော်မူသည်ယှိသော် အလုံးစုံကုန်သော ပြုပြင်တတ်စွာ သင်္ခါရတရားမှန်သမျှတို့သည် မမြဲမမြဲ ဖေါက်ပြန်ပျက်စီးကုန်၏ဟုထိုးထွင်းသိမြင်စေသည်ဖြစ်၍ဟောကြားတော်မူပေ၏။အသင်မာရ်ယုတ်သည် ငါ၏နေအိမ်တံခါး၌ မရပ်တည်ပါလင့်၊ ထွက်သွားပါလေလော့''ဟုနှင်ထုတ်ပြောဆိုကာလက်ဖျစ် ခတ်တီး၏။မာရ်မင်းသည် ထိုသုရဗန္ဓသေဋ္ဌေးကြီး၏ စကားကိုကြား၍ တပါးသောအကြောင်းဖြင့် ကောင်းစွာ ပြန်လှန် တဖန်လွှမ်းမိုး ပြောဆိုခြင်းငှါ မစွမ်းနိုင်သော ကြောင့် ထိုအရပ်ဌာန၌ ပင်လျှင် ကွယ်ပျောက် လေ၏။သုရဗန္ဓသေဋ္ဌေးကြီးသည်လည်းညနေချမ်း အခါ၌ မြတ်စွာဘုရား ထံပါးတော်မှောက်သွားရောက် ချဉ်းကပ် လျောက်ပတ်သော အရပ်၌ ထိုင်နေလျက် မာရ်နတ်ယုတ်သည်ပြုလုပ်သွင်တူ အမူအရာကိုမြတ်စွာဘုရားအား လျှောက်ထားပြီးလျှင် ''ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤသို့ဟန်မူ အတူဖန်ဆင်း ပြုလုပ်ခြင်းငှါ စွမ်းနိုင်သော မာရ်မင်းသည် ပင်လျှင်လည်း တပည့်တော်၏ ယုံကြည်ထက်မြက်သော သဒ္ဓါကို တုန်လှုပ်စေခြင်းငှါ လုံ့လပြုဘူးပါကုန်ပြီ''ဟု လျှောက်ကြား၏။

သုရဗန္ဓ သေဋ္ဌေးကြီးအား မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း သဒ္ဓါတရားအရာ တေဒဂ်ထားခြင်း။

မြတ်စွာဘုရားသခင်သည် အစဉ် အတိုင်း အားဖြင့် လျှောက်ကြားစုပေါင်း ထိုအကြောင်းကိုသာလျှင် အထွုပ္ပတ္တိပြုတော်မူ၍-

''ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ
အဝေစ္စပသန္ဓာနံ ယဒိဒံ သုရဗန္ဓော''

ဟူသောပါဌ်ဖြင့် ဤမြတ်စွာဘုရား သာသနာတော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း သဒ္ဓါနှင့် ပြည့်စုံကုန်သော ဥပါသကာတို့တွင် သုရဗန္ဓကို အထွတ်အမြတ် ထားတော်မူ၏။

ထိုပါဌ်၏ အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မမ၊ ငါ ဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ အဝေစ္စပသန္ဓာနံ၊ မတုန်

မလှုပ် သက်ဝင်ကြည်ညိုခြင်း သဒ္ဓါနှင့်ပြည့်စုံကုန်သော။ ဥပါသကာနံ၊ ဥပါသကာတို့တွင်။ ယဒိဒံ-ယော အယံ သုရဗန္ဓော၊ အကြင် သုရဗန္ဓသည်။ အတ္ထိ၊၏။ ဧတံဧသော သုရဗန္ဓော၊ထိုသုရဗန္ဓသည်။ အဂ္ဂံအဂ္ဂေါ၊ ကဲလွန် ထူးမြတ်၏။ ။ဤကားအနက်။

[ဤဝတ္ထုလည်း ဧကနိပါတ် အဂ်ုတ္တိုရ်အဌကထာ၌ လာယှိ၏]။

ပကိဏ္ဏကဝတ္ထု၌ ရှစ်ခုမြောက်သော သုရဗန္ဓသေဌေးကြီး၏
ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၉-သေဌေးသွီး သုဇာတာဝတ္ထု။

သေနနိဂုမ်း၌ နေလေ့ယှိသော သေဌေးသွီး သုဇာတာသည်ကား ဤဘဒ္ဒကမ္ဘာမှ ပြန်ကာရေတွက်သော် အထက်ကပ်တသိန်းအကျ မဏ္ဍကမ္ဘာ၌ ဖြစ်ထွန်းပွင့်လာတော်မူသော ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်အခါ ဟံသာဝတီ ပြည်ဝယ် တဦးသော အမျိုးအိမ်၌ ပဋိသန္ဓေတည်နေစွဲဖြစ်လေ၏။ ဖွားမြင်ပြီးနောက် အစဉ် အတိုင်း ကြီးမြောက်၍ အရွယ်သို့ ရောက်လာသော ထိုဥပါသိကာမသည် နောက်အဘို့ ဖြစ်သော တရံခါ၌မြတ်စွာဘုရားတရားတော်ကိုကြားနာလျက်တဦးသော ဥပါသိကာမကိုရှေးဦးစွာကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ကုန်သော ဥပါသိကာမတို့တွင် အထွတ်အမြတ်ရာထူး၌ ချီးကျူးမြောက်စား ထားတော်မူသော မြတ်စွာဘုရားသခင်ကိုဖူးမြင်ရ၍ ထိုဌာနန္တရကို တောင့်တ,ခင်မင် လိုချင်ကြောင်းပြု ကောင်းမှုအထူး အဆောက်အဦကို ပြုလုပ်၍ နောင်ဘုရားရှင်တို့လက်ထက်တော်ဝယ် ရှေးဦးစွာကိုးကွယ် ဆည်းကပ် ကုန်သော ဥပါသိကာမတို့တွင် အထွတ်အမြတ် အဖြစ် တည်းဟူသော ထိုရာထူးဌာနန္တရကို တောင့်တပတ္ထနာ၏။

သုဇာတာသေဌေးသွီး သားဆုပန်ခြင်း။

ထိုဥပါသိကာမသည် ကမ္ဘာတသိန်းကာလပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ခဲ့၍ ငါတို့ မြတ်စွာဘုရား ထင်ရှား ဖြစ်ပေါ်တော်

မူသည်မှ ရှေးဦးစွာကပင်လျှင် ဥရဝေလတောအုပ်အနီးဖြစ်သော သေနနိဂုမ်းဠ္ဍ သေနိယအမည်ယိုသော သေဋ္ဌီး၏အိမ်ဠ္ဍဖြစ်ရ၍အစဉ်အတိုင်း ကြီးမြောက် အရွယ်ရောက်သည် ယိုသော် ကခုသော ပညောင်ပင် အရင်းဠ္ဍ....

သစေ သမဇာတိကံ ကုလဃရံ ဂန္ဆာ ပထမဂဗ္ဘော
ပုတ္တံ လဘိဿာမိ၊ အနုသံဝစ္ဆရံ ဗလိကမ္မံ ကရိဿံဝမိ—
ဟူသောပါဠိဖြင့် ဆုတောင်းပတ္ထနာကိုပြု၏။

ထိုပါဠိ၏အနက်ကား။ ။သာမိ၊ပညောင်ပင်ဠ္ဍ စံရွှင်လွမ်းမိုး အုပ်စိုးတော် မူပါသော အရှင် နတ်မင်း။ အဗ်၊ ကျွန်တော်မသည်၊ သမဇာတိကံ၊ စည်းစိမ်မူလ ယူပြုသတ်မှတ် တူမျှသောဇာတ်ယိုသော။ကုလဃရံ၊ နေမျှချစ်ကျွမဲး ခင်ပွန်းသခင် အရှင်လင်၏ အမျိုးအိမ်သို့။ ဂန္ဆာ။ ပေးထိမ်းမြားကာ လိုက်ပါသွားရောက်ရ၍။ပထမဂဗ္ဘော၊လက်ဦးအစ ပဌမကိုယ်ဝန် ယူညွှန်လွယ်ပိုက် ဝမ်းကြောတိုက်ဠ္ဍ။ ပုတ္တံ၊ မိဘနှစ်ပါး နှလုံးကို ပွါးစေတတ်သော သားမြတ်ရတနာကို။ သစေ လဘိဿာမိ၊ အကယ်တည့်တည့် ကြောင်းညီပြည့်သဖြင့် ရယှိခဲ့ပါအံ့။ဧဝံသတိ၊ဤသို့ တည့်တည့် ရှယှိခဲ့ပါသော်။ တဝ၊ အရှင်နတ်မင်းအား။ အနုသံဝစ္ဆရံ၊ တရံတဆစ် မပြတ်လစ်အောင် နှစ်တိုင်းနှစ်တိုင်း။ ဗလိကမ္မံ၊ပူဇော်ပသခြင်းအမှုကို။ ကရိဿာမိ၊ ပြုလုပ်ပါအံ့။ ။ဤကားအနက်။

အဓိပ္ပါယ်ကား၊ ။ပညောင်ပင်ဠ္ဍ စံရွှင်လွမ်းမိုး အုပ်စိုးတော်မူပါသော အရှင်နတ်မင်း၊ ကျွန်တော်မသည် စည်းစိမ်မူလ ယူပြုသတ်မှတ် တူမျှသော ဇာတ်ယိုသော နေမျှချစ်ကျွမ်း ခင်ပွန်းသခင် အရှင်လင်၏ အမျိုးအိမ်သို့ ပေးထိမ်းမြားကာ လိုက်ပါ သွားရောက်ရ၍ လက်ဦးအစ ပဌမကိုယ်ဝန် ယူညွှန်လွယ်ပိုက် ဝမ်းကြောတိုက်ဠ္ဍ မိဘနှစ်ပါး နှလုံးကို ပွါးစေတတ်သော သားမြတ် ရတနာကို အကယ်တည့်တည့် ကြောင်းညီပြည့်သဖြင့် ရယှိခဲ့ပါအံ့။ ဤသို့တည့်တည့် ရယှိခဲ့ပါသော် အရှင်နတ်မင်းအား တရံတဆစ် မပြတ်လစ်အောင် နှစ်တိုင်းနှစ်တိုင်း ပူဇော်ပသခြင်း အမှုကို ပြုလုပ်ပါအံ့-ဟု ဆုတောင်းပတ္ထနာကိုပြု၏။

သုဇာတာ သေဋ္ဌေးသမီး၏ ဃနာနို့ဆွမ်းချက် ဘခမ်းဘနား။

ထိုနောက် အရွယ်ရောက်သောအခါ ခင်ပွန်းအရှင် လင်ယောကျ်ား၏ အမျိုးအိမ်သို့ လိုက်ပါသွားရောက်ရသော ထိုသေဋ္ဌေးသမီးသုဇာတာအား ယခင်ပြဆိုခဲ့ပြီးသော ပညောင်ပင်စောင့် နတ်မင်း၏ ထံဝယ် ပန်ဆင် ဆုတောင်းခဲ့သော ပတ္ထနာသည် ကောင်းစွာပြည့်စုံလေ၏။ထို သေဋ္ဌေးသမီး သုဇာတာသည် ပြုလုပ်နိုင်ခဲသော ကျင့်ဝတ်ပဋိပတ်ကို မပြတ် အားထုတ် ပြုလုပ်တော်မူသော ဘုရား အလောင်းကော်၏ ခြောက်နှစ်ဧစ့်ရောက် ပြည့်မြောက်ခါကြိုက် ကဆုန်လပြည့်နေ့၌ နံနက် စောစောကသာလျှင် ''ပညောင်ပင်စောင့် နတ်မင်းအား ပူဇော်ပသခြင်း အမှုကို ပြုလုပ်ပေအံ့''ဟု နှလုံးသွင်း၍ ညဉ့်၏ မိုးသောက်ယာမ် အခါဦးစွာပဌမ စောစောထ၍ နွားမကိုကိုနို့ညှစ်စေ၏။ထိုညဉ့်လွန်ရာ ထိုအခါ၌ နို့စိုနွားငယ်တို့သည် အမိဖြစ်သော နွားမတို့၏ နို့တံရင်း အနီးအရပ်သို့ ချဉ်းကပ်သောအား မသွားမလာကုန်။ နို့တံအရင်းသို့ ကပ်ချဉ်းသွင်းလစ် အိုးသစ်ကို ဆောင်ယူကာမျှ၌ မိမိအလိုလိုသာလျှင် နို့ရည် အလျဉ်တို့သည် အိုးသစ်၏အတွင်း စီးဆင်း ကျရောက်ကုန်၏။ ထိုကဲ့တို့ မဖြစ်ဘူးမြဲ ထူးကဲ အသွယ်သွယ် အံ့ဩဘွယ်ကို တွေ့မြင်ရသောကြောင့် သုဇာတာသည် မိမိ၏လက်ဖြင့်သာလျှင် နို့ရည်ကိုခံယူ၍ အိုးသစ်၌ ကည့်ပြီးသော် မိမိ၏ လက်ဖြင့်သာလျှင် မီးတောက်မီးလျှံ စိမံပြုလုပ်၍ မိမိကိုယ်တိုင် ကျိုချက်ခြင်းငှါ အားထုတ်၏။ ထိုနို့ဆွမ်းကို ကျိုချက်သည် ယိုသော် ကြီးကုန်ကြီးကုန်သော အဖုအပွက် တို့သည် ထကုန်လျက် လက်ျာရစ်လည်သည်ဖြစ်၍ ရွှေရှားကုန်၏။ တစုတစက် သော နို့ရည်ပေါက် သည်လည်း အပပြင်ဘက်သို့ ကျထွက်ဖိတ်လျှံ၍ မသွားလေ။ဗြဟ္မာမင်းကြီးသည် ထိုးဖြာကိုမိုးအုပ်ကိုင်ဆောင်၏။လောကပါလ နတ်မင်းကြီး လေးဦးတို့သည် သန်လျက် လက်စွဲကုန်လျက် အစောင့် အရှောက်ကို ယူကုန်၏။ ဘိကြွဲးမင်းသည် ထင်းမီးစတို့ကို ကောင်းစွာပြုပြင်မျှယှဉ်ထည့်ပြီး မီးကိုအလျှံတောက်စေ၏။နတ်တို့သည် ကျွန်းကြီးလေးကျွန်းတို့၌ အရသာစစ် အနှစ်သြဇာကို ဆောင်ယူ၍ ထိုနို့ဆွမ်း၌ ထည့်ကုန်၏။

သုဇာတာသေဋ္ဌီးသို့ ဃနာနို့ဆွမ်း ကပ်ရှုခြင်း။

သုဇာတာသည် လျင်စွာဖြစ်ရင်း တနေ့ခြင်း၌သာလျှင် ဤသို့သော အံ့ဘွယ်သရဲ ထူးကဲသည်တို့ကို တွေ့မြင်ရသောကြောင့် ပုဏ္ဏားအမည်ယို့ သော ကျွန်မကိုခေါ်ပြီးလင် ''အို-မိခင်ပုဏ္ဏား၊ ယနေ့ ငါတို့ဆည်းကပ် အရှင်နတ်မင်းသည် အလွန်လျင် ကြည်ညိုဘွယ်ယို့၏။ ငါသည် ဤမျှရှည် ကြာသော အခါ ကာလ ပတ်လုံး ဤသို့ သဘောယို့သည်မည်သော အံ့ဘွယ်သရဲမည်သည်ကို မတွေ့မမြင်ဘူးချေ။ လျင်စွာသောအဟုန်ဖြင့် သွားရောက်၍ အရှင်နတ်မင်း၏ နေရာကို ကောင်းစွာပြုပြင် သုဓံသင် ပါချေလော့''ဟု ပြောဆိုစေလွှတ်၏။ ထိုပုဏ္ဏားမည်သော ကျွန်မသည် ''အရှင်မ၊ ကောင်းလှပါပြီ''ဟု သုဇာကာ၏ ပြောဆိုသော စကားကို ဝန်ခံ၍ဆောဆောင်လျင်လျင်ပညောင်ပင်အရင်းသို့သွားလေ၏။ဘုရား အလောင်းတော်သည်လည်း ဆွမ်းခံ လှည့်လည်ချိန်တိုင်သောအခါကို ငံ့လင့်တော်မူလျက် နံနက်စောစောသာလျှင်သွားရောက်၍ပညောင်ပင် အရင်း၌ ချဉ်းကပ်ရှင်ပြုံး သီတင်းသုံး ထိုင်နေတော်မူ၏။ ပညောင်ပင် အရင်းကို သုဓံသင်ခြင်းအကျိုးငှါ သွားသော ပုဏ္ဏားမည်သော ကျွန်မ သည် လျင်စွာပြန်လာ၍''အို-အရှင်မ၊ပညောင်ပင်စောင့် နတ်မင်းသည် သစ်ပင်၏အရင်း၌ ကိုယ်ထင်ပြလျက် ထိုင်နေသည်''ဟု သုဇာတာအား ပြောကြား၏။သုဇာတာက''ဟယ်-ကျွန်မ၊မဖေါက်မပြန် ဟုတ်မှန်တိုင်း သော စကားကို အသင်သည်အကယ်၍ ပြောဆိုသည်ဖြစ်အံ့။ အသင် ပြောကြား စကားအတိုင်း ဟုတ်မှန်ခဲ့မူကား အသင့်အား တော်လှန် ပြီးသည်ကာလ ကျွန်မ မဟုတ်သည်ယို့ ပြုလုပ်ပေအံ့''ဟု ပြောဆို ပြီး သော် အလုံးစုံသော တန်ဆာကို ကောင်းစွာပြုပြင် တန်ဆာဆင်၍ အဘိုးတသိန်း ထိုက်သော တခဲနက်သော ရွှေခွက်၌ ကျိုချက်ကြိုင်မွှမ်း နို့ဆွမ်းကို ခူးဆွထည့်သွင်းပြီးကာ တပါးသော ရွှေခွက်ဖြင့် ဖုံးအုပ်၍ ဖြူစင်သော အဝတ်ဖြင့် ရစ်ပတ်ပြီးလျှင် ထက်ဝန်းကျင်မှ နှံ့သာဆိုင်း ပန်းဆိုင်းတို့ကို သွယ်ချဆင်ယင် ယူငင်ပင့်မြှောက်သွားရောက်ပြီးသော် အလောင်းတော်ယောကျ်ားမြတ်ကို ကပ်အပ်ထင်ထင် တွေ့မြင်ရသော

ကြောင့် အားကြိုးစွာသော နှစ်သက်ခြင်း ပီတိကို ဖြစ်စေ၍ တွေ့မြင်သော အရပ်ဌာန နေရာမှစ၍ တုပ်ကွည့်တတ်ရှိင်း ခါးကိုင်း သွားရောက်ဦးခေါင်းထက်မှ ရွှေခွက်ကိုချ၍ အဖုံးဖွင့်လှစ် အသစ်စက်စက် ရွှေခွက်နှင့် တကွသော နို့ဆွမ်းကို အလောင်းတော် ယောကျ်းမြတ်၏ လက်တော်၌ တင်ထား ဝပ်တွားသွတ်လျှိး ရှိခိုး၍ ''ဆုတောင်း ပတ္ထနာသည် အရ ကျွန်တော်မ၏ နှလုံးအလိုသည် ပြည့်စုံပြီးမြောက်သကဲ့သို့ ဤနည်း အတူသာလျှင် အရှင်နတ်မင်းတို့အားလည်း အလိုဆန္ဒ တောင့်ကတိုင်း ပြည့်စုံပြီးမြောက်ပါစေသတည်း'' ဟု ပြောဆို၍ ဖဲသွား၏။

သုဇာတာသို့မိန်းခင်ပွန်း သားရွှေးမတို့ တရားထူးရကြခြင်း။

ဘုရားအလောင်းတော်သည် နေရွှေရာမြစ်ကမ်းသို့ ကြွသွားတော်မူ၍ ရွှေခွက်ကို မြစ်ကမ်း၌ချထားပြီးခါ ရေချိုးသုံးသပ်ပြီးလျှင် ရေမှတက်တော်မူ၍ လေးဆယ့်ကိုးလုပ် ပရိဘုတ်ရန် နို့ဆွမ်းကို ဝေဘန်ဘုဉ်းပေးပြီးသော် ရွှေခွက်ကိုနေရွှေရာမြစ်ရေအလျဉ်၌ ချမျောတော်မူ၍ အစဉ်အတိုင်းအားဖြင့် ဗောဓိမဏ္ဍိုင်သို့ တက်ရောက်အားပြု သမ္မဉ္ဇုတဘုရားအဖြစ်သို့ ရောက်တော်မူ၍ ခုနစ်ရက် ခုနစ်လီ ပတ်လုံး ဗောဓိမဏ္ဍိုင်၌ လွန်မြောက်တော်မူခဲ့ပြီးနောက် ဇာသိပတန မိဂဒါယ်၌ လည်စေအပ်ပြီးသော ဓမ္မစကြာယဉ်တော်မူကာ သုဇာတာ၏ သားဖြစ်သော ယသ-သတိုးသား၏အကြောင်းပြည့်ဝ ဥပနိဿယကို မြင်တော်မူသောကြောင့် ကြွသွားတော်မူပြီးလျှင် အမှတ်မထင်သော သစ်ပင်ရင်း၌ ချဉ်းကပ်ထိုင်နေ သိတင်းသုံးတော်မူ၏။ သုဇာတာ၏ ဘားဖြစ်သော ယသအမျိုးကောင်းသားသည်လည်း ညှဉ်၏အဘိုဖြစ်သော အခြားမဲ့ကာလ၌ မှောက်လှန် ဝပ်စင်း အိပ်ပျော်ခြင်းမနိုး အမျိုးမျိုး ဖေါက်ပြန်ကုန်သော ကခြေသည် အလုပ်အကျွေးမိန်းမအပေါင်းကို ကောင်းစွာရှုမြင်ရသောကြောင့်ဖြစ်သော ထိတ်လန့်တုန်လှုပ်ခြင်းယှိရကား ''အို အချင်းတို့၊ ရှုရင်းမမက် စိတ်ကျက်ဘွယ်အရ နှိပ်စက်လှချေ၏ တကား၊ အို-အချင်းတို့၊ ကောင်းကျိုးဟူသမျှ မရပျက်စီးအောင် ဖျက်ဆီးတတ်သော ဘေးရန်ဖြစ်လေစွဉ်တကား'' စသောအားဖြင့် ငြီးတွား ပြောဆိုပြီးသော် နေအိမ်ပြာသာဒ်မှထွက်သွားတုံဟိ မြို၏အပဋ္ဌိမြတ်စွာဘုရား၏ထံတော်

မှောက်သို့ သွားရောက် ချဉ်းကပ် တရားတော် မြတ်ကို ကြားနာရ၍ သောတာပတ္တိ မဂ်ဖိုလ်, သကဒါဂါမိ မဂ်ဖိုတ်, အနာဂါမိ မဂ်ဖိုလ် ဟု ဆိုအပ်ကုန်သောသုံးပါးကုန်သော မဂ်ဖိုလ်တို့ကိုထိုးထွင်းသိမြင်လေ၏။ ထိုနောက် လင်းစင်ခြင်းသို့ ရောက်သောအခါ ထိုယသအမျိုးကောင်းသား၏ ဘခင်ဖြစ်သော သေဌေးကြီးသည် မိမိ၏သားယသကို ဖွေရှာခြင်းအကျိုးငှါ ခြေရာအစဉ်အတိုင်း လိုက်လာ၍ မြတ်စွာဘုရားနှင့် တွေ့ဆုံမိသောအား ဘုရားရှင်ထံရပ်သို့ ချဉ်းကပ်နေမျှ ယသ-သတိုးသား၏ အကြောင်းဖြစ်ခြင်း သတင်းစကားကို မေးမြန်း၏။မြတ်စွာဘုရားသခင်သည် ယသ-အမျိုးကောင်းသားကို မတွေ့မမြင်သာအောင်ဘန်ခိုးတော်ဖြင့် ဖုံးလွှမ်းကွယ်ထား၍ သေဌေးကြီးအား တရားစကား ဟောကြားဆုံးမတော်မူ၏။ တရားဒေသနာ ကောင်းစွာ အားလုံး အပြီးအဆုံး၌ ယသ-အမျိုးကောင်းသား၏ ဘခင် ဖြစ်သော ထိုသေဌေးကြီးသည် သောတာ ပတ္တိဖိုလ်၌ တည်လေ၏။ ယသ-အမျိုးကောင်းသားလည်း မိမိ၏ဘခင်အား ဟောကြားသော တရားစကားကို ကြားနာလျက်သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုယသ-အမျိုးကောင်းသားကို မြတ်စွာဘုရားသခင်သည် ဧဟိဘိက္ခု မိန့်ခေါ်တော်မူ၏။ မြတ်စွာဘုရား မိန့်ကြားမြွက်ဖေါ်ခေါ်တော်မူသော ထိုခဏ၌သာလျှင် ထိုယသအမျိုးကောင်းသားအား လူတို့၏ အသွင်သည် ကွယ်ပျောက်၏၊ တန်ခိုးဖြင့် ပြီးသော သပိတ် သင်္ကန်းကို ဆင်မြန်း ဆောင်လွယ်သည် ဖြစ်၏။ ယသ-အမျိုးကောင်းသား၏ဘခင် သေဌေးကြီးသည်လည်း မြတ်စွာဘုရားကို နေအိမ်သို့ပင့်ဖိတ်၏။မြတ်စွာဘုရားသည် ယသ-အမျိုးကောင်းသားကို နောက်ပါရဟန်းပြုလုပ်၍ထိုသေဌေးကြီး၏နေအိမ်သို့ကြွသွားပြီးသော် ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြီးဆုံးသောကာလ၌အစဉ်အတိုင်းသောတရားကို ဟောကြားတော်မူ၏။ တရားဒေသနာ၏ အဆုံး၌ ယသ-အမျိုးကောင်းသား၏မိခင်ဖြစ်သော သုဇာတာသည်လည်းကောင်း၊မယားဟောင်းသည်လည်းကောင်း သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။ ထိုနေ့အခါ၌ ချွေးမနှင့်တကွ ဤသုဇာတာသည် သုံးခွန်းသောစကားတို့ဖြင့် ဆောက်တည်ခြင်းယှိသော တေဝါစိကသရဏဂုံ၌ တည်ကြကုန်၏။

သုဇာတာသေဋ္ဌေးသွီးအား ပဌမဦး သရဏဂုံတည်အရာ တေဒဂ်ထားခြင်း။

ကြာမြင့် ရှည်မြောက် ကာလ ရောက်သော နောက်အဘို အခါ၌ မြတ်စွာဘုရား သခင်သည် အစဉ် အတိုင်း အားဖြင့် ရတနာသုံးရပ် ဆည်းကပ်တတ်စွာဥပါသိကာမတို့ကို ရာထူးဌာနန္တရတို့၌ ဖေါ်ပြ တင်ထားသည် ယှိသော်....

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ
ပဌမံ သရဏံ ဂစ္ဆန္တီနံ ယဒိဒံ သုဇာတာ"

ဟူသော ပါဌ်ဖြင့် ဤသုဇာတာ ဥပါသိ ကာမကို သုံးပါးသော ရတနာမြတ်အပေါင်းအား ဆည်းကပ်ခြင်းသို့ရောက်ကုန်သော ဥပါသိ ကာမတို့တွင် အထွတ်အမြတ်ထားတော်မူ၏။

ထိုပါဌ်၏အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ မမ၊ ငါ ဘုရား၏။သာဝိကာနံ၊တပည့်မဖြစ်ကုန်သော။ပဌမံ၊ရှေးဦးစွာ။သရဏံ၊ ကိုးကွယ် ဆည်းကပ်ခြင်းသို့။ ဂစ္ဆန္တီနံ၊ ရောက်ကုန်သော။ ဥပါသိကာ နံ၊ဥပါသိကာမတို့တွင်။ ယဒိဒံ ယာအယံ သုဇာတာ၊အကြင်သုဇာတာ သည်။ အတ္ထိ၊ ယှိ၏။ တေံ-သော သုဇာတာ၊ ထိုသုဇာကာသည်။ အဂ္ဂံ-အဂ္ဂါ၊ လွန်ကဲထူးမြတ်၏။ ။ဤကားအနက်။

[ဤဝတ္ထုလည်း ၎င်းအဌကထာ၌ လာယှိသည်သာတည်း]။

ပကိဏ္ဏကဝတ္ထု၌ ကိုးခုမြောက်သော သေဋ္ဌေးသွီးသုဇာတာ၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

၁၀-ကောလိယမင်းသွီး သုပ္ပဝါသာ ဝတ္ထု။

ကောလိယမင်း၏ သွီးတော်သုပ္ပဝါသာ၏ အလောင်းလျာ ဥပါသိ ကာမသည် ကမ္ဘာတသိန်းထက်၌ ပွင့်ထွန်း ဖြစ်ပေါ်တော်မူလာသော ပဒုမုတ္တရမြတ်စွာဘုရား၏ လက်ထက်တော်အခါ ဟံသာဝတီပြည်ဝယ်

တဦးသော အမျိုးဥစ္ဇာဖြစ်၍ အရွယ်ကြီးမြောက်သော နောက်အဘိုအခါ မြတ်စွာဘုရား တရားတော်ကို ကြားနာလျက် တဦးသော ဥပါသိကာမကို မွန်မွန် မြတ်မြတ် ပေးလှူတတ်သော ဥပါသိကာမတို့တွင် အထွတ်အမြတ် ရာထူးဥ ချီးကျူးမြောက်စား တင်ထားသော ဘုရားရှင်ကို ဖူးမြင်ရ၍ ထိုသို့သော ဌာနန္တရ ပြည့်ဝ ရယှိခြင်း အကြောင်းဖြစ်သော ကောင်းမှုအဆောက်အဦကို ဆည်းပူးအားထုတ် ပြုလုပ်၍ ထိုဌာနန္တရကို တောင့်တပန်ဆင်၏။

သုပ္ပဝါသာ မင်းသွီး သောတာပန်တည်ခြင်း။

ထိုဥပါသိကာမသည် ကမ္ဘာတသိန်းကာလပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ခဲ့၍ ဤဂေါတမ မြတ်စွာဘုရား ယင်ရှား ပွင့်ထွန်းတော်မူလာသော လက်ထက်တော်အခါ ကောလိယမြို့ဝယ် မင်းမျိုး၌ ဖြစ်လေ၏။ ထိုမင်းသွီးငယ်အား သုပ္ပဝါသာဟူသော အမည်ကို မှည့်ခေါ်ခြင်း ပြုကုန်၏။ ထိုသုပ္ပဝါသာ မင်းသွီးသည် အစဉ်အတိုင်း ကြီးမြောက် အရွယ်သို့ရောက်သည် ယှိသော် တပါးသော သာကီဝင် မင်းသား၏ နေအိမ်တော်သို့ ထိမ်းမြား ဆောင်နှင်းသည် အားလျော်စွာ လိုက်ပါသွားရောက်ရလျက် ရှေးဦးစွာ မြတ်စွာဘုရားကို ဖူးမြင်ရခြင်း၌ သာလျှင် မြတ်စွာဘုရားသခင်၏အစဉ်အတိုင်း ဟောကြားသော တရားစကားကိုကြားနာရ၍ သောတာပတ္တိဖိုလ်၌တည်လေ၏။ ထိုသုပ္ပဝါသာ မင်းသွီးသည် နောက်အဘိုအခါ၌ ကြီးကျယ်ပြန့်ပြော ပေါများသော လာဘ်ယှိကုန်သော တပည့် သားရဟန်းတော် တို့တွင် အထွတ်အမြတ် ထားအပ်သော သီဝလိ မထေရ်ဟု ထင်ရှား ကျော်စော လတ္တံ့သော သီဝလိ အမည်ယှိသော မင်းသားငယ်ကို ဘွားမြင်လေ၏။

သုပ္ပဝါသာမင်းသွီးအား ဟောကြားသော ဆွမ်းတရား။

ထိုသုပ္ပဝါသာ မင်းသွီးသည် တပါးတရံသောအခါ မြတ်စွာဘုရား အမှူးယှိသော ရဟန်းတော်အပေါင်းအား အထူးထူး အပြားပြား ထူးခြား မွန်မြတ်သော အရာသာယှိသော အထူး အချွန် မွန်မြတ်သော

ဘောဇဉ်ကို ပေးလှူ၏။ မြတ်စွာဘုရားသခင်သည် ပြုအပ်ပြီးသော ဆွမ်းစားခြင်း ကိစ္စယှိသည်ဖြစ်၍ အနမောဒနာကို ပြုတော်မူသည် ယှိသော် သုပ္ပဝါသာ မင်းသွီးအား....

ဘောဇနံ သုပ္ပဝါသေ ဒေန္တီ အရိယသာဝိကာ ပဋိဂ္ဂါဟကာနံ ပဉ္စဋ္ဌာနာနိ ဒေတိ၊ အာယုံ ဒေတိ၊ ဝဏ္ဏံ ဒေတိ၊ သုခံဒေတိ၊ ဗလံ ဒေတိ၊ ပဋိဘာနံ ဒေတိ၊အာယုံ ခေါ ပန ဒတ္ဝာ အာယုဿ ဘာဂီဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊ဝဏ္ဏံ ဒတ္ဝာ ဝဏ္ဏဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊ သုခံ ဒတ္ဝာ သုခဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊ ဗလံ ဒတ္ဝာ ဗလဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊ ပဋိဘာနံ ဒတ္ဝာ ပဋိဘာနဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ။

ဟူသော ဤသို့သော တရားကို ဟောကြားတော်မူ၏။

ထိုပါဌ်၏ အနက်ကား။ ။သုပ္ပဝါသေ၊ သုပ္ပဝါသာ။ ဘောဇနံ၊ ဘောဇဉ်ကို။ ဒေန္တီ၊ပေးလှူသော။ အရိယသာဝိကာ၊အရိယာဖြစ်သော ငါဘုရား၏တပည့်မသည်။ ပဋိဂ္ဂါဟကာနံ၊အလှူကိုခံယူတတ်ကုန်သော အလှူခံပုဂ္ဂိုလ်တို့အား။ ပဉ္စဋ္ဌာနာနိ၊ငါးပါးကုန်သော အကြောင်းအရာတို့ကို။ ဒေတိ၊ ပေးလှူသည်မည်၏။ အာယုံ၊ အသက်ကို။ ဒေတိ၊ ပေးလှူသည်မည်၏။ဝဏ္ဏံ၊အဆင်းကို။ ဒေတိ၊ပေးလှူသည်မည်၏။သုခံ၊ချမ်းသာကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ဗလံ၊ ခွန်အားကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ပဋိဘာနံ၊ပညာဉာဏ်အထင်အမြင်ကို။ ဒေတိ၊ပေးလှူသည်မည်၏။ ခေါပန၊စင်စစ်ဧကန်အားဖြင့်။ အာယုံ၊ အသက်ကို။ ဒတ္ဝာ၊ ပေးလှူသည်ဖြစ်၍။ ဝါ၊ပေးလှူခြင်းကြောင့်။ ဒိဗ္ဗဿဝါ၊နတ်၌လည်းဖြစ်သော။ မာနုသဿဝါ၊ လူ၌လည်းဖြစ်သော။ အာယုဿ၊ အသက်ရှည်ခြင်း၏။ ဘာဂီ၊အဘို့ယှိသည်။ ဟောတိ၊ဖြစ်၏။ ဝဏ္ဏံ၊အဆင်းကို။ ဒတ္ဝာ၊ပေးလှူသည်ဖြစ်၍။ ဝါ၊ပေးလှူခြင်းကြောင့်။ ဒိဗ္ဗဿဝါ၊နတ်၌လည်းဖြစ်သော။ မာနုသဿဝါ၊လူ၌လည်းဖြစ်သော။ ဝဏ္ဏဿ၊အဆင်းလှခြင်း၏။ဘာဂီ၊

အဘို့ယို့သည်။ ဟောတိ၊ ဖြစ်၏။ သုခံ၊ ချမ်းသာကို။ ဒတွာ၊ ပေးလှူသည် ဖြစ်၍။ ဝါ၊ပေးလှူခြင်းကြောင့်။ ဒိဗ္ဗဿဝါ၊နတ်ဥစ္စာလည်းဖြစ်သော။ မာနုသဿဝါ၊ လူဥစ္စာလည်းဖြစ်သော။ သုခဿ၊ ချမ်းသာကြီးခြင်း၏။ ဘာဂီ၊ အဘို့ယို့သည်။ ဟောတိ၊ဖြစ်၏။ ဗလံ၊ ခွန်အားကို။ ဒတွာ၊ ပေးလှူ၍။ ဝါ၊ ပေးလှူခြင်းကြောင့်။ ဒိဗ္ဗဿဝါ၊နတ်ဥစ္စာလည်းဖြစ်သော။ မာနုသဿဝါ၊ လူဥစ္စာလည်း ဖြစ်သော။ ဗလဿ၊ ခွန်အားကြီးခြင်း၏။ ဘာဂီ၊ အဘို့ယို့သည်။ဟောတိ၊ဖြစ်၏။ ပဋိဘာနံ၊ ဉာဏ်အထင်အမြင်ကို။ ဒတွာ၊ ပေးလှူ၍။ ဝါ၊ပေးလှူခြင်းကြောင့်။ ဒိဗ္ဗဿဝါ၊နတ်ဥစ္စာလည်းဖြစ်သော။ မာနုသဿဝါ၊ လူဥစ္စာလည်းဖြစ်သော။ ပဋိဘာနဿ၊ ကြီးကျယ်သော ဉာဏ်အထင်အမြင် ယို့ခြင်း၏။ ဘာဂီ၊ အဘို့ယို့သည်။ ဟောတိ၊ ဖြစ်၏။ ။ ဤကား အနက်။

သုပ္ပဝါသာမင်းသွီးအား မွန်မြတ်သော ဘောဇဉ်ကို ပေးလှူသည့်အရာ ဇာတ်ထားခြင်း။

ထိုသို့သောတရားစကား ဟောကြားပြီးမှ ကာလမြင့်ရောက် နောက် အဘို့ဖြစ်သောအခါ မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေမျှတော်မူလျက် ဥပါသိကာမတို့ကို ဌာနန္တရ အထူးတို့၌ ချီးကျူးမြောက်စား တင်ထားတော်မူသည် ယို့သော် သုပ္ပဝါသာ အမည်ယို့သော ကောလိယ မင်းသွီးကို....

"ဇေတဒ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ
ပဏီတဒါယိကာနံ ယဒိဒံ သုပ္ပဝါသာ ကောလိယဓီတာ"

ဟူသောပါဠိဖြင့် မွန်မြတ်သော ဘောဇဉ်ကို ပေးလှူတတ်ကုန်သော ဥပါသိကာမတို့တွင် အထွတ်အမြတ်အရာ၌ ထားတော်မူ၏။

ထိုပါဠိ၏ အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မမ၊ ငါ ဘုရား၏။ သာဝိကာနံ၊ တပည့်မ ဖြစ်ကုန်သော။ ပဏီတဒါယိကာနံ၊ မွန်မြတ်သောဘောဇဉ်ကိုပေးလှူတတ်ကုန်သော။ ဥပါသိကာနံ၊ဥပါသိကာမတို့တွင်။ ယဒိဒံ-ယာ အယံ သုပ္ပဝါသာ ကောလိယ ဓီတာ၊

၄၉၀ ပကိဏ္ဏကဝဏ္ဏ။(ဆရာတော်-အသျင်စန္ဒိမာမ)။

အကြင်-ကောလိယမင်းသွီး သုပ္ပဝါသာသည်။ အတ္ထိ၊ယို၏။ တံ-သော သုပ္ပဝါသာ့ကောလိယဓိတရာ၊ထိုကောလိယမင်းသွီးသုပ္ပဝါသာသည်။ အဂ်ံ-အင်္ဂါ၊ ထူးမြတ်ကဲလွန်၏။ ။ဤကားအနက်။

[ဤဝတ္ထုလည်း ၎င်းအဋ္ဌကထာ၌ လာယို့သည်ပင်တည်း]။

ပကိဏ္ဏကဝဏ္ဏု၌ ဆယ်ခုမြောက်သော ကောလိယမင်းသွီး သုပ္ပဝါသာ၏ ဝတ္ထုစကားအစဉ်ကား ဤတွင်ကွေ့ပြီး၏။

၁၁-သုပ္ပိယာ ဥပါသိကာမဝတ္ထု။

သုပ္ပိယာဥပါသိကာမ၏ အလောင်းလျာဖြစ်သော မိန်းမသည် ဤ ဘဒ္ဒကမ္ပာမှ သရဏဂုံသုံးပါးကိုဆောက်ချပ် နောက်ဆုတ်ရေတွက်သည် ယို့သော် အထက်ကဝ်တသိန်းအကျော် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်အခါ ဟံသာဝတီပြည်ဝယ် တဦးသောအမျိုးဌ ဖြစ်လေ၏။ အစဉ်အားဖြင့် ကြီးပွါးတုံမြောက် အရွယ်ရောက်သော နောက်အဘို့အခါဌ မြတ်စွာ ဘုရား တရားတော်ကို ကြားနာရလျက် တဦးသော ဥပါသိကာမကို သူနာရဟန်းအား ကြီးပမ်းအားထုတ် လုပ်ကျွေးပြုစုကုန်သော ဥပါသိကာမတို့တွင် အထွတ်အမြတ် အရာဌ ကောင်းစွာတင်ထား မြောက်စား ချီးမွမ်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၍ ထိုအထူးဌာန ပြည့်ဝ လောက်တန် ကုသိုလ်ကံ အဆောက်အဦကို ဆည်းပူးအားထုတ် ပြုလုပ်ပြီးခါ ပတ္တနာဆုတောင်းကို ဖြစ်စေ၏။

သုပ္ပိယာအမျိုးသွီးသည် မကျန်းမာသော ရဟန်းတော်အား ပေါင်သာ်းကို ချက်၍ကျွေးခြင်း။

ထိုမိန်းမသည် ကမ္ဘာတသိန်းကာလပတ်လုံး နတ်ပြည်လူ့ပြည်တို့ဌ ကျင်လည်ခဲ့၍ ဂေါတမအမည် ဘွဲ့တော်ရှိသော ဤမြတ်စွာဘုရား ထင်ရှားစင်စစ် ဘုရားဖြစ်တော် မူလာသော အခါဌ ဗာရာဏသီပြည်ဝယ် တဦးသော အမျိုးအိမ်ဌ ဖြစ်လေ၏။ထိုအမျိုးသွီးအား သုပ္ပိယာဟူသော အမည်ကို မှည့်ခေါ်ခြင်းကို ပြုကုန်၏။ ကာလမြင့်ရောက် နောက်အဘို့

အခါ၌ မြတ်စွာဘုရားသခင်သည် ရဟန်းသံဃာတော် အပေါင်း ခြံရံလျက် ဗာရာဏသီပြည်သို့ ကြွတော်မူ၏။ ထိုအမျိုးသွေး သုပ္ပိယာသည် မြတ်စွာဘုရားရှင်အား ရှေးဦးစွာ ဖူးမြင်ခြင်း၌သာလျှင် တရားတော်ကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ တည်လေ၏။ထိုမှ နောက်အဘို့ ဖြစ်သော တနေ့သောအခါ တရားတော် ကြားနာခြင်းအကျိုးငှါ ကျောင်းတော်သို့ သွားရောက်၍ ကျောင်းစဉ်အတိုင်း လှည့်လည်ခြင်းကို လှည့်လည်လျက်မဂျနမမာရောဂါစွဲကပ်သော ရဟန်းတော်တပါးကို တွေ့မြင်၍ လက်အုပ်ချီမိုး ရှိခိုးဦးချ ပဋိသန္ဓာရစကား ပြောကြား ပြုလုပ်ပြီးလော် "အရှင်ဘုရားအား အဘယ်သို့သော အရာဝတ္ထုမျိုးကို ရခြင်းငှါ သင့်လျော် လျောက်ပတ်အပ်ပါ သနည်း"ဟု မေးလျောက်၏။ "ဒကို-ဥပါသိကာမ၊ သားဟင်းမျိုးကို ရခြင်းငှါ သင့်လျော်လျောက်ပတ် အပ်ပေ၏"ဟု မိန့်ဆိုတော်မူ၏။"အရှင်ဘုရား၊သင့်လျော်လျောက်ပတ်အပ်သည်သာဖြစ်ပါစေလော့။ တပည့်တော်မသည် စေလွှတ်ပေးပို့ လိုက်ပါအံ့"ဟု ပြောဆို လျောက်ကြားပြီးလျှင် မထေရ်အရှင်ကို ဦးတင်ညွှတ်လျှိုးရှိခိုး၍ မြို့တွင်းသို့ ပြန်သွားပြီးသော် ဘဖန်မိုးသောက်သော နေ့၌ အလိုလိုအိမ်စေးပေါ်၌ ဖြစ်ပေါ်လာသော သားဟင်းမျိုးကို ဝယ်ယူရယ်ခြင်းအကျိုးငှါ အမျိုးကျွန်မကို အိမ်စေးသို့ ပြောဆိုစေလွှတ်၏။ ထိုအမျိုးကျွန်မသည် အလုံးစုံသောမြို၌ အလိုအလျောက် ပေါ်ပေါက်လာရိုး သားဟင်းမျိုးကို အားကြိုးမာန်ပါ လှည့်ပတ် ရှာသော်လည်း မာဃဘတသမယ ကာလနေ့ရက် ကြုံကြိုက်လျက် ယိုဘိရကား အသားဟင်းလျာ ဖွေရှာတစိ မရှိသည်၏ အဖြစ်ကြောင့် မိမိ၏ အရှင်မအား အသားဟင်းမျိုး တစိုးတစိမရရှိသောအဖြစ်ကို ပြန်ကြား ပြောဆို၏။ အမျိုးကျွန်မ ပြောပြသောစကားကို ကြားသိရသော သုပ္ပိယာ ဥပါသိကာမသည် တွေးဆကြံစည်၏။ အဘယ်သို့ကြံစည်သနည်းဟူမူ။ "ငါ့သည်တမူကား အရှင်ကောင်းအား အသားဟင်းမျိုးကို စေလွှတ်ပေးပို့လိုက်ပါအံ့ဟု ပြောဆို လျောက်ထားခဲ့၏။ ပြောဆိုလျောက်ထားသောစကားအကိုင်း အရှင်မြတ်အလို ယိုကော်မူသော အသားဟင်းမျိုးကို ငါ[illegible]သည် အကယ်၍ မပေးပို့ခဲ့သည် ဖြစ်အံ့။ ယင်းသို့ မပေးပို့ခဲ့သည်

ယှိသော် အရှင်ကောင်းသည် ကောင့်တရနိုး သားဟင်းမျိုးကို တပါးသော အရပ်နေရာမှလည်း မရရှာသည် ဖြစ်သောကြောင့် လွန်စွာ ပင်ပန်း နွမ်းနယ်တော့ ပေလတ္တံ့။ အမှတ်မထင် အကြင်တစုံတခုသော အကြောင်းဖြင့် ကောင်းစွာရနိုး သားဟင်းမျိုးကို ရအောင်ပြုလုပ်၍ စေလွှတ်ပေးပို့ခြင်းငှါ အပ်ပေတော့သည်''ဟု ကြံစည်၏။ကြံစည်ပြီး၍ ကား တိုက်ခန်းအတွင်းသို့ ဝင်သွား၍ မိမိ၏ ပေါင်သားကို ဓားဖြင့်လှီး ဖြတ်ပြီးသော် အမျိုးကျွန်မကို ခေါ်ယူပြီးလျှင် ''ဤအသားဟင်းမျိုးကို ယူဝင်ပြီးနောက် ကောင်းမွန်လောက်သော အဆောက်အဦတို့ဖြင့် ပြုပြင်ရောစပ် မွန်မြတ်သော အရသာယှိအောင် ရွက်ဆောင် ပြုလုပ်ကာ ကျောင်းတော်တို့ဆောင်ယူ၍ ရဟန်းတော်အရှင်ကောင်းအား လှူဒါန်း ဆက်ကပ်ပါလေလော့။ ထိုအရှင်မြတ်က အကယ်၍ ငါ့ကို မေးမြန်းခဲ့သည်ဖြစ်အံ့။ ထိုသို့စူးစမ်း မေးမြန်းခဲ့သည်ယှိသော် မကျန်းမမာ ရောဂါစွဲကပ်၍ယှိသည်ဟု ပြောဆိုပါလော့''ဟု မှာထားပြောဆို၍ အမျိုးကျွန်မအား မိမိ၏ ပေါင်သားကို ပေးလိုက်၏။ ထိုအမျိုးကျွန်မသည် မိမိ၏ သခင်အရှင်မဖြစ်သော သုပ္ပိယာ ဥပါသိကာမ မှာထား ပြောဆိုသည့် အတိုင်း မယွင်းမချွတ် ညီညွတ်ပြည့်စုံအောင် ပြုလုပ်ပေ၏။

သုပ္ပိယာဥပါသိကာမ၏ အနာသည် အသားကောင်းပကတိ ဖြစ်လာခြင်း။

မြတ်စွာဘုရားသခင်သည် ထိုသို့သောအကြောင်းဖြစ်အင်ကို သိမြင်တော်မူသောကြောင့် တဖန် မိုးသောက်သောနေ့၌ ဆွမ်းခံ လှည့်လည်တော်မူရန် အချိန်တန်သောအခါ ရဟန်း သင်္ဃာတော်အပေါင်း ခြံရံလျက် သုပ္ပိယာဥပါသိကာမ၏ နေအိမ်သို့ ကြွသွားတော်မူ၏။ သုပ္ပိယာ ဥပါသိကာမသည် မြတ်စွာဘုရား၏ ကြွလာတော်မူသော အဖြစ်ကို ကြားသိ၍ မိမိအရှင် ခင်ပွန်းလင်ကို ခေါ်ပြီးလျှင် ''အို-အရှင်ကောင်းသား၊ ကျွန်တော်မသည် မြတ်စွာဘုရားသခင်၏ အထံတော်သို့ သွားရောက်ခြင်းငှါ မစွမ်းနိုင်ပါ။ အရှင်သည် သွားပါချေလော့။ မြတ်စွာဘုရား သခင်ကို နေအိမ်အတွင်းသို့ ပင့်သွင်းခဲ့၍ သီတင်းသုံးနေမျှတော်

မူပါစေလော့''ဟု ပြောဆိုဏ်။ ခင်ပွန်းအရှင် ဖြစ်သော ထိုဥပါသကာ သည်လည်း ခင်ပွန်းမ သုပ္ပိယာပြောပြသော စကားအတိုင်းကို ပြုလုပ်ပေဏ်။ မြတ်စွာဘုရားသခင်က ''သုပ္ပိယာ ဥပါသိကာမသည် အဘီမှာနည်း''ဟုမေးတော်မူဏ်။ ''ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ မကျန်းမမာ ကျင်နာနှိပ်စက် အပပြင်ဘက်သို့ မထွက် မသွားလာနိုင်ပါ။ အိပ်ရာခန်းတွင်း၌သာ တည်ယှိပါသည်''ဟု လျှောက်ကြားသဖြင့် ထိုသို့ တပြီးကား သုပ္ပိယာဥပါသိကာမကို ခေါ်ယူကုန်လော့''ဟု မိန့်ဆိုတော်မူဏ်။ ထိုအခါလူအများတို့သည် သုပ္ပိယာ ဥပါသိကာမဏ် အထံသို့ ဘွားရောက်ကုန်၍ ''မြတ်စွာဘုရားသခင်သည် အသင့်ကို မိန့်ခေါ်တော်မူသည်''ဟု ပြောဆိုကြကုန်ဏ်။ လူတို့ပြောကြား စကားကို ကြားသိရသော သုပ္ပိယာ ဥပါသိကာမသည် ကြီစည်ဏ်။ အဘယ်သို့ ကြီစည်သနည်းဟူမူ။ ''အလုံးစုံသော သတ္တလောကဏ် အကျိုး အစီးအပွားကို အစဉ်သနား စောင့်ရှောက်တော် မူတတ်သော့ မြတ်စွာဘုရား သခင်သည် ငါ့အားဖြစ်ပေါ်တည်ယှ်၍ နေသော ဤသို့သောအကြောင်း ဖြစ်အင်ကို မမြင်မသိဘဲ အကြောင်းမဲ့သက်သက် မခေါ်တော်မူစေလတ္တံ့''ဟု ကြီစည်ဏ်။ ကြီစည်ပြီး၍ကား အဆောတလျင် ရှောင်တခင် အိပ်ရာညောင်စောင်းမှ ထလိုက်ဏ်။ ထိုသို့အဆောတလျင်ရှောင်တခင်ထလိုက်သည်နှင့် တပြိုင်နက်တည်းသော ခဏ၌သာလျှင် ထိုသုပ္ပိယာ ဥပါသိကာမဏ်အနာသည် မြတ်စွာဘုရားဏ်အာနုဘော်တော်ကြောင့် ဓားဖြင့် လှီးထား ဖြစ်ပွားသောအနာသည် ကောင်းစွာ ပြည့်ကျက် အသားတက်သည် အနေကောင်းမွန်သော အပေါ်ရေယှိသည် ဖြစ်လေဏ်။ ပကတိယှိရင်း ကြွင်းသော အရပ်ဌာနတို့၌ တည်ယှိသော အသားအရေတို့ထက် ဆတက်ပိုလွန် အထူးအချွန် ကြည်လင်သော အရေအဆင်းယှိသည် ဖြစ်ပေဏ်။ ထိုခဏ အခိုက်ဝယ် သုပ္ပိယာ ဥပါသိကာမသည် ဟဒယကြည်လင်ပြီးရှင်သောအမူအရာကိုပြု၍အားဆယ်ပါးရှင် ဘုရားသခင်ကို ငါးပါးသော တည်ရာယှိသော ထိခြင်းဖြင့် လက်အုပ် ချီမိုးရှိခိုးဦးချ သင့်တင့်လျောက်ပတ် တခုသော အစွန်အဖျား အရပ်၌ ထိုင်နေဏ်။ မြတ်စွာဘုရားက ဤသုပ္ပိယာ ဥပါသိကာမအား ''အဘယ်သို့

သော အကြောင်းကြောင့် မချမ်းမသာ အနာရောဂါ ဖြစ်ရသနည်း" ဟု မေးတော်မူ၏။ ထိုသုပ္ပိယာ ဥပါသိကာမသည် မိမိ ပြုလုပ်ခဲ့သော အကြောင်းအလုံးစုံကို အကုန်ပြန်ကြား လျှောက်ထားလေ၏။ ပြုအပ်ပြီးသော ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ယှိတော်မူသော မြတ်စွာဘုရားသခင်သည် သီတင်းသုံး ကိန်းအောင်းသော ကျောင်းတော်သို့ ပြန်ကြွတော်မူ၍ ကျောင်းတော်သို့ရောက်ကာလ ရဟန်းသင်္ဃာတော် အပေါင်းကို ကောင်းစွာ စည်းဝေးစေပြီးသော် တစုံတရာ မသိယှိသောအားဖြင့် လူသားကို စားမိသော ထိုရဟန်းကို တပါးမက များပြား လှသော အကြောင်းဖြင့် လမ်းကောင်းညွှန်ပြ ဆုံးမပြစ်ဘွဲ့ ကဲ့ရဲ့ရှုတ်ချတော်မူပြီး၍ ရဟန်းတို့အား လူ့အသားကို စားမိသည်ဖြစ်က ထုလ္လစ္စယအာပတ်သင့်စေ စသော အကျယ်ဝိတ္ထာရ သိက္ခာပဒကို ဟောပြ ပညတ်တော်မူ၏။

သုပ္ပိယာဥပါသိကာမအား ဂီလာနပုဂ္ဂိုလ်ကို လုပ်ကျွေးသည့် အရာ တေဒဂ်ထားခြင်း။

ကာလမြင့်ရောက်သော နောက်အဘို့အခါ မြတ်စွာဘုရား သခင်သည် သာဝတ္ထိပြည်စွန် ဇေတဝန်ကျောင်း၌ ကိန်းအောင်း နေမျှတော်မူလျက် ဥပါသိကာမတို့ကို ဌာနအထူးချီးကျူးမြောက်စား ထားတော်မူသည် ယှိသော် သုပ္ပိယာ ဥပါသိကာမကို....

"ဇေတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ
ဂိလာနုပဋ္ဌာကာနံ ယဒိဒံ သုပ္ပိယာ"

ဟူသောပါဠိဖြင့် အနာရောဂါ စွဲကပ်သော ဂိလာနပုဂ္ဂိုလ်တို့အား ပြုစုလုပ်ကျွေးသောအရာ၌ အထွတ်အမြတ်ရာထူး ချီးကျူးမြောက်စား ထားတော်မူ၏။

ထိုပါဠိ၏အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝိကာနံ၊ တပည့်မဖြစ်ကုန်သော။ ဂိလာ နုပဋ္ဌာကာနံ၊ ဂိလာနပုဂ္ဂိုလ်ကို လုပ်ကျွေး တတ်ကုန်သော။ ဥပါသိကာနံ၊ ဥပါသိ

ကာမတ့ိတွင်။ ယဒိဒံ-ယာ အယံ သုပ္ပိယာ၊အကြင်သုပ္ပိယာသည်။အတ္ထိ၊ ယှိ၏။ တေံ-သော သုပ္ပိယာ၊ ထိုသုပ္ပိယာသည်။ အဂ္ဂံ-အဂ္ဂါ၊ ကဲလွန်ထူးမြတ်၏။ ။ဤကားအနက်။

[ဤဝတ္ထုလည်း ၎င်းအဋ္ဌကထာ၌ လာယှိသည် သာတည်း]။

ပကိဏ္ဏကဝတ္ထု၌ တဆယ့်တခု မြောက်သော သုပ္ပိယာ ဥပါသိကာမ၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရှေ့ပြီး၏။

မှာထားချက်။

ဤဓမ္မပဒဝတ္ထုတော်ကြီးကျမ်းကို မာတိကာနှင့်တကွ နံပါတ် ၅၀၃ ကန့်သတ် ပိုင်းခြားလျက် ပဌမတွဲ, ဒုတိယတွဲ, တတိယတွဲ, စတုတ္ထတွဲ တို့ကို အဖန်ဖန် အထပ်ထပ် မပြတ် ပုံနှိပ်လုပ်ဆောင်ခဲ့ရာ ယခု ပဉ္စမတွဲ ကို ပုံနှိပ် လုပ်ဆောင်သော ကာလ နံပါတ် ၅၀၀-မပြည့်မှီ၍ အနည်းငယ် ယုတ်လျော့၍ နေပါသည်။ ယင်းသို့ ဖြစ်ခြင်းကြောင့် အောက် အောက်၌ဖြစ်သော ကျမ်းစာအုပ်တို့နှင့် နံပါတ် ညီတူညီမျှ ဖြစ်စေခြင်း ငှါ ရေးသားဆဲ ရေးသားလတ္တံ့ဖြစ်သော ဓမ္မပဒဝတ္ထုမှ တပါးသော **"ပကိဏ္ဏက ဝတ္ထု ခေါ် ဝတ္ထုသင်္ဂြိဟ ကျမ်းကြီး"**မှ သင့်လျော်မည် ထင်သော ဝတ္ထု အနည်းငယ်မျှကို ယူဆောင်ထည့်သွင်း ပုံနှိပ် ဖော်ပြ ပါသည်။ ပကိဏ္ဏကဝတ္ထု ခေါ် ဝတ္ထုသင်္ဂြိဟ်ကျမ်းကြီး ကို ကြည့်ရှုလို ကုန်သော ပုဂ္ဂိုလ်တို့မှာ နောက်နောင် ပုံနှိပ် လုပ်ဆောင် ပြီးစီးသော အခါ၌ ကြည့်ရှုတော် မူကြစေကုန်ဘတည်း။